www.burmeseclassic.com

အမှတ်(၂၇၆)၊ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ

# ဂမ္ဘီရ

မဂ္ဂဇင်း




Graphic Design
ay Phyo
78816439

www.burmeseclassic

www.burmeseclassic.com

# သမ္ဗုဒ္ဓေဂါထာ ဘုရားရှိခိုး



သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ။
ပဉ္စသတ သဟဿာနိ၊ နမာမိ သိရသာမဟံ။
အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ။
တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။
နမက္ကာရာ နုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ။
အနေကာ အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

**အဋ္ဌဝီသံ**-သုံးပါးဘဝ သုံးလောကတွင် ဉာဏရောင်ဖိတ် အောင်ဘိသိက်နှင့် နှစ်ကျိပ်ရှစ်ဆူကုန်သော၊ **သမ္ဗုဒ္ဓေစ**-တန်ဆောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာပွင့်လင်း တရားမင်းတို့ကိုလည်းကောင်း၊ **ဒွါဒသဉ္စ သဟဿကေ**-နိဗ္ဗာန်ကိန်းအောင်း စက်မွေ့လျောင်းသည့် တစ်သောင်းနှစ်ထောင်ကုန်သော၊ **သမ္ဗုဒ္ဓေစ**-လရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းပြောင် မြတ်ဘုန်းခေါင်တို့ကိုလည်းကောင်း၊ **ပဉ္စသတသဟဿာနိ**-သောင်းတိုက်စကြဝဠာ ဂုဏ်ဝါရောင်ရှိန်း ငါးသိန်းကုန်သော၊ **သမ္ဗုဒ္ဓေစ**-နေရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းထိန် မြတ်မုနိတို့ကိုလည်းကောင်း၊ **အဟံ**-အကျွန်ုပ်သည်၊ **သိရသာ**-ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ **နမာမိ**-ရိုသေညွတ်ကျိုး လက်အုပ်မိုး၍ ရှိခိုးပါ၏။

**ဂင်္ဂါ ဂင်္ဂါယ**-ဂင်္ဂါမြစ်အတွင်း၌၊ **ဝါဠုကာ**-ရှိကြကုန်သော သဲတို့သည်၊ **အပ္ပကာ**-နည်းကြကုန်သေး၏။ **နိဗ္ဗုတာ**-ဘုံဇာတ်သိမ်း၍ ငြိမ်းအေးတော်မူကြကုန်ပြီးသော၊ **ဇိနာ**-နောင့်ယှက်ဖန်လာ မာရ်ငါးဖြာကို အရိယာမဂ် ဘုန်းရောင်စက်ဖြင့် ချိုးဖျက်လွယ်ကူ အောင်တော်မူသော ဘုရားရှင်အပေါင်းတို့ကား၊ **အနန္တာ**-သချၤာဂဏန်း ရေတွက်မှန်းလည်း ဆုံးခန်းတိုင်မြောက် မရောက်နိုင်ကြကုန်။ **တေ ဇိနေစ**-ထိုဘုရားရှင်တို့ကိုလည်းကောင်း၊ **တေသံ**-ထိုငါးသိန်းတစ်သောင်းနှစ်ထောင် နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်, မရေတွက်နိုင်သော ဘုရားရှင်တို့၏၊ **ဓမ္မဉ္စ**-တရားတော်မြတ်ကိုလည်းကောင်း၊ **သံဃဉ္စ**-တပည့်သားသံဃာတော်မြတ်ကိုလည်းကောင်း၊ **အဟံ**-အကျွန်ုပ်သည်၊ **အာဒရေန**-အာဒရံ-ရိုသေစွာ၊ **နမာမိ**-ရှိခိုးပါ၏။

**နမက္ကာရာနုဘာဝေန**-ဤသို့ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော ပဏာမကုသိုလ် စေတနာကြောင့်၊ **သဗ္ဗေ**-ခပ်သိမ်းကုန်သော၊ **ဥပဒ္ဒဝေ**-ဘေးရန်တို့ကို၊ **ဟိတွာ**-ပယ်ဖျောက်၍၊ **အနေကာ အန္တရာယာပိ**-တစ်ပါးမက များလှသွယ်သွယ် အန္တရာယ်တို့သည်လည်း၊ **အ သေသတော**-အကြွင်းအကျန် မရှိသောအားဖြင့်၊ **ဝိနဿန္တု**-ပျောက်ပျက်ပါစေကုန်သတည်း။ ။



www.burmeseclassic

www.burmeseclassic.com

၁၉၅၅-ခုနှစ် ဩဂုတ်လတွင် စတင်ထုတ်ဝေသည့်

ဒီဒီး(နီကွန်)စိစစ်တည်းဖြတ်သည့်

# ဂန္ဓာရီ

မဂ္ဂဇင်း



အကြံပေး

ဦးစိန်မျိုးမြင့်

ဆရာရန်အောင်ဟိန်း(B.Sc)

အယ်ဒီတာ

မောင်မောင်လတ်

အမှတ်(၂၇၆)၊ ၂၀၁၈ ဇူလိုင်လ


၆။ မိုလ်တာထောင် ကိုဦး

ပန်းပေးရာ တောင်ကုန်းပေါ်က သမိုင်းဝင်စေတီ

၁၆။ တက္ကသိုလ်မျိုး

မြောက်ဦးမြို့တော်ဟောင်း၌ ထွန်းကားခဲ့သော ရခိုင်ယဉ်ကျေးမှုကို လေ့လာခြင်း

၂၈။ အောင်သာကျော်

နမ္မားခရချောင်းက ထူးခြား ဘီလူးမစား ဘူးဘုရား

၃၄။ မြမဥ္ဇူဝေ(ကျုံမငေး)

ခနုလူမျိုးတို့နေ ရှာင်မြေရှိ သတ္တိဂုဏ်ဆောင် မိန်းမရဲသခင်မတောင်သို့

၄၀။ မောင်မြေသင်း(ကသာ)

လူ၊ နတ် နှစ်လီ တစ်ရစ်စီ စေတီရွှေနတ်တောင်

၄၆။ စကြာကောင်းစံ

စေတီထူးများ ဖူးခဲ့သည်

၅၂။ စိုးအိမ်မှူး

လက်ဝါချောင်းရဲ့ စကားထာ

၆၀။ နန္ဒာမိုးကြယ်

လွမ်းရစ်လေဦး အာနန္ဒာ

၆၄။ ဓမ္မာစရိယ ဦးစောဝင်း

အဖော်ကောင်းဖြင့် ခရီးသွားပါ

၇၀။ မောင်ဉာဏ်လင်း(တောင်ကုတ်)

မေတ္တာသက်လွယ်တဲ့ မေတ္တာပို့နည်း

၇၆။ ဓမ္မာစရိယ သန်းထွန်း

ထင်ရှားကျော်ကြား သာမဏေများ (၁၆)






www.burmeseclassic

www.burmeseclassic.com


၈၀။ မုံရွာ နေစာ

ဝဇီဘေဒ ထိတ်ကိုင်းရှု

၈၃။ ကိုရွှေမြသန်း(သမိုင်း)

မိုရာအသိဖြင့် ရပ်စေခြင်း

၈၆။ ထက်ဘုန်းလှ

(၃၈)ဖြာမင်္ဂလာ အရင်းထားခဲ့သည်

၉၀။ ဖိုးဒေါင်းသား

သမ္ဗုဒ္ဓေကျင့်စဉ်ဖြင့် ပြီးမြောက်အောင်မြင်
ရွှေဥမင်ဆရာတော်ကြီး

၉၆။ လှကျော်ညွန့်(ရေကင်း)

အမိမေတ္တာ ဘထက်သာလိမ့်

၁၀၀။ မောင်ကောင်းထက်(ကျောက်တံတား)

မေတ္တာထားကာ မေတ္တာပွားနိုင်ကြပါစေ

၁၀၇။ ကိုကိုလတ်(ဆည်မြောင်း)

အိပ်မက်ပေးသည့် ငါးကလေး

၁၁၂။ ရန်နိုင်

တစ်ဦးတည်း ခရီးသွားပါရစေ

၁၁၈။ ကိုမောင်သန်းဝင်း

စိတ်စွမ်းအင်ပိုင်းဆိုင်ရာ ချက္ကရ

၁၂၂။ ပုရောဟိတ် ဆရာဦးမြတ်စံ

ဣန္ဒာသယ သုဂတောဂါထာနှင့် အင်းအစီအရင်

၁၂၆။ ပုရောဟိတ် ဆရာဦးမြတ်စံ

ဂဝံမျက်နှာဖုံး အပြုံးမျက်နှာ

၁၃၀။ မင်းနေထွန်း(ကန့်ဘလူ)

စမထီးဆောင်း အောင်ကြောင်းဖြာဖြာ

၃၄။ သုခစုစံ(ကျိုက်လတ်)

(၁၃၈၀)ပြည့်နှစ်တွင် မွေးဖွားလာမည့်
ကလေးများအား နာမည်ကောင်းရွေးပေးခြင်း

၁၃၈။ ဆရာရန်အောင်ဟိန်း(B.Sc)

ခနသိဒ္ဓိနက္ခတ်နယ်ပယ်ပေါ်
လက်နှင့် မွန်းတည့်မျဉ်းဖြတ်ဇယား

၁၄၀။ ဆရာရန်အောင်ဟိန်း(B.Sc)

ဂမ္ဘီရပရိသတ်မေး၍ ဖြေသည်

၁၄၆။ ဆရာကံထူး(ဝေဒသုတေသီ)

နက္ခတ်တာရာများက ဖော်ပြနေတဲ့
သင့်ဘဝရဲ့ တစ်လတာကံကြမ္မာ

၁၅၂။ ဆရာရန်အောင်ဟိန်း(B.Sc)

မြေငလျင်လှုပ်ခြင်းနှင့် နက္ခတ်ဗေဒင်ပညာ




BURMESE CLASSIC .com





www.burmeseclassic

www.burmeseclassic.com


၁၅၈။ ဆရာဦးသီဟ(တိုင်းရင်းဆေး)
ဂရင်ဂျီနှာအကြောင်း တစေ့တစောင်း
၁၆၂။ ဟိန်း(ဘူမိ)
အဆုတ်အအေးမိခြင်းနှင့်
သဘာဝကုထုံး
၁၆၆။ ပန်းတနော် နောင်လတ်
သာသနာ့အာဇာနည်
၁၇၇။ ကော့မှူး စိန်လှ
ကိုယ်တွေ့ကြုံမှ ယုံကြည်ရသည်
၁၈၂။ သတိုးချာလီဆွေ
မေတ္တာပုံဆောင်ခဲများ
၁၈၈။ မင်းဟိန်းထိဝ်
သရဲကို ဓားနှင့်ထိုးခဲ့စဉ်က
၁၉၃။ မျိုးကြီး(အမရပူရ)
မယုံဘူး ကြုံဖူးတော့ခက်တယ်
၁၉၈။ မောင်စိမ်းအောင်(၂၀ ရာစု)
တိုက်ခွား
၂၀၄။ ရဲမြတ်တင်
လှော်ကာထားခြင်း
၂၁၀။ တင့်ထူး(ဇေယျဝတီ)
လယ်စောင့်ကျတ်ဖြစ်နေသော ခင်ပွန်းသည်
၂၁၆။ မင်းသန့်ကျော်(ဖီးကုန်း)
ဥစ္စာစောင့်နှင့် ချစ်ခဲ့သူ
၂၂၉။ ရှစ်ခွင်ကျော်(ဖောင်တော်သီ)
ဘဝမပြောင်းသူ နီဂိုး
၂၃၄။ မောင်အောင်ဇော်(ပန်တော်ဝင်)
အလှည့်သုံးပါး
၂၄၀။ သျှင်ရဲထွဋ်(တောင်စွန်း)
အစ၏နိဂုံး အဆုံး၏အစ
၂၅၃။ တေဇအောင်
ကျွန်တော်နှင့် နာနာဘာဝတစ်ကောင်အကြောင်း
၂၆၀။ ရှင်ထွေးအောင်
ပါတီယူနစ်တစ္ဆေ
၂၆၇။ အာကာသ(သာစည်)
ဖျောက်ဖျက်မရသော ဘဝဟောင်းကညာ
၂၇၄။ ဂါဦးနွန်းကို
အဖြူရောင်နောင်တ
၂၈၂။ ညိုရောင်
လူသတ်သမ သုံးယောက်နှင့်
လူသားစား ခါးပတ်ကျား
၂၉၄။ ချစ်မင်းသူ
မြွေနိုင်ဆရာ
၃၀၄။ တစ်မိုးအောက်
လူစင်စစ်က ခွေးစိတ်ပေါက်သွားခြင်း





**ထုတ်ဝေသူ** – ဦးသန်းဦး(မြဲ-၀၀၅၃၆) ၊ **ဂန္တိရ Logo** – မောင်မောင်အောင် ၊ **မျက်နှာဖုံး Graphic** – ဇေမြိုး
**အတွင်းသရုပ်ဖော်** – ဝင်းမြင့်အောင်၊ ညွန့်နိုင်လှ၊ ဇော်ညွန့်ဖေ၊ ကျော်စိုးညိန်း၊ ဇော်လွင်။
**အတွင်းသားဖလင်**–STARS။ **စာအုပ်ချုပ်**–အဂျေး။ **စောင်ရေ**–၅၀၀။ **တန်ဖိုး**– ၂၀၀၀ ကျပ်
**မျက်နှာဖုံးပုံနှိပ်**–ဦးတိုးဝင်း(မြဲ-၀၀၈၃၀)၊ နေလရောင်ပုံနှိပ်တိုက်၊ အမှတ်(၉၆)၊ (၁၁)လမ်း၊ ရန်ကုန်မြို့။
**အတွင်းပုံနှိပ်**–ဦးကျော်စိုး(မြဲ-၀၀၄၆၆)၊ စိုးပုံနှိပ်တိုက်၊ ကနောင်မင်းသားကြီးလမ်း၊ ၁/၄ အရှေ့ဒဂုံစက်မှုဇုန်၊ ရန်ကုန်မြို့။
**အယ်ဒီတာအဖွဲ့ရုံး** ✱ အမှတ်–၁၈၂(က)(မြေညီထပ်)၊ ၃၃–လမ်း(အထက်လမ်း)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ☎ (၀၁) ၃၇ ၄၅ ၄၅ ၊ 📱 ၀၉ ၂၆၀၀ ၈၅ ၈၆၀




www.burmeseclassic

www.burmeseclassic.com

တဆထလ-၁၁/၂၀၀၅၊ တိုး(၁၈၇) ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၀၅၁၀ YR ၀၀၀၇၉၂

ကျန်းမာခြင်းသည်လာဘ်တစ်ပါး



# ဦးအောင်မြင့်

# လူ့ပျံတော်ပတ္တမြား

သွေးဆေးမှုန့်

သွေးဆေးအဆီ

လေသက်ဆေး

နန်းတွင်းလျှာပွတ်ဆေး

လျက်ဆား

သည်းခြေဆေး

ဖုန်း ၀၁ - ၆၄၃၃၁၆ ၀၁ - ၇၀၁၄၇၃

၀၁ - ၅၅၉၅၅၉ ၀၁ - ၆၄၉၁၀၃

www.burmeseclassic

www.burmeseclassic.com



သမိုင်းဝင်ကျိုက္ကလော့စေတီတော်

# ပန်းပေးရာ တောင်ကုန်းပေါ်က

# သမိုင်းဝင်စေတီ

ဗိုလ်တထောင် ကိုဦး

ရန်ကုန်မြောက်ပိုင်းခရိုင်၊ မင်္ဂလာဒုံမြို့နယ်အတွင်း ရန်ကုန်-ပြည် ကားလမ်းနံဘေးအနီး ဝါယာလက်ဈေးနှင့် မလှမ်းမကမ်းတွင် ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက္ကလော့စေတီတော် တည်ရှိပါသည်။

ကျိုက္ကလော့စေတီတော်သည် ကျိုက်ပိုင်းစေတီ၊ ကျိုက္ကလှဲစေတီ၊ ကျိုက္ခက်စေတီ၊ သာစုစေတီတို့နှင့်လည်း ဆက်စပ်ပတ်သက်နေသည်ဟု ဆို၏။

ကကုသန်ဘုရားရှင် လက်ထက်တော်အခါကဖြစ်၏။ ဘဒ္ဒကမ္ဘာတွင် သက်တော်ရှည် နတ်မင်းကြီးငါးပါးအနက် တစ်ပါးပါဝင်သော ဆူးလေနတ်ကြီးဖြစ်လာမည့် ယက္ခ ဘီလူးကြီးတစ်ကောင် ရှိခဲ့၏။ ထိုနတ်ဘီလူးကြီးသည် သားစားကြူး၍ တစ်နေ့လျှင် ဆင်တစ်ကောင်မျှ ကုန် အောင် စားသည်ဟူ၏။

ကကုသန်ဘုရားရှင် ဆွမ်းခံအကြွ ထိုနတ်ဘီလူးကြီး ကျင်လည်ကျက်စားရာ တောင်ကုန်းတန်းမှ ဖြတ်သ[illegible] စားရန်အလို့ငှာ လိုက်လံဖမ်းဆီးရာ လိုက်မမီ[illegible]ခဲ့ရ၏။



www.burmeseclassic

www.burmeseclassic.com



မြဲပြန့်ကွင်းပြင်အလယ် မောပန်းနွမ်းနယ်နေနိုက် တောင်ကုန်းတစ်နေရာတွင် ပျောက်ကွယ်သွားပြီး တစ်ဖန် အခြားတောင်ကုန်းထိပ်၌ ပြန်ပေါ်လာ၏။ ပန်းပေးသော စကားကိုဆို၍ ဘုရားရှင်နှင့် ပညာပြိုင်ခဲ့သည်ဟု ဆို၏။

ယက္ခဘီလူးကြီး ပုန်းကွယ်ရာအရပ်သည် ကျိုက်ပိုင်းစေတီရှိရာ အရပ်ဟုဆို၏။ ဘုရားရှင်ပျောက်ကွယ်သွားရာ တောင်ကုန်းသည် ကျိုက္ကလဲ့စေတီ တည်ရှိရာဖြစ်၍ ပန်းပေးသည်ဆိုသောအခါ ပြန်ပေါ်လာရာ အရပ်သည် ကျိုက္ကလော့စေတီရှိရာအရပ်ဟု ဆိုလေ၏။ ယက္ခနတ်ဘီလူး မာန်စွယ်ကျိုးရာနေရာသည် ကျိုက္ကလဲ့တောင်ကုန်းအနီးရှိ နဂါးပွက်အိုင်နေရာရှိရာ ကျိုက္ခတ်စေတီခေါ်ဆုတောင်းပြည့် ရန်ပြေမာန်ပြေစေတီတည်ရှိရာ ဖြစ်လေ၏။ ဘုရားရှင်ချေချွတ်၍ ကျွတ်တမ်းဝင်ပြီးနောက် ပဥ္စသီငါးပါး လုံခြုံသောအခါ ဘုရားရှင်သာဓုခေါ်ရာအရပ်သည် ယခုအခါ သာဓုစေတီတည်ရှိရာနေရာဟု ဆိုထားလေ၏။

**<u>ပထမဆုံး စေတီတော်</u>**

သာသနာသက္ကရာဇ်(၂၃၅)ခုနှစ်တွင် အိန္ဒိယပြည် ပါဋလိပုတ်ပြည့်ရှင်ဘုရင် သီရိဓမ္မာသောက မင်းကြီးသည် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် ဦးဆောင်သော ရဟန်းပေါင်း တစ်ထောင်ဖြင့် တတိယသင်္ဂါယနာတင်တော်မူခဲ့လေ၏။ သာသနာတော်ပြန့်ပွားစေရန်အတွက် ကိုးတိုင်း ကိုးဌာနသို့ သာသနာပြုများ စေလွှတ်ခဲ့၏။ သုဝဏ္ဏဘူမိ သထုံပြည်သို့ အရှင်သောဏမထေရ်နှင့် အရှင်ဥတ္တရမထေရ်တို့ ဦးဆောင်သော သာသနာပြုအဖွဲ့ ရောက်ရှိလာခဲ့၏။

သာသနာသက္ကရာဇ် (၂၃၈) ခုနှစ်တွင် သီဟိုဠ်၌ ကြီးစွာသော ရေဘေးနှင့် ကြုံတွေ့ရာ သီဟိုဠ်ဘုရင် ဒေဝါနံပိယတိဿ မင်းကြီးသည် ရေဘေးရန်မှ ကာကွယ်နိုင်သော အလွန်တန်ခိုးကြီးသည့် ဝေပုလ္လပဗ္ဗတ္တမြားရတနာကို အလိုရှိ၍ ရဟန္တာအရှင်မြတ် ရှစ်ပါးတို့အား ဗုဒ္ဓဘုရားရှင်၏ ဆံတော်မြတ်(၁၆)ဆူနှင့် ဓာတ်တော်(၃၂)ဆူတို့နှင့်အတူ သုဝဏ္ဏဘူမိသထုံပြည်သို့ စေလွှတ်တော်မူခဲ့၏။

သုဝဏ္ဏဘူမိသထုံပြည်၌မရှိဘဲ သန်လျင် သီဟာဒီပကျွန်း၌ရှိကြောင်း သိရ၍ ရဟန္တာအရှင်မြတ်တို့သည် သန်လျင်သီဟာဒီပသို့ ရောက်ရှိလာခဲ့၏။ အရှင်ယသ၊ အရှင်သောဏ၊ အရှင်သုစိတို့ ဦးဆောင်သော ရဟန္တာအရှင်မြတ် ရှစ်ပါးတို့သည် သီဟာဒီပမင်းကြီးအား ပါရှိလာသော ဆံတော်ဓာတ်တော်တို့ကို ပေးအပ်ကာ ဝေပုလ္လပဗ္ဗတ္တမြား



သမိုင်းဝင်ကျိုက္ကလော့စေတီတော် မုခ်ဦးဝ



www.burmeseclassic

www.burmeseclassic.com



ထီးတော်ဟောင်းစေတီ

ရတနာကို အလိုရှိကြောင်း ကြောင်းကျိုးခိုင်လုံစွာဖြင့် လျှောက်တင်လေ၏။

မင်းကြီးသည် ဝမ်းမြောက်ဝမ်းသာစွာဖြင့် လက်ခံတော်မူလေ၏။ အလိုရှိသော ဝေပုလ္လပဗ္ဗတမြားရတနာကိုလည်း ပေးအပ်တော်မူ၏။ အရှင်မြတ်တို့အားလည်း သီဟဒီပကျွန်းသို့ တစ်ဖန်လာရောက် သာသနာပြုပါရန် လျှောက်ထားတောင်းပန်တော်မူ၏။ ကောင်းပြီဟု ဝန်ခံကတိပြုကာ ပြန်ကြွသွားလေ၏။

ကတိစကားအတိုင်း ရဟန္တာအရှင်မြတ်တို့သည် သီဟဒီပကျွန်းသို့ ရောက်ရှိလာခဲ့ကြသည်။ မင်းကြီးသည် ရဟန္တာအရှင်မြတ်တို့နှင့်အတူ ဦးစွာ စေတီတော်(၁၁)ဆူကို တည်ထားတော်မူလေ၏။ ကြွင်းသောဆံတော်ဓာတ်များဖြင့် အခြားသော စေတီတော်များ တည်ထားခဲ့ရာ ကကုသန်ဘုရားရှင်လက်ထက် ယက္ခဘီလူးနှင့် ပုန်းတမ်းကစားခဲ့ရာ ပန်းပေးရာကုန်းတော်ထိပ်၌ ဆံတော်မြတ်တစ်ဆူကို ဌာပနာ၍ စေတီတစ်ဆူကို တည်ထားတော်မူလေသည်။

ပန်းပေးရာကုန်း၌ တည်ထားသော စေတီဖြစ်၍ မွန်ဘာသာအားဖြင့် ကျိုက်ဒေးကလော့ဟု ခေါ်တွင်လေ၏။

(ကျိုက်-ဘုရား၊ ဒေး-ကုန်း၊ ကလော့-ပန်းပေးသည်၊ ပန်းပေးရာကုန်းတော်စေတီဟု အဓိပ္ပာယ်ရလေ၏။)

**ဆံတော်မြတ်တစ်ဆူအား ထပ်မံဌာပနာခဲ့**

သရေခေတ္တရာပြည်ကို တည်ထောင်သော ဒွတ္တဘောင်မင်းကြီးသည် ဗုဒ္ဓဘုရားရှင်၏ ဆံတော်ဦးရစ်ဆူကို ပင့်ဆောင်ခဲ့သော တဖုဿနှင့် ဘလ္လိက ညီနောင်မှ ညီတော်ဘလ္လိက တည်ထားခဲ့သော ကျိုက်ပါမဟာပိန္နဲဆံတော်ရှင်စေတီအား ဖြိုဖျက်ကာ ဘုရားရှင်၏ ဆံတော်မြတ်ကို ရှာဖွေရာတွင် ဆံတော်လေးဆူ ဖူးတွေ့ရ၍ သရေခေတ္တရာသို့ ပင့်ဆောင်ခဲ့လေ၏။

မြသိတင်ခေါ် ပြည်ရွှေဆံတော်စေတီတော်ရှိ ဆုတောင်းပြည့်ရုပ်ပွားတော် နှစ်ဆူအတွင်း၌ ဌာပနာထည့်သွင်း လှူဒါန်းပူဇော်တော်မူလေသည်။ သရေခေတ္တရာပြည် ပျက်သုဉ်းသွားသောအခါ ဟံသာဝတီမွန်ဘုရင် ပုဏ္ဏရိကရာဇာမင်းသည် သရေခေတ္တရာရှိ ဒွတ္တဘောင်မင်း တည်ထားခဲ့သော မြသိတင်စေတီတော်အား ဖြိုဖျက်ကာ ဆံတော်မြတ်လေးဆူကို ဟံသာဝတီသို့ ပင့်ဆောင်ခဲ့လေ၏။

ရမ္မာနဂရာမြို့အရောက် မြို့တောင်ဘက်အရပ်ရှိ ကျိုက်ဒေးကလော့စေတီတော်တွင် ဆံတော်မြတ်တစ်ဆူကို ဌာပနာထည့်သွင်း ပူဇော်ခဲ့လေ၏။ ရမ္မာနဂရာမြို့ဆိုသည်မှာ ဟံသာဝတီမွန်ဘုရင်များက မြို့ရဲ(၃၂)မြို့ တည်ထားခဲ့ရာတွင် ပါဝင်သော မြို့တစ်မြို့ဖြစ်လေ၏။

**ကျိုက်ကလော့စေတီနှင့် ဟံသာဝတီမွန်ဘုရင်**

ရှေးဟောင်းသမိုင်းဝင်ဖြစ်သော ကျိုက်ကလော့စေတီတော်မှာ နှစ်ပေါင်းကြာညောင်းလာသောအခါ ပျက်စီးယိုယွင်းလာခဲ့၏။ ဒုတိယဟံသာဝတီခေတ်တွင် ဗညားဦး၏သားတော် ဗညားနွဲ့ခေါ် ရာဇာဓိရာဇ်မင်းသည် သက္ကရာဇ်(၇၄၅)ခုနှစ်၊ တပို့တွဲလဆန်း (၁၂)ရက်နေ့၌ ဟံသာဝတီထီးနန်းကို သိမ်းပိုက်စိုးစံခဲ့၏။ ဘုန်းတန်ခိုးကြီးသော ဘုရင်တစ်ပါးဖြစ်၏။

ရာဇာဓိရာဇ်မင်းသည် ၄င်းလက်ထက်၌ စေတီများစွာကို ပြုပြင်လှူဒါန်းတော်မူခဲ့သည်။ ဟံသာဝတီ ပဲခူးဒေသ၌သာမက နန်းရဲမြို့ ရမ္မာနဂရာမြို့ရှိ သာဓုစေတီ၊ ကျိုက်ဝိုင်းစေတီ၊ ကျိုက္ကလဲ့စေတီနှင့် ကျိုက္ကလော့စေတီများကိုလည်း အသစ်ပြန်လည် ပြုပြင်တည်ထားတော်မူ၏။



www.burmeseclassic

www.burmeseclassic.com



တန့်ဆောင်းအတွင်းရှိ ရုပ်ပွားတော်မြတ်အား ဖူးတွေ့ရပုံ

ကျိုက္ကလော့စေတီတော်သည် တောင်ကုန်းစွန်းထိပ်၌ တည်ထား၏။ အတွင်းမှ ဂဝံကျောက်များ ခံထား၏။ ပန်းတင်ခုံ ရှစ်မြှောင့်ချိုးဖြစ်၍ တစ်မျက်နှာလျှင် (၃၅) တောင်ရှိ၏။ ပန်းတင်ခုံအမြင့်မှာ (၅)တောင်ရှိလေ၏။ စေတီတော်အား မဟာရံတံတိုင်း ကာရံထား၏။ လှေကားဦး၌ ခြင်္သေ့နှစ်ကောင် ရှိလေသည်။

စေတီတော်ကို သင်တိုင်းစေတီအဖြစ် တည်ထားလေ၏။ မင်းကြီးသည် စေတီတော်ကို တည်ထားကိုးကွယ်ပြီးနောက် ရွှေထီးတော်အသစ် တင်လှူပူဇော်ခဲ့လေသည်။

<u>သမိုင်းဝင် ခံတပ်တိုက်ပွဲ</u>

ကုန်းဘောင်ခေတ် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲကာလအတွင်း ကျိုက္ကလော့ကုန်း ခံတပ်တိုက်ပွဲသည် မြန်မာတို့အတွက် ထင်ရှားသော အောင်ပွဲရတိုက်ပွဲအဖြစ် မှတ်တမ်းဝင်ခဲ့လေ၏။

စားတော်ဝန် မင်းလှမင်းခေါင်၏ တပ်အင်အား သုံးထောင်နှင့် ဖွဲ့သဘုံမြို့စား မဟာမင်းလှဇေယျသူ၏ တပ်အင်အားသုံးထောင် စုစုပေါင်းအင်အား ခြောက်ထောင်ရှိသော မြန်မာစစ်တပ်သည် ကျိုက္ကလော့ကုန်းခံတပ်တွင် တပ်စွဲခဲ့၏။

ရန်ကုန်မြို့ရှိ အင်္ဂလိပ်တို့သည် ဂေါ်ရာစစ်ဗာရီတပ်ကို ဗိုလ်ပါရဲမက်များစွာဖြင့် ဖွဲ့စည်း၍ ကျိုက္ကလော့ခံတပ်ရှိ မြန်မာစစ်တပ်အား ချဉ်းနင်းဝင်ရောက်တိုက်ခိုက်စေ၏။ မြန်မာတို့၏ ရဲစွမ်းသတ္တိနှင့် သူ့ကျွန်မခံလိုသော စိတ်ဓာတ်တို့ကြောင့် အပြင်းအထန် ခုခံတိုက်ခိုက်ခဲ့ရာ အင်္ဂလိပ်စစ်တပ် မခံနိုင်တော့ဘဲ တပ်ပျက်ကာ ဆုတ်ခွာထွက်ပြေးခဲ့ရလေ၏။

စစ်သည်အင်အား တစ်ရာခန့်ကျဆုံးကာ စစ်ဗာရီ ခုနစ်ဆယ်ကျော် ထိခိုက်ဒဏ်ရာရခဲ့သည်။ မြန်မာတို့သည် အင်္ဂလိပ် ကို့၏ သေနတ်လက်နက်များစွာ ရရှိခဲ့လေ၏။ ညဥ့်အချိန်ဖြစ်၍ မြန်မာတို့သည် ခံတပ်နှင့် ဝေးရာအထိ အင်္ဂလိပ်တို့အား လိုက်လံမတိုက်ခိုက်တော့ဘဲ တပ်ဝင်းအတွင်း နေမြဲအတိုင်းသာ နေလေ၏။

စစ်ရှုံး၍ပြန်လာခဲ့သော ဒုဗိုလ်မှူးကြီးစမစ် ဦးဆောင်သည့် စစ်ဗာရီတပ်သည် ရန်ကုန်ရှိ စစ်စခန်းသို့ ပြန်လည်ရောက်ရှိလာလေ၏။ မြန်မာတို့ကို မရှုမလှစစ်ရှုံးခဲ့ကြောင်း ကြားသိရသော စစ်ဗိုလ်ချုပ်ကင်းဘဲလ်သည် ဗိုလ်မှူးချုပ်မက်ကရီ ဦးဆောင်သော တိုက်ခိုက်ရေးတပ်ဖွဲ့ကို စေလွှတ်၍ မြန်မာတို့၏ ကျိုက္ကလော့ခံတပ်ကို တိုက်ခိုက်ဖျက်




မြန်မာမှုလက်ရာမြောက် စောင်းတန်းတစ်လျှောက် မြင်ရပုံ



www.burmeseclassic

www.burmeseclassic.com



ယက္ကသီလှမင်းအား ဘုရားရှင်က ချေချွတ်တော်မူနေပုံ

ဆီးရန်နှင့် အနီးအနားကျေးရွာများကို မီးရှို့ဖျက်ဆီးရန် စေလွှတ်လိုက်လေသည်။

သို့သော်လည်း မြန်မာတို့သည် ဗျူဟာပြောင်းလဲကာ ကျိုက္ကလော့ခံတပ်မှ ဆုတ်ခွာ၍ တပ်ဖျောက်ခဲ့သောကြောင့် တိုက်ပွဲထပ်မံမဖြစ်တော့ဘဲ ကျေးရွာများသည်လည်း မီးရှို့ဖျက်ဆီးခြင်းဘေးမှ လွတ်ကင်းခဲ့ရလေ၏။

**ဝိညာဉ်ခေါ်ပွဲကျင်းပ**

ကျိုက္ကလော့စေတီသို့ ယိုးဒယားနိုင်ငံမှ ဘိုးတော်၊ မယ်တော်၊ ဘုန်းကြီး၊ သီလရှင် အလှူရှင်များ ပါဝင်သော လူဦးရေငါးဆယ်ခန့်သည် ရောက်ရှိလာခဲ့၏။ အချိန်ကာလမှာ (၁၉၉၈)ခုနှစ်ကဖြစ်ပြီး ထိုအချိန်က ယိုးဒယား-မြန်မာ နယ်စပ်တွင် စစ်ရေးတင်းမာနေချိန်ဖြစ်၏။ ထိုယိုးဒယားဘုရားဖူးအဖွဲ့သည် ကျိုက္ကလော့စေတီ၌ ဝိညာဉ်ခေါ်ပွဲ ကျင်းပခဲ့၏။

ဂေါပကအဖွဲ့သည် အမှုမဲ့အမှတ်မဲ့ထားခဲ့သဖြင့် ၎င်းတို့အဖွဲ့ မည်သူ့ကို ရည်စူးပြီး ဝိညာဉ်ခေါ်ပွဲ ကျင်းပခဲ့ကြောင်း မသိရပေ။ သုံးနှစ်ဆက်တိုက် ရောက်ရှိလာပြီး တတိယမြောက် (၂၀၀၀)ပြည့်နှစ်တွင် အဖွဲ့ခေါင်းဆောင်မှ မင်းသမီးက ပြန်မလိုက်တော့ဘူး ပြောနေတယ်။ ဒါကြောင့် ဝိညာဉ်ခေါ်ပွဲ မလုပ်တော့ဘဲ ဆုတောင်းပွဲလုပ်ကြမယ်ဟု ပြောခဲ့လေ၏။

ထိုအခါမှ ဂေါပကအဖွဲ့သည် ၎င်းတို့နှင့် ဆွေးနွေးခွင့်ရရှိကာ မည်သူ့ကိုရည်စူးပြီး ဝိညာဉ်ခေါ်ပွဲ ကျင်းပခဲ့ကြောင်း မေးမြန်းခွင့်ရလေ၏။ အဖွဲ့ခေါင်းဆောင်က သည်အရပ်၌ရှိသော ယိုးဒယားမင်းသမီးအား ရည်စူး၍ ဝိညာဉ်ခေါ်ပွဲ ကျင်းပခဲ့ကြောင်း၊ သို့သော်လည်း ယခုတစ်ခေါက်၌ မင်းသမီးမှာ ယိုးဒယားသို့ ပြန်မလိုက်လိုတော့ကြောင်း ပြောဆိုသဖြင့် ဆုတောင်းပွဲသာ ပြုလုပ်မည်ဖြစ်ကြောင်း ပြောလေ၏။

ထိုအချိန်၌ ဘုရားဈေးတန်းရှိ ရွှေမင်းသားဓာတ်ပုံတိုက်မှ ဓာတ်ပုံဆရာက မင်းသမီးဓာတ်ပုံရှိရင် ခဏပြပါဟု ပြောသောကြောင့် ဓာတ်ပုံထုတ်ပြလေ၏။ ဓာတ်ပုံဆရာသည် ယိုးဒယားဘုန်းကြီးထံမှ ဓာတ်ပုံကို အမှတ်တရအဖြစ် တောင်းယူထားလိုက်လေ၏။ ဓာတ်ပုံထဲမှ မင်းသမီးမှာ ဘယ်သူလဲဟု မေးမြန်းသောအခါ ဘုန်းတော်ကြီးက ငါတို့မယ်တော်ဖြစ်တယ်။ သူ့ကို ရိုရိုသေသေနဲ့ ဆီမီး၊ ရေချမ်း၊ သစ်သီးကပ်လှူပြီး ဆုတောင်းရင် စီးပွားဖြစ်တယ်ဟု ပြောပြခဲ့၏။ သို့သော်လည်း ဂေါပကအဖွဲ့ကမူ ပေါ့ပေါ့တန်တန်ထားရှိခဲ့သည်။

**ကျိုက္ကလော့စေတီနှင့် ပဋ္ဌာန်းပွဲ**

ကျိုက်ကလ္လော့စေတီ၌ ပဋ္ဌာန်းပွဲကျင်းပခဲ့သည်မှာ ယခုနှစ်ဆိုလျှင် (၄၃)ကြိမ်မြောက်ခဲ့ပြီ ဖြစ်၏။ စေတီတော်တွင် လွန်ခဲ့သောနှစ်ပေါင်း(၄၄)နှစ်အထိ ပဋ္ဌာန်းပွဲ မကျင်းပဖြစ်ခဲ့ချေ။

တစ်နေ့တွင် အမျိုးသမီးငယ်တစ်ဦးသည် ဂေါပကအဖွဲ့ဝင်များထံ ရောက်ရှိလာပြီး စေတီ၌ ဘာကြောင့် ပဋ္ဌာန်းပွဲမကျင်းပကြောင်း မေးမြန်းခဲ့၏။ ဂေါပကလူကြီးများက ငါတို့လည်း ပဋ္ဌာန်းပွဲကျင်းပလိုပေမယ့် ဂေါပကအဖွဲ့ထံမှာ ငွေကြေးမပြည့်စုံ မလုံလောက်ကြောင်း၊ ဆရာတော်တွေ ဆွမ်းကပ်ဖို့နဲ့ ငွေကြေးလှူဖို့ ငွေမရှိတာကြောင့် မလုပ်ဖြစ်ခဲ့ကြောင်း (ထိုအချိန်က ကျိုက္ကလော့စေတီတော်မှာ မစည်ကားသေးသောကြောင့် ဘုရားဖူးတို့ လာရောက်မှုမရှိသလောက် ရှားပါး၏။ အလှူငွေရရှိမှုမှာ လုံးဝမရှိသလောက်ဖြစ်၏။)

ထိုအခါ အမျိုးသမီးငယ်က သည်အတွက် မစိုးရိမ်ပါ



www.burmeseclassic

www.burmeseclassic.com

နဲ့။ ဒီကိစ္စအတွက် သမီးလှူပါ့မယ်ဟု ပြောရုံသာမဟုတ် ကျင်းပဖြစ်အောင် ကျင်းပပေးရန်သာ ပြောဆိုလေသည်။ ပဌာန်းပွဲကျင်းပရန် လိုအပ်သောငွေကြေးကို ပြည့်ပြည့်စုံစုံ လှူဒါန်းသွားခဲ့သည်။ သုံးနှစ်တိတိ လာရောက်လှူဒါန်းခဲ့သော်လည်း ထိုအမျိုးသမီးငယ်ကား မည်သူမှန်း မသိခဲ့ကြချေ။



ရှေးဟောင်းအာရုံခံတန်ဆောင်း

__လှူထိုက်မှ လှူကြရ__

(၁၉၉၉)ခုနှစ်တွင် ဂေါပကအဖွဲ့ကို အသစ်ဖွဲ့စည်းခဲ့၏။ (၂၀၀၁)ခုနှစ်တွင် ဂေါပကအဖွဲ့ဝင်များသည် စေတီတော်အား ရွှေချရန်အတွက် ငြမ်းဆင်ကာ ထီးတော်အားသေသေချာချာ စစ်ဆေးခဲ့ကြ၏။ နှစ်ကာလကြာမြင့်ပြီဖြစ်သော ထီးတော်မှာ ဆွေးမြည့်နေကာ မကြာမီကာလပျက်စီးတော့မှာဖြစ်ကြောင်း တွေ့မြင်ရလေသည်။

(၂၀၀၅)ခုနှစ် တစ်နေ့တွင် ဦးသောင်းညွန့်နှင့် ဒေါ်မြမြခိုင် (မြတ်သစ္စာ စိန်ရွှေရတနာရောင်းဝယ်ရေး) ဇနီးမောင်နှံ ဘုရားဖူးရန် ရောက်ရှိလာ၏။ ၎င်းတို့သည် မင်္ဂလာဒုံဈေးနှင့် ဗိုလ်ချုပ်ဈေး၌ စိန်ရွှေရတနာဆိုင် ဖွင့်ထား၏။ ၎င်းတို့ မင်္ဂလာဦးအလှူအဖြစ် လှူခဲ့သော(၁၆)နှစ်က လှူဒါန်းခဲ့သော တိုင်ကပ်နာရီမှာ ယနေ့တိုင် စက်ကောင်းမွန်စွာဖြင့် သွားနေသည်ကို မြင်ရသောအခါ ဇနီးမောင်နှံမှာ ပီတိဖြစ်ရလေ၏။

ထို့ကြောင့် ဂေါပကအဖွဲ့ထံ လာရောက်ပြီး အလှူလှူချင်ကြောင်းပြော၏။ ဂေါပကအဖွဲ့ဝင် ဦးကျော်အေးက နှုတ်မှ အမှတ်မဲ့ စေတီထီးတော်ကို (၂၀၀၇)ခုနှစ်တွင် အသစ်တင်လှူလိုကြောင်း ပြောသောအခါ ဇနီးမောင်နှံမှာ ဝမ်းသာအားရဖြင့် ၎င်းတို့မှ ထီးတော်ဒါယကာ ဖြစ်လိုကြောင်း ပြောကြားကြလေ၏။ ချက်ချင်းလှူမယ်ဟုပြော၏။

သို့သော်လည်း ဂေါပကအဖွဲ့က စေတီထီးတော်အား ရေရှည်ခံနိုင်ရည်ရှိသော စေတီထီးတော်ပေါ်နေပြီဖြစ်၍ ထိုစေတီထီးတော် တင်လှူလိုသောဆန္ဒရှိခဲ့၏။ စစ်ကိုင်းတိုင်း၊ ရွာထောင်၌ စတီးထီးတော်မှာ ပြုလုပ်နေပြီဖြစ်သဖြင့် အချင်းငါးပေရှိ ထီးတစ်လက် ကုန်ကျစရိတ်မှာ သိန်းခုနစ်ဆယ်တန်ဖိုးရှိ၏။ အလှူ့ရှင်ဇနီးမောင်နှံမှာ လက်ငင်းကျပ်ဆယ်သိန်းကို လှူသောကြောင့် ဂေါပကအဖွဲ့က ဘဏ်၌ သီးသန့်စာရင်းဖွင့်ကာ ထားရှိပေး၏။

အလှူဆိုသည်မှာ မိမိနှင့်ထိုက်မှ လှူကြရ၏။ ကျိုက္ကလော့စေတီတော်အား အမြဲတမ်းလှူနေကျ ဦးကျော်စိန်၊



စောင်းတန်းအဆင်းမုခ်ဝနှင့်အတူ တွေ့ရသည့် တံခွန်တိုင်



www.burmeseclassic

www.burmeseclassic.com

ဒေါ်မန်း(ကျော်မိသားစု ထွန်းစက်ပစ္စည်း) မိသားစုရှိ၏။ ၎င်းတို့က စေတီနှင့်ပတ်သက်၍ လှူဒါန်းရန်ရှိက ၎င်းတို့အား ပြောရန် မှာထား၏။ သို့သော်လည်း ဂေါပကအဖွဲ့သည် ၎င်းတို့အား ထီးတော်အသစ် တင်လှူရန်အတွက် ပြောကြားရန် မေ့နေ၏။ ရှေ့ဆုံးမှ ဒုတိယလှူဖြစ်ခဲ့ရ၏။

(၂၀၀၇)ခုနှစ်၊ ဇန်နဝါရီလတွင် ထီးတော်အသစ်တင်လှူရန် စတင်ခဲ့သည်။ ထိုအချိန်၌ ထီးတော်တန်ဖိုးမှာ (၂၇)သိန်းခန့်သာ ကုန်ကျလေ၏။ ဂေါပကအဖွဲ့သည် ထီးတော်ဟောင်းအားစွန့်၍ ဘယ်မှာထားရမှန်းမသိ ရွှေတိဂုံစေတီသို့ သွားရောက်လေ့လာကြ၏။ တနင်္ဂနွေထောင့်မှာ ထီးစေတီအဖြစ် ထားရှိရန် အကြံရသည့်အတွက် ဦးကျော်စိန်၊ ဒေါ်မန်းတို့အား သတိရကာ ပြောပြရာမှ ၎င်းတို့က ဝမ်းမြောက်ဝမ်းသာဖြင့် လှူမယ်ဟု ကတိပြုခဲ့၏။ ထို့ကြောင့် ထီးစေတီအလှူမှာ ဦးကျော်စိန်၊ ဒေါ်မန်းမိသားစု ဖြစ်ခဲ့ရလေ၏။

**<u>ဆုပန်ကလျာမင်းသမီး</u>**

တနင်္ဂနွေထောင့်တွင် ထီးတော်စေတီတော်ထားရန်အတွက် မြေခံကောင်းသောနေရာ၌ ပန္နက်တင်မင်္ဂလာပြုလုပ်ခဲ့၏။ ထိုမြေနေရာအား တူးဖော်ကြရာ အနက်(၈)ပေအရောက်၌ ဂူတစ်လုံးကိုတွေ့ခဲ့ရ၏။ ထိုဂူအား ဆက်လက်တူးဖော်ခဲ့ရာ မြေအိုးတစ်လုံးကိုတွေ့ခဲ့ရပြီး ပေါက်တူးနှင့်ပေါက်မိသောကြောင့် အိုးမှာ ကွဲသွားသည်။ အိုးအတွင်း၌ အရိုးတို့ကိုတွေ့ရကာ ထိုအိုးကွဲနှင့် အရိုးတို့မှာ ဂေါပကဥက္ကဋ္ဌရုံးခန်းအတွင်း ယနေ့တိုင် သိမ်းဆည်းထားလေ၏။ ဓာတ်ပုံဖြင့် မှတ်တမ်းတင်နိုင်ခဲ့သည်။

ထီးတော်စေတီ တည်ထားပြီးနောက် ရေစက်ချအမျှဝေခဲ့ကြ၏။ ထီးတော်ဟောင်းအား လှူခဲ့ကြသောအလှူရှင်များအားလည်း အမျှဝေနိုင်ရန်၊ မကျွတ်မလွတ်သူများအားလည်း ကျွေးမွေးနိုင်ရန်၊ ဗလိနတ်စာကျွေးရန်စီစဉ်ခဲ့၏။ ကနားစီးနှင့်တိုင်ပင်၍ ဂေါပကအနေဖြင့် နတ်ကနားပေးခြင်းဟု မမြင်စေလိုကြောင်း၊ ဘုရားငွေကိုလည်းမသုံးစွဲလိုကြောင်း၊ အလှူရှင်ဖိတ်မယ်ဟု ပြောနေခိုက်အန်တီမန်း ရောက်ရှိလာပြီး ကြိုက်သလောက်လှူ၊ ကုန်သလောက်ပေးမယ်ဟု ပြောလေ၏။ ဂေါပကအဖွဲ့က



ကျိုက္ကလော့အိုးဘိုးကြီး




ယိုးဒယားမင်းသမီး မယ်တော်ဆုပန်ကလျာရုပ်တု

www.burmeseclassic.com

ဘုရားဝတ္တကမြေအတွင်းဖြစ်သော ကြောင့် သက်သတ်လွတ်သာ ကျွေးမွေးလိုကြောင်း ပြောပြ၏။

ကြွလာကြသော ပိုင်ရာဆိုင် ရာနတ်များအား ပင့်ဖိတ်၍ ကြိုက် ရာကို သုံးစွဲစားသောက်စေ၏။ ပိုင်ရာဆိုင်ရာ နတ်များအပြင် ပုဂ္ဂိုလ်တစ်ဦး ကြွရောက်လာပြီး ဆရာတော်နှင့် တွေ့ချင်ကြောင်း ပြော၏။ ၄င်းမှာ ယိုးဒယားမင်း သမီး ဆုပန်ကလျာဖြစ်ကြောင်း၊ စေတီတော်၌နေကြောင်း၊ သူ့အား ပွဲလှူပေးပါဟု တောင်းဆို၏။



ဘိုးဘိုးကြီး၊ သူရဿတီမယ်တော်၊ ယိုးဒယားမင်းသမီးနှင့် ယက္ခဘီလူးတို့ ထားရှိရာ နတ်နန်း

<u>နတ်နန်းများ ပြောင်းရွှေ့နေရာချထား</u>

ထီးတော်စေတီ တည်ထားပြီးခဲ့ရာစေတီမှာ တောင် ပိုင်ဘိုးဘိုးကြီးနန်းနှင့် သူရဿတီမယ်တော်နန်း ကွယ်နေ သဖြင့် မမြင်ရချေ။ တာဝန်ရှိပုဂ္ဂိုလ်များသည် နတ်နန်းများ အား သောကြာထောင့်သို့ ပြောင်းရွှေ့နေရာချထားရန် စီစဉ် နေစဉ် ဂေါပကအတွင်းရေးမှူး ဦးကျော်အေး နားနားကပ် လျက် တစ်စုံတစ်ဦးမှ သူ့အတွက်လည်း နန်းဆောက်ပေး ပါဟု ပြောလေ၏။

အတွင်းရေးမှူးသည် ဥက္ကဋ္ဌကြီးအား တင်ပြ၏။ သူတို့သည် နှစ်ပေါင်းများစွာတိုင်အောင် စေတီတော်အား စောင့်ရှောက်ခဲ့ကြ၏။ သူတို့နှင့်အတူ ယိုးဒယားမင်းသမီး သည်လည်း အပါအဝင်ဖြစ်၏။ သူ့အတွက်ပါ နန်းဆောက် သင့်သည်ဟု တင်ပြလေသည်။

ထိုအချိန်၌ ဦးမောင်မောင်ဦး၊ ဒေါ်နန်းစောမွန် လင် မယား ရောက်ရှိလာ၏။ သူတို့သည် ရွှေပြည်သာ၌ ကား စက်ရုံရှိ၏။ ဒေါ်နန်းစောမွန်သည် တောင်ပိုင်ဘိုးဘိုးကြီး၏ သမီးဖြစ်ခဲ့သည်ဟုဆို၏။ အိမ်ထောင်ကျပြီး တစ်နှစ်ကြာ သည်အထိ သားသမီးမရရှိကြသောကြောင့် တောင်ပိုင် ဘိုးဘိုးကြီးထံ ကလေးတောင်းကြရာ တောင်ပိုင်ဘိုးဘိုး ကြီးက သားတစ်ယောက်၊ သမီးနှစ်ယောက်ပေးမည်ဟု ပြော၏။ ဒေါ်နန်းစောမွန်က သားတစ်ယောက်သာလိုချင် ကြောင်းပြော၍ ခေါင်းခေါက်ခံခဲ့ရသည်ဟု ဆို၏။

ရောက်ရှိလာသူ ဖနီးမောင်နှံအား ဂေါပကအဖွဲ့မှ နတ်နန်းအလှူရှင် အလိုရှိကြောင်း ပြောပြရာ ၄င်းတို့က နတ်နန်းကို တာဝန်ယူမယ်ဟု ပြောလေ၏။ မြန်မာမှု ပညာရှင် ဦးသီဟအား ယိုးဒယားမင်းသမီးဓာတ်ပုံ ပေး အပ်တာ မင်းသမီးက စေတီတော်ကို ရှိခိုးနေပုံရုပ်တု ထုလုပ်စေ၏။

နန်းအပ်ပွဲပြုလုပ်သည့်အခါ ဆရာတော်သုံးပါး၊ ဂေါ



ယိုးဒယားမင်းသမီး ဆုပန်ကလျာပုံနှင့် အရိုးအိုး



www.burmeseclassic

www.burmeseclassic.com



စေတီတော်အောင်မြေတွင် ဝိပဿနာရှုတောင်းနေသူတစ်ဦး

ပကာအဖွဲ့နှင့် ဝန်ထမ်းအချို့ဖြင့်သာ ကျင်းပရန် စီစဉ်ခဲ့၏။ ပြင်ပလူများကို မဖိတ်ကြားခဲ့ပေ။

နန်းအပ်ပွဲမစတင်မီ မနက်ပိုင်းအချိန်၌ အဘွားအို တစ်ဦးရောက်ရှိလာပြီး ဒီမှာ ရေစက်ချအခမ်းအနား အလှူ ရှိသလားဟု မေးမြန်းရာ မရှိကြောင်း ဖြေခဲ့ကြ၏။ သို့သော်လည်း နန်းအပ်ပွဲ ရေစက်ချပြုလုပ်နေစဉ် ဆရာတော် များ ရှေ့တည့်တည့်၌ မနက်ကတွေ့ခဲ့ရသည့် အဘွားအိုမှာ ရှေ့ဆုံးက ထိုင်နေသည်ကို တွေ့ကြရလေ၏။ အလှူရေ စက်ချပြီးသည်နှင့် ထိုအဘွားအိုမှာလည်း ပျောက်ကွယ် သွားခဲ့သည်။

## စေတီဘွဲ့တော် အမည်မှန်

ပြည်ထောင်စုတိုင်းရင်းသားရေးရာဝန်ကြီး နိုင်ရွှေ ကျင်နှင့်အဖွဲ့သည် စေတီတော် ဘက်စုံပြုပြင်ဆောင်ရွက် နေစဉ် ရောက်ရှိလာ၏။ ဂေါပကအဖွဲ့နှင့် တွေ့ဆုံစဉ် စေတီတော်ဘွဲ့အမည် နှင့် စပ်လျဉ်း၍ ပြောကြားခဲ့၏။

ကျိုက္ကလို့စေတီဟု ခေါ်နေ ခြင်းမှာ မှားနေကြောင်း၊ ကျိုက္က လော့ဟု ခေါ်မှသာလျှင် မှန်ကန် ကြောင်း ရှင်းပြ၏။

မွန်ဘာသာစကားတွင် ကျိုက် သည် ဘုရားဖြစ်၏။ ကလို့ဟူ သော မွန်စကားမှာ သူခိုးဂျပိုး ကလိမ်ကကျစ်ကို ခေါ်ဆိုကြောင်း၊ ထို့ကြောင့် ကျိုက္ကလို့ ဟု မခေါ်ဆိုသင့်ကြောင်း ရှင်းပြ၏။ ကလော့ဆိုသော မွန်ဘာသာစကားသည် ပန်းပေးသည်ဟု အဓိပ္ပာယ်ရသော ကြောင့် ကျိုက္ကလော့ဟု ခေါ်မှသာ အမှန်ဖြစ်၍ နောင် တွင် ကျိုက္ကလော့စေတီဟုသာ ခေါ်ဆိုသင့်ကြောင်း ရှင်း ပြခဲ့လေသည်။

## ရင်ပြင်ပေါ်မှ သာသနိကအဆောက်အအုံများ

(၁၉၂၅)ခုနှစ် ဆောက်လုပ်ထားခဲ့သော အာရုံခံတန် ဆောင်းနှင့် ကျောက်ဆင်းတုရုပ်ပွားတော်ကို ကြည့်မြင် တိုင် ကိုးထပ်ကြီးဘုရားဒါယကာ သူဌေးကြီး ဦးကျော်နှင့် သူဌေးကတော် မလှကြီးတို့က လှူဒါန်းခဲ့သည်။ (၁၉၂၇) ခုနှစ် ရေးထိုးခဲ့သော ခေါင်းလောင်းစာအရ အာရုံခံအုတ် တိုက်တန်ဆောင်းနှစ်ခု၊ ဥဒ္ဒိဿ ရုပ်တုတော်မြတ်ကိုးဆူ၊ ကျိုက် ထိုကြီးသိန်းနန္ဒာဘုရားနှင့် ကျိုက် ထိုးကြီး သိန်းမာလာဘုရားနှစ်ဆူ၊ စောင်းတန်းလှေကားဦး ခြင်္သေ့ ကြီး နှစ်ကောင်၊ ကြေးခေါင်း လောင်း တစ်ခုတို့ ရှိ၏။

ထို့ပြင် နဂါးရုံဘုရား၊ ထီး တော်စေတီ၊ နောင်တော်ကြီးစေ တီ၊ အောင်ရတနာအောင်စေတီ၊ ငါးဆူနေလဘုရားတို့အပြင် သီဝလိတန်ဆောင်း၊ ရှင်ဥပဂုတ္တ



စေတီတော်သမိုင်းကြောင်းအား ရှင်းပြနေသော ဂေါပကအတွင်းရေးမှူး ဦးကျော်အေး

www.burmeseclassic.com

တန်ဆောင်း၊ ဘီလူးချွတ်ခန်းတန်ဆောင်း၊ အောင်ခြင်းရှစ်ပါးတန်ဆောင်းတို့ကိုပါ တွေ့မြင်နိုင်၏။

သောကြာထောင့်တွင် တောင်ပိုင်ဘိုးဘိုးကြီး၊ သူရသတီမယ်တော်၊ အမျိုးရုံခေါ် ဆုပန်ကလျာမင်းသမီးနှင့် ဒေဝယက္ခဘီလူးနန်းဆောင်များထားရှိရာ နန်းဆောင်တစ်ခု ရှိလေ၏။

စနေထောင့်တွင် ရဟန်းတော်တစ်ပါးက ဆရာတော်ဦးဥတ္တမသာရကို ညွှန်ပြခဲ့သည့် အောင်မြေရှိလေ၏။

**ကျေးဇူးစကား**

စေတီတော်သမိုင်းကြောင်းကို မခြွင်းမချန် ရှင်းလင်းပြောကြားပေးခဲ့ပါသော ကျိုက္ကလော့စေတီ ဂေါပကအဖွဲ့အတွင်းရေးမှူး ဦးကျော်အေးအား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

စေတီတော်၏ ပွဲတော်ရက်မှာ နှစ်စဉ် တပို့တွဲလပြည့်ကျော် (၆)ရက်နေ့မှ (၈)ရက်နေ့အထိဖြစ်၏။ သွားလာရလွယ်ကူသောနေရာတွင်ရှိခြင်း၊ သမိုင်းဝင်ထင်ရှားသောစေတီတော်ဖြစ်ခြင်း၊ မြန်မာ့သမိုင်းဝင် အောင်ပွဲရစေတီအဖြစ် မှတ်တမ်းရှိသော ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက္ကလော့စေတီတော်မြတ်ကြီးအား တစ်ခေါက်တစ်ခါ လာရောက်၍ ဘုရားဖူးကုသိုလ်ယူ ဒါနမျိုးစေ့ချရင်းဖြင့် နိဗ္ဗာန်နန်းသို့ အတူတူတက်လှမ်းနိုင်ကြပါစေ။

ခုနစ်နေ့သားသမီးအပေါင်း ဘေးဘယာကင်းဝေးကြပါစေ။

**ဗိုလ်တထောင် ကိုဦး**

**မှီငြမ်း**

* ဘုံပျံဆရာတော် ဘဒ္ဒန္တပညာသာမိ၊ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီသမိုင်း။
* ဟံသာဝတီဦးအုန်းကြိုင်၊ သာစုဆံတော်ရှင်။
* ဂေါပကအဖွဲ့၏ ကျိုက်ပိုင်းစေတီတော်မြတ်ကြီးသမိုင်း။
* ဂေါပကအဖွဲ့နှင့် မော်မြန်မာစာပေ စီစဉ်ထုတ်ဝေသော သမိုင်းဝင် ကျိုက္ကလော့စေတီတော်သမိုင်း။


နှလုံးတုန်၊ ရင်ခုန်၊ မူးမောသူများအတွက်

နန်းထိပ်တင်




နှလုံးခုန်နှုန်း မမှန်ခြင်း၊ နှလုံးသွေးကြော ကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှစ်ခြိုက်စွာ အိပ်မရခြင်း၊ အိပ်ရာမှနိုးစတွင် ရင်တဒိတ်ဒိတ်ခုန်ခြင်း၊ ဦးခေါင်းမကြည်မလင် မူးဝေခြင်း၊ စိတ်မကြည်မလင် ထိုင်းမှိုင်းခြင်း၊ အသားအရေ ပွဲခြောက်ပိန်လှီခြင်း၊ မအီမသာဖြစ်ခြင်း၊ အသက်ရှူမမှန်ခြင်း၊ နှလုံးနှင့်ပတ်သက်သော ရောဂါများအတွက် သုံးစွဲနိုင်ပါသည်။ ဤဆေးကို နေ့စဉ်မှန်မှန် သောက်သုံးပါက အသားအရေစိုပြေကြည်လင် လုပနေမျို့ ကျန်းမာသက်ရှည်ပါမည်။

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၉/၂၀၁၀ တဆထလ(၂၀၂၆)
ယာယီဆေးဝါးမှတ်ပုံတင်အမှတ် - ၀၂၁၃ Y ၀၁၀၁၇၀
ကြော်ငြာခွင့်ပြုချက်.- ၂၃၁/၀၀၁၃ [တဆထက(တနယ်ဇင်း)]

နှလုံးအားတိုးဆေး

ပင်ရင်း နန်းထိပ်တင်ဆေးတိုက် - တိုက်(၅)၊ အခန်း(၁၀၁)၊ သီရိမင်္ဂလာအိမ်ရာ၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
၀၉ ၂၀၀၀၉၉၇၊ ☎ (၀၁) ၂၁၁၈၈၃
ရန်ကုန် ပြည်ခမြန်မာဆေးမျိုးစုံဆိုင် - ဆိုင်အမှတ်(B-50: 51) ရွှေပြည်စုံဈေး (ဒုတိယထပ်)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
၀၉၄၂၀၀၇၇၈၃၊ ၀၉၄၂၀၁၈၀၂၃၀
မန္တလေး ဦးအောင်ကြမြန်မာဆေးမျိုးစုံဆိုင် - ရောင်းဝယ်ရေး/E ရုံ(သဇင်ရုံ)၊ အမှတ်-၉၆(မြေညီထပ်)၊ ဈေးချို၊ မန္တလေးမြို့။ ☎ (၀၂) ၃၁၀၈၀




www.burmeseclassic

www.burmeseclassic.com



မြောက်ဦးမြို့ ပင်ဘာကြီး၏ကောင်းမှုတော် သျှစ်သောင်းပုထိုးတော်

တက္ကသိုလ်မျိုး

## မြောက်ဦးမြို့တော်ဟောင်း၌ ထွန်းကားခဲ့သော

# ရခိုင်ယဉ်ကျေးမှုကို လေ့လာခြင်း

ဂမ္ဘီရမဂ္ဂဇင်း၌ စာရေးသူ၏ ဆောင်းပါးများ မရေးဖြစ်သည်မှာ သုံးလကျော်ခန့် ရှိခဲ့ပေပြီ။ စာရေးသူ၏ ကျန်းမာရေးကြောင့် (၂၀၁၅)ခုနှစ်၊ ဇန်နဝါရီလမှစ၍ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ Bumrungrad International ဆေးရုံကြီး၌ ဆေးစစ်ခံယူရာမှ အသည်းတွင် အကျိတ်နှစ်လုံး တွေ့ရှိခဲ့ရာ ထိုအကျိတ်များ ပျောက်ကင်းရေးအတွက် သုံးလတစ်ကြိမ် ဆေးကုသမှုခံယူရန် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့သို့ လေကြောင်းခရီးဖြင့် အကြိမ်ကြိမ်အခါခါ သွားရောက်ခဲ့သည်မှာ သုံးနှစ်သုံးမိုးပင် ပြည့်ပေတော့မည်။

စာရေးသူ၏ ကံကြမ္မာကြောင့်လော၊ စာရေးသူ မြန်မာနိုင်ငံရှိ တန်ခိုးကြီးဘုရားစေတီ အဆူဆူကို သွားရောက်ဖူးမြော်ပြီး စာရှုသူများ ဖတ်ရှုရန် ဆောင်းပါးများ ရေးသားပူဇော် ကောင်းမှုပြုသော ကုသိုလ်ကြောင့်လော၊ ထိုင်းနိုင်ငံရှိ တန်ခိုးကြီးဘုရားများအား စာရေးသူ ထိုင်းနိုင်ငံရောက်ရှိတိုင်း သွားရောက်ဖူးမြော်ပြီး စာရှုသူတို့ ဖတ်ရှုနိုင်ရန် ရည်သန်၍ ဆောင်းပါးများ ရေးသားပူဇော်ရသော ကောင်းမှုကုသိုလ်ကြောင့်လောမသိ စာရေးသူ၏ အသည်း၌ ဖြစ်တည်နေသော အကျိတ်လုံးနှစ်လုံးသည် သေးငယ်ပျောက်ကွယ်ကာ ရောဂါကျယ်ပြန့်ခြင်းမရှိအောင် ခွဲစိတ်ကုသရန်မလိုဘဲ ဆေးဖျန်းခြင်း၊ ဓာတ်ရောင်ခြည်တို့၍ ကုသခြင်းတို့ဖြင့် ထိန်းချုပ်နိုင်ကာ အသက်ခုနစ်ဆယ့်ငါးနှစ်ကျော် ခုနစ်ဆယ့်ခြောက်နှစ်အတွင်းသို့ပင် ဝင်ရောက်နိုင်ခဲ့ပြီဖြစ်သည်။

လူ့ခန္ဓာကိုယ်၌ နှလုံးနှင့် အသည်းတို့သည် အသက်ရှင်သန်ရေးအတွက် အဓိကအစိတ်အပိုင်းတို့ဖြစ်သည်။ အထူးသဖြင့် အသည်းသည် နှုးညံ့လွန်း၍လည်းကောင်း၊ သွေးလည်ပတ်မှု အများဆုံးလုပ်ဆောင်ရ၍လည်းကောင်း



www.burmeseclassic

www.burmeseclassic.com

ရောဂါဖြစ်ပွားရန် အလွန်လွယ်ကူလှသလို ရောဂါဖြစ်ပွားပါကလည်း ကုသရန် အလွန်ခက်ခဲလှသော အစိတ်အပိုင်းပင်ဖြစ်သည်။ အကျိတ်ဖြစ်တည်ခဲ့သော် ခွဲစိတ်ကုသရန် နောက်ဆုံး အသည်းအစားထိုး ကုသရန်မှလွဲ၍ အခြားအစိတ်အပိုင်းများလို ဓာတ်ရောင်ခြည်ပေး၍ ကုသသည့် ကုထုံးနှင့် ကုသ၍မရပေ။ နောက်ဆုံးပေါ် ကုသနည်းအရ ထုံဆေးဖြင့် ပေါင်ခြံသွေးပြန်ကြောမှ စက်သွင်း၍ အသည်းအတွင်းရှိ အကျိတ်နေရာတစ်ဝိုက်၌ ဆေးဖျန်းကုသနည်းဖြင့်လည်းကောင်း၊ အသည်းအတွင်း အကျိတ်ရှိရာနေရာသို့ ရင်ခေါင်းနံရိုးများကြားမှ ဓာတ်ရောင်ခြည်တို့မည့် ကိရိယာကို လူနာအား မေ့ဆေးပေးပြီး ထိုးသွင်းကုသည့် ကုထုံးဖြင့်လည်းကောင်း ကုသကြရသည်။

စာရေးသူ၏အသည်းရှိ အကျိတ်သည် ကင်ဆာရောဂါအကျိတ်မဟုတ်၍ ဆေးသွင်းကုသနည်းဖြင့်လည်းကောင်း၊ ဓာတ်ရောင်ခြည်တို့သည့် ကုထုံးဖြင့်လည်းကောင်း ကုသမှုကို ခံယူနေရသည်။ စာရေးသူ၏အသည်း၌ ဖြစ်တည်နေသော အကျိတ်တို့သည် ကြီးရာမှသေး၊ သေးရာမှ ပျောက်သွားသော်လည်း အသစ်ပြန်လည်ဖြစ်ပေါ်လာ၍ ဆက်လက်ကုသမှုကို ခံယူခဲ့ရသည်မှာ (၃) နှစ်ခန့်ကာလအတွင်း ဆယ့်သုံးကြိမ်ပင် တိုင်ခဲ့ပေပြီ။

စာရေးသူ၏ အထက်၌ ရေးသားသကဲ့သို့ ကံကြမ္မာကြောင့် အသက်ဆက်လက်ရှင်သန်ခွင့်ရ၍လည်းကောင်း၊ ပြုခဲ့သော ကုသိုလ်ကောင်းမှု အစုစုတို့၏ ကောင်းကျိုးအသွယ်သွယ်တို့ကြောင့်လည်းကောင်း အသည်းရှိအကျိတ်တို့သည် ကင်ဆာရောဂါအဆင့်အထိ ကျယ်ပြန့်ဖြစ်ပေါ်ခြင်းမရှိဘဲ သာမန်အကျိတ်အဆင့်၌သာ ကုထုံးများကြောင့် ထိန်းထားနိုင်ခဲ့သည်။

အထူးသဖြင့် စာရေးသူသည် မြန်မာနိုင်ငံအတွင်းရှိ ဆုတောင်းပြည့်တန်ခိုးကြီးဘုရားအဆူဆူ၊ စေတီတော်အဆူဆူတို့အား ဖူးမြော်ကြည်ညိုပြီး စာဖတ်ပရိသတ်အပေါင်းတို့အားလည်း ကိုယ်တိုင်သွားရောက်ဖူးမြော်ရသည့်အလား ကုသိုလ်ရယူခံစားနိုင်ရန် ရေးသားပူဇော်မှုပြုခဲ့သော ကုသိုလ်ကောင်းမှုကြောင့်လည်းကောင်း၊ ဗုဒ္ဓမြတ်စွာဘုရားရှင် ပွင့်တော်မူရာ အရှေ့မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာရှိ ဘုရားရှင်ဖွားတော်မူရာ ပွင့်တော်မူရာ တရားဦးဓမ္မစကြာ ဟောတော်မူရာ၊ ပရိနိဗ္ဗာန်စံတော်မူရာ ဒေသများ အကြောင်းကို ဓာတ်ပုံတော်အများအပြားမှ စာရှုသူတို့ကိုယ်တိုင် သွားရောက်ဖူးမြော်ရသည့် ခံစားမှု၊ မုဒိတာပွားမှုများ ပေါ်ပေါက်စေရန် ဆောင်းပါးများ ရေးသားပူဇော်ခဲ့သော ကောင်းမှုကြောင့်လည်းကောင်း၊ လက်ရှိ ဆေးကုသမှု သွားရောက်ခံယူနေရသော ယိုးဒယားနိုင်ငံ ဘန်ကောက်မြို့၊ အယုဒ္ဓယမြို့ စသည့်ဒေသအသီးသီးမှ တန်ခိုးကြီးဆုတောင်းပြည့် ဘုရားစေတီတော်များအကြောင်းကို စာရှုသူတို့ကိုယ်တိုင် ဖူးမြော်ကြည်ညိုနိုင်ရန် ဓာတ်ပုံအပြည့်အစုံဖြင့် ပုံဖော်ပြီး ဆောင်းပါးများ ရေးသားပူဇော်ရသည့် အကျိုးကောင်းမှုကြောင့်လည်းကောင်း၊ သေနိုင်လောက်သော အသည်းဝေဒနာ ဖြစ်ပေါ်ခဲ့သော်လည်း ရောဂါဝေဒနာကို ကြိုတင်သိရှိပြီး ဆေးကုသမှုခံယူကာ သုံးနှစ်ခန့် အသက်ရှင်သန်ခွင့် ရခဲ့ခြင်းပေလောဟု တွေးတောမိကာ အသက်ရှင်သန်နေသမျှ ကာလပတ်လုံး စာရှုသူ၊ စာဖတ်ပရိသတ်တို့၏ ကုသိုလ်ပွားများနိုင်စေရန် ဘုရားစေတီတော်များနှင့် ပတ်သက်၍ ဆက်လက်ရေးသားနေမည်သာဖြစ်ကြောင်း တင်ပြလိုက်ရပေ။

◆ ◆ ◆

စာရေးသူ ယိုးဒယားနိုင်ငံ(ထိုင်းနိုင်ငံ)သို့ (၁၃)ကြိမ်ရောက်ရှိခဲ့ရာ တန်ခိုးကြီးဘုရားများနှင့်ပတ်သက်၍ ဆောင်းပါးပေါင်းများစွာ ရေးသားခဲ့ပြီးဖြစ်သည်။ ထပ်မံရေးသားရန် အယုဒ္ဓယမြို့၊ ဘန်ကောက်မြို့ရှိ စေတီဘုရားများ၏ ဓာတ်ပုံမှတ်တမ်းများ၊ ဘုရားသမိုင်းဆိုင်ရာ မှတ်စုအမြောက်အမြား ရှိနေသော်လည်း စာဖတ်ပရိသတ်အနေနှင့် ငြီးငွေ့လာမည်ကိုစိုး၍ ထိုင်းနိုင်ငံဘုရားများအကြောင်းကို ခေတ္တရပ်နားကာ ပြည်တွင်းဘုရားများအကြောင်း ရေးသားရန် စာရေးသူ ဆန္ဒဖြစ်ပေါ်လာခဲ့သည်။ စာရေးသူ၏ အကျင့်တစ်ခုမှာ မဂ္ဂဇင်းတစ်စောင်တွင် ရေးပြီးအကြောင်းအရာတူ ဆောင်းပါးကို မည်သည့်အခါမှ နှစ်ကြိမ်ထပ်၍ မရေးသားခဲ့ဖူးပေ။ အကယ်၍ ရေးပြီးသားဘုရားတစ်ဆူ၊ စေတီတစ်ဆူထံပါးသို့ ဒုတိယအကြိမ် (သို့မဟုတ်) တတိယအကြိမ် ထပ်မံရောက်ခဲ့ပြီး ထိုဘုရားစေတီတော်မြတ်၌ စာရေးသူ ယခင်ရေးသားခဲ့စဉ်က မပါဝင်ခဲ့ဖူးသော ထူးခြားသည့် ဖြစ်စဉ်ဖြစ်ရပ် ထပ်မံတွေ့ရလျှင် ဒုတိယအကြိမ် ထပ်မံရေးသားခဲ့ဖူးသော ဖြစ်စဉ်တော့ ရှိဖူးပေသည်။



www.burmeseclassic

www.burmeseclassic.com

စာရေးသူ၏ ဘုရားစေတီနှင့် ပတ်သက်၊သက်ဆိုင်သော ဆောင်းပါးပေါင်းသည် အတော်ပင် များပြားလှရာ ရေးသားစရာ စေတီတော်ဘုရားသမိုင်း ဖြစ်တော်စဉ်များမှာ အတော်ပင် ကုန်သလောက်ဖြစ်ခဲ့သည်။ ရေးပြီးသားကို ထပ်မံရေးသားခြင်း အလေ့အထမရှိခဲ့သောကြောင့် ပြည်တွင်းစေတီဘုရားများအကြောင်း ရေးသားရန် အခက်ကြုံနေပေသည်။ ကျန်းမာရေးကြောင့် ဝေးလံသော အရပ်ဒေသများသို့လည်း ခရီးထွက်ခြင်း၊ ဘုရားဖူးသွားခြင်းများ ပြုလုပ်ရန်မှာလည်း စာရေးသူအတွက် အခက်အခဲတစ်ရပ် ဖြစ်လျက်ရှိနေသည်။

ထိုကဲ့သို့ ပြည်တွင်းဘုရားစေတီများအကြောင်း ရေးသားရန် ဆန္ဒပြင်းပြနေချိန် စာရေးသူ၏ လိုအင်ဆန္ဒကို ဖြည့်ဆည်းပေးမည့် ညီငယ်မျိုးတင့်တစ်ယောက် စာရေးသူ၏နေအိမ်သို့ ရောက်ရှိလာခဲ့သည်။ စာရေးသူအနေဖြင့် ဘုရားစေတီအတော်များများကို ဖူးမြော်ရန် လိုက်လံပို့ဆောင် ပါရမီဖြည့်ပေးသူမှာ ညီငယ်မျိုးတင့်ပင်ဖြစ်သည်။ ညီငယ်သည် ကုန်ဈေးတန်းလမ်း၌ မိဘ၏လုပ်ငန်းအစဉ်အဆက်ဖြစ်သော ကျားသက်နံးတိုက်ကို ပိုင်ဆိုင်သူဖြစ်သလို ကိုယ်ပိုင်ကားလည်း ရှိသူဖြစ်သည်။ သူ၏ပင်ကိုစရိုက်မှာ ခရီးသွားအလွန်ဝါသနာပါသူဖြစ်သည်။ နေအိမ်၌ နေထိုင်သည့်ရက်ထက် ခရီးသွားနေသည့်ရက်က ပိုများကြောင်းလည်း တွေ့ရသည်။ စာရေးသူမှာ အသက်အရွယ် ခုနစ်ဆယ်ကျော်ရုံသာမက ကျန်းမာရေးပါ ချို့ယွင်းလာ၍ မျိုးတင့်ခေါ်ဆောင်ရာနောက်သို့ မလိုက်ဘဲ ငြင်းဆိုခဲ့သည်မှာ အတော်ပင် ကြာခဲ့လေပြီဖြစ်သည်။ ဒါကြောင့် နောက်ပိုင်း ခရီးထွက်ရန် လာရောက်ခေါ်ဆိုခြင်းမရှိတော့သည်မှာ သုံးနှစ်ပင်မက ရှိခဲ့ပေပြီ။

စာရေးသူအနေနှင့် ပြည်တွင်းဘုရားများအကြောင်း ရေးသားရန် ဘန်ကောက်သို့ (၁၂)ကြိမ်မြောက် ဆေးကုသမှုခံယူပြီး ပြန်ရောက်စကပင် စိတ်ကူးခဲ့သည်။ ကိုယ်ပိုင်ကားရှိသူ မဟုတ်၍ စိတ်ကူးရုံသာကူးခဲ့ပြီး လက်တွေ့အကောင်အထည်မဖော်နိုင်ခဲ့ပေ။ စာရေးသူ၏ အလိုဆန္ဒအား ဖြည့်ဆည်းပေးမည့် ညီငယ်မျိုးတင့်သည် နေအိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသည်။

ရောက်မဆိုက်ပင်-

'အစ်ကိုကြီး..ကျန်းမာရေးကောင်းလာပြီပဲ။ စိတ်ပြေလက်ပျောက် ပြည်ရွှေဆံတော် သွားဖူးရအောင်။ ပြည်ဝင်ပြည်ထွက် အဓိဋ္ဌာန်ဝင်ရင်း အစ်ကိုကြီးကျန်းမာရေးအတွက် ဆုတောင်းတာပေါ့'

ရေငတ်တုန်း ရေတွင်းထဲ ကျရသည့်အလား ခရီးထွက်ပြီး ဆောင်းပါးရေးသားရန် ကုန်ကြမ်းရှာလိုနေချိန် ညီငယ်၏ စကားကြားရသောအခါ ဣန္ဒြေပင်မဆောင်နိုင်တော့။

'ဘယ်တော့သွားမှာလဲ၊ ဘယ်နှစ်ရက်ကြာမှာလဲ' ဟု မိမိလိုက်လိုသော သဘောဆန္ဒကို ထုတ်ဖော်ပြသလိုက်မိသည်။

'သွားမယ်ဆို အခုပဲသွားရအောင်။ ရန်ကုန်က မွန်းလွဲ(၁)နာရီထွက်ရင် ပြည်ကို ညနေ(၆)နာရီကျော်လောက် ရောက်မယ်။ ရွှေဆံတော်ဘုရားပွဲတော်ကလည်း မနက်ဖြန်ဆို ပြီးပြီ။ ဗုဒ္ဓဘုရားရှင်စွယ်တော်လည်း မနက်ဖြန် ညနေဆို စွယ်တော်တိုက် ပြန်သွင်းတော့မှာ။ အခုသွားမှ ရောက်ရောက်ချင်း စွယ်တော်ဖူးရမယ်။ ရွှေဆံတော်စေတီတော်ကို မနက်အရုဏ်ဆွမ်း ကပ်နိုင်မယ်။ အခု သွားကြမယ်။ ဆရာဘိုကိုလည်း ဝင်ခေါ်ရဦးမယ်' -

ညီငယ်ပြောသော ဆရာဘိုဆိုသူမှာ စာရေးသူ ပညာရေး



မြောက်ဦးမြို့ဟောင်း၏ အတွင်းအုတ်ရိုး (မြောက်ဘက်)



www.burmeseclassic

www.burmeseclassic.com

တက္ကသိုလ် သမိုင်းဌာန၌ တာဝန်ထမ်းဆောင်စဉ်ကာလက ပညာရေးတက္ကသိုလ် ရူပဗေဒဌာန (ဘာသာရပ်)၌ တာဝန်ထမ်းဆောင်နေသူ ဦးဘိုဘိုဖြစ်သည်။ စာရေးသူနှင့် ခင်မင်သူတစ်ဦးဖြစ်ပြီး စာရေးသူနှင့်ပတ်သက်၍ ညီငယ်မျိုးတင့်နှင့် ရင်းနှီးခင်မင်ကြပြီး ခရီးသွားအတူတူ၊ စားအတူတူနှင့် နှစ်ပေါင်းများစွာ ဆက်ဆံခဲ့ကြသူဖြစ်သည်။

စာရေးသူအနေနှင့် ခရီးမသွားဖြစ်သည်မှာ သုံးလေးနှစ်ခန့်ရှိရာမှ ပြည်ရွှေဆံတော်ဘုရားဖူးရန်လည်းဖြစ်၊ မိတ်ဆွေရင်းချာ ဆရာဦးဘိုဘိုလည်း လိုက်ပါမည်လည်းဖြစ်၍ ဇနီးဖြစ်သူ ဒေါက်တာညွန့်ညွန့်ရီကို နှစ်ရက်ခန့် ခရီးထွက်ခွင့်ပြုရန် ခွင့်တောင်းရာ ဇနီးဖြစ်သူကလည်း ကြည်ကြည်သာသာ ခွင့်ပြုပေး၍ ပြည်ဝင်ပြည်ထွက်ခရီးစဉ် စတင်ခဲ့ရာမှ ပြည်တွင်းစေတီပုထိုးဘုရားများနှင့်ပတ်သက်၍ သုံးနှစ်နီးပါး ဂမ္ဘီရမဂ္ဂဇင်း၌ မရေးသားဖြစ်ဘဲ ထိုင်းနိုင်ငံစေတီဘုရားများကိုသာ ရေးသားတင်ပြနေရာမှ မြန်မာနိုင်ငံအတွင်းရှိ စေတီဘုရားများအကြောင်းကို ပြန်လည်တင်ပြပူဇော်ခွင့်ကို ယခုလမှ စတင်၍ ဖော်ပြရေးသားပေတော့မည်။

◆◆◆

စာရေးသူ စတင်၍ ရေးသားပူဇော်မည့်အကြောင်းမှာ ရခိုင်ပြည်နယ်၊ မြောက်ဦးဒေသရှိ တန်ခိုးကြီးဆုတောင်းပြည့် ရှေးဟောင်းပုထိုးတော်ကြီး နှစ်ဆူဖြစ်သည်။

သျှစ်သောင်းပုထိုးတော်ကြီးနှင့် ကိုးသောင်းပုထိုးတော်ကြီးတို့ အကြောင်းပင်ဖြစ်သည်။ ထို့အပြင် ရခိုင်မဟာမုနိဘုရားကြီးနှင့် စန္ဒမုနိဘုရားကြီးတို့ကိုလည်း ဆက်လက်၍ ရေးသားပူဇော်သွားမည်ဖြစ်ရာ လစဉ်မပြတ် အခန်းဆက်ဆောင်းပါးအသွင် ရေးသားတင်ပြသွားမည်ဖြစ်ကြောင်း နိဒါန်းပျိုး၍ တင်ပြလိုက်ရပေသည်။

စာရေးသူ ဆောင်းပါးအစ၌ ပြည်တွင်းစေတီတော်များအကြောင်း ဂမ္ဘီရမဂ္ဂဇင်း၌ မရေးသားဖြစ်ခဲ့သည်မှာ သုံးနှစ်ကျော်ကြာခဲ့ရာမှ မြန်မာပြည်တွင်းရှိ စေတီဘုရားပုထိုးများနှင့်ပတ်သက်၍ ပြန်လည်ရေးသားရန် ဖြစ်ပေါ်လာပုံကို နိဒါန်းပျိုးခဲ့ပြီးဖြစ်သည်။ စာရေးသူ၏ ကျန်းမာရေးအတွက် ညီငယ်မျိုးတင့်က ပြည်ဝင်ပြည်ထွက် အဓိဋ္ဌာန်ဝင်၍ ဆုတောင်းနိုင်ရန် ဆော်ဩရာမှ ပြည်မြို့ရှိ ပြည်ရွှေဆံတော်စေတီတော်မြတ်ကြီးထံ အဖူးအမြော်ခရီး စတင်ရာမှ ရခိုင်ပြည်နယ်ရှိ ရှေးဟောင်းဘုရားစေတီပုထိုးများကိုပါ ဖူးမြော်ပူဇော်ခွင့်ကို မူလအစီအစဉ်၌ မပါသော်လည်း လမ်းခရီး၌ ရခိုင်ပြည်နယ်အတွင်း ထူးထူးခြားခြား ဘုရားဖူးခရီးစဉ် စတင်ခဲ့ပုံကို ဦးစွာပထမ တင်ပြလိုက်ရပေသည်။

စာရေးသူ၏ညီငယ် မျိုးတင့်သည် ခရီးသွားအလွန်ဝါသနာကြီးသူဖြစ်သည်။ မြန်မာနိုင်ငံ၏ တောင်ဖျားမှ မြောက်ဖျားအထိ မရောက်ဖူးသည့်ဒေသ မရှိသလောက်ပင် ဖြစ်သည်။ ကချင်ပြည်နယ်ရှိ အင်းတော်ကြီးဘုရားမှ ထားဝယ်ရှိ ရှင်ကိုးရှင်အထိ ကြား၌တည်ရှိသော စေတီဘုရားပုထိုးပေါင်း မြောက်မြားစွာကို ဖူးမြော်ခဲ့ပြီးဖြစ်သည်။ ပြည်ဝင်ပြည်ထွက်ခရီး အဓိဋ္ဌာန်ပြုပြီးနောက် ပြည်တစ်ဖက်ကမ်း ပန်းတောင်းရှိ ရွှေဘုံသာမုနိရုပ်ပွားတော်အား ဌာပနာထည့်သွင်း ပူဇော်ထားသော ရွှေဘုံသာစေတီတော်ကို သွားရောက်ပူဇော်ကြသည်။

ထိုစေတီတော်အား ပူဇော်ပြီးနောက် ရန်ကုန်သို့ ပြန်ရန်ဖြစ်သော်လည်း ညီငယ်က-

'အစ်ကိုကြီး…အကောက်တောင် ရောက်ဖူးသလား'

ညီငယ်မျိုးတင့်၏ အကျင့်အတိုင်း ခရီးဆန့်ရန် မေး



မြောက်ဦးမြို့ဟောင်း အရှေ့ဘက် အတွင်းမြို့ရိုး



www.burmeseclassic

www.burmeseclassic.com

ခွန်းမေးလေပြီ။

စာရေးသူအနေနှင့် အကောက်တောင်ကို မရောက်ဖူးသလို သွားရောက်လိုသောဆန္ဒက နဂိုကပင် ရှိပြီးသားဖြစ်၍-

'အေး..မရောက်ဖူးသေးဘူး။ သွားချင်တယ်'

စာရေးသူ၏ စကားအဆုံးတွင်-

'ပို့ပေးမယ်။ ဒီကနေဆို သိပ်မဝေးတော့ဘူး အစ်ကိုကြီး'

ရွှေဘုံသာမုနိမှ ထွက်ခွာပြီး ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး နယ်စပ်၌ရှိသော ထုံးဘိုမြို့သို့ ခရီးဆက်ကြသည်။ အကောက်တောင်ဘုရားရုပ်ပွားတော်များ ထွင်းထုပူဇော်ထားရာ ဧရာဝတီကမ်းနဖူးရှိ ကျောက်နံရံတောင်တော်၏ တည်နေရာသည် ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ရှိပြီး ထိုတောင်တော်၏ အခြေ၌ရှိသော ထုံးဘိုမြို့သည် ပဲခူးတိုင်းဒေသကြီးအတွင်း၌ ရှိသည်။

စာရေးသူတို့ ညီငယ်မျိုးတင့် စာရေးသူ၏ လုပ်ဖော်ကိုင်ဖက် ရုပ်ပဗေဒနှင့် နိုင်ငံရေးဌာနမှူး အငြိမ်းစားဆရာဦးဘိုဘို၊ ညီငယ်၏မိတ်ဆွေ ကိုမြတ်ကျော် (ဂျာနယ်စာစောင်တို့၌ အယ်ဒီတာတာဝန်ယူခဲ့သောကြောင့် ကိုဂျာနယ်ဟု အမည်တွင်သူ)တို့ လေးဦးသည် အကောက်တောင်ဘုရားများကို ဖူးမြော်ပြီး၍ အကောက်တောင်ပေါ်ရှိ ရွှေမြင်တင်စေတီရင်ပြင်ပေါ်၌ အနားယူနေစဉ် ညီငယ်မျိုးတင့်သည် မည်ကဲ့သို့သော စိတ်ကူးပေါက်၍လောမသိ စာရေးသူကို မေးခွန်းတစ်ခု မေးလိုက်သည်။

'အစ်ကိုကြီး..ရခိုင် မဟာမုနိဘုရား ဖူးဖူးလား'

'ဘယ်ဖူးဖူးပါ့မလဲ။ ငါ မြန်မာပြည်အနှံ့နီးပါး ရောက်ဖူးပေမယ့် ရခိုင်ကိုတော့ မရောက်ဖူးသေးဘူး'

စာရေးသူအနေနှင့် အမှန်အတိုင်း ဖြေလိုက်မိသည်။

'ဒါဆို ရခိုင်ကို သွားကြမယ်။ မဟာမုနိဘုရား သွားဖူးရအောင်'

ညီငယ်မျိုးတင့်ထံမှ မျှော်လင့်မထားသော စကားကို ကြားလိုက်ရသောအခါ စာရေးသူအနေနှင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည်ကတော့ အမှန်ပင်။

စာရေးသူသည် မန္တလေး မဟာမြတ်မုနိ၊ ဇလွန်မြို့ရှိ ပြည်တော်ပြန် မာန်အောင်မြင်မုနိ၊ ပြည်တစ်ဖက်ကမ်းရှိ ရွှေဘုံသာမုနိ(မကြာမီ နာရီပိုင်းလောက်ကပင် ဖူးခဲ့သည်) စသည့် မုနိသုံးဆူကို အကြိမ်ကြိမ်အခါခါ ဖူးမြော်ကြည်ညိုဖူးသလို ထိုဗုဒ္ဓရုပ်ပွားတော် သုံးဆူနှင့် ပတ်သက်၍လည်း ဆောင်းပါးများ ရေးသားဖူးသော်လည်း ရခိုင်မဟာမုနိနှင့်ပတ်သက်၍ကား ရောက်လည်းမရောက်ဖူး၊ မရောက်ဖူး၍ မရေးသားဖူးခဲ့ပေ။ ထို့ကြောင့် ရခိုင်မုနိဘုရားကိုဖူးလည်း ဖူးမြော်သလို ဆောင်းပါးအဖြစ် ပူဇော်ရေးသားလိုစိတ်က အလွန်ပြင်းထန်လှသည်။ ညီငယ်မျိုးတင့်စကား ကြားရသောအခါ အလွန်ဝမ်းသာမိသည်။

သို့သော်လည်း စာရေးသူအနေနှင့် (၂)ရက်ခရီးထွက်လာရာ ကိုယ်၌ဝတ်ထားသော အဝတ်တစ်စုံအပြင် လဲလှယ်ရန် အဝတ်တစ်စုံသာ အပိုပါလာရုံသာမက စာရေးသူသည် အသည်းဝေဒနာနဲ့ ဆီးချိုဝေဒနာခံစားနေရသူဖြစ်၍ ဆေးနှင့်ပါးစပ် မပြတ်အောင် သောက်နေရသူဖြစ်ရာ ဖန်းဖြစ်သူ ဒေါက်တာညွှန့်ညွှန့်ရီအနေနှင့် ဆေးသောက်ရန် ပိုပိုလိုလို သုံးရက်စာ ထည့်ပေးလိုက်ရာ ရခိုင်ဘုရားဖူးဆက်သော် ရက်ကြာပါက အဝတ်အစားပြဿနာ၊ ဆေးပြဿနာနှင့် ကြုံနိုင်၍ ညီငယ်အား-

'မျိုးတင့်..ရခိုင်မဟာမုနိနဲ့ အခုရောက်တဲ့နေရာနဲ့



အမြင့်မြို့ရိုးအား ကျောက်တုံးများဖြင့်တည်ထားပုံ



www.burmeseclassic

www.burmeseclassic.com

ဘယ်လောက်ဝေးသေးလဲ။ ဘယ်နှစ်ရက်လောက် ကြာမှာလဲ'

'သိပ်မဝေးပါဘူး။ အခု အကောက်တောင်ကအပြန်လမ်းမှာ ထမင်းစားပြီး တောင်ကုတ်လမ်းက သွားမယ်။ မိုးမချုပ်ခင် ရခိုင်တောင်ကုတ်ကို ရောက်မယ်။ မနက်ကျောက်တော်အရောက်သွားပြီး မဟာမုနိဖူးရုံပဲ'

စာရေးသူ ညီငယ်စကားကို ယုံလိုက်သည်။ မျိုးတင့်ကိုယ်တိုင် မဟာမုနိကို ရောက်ဖူးသူဖြစ်ပြီး ဒီခရီးအတွေ့အကြုံရှိ၍ ရခိုင်သွားရန် သဘောတူလိုက်သည်။ စာရေးသူတို့နှင့်အတူ လိုက်ပါလာသော ဆရာဘိုသည် လေဖြတ်ဝေဒနာခံစားခဲ့ရသူတစ်ဦးဖြစ်ပြီး ရောဂါသက်သာ၍ လက်ကိုင်တုတ်အကူအညီနှင့် လမ်းလျှောက်နေရသူဖြစ်သောကြောင့် ဆရာဘို သဘောထားကိုလည်း စာရေးသူ မေးလိုက်သည်။

'ဆရာဘို..ရခိုင်မဟာမုနိဘုရား သွားဖူးရအောင်။ လိုက်နိုင်မလား'

'သွားတာပေါ့ဗျာ။ ကျွန်တော်လည်း မရောက်ဖူးသေးဘူး။ ရောက်ချင်တယ်ဗျာ'

နှစ်ခွန်းမမေးလိုက်ရဘဲ ရခိုင်သို့သွားရန် သဘောတူလိုက်သည်။ ရခိုင်ခရီးလိုက်ရန် သဘောတူလိုက်သော ဆရာဘိုကား စာရေးသူထက် အခြေအနေပိုဆိုးနေသည်။ လဲစရာအဝတ် တစ်စုံသာပါသည်။ အနွေးထည်လည်း မပါ၊ ဆေးဝါးကလည်း နှစ်ရက်စာသာပါသည်။ သို့သော် ရခိုင်ပြည်နယ်ခရီး သွားလိုသောဆန္ဒကြောင့် တစ်ထိုင်တည်း ဆုံးဖြတ်၍ သဘောတူလိုက်ခြင်းဖြစ်သည်။

ဤနည်းဖြင့် ရခိုင်ပြည်နယ် ဘုရားဖူးခရီးကို စတင်ခဲ့သည်။

◆◆◆

ပန်တောင်း ဥသျှစ်ပင်မှ မွန်းလွဲ(၁)နာရီခွဲ၌ စတင်ခရီးဆက်ခဲ့သည်။ တောင်ကုတ်တောင်ကြားလမ်းမှဖြတ်၍ တောင်ကုတ်သို့ ဦးတည်ထွက်ခွာခဲ့သည်။ ငယ်စဉ်က ပထဝီဘာသာရပ် သင်ကြားရာတွင် ရခိုင်ပြည်သို့ ကုန်းလမ်းခရီးဖြင့် တောင်ကုတ်တောင်ကြားလမ်း၊ အမ်းတောင်ကြားလမ်းတို့မှ သွားနိုင်ကြောင်း သင်ကြားဖူးသည်။ ရခိုင်ရိုးမဟုခေါ်သော အနောက်ရိုးမတောင်တန်း၏ တောင်ဘက်တောင်စွယ်ကို ဖြတ်ကျော်ပြီး ရခိုင်ပြည်နယ်သို့ ကုန်းလမ်းခရီး ဖောက်လုပ်ထားခြင်းဖြစ်ကြောင်းလည်း လေ့လာခဲ့ဖူးသည်။

ယခုအခါ လက်တွေ့ဥသျှစ်ပင်လမ်းခွဲမှ ရခိုင်ရိုးမရှိရာသို့ ဦးတည်မောင်းနှင်ခဲ့ရာ တဖြည်းဖြည်း တောင်တက်ခရီးစတင်ခဲ့သည်။ ကွေ့ကာဝိုက်ကာဖြင့် တောင်တက်လမ်းကို ဖြတ်ကျော်ကာ ထိန်း၍မောင်းနှင်ခဲ့သည်။ တောင်ကုန်းအဆင့်မှ တောင်တန်းအစကို တဖြည်းဖြည်း စတင်တက်ခဲ့ရာ မြင့်သည်ထက် မြင့်လာသည်။ အစပိုင်း၌ တောင်တက်လမ်းအတိုင်း တစ်ရှိန်ထိုး မောင်းနှင်တက်ခဲ့ရပြီး အထက်ပိုင်းသို့ ရောက်လာသောအခါ အတက်အဆင်းခရီး ဖြစ်လာသည်။ ပထမပိုင်း၌ တောင်တက်ခရီးက များပြီး အဆင်းက နည်းလှသည်။ တစ်ကုန်းကျော် တစ်ကုန်းတက်၊ တစ်တောင်တက် တစ်တောင်ဆင်းနှင့် ရခိုင်ရိုးမထိပ်ပိုင်းသို့ ရောက်လာသည်။ ဘေးပတ်ဝန်းကျင်၌လည်း သစ်ပင်ကြီးဝါးပင်ကြီးတို့ဖြင့် စိမ်းလန်းစိုပြည်နေသည်။ သစ်ပင်ဝါးပင်တို့ကြားမှ မြေပြန့်လွင်ပြင်နှင့် တောင်ကြား၊ ချိုင့်ဝှမ်းတို့ ခပ်ရေးရေးသာ မြင်ရသည်ကို ကြည့်ခြင်းဖြင့် ရခိုင်ရိုးမတောင်စွယ်သည် ပေထောင်ကျော်မြင့်ကြောင်း သိရှိနိုင်သည်။


အရှေ့ဘက်နှင့် တောင်ဘက်မြို့ရိုးထောင့်

တောင်တက်လမ်းခရီး၌ ကျ



www.burmeseclassic

www.burmeseclassic.com



ကိုးသောင်းဘုရား၏ ရှေးဟောင်းလက်ရာစေတီငယ်များ

တင်ကားတချို့ကိုသာ တွေ့ရသည်။ ခရီးသည်တင်ဘတ်(စ်)ကားတချို့ကိုလည်း မကြာခဏ တွေ့ရသည်။ ကိုယ်ပိုင်ယာဉ်ငယ်များကိုကား အနည်းငယ်သာ တွေ့ရသည်။ ဤတောင်ကုတ်တောင်ကြားလမ်းသည် ရခိုင်ပြည်နယ်အတွင်းသို့ တောင်ဘက်ပိုင်းမှ ကုန်းလမ်းခရီးဖြင့် ဝင်ရောက်ရာလမ်းဖြစ်သလို သံတွဲမြို့ရှိ ငပလီဆိပ်ကမ်းသာသို့လည်း ဤလမ်းဖြင့်ပင် သွားကြကြောင်းလည်း သိရသည်။

စာရေးသူတို့စီးလာသော ပရိုဘောက်(စ်)ဗင်ကားလေးသည် တောင်တက်ခရီးကို အရှိန်မပျက် တက်ရောက်နိုင်ခဲ့ကြောင်းလည်း တွေ့ရသည်။ အင်ဂျင်ပါဝါ (၁.၅)သာ ရှိသော်လည်း မြေပြန့်၌သာမက တောင်တက်ခရီး၌ပင် အားကောင်းစွာဖြင့် တောင်တက်ခရီးကို တွန့်ဆုတ်ခြင်းမရှိ တစ်ရှိန်ထိုးမောင်းနှင်နိုင်၍ စာရေးသူ ဤမော်တော်ယာဉ်ငယ်အား ချီးကျူးမိသည်။ ယာဉ်ကို ထိန်းသိမ်းမောင်းနှင်သူ ကိုမြတ်ကျော်သည် ဤတောင်ကုတ် တောင်တက်လမ်းခရီး၌ မောင်းနှင်ဖူးခြင်း မရှိသော်လည်း ကျွမ်းကျွမ်းကျင်ကျင်ဖြင့် မောင်းနှင်နိုင်သောကြောင့် မော်တော်ယာဉ်ကို ချီးကျူးမိသလို ကိုမြတ်ကျော်(ဂျာနယ်ကြီး)ကိုလည်း ချီးကျူးမိသည်။

ညနေလေးနာရီခွဲပြီးနောက်ပိုင်း တောင်တက်ခရီးသည် ပို၍မတ်စောက်လာသည်။ အတက်လမ်းတွေသာ များတော့သည်။ တောတောင်နက်လာ၍ ချမ်းစိမ့်လာသည်။ ဘေးဝန်းကျင်ကို သစ်ပင်ဝါးပင်များကြောင့် ရှင်းရှင်းလင်းလင်း မမြင်ရတော့ပေ။ ငါးနာရီကျော် ခြောက်နာရီထိုးခါနီး၌ တောင်ဆင်းခရီး စတော့သည်။ နေမင်းကြီးလည်း တစ်နေ့တာ တာဝန်ထမ်းဆောင်ပြီး၍ တောင်စွယ်များကြား ဝင်ရောက်အနားယူတော့မည်ဖြစ်၍ တောက်ပနေသော နေရောင်အစားနီရဲရဲဖျော့တော့သော အလင်းဖြင့် လောကကြီးကို နှုတ်ဆက်နေသယောင် အသွင်ဆောင်နေသည်။ ရခိုင်ရိုးမအလယ်၌ ဆောင်းဦးကာလ မြူမှုန်၊ နှင်းမှုန်များအကြား အအေးဓာတ်က တဖြည်းဖြည်းမြင့်လာသည်။ နေရောင်ခြည်ပင် ပျောက်ကွယ်၍ အမှောင်ဓာတ် လွှမ်းမိုးလာသည့်တိုင် တောင်ကြားလမ်းမှ မထွက်နိုင်သေး။ တောင်ဆင်းလျက်သာ မောင်းခဲ့ရသည်။ ဘေးပတ်ဝန်းကျင်ကိုပင် မမြင်ရတော့ပေ။ တောင်ကုတ်မြို့ကိုရောက်ဖို့က အတော်ပင် အလှမ်းဝေးသေးသည်။

ညီငယ်မျိုးတင့် ပြောသလို မိုးမချုပ်ခင် တောင်ကုတ်မြို့ ရောက်မယ်ဆိုသော စကားကလွဲခဲ့ပြီ။ ညီငယ်၏ အကျင့်တစ်ခုမှာ စကားလွယ်လွယ် ပြောတတ်သလို စိတ်အေးအေးနှင့် ဖြစ်သလိုနေ ဖြစ်သလို စားတတ်သည်၊ ကတိတစ်ခုကိုလည်း လွယ်လွယ်ပေးတတ်သည်။ ပေးထားသည့် ကတိအတိုင်း လုပ်ချင်မှလုပ်သည်။ သူ၏မွေးရာပါအကျင့်ပင် ဖြစ်သည်။ ယခုလည်း စာရေးသူကို တောင်ကုတ်က နီးနီးလေး။ ဒီတောင်တွေ ကျော်ပြီးရင် ရောက်မှာ။ မိုးမချုပ်ခင်ရောက်မှာ။

အခုတော့ မိုးချုပ်၍ အလင်းရောင်ပျောက်ပြီး ည(၈)နာရီကျော်မှ တောင်ကုတ်မြို့သို့ ရောက်သည်။ တောင်ကုတ်မြို့ တည်းခိုခန်းတစ်ခု၌ တစ်ညတည်းကြရသည်၊ ညီငယ်ပြောသလို ရခိုင်မဟာမုနိဘုရားကြီးကို မနက်စောစော သွားရောက်ဖူးမြော်ပြီး ရန်ကုန်ပြန်ရန်ဖြစ်သည်။

နံနက်စောစောထသော အလေ့အကျင့်ကြောင့် ငါးနာရီမထိုးခင် နိုးလျက်ရှိပေပြီ။ ဆောင်းဦးကာလဖြစ်၍ ခြောက်နာရီကျော်သည့်တိုင် အလင်းဓာတ်မမြင်ရသေးပေ။ စာရေးသူသည် တည်းခိုခန်းအပြင်ထွက်၍ တည်းခိုခန်းအနီးပတ်ဝန်းကျင် လမ်း၌ လမ်းလျှောက်ထွက်ခဲ့သည်။



www.burmeseclassic

www.burmeseclassic.com



သျှစ်သောင်းပုထိုးအနီး၌ရှိသော မင်းဖလောင်းကောင်းမှုတော်
Htoke Kan Thein ဓုတ်ကန်သိမ်ပုထိုးတော်

ခုနစ်နာရီထိုးခါနီး တည်းခိုခန်းသို့ ပြန်ရောက်သည်။ ညီငယ်မျိုးတင့်တို့က အိပ်ရာထ၊ မျက်နှာသစ် သွားတိုက်ပြီးစ အဝတ်အစားလဲ နေချိန်ဖြစ်သည်။ စာရေးသူအနေနှင့် တည်းခိုခန်းရှိ ဧည့်ခန်းနေရာ၌ ထိုင်ကာ ရခိုင်သားဧည့် သည်နှစ်ယောက်နှင့် စကားပြောရင်း သွားရောက်မည့် ခရီးစဉ်ကို စပ်စုမေးမြန်းမိသည်။

'ဦးလေးတို့က ကျောက်တော်မဟာမုနိဘုရား သွားဖူးကြမှာကိုး။ ကျောက်တော်ရောက်ဖို့ အဝေးကြီးပဲ။ ဒီတောင်ကုန်းကနေ အမ်းမြို့ကို မိုင်တစ်ရာကျော် သွားရဦးမယ်။ အမ်းမြို့ရောက်ပြီး မြောက်ဦးအထိ မိုင်တစ်ရာကျော် ထပ်သွားရမယ်။ အဲဒီကမှ ကျောက်တော်မြို့ကို သွားရမှာ။ ကျောက်တော်မြို့ မရောက်ခင်မှာ ရခိုင်မဟာမုနိဘုရားရှိတာ။ ဒီကနေ နောက်ထပ်တစ်ညအိပ်တော့ သွားရဦးမယ်'

ရခိုင်အမျိုးသား၏ သွားရမည့် ခရီးစဉ်ကို ကြားမိသော စာရေးသူအနေဖြင့် ညီငယ်မျိုးတင့်၏ ခပ်ပေါ့ပေါ့စကားကို ယုံမိပြီး မဟာမုနိဘုရားကြီးအား ဖူးမြော်လိုသော စိတ်ဆန္ဒပြင်းပြ၍ ဤခရီးကြမ်းကို လိုက်လာမိခြင်းဖြစ်သည်။ ဤမျှခရီးမိုင်သုံးရာနီးပါး ထပ်သွားရသောခရီးဖြစ်ကြောင်း သိပါက အကောက်တောင်ပေါ်၌ပင် ငြင်းဆန်မိမှာ အမှန်ဖြစ်သည်။ ညီငယ်က အစ်ကိုကြီးကို မဟာမုနိဘုရားအား ဖူးမြော်စေလိုသော စေတနာဖြင့် အစ်ကိုဖြစ်သူ လိုက်ပါလာစေရန် သူ၏ ပင်ကိုစရိုက်အတိုင်း ခပ်ပေါ့ပေါ့ ပြီးစလွယ်ပြောတတ်သော ဓလေ့စရိုက်အတိုင်း တောင်ကုတ်ရောက်ပြီး အမြန်သွားရောက်ဖူးမြော်နိုင်ကြောင်း ပြောကြားမှုကို ယုံကြည်မိသော မိမိကိုယ်ကိုသာမိမိ အပြစ်တင်မိလိုက်သည်။ ရခိုင်ရိုးမကို ဖြတ်ကျော်ပြီး ရခိုင်ပြည်နယ် တောင်ကုန်းသို့ပင် ရောက်နေပေပြီ။ နောက်ကြောင်းပြန်ရန် မဖြစ်နိုင်တော့၍ ရခိုင်မဟာမုနိမြတ်စွာဘုရား စံပယ်တော်မူရာ ကျောက်တော်မြို့သို့ လိုက်ပါသွားရန် ဆုံးဖြတ်လိုက်ရပေသည်။

ဇနီး ဒေါက်တာညွန့်ညွန့်ရီကိုလည်း မျိုးတင့်စရိုက်ကို အတုယူ၍ လွယ်လွယ်ခပ်ပေါ့ပေါ့ဖြင့်-

ရခိုင်ကျောက်တော်မဟာမုနိသွားဖူးဖို့ တောင်ကုတ်မြို့ရောက်နေကြောင်း တယ်လီဖုန်းဖြင့် ခွင့်ပြုရက် ထပ်တိုးတောင်းလိုက်ရသည်။ ဇနီးဖြစ်သူအနေဖြင့်ကား ကျန်းမာရေးဂရုစိုက်ရန်၊ အစားအသောက်ဆင်ခြင်ရန်၊ ဆေးမှန်မှန်သောက်ရန် မှာကြားရုံမှလွဲ၍ ဘာများတတ်နိုင်ပါဦးမည်နည်း။

◆ ◆ ◆

စာရေးသူ အကောက်တောင်ပေါ်၌ ရခိုင်မဟာမုနိဘုရား သွားရောက်ဖူးမြော်ရန် ဆုံးဖြတ်စဉ်က မဟာမုနိဘုရား တစ်ဆူတည်းအတွက်သာ အာရုံထားပြီး မဟာမုနိဘုရားနှင့် ပတ်သက်သမျှ စာရေးသူဖူးမြော်ရသလို စာရှုသူတို့လည်း ဖူးမြော်ကြည်ညို ကုသိုလ်ယူနိုင်စေရန် ဓာတ်ပုံမှတ်တမ်း ဝေဝေဆာဆာဖြင့် မဟာမုနိဘုရားကြီးဆောင်းပါးကို အသေးစိတ်ရေးသားရန် စိတ်ကူးမိခဲ့သည်။

တောင်ကုတ်မြို့ရောက်မှ ကျောက်တော်မြို့၌ ကိန်းဝပ်စံပယ်တော်မူသော ရခိုင်မဟာမုနိဘုရားကြီးအား သွားရောက်ဖူးမြော်သော် မိုင်(၃၀၀)ကျော်ခရီးကို ဖြတ်သန်းသွားရမည်ဖြစ်ရာ လမ်းခရီး၌ ရခိုင်လူမျိုးတို့၏ ရှေးဟောင်းမြို့တော် မြောက်ဦးမြို့ကို ဖြတ်ကျော်ရမည်ဖြစ်သောကြောင့် မြောက်ဦးမြို့ရှိ ရခိုင်မင်းဆက်တို့ တည်ထားခဲ့သော ရှေးဟောင်းဘုရားပုထိုးစေတီတော်ကြီးများကိုလည်း ဝင်ရောက်ဖူးမြော်ရမည်ဖြစ်၍ ထိုမြောက်ဦးရှေးဟောင်းမြို့တော်ဝန်းကျင်ရှိ ရှေးဟောင်းစေတီပုထိုးအမြောက်အမြားအနက် အထင်ကရပုထိုးတော်ကြီးနှစ်ဆူ



www.burmeseclassic

www.burmeseclassic.com

ဖြစ်သော-

(၁) သျှစ်သောင်းပုထိုးတော်ကြီး

(၂) ကိုးသောင်းပုထိုးတော်ကြီး

နှစ်ဆူကိုကား ဝင်ရောက်ဖူးမြော်ရန် ဆုံးဖြတ်လိုက်သည်။ ထိုပုထိုးတော်ကြီးနှစ်ဆူအား စာရေးသူအနေနှင့် ရခိုင်မရောက်ဖူး၍ ပုထိုးတော်ကြီးနှစ်ဆူကိုလည်း မဖူးမြော်ဖူးခဲ့ပေ။ သို့သော်လည်း ထိုပုထိုးတော်နှစ်ဆူနှင့်ပတ်သက်၍ ဆောင်းပါးများကိုကား မဂ္ဂဇင်းစာစောင် အတော်များများ၌ ဖတ်ဖူးလေ့လာဖူး၍ စာရေးသူနှင့် မစိမ်းလှပေ။ ထို့ကြောင့် ထိုပုထိုးတော်ကြီးနှစ်ဆူကို ဝင်ရောက်ဖူးမြော်ရန် စာရေးသူအနေနှင့် မဖြစ်မနေ ကြိုးပမ်းရပေတော့မည်။ ညီမျိုးတင့်ကိုလည်း ထိုပုထိုးတော်နှစ်ဆူထံ ပို့ဆောင်ပေးရန် ပြောထားပြီးဖြစ်သည်။

ဖိုးသူတော် မျက်စိလည်လေ ဆွမ်းဆန်ပိုရလေဟူသော မြန်မာစကားပုံအတိုင်း ဘုရားဖူးခရီးစဉ်ရှည်လေ ဘုရားများများဖူးရလေဖြစ်ပြီး စာရေးသူအတွက် ရေးစရာဆောင်းပါးများများရလေဖြစ်၍ ညီမျိုးတင့် ပို့ပေးမည့် ဘုရားဖူးခရီးစဉ်အတိုင်းသာ လိုက်ပါရန် ဆုံးဖြတ်လိုက်လေတော့သည်။

◆◆◆

မူလခရီးစထွက်စက ပြည်မြို့၌ တစ်ညအိပ်ပြီးပြန်ရန်ဖြစ်၍ သုံးစွဲရန်ငွေလည်း များများစားစား ထည့်လာခဲ့ခြင်းမရှိခဲ့ပေ။ ညီမျိုးတင့်သည်လည်း ထိုနည်းအတိုင်းပင်ဖြစ်သည်။ ရခိုင်ခရီးစဉ် တိုးလာ၍ ငွေကြေးလိုအပ်လာရာ ညီမျိုးတင့်သည် တောင်ကုတ်မြို့မှ မထွက်ခွာခင် သူ့ဆိုင်သို့ ငွေနှစ်သိန်းကို အမ်းမြို့ ကမ္ဘောဇဘဏ်သို့ လွှဲပေးရန် ဖုန်းဆက်အကြောင်းကြားခဲ့ရာ မွန်းလွဲ(၁)နာရီခန့်၌ အမ်းမြို့သို့ ရောက်သောအခါ ရန်ကုန်မှ လွှဲလိုက်သောငွေကို ထုတ်ယူပြီး မြောက်ဦးမြို့သို့ ခရီးဆက်ခဲ့ကြသည်။

မြောက်ဦးသို့ ညခုနစ်နာရီကျော်မှ ရောက်သည်။ ထမင်းအရင်စားပြီးမှ တည်းခိုခန်းငှားရသည်။ တည်းခိုခန်း၌တည်းပြီး နောက်နေ့ မြောက်ဦးမြို့ဝန်းကျင်ရှိ ဘုရားပုထိုးများအား ပူဇော်ရန်အတွက် တစ်ညတာ အိပ်စက်ခဲ့သည်။

◆◆◆

နံနက်စောစော အိပ်ရာမှထပြီး နံနက်အလင်းရောင်ထွက်ပြူစကိုစောင့်ပြီး ထုံးစံအတိုင်း လမ်းလျှောက်ထွက်ခဲ့သည်။ ကိုယ်မရောက်ဖူးသောမြို့ဖြစ်၍ သိပ်ဝေးဝေးသို့မသွားဘဲ တည်းခိုခန်းအနီးတစ်ဝိုက်၌သာ လမ်းလျှောက်နေမိသည်။ တည်းခိုခန်းသို့ ပြန်ရောက်ချိန် နံနက်(၇)နာရီကျော်သည့်တိုင် မျိုးတင့်တို့၊ ဆရာဘိုတို့ မနိုးသေးသလိုကိုမြတ်ကျော်ကိုလည်း မတွေ့ရ။ တည်းခိုခန်းရှေ့၌ ရပ်နေစဉ် တည်းခိုခန်းနှင့်ကပ်လျက် အိမ်ရှေ့၌ အသက်(၄၀)ကျော်အရွယ် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ ထမင်းစားပွဲ တစ်လုံးကိုခင်းကာ ရွှေဖရုံသီး အတော်ကြီးကြီးကို ဓားမနှင့် ခွဲစိတ်နေသည်ကို တွေ့ရ၍ စာရေးသူ၏ အကျင့်အတိုင်း သွားရောက်မေးမြန်းစပ်စုမိသည်။ နေ့ဆွမ်းခံကြွကြမည့် သံဃာတော်များအတွက် ဆွမ်းဟင်းချက်ရန် ပြင်ဆင်နေကြောင်း ရခိုင်အသံဝဲဝဲနှင့် ပြန်ဖြေသည်။

တောင်ကုတ်ရှိ ရခိုင်လူမျိုးတို့၏အသံကို နားထောင်၍ နားလည်သော်လည်း မြောက်ဦးမြို့ ရခိုင်အမျိုးသားတို့၏ အသံကား အတော်ဝဲလှ၍ မနည်းနားထောင်ရသည်။ အမှန်တကယ် ရခိုင်အမျိုးသားတို့ ပြောသောစကားမှာ မြန်မာစကားပင်ဖြစ်သည်။ မြိတ်၊ ထားဝယ်၊ အင်းသားတို့ပင် မြန်မာစကားကို ဒေသအလိုက် အခေါ်အဝေါ်၊ အသုံးအနှုန်းကွဲပြားခြင်း၊ ဒေသအလိုက် အသံနေ အသံထား ကွဲပြားခြင်းတို့ကြောင့်သာ တစ်ဦးစကား တစ်ဦးနားလည်ရန် ခက်ခဲခြင်းဖြစ်သည်။ အသေအချာ နားထောင်သော် အခေါ်အဝေါ်ကွဲပြားမှုမှလွဲ၍ တစ်ဦးအသံ တစ်ဦးနားလည်လွယ်ကြသည်ကို တွေ့ရသည်။ ယခုလည်း တည်းခိုခန်းဘေးရှိ နေအိမ်ရှေ့၌ ရခိုင်အမျိုးသားနှင့် အမျိုးသမီးတို့နှင့် စကားပြောကြရာ အဆင်ပြေသွားကြသည်။

မြောက်ဦးမြို့၌ အထင်ကရနေရာများအနက်-

(၁) မြောက်ဦးနန်းတော်နေရာ၊

(၂) သျှစ်သောင်းပုထိုးတော်၊

(၃) ကိုးသောင်းပုထိုးတော်၊

(၄) ဆုတောင်းပြည့်မုနိငါးဆူ။

ထိုငါးဆူအနက် ဗန္ဓုလကျောင်းတိုက်၌ စံပယ်တော်မူသော စန္ဒမုနိတစ်ဆူသာ မျက်ဝါးထင်ထင် ဖူးမြော်နိုင်သည့် ဗုဒ္ဓရုပ်ပွားတော်မြတ် ဖြစ်သည်။

စသည့် လေ့လာဖူးမြော် ကြည်ညိုစရာ နေရာကို လမ်းညွှန်လေသည်။ စာရေးသူအနေနှင့် မြောက်ဦးမှ



www.burmeseclassic

www.burmeseclassic.com

မထွက်ခွာမီ ထိုနန်းတော်ရာနှင့် စေတီ၊ ပုထိုး၊ ဘုရားများကို သွားရောက်ဖူးမြော် ဓာတ်ပုံမှတ်တမ်းများ ရိုက်ယူပြီး ဂမ္ဘီရမဂ္ဂဇင်း စာဖတ်ပရိသတ်ထံ တင်ပြရေးသားကုသိုလ်ယူရန် ဆုံးဖြတ်လိုက်သည်။ ကျောက်တော်မြို့အနီး ကိန်းဝပ်စံပယ်တော်မူသော၊ စာရေးသူဖူးမြော်ရန် ဆန္ဒပြင်းပြလှသော ရခိုင်မဟာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကို နောက်ဆုံးထား၍ ပူဇော်ရေးသားရန် ဆုံးဖြတ်လိုက်သည်။

◆ ◆ ◆

စာရေးသူတို့ လေးယောက်သည် နန်းတော်ဟောင်းမြို့ရိုးအနီးရှိသော ထမင်းကြော်၊ ဆမင်းသုပ်ဆိုင်၌ မနက်စာ ပဲပြုတ်ထမင်း ကြက်ဥကြော်တို့ကို ဝင်ရောက်စားကြသည်။ ညီမျိုးတင့်၊ ဆရာဘို၊ ကိုဂျာနယ်တို့ကား စားစရာများကိုမှာပြီး စားရန် ထိုင်စောင့်နေချိန် စာရေးသူသည် မြောက်ဦးမြို့ရိုးရှိရာသို့ သွားရောက်ခဲ့သည်။

မြောက်ဦးရှေးဟောင်းမြို့ရိုးကြီးသည် အပြင်၌ တစ်ထပ်ရှိပြီး အပြင်မြို့ရိုးသည် ပြိုပျက်လျက်ရှိသည်။ အတွင်းမြို့ရိုးမှာ မူလပုံစံမပျက် တွေ့ရသည်။ ပုဂံ၊ ပင်းယ၊ အင်းဝ၊ အမရပူရ မန္တလေးရတနာပုံ မြို့ရိုးများသည် မြေအုတ်တို့ကို မီးဖုတ်၍ သုံးစွဲထားကြောင်း တွေ့ရသည်။ ရခိုင်ဓညဝတီ မြောက်ဦးမြို့ကိုကား သဲကျောက်ကိုသုံး၍ အခိုင်အခံ့ တည်ထားကြောင်း တွေ့ရသည်။ ရခိုင်ဒေသသည် ရှေးအခါက မိုးများရာ မိုးရေချိန်တစ်နှစ် လက်မတစ်ရာကျော် အရပ်ဖြစ်တဲ့အတွက် မြေရွှံ့အုတ်ကိုမသုံးဘဲ သဲကျောက်သဘာဝအုတ်ကိုသုံးတော့ နှစ်ရှည်ခံကြောင်း တွေ့ရသည်။ ဒါကြောင့် သျှစ်သောင်းပုထိုးတော်ကြီးသည် သဲကျောက်နှင့်တည်ထား၍ ယနေ့တိုင်ခိုင်ခံ့ဆဲဖြစ်ကြောင်း တွေ့ရသည်။

မြောက်ဦးရှေးဟောင်းမြို့တော်၏ မြို့ရိုးသည် နှစ်ကြာလာပြီး မြေသားထုတက်လာ၍လောမသိ သိပ်မမြင့်လှကြောင်း တွေ့ရသည်။ အပြင်မြို့ရိုး၏ ထုထည်မှာ လက်မ(၃၀)ခန့်ရှိကြောင်း တွေ့ရရာ အတွင်းမြို့ရိုး၏ ထုထည်မှာလည်း မြို့ရိုးထုထည်ထက် မလျော့နိုင်ပေ။ အပြင်မြို့ရိုးသည် ရေညှိပင်၊ ပေါင်းပင်ငယ်များနှင့် မပြုပြင်ဘဲထား၍ ပျက်စီးနေသည်။ ပြိုပျက်နေသော မြို့ရိုးတစ်ပိုင်းအား လှေလာရာ သုံးစွဲထားကြောင်း တွေ့ရသည်။ ထုထည်လည်း အတော်ပင်ကျယ်ပြန့်၍ အလွန်ခိုင်ခံ့မည်ကို


သျှစ်သောင်းပုထိုးတော်ရှိ အရံစေတီများ

လည်း ခန့်မှန်းနိုင်သည်။

အတွင်းအုတ်ရိုးမှာ အပျက်အစီးနည်းပြီး အကောင်းပကတိရှိနေသည်။ ဘိုးတော်မင်းတရား၏သားတော် အိမ်ရှေ့မင်းသားသည် ဥပရာဇာရခိုင်သို့ မဟာမြတ်မုနိဘုရားပင့်ဆောင်ရန် စစ်ချီတိုက်ခိုက်ပြီး (၁၇၈၅)ခုနှစ်၊ ဇန်နဝါရီလ (၂)ရက်နေ့ ဓညဝတီမြောက်ဦးမြို့ကို သိမ်းယူခဲ့သည်ဟု သမိုင်း၌ တွေ့ရသောမြို့သည် ဤမြို့ပင်ဖြစ်သည်။

စာရေးသူ တွေ့မြင်နေရသော မြောက်ဦးမြို့ဟောင်းကြီးသည် ရခိုင်သက္ကရာဇ်(၇၉၂)၌ စတင်တည်ခဲ့ပြီး သက္ကရာဇ်(၁၁၄၆)အထိ နှစ်ပေါင်း(၃၅၅)နှစ်တိုင် မင်းဆက်ပေါင်း(၄၉)ဆက် စိုးစံခဲ့သော မြို့ကြီးဖြစ်ခဲ့သည်။ မြောက်ဦးမြို့ကို စတင်တည်ထောင်သောမင်းမှာ စောမွန်ဖြစ်သည်။ ကုန်းဘောင်ခေတ်ဆက် မဟာရာဇဝင်တော်ကြီး ဒုတိယတွဲ၌ အိန္ဒိယမင်းသား၏သား စောမွန်ကြီးဟု ဖော်ပြပါသည်။ မြောက်ဦးမြို့ မင်းဆက်စုစုပေါင်းကိုလည်း (၄၇)ဆက်ဟု ဖော်ပြ၍ နန်းစံနှစ်ပေါင်း(၃၅၀)ဟု ဖော်ပြသည်။

စာရေးသူထံ ယနေ့ရောက်ရှိနေသော မြောက်ဦးနန်း


www.burmeseclassic

www.burmeseclassic.com

တော်မြို့ရိုး၊ ကျုံးတို့သည် ဒုတိယမြောက်ဦးခေတ်အတွင်း ရခိုင်ဘုရင် မင်းဗာကြီး(၁၅၃၁-၁၅၅၃)က တည်ထားခဲ့ခြင်းဖြစ်သည်။ မင်းဗာကြီးလက်ထက်၌ မြောက်ဦးမြို့အား ရွှေရောင်လွှမ်းသော ခေတ်ကာလအဖြစ် ပုံဖော်ခဲ့သည်။ ပေါ်တူဂီ ကြေးစားစစ်သားများကို ငှားရမ်းပြီး ရခိုင်တပ်မတော်ကို အင်အားကောင်းအောင် ထူထောင်နိုင်ခဲ့သည်။ ထိုသို့ လုပ်ဆောင်ချက်ကြောင့် မြောက်ဦးမြို့တော်သည် ဘင်္ဂလားပင်လယ်ကမ်းခြေတွင် အကောင်းဆုံးသော ခံတပ်မြို့တော်ပမာ ဖြစ်လာသည်။ မင်းဗာကြီးကိုယ်တိုင် အမြော်အမြင်ကြီးသော မင်းတစ်ပါးဖြစ်ရုံသာမက မင်းကြီးအပါး၌ ခစားအမှုထမ်းနေသော ရွှေမျဉ်ခမ္မသတ်ကျမ်းပြုစုသူ သျှင်ငယ်ဆရာဦးမြဝါ၊ ပညာရှိ အမတ်ချုပ်ကြီး မဟာပညာကျော်တို့ပေးသော အကြံဉာဏ်တို့ကြောင့်လည်း မင်းဗာကြီး တည်ဆောက်ခဲ့သော မြောက်ဦးမြို့တော်သည် အင်အားတောင့်တင်းခိုင်မာရုံသာမက ပတ်ဝန်းကျင်နယ်ပယ်များကိုလည်း သိမ်းသွင်းနိုင်ခဲ့သည်။ နိုင်ငံတော်သည် စစ်အင်အားကဏ္ဍ၊ အင်အားတောင့်တင်းလာသောအခါ ဗုဒ္ဓသာသနာတော် ထွန်းကားရေးအတွက် သာသနာပြုနိုင်ခဲ့သည်။ ထို့ကြောင့် မင်းဗာကြီးလက်ထက် အေဒီ(၁၅၃၅)ခုနှစ်၊ ကောဇာသက္ကရာဇ်(၈၉၇)ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့တွင် သျှင်ငယ်ဆရာဦးမြဝါ ဦးစီးစေပြီး သျှစ်သောင်းပုထိုးတော်ကြီးကို ပန္နက်ချ၍ စတင်တည်ထားခဲ့သည်။ သျှစ်သောင်းပုထိုးတော်ကြီးသည် ယနေ့တိုင် အထင်အရှား ကျော်ကြားလျက် ကမ္ဘာကပင် အသိအမှတ်ပြုရသည့် ရှေးဟောင်းတန်ခိုးကြီးဘုရားတစ်ဆူ ဖြစ်ခဲ့သည်။

ထိုနည်းတူ မင်းဗာကြီး၏သားတော် မင်းတိက္ခာလက်ထက်၌လည်း ရှေးဟောင်းသမိုင်းဝင် ကိုးသောင်းပုထိုးတော်ကြီးကိုလည်း ဗိသုကာလက်ရာမြောက်စွာ တည်ထားနိုင်ခဲ့ပြန်သည်။ ကိုးသောင်းပုထိုးတော်ကြီးကို (၁၅၅၃)ခုနှစ်၌ တည်ထားခဲ့ရာ ခမည်းတော်ကောင်းမှု သျှစ်သောင်းပုထိုးတော်ကြီးနည်းတူ ခမ်းနားကြီးကျယ်လှ၍ ကမ္ဘာလှည့်ခရီးသည်များ လာရောက်လေ့လာစရာ ဘုရားပုထိုးတစ်ဆူ ဖြစ်ခဲ့လေသည်။

ထိုမျှကြီးကျယ်ခမ်းနားပြီး ဗိသုကာလက်ရာမြောက်လှသော ပုထိုးတော်များကိုလည်း တည်ထားနိုင်ခဲ့သော မြောက်ဦးခေတ်ကာလသည် စီးပွားရေးအရ နိုင်ငံရေးစစ်ရေးအရ အင်အားကြီးမားကြောင်းကို သက်သေပြနေသည့် အလားပင် ဖြစ်ပေသည်။ ထိုနည်းအတူ သဲကျောက်များကိုသုံး၍ အလွန်ကျယ်ဝန်းသော မြို့ရိုးနှစ်ထပ်ကာရံကာ နန်းတော်ကြီးကို တည်ဆောက်နိုင်ခဲ့သည်မှာလည်း မြောက်ဦးခေတ်ကာလ၏ တိုးတက်ဖြစ်ထွန်းမှုကို ဖော်ပြလျက်ရှိနေပေသည်။

စာရေးသူအနေနှင့် သျှစ်သောင်းပုထိုးတော်၊ ကိုးသောင်းပုထိုးတော်၊ ဆုတောင်းပြည့် စန္ဒာမုနိရုပ်ပွားတော်နှင့် ကျောက်တော်မြို့အနီးရှိ ရခိုင်မုနိမြတ်စွာဘုရားရှင်၏ ရုပ်ပွားတော်မြတ်ကို ပူဇော်ရန်၊ လေ့လာရန်ရှိသောကြောင့် မြို့ရိုးအတွင်း ဝင်ရောက်ကာ နန်းတော်နေရာ၊ နန်းဓလေ့တည်ဆောက်ထားသော လွှတ်တော်၊ အဆောင်၊ နေရာဟောင်း အုတ်ခုံအုတ်ရိုးများကို ဝင်ရောက်ကြည့်ရှု မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ယူလိုသော်လည်း အချိန်မရ၍ မဝင်ရောက်နိုင်ခဲ့ပေ။ မြို့ရိုးပြင်ပနေရာအနှံ့၌သာ ဓာတ်ပုံမှတ်တမ်း အမြန်ရိုက်ယူခဲ့ရပြီး မြောက်ဦးခေတ်ကာလ၏ တိုးတက်မှုကို ပုံဖော်ရေးသားလိုက်ရသည်။

နန်းတော်ကုန်းရှိရာအရပ်သို့ မဝင်ရောက်နိုင်သော်လည်း မြို့ရိုးအတွင်း၌ ကြီးကျယ်ခမ်းနားသော နန်းတော်နေရာ အုတ်ခုံအုတ်များရှိကြောင်း ကိုးကားလေ့လာဖူးခဲ့သည်။ နောင်တစ်ချိန် အချိန်ရက မြောက်ဦးနန်းတော်ကုန်းကို လေ့လာပေအံ့ဟု ဆန္ဒပြုရင်း ထွက်ခွာလာခဲ့ရသည်။

**တက္ကသိုလ်မျိုး**

<u>မှီငြမ်း</u>

၁။ ရခိုင်ယဉ်ကျေးမှုနှင့်သမိုင်း (မင်းပြားသိန်းခံ)။

၂။ သျှစ်သောင်းပုထိုးတော်ကြီးအကြောင်း သိကောင်းစရာ။

၃။ သက်ရှည်ကျွန်းမာ ကိုးသောင်းပုထိုးတော် (ယန်းချီထူးလှ)။

၄။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး (ဒုတိယတွဲ) (ဦးမောင်မောင်တင်)။

၅။ ရက်ခွဲစဉ်သမိုင်း (ပထမတွဲ)၊ သမိုင်းသုတေသနဦးစီးဌာန။

၆။ ကိုယ်တိုင်သွားရောက်လေ့လာမှု။



www.burmeseclassic

www.burmeseclassic.com

# ပဒုမြား ၈၄၀

၄/၉၉ တဆယထလ ၈၄၄၅

## အာယုသုခဆေးတိုက်




**အခိုးပွင့်၊ ချွေးထုတ်အဖျားဖြတ်ဆေး**
၀၅၁၂ဒိုင်၃၉၅၅

**အကြောပြေဒက်ကြေလိမ်းဆေး**
၁၀၀၂ဒိုင်၄၂၂၄

**ချွဲကျသလိပ်ကျေရင်လူးဆေး**
၀၃၀၅ဒိုင်၅၉၅၃

အမှတ်-၈၄၀၊ မဟာဗန္ဓုလလမ်းနှင့်လမ်းသစ်လမ်းဒေါင့်

လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း၀၁-၂၂၁၉၅၇

DESIGNED BY MG MG HLA MYINT © 2002

www.burmeseclassic


www.burmeseclassic.com

# နမ္မားခရုချောင်းက ထူးခြား ဘိုးလူးမစား ဘူးဘုရား

အောင်သာကျော်

ဝိဇ္ဇာလမ်းလျှောက်လုမ်းရင်း အောက်လမ်းသို့ မြန်းကြွသွားတော်မူသည့် အဘဘိုးမင်းခေါင်သည် သိဒ္ဓိ မပဟိဒ္ဓိဆိုင်ရာ စွမ်းရည်ထူးများဖြင့် အောင်မြေမှန်ရာ နေရာများတွင် သာသနာတော်ပွင့်ထွန်းရေးအတွက် ရည်သန်ကာ စေတီတော်များ တည်ထားခြင်း၊ သာသနာ့နယ်မြေများအဖြစ် အရှည်တည်တံ့နေစေခြင်းတို့အတွက် ကြိုးပမ်းဆောင်ရွက်တော်မူခဲ့သည်။

ထိုသို့ သာသနာ့အောင်မြေများအဖြစ် အထဲင်အရှားဖြစ်တည်လျက်ရှိနေသည့် အောင်မြေ အောင်ဌာနမှန်ရာ နေရာများထဲတွင် ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ နမ္မားခရုချောင်းရွာတွင် တည်ရှိနေသည့် ဘူးဘုရား သာသနာ့နယ်မြေသည်လည်း အောင်မြေမှန်ရာ နေရာတစ်နေရာအဖြစ် ဝိဇ္ဇာ့လမ်းလျှောက်လုမ်းရင်း ကျင့်ကြံပွားများ အားထုတ်နေကြသည့် သူတော်စင်သူမြတ်လောင်း၊ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တို့က လက်ခံယုံကြည်ထားကြသည့် အောင်မြေမှန်ရာ နေရာတစ်နေရာအဖြစ် သိနေကြသည့် ဝိဇ္ဇာလမ်းလျှောက် သူတော်စင်အတော်များများ အဓိဋ္ဌာန်ဝင်လေ့ရှိရာ အစဉ်မြဲလို အဓိဋ္ဌာန်ဝင်သူများ မပြတ်လှအောင် ရှိနေခဲ့သည်။



ကျောင်းတော်အတွင်းက ဘူးဘုရားစေတီ

အဘဘိုးမင်းခေါင်သည် နမ္မားခရုချောင်းရွာသို့ မြန်မာသက္ကရာဇ်(၁၂၈၀)ပြည့်နှစ်တွင် ရောက်ရှိသွားခဲ့ခြင်း ဖြစ်သည်။ နမ္မားဆိုသည်က မြို့လေးတစ်မြို့ဖြစ်ပြီး ခရုချောင်းဆိုသည်က ရွာလေးတစ်ရွာ။ ကပ်လျက်ရှိနေခြင်းကြောင့် နမ္မားခရုချောင်းဟု ခေါ်ဝေါ်ကာ အမည်တွင်နေခဲ့ခြင်းပင် ဖြစ်သည်။ ခရုချောင်းရွာ ကျောင်းအတွင်းတွင် သက်ငယ်မိုးဝါးထရံကာ ဇရပ်တစ်လုံး ရှိနေခဲ့လေရာ ထိုဇရပ်တွင်ပင် နေထိုင်လေ့ရှိသည့် အဘဘိုးမင်းခေါင် ခရီးသွားတော့မည် ဆိုသည်နှင့် ဇရပ်စောင့်၊ စခန်းစောင့်အဖြစ် ပါရမီဖြည့်နေသည့် အသွားမှုံအား ဧည့်လာဇရပ် လူမပြတ်စေနဲ့ဟု မှာထားလေ့ရှိခဲ့သည်။ ခရုချောင်းရွာတွင် နေထိုင်ကြသူများထဲမှ ငါးပါးသီလ မလုံခြုံကြသူများကို ခရုအဆန်ကျွတ်တွေဟု အဘဘိုးမင်းခေါင် ပြောလေ့ရှိသည်။ ငါးဖမ်းတာ ခရုပဲရတယ်ဟုလည်း ပြောလေ့ရှိသည်။ ငါးဖမ်းတာ့ဆိုသည့် အဓိပ္ပာယ်မှာ ငါးပါးသီလသို့တို့ကို ရည်ညွှန်းခြင်းပင်ဖြစ်သည်။ ခရုချောင်း

www.burmeseclassic

www.burmeseclassic.com

သည် သူတော်စင်သူတော်ကောင်းများ သူရဲကောင်းများ ဝင်ထွက်သွားလာရာ နေရာတစ်နေရာ ဖြစ်ခဲ့သည်။

အဘဘိုးမင်းခေါင် နမ္မားခရုချောင်းသို့ ရောက်မလာသေးမီကပင် ထိုဒေသတွင် သိဒ္ဓိ မဟိဒ္ဓိစွမ်းပကား ထက်မြက်ကြသူများဖြစ်ကြသည့် ဘိုးညိန်းနှင့် ဆရာခန့်တို့ နှစ်ဦး ရောက်ရှိနေခဲ့သည်။ သူတို့နှစ်ဦးသည် ဓားပြီး၊ လှံပြီး၊ တုတ်ပြီး ကာယသိဒ္ဓိစွမ်းပကားကို ပိုင်ဆိုင်ထားခဲ့ကြသူများပင်ဖြစ်သည်။ ကာယသိဒ္ဓိ ပြီးမြောက်နေကြသည့် ထိုသိဒ္ဓိရှင်နှစ်ဦးအား နယ်ချဲ့ဗြိတိသျှတို့က ဆုငွေများ ထုတ်ထားရကာ ဖမ်းဆီးရမိရန် အလိုရှိနေသော မြန်မာ့တော်လှန်ရေးသမား အထင်ကရပုဂ္ဂိုလ်များပင်ဖြစ်သည်။

ဘိုးညိန်းနှင့် ဆရာခန့်တို့သည် ဗြိတိသျှတို့၏ ရန်အသွယ်သွယ်ကြားမှပင် ဘူးဘုရားကို တည်ထားခဲ့ကြသည်။ ဘူးဘုရား ထူးခြား ဘီလူးမစားဟူသော အတိတ်နိမိတ်ကို ဆောင်ယူကြကာ တည်ထားခဲ့ကြခြင်းပင်ဖြစ်သည်။ ပုဂံပြည်၏ ခေတ်ဦးတွင် ရန်အောင်မြင်သည့် အထိမ်းအမှတ်အဖြစ် ပျူစောထီး တည်ထားခဲ့သည့် ဧရာဝတီမြစ်ကမ်းနံဘေးက ဘူးဘုရားပုံစံတူ တည်ထားဖြစ်ခဲ့ကြသည်။

ခရုချောင်းရွာနှင့် ခရုချောင်းဘုန်းကြီးကျောင်းကြားတွင် ဖြတ်သန်းတည်ရှိနေသည့် မီးရထားလမ်းအနီး ဉာဏ်တော်အမြင့် ကိုးတောင်ရှိသည့် ဘူးဘုရားကို ဘိုးညိန်းနှင့် ဆရာခန့်တို့ ဦးဆောင်ကာ အမေမုန်းနှင့် အမေမှန်တို့ ပါဝင်တည်ထားခဲ့သည့် စေတီတော်ပင်ဖြစ်သည်။

ဘူးဘုရားတွင် ဘိုးညိန်း ပြောခဲ့သည်က–

"ငါတို့ထက် စွမ်းတဲ့ ဘိုးတော်ကြီး လာလိမ့်မယ်" ဟုပင်ဖြစ်သည်။

ဘိုးညိန်းနှင့် ဆရာခန့်တို့ ခရုချောင်းမှ ထွက်ခွာသွားပြီးနောက်တွင် အဘဘိုးမင်းခေါင် နမ္မားခရုချောင်းဒေသသို့ ရောက်လာခဲ့သည်။ ရောက်လာခါစတွင် မည်သူကမျှ မဟိဒ္ဓိ သိဒ္ဓိအစွမ်း ပြည့်ဝလှသည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ပါဟူသည့် အသိ အထင်တို့ မရှိခဲ့ပေ။

တစ်နေ့တွင် မန္တလေး-မြစ်ကြီးနား ရထားလမ်းပေါ်ရှိ နန်းစီအောင်ဘူတာအနီးတွင် လူစီးရထား၏ ခေါင်းတွဲကြီး သံလမ်းပေါ်မှ ချော်ကျသွားခဲ့သည်။ ရထားစက်ခေါင်း



ကျောင်းတော်ကြီး

မောင်းသူ ဂါတ်မိုလ်နှင့် ခရီးသည်များ စိတ်ပျက်လက်ပျက် ညည်းညူနေကြစဉ်မှာပင် အဘဘိုးမင်းခေါင် ရောက်



ကျောင်းတော်ကြီးအနီးရှိ ကျောက်စာ



www.burmeseclassic

www.burmeseclassic.com



ကျောင်းတော်ကြီးအနီးရှိ အရံစေတီများ



စေတီဖြူများရံထားသည့် ရွှေစေတီ

ရှိလာပြီး ရထားသံလမ်းဘေးရှိ ကုန်းဗေဒါပင်အခက်လေးအား ချိုးယူကာ ချော်ကျနေသော ရထားဘီးများကို အသာအယာပုတ်လိုက်ပြီး-

'ဟဲ့ ကောင်ကြီး၊ တက်··တက်၊ လူတွေဒုက္ခရောက်နေပြီ။ ကိုယ့်လမ်းပေါ် ကိုယ်တက်'ဟု နှုတ်မိန့်ပေးလိုက်သည်နှင့် ရထားစက်ခေါင်းကြီးသည် စကားကို နားလည်သည့်အလား သူ့အလိုအလျောက် သံလမ်းပေါ်သို့ တက်သွားခဲ့သည်။

ထိုမျှသာမက မြစ်အတွင်း ပိတ်ဆို့နေသော ဇရာမသစ်လုံးကြီးကိုလည်း မဟိဒ္ဓိအစွမ်းအားဖြင့် ရှင်းလင်းဖယ်ရှားစေခဲ့သည်သာမက မြစ်အတွင်း သစ်လုံးကြီးအား စီးနင်းကာ များစွာသော လူအပေါင်းရှေ့တွင် မြစ်ကို ဆန်တက်လိုက်၊ ဆန်တက်ရာမှ စုန်ဆင်းလိုက်ဖြင့် အစွမ်းပြသည်။ သစ်လုံးနှင့်အတူ ရေအောက်သို့ ငုပ်လျှိုးပျောက်ကွယ်သွားပြီးမှ ပြန်ပေါ်လာခဲ့သည်။ ထိုသစ်လုံးကြီးကို ရေဆန်သစ်အဖြစ် သတ်မှတ်ကြကာ ဗုဒ္ဓရုပ်ပွားတော်များထုဆစ်ယူကြသည်အထိပင်။

အဘဘိုးမင်းခေါင်သည် ထိုမျှသာမက ကချင်ပြည်နယ် တောနက်ကြီးအတွင်း မဟိဒ္ဓိစွမ်းများ အမျိုးမျိုးထုတ်ပြကာ သာသနာတော် ပွင့်ထွန်းလာရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ငှက်ပျောပင်ပေါ် ငှက်ပျောရွက်ပေါ် အိပ်ပြခြင်း၊ နေပူပြင်းနေချိန်တွင် အိမ်သွပ်မိုးများပေါ် အိပ်ပြခြင်း စသည့်မဟိဒ္ဓိ သိဒ္ဓိစွမ်းပကားများကို ထုတ်ပြခဲ့သည်။

သိဒ္ဓိတန်ခိုးအမျိုးမျိုး ပြနိုင်သည်ကို ဗုဒ္ဓမြတ်စွာကိုယ်တိုင်ပင် ကေဝဋ္ဋသူကြွယ်အား မိန့်ဆိုတော်မူခဲ့သည်။ (၁) ဖန်ဆင်းတန်ခိုး၊ (၂) အတပ်ဟောခြင်းတန်ခိုး၊ (၃) ဆုံးမခြင်းတန်ခိုးဟူ၍ သုံးမျိုးရှိကြောင်းပင်။ ဖန်ဆင်းခြင်းဆိုရာတွင် တစ်ယောက်တည်းမှ ကိုယ်ပွားအများ ဖန်ဆင်းခြင်း၊ အများကြီးက တစ်ယောက်တည်းဖြစ်အောင် ဖန်ဆင်းခြင်း၊ ကိုယ်ပျောက်စေခြင်း၊ နံရံကို ဖောက်ထွင်း၍ရောက်နိုင်ခြင်း၊ မိုးပျံမြေလျှိုးနိုင်ခြင်း၊ ရေပေါ်တွင် လမ်းလျှောက်နိုင်ခြင်း၊ ငှက်ပျောရွက်ပေါ် အိပ်ပြနိုင်ခြင်းစသည်တို့ဖြစ်သည်။

အတပ်ဟောတန်ခိုးတွင် ရှေးဖြစ်နောက်ဖြစ်၊ နောက်ဘဝ၊ ရှေ့ဘဝများသာမကဘဲ စိတ်ထဲတွင် ကြံစည်သည်တို့ကိုပင် သိနိုင်သော စိန္တာမဏိ အတတ်ပညာဖြစ်သည်။



www.burmeseclassic

www.burmeseclassic.com


နဂါးရုံစေတီတော်

ဆုံးမခြင်းတန်ခိုးဆိုသည်မှာ သာသနာတော်အတွင်း လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်များကို ဆုံးမခြင်းဖြစ်သည်။ သည်တရားကိုရှောင် သည်တရားကိုဆောင် စသည်ဖြင့် ဆုံးမခြင်းမျိုးဖြစ်သည်။ ထိုတန်ခိုး သုံးမျိုးတွင် ဆုံးမခြင်းတန်ခိုးသည် သာသနာတော်နှင့် အပ်စပ်သည်။ ဖန်ဆင်းခြင်းနှင့် အတပ်ဟောခြင်းတို့သည် ဂန္ဓာရီဝိဇ္ဇာပညာရပ်များသာဖြစ်သည်ဟု မိန့်တော်မူခဲ့သည်။ ဗြိတိသျှတို့ စိုးမိုးနေစဉ်ကာလတွင် ဂန္ဓာရီဝိဇ္ဇာ ပညာရပ်များ၏ တန်ခိုးအစွမ်းများ ထုတ်ဖော်ပြသကာ အမျိုး၊ ဘာသာ၊ သာသနာအတွက် စည်းရုံးခဲ့ကြသည်။

အဘဘိုးမင်းခေါင် နမ္မားခရချောင်းသို့ ရောက်သည်တွင် ဘူးဘုရားစေတီငယ်သည် ကုန်းမြင့်လေးပေါ်တွင် ထီးတည်းမားမား ရှိနေခဲ့သည်။ အဘဘိုးမင်းခေါင်သည် အောင်မြေမှန်ရာ ဘူးဘုရားစေတီလေးဝယ် ကျင့်စရဏစွမ်းပကားများ ဖြည့်ကျင့်ရင်း ဘူးဘုရားသာသနာ့နယ်မြေ ဝေစည်ပွင့်ထွန်းစေအောင် ဆောင်ရွက်နေခဲ့သည်။ ပုပ္ပားတောင်ကလပ် တောင်တော်မြတ်ဆီ ပြန်လည်မထွက်ခွာမချင်း အောင်မြေမှန်ရာ ဘူးဘုရားစေတီဝန်းကျင်မှာပင် နေထိုင်ခဲ့သည်။

လွန်ခဲ့သည့် အနှစ်နှစ်ဆယ်သာသာခန့်က ဘူးဘုရားစေတီတော်မှ ရောင်ခြည်တော်များ ကွန့်မြူးခဲ့သည်ဟု သိရသည်။ စာရေးသူ ဌာနဆိုင်ရာတာဝန်ဖြင့် မြစ်ကြီးနားသို့ သွားရောက်ခဲ့စဉ်က ဘူးဘုရားသို့ ပထမဆုံးအကြိမ်အဖြစ် ရောက်ရှိခဲ့ရာ ထိုစဉ်က စေတီတော်ငယ်နှင့် တံခွန်တိုင် တစ်တိုင်သာ ရှိနေသည်ကို တွေ့ရသည်။ ယခု (၂၀၁၇)ခုနှစ် နွေဦးရာသီပိုင်းတွင် ထပ်မံရောက်ဖြစ်ရာ အဘဘိုးမင်းခေါင် အောင်ဓာတ်ကိန်းရာ ဘူးဘုရားစေတီ တည်နေရာသည် လွန်စွာဖွံ့ဖြိုးဝေစည်လျက် ရှိနေပြီကို မြင်တွေ့လိုက်ရသည်။ စေတီတော်သည် ကျောင်းတော်ကြီးအတွင်း တည်ရှိနေပြီဖြစ်သည်။ ကျောင်းတော်ကြီးမှာ နတ်ဘုံနတ်နန်းလေလား ထင်မှတ်မှားရလောက်အောင် ခံ့ညားထည်ဝါလွန်းလှသည်။ ဘူးဘုရားစေတီတည်ရာ ကျောင်းတော်ကြီးဝန်းကျင်ဝယ် ကျယ်ပြန့်လှသည့် သာသနာ့နယ်မြေ အဝန်းအဝိုင်းကြီးထဲဝယ် တံခွန်တိုင်များ၊ အရံစေတီတော်များ၊ နဂါးရုံဆင်းတုတော်တို့အပြင် ကမ္ပည်းကျောက်စာများဖြင့် ပွင့်ထွန်းဝေစည်လျက်ရှိနေပြီပင်ဖြစ်သည်။

ကျောင်းတော်ကြီးဆီသို့ အရံစေတီတော်တို့ပုံစံသည်


စေတီရံများအနီးက ကျောက်စာ




www.burmeseclassic

www.burmeseclassic.com



ကျောင်းတော်ကြီး ဘေးဘက်မြင်ကွင်း

ထူးခြားလှသည်။ ရွှေစေတီတော်အနီးဝယ် စေတီငယ် အဖြူများရံကာ ကျောက်တိုင်သဖွယ် တည်ရှိနေသည့် ဖြူဖြူဖွေးဖွေး ကျောက်တိုင်ထက်ဝယ် စေတီရံငယ်များနှင့် အတူ ရွှေစေတီတော် ထပ်ဆင့်တည်ထားသည်ကို ဖူးတွေ့ ရသည်။ ထိုစေတီတော် နှစ်ဆူအကြားနှင့် ကျောင်းတော် ကြီးအတွင်းရှိ ဘုရားဘုရားစေတီတော်တို့ထံပါးတွင် ဝိဇ္ဇာ လမ်းလျှောက် သူတော်စင်သူမြတ်လောင်း၊ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့ အခိဋ္ဌာန်ဝင်လေ့ရှိသည်ဟု သိရသည်။ အောင်မြေမှန်ရာဖြစ်သည့် ဘုရားဘုရားတည်နေတော်မူရာ ကျောင်းတော်ကြီးနှင့် မလှမ်းမကမ်းတွင် ခံ့ထည်လှသည့် တံခွန်တိုင်ကြီးတစ်ခုရှိသည်။



အောင်မြေရှိ တံခွန်တိုင်

ကျောက်စာများမှာ လျှဒါန်းသမှုပြုခဲ့သူများ၊ ကမ္ဗည်း ကျောက်စာ၊ ဩဝါဒပါတိမောက်ကျောက်စာတို့ပင် ဖြစ် သည်။ နဂါးရုံဆင်းတုတော်ထံပါး လာရောက်အဓိဋ္ဌာန် တင်ကာ ဆုတောင်းကြသူများကလည်း များပြားလှသည်။ လာဘ်ပွင့်ကံပွင့် ကောင်းလွန်းလှသည်ဟု ယုံယုံကြည် ကြည် ဆုတောင်းသမှုပြုနေကြသူများထံမှ ကြားခဲ့ရသည်။

ကျောင်းတော်ကြီးအတွင်းတွင်ကား အေးချမ်းဆိတ် ငြိမ်နေမှုက လွှမ်းခြုံထားလျက်သား ရှိနေသည်။ စေတီ တော်မြတ်အား ဦးချဖူးမြော်နေရာက စိတ်ထဲမှ ဆုတောင်း ရင်း အဓိဋ္ဌာန်တစ်ရပ် တင်ဖြစ်လိုက်ရာ ကျောင်းတော် ကြီး၏ တနင်္ဂနွေထောင့်ဆီမှ အိမ်မြှောင်စုတ်ထိုးသံ ထွက် ပေါ်လာသည်။ ကြက်သီးများ ထမိစဉ်မှာပင် ဘုရားဘုရား အား မော့ဖူးမိသည်။ ဘုရားစေတီလုံးပတ်ဝယ် သူတော် စင်ပုဂ္ဂိုလ်တစ်ဦး ဖြတ်သန်းသွားသည့် ပုံရိပ်တစ်ခုကို ပြက်ပြက်ထင်ထင် မြင်မိရသည်။ ခဏတာအတွင်း ပျောက်ကွယ်သွားပြီး ဘုရားစေတီတော်၏ ရွှေရောင်လင်း လက်မှုက အကာအကွယ်ပြုသွားခဲ့သည်။

အဘဘိုးမင်းခေါင်သည် ဗြိတိသျှတို့ လက်ထက်ဝယ် ဉာဏ်မွှားဘုရားဘုရား သာသနာ့နယ်မြေဝယ် ပုပ္ပားတောင် ကလပ်ဌာနေသို့ မပြန်သေးမီကာလများအတွင်း ကျင့် စရဏကျင့်ကြံခဲ့သည့် အောင်မြေအောင်ဌာန မှန်ရာနေရာ တစ်နေရာပင်ဖြစ်ပါသည်။ ပွင့်ထွန်းဝေစည်နေပြီဖြစ်သည့် ဘုရားဘုရားအောင်မြေသို့ တစ်ခါတစ်ခေါက် အရောက်သွား သင့်ကြပါသည်။

**အောင်သာကျော်**

(ဓာတ်ပုံရိုက်ပေးသော ရိရိမိုးစက်အား ကျေးဇူးတင် ပါသည်။)

www.burmeseclassic

www.burmeseclassic.com

ကိန္နရီ အမှတ်တံဆိပ် ကန္တရဝတီဆေးတိုက်

# ကြက်လည်ဆံ ဆီးဆေး

Vitex-Penduncularis




**သုံးစွဲနိုင်သောရောဂါများ**

ဆီးချို၊ ဆီးကျောက်တည်
ဆီး(နီ၊ဝါ၊လွန်၊နည်း၊များ) ခြင်း၊
ဆီးမထိန်းနိုင်ခြင်း၊ဆီး(ကျဉ်၊အောင့်)
ဆီးပူညောင်းကျ၊ ဆီးကြောင့်မျက်စိ
မှုန်ပြာဝေခြင်း၊ သွေးတိုး၊ဇက်ကြောတက်၊
အသည်းရောင်အသားဝါ
ရောဂါများအတွက် သက်သာစေပါသည်။

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 007860 (1114)

**Diseases to be applied**

Diabetes,urine-stone, urine (red, yellow, excess,minimization, miximization),uncontrollabe urine, urine (tingling, cramping), heating,dimming eyes due to urine, hypertension, nape pain, hepatitis can be relieved.

TMR 007860 (1114)

Source-741, Dana Theikdi street,
Ward 8, Mayangone Township,
Yangon, Myanmar,
Ph: 095140389/09420007085

ပင်ရင်း–ကိန္နရီ အမှတ်တံဆိပ်၊ ကန္တရဝတီဆေးတိုက်၊ အမှတ်–၇၄၁၊ ဓနသိဒ္ဓိလမ်း
(၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၁ ၄၀၃၈၉ ၊ ၀၉ ၄၂၀ ၀၀၇ ၀၈၅



www.burmeseclassic

www.burmeseclassic.com


မိန်းမရဲတောင်ဝေါမြင်ကွင်း၊


မိန်းမရဲတောင်ပေါ် အနောက်ဘက်မြင်ကွင်း၊

မြမဥ္ဇူဝေ(ကျုံမငေး)

## မနုလူမျိုးတို့နေ ရှာငံမြေရှိ သစ္စာကိုဂုဏ်ဆောင်

# မိန်းမရဲသခင်မတောင်သို့

ရှမ်းပြည်နယ်သို့သွားသော ခရီးစဉ်များတွင် တောင်ပိုင်းခရီးစဉ်ကို အသွားများကြပါသည်။ ရှမ်းပြည်နယ်တောင်ပိုင်း၏မြို့တော် တောင်ကြီးမြို့ကို ဦးတည်၍ သွားနေကြသည်။ ဝေါင်ကြီး၊ ကလော၊ အင်းလေးနှင့် ပင်းတယဆိုသော ခရီးစဉ်ကို ဘုရားဖူးအပန်းဖြေခရီးစဉ်အဖြစ် သွားကြပါသည်။ ထိုဒေသများတွင် ဒေသခံအိမ်ရှင်နှင့် ဧည့်သည်ခရီးသွားများ တွေ့ကြုံဆုံကြ၊ ဒေသထွက်ကုန်ပစ္စည်းများ ရောင်းကြဝယ်ကြနှင့် အလွန်စည်ကားနေပြီဖြစ်ပါသည်။ ဤသို့ဖြင့် ရှမ်းကုန်းပြင်မြင့်ဒေသသည် အလှအပများ ခြယ်သထားသည့်ပမာ လှလှပပနှင့် နေချင်စဖွယ် ဖြစ်နေခဲ့ပါပြီ။

မြန်မာပြည်၏ ပြည်နယ်နှင့်တိုင်းများထဲ၌ ရှမ်းပြည်နယ်သည် အကျယ်ဝန်းဆုံးဖြစ်ပြီး တောင်ပိုင်း၊ မြောက်ပိုင်းနှင့် အရှေ့ပိုင်းဟု သုံးပိုင်းခွဲထားပါသည်။ တောင်ပိုင်းတွင် အင်းလေးဖောင်တော်ဦးဘုရား ဂုဏ်သတင်းကြီးသလို မြောက်ပိုင်းတွင် သီပေါ ဘော်ကြိုဘုရား နာမည်ကြီးပါသည်။ သို့သော် ခရီးသွားလာသူ နည်းပါးသောကြောင့် ဒေသခံနှင့် ခရီးသွား ခပ်စိမ်းစိမ်းဟု ဆိုရပါမည်။

စာရေးသူအနေဖြင့် ရှမ်းပြည်နယ်တောင်ပိုင်း ခရီးစဉ်ကို အခါခါသွားဖူးခဲ့ပြီးဖြစ်သော်လည်း သွားရန်ကျန်နေသောဒေသများ၊ ဘုရားဖူးရန် ဘုရားစေတီများ ရှိနေပါသေးသည်။ သို့သော် အခွင့်အခါသင့်လျှင် ဖူးရမည်ဟုလည်း တွေးတောထားလိုက်ရပါသည်။

ယခုနှစ် ဆောင်းဝင်စအချိန် နှိုဝင်ဘာလလယ်တွင် ရှမ်းပြည်နယ်၊ ကလောမြို့သို့ ရောက်ခဲ့ရပါသည်။ ခရီးဖော် မိတ်ဆွေများ၏ လမ်းညွှန်မှုဖြင့် ကလောမြို့နှင့် မပေးလှ



www.burmeseclassic

www.burmeseclassic.com


မိန်းမရဲသခင်မတောင်ထိပ်ရှိ ဓာတ်ပေါင်းစုစေတီနှစ်ဆူ

သော ရှာင်ဒေသသို့ သွားကြရန်နှင့် ထိုဒေသရှိ ထူးခြားသည့် ရေပြာအိုင်နှင့် မိန်းမရဲတောင်သို့ သွားကြရန် အစီအစဉ်ဆွဲကာ ခရီးရောက်သည့် နောက်တစ်နေ့တွင် ရေပြာအိုင်သို့သွားပြီးမှ မိန်းမရဲတောင်သို့ ဦးတည်သွားခဲ့ပါသည်။

လမ်းခရီး၏ စိမ်းစိုသာမော သစ်ပင်ကြီးငယ်များနှင့် တောင်ပေါ်လေနုနုအေးအေး တိုက်ခတ်မှုကို ခံစားရင်း အောင့်ပန်း-ရှာင်-ရေဦး ကားလမ်းမှ မိန်းမရဲတောင်တန်းကို လှမ်းမြင်နေရပါသည်။ တောင်စွယ်တောင်ချွန်းများ၏ နံရံတွင် ရုပ်ပွားဆင်းတုများ၊ စေတီများနှင့် တည်ရှိနေသော မိန်းမရဲတောင်ခြေစခန်းသို့ ရောက်ခဲ့ပြီဖြစ်သည်။

မြင်ကွင်းအရ အလွန်ကြည်ညိုဖွယ် ကောင်းလှပါသည်။ နားနေရန် အဆောက်အအုံများ မရှိသေးသော်လည်း ဩနယ်မြေကို မွမ်းမံပြုပြင်တိုးချဲ့နေသော ဒေသခံများ၊ အလုပ်စခန်းဝင် အဆောက်အအုံများနှင့် အလှူခံဌာန ဇရပ်တစ်ဆောင် ရှိနေသောကြောင့် စာရေးသူလည်း ထိုဇရပ်တွင် ခဏထိုင်ကာ မိန်းမရဲတောင်ကို လှမ်းမျှော်ကြည့်ရင်း ရှာင်မြို့အကြောင်း တွေးလိုက်မိပါသည်။

ရှာင်ကို ပုဂံခေတ် နရပတိစည်သူမင်း လက်ထက်တွင် စတင်တည်ထောင်ခဲ့သည်ဟု စာပေများတွင် မှတ်သားဖူးပါသည်။ ရှာင်သည် ရပ်ငံ့မှ ဆင်းသက်လာသည်ဟုလည်း ဆိုပါသည်။ အလောင်းစည်သူမင်း တိုင်းခန်းလှည့်လည်ရင်း ထိုအရပ်သို့ရောက်စဉ် ရပ်ငံ့ကာ မြောက်ဘက်အရပ်ရှိ ရွှေပွင့်လင်းဘုရားကို တည်ခဲ့၏။ ကာလရွေ့လျောလာသောအခါ ရပ်ငံ့မှ ရှာင်ဖြစ်သွား၏။ ထိုအချိန်အခါက ငွေခွန်မှူးများ အုပ်ချုပ်သော အရပ်လည်း ဖြစ်၏။

မြန်မာမင်းများနှင့် ဆက်နွယ်ခဲ့သော ရှမ်းလူမျိုးများ နေထိုင်ရာယနေ့ ရှာင်အပါအဝင် ရှမ်းမြို့ရွာများသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသလည်း ဖြစ်နေပါသည်။ နေထိုင်ကြသူ လူမျိုးစုများမှာ ရှမ်းမျိုးနွယ် ဓနုလူမျိုးများဖြစ်၍ ရှာင်ကို ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဟု ခေါ်ပါသည်။

အတွေးဖြတ်ကာ မိန်းမရဲတောင်တည် သမိုင်းမှတ်တမ်းကို သိလို၍ ဥပါသကာကြီးထံ မေးမြန်းသောအခါ သမိုင်းမှတ်တမ်း ပြုစုထားခြင်း မရှိသေးကြောင်းဆိုပြီး သိသမျှ ပြောပြပါသည်။ မိန်းမရဲတောင်ဟု ဆိုသောကြောင့် မိန်းကလေးတစ်ဦးကို အကြောင်းပြု၍ ခေါ်ခြင်းဖြစ်မည်ဟု ကြိုတင်တွေးထားပြီး


မိန်းမရဲသခင်မတောင်၏ သာယာဖွယ်မြင်ကွင်း




www.burmeseclassic

www.burmeseclassic.com



မိန်းမရဲသခင်မတောင်မှ ဝိဇ္ဇာတောင်သို့



မိန်းမရဲသခင်မတောင်မှ ဝိဇ္ဇာတောင်သို့အဆင်း၊

ဥပါသကာကြီး ပြောကြားမှုကို မှတ်သားခဲ့ရပါသည်။

မိန်းမရဲတောင်ဝန်းကျင်အား တွေ့ရှိဖွင့်ဖော်သူမှာ ယောက်ကော်အဖေကြီးဖြစ်ပြီး သမီးတော် ယောက်ကော်ဆရာလေးကလည်း နယ်မြေအတွင်း သာသနာပွင့်လင်းတည်တံ့စေရန် ဆောင်ရွက်ခဲ့၏။ ရှေးယခင်အခါက ဝိဇ္ဇာများ၊ ကျင့်စဉ်စခန်းဝင်ကြသူ တောမှီသူတော်စင်များအကျင့်စခန်းလည်းဖြစ်ခဲ့ပြီး စဉ်ဆက်မပြတ် အဓိဋ္ဌာန်ပြုသူများပါ ရှိခဲ့လေသည်။

ဤနယ်မြေတွင် သာသနာတည် ပွင့်လင်းလာစေရန် ယောက်ကော်အဖေကြီးက အိပ်မက်အရ ရှာဖွေဖော်ခဲ့ခြင်းဖြစ်လေသည်။ အတိတ်သမိုင်းကြောင်းတွင် အိပ်မက်ပေးသူ အမျိုးသမီးက အမိကကျ၏။ သူ့ဘဝဖြစ်စဉ်နှင့် နယ်မြေသဘာဝကို ပြောခဲ့သည်မှာ ထိုအခါက ဤအရပ်သည် မင်းတို့စုပေါင်းကာ သာသနာပြုရန် တိုင်ပင်သောအရပ်ဖြစ်ခဲ့၍ မင်းတိုင်ပင်အရပ်ဟု အမည်ရှိခဲ့ရာမှ မင်းတိုင်ပင်ရွာအဖြစ်တည်ကာ လူသူအများပါ နေထိုင်ခဲ့ကြ၏။ သို့သော် တောင်ကုန်းတောင်ချိုင့် ကျောက်သားများအရပ်ဖြစ်၍ စားဝတ်နေရေးအတွက် စိုက်ပျိုးသီးနှံစိုက်ကြရန် မလွယ်ကူသဖြင့် ရေကြည်ရာ မြက်နုရာဆိုသလို ပြောင်းရွှေ့သွားကြသဖြင့် ရွာကြီးလည်း ကွယ်ခဲ့ရ၏။

တိတ်ဆိတ်သော လူသူကင်းသောအရပ်သို့ ဘဝအတန်းအစားမညီသော ချစ်သူနှစ်ဦးသာ လာလေ့ရှိ၏။ မိန်းကလေးနှင့် လုလင်ပျိုသည် နှစ်ဖက်မိဘ စိတ်မတူညီမှုကြောင့် ပေါင်းဖက်ရန်အခြေမရှိ၍ သူတို့နှစ်ဦးတွေ့ဆုံရာ ဤကျောက်တောင်စွယ်မှ ရေပြင်ကျယ်သို့ ခုန်ချရန် အဓိဋ္ဌာန်ပြုခဲ့ပြီး လုလင်မှာ သတ္တိနည်းနေ၏။ သို့သော် မိန်းကလေးက သတ္တိရှိသူအဖြစ် သက်သေပြနိုင်သည်မှာ ရေပြင်ကျယ် ရေဝဲအတွင်း ခုန်ချသေဆုံးသွားခဲ့၏။

နောက်ပိုင်းကာလ ဤနေရာသို့ အဓိဋ္ဌာန်ဖြင့် ရောက်နေသူများ၏ ဆိုစကားအရ ရေဝဲအတွင်း မိန်းကလေးအလောင်းတွေ့ကြောင်း စာဆိုလည်းရှိခဲ့ပြီး နှစ်ကာလကြာလာသည်နှင့် ထိုရေပြင်ကျယ်လည်း ကွယ်ခဲ့လေသည်။ အရပ်စကားဖြင့်လည်း ဤနေရာကို မိန်းမရဲတောင်ဟု ခေါ်ခဲ့ကြပြီး ခရစ်နှစ်(၂၀၀၃)ခုနှစ်အခါမှ



www.burmeseclassic

www.burmeseclassic.com



မိန်းမရဲတောင် အရှေ့ဘက်တောင်ထိပ်ရှိ ဆုတောင်းပြည့်စေတီ



မိန်းမရဲသခင်မတောင်ထွတ်ရှိ ထိုင်တော်မူရုပ်ပွားတော်နှင့် ဘေးလေးဘေးပြပုံ

ယောက်ကော်အဖေကြီး အိပ်မက်ဖြင့် သာသနာ့နယ်မြေဖြစ်ရန် အကြောင်းပေါ်လာခဲ့ခြင်းမှစခဲ့သော တောင်တော်ဖြစ်လာပါသည်။

မိန်းမရဲတောင်တည်ရှိရာအရပ်သည် မန္တလေးတိုင်းဒေသကြီး၊ ကလောမြို့နယ်၊ ရွာင်မြို့၊ မြင်းကျထိုးအုပ်စု၊ မင်းတိုင်ပင်ရွာ အဝင်တွင် ဖြစ်ပါသည်။ သာသနာ၏ အထွတ်အမြတ် ဘုရား၊ စေတီများစွာနှင့် ရွှေစင်ရွှေသား ဝင်းဝင်းဝါဝါ သာသနာ့အမွေအနှစ်များကို ယခုကဲ့သို့ တွေ့မြင်ဖူးမြော်ရသည်မှာ အလွန်ထူးခြားပါသည်။ နယ်မြေကလည်း ထူးပါသည်။ တိုင်းရင်းသား ဓနုလူမျိုးစုများ၏ စေတနာ၊ သဒ္ဓါဖြူစင်မှုဖြင့် အဝန်းအဝိုင်းငယ်မှ ကြီးမားလာသည်အထိ တွေ့မြင်ရ၍လည်း ဝမ်းသာပီတိဖြစ်ခဲ့ရပါသည်။

ယောက်ကော်အဖေကြီး မျိုးဆက်များနှင့် အဓိဋ္ဌာန်ဝင် သူတော်စင်များတွင် အချို့သော ပုဂ္ဂိုလ်များသည် ထူးခြားသည့်အသွင်တွေ့ရကြောင်း မည်သည့်အခါတွင်ရောက်နေပြီး မည်သည့်အခါ အဘယ်အရပ်သို့ ထွက်ခွာမှန်းမသိ ပျောက်သွားလေ့ရှိသူတစ်ဦးကို ယနေ့ ဒေသ



မိန်းမရဲသခင်မတောင်ရှိ ဘုရားကမ္ဘာမှ ဗုဒ္ဓရုပ်ပွား ငါးဆူနှင့် တရေးသွားတို့အဖွဲ့ အမှတ်တရ



www.burmeseclassic

www.burmeseclassic.com

နေများက တစ်ချိန်သောအခါက မိန်းမရဲလေး၏ ချစ်သူ ယောင်းဖြစ်နိုင်သည်ဟုလည်း အဆွဲရှိနေကြပါသည်။

ယောက်ကော်အဖေကြီး၏ စကားအရလည်း ထို အချိန်က ကျန်ရစ်ခဲ့သူ လုလင်လေးသည် ချစ်သူမိန်း ကလေး အသက်စွန့်သွားခဲ့သည်ကို ယူကျုံးမရဖြစ်ကာ မိမိမှာ သူ့ကဲ့သို့ အသက်မစွန့်ဝံ့သည်ကို နောင်တရပြီး သူတို့နှစ်ဦး အမိဌာန်ထားရာ ဤနေရာ၌ပင် အကျင့်စခန်း ဝင် သူတော်စင်အဖြစ် နေထိုင်သွားသည်ဆိုသော စကား နှင့်အညီ ဒေသခံများ မှတ်သားခဲ့ခြင်း ဖြစ်ပေသည်။

◆ ◆ ◆

ယနေ့ ရှမ်းပြည်နယ်အတွင်း ကျေးရွာချင်းဆက်၊ မြို့ချင်းဆက် လမ်းများ၊ တံတားများလည်း ကောင်းမွန် ခြင်း၊ ဒေသတွင်းအခြေအနေများ အေးချမ်းသာယာခြင်း များကို အကြောင်းပြု၍ ခရီးလမ်းများတွင် ဤကဲ့သို့ သူတော်စင် စေတနာရှင်များ၊ ဒေသခံများ၏ စောင့်ရှောက် မှုအားဖြင့် တည်ရှိနေသော ဘုရား၊ စေတီ၊ လိုဏ်ဂူများ တွင် ဘုရားဖူး အပန်းဖြေ အနားယူကြသူများ စည်ကား



မိန်းမရဲသခင်မတောင်သို့ လမ်းညွှန်တွင် စာရေးသူ အမှတ်တရ


မိန်းမရဲသခင်မတောင် အရှေ့ဘက် အတက်လမ်းနှင့် အဘအောင်မင်းခေါင်၏ ကမ္ဘာအေးဆုတောင်းပြည့်

နေပါသည်။

ရှာင်မြို့နယ်အတွင်း၌လည်း ရှေးဟောင်းလူမျိုးစုများ နေထိုင်ခဲ့ရာ ပြဒါးလင်းဂူများ၊ ကျောက်ဂူကြီးများနှင့်အတူ ယနေ့ မိန်းမရဲတောင်သည်လည်း အမည်ဆန်းသော သာ သနိကမြေအဖြစ် ထိုထက်မက ပို၍ပိုကာ သာသနာ့အမွေ ခံများနှင့် စည်ကားလာမှာ သေချာနေပါသည်။ သွားလာ ရေးခရီးလမ်းလည်း သင့်ပါသည်။ ဒေသအတွင်း မှီတင်း နေထိုင်သူများလည်း များစွာရှိနေပြီး ဒေသထွက်ကုန် သီးနှံမျိုးစုံကို ဝယ်ယူရင်း တစ်ခါတစ်ခေါက် ရောက်စေ ချင်သောကြောင့် ရောက်ခဲ့ရသည့် တစ်ခဏမြင်ကွင်းကို လေ့လာမိသမျှ ရေးသားဖော်ပြအပ်ပါသည်။

ခိုင်မာသော သမိုင်းမှတ်တမ်းများလည်း ရှိခဲ့ပြီး၍ မှတ်တမ်းပြုစုထားသော စာစောင်၊ စာအုပ်များဖြင့် မိမိ ဒေသရှိ ထူးခြားမှုများကို မှတ်တမ်းပြု ဖော်ထုတ်ကြပါဟု ဒေသခံနေတိုင်းရင်းသား ဆွေသားရင်းချာများကို စကား လက်ဆောင်ပါးအပ်ပါသည်။

မြမဥ္ဇူဝေ(ကျုံ[illegible])



www.burmeseclassic

www.burmeseclassic.com



# မြတ်ပန်းပွင့်

## ကလေးအာဟာရအားဆေး

ကလေးများ အားအင်ပြည့်ဖြိုး၍ စိတ်ရွှင်လန်းစေခြင်း
အစာစားချင်စိတ်ကို ဖြစ်ပေါ်စေ၍ အစာကြေလွယ်ခြင်း
နစ်မြိုက်စွာအိပ်ပျော်စေ၍ ဖွံ့ဖြိုးကြီးထွားမှုကိုဖြစ်စေခြင်း
ဖျတ်လတ်တက်ကြွ၍ ထူးချွန်ထက်မြက်စေခြင်း

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
၁၀၀၆YR၀၄၇၇၂



# မြတ်ပန်းပွင့်

## သွေးတိုး၊ နှလုံးသွေးကြောကျဉ်းသောက်ဆေး

သွေးတိုး၊ နှလုံးသွေးကြောကျဉ်းခြင်း၊ အသဲအဆီဖုံးခြင်း၊
ရင်ဘတ်-ကျောတင်းခြင်း၊ အောင့်ခြင်း၊ အဝလွန်ခြင်း၊
ခေါင်းအုံ့/လေးခြင်း၊ မျက်နှာအမ်းခြင်း၊ ဆီးချို-သွေးချိုဖြစ်ခြင်း၊
မီးယပ်ထိန်ငုပ်ခြင်း၊ မူးမော်ခြင်းများအတွက် အထူးကောင်းမွန်သော
ဆေးစွမ်းကောင်းတစ်လက်ဖြစ်ပါသည်။

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
၁၀၀၆YR၀၄၇၇၁





# စော်ဘွား

## အကြောပြေလိမ်းဆေး

အဆစ်အမြစ်ရောင်ခြင်း၊ လေးဘက်နာရောဂါ၊ ခါးနာ၊
အကြောတင်၊ အကြောလွဲခြင်း၊ ပခုံးကပ်၊ ဂက်ကြောတက်၊
မူးဝေခြင်း၊ ကြွက်ဘက်ခြင်း၊ ချောင်းဆိုးရင်ကြပ် သလိပ်ကပ်ခြင်း
စသည့်ဝေဒနာများ ခံစားနေရပါက မိမိလိမ်းလိုသောနေရာတွင်
ဤဆေးကို အသားထဲသို့ စိမ့်ဝင်သွားအောင် နာနာပွတ်လိမ်းပါက
အချိန်အနည်းငယ်အတွင်း သက်သာပျောက်ကင်းစေပါသည်။

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
၀၉၀၅Y၆၃၉၄

မြတ်ပန်းပွင့်ဆေးတိုက်၊ အမှတ် (၈၃)၊ ၄၀ လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - (၀၁) ၂၂၇၃၆၈၀



www.burmeseclassic

www.burmeseclassic.com

# လှူ၊ နတ် နှစ်လီ တစ်ရစ်စီ
# စေတီရွှေနတ်တောင်

မောင်မြေသင်း(ကသာ)

ရွှေနတ်တောင်စေတီတော်မြတ်ကြီးသည် ပဲခူးတိုင်းဒေသကြီး(အနောက်)၊ ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်၊ မယားမာန်ကျေးရွာအုပ်စု၊ ရွှေတောင်မြို့မှ (၄)မိုင်အကွာ ကျိုးသဲညောင်စာရေးသွား ကားလမ်းဆုံရှိ ရေမျက်နှာပြင်အထက် (၂၁၄)ပေအမြင့်ရှိ ဒေဝါဂီရိတောင်ထိပ်ပေါ်၌ ရွှေရောင်တဝင်းဝင်းဖြင့် တင့်တယ်သပ္ပာယ်စွာ ကိန်းဝပ်စံပယ်တော်မူလျက် အလွန်ကြည်ညိုဖွယ် ကောင်းလှပါသည်။ ရွှေတောင်မြို့သည် ဗုဒ္ဓသာသနာ ရောင်ဝါထွန်းလင်းသော မြို့လေးတစ်မြို့ဟု ဆိုရပေမည်။ ရွှေတောင်မြို့နှင့်တွဲလျက် ရွှေပြောင်ပြောင်ဘုရား၊ ရွှေမျက်မှန်ဘုရား၊ လောကမုနိကြေးသွန်းရုပ်ပွားဆင်းတုတော်ကြီး၊ ရဟန္တာ (၈၀)နှင့်အတူ ရွှေနတ်တောင်စေတီတော်တို့သည်လည်း သမိုင်းဝင်ရှေးဟောင်းဘုရားပါဝင်ပြီး အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ ရှင်၊ လူပြည်သူခပင်း လာရောက်ဖူးမြော်ကြည်ညိုကြသည်မှာ နေ့စဉ်နှင့်အမျှ စည်ကားလျက် ရှိပါသည်။

ရွှေတောင်မြို့သည် ဗုဒ္ဓသာသနာ ရောင်ဝါထွန်းလင်းသည်သာမကဘဲ မျိုးချစ်ပုဂ္ဂိုလ်ကျော် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ဇာတိမြေလည်းဖြစ်သည်။ ရွှေတောင်မြို့၏တောင်ဘက် (၂)မိုင်ခန့်ရှိ ဝါးလည်ရွာတွင် ဆရာကြီးသခင်ကိုယ်တော်မှိုင်းကို အဖ ဦးစံထွန်း၊ အမိ ဒေါ်အုံးတို့မှ သက္ကရာဇ်(၁၂၃၇)ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၄)ရက်၊ ကြာသပတေးနေ့တွင် မွေးဖွားခဲ့ပါသည်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် ငြိမ်းချမ်းရေးစတာလင်ဆုကို (၁၉၅၅)ခုနှစ်တွင် ဆုချီးမြှင့်ခြင်းခံရပြီး ထိုငြိမ်းချမ်းရေးစတာလင်ဆုမှ ရရှိသည့် ဆုငွေအချို့ကို ရွှေနတ်တောင်စေတီတော်နှင့် ဘာသာရေးဆိုင်ရာများ၊ လူ့အိုရုံ၊ လူမှုရေးအသင်းများသို့ လှူဒါန်းခဲ့ကြောင်းနှင့် ရွှေနတ်တောင်ဘုရား၌ ဥပုသ်ရက်ရှည် ဆောက်တည်ရင်း ထိုဘုရားသမိုင်းကို ရေးသားခဲ့ဖူးကြောင်း မှတ်တမ်းများအရ သိရှိရပါသည်။ ဝါးလည်ရွာ၏ အနောက်တောင်စွန်းတွင် ကိန်းဝပ်စံပယ်တော်မူသော ရွှေနတ်တောင်ဘုရားအား ဝါးလည်ရွာမှကြည့်လျှင် ကောင်းစွာမြင်နိုင်ပါသည်။

**လှူ၊ နတ်နှစ်လီ တစ်ရစ်စီ**
**စေတီရွှေနတ်တောင်သမိုင်းအကျဉ်း**

ပဲခူးတိုင်း(အနောက်ပိုင်း)၊ ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်အတွင်းရှိ မယားမာန်ကျေးရွာ ဒေဝါဂီရိတောင်ထိပ်ပေါ်၌ ရွှေရောင်တဝင်းဝင်း ကိန်းဝပ်စံပယ်တော်မူသော ရွှေနတ်တောင်စေတီတော်ကြီးသည် ရှေးဟောင်းသမိုင်းဝင် စေတီတော်ကြီးတစ်ဆူ ဖြစ်၏။

မဟာသက္ကရာဇ်(၁၀၃)ခုနှစ်တွင် သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်တော်မူပြီးနောက် ဒုတိယဝါဆိုကို ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ ဝါဆိုတော်မူ၏။ မြတ်စွာဘုရားသည် ရွှေဉာဏ်တော်ကွန်ရက်ကို ဖြန့်ကြက်တော်မူသည့်အခါ ကဥ္စနာဂီရိနိဂုံးကြီးနှင့် ဒေဝါဂီရိတောင်ရှိ ဆွေတော်မျိုးတော်



ရွှေနတ်တောင်စေတီ အဝင်မုခ်ဦး



www.burmeseclassic

www.burmeseclassic.com

တို့နှင့်တကွ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့ ချမ်းသာသုခရကြလိမ့်မည်ကိုလည်းကောင်း၊ ဗုဒ္ဓသာသနာ အဓွန့်ရှည်တည်တံ့မည်ကိုလည်းကောင်း မြင်တော်မူသဖြင့် မြတ်စွာဘုရားသည် နောက်လိုက်သံဃာ မပါဘဲ တစ်ပါးတည်း ဒေဝါဂီရိတောင်သို့ မဟာသက္ကရာဇ်(၁၀၄)ခုနှစ်၊ ဘီစီ(၅၈၇)တွင် ကြွတော်မူလေသည်။

ထိုအချိန်က မြန်မာနိုင်ငံ၌ ဗုဒ္ဓဘာသာ ကျယ်ပြန့်စွာ မထွန်းကားသေးသည့်အပြင် နိဂုံးသူနိဂုံးသားတို့သည် နတ်ကိုးကွယ်သည့် အလေ့အထ အကျင့်စရိုက်သာ ရှိကြသဖြင့် မြတ်စွာဘုရားသည် နတ်သားအသွင် ဖန်ဆင်းတော်မူပြီး သိကြားမင်းဖန်ဆင်းထားအပ်သော ရတနာပလ္လင်ပေါ်၌ ထက်ဝယ်ဖွဲ့ခွေ သီတင်းသုံးတော်မူ၏။ ထိုနေ့ည နတ်ပြည်ခြောက်ထပ်၌ နေကြကုန်သော နတ်၊ ဗြဟ္မာတို့ကို တရားရေအေး တိုက်ကျွေးတော်မူပြီး ခြောက်ပါးသော ရောင်ခြည်တော်ကို ကွန့်မြူးတော်မူရာ အရပ်ရှစ်မျက်နှာတွင် ထွန်းလင်း၍ ဒေဝါဂီရိတောင်တစ်တောင်လုံး လင်းထိန်သွားစေခဲ့ပါသည်။

နောက်တစ်နေ့နံနက်၌ အနီးဝန်းကျင်ရှိ နိဂုံးသူ နိဂုံးသားတို့ တောင်ထိပ်သို့ တက်ရောက်ကြည့်ရှုရာ ပလ္လင်ထက်၌ ဇမ္ဗူရာဇ်ရွှေအဆင်းကဲ့သို့ ဝါဝင်းတောက်ပြောင် ထွန်းလင်းလျက်ရှိသော နတ်သားအသွင်နှင့် ဘုရားရှင်ကို ဖူးမြော်ကြရ၍ ရွှေအဆင်းတောက်ပသော နတ်မင်းကြီးဟုပင် ထင်မှတ်ကြလျက် ရှိခိုးပူဇော်ကြကုန်၏။ ထိုအချိန်မှစ၍ နတ်တောင်ဟု ခေါ်ခြင်းမပြုတော့ဘဲ ရွှေနတ်တောင်ဟု ပြောင်းလဲခေါ်ဝေါ်လာကြသည်။ မြတ်စွာဘုရားသည် နတ်သားအသွင်ဖြင့် (၇)ရက်ပတ်လုံး တရားဓမ္မများကို ဟောကြားဆုံးမတော်မူလေသည်။ တရားဒေသနာ နာကြားကြပြီး အချို့သော ပရိသတ်တို့မှာ သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသောသီလတို့ မြဲကြကုန်၏။ နတ်၊ ဗြဟ္မာ အများတို့မှာလည်း တရားတော်၌ ထိုက်သည့်အားလျော်စွာ တည်ကြကုန်၏။

(၈)ရက်မြောက်သောနေ့တွင် အနာဂတ်ကာလကို ရွှေဉာဏ်တော်ဖြင့် ဆင်ခြင်တော်မူရာ ဤရွှေနတ်တောင်ထိပ်တွင် ငါဘုရားကိုယ်စား နတ်သားအသွင်ဖြင့် နိမ္မိတ



ရွှေနတ်တောင်စေတီတော်

ရုပ်ပွားတော်ကို ထားရှိစေပြီး ထိုနိမ္မိတနတ်သားကို အုတ်အင်္ဂတေတို့ဖြင့် စေတီတော်တစ်ဆူ တည်ထားလျှင် သာသနာတော်ခေတ် နှစ်ပေါင်းများစွာ ကာလပတ်လုံး ထွန်းလင်းတောက်ပမည့်အဖြစ်ကို မြင်တော်မူပြီး မြတ်စွာဘုရားသည် နိဂုံးသူနိဂုံးသားတို့နှင့် သတ္တဝါအားလုံး လောကီ၊ လောကုတ္တရာ စီးပွားချမ်းသာမင်္ဂလာဖြစ်စေရန် ငါဘုရား၏ကိုယ်စား နိမ္မိတရုပ်ပွားတော်ကို ဘုရားစေတီပြု၍ ကိုးကွယ်ပူဇော်ကြရန် အဓိဋ္ဌာန်တော်ဖြင့် ထားတော်မူပြီး ဝေဠုဝန်ကျောင်းတော်သို့ ပြန်လည်ကြွမြန်းတော်မူလေသည်။

နိဂုံးသူနိဂုံးသားတို့သည်လည်း နိမ္မိတရုပ်ပွား ရွှေနတ်သားကို ကိုးကွယ်ပူဇော်ကြကုန်၏။ ထို့နောက် နိဂုံးသူနိဂုံးသားတို့သည်လည်းကောင်း၊ အကျိုးချမ်းသာ စီးပွားမင်္ဂလာနှင့် ပြည့်စုံစေတတ်သော နိမ္မိတရုပ်ပွား ရွှေနတ်သားကို ပျက်စီးမှုမရှိရလေအောင် စေတီတော်အတွင်း ဌာပနာထား၍ အရှည်တည်တံ့ဟု သဘောတူညီကြလျက်



www.burmeseclassic

www.burmeseclassic.com

မဟာသက္ကရာဇ်(၁၀၄)ခုနှစ်၌ ဘုရားရှင်ကိုယ်ပွား ရွှေနတ်သားရုပ်ကို အုတ်အင်္ဂတေတို့ဖြင့် ဥာပနာ၍ ညာဏ်တော်(၇)တောင်ခန့်ရှိသော ဥဒ္ဒိဿကစေတီတော်ကို တည်ထားကိုးကွယ်ကြကုန်၏။ ဒေဝါဂီရိတောင်ထိပ်တွင် ဘုရားရှင်၏ကိုယ်ပွားတော် ရွှေနတ်ရုပ်ကို ဥာပနာလျက် တည်ထားခဲ့ခြင်းကြောင့် ရွှေနတ်တောင်ဟု ဘွဲ့တော်မည်တွင်စေခဲ့ပါသည်။

ထိုစေတီတော် တည်ထားရာတွင် ထူးခြားချက်တစ်ရပ်မှာ နေ့ဘက်တွင် လူတို့သည် အုတ်တစ်ထပ်ဖြင့်တည်လျှင် ညဘက်၌ နတ်တို့က အုတ်တစ်ထပ်ဖြင့် တည်ထားခဲ့ခြင်းကြောင့် လူနတ်နှစ်လီ တစ်ရစ်စီ၊ စေတီရွှေနတ်တောင်ဟူ၍ သမိုင်းတွင်ခဲ့ခြင်း ဖြစ်ပါသည်။

## ခေတ်အဆက်ဆက် ရွှေနတ်တောင်စေတီတော်ကို ပြုပြင်မွမ်းမံပူဇော်ခြင်း

### သရေခေတ္တရာခေတ်

သာသနာတော်နှစ်(၁၀၁)၊ ဘီစီ(၅၀၀)ခုနှစ်တွင် ဒွတ္တဘောင်မင်းကြီးသည် သရေခေတ္တရာပြည်ကြီးကို တည်ထောင်တော်မူသည်။ ဒွတ္တဘောင်မင်းကြီး၏ မိဖုရားများဖြစ်ကြသော ဗိဿနိုးမိဖုရားနှင့် စန္ဒာဒေဝီမိဖုရားတို့သည် နှစ်ပေါင်း(၁၄၀)ကြာမြင့်၍ ပြိုကျနေသောကြောင့် တစ်ရက် တစ်ဆူခန့်သာရှိသော ရွှေနတ်တောင်စေတီတော်ကို ဆင့်ပွားထပ်မံတည်ထားလိုသဖြင့် မင်းကြီးထံ ဓာတ်တော်များ တောင်းခံရာ မင်းကြီးမှ ဓာတ်တော်(၂)ဆူကိုသာ ပေးတော်မူ၏။

မိဖုရားတို့သည် ထိုဓာတ်တော်(၂)ဆူဖြင့် တင်းတိမ်ခြင်းမရှိ၍ မိမိတို့ကိုးကွယ်သော ရဟန္တာတို့အား အရှင်မြတ်တို့ဘုရား..ဘုရားရှင်၏ ဓာတ်တော် မွေတော်တို့ကို ဤစေတီ၌ ဥာပနာပူဇော်လိုကြောင်း လျှောက်ထားကြ၏။


ရဟန္တာအရှင်မြတ်တို့လည်း လျှောက်ပတ်သော ဌာနများမှ-

၁။ ရွှေအဆင်းရှိ ပဲနောက်ပမာဏ ဓာတ်တော်အဆူ(၄၀)၊

၂။ ပုလဲအဆင်းရှိ ဆန်ကျိုးပမာဏ ဓာတ်တော်အဆူ(၄၀)၊

၃။ ခရားစေ့အဆင်းရှိ မုန်ညင်းစေ့ပမာဏ ဓာတ်တော်


ဘုရားရှင်ပြင်ခေတ်ပေါ်ရှိ ကြေးခေါင်းလောင်းတချို့


ဘုရားရှင်ပြင်ခေတ်ပေါ်ရှိ ကြေးခေါင်းလောင်းတချို့



www.burmeseclassic

www.burmeseclassic.com

(၁၁၀)ဆူတို့ကို ပင့်ဆောင်ခဲ့ကြပြီး မိဖုရားတို့အား အပ်နှင်းလေ၏။

မိဖုရားနှစ်ပါးတို့သည် မင်းကြီးပေးအပ်သော ဓာတ်တော်(၂)ဆူတို့ရလျှင် ယခင်ရွှေနတ်တောင်စေတီ၌ ပျက်စီးသမျှသော အုတ်အင်္ဂတေတို့ကို ဖြိုဖျက်ရှင်းလင်းရာ ဘုရားရှင်၏ကိုယ်စား နိမ္မိတရုပ်ပွားတော်မြတ်ကို ဖူးမြင်တွေ့ရသဖြင့် ပီတိဝမ်းသာ နှလုံးရွှင်လန်း ကြည်နူးတော်မူပြီး ဓာတ်တော်တို့ကို ရတနာရွှေကြုတ်ဖြင့်ထည့်၍ ရွှေစေတီတစ်ထပ်၊ ငွေစေတီတစ်ထပ် မွမ်းမံပြီး အုတ်စေတီဖြင့် (၁၅)တောင်အမြင့်တည်၍ ဌာပနာတော်မူလေသည်။

ဒွတ္တဘောင်မင်းကြီး နတ်ရွာစံပြီးနောက် သားတော် ဒွတ္တရံမင်းသား နန်းစံပြီး ကံတော်ကုန်သည့်အခါ သာသနာနှစ်(၁၉၃)ခုနှစ်တွင် သားတော် ရန်ဘောင်မင်းသား နန်းတက်တော်မူပြန်၏။ ထိုရန်ဘောင်မင်းသားမှာ ပါဋလိပုတ်ပြည့်ရှင် သီရိဓမ္မာသောကမင်းကြီး၏ လက်အောက်ခံဖြစ်သဖြင့် သာသနာနှစ်(၂၃၀)တွင် ရွှေနတ်တောင်စေတီတော် ပျက်စီးယိုယွင်းသမျှကို သီရိဓမ္မာသောကမင်းကြီး၏ အမိန့်ဖြင့် ထပ်မံပြင်ဆင်လေသည်။

ပုဂံခေတ်


ပေါက်ကံပြည့်ရှင် တရုတ်ပြေးမင်း နရသီဟပတေ့သည် ကောဇာသက္ကရာဇ်(၆၄၈)ခုနှစ် ပုသိမ်မှအပြန် ရွှေတောင်မြို့ ရွှေနတ်တောင်ဘုရားသို့ မိဖုရားဖွားစောနှင့် သွားရောက်ဖူးမြော်ပြီး ပြည်မြို့သို့ ဖောင်တော်ဆိုက်သည့်အခါ သားတော် ပြည်မြို့စား သီဟသူက စားတော်ပွဲ၌ ဆေးခတ်၍ပို့လာ၏။ မင်းကြီးကလည်း အကြောင်းစုံကို သိ၍ ပွဲတော်မတည်ဘဲနေ၏။ ထိုအကြောင်းကို သီဟသူ သိလျှင် ရဲမက်တို့၏ ဓား၊ လှံလက်နက် သွေးသံရဲရဲတို့ဖြင့် သေရခြင်းထက် ဆေးတည့်ထားသော အစားကိုစား၍ သေရခြင်း မြတ်သည်ဟု မိဖုရားဖွားစောမှ လျှောက်တင်သဖြင့် မင်းကြီးသည် ဝတ်ထားသောလက်တော်မှ လက်စွပ်တော်ချွတ်၍ ရေစက်ချပြီး ရွှေနတ်တောင်စေတီတော်ဘုရားတွင် ပြုပြင်ကြပါဟု သားတော်သီဟသူအား မှာကြားပြီး ပွဲတော်တည် နတ်ရွာစံတော်မူလေသည်။ သားတော်သီဟသူသည် မင်းကြီးမှာသည့်အတိုင်း ခမည်းတော်၏ လက်စွပ်တော်ကိုရောင်းချ၍ မိမိပြုခဲ့သော အကုသိုလ်မှကင်းဝေးစေရန် ရွှေနတ်တောင်စေတီတော်ကို ပြုပြင်ရာ ဉာဏ်တော်(၄၄)တောင်ထိ မြင့်သွားပါသည်။

တောင်ငူခေတ်

ကောဇာသက္ကရာဇ်(၈၉၂)ခုနှစ်တွင် တောင်ငူ၌ တပင်ရွှေထီး နန်းတက်တော်မူပြီး (၉)နှစ်အကြာ ဟံသာဝတီမင်း မင်းပြုတော်မူပြန်၏။ ထို့နောက် ပြည်မြို့သို့ တိုက်ခိုက်သိမ်းပိုက်ပြီး ရွှေနတ်တောင်စေတီတော်၌ ဟောင်းနွမ်းပျက်စီးနေသည်များကို ပြုပြင်တော်မူသည့်ပြင် လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူခဲ့ပါသည်။

အင်းဝခေတ်

အင်းဝတွင် သတိုးမင်းများ နန်းတက်ပြီး အစဉ်အဆက် မင်းပေါင်း(၂၉)ပါး အုပ်ချုပ်မင်းလုပ်ခဲ့သည်။ အင်းဝခေတ် ဟံသာဝတီမင်းလက်ထက်တွင် ရွှေတောင်မြို့ကို မြောက်နန်းစံမိနဖုရားကြီး မဟာနန္ဒီအပိုင်စားရ၏။ သားတော် အနော်ရထာမင်းစောနှင့် သမီးတော် ထိပ်ပန်းမင်းသမီး လက်ထပ်ကြလျှင် ရွှေတောင်မြို့ကို အပိုင်စားစေရာ ရွှေနတ်တောင်စေတီတော်ကိုလည်း များစွာပြုပြင်တော်မူခဲ့သည်။



ဘုရားရင်ပြင်တော်ပေါ်ရှိ ကြေးခေါင်းလောင်းတစ်ရ



www.burmeseclassic

www.burmeseclassic.com



ရွှေနတ်တောင် တောင်ပိုင်ဘိုးဘိုးကြီး

ကုန်းဘောင်ခေတ်

ကုန်းဘောင်ခေတ်(၆)ဆက်မြောက် ဘိုးတော်ဗဒုံမင်းလက်ထက် သက္ကရာဇ်(၁၁၄၅)ခုနှစ်တွင် သားတော် မောင်အဂ်ါအား ရွှေတောင်မြို့ကို အပိုင်စားစေတော်မူသည်။ သားတော်အိမ်ရှေ့မင်းသားသည် သက္ကရာဇ်(၁၁၄၆) ခုနှစ်တွင် ရခိုင်ပြည်မှအပြန် ရွှေနတ်တောင်စေတီတော်အား သွားရောက်ဖူးမြော်ရာ ကြည်ညိုလွန်းသဖြင့် ရွှေပြာသာဒ်စောင်းတန်း၊ လှေကား၊ အာရုံခံတန်ဆောင်းကြီးတို့ကို ဆောက်လုပ်လှူဒါန်းပြီး (၇)ရက်တိုင်တိုင် ပွဲလမ်းသဘင် ဆင်ယင်ကျင်းပစေလျက် ဘုရားဆုကို ပန်တော်မူ၏။

ကုန်းဘောင်ခေတ် (၈)ဆက်မြောက်သော သာယာဝတီမင်းလက်ထက် သက္ကရာဇ်(၁၂၀၀)ပြည့်နှစ်တွင် ရွှေနတ်တောင်စေတီတော်မြတ်ကို ရွှေတောင်မြို့နယ် ကျိုးသဲရွာကျောင်း၌ သီတင်းသုံးတော်မူသော လင်္ကာပေသလသိက္ခာကာမ ဗဟုသုတရေဖြစ်တော်မူသော အရှင်ဘဝရမထေရ်သည် မြို့နေရွာသူရွာသားတို့ကို တရားဟောပြတော်မူပြီး စေတီတော်ကြီးကို ကျောက်အင်္ဂတေတို့ဖြင့် မွမ်းမံပြုပြင်၍ လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူပူဇော်ခဲ့ပါသည်။

သက္ကရာဇ်(၁၂၂၀)ပြည့်နှစ်တွင် မိုးကြီးသည်းထန်စွာရွာသွန်းခြင်း၊ မြေလျှောင်လှုပ်ခြင်း၊ မိုးကြိုးပစ်ခြင်းတို့ကြောင့် စေတီတော်၏ ဖောင်းရစ်၊ ငှက်ပျောဖူး၊ ထီးတော်များ ပျက်စီး၍ မြေခခဲ့ရ၏။ ထိုပျက်စီးသည်ကို ရွှေတောင်မြို့ ကန်ကြီးဒါယကာ ဦးမှော်၊ ဦးလင်း၊ ဦးညွှင်း စသည့် ဘဏ္ဍာတော်ထိန်း လူကြီးမင်းတို့ ဦးဆောင်၍ ပြည်သူပြည်သားတို့ ကုသိုလ်ကောင်းမှုတို့ဖြင့် ဉာဏ်တော်(၅၅)တောင်မြင့်သည်အထိ ထပ်မံတည်ဆောက် လှူဒါန်းပူဇော်ခဲ့ပါသည်။

သက္ကရာဇ်(၁၂၅၅)ခုနှစ်၊ တပေါင်းလတွင် စေတီတော်၏ မြောက်ဘက်တန်စောင်းနှင့်တကွ ပြာသာဒ်ကြီးများ၊ ဇရပ်တန်ဆောင်းများပါ မီးသင့်လောင်ကျွမ်းခဲ့ရာ ရွှေနတ်တောင်ကျောင်းနေ ရဟန်းတော် အရှင်သာသနနှင့် နယ်ပိုင်ဝန်ထောက်မင်း ဦးရှောင်တို့ကို အမှူးထား၍ ရွှေတောင်မြို့နေ ဦးပွား၊ ဦးဆင်၊ ဦးခိုင်တို့မှစ၍ မြို့နေပြည်သူ



ရွှေနတ်တောင်စေတီသို့
တောင်ဘက်မှ ခြေကျင်တက်လမ်း




www.burmeseclassic

www.burmeseclassic.com

ပြည်သားတို့ကို ဖိတ်ကြားပြီး ပျက်စီးသွားသော ဇရပ်၊ တန်ဆောင်း ပြာသာဒ်များကို ပြုပြင်တည်ဆောက်ကာ စေတီဆောင် ပြာသာဒ်များကို ပြုပြင်တည်ဆောက်ကာ စေတီတော်ကြီးကို အုတ်အင်္ဂတေတို့ဖြင့် ထပ်မံတည်စေပြီး သက္ကရာဇ်(၁၂၆၁)ခုနှစ်တွင် စေတီတော်ကြီး၏ ဉာဏ်တော်အမြင့်သည် ပလ္လင်ခုံတော်မှ စိန်ဖူးတော်အထိ အတောင်(၈၀) (၁)ထွာထိ တည်ဆောက်လှူဒါန်း ပူဇော်ခဲ့ပါသည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်လည်း နိုင်ငံတော်ခေါင်းဆောင်ကြီးများ၊ ရဟန်းတော်များနှင့် ပြည်သူများ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်တွင်လည်း ရွှေနတ်တောင်စေတီတော်ကြီးကို အဘက်ဘက်မှ ဘက်စုံပြုပြင်မွမ်းမံပူဇော် ကိုးကွယ်မှုပြုခဲ့ကြသည်။

ယခုအခါတွင် ရွှေနတ်တောင်စေတီတော်မြတ်ကြီးသည် ဉာဏ်တော်အမြင့်(၈၀)တောင် (၁)ထွာမြင့်ပြီး စေတီတော်၏ ပတ်လည်တွင် စေတီရံ (၈၁)ဆူ၊ ကနုတ္တဒန်ထီးတိုင် (၁၄)တိုင်၊ ရွှေပန်းခိုင် (၁၅)ခိုင်၊ ကြေးခေါင်းလောင်း (၁၉)လုံး၊ စောင်းတန်း (၄)သွယ်၊ အာရုံခံတန်ဆောင်း (၄)ခု အသီးသီးဖြင့် ရွှေနတ်တောင်စေတီတော်ကြီးသည် ရွှေတောင်မြို့နယ်၊ မယားမာန်ကျေးရွာအုပ်စု ရေမျက်နှာပြင် ပေ(၂၁၄)ပေအမြင့်ရှိ ဒေဝါဂီရိတောင်ထိပ်ပေါ်တွင် ရွှေရောင်တဝင်းဝင်းဖြင့် အလွန်ကြည်ညိုဖွယ်ရာကောင်းလျက် ကိန်းဝပ်စံပယ်တော်မူလျက်ရှိပါသည်။ ဘုရားရင်ပြင်တော်သို့ စောင်းတန်းများမှလည်းကောင်း၊ ဓာတ်လှေကားမှလည်းကောင်း တက်ရောက်ကြည်ညိုသဒ္ဓါပွားနိုင်ပါသည်။



ရွှေနတ်တောင်စေတီတော် ဘုရားရင်ပြင်ပေါ်တက်
စောင်းတန်းနှင့် ဓာတ်လှေကား

**ငြိမ့်ငြိမ့်သဲသဲဘုရားပွဲ**

ရွှေနတ်တောင်စေတီတော်မြတ်ဘုရားပွဲကြီးကို နှစ်စဉ်တပေါင်းလဆန်း (၈)ရက်နေ့မှစ၍ တပေါင်းလပြည့်နေ့အထိ ငြိမ့်ငြိမ့်သဲသဲ ကျင်းပလျက်ရှိပါသည်။

စာရှုသူအပေါင်းနှင့် ဘုရားဖူးရဟန်းပြည်သူအပေါင်းတို့အား သမိုင်းဝင် ရွှေနတ်တောင် (လူနတ်နှစ်လီ၊ တစ်ရစ်စီ၊ စေတီရွှေနတ်တောင်) ဘုရားကြီးအား ကြည်ညိုသဒ္ဓါပွားနိုင်ရန် စာရေးသူမှ နိဗ္ဗာန်အကျိုးမျှော်၍ ဖိတ်ခေါ်ရင်း ရေးသားပူဇော်လိုက်ပါသည်။

ဤဆောင်းပါးဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ကူညီပေးပါသော ကိုဝေဖြိုးသူ(ပုတီးကုန်း)နှင့် ကိုဇော်ဇော်(ပေါင်းတည်)တို့အား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

သုခီအတ္တာနံ ပရိဟရန္တု

မောင်မြေသင်း(ကသာ)

**မှီငြမ်းစာ**

၁။ ရေးဟောင်းသမိုင်းဝင် ရွှေနတ်တောင်စေတီတော်မြတ်ကြီးသမိုင်းနှင့် မှတ်တမ်းများ (ဂေါပကအဖွဲ့၊ ရွှေနတ်တောင်စေတီတော်၊ ရွှေတောင်မြို့)။

၂။ ရွှေနတ်တောင်စေတီတော်သမိုင်းအကျဉ်းချုပ် [စုစည်းပြုစုသူ ဦးသောင်းခင်(ဓမ္မာစရိယ၊ ဘီအေ)၊ တည်းဖြတ် ဆရာတော်ဦးအဂ္ဂဝံသ (အဂ္ဂမဟာကျော်၊ အဂ္ဂမဟာပဏ္ဍိတ)]။

၃။ ရွှေနတ်တောင်ဘုရား ခေါင်းလောင်းများပါ ကမ္ပည်းစာတမ်းများ (ဒေါက်တာခင်မောင်ညွန့်)။



www.burmeseclassic

www.burmeseclassic.com

စကြာကောင်းစံ

# စေတီထူးများ ဖူးခဲ့သည်

ခရစ်နှစ်(၂၀၁၅)ခုနှစ်သည် စာရေးသူအတွက် ခရီးသွားနှစ် ဖြစ်ပါသည်။ တစ်နှစ်တည်း ကချင်ပြည်နယ် မြစ်ကြီးနားကို နှစ်ခေါက်ရောက်သည်။ ရွှေတြိဂံဒေသ တာချီလိတ်မြို့သို့လည်း မရည်ရွယ်ဘဲ ရောက်ရှိခဲ့ပြီး လာအိုနှင့် ထိုင်းနိုင်ငံဘက်ခြမ်းများကိုပါ လည်ပတ်ခဲ့ရသည်။

မြစ်ကြီးနား ဒုတိယအခေါက်မှာ အောင်မော်စံဆရာတော်ကျောင်းမှာပင် ညအိပ်တည်းခိုနေထိုင်ခဲ့ရ၍ သက်ရှိထင်ရှား ဝိဇ္ဇာတစ်ပါး၏ ဂမ္ဘီရဆန်လှသော နယ်မြေကို လေ့လာခွင့်ရခဲ့သည်။ အောင်မော်စံဆရာတော်ကြီးက စာရေးသူကို ကျောင်းဝင်းတစ်ခုလုံး လှည့်လည်ပြသသည်။ ဆရာတော်ကြီး၏ ကျောင်းဝင်းသည် ဧက(၃၀)ကျော် ကျယ်ဝန်းပြီး နိုင်ငံတော်က လှူဒါန်းထားခြင်းဖြစ်သည်။ ကျယ်ဝန်းလှသော ကျောင်းဝင်းကြီးတစ်ခုလုံး သစ်ပင်ဝါးပင်များ စိုက်ပျိုးထားပြီး ခုဆိုလျှင် နှစ်ပေါင်း(၄၀) ကျော်ခဲ့ပြီဟု သိရသည်။

ဆရာတော်ကြီးသည် ခရစ်ယာန်ဘာသာမှ ဗုဒ္ဓဘာသာသို့ ကူးပြောင်းခဲ့ပြီး မြင့်မြတ်သော ရဟန်းဘဝကို ရယူကာ ရာသက်ပန် သက်သတ်လွတ်ဖြင့် ကျင့်ကြံအားထုတ်နေခြင်းဖြစ်သည်။ ဆရာတော်၏ ကျင့်ကြံအားထုတ်မှု ရင့်သန်လာသည်နှင့်အမျှ ကျောင်းဝင်းအတွင်းရှိ သစ်ပင်သစ်တောများကလည်း ထူးခြားဆန်းကြယ်သော ဂမ္ဘီရဖြစ်ရပ်များ ဖြစ်ပေါ်လာသည်။ ကျောင်းပတ်ဝန်းကျင်က တောတောင်များ ပြုန်းတီးပျက်စီးလာသဖြင့် ဆရာတော်၏ ကျောင်းဝင်းအတွင်းသို့ တောတိရစ္ဆာန်မျိုးစုံ ပြောင်းရွှေ့လာကြောင်း ဆရာတော်က စာရေးသူကို အမိန့်ရှိသည်။ ဒရယ်၊ ချေ၊ တောကြောင်၊ တောကြက်၊ ကုန်းလိပ်၊ မြွေကြီး၊ မြွေငယ်၊ ငှက်မျိုးစုံ၊ လိပ်ပြာမျိုးစုံ စသည်တို့ဖြစ်သည်။

ငှင်းပြင် ဘယဆေးပင် အမျိုးမျိုးတို့လည်း မစိုက်မပျိုးဘဲ သဘာဝအလျောက် ပေါက်လာလေသည်။ စားသောက်လို့ရသော သဘာဝရိက္ခာဖြစ်သည့် သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များ၊ မှိုအမျိုးမျိုးတို့လည်း ပေါက်ရောက်လာသည်။ ဂမ္ဘီရဆန်သော သစ်သီးဝလံများလည်း ဖြစ်ပေါ်လာသည်ဆို၏။ ဥပမာ-ရေကန်တူး၍ နဂါးရုပ်တုလုပ်ထားသည့် နေရာအနီးတွင် စိုက်ပျိုးထားသော ပိန်းဥ၊ နနွင်း၊ ပဲတောင့်ရှည်တို့သည် နဂါးကဲ့သို့ ပုံဆောင်သဏ္ဌာန်ဖြစ်ပေါ်သီးပွင့်လာသည်။ နနွင်းတက်များသည် အတက်တစ်တက်လျှင် (၁၄)လက်မရှည်သည်။ ပဲတောင့်ရှည်တို့သည် (၂)ပေမှ (၃)ပေအထိရှည်ကာ နဂါးပုံသဏ္ဌာန်ဖြစ်ကြလေသည်။


အောင်မော်စံဆရာတော်ကျောင်း၊ အဝင်ဝမုခ်ဦးနှင့်လမ်း

ကျောင်းဝင်းအတွင်းရှိ စိုက်ပျိုးထားသော စိုက်ခင်းမှ မျောက်ဥကို ဖော်ကြည့်သည့်အခါ လက်ဝါးပုံဖြစ်ပေါ်သည်။ ဆရာတော်က မျောက်ဥလက်ဝါးဟု ခေါ်သည်။ ခြံအတွင်းတွင် ကျောက်လိပ်အမျိုးမျိုး၊ စမပါသော ကျောက်ခဲကျောက်လုံးအမျိုးမျိုး မကြာ မကြာရသည်ဟု သိရသည်။ ဂမ္ဘီရဆန်လှသော ဆရာတော်၏ ခြံဝင်းအတွင်းသို့ လည်ပတ်ကြည့်ရှုပြီး

www.burmeseclassic

www.burmeseclassic.com


ဆံတော်ရှင်စေတီတော်

သောအခါ အောင်မော်စံဆရာတော်ကြီးက စာရေးသူကို မြစ်ကြီးနားဝန်းကျင်ရှိ စေတီထူးများကို ဖူးစေချင်ကြောင်း အမိန့်ရှိသည်။ ကချင်ပြည်နယ်၊ မြစ်ကြီးနားသည် ထူးခြားသော ဘုရားစေတီများစွာရှိသော အရပ်ဒေသဖြစ်ကြောင်း သိရသည်။

**မုန့်ပြတောင်**

မြစ်ကြီးနားမှ မနက်စာစားအပြီး ဆိုင်ကယ်ဖြင့် ပိုင်းမော်မြို့သို့ သွားသည်။ စာရေးသူကို ဆရာတော်ကြီး၏ တပည့်ကိုကောင်းမွန်က လိုက်လံပို့ဆောင်ပေးခြင်းဖြစ်သည်။ ကိုကောင်းမွန်သည် နီပေါနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြောင်းရွှေ့နေထိုင်သော မျိုးဆက်မှဖြစ်ပြီး ဘာသာတရား လွန်စွာကိုင်းရှိုင်းသည်။

ယခင်က ဗလမင်းထင်တံတားမပြီးခင် မြစ်ကြီးနားတစ်ဖက်ကမ်း ပိုင်းမော်မြို့ကို ကူးတို့ဖြင့်ကူးရသည်။ ယခုအခါ တံတားဖြင့် လွယ်ကူစွာ သွားနိုင်ပြီး ပိုင်းမော်မြို့သည် တရုတ်နိုင်ငံအထိပေါက်သဖြင့် စည်ကားသောမြို့ကြီးတစ်မြို့ ဖြစ်နေပါပြီ။ ဗလမင်းထင်တံတားအရောက်တွင် တန်ခိုးကြီးသော ရွှေစေတီကို လှမ်းမြင်ရသည်။

ပိုင်းမော်မြို့နယ်တွင် မုန့်ပြတောင်ရှိပြီး အောင်မော်စံဆရာတော်ကို ပိုင်းမော်မြို့နယ် သံဃနာယကဆရာတော် ဘဒ္ဒန္တခေမိန္ဒက မုန့်ပြတောင်ခြေကျောင်းမှာ သီတင်းသုံးရန် ခွင့်ပြုခဲ့သည်ဟု အောင်မော်စံဆရာတော်က စာရေးသူကို ပြောသည်။ အောင်မော်စံဆရာတော်သည် မုန့်ပြတောင်တွင် သုံးလနီးပါးနေထိုင်ခဲ့ပြီး အောင်မော်စံကျောင်း ဖွင့်လှစ်ရန် မော်ဖောင်းရွာသို့ ပြောင်းရွှေ့ခဲ့သည်ဟု သိရ သည်။


အောင်မော်စံဆရာတော်နှင့် ကျွဲရှသစ်ပင်

မုန့်ပြတောင်ထိပ်တွင် (၁၈) တောင်မြင့် စေတီတော် တစ်ဆူရှိသည်။ (၁၉၅၈)ခုနှစ်က တည်ထားသော စေတီဖြစ်ပါသည်။ မြစ်ကြီးနားမြို့မှ သတင်းထောက်ဖြစ်သူ ဦးအောင်ကြီးနှင့် မိုင်းနားရွာသူ ဒေါ်မမလေး တည်ထားသော စေတီဖြစ်သည်။ ဘွဲ့မည်မသိ စေတီဟောင်းကို ပြင်ထားသည်လား၊ အသစ်တည်ထားသည်လား မသိရဟု ဆရာတော်က ဆိုသည်။

'မုန့်ပြတောင်မှစေတီက တကယ်ထူးခြားတဲ့စေတီပဲ။ (၁၉၉၄)ခုနှစ်၊ ဒီဇင်ဘာလ (၁၂)ရက်က စေတီတော်အလုံးလိုက် ကောင်းကင်ကို ပျံတက်သွားတာကို ပိုင်းမော်မြို့သူမြို့သား ထက်ဝက်လောက်က ဖူးခဲ့ရသည်။ ကောင်းကင်မှာလည်း စေတီကရပ်နေပြီး ရောင်ခြည်တော် လွှတ်တော်မူခဲ့တယ်။ အဲဒီအချိန်က ခုလို ဖုန်းကင်မရာတွေ မရှိသေးတော့ မှတ်တမ်းဓာတ်ပုံ မရလိုက်ကြဘူး'ဟု



www.burmeseclassic

www.burmeseclassic.com



ဆုတောင်းပြည့်စေတီတော်

အောင်မော်စံ ဆရာတော်ကြီးက စာရေးသူကို အမိန့်ရှိသည်။

စေတီတော်ကြီး၏အနီးတွင် (၇)ပေနှင့် (၉)ပေကျယ် ကမ္မဋ္ဌာန်းကျောင်းကလေး တစ်ဆောင်ရှိသည်။ ပိုင်းမော်မြို့နယ် လယ်ကုန်းရွာဥက္ကဋ္ဌ ဦးကျော်ဖေယျ လှူဒါန်းသည့်ကျောင်းဖြစ်သည်။ အဆိုပါ ကမ္မဋ္ဌာန်းကျောင်းနေရာသည် တောကြမ်းတောင်ကြမ်းသောကြောင့် မည်သည့်ရဟန်းသံဃာမှ သီတင်းကြာကြာမသုံးနိုင်ကြဟု သိရသည်။ ဆရာတော် ဦးခေမာစာရ သီတင်းသုံးပြီး ပျံလွန်တော်မူသွားသည်။ ဦးခေမာစာရသည် ပထမမှန်ပြတောင်ဆရာတော် ဖြစ်ခဲ့သည်။ အောင်မော်စံဆရာတော်က (၁၉၉၅) ခုနှစ်မှာ သီတင်းသုံးခဲ့၍ ဒုတိယမှန်ပြတောင်ဆရာတော်ဟု ခေါ်ဝေါ်သမုတ်ခံရသည်။ တတိယဆရာတော်ကား ဤကမ္မဋ္ဌာန်းကျောင်းကို မလာဘဲ တောင်ခုလတ်မှာ ကျောင်းဆောက်၍ သီတင်းသုံးခဲ့ပြီး သက်တော်ကြီး၍ ပျံလွန်တော်မူပါသည်။

မြစ်ကြီးနားမြို့မှ ဆုတောင်းပြည့်စေတီတော် ရောင်ခြည်တော်လွှတ်လျှင် မှန်ပြတောင်စေတီတော်ကလည်း ရောင်ခြည်တော်များလွှတ်ကာ ထိုရောင်ခြည်တော်တို့သည် အထက်ကောင်းကင်တွင် ပူးပေါင်းကြပြီး အင်နိုင်ဘွမ်တောင်သို့ ကြွသွားတတ်သည်ကို အချို့ဒကာ၊ဒကာမများ ဖူးတွေ့ရကြောင်း ဆရာတော်ကြီးက အမိန့်ရှိသည်။

မှန်ပြတောင်စေတီတော်ကိုယ်လုံးမှာ သေနတ်ဒဏ်ရာဗရပွဖြစ်နေသည်ကို တွေ့ရသည်။ ယခုထိတော့ ဘယ်လူဆိုး ဘယ်မှုဆိုး ဘယ်သူဘယ်ဝါ ပစ်တာလဲ ဆိုတာကို အဖြေရှာမရသေးပါဟု ဆရာတော်ကြီးက စာရေးသူကို



www.burmeseclassic

www.burmeseclassic.com



ခေါင်ဖူးစေတီတော်ကြီး

ရှင်းပြသည်။

ဝိုင်းမော်မြို့နယ်တွင် ခတ်ချို ရွာကြီးရှိပြီး ဂန္ဓိရမောင်းကြီးတစ်လုံးရှိသည်။ ခတ်ချိုမောင်းကြီး တန်ခိုးကြီး၊ တီးပြီးခုနစ်ရွာ ဘေးကင်းကွာ၊ ကျန်းမာပကတိ ရှိကြ၏ဟု စာဆိုရှိသည်။ မောင်းကြီး သက်တမ်း နှစ်ပေါင်း(၅၀၀)ကျော်သည် ဆိုသည်။

နှစ်စဉ် သင်္ကြန်အတက်နေ့မှာ မောင်းကြီးကို အရပ်လေးမျက်နှာလှည့်ပြီး သုံးခါစီ တီး၏။ အရှေ့ဘက် လှည့်တီးလျှင် အရှေ့ဘက် ခုနစ်ရွာကကြားပြီး အန္တရာယ်ကင်းသည်။ အနောက်ဘက်လှည့်တီးလျှင် အနောက်ခုနစ်ရွာကကြားပြီး အန္တရာယ်ကင်းသည်။ တောင်နှင့် မြောက်ကို လှည့်တီးလျှင် တောင်ခုနစ်ရွာ၊ မြောက်ခုနစ်ရွာ ကြားကြရပြီး အန္တရာယ်ကင်းသည်ဟု ဆိုသည်။

တစ်ခါသော် ရသေ့လိုလို ဆရာလိုလို လူတစ်ယောက် ရောက်လာပြီး ဂန္ဓိရမောင်းကြီးကို အရပ်လေးမျက်မှာ ခုနစ်ရွာစီအစား နဝင်းကိုက်အောင် ကိုးရွာစီ ကြားရ၊ အန္တရာယ်ကင်းရအောင် ပြင်သည်ဟု သိရသည်။ သူပြင်ပြီးမှ အရပ်လေးမျက်နှာ တစ်ရွာမှ အန္တရာယ်မကင်းတော့ပါ။ ခတ်ချိုရွာ တစ်ရွာတည်းသာ အန္တရာယ်ကင်းပါတော့သည်။ ထူးခြားချက်တစ်ခုမှာ ရှေးခေတ်ကနေ ယနေ့ထိတိုင် ရန်သူလာလျှင် ခတ်ချိုရွာထဲက ရှေးခေတ်အဝတ်အစား မောက်တိုဆောင်းထားသော စစ်သားများ မြင်းစီးထွက်လာကြသဖြင့် ရန်သူတွေ ပြန်ပြေးကြသည်ဟူ၏။

ဝိုင်းမော်စေတီတော်ကိုအောင်မော်စံဆရာတော်တို့ ပြုပြင်တည်ထားရာမှာလည်း ရွာထိပ်က လက်ပံပင်ကြီးတစ်ပင် ခြေရင်းက မီးနိုးလုံးများထွက်ကာ သစ်ပင်ထိပ်ဖျားတက်ပြီး ပျောက်ကွယ်သွားပါသည်။ သစ်ပင်ခြေရင်းကို တူးကြည့်ရာ ဓာတ်တော်မွေတော်များစွာ ရခဲ့သည်။ ည,ညဆိုရင် ရောင်ခြည်တော်လွှတ်သည်ဟု ဆိုသည်။

## နတ်များကိုယ်တိုင် ရွှေချသည်


ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၏ မြစ်ရိုးတစ်လျှောက် ဧရာဝတီမြစ်ကြောင်းရှိ တာလောကြီးကျေးရွာမှ ခေါင်ဖူးစေတီတော်ကြီး၊ မြစ်ကြီးနား ဝိုင်းမော်ကူး ဗလမင်းထင်တံတား၏ မြောက်ဘက်နားက ရွှေစေတီဘုရား မြစ်ကြီးနားမြို့ ပမ္မတီးရပ်ကွက်က အုပ်စိုးစံကျော်စေတီတော်တို့သည် နတ်များကိုယ်တိုင် ရွှေသင်္ကန်းကပ် (ရွှေချ)ခဲ့ကြောင်း အစဉ်အဆက် ယုံကြည်ကြပါသည်။





www.burmeseclassic

www.burmeseclassic.com



ရွှေမဉ္ဇူဘုရား

<u>အံတော်ရှင်စေတီ</u>

အံတော်ရှင်စေတီသည် အံတော်ရှင်ကျောင်းအနီးမှာရှိပြီး မြစ်ကြီးနားမြို့ နာရေးကူညီမှုအသင်းရုံးလည်းရှိသည်။ အံတော်ရှင်စေတီတွင် ဌာပနာထားသော အံတော်သည် အစစ်မဟုတ်ပါ။ အစစ်နှင့် ရင်ငွေ့လုံထားသော အံတော်ပွားသာဖြစ်သည်။ သို့သော် အံတော်ရှင်အစစ်ထက်တောင် တန်ခိုးကြီးသည်ဟု ဆိုကြသည်။

ခရစ်နှစ်(၁၉၇၃-၁၉၇၄)ခုနှစ်လောက်က ဖြစ်ပါသည်။ ကောင်းကင်က ပေ(၂၀၀)ခန့်အချင်းရှိသော တိမ်တိုက်ကြီးသည် လေထီးနှင့် ဆင်းလာသလို မြေသို့ကျလာပြီး အံတော်ရှင်စေတီကို ထမင်းစားပွဲအုပ်ဆောင်းနဲ့ အုပ်ထားသလို အုပ်မိုးလိုက်ပါသည်။ ထိုနေ့က မြစ်ကြီးနားမှာ မိုးမအုံ့ပါ။ အံတော်ရှင်စေတီကို မည်သူမျှမမြင်ကြရတော့ပါ။ လူအများ ပြောကြတာက အံတော်ရှင်စေတီကို ဗြဟ္မာများ၊ နတ်များ၊ ဝိဇ္ဇာများ လာဖူးတာမှာ လူတွေ နှောင့်ယှက်မှာစိုး၍ တိမ်နှင့်ဖုံးပြီးမှ ဖူးကြသည်ဟု ဆို၏။

အောင်မော်စံဘုန်းကြီးလည်း သေသေချာချာ ဖူးပါသည်။ အံတော်ရှင်စေတီပုံပျောက်ပြီး တိမ်လုံးကြီး ဖြစ်သွားပါသည်။ စေတီကို မမြင်ရတော့ပါဘူး။ အံတော်ရှင်ကျောင်းနားက ရပ်ကွက်တွေဖြစ်တဲ့ ဇရပ်ရပ်ကွက်၊ ယုဇနရပ်ကွက်၊ လင်းရောင်ခြည်ရပ်ကွက်ကလူတွေ အုံးအုံးကျက်ကျက် ကြည့်ကြသည်။ စေတီတော်ကြီးအနားတော့ မည်သူမှ မကပ်ရဲကြပါဘူး။ တိမ်ညိုဖုံးချိန် (၄၅)မိနစ်ခန့်ကြာမည် ထင်သည်ဟု အမိန့်ရှိသည်။

စေတီက ပြန်လင်းလာသည်။ တိမ်ညိုကြီးလည်း ကြက်ပျောက်ငှက်ပျောက် ပျောက်သွားပါသည်။ အံတော်ရှင်စေတီနှင့် ကျောင်းမြေနေရာသည် ကချင်တိုင်းရင်းသားခေါင်းဆောင်ကြီး ဆမားဒူးဝါးဆင်ဝါးနောင်က လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ဧရိယာ(၁၀)ဧကရှိ၏။

<u>အင်းတော်ကြီးက ရွှေမဉ္ဇူဘုရား</u>

ကချင်ပြည်နယ် အင်းတော်ကြီးအတွင်း လွန်စွာတန်ခိုးကြီးသော ရွှေမဉ္ဇူဘုရားရှိသည်။ ရွှေမဉ္ဇူဘုရားနှင့် ပတ်သက်၍ ပြောစမှတ်တစ်ခုမှာ ဘုရားတွင် စက်ကြိုးကြိုးလေးချောင်းရှိသည်။ သုံးကြိုးပြတ်သွားပြီ။ ကျန်နေသည့် ကြိုးတစ်ချောင်းကလည်း ပြတ်လု,ပြတ်လု ဖြစ်နေပြီ။ ဒါပြတ်လျှင် တိုင်းပြည်ပျက်မည်၊ ကမ္ဘာကြီးပျက်မည်ဟူသော ကောလာဟလလား၊ သူတော်စင်တို့ပေးသော သတင်းလား ခုထိတော့ လေ့လာဆဲဖြစ်သည်ဟု ဆရာတော်ကြီးက ဆိုသည်။

အင်းတော်ကြီးသည် မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်တွင် တည်ရှိပြီး



အင်းတော်ကြီးနှင့် ရွှေမဉ္ဇူဘုရား



www.burmeseclassic

www.burmeseclassic.com


အောင်စေရန်အောင်စေတီတော်

မြေပုံညွှန်းအရ အရှေ့လောင်ဂျီတွဒ်(၉၆ ၂၃ နှင့် ၉၇ ကြား)၊ မြောက်လတ္တီတွဒ် (၂၅ နှင့် ၂၆ ကြား)တွင် တည်ရှိသည်။ အများက အင်းတော်ကြီးအိုင် အကျယ်အဝန်းကို အလျား(၁၆)မိုင်၊ အနံ(၈)မိုင်ဟု ဆိုကြပြီး မြန်မာ့စွယ်စုံကျမ်းတွင် မြန်မာနိုင်ငံ၏ အကြီးဆုံးသောအင်းသည် မိုးကောင်းချောင်းဖျား၌ စတင်လာပြီး အလျား(၁၄)မိုင် အနံ(၇)မိုင်ဟု ဆို၏။

အင်းတော်ကြီး၏ ရေလယ်တွင် ရွှေမဥ္ဇူဘုရားတည်ရှိပြီး သျှမ်းနီလူမျိုး၊ တိုင်းခမ်းတီး၊ တိုင်းလှုံ၊ တိုင်းကတူး၊ တိုင်းကနန်း အချို့အခေါ် ကတူးကနန်းတို့၏ သမိုင်းဝင် ထင်ပေါ်ကျော်စော တန်ခိုးကြီးသော စေတီဘုရားတစ်ဆူ ဖြစ်သည်။

ဤရွှေမဥ္ဇူဘုရား ရေလယ်ဘုရားသည် ဥတ္တရစော ဖြူမင်း၏ ပျောက်ဆုံးနေသော ရွှေမြို့တော်တည်နေရာဖြစ်သလို အင်းတော်ကြီးကပင် ထူးဆန်းအံ့သြဖွယ်ရာများဖြင့် ပြည့်စုံလျက်ရှိသည်။

ဒေသခံများ၏ အဆိုအရ အင်းတော်ကြီး၏ အံ့ဖွယ်ကိုးပါးမှာ-

၁။ အလျား(၈)တိုင်၊ အနံ(၄)တိုင် ကျယ်ဝန်း၍ မြန်မာပြည်တွင် အကြီးဆုံးအင်းဖြစ်ခြင်း၊

၂။ အနောဒတ္တ ရေအိုင်ကဲ့သို့ လွန်စွာသန့်ရှင်းခြင်း၊

၃။ အံ့လွန်ကျယ်ဝန်းသော အင်းကြီးဖြစ်သော်လည်း အင်းထဲတွင် ဆိုးရွားသော မိကျောင်း၊ ငါးကြီး စသည်တို့ကို မဆိုးရွားရအောင် အင်းတော်ကြီးအရှင်က ထိန်းသိမ်းထားနိုင်ခြင်း၊

၄။ ထိုအင်းကြီးထဲသို့ မတော်တဆ လူတို့ကျ၍ သေဆုံးရသည့်တိုင် အနာအဆာမရှိ၊ ငါးကြီးများကလည်း မစားဘဲ ကမ်းစပ်ရောက်အောင် လှိုင်းပုတ်ခတ်တင်ပေးခြင်း၊

၅။ အင်းနားတွင် ရွှေကျင်သော် ရွှေများရရှိခြင်း၊

၆။ အမှိုက်သရိုက်များကို အင်းထဲတွင် မရှိရအောင် နေ့စဉ် ညတိုင်းကမ်းသို့အရောက် လှိုင်းက ပုတ်ခတ်တင်ပေးခြင်း၊

၇။ တစ်နှစ်လျှင် သုံးကြိမ်တိုင် သမက်တော် နန့်တိန်းအရှင်ကြီးက ယောက္ခမတော်အင်းတော်ကြီး အရှင်ထံသို့ ရေပြောင်းပြန်ဆန်တက်၍ ကန်တော့ခြင်း၊

၈။ စစ်တိုက်ရာပါ ချောင်းများကို အင်းကြီးအတွင်းသို့ သန့်ရှင်းစွာ ဝင်ခွင့်ပြုခြင်း၊

၉။ နှစ်စဉ်တိုင်း တန်ဆောင်မုန်းလကစတင်၍ ပြာသိုလအထိ အင်းထဲရှိ ငါးများကို အင်းတော်ကြီးတောင်ပိုင်း(၁၀)မိုင်အကွာတွင် လွဲအိမ်တောင်အရှင်ကြီးက ဆေးခတ်သဖြင့် ငါးများစွာသေဆုံးခြင်း

ဤသို့ဖြင့် အံ့ဖွယ်ကိုးပါးရှိကြောင်း သိရှိရသည်။

အင်းတော်ကြီး ရွှေမဥ္ဇူဘုရား အကြောင်းကိုတော့ အောင်မော်စံဆရာတော်ကြီး ပြန်လည်မိန့်ကြားတာ အံ့သြတကြီး နားထောင်ခဲ့ရသည်။ မကြာမီ သွားရောက်ဖူးမည်ဟု ဆန္ဒပြုထားသည်။ မြစ်ကြီးနားမြို့က ထူးခြားသော အောင်စေရန်အောင်ဘုရားကို အပြန်မှာ ခဏဝင်ဖူးဖြစ်သည်။ မြစ်ကြီးနားက မိတ်ဆွေများက နောက်တစ်ခေါက်လာလျှင် ပူတာအိုမြို့က ကောင်းမှုလုံစေတီတော်ကို သွားဖူးစေချင်သည်။ အထက်ကောင်းမှုလုံ၊ အလယ်ရွှေစည်းခုံ၊ အောက်မှာရွှေတိဂုံဟု စာဆိုရှိကြောင်း ကြားဖူးသည်။ နောက်ထပ်လာလျှင် သွားဖူးမည်ဟု မြစ်ကြီးနားက မိတ်ဆွေများကို ပြောခဲ့ပါသည်။

စကြာဝေးအင်းစုံ

www.burmeseclassic

www.burmeseclassic.com

# လက်ဝါချောင်းရဲ့ စကားထာ

စိုးအိမ်မှူး

မြန်မာ့ပြက္ခဒိန်အရ ပြာသိုလသည် ခရစ်နှစ်ပြက္ခဒိန်၏ နောက်ဆုံးလ(ဒီဇင်ဘာလ)နှင့် ပထမဆုံးသောလအခါ ဇန်နဝါရီလတွင် ပါဝင်လျက်ရှိသည်။

ထို့အပြင် ပြာသိုလသည် မြန်မာ့ဟေမန္တ အချိန်အခါကို ကိုယ်စားပြုထားသေး၏။ ထို့ကြောင့် ပြာသိုလကို ထူးခြားသော လတစ်လဟု ဆိုနိုင်၏။ ခရစ်နှစ်ပြက္ခဒိန်အရ ခရစ္စမတ်နေ့ရက်များ၊ နှစ်ကူးညအခါများကို ပိုင်ဆိုင်ထားသည့်သို့။ မြန်မာ့အမျိုးသားတို့အတွက် အမေနေ့၊ လွတ်လပ်ရေးနေ့များလည်း အထင်ကရရှိနေသေး၏။

ထို့မျှမက-

မြောက်ပြန်လေသွေးသောကာလ၊ နှင်းမှုန်ဖြူလွလွနှင့် ချမ်းအေးသောရာသီသည် လပြာသို၏ ကိုယ်ပိုင်လက္ခဏာများပဲ ဖြစ်လေသည်။



သံသရာအေးဘုန်းတော်ကြီးကျောင်း

ခရစ်နှစ်(၂၀၁၇)ခုနှစ်၊ မြန်မာသက္ကရာဇ်(၁၃၇၉)ခုနှစ်၏ ပြာသိုလ ဆောင်းရာသီသည် ထူးခြားသောလဖြစ်ခဲ့သည်။ ဆောင်းရာသီအဖြစ် ရောက်ရှိလာသော လပြာသိုသည် မြောက်ပြန်လေ၏ အငွေ့အသက်များကို ကွယ်ဝှက်ထား၏။ ငွေနှင်းမှုန်တို့၏ ခြေသံကို တိုးလျှနေစေခဲ့၏။

ဟေမန္တ၏ပုံရိပ်များ တိမ်ကောသွားပြီလောဟု ထင်မှတ်လောက်အောင် ပြာသိုလသည် လှည့်စားနေခဲ့သည်။ သို့သော် ဒီဇင်ဘာလ၏ နှောင်းရက်များ၊ ပြာသိုလပြည့်ခါနီး နေ့ရက်များမှာတော့ ဆောင်း၏ဇာတိပုံ ပေါ်လာသည်။

မြောက်လေသွေးတိုင်း အေးစိမ့်လာ၏။ သိပ်သည်းသော နှင်းငွေ့တွေက နံနက်ခင်းတွေကို တန်ဆာဆင်လာ၏။ သို့သော် လွန်ကျူးသော အေးစိမ့်မှုများကြောင့် ပြာသိုလ၏ ထူးခြားမှုကို သတိပြုမိရ၏။ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရာသီတွေ ဖောက်လွဲဖောက်ပြန်ဖြစ်လာသည်။ ရာသီတွေ ဖောက်ပြန်လာခြင်းက ပြာသိုလကို ရိုက်ခတ်လာခြင်းပေလား။

မည်သို့ဆိုစေ (၂၀၁၇)ခုနှစ် နှောင်းရက်များ(မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ်)၏ ဆောင်းရာသီသည် ထူးခြားဆန်းကြယ်သော ရာသီဖြစ်ခဲ့ရသည်က အမှန်ပဲဖြစ်လေသည်။

ထိုစဉ်မှာပင် စာရေးသူအတွက် ခရီးထွက်ခွင့်ကြုံလာသည်။ မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်က သစ်တောများ တောင်ရွာသို့သွားရမည့် ခရီးစဉ်ပဲ ဖြစ်လေသည်။ ဆိုရပါလျှင် အညာဒေသဘက်သို့ နှင်ရမည့်ခရီးစဉ်ဟု ဆိုရပေမည်။

အညာဟူသည်ကား အေးစရာရှိလျှင် ရေခဲလုနီးပါး အေးစက်ပြီး ပူစရာရှိလျှင် ကျောကော့အောင် ပူတတ်သော အရပ်မျိုးဖြစ်ပါပေ။ ထိုခရီးကို ဖိတ်ခေါ်သူများက စာရေး

www.burmeseclassic

www.burmeseclassic.com

ဆရာမောင်လှ(ကွမ်းမြို့တော်)နှင့် ဇနီး မသန်းသန်းနွယ် တို့ ဖြစ်သည်။

စင်စစ် စာရေးသူမှာ ဆရာမောင်လှ(ကွမ်းမြို့တော်) တို့ ဇနီးမောင်နှံနှင့်သာမက ဆရာမောင်လှ၏ ညီအစ်ကို မောင်နှမများနှင့်ပါ ရင်းနှီးနေသူဖြစ်သည်။ ထို့အတွက် ဆရာမောင်လှ(ကွမ်းမြို့တော်)နှင့် အစ်ကိုဖြစ်သူ၏ ရှင်ပြု နားသအလှူမွဲသို့ လိုက်ပါရန် ဖိတ်ကြားလာမှုကို မငြင်း သာခဲ့။

သစ်တော်ဖျား တောင်ရွာဆိုသည်ကလည်း အိမ်ခြေ (၇၀)မျှသာရှိသည့် ရွာငယ်ဇနပုဒ်ဖြစ်သော်လည်း မြန်မာမှု ဓလေ့များ ထုံမွှန်းထားသော ရွာတစ်ရွာဖြစ်သည်။ ရွာသူ ရွာသားများချင်း ချစ်ချစ်ခင်ခင်နေတတ်ပြီး ဧည့်သည် အပေါ် ဧည့်ဝတ်ကျေပွန်ရုံမက နွေးထွေးစွာ ဆက်ဆံလေ့ ရှိသူများ ဖြစ်သည်။


ထို့အပြင် ရွာသူရွာသားများ၏ ရှေးဟောင်းနှောင်းဖြစ် စကားဝိုင်းတွေကလည်း စာရေးဆရာ ကုန်ကြမ်းတွေ ဖြစ် နေတတ်ပါသည်။ (၂၅-၁၂-၂၀၁၇)ရက်နေ့မှ စတင်ထွက် ခွာလာသော ခရီးစဉ်အတွင်း ဆရာမောင်လှ(ကွမ်းမြို့ တော်)၏ဇနီး မသန်းသန်းနွယ်က သူတို့ရွာအထိ လိုက် ပို့မည်။ သူ့ရွာမှာ ထူးခြားအံ့ဖွယ်အကြောင်းများ ရှိနေပါ ကြောင်း စကားဦးသမ်းလာပြန်သည်။

ထိုအခါမှ စာရေးသူ လိုက်ပါလာသော ခရီးစဉ်သည် သစ်တော်ဖျား တောင်ရွာအလှူပွဲမျှသာမဟုတ်။ စစ်ကိုင်း တိုင်းဒေသကြီး၊ မြောင်မြို့နယ်အတွင်းရှိ သောင်ကြီးရွာ (မသန်းသန်းနွယ်)၏ ဇာတိမွေးရပ်မြေသို့တိုင် ရောက်ရှိ လေမည့် ခရီးစဉ်ဖြစ်ကြောင်း သိလိုက်ရလေသည်။

သို့နှင့်ပင် (၂၅-၁၂-၂၀၁၇)ရက်နေ့ နံနက်ခင်းမှ စတင်ခဲ့သော ခရီးစဉ်က မွန်းလွဲ(၁း၀၀)နာရီခန့်တွင် သစ် တော်ဖျားတောင်ရွာသို့ ရောက်ရှိစေခဲ့၏။ အလှူရှင် ဦး အောင်ဝင်း၏ နေအိမ်တွင် နေ့လယ်စာစားပြီး ခဏအနား ယူကြသည်။

ညနေ(၃း၀၀)နာရီခန့်တွင်တော့ မသန်းသန်းနွယ်၏ ရွာသို့ ဆရာမောင်လှ(ကွမ်းမြို့တော်)၏ ပရိဘောက်(စ်) ကားကလေးနှင့်ပင် ဆက်လက်ထွက်ခွာလာကြသည်။

သစ်တော်ဖျားတောင်ရွာမှသည် အမြန်လမ်းပေါ်ပြန် တက်ကာ အမရပူရမြို့နယ်ကိုဖြတ်ပြီး ရတနာပုံတံတား


ကျောင်းတွင်းရှိ စေတီ

ကြီးမှတစ်ဆင့် စစ်ကိုင်းမြို့ဘက် ကူးခဲ့ကြသည်။ ထို့ နောက် စစ်ကိုင်း-မုံရွာလမ်းအတိုင်း ကားလေးက တရိပ် ရိပ်ပြေးနေတော့၏။ သည်စဉ် အညာဆောင်းက အေးစိမ့် မှုနှင့် ခရီးဦးကြိုပြုလာသည်။

စစ်ကိုင်း-မုံရွာလမ်းအတိုင်း လာခဲ့ကြရာ မြောင်မြို့ ဘက်သို့သွားသည့် လမ်းခွဲအရောက်မှာတော့ မှောင်ရီ သန်းစပြုလာပြီဖြစ်သည်။ သို့သော် မြောင်မြို့မရောက်မီ (၁၀)မိုင်ခန့်အတွင်း ကြော့မင်း၊ ရွာသစ်၊ ခြေရာတော်ဟု ဆိုသော ရွာတွေကို ဖြတ်ကျော်ခဲ့ကြသည်။

ဤတွင် ကြော့မင်း၊ ခြေရာတော်ဟုဆိုသော အမည် တွေက စာရေးသူကို ဆွဲဆောင်စပြုလာသည်။ ထိုမျှမက မြောင်မြို့မှတစ်ဆင့် (၇)မိုင်ခန့်ဆက်သွားရသည့် ခရီးစဉ် အတွင်း ကဟို့ကုန်းရွာ၊ လှေတင်ဦး၊ ဖွားစော၊ ဆွဲလဲအို၊ နဘက်ဆိုသော ရွာအမည်တွေက ပုဂံခေတ်ပုံရိပ်များ ယှက်သန်းနေကြောင်းကို မသန်းသန်းနွယ်က ပြောပြလာ သည်။

မကြာခင်မှာပင် စစ်ကိုင်းတိုင်းဒေသကြီးမှ နာမည် ကျော် ရေအိုးများ ထွက်ရှိရာ နဘက်ရွာသို့ ရောက်ရှိလာ



www.burmeseclassic

www.burmeseclassic.com



စံကျောင်းခန်းမကြီးထဲရှိ ဘုရားခန်း

သည်။ ထိုမှ နဘက်ရွာနှင့် ကပ်လျက်ရှိသည့် ဘုရင်ဂျီရွာကလေးသို့ ရောက်လာသည်။ ဘုရင်ဂျီရွာကား ကုန်းဘောင်ခေတ်အတွင်း မြန်မာနိုင်ငံသို့ ရောက်ရှိလာသည့် နိုင်ငံခြားသား ခရစ်ယာန်ဘာသာဝင်များ စုစည်းနေထိုင်ရာ ရွာကလေးဖြစ်သည်။

အထက်မြန်မာပြည်တစ်ဝန်းတွင် အကောင်းဆုံးသော ဘာသာရေးအဆောက်အအုံကို ပိုင်ဆိုင်ထားသော ရွာကလေးဟု သိရသည်။ လက်ဝါချောင်းကမ်းပါးကို မေးတင်တည်ထားပြီး လက်ဝါချောင်းတစ်ဖက်ကမ်းမှ သောင်ကြီးရွာနှင့် မျက်စောင်းထိုးအနေအထားမှာ တည်ရှိနေ၏။ လက်ဝါချောင်းကား မိုးလွန်ကာလမို့ ချောင်းထဲ ရေမရှိတော့။

ထို့ကြောင့် ဘုရင်ဂျီရွာကလေးမှနေ၍ သောင်ကြီးရွာသို့ ကားနှင့် တိုက်ရိုက်ဖြတ်ကူးနိုင်ခဲ့သည်။ မိုးတွင်းကာလဆိုလျှင်တော့ သောင်ကြီးရွာဘက်သို့ စက်လှေဖြင့် ကူးရခြိမ့်မည်။

စင်စစ် သောင်ကြီးရွာကို လက်ဝါချောင်းက ပတ်ခွေစီးဆင်းပြီးမှ ဧရာဝတီမြစ်ကြီးထဲ စီးဆင်းသွားနေခြင်းဖြစ်သည်။ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ဆုံရာ ဒေသဖြစ်၍ မြစ်ဝှမ်းလွင်ပြင်အရပ်ဟု ဆိုနိုင်ကောင်း၏။ ထို့အတွက် သောင်ကြီးရွာမြေတွေမှာ မြေသြဇာကောင်းနေခြင်းဖြစ်သည်။

မြေဆီမြေသား ကောင်းမွန်လှ၍လည်း သောင်ကြီးရွာသည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ မြေပဲ၊ မတ်ပဲ အစရှိသည့် ပဲမျိုးစုံအများဆုံးထွက်သော ရွာဖြစ်နေခြင်းပါပေ။

သို့သော် နိုင်ငံတော်မှပေးသော လျှပ်စစ်မီးကိုတော့ ခိုလှုံခွင့်မရသေး။ ယခုမှ မီးတိုင်များ စိုက်ထူခြင်း၊ လျှပ်စစ်မီးကြိုးများ သွယ်တန်းနိုင်ရန် အားထုတ်နေရဆဲဖြစ်သည်။

သို့တိုင်အောင် ရွာရှိဘုန်းတော်ကြီးကျောင်းများမှ မီးစက်များက သောင်ကြီးရွာကို ညဝက်နီးပါးမျှ အလင်းရောင်ကို မျှဝေပေးထားသည်။ သို့ကြောင့်ပေလောမသိ။ ဖြောင့်ဖြူးသောရွာလမ်းမ၊ ကျယ်ဝန်းသန့်ပြန့်သော ခြံဝင်းများနှင့် ခြံရံထားသော သောင်ကြီးရွာကား ခေတ်ကို ရင်ပေါင်တန်း၍ ရပ်တည်နေနိုင်ကြသည်။

နွားငေါက်သံတွေကြားမှာ ထော်လာဂျီမောင်းသံက လျှံထွက်နေ၏။ လှည်းလမ်းပေါ်မှာ ဆိုင်ကယ်များက ဥဒဟိုသွားနေ၏။ မုံရွာ-မန္တလေးမြို့များအထိ ပြေးဆွဲနေသော လိုင်းကားများပေါ်တွင် ခေတ်ပေါ်မိတ်ကပ်နှင့် သနပ်ခါးလိမ်းကျံထားသော အမျိုးသမီးငယ်တို့ အလုပြိုင်၍ အပြိုင်လုနေကြသည်ကို တွေ့နိုင်၏။

စာရေးသူမှာ မသန်းသန်းနွယ်တို့အိမ်မှာ ညစာစားပြီးသည်နှင့် မသန်းသန်းနွယ်၏ ဦးလေးဖြစ်သူ ဦးအုန်းပိုင်၏ လက်ဖက်ရည်ဆိုင်သို့ ရောက်ခဲ့ရသည်။ ရန်ကုန်မြို့ရှိဆိုင်များမှ လက်ဖက်ရည်အရသာထက် မနိမ့်သောလက်ဖက်ရည်အရသာကြောင့် ဝမ်းသာနေမိဆဲ။ ရွှန်းနီ၊ ဒိုလေး စသည့် ကမ္ဘာကျော် ဘောလုံးသမားများ၏ အမည်တွေ ရေရွတ်နေသံများကြောင့် ဆိုင်အတွင်းရှိ တီဗီဖန်သားပြင်ရှိရာသို့ အကြည့်ရောက်သွားမိသည်။

လက်ကိုင်ဖုန်းများအား အခမဲ့အားသွင်းခွင့်ပြုထားသဖြင့် ဆိုင်တွင်းရှိ မီးခုံမှာ ဖုန်းများ ပြွတ်သိပ်နေသကဲ့သို့ ဆိုင်ပြည့်လုနီးပါး ထိုင်ခုံတွေမှာ လူကြီး၊ လူငယ်တွေ အပြည့်နေရာယူထား၍ တီဗီကြည့်နေကြသည်ကို တွေ့လိုက်ရ၏။



www.burmeseclassic

www.burmeseclassic.com

အနီလက်ဖက်ရည်ဆိုင်ကား တစ်နေ့တာ လုပ်ငန်းဝင်ပြီးကြသူများ ညဘက်မှာလာ၍ အပန်းဖြေနေကြသကဲ့သို့ နံနက်ခင်း၊ နေ့လယ်များတွင်လည်း ထုန့်သည်ပွဲစား၊ ရှာခံများဖြင့် စည်ကားနေသည့် ဆိုင်တစ်ဆိုင် ဖြစ်နေသည်။

သို့ဖြစ်၍လည်း ရွှန်းနီ၊ ခိုလေးတို့အကြောင်း သိနေနိုင်ပြီး လက်ရှိနိုင်ငံရေး၊ စီးပွားရေးကိစ္စများနှင့် မစိမ်းလှသော သောင်ကြီးရွာ ဖြစ်နေခြင်းပါပေ။

သို့နှင့် (၂၆-၁၂-၂၀၁၇)ရက်နေ့ နံနက်ခင်း လက်ဖက်ရည်သောက်ပြီးချိန်တွင် စာရေးသူတို့အား ရွာလယ်ရှိ အလှူမှ ထမင်းစားလာဖိတ်သည်။ ထိုအလှူကား မသန်းသန်းနွယ်၏ သူငယ်ချင်းအလှူ ဖြစ်နေ၏။ ထိုအလှူရှိ၍လည်း မသန်းသန်းနွယ်တစ်ယောက် ရွာပြန်ခဲ့ရခြင်းဖြစ်သည်။

အလှူမဏ္ဍာပ်ရှိရာ အရောက်တွင်မတော့ ရွာဓလေ့တစ်ရပ်ကို ကြုံတွေ့ရသည်။ ရွာခံရွာသားများကို ဧည့်ခံကျွေးမွေးသော ထမင်းစားရုံနှင့် အဝေးရပ်မှာလာသော ဧည့်သည်များ၊ အထူးဖိတ်ကြားထားသူများကိုသာ သီးသန့်တည်ခင်းဧည့်ခံကျွေးမွေးသော ထမင်းရုံဟူ၍ ရှိနေခြင်းပင် ဖြစ်သည်။

ထူးခြားသည်မှာတော့ ဧည့်သည်ကို လိုက်ပို့ပေးသူ ရွာခံကိုပင် ထမင်းရုံအတွင်း ဝင်ခွင့်မပြုခြင်းပဲဖြစ်သည်။ စည်းကမ်းရှိလှသော ဧည့်ဝတ်ပြုမှုတစ်ရပ်ဟု ဆိုနိုင်သည်။

ထို့နောက်မှာတော့ မသန်းသန်းနွယ်၏ သူငယ်ချင်းဖြစ်သူ ဆရာမ ခိုင်နှင်းဝေနှင့်အတူ ရွာတောင်ပိုင်းသို့ ထွက်လာခဲ့ကြသည်။ ဆရာမ ခိုင်နှင်းဝေမှာ ရွာတောင်ပိုင်းရှိ အ·မ·က(၂) မူလွန်ကျောင်းမှ တာဝန်ထမ်းဆောင်နေသူ ဆရာမတစ်ဦးဖြစ်ပြီး သောင်ကြီးရွာဇာတိသူပင် ဖြစ်နေ၏။

ရွာလယ်ပိုင်းအရောက်တွင် အေးငြိမ်း ဗိမာန်ကြီးကို ခမ်းနားစွာ တွေ့မြင်လိုက်ရသည်။ ဗိမာန်အတွင်းမှာတော့ ရန်အောင်မြင်ဆုတောင်းပြည့်ဘုရားကို ဖူးတွေ့ရပါလေသည်။ ထည်ဝါခမ်းနားလှသော ဗိမာန်ရှင်က ဗိုလ်ချုပ်ကြည်အောင်နှင့် ဇနီး ဒေါ်ခင်ခင်လေး မိသားစုဟု ဆိုပါ၏။

ဗိုလ်ချုပ်ကြည်အောင်မှာ ယခင်အစိုးရတစ်ရပ် လက်ထက်တွင် ဝန်ကြီးအဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့သူတစ်ဦးဖြစ်ပြီး သောင်ကြီးရွာသားတစ်ဦး ဖြစ်လေသည်။

ထို့ကြောင့်လည်း သောင်ကြီးရွာ၌ ရွာလယ်ကျောင်းတိုက်တွင် အေးငြိမ်းဗိမာန်ကို ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ပေမည်။ ရွာလယ်ကျောင်းတိုက်နှင့် မျက်နှာချင်းဆိုင်တွင် တွဲဖက်အလယ်တန်းကျောင်းက သန့်ရှင်းသပ်ရပ်စွာ နေရာယူထားသည်။

ထိုကျောင်းမှာ ယခင်က ရွာအရှေ့ဘက် ခပ်လှမ်းလှမ်းတွင် တည်ရှိခဲ့ပြီးနောက် ရွာအရှေ့ဘက် ရွာနှင့်ကပ်၍ တည်ဆောက်ထားခြင်းဖြစ်သည်။ သို့သော် မြစ်ရေလွှမ်းသည့်အချိန်မျိုးတွင် ကျောင်းသားများအတွက် အခက်အခဲရှိနေရာ ယခု ရွာလမ်းမနှင့် ကပ်လျက်နေရာသို့ ဗိုလ်ချုပ်ကြည်အောင်နှင့် ရွာသူကြီးများက စုပေါင်းတိုင်ပင်၍ ပြောင်းရွှေ့ပေးထားခြင်းပဲဖြစ်သည်။

ယခုတော့ ရွာလယ်ကျောင်းတိုက်နှင့် မျက်နှာချင်းဆိုင်အနေအထားမှာရှိနေပြီး ကျောင်းဆောင်နှင့် ကပ်လျက်လမ်းမဘေးတွင် ပညာ့ဘဏ်၊ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပါ တည်ဆောက်ထားပြီးဖြစ်သည်။

ထို့နောက်တွင် ရွာတောင်ပိုင်းရှိ သံသရာအေးဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိခဲ့ရသည်။ သစ်လွင်ခမ်းနား


လွန်ခဲ့သော(၂၄)နှစ်ခန့်ကတည်းက ပျံလွန်တော်မူခဲ့ပြီးသော ဆရာတော် ဦးသောဘိတ (သက်တော် ၈၁ နှစ်)



www.burmeseclassic

www.burmeseclassic.com

သောမုခ်ဦး၊ ထည်ဝါလှသော ကျောင်းတိုက်များက တည်ငြိမ်ရင့်ကျက်မှုအပြည့်နှင့် တည်ရှိနေသည်။

ကျောင်းရှေ့မျက်နှာစာရှိ ခုံတန်းရှည်တစ်ခုပေါ်တွင် ဘုန်းတော်ကြီးတစ်ပါး သီတင်းသုံးနေသည်။ ထိုဘုန်းတော်ကြီးမှာ လက်ရှိကျောင်းထိုင်ဆရာတော် ဦးဝါသဝ ဖြစ်ကြောင်း ဆရာမခိုင်နှင်းဝေက ပြောလာ၍ စာရေးသူတို့မှာ ဆရာတော်ဆီသွား၍ ကန်တော့ကြသည်။

ဆရာတော်ကို ကန်တော့ပြီးကြစဉ် ဆရာမ ခိုင်နှင်းဝေက စာရေးသူတို့နှင့် မိတ်ဆက်ပေးပြီး ပျံလွန်တော်မူပြီဖြစ်သော ဆရာတော်ကြီး ဦးသောဘိတကို ဖူးမြော်လိုကြောင်း လျှောက်ထားလိုက်သည်။

ဆရာတော်က စံကျောင်းတော်ကို ဖွင့်ထားနှင့်ပြီးဖြစ်ကြောင်း၊ ဆရာတော်ကို ဖူးမြော်ပြီး စာရေးဖြစ်ပါက စာမူပါသောစာအုပ် ပေးပို့စေလိုကြောင်း တိုးညှင်းစွာ မိန့်ကြားလာ၏။

ထိုအခါမှ စာရေးသူက မသန်းသန်းနွယ်ကို ငဲ့ကြည့်မိသွား၏။ သောင်ကြီးရွာမှာ ထူးခြားအံ့ဖွယ်ရာ ရှိနေကြောင်း၊ ထိုနေရာသို့ ပို့ဆောင်ပေးမည်ဟု ပြောထားခဲ့ခြင်းကြောင့် ဖြစ်၏။

သို့ဖြစ်၍လည်း ကျောင်းဝင်ပေါက်မုခ်ဦးအနီးမှ တန်ဆောင်းအတိုင်း ကျောင်းအရှေ့ဘက်သို့ ရောက်လာခဲ့ကြသည်။ တန်ဆောင်းအဆုံးမှာတော့ စံကျောင်းဟုဆိုသော ခန်းမကြီးထဲ ရောက်လာ၏။ ခန်းမဆောင်၏ ဘုရားခန်းကို မှန်များဖြင့် ကာရံထားသော်လည်း သော့ဖွင့်ပေးထား၏။

မှန်ခန်း၏တောင်ဘက်ခြမ်း မှန်ပြင်နှင့်ကပ်လျက်တွင် မှန်သားဖြင့် ပြုလုပ်ထားသော မှန်ခေါင်းတစ်ခု စံကျောင်းအတွင်းရှိ ဆင်းတုတော်ကို ခေါင်းပြုထားလျက်ရှိနေသည်။ မှန်ခေါင်း၏ ဘေးတစ်ဖက်တစ်ချက်တွင် ဆရာတော် ဦးသောဘိတဟူ၍ စာတန်းရေးထိုးထားသည်။ သက်တော်ကား (၈၁)နှစ်။

မှန်ခေါင်းအတွင်းမှာတော့ လွန်ခဲ့သော (၂၄)နှစ်ခန့်ကတည်းက ပျံလွန်တော်မူခဲ့ပြီးသော ရဟန်းတစ်ပါး၏ ရုပ်ကလာပ်ရှိနေသည်။ ထိုရုပ်ကလာပ်မှာ သောင်ကြီးရွာဇာတိ ဆရာတော်ဘုရားကြီး ဦးသောဘိတပဲ ဖြစ်သည်။ ကိုယ်ခန္ဓာပေါ်တွင် သစ်လွင်နေဆဲ သင်္ကန်းတော်ကို ရုံပေးထားသည်။ ခြေထောက်တော်မှာ ဖိနပ်စီးပေးထား၏။

ဆရာတော်၏ ရုပ်ကလာပ်မှာ ပျော့ပျောင်းနူးညံ့နေဟန်က အထင်းသားဖြစ်နေ၍ သက်ရှိဆရာတော်တစ်ပါး ကျိန်းစက်နေသည်သို့ ဖူးတွေ့နေရသည်။

စာရေးသူ ထိုနိုင်ငံမှာ ထေရဝါဒဗုဒ္ဓဘာသာဝင်က အများစုဖြစ်သည်။ ဗုဒ္ဓသာသနာဝယ် အာသဝေါကုန်ခန်းပြီးသော ရဟန်းများကို ရဟန္တာဟု သမုတ်လေ့ရှိသည်။ ရဟန္တာများ ခန္ဓာဝန်ချလျှင် အချို့သော ရဟန္တာမြတ်တို့မှာ မိမိခန္ဓာကိုယ်မှဖြစ်သော ဓာတ်တော်တို့ကို ချန်ထားခဲ့သည်လည်းရှိ၏။ အချို့မှာ ရုပ်နာမ်နှစ်ပါးလုံး ချုပ်ငြိမ်းသွားစေရန်လည်း စီမံကြ၏။

စင်စစ် ဓာတ်တော်မွေတော်များ ချန်ထားရစ်ကြသည်မှာတော့ ဗုဒ္ဓ၏သာသနာဝယ် အကျင့်သီလဖြူစင်အောင် စောင့်ထိန်းကျင့်ကြံခြင်းဖြင့် ဘဝ၏ ဆင်းရဲဒုက္ခကို ဖြောင့်မတ်စွာ ကျော်လွှားနိုင်ကြောင်း၊ အေးငြိမ်းသော သန္တိသုခကို ခံစားရရှိနိုင်ကြောင်း သက်သေပြထားခြင်းဖြစ်ပေမည်။

ထိုဓာတ်တော်မွေတော်များကို ဖူးမြော်ရသူအပေါင်းမှာ အတုယူအားကျ၍ ထိုသူတော်စင် အရှင်မြတ်တို့၏ နည်းလမ်းကို လိုက်နာကြည်ညို ကျင့်သုံးကြစေရန် ရည်ရွယ်ရင်းဖြစ်သည်။

ထို့ကြောင့်လည်း စာရေးသူမှာ ရှေ့မှောက်တွင် ဖူးတွေ့နေရသည့် ဆရာတော်ကြီး ဦးသောဘိတ ရုပ်ကလာပ်ကို ဖူးမြော်ရင်း ရဟန္တာလားဟု တွေးနေမိသည်။ စင်စစ် ဗုဒ္ဓသာသနာဝယ် မိမိလို ပုထုဇဉ်လူသားအနေဖြင့် ရဟန်းတစ်ပါးကို ရဟန္တာဖြစ်၊မဖြစ် ဝေဖန်ပိုင်းခြားနိုင်စွမ်း မရှိနိုင်ပါချေ။

အာသဝေါကုန်ခန်းပြီးဖြစ်သည့် ရဟန်းတို့မှလည်း မိမိသည် ရဟန္တာဖြစ်ပြီဟူ၍ ထုတ်ဖော်မိန့်ကြားလေ့မရှိပါ။ ထို့ကြောင့်လည်း ဆရာတော် ဦးသောဘိတ၏ မပုပ်သိုးသောရုပ်ကလာပ် ဖြစ်တည်ခဲ့ပုံကိုသာ စူးစမ်းလေ့လာမိခဲ့သည်။

စာရေးသူသိလိုသည်ကိုတော့ သောင်ရင်းရွာသား စာရေးဆရာ ကိုတင်မောင်ဝင်းက သူသိထားသည့်အတိုင်း ရှင်းပြခဲ့သည်။

ဆရာတော် ဦးသောဘိတမှာ သက်တော်(၈၁)နှစ်တွင် ပျံလွန်တော်မူခဲ့သည်။ သီလ၊ သမာဓိနှင့်ပြည့်စုံ၍

www.burmeseclassic

www.burmeseclassic.com

ဒကာ၊ဒကာမတို့၏ ကြည်ညိုမှုကို ရရှိထားသော ကျောင်းထိုင်ဆရာတော်ကြီးဖြစ်၍ ဈာပနအခမ်းအနားကို တင့်တင့်တယ်တယ်ဖြစ်စေရန် ဒကာ၊ဒကာမများက ကြိုးပမ်းကြသည်။

ဆရာတော်ကြီး ပျံလွန်တော်မူသည်နှင့် ရုပ်ကလာပ်တော်ကို မီးသင်္ဂြိုဟ်သည်အထိ အပူဇော်ခံနိုင်စေရန် စီမံကြ၏။ အချိန်ကာလတစ်ခုအထိ ရုပ်ကလာပ်ကို ပူဇော်နိုင်ရေးအတွက် နည်းလမ်းကြံဆကြသည်။ ဆရာတော်၏ အကျင့်သီလကို ကြည်ညိုသူတွေဖြစ်၍ ဆရာတော်၏ တရားအဆင့်ကိုလည်း မှန်းဆမှုလည်း ရှိခဲ့ကြသည်။

ထို့အတွက် ပျံလွန်ခါစ ဆရာတော်ရုပ်ကလာပ်အောက်မှာ ထန်းပင်မြစ်များ ထားကြည့်ကြသည်။

ကျေးလက်ဓလေ့အရ ထန်းပင်မြစ်သည် မီးဖုတ်၍ စားရသော အစားအစာတစ်မျိုးဖြစ်သည်။ မူလတူးဖော်စဉ်က ကပ်ပါလာသည့် မြေသားနှင့်အတူထားပါက တာရှည်ခံသော အစားအစာဖြစ်လေသည်။

သို့သော် ရွာအတွင်းတွင် တစ်စုံတစ်ယောက် ကွယ်လွန်ပါက ထိုရွာအတွင်းရှိ ထန်းပင်မြစ်တို့မှာ ခေါင်းပိုင်းပုပ်သွားပြီး စားရ၍မကောင်းတော့ပေ။ ကွယ်လွန်သူ၏ အပုပ်နံ့က ထန်းပင်မြစ်ကို ပျက်စီးစေတတ်သောသဘောဟု ထင်သည်။

ထို့ကြောင့် ရွာတစ်ရွာတွင် နာရေးရှိပါက ထန်းပင်မြစ်ရောင်းသူတို့က ထိုရွာကို ရှောင်ကွင်းသွားလေ့ရှိသည်။

ထိုဓလေ့အယူအဆကြောင့် ဆရာတော်ဦးသောဘိတ ပျံလွန်တော်မူသည်နှင့် ရုပ်ကလာပ်အောက်မှာ ထန်းပင်မြစ်များ ထားကြည့်ကြခြင်း ဖြစ်သည်။

ထူးဆန်းသည်မှာတော့ လူသေနံ့ရလျှင် ခေါင်းပုပ်သွားတတ်သော ထန်းပင်မြစ်တို့က ခေါင်းပုပ်မသွားခြင်းပဲဖြစ်သည်။ ထို့အပြင် အိမ်တွင် လူများနှင့်အတူနေသော ကြောင်တို့၏ သဘာဝနှင့်လည်း ရှုစမ်းကြသေး၏။

ကြောင်ဟူသော သတ္တဝါမှာ မိမိအား ပြုစုစောင့်ရှောက်ထားသော လူမိသားစုနှင့်အတူ နေထိုင်တတ်ပါသော်လည်း အိမ်သားတစ်ဦးဦး နာမကျန်းဖြစ်လာလျှင်သော်လည်းကောင်း၊ ကွယ်လွန်သွားသော်လည်းကောင်း ထိုအိမ်တွင် မနေတော့ဘဲ တခြားနေရာသို့ ပြောင်းရွှေ့နေထိုင်လေ့ရှိခြင်းပင်ဖြစ်သည်။



လက်ရှိ ကျောင်းထိုင်ဆရာတော် ဦးဝါသဝ

ကျောင်းတွင် ဆရာတော်ဦးသောဘိတ သက်ရှိထင်ရှားရှိစဉ်ကတည်းက ကျွေးမွေးစောင့်ရှောက်ထားသော ကြောင်တစ်ကောင်ရှိသည်။ ဆရာတော်ကြီးမှာ သက်သတ်လွတ်ဆွမ်းကိုသာ ဘုဉ်းပေးသဖြင့် ထိုကြောင်ကိုလည်း သက်သတ်လွတ်ထမင်းဟင်းများဖြင့်သာ ကျွေးမွေးထားသည်။

ယခု ဆရာတော်ကြီး ပျံလွန်တော်မူပြီဖြစ်ရာ ထိုကြောင်ကို ရှာဖွေကြည့်ကြသည်။ ကြောင်မှာ အခြားကြောင်များ ပြုမူလေ့ရှိသကဲ့သို့ တစ်နေရာရာသို့ တိမ်းရှောင်သွားခြင်းမရှိ။ ဆရာတော်၏ ရုပ်ကလာပ်ပေါ်မှာပင် ဝပ်နေလျက်သား တွေ့ကြရလေသည်။

ထို့အပြင် ကြောင်ကို အသားငါးများ ပါဝင်သော ဟင်းလျာများဖြင့် ထမင်းကို နယ်ဖတ်ကျွေးရာ လုံးဝစားသောက်ခြင်း မရှိပါပေ။ ထို့ကြောင့် ဆရာတော်ကြီး ဦးသောဘိတ ကျွေးသကဲ့သို့ အသက်လွတ်ဟင်းလျာ (ဆီဆမ်း၊ ဆားဖြူး၊ ပဲကြော်)တို့ဖြင့် ကျွေးမွေးမှသာ စားသောက်လေသည်။

သို့နှယ်သော ထူးခြားဖြစ်စဉ်များကြောင့် ဆရာတော်သည် သာမန်ရဟန်းတစ်ပါးအဖြစ် ပျံလွန်ခြင်းမဟုတ်၊



www.burmeseclassic

www.burmeseclassic.com

ထူးကဲသော တရားရှင် ရဟန်းတစ်ပါးအဖြစ် ပျံလွန်တော်မူခဲ့ကြောင်း တပည့်ဒကာ၊ဒကာမတွေ သဘောပိုက်ခဲ့ကြသည်။

ထို့ကြောင့် ဆရာတော်၏ ဈာပနကို တတ်စွမ်းသမျှ ခမ်းခမ်းနားနား ပူဇော်သင်္ဂြိုဟ်ရန် ဆုံးဖြတ်ကြသည်။ ကျေးရွာများတွင် ဘုန်းကြီးပျံဆိုသည်ကို ပေါ့ပေါ့တန်တန် ပြုလုပ်လေ့မရှိ။ ငွေကြေးများစွာကုန်ကျခံ ကျင်းပပူဇော်သင်္ဂြိုဟ်လေ့ရှိကြသည်။

ထို့အတွက် အချိန်ယူပြင်ဆင်ကြရလေ့ရှိပါသည်။ သို့နှယ် အချိန်ယူပြင်ဆင်နေစဉ်အတွင်း အနီးအနားရှိ ကျေးရွာများမှ ဒကာ၊ဒကာမများကလည်းကောင်း၊ ပျံလွန်တော်မူခဲ့သည့် ဆရာတော်၏ ရပ်ဝေးမှ တပည့်ဒကာများမှလည်းကောင်း အချိန်ယူလာရောက်ပူဇော်လေ့ရှိသည်။

ထိုသို့လာရောက်ပူဇော်သူများကို ရွာခံများက ကွမ်း၊ ဆေး၊ လက်ဖက်၊ ထမင်း စသည်ဖြင့် ပြန်လည်ဧည့်ခံရသဖြင့် ငွေကြေးပြည့်စုံအောင် စီမံရခြင်း၊ ဘုန်းကြီးပျံပွဲတွင် သုံးရသည့် ဧည့်ခံမဏ္ဍပ်မှစ၍ သံဃာဆောင်၊ ခေါင်းတလား၊ ပြာသာဒ် စသည်တို့ပြုလုပ်ရန် အချိန်ကာလတစ်ခု ကြာတတ်သည်။

ထို့အတွက် ဆရာတော်ဦးသောဘိတ၏ ဈာပနအတွက် သင်္ဂြိုဟ်ပွဲကျင်းပရန် အချိန်အနည်းငယ် ယူရလေသည်။ ထိုအချိန်ကာလအတွင်း ရုပ်ကလာပ်တော် မပျက်စီးစေရန်လည်း ကြိုးပမ်းကြရပြန်သည်။


ကျောင်းအထွေထွေအလှူရှင် ဦးထွန်းကြည်၊ ဒေါ်ချောချော

ယင်းမနက် ပျံလွန်ခါစ ဆရာတော်၏ ရုပ်ကလာပ်တော်ကို ခေတ်မီဆေးဝါးဖြင့် ထိုးနှံ၍ မပုပ်သိုးစေရန် စီမံခဲ့ကြရသည်။ ထို့ကြောင့် ဆရာတော်၏ ရုပ်ကလာပ်အား ထိုးဆေးတစ်လုံးထိုး၍ ယာယီစံကျောင်းဖြင့် ပူဇော်ခံထားခဲ့သည် ဆို၏။

အကယ်၍ သတ်မှတ်ထားသည့် ဈာပနရက်ထက်စော၍ ဆရာတော်၏ ရုပ်ကလာပ်က ယိုယွင်းပုပ်သိုးလာပါက မီးပူဇော်သင်္ဂြိုဟ်ရန်လည်း ပြင်ဆင်ထားရသေးသည်။

သို့သော် ဆရာတော်ဦးသောဘိတ၏ ရုပ်ကလာပ်မှာ သတ်မှတ်ရက်ရောက်သည့်တိုင် ပုပ်သိုးခြင်းအလျှင်းမရှိခဲ့။ ပျော့ပျောင်းနူးညံ့စွာ ရှိနေသည်ဖြစ်၍ တပည့်ဒကာ၊ ဒကာမများ ဝမ်းသာဝမ်းနည်းဖြစ်ရသည်အထိ အံ့ဩခဲ့ကြရသည်။ ထိုးနှံထားသည့် ဆေးဝါးဟူသည်ကလည်း ကျွမ်းကျင်သူပညာရှင်ကိုယ်တိုင် ထိုးနှံပေးထားခြင်း ဖြစ်သော်လည်း ဤမျှရက်ရှည်အထိ ခံနိုင်စရာအကြောင်းမရှိပါချေ။

ထို့ကြောင့် ဆရာတော်၏ ရုပ်ကလာပ်ကို မီးသင်္ဂြိုဟ်ခြင်းမပြုဘဲ ဆက်လက်အပူဇော်ခံထားခဲ့ရာမှ စာရေးသူရောက်ရှိခဲ့သည့်နေ့အထိ (၂၄)နှစ်ကြာသည်အထိ မပုပ်မသိုးဘဲ ရှိနေသည်ကို အံ့ဩဝမ်းမြောက်ဖွယ်ရာ ဖူးတွေ့ခဲ့ရခြင်းဖြစ်သည်။

ဗုဒ္ဓ၏ သာသနာဝယ် တရားဓမ္မကို ရင်ဝယ်ပိုက်၍ ကျင့်ကြံသူတိုင်း အေးငြိမ်းခြင်းသုခကို မလွဲမသွေခံစားရမည်ကို ဗုဒ္ဓအရှင်က မိန့်တော်မူခဲ့ပြီးဖြစ်ပါသည်။ သို့နှယ် အေးငြိမ်းခြင်းသုခကို ခံစားရကြောင်းကိုလည်း ဆရာတော်ဦးသောဘိတက သက်သေထူပြနေခဲ့ပြီဖြစ်၏။

ထိုထိုသော အကြောင်းများကြောင့်လည်း သောင်ကြီးရွာသူဖြစ်သော ကျောင်းဒကာကြီး ဦးထွန်းကြည်၏ ဇနီး ဒေါ်ချောချောတို့က ဆရာတော် ဦးသောဘိတ စံမြန်းခဲ့ရာ ကျောင်းကို ပြုပြင်မွမ်းမံ တိုးချဲ့ဆောက်လုပ် လှူဒါန်းခဲ့လေသည်။ ယခုအခါ အလှူရှင်ဖြစ်သော ကျောင်းဒကာကြီး ဦးထွန်းကြည်နှင့် ဒေါ်ချောချောတို့၏ကောင်းမှုဖြင့် သောင်ကြီးရွာတောင်ပိုင်းရှိ သံသရာအေးဘဝင်တော်

www.burmeseclassic

www.burmeseclassic.com

ကြီးကျောင်းမှ လက်ရှိကျောင်းထိုင်ဆရာတော် ဦးဝါသဝ လက်ထက်တွင် ခန့်ညားသောကျောင်းတိုက်၊ မပုပ်မသိုးသော ဆရာတော်ဦးသောဘိတ ရုပ်ကလာပ်တော် စံမြန်းရာ စံကျောင်းတို့ဖြင့် ဗုဒ္ဓသာသနာအစွန့်ရှည်နိုင်ရန် သာသနာပြုနေလေပြီ။

သို့နှယ် ကုသိုလ်ပြုမှုများကြောင့်လည်း အလှူရှင်ဒေါ်ချောချောမှာ နိုင်ငံတော်မှပေးအပ်သော သုဓမ္မသီရိသုဓမ္မဂီတိဟူသောဘွဲ့များ ပိုင်ဆိုင်ထားခဲ့ပြီး ဖြစ်လေသည်။

သောင်ကြီးရွာမှ အပြန်တွင် ရွာနံဘေးရှိ လက်ဝါချောင်းကလေးက စာရေးသူကို စကားထာဝှက်နေဟန်ဖြင့် နှုတ်ဆက်လာသည်။

သောင်ကြီးရွာဟူသည်က ပရိမ္မဟူသော အရပ်နှင့် (၇)မိုင်မျှသာဝေးသည်။ ပရိမ္မဟူသည်က ပထမမြန်မာနိုင်ငံတော်ကြီးကို စတင်တည်ထောင်သွားသော အနော်ရထာမင်းကြီး၏လက်ရုံး ကျန်စစ်သား နောင် ကျန်စစ်သားမင်းကြီး၏ ဇာတိရပ်ရွာဖြစ်သည်။

ပထမမြန်မာနိုင်ငံ ဘုမိနက်သန် ပုဂံမြေသို့ ဗုဒ္ဓသာသနာ ရောက်ရှိလာစေရန် အစီကစွမ်းဆောင်သူတွေမှာ ရှင်အရဟံမထေရ်မြတ်၊ ပုဂံထီးနန်းရှင် အနော်ရထာ၊ စစ်သူကြီး ကျန်စစ်သားတို့ဟု ဆိုရသော် လွန်မည်မဟုတ်။

ဆိုရမါလျှင် ပရိမ္မသား ကျန်စစ်မင်းက ဗုဒ္ဓသာသနာကို ပြန့်ပွားအောင် သယ်ဆောင်လာသူဖြစ်ပြီး ပရိမ္မနယ်သား ဆရာတော် ဦးသောဘိတက ဗုဒ္ဓသာသနာ၏ အေးငြိမ်းခြင်း သုခပုံရိပ်ကို ဖော်ဆောင်ပြနိုင်သူ ရဟန်းတစ်ပါးအဖြစ် (၂၁)ရာစုတိုင် မော်ကွန်းထိုးနိုင်ခဲ့ပြီ ဖြစ်ပါသည်။

သို့ဖြစ်၍လည်း စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်၊ သောင်ရင်းရွာသားများ၊ ပရိမ္မနယ်သားများ ဝမ်းမြောက်ဂုဏ်ယူနေကြသည်သို့ ဗုဒ္ဓဘာသာဝင်ဖြစ်သော စာရေးသူပါ ဝမ်းမြောက်ဂုဏ်ယူမိရခြင်းဖြစ်သည်။ ထိုနည်းတူ စာဖတ်သူများ ဝမ်းမြောက်အနုမောဒနာ ခေါ်ဆိုနိုင်ရန် ရေးသားတင်ပြရခြင်း ဖြစ်ပါသည်။ စာဖတ်သူများ ဝမ်းမြောက်နိုင်ကြပါစေကုန်။

**စိုးအိမ်မှူး**


## ဆရာဦးသိန်းဝင်း

B.A (Geog:), ဒ.ဘ.န.ဝ (တ.ဆ-၁၄၃၂)

# ပြည်တော်စံ

တိုင်းရင်းဆေးကုခန်း

နှလုံး၊ အသည်း၊ ကျီးပေါင်း၊ အာရုံကြော အားနည်း၊ လေငန်း/လေဖြတ်၊ ကိုယ်စံအားကျခြင်း၊ အကြောနှင့်ပတ်သက်သော ရောဂါများ ကုသပေးပါသည်။

✤ လေဖြတ်ရောဂါ ဝေဒနာရှင်များ အထူးကုသပေးပါသည် ✤

# လေဖြတ်ခြင်းကို

## ကြိုတင်ကာကွယ်ပါ

**လေဖြတ်မည့် လက္ခဏာများ**

* ဦးခေါင်းနောက်စေ့တွင် ခေါင်းကိုက်ခြင်း
* မျက်ခွံနှင့် မျက်စိကြွက်သားတို့ ဆတ်ခနဲ လှုပ်ရှားခြင်း
* ပစ္စည်းများ ကိုင်လျှင် မကြာခဏ လွတ်ကျခြင်း
* ခြေ၊လက်များ ထုံကျဉ်ခြင်း
* လမ်းလျှောက်လျှင် ခြေဆွဲနေခြင်း
* စကားပြော လေးခြင်း

စသည့် လက္ခဏာများ တွေ့ရှိခံစားရလျှင် ကြိုတင်၍ ဆေးစားခြင်း၊ အကြောဖွင့်ခြင်းတို့ကို ပြုလုပ်ပါက လေဖြတ်ခြင်းကို ကြိုတင်ကာကွယ်နိုင်ပါသည်။

ဆေးခန်းဖွင့်ချိန် - နံနက်(၁၁း၀၀)နာရီမှ ညနေ(၄း၃၀)နာရီထိ (တနင်္လာနေ့ ပိတ်သည်)

အမှတ်(၁၉)၊ (၁၁၂)လမ်း၊ (မိုလ်မင်းရောင်လမ်းမ)၊ မင်္ဂလာတောင်ညွန့်မြို့နယ် (ရဲစခန်းရှေ့)။

☎ ၀၉ ၇၉၅၁၄၂၆၈၃ ၊ ၀၉ ၃၁၆၅၂၇၂၄



www.burmeseclassic

www.burmeseclassic.com

ဗုဒ္ဓဝင်ရသစကြြးမုံ

# နန္ဒာဖိုးကြာယ်

# လွမ်းရစ်လေဦး အာနန္ဒာ



မိထွေးတော် မဟာပဇာပတိဂေါတမီ အရှင်သခင်မကြီးကား အသက်အားဖြင့် (၁၂၀) တိုင်ခဲ့ပြီ။ လူ့သက်တမ်းနှင့် နှိုင်းဆမည်ဆိုလျှင်ဖြင့် အနှစ် (၂၀)တောင် စွန်းနေပါပကော။

လောကီလူ့ဘောင်ကို စွန့်ခွာလျက် ဘိက္ခုနီဘ၀ဖြင့် ဗုဒ္ဓသာသနာအတွင်း၌ မွေ့လျော်နေခဲ့သော မယ်တော်ကြီး ဂေါတမီသည် နောက်တော်ပါ ဘိက္ခုနီရဟန်းမ ငါးရာအား ဦးစီးဦးဆောင်ပြုကာ ဘုရားရှင်၏ တရားသဘင်ရှိရာသို့ သိမ်မွေ့စွာ လှမ်းလင့်လာနေသည်ကို မြင်တွေ့ရလေသော ရှင်အာနန္ဒာအဖို့ အကြောင်းထူး တစ်ခုခုရှိလေပြီဟု မှတ်ယူထားလိုက်မိတော့သည်။

အမှန်တကယ်လည်း အကြောင်းက ထူးခြားလွန်းလှပါဘိ။

မယ်တော်ကြီးသည် ဘုရားရှင်အား ပရိနိဗ္ဗာန်ပြုခွင့် ပေးတော်မူပါရန် လျှောက်ထားပန်ကြားနေသည်ကို မြင်လည်းမြင်ရ ကြားလည်းကြားရလေတော့ အသည်းနုသည့် ပုထုဇဉ်ရဟန်းဖြစ်သည်သာမက အငိုလွယ်တတ်သော ရှင်အာနန္ဒာအတွက်တော့ မျက်ရည်တို့က တန့်မနိုင် ဆည်မရတော့။

◆ ◆ ◆

သတ္တဝါဝေနေယျအပေါင်းတို့အပေါ် မဟာကရုဏာတော်ကြီးမားလှပါတဲ့ အရှင်ဘုရား ··တပည့်တော်မဟာအရှင်ဘုရားရဲ့ မယ်တော်ဖြစ်ခဲ့ပါတယ်။ သည်လိုပါပဲ၊ အရှင်ဘုရားဟာလည်း တပည့်တော်မရဲ့ ခမည်းတော်ဖြစ်ပါတယ်ဘုရား။ အကြောင်းကတော့ တပည့်တော်မဟာအရှင်ဘုရားရဲ့ အဆုံးအမဩဝါဒကနေ ပေါက်ဖွားလာသူဖြစ်လို့ပါပဲဘုရား။

www.burmeseclassic

www.burmeseclassic.com

ဟုတ်မှန်ပြီး ကောင်းမွန်အကျိုးရှိတဲ့စကားကိုသာ ဆိုတော်မူတတ်တဲ့ အရှင်ဘုရား..တပည့်တော်မဟာ အရှင်ဘုရားရဲ့ ကြည်ညိုသပ္ပာယ်လှတဲ့ ရူပကာယကို ဖွံ့ထွားပြည့်ဖြိုး ခံ့ညားလာရလေအောင် နို့ချိုရည်တိုက်ကျွေးလို့ ပြုစုခဲ့ပါတယ်ဘုရား။ သည်လိုပါပဲ၊ အရှင်ဘုရားဟာလည်း တပည့်တော်မကို ဓမ္မကာယ ဖွံ့ထွားခံ့ညားလာရလေအောင် တရားနို့ချိုရည် တိုက်ကျွေးလို့ သွန်သင်ဆုံးမဟောကြားပြသခဲ့သူ ဖြစ်ပါတယ်ဘုရား'

မယ်တော်ကြီးဂေါတမီ၏ အကျိုးသင့်အကြောင်းသင့် လျှောက်ထားတင်ပြသော စကားသံတွေက တိတ်ဆိတ်ငြိမ်သက်လှစွာသော တရားသဘင်တစ်ခုလုံးအပေါ် လွှမ်းမိုးနေတော့သည်။ ပြီးတော့လည်း ဆက်လက်လျှောက်ထားမည့် အကြောင်းရပ်တို့အား ငံ့လင့်နေသည့်အလား။

'သူတော်ကောင်းတရားတွေကို ဟောကြားတော်မူလေ့ရှိပါတဲ့ အရှင်ဘုရား..အရှင်ဘုရားအပေါ် တပည့်တော်မ တိုက်ကျွေးခဲ့တဲ့ နို့ချိုရည်ဆိုတာဟာ တဒင်္ဂခဏတာမျှလောက်သာ အဆာပြေစေနိုင်ပေမယ့် အရှင်ဘုရားပြန်လည်တိုက်ကျွေးတော်မူခဲ့တဲ့ တရားနို့ချိုရည်ကတော့ အဆုံးစွန်ကာလထိတိုင်အောင် ဆာလောင်မွတ်သိပ်ခြင်းမရှိဘဲ ပကတိအေးမြလှပါတယ်ဘုရား'

မယ်တော်ကြီးဂေါတမီအဖို့ ဘုရားရှင်အပေါ် မိမိပြုခဲ့ဖူးသော ကျေးဇူးတရားထက် ဘုရားရှင်တုံ့ပြန်တော်မူခဲ့သည့် ကျေးဇူးတရားတို့ကာ နှိုင်းစာမရလောက်အောင် များပြားလှပါကြောင်းကို ပရိနိဗ္ဗာန်ပြုခွင့် တောင်းခံရင်း စီကာပတ်ကုံး လျှောက်ထားနေခြင်းဖြစ်ပေရာ ကြားနာရသူအပေါင်း၏ နှလုံးအိမ်၌ လှိုက်လှိုက်လှဲလှဲ ရှိလှပါပေစွ။

'မဟာပထဝီမြေကြီးအထုထက် ဉာဏ်ပညာကြီးမားလှပါတဲ့ အရှင်ဘုရား..အရှင်ဘုရားဟာ လူ၊ နတ်၊ ဗြဟ္မာ အပေါင်းတို့ရဲ့ နေမင်းတစ်ဆူသာမက နေမျိုးနွယ်တို့ရဲ့ တံခွန်သဖွယ်လည်း ဖြစ်တော်မူပါတယ်ဘုရား။ တပည့်တော်မရဲ့ နောက်ဆုံးအချိန်ကာလမှာ ရှိသေစွာ ဖူးမြင်ရှိခိုးခဲ့ပါတယ်ဘုရား။ တပည့်တော်မဟာ အရှင်ဘုရားကို နောက်ထပ်တစ်ဖန် ဖူးမြင်ရှိခိုးချင်ပေမယ့် ဖူးမြင်ရှိခိုးခွင့် မရနိုင်တော့ပါဘုရား။

'အရှင်ဘုရား..တပည့်တော်မဟာ အရှင်ဘုရားရဲ့ထံတော်မှာ မိန်းမတွေ ရဟန်းပြုခွင့်ရနိုင်ဖို့ကို ခွင့်တောင်းခဲ့ပါတယ်ဘုရား။ အဲသည်လို လျှောက်ထားတောင်းခံခဲ့တဲ့အတွက် အပြစ်တစ်စုံတစ်ရာများရှိခဲ့ရင် မဟာကရုဏာတရား ရှေ့ထားလို့ ခွင့်လွှတ်တော်မူပါဘုရား။

သတ္တပါဝေနေယျတို့အပေါ် မဟာကရုဏာကြီးမားတော်မူလှပါတဲ့ အရှင်ဘုရား..တပည့်တော်မနဲ့အတူ ရဟန်းဘောင်ကို ဝင်ရောက်လာခဲ့ကြတဲ့ ရဟန်းမတွေကို အရှင်ဘုရားရဲ့ ခွင့်ပြုချက်နဲ့ တပည့်တော်မဟာ အစစအရာရာ သွန်သင်ဆုံးမတော်မူခဲ့ ပါတယ်ဘုရား။ အဲသည်လို သွန်သင်ဆုံးမခဲ့တဲ့အခါမှာ အမှားအယွင်းတွေ ရှိခဲ့မယ်ဆိုရင် ကရုဏာတရားရှေ့ထားလို့ သည်းခံခွင့်လွှတ်တော်မူပါဘုရား။

တည်ကြည်ရဲရင့်ပြီး လူ၊ နတ်၊ ဗြဟ္မာ အားလုံးထက် မြင့်မြတ်တော်မူပါတဲ့ အရှင်ဘုရား..သည်လောကကြီးမှာ မိန်းမဆိုတဲ့အမျိုးဟာ အပြစ်မျိုးစုံတို့ရဲ့ အစုအပုံဖြစ်တယ်လို့ ဆိုခဲ့ကြပါတယ်ဘုရား။ အဲဒါကြောင့် မိန်းမသားတစ်ဦးဖြစ်တဲ့ တပည့်တော်မမှာ အပြစ်တစ်စုံတစ်ရာများရှိခဲ့မယ်ဆိုရင် ကရုဏာတရားရှေ့ထားလို့ ခွင့်လွှတ်တော်မူပါဘုရား'

မယ်တော်ကြီးဂေါတမီကား မကြာမြင့်မီမှာပင် ပရိနိဗ္ဗာန်ပေတော့မည်။ ပရိနိဗ္ဗာန်ပြုခဲ့ပြီးလျှင်ဖြင့် ဘုရားရှင်အား နောက်ထပ်တစ်ဖန် ပြန်လည်တွေ့ဆုံဖို့ရန် လုံးဝမဖြစ်နိုင်တော့။ သည့်အတွက်ကြောင့်လည်း ရင်ထဲရှိသည့် စကားတို့ကိုလည်းကောင်း၊ တောင်းပန်ဖွယ်ရှိသည့် ကိစ္စအကြောင်းရပ်တို့ကိုလည်းကောင်း တစ်ခုတလေမျှ ကျန်ရစ်ခြင်းမရှိရလေအောင် လာရောက်ဝန်ချတောင်းပန်နေရခြင်း ဖြစ်တော့သည်။

သည်လိုအနေအထားမျိုးကို မကြုံလို့ မကြားလိုသူက ရှင်အာနန္ဒာရယ်ပါတည်း။

အသံမဲ့တိတ်ဆိတ်စွာဖြင့် ရှိုက်ငင်ငိုကြွေးနေသည့် သူဝန်းကျင်အနီးအဝေးမှာတော့ ဘုရားရှင်၏ ထင်ရှားကျော်ကြားလှစွာသော ရဟန္တာအရှင်မြတ်တွေက အစီအရီ။

အဆိုပါ ရဟန္တာအရှင်မြတ်ကြီးတွေထဲမှာ မိန်းမဆိုပါက အပြစ်နှင့်ယှဉ်၍ ရှုမြင်တော်မူတတ်ကြသော ပုဂ္ဂိုလ်တွေလည်း ပါဝင်ကြလိမ့်မည်။ အထူးသဖြင့် မိန်းမသားများ ဖြစ်ကြပါလျက် ရဟန်းပြုခွင့် တောင်းခံခြင်းကိုပင်



www.burmeseclassic

www.burmeseclassic.com

အမြင်မကြည်မလင်ဖြစ်ကာ အပြစ်ဟူ၍ ရှုမြင်ကြလိမ့်မည်။ သည့်အတွက်ကြောင့်လည်း ဘုရားရှင်ကို မဏ္ဍိုင်ပြုလျက် အဆိုပါ ပုဂ္ဂိုလ်ကြီးများကိုပါ ခွင့်လွှတ်သည်းခံပေးတော်မူပါရန် တောင်းပန်လျှောက်ထားခဲ့ခြင်းပင်မဟုတ်ပါတကား။

အရာရာကို တွေးရှုဆင်ခြင်တော်မူလေ့သည့် ဘုရားရှင်လည်း ခပ်မဆိတ်နေခဲ့ရာမှ ရွှေနှုတ်တော်ကို ဖွင့်ဟတော်မူလိုက်ပါလေ၏။

‘ဂုဏ်ကျေးဇူးအပေါင်းတို့ရဲ့ တည်မှီရာ ဖြစ်ပေတဲ့ ဂေါတမီ..သင့်မှာ အပြစ်ဆိုစရာ၊ အပြစ်တင်စရာ တစ်စုံတစ်ရာမျှမရှိခဲ့ပါ။ ဒါကြောင့် ငါဘုရားရှင်အနေနဲ့ တမင်တကာ ခွင့်လွှတ်ဖို့ရာ ဘာအကြောင်းမျှ မရှိပေဘူး ဂေါတမီ။ သင့်ဆန္ဒရှိရာကိုသာ လျှောက်ထားပါလေတော့’

‘ကျေးဇူးကြီးလှပါပေတယ် အရှင်ဘုရား’

သည်သို့ ဝမ်းမြောက်ဝမ်းသာစွာ ဆိုရင်းမှ တရားသဘင်အတွင်းရှိ ပုဂ္ဂိုလ်အားလုံး ကြားသိဖို့ရာ ကန်တော့ပန်းကို ပွင့်လန်းလိုက်တော့သည်။

‘အရှင်မြတ်တို့ဘုရား..တပည့်တော်မရဲ့ ဟောသည့်ခန္ဓာကိုယ်ကြီးဟာ အဆိပ်ပြင်းတဲ့ မြွေဆိုးအပေါင်းတို့ခိုကိုးရာ တောင်ပို့ကြီးနဲ့ အလားသဏ္ဌာန်တူသလို ရောဂါဝေဒနာအပေါင်းရဲ့ တည်ရာမှီရာလည်း ဖြစ်ပါပေတယ်။ ဆင်းရဲဒုက္ခဟူသမျှရဲ့ အစုအပုံကြီးဖြစ်သလို အိုခြင်း၊ နာခြင်း၊ သေခြင်းတရားတို့ ကျင်လည်ကျက်စားရာလည်း ဖြစ်ပါပေတယ်။ ဒါတင်မက အညစ်အကြေးပေါင်းများစွာ မှီတင်းနေထိုင်ရာလည်း ဖြစ်ပါပေတယ်။

အရှင်မြတ်အပေါင်းတို့ဘုရား..တပည့်တော်မဟာ အဲသည်ခန္ဓာကိုယ်ကြီးနဲ့ နေရတဲ့အချိန်ကာလဆိုတာ နှစ်ပေါင်းကြာသောင်းခဲ့ပါပြီ။ အဲသည်ခန္ဓာကိုယ်ကြီး ဝန်ထုပ်ဝန်ပိုးကြီးကို သယ်ပိုးနေရတဲ့အတွက် ငြီးငွေ့လွန်းမက ငြီးငွေ့လှပါပြီဘုရား။ သည့်အတွက် ဒုက္ခဆင်းရဲခြင်းအပေါင်းတို့ကနေ လွတ်မြောက်ရာကို သွားလိုလှပါပြီ။

ဒါကြောင့် တပည့်တော်မကို သွားခွင့်ပြုတော်မူပါ။ အပြစ်များရှိခဲ့ရင်လည်း ခွင့်လွှတ်တော်မူကြပါ။ ပရိနိဗ္ဗာန်ပြုခွင့်ပေးတော်မူကြပါ အရှင်မြတ်တို့ဘုရား’

တရားသဘင်တစ်ခုလုံးကား အပ်ကျသံပင် ကြားရမတတ် တိတ်ဆိတ်ငြိမ်သက်လွန်းလှပါဘိတော့။

မယ်တော်ကြီးဂေါတမီ လျှောက်ထားနေသည့်အထဲတွင် သားတော်အရင်းဖြစ်သည့် နန္ဒမင်းသားတစ်ဖြစ်လဲ အရှင်နန္ဒ၊ မြေးတော်ရှင်ရာဟုလာတို့သာမက ညီတော်ရှင်အာနန္ဒာလည်း အပါအဝင်။

တည်မြဲခြင်းမရှိသော၊ ၄က်ပျောတုံးနှင့်မခြား အနှစ်သာရမဲ့လှစွာသော၊ မျက်လှည့်ဆန်လှသော တံလျှပ်နှင့်တူသော လူ့ဘဝကား ဘာမျှမက်မောတွယ်တာဖွယ်ရာမရှိ။ သည့်အတွက်ကြောင့်ပင် သားတော်ရှင်နန္ဒနှင့် မြေးတော်ရာဟုလာတို့မှာ ဝမ်းနည်းပူဆွေးခြင်းဟူ၍ နတ္ထိ။ အာသဝေါတရားတို့ ကင်းစင်နေသည်မို့ စိတ်ဓာတ်အဟုန်မှာ တုန်လှုပ်မှုမရှိ။

သို့ငြား ဘုရားရှင်ကို နို့ချိုတိုက်ကျွေး ပြုစုစောင့်ရှောက်မှုတွေပေးခဲ့သည့် မယ်တော်ကြီး ပရိနိဗ္ဗာန်ပြုတော့မည့်အရေးက ရှင်အာနန္ဒာအတွက်တော့ တရားသံဝေဂမရနိုင်ဘဲ ဖြေမနိုင် ရေဆိုင်ဝဲဖြစ်ကာ မှိုင်ပွဲတို့ သစ်နေခဲ့ရလေပြီကော။ သည့်အတွက် မယ်တော်ကြီးလည်း ရှင်အာနန္ဒာအား တရားဓမ္မဖြင့် နှားချရပေတော့သည်။ နှစ်သိမ့်ရပေတော့သည်။

‘အရှင်မြတ်ဘုရား..သည်အချိန်မှာ စိုးရိမ်ပူဆွေးမှုတွေ မဖြစ်သင့်ပါဘူးဘုရား။ တကယ်ဆိုရင် တပည့်တော်မဟာ ဝဋ်ဆင်းရဲအပေါင်းကနေ ကင်းလွတ်တော့မှာမို့ ဝမ်းမြောက်ဝမ်းသာဖြစ်ဖို့တောင် ကောင်းလှပါသေးတယ်။

အရှင်မြတ်ဘုရား..အရှင်မြတ်ဘုရားဟာ တပည့်တော်မရဲ့ ကိုးကွယ်ရာ ဖြစ်ပါပေတယ်။ အရှင်ဘုရားရဲ့ ကျေးဇူးကြောင့်သာ တပည့်တော်မတို့ဟာ ဘိက္ခုနီရဟန်းမတွေ ဖြစ်ခွင့်ရခဲ့တာပါ။ ပြီးတော့ နိဗ္ဗာန်ကို မျက်မှောက်ပြုခွင့်ရခဲ့တာပါဘုရား။

အရှင်မြတ်ဘုရား..ဝမ်းနည်းပူဆွေးလို့ စိတ်မကောင်းမဖြစ်ပါနဲ့။ အရှင်ဘုရားရဲ့ ဆောင်ရွက်ကြိုးပမ်းပေးမှုဟာ တပည့်တော်တို့အတွက် တန်ဖိုးမဖြတ်နိုင်လောက်အောင် အကျိုးကျေးဇူးကြီးမားခဲ့ပါတယ်ဘုရား’

သည်သို့ ရှင်အာနန္ဒာ၏ ဂုဏ်ရည်ကို ဖော်ကျူးလျက် နှစ်သိမ့်စကားကို မြွက်ကြားပြီးသည့်နောက် ဘုရားရှင်ကို လည်းကောင်း၊ ရဟန္တာအရှင်သူမြတ်ကြီးတို့ကိုလည်းကောင်း တရားသဘင်အတွင်းရှိ ရဟန်းသံဃာတော်အပေါင်းကိုလည်းကောင်း နောက်တော်ပါ ဘိက္ခုနီ



www.burmeseclassic

www.burmeseclassic.com

ရဟန်းမ ငါးရာနှင့်အတူ ဦးချကန်တော့လိုက်ကြတော့သည်။

◆ ◆ ◆

မယ်တော်ကြီးဂေါတမီနှင့် နောက်တော်ပါရဟန်းမတို့ ကျောင်းတော်မှ ပြန်သွားကြလေတော့ ဘုရားရှင်နှင့်တကွ ရဟန္တာကြီးများ၊ ရဟန်းသံဃာများအားလုံး ကူဋာဂါရကျောင်းတော်ဝထိ လိုက်ပါပို့ဆောင်ခဲ့ကြသည်။

မယ်တော်ကြီးနှင့်တကွ ရဟန်းမငါးရာလည်း မိမိတို့၏ ကျောင်းသခ်မ်းမှာပင် ဈာန်အဆင့်ဆင့် ဝင်စားကာ ပရိနိဗ္ဗာန်စံဝင်ခဲ့ကြလေတော့သည်။

ညီတော်ရှင်အာနန္ဒာကား ကျောင်းတော်ဝဒ္ဒရပ်လျက် အတိတ်၏ ကားချပ်များကို ပြန်လည်မြင်ယောင်ကာ လွမ်းမောတသ၍မဆုံးတော့။

"သြော်··မယ်တော်ကြီးနဲ့ နောက်တော်ပါတွေဟာ ခြေဗလာကိုယ်စီ ဖုန်မှုန့်တွေအလိမ်းလိမ်း ခက်ခဲကြမ်းတမ်း ဝေးလံလှတဲ့ခရီးကို ပင်ပန်းကြီးစွာ လျှောက်လှမ်းလို့ သည်ကျောင်းတော်ဝကို ရောက်ခဲ့ကြတယ်။

ရောက်ပြန်တော့လည်းပဲ ဘုရားရှင်ကို ဝင်တွေ့ဖို့ရာ လျှောက်ထားဖို့ရာ မရဲတဲ့အတွက် ငိုယိုနေခဲ့ကြတယ်။ သည့်အတွက် ငါဟာ ဘုရားရှင်ထံမှာ ရဟန်းဝတ်ခွင့်ရဖို့ အရေးအတွက် သုံးကြိမ်သုံးခါတိတိ ခဲခဲယဉ်းယဉ်း ခွင့်ပန်လျှောက်ထားပေးခဲ့ရတယ်။ သည့်အတွက် ဘုရားရှင်ရဲ့ သာသနာတော်မှာ ပထမဦးဆုံးသော ဘိက္ခုနီမကြီး ဖြစ်ခဲ့တာပဲ။

မယ်တော်ကြီးဟာ လာခြင်းကောင်းသလို ပြန်ခြင်းလည်းကောင်းခဲ့ပါပကောလား။ နိဗ္ဗာန်ဆုမြတ်ကြီးကို ပိုင်ပိုင်နိုင်နိုင် ရယူသွားခဲ့ပါကောလား။ သာဓု··သာဓု··သာဓုပါ မယ်တော်ကြီးရယ်"

ရှင်အာနန္ဒာအဖို့ တရားသံဝေဂယူဖို့ အားထုတ်ကြည့်ပါ၏။ သို့ငြားပါးပြင်မှာတော့ မျက်ရည်တွေက စိုစိုစွတ်စွတ်နှင့်။

သံသရာလွတ်လမ်းကို လျှောက်လှမ်းရဦးတော့မှာပါတကား။

နန္ဒာမိုးကြယ်







www.burmeseclassic

www.burmeseclassic.com

ဘဝဟူသည် ဖြစ်ပြီးလျှင် ပျက်၏။ ပျက်ပြီးလျှင် ဖြစ်၏။ ဖြစ်ခြင်းနှင့်ပျက်ခြင်း အချိုးညီပေါင်းစပ်ထားသော ဖြစ်စဉ်သည် ဘဝမည်၏။ ဘဝ၏အဓိပ္ပာယ်သည် ဤမျှသာဖြစ်၏။ ထို့ထက်မပိုပေ။ ထိုတွင် ဖြစ်လာ၍ ပျော်ရွှင်ရသလို ဖြစ်လာ၍ ဝမ်းနည်းရသည်လည်း ရှိပေသည်။ မှန်၏။ မိမိလိုလားတောင့်တရာများ ဖြစ်လာလျှင် ဘဝသည် ပျော်ရွှင်စရာ ဖြစ်လာ၏။ မလိုလား၊ မတောင့်တအပ်တဲ့ အနိဋ္ဌာရုံများ ဖြစ်လာခဲ့လျှင် ဘဝသည် ပျော်ရွှင်စရာမရှိ၊ ဝမ်းနည်းစရာအတိ ဖြစ်သွားပါသည်။



ပျက်သွား၍ ဝမ်းနည်းရသည် ရှိသလို ပျော်ရွှင်ရသည်လည်း ရှိပေသည်။ မှန်၏၊ လိုလားတောင့်တတဲ့ ဘဝရည်မှန်းချက်များ ပျက်ပြယ်သွားလျှင် ဝမ်းနည်းရ၏။ မိမိထံ ရောက်လာမည့် ဘေးဥပဒ်အန္တရာယ်များ ပျက်ပြယ်သွားလျှင် စိတ်မှာ ပျော်ရွှင်ရပေသည်။ ဖြစ်ခြင်း၌ သုခ၊ ဒုက္ခ ပါဝင်သလို ပျက်ခြင်း၌လည်း သုခ၊ ဒုက္ခ ရှိပေသည်။ ထို့ကြောင့် သုခ၊ ဒုက္ခများ ရောနှောပါဝင်လျက် ဖြစ်ခြင်းနှင့် ပျက်ခြင်း အချိုးညီ ပေါင်းစပ်ထားသော ဖြစ်စဉ်သည် ဘဝမည်၏ဟု နောက်ဆုံးအနေဖြင့် ကောက်ချက်ချချင်ပါသည်။

ဘဝများစွာ ပေါင်းစပ်ထားသော အရာသည်ကား သံသရာပင် ဖြစ်ပါသည်။ စာလို တိတိကျကျပြောလျှင် ခန္ဓာ၊ အာယတန၊ ဓာတ်တို့ စဉ်ဆက်မပြတ် လည်ပတ်ဖြစ်ပျက်နေခြင်းသည် သံသရာမည်ပါသည်။ ဖြစ်ပြီးလျှင် ပျက်ကြရသော်လည်း မပျက်စီးလိုခြင်းဆန္ဒသည် လူတိုင်း၌ ရှိ၏။ ထို့ကြောင့် မပျက်စီးရအောင် ကာကွယ်တားဆီးခြင်း၊ ပြုပြင်တည်ဆောက်ခြင်း၊ ရှောင်လွှဲခြင်း သဘောများသည် သဘာဝအားဖြင့် ထင်ရှားဖြစ်ပေါ်လာပါသည်။ ထိုသဘောအားလုံးကား ပြုပြင်ခြင်း သင်္ခါရပင်တည်း။

ပျက်ပြီး ဖြစ်ရာ၌ ပျက်ပြီးလျှင်ဖြစ်ဟု အလွယ်ပြောကြသော်လည်း ပြန်လည်ပြုပြင်ခြင်း သင်္ခါရသဘော မရှိလျှင် ဖြစ်လာခြင်း မရှိပေ။ ပြုပြင်အားထုတ်ခြင်း သင်္ခါရသဘောရှိပါမှ ပြန်လည်ကာ ဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။ အသက်ရှုခြင်း

# တဖော်ကောင်းဖြင့် ခရီးသွားပါ

ဓမ္မာစရိယ
ဦးဇောဝင်း



www.burmeseclassic

ရှိက်ခြင်း၌ပင် ရှူပြီးလျှင် ရှိက်သွင်းခြင်းကို အားထုတ်ရ၏။ မရှိက်ဘဲ အောင့်ထားလျှင် အောင့်ထားခြင်းကို အားထုတ်ရ၏။ ကြာကြာအောင့်မထားနိုင်၍ ရှိက်သွင်းတော့မည်ဆိုလျှင် ငါ ရှိက်သွင်းတော့မည်ဟု ရှိက်သွင်းရန် အားထုတ်ရပေသည်၊ အားထုတ်ရ၏။

အားထုတ်ခြင်း သင်္ခါရဟူသည်ကား ကံပင်တည်း။ သင်္ခါရ ပြုပြင်အားထုတ်ခြင်းသည် အပြစ်ကင်းတဲ့ ကောင်းသော အားထုတ်ခြင်းဖြစ်ပါက ပုညာဘိသင်္ခါရဟု ခေါ်ပါသည်။ ကောင်းသောကံ၊ ကံကောင်းပင်တည်း။ အဖြောင့်ပြောပါက ကုသိုလ်ကံ ဖြစ်ပါသည်။ အားထုတ်ခြင်း သင်္ခါရသည် အပြစ်မကင်းတဲ့ မကောင်းသော အားထုတ်ခြင်းဖြစ်ပါက အပုညာဘိသင်္ခါရဟု ခေါ်၏။ မကောင်းသောကံ၊ ကံဆိုးပင်တည်း။ အဖြောင့်ပြောပါက အကုသိုလ်ကံ ဖြစ်ပါသည်။

အားထုတ်ခြင်း သင်္ခါရကို အားထုတ်ရာ၌ စေတနာက စေ့ဆော်တိုက်တွန်းပေး၏။ အခြား,အခြားသော ဆိုင်ရာ,ဆိုင်ရာ သမ္ပယုတ်တရားတို့ ပါဝင်အားထုတ်ဖြစ်အောင် စေတနာက တိုက်တွန်းပေးခြင်း ဖြစ်ပါသည်။ စေ့ဆော်တိုက်တွန်းတတ်သောကြောင့်ပင် ထိုစေ့ဆော်တိုက်တွန်းခြင်း သဘောတရားကို စေတနာဟု မြတ်ဘုရားနာမည်တပ်ထားခြင်း ဖြစ်ပါသည်။ သို့သော် စေတနာသည် သူ့ချည်းသက်သက်၊ သူတစ်ဦးတည်းဖြင့် တိုက်တွန်းစေ့ဆော်နိုင်သည်ကား မဟုတ်ပေ။ သင်္ခါရအားလုံးတို့ရဲ့ ရှေ့သွားခေါင်းဆောင် ရှိသေး၏။ အခြားမဟုတ်၊ စိတ်ပင် ဖြစ်ပါသည်။ စိတ်ပါမှ စေတနာ၏ တိုက်တွန်းစေ့ဆော်ခြင်းကိစ္စ ပြီးမြောက်နိုင်၏။

စေ့ဆော်အားထုတ်ခြင်း(သင်္ခါရ) အားလုံးကို စိတ်ဦးဆောင်၏။ စိတ်ကြောင့် ပြီး၏။ သင်္ခါရ=အားထုတ်ခြင်းသာ မဟုတ်။ ဝေဒနာ=ခံစားခြင်း၊ သညာ=မှတ်သားခြင်းတို့ကိုလည်း စိတ်ကပင် ဦးဆောင်ထား၏။ ထို့ကြောင့် 'မနော ပုဗ္ဗင်္ဂမာ ဓမ္မာ'ဟု ဘုရားဟောပြ၏။ ထိုပါဠိက ဝေဒနာ၊ သညာ၊ သင်္ခါရအားဖြင့် နာမက္ခန္ဓာတရား သုံးပါးတို့သည် စိတ်သာလျှင် ရှေ့သွားခေါင်းဆောင်ရှိကုန်၏ လို့ အဓိပ္ပာယ်ရပါသည်။

ဤဟောပြောချက်သည် ယေဘုယျအားဖြင့် အားလုံးနှင့် အဆင်ပြေ၏။ စာဒကတက်စရာ မရှိနိုင်ပေ။

သို့သော် အဘိဓမ္မာသင်တန်း တက်ဖူးသူဆိုပါက 'ဝေဒနာ၊ သညာ၊ သင်္ခါရ(စေတနာ)ဆိုတာ စေတသိက်တွေပဲ။ စေတသိက်နှင့်စိတ်က အတူတူဖြစ်တယ်လို့ အဘိဓမ္မာမှာ သင်ခဲ့ရတာပဲ။ သူ့ကျမှ ဘယ်လိုဖြစ်ပါလိမ့်'လို့ တွေးသွားတတ်ပါသည်။

ဤအတွက် အဋ္ဌကထာဆရာက မကောင်းမှုအတွက် ဥပမာတစ်ခု၊ ကောင်းမှုအတွက် ဥပမာတစ်ခု သီးခြားစီထုတ်ပြပါသည်။ မကောင်းမှုအတွက် သူခိုးဓားပြဥပမာကို ပြ၏။ ကောင်းမှုအတွက် စုပေါင်းလှူဒါန်းပွဲ စသည်ကို ပြ၏။ သူခိုးဓားပြများ ရွာကိုဝင်ပြီး တိုက်ခိုက်လုယက်ရာ၌ 'ဘယ်သူခေါင်းဆောင်လဲ' လို့ မေးလျှင် 'မောင်ဘဆို မောင်ဘ ခေါင်းဆောင်ပါ'လို့ ပြောရ၏။

တကယ်တိုက်ခိုက်လုယက်တော့ အတူတူလုယက်တိုက်ခိုက်ခြင်း ဖြစ်ပါသည်။ သို့သော် အတူတူ လုယက်တိုက်ခိုက်ဖြစ်အောင် စတင်ဦးဆောင်သူ၊ ပံ့ပိုးသူ၊ စီစဉ်သူကား မောင်ဘ ဖြစ်ပါသည်။ ထို့ကြောင့် မောင်ဘကို ခေါင်းဆောင်ဟု ဆိုရ၏။ တစ်နည်းအားဖြင့် တပည့်အချို့ မပါသော်လည်း မောင်ဘပါလျှင် လုယက်တိုက်ခိုက်မှု ဖြစ်ပါသည်။ မောင်ဘ မပါဘဲ တပည့်ချည်းသက်သက်မှု လုယက်တိုက်ခိုက်မှုမဖြစ်လာနိုင်ချေ။ ထို့ကြောင့် မောင်ဘကိုသာ ခေါင်းဆောင်ဟု ဆိုရ၏။

ထို့အတူ စိတ်၊ စေတသိက်တို့ အတူတူ ဖြစ်ချုပ်ကြသော်လည်း ဥပဒ်ခဏ၌ စိတ်ကပင် ဦးဆောင်ရ၏။ စေတသိက်ဖြစ်ဖို့ရာ စိတ်ကပင် ပံ့ပိုးကူညီရ၏။ ထို့ကြောင့် စိတ်သာလျှင် ရှေ့သွားခေါင်းဆောင်ဖြစ်သည်ဟု ဆိုခြင်း ဖြစ်ပါသည်။ စေတသိက်အချို့ မပါဘဲ စိတ်ချည်းသက်သက် ဖြစ်နိုင်၏။ စိတ်မပါဘဲ စေတသိက်ချည်း သက်သက်မှု မဖြစ်နိုင်ပေ။ ထို့ကြောင့် စိတ်ကိုသာ ခေါင်းဆောင်အဖြစ် ကင်ပွန်းတပ်ကာ ဘုရားဟောပြခြင်း ဖြစ်ပါသည်။ အရာရာကို စိတ်က ဦးဆောင်ထားပါသည်။ စိတ်ရှိမှဖြစ်၊ စိတ်ပါမှ ပြီးပါသည်။ ရှေ့စကားကို ပြန်ပြောလျှင် အားထုတ်ခြင်း သင်္ခါရအားလုံးကို စိတ်က ဦးဆောင်ထား၏။ စိတ်ရှိမှဖြစ်၊ စိတ်ပါမှ ပြီးရပေသည်။ စိတ်မပါလျှင် ဘယ်အရာမှ မပြီးနိုင်ချေ။

သို့ဆိုလျှင် စိတ်သည် ဘဝနှင့် သံသရာ တစ်လျှောက်လုံးကို ဦးဆောင်နေသည်မှာ ထင်ရှားတော့၏။

www.burmeseclassic.com

ငြင်းစရာမရှိပေ။ ထို့ကြောင့် စိတ်သည် ဘဝသံသရာမှာ အမြဲလက်တွဲဖော် ဖြစ်ပါသည်။ ကောင်းသောစိတ်က အဖော်ကောင်းဖြစ်သလို ဆိုးသောစိတ်က အဖော်ဆိုး ဖြစ်ပေမည်။ ဤဆောင်းပါး၌ စိတ်ကောင်းဆိုတဲ့ အဖော်ကောင်းရှိရုံသက်သက်မျှဖြင့် ဘဝတစ်ခု တင့်တယ်သွားပုံ၊ အံ့မခန်းကြီးကျယ်မြင့်မြတ်တဲ့ အကျိုးထူး ခံစားရပုံကို တင်ပြပါအံ့။ တစ်ခါတုန်းကဟု နိဒါန်းချီရပေမည်။ ရက်၊ လအားဖြင့် မတိကျပေမယ့် ဖြစ်စဉ်အားဖြင့် ညွှန်းဆိုရလျှင် မြတ်ဘုရား သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်ဝယ် သီတင်းသုံးနေတော်မူစဉ်က ဖြစ်ပါသည်။

လူမျိုးက ပုဏ္ဏားလူမျိုး ဖြစ်ပါသည်။ နာမည်ကတော့ အဒိန္နပုဗ္ဗကတဲ့။ ပုဒ်ခွဲပြီး အဓိပ္ပာယ်ဖွင့်ကြည့်လျှင် စိတ်ဝင်စားစရာ အလွန်ကောင်းပါသည်။ ပုဗ္ဗက=ရှေးတုန်းက၊ အဒိန္န=မလှူဖူးသူတဲ့။ ဤဝတ္ထုကြောင်း မဖြစ်ပေါ်ခင်၊ ဤဒေသနာတော်ကို မဟောသေးခင် ဟိုးရှေးယခင်က ဘယ်သူ့ကိုမှ ဘာတစ်ခုမှ မလှူဖူးတဲ့အတွက် အကြောင်းသိပေါင်းသိ ဒေသခံတွေက ခေါ်ဝေါ်တဲ့နာမည် ဖြစ်ပါသည်။ မြန်မာလို 'မပေးဖူးသူ' ပါပဲ။ လှမ်းခေါ်ရင်လည်း 'ဟေ့. မပေးဖူးသူ' လို့ လှမ်းခေါ်ရပေမည်။ ထိုသို့ခေါ်တွင်တဲ့ ပုဏ္ဏားတစ်ဦး သာဝတ္ထိမြို့ပေါ်မှာ ရှိခဲ့ဖူးပါသည်။

သူ့တွင် သားတစ်ယောက် ရှိ၏။ တစ်ဦးတည်းသောသား ဖြစ်ပါသည်။ အခြားမွေးချင်းပေါက်ဖော် မရှိပေ။ အချစ်ဆုံးသားလို့ ပြောမည်ဆိုက ပြောနိုင်၏။ အရွယ်ကလေး ရောက်လာတဲ့ခါ သူများနည်းတူ အခြားမိဘတွေလိုပင် သားလေးအား အဆင်းတန်ဆာ အလင်္ကာလေးများ ဆင်သပေးလို၏။ နားတောင်းလေးတစ်ခု လုပ်ပေးရကောင်းမှာပဲလို့ တွေးပါသည်။ ပုဏ္ဏေးမနှင့်လည်း တိုင်ပင်၏။ သို့သော် ပန်းထိမ်ဆရာဆီ သွားအပ်လျှင် လက်ခ လျှော့တွက် ပေးရမည်ကို သိ၏။ ထို့ကြောင့် မပေးလို၊ သွားမအပ်ပေ။ မိမိဘာသာ ရွှေကိုလော်၊ ထုထောင်းပြီး နားတောင်းကလေး လုပ်ပေးပါသည်။ လက်ရာကောင်းကောင်း လုလုပပလုပ်ပေးသည် မဟုတ်၊ နားတောင်းဖြစ်ရုံလေး ပြေပြေပြစ်ပြစ် လုပ်ပေးပါသည်။ ပြေပြစ်ရုံ လုပ်ထားတဲ့ နားတောင်းကို ဝတ်ထားတဲ့အတွက် မဋ္ဌကုဏ္ဍလီဟု နာမည်တွင်ပါသည်။

မပေးကမ်းလို မလှူဒါန်းရက် မိမိဥစ္စာကို လျှို့ဝှက်ထားလိုတဲ့ မစ္ဆရိယစိတ်ကြောင့် ဖခင်ဖြစ်သူ ပုဏ္ဏားကြီးက 'အဒိန္နပုဗ္ဗက=မပေးဖူးသူ' ဟု တွင်လာ၏။ လျှော့တွက်လက်ခ မပေးလိုတဲ့ ဖခင်၏ မစ္ဆရိယစိတ်ကြောင့်ပင် သားလည်း 'မဋ္ဌကုဏ္ဍလီ=ပြေပြစ်တဲ့ နားတောင်းရှိသူ' ဟု တွင်လာ၏။ မကြာခင် မဋ္ဌကုဏ္ဍလီ ကျန်းမာရေး ညံ့လာ၏။ ကိုယ်ခံအားကျဆင်းပြီး ပျော့ခွေကာ လဲလျောင်းနေရ၏။ သို့သော် ဖခင်ပုဏ္ဏားကြီးကား သူ့စီးပွားဥစ္စာ ကုန်ခန်းသွားမှာစိုးသောကြောင့် ဆေးဆရာပင့်ပြီး ဆေးမကုပေးချေ။ ဟိုဆေးဆရာဆီသွား မေးမြန်း၊ ဒီဆေးဆရာဆီသွား မေးမြန်း၊ ဟိုဆရာပြောတဲ့အတိုင်း ဟိုသစ်ရွက် ဒီသစ်ခေါက်တွေကို ထုထောင်းပြီး သားအား ဆေးကုပေး၏။ ဒီဆရာပြောတဲ့အတိုင်း ဒီသစ်ရွက် ဟိုသစ်ခေါက်တွေကို ပြုတ်တိုက်ပြန်၏။ ကြာလာတော့ ဆရာများ သားသေ ဆိုသကဲ့သို့ လူနာအခြေအနေ ပိုဆိုးလာပါသည်။

အခြေအနေ လုံးဝမကောင်းတော့မှ ဆေးဆရာတစ်ဦးကို သွားပင့်၏။ ဆေးဆရာသည် လူနာကို မြင်ရုံမျှဖြင့် မရတော့ကြောင်း တန်းသိ၏။ ထို့ကြောင့် တစ်ခုခု လုပ်စရာရှိလေဟန်၊ တစ်နေရာရာကို သွားစရာရှိလေဟန် ပြောဆိုကာ အခြားဆေးဆရာအား ပင့်ဖိတ်ကုသရန် ပြောဆိုပြီး ပြန်သွားလိုက်ပါသည်။ ဆေးဆရာ လက်မခံတဲ့ အဆင့်ထိရောက်သွား၏။ ဆေးဆရာ ပြောဆိုပြုမူပုံကို ထောက်ဆပြီး ငါ့သားတော့ မရတော့ဘူးဟု ပုဏ္ဏားကြီး သိ၏။ ထို့ကြောင့် ဒီအတိုင်းထားပါက လူနာအား သတင်းမေးလာသူများ အိမ်တွင်း ဝင်မေးကြလိမ့်မည်။

သို့ဖြစ်ပါက အိမ်တွင်းရှိ သူ့စည်းစိမ်ဥစ္စာများကို လူတကာမြင်လိမ့်မည်။ မဖြစ်ဘူး၊ အပြင်ထုတ်ထားမှလို့ တွေးပါသည်။ တကယ်လည်း အိမ်ရှေ့ခန်းသို့ ထုတ်ထားလိုက်ပါသည်။ အိမ်ရှေ့ထုတ်ထားလည်း လမ်းမဘက် မျက်နှာမူထားလျှင် လူနာမျက်နှာနှင့် ရှေ့ဆိုင်တိုင်သူများ အိမ်တွင်းဘက်သို့ မြင်နေရဦးမည်။ မဖြစ်ဘူး၊ လူနာမျက်နှာကို အိမ်တွင်းဘက် လှည့်ထားမှဆိုပြီး လမ်းမဘက် ဦးခေါင်းထိုးကာ ချထားလိုက်ပါသည်။ မဋ္ဌကုဏ္ဍလီကား အသက်ပင် မရှူနိုင်တော့လောက်အောင် အားအင်ယုတ်လျော့သွားချေပြီ။ ပျော့ခွေလဲလျောင်းကာ သေမည့်အချိန်



www.burmeseclassic

www.burmeseclassic.com

ကို စောင့်နေတော့၏။

ထိုစဉ် မြတ်ဘုရားလည်း ထုံးစံအတိုင်း ယနေ့ ကယ်တင်ရမည့်သူကို ဉာဏ်တော်ဖြန့်ကာ ရှာဖွေတော်မူရာ မဋ္ဌကုဏ္ဍလီပုံ ဉာဏ်တော်ကွန်ရက်ထဲမှာ အထင်အရှား ဝင်လာခဲ့ပါသည်။ ဥစ္စာကုန်မှာစိုးလို့ ဆေးမကုပေးခဲ့ပုံ၊ ဥစ္စာလူမြင်မှာစိုးလို့ လမ်းမဘက်ခေါင်းထိုးပြီး အပြင်ထုတ်ထားပုံ အားလုံးကို ဘုရားသိတော်မူပါသည်။ မဋ္ဌကုဏ္ဍလီ အကျိုးရှိ၊မရှိကို အဓိကထားကာ မြတ်ဘုရားဆင်ခြင်ကြည့်တော်မူ၏။ အကျိုးရှိမည်ကို သိတော်မူ၍ သင်းပိုင်ပြင်ဝတ်ပြီး သပိတ်၊ သင်္ကန်းကို ယူဆောင်ကာ ပုဏ္ဏားအိမ်ရှိရာသို့ ရှေးရှုဦးတည်ကာ ကြွတော်မူပါသည်။ အိမ်ရှေ့ရောက်တော့ မဋ္ဌကုဏ္ဍလီတစ်ယောက် အိမ်နောက်ဘက် မျက်နှာလှည့်နေတာကြောင့် ငါဘုရားအား မမြင်နိုင်၊ ငါဘုရား ကြွလာသည်ကို မသိကြောင်း မြတ်ဘုရား သိတော်မူ၏။

ထို့ကြောင့် မဋ္ဌကုဏ္ဍလီ သိနိုင်စေရန် ရောင်ခြည်တော်တစ်ဆူ ပို့လွှတ်လိုက်ပါသည်။ အလင်းဓာတ်သည် မဋ္ဌကုဏ္ဍလီမျက်နှာသို့ လွှမ်းခြုံကျလာ၏။ ဒါ ဘာပါလိမ့်ဆိုတဲ့ အတွေးနှင့် မဋ္ဌကုဏ္ဍလီ သမင်လည်ပြန် လှည့်ကြည့်လိုက်ရာ မြတ်ဘုရားကို ကြည်ညိုဖွယ်ရာ တွေ့သွားပါသည်။ သို့သော် သူ့လက် သူ့ခြေကို သူမပိုင်၊ သူအစိုးမရတဲ့ အခြေအနေသို့ ရောက်နေလေပြီ။ ထိုအကြောင်းကို မဋ္ဌကုဏ္ဍလီ ကိုယ်တိုင်သိနေ၏။ သြော်..ငါ့ဘဝက စိတ်ရှိတိုင်း ကိုယ်မပါနိုင်တော့ပါလား။ အဖေ့ကျေးဇူးကြောင့် ဘုရားဝေယျာဝစ္စကိုပင် မလုပ်နိုင်တော့တဲ့ဘဝ။ လှူနိုင်တန်းနိုင်ဖို့ကတော့ ဝေးလေစွ။ ငါ့မှာ ငါပိုင်ဆိုင်တာဆိုလို့ ငါ့စိတ်ပဲ ကျန်တော့တယ်။ စိတ်ဖြင့် ကြည်ညိုရုံက လွဲပြီး ငါမတတ်နိုင်တော့။

ထိုသို့ တွေးတောကာ မြတ်ဘုရား၏ ရောင်ခြည်တော်ဖွမ်းအင်ကြားမှာ မြတ်ဘုရားကို စိတ်ဖြင့် ကြည်ညိုလိုက်ပါသည်။ မဋ္ဌကုဏ္ဍလီရဲ့ စိတ်ကြည်ညိုမှုသည် ကောင်းရာရောက်ဖို့ ကောင်းမှုတစ်ခုတွက် လုံလောက်ပြီလို့ သိတော်မူတော့မှ မြတ်ဘုရား ဖယ်ခွာကြွသွားတော်မူပါသည်။ မြတ်ဘုရားကို မျက်စိတစ်ဆုံးထိ လှမ်းကြည့်ကာ ကြည်ညိုလိုက်ပါသည်။ ထို့နောက် များမကြာမီ မဋ္ဌကုဏ္ဍလီ ကွယ်လွန်သွား၏။ တာဝတိံသာနတ်ပြည်တွင် ယူဇနာ



သုံးဆယ် ကျယ်ဝန်းသော နတ်ဗိမာန်ဝယ် နတ်သား ဖြစ်သွားပါသည်။ စိတ်ကြည်ညိုရုံမျှဖြင့် ရအပ်သော အကျိုးအမြတ် ဖြစ်ပါသည်။ ကောင်းသောစိတ်က ပေးအပ်သော အကျိုးပင် မဟုတ်ပေလော။

ထို့နောက် ဤမျှကြီးကျယ် မြင့်မြတ်သော စည်းစိမ်ချမ်းသာကို ဘယ်ကောင်းမှုကြောင့် ငါ ရလာခဲ့သလဲလို့ နတ်သား စဉ်းစားဆင်ခြင်ပါသည်။ မြတ်ဘုရားအား စိတ်ဖြင့် ကြည်ညိုရုံမျှဖြင့် ရလာခဲ့သည်ကို နတ်သား တွေ့ရှိသိမြင်၏။ သူ့ဖခင်နှင့် ပတ်သက်သော အကြောင်းများ၊ သူ့ဘဝ နောက်ဆုံးအခြေအနေများ အားလုံးကို နတ်သား တွေ့မြင်၏။ သူ့ဖခင် ပုဏ္ဏားကြီး သင်္ချိုင်းထဲသွားပြီး အကျိုးမဲ့ငိုယိုနေသည်ကိုလည်း နတ်သား တွေ့ရှိသိမြင်ပါသည်။ ထို့ကြောင့် ဖခင်ပုဏ္ဏားအား မှားယွင်းနေကြောင်း ဆုံးမရန် သင်္ချိုင်းထဲသွားပြီး ဖခင်ပုဏ္ဏားနှင့် မလှမ်းမကမ်းမှာ လက်မြှောက်ပြီး ရင်ဘတ်စည်တီးကာ ငိုကြွေးနေလိုက်ပါသည်။

အံ့သြစွာမေးလာတဲ့ ဖခင်ပုဏ္ဏားကို တရားဟောပြီး နတ်ပြည်ပြန်သွား၏။ မဋ္ဌကုဏ္ဍလီနတ်သား တရားဟောတဲ့ အကျိုးဆက်ကြောင့် မလှူဖူးတဲ့ ပုဏ္ဏားလည်း လှူဖြစ်သွား၏။ ထိုအလှူတွင် အယူဝါဒနှစ်မျိုး အားပြိုင်ကာ စုဝေးလာကြပါသည်။ ဘုရားအား အပြစ်ရှာမည့် မိစ္ဆာအယူ ရှိသူများနှင့် ဘုရားအား ကြည်ညိုမည့် သမ္မာအယူရှိသူများ ဖြစ်ပါသည်။ ဆွမ်းစားပြီးတော့ ပုဏ္ဏားကြီး စတင်လျှောက်ထား၏။ အရှင်ဘုရားကို စိတ်ကကြည်ညိုရုံဖြင့် နတ်ပြည်မှာ ဖြစ်နိုင်ပါသလား အရှင်ဘုရာ့။



www.burmeseclassic

www.burmeseclassic.com

ဘုရားရှင်ကား ပြန်ဖြေတော်မမူ။ သင်ကိုယ်တိုင် မြင်တွေ့ခဲ့ပြီ မဟုတ်လားလို့ မေးခွန်းသာ ပြန်မေးတော်မူပါသည်။

ဘယ်မှာလဲ အရှင်ဘုရားဆိုပြီး ပုဏ္ဏားကြီး မသိချင်ယောင်ဆောင်ကာ မေးနေ၍ သင်္ချိုင်းထဲမှာ မဋ္ဌကုဏ္ဍလီနတ်သားနှင့် ပုဏ္ဏားကြီး အပြန်အလှန် ပြောခဲ့ ဟောခဲ့ကြပုံကို အစုံအလင် ပြန်ပြောပြလိုက်ပါသည်။ သည်တော့မှ ပုဏ္ဏားကြီး လက်မှိုင်ချသွား၏။ လူအများ တရားသိမြင်သွားကြ၏။ ပုဏ္ဏားကြီးလည်း သောတာပန်ဖြစ်သွားပါသည်။ ထိုတရားပွဲ၌ 'မနော ပုဗ္ဗင်္ဂမာ ဓမ္မာ' အစချီသော ဂါထာဒေသနာတော်ကို မြတ်ဘုရား ဟောပြတော်မူပါသည်။ ပသန္နစိတ်ဖြင့် ကြံစည်၊ ပြောဆို၊ ပြုမူလျှင် ကောင်းသောသုစရိုက်တရားဆယ်ပါး တစ်ပါးပါးကိုသာ ကြံစည်ပြောဆို ပြုမူလေရာ၏။

ပသန္နစိတ်ဟူသည် သူတစ်ပါးဥစ္စာကို မတရားရယူလိုခြင်း၊ သူတစ်ပါး ပျက်စီးစေလိုခြင်း အယူဝါဒမှားယွင်းခြင်းများ ကင်းစင်၍ သန့်ရှင်းကြည်လင်သော စိတ်ပင်တည်း။

မဋ္ဌကုဏ္ဍလီ သင်္ကန်းလည်း တစ်စုံ မလှူဖူး၊ ဆွမ်းလည်း တစ်ထပ် မကျွေးဖူးဘူး၊ ကောင်းသောစိတ်ကလေးထားပြီး ကြည်ညိုလိုက်ရုံမျှသာ ရှိပါသည်။ ကောင်းစိတ်သည် အရိပ်ပမာ နောက်ကလိုက်လာကာ ကောင်းကျိုးချမ်းသာကို ပေးအပ်လေသည်။ ဘဝကို ဖြတ်သန်းသူ၊ သံသရာကို လျှောက်လှမ်းသူတိုင်း ကောင်းစိတ်ကလေးတစ်ခုရှိဖို့သာ လိုအပ်၏။ စိတ်ကောင်းရှိနေလျှင် ဘဝအတွက်ရော သံသရာအတွက်ပါ အဖော်ကောင်း ရှိလေတော့၏။ အဖော်ကောင်းဖြင့် ဘဝသံသရာခရီးသွားလျှင် ချမ်းသာသုခနှင့် အတူတူခရီးသွားခြင်းပင် ဖြစ်ပါသည်။

မှန်၏။ ပသန္နစိတ်ဟူသော အဖော်ကောင်းရှိနေလျှင် အရိပ်သည် လူ့နောက်က ထက်ကြပ်မကွာ လိုက်လာနေသကဲ့သို့ ကောင်းကျိုးချမ်းသာသည် ပသန္နစိတ်ရှိသူနောက်သို့ အစဉ်လိုက်လေသည်။

အားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေဗျာ

ဓမ္မာစရိယ ဦးစောဝင်း

---


မန္တလေး-နေပြည်တော် ဆရာလု၏ မြေးတပည့်

# ဆရာမကြီး ဒေါ်စောဦးစံ (ရှမ်းပြည်)

**B.A (History)**

## ဗေဒင် လက္ခဏာ ဝေဒပညာရှင်

စီးပွားရေး၊ အိမ်ထောင်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကိစ္စအဝဝကို ရှမ်းပညာစစ်စစ်၊ အံ့ဖွယ်နက်နဲဆန်းကြယ်သော အထူးယတြာများဖြင့် ထက်မြက်စွာ ဆောင်ရွက်ပေးသည်။

ပူပြင်းလှသည့် နှလုံးသားခံစားချက်ရှိသူများ အေးချမ်း၊ ပျော်ရွှင်၊ တည်ငြိမ်၊ သာယာသော ဘဝအလှ ရရှိစေရန် ဆရာမကြီးထံ လာရောက်ဆွေးနွေးနိုင်ပါသည်။

(တနင်္ဂနွေ၊ တနင်္လာ)နေ့များမှအပ နေ့စဉ် ဟောခန်းဖွင့်ပါသည်။

ဟောခန်း - အမှတ်(၁၆)၊ အနောက်ဘက်မုခ်၊ ကျိုက်ဝိုင်းဘုရား၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဟောခန်း(အိမ်) - တိုက်-၇၉(၅-လွှာ)၊ အောင်ဇေယျာလမ်း၊ (၁)ရပ်ကွက်၊ သမိုင်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ☎ ၀၉ ၇၃၂၄၀၇၉၆ ၊ ၀၉ ၃၂၂၂၇၇၉၇


www.burmeseclassic

www.burmeseclassic.com


ရှင်စောပု ဆေး နှလုံးအေး . . .



တိုင်ရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR- 013662(0820)

# ရှင်စောပု

အမှတ်တံဆိပ်

## နှလုံးအားတိုးဆေးပြား

ပင်ရင်း–မြင့်မိုရ်ဟိန်းတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊ (စံချိန်မီ–သုံးဆယ်) တိုက်(၃ / ၁၀၂)၊ အရှေ့အောင်မြေသာစည်အိမ်ရာ၊ ကမာရွတ်မြို့နယ်။
ဖုန်း – ၀၉ ၅၁၇ ၀၃၀၆၊ ၀၉ ၅၁၁ ၄၆၇၈



ကုဋေတစ်သိန်း မြင့်မိုရ်ဟိန်း သောက်လိမ်းဆေးအစွမ်း

နို့ကျောင်းသား မညာမွား ထူးခြားချောင်းဆိုးပျောက်ဆေး

# နို့ကျောင်းသား

အမှတ်တံဆိပ်

## ချောင်းဆိုးပျောက်ဆေး



ပင်ရင်း - မြင့်မိုရ်ဟိန်း တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး (စံချိန်မီ-သုံးဆယ်)၊
တိုက်(၃)၊အခန်း(၁၀၂)၊အရှေ့အောင်မြေသာစည်အိမ်ရာ၊ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၇၀၃၀၆၊ ၀၉ ၅၁၁၄၆၇၈


www.burmeseclassic

www.burmeseclassic.com



# မေတ္တာသက်လွယ်တဲ့ မေတ္တာပို့နည်း

အောင်ဉာဏ်လင်း
(အောင်ကုဝ်)

မေတ္တာပို့နည်းသည် မေတ္တသုတ်လာ မေတ္တာပို့နည်းနှင့် ပဋိသမ္ဘိဒါမဂ်လာ မေတ္တာပို့နည်းအားဖြင့် နှစ်မျိုးရှိပါသည်။ ထိုနှစ်နည်းလုံးကို မင်းကွန်းတိပိဋက ဆရာတော်ဘုရားကြီးက လင်္ကာစီကုံးထားပြီး တေးသံရှင်များ သံစဉ်သွင်းကာ သီချင်းပုံစံ ဆိုထားကြ၍ လူအများသိပြီးဖြစ်ပါသည်။ နှစ်နည်းလုံးဖြင့် စာရေးသူ မေတ္တာပို့သပါသည်။ ဘုရားဟောမို့ အမှားလည်း မပါ၊ လိုအပ်ချက်လည်း မရှိ၊ အလွန်ပြီးပြည့်စုံ၏။ အကျိုးလည်း ရှိပါသည်။ မေတ္တာပို့တတ်သည်ကစပြီး ဤနည်းများဖြင့် ပို့သလာခဲ့ပါသည်။ ယနေ့လည်း ပို့သနေဆဲပါ။

(၂၀၁၄)ခုနှစ်၊ အောက်တိုဘာလလောက်မှာ ဆရာတော်တစ်ပါး အသံသြဇာကောင်းကောင်းနှင့် ပရိတ်ပဋ္ဌာန်းရွတ်ဖတ်သရဇ္ဈာယ်ပြီး ခုနစ်နေ့သားသမီးများအား မေတ္တာပို့သထားသည်ကို အသံဖိုင်များကတစ်ဆင့် သွားရင်းလာရင်းပင် ကြားနေရ၍ သတိပြုမိလာပါသည်။

'တနင်္ဂနွေဂြိုဟ်မင်းနှင့်တကွ တနင်္ဂနွေသားသမီး အားလုံးတို့သည် ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ' စသည်ဖြင့် မေတ္တာပို့သပါသည်။ သူ့ဆိုင်ရာ၊ ဆိုင်ရာ ဂြိုဟ်မင်းများကို အမှူးထားပြီး ယင်းဂြိုဟ်မင်းနှင့်တကွ ဆိုင်ရာ၊ဆိုင်ရာ နေ့သားသမီးများကို ရည်ညွှန်းပို့သခြင်းပေမို့ စာရေးသူစိတ်ထဲ သံဘောကျနေမိပါသည်။ ထိုနည်းဖြင့် မေတ္တာပို့သံရလျှင် ကောင်းမှာပဲ၊ ပို့ကြည့်ဦးမယ်လေဆိုပြီး ထိုနည်းအတိုင်း မေတ္တာပို့ကြည့်ပါသည်။

ခုနစ်နေ့သားသမီးများသည် မိမိ
စိတ်၌ သိသာထင်ရှား၏။
ထို့ကြောင့် အာရုံပြုရ လွယ်ကူ၏။
မေတ္တာစိတ် သက်ရောက်လွယ်
ပါသည်။



www.burmeseclassic

www.burmeseclassic.com

တစ်နည်းပြောလျှင် စိတ်ဝင်စားမှု အားကောင်း၏။ ထို့ကြောင့် စိတ်တည်ငြိမ်မှုလည်း အားကောင်းပါသည်။ စိတ်တည်ငြိမ်၍ မေတ္တာအစွမ်း ပိုထက်ပါသည်။ မိမိစိတ်တည်ငြိမ်အေးဆေးမှ ထိုစိတ်က ပို့လွှတ်တဲ့ မေတ္တာဓာတ်လည်း တည်ငြိမ်အေးမြပါသည်။ ထိုသဘောကို လက်တွေ့သိရှိရ၍ ဤနည်းကို သဘောကျ၏။ ထို့ကြောင့် ယခင်နည်းများဖြင့် မေတ္တာပို့ပြီးလျှင် ဤနည်းဖြင့်လည်း ထပ်မံပို့သပါသည်။

တနင်္ဂနွေဂြိုဟ်မင်းနှင့်တကွလို့ ရွတ်ဆိုလိုက်သည်နှင့် ဘုရား၊ ပုထိုး၊ စေတီများတွင် ထင်ရှားရှိနေတဲ့ တနင်္ဂနွေထောင့် ဂြိုဟ်တိုင်ဘုရားနှင့် ဂြိုဟ်ကောင်များ မျက်စိထဲ မြင်ယောင်လာ၏။ တနင်္ဂနွေသားသမီး အားလုံးတို့သည်လို့ ဆိုလိုက်သည်နှင့် မိမိအသိမိတ်ဆွေထဲက တနင်္ဂနွေသားသမီးများကို စိတ်ထဲမှာ မြင်ယောင်လာ၏။ မြင်လာထင်လာသော တနင်္ဂနွေသားသမီးများကို အာရုံပြုကာ ပို့သလိုက်ခြင်းသည် ဘုရားဟောပြတဲ့ 'ဥဒ္ဒိဿမေတ္တာ=မည်သူမည်ဝါဟု ရည်ညွှန်းပို့သတဲ့ မေတ္တာပဲ'ဟု စိတ်ထဲက သဘောပေါက်နေ၏။

မမြင်ရ၊ မသိနိုင်သော တနင်္ဂနွေသားသမီးများကို အာရုံပြုကာ ပို့သလိုက်တဲ့ မေတ္တာကတော့ မြတ်ဘုရားဟောထားတဲ့ 'အနောဒိဿမေတ္တာ=မည်သူမည်ဝါဟု မရည်ညွှန်းဘဲ ပို့သတဲ့မေတ္တာ'ဟု စိတ်က သိနှင့်နေပါသည်။ ထိုအတိုင်းပင် အခြားနေ့များကိုလည်း ဆိုင်ရာဂြိုဟ်မင်းနှင့် ဆိုင်ရာသားသမီးများကို အသီးသီး အာရုံပြုလျက် ဥဒ္ဒိဿ-အနောဒိဿ ခွဲကာ မေတ္တာပို့သပါသည်။ အာရုံပြုရ လွယ်ကူခြင်း၊ မေတ္တာသက်ဝင် လွယ်ခြင်းကြောင့် ဤနည်းဖြင့် မေတ္တာပို့ရသည်ကို နှစ်သက်မိပါသည်။ မြရာသံပတ် ဆိုသကဲ့သို့ ဘုရားနည်းဖြင့် မေတ္တာပို့ပြီးတိုင်း ဤနည်းသုံးကာ ထပ်ပို့၏။ အတော့်ကို စိတ်ချမ်းသာပါသည်။

ဤသို့ အမြဲတစေ မေတ္တာပို့သလာခဲ့ရာ (၂၀၁၅) ခုနှစ်၊ နိုဝင်ဘာလတွင် အရှင်မာနိတ(ရွှေပြည်သာ)ရဲ့ စာအုပ်ကြော်ငြာကို ကြေးမုံသတင်းစာတွင် ဖတ်ရ၏။ နှစ်ကျိပ်ရှစ်ဆူဘုရားနှင့် ခုနစ်နေ့သားသမီးများတဲ့။ နှစ်ကျိပ်ရှစ်ဆူဘုရားနှင့် ခုနစ်နေ့သားသမီးများ ဆက်စပ်နေပုံကို သိလိုစိတ်ကြောင့် ထိုစာအုပ် ဝယ်ဖြစ်သွားပါသည်။ ဖတ်ကြည့်ရာ နှစ်ကျိပ်ရှစ်ဆူဘုရားရှိခိုးဂါထာ ပါဠိနှင့်အနက်၊ ပါဠိဖတ်နည်းနှင့် ရှင်းလင်းချက်များပါ အပြည့်အစုံ ပါဝင်ပါသည်။ ထိုစာအုပ်ဖတ်ရင်းပင် ပို့နေကျ မေတ္တာပို့နည်းကို သတိရလာပါသည်။

တနင်္ဂနွေနေ့ဖွား ဘုရားလေးဆူအား ရှိခိုးပြီး ထိုကုသိုလ်ကံစေတနာရဲ့ အာနုဘော်အစွမ်းသတ္တိကြောင့် တနင်္ဂနွေသားသမီးအားလုံး ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ စသည်ဖြင့် မေတ္တာပို့သရလျှင် ပိုကောင်းမှာပဲလို့ အတွေးတစ်ခုရလာ၏။ ထိုအတွေးကို လက်တွေ့အကောင်အထည် ဖော်လိုက်ပါသည်။ ထိုနေ့ကား အင်္ဂါနေ့ ဖြစ်၏။ ထို့ကြောင့် အင်္ဂါနေ့ဖွား ဘုရားလေးဆူ ရှိခိုးဂါထာကို ရွတ်ဆိုလျက် အင်္ဂါသားသမီး အားလုံးကို အာရုံပြုကာ မေတ္တာပို့သလိုက်ပါသည်။

ဒီပင်္ကရော ပဒုမော စ၊
ဓမ္မဒဿီ ကကုသန္ဓော။
ဘောမဝါရေ အဘိဇာတာ၊
တေ နမဿာမိ သာဒရံ။
နဝေနာ နေန ကမ္မေန၊
ပေါရာဏကံ ဝိနဿတု။
စတုန္နံ ဗုဒ္ဓတေဇေန၊
သဒါ သုခီ ဘဝတု (မေ/တေ)။

အင်္ဂါနေ့ဖွား လေးဆူသော မြတ်ဘုရားတို့အား ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော ကုသိုလ်ကံစေတနာ၏ အာနုဘော်အစွမ်းသတ္တိကြောင့် အင်္ဂါဂြိုဟ်မင်းနှင့်တကွ အင်္ဂါသားသမီး အားလုံးတို့သည်-

ဘေးရန် ခပ်သိမ်း ငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း ငြိမ်းချမ်း ကြပါစေ။
လိုအင်ဆန္ဒဟူသမျှ ပြည့်ဝကြပါစေ။

ထို့နောက် ဗုဒ္ဓဟူးနေ့ဖွား ဘုရားလေးဆူ ရှိခိုးဂါထာကို ရွတ်ဖတ်လျက် ဗုဒ္ဓဟူးသားသမီး အားလုံးတို့အား အာရုံပြုကာ မေတ္တာပို့သပါသည်။

ကောဏ္ဍညော နာရဒေါ သတ္ထာ၊
သိဒ္ဓတ္ထကောဏာဂမနော။
ဗုဒ္ဓဝါရေ အဘိဇာတာ၊



www.burmeseclassic

www.burmeseclassic.com

တေ နမဿာမိ သာဒရံ။
နဝေနာ နေန ကမ္မေန၊
ပေါရာဏကံ ဝိနဿတု။
စတုန္နံ ဗုဒ္ဓတေဇေန၊
သဒါ သုခီ ဘဝတု (မေ/တေ)။

ဗုဒ္ဓဟူးနေ့ဖွား လေးဆူသော မြတ်ဘုရားတို့အား ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော ကုသိုလ်ကံစေတနာ၏ အာနုဘော်အစွမ်းသတ္တိကြောင့် ဗုဒ္ဓဟူးဂြိုဟ်မင်းနှင့်တကွ ဗုဒ္ဓဟူးသားသမီး အားလုံးတို့သည်-

ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ။
လိုအင်ဆန္ဒဟူသမျှ ပြည့်ဝကြပါစေ။

ထို့နောက် ကြာသပတေးနေ့ဖွား ဘုရားလေးဆူ ရှိခိုးဂါထာကို ရွတ်ဖတ်လျက် ကြာသပတေးသားသမီး အားလုံးတို့အား အာရုံပြုကာ မေတ္တာပို့သပါသည်။

မင်္ဂလော ပဒုမုတ္တရော၊
တိဿော နာရဒော စ ကဿပေါ။
ဂုရုဝါရေ အဘိဇာတာ၊
တေ နမဿာမိ သာဒရံ။
နဝေနာ နေန ကမ္မေန၊
ပေါရာဏကံ ဝိနဿတု။
စတုန္နံ ဗုဒ္ဓတေဇေန၊
သဒါ သုခီ ဘဝတု (မေ/တေ)။

ကြာသပတေးနေ့ဖွား လေးဆူသော မြတ်ဘုရားတို့အား ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော ကုသိုလ်ကံစေတနာ၏ အာနုဘော်အစွမ်းသတ္တိကြောင့် ကြာသပတေးဂြိုဟ်မင်းနှင့်တကွ ကြာသပတေးသားသမီး အားလုံးတို့သည်-

ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ။
လိုအင်ဆန္ဒဟူသမျှ ပြည့်ဝကြပါစေ။

ထို့နောက် သောကြာနေ့ဖွား ဘုရားလေးဆူ ရှိခိုးဂါထာကို ရွတ်ဖတ်လျက် သောကြာသားသမီးအားလုံးတို့အား အာရုံပြုကာ မေတ္တာပို့သပါသည်။

သုမနော သုဇာတော ဗုဒ္ဓေါ၊
ဖုဿဇိနော စ ဂေါတမော။
သုက္ကဝါရေ အဘိဇာတာ၊
တေ နမဿာမိ သာဒရံ။
နဝေနာ နေန ကမ္မေန၊
ပေါရာဏကံ ဝိနဿတု။
စတုန္နံ ဗုဒ္ဓတေဇေန၊
သဒါ သုခီ ဘဝတု (မေ/တေ)။

သောကြာနေ့ဖွား လေးဆူသော မြတ်ဘုရားတို့အား ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော ကုသိုလ်ကံစေတနာ၏ အာနုဘော်အစွမ်းသတ္တိကြောင့် သောကြာဂြိုဟ်မင်းနှင့်တကွ သောကြာသားသမီး အားလုံးတို့သည်-

ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ။
လိုအင်ဆန္ဒဟူသမျှ ပြည့်ဝကြပါစေ။

ထို့နောက် စနေနေ့ဖွား ဘုရားလေးဆူ ရှိခိုးဂါထာကို ရွတ်ဖတ်လျက် စနေသားသမီး အားလုံးတို့အား အာရုံပြုကာ မေတ္တာပို့သပါသည်။

တဏှင်္ကရော ရေဝတော စ၊
သုဇာတော စ ဝိပဿီကော။
သောရီဝါရေ အဘိဇာတာ၊
တေ နမဿာမိ သာဒရံ။
နဝေနာ နေန ကမ္မေန၊
ပေါရာဏကံ ဝိနဿတု။
စတုန္နံ ဗုဒ္ဓတေဇေန၊
သဒါ သုခီ ဘဝတု (မေ/တေ)။

စနေနေ့ဖွား လေးဆူသော မြတ်ဘုရားတို့အား ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော ကုသိုလ်ကံစေတနာ၏ အာနုဘော်အစွမ်းသတ္တိကြောင့် စနေဂြိုဟ်မင်းနှင့်တကွ စနေသားသမီး အားလုံးတို့သည်-

ဘေးရန် ခပ်သိမ်း ငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။



www.burmeseclassic

www.burmeseclassic.com

ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ။
လိုအင်ဆန္ဒဟူသမျှ ပြည့်ဝကြပါစေ။

ထို့နောက် တနင်္ဂနွေနေ့ဖွား ဘုရားလေးဆူ ရှိခိုးဂါထာကို ရွတ်ဖတ်လျက် တနင်္ဂနွေသားသမီး အားလုံးတို့အား အာရုံပြုကာ မေတ္တာပို့သပါသည်။

မေဓင်္ကရော သောဘိတော စ၊
ပိယဒဿီ သိဒ္ဓတ္ထနော။
ရတိဝါရေ အဘိဇာတာ၊
တေ နမဿာမိ သာဒရံ။
နဝေနာ နေန ကမ္မေန၊
ပေါရာဏကံ ဝိနဿတု။
စတုန္နံ ဗုဒ္ဓတေဇေန၊
သဒါ သုခီ ဘဝတု (မေ/တေ)။

တနင်္ဂနွေနေ့ဖွား လေးဆူသော မြတ်ဘုရားတို့အား ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော ကုသိုလ်ကံစေတနာ၏ အာနုဘော်အစွမ်းသတ္တိကြောင့် တနင်္ဂနွေဂြိုဟ်မင်းနှင့်တကွ တနင်္ဂနွေသားသမီး အားလုံးတို့သည်-

ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ။
လိုအင်ဆန္ဒဟူသမျှ ပြည့်ဝကြပါစေ။

ထို့နောက် တနင်္လာနေ့ဖွား ဘုရားလေးဆူ ရှိခိုးဂါထာကို ရွတ်ဖတ်လျက် တနင်္လာသားသမီး အားလုံးတို့အား အာရုံပြုကာ မေတ္တာပို့သပါသည်။

သရဏင်္ကရော နာမာ စ၊
အတ္ထဒဿီ စ ဝေဿဘူ။
စန္ဒဝါရေ အဘိဇာတာ၊
တေ နမဿာမိ သာဒရံ။
နဝေနာ နေန ကမ္မေန၊
ပေါရာဏကံ ဝိနဿတု။
စတုန္နံ ဗုဒ္ဓတေဇေန၊
သဒါ သုခီ ဘဝတု (မေ/တေ)။

တနင်္လာနေ့ဖွား လေးဆူသော မြတ်ဘုရားတို့အား ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော ကုသိုလ်ကံစေတနာ၏ အာနုဘော်အစွမ်းသတ္တိကြောင့် တနင်္လာဂြိုဟ်မင်းနှင့်တကွ တနင်္လာသားသမီး အားလုံးတို့သည်-

ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ။
လိုအင်ဆန္ဒဟူသမျှ ပြည့်ဝကြပါစေ။

ဤသို့လျှင် ခုနစ်နေ့ခုနစ်ရံ ဘုရားရှိခိုးဂါထာများကို ပုဒ်၊ ပါဌ်၊ အက္ခရာ မှန်ကန်စေလျက် ပါဌ်အနက် နှစ်ချက်စုံစွာ သေသေချာချာ ကျကျနန ရွတ်ဆိုပြီး ခုနစ်နေ့သားသမီးများကို အာရုံပြုကာ မေတ္တာပို့သပါသည်။

(ပါဌ်အသံထွက်ဖတ်နည်းနှင့် ဂါထာအနက်များကို ဖော်ပြသင့်သော်လည်း စာမျက်နှာကိုငဲ့၍ ချန်လှပ်ခဲ့ပါသည်။ နှစ်ကျိပ်ရှစ်ဆူဘုရားနှင့် ခုနစ်နေ့သားသမီးများ စာအုပ်၌ ရှုကြပါကုန်။)

ထိုသို့ မေတ္တာပို့သလာရာ သတိထားမိသည်ကား မေတ္တာပို့သစဉ် စိတ်သည် အထူးကြည်လင်၏။ သမာဓိရလွယ်၏။ အာရုံပြုရ လွယ်ကူ၏။ ခုနစ်နေ့သားသမီးများကို မြင်တွေ့နေရသကဲ့သို့ စိတ်အာရုံ၌ ထင်မြင်ပါသည်။ သတ္တဝါအနန္တကို အာရုံပြု၍ ပို့သသည်ထက် ပိုအဆင်ပြေပါသည်။ ဤကား စာရေးသူ၏ အတွေ့အကြုံကို တင်ပြခြင်းသာ ဖြစ်ပါသည်။

အကျိုးတရားကို ညွှန်းဆိုရပါမူကား ဘုရားဟော





www.burmeseclassic

www.burmeseclassic.com

ပြထားတဲ့ မေတ္တာအကျိုးတရားများအပြင် မိမိအလုပ်နှင့် အံဝင်ခွင်ကျဖြစ်တဲ့ အကျိုးတရားများ တိုးပွားလာသည်ဟု စိတ်ထဲခံစားရ၏။ ထိုအတိုင်း ယုံကြည်ပါသည်။ ဥပမာ ပြောရလျှင် စာရေးသူက စာရေးဆရာ၊ ဗေဒင်ဆရာဆိုတော့ စာရေးခြင်း၊ ဗေဒင်ဟောခြင်း လုပ်ငန်းများ ယခင်ကထက် သိသိသာသာ အောင်မြင်ပါသည်။ အစီအမံများ လုပ်ဆောင်သောအခါလည်း အထူးအောင်မြင်သည်ကို တွေ့ရ၏။

အနယ်နယ်အရပ်ရပ်က ဗေဒင်ဝါသနာရှင်များ ဆက်သွယ်လာသောခါ 'ဆရာကံထူးပါလား' လို့ မေးလာ၍ 'ဟုတ်၊ ဆရာကံထူးပါခင်ဗျာ' လို့ ဖြေလိုက်သည်နှင့် ခုနက မေးတဲ့ အသံနှင့်မတူတော့ဘဲ ရှိသေလေးစားသော အသံနေအသံထား ပြောင်းသွားသည်ကို သတိထားမိပါသည်။

ဆရာ့နာမည် ကြားကတည်းက၊ ဆရာ့စာ ဖတ်ရကတည်းက ဆရာနှင့် တွေ့ချင်နေတာ စသည်ဖြင့် အေးဆေးတည်ငြိမ်စွာ ပြောလာလေ့ရှိကြပါသည်။ ထူးခြားတယ်ဟု စာရေးသူ သိနေသည်ကား အမှန်ပါ။ စိတ်က ထိုသို့ခံစားရသည်လည်း အမှန်ပင် ဖြစ်၏။ သို့သော် ရုပ်လုံးပေါ်အောင် စာရေးသူ ရေးမပြတတ်ပါ။ အသံနှင့် အမူအရာသည် ယခင်တွေ့ဆုံနေကျ ပရိသတ်နှင့် မတူသည်ကိုတော့ အထင်အရှား သိပါသည်။

ဟောခန်းသို့ လူကိုယ်တိုင် လာရောက်သူများရဲ့ ပြောဆိုဆက်ဆံပုံကို ကြည့်ခြင်းအားဖြင့်လည်း အထူးအောင်မြင်ကြောင်းကို မှန်းဆသိနိုင်ပါသည်။ အချို့ဆိုလျှင် လက်အုပ်ချီပြီး အရိုအသေပေးကြ၏။ အချို့မိန်းကလေးများဆို ဘုန်းကြီးရှိခိုးသကဲ့သို့ ထိုင်ရှိခိုးကြပါသည်။ မေတ္တာပို့နည်း၏ အာနုဘော်၊ အစွမ်းသတ္တိ၊ အကျိုးဖလကို တင်ပြခြင်းသာ ဖြစ်ပါသည်။ ကိုယ့်ဂုဏ် ကိုယ်ဖော်နေခြင်း မဟုတ်ပါ။ အခြားသူများလည်း မိမိဆိုင်ရာလုပ်ငန်းများ အထူးအောင်မြင်နိုင်သည်ဟု နားလည်ခံစားစေချင်ပါသည်။

ရွှင်လန်းချမ်းမြေ့ကြပါစေဗျာ
မောင်ဉာဏ်လင်း(တောင်ကုတ်)


မြန်မာ့နည်းပညာ ကမ္ဘာ့နည်းပညာဖြင့် ဟောပြောနေပါပြီ

# ဆရာမဒေါ်ဝေဝေမင်း

ချစ်သူ၊ မုန်းသူ၊ အိမ်ထောင်ဖက်၊ စီးပွားဖက်၊ ရန်ဘက်တို့၏ နာမည်၊ ရုပ်ဆင်းသဏ္ဌာန်တို့ကို ဒေဝစက္ခု၊ မနောစက္ခုဖြင့် လက်တွေ့ပုံဖော် ဟောပြောပေးနေပါပြီ။

ထီကံ၊ ငွေကြေးကံ၊ အမွေကိစ္စ

အလုံးစုံကို တိကျပြတ်သားစွာ အမည်နှင့်တကွ ဟောပြောနေပါပြီ။ ယခုပင် ကြွခဲ့ပါ။ လာရကျိုး နပ်စေရမည်။

ထီကံ အထူးဟောနေပြီ

သင့်မှာ ထီပေါက်ကိန်းရှိပါက မုချလက်ငင်း ထီပေါက်မည်။

တစ်ဘဝစာဟောစာတမ်း

အမည်၊ မွေးနေ့သက္ကရာဇ် အတိအကျ၊ မွေးရပ်၊ မွေးချိန်နှင့် နေရပ်လိပ်စာတို့ကို ဖော်ပြပြီး ငွေ(၂၅၀၀)ကျပ် (နှစ်ထောင့်ငါးရာကျပ်)ကို စာတိုက်မှ (M.O) ဖြင့် ပေးပို့ပါက တစ်ဘဝစာဟောစာတမ်းကို စာတိုက်မှ မှတ်ပုံတင်စာဖြင့် အမြန်ဆုံးပြန်လည်ပေးပို့ပေးပါမည်။

(မှတ်ချက်-စာအိတ်အတွင်း ငွေထည့်ပို့ခြင်း လုံးဝတာဝန်မယူပါ။ မပို့ပါနှင့်)

**ဆရာမဒေါ်ဝေဝေမင်း**

ဆိုင်အမှတ်-၂၉၊ ကမ္ဘာအေးဘုရားစောင်းတန်း၊ ရန်ကုန်မြို့။
နံနက်(၁၀း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအထိ (ပိတ်ရက်-လပြည့်/လကွယ်)




www.burmeseclassic

www.burmeseclassic.com




www.burmeseclassic

www.burmeseclassic.com

ဓမ္မာစရိယ သန်းထွန်း

# ထင်ရှားကျော်ကြား သာမဏေများ(၁၆)

**ဇေတဝန်မှ ထွက်ခွာခြင်း**

ဇေတဝန်ကျောင်းတော်၌နေထိုင်သော ရဟန်းများ၏ လိုအပ်ချက်များကို ဘုန်းကံအားလျော်စွာ ဆောင်ရွက်ခဲ့သည်။ တိဿသာမဏေ၏ ဆောင်ရွက်မှုများကြောင့် ရဟန်းတို့၏ လိုအပ်ချက်များသည် အဆင်တပြေရှိခဲ့သည်။ ရဟန်းတို့သည် တိဿသာမဏေအား ချစ်ကြသည်။ ငယ်ငယ်ရွယ်ရွယ်နှင့် ဘုန်းကံကြီးသည်ကတစ်ကြောင်း၊ ရဟန်းတို့၏ လိုအပ်ချက်များကို ဖြည့်ပေးနိုင်သည်ကတစ်ကြောင်း၊ ရုပ်ရည်တင့်တယ်သည်ကတစ်ကြောင်း အကြောင်းများစွာတို့သည် ချစ်ခင်စရာချည်းဖြစ်နေသည်။

တိဿသာမဏေအတွက် ဇေတဝန်ကျောင်းတော်သည် ပျော်မွေ့ဖွယ်ရာအတိဖြစ်သည်။ ဆွေတော်မျိုးတော်တို့သည်လည်း နေ့စဉ် ကျောင်းသို့ ရောက်လာကြသည်။ ရောက်လာကြသည့်အခါတိုင်း လှူဖွယ်ဝတ္ထုတစ်ခုခု ပါတတ်စမြဲဖြစ်သည်။ ဆွေတော်မျိုးတော်များသည် လှူဖွယ်များ လှူပြီးသည်နှင့် ပြန်သွားလေ့မရှိ။ တိဿမထေရ်နှင့် အချိန်ကြာမြင့်စွာ စကားပြောပြီးမှ ပြန်လေ့ရှိကြသည်။ တိဿသာမဏေအတွက် ဇေတဝန်ကျောင်းတော်သည် ပျင်းရိစရာလည်းမရှိ။ အစစအရာရာ အဆင်ပြေသော အရပ်ဖြစ်သည်။ သို့သော် တိဿသာမဏေသည် ဇေတဝန်ကျောင်းမှာ မနေလိုစိတ်ဖြစ်လာသည်။



သာမဏေဘဝကို ငြီးငွေ့၍ မနေလိုသည်မဟုတ်။ ရည်ရွယ်ချက်နှင့် ဖြစ်တည်ချက်တို့ လွဲချော်နေ၍ မနေလိုခြင်းဖြစ်သည်။ ရှင်ပြုလာသော တိဿတွင် ရည်ရွယ်ချက်ရှိသည်။ ရည်ရွယ်ချက်သည် သံသရာမှ လွတ်မြောက်လိုခြင်းဖြစ်သည်။ ရဟန်းတရားနှင့် နေသားကျလိုခြင်းဖြစ်သည်။ ဇေတဝန်ကျောင်းတော်သည် တိဿသာမဏေ၏ ထိုရည်ရွယ်ချက်ကို ဖြည့်ပေးနိုင်သော နေရာမဟုတ်ကြောင်း တိဿသာမဏေ ကောင်းကောင်းသိလာသည်။ တိဿသာမဏေသည် ကျောင်းတော်သို့ ဆွေတော်မျိုးတော်များ လာရောက်သည်ကို မလိုလား။ ဆွေတော်မျိုးတော်များနှင့် စကားပြောနေရသည်ကို မလိုလားဆုံးဖြစ်



www.burmeseclassic

www.burmeseclassic.com

သည်။ စကားပြောနေရ၍ ကုန်လွန်သွားသောအချိန်တို့အား တရားရာဖွေသည့်ဘက်တွင် အသုံးချပြီး တန်ဖိုးမြှင့်တင်ချင်သည်။ တစ်နေ့တစ်နေ့ ကုန်လွန်နေသောအချိန်တို့အား နမြောနေသည်။ အချိန်သည် ဘဝ၌ တန်ဖိုးအကြီးဆုံးဖြစ်သည်။ အချိန်၏တန်ဖိုးသည် အလုပ်ဖြစ်သည်။ အလုပ်၏တန်ဖိုးသည် ကောင်းမွန်သောရည်ရွယ်ချက်ဖြစ်သည်။ ရည်ရွယ်ချက်သို့ ဦးတည်နေသော အလုပ်တိုင်းသည် တန်ဖိုးရှိသည်။ တန်ဖိုးရှိသောအလုပ်ကို လုပ်နေခြင်းသည် အချိန်၏တန်ဖိုးကို မြှင့်တင်ပေးနေခြင်းဖြစ်သည်။ တိဿသာမဏေ၏ ဇေတဝန်ကျောင်းတော်၌ လုပ်နေသော အလုပ်အများစုသည် ရည်ရွယ်ချက်နှင့် ဆန့်ကျင်နေသည်။ သို့ကြောင့် တိဿသာမဏေသည် ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်ဖို့ စဉ်းစားရတော့သည်။

'ငါ ဇေတဝန်ကျောင်းမှာနေလို့ ဆွေတော်မျိုးတော်တွေ လာကြတယ်။ စကားပြောကြတယ်။ မပြောဘဲနေလို့ကလည်း မကောင်းဘူး။ သူတို့နဲ့ စကားပြောရတာလည်း အချိန်ကြာတယ်။ ထောက်တည်ရာ၊ အားကိုးရာကို ရှာဖို့မလွယ်ဘူး။ ငါ မြတ်စွာဘုရားဆီက ကမ္မဋ္ဌာန်းကို သင်ယူပြီး တောအုပ်ထဲ နေထိုင်တာပဲ ကောင်းလိမ့်မယ်'

စဉ်းစားသည့်အတိုင်း ဆုံးဖြတ်သည်။ ဆုံးဖြတ်သည့်အတိုင်း လုပ်ဆောင်သည်။ မြတ်စွာဘုရားထံသို့ ချဉ်းကပ်သည်။ အရဟတ္တဖိုလ်တိုင်အောင်သော ကမ္မဋ္ဌာန်းကို တောင်းယူသည်။ မြတ်စွာဘုရား ပေးတော်မူလိုက်သည့် ကမ္မဋ္ဌာန်းကို စိတ်မှာစွဲအောင် နာယူမှတ်သားပြီး အရှင်သာရိပုတ္တရာမထေရ်ထံသို့ ချဉ်းကပ်သည်။ ရှိသေစွာရှိခိုးသည်။ တောထဲသွားမည့်အကြောင်း ကြားလျှောက်ပြီး ထွက်လာခဲ့သည်။ သပိတ်၊ သင်္ကန်းတို့ကို သိမ်းဆည်းသည်။ လိုအပ်သည်များကို ယူဆောင်သည်။ တွယ်တာမှုမရှိ၊ တွေဝေမှုမရှိဘဲ ရည်ရွယ်ချက်ကို အကောင်ထည်ဖော်ဖို့ ဇေတဝန်ကျောင်းကို ကျောခိုင်းခဲ့သည်။ ကောင်းကင်ကနေမင်းကြီးသည် ထိန်လင်းတောက်ပြောင်လျက် လမ်းပြနေသည်။

**တိဿသာမဏေ၏ ခရီးရှည်**

လှည်းယာဉ်မရှိ၊ ဝေါယာဉ်မပါဘဲ ထွက်လာခဲ့သော ခရီးသည် ယူဇနာတစ်ရာနှစ်ဆယ် ရှည်လျားခဲ့ပြီဖြစ်သည်။ နည်းသည့်ခရီးမဟုတ်၊ အလွန်ဝေးသောခရီး ဖြစ်သည်။ အရွယ်နှင့်မမျှအောင် အလုပ်လုပ်ခဲ့ခြင်းဖြစ်သည်။ အားကောင်းမောင်းသန် လူတို့သည်ပင် ဤမျှခရီးဝေးသွားနိုင်မည်မဟုတ်။ အရွယ်အားဖြင့် ခုနစ်နှစ်သာ ရှိသေးသည်။ ခုနစ်နှစ်အရွယ် ဘဝ၌ ခရီးဝေးဆို၍ အိပ်မက်ထဲတောင် သွားဖူးခဲ့လိမ့်မည်မဟုတ်။ မိဘတို့၏ရင်ငွေ့ကို ခိုလှုံသောအချိန်တွင် ပင်ပန်းမှုတို့သည် စိုးစဉ်းမျှမရှိခဲ့။ အိမ်အပြင်ထွက်သည်နှင့် ဝေါယာဉ်က အသင့်။ ခရီးသွားခြင်းအလေ့အကျင့်မရှိဘဲ ခရီးထွက်လာခဲ့ခြင်းဖြစ်သည်။ ကြမ်းတမ်းသောလမ်းတို့သည် နူးညံ့သော ဖဝါးအစုံအား လုပစွာ ရက်စက်ပြသည်။ နာကျင်မှုတို့သည် အခါခါဖြစ်သည်။ နာကျင်မှုကို ဆင်ခြင်မှုနှင့်ကုသ ခရီးဆက်သည်။ ပင်ပန်းမှုမျိုးစုံသည် ခန္ဓာကိုယ်ထဲ အပြေးအလွှား ဝင်ရောက်လာတတ်သည်။ နားခိုမှုတချို့နှင့် ဖြေလျှော့ရသည်။ တိဿသာမဏေသည် ပစ္စုပ္ပန်နာကျင်မှုထက် သံသရာနာကျင်မှုကို စိုးကြောက်သည်။ ပစ္စုပ္ပန်ပင်ပန်းခြင်းထက် သံသရာပင်ပန်းမှုကို စိုးကြောက်သည်။ ပစ္စုပ္ပန်ခရီးရှည်သည့်ထက် သံသရာခရီးရှည်မည်ကို စိုးကြောက်သည်။ ကိုယ့်ကိုယ်ကိုယ် ပစ္စုပ္ပန်ခရီးသွားအဖြစ် သတ်မှတ်ခြင်းမရှိဘဲ သံသရာခရီးသွားအဖြစ် သတ်မှတ်ထားသည်။

မြတ်စွာဘုရားသည် ဝေးလွန်းသောဒေသသို့ ခရီးသွားခိုင်းသည်မဟုတ်။ မြတ်စွာဘုရား၏ ကမ္မဋ္ဌာန်းသည် ဝေးလွန်းသော ဒေသသို့ရောက်မှ အစွမ်းထက်သည်မဟုတ်။ ကမ္မဋ္ဌာန်းသည် နည်းလမ်းသာဖြစ်သည်။ ကမ္မဋ္ဌာန်းတည်းဟူသော နည်းလမ်းကို ဘဝထဲရောက်အောင်အတွက် အကျင့်သည် အလွန်ပင်အရေးကြီးသည်။ အကျင့်မရှိလျှင် သိရုံသက်သက်သာရှိမည်။ အကျင့်မပါသောအသိသည် ဆားမပါသော ဟင်းကဲ့သို့ အကျိုးမကြီးနိုင်။ အကျင့်အတွက် နေရာကောင်းလိုသည်။ ထိုနေရာကောင်းသည် ဝေးလွန်းသောဒေသမဟုတ်၊ ဆိတ်ငြိမ်သောနေရာသာ ဖြစ်သည်။ ဆိတ်ငြိမ်သောနေရာ၌ အကျင့်ကိုပြုလုပ်ရသည်။ ဇေတဝန်ကျောင်းတော်၌ တရားအားထုတ်၍ သံသရာခရီး အဆုံးသတ်သွားသော ရဟန္တာမထေရ်မြတ်များလည်း ရှိသည်။ သာဝတ္ထိပြည်ကို အမှီသဟဲပြုပြီး သံသရာခရီး အဆုံးသတ်သွားသော ရဟန္တာမထေရ်မြတ်များလည်း ရှိသည်။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းကနေ ယူဇနာတစ်ရာနှစ်ဆယ်တိုင် ခရီးသွားပြီး သံသရာအဆုံး



www.burmeseclassic

www.burmeseclassic.com

ကို ရှာဖွေသောရဟန်းတို့သည် ရှားပါးပါသည်။ ရှားပါးသည့်ထဲတွင် တိဿသာမဏေ ပါဝင်နေပေသည်။

တိဿသာမဏေသည် ရှားရှားပါးပါး အလိုရှိ၍လည်း ခရီးရှည်ကို ထွက်ခဲ့ခြင်းမဟုတ်။ ကြောင့်ကြပူပန်မှုရှိ၍ ထွက်ခဲ့ခြင်းဖြစ်သည်။ ဆွေတော်မျိုးတော်တို့သည် တိဿသာမဏေအား ချစ်အားကြီးသည်ကို ထူးထွေပြောစရာမလို။ ဇေတဝန်ကျောင်းက ထွက်လာခဲ့ခြင်းကို ဆွေတော်မျိုးတော်တို့မသိ။ တားမည်စိုး၍ အသိမပေးခဲ့ခြင်းဖြစ်သည်။ သာဝတ္ထိမြို့ ပတ်ဝန်းကျင်နှင့် အနီးအနားတွင် နေထိုင်သည်ဆိုလျှင် ဆွေတော်မျိုးတော်တို့သည် ဧကန်ရောက်ရှိလာကြမည်ဖြစ်သည်။ သာဝတ္ထိမြို့သို့ ပင့်ဖိတ်ကြမည်ဖြစ်သည်။ ထိုကို တိဿသာမဏေ ကြောင့်ကြပူပန်သည်။ သို့ကြောင့် သာဝတ္ထိမြို့နှင့် ဝေးသထက်ဝေးအောင် ခရီးရှည်ထွက်ခဲ့ခြင်းဖြစ်သည်။

ယူဇနာတစ်ရာ နှစ်ဆယ်အတွင်း ရွာပေါင်းများစွာ၊ မြို့ပေါင်းများစွာတို့ကို ဖြတ်ကျော်ခဲ့သည်။ ဆွမ်းခံချိန်သို့ရောက်လျှင် ရွာတွင်း၊ မြို့တွင်းသို့ ဆွမ်းခံကြွခဲ့သည်။ ဆွမ်းလောင်းသူ ဒကာ၊ဒကာမတို့သည် တိဿသာမဏေအား ကြည်ညိုကြသည်။ ရွာအများစုက နေထိုင်ရန် ပင့်ဖိတ်ကြသည်။ မနေထိုင်လိုကြောင်း ငြင်းပယ်ခဲ့သည်။ သီတင်းကျွတ်ကတည်းက ထွက်လာသောခရီးသည် ဝါဆိုခါနီးသို့ ရောက်လာပြီဖြစ်သည်။ မိုးရာသီနားနီးလာပြီဖြစ်၍ မိုးရွာအားလည်း ကောင်းလာနေသည်။ သွားရသောခရီးတို့သည်လည်း ဆောင်းရာသီ၊ နွေရာသီများကဲ့သို့ မချောမွေ့တော့ပေ။ တိဿသာမဏေအတွက် ဝါတွင်းကာလကို ဖြတ်ကျော်ဖို့ နားခိုရာ လိုလာသည်။

## တိဿသာမဏေနှင့် သင့်ရာအရပ်

သစ်ပင်တောတောင်တို့သည် သန့်စင်သောလေကို သယ်ဆောင်ပေးတတ်သည်။ လေကောင်းလေသန့်တို့သည် ခန္ဓာကိုယ်၏ ပင်ပန်းနွမ်းနေမှုတို့အား အတတ်နိုင်ဆုံး တိုက်ထုတ်ပေးကြသည်။ လန်းဆန်းမှုရသကိုလည်း ပေးစွမ်းနိုင်သည်။ တိဿသာမဏေသည် တောင်တန်း၊ တောတန်းများကို ဖြတ်ကျော်လာခဲ့သည်ဖြစ်၍ တောတောင်တို့နှင့် ရင်းနှီးကျွမ်းဝင်လာခဲ့သည်။ ရန့်သင်းနေသော တောတောင်တို့၌ နေလိုသောဆန္ဒသည် အေးချမ်းစွာ ဖြစ်ပေါ်နေသည်။ လူတို့၏ အသံများထက် ကျေးငှက်တို့၏အသံကို ကြည်နူးလာသည်။ သံသရာခရီးအဆုံးကို ရှာဖွေသူများအတွက် အရညဂုတခေါ်သော တောအရပ်သည် အကောင်းဆုံးဖြစ်သည်။ တိဿသာသမဏေသည် သက်သတ်လွတ်စားသောပုဂ္ဂိုလ် မဟုတ်သလို မီးလွတ် သစ်သီးများကို သုံးဆောင်သော ပုဂ္ဂိုလ်လည်း မဟုတ်ပေ။ သာမန်ရဟန်းများကဲ့သို့ ဆွမ်းခံ၍ရရှိသော ဆွမ်းများကို သုံးဆောင်သည်။ ဆွမ်းနှင့်ပတ်သက်၍ ရွေးချယ်စားသောက်လေ့မရှိပေ။ ဆွမ်းဘုဉ်းပေးသည်ဖြစ်၍ တောရပ်တိုင်းသည် တိဿသာမဏေ၏ သင့်လျော်သောအရပ် မဖြစ်နိုင်ပေ။ ရွာနှင့် မဝေးလွန်း၊ မနီးလွန်းသော တောအရပ်သည်သာ သင့်လျော်သောအရပ်ဖြစ်သည်။ ထိုအရပ်မှ ဆွမ်းကိစ္စအဆင် ပြေမည်ဖြစ်သည်။

တိဿသာမဏေသည် ခရီးသွားခြင်းကိစ္စကို အဆုံးသတ်ချင်နေသည်။ ဝါတွင်းကာလ သီတင်းသုံးနေထိုင်မည့်နေရာကို ခရီးသွားရင်း ရှာဖွေသည်။ နေစောင်းလာခဲ့ပြီဖြစ်သည်။ သင့်လျော်သောအရပ်ကို ရှာဖွေမရဖြစ်နေသည်။ တစ်နေ့ကုန် ရှာဖွေလာခဲ့သည်မှာ တောရပ်များစွာကို တွေ့ခဲ့သည်။ တောအင်္ဂါရပ်နှင့်မူ ညီညွတ်မှုမရှိ။ ရွာနှင့်နီးသောတောရှိသည်။ တောရပ်ကျောင်းဆောင်သည်မရှိ။ တစ်ခုခုမပြည့်စုံသည်ချည်း ဖြစ်နေခဲ့သည်။ ရှာဖွေလာရင်း ညနေစောင်းတွင် လူတစ်ယောက်အား တွေ့လေသည်။ လူသည် အသက်အရွယ်အားဖြင့် ကြီးပြီဖြစ်သည်။ အဘိုးအရွယ်ရှိသည်။ တိဿသာမဏေသည် အဘိုးကြီးဆီသို့ လျှောက်လာခဲ့သည်။

'ဒကာကြီး..ဒီအရပ်မှာနေလိုတဲ့ ပုဂ္ဂိုလ်တွေအတွက် တောရပ်အင်္ဂါနဲ့ ကိုက်ညီမှုရှိတဲ့ ကျောင်းရှိပါလား'

'အရှင်ဘုရား..ရှိပါတယ်ဘုရား'

'ဒီလိုဆိုရင် ကိုရင့်ကို လမ်းညွှန်ပေးပါ'

အဘိုးကြီးသည် တိဿသာမဏေအား မြင်ကတည်းက သားအရင်းကဲ့သို့ ချစ်ခင်စိတ်ဖြစ်ပေါ်နေသည်။ ကြည်ညိုမဆုံး ဖြစ်နေသည်။ တိဿသာမဏေ လမ်းညွှန်ခိုင်းသည့်အခါ ချစ်ခင်သောစိတ်သည် အကျိုးတရားလိုလားမှုအဖြစ် ပေါ်ထွက်လာခဲ့သည်။

'အရှင်ဘုရား.. ကြွလာတော်မူပါ။ တပည့်တော် ကိုယ်တိုင်လိုက်ပို့ပါမယ်'

အဘိုးကြီး ရှေ့ကသွားသည်။ အဘိုးကြီးနောက်က



www.burmeseclassic

www.burmeseclassic.com



တိဿသာမဏေလိုက်သည်။ ဖြတ်ကျော်လိုက်တိုင်းသော တောတန်းတို့သည် သာယာဖွယ်ကောင်းသည်။ ရာသီအလိုက်ပွင့်တတ် သီးတတ်သော သစ်ပင်တို့သည် တောအရပ်အား အသီးအပွင့်များနှင့် ဂုဏ်ပြုနေကြသည်။ တွေ့လိုက်တိုင်း တင့်တယ်မှုရှိသည်။ စိတ်၏ချမ်းသာမှုကို ပေးစွမ်းနိုင်သည်။ ခံ့ညားထည်ဝါသော သစ်ပင်များအလယ်၌ တောရကျောင်းငယ်ကလေးကို တွေ့မြင်ရသည်။

'အရှင်ဘုရား..ဒီအရပ်ကား ချမ်းသာသုခရှိတဲ့အရပ်ဖြစ်ပါတယ်။ ဒီအရပ်မှာ အရှင်ဘုရား သီတင်းသုံးနေတော်မူပါဘုရား'

အဘိုးကြီးသည် နေရာထိုင်ခင်း ပြုလုပ်ပေးသည်။ သာမဏေ၏နာမည်ကို မေးသည်။ မနက်ဖြန် သူတို့ရွာသို့ ဆွမ်းခံကြွရန် ပင့်ဖိတ်သည်။ အဘိုးကြီး ထွက်သွားပြီးနောက် တိဿမထေရ် တစ်ပါးတည်းသာ ကျန်ခဲ့သည်။ တိတ်ဆိတ်ငြိမ်သက်မှုတို့သည် တရားအားထုတ်ရန် တိုက်တွန်းနေလေသည်။

## တိဿသာမဏေ ရဟန္တာဖြစ်ခြင်း

တောရကျောင်းကလေးတွင် တစ်ညတာ အနားယူသည်။ စိတ်ချမ်းသာမှုကို ရရှိသည်။ ည၏တိတ်ဆိတ်မှုနှင့်အတူ တရားအားထုတ်ခြင်းသည် တည်ကြည်မှုကိုရရှိသည်။ တရားအားထုတ်ရသည်မှာ အာရုံတည်ကြည်မှုများစွာရသည်။ စိတ်အနှောင့်အယှက်ဖြစ်စရာ တစ်စုံတစ်ရာမှမရှိ။ ငြိမ်းချမ်းသည်။ ဆွမ်းခံအချိန်သို့ ရောက်သောအခါ၌ တိဿသာမဏေသည် ကိုယ်လက်သန့်စင်သည်။ သာမဏေသာရုပ္ပဖြစ်အောင် သင်္ကန်းရုံသည်။ သပိတ်ပိုက်ကာ ပင့်ဖိတ်ခဲ့သည့်အတိုင်း ဆွမ်းခံကြွလာခဲ့သည်။ ရွာတွင်းသို့ ဝင်လိုက်သည်နှင့် ဆွမ်းလောင်းလှူမည့်လူတို့သည် စီတန်းလျက် စောင့်ဆိုင်းနေကြသည်။ ထိုသို့ဖြစ်အောင် အဘိုးကြီး စီစဉ်ထားခြင်းဖြစ်သည်။ အဘိုးကြီးသည် တိဿသာမဏေထံက ထွက်လာပြီးသည်နှင့် ရွာမှာ လူစုသည်။ တိဿသာမဏေ ဆွမ်းခံကြွလာမည့်အကြောင်း ကြေညာနိုင်းသည်။ သို့ကြောင့် လူတို့သည် စွမ်းနိုင်၊ တတ်နိုင်သမျှသော လှူဖွယ်ဝတ္ထုများကို စီစဉ်ချိန်ရကြသည်။ လှူဒါန်းရန် အဆင်သင့်ဖြစ်ကြခြင်းဖြစ်သည်။ ရွာတွင်းသို့ ကြွတော်မူလာသော တိဿသာမဏေအား ရိုသေလေးမြတ်စွာဖြင့် လောင်းလှူကြသည်။ လောင်းလှူပြီးလျှင် အိမ်သို့ပြန်မသွားကြဘဲ နေမြဲတိုင်း၌ နေနေကြသည်။ တိဿသာမဏေသည် မှျတရုံသောဆွမ်းကို အလှူခံသည်။ သင့်လျော်သောအရပ်တွင် ဆွမ်းသုံးဆောင်သည်။

'အရှင်ဘုရား..အရှင်ဘုရားတို့ဟာ ဒီဝါတွင်းသုံးလပတ်လုံး ဒီအရပ်မှာ သီတင်းသုံးမယ်ဆိုရင် တပည့်တော်တို့ သရဏဂုံသုံးပါးနဲ့ ငါးပါးသီလကို ဆောက်တည်ပါမယ်ဘုရား။ ဝါတွင်းသုံးလမှာ ဥပုသ်သီလကိုလည်း ဆောက်တည်ပါမယ်ဘုရား။ ဒါကြောင့် အရှင်ဘုရား..ဒီအရပ်မှာ သီတင်းသုံးပါဘုရား။ တပည့်တော်တို့ကို ကတိပေးပါဘုရား'

ရွာသူရွာသားအားလုံးတို့သည် တိဿသာမဏေအား တောင်းပန်လျှောက်ထားကြသည်။ ငါးပါးသီလကို စောင့်ထိန်းမည်။ ဥပုသ်သီလဆောက်တည်မည် ဆိုတာသည် တိဿသာမဏေ သီတင်းသုံးနေထိုင်ရန်အတွက် ရွာသူရွာသားများကပေးသော လက်ဆောင်ဖြစ်သည်။ တိဿသာမဏေ သီတင်းသုံးနေထိုင်ခြင်းဖြင့် ရွာသူရွာသားတို့သည်လည်း အကျိုးရှိမည်ဖြစ်သည်။ တိဿသာမဏေသည် နှစ်ဦးနှစ်ဖက်အကျိုးကိုကြည့်၍ တောရကျောင်းမှာ ဝါတွင်းသုံးလ နေထိုင်ခဲ့သည်။ နှစ်ဦးနှစ်ဖက်လုံး အကျိုးရှိခဲ့သည်။ သီတင်းကျွတ်သည်နှင့် တိဿသာမဏေ ရဟန္တာဖြစ်ခဲ့သည်။ ဝနဝါသီ တိဿသာမဏေသည် သံသရာခရီးအဆုံးသို့ ရောက်ခဲ့ပြီဖြစ်သည်။ ဝနဝါသီတိဿသာမဏေအတွက် တစ်ဖန်ဘဝသည် မရှိတော့ပါပေ။

ဓမ္မာစရိယ သန်းထွန်း




www.burmeseclassic

www.burmeseclassic.com

# ဝစီဘေဒ ထိတိုင်းရှ

## ဖုံရှာ ဝေနေဓါ



**ဟတ္ထိနီ၏ ကေရီ**

ဝစီဘေဒ ထိတိုင်းရှဟူသော စကားကို ကြားဖူးကြပါလိမ့်မည်။

ဝစီဟူသည့် နှုတ်ထွက်စကားများ ဖြစ်၏။ စကားသည် လေသက်သက်ဖြစ်၍ ပြောဆိုရလွယ်ကူ၏။ ကောင်းတာပြောလည်း သည်ပါးစပ်၊ မကောင်းတာပြောလည်း သည်ပါးစပ်၊ မဟုတ်မမှန် လုပ်ကြံပြောတတ်တာလည်း ဤပါးစပ်ပင် ဖြစ်သည်။

နှုတ်ထွက်စကားနှင့်ပတ်သက်သော မှတ်သားစရာ၊ သတိထားစရာ စကားပုံများရှိသည်။ နှုတ်ကြောင့်သေ လက်ကြောင့်ကြေ၊ နှုတ်ချို လျှိုတစ်ပါး၊ ချစ်စေလိုတာလည်း နှုတ်ခမ်းလက်နှစ်သစ် မုန်းစေလိုတာလည်း နှုတ်ခမ်းလက်နှစ်သစ်၊ အပြောမတတ်တော့ ဆဲသလို စသဖြင့် မြောက်မြားစွာရှိပေသည်။ ဤအကြောင်းများကို ပေါင်းစပ်၍ ဝစီဘေဒ ထိတိုင်းရှဟု ပြောကြခြင်း ဖြစ်ပါ၏။

**သူမ၏အမည် သေရိဏီ**

မဇ္ဈိမဒေသ၊ ကုရုတိုင်းအတွင်းရှိ ဟတ္ထိနီမြို့သူတစ်ယောက်ဖြစ်သည်။ သေရိဏီသည် ချော၏။ လှ၏။ ယောကျ်ားသား မက်မောတပ်မက်ကြသော အလှအပများနှင့် ပြည့်စုံ၏။ မိန်းမချော မိန်းမလှ တစ်ဦးပါ။

www.burmeseclassic

www.burmeseclassic.com

သို့သော် သူမ၏ အသက်မွေးဝမ်းကျောင်းက ပျော်တော်ဆက် ပြည့်တန်ဆာ။

ဟိုးရှေးယခင်ကဖြစ်စဉ်မှာ ရုပ်ရည်ရူပကာယ ချောမောလှပသော အမျိုးသမီးများသည် ယောကျ်ားသားတိုင်း တပ်မက်မောကြသဖြင့် အန္တရာယ်ရှိ၏။ ထိုအခါ အားလုံးဘုံဆိုင်ပြည်သူပိုင်သဘောအားဖြင့် တန်ရာတန်ကြေး ငွေကြေးပေးလျှင် ချစ်ခွင့်၊ ဆက်ဆံခွင့်ရှိသော ပြည်ကြီးတန်ဆာ ပြည့်တန်ဆာအဖြစ် သတ်မှတ်ခံရလေ့ရှိသည်။ အမ္ဗပါလီတို့၊ သီရိမာတို့မှာ စာပေထဲတွင် အထင်အရှားရှိခဲ့၏။

ယခုလည်းကြည့်၊ သေရိဏီသည် ပြည့်တန်ဆာ။

**နှုတ်မစောင့်စည်း အပြစ်ကြီး၏**

ဟတ္ထိနီမြို့သည် သမိုင်းဝင်မြို့တစ်မြို့ဖြစ်သည်။ ကုရုတိုင်းတွင် ထင်ရှားသော မြို့တစ်မြို့ဖြစ်သည်။ ပတ်ဝန်းကျင်တွင် ကျေးလက်တောရွာဇနပုဒ်များ ခြံရံလျက်ရှိ၏။ ဗုဒ္ဓသာသနာလည်း ထွန်းကား၏။ ဘာသာရေးကိုင်းရှိုင်းသူများလည်း ပေါများ၏။ လပြည့်၊ လကွယ် ဥပုသ်နေ့များတွင် ပတ်ဝန်းကျင်ကျေးလက်ဒေသများမှ ရဟန်းသံဃာများ ဤမြို့သို့ လာရောက်၍ သံဃာ့ဥပုသ်ပြုလေ့ရှိ၏။ လပြည့်၊ လကွယ်နေ့များတွင် ဟတ္ထိနီတစ်မြို့လုံး ရွှေဝါရောင်ဖုံးလွှမ်းလျက် ရှိလေ၏။

ယနေ့ လပြည့်ဥပုသ်နေ့ ဖြစ်သည်။

ဟတ္ထိနီတစ်မြို့လုံး ရဟန်းသံဃာတို့၏ သင်္ကန်းရောင်များ ဖုံးလျက်ရှိ၏။ မြို့သူမြို့သားတို့သည် ဗုဒ္ဓဘုရားသားတော် ရဟန်းသံဃာများအား ဆွမ်း၊ ထောပတ်၊ ဆီဦး၊ တင်လဲ၊ ပျားရည်၊ ခဲဖွယ် စသည့်အသွယ်သွယ်သော လှူဖွယ်ပစ္စည်းတို့ကို စေတနာသုံးတန်ပြဋ္ဌာန်းကာ လှူဒါန်းကြလေသည်။

သေရိဏီကား အလှူဒါနပြုမှုနှင့် တခြားတစ်ဘာသာဖြစ်သည်။

ရှေးကုသိုလ်က အကျိုးပေးကောင်းမှုကြောင့် ရုပ်ချောမောလှပသော်လည်း လှူရေးတန်းရေး၌ ဝါသနာမပါချေ။ မိတ်ဆွေအပေါင်းအသင်းများက အလှူဒါနပြုရန် တိုက်တွန်းနှိုးဆော်ကြသော်လည်း မရပေ။ လှူဒါန်းလေ့မရှိချေ။

မလှူရုံမျှမက၊ ကန့်တော့ဆွမ်းဟု ပြောရုံမျှမက ကဲ့ရဲ့ရှုတ်ချ ပုတ်ခတ်စကားတွေကိုပါ ပြောလာ၏။

"ဒီဦးပြည်း(ကတုံး) ရဟန်းတွေကို မလှူနိုင်ပါဘူး။ သူတို့ကို ပေးလှူလို့ ဘာအကျိုးရှိမှာလဲ။ လှူဒါန်းရင် ကုသိုလ်ရတယ်ဆိုတာကို ကျွန်မ မယုံဘူး။ ကုသိုလ်ဆိုတာလည်း ကျွန်မမှာရှိတဲ့ ပစ္စည်းဥစ္စာတွေဟာ ကိုယ်ခန္ဓာနဲ့ရင်းနှီးပြီး ရှာဖွေထားရတာ"

ဤသို့ဖြင့် သေရိဏီသည် ရဟန်းသံဃာများကိုလည်း ပုတ်ခတ်၏။ ကုသိုလ်ဒါနကိုလည်း စော်ကား၏။ တိုက်တွန်းလာသူတို့ကိုလည်း ပြောဆိုလွှတ်၏။

သေရိဏီ၏ ဘဝဇာတ်သိမ်း မကောင်းချေ။

ရဟန်းသံဃာအား စော်ကားပြောဆိုခြင်း၊ အလှူဒါနကုသိုလ်ကောင်းမှုကို မယုံကြည်ခြင်း၊ ပါးစပ်သရမ်းခြင်း၊ ဝစီဒုစရိုက်အကုသိုလ်ကြောင့် ဤဘဝမှ ကွယ်လွန်သောအခါ ပြိတ္တာမကြီး ဖြစ်သွားလေသတည်း။

**ပြိတ္တာမ၏ အပြစ်ဆိုး**

ပစ္စန္တရစ် မြို့ငယ်တစ်မြို့မှာ ဖြစ်သည်။ ပစ္စန္တရစ်ဟူသည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးမရှိသော အရပ်ဒေသဖြစ်၏။ သာသနာကွယ်ပသော အရပ်ဒေသဖြစ်၏။ သေရိဏီသည် ဤမြို့ငယ်တွင် ရုပ်ပျက်ဆင်းပျက်ဖြစ်ကာ အစာငတ်ရေငတ် ပြိတ္တာမ လာဖြစ်လေသည်။ ယုတ်စွအဆုံး ရေကလေးတစ်ပေါက်သော်မျှ အာခြောက်ပြေအောင် မသောက်ရချေ။

ဟတ္ထိနီမြို့မှ ကုန်သည်တစ်ယောက်သည် ပစ္စန္တရစ်မြို့ငယ်သို့ ကုန်ရောင်းကုန်ဝယ်လုပ်ရင်း ရောက်လာ၏။

အချိန်ကား အရှေ့ပြဗ္ဗာ ဥဒည်မွန်းမှ နေဝန်းကြီးထွက်ပြူလာချိန်ဖြစ်သည်။ ပြည့်တန်ဆာ(ပြိတ္တာမ)သည် အစာမရှိသဖြင့် မီးစနှင့်ထိုးခံရသကဲ့သို့ ပူလောင်သောရင်၊ တန်ယင်ချည့်နဲ့ကာ ယိုင်တိယိုင်တိုင်ဖြစ်နေသော ခြေလှမ်းများဖြင့် နှေးကွေးလေးလံစွာ လှမ်းလျက်ရှိ၏။ ရှေးတူရူမှလည်း စိုက်စိုက်၊စိုက်စိုက်နှင့် လူတစ်ယောက်လာလျက်ရှိ၏။

သူမအနီးသို့ ရောက်သောအခါ ထိုလူမှာ သူသိကျွမ်းဖူးသော ဟတ္ထိနီမြို့သား ကုန်သည်ဖြစ်နေ၏။ သူမက ကိုယ်ထင်ရှားပြလိုက်သည်။ သူမ၏ ရုပ်သွင်ကိုလည်း ကြည့်ပါဦး။ အရိုးပေါ် အရည်လွှမ်းနေသော ခန္ဓာကိုယ်၊ အဝတ်လည်းမပါ ကြောက်စရာ၊ ရွံစရာ ရုပ်သွင်။ ထိုနှ



www.burmeseclassic

www.burmeseclassic.com

သည်,သည် သူမကို ခြေအဆုံး ခေါင်းအဆုံးကြည့်ကာ ဟယ်..ဘယ်လိုသတ္တဝါပါလိမ့်။ ကြောက်စရာကောင်းလိုက်တာဟု တွေးမိလေ၏။

'သင်ကား မည်သူနည်း။ အဘယ်ကြောင့် ငါ့ရှေ့မှာ ရပ်လာဘိသနည်း'ဟု မေးလိုက်၏။

အရိုးစုပြိတ္တာမက သူသည် သေရိဏီဖြစ်ကြောင်း ယခု မြင်တဲ့အတိုင်း မလှမပ၊ ရွံစရာ၊ ကြောက်စရာ ပြိတ္တာမ ဖြစ်နေကြောင်း ပြောပြလေသည်။

'ဘာကြောင့် ဘာတွေ လုပ်ခဲ့ ပြောခဲ့လို့ ယခုလို အရိုးစုပြိတ္တာ ဖြစ်နေတာလဲ'ဟု မေးလိုက်ရာ ပြိတ္တာမက သူမ၏ လူ့ဘဝတုန်းက ဘဝဖြစ်စဉ် ဇာတ်ကြောင်းအစုံအလင်ကို ပြောပြ၏။ ဆက်လက်ပြီး ပြိတ္တာမက ယခုဘဝ ဆင်းရဲဒုက္ခ ခံစားနေရပုံများကို ပြောပြလေသည်။

'ရေသောက်ချင်လို့ ရေကိုရှာ ရေကိုတော့ တွေ့ပါ၏။ သောက်မည်လုပ်တဲ့အခါ ကြည်လင်နေသောရေမှာ ရွံ့နှစ်တွေ ဖြစ်သွားတာနဲ့၊ သဲတွေ ဖြစ်သွားတာနဲ့ ရေတစ်ပေါက်တောင်မှ မသောက်ရပါ။ ချစ်ချစ်တောက်ပူပြင်းလှသော နေပူဒဏ်ကို မခံနိုင်လို့ သစ်ပင်ရိပ်ကောင်းကောင်းအောက်သို့ ဝင်ရောက်နားခိုတဲ့အခါမှာလည်း သစ်ပင်ရိပ်ပျောက်ကာ နေပူလွင်ပြင်ကြီး ဖြစ်သွားပါတယ်။ ခိုနားရာ မရခဲ့ပါ။ လေအေးလေးများ အတိုက်ခံချင်သော်လည်း လေပြည်လေညင်းမဟုတ်ဘဲ မီးလောင်ပြင်မှလာသော လေကဲ့သို့ အလှုံ့ရဲရဲ မီးကျီးခဲလိုလေကိုသာ ရရှိပါတယ်။ အပူလောင်ဒဏ်ကိုသာ မသေမရှင်ခံနေရပါတယ်။ ဒုက္ခတွေ ပတ်လည်ဝိုင်းနေတဲ့ အပူကောင်မ ဘဝဖြစ်နေရပါတယ်'

ပြိတ္တာမသည် ကုန်သည်ကို မြင်တွေ့ရသောအခါ ဟတ္ထိနီမြို့ရှိ မိဘများကို သတိရသွားလေ၏။ ငါ့ဆင်းရဲဒုက္ခကိုသိလျှင် ငါတို့မိဘတွေက ကယ်ကြမှာပဲဟုသော မျှော်လင့်ချက်ဖြင့် ကုန်သည်ယောကျ်ားကို အကူအညီ တောင်းလေပြီ။

**အမှာစကား နှုတ်ခြွေပါး**

'အို..မောင်ကြီး၊ အခွင့်ကြုံခိုက်မှာ မှာလိုက်ပါရစေ။ ကူညီပါ။ ဟတ္ထိနီမြို့သို့ မောင်ကြီးပြန်ရောက်တဲ့အခါ ကျွန်မမိခင်ကို အကြောင်းကြားပေးပါ။ ကျွန်မတစ်ယောက် စားရမဲ့သောက်ရမဲ့၊ အဝတ်မဲ့ပြိတ္တာ ဖြစ်နေကြောင်း၊ ကျွန်မအိပ်သော အိပ်ရာအောက် မြှုပ်ထားသော ငွေလေးသိန်းရှိကြောင်း၊ အဲဒီငွေတွေကို တူးဖော်ပြီး ကျွန်မကို ရည်စူးကာ ကုသိုလ်ကောင်းမှုပြုပေးပါ။ တစ်ဝက်ကို အမေ အသက်မွေးဝမ်းကျောင်းပြုပါ။ ကုသိုလ်ဒါန၏ အဖို့ဘာဂကို ကျွန်မအား အမျှဝေပါ။ သို့မှသာ ပြိတ္တာဘဝမှ ကျွန်မ ကျွတ်လွတ်မည်ဖြစ်ကြောင်း ပြောပေးပါဟု ရှည်လျားစွာ မှာကြားပြီး ပျောက်ကွယ်သွားလေ၏။

**အမျှဝေ၍ ချမ်းသာရ၏**

ကုန်သည်ယောကျ်ား ဟတ္ထိနီမြို့သို့ ပြန်ရောက်ပါပြီ။ ပစ္စန္တရစ်တွင် တွေ့ဆုံခဲ့ရသော ပြိတ္တာမ(သေရိဏီ) မှာကြားလိုက်တဲ့အတိုင်း သူမအမေထံသွားကာ အကြောင်းစုံကို ပြောပြလိုက်လေသည်။ မိခင်ဖြစ်သူသည် ပြိတ္တာဖြစ်နေသောသမီး မှာကြားလိုက်သည့်အတိုင်း ငွေအိုးကိုဖော်သည်။ တစ်ဝက်ကို သမီးအတွက် ရည်မှန်းပြီး အလှူဒါနပြုသည်။ သမီးကို ဖိတ်ကြားသည်။ အမည်နာမခေါ်ပြီး အမျှအတန်းပေးဝေလိုက်သည်။

အရိုးစုပြိတ္တာမသည် မိခင်ပေးဝေသော ကုသိုလ်အဖို့ဘာဂ အမျှပေးဝေမှုကို သာဓုခေါ်ရသဖြင့် ပြိတ္တာဘဝမှ ကျွတ်လွတ်သွားလေသတည်း။

ပြိတ္တာဘဝမှ လွတ်မြောက်သွားသော ဘဝဟောင်းက သမီးသည် မိခင်ထံ လာရောက်ကာ ကိုယ်ထင်ရှားပြ၏။ မိခင်ဝမ်းမြောက်ပါလေတော့ဟု ရည်ရွယ်၍ လာခြင်းဖြစ်၏။

မိခင်သည် ထိုအကြောင်းကို ရဟန်းသံဃာအား လျှောက်ထား၏။ ရဟန်းသံဃာများက မြတ်စွာဘုရားထံ ရှေ့နားတော်ပေါက်ကြားအောင် လျှောက်ထားကြလေသည်။ မြတ်စွာဘုရားသည် သေရိဏီပြိတ္တာမ အကြောင်းကို လူအများအား တရားဟောကြားပေးတော်မူကာ ထိတိုင်းရှသည့် ဝစီဘေဒကို ဆင်ခြင်ကြရန်၊ ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြရန် တိုက်တွန်းတော်မူ၏။

**မုံရွာ နေဇာ**

**ကိုးကားမှု**

ပေတဝတ္ထု၊ အဋ္ဌကထာ၊ စူဠဝဂ်၊ သေရိဏီပေတဝတ္ထု။ ဝစီဘေဒ ထိတိုင်းရှတတ်သဖြင့် နှုတ်ဝစီကို စောင့်စည်းကြရန်။

www.burmeseclassic

www.burmeseclassic.com

အလည်အပတ်ရောက်ရာ မြို့ ၊ ရွာများတွင် မိမိသည် သီလ၊ သမာဓိ၊ ပညာ စသည့်သိက္ခာသုံးပါးနှင့် ပြည့်စုံကျော်ကြားတော်မူသော ဆရာတော်ကြီးများအား သွားရောက်ဖူးမြော်ကန်တော့လေ့ရှိ၏။ ယခုလည်း မိမိရောက်ရှိနေသည့်ရွာတွင် တောရကျောင်းတစ်ကျောင်းရှိ၏။ ထိုတောရကျောင်းမှ ဆရာတော်ကြီးမှာ သက်တော်ရှစ်ဆယ်ကျော်ပြီဖြစ်ပြီး သိက္ခာသုံးပါးနှင့် ပြည့်စုံသဖြင့် ရဟန္တာတမျှ ဆည်းကပ်ကိုးကွယ်ကြသည်ဟု ကြားသိရ၏။

သို့ဖြစ်ပါ၍ ထိုတောရကျောင်းဆရာတော်ဘုရားကြီးအား ဖူးမြော်ကန်တော့လိုသဖြင့် ရွာမှ မိတ်ဆွေများအား တောရကျောင်းသို့ လိုက်ပို့ခိုင်းမိသည်။ တောရကျောင်းသို့ အသွားခရီးတွင် လိုက်ပို့သည့်မိတ်ဆွေများမှ ဆရာတော်ကြီးသည် စကားများများ မပြောကြောင်း၊ တရားရှည်ရှည်မဟောကြောင်း၊ ဒကာ၊ ဒကာမများ ရောက်လာလျှင်လည်း စကားတစ်လုံး၊ နှစ်လုံးပြောပြီး ပြုံးပြုံး၊ ပြုံးပြုံးနှင့် ထိုင်နေကြောင်း၊ တစ်နေကုန်နေလည်း ဒီအတိုင်းပဲ တစ်နေကုန် ထိုင်နေကြောင်း စသည်တို့ကို ပြောကြ၏။

ဟုတ်ပါသည်၊ အခုလည်း မိမိတို့ရောက်သွား၍ ဖူးမြော်ကန်တော့သည့်အခါ ‘ဘယ်ကလာလဲ’ ဟု တစ်ခွန်းသာမေး၏။



ပြန်ဖြေတော့ ‘အေး…အေး…ကောင်းတယ်၊ ကောင်းတယ်’ ဟု တစ်ခွန်းပြောပြီး နောက်ထပ်ဘာမျှမပြောတော့ပေ။ ပြုံးပြီး နေရာမရွေ့ ထိုင်နေ၏။ ငြိမ်သက်အေးချမ်းစွာ ထိုင်နေပုံမှာ ကြည်ညိုဖွယ်ရှိပါလေစွ။

www.burmeseclassic.com

ဆရာတော်ဘုရားကြီး၏ ကြည်ညိုဖွယ်အဆင်းတို့ကို ကြည်ညိုသဒ္ဒါပွားရင်း ဂုဏ်တော်ကျေးဇူးတော်အပေါင်းတို့ကို အာရုံပြုပြီး ဆရာတော်ဘုရားကြီးအား ရှိခိုးဦးချကန်တော့၍ မိမိတို့ ပြန်လာခဲ့ကြ၏။ အပြန်လမ်းတွင် မိမိမှ အမေးစကားစမိ၏။

'ဆရာတော်ကြီးက တရားတိုတိုဟောတယ်ဆိုတော့ ခင်ဗျားတို့ ထစ်ပုဒ်တလေတော့ မှတ်မိမှာပေါ့။ မှတ်မိကြရင် ကျွန်တော့်ပြန်ဟောပြစမ်းပါ။ ကျွန်တော်နာချင်လို့'

'တစ်ခါတုန်းက ဥပုသ်နေ့တစ်နေ့မှာ ဒီရွာထဲကလူတစ်ယောက်က ဆရာတော်ဘုရားကြီးကိုလျှောက်တယ်'

'ဘယ်လိုလျှောက်သလဲဗျ'

'ဆရာတော်ဘုရား..တပည့်တော်တို့က ခရစ်ယာန်ဘာသာကနေ ဗုဒ္ဓဘာသာကို ခုမှပြောင်းလာတာဆိုတော့ ဗုဒ္ဓဘာသာအကြောင်း နားမလည်ဘူးဘုရား။ တပည့်တော်တို့ နားလည်အောင် ဘယ်လိုနေထိုင်ကျင့်သုံးရမယ်ဆိုတာ ဟောပြောဆုံးမပေးပါဘုရားလို့ လျှောက်တယ်။ ဒီတော့ ဆရာတော်ဘုရားကြီးက အေး..အေး..ငါ့ကြည့်နေ။ ငါ နေထိုင်ကျင့်သုံးသလို နေထိုင်ကျင့်သုံးကွယ့်လို့ ဟောလိုက်တယ်ဗျ'

'တယ်ကောင်းတဲ့ အဆုံးအမတရားပဲ။ ဒီလိုဆုံးမနိုင်တာဟာ ကိုယ့်ဘက်က လိုလေသေးမရှိပြည့်စုံမှ ဆုံးမနိုင်တာ။ မပြည့်စုံရင် ငါပြောသလိုလုပ်၊ ငါလုပ်သလို မလုပ်နဲ့ဆိုတဲ့ အဆုံးအမမျိုးပဲ ပေးနိုင်မယ်။ ရှေးက ကျော်ကြားခဲ့တဲ့ ဆရာတော်ဘုရားကြီးအချို့လည်း ဒီလိုပဲ တိုတိုဆုံးမတာကို မှတ်သားဖူးတယ်'

'ကဲ..ဒါဖြင့် ကျုပ်တို့ကိုလည်း ခင်ဗျားမှတ်သားထားတဲ့ အဆုံးအမတိုတိုတွေကို ပြန်ပြောဆုံးမပါဦး။ လိုက်နာချင်လို့'

'ဒီလိုဆို အစီပွာယ်တော့ ချဲ့မပြောတော့ဘူး။ ဆရာတော်ကြီးတွေ ပြောခဲ့တဲ့အတိုင်းပဲ ပြောပြမယ်။ မှတ်မိအောင်သာ မှတ်ပေတော့။ အဓိပ္ပာယ်လည်း ပေါ်နေပါတယ်'ဟု စကားပလ္လင်ခံပြီး ရှေးက ကျော်ကြားခဲ့သော ဆရာတော်ဘုရားကြီးများ၏ အတိုဆုံးဆုံးမစကားများကို ပြောပြခဲ့၏။

◆ ◆ ◆

ရှေးဆရာတော်ဘုရားကြီးများ၏ အတိုဆုံးဆုံးမစကားများသည်ကား-

* တစ်ယောက်တည်း သင့်အောင်နေ (ရှေ့ငုံဆရာတော်)၊
* ကိုယ်မကြိုက်တာ မလုပ်နှင့် (အရိယာဝံသဆရာတော်)၊
* ဘယ်ခါမဆို သေဝံ့အောင်နေ (သံယုတ်ဆရာတော်)၊
* ဘယ်သူ ကဲ့ရဲ့၊ ကဲ့ရဲ့ ဘုရား မကဲ့ရဲ့အောင်နေ- (ဆရာတော်ဦးဖုမ်)၊
* သူများ စိတ်မဆိုးအောင်နေ (ငါးခုံဆရာတော်)၊
* သေခါမှ အရှက်ကွဲကြမယ်နော်- (ပခုက္ကူတိုက်သစ်ဆရာတော်)၊
* ခုကျပ်မှ နောင်ချောင်မည်၊ ခုချောင်လျှင် နောင်ကျပ်မည် (ငါးသယောက်တောရကျောင်းဆရာတော်)၊
* နိဗ္ဗာန်ကိုလိုလျှင် တမလွန်မျက်မှောက် ကြောက်ရအောင်နေ (မကျည်းတောဆရာတော်)၊
* နိဗ္ဗာန်ကိုလိုလျှင် သူတစ်ပါးအတင်းမဆိုနှင့် (ထွဋ်ခေါင်ဆရာတော်)၊
* နိဗ္ဗာန်ကိုလိုလျှင် သူတစ်ပါး ဟောကြားရေးသားတိုင်း မယုံနဲ့၊ ဘုရားရဟန္တာဟောကြားရေးသားမှယုံ (ရွှေယင်းမာဆရာတော်)။

◆ ◆ ◆

'ဟာ..ခင်ဗျားမှတ်မိတာတွေ များလှပါကလား။ ကျုပ်တို့သာ ခင်ဗျားလို အမှတ်ကောင်းရင် ဆရာတော်ဘုရားကြီးတွေရဲ့ အဆုံးအမတရားတွေ အများကြီးရမှာပဲ'

'အဲဒါ ခက်တာပေါ့။ ခင်ဗျားတို့က ခြင်းကျားနဲ့ ရေခပ်သယ်၊ သဲထဲရေသွန် ဆိုတာလို ဖြစ်နေတာ။ အဲဒီလိုအဆုံးအမတိုတိုနဲ့ တရားရတာတွေ အများကြီးပဲ။ အင်္ဂုလိမာလ ခိုးသားကြီးတောင် အဆုံးအမအတိုနဲ့ပဲ တရားရသွားတာ မဟုတ်ဘူးလား'

'ဒါဆိုလည်း ဆက်စမ်းပါဦးဗျို့။ အင်္ဂုလိမာလခိုးသားကြီး တရားရပုံကို'

ဟု မိတ်ဆွေများမှ တောင်းဆိုလာပါချေ၍-

'အင်္ဂုလိမာလခိုးသားကြီးဟာ ဘုရားရှင်ကို သတ်ဖြတ်ရအောင် အမီပြေးလိုက်တယ်၊ မမီဘူး။ မောတော့ သူက ရပ်ပြီး ဘုရားရှင်ကို အမိန့်ပေးတယ်။

'ရဟန်း..ရပ်..ရပ်'

'အင်္ဂုလိမာလ..ငါရပ်နေတယ်။ သင်သာ ရပ်ပါ'

'ရဟန်း..သွားနေသည်ဖြစ်ပါလျက် ငါရပ်၏ဟူ၍ဆိုဘိ၏။ ငါ့ကိုလည်း ရပ်သည်ဖြစ်လျက် မရပ်ဘဲ သွားနေသူဟူ၍ဆိုဘိ၏။ ရဟန်း..ထိုအကြောင်းကို သင့်အား ငါမေးပါဘိ။ သင် အဘယ်သို့ရပ်သနည်း။ ငါသည် အဘယ်သို့ သွားသနည်း'



www.burmeseclassic

www.burmeseclassic.com

'အင်္ဂုလိမာလ..ငါသည် အခါခပ်သိမ်းသတ္တဝါအားလုံးတို့၌ သတ်ဖြတ်ညှဉ်းဆဲခြင်း စသောဒဏ်ကို ချထားပြီး မေတ္တာခန္တီစ တရားများ၌ ရပ်တည်နေ၏။ သင်သည်ကား သတ္တဝါတို့၌ မေတ္တာခန္တီစကင်းပြီး မစောင့်စည်းသည်ဖြစ်၍ သွားနေ၏။ ဣရိယာပုထ်ရပ်သော်လည်း ငရဲ စသည်သို့ ပြေးရဦးမည်။ ထို့ကြောင့် ငါသည် ရပ်သည်မည်၏။ သင်သည် မရပ်ဘဲ သွားနေသည်မည်၏ဟု ဘုရားရှင်ကအမိန့်ရှိခဲ့တယ်။

အဲဒီမှာ ဘုရားရှင် အမိန့်ရှိတာ အင်္ဂုလိမာလ..ငါရပ်နေတယ်။ သင်သာရပ်ပါဆိုတာ အတိုလေးပဲမဟုတ်လား။ အင်္ဂုလိမာလခိုးသားကြီးဟာ စဉ်းစားပြီး မေးမြန်းလို့ ဘုရားရှင်ရဲ့ အဖြေလည်းဆုံးရော ရှိခိုးဦးချပြီး ရဟန်းပြုခွင့်တောင်းတော့တာပဲ။ ဘုရားရှင်ကလည်း ဧဟိဘိက္ခုဆိုပြီး ရဟန်းပြုပေးလိုက်တယ်။ ရဟန္တာကတော့ မဖြစ်သေးဘူး။ ပရိတ်ကြီးမှာပါတဲ့ အင်္ဂုလိမာလသုတ်ပရိတ်ကို ရွတ်ဖတ်ပြီးတဲ့ နောက်ပိုင်းကျမှ ရဟန္တာဖြစ်သွားတာ။ အချို့က လူဝတ်နဲ့ ရဟန္တာဖြစ်သွားတယ် မှတ်နေကြတာ'

ဟု မိမိဖတ်ခဲ့သမျှ၊ မှတ်ခဲ့သမျှ ပြန်ပြောပြလိုက်တော့မှ-

'ဒါဖြင့် တရားရဖို့ဟာ ကိုယ်ခံအသိရှိလို့ ဆုံးမသူနဲ့ တွေ့ရင် အတို၊အရှည် မဆိုင်ဘူးပေါ့၊ ဟုတ်လား'

ဟု မိတ်ဆွေများမှ မေးပြော၊ပြော၍-

'ဟုတ်တာပေါ့။ ခုလည်း ခင်ဗျားတို့ရွာ တောရကျောင်းမှာ တကယ့်သူတော်ကောင်း ဆရာတော်ဘုရားကြီး ရထားတာပဲ။ ကိုယ်ကောင်းဖို့ပဲ လိုတော့တယ်။ စောစောက ကျွန်တော်ပြောခဲ့တဲ့ အင်္ဂုလိမာလကြီး မီရာအသိနဲ့ ရပ်သွားသလို ခင်ဗျားတို့လည်း မီရာအသိနဲ့ ရပ်ကြတော့' ဟု ပြောပြီး ဗုဒ္ဓစာပေများထဲမှ မြတ်စွာဘုရား ဟောကြားထားခဲ့သည့် သူတော်ကောင်းရကျိုးကို အောက်ပါအတိုင်း ပြောကြားခဲ့ပါလေတော့၏။

◆◆◆

သူတော်ကောင်းရကျိုးသည်ကား ရဟန်းတို့..ကြီးစွာသောမိုးသည် ခပ်သိမ်းသောကောက်စပါးတို့ကို ကောင်းစွာ ပြည့်စုံစေသည်ဖြစ်၍ လူများစွာ၏ အကျိုးရှိရန်၊ အစီးအပွား ဖြစ်ရန်၊ ချမ်းသာရန် ဖြစ်သကဲ့သို့ ဤအတူပင် အမျိုး၌ သူတော်ကောင်းဖြစ်ထွန်းသည်ရှိသော် များစွာသောလူ အပေါင်း၏ အကျိုးရှိရန်၊ အစီးအပွားဖြစ်ရန်၊ ချမ်းသာရန်



ဖြစ်၏။ အမိ၊ အဖ၊ သားမယား၊ ကျွန်အမှုလုပ်၊ အဆွေခင်ပွန်း၊ ရဟန်း၊ ပုဏ္ဏားတို့၏ အကျိုးရှိရန်၊ အစီးအပွားဖြစ်ရန်၊ ချမ်းသာရန် ဖြစ်၏။

အကျိုးစီးပွားကို ဆောင်ရွက်သူသည် လူများစွာတို့၏ စည်းစိမ်ကို ဖြစ်စေ၏။ တရားစောင့်၍ အကြားအမြင်များသော အကျင့်သီလနှင့်ပြည့်စုံသော ထိုသူတော်ကောင်းကို နတ်အပေါင်းစောင့်ရှောက်၏။ တရား၌တည်သူကို ကျော်စောထင်ရှားခြင်းသည် မစွန့်လွှတ်နိုင်။

တရား၌တည်သော သီလနှင့်ပြည့်စုံသော မှန်သော စကားကို ဆိုလေ့ရှိသော မကောင်းမှုမှ ရှက်စိတ်ရှိသော ထိုသူတော်ကောင်းကို တနိက္ခရွှေ ဇမ္ဗူရာဇ်ရွှေစင်ကဲ့သို့ အဘယ်သူသည် ကဲ့ရဲ့ခြင်းငှာ ထိုက်ပါအံ့နည်း။ ထိုသူတော်ကောင်းကို နတ်တို့သည်လည်း ချီးမွမ်းကုန်၏။ ဗြဟ္မာကလည်း ချီးမွမ်းကုန်၏။

(သပ္ပုရိသသုတ် ပဉ္စက အင်္ဂုတ္တရ)

ယောကျ်ားအာဇာနည်သည် ရခဲ၏။ ထိုယောကျ်ားအာဇာနည်သည် ခပ်သိမ်းသောအရပ်အမျိုး၌မဖြစ်၊ ပညာရှိသော ထိုယောကျ်ားအာဇာနည်သည် အကြင်အရပ်အမျိုး၌ ဖြစ်၏။ ထိုအရပ်အမျိုးသည် ချမ်းသာခြင်းရှိသည်ဖြစ်၍ ကြီးပွား၏။

(ဗုဒ္ဓဝဂ် ဓမ္မပဒ)

မီရာအသိဖြင့် ရပ်နိုင်ကြပါစေဟု ဆန္ဒပြုရင်းဖြင့်..။

**ကိုရွှေမြသန်း(သမိုင်း)**

**မှီငြမ်း**


* ဧတဒဂ်အရှင်ပညာဇောတ၏ ဗုဒ္ဓဓမ္မပြဿနာများ(...

www.burmeseclassic

www.burmeseclassic.com

# (၃၈)ဖြာမင်္ဂလာ
# စာရင်းထားခဲ့သည့်

ထက်ဘုန်းလှ



ဆရာရွှေတိုင်ညွန့် ရေးသားခဲ့တဲ့ မင်္ဂလာဆယ့်နှစ်ပါးသီချင်းရဲ့ အစချီစာသားကို ဆောင်းပါးခေါင်းစဉ် ယူသုံးလိုက်တာပါ။ လောကီမင်္ဂလာ တစ်ရပ်အနေနဲ့ ထင်ရှားပြီးသား (၃၈)ဖြာမင်္ဂလာ(မင်္ဂလသုတ်)ဟာ အရာရာတိုင်းကို အရိယသစ္စာအမြင်နဲ့ ရှုမြင်မှုမရှိတတ်ကြတဲ့ ပုထုဇဉ်လူသားတွေအတွက် သမ္မုတိသစ္စာအမြင်နဲ့ ကြည့်တတ် မြင်တတ် လိုက်နာဆောင်ရွက်တတ်အောင် မြတ်ဗုဒ္ဓက ဟောကြားခဲ့ခြင်းဖြစ်တယ်။

လူအဖြစ် သက်ရှိထင်ရှား ကျင်လည်နေရတဲ့ကာလတစ်လျှောက်လုံး လူဟာ လူ့အသိုင်းအဝိုင်းနဲ့ ဆုံစည်းရမယ်။ လူမှုပတ်ဝန်းကျင်နဲ့ ထိတွေ့ဆက်ဆံရမယ်။ လူ့ဘဝကို ဒုလ္လဘာဟုဆိုပါလျှင် ဒုလ္လဘာဖြစ်တဲ့ လူအဖြစ်ရရှိခြင်းကို မြင့်မြတ်မှုနဲ့ ထုံမွှမ်းပြီး လူမှုဗေဒနယ်နိမိတ်အတွင်း လူအဖြစ် ထိုက်ထိုက်တန်တန်ရရှိခွင့်ကို အစဉ်အမြဲတည်ရှိစေဖို့ ဖြစ်ပါတယ်။ ယဉ်ကျေးတဲ့ လူ့အသိုင်းအဝိုင်းအတွက် မင်္ဂလသုတ်ဟာ မရှိမဖြစ်၊ မသုံးမဖြစ် ဖော်ကျူးလမ်းညွှန်ပါတယ်။

မင်္ဂလသုတ်ကို ရသမပျက် လိုက်နာကျင့်သုံးမယ်ဆိုလျှင် ပထမဆုံး အလေးထားရမယ့်အချက်မှာ ပတ်ဝန်းကျင်ဖြစ်ပါတယ်။ ပြီးတော့ ဓမ္မတွင် အလေးထားမှု၊ မိမိကိုယ်ကို အလေးထားမှုတွေ ဆက်စပ်ပါဝင်လာပြန်တယ်။ မင်္ဂလသုတ်က အလေးအနက်ထားပြီး ညွှန်းဆိုရာ



www.burmeseclassic

www.burmeseclassic.com

မှာလည်း လောကာဓိပတိ(ပတ်ဝန်းကျင်)၊ ဓမ္မာဓိပတိ (တရားသဖြင့် ညီညွတ်စွာ)၊ အတ္တာဓိပတိ(မိမိကိုယ်၌ အလေးထားမှု) သုံးမျိုးကိုသာ ပဓာနကျကျ သက်ရောက်စေပါတယ်။

မိမိအတ္တကို ရှေ့တန်းတင်ထားလေ့ရှိတဲ့ ဗီဇစိတ်နဲ့ ဖွဲ့စည်းတည်ဆောက်ထားပေမယ့် လူဆိုတာ ယဉ်ကျေးသိမ်မွေ့မှုနဲ့လည်း တန်ဆာဆင်နိုင်ရမယ်။ ကိုယ်ခန္ဓာ အညစ်အကြေးများ သုတ်သင်မှုပြုရသလို ရိုင်းပျတဲ့ အပြုအမူ၊ အပြောအဆိုများကိုလည်း သတိထားဆင်ခြင်နိုင်ရပါမယ်။ မိမိစိတ်ကို ဆုံးမနိုင်စွမ်းနဲ့အတူ အမှတ်မထင် စွန်းထင်းမှုများကို ချက်ချင်းလက်ငင်း သန့်စင်ဖို့ဖြစ်ပါတယ်။ အဲဒီလိုကျင့်သုံးမှုတိုင်းဟာ ယဉ်ကျေးသိမ်မွေ့မှုကို တည်တံ့စေပြီး မိမိကိုယ်ကိုယ် အလေးအနက်ထားသူတစ်ယောက်အဖြစ် စိတ်ချမ်းသာမှုကိုပါ ပူးတွဲသယ်ဆောင်နိုင်မှာဖြစ်တယ်။ မိမိပတ်ဝန်းကျင်မှာ ဆက်ဆံနေရတဲ့လူတွေဟာ အတိတ်ကံကြီးမားမှုကြောင့် လူ့ဘဝကို ရရှိလာကြပြီး လေးစားထိုက်သူများပင် ဖြစ်ပါတယ်။ နှလုံးသွင်းမှုမှန်ကန်လျှင် မိမိကိုယ်မိမိ နှိမ့်ချရာရောက်သလို တစ်ဖက်လူကို ခွင့်လွှတ်ရာလည်း ရောက်ပါတယ်။ ဗြဟ္မစိုရ်တရားပွားများပြီးသား ဆိုပါတော့။

ဒါကြောင့် လောကာဓိပတိ(ပတ်ဝန်းကျင်)အရ ဆက်ဆံမှုပြုရာတွင် ဓမ္မာဓိပတိ(ဓမ္မ)နှင့် ညီညွတ်မျှတစွာ မိမိ၏ကိုယ်ကျင့်သိက္ခာကို လေးစားတန်ဖိုးထားတတ်တဲ့ အတ္တာဓိပတိ(မိမိကိုယ်၌)အရ သုစရိုက်တရားနဲ့ ပုညကိရိယာများသာ ထွန်းကားမွေ့လျော်ဖွယ်ရာ ရပ်ဝန်းတစ်ခု၊ ဒေသတစ်ခု၊ နိုင်ငံတစ်ခုကို ပိုင်ဆိုင်ခွင့်ရနိုင်မှာ ဖြစ်ပါတယ်။

အမှန်အားဖြင့် သစ္စာလေးပါးကို မသိမြင်နိုင်သေးမီ လူဆိုတာ ပုထုဇဉ်ဖြစ်တဲ့အလျောက် လောဘ၊ ဒေါသ၊ မောဟ တရားများ ပေကျံစွန်းထင်းခြင်းမှ ကျော်လွှန်ကာ လုံးဝအပြစ်ကင်းစင် သန့်ရှင်းနေမည်တော့ မဟုတ်ပါ။ သို့သော် ကုစားနည်းရှိတဲ့ ဗုဒ္ဓဒေသနာတော်အရ မည်သည့် အကုသိုလ်ကံဖြစ်စေ ကြီးလေးတဲ့ ဂရုကံမဟုတ်လျှင် စိတ်ဓာတ်ကျစရာ၊ စိတ်အားငယ်စရာလောက်ကိုပင် ပေါ့ပေါ့ပါးပါး ဖယ်ရှားနိုင်တယ်လို့ ဆိုပါတယ်။ စိတ္တာနုပဿနာ သတိပဋ္ဌာန်အရ သင်္ခါရတရားတွေပဲဆိုပြီး ဖြစ်ခြင်း၊ ပျက်ခြင်း၊ မမြဲခြင်းများကို နှလုံးသွင်းဆင်ခြင် ကုစားနိုင်ပါတယ်။ အတတ်ပညာ၊ စီးပွားဥစ္စာ၊ အဆွေခင်ပွန်း၊ ချမ်းသာသုခ၊ ကုသိုလ်ကောင်းမှု၊ တရားဘာဝနာဆိုတာတွေဟာ ဘဝရဲ့ အဆင့်ဆင့်သော ကွန်းခိုစခန်းများ ဖြစ်ကြသည်နှင့်အညီ (၃၈)ဖြာမင်္ဂလာတရားဖြင့် ဘဝကို အလှဆင်နိုင်ဖို့၊ လောကကို တင့်တယ်စေဖို့ ကြိုးစားဆောင်ရွက်ရန်ဖြစ်ပါတယ်။

၁။ အသေဝနာစ ဗာလာနံ-လူမိုက်ကို မမှီဝဲခြင်း
[ဘေးအန္တရာယ်ကင်းရှင်းစေရန် (Safety First)]၊

၂။ ပဏ္ဍိတာနဥ္စသေဝနာ-ပညာရှိကို ဆည်းကပ်ခြင်း
(အကျိုးများ၊ အမှီကောင်း၊ အသိဉာဏ်ပညာကြီးမား)၊

၃။ ပူဇာစ ပူဇနေယျာနံ-ပူဇော်ထိုက်သူကို ပူဇော်ခြင်း
(တင့်တယ်ခြင်း၊ အရိပ်ကောင်းခိုလှုံ)၊

၄။ ပတိရူပဒေသဝါသောစ - သင့်တော်လျောက်ပတ်သော အရပ်၌ နေထိုင်ခြင်း
(ကောင်းသောတိုးပွားခြင်းနှင့် လုံခြုံခြင်း)၊

၅။ ပုဗ္ဗေစ ကတပုညတာ-ရှေးရှေးကကောင်းမှုရှိခြင်း
(အခြေခံကောင်း၊ အကျိုးပေးကောင်း)၊

၆။ အတ္တသမ္မာပဏိဓိစ-မိမိကိုယ်ကို တည်ဆောက်နိုင်ခြင်း (တည်ငြိမ်ခြင်း၊ ထိန်းသိမ်းမှုကောင်းခြင်း)၊

၇။ ဗာဟုသစ္စဥ္စ-ဗဟုသုတများခြင်း(ကောင်းစွာဆောင်ရွက်၊ တွေဝေမှုကင်းရှဲရှင့်ခြင်း)၊

၈။ သိပ္ပဥ္စ-သိပ္ပံပညာတတ်သိနားလည်ခြင်း (မြင့်မြတ်ထက်မြက်စွာ ပညာဖြင့် အသက်မွေး)၊

၉။ ဝိနယောစ သုသိက္ခိတော-ကျင့်ဝတ်၊ ဝိနည်းများ တတ်သိနားလည်ခြင်း
(ညီညွတ်စွာ စည်းကမ်းလိုက်နာ)၊

၁၀။ သုဘာသိတာစ ယာဝါစာ-စကားကောင်းပြောခြင်း
(သီလကောင်းစွာ သုစရိုက်မြတ်နိုး မိတ်ဆွေပေါများ)၊

၁၁။ မာတာပိတု ဥပဋ္ဌာနံ-မိဘကိုပြုစုလုပ်ကျွေးခြင်း
(မွန်မြတ်ကုသိုလ်နှင့် စံနမူနာကောင်း)၊

၁၂။ ပုတ္တဒါရဿသင်္ဂဟော-သားသမီးများကို ထောက်ပံ့ခြင်း (ကရုဏာနှင့် အရိပ်ကောင်းပေး)၊

၁၃။ အနာကုလာစ ကမ္မန္တာ-အပြစ်မရှိသောအလုပ်ကို လုပ်ကိုင်ခြင်း

www.burmeseclassic

www.burmeseclassic.com

(ဖြူစင်ရိုးသားခြင်းနှင့် ရန်ဘယာကင်း)၊

၁၄။ ဒါနဉ္စ-လှူဒါန်းပေးကမ်းခြင်း

(သွားလမ်းလာလမ်းသာ ရေစီးရေလာကောင်း)၊

၁၅။ ဓမ္မစရိယာစ-တရားနှင့်အညီကျင့်ခြင်း

(စိတ်ဓာတ်ခိုင်မာ အဂတိကင်းစင်ပြီး ကောင်းသတင်းမွှေးပျံ့)၊

၁၆။ ဉာတကာနဉ္စသင်္ဂဟော-ဆွေမျိုးတို့အား ထောက်ပံ့ခြင်း (ဝန်တိုကင်းပြီး အခြံအရံနှင့်ပြည့်စုံ)၊

၁၇။ အနဝဇ္ဇာနိကမ္မာနိ-အပြစ်မရှိသော အမှုကိုပြုခြင်း

(အပြစ်ကင်း၊ ဘေးကင်း၊ လမ်းကောင်းလမ်းမှန်ရှိခြင်း)၊

၁၈။ အာရတီပါပါ-မကောင်းမှုမှရှောင်ခြင်း

(လောကပါလတရားနှင့် လမ်းမှန်နည်းမှန်)၊

၁၉။ ဝိရတီပါပါ-မကောင်းမှုမှ ဝေးစွာရှောင်ခြင်း

(အမှားကင်းစွာ စွမ်းအားပြည့်ဝ တန်ခိုးရှိ)၊

၂၀။ မဇ္ဇပါနာစ သံယမော-သေရည်၊ မူးယစ်ဆေးဝါးမသုံးစွဲခြင်း

(ကိုယ်စိတ် ကျန်းမာချမ်းသာ၊ သီလသန့်စင်)၊

၂၁။ အပ္ပမာဒေါစဓမ္မေသု-တရားမမေ့ခြင်း

(ကောင်းမွန်သောအနှစ်သာရရှိခြင်း တန်ဖိုးရှိခြင်း)၊

၂၂။ ဂါရဝေါစ-ရိုသေခြင်း

(ကျက်သရေရှိစွာသော အလေ့အကျင့်ကောင်း)၊

၂၃။ နိဝါတောစ-နှိမ့်ချခြင်း

(မြတ်သော်မနော၊ စိတ်ထားပြည့်ဝ)၊

၂၄။ သန္တုဋ္ဌီစ-ရောင့်ရဲခြင်း

(အေးချမ်း၊ တည်ငြိမ်၊ ချမ်းသာ)၊

၂၅။ ကတညုတာ-ကျေးဇူးသိတတ်ခြင်း (လူအများကတန်ဖိုးထား၊ လောကနီတိကျေညက်ခြင်း)၊

၂၆။ ကာလေန ဓမ္မဿဝနံ-သင့်လျော်ချိန်မှာ တရားနာခြင်း (အခွင့်ကောင်း၊ နောက်တစ်ဆင့်တက်ပြီး သာသနာနှင့်ကြုံ)၊

၂၇။ ခန္တီစ-သည်းခံခြင်း

(အအေးဓာတ်ဆောင်လျက် ရင့်ကျက်ငြိမ်သက်)၊

၂၈။ သောဝစဿတာ-ဆိုဆုံးမလွယ်ခြင်း

(သာသနမာမက၊ ရွှေကောင်းရွှေသန့် ပြုတိုင်းခန့်သို့)၊

၂၉။ သမဏာနဉ္စဒဿနံ-ရဟန်းတို့အား ဖူးမြင်ခြင်း



(စင်ကြယ်၊ မြင့်မြတ်၊ လွတ်မြောက်မှုရှာခြင်း)၊

၃၀။ ကာလေနဓမ္မသာကစ္ဆာ-သင့်လျော်ချိန်မှာ တရားဆွေးနွေးခြင်း

(သဘောတရား ကျေညက်၊ သက်သာ လွယ်ကူ)၊

၃၁။ တပေါစ-ကိလေသာကို ရှို့မြှိုက်ခြင်း

(ကိလေသာကို အကြွင်းအကျန်မရှိ သုတ်သင်ချေမှုန်း ပယ်စွန့်ခြင်း)၊

၃၂။ ဗြဟ္မစရိယဉ္စ-အကျင့်မြတ်ရှိခြင်း

[ဒုစရိုက်နွံ၊ ဒုက္ခနွံမှ ထုတ်ဆောင်ခြင်းသဘော၊ ကြာပန်းအသွင် သူတော်ကောင်းဥစ္စာ ရတနာ(၇)ပါး ကိုမှီဝဲ၊ ပန်းဝတ်ရည်ကဲ့သို့)၊

၃၃။ အရိယာသစ္စာနဒဿနံ-သစ္စာသိမြင်ခြင်း

(လောကကို ပျို့အန်လျက် သိ၊ ပယ်၊ ဆိုက်၊ ပွား သစ္စာလေးပါး)၊

၃၄။ နိဗ္ဗာန သစ္ဆိကိရိယာစ-နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း (လောကုတ္တရာတရား၌တည်ခြင်း၊ မြတ်သုခ)၊

၃၅။ ဖုဋ္ဌဿလောက ဓမ္မေဟိ၊ စိတ္တံယဿ န ကမ္ပတိ-လောကဓံတရားနှင့် တွေ့ကြုံသော်လည်း မတုန်လှုပ်ခြင်း (ဣန္ဒြေပြည့်ဝ၊ ဝယဓမ္မာ သင်္ခါရာ၊ သဗ္ဗေ ဓမ္မာ အနတ္တာ)၊



www.burmeseclassic

www.burmeseclassic.com

၃၆။ အသောက် - စိုးရိမ်မှုကင်းခြင်း (ဖွဲ့ယှုမှုကင်း၊ ပူပန်မှုကင်း၊ အနာရောဂါကင်းခြင်း)၊

၃၇။ ဝိရဇံ - ကိလေသာမြူကင်းခြင်း (ရွှေစင်ကဲ့သို့ စိတ်သန့်ရှင်းစင်ကြယ်၊ အရဟတ္တဖိုလ်)၊

၃၈။ ခေမံ - ငြိမ်းအေးခြင်း (ဘေးကင်းစွာ သံသရာငြိမ်းအနှိုင်းမဲ့မြတ်မဂ်လာ)၊

ပူလောင်မှုဟူသမျှကို ငြိမ်းအေးစေတတ်တဲ့ မြတ်ဗုဒ္ဓရဲ့ ဓမ္မရေစင်၊ မြတ်ဗုဒ္ဓရဲ့သာသနာ (အဆုံးအမ)တော်စစ် အနှစ်သာရများ ဖြစ်ပါတယ်။

လောကလူသားတွေအနေနဲ့ လူအမျိုးမျိုး စိတ်အထွေထွေ စရိုက်အဖုံဖုံ ဖြစ်တည်နေလို့ စောဒကတက်ဖွယ် ထောက်ပြဝေဖန်မှုများ ရှိပေလိမ့်မယ်။ သို့ရာတွင် တရားစောင့်သောသူကို တရားက ပြန်လည်စောင့်ရှောက်၏ ဆိုသကဲ့သို့ အအေးဓာတ်ဆောင်ယူခွင့်နှင့် ရင့်ကျက်တည်ငြိမ်စွာသော သည်းခံခြင်းကို အတတ်နိုင်ဆုံး လေ့ကျင့်ရပါမယ်။ ပတ်ဝန်းကျင်ဂယက်များကြောင့် တုန်လှုပ်မှုမရှိခြင်းကို ဆိုလိုတာပါ။ မြတ်ဗုဒ္ဓရဲ့ အလိုတော်အရ လူတိုင်းတွင် အနစ်နာခံဖို့ တာဝန်ရှိသလို သူတစ်ပါးအကျိုး ဆောင်ရွက်ဖို့လည်း တာဝန်ရှိပါတယ်။

အကျိုးတရားတစ်ခု ဖြစ်ပေါ်စေရန် ကံ၊ ဉာဏ်၊ ဝီရိယ၊ ဆန္ဒဆိုတဲ့ အကြောင်းတရား(၄)ပါး ပါဝင်ရသည်ချည်းဖြစ်လို့ မိမိနိုင်ငံရဲ့ ငြိမ်းအေးခြင်း၊ လောကရဲ့ငြိမ်းချမ်းခြင်းကို မျက်စိတစ်ဆုံးမြင်အောင် ကြည့်တတ်ဖို့လိုပါတယ်။ အမုန်အားဖြင့် လူ့ယဉ်ကျေးမှုနယ်ပယ်တွင် အောက်ဆုံးအဆင့်(Lower Limit) မှသည် အပေါ်ဆုံးအဆင့်(Upper Limit) သို့ တဖြည်းဖြည်းချင်း တက်သွားရသည်သာဖြစ်၍ လောကရဲ့ ငြိမ်းချမ်းမှုဟာလည်း အရှိန်အဟုန်အားလျော်စွာ တစ်ပြေးညီ လှမ်းရွှေ့တက်လှမ်းနိုင်မှာ ဖြစ်ပါတယ်။

ထက်ဘုန်းလူ

<u>အကိုးအကား</u>

* ထေရဝါဒအုတ်မြစ် (ဦးရွှေအောင်)။
* မိမိ၏ အထွေထွေမှတ်စုစာအုပ်။


# တောင်တွင်းကြီးမဟာတံခွန်

## နိုင်ငံကျော် ဝိဇ္ဇာ မဟိဒ္ဓိ သိဒ္ဓိ ဂမ္ဘီရ [အကြားအမြင်] ပညာရှင်

အမှတ်-၄၃၇(၇-လွှာ)၊ ကျိုက္ကဆံလမ်း၊ အခွန်လွတ်ဈေးရှေ့၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
☎ ၇၀၈၆၂၁၊ 📱 ၀၉ ၅၀ ၆၇၇၆၄၊ ☎ (၀၁) ၄၀၁၁၆၅

အပိုမပြောလိုပါ။ တစ်ကြိမ်တစ်ခါ ဆွေးနွေးကြည့်ရုံမျှဖြင့် စိတ်ကျေနပ်မှုရစေမည်။ အိမ်ထောင်ရေးမပြေလည်သူများ ဆရာကြီးနှင့် အမြန်ဆုံးဆက်သွယ်ဆွေးနွေးပါ။ ထီပေါက်ကိန်းရှိ/မရှိ ပြတ်ပြတ်သားသားသိရမည်။ လစဉ်အလိုက် ထိုးသင့်သော အက္ခရာစိုးမိုးဂဏန်းများကို စနစ်တကျ စိစစ်တွက်ချက်၍ တိကျစွာလမ်းညွှန်ပေးမည်။ ရာထူးအတက်အကျ၊ နိုင်ငံခြားသွားရကိန်းရှိ/မရှိ၊ သွားရမည့်နိုင်ငံ၊ ပညာရေးအခြေအနေ (စာမေးပွဲအောင်/ရှုံး) စသည်ဖြင့် တိတိကျကျ ဟောကိန်းထုတ်ပေးမည်။ ဘဝကံကြမ္မာမကောင်း၍ ဆင်းရဲဒုက္ခများနှင့် တွေ့ကြုံနေရသူများအား မြန်မာ့ရိုးရာအင်္ဂဝိဇ္ဇာ ဓာတ်ယတြာပညာရပ်များဖြင့် ကံကြမ္မာမြှင့်တင် ပါရမီဖြည့် ကူညီပေးနေသည်။ ဟောကိန်းတိကျမှန်ကန်မှုအတွက် ရာနှုန်းပြည့်တာဝန်ယူသည်။




www.burmeseclassic

www.burmeseclassic.com



ရွှေဥမင်ဆရာတော်ကြီး

ပိုးဒေါင်းသား

## သမ္မုဒ္ဒေကျင့်စဥ်ဖြင့် ပြီးမြောက်အောင်မြင်

# ရွှေဥမင်ဆရာတော်ကြီး

ရွှေဥမင်ဆိုတဲ့ ဘွဲ့တော်နဲ့ အကျော်စေယျ ရဟန်းပုဂ္ဂိုလ်ထူးသုံးပါး ရှိပါတယ်။ သာလွန်မင်းကြီး လက်ထက်တော်က ရွှေဥမင်ဆရာတော်ကြီးကတစ်ပါး၊ မဟာမြိုင်တောကြီးအတွင်းမှာ သမ္မုဒ္ဒေဂါထာတော်ကြီးကို အဓိဋ္ဌာန်ကျင့်စဉ်တင်ပြီး ကိစ္စပြီးမြောက်ခဲ့တဲ့ မန္တာန်ဝိဇ္ဇာ ရွှေဥမင်ဆရာတော်ကြီးကတစ်ပါး၊ မျက်မှောက်ခေတ်မှာ ဝိပဿနာတရားဟော တရားပြခြင်းမှာ ထင်ရှားတော်မူတဲ့ ရန်ကုန်က ရွှေဥမင်ဆရာတော်ကြီးကတစ်ပါး ဖြစ်ပါတယ်။

စာရေးသူ တင်ပြမှာက မန္တန်ဝိဇ္ဇာ ရွှေဥမင်ဆရာတော်ကြီးဖြစ်ပြီး ပြည်မြို့က မဟိဒ္ဓိမဟာဓမ္မလောကနာနာယနအင်းဝိဇ္ဇာ ဝေပုလ္လာရာမဆရာတော်ကြီးရဲ့ ကျေးဇူးရှင်ဆရာလည်း ဖြစ်ပါတယ်။ ရွှေဥမင်ဆရာတော်ကြီးရဲ့ အကြောင်းကို ပြည်မြို့ ဝေပုလ္လာရာမကျောင်းတိုက် ပဓာန



www.burmeseclassic

www.burmeseclassic.com

နာယက မဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝေပုလ္လက သမ္ဗုဒ္ဓေဂါထာတော် အဖွင့်ကျမ်းမှာ ဖော်ထုတ်တင်ပြလို့ ကမ္ဘာက သိခဲ့ရတာပါ။

ရွှေဥမင်ဆရာတော်ကြီးကို ရွှေဥမင်တောရ ဆရာတော်ကြီးလို့ အများက ခေါ်တွင်ပြီး ရွှေဥမင်တောရဆရာတော်လို့ အမည်တွင်ခြင်းကလည်း ပဲခူးတိုင်းအနောက်ခြမ်း ပြည်မြို့အနီး ရှုဋ္ဌာသမ္ဘဝ၊ မဟာသမ္ဘဝ မင်းသားညီနောင်တို့ရဲ့ ဦးရီးတော်ရသေ့ကြီး နေထိုင်သီတင်းသုံးရာ ရွှေဥမင်ချောင်မှာ တောရဆောက်တည် သီတင်းသုံးခဲ့တာမို့ ရွှေဥမင်တောရဆရာတော်ကြီး ဖြစ်လာခဲ့တာပါ။ ပြည်မြို့ကိုအဝင် မိကျောင်းရဲရွာရဲ့အရှေ့ဘက် မိုင်ဝက်ခန့်အကွာမှာ ဥမင်ဂူတစ်ခုရှိပါတယ်။ သရေခေတ္တရာခေတ်ဦးကာလ မဗေဒါရဲ့ မွေးစားဖခင် ရသေ့ကြီးနေထိုင်ရာနေရာ ဖြစ်တယ်လို့ သမိုင်းသုတေသနဆရာများက ဆိုပါတယ်။

ရွှေဥမင်ကိုမရောက်မီ ရွှေတောင်မြို့နဲ့ ပြည်မြို့အကြား လေးကျွန်းဆိမ်းကုန်းတော်မှာ ဆရာတော်ကြီးက နေထိုင်လျက် သမထကျင့်စဉ်များ ကျင့်ကြံအားထုတ်ခဲ့တာကြောင့် လေးကျွန်းဆိမ်းဆရာတော်၊ လေးကျွန်းပိုင်ဆရာတော်လို့ ဘွဲ့မည်တွင်ခဲ့ပါတယ်။ အဲဒီကာလက မြန်မာပြည်က ဂျပန်တပ်တွေ ဆုတ်ခွာထွက်ပြေးစအချိန် လွတ်လပ်ရေးရခါနီး သုံးနှစ်အလို ဖြစ်ပါတယ်။

<u>ကာယသိဒ္ဓိ ပြီးစီးနေပြီ</u>

လေးကျွန်းပိုင်ဆရာတော်ကြီးအဖြစ် နာမည်ကြီးစမှာပင် ကာယသိဒ္ဓိကို ပြီးစီးနေပြီလို့ ဆရာတော်ကြီးက တပည့်ရင်း ဝေပုလ္လာရာမဆရာတော်ကို မိန့်ကြားခဲ့ပါတယ်။ ဆရာတော်ကြီးရဲ့ တုတ်ပြီး၊ ဓားပြီး ကာယသိဒ္ဓိပြီးစီးကြောင်း ကျော်ကြားမှုကြောင့် နယ်ချဲ့အင်္ဂလိပ်အစိုးရက ဆရာတော်ကြီးကို ဖမ်းဆီးစေခဲ့ပါတယ်။ ဆရာတော်ကြီးကို ဖမ်းမိလျှင် ဆုငွေငါးရာပေးမယ်၊ တစ်ထောင်ပေးမယ် စသည်ဖြင့် ကြေညာခဲ့တယ်။ အဲဒီအခါ လေးကျွန်းဆိမ်းကုန်းတော်နဲ့နီးတဲ့ ပုဏ္ဏားပုရဗိုက်တန်းရွာက ရွာသားများစုဝေးပြီး လေးကျွန်းဆိမ်းကုန်းတော်မှာ စရဏစခန်းဝင်နေတဲ့ ဆရာတော်ကို တုတ်တွေ၊ ဓားတွေနဲ့ ဝိုင်းဝန်းရိုက်နှက်ဖမ်းဆီးကြတယ်။ ဆရာတော်ကိုလည်း ဖမ်းဆီး၍မရ။ ဆရာတော်မှာလည်း ဘာဒဏ်ရာမှမရှိ။ နောက်နေ့မှာ ဖြည်မြို့ပေါ် ဆွမ်းခံကြွနေသလို ပြည်ရွှေဆံတော်ဘုရားမှာလည်း ဆရာတော်ကြီး ကြွလာတယ်လို့ သိရပါတယ်။

ဆရာတော်ကြီးကို ဖမ်းဆီးရိုက်နှက်တဲ့ ရွာသားတွေက ဒဏ်ရာအသီးသီးရပြီး ရွာထဲ၊ အိမ်ထဲမှာပဲ အပြင်မထွက်ရဲဘဲ တောဆရာနဲ့ ကြိတ်ကုနေကြရတယ်။ အဲဒီသတင်းက ပြည်မှာရုံးစိုက်တဲ့ အင်္ဂလိပ်အရေးပိုင် နယ်ပိုင်တွေအထိ ပေါက်ကြားပြီး နောက်များ မစော်ကားရဲတော့ဘူးလို့ ဆိုပါတယ်။

ရွှေဥမင်ဆရာတော်ကြီးဟာ ကာယသိဒ္ဓိအပြင် သူတစ်ပါးရဲ့ အတွင်းစိတ်ကို အတပ်သိတဲ့ ပရစိတ္တဝိဇာနနဉာဏ်၊ ဒိဗ္ဗစက္ခု(နတ်မျက်စိ) အဘိညာဉ်၊ ကြံစည်ကာမျှဘာမဆို လိုတရတဲ့ မနောမယိဒ္ဓိတို့ကို ပြီးစီးအောင်မြင်ကြောင်း တပည့်များက ပြောပြပါတယ်။

ရွှေဥမင်တောရဆရာတော်ကြီးဟာ ကျောင်းထဲမှာထိုင်နေရင်း ဘယ်နေ့ ဘယ်နှစ်နာရီမှာ ဘယ်သူဘယ်ဝါလာလိမ့်မယ်၊ ဘယ်အရပ် ဘယ်ဒေသကလူ မည်မျှရောက်လာလိမ့်မယ်ဆိုတာကို အနီးနေသံဃာများ၊ တပည့်ဒကာများကို ကြိုတင်မိန့်ကြားလေ့ရှိပါတယ်။ ဆရာတော်ကြီး အနားမှာရှိနေတဲ့ သံဃာတပည့်၊ လူတပည့်တွေကိုလည်း မင်းစိတ်ထဲမှာ တရားမရောက် ဘာတွေရောက်နေတယ်ဆိုတာ မကြာခဏ သတိပေးပြောကြားလေ့ရှိကြောင်း သိရပါတယ်။

ရွှေဥမင်ဆရာတော်ကြီးဟာ သူ့တောရကျောင်းမှာရှိနေတဲ့ တပည့်သံဃာ၊ တပည့်ဒကာများကို သက်သတ်လွတ်စားပြီး တရားအားထုတ်စေပါတယ်။ အထူးသဖြင့် ညဘက်မှာ တရားအားထုတ်ခိုင်းလေ့ရှိတယ်။ ဆရာတော်ကြီးကိုယ်တိုင် ကမ္ဘဋ္ဌာန်းကျောင်းလေးတွေ၊ ဇရပ်တွေဆီ လှည့်လည်ပြီး တောင်ဝှေးနဲ့ နံရံကို လိုက်ရိုက်ပြီး နှိုးပါတယ်။ တရားအားထုတ်ချိန်ရောက်ပြီ၊ ထကြ၊ တရားအားထုတ်ကြလို့ နှိုးတယ်။ အားလုံးနိုးလို့ မျက်နှာသစ်ကြ၊ တရားအားထုတ်နေကြပြီဆိုမှ ဆရာတော်ကြီးက သူ့ကျောင်းကို သူပြန်တယ်။

နောက်နေ့အရုဏ်ဆွမ်းစားပြီးချိန်ရောက်ရင် ဆရာတော်ကြီးက တစ်ပါးချင်း၊ တစ်ဦးချင်း တရားစစ်မေးတယ်။ ညာ၍မရ၊ ဟန်ဆောင်၍မရ။ ညက တရားမှတ်ရင်း ဘယ်စိတ်ရောက်နေတယ်၊ အိပ်ငိုက်နေတယ် စသည်



www.burmeseclassic

www.burmeseclassic.com

ဖြင့် လူအများရှေ့မှာ အော်ငေါက်ဆူပူ ကြိမ်းမောင်းလေ့ရှိပါတယ်။

## မဟာမြိုင်တောက သမ္မာဒွေအကျင့်စခန်း

ရွှေဥမင်ဆရာတော်ကြီးဟာ ပြည်ကနေ စစ်ကိုင်းတိုင်းအနောက်မြောက်ပိုင်း အိန္ဒိယနိုင်ငံနယ်စပ်နဲ့ ချင်းတောင်နယ်စပ် အလောင်းတော်ကဿပနဲ့ တစ်ဆက်တစ်စပ်တည်း မဟာမြိုင်တောကြီးမှာ သမ္မာဒွေဂါထာတော်ကြီးနဲ့ အကျင့်စခန်းဝင်ခဲ့ပါတယ်။ (၇)နှစ်တိုင်တိုင် နေ့မအိပ်ညမကျိန်းစက်ဘဲ အရိုးကြေကြေ အရေစုပ်စုပ် သေခဲ့လျှင်လည်းမြေကြီး ရှင်ခဲ့လျှင်လည်း တစ်နေ့တော့ ရွှေထီးဆောင်းရမှာပဲဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ သမ္မာဒွေဂါထာတော်ကြီးကို တစ်ရက်,တစ်ရက်လျှင် (၅၀၀၀)ရရှိအောင် ကျင့်ဆောင်ခဲ့ပါတယ်။

တောကြီး တောင်ကြီးထဲမှာ မြွေမကြောက်၊ ကျားမကြောက်၊ ဆင်မကြောက်၊ ပိုးမကြောက် ဘာကိုမှမကြောက်ဘဲ ကျင့်ဆောင်အားထုတ်ခဲ့ပါတယ်။ တောတောင်ထဲမှာ သီတင်းသုံးနေစဉ် စားကောင်းတဲ့ သစ်ရွက်သစ်သီးများ၊ သစ်ဥများကို ဝါးရွက်ကချက်လို့ရတဲ့ ဆားနဲ့နယ်ပြီး ဘုဉ်းပေးခဲ့ရပါတယ်။

သမ္မာဒွေဂါထာတော်ကြီးကို ကျင့်ကြံအောင်မြင်ပြီးသည့်နောက်မှာ လူသူမရှိသော တောတောင်ထဲ ဆွမ်းခံကြွလျှင် ထူးခြားမှုတွေကို ရွှေဥမင်ဆရာတော်ကြီးက မိန့်ကြားခဲ့ပါတယ်။

ဒီသမ္မာဒွေပရိတ် ဥဋ္ဌါအကျင့်လမ်းစဉ်အတိုင်း တောကြီးတောင်ကြီးထဲမှာ (၇)နှစ်တိတိကြာတဲ့အထိ အပင်ပန်းခံပြီးတော့ အောင်မြင်အောင် ကျင့်ရတယ်။ ငါ အောင်မြင်ပြီ ဆိုတဲ့နေ့မှာ အံ့သြစရာ ပြောပြမယ်။ အောင်မြင်ပြီဆိုတဲ့နေ့မှာပဲ ငါ သပိတ်ကိုဖွင့်ပြီး တောထဲမှာ ဆွမ်းခံကြွတယ်။ လူသူမရှိတဲ့ တောထဲမှာ သစ်ပင်တွေဆီ ဆွမ်းခံကြွတာ။ သရက်ပင်အောက်မှာ ဆွမ်းခံရပ်ရင် သရက်သီးချိန်လည်းမဟုတ် သစ်ပင်ပေါ်မှာ ဘာအသီးမှ မရှိပေမယ့် သပိတ်ထဲကို သရက်သီးမှည့်တွေ ရောက်လာတယ်။ ငှက်ပျောပင်နားမှာ ဆွမ်းခံရပ်ရင် ငှက်ပျောပင်မှာ ဘာအသီးမှမရှိဘဲနဲ့ ငှက်ပျောသီးမှည့်တွေ သပိတ်ထဲ အလိုလိုရောက်လာတယ်။ ဒီလိုပဲ ပိန္နဲသီးတွေ အမွှာလိုက် အမွှာလိုက် သပိတ်ထဲ အလိုလိုရောက်လာတယ်။ အဆင်သင့် ဘုဉ်းပေးရုံပေါ့ကွာ။ ဒီလိုအောင်မြင်ပြီးစီးတော့မှ ငါ ပြည်ကိုပြန်ကြွလာတာဟု တပည့်ရင်း ဝေပုလ္လာရာမဆရာတော်ကို မိန့်ကြားခဲ့ကြောင်း သိရပါတယ်။

## ရွှေဥမင်ဆရာတော်ကြီးရဲ့ သမ္မာဒွေကျင့်စဉ်

မဟာမြိုင်တောကြီးထဲမှာ ရွှေဥမင်ဆရာတော်ကြီးဟာ သမ္မာဒွေဂါထာတော်ကြီးနဲ့ အဓိဋ္ဌာန်ဝင်စဉ် တိကျဥဋ္ဌါအကျင့်ကျင့်စဉ်ကိုလည်း အမိန့်ရှိခဲ့ပါတယ်။

သမ္မာဒွေဂါထာတော်ကြီးကို နံနက်အရုဏ်တက်တစ်ကြိမ်၊ နေဝင်တစ်ကြိမ် သမ္မာဒွေဂါထာအပြင် သမ္မာဒွေအဖွင့်အနက်ကိုပါ ရွတ်ဆိုပြီး ဘုရားကန်တော့ရပါတယ်။ သမ္မာဒွေဂါထာတော်ကြီးက ဤဂမ္ဘီရမဂ္ဂဇင်းမှာ အမြဲဖော်ပြနေတာကြောင့် ထပ်ပြီးမရေးပြတော့ပါဘူး။

ဂါထာတော်ကြီးရဲ့ အနက်ကိုတော့ ဖော်ပြပေးပါမယ်။ အနက်အဖွင့်ဆိုရာမှာ ရွှေဥမင်တောရဆရာတော်ကြီးရဲ့ အနက်အဖွင့် ဖြစ်ပါတယ်။

အဋ္ဌဝီသံ-တဏှာင်္ကရာ အစဖြာသည်၊ မဟာတိဘဝဂ် ဂဏန်းစိပ်လျှင် နှစ်ကျိပ်ရှစ်ဆူကုန်သော၊ သမ္မာဒွေခေယျငါးဖြာ လေးသစ္စာကို ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် အမှတ်ထင်လင်း ထိုးထွင်းသိမြင်တော်မူကြပေကုန်သော ဘုရားရှင်ကိုယ်တော်မြတ် အပေါင်းတို့ကိုလည်းကောင်း၊ ဒွါဒသဥ္စ သဟဿကေ-သချ်ာလမ်းကြောင်း ဂဏန်းပေါင်းလျှင် တစ်သောင်းနှစ်ထောင်ကုန်သော၊ သမ္မာဒွေစ-သစ္စာဆေးဆိုင် ကြာပန်းခိုင်ကို လှမ်းကိုင်ဆွတ်ခူး နိဗ္ဗာန်မှူးလည်း ဖြစ်တော်မူကြပေကုန်သော ဘုရားရှင်ကိုယ်တော်မြတ်အပေါင်းတို့ကိုလည်းကောင်း၊ ပဥ္စသတာ သဟဿာနိ-သချ်ာတွက်ကိန်း ဂဏန်းထိန်းလျှင် ငါးသိန်းမျှပင် ကျွတ်တမ်းဝင်တော်မူကြပေကုန်သော၊ သမ္မာဒွေစ-သစ္စာလေးရပ် တရားမြတ်ကို ပိုင်းခြားထင်ထင် သိမြင်တော်မူကြပေကုန်သော ဘုရားရှင်ကိုယ်တော်မြတ်အပေါင်းတို့ကိုလည်းကောင်း၊ အဟံ-ဘုရားတပည့်တော်သည် (ဘုရားသားတော်သည်) အဟံသမုဋ္ဌာန်အရ ဓာတ်စတုကြောင့် ရုပ်နာမ်နှစ်ဝ ပရမတ်အစုတွေဖြင့် အမှတ်ပြုစရာစကားဖြင့် မှည့်ခေါ်သည့် ဘုရားတပည့်တော် (ဘုရားသားတော်ကြီး)သည်၊ သိရသာ-ဦးခေါင်းရတနာမြတ်အင်္ဂါဖြင့်၊ နမာမိ-အနန္တဂုဏ်ကျေးဇူးဟန်ကို ယုံကြည်မြတ်နိုး မာန်ညွှန့်ကို အကုန်ချိုး၍ အထူးသဖြင့် ရှိခိုးပူဇော်



www.burmeseclassic

www.burmeseclassic.com

ဖူးမြော်မာန်လျှော့ ကန်တော့လိုက်ပါ၏ မြတ်စွာဘုရား။

ဝါဠုကာ ဂင်္ဂါ-အလျားပယ္ယနာ ပေါင်းငါးရာရှိ ဂင်္ဂါမြစ်ကြောင်း သဲလုံးပေါင်းကို၊ အပ္ပကာ-ပုံပြစရာ ပမာမရှိ အလွန့်အလွန် နည်းပါးလှချေ၏တကား၊ နိဗ္ဗုတာ-အေးမြသာကြည် သက်လုံတည်၍ နိဗ္ဗာန်ပြည်သို့ ဝင်စံကြွတော်မူကြပေကုန်သော၊ ဇိနာ-ငါးမာန်အောင်မြင် ဒုံးလူ့ရှင်ဟု ဦးကင်းထိပ်ဆောင်း ဘုရားသခင်ကိုယ်တော်မြတ်အပေါင်းတို့သည်၊ အနန္တာ-အဆုံးမမြင်အောင် အလွန့်အလွန် ပေါများလှပါပေ၏ဘုရား၊ တေသံ-ထိုကဋ္ဌေကဋ္ဌာ ကမ္ဘေကမ္ဘာ ပိုးရှေးအခါ ပဝေသဏီကပင်လျှင် သံသရာဝဋ်အလုံးကို ဖွတ်ရန်းကာ တမင်ခွာရှောင်၍ နိဗ္ဗာန်ပြည်သို့ ဝင်စံကြွသွားတော်မူကြပေကုန်သော မြတ်စွာဘုန်းမော်ရွှေကိုယ်တော်မြတ်အပေါင်းတို့၏၊ ဓမ္မဥ္စ-မဂ်လေး ဖိုလ်လေး ရောထွေးပေါင်းစပ် နိဗ္ဗာန်ပရိယတ် ပိဋကတ်ဟု အမြတ်ထင်ပေါ် ဆယ်ပါးသော တရားတော်မြတ်အပေါင်းတို့ကိုလည်းကောင်း၊ သံဃဥ္စ-မဂ္ဂဋ္ဌာန် ဖလဋ္ဌာန် ရှစ်တန်ထင်ပေါ် အရိယာသံဃာတော်အရှင်မြတ်တို့ကိုလည်းကောင်း၊ အဟံ-ဘုရားတပည့်တော် (ဘုရားသားတော်) သည် အဟံသမုဋ္ဌာန်အရ ဓာတ်စတုကြောင့် ရုပ်နာမ်နှစ်ဝ ပရမတ်အစုတွေဖြင့် အမှတ်ပြုစရာစကားဖြင့် မှည့်ခေါ်သည့် ဘုရားတပည့်တော်သည် (ဘုရားသားတော်သည်)၊ အာဒရေန-သဒ္ဓါဝေဖြိုး လွန်မြတ်နိုး၍မို့၊ နမာမိ-စိတ်သဒ္ဓါ အထပ် နှလုံးအမြတ်တွေနဲ့ အမြိတ္တာဓာတ် အဆုံးသတ်ပြီးတော့ ကပ်သုံးရပ်ကျော်သာ ကွင်းစေဖို့ ပေါ်လာထွန်းသည့် ကောလီကျေအောင် သောမနဿဆ ဆပြီးတော့ ဇောအလီလီကြွကာ စေတနာသန့်သန့်ဖြင့် မသေရာမှန်သည့် ပြည်နိဗ္ဗာန်ကို ရည်စိတ်သန် ဦးညွှတ်ကျိုး၍ အထူးသဖြင့် ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့လိုက်ပါ၏ မြတ်စွာဘုရား။

နမက္ကရာ နုဘာဝေန-သဒ္ဓါကြည်လျှမ်း ဆီထိသည့် ဥမ်းကဲ့သို့ ရွှင်လန်းစိတ်စေ ပဿနေ့ဖြင့် ယုံကြည်လှစွာ ဤပုညာကြောင့်၊ သဗ္ဗေ-ကြွင်းမဲ့ဥသုံ အလုံးစုံကုန်သော၊ ဥပ္ပဒ္ဒဝေ-ကိုယ်ဝယ်စွဲကပ် နှိပ်စက်အပ်သည့် ဘေးရန်ညစ်ဆိုး ဥပဒ်အန္တရာယ် အမျိုးမျိုးတို့ကို၊ ဟိတွာ-တွန်းလှန်ကာ ဖြိုဖျက်ကြကုန်ပြီး၍၊ အနေက အန္တရာယာပိ-တစ်ပါးမက များလှသောင်းသောင်း အန္တရာယ်အပေါင်းတို့သည်လည်း၊ အသေသတော-အားလုံးတွင်းပြင် ကုန်စင်အရှင်း မကျန်ကြွင်းအောင် အေးမသာကြည် သက်လုံးတည်၍၊ ဝိနာသသန္တု-ရေနယ်ခန်းခြောက် လမ်းမပေါက်ဘဲ အဝေးကပင် ပြေပျောက်ကြပါစေကုန်သတည်း။

ပြီးလျှင် သမ္ဗုဒ္ဓေဂါထာတော်ကို သာသနာ(၅၀၀၀) အား ရည်စူး၍ နေ့စဉ် ဂါထာပေါင်း(၅၀၀၀)စေ့အောင် ရွတ်ဖတ်ကျင့်ကြံရပါတယ်။ (၁၀၈)လုံးပုတီးဖြင့်စိပ်လျှင် ပုတီးပတ်(၅၀) ဖြစ်ပါတယ်။

တန်ခိုးကြီးဘုရား(၉)ဆူ၊ သစ်ပင်ကြီးပေါင်း(၉)ပင်၊ တောကြီးပေါင်း(၉)တော၊ တောင်ကြီးပေါင်း(၉)တောင်၊ လိုဏ်ဂူပေါင်း(၉)လိုဏ်ဂူတို့တွင်လည်း အဓိဋ္ဌာန်အကျင့်စခန်းဝင်၍ အဓိဋ္ဌာန်ဖြင့် တစ်ရက် တစ်ရက်လျှင် ပုတီးအပတ်(၅၀)ရအောင် ကျင့်ကြံနိုင်ပါကြောင်း ဆရာတော်ကြီးက ညွှန်ကြားခဲ့ပါတယ်။

<u>သမ္ဗုဒ္ဓေကျင့်ကြံအားထုတ်သည့်အကျိုး</u>

မဟာမြိုင်တောမှာ သမ္ဗုဒ္ဓေဂါထာတော်ကြီးကို တိက္ခဥဿါအကျင့် အောင်မြင်ပြီးမြောက်တဲ့နောက်မှာ ဆရာတော်ကြီးဟာ ရွှေဥမင်တောရကျောင်းမှာပြန်ပြီး သီတင်းသုံးပါတယ်။ တစ်နေ့သော နေ့လယ်ပိုင်းမှာ ရွှေဥမင်ဆရာတော်ကြီးနဲ့ ဝေပုလ္လာရာမဆရာတော်တို့ စကားထိုင်ပြောနေတုန်း တောရကျောင်းမှာ ချက်ပြုတ်ကျွေးမွေးရေး အမြဲတာဝန်ယူနေရတဲ့ ဒေါ်သုတ ရောက်ရှိလာပါတယ်။ ဒေါ်သုတက ဆရာတော်ကြီးကို ဆွမ်းစားကျောင်းမှာ ဆန်ရော ဆီရော ကုန်နေသလို ငရုတ်၊ ကြက်သွန်၊ ပဲတွေလည်း မရှိတော့ကြောင်း လျှောက်ထားပါတယ်။

ဆရာတော်ကြီးက ဒေါ်သုတကို မနက်ဖြန်တစ်ရက်စာ ချက်စရာရှိလားလို့မေးတော့ ဒေါ်သုတက မနက်ဖြန် တစ်ရက်စာတော့ ကြံဖန်ပြီးချက်ရင် ရပါကြောင်း ပြန်လျှောက်ထားပါတယ်။ ဆရာတော်ကြီးက ဒေါ်သုတကို ပြန်လွှတ်ပြီး ‘ဆွမ်းချက်ဆောင်ကို သွားကြည့်ခဲ့ပါတယ်။ ဆွမ်းချက်ဆောင်ထဲက ဆန်ထည့်တဲ့ ရာဝင်အိုး(၁၀)လုံး၊ ဆီထည့်တဲ့ ရာဝင်အိုးကြီး(၁)လုံးနဲ့ ငရုတ်၊ ကြက်သွန်၊ ကုလားပဲအားလုံးဟာ မရှိသလောက်ဖြစ်နေတာကို တွေ့ရတော့ ဆရာတော်ကြီးက အိုးတွေခွက်တွေ ပစ္စည်းထည့်တောင်းတွေကို တောင်ဝှေးနဲ့ ခပ်ဖွဖွလေး လိုက်ရိုက်ပါတယ်။

www.burmeseclassic

www.burmeseclassic.com

ငါ့ကျောင်းမှာ သံဃာတော်၊ တရားအားထုတ်တဲ့သူတွေ၊ ဧည့်သည်တွေ စားသုံးဖို့အတွက် ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ အာလူး၊ ပဲအမျိုးမျိုး လာကြဟေ့"ဆိုပြီး နှုတ်က အမိန့်ရှိပါတယ်။ တစ်ညအိပ်ပြီး၍ နံနက်အရုဏ်ဆွမ်း စားသောအခါ ရွှေဥမင်ဆရာတော်ကြီးက ခေါ်သုတကိုခေါ်ပြီး "ဒီနေ့မနက်(၉)နာရီမှာ လှည်းခြောက်စီး ရောက်လာလိမ့်မယ်။ လှည်းတွေမှာ ဆန်အိတ်က (၁၀)အိတ်၊ ဆီပုံးက(၄)ပုံး၊ ကုလားပဲက(၂)အိတ်၊ အာလူးက(၂)အိတ်၊ ကြက်သွန်က(၂)အိတ်အပြင် တခြားဘူးသီးတွေ၊ ဖရုံသီးတွေ ပါလာလိမ့်မယ်။ လှည်းသမား(၁၂)ယောက်စာပါ နင်ချက်ထား။ ကြားလား"ဆိုပြီး အမိန့်ရှိပါတယ်။

မနက်(၈)နာရီခွဲကျော်တော့ တောင်အောက်က လှည်းမောင်းသံ၊ နွားငေါက်သံကြားရပြီး (၉)နာရီ (၁၀)မိနစ်မှာ ကျောင်းဝင်းထဲ လှည်း(၆)စီး မောင်းဝင်လာပါတယ်။ လှည်းတစ်စီးကို လူနှစ်ယောက်နှုန်းနဲ့ပါလာပြီး လှည်းပေါ်က ဆန်၊ ပဲ၊ ကြက်သွန်အိတ်တွေ၊ ဆီပုံးတွေကို ဆွမ်းချက်ဆောင်အတွင်း နေရာချပေးသွားတယ်။ အရေအတွက်ဟာ ဆရာတော်ကြီး ကြိုတင်မိန့်ကြားထားသလို ကွက်တိပါပဲလို့ ဝေပုလ္လာရာမဆရာတော်က ပြန်လည်အမိန့်ရှိပါတယ်။

ဦးဝေပုလ္လက သူ့ဆရာကို တကယ်အံ့သြစရာကြီးပါလားလို့ လျှောက်တော့ ဆရာတော်ကြီးက ဒါ ဘာဟုတ်သေးလို့လဲ ဝေပုလ္လရာ။ ဒီကိစ္စလေးတွေက အလွယ်လေး အသေးဆုံး ကိစ္စမျိုးတွေပါကွာ။ ကျင့်ကြံအားထုတ်ရင် ရနိုင်တာပဲကွလို့ အမိန့်ရှိပြီး သမ္ဗုဒ္ဓေဂါထာတော်ကြီးကို ကျင့်ကြံအားထုတ်လို့ ရနိုင်တဲ့ တန်ခိုးသိဒ္ဓိအမျိုးမျိုးကို အမိန့်ရှိပါတယ်။

ရွှေဥမင်ဆရာတော်ကြီးဟာ ခရစ်နှစ်(၁၉၇၂)ခုနှစ်၊ နိုဝင်ဘာလ (၁၂)ရက်၊ မြန်မာသက္ကရာဇ်(၁၃၃၄)ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၇)ရက်၊ တနင်္ဂနွေနေ့မှာ ရွှေဥမင်တောရမှာပဲ တစ်ဘဝ တစ်ခန္ဓာကို ရုပ်သိမ်းတော်မူခဲ့ပါတယ်။ စိန္တာစကားနဲ့ဆိုတော့ ထွက်ရပ်လမ်းကို မြန်းကြခဲ့ပါတယ်။

ရွှေဥမင်ဆရာတော်ကြီးရဲ့ ရုပ်ကလာပ်တော်ကို ဘာဆေးဝါးမှမသုံး မထိုး မပြုပြင်ဘဲ သုံးလတိတိ အပူဇော်ခံထားရှိရာမှာ အပုပ်နံ့ထွက်ခြင်း၊ ပျက်စီးယိုယွင်းခြင်းလုံးဝမရှိ၊ ပကတိကိုယ်နှီးစက်နေသည့်အလား ရှိနေကြောင်း အနီးနေတပည့်ကြီးများက ပြောပြပါတယ်။ ဦးဝေပုလ္လဟာ ဆရာတော်ကြီးရဲ့ အခေါင်းကိုမှီကာ နေ့စဉ် ဆွမ်းသွတ်ရေစက်ချ တရားဟောတယ်။ လူပရိသတ်များကလည်း ဆရာတော်ကြီးရုပ်ကလာပ်နားအထိကပ်ပြီး ဖူးမြော်ကြတယ်။ ဘာအပုပ်နံ့မှ မရတဲ့အပြင် သင်းပျံ့မွှေးကြိုင်သော ရနံ့များပင် ရရှိကြောင်း သိရပါတယ်။

ရုပ်ကလာပ်တော်ထားရာ စံကျောင်းကို ဆင်များ၊ မြွေများ၊ တောဓိရဋ္ဌာန်များ လာရောက်ကန်တော့ကြတာကိုလည်း တွေ့ရတယ်လို့ဆိုတယ်။ သုံးလတိုင်တိုင် အပူဇော်ခံပြီးတဲ့အခါ ကျွန်းခေါင်းကြီးရဲ့ အဖုံးကိုပိတ်၊ တစ်လက်မခြား သံရိုက်ပြီး ဂူသွင်းဖို့လုပ်ပါတယ်။ ဝင်သံဃာ(၇၂)ပါး၊ သီလရှင်များ၊ ယောဂီများ၊ ဒကာ၊ဒကာမများဟာ အလှည့်ကျ အခေါင်းကိုမ,လျက် ရွတ်ဖတ်ခဲ့ကြပါတယ်။

အဲဒီမှာ အမျိုးသမီးတစ်ဦးထဲက ဆရာတော်ကြီးရဲ့ အခေါင်းကို မ,ပြလေရာ အားလုံးက တအံ့တသြဖြစ်ကြရပြီး အထဲမှာ ရုပ်ကလာပ်တော်မရှိတော့ကြောင်း ပြောဆိုအငြင်းပွားလျက် သူဖွင့်မယ် ငါဖွင့်မယ် ဖြစ်ခဲ့ကြပါတယ်။

ဝေပုလ္လာရာမဆရာတော်က မည်သူ့ကိုမှ ဖွင့်ခွင့်မပေးဘဲ မွန်းတည့်(၁၂)နာရီတိတိမှာ အုတ်ဂူသွင်းသောကိစ္စပြီးစီးအောင် ဆောင်ရွက်ပါတယ်။ အုတ်ဂူပိတ်ပြီးသောအခါ ယုံကြည်စိတ်ချရသော သံဃာကိုးပါးကို အင်္ဂတေခြောက်သည်အထိ စောင့်ကြပ်စေပါတယ်။ သမ္ဗုဒ္ဓေဂါထာတော်ကြီးနဲ့ ကိစ္စပြီးမြောက် ခရီးရောက်ခဲ့သော ရွှေဥမင်ဆရာတော်ကြီးရဲ့ ကြွင်းကျန်သော ရုပ်ကလာပ်တော်ဟာ ဂူထဲမှာ မရှိတော့ဘဲ ပုဂ္ဂိုလ်များက ယူဆောင်သွားခဲ့ကြပြီဖြစ်ကြောင်း ဝေပုလ္လာရာမဆရာတော်က သိရှိခဲ့ကြောင်း နောင်တွင် စာဖြင့် ရေးသားခဲ့ပါတယ်။

**ဖိုးဒေါင်းသား**

**စာကိုး**

(၁) သမ္ဗုဒ္ဓေဂါထာတော်အဖွင့်ကျမ်း၊

(၂) ဝေပုလ္လာရာမဆရာတော်၏ ဘဝဖြစ်စဉ်နှင့် ထေရုပ္ပတ္တိကထာ။



www.burmeseclassic

www.burmeseclassic.com






www.burmeseclassic

www.burmeseclassic.com

# အမိမေတ္တာ ဘထက်သာလိမ့်

လှကျော်ညွန့်(ရေကင်း)



ကျွန်ုပ်တို့ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ၏ အထွတ်အမြတ်ထားရာသည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးဖြစ်၏။ ထိုရတနာသုံးပါးတွင် မိဘ၊ ဆရာကို ထည့်ပေါင်းပါက အနန္တောအနန္တ ငါးပါးဟု ခေါ်ဆိုသည်။ အဓိပ္ပာယ်မှာ ဆုံးစမထင် ကျေးဇူးရှင်ဟု ဖွင့်ဆိုရသည်။ ဗုဒ္ဓေါလောကေ သမုပ္ပန္နော ဟိတာယ သဗ္ဗပါဏိနံ၊ ဓမ္မော လောကေ သမုပ္ပန္နော သုခါယ သဗ္ဗပါဏိနံ၊ သံဃော လောကေ သမုပ္ပန္နော ပုညာယ သဗ္ဗပါဏိနံ ဟူ၍ ကျမ်းဂန်များတွင် ဖော်ပြပါရှိရာ အဓိပ္ပာယ်အားဖြင့် မြတ်စွာဘုရားတို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခပ်သိမ်းသော သတ္တဝါတို့၏ အကျိုးစီးပွားအတွက်ဖြစ်၏။ တရားတော်တို့ ပေါ်ပေါက်လာရခြင်းသည် သတ္တဝါတို့အားလုံး၏ ချမ်းသာရာချမ်းသာကြောင်းအတွက် ဖြစ်၏။ ထို့ကြောင့်လည်း သတ္တဝါများမှာ အာသဝ(၄)ပါး၊ ဩဃ(၄)ပါး၊ ယောဂ (၄)ပါး၊ ဥပါဒါန်(၄)ပါး၊ နီဝရဏ(၆)ပါး၊ အနုသယ(၇)ပါး၊ သံယောဇဉ်(၁၀)ပါး၊ ကိလေသာ(၁၀)ပါး စသည်များကို သိရှိခွင့်ရရှိခဲ့သည့်အလျောက် ဒုက္ခဆင်းရဲမှ လွတ်ရာလွတ်ကြောင်းများနှင့် ကောင်းရာကောင်းကြောင်းသို့ ရောက်ရာရောက်ကြောင်း စသည်များကို သိရှိကြရပြီး ဗောဓိပက္ခိယတရား (၃၇)ပါးကိုလည်း သိရှိခွင့်ရခဲ့ကြသည်။

ထိုရှောင်ရန်၊ ဆောင်ရန်များကို ဗုဒ္ဓပွင့်တော်မူသည်မှသည် ယနေ့ထက်တိုင် မပျောက်မပျက် လက်ဆင့်ကမ်းသယ်ဆောင်တော်မူလာကြသည်မှာ သံဃာတော်များဖြစ်ကြ၍ သံဃာတော်အရှင်မြတ်တို့၏ ကျေးဇူးကား ဆပ်၍မကုန်နိုင်အောင် ရှိရသည်။

မိဘဟူသည်မှာ သားသမီးများ၏ အသက်ကိုပေးသည်။ အစာကိုကျွေးသည်။ လောကအကြောင်းကို သင်ပေးသည်။ ထိုအချက်(၃)ချက်နှင့်ပင် မိဘကျေးဇူးကားဆပ်၍မကုန်နိုင်ဟု မြတ်စွာဘုရား ဟောကြားခဲ့ပေသည်။ ဆရာဟူသည် သိဿနံ ဟိတံ အာစရိတိ-အာစရိယောဟူသည့် ဝစနတ္ထနှင့်အညီ တပည့်အပေါင်း ကြီးပွားကြောင်းကို ကောင်းစွာမပြတ် သင်ပေးတတ်သည်၏ အဖြစ်ကြောင့် ဆရာဟူ၍ ခေါ်ဝေါ်ပညတ် သမုတ်အပ်ခဲ့သည်။ မိဘသည် လောကအကြောင်းကို သင်ပေးသကဲ့သို့ ဆရာသည် လောကအတွင်း ကျင်လည်ကျက်စားရန်အလို့ငှာ တပည့်အပေါင်းအား စိတ်ကောင်းစေတနာဖြင့် အတတ်ပညာ၊ အသိပညာများကို သင်ကြားပေးခဲ့သည်။ ထို့ကြောင့်လည်း ရတနာသုံးပါးနှင့် တစ်ဂိုဏ်းတည်းတင်စားကာ အနန္တေအနန္တငါးပါးထိုက်လှကြောင်း မြတ်ဘုရားမှ ဟောဖော်ညွှန်ပြပေးခဲ့ခြင်း ဖြစ်ပေသည်။

ထိုအနန္တောအနန္တငါးပါးတွင် မိဘသည် တစ်ပါးအပါအဝင်ဖြစ်သော်လည်း စာရေးသူအနေဖြင့် လေ့လာမှတ်မိသမျှ မေတ္တာအရာတွင် အမိသာလျှင် သာလွန်ကြောင်း ထုတ်နုတ်ဖော်ညွှန်းခဲ့ရခြင်းမှာ အမိ၏ကျေးဇူးကား အဖထက် အဆပေါင်းများစွာ ပိုကဲလိမ့်မည်ဟု ထင်မြင်ယူဆမိခြင်းကြောင့် အမိမေတ္တာသည် အဖထက် သာလွန်ကြောင်း ထုတ်နုတ်သုံးစွဲရခြင်း ဖြစ်ပါသည်။

အမိသည် ကလလရေကြည် သန္ဓေတည်သည်မှ ကိုးလလွန်မြောက် ဆယ်လသို့ရောက်သည်အထိ မိသား



www.burmeseclassic

www.burmeseclassic.com

သမီးအတွက် နာရီစက္ကန့်မလပ် သတိချပ်နေရပေသည်။ သန္ဓေသားကို လွယ်ထားရသည့်ကာလတွင် မိခင်များသည် သေမင်းနှင့် စက္ကန့်မလပ် ဆက်ဆံနေရသည်ဟု ပြောစမှတ်ပြုကြပေသည်။ မိမိတို့အလွန်ခုံမင်သည့် အစပ်၊ အချဉ်၊ အငန်တို့ကိုလည်း သန္ဓေသားကို ငဲ့သောအားဖြင့် ဆင်ဆင်ခြင်ခြင်ဖြင့် စားသုံးရသည်။ အစပ်အရသာကိုမူ စွဲမက်လှသော်လည်း လုံးလုံးမစားဘဲ ဆင်ခြင်ကြရသည်။

အဖသည် မိသားစု၏ စားဝတ်နေရေး၊ သားသမီးမွေးဖွားရေးအား မကြောင့်မကြ မတောင့်မတရရန် တာဝန်ယူပေးရ၏။ သားသမီး၏ အန္တရာယ်ကို ကာကွယ်ပေးရ၏။ ဇနီးသည် မွေးဖွားသည့်အချိန်တွင် ကူညီပေးရ၏။ ထိုသို့သော အကြောင်းများကို လေ့လာကြည့်လျှင် ဖခင်၏ မေတ္တာကား မိခင်လောက် အနစ်နာခံမှု၊ စောင့်ရှောက်မှုမှာ မနက်ရှိုင်းလှပေ။ ထို့ကြောင့် ရှင်မဟာရဋ္ဌသာရ၏ ကိုးခန်းပျို့တွင် ဖော်ပြပါရှိသော ကဗျာပိုဒ်လေးအား အောက်တွင် ဖော်ပြပါသည်။

'သဂြိုဟ်ရတိ၊ ချစ်စွာဘိ၍၊
အမိဟူက ကြီးစွကျေးဇူး သူ့ထက်ထူး၏၊
ဆူးခူးရားရား ဒေါသအားဖြင့် စကားကိန်းခို၊
သေစိမ့်ဆိုလည်း မျက်လိုဝမ်းမှာ ထဲမလာ'ဟု စပ်ဆိုထားရာ မိခင်အနေဖြင့် မိမိသားသမီးများကို ဒေါသဖြစ်၍ ကျိန်ဆိုပြီးပါကလည်း စိတ်မကောင်းဖြစ်ကြရ၏။ မိမိကျိန်ဆဲမိခြင်းကြောင့် သားသမီးတစ်ခုခုဖြစ်မှာ လွန်စွာစိုးကြ၏။ မိမိ၏ကျိန်စာ စူးရှမှာစိုး၏။ တိုက်ဆိုင်စွာဘေးအန္တရာယ်ကြုံပါက မိမိကြောင့်ဟု တစ်သက်လုံးယူကျုံးမရဖြစ်ကြရ၏။ မိခင်မေတ္တာကိုသာ အသိအမှတ်ပြု ဖော်ပြနေသည် မဟုတ်ပါ။ ဆိုလိုသည်မှာ ဖခင်သည် ပြင်ပမှ စောင့်ရှောက်သူဖြစ်ပြီး မိခင်မှာကား အတွင်းရော အပြင်မှာပါ စောင့်ရှောက်ရသူဟု ဆိုလိုပါသည်။

ထို့ပြင်လည်း ဇာတ်နိပါတ်အဋ္ဌကထာများတွင် မိခင်၏ မေတ္တာ နက်ရှိုင်းမှုကို လေ့လာသိရှိရလေလေ မိခင်၏ ကျေးဇူးမေတ္တာကို သိလာလေလေ ဖြစ်ရပေသည်။

ပဒကုသလဇာတ်တော်ကို လေ့လာလျှင် ပဒကုသလမင်းသားလေးက သူ၏မိခင်မှာ လူသားမဟုတ်၊ အသားစားကျူး ဘီလူးမ ဖြစ်သည်ကို အမှတ်မထင် သိလိုက်သည်နှင့် မိခင်အစာရှာသွားခိုက် မကျန်းမမာဖြစ်နေသည့် ဖခင်ကြီးအား ကျောပိုးလျက် အိမ်မှထွက်ပြေးခဲ့ပြီး မြစ်ဆိပ်ရောက်လျှင် လှေငှား၍ ဆိပ်ကမ်းမှအထွက် မလှမ်းမကမ်းသို့အရောက် မိခင်ဘီလူးမ လိုက်လာနေသည်ကို မြင်နေရသည်။ မိခင်သည် သားကိုချစ်သည့်စိတ်နှင့် လှေကို ခေတ္တရပ်ခိုင်းပြီး သားဖြစ်သူအား လူ့ဘောင် လူ့လောကသည် ဝမ်းရေးရှာဖွေရသည်မှာ ခက်ခဲလှ၍ လွယ်ကူစွာ ဝမ်းစာရှာနိုင်သည့်ပစ္စည်းပျောက် ဂါထာအား မြစ်ကမ်းနဖူးမှ နှုတ်တိုက်သင်ပေးခဲ့၏။

သားဖြစ်သူက ဂါထာကို အလွတ်ရလျှင် လှေထွက်ခွာသွားသည်ကို မြင်ရသည့် မိခင်ဘီလူးမခမျာ သားအားနောက်ဆုံးကြည့်ခြင်းဖြင့် ငေးကြည့်လျက် တစ်ချက်မလှုပ်ငုတ်တုတ်မိန်းမော ဇောချွေးဖြိုင်ဖြိုင် သည်းဆိုင်ဖိုလှိုက်တွင်းလေရိုက်၍ မိုက်ခနဲ လွန်ကျူးမူးဝေသောနှယ် ညာဘယ်မဆည် မတည်တတ်နိုင် ထိန်းမနိုင်သဖြင့် နှလုံးသားများ သွက်သွက်ခါယိမ်းလျက် ပထဝီမြေပေါ်သို့ ခွေယိုင်လဲကျ သေဆုံးသွားခဲ့ရသည်အထိ မိခင်၏ ကြီးမားလှသော မေတ္တာကို ခံစားသိရှိနိုင်သည်။

တစ်ဖန် တေမိယဇာတ်တော်ကိုလည်း လေ့လာကြည့်လိုက်ပါမူ တစ်ရံရောအခါ ဗာရာဏသီပြည်တွင် ကာသိကရာဇ်မင်းကြီး မင်းပြုစဉ် မိဖုရားများစွာရှိရာ မိဖုရားခေါင်ကြီး စန္ဒာဒေဝီတစ်ပါးမှာသာ သားတော်တစ်ပါးထွန်းကား၏။ မင်းကြီးသည် ရှားရှားပါးပါး ရရှိခဲ့သည့် သားတော်လေးအား လွန်စွာချစ်မြတ်နိုးလှပြီး တေမိယဟု အမည်ပေးခဲ့သည်။ မင်းသားလေး တစ်လသားအရွယ်ရောက်လျှင် မင်းကြီးကား အလွန်ချစ်မြတ်နိုးသည့်အလျောက် သားတော်လေးအား မိမိရင်ခွင်မှာထား၍ တရားစီရင်၏။ ထိုသို့တရားစီရင်ရာတွင် ခိုးသူတစ်ယောက်အား ဆူးရှိသောကြိမ်ဖြင့် အချက်တစ်ထောင်ရိုက်စေ၏။ တစ်ယောက်ကိုမူ သံခြေချင်းခတ်၍ ထောင်သွင်းအကျဉ်းချထားစေ၏။ တစ်ယောက်ကို လှံဖြင့် ထိုးသတ်စေပြီး ကျန်တစ်ယောက်ကိုမူ တံကျင်လျှို၍ သတ်စေ၏။

မင်းသားလေးသည် ကံပါရမီအလျောက် ဇာတိဿရဉာဏ်ထူးကို ရရှိသည့်အတွက် ဤသို့ ဖခမည်းတော်တရားစီရင်သည်ကို သိရှိသော် လွန်စွာထိတ်လန့်မိ၏။ ထိုအခါတွင် မိမိဘဝကို ပြန်လည်ဆင်ခြင်မိရာ မိမိသည် ရှေးဘဝက ဗာရာဏသီပြည်၌ပင် နှစ်နှစ်ဆယ်တိုင် ဘုရင်



www.burmeseclassic

www.burmeseclassic.com

ဖြစ်ခဲ့ဖူးသည်။ မင်းဖြစ်စဉ်ကာလတွင် ဟုတ်သည်၊ မှန်သည်ကိုလည်း လုပ်ခဲ့ဖူးသည်။ မဟုတ်၊ မမှန်သည်ကိုလည်း လုပ်ခဲ့ဖူးသည်။ အမှားကိုအမှန်၊ အမှန်ကိုအမှား အဂတိလိုက်စား၍ ပြုမိမှားခဲ့ဖူးသည်။ ထို့ကြောင့် စုတေသောအခါ ငရဲတွင် အနှစ်ရှစ်သောင်း ကျခံခဲ့ရလေသည်။

ယခု ငရဲမှလွတ်လာချိန်တွင် ဘုရင့်သားတော်ဖြစ်လာပြန်သဖြင့် တစ်နေ့နေ့တွင် ဘုရင်လုပ်ရပေဦးမည်။ ထိုအခါ ယခင်ကဲ့သို့ ငရဲတွင်ပြန်၍ကျခံရမည်ကို ဆင်ခြင်မိသောကြောင့် ဘုရင်လုပ်ရမည်ကို သေမလောက် ကြောက်ရွံ့မိလေသည်။

ထိုစဉ် ရှေးဘဝဟောင်းက အမိတော်စပ်ခဲ့ဖူးသော ထီးဖြူစောင့်နတ်သမီး၏ အကြံပြုချက်အရ ဆွံ့အနားမကြားဟန်ဆောင်၍နေရန် ဆုံးဖြတ်လိုက်သည်။ သို့နှင့် တေမိယမင်းသားလေးမှာ သူတစ်ပါးချော့မြှူသော်လည်း မသိကျိုးကျွန်ပြုနေ၏။ ပြုံးတတ်ရယ်တတ်စ အရွယ်တွင်လည်း မပြုံးမရယ်၊ စကားပြောတတ်သည့်အရွယ်တွင်လည်း ဝူးဝူးဝါးဝါးပင်မလုပ်။ ထိုအကြောင်း မင်းကြီးသိလျှင် အမတ်များနှင့်တိုင်ပင်၍ နည်းအမျိုးမျိုးဖြင့် စမ်းသပ်ကြည့်၏။

တစ်နှစ်သားအရွယ်တွင် မုန့်ဖြင့်လည်းကောင်း၊ နှစ်နှစ်သားအရွယ်တွင် သစ်သီး၊ သုံးနှစ်သားအရွယ်တွင် ကစားစရာအရုပ်၊ လေးနှစ်သားအရွယ်တွင် ထမင်းဟင်းလျာ၊ ငါးနှစ်သားအရွယ်တွင် ကြောက်ရွံ့ဖွယ် မီးရှို့၍ စမ်းသပ်ခဲ့၏။ သို့သော် မထူးခြား။ ခြောက်နှစ်သားအရွယ်တွင် ဆင်ကိုလွှတ်၍လည်းကောင်း၊ ခုနစ်သားအရွယ်တွင် မြွေကိုလွှတ်၍လည်းကောင်း၊ ရှစ်နှစ်သားအရွယ်တွင် ပွဲသဘင်ပြ၍လည်းကောင်း၊ ကိုးနှစ်သားအရွယ်တွင် သန်လျက်ဖြင့် ခုတ်မည့်ဟန်ပြု၍လည်းကောင်း စမ်းသပ်ကြည့်၏။ မည်သို့မျှမထူးခြား။ ထို့ကြောင့် ဆယ်နှစ်သားအရွယ်တွင် နားပင်း မပင်း စမ်းသပ်ရန် ခရုသင်းမှုတ်၍လည်းကောင်း၊ ဆယ့်တစ်နှစ်သားအရွယ်တွင် စည်တီး၍လည်းကောင်း၊ ဆယ့်နှစ်နှစ်သားအရွယ်တွင် ဆီမီးရောင်ကိုပြ၍လည်းကောင်း၊ ဆယ့်သုံးနှစ်သားအရွယ်တွင်မူ ပို၍ကြမ်းတမ်းစွာ စမ်းသပ်ကြည့်၏။ မင်းသားကိုယ်ကို တင်လဲရည်သုတ်၍ မှက်၊ ခြင်၊ ယင်များ ကိုက်စေ၍လည်းကောင်း၊ ဆယ့်လေးနှစ်သားအရွယ်တွင် ကျင်ကြီး၊ကျင်ငယ်အလူးလူးဖြင့် မသန့်ရှင်းစေဘဲ ပစ်ထားသဖြင့်လည်းကောင်း၊ ဆယ့်ငါးနှစ်သားအရွယ်တွင် မီးကျီးစဖြင့် တစ်ကိုယ်လုံးပူအောင်ပြု၍လည်းကောင်း၊ ဆယ့်ခြောက်နှစ်သားအရွယ်တွင် လှပသောမိန်းမပျိုလေးများဖြင့် မြူဆွယ်၍လည်းကောင်း အမျိုးမျိုးစမ်းသပ်ကြည့်ငြားသော်လည်း ဘာမျှထူးခြားလာခြင်းမရှိသဖြင့် မင်းကြီး စိတ်ပျက်လက်လျှော့လိုက်၏။ ထို့နောက် အခါပေးပုဏ္ဏားများနှင့် တိုင်ပင်၍ သုသာန်၌ အရှင်လတ်လတ် မြေမြှုပ်သတ်စေဟု အမိန့်ချမှတ်လေ၏။

ထိုအမိန့်ကို ကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် မိခင်စန္ဒာဒေဝီမိဖုရားကြီးမှာ ခွေယိုင်လဲကျ သောကဗျာဆင့်ရင်နှင့်ကြေကွဲ ရှင်လျက်နှင့် သေပွဲဝင်ရသည့်ပမာ မဖြေနိုင်မဆည်နိုင် ရှပ်သေးကြီးပြတ်ဖြစ်ပြီး ဘုန်းဘုန်းလဲကျသွားတော့၏။ ဖြစ်ထိုက်လှပါသည်။ မိဖုရားကြီးမှာ ဝမ်းနှင့်လွယ်၍ မွေးဖွားရသူဖြစ်သည့်အတွက် အသက်ချင်းလဲ၍ရပါက လဲသည်အထိ မေတ္တာစေတ် ကြီးမားလှပါ၏။ ဘုရင်ကြီးမှာမူကား မိမိ၏ ဂုဏ်သိက္ခာနှင့် ဘုန်းတန်ခိုး အငြိုးမခံနိုင်။ အဆွံ့အအ၏ဖခင်အဖြစ် မခံနိုင်။ အကြင်မျှလောက် မိခင်မေတ္တာနှင့် ဖခင်မေတ္တာမှာ မယှဉ်သာအောင် ကွာခြားလှပါဘိ။

ဤနည်းနှင်နှင်ပင် စာရေးသူတို့ ငယ်စဉ်က ရုဋ္ဌသမ္ဘာဝ၊ မဟာသမ္ဘာဝ အကြောင်းကို လေ့လာသင်ကြားခဲ့ရာတွင် တစ်ခါက တကောင်းမင်းဆက် မင်းတစ်ပါး၏ မိဖုရား၌ သားနှစ်ယောက် ဖွားမြင်ခဲ့ရာ ထိုသားများမှာ မျက်မမြင် ဒုက္ခိတများဖြစ်သဖြင့် ဘုရင်မင်းကြီးမှာ အတိုင်းတိုင်းအပြည်ပြည်မှ မင်းများကြားသိလျှင် မဟာအရှက်တော်ရကာ ဂုဏ်သိက္ခာ ညှိုးနွမ်းမည်စိုးသဖြင့် ကွပ်မျက်သုတ်သင်ပစ်ရန် အမိန့်ချမှတ်ခဲ့၏။ မိဖုရားကြီးမှာမူကား ဝမ်းနှင့်လွယ်၍ ခဲယဉ်းစွာမွေးဖွားခဲ့ရသူဖြစ်သဖြင့် မသတ်ရက်ဘဲ အခြားနေရာတွင် တိတ်တဆိတ် ကျွေးမွေးပြုစုစောင့်ရှောက်ထား၏။ ထိုသားနှစ်ယောက် အရွယ်ရောက်လာလျှင် ဖခင်ဘုရင်ကြီး ကြားသိပြန်သော် ချက်ချင်းသတ်ရန် အမိန့်ချမှတ်ပြန်သည်။ မိဖုရားကြီးမှာလည်း မတတ်သာသည့်အဆုံး အသက်ရှင်လိုရှင်ငြား ဖောင်နှင့်မျှောလိုက်၏။ မိခင်အဖို့ သားသမီးတို့ကိုလည်း မမှန်၊ အကျိုးအကန်းကိုလည်း မစွန့်ပစ်ရက်။ ဖခင်မှာကား ဤ



www.burmeseclassic

www.burmeseclassic.com

သို့မဟုတ်၊ မိမိဘုန်းကံဂုဏ်သိက္ခာကို အဓိကထားတတ်သည်ကို လက်တွေ့မျက်တွေ့ သိနိုင်ကြရပေသည်။

သို့သော် လေ့လာရသမျှ အကြောင်းများတွင် ဖခင်၏ အခန်းကဏ္ဍပါဝင်သော ဗိမ္ဗိသာရအကြောင်းကိုကား မေ့ထားဥပေက္ခာပြု၍ မရစကောင်းပေ။ ဗိမ္ဗိသာရမင်းကြီး၏ မိဖုရားကြီးတွင် ကိုယ်ဝန်ရှိလာသည့်အခါ ပုဏ္ဏားဖြူ ပုဏ္ဏားညိုတို့၏ ဗေဒင်ကိန်းခန်းတွက်ချက်မှုအရ ကေန်မုချ အဖသတ်မည့်သားမှန်းသိကြလျှင် မိဖုရားကြီးမှာ ခင်ပွန်းသည်ဘုရင်ကြီး၏ အသက်ကိုချန်၍ ယခုမှ သန္ဓေတည်စ ကလေးအား ဖျောက်ဖျက်ပစ်ရန် အကြံပေါ်၏။ သို့သော် ဗိမ္ဗိသာရဘုရင်ကြီးကား ဤသို့မဟုတ်၊ သားလေးကိုချစ်သည့်စိတ်ဖြင့် မိမိကိုသတ်လိုလျှင် သတ်စေတော့။ မဖြစ်မနေ ထိုသားအား မွေးရမည်ဟု အမိန့်ထုတ်လိုက်၏။ သားလေးမွေး၍ အဇာတသတ်ဟု အမည်ပေးခဲ့၏။ ထိုသားလေး အရွယ်ရောက်လာလျှင် ဘုရင်ကြီးအား အမှန်တကယ် သတ်ဖြတ်ခဲ့၏။

ထိုမင်းကြီးသာလျှင် မိခင်မေတ္တာထက် သာလွန်ထားရှိခဲ့သည်ကို ရှားရှားပါးပါး သိရှိနိုင်ပေသည်။ များသောအားဖြင့်မူ မိခင်မေတ္တာ ကြီးမားမှုကိုသာ လေ့လာရသည်က များလှချေသည်။ ဗိမ္ဗိသာရမင်းကြီးမှာ မိမိကိုယ်ထက် သားသမီးကို မိခင်ထက်ပို၍ မေတ္တာကြီးကြီးမားမားထားသည်ဟု ဆိုနိုင်သော်လည်း စာရေးသူအနေဖြင့် ဤနေရာတွင် ခွဲခြားချက်ထား၍ ပြောကြားလိုသည်မှာ ထိုအချိန်က ဗိမ္ဗိသာရမင်းကြီးသည် သောတာပန်ပုဂ္ဂိုလ်ဖြစ်သဖြင့် သောတာပန်မှာ သီလေသု ပရိပူရကာရီပုဂ္ဂိုလ်ဖြစ်သည်။ အဓိပ္ပာယ်မှာ သီလအားဖြင့် ပြည့်စုံစွာ ဖြည့်ကျင့်ထားပြီးသူဟု ခေါ်ဆိုရပြီး သောတာပန်တို့၏စိတ်ဓာတ်မှာ မိမိအသက်နှင့် သူတစ်ပါးအသက် ယှဉ်လာလျှင် သူတစ်ပါးအသက်ကိုမသတ်ဘဲ မိမိသာလျှင် အသေခံသည်ဟူသောပုဂ္ဂိုလ်မျိုး ဖြစ်ပေသည်။ ထို့ကြောင့် ဗိမ္ဗိသာရမင်းကြီးသည် မိမိအား အမှန်တကယ်သတ်မည့်သူ ဖြစ်လင့်ကစား အသက်ကိုရန်ရှာမှုမရှိဘဲ မိမိသာလျှင် သေချင်သေပါစေဟူသော စိတ်မျိုးထားနိုင်သည့် ပုဂ္ဂိုလ်မျိုးဖြစ်၍လောဟု တွေးဆကြည့်မိပေသည်။

ဘုရားဟော ဇာတ်နိပါတ်၊ အဋ္ဌကထာများကို လက်လှမ်းမီသလောက် တွေ့ရှိရသမျှကို ဆန်းစစ်ကြည့်လျှင်



မိခင်သည် ကိုယ်အင်္ဂါချို့ယွင်းသော သားသမီးကိုဖြစ်စေ၊ သားဆိုးသမီးဆိုးပင်ဖြစ်စေ မပစ်ရက်ဘဲ ကရုဏာကြီးစွာဖြင့်ပင် ချစ်ရသူများဖြစ်သော်လည်း ဖခင်များမှာ ဤသို့မဟုတ်မူဘဲ မိမိအဖို့ ရာထူးဂုဏ်ဒြပ် ကြီးမားလေလေ မိမိ၏ဂုဏ်ဒြပ်ကို အထိမခံနိုင်လေကို တွေ့ရှိနိုင်လေ၏။ ထို့ကြောင့်လည်း သားသမီးအသက်နှင့် မိမိဂုဏ်သိက္ခာကို လဲခဲ့ကြခြင်းဖြစ်သည်။

ထို့ကြောင့် စာရေးသူအနေဖြင့် မိခင်သည် ဖခင်ထက် သားသမီးအပေါ် အချစ်ပို၏။ တာဝန်ပိုင်းပို၏။ ထို့ကြောင့်ပင် အမိမေတ္တာမှာ အဖထက် သာလိမ့်မည်ဟု ခြုံငုံပြီးစဉ်းစားလိုက်မိခြင်း ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ အမိနှင့်အဖတွင် မေတ္တာအရာ၌ အမိကသာလွန်ကြောင်း ရေးသားတင်ပြရသော်လည်း ဤဆောင်းပါးအား နိဂုံးကမ္ပတ် အဆုံးသတ်ပြီးသော် အနန္တဂိုဏ်းဝင် ကျေးဇူးရှင် မိဘနှစ်ပါးအား နဖူးလက်ယှဉ် ဦးတင်ရင်း ရှေးကပညာရှိများ စပ်ဆိုခဲ့သော ကဗျာလေးအား အကြိမ်ကြိမ်ရွတ်ဖတ်မိပါသည်။

သားတို့ရပ်ရည်၊ သီတာမည်သား၊
ရေကြည်ချမ်းမြ၊ တစ်ပေါက်ကျက၊
မိဘတို့ဝမ်း မည်းမိန်းစတမ်းတည်း။

**လှကျော်ညွန့်(ရေကျေး)**



www.burmeseclassic

www.burmeseclassic.com



# မောင်ကောင်းထက်

(ကျောက်ဝါဝါး)

## မေတ္တာထားကာ မေတ္တာပွားနိုင်ကြပါစေ

'မောင်ခန့်ကြည် ဘယ်တုန်းက စစ်ကိုင်းကို ရောက်နေတာလဲ။ မင်းတို့ ရန်ကုန်မှာရော အအေးကဲသေးလား။ ဒီမှာတော့ ခြေဖျားကစပြီး တစ်ကိုယ်လုံး စောင်နဲ့ထုပ်ထားရတယ်'

ဘကြီးဖြိုးသည် ဘုရားခန်းထဲကအထွက် မောင်ခန့်ကြည်ကို ရုတ်ခြည်းတွေ့လိုက်ရ၍ ခွန်းဆက်စကားဆိုလိုက်ခြင်း ဖြစ်ပါသည်။

'စစ်ကိုင်းရောက်နေတာ သုံးရက်ရှိသွားပြီ ဘကြီးဖြိုး။ ရောက်တုန်းရောက်ခိုက် စစ်ကိုင်းတောင်ရိုး၊ မင်္ဂလာအေးမြချောင်က သီလရှင်ဆရာမကြီးဆီ ခေါက်ဆွဲကြော်သွားလှူနေတာမို့ ဘကြီးဖြိုးဆီ ဒီနေ့မှ လာဖြစ်တာပါ။ ဘကြီးဖြိုးကြိုက်တဲ့ ငါးမုန့်လည်းပေးရင်း နှုတ်ဆက်စကား



www.burmeseclassic

www.burmeseclassic.com

လည်း ပြောချင်လို့ပါ'

'ဟေ..ငါ့ကို ကျေးဇူးစကားပြောရမယ့်ကိစ္စက ဘာများရှိနေလို့လဲ'

ဤတွင် ကိုခန့်ကြည်က ဘကြီးဖြိုး အမှတ်ရအောင် ရှင်းပြရတော့သည်။

'ဘကြီးဖြိုး ရန်ကုန်ရောက်တုန်းက ကျွန်တော်နေတဲ့ တိုက်ခန်း အထပ်(၈)လွှာထိ လှေကားမှောင်မှောင်မှာ ခဲရာခဲဆစ် တက်ခဲ့ရတဲ့အပြင် အပေါ်ရောက်ပြန်တော့ တိုက်ခန်းကျဉ်းကျဉ်းမှာ နေနေရတဲ့ ကျွန်တော့်လူနေမှု ဘဝကို ကရုဏာသက်ပြီး အတက်အဆင်းလွယ်လွယ် အခန်းကျယ်ကျယ်မှာ နေရအောင် စမပြန်ဂါထာကို အဓိဋ္ဌာန်တင်ပြီး ရွတ်ဆိုခိုင်းခဲ့တယ် မဟုတ်လား။

ဘကြီးဖြိုးကျေးဇူးလို့ ပြောရမှာပါ။ အခု ကျွန်တော် နေရတဲ့တိုက်ခန်းက ကျယ်လည်းကျယ်တယ်။ အလွှာက လည်း ပထမထပ်ဆိုတော့ အတက်အဆင်း လွယ်သွားတယ်။ ပတ်ဝန်းကျင်က တိတ်ဆိတ်ငြိမ်ဆိတော့ စာရေးစာဖတ်ရတာ အဆင်ပြေတယ်။ ဘာဝနာကမ္မဋ္ဌာန်းပွားများမယ်ဆိုရင်လည်း ကောင်းတဲ့အနေအထားပါ။

ဘကြီးဖြိုးနဲ့ ကြီးမေတို့ ကျွန်တော့်တိုက်ခန်းမှာ တည်းလို့ရပါပြီ။ တန်ခိုးကြီးဘုရားတွေ ဖူးနိုင်အောင် လိုက်ပို့ပေးပါ့မယ်'

ကိုခန့်ကြည်သည် ဘကြီးဖြိုးအား ကျေးဇူးစကား ပြောဆိုပြီးနောက် ရန်ကုန်မှယူခဲ့သော ပုစွန်ခြောက်ထုပ်နှင့် ငါးမုန့်ထုပ်တို့ဖြင့် ဘကြီးဖြိုးနှင့် ကြီးမေတို့ကို ထိုင်၍ ကန်တော့လိုက်ပါသည်။

◆◆◆

ဘကြီးဖြိုးသည် မောင်ခန့်ကြည်အား ဆုပေးစကား ပြောဆိုပြီး တစ်ဆက်တည်းမှာပင်-

'အေး..မောင်ခန့်ကြည်၊ မင်း အခုလို ကျေးဇူးတရားသိပြီး ကိုယ်တိုင်လာရောက်ကန်တော့တော့ မင်းရဲ့ကျေးဇူးရှင်ဖခင်ကြီး ဦးစံယျ အမြဲပြောပြောနေတဲ့ လောကကြီးမှာ လူ(၃)မျိုးရှိတယ် ဆိုတဲ့စကားကို ပြန်ပြီးအမှတ်ရမိသေးတယ်။

ပထမတစ်မျိုးက သူတစ်ပါးကျေးဇူး မသိတတ်သူ၊ ကျေးဇူးကန်းသူ။

ဒုတိယတစ်မျိုးက သူတစ်ပါးကျေးဇူးကို သိသော်လည်း ကျေးဇူးဆပ်ခွင့်မရှိသူ၊

တတိယတစ်မျိုးက သူတစ်ပါးကျေးဇူးကိုသိ၍ ကိုယ်တိုင်ကိုယ်ကျ ကျေးဇူးဆပ်ခွင့်ကြုံသူ။

တတိယအမျိုးအစားထဲမှာပါတဲ့ မောင်ခန့်ကြည်ကို တို့များက ဂုဏ်ယူချစ်ခင်တာမို့ အိမ်ကိုရောက်တုန်းရောက်ခိုက် ထမင်းစားပြီးမှ ပြန်ပါ'

'ထမင်းတော့ စားနိုင်တော့မှာ မဟုတ်တော့ဘူး။ ဘကြီးဖြိုး ဩကာသကန်တော့ချိန်နဲ့ ဘုရားစပြီးရှိခိုးတဲ့ အချိန်ကတည်းက ရောက်နေတာ။ ဘကြီးဖြိုး ဘုရားရှိခိုးတာ ပြီးတဲ့အချိန်ထိစောင့်ရင်း ကြီးမေကျွေးတဲ့ နန်းကြီးမုန့်တီကို တစ်ဝကြီးစားလိုက်တာ ဗိုက်ပြည့်သလို ဘကြီးဖြိုး ဘုရားရှိခိုးတာကို စူးစိုက်ပြီး နားထောင်လိုက်တာ မေးစရာ မေးခွန်းတွေကလည်း ရင်ဘတ်နဲ့အပြည့် ဖြစ်သွားတယ်။ ဘကြီးဖြိုးနဲ့ ကြီးမေတို့ပဲ သုံးဆောင်ကြပါ'

ဘကြီးဖြိုးသည် နေ့လယ်စာ စားပြီးနောက်-

'တို့များ ဘုရားရှိခိုးတာကို နားထောင်ပြီး မောင်ခန့်ကြည်က ဘယ်လိုမေးခွန်းတွေက ရင်ဘတ်နဲ့အပြည့် ဖြစ်သွားရတာလဲ'

'ဒီလို ဘကြီးဖြိုးရဲ့၊ ဘကြီးဖြိုးက ဘုရားရှိခိုးပြီး သီလယူတာ ရှစ်ပါးသီလမဟုတ်ဘဲ နဝင်္ဂသီလခံယူတယ်လေ။ ယသာနုဘာဝတော ယက္ခာ၊ နေဝဒဿေန္တိ ဘီသနံ အစချီ မေတ္တသုတ်ပါဠိတော်ကို ရွတ်ဆိုတော့လည်း ဆယ်ကြိမ်မကဘူး၊ ဆယ့်တစ်ကြိမ် ရွတ်ဆိုပူဇော်တာက လည်း ထူးခြားနေလို့ပါ။ မေးချင်စိတ်တွေ ဖြစ်လာပါတယ်'

ဤတွင် ကြီးမေက စကားစမိလျှင် မဆုံးဖြစ်တတ်သော ဘကြီးဖြိုးအကြောင်း သိထားသူပီပီ-

'မောင်ခန့်ကြည်..မင်း စစ်ကိုင်းရောက်တုန်းရောက်ခိုက် သွားရမယ့် တွေ့ရမယ့် အစီအစဉ်တွေ၊ ကိစ္စတွေ ရှိသေးလား။ မင်းဘကြီးဖြိုးက မင်းတို့ငယ်ငယ်က ကြုံဖူးတဲ့ ဘကြီးဖြိုးမဟုတ်တော့ဘူး။ အခုဘကြီးဖြိုးက ဘုရားစာနဲ့ပတ်သက်လို့ ပြောရမယ်ဆိုရင် အချိန်အကန့်အသတ်က ရှိတာမဟုတ်ဘူး။ ဒါကြောင့် ကြိုမေးထားတာ'

'ရပါတယ် ကြီးမေရှာ၊ ကျွန်တော် စစ်ကိုင်းလာတဲ့ ရည်ရွယ်ချက်က ဘကြီးဖြိုးဆီက ရတနာသုံးပါးနဲ့စပ်ဆိုင်တဲ့ စကားတွေ ကြားသိရဖို့ အဓိကရည်ရွယ်ရင်းပါ'



www.burmeseclassic

www.burmeseclassic.com

ဘကြီးဖြိုးသည် ထမင်းစားပြီး လက်ဖက်သုပ်နှင့် လက်ဖက်ရည်ကြမ်းတို့ကို ယူလာခဲ့ပြီး-

'မောင်ခန့်ကြည် . .တို့များ စားရင်းသောက်ရင်းနဲ့ မောင်ခန့်ကြည်မေးတဲ့ မေးခွန်းတွေကို ပြောကြရအောင်။ နဝင်္ဂသီလကို ဘာကြောင့်ဆောက်တည်ရသလဲဆိုရင် မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ မိန့်မှာချက်ကို နာခံလိုက်နာမှတ်သားပြီး သီလဆောက်တည်တာပါ။

ဆရာတော်ကြီး မိန့်မှာချက်က-

ရှစ်ပါးသီလစောင့်ရုံမျှဖြင့် အကျိုးများသင့်သလောက် မများသေး၊ သီလကို စောင့်ထိန်းပြီးနောက် မိမိစိတ်ကို စင်ကြယ်သန့်ရှင်းအောင် အားထုတ်နိုင်မှသာ အကျိုးများမည်။ စိတ်ကို စင်ကြယ်သန့်ရှင်းအောင် ဒေါသကို ဖယ်ရှားရမည်။ ဒေါသ၏ဆန့်ကျင်ဘက် မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းရမယ်လို့ ဩဝါဒပေးတယ်လေ။

မင်းကွန်းဆရာတော်ကြီးကလည်း လောဘမီးကို အကြောင်းပြုပြီး ဒေါသမီးတောက်တယ်။ ဒေါသမီး အကြောင်းပြုပြီးတော့ မောဟမီးတောက်တယ်။ မောဟမီးတောက်တော့ ငရဲမီးတွေ တောက်ကုန်တယ်။ ငရဲမီးတောက်ရင် သတ္တဝါတွေဟာ ဒုက္ခမီးတွေ တဟုန်းဟုန်းတောက်လောင်တယ်။ မေတ္တာဘာဝနာသည် အဲဒီမီးတွေကို ငြိမ်းစေတတ်တဲ့ ရေစင်ရေအေးဖြစ်တယ်လို့ ဟောထားတာရှိတယ်။

ဆရာတော်ကြီးတွေရဲ့ မိန့်မှာချက်တွေကို လိုက်နာမှတ်သားပြီး သီလဆောက်တည်တာပါ။ ကိုးပါးသီလထဲမှာ မေတ္တာအတွက် သီလတစ်ပါးအဖြစ် ယထာဗလံ မေတ္တာ သဟဂတေန စေတသာသဗ္ဗာဝန္တံ လောကံ ဖရိတွာ၊ ဝိဟာ ရာမိဟု ဆောက်တည်ရတယ်။

အချို့ဆရာတော်ကြီးတွေက မေတ္တာသဟဂတေန စေတသာ သဗ္ဗပါဏဘူတေသု ဖရိတွာ ဝိဟာရဏံ သမာဓိ ရာမိလို့ ဆောက်တည်ပုံကို ပြကြတယ်။

အနက်အဓိပ္ပာယ်နဲ့ ရှင်းလင်းပြောရရင် စွမ်းနိုင်သမျှ မေတ္တာစိတ်ဖြင့် သတ္တဝါတို့အပေါ်၌ ဖြန့်ကြက်နေထိုင်ပါမည်ဆိုပြီး နဝင်္ဂသီလဆောက်တည်တာပါပဲ'

ဘကြီးဖြိုးသည် လက်ဖက်ရည်ကြမ်းသောက်ရင်း ပြောလက်စ စကားကို ဆက်၍ပြောသည်။

'နဝင်္ဂသီလခံယူပြီး မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းနိုင်ရန် မေတ္တာသုတ်ကို အကြိမ်ကြိမ်ပွားများမယ်ဆိုပြီး သစ္စာအဓိဋ္ဌာန်ပြုလိုက်တယ်။

သဘောက မိမိရည်မှန်းထားတဲ့ ကောင်းတဲ့အလုပ်မှာ မဖြစ်မနေ စွဲစွဲမြဲမြဲ ဖွဲကောင်းကောင်းနဲ့ မေတ္တာသုတ်ကို (၁၁)ကြိမ်ရွတ်ဆိုပွားများတာပါပဲ။ နဝင်္ဂသီလဥပုသ်ကို ခံယူပြီး မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းနေမှုလည်း နဝင်္ဂသီလကို ကျနစွာစောင့်သုံးရာရောက်မယ်လို့ ဘကြီးဖြိုးက ခံယူထားတယ်လေ'

ဘကြီးဖြိုးသည် ကိုခန့်ကြည် မေးသည့်မေးခွန်းကို ဖြေပြပြီးသည်နှင့် ကိုခန့်ကြည်အနေဖြင့် မေတ္တာသုတ်ကို မည်သည့်အတိုင်းအတာထိ နားလည်သဘောထားသည်ကို သိရှိလို၍-

'မောင်ခန့်ကြည်အနေနဲ့ မေတ္တာသုတ်ကို မြတ်စွာဘုရားက ဘာကြောင့် ရဟန်းတွေကို ဟောကြားတယ်ဆိုတာ သိရင် ပြောပြပါလား'

'သိပါတယ် ဘကြီးဖြိုး'

'မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ်အခါ ရဟန်းငါးရာတို့ဟာ ကိလေသာပျက်ပြုန်းစေရန် ကမ္မဋ္ဌာန်းများကို မြတ်စွာဘုရားထံမှ လျှောက်ထားသင်ယူပြီး ဟိမဝန္တာတောရပ်မြေဆီမှာ သီတင်းသုံးဝါကပ်ခြင်း ပြုတော်မူကြပါတယ်။ သီတင်းသုံးနေစဉ်ကာလ မိစ္ဆာနတ်ဆိုး ရုက္ခစိုးတို့က နည်းမျိုးစုံနဲ့ နှောင့်ယှက်ခြောက်လှန့်ကြတဲ့အတွက် မြတ်စွာဘုရားထံ သွားရောက်ပြီး အကြောင်းစုံ လျှောက်ထားတဲ့အခါ မြတ်စွာဘုရားက မေတ္တာသုတ်ကို ဟောကြားတော်မူပါတယ်။ မေတ္တာသုတ်၏ အာနုဘော်(မေတ္တာအံစွမ်း)အားကြောင့် ရုက္ခစိုးနတ်တို့ ချစ်ခင်လာပြီး စောင့်ရှောက်ကြတဲ့အတွက် ရဟန်းငါးရာတို့ ကမ္မဋ္ဌာန်းတရားကို ကောင်းစွာကျင့်သုံးအားထုတ်နိုင်ကြတယ်။ ဝါကျွတ်တဲ့အခါ ရဟန္တာအားလုံး ဖြစ်ကုန်ကြတယ်လို့ မှတ်သားရပါတယ်'

ဤတွင် ဘကြီးဖြိုးက ဖြည့်စွက်ပြောကြားပါသည်။

'မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက မေတ္တာသုတ်ကို ရဟန်းငါးရာတို့အား ဝါခေါင်လမှာ ဟောကြားတော်မူတာကြောင့် ဝါခေါင်လပြည့်နေ့ကို မေတ္တာအခါတော်နေ့လို့ ခေါ်ကြတယ်လေ။

မေတ္တာသုတ်ရွတ်ဖတ်ပူဇော်ရင် နတ်အများ ချစ်ခင်



www.burmeseclassic

www.burmeseclassic.com

ကာ ချမ်းသာကြောင်းအစဉ်ဖြစ်တာမို့ သူတော်စင်သူတော်ကောင်းတို့ တစ်ဦးတစ်ယောက်ချင်းဖြစ်ဖြစ်၊ အစုအဖွဲ့အသင်းတွေအနေနဲ့လည်း ရွတ်ဆိုနေခဲ့ကြတာ ယခုမျက်မှောက်အချိန်တိုင် မဟုတ်လား'

◆ ◆ ◆

ဘကြီးဖြိုးသည် မောင်ခန့်ကြည်အနေဖြင့် မေတ္တသုတ်ကို မြတ်စွာဘုရားက မည်သည့်အတွက် ဟောကြားသည်ကို သိရှိထားသူဖြစ်၍ မောင်ခန့်ကြည် မေးထားသည့် ဒုတိယမေးခွန်း မေတ္တသုတ်ကို ဘကြီးဖြိုးက ဘာကြောင့် (၁၁)ကြိမ်ရွတ်ဆိုပူဇော်ရသလဲဆိုတဲ့ အမေးကို ရှင်းလင်းပြောဆိုလျှင် နားလည်လွယ်သူဖြစ်မည်ဟု ယုံကြည်ရင်းစွဲဖြင့် ပြောပြသည်မှာ-

'ဘကြီးဖြိုးအနေနဲ့ မေတ္တသုတ်ကို အမြဲဋ္ဌာန်တင်ပြီး (၁၁)ကြိမ်ကျကျနန ရွတ်ဆိုပူဇော်တာပါ။ တစ်နည်းအားဖြင့် ပြောရရင် နှလုံးသွင်းဆင်ခြင်ပွားများမှုကို အခါခါအာရုံစူးစိုက်မှုပြုချင်တဲ့ စိတ်ဆန္ဒကြောင့်ပဲ။ (၁၁)ကြိမ်ဆိုတာက ကိုယ့်ဆန္ဒအလျောက် အရေအတွက်ကို သတ်မှတ်လိုက်တာပါ။

တချို့ပုဂ္ဂိုလ်တွေဆိုရင် ပဋ္ဌာန်းပါဠိတော် ပစ္စယဥဒ္ဒေသ၊ ပစ္စယနိဒ္ဒေသကို (၂၄)ကြိမ်၊ မေတ္တသုတ်ကို (၂၄)ကြိမ်စီ တစ်ထိုင်တည်း တွဲဖက်ရွတ်ဆိုတာကိုလည်း နာကြားဖူးပါတယ်။

လောကီလူသားတွေ ဖြစ်ကြတာမို့ ကိုယ့်သတ်မှတ်ချက်နဲ့ကိုယ် ပေးနိုင်တဲ့ အချိန်အတိုင်းအတာအရ ရွတ်ဆိုကြတယ်လို့ပဲ ပြောရမှာပေါ့'

နားစိုက်ထောင်နေသော ကိုခန့်ကြည်က ကြားဖြတ်၍ မေးခွန်းမေးသည်။

'ဘကြီးဖြိုး..မြတ်စွာဘုရားက မေတ္တသုတ်ကို ဟောတဲ့အခါ ဘယ်နှစ်ကြိမ်ရွတ်ဆိုရမယ်လို့ ဟောကြားထားတာပါ ရှိရင်လည်း ပြောပြပါဦး'

'မေတ္တသုတ်မှာ အပိုဒ်အားဖြင့် (၁၂)ပိုဒ်ပါရှိတယ်။ မြန်မာပြန်အဓိပ္ပာယ်နဲ့ပဲ လိုရင်းကို ပြောရရင်-

အပိုဒ်(၁)မှာ မေတ္တသုတ်တော်ကို ညဥ့်အခါ၌လည်းကောင်း၊ နေ့အခါ၌လည်းကောင်း မပျင်းမရိ ရွတ်ဖတ်လေ့ရှိသူလို့ ဖော်ပြထားသလို အပိုဒ်(၁၁)မှာ အိပ်ငိုက်သောအခါမှတစ်ပါး မတ်တတ်ရပ်နေစဉ်ဖြစ်စေ၊ လမ်းလျှောက်သွားနေစဉ်ဖြစ်စေ၊ ထိုင်နေစဉ်ဖြစ်စေ၊ လဲလျောင်းနေစဉ်ဖြစ်စေ အမြဲမပြတ် သတိချပ်လျက် မေတ္တာပို့နေရာ၏လို့ အတိအလင်း ဟောကြားထားတယ်။

အဲဒီလို မေတ္တာပွားများခြင်းကြောင့် အကျိုး(၁၁)ပါး ရပါတယ်ဆိုတာ တို့များငယ်စဉ်က မိဘတွေက သိလွယ်မှတ်ရလွယ်အောင် ကဗျာလင်္ကာနဲ့ သင်ကြားပေးတယ်'

ကိုခန့်ကြည်က လွယ်အိတ်ထဲမှ မှတ်စုစာအုပ်ကို ထုတ်လိုက်ပြီး ဘကြီးဖြိုး ရွတ်ဆိုပြသော လင်္ကာကို လိုက်ပြီး ရေးမှတ်သည်။

ဘကြီးဖြိုး ရွတ်ဆိုပြသော ကဗျာလင်္ကာမှာ-

'အိပ်သော်ချမ်းသာ၊ နိုးခါသုခ၊ မြတ်လှအိပ်မက်၊ နှစ်သက်လူတို့၊ နတ်တို့ချစ်ခင်၊ နတ်ပင်စောင့်နေ၊ မီးရေမဖျက်၊ ငြိမ်သက်တည်ကြည်၊ ရွှင်ကြည်မျက်နှာ၊ သေခါမမှိုင်၊ ဗြဟ္မာတိုင်သား၊ ဆယ့်တစ်ပါးကို၊ ကျမ်းဂန်ဆိုသည်၊ လူဗိုလ်အများ မေတ္တာပွားလို့ဆိုပြီး အကြိမ်ကြိမ်ကျက်မှတ်ပူဇော်ခဲ့ရတယ်။ တချို့သော မိဘ၊ ဆရာသမားတွေကလည်း အခုရွတ်ဆိုပြမယ့် လင်္ကာကဗျာ မူကွဲနဲ့ သင်ပြပေးတာရှိတယ်'

ဘကြီးဖြိုးရွတ်ဆိုသော လင်္ကာ(မူကွဲ)မှာ-

'အိပ်နိုးချမ်းသာ၊ ကောင်းစွာအိပ်မက်၊ ချစ်လျက်လူနတ်၊ စောင့်လတ်နတ်များ၊ မီးဆိပ်ဓားတို့၊ ရှောင်ရှားကိုယ်မှာ၊ လျင်စွာစိတ်တည်၊ ရွှင်ကြည်မျက်နှာ၊ သေခါမသွေ၊ လားလေဗြဟ္မာ၊ မေတ္တာပွားမှု အကျိုးတည်း။

ကဲ..မောင်ခန့်ကြည်ရေ၊ ဘကြီးဖြိုးအနေနဲ့ လင်္ကာ(၂)ခုစလုံးကို ဆိုပြပြီးပြီ။ မိဘတွေ၊ ဆရာသမားတွေရဲ့စေတနာကတော့ လူငယ်လူရွယ်တွေအားလုံးကို မေတ္တာသုတ် ရွတ်ဆိုကြရင် အကျိုး(၁၁)ပါး ရမယ်ဆိုတာကို ရလွယ်အောင် လင်္ကာနဲ့ သင်ပေးကြတာပါ။ နှစ်သက်ရာလင်္ကာကို ယူကြပေါ့'

ဘကြီးဖြိုးသည် အမောပြေလက်ဖက်ရည်ကြမ်းကို ဆက်ကာ,ဆက်ကာ သောက်နေသည်။ ကိုခန့်ကြည်လည်း ကြီးမေ လာပို့ထားသော ဇယန်းလက်ဖက်နှင့် နှစ်ပြန်ပဲကြော်ကို စားရင်းဖြင့် ဘကြီးဖြိုးကို မေတ္တသုတ် ရွတ်ဆိုပူဇော်လျှင် ရရှိမည့် အကျိုး(၁၁)ပါးကို စကားပြေဖြင့် ပြောပြပေးပါရန် မေတ္တာရပ်ခံရာ ဘကြီးဖြိုးက အောက်ပါအတိုင်း ပြောပြပါသည်။



www.burmeseclassic

www.burmeseclassic.com

<u>မေတ္တာပွားများသူတို့ အကျိုး(၁၁)ပါး</u>

(၁) စိတ်ရောကိုယ်ပါ ချမ်းသာစွာအိပ်စက်ရခြင်း၊

(၂) စိတ်ရောကိုယ်ပါ ချမ်းသာစွာအိပ်မက်မြင်မက်ရခြင်း၊ အိပ်မက်ဆိုးများ မမြင်မက်ရခြင်း အဲဒီသဘောပဲ။

မေတ္တာသုတ်ကို ရွတ်ဆိုပြီး မေတ္တာပို့တဲ့သူအနေနဲ့ မေတ္တာကို ပေးလို့ရအောင် မိမိကိုယ်မိမိ ဖြည့်ဆည်းထားရမယ့် အချက်တွေကို မေတ္တာသုတ်မှာ အတိအကျ ဖော်ပြထားပြီးသားပါ။ ကြိုးပမ်းအားထုတ်ရမယ့် အချက်တွေလည်း ပါရှိပါတယ်။

ဘကြီးဖြိုး ပြောပြသော မေတ္တာသုတ်ရွတ်ဆိုပူဇော်သူတွင် ရှိရမည့်အချက်တွေ၊ တစ်နည်းအားဖြင့် မေတ္တာတရားပွားများသူတို့တွင် ရှိရမည့် အရည်အသွေး၊ ကျင့်ဝတ်တို့ကို ရှင်းလင်းစွာပြောပြပေးပါရန် ကိုခန့်ကြည်သည် ဘကြီးဖြိုးအား တောင်းပန်စကားပြောရတော့သည်။

<u>မေတ္တာတရားပွားများသူတို့၏ ကျင့်ဝတ်(၁၅)ပါး</u>

၁။ ကုသိုလ်ကောင်းမှုပြုလိုစိတ်၊ သဒ္ဓါဝီရိယ ရှိသူဖြစ်ခြင်း (ငြိမ်သက်စွာ နိဗ္ဗာန်သို့ ဉာဏ်ဖြင့် သက်ဝင်ခြင်းကို ပြုနိုင်စွမ်းရှိသူဖြစ်ခြင်း)။

၂။ ဟန်ဆောင်မှုမရှိ၊ ကိုယ်၊ နှုတ်ဖြောင့်မှန်သူ၊ ဖြောင့်မတ်သူဖြစ်ခြင်း။

၃။ လှည့်စားဖုံးကွယ်မှုမရှိ၊ စိတ်ထားမှန်ကန်သူဖြစ်ခြင်း။

၄။ ပညာရှိတို့ ဆိုဆုံးမ လွယ်ကူသူဖြစ်ခြင်း။

၅။ ခက်ထန်တင်းမာမှုမရှိ၊ နူးညံ့သိမ်မွေ့သူဖြစ်ခြင်း။

၆။ မာန်မာနမကြီး၊ ဘဝင်မမြင့် နှိမ့်ချသူဖြစ်ခြင်း။

၇။ ရှိသမျှနှင့် ရောင့်ရဲတင်းတိမ်သူဖြစ်ခြင်း။

၈။ မိမိကိစ္စနှင့် သူတစ်ပါးကို တာဝန်မကြီးစေသူ၊ ဝန်ထုပ်ဝန်ပိုး မဖြစ်စေသူဖြစ်ခြင်း။

၉။ အကျိုးမရှိသောကိစ္စများနှင့် အချိန်မကုန်သူဖြစ်ခြင်း။

၁၀။ အမည်မတပ်သာသော ကိစ္စအထွေထွေ (ဗာဟိရ) နည်းပါး၍ ပေါ့ပါးစွာသွားလာနေထိုင်သူဖြစ်ခြင်း။

၁၁။ ဣန္ဒြေ(၆)ပါး (ကိုယ်၊ နှုတ်၊ နှလုံးစောင့်ထိန်းမှု၊ တည်ငြိမ်သော အမူအရာဖြင့် စောင့်ထိန်းမှု၊ မျက်စိ၊ နား စောင့်စည်းမှု)၌ တည်ငြိမ်မှုရှိသူဖြစ်ခြင်း။

၁၂။ အရာရာ၌ ဆင်ခြင်တိုင်းထွာတတ်သော အသိဉာဏ်ရှိသူ၊ မြော်မြင်ဆုံးဖြတ်နိုင်သူဖြစ်ခြင်း။

၁၃။ ကိုယ်၊ နှုတ်၊ စိတ် သုံးပါးစလုံး ယဉ်ကျေးသိမ်မွေ့သူဖြစ်ခြင်း။

၁၄။ ချစ်ခင်နှစ်သက်သူတို့အပေါ်၌ လွန်လွန်ကဲကဲ ဖွဲ့လမ်းတွယ်တာမှု မရှိသူဖြစ်ခြင်း။

၁၅။ ပညာရှိသူတော်ကောင်းတို့ ကဲ့ရဲ့စေသောအမှုမျိုးကို အနည်းငယ်မျှ မပြုလုပ်သူ၊ ကျူးလွန်ခြင်းမှ ကင်းရှင်းသူဖြစ်ခြင်း။

'မောင်ခန့်ကြည်..ဘကြီးဖြိုးလေ အခုလို မေတ္တာပွားများသူတို့မှာ ရှိရမည့်ကျင့်ဝတ်(၁၅)ပါးကို ပီပီပြင်ပြင်သိလာတာနဲ့အမျှ ငါ အများကြီးကြိုးစားဖို့ လိုပါသေးလား ဆိုတဲ့အသိက အမြဲရင်ထဲကို လှုပ်ခတ်နေတော့တာပဲ'

ပြောလက်စ စကားကိုဖြတ်ပြီး ဘကြီးဖြိုးနှင့် ကိုခန့်ကြည်တို့ လက်ဖက်သုပ်၊ လက်ဖက်ရည်ကြမ်းတို့ကို စားသောက်နေစဉ် ကြီးမေက ဘုရားခန်းတွင်းသို့ ဝင်လာပြီး-

'ကဲ..မောင်ခန့်ကြည်ကို ကြီးမေကြိုပြီးပြောထားတယ်မဟုတ်လား။ မင်းဘကြီးဖြိုးက အရင်ဘကြီးဖြိုးမဟုတ်တော့ဘူး။ ဘုရားစာတွေနဲ့ ပြောဟောနေရမယ်ဆိုရင် ထမင်းမေ့ ဟင်းမေ့လေ။ စကားဝိုင်းက ပြတ်မှာမဟုတ်လို့ အိမ်ပြန်လက်ဆောင်အနေနဲ့ မြေးလေးတွေစားဖို့ မုန့်တွေ ယူလာပေးတာ'

ကြီးမေသည် ကိုခန့်ကြည် ကျောင်းသားဘဝက နှစ်ခြိုက်စွာ စားသုံးခဲ့သော ကရေကရာ(ပေါက်ပေါက်မုန့်ကို သကာနှင့်ရော၍ လုပ်ထားသောမုန့်)နှင့် အနုဆုပ်(ဆန်လှော်၊ ပဲလှော်မှုန့်ကို သကြား၊ သကာ၊ ထန်းလျက်နှင့် ဆုပ်လုံးထားသောမုန့်)နှင့် မယဉ်မိုးအတွက် သနပ်ခါးတုံးတို့ကို ခြင်းတောင်းနှင့်ထည့်ပြီး အိမ်ပြန်လက်ဆောင်ပေးပါသည်။

ဤနေရာတွင် အလျဉ်းသင့်၍ ဖော်ပြရပါလျှင်-

ကရေကရာနှင့် အနုဆုပ်မုန့်တို့သည် မြန်မာပြည်တစ်နံတစ်လျား ကျင်းပသော ဘုရားပွဲတော်များတွင် စစ်ကိုင်းဒေသထွက် အရောင်းသွက်သောမုန့်များဖြစ်ပါသည်။ ရက်ရှည်ကျင်းပသော ဘုရားပွဲတော်များတွင် ဆိုင်ခန်းကြီးဖြင့် တည်ခင်းရောင်းချကြပါသည်။

◆◆◆

'အဲဒါပဲ မောင်ခန့်ကြည်။ မင်းရဲ့ကြီးမေက ကြိုပြောနေတဲ့ မေတ္တာသုတ်ကို လက်တွေ့ပြလိုက်တာပါ'



www.burmeseclassic

www.burmeseclassic.com

ကိုခန့်ကြည်သည် ဘကြီးဖြိုး ပြောလိုက်သည်ကို အဓိပ္ပာယ်မသိ ဖြစ်နေသည်။ ဆိုလိုရင်းကိုမသိ၍ ဘကြီးဖြိုးကို ရှင်းပြဖို့ ပြောရတော့သည်။

ဘကြီးဖြိုးက ရှင်းပြသည်မှာ-

'မြန်မာမှုနယ်ပယ်မှာ ပို့တယ်၊ ပို့သတယ်၊ ပေးတယ်၊ ပေးဝေတယ်၊ ပေးအပ်တယ်၊ ပို့လွှတ်တယ်၊ ပွားများတယ် ဆိုတဲ့ စကားစုတွေရှိတယ်။ ပို့တယ်ပဲပြောပြော၊ ပွားတယ်ပဲပြောပြော သူတစ်ပါးအတွက် တစ်စုံတစ်ရာ တစ်စုံတစ်ခုခုကို ဆောင်ရွက်ပေးသည့် သဘောလို့ ပြောရမှာဖြစ်တယ်။

အခု မောင်ခန့်ကြည်ကို ကြီးမေက အိမ်မြန်လက်ဆောင် ပေးတယ်ဆိုတာက မောင်ခန့်ကြည်အပေါ် မေတ္တာထားလို့ပဲလေ။ တစ်ဦးတစ်ယောက်အတွက် မေတ္တာထားတယ်၊ မေတ္တာပွားတယ်ဆိုတာက ကိုယ့်မှာရှိမှ ပေးလို့ ပွားလို့ရတာပါ။

အခု မောင်ခန့်ကြည်ကို ဘယ်လောက်မေတ္တာထားပြီး ပေးချင်ပေမယ့် ကိုယ့်မှာမရှိရင် ပေးလို့မရဘူးလေ။ မေတ္တာလည်းရှိတယ်၊ ပေးလို့ရအောင် ဖြည့်ဆည်းထားတာလည်းရှိလို့ အခုလိုပေးနိုင်တာမဟုတ်လား။ မောင်ခန့်ကြည် သဘောပေါက်ပြီ မဟုတ်လား။

၃။ စိတ်ရောကိုယ်ပါ ချမ်းသာစွာ နိုးထရခြင်း။
၄။ မြင်မြင်သမျှလူအပေါင်းက ချစ်ခင်နှစ်သက်ကြခြင်း။
၅။ နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခ စသူတို့ ချစ်ခင်နှစ်သက်ကြခြင်း။
၆။ တန်ခိုးကြီးသော နတ်မင်း၊ ဗြဟ္မာမင်းကြီးများက စောင့်ရှောက်ကြခြင်း။
၇။ မီးဘေး၊ အဆိပ်ဘေး၊ လက်နက်ဘေးတို့မှ ကင်းဝေးရခြင်း။
၈။ စိတ်လေလွင့်ခြင်းကင်း၍ တည်ကြည်သမာဓိရှိခြင်း။
၉။ အမြဲသဖြင့် မျက်နှာအဆင်း ကြည်လင်၍နေခြင်း။
၁၀။ တွေဝေမှုမရှိ၊ သတိအာရုံကောင်းစွာဖြင့် ဘဝကူးရခြင်း၊
၁၁။ ဘဝကူးရာတွင် အောက်နရက်အပါယ်ဘုံသို့ မကျရောက်ဘဲ နတ်ဘုံ၊ ဗြဟ္မာဘုံများမှာသာ ဖြစ်ရခြင်း။

'မောင်ခန့်ကြည် ကြားရတဲ့အတိုင်းပဲ အခုပြောပြတဲ့ အကျိုးဆယ့်တစ်ပါးက မေတ္တာတရား ပွားများသူတိုင်း မလွဲဧကန် အမှန်ရရှိမယ်ဆိုတာ မြတ်စွာဘုရားက အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဟောတော်မူတယ်။

ဘကြီးဖြိုးလည်း မေတ္တာသုတ်ကို နှလုံးသွင်းဆင်ခြင်ပွားများရင်း အကျိုး(၁၁)ပါးကို အာရုံပြုမိတယ်လို့ပဲ ပြောရမလား။ အစီအစဉ်တင်ပြီး ရွတ်ဆိုတဲ့အခါ (၁၁)ကြိမ် သတ်မှတ်ရွတ်ဆိုဖြစ်သွားတယ်လို့ မောင်ခန့်ကြည်စိတ်မှာ မှတ်ထားလိုက်ပါတော့'

◆◆◆

မောင်ခန့်ကြည်မေးလို့သာ မေတ္တာသုတ်ကို ရွတ်ဖတ်ပူဇော်တာ အကြိမ်အရေအတွက်ကို ရှင်းပြတာပါ။ မေတ္တာသုတ် အပိုဒ်(၁)နဲ့ အပိုဒ်(၁၁)မှာ အမြဲမပြတ် သတိချပ်လျက် မေတ္တာပို့နေရာ၏လို့ မြတ်စွာဘုရားက အတိအလင်း မိန့်ထားတယ် မဟုတ်လား။

တစ်ဆက်တည်း ပြောရရင်-

တစ်နေ့သုံးခါ၊ အိုးတစ်ရာဖြင့်၊ ချက်ကာထမင်း၊ ကျွေးမွေးခြင်းထက်၊ မယွင်းစင်စစ်၊ နို့တစ်ညှစ်စာ၊ ကြိမ်သုံးခါမျှ၊ မေတ္တာပွားများ၊ ကျိုးကြီးမားသည်၊ ဘုရားမြတ်စွာ၊ မိန့်ခွန်းတည်းလို့ ရှေးပညာရှိတို့ ဆိုစကားရှိသလို မေတ္တာ ဘာဝေထ သာဓဝေါ။

ဘာဝေထ-သူတော်ကောင်းအပေါင်းတို့၊ မေတ္တံ-မေတ္တာဘာဝနာပွားများခြင်းကို၊ သာဓဝေါ-နေ့ရောညပါ ပွားများ၍ နေကြပါကုန်လော့။

ကျေးဇူးရှင် ရွှေပေါက်ကျွန်းဆရာတော်ကြီး၏ ဩဝါဒကိုလည်း မှတ်သားသင့်တယ်။ အရိယာလမ်းသို့ တက်လှမ်းရန် ကြိုးစားပမ်းစားအားထုတ်နေသည့် ဝေနေယျတစ်ဦးအဖို့ သူတော်ကောင်းတို့၏ လမ်းစဉ်ဖြစ်သော မေတ္တာဘာဝနာကို မမေ့မလျော့ နေ့စဉ်ပွားများရန် လိုအပ်ကြောင်း၊ အထူးသဖြင့် မေတ္တာသုတ်ပရိတ်တော်ကို အဖန်ဖန်ပွားများနေသူသည် အကျိုး(၁၁)ပါးကို မုချအမှန်ရမည်ဖြစ်ကြောင်း ဘကြီးဖြိုးက ထပ်လောင်းပြောဆိုပါသည်။

'ဘကြီးဖြိုး အခုလို တပ်လှန့်အသိပေးလိုက်တာကြောင့် ကျွန်တော်လည်း မေတ္တာသုတ်မရွတ်ခင်မှာ ဖြည့်ဆည်းရမယ့် ကျင့်ဝတ်(၁၅)ပါးနှင့် ပြည့်စုံအောင် အပတ်တကုတ်ကြိုးစားအားထုတ်ပါ့မယ်ဟု ကတိပေးခဲ့ပါတယ်'

◆◆◆

အိမ်နောက်ဖေးတွင် အလုပ်ရှုပ်နေသော ကြီးမေ၏



www.burmeseclassic

www.burmeseclassic.com

ယောက် ဘကြီးဖြိုးနှင့် ကိုခန့်ကြည့်တို့အတွက် ညနေစာ စားရန် လာပြောသည်။

"ကဲ .. မောင်ခန့်ကြည်၊ ရေချိုးပြီး မင်းဘကြီးနဲ့ ထမင်းစားသွားပါ။ ထမင်းစားပြီးရင်တော့ မင်းဘကြီးဖြိုးနဲ့ မင်းတို့ရဲ့ ရွှေဘုရား မျိုးဘုရား ဝေဠုဝန်ငါးထပ်ကြီးဘုရားကို ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပြီးမှပြန်ပါ"

ဘကြီးဖြိုးနှင့် ကြီးမေတို့အိမ်သည် စစ်ကိုင်းမြို့ အနောက်ဘက် လင်းဇင်းရပ်တွင်ရှိပြီး ပင်းတလဲမင်း တည်ထားကိုးကွယ်သော ဝေဠုဝန်ငါးထပ်ကြီးဘုရားသည် နေအိမ်မှ အနောက်ယွန်းယွန်း တစ်ခေါ်လောက်သာဝေးသည့် နေရာတွင် တည်ရှိပါသည်။

ဘကြီးဖြိုးနှင့် ကိုခန့်ကြည်တို့ ဘုရားသို့သွားရန် နေအိမ်မှအထွက်တွင် ဝေဠုဝန်ငါးထပ်ကြီးဘုရားတန်ဆောင်းမှ မင်းကွန်းဆရာတော်ဘုရားကြီး၏ မေတ္တာသုတ်လာ မေတ္တာပွားနည်း(၁၁)နည်းကို အသံချဲ့ဖြင့် ဖွင့်ထားရာ ဝန်းကျင်အနှံ့ ပျံ့နှံ့နေပါသည်။ ဆရာတော်ကြီး၏ မေတ္တာပွားနည်း(၁၁)နည်းကို ဗုဒ္ဓဘာသာအများစုမှာ သိရှိကြားနာကြပြီး ဖြစ်ပါသည်။ ရွတ်ဆိုပူဇော်နေကြသည်များလည်း ရှိပါသည်။ မသိရှိသေးသည့် ဓမ္မမိတ်ဆွေများ သိရှိနိုင်ပါရန် မေတ္တာဖြင့် မျှဝေပေးလိုက်ပါသည်။

**မေတ္တာသုတ်လာ မေတ္တာပွားနည်း(၁၁)နည်း**

(၁) လုံးစုံများစွာသတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

(၂) ကြောက်တတ် မကြောက်တတ် နှစ်ရပ်များစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

၃။ မြင်အပ် မမြင်အပ် နှစ်ရပ်များစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

၄။ ဝေးနေနီးနေ နှစ်ထွေများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

၅။ ဘဝဇာတ်ဆုံး မဆုံးများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

၆။ ရှည်တိုအလတ် သုံးရပ်ခန္ဓာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

၇။ ကြီးငယ်အလတ် သုံးရပ်ခန္ဓာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

၈။ ဆူကြုံအလတ် သုံးရပ်ခန္ဓာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

၉။ လူအချင်းချင်း လှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ။
၁၀။ အထင်သေးခြင်း အချင်းချင်း ကင်းရှင်းကြပါစေ။
၁၁။ ဆင်းရဲလိုခြင်း အချင်းချင်း ကင်းရှင်းကြပါစေ။

◆ ◆ ◆

ကိုခန့်ကြည်သည် ဝေဠုဝန်ငါးထပ်ကြီးဘုရားကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးတို့ဖြင့် ပူဇော်ရှိခိုးပြီးနောက် ဘကြီးဖြိုးအား မေတ္တာသုတ်နှင့် စပ်လျဉ်း၍ ပြောပြချက်များအပေါ် အထူးကျေးဇူးတင်ပါကြောင်း နှုတ်ဆက်စကားပြောပြီး နေအိမ်သို့ အပြန်လမ်းတစ်လျှောက်လုံး-

* ခပ်သိမ်းသော သတ္တဝါအပေါင်းတို့သည် အတွင်းရန်၊ အပြင်ရန် မရှိကြကုန်သည် ဖြစ်ကြပါစေသတည်း။

* ခပ်သိမ်းသော သတ္တဝါအပေါင်းတို့သည် ဘေးရန်အသွယ်သွယ် အန္တရာယ်အဝဝ ကင်းစင်ကုန်ကြပါစေသတည်း။

* ခပ်သိမ်းသော သတ္တဝါအပေါင်းတို့သည် စိုးရိမ်ကြောင့်ကြ သောကအမျိုးမျိုးတို့မှ မငြိမတွယ် မထိခိုက်ကြကုန်သည် ဖြစ်ကြပါသတည်း။

ကိုခန့်ကြည်သည် ကျေးဇူးရှင် ရွှေပေါက်ကျွန်းဆရာတော်ကြီး ချီးမြှင့်သော မေတ္တာပို့ကို နေအိမ်ရောက်သည့်တိုင် အကြိမ်ကြိမ်ရွတ်ဆို၍ ပြန်လာခဲ့ပါတော့သတည်း။

သတ္တဝါတို့အပေါ်၌ ချစ်ခင်သောအားဖြင့် ကောင်းကျိုးလိုလားမှု ပြုနိုင်ကြပါစေ။

**မောင်ကောင်းထက်(ကျောက်တံတား)**

**စာကိုး**

* မဟာဂန္ဓာရုံဆရာတော်ကြီး၏ ရတနာ့ဂုဏ်ရည်ကျမ်းစာ။
* ရွှေပေါက်ကျွန်းဆရာတော်ကြီး၏ ဗုဒ္ဓဝန္ဒနာနှင့် မေတ္တာပို့။



www.burmeseclassic


www.burmeseclassic.com

# ဒုက္ခပေးသည့်ငါးကလေး

ဝိုဝိုမော်(ဆည်မြောင်း)

ကျွန်တော် သထုံမြို့၊ ဝါးပါးဆည်သို့ ပြောင်းလာစ (၂၀၀၁)ခုနှစ်အချိန်က အဖြစ်အပျက်ဖြစ်ပါသည်။ ယခုအခါ ရန်ကုန်မြို့၌ ငွေသောင်ယံ ရွှေငါးအလှရောင်းဝယ်ရေးဆိုင် ဖွင့်လှစ်ရောင်းချနေသော သားဖြစ်သူ ဝါသနာကြီးမှုကြောင့် အိမ်၏ မြောက်ဘက်တွင် ရွှေငါးများ မွေးမြူရန်အတွက် အုတ်ရေကန်အကြီး,အသေး စုစုပေါင်း(၁၅)ကန်ခန့် ပြုလုပ်ထားရှိပါသည်။ သားဖြစ်သူက ရွှေငါးများ မွေးမြူ၍ (၂)လတစ်ခါ ရန်ကုန်မြို့သို့ သွားရောက်ရောင်းချပါသည်။

ရန်ကုန်မြို့သို့ ရွှေငါးများပို့သည့် (၃)ကြိမ်မြောက် အခေါက်တွင် သားဖြစ်သူအား ရန်ကုန်မှ ရွှေငါးကုန်သည်က အလှမွေးငါး တစ်မျိုးကိုပြ၍






www.burmeseclassic

www.burmeseclassic.com

ဤငါးမျိုးရှိပါက ဝယ်ယူလိုကြောင်း ပြောပါသည်။ ၎င်း ပြသောငါးအား ကျွန်တော့်သားက သေချာကြည့်ရှုရာ မြင်ဖူးသလိုလို ရှိသည်နှင့် နောက်တစ်ခေါက်တွင် နမူနာ (၁၀)ကောင်ထက်မနည်း ယူလာမည်ဖြစ်ကြောင်းနှင့် ဈေး တည့်ပါက မည်သည့်ဈေးပေးမည်၊ အကောင်ရေ မည်မျှ ယူမည်ကို မေးမြန်းကြည့်ရာ ၎င်းကုန်သည်က သူသည် စင်ကာပူမှ ငါးကုန်သည်၏ ဌာနေကိုယ်စားလှယ်ဖြစ် ကြောင်းနှင့် ဤငါးမျိုး သေချာလျှင် တစ်ကောင်ကို (၃၀) ကျပ်ပေးမည်။ နောက်ပြီး ရသလောက် ယူပါမည်ဟု ပြောပါသည်။

သထုံသို့ ပြန်ရောက်သော် သားက ကျွန်တော့်အား ကုန်သည်ပြသော ငါးကလေးများသည် အဖေတို့ ဝါးပါး ဆည်၏ မြောင်းထဲမှ ငါးကလေးများနှင့် အလွန်တူ ကြောင်း၊ သူ့အထင် သထုံတွင် အိုးကပ်ချက်စားသော ငါးများဖြစ်နိုင်ကြောင်း ပြောပြသောအခါ ကျွန်တော်လည်း အလွန်အံ့သြသွားပြီး သေချာကြည့်ရှုရန်အတွက် ၎င်း ငါးကလေးများအား အဖမ်းခိုင်းလိုက်ပါသည်။

ဖမ်းလာသော ငါးကလေးများကို ကျွန်တော် သေချာ ကြည့်ပါသည်။ ငါးကလေးများ၏ အရွယ်မှာ အလျား နှစ်လက်မ၊ နှစ်လက်မခွဲရှိပြီး ဖြက်မှာ သုံးမတ်လက်မ ခန့်သာ ရှိပါသည်။ အထက်အညာဒေသမှ ရင်ဘောင်ဇာ ငါးပုံသဏ္ဌာန် ဖြစ်ပါသည်။ သို့သော် ရင်ဘောင်ဇာငါး ကဲ့သို့ ဖြက်မသေးပါ။ သူ့ထက် ဖြက်အနည်းငယ် ကြီး ပါသည်။ ၎င်းငါး၏ခါးတွင် အနက်လိုင်းစင်းကလေးများ ပါရှိပြီး ၎င်းအနက်စင်းများပေါ်တွင် လိမ္မော်ရောင်အကွက် ကလေးများ ပါရှိသဖြင့် မှန်ကန်ထဲတွင် ထည့်ကြည့်ပါက အလွန်လှပသည်ကို တွေ့ရပါသည်။ ကျွန်တော်ရောက်ဖူး သည့် အခြားဒေသများတွင် ဤငါးမျိုးကို မတွေ့ဖူးပါ။ ၎င်းငါးကို အပေါ်စီးမှကြည့်လျှင် လုံးဝမလှပါ။ မှန်ကန် ထဲထည့်၍ ဘေးတိုက်ကြည့်မှသာ လှပသည်ကို တွေ့ရှိပါ သည်။ ဤဒေသ၌ ပေါများသည့်ငါးကို တစ်ကောင်(၃၀) ကျပ် ပေးမည်ဆို၍ ကျွန်တော် အံ့သြမိပါသည်။ သထုံ မှာက အိုးကပ်ချက်စားလေ့ရှိပြီး တစ်ဆယ်သားလျှင် (၅၀)ကျပ်ခန့်သာ ရှိပါသည်။

နောက်တစ်ခေါက်တွင် ကျွန်တော့်သားသည် ၎င်း ငါး(၁၀)ကောင်ခန့်အား ရန်ကုန်သို့ နမူနာယူသွားပြီး ပြ ကြည့်ရာ စင်ကာပူငါးကိုယ်စားလှယ်က-

'ကျွန်တော်တို့လိုချင်တာ ဒီငါးမျိုးပဲ။ ရသလောက် ယူခဲ့ပါ။ တစ်ကောင်(၃၀)ကျပ် ပေးပါ့မယ်'

ကျွန်တော့်သားက စပ်စု၍ ၎င်းကိုယ်စားလှယ်အား မေးမြန်းကြည့်ရာ-

ဒီငါးတွေကို စင်ကာပူမှာ သူတို့ရဲ့ နည်းပညာတွေနဲ့ Tetravit တက်ထရာဗစ်တို့လို အရောင်စင်ဆေးတွေကျွေး ပြီး မွေးလိုက်တော့ ရှိသမျှအရောင်တွေက နဂိုအရောင် ထက် ပိုတောက်လာပြီး ယခင်ကထက် အများကြီးလှ သွားကြောင်း ရှင်းပြပါသည်။

သားတော်မောင်လည်း သေချာပြီဖြစ်၍ သထုံရောက် ပြီး နောက်တစ်နေ့မှစ၍ လူငယ်ကလေးများကို နေ့တွက် ပေးကာ ဆန်ခါများ၊ ပိုက်များဖြင့် ဝါးပါးရေပေးမြောင်း များထဲမှ ၎င်းငါးကလေးများကို ဖမ်းပြီး ရသမျှငါးများကို အုတ်ရေကန်များထဲ၌ လှောင်ထားပါသည်။

(၄၊ ၅)ရက်စုလိုက်သောအခါ အကောင်(၂၀၀၀)ခန့် ရပါသည်။ နောက်ရက်များတွင် ၎င်းငါးများအား ပလတ် စတစ်အိတ်ကြီးများဖြင့်ထည့်၍ အောက်စီဂျင်ပေးကာ ရန် ကုန်သို့ သွားရောက်ရောင်းချခဲ့ပါသည်။

ဤသို့ဖြင့် ပထမအခေါက်တွင် ငွေ(၆၀၀၀၀)ကျပ် ရခဲ့ပါသည်။ သားဖြစ်သူ ရန်ကုန်မှပြန်လာပြီး ၎င်းငါးများ ရောင်းရငွေကို ကျွန်တော့်အား ပေးအပ်သောအခါ ကျွန် တော် အလွန်အံ့သြရပါသည်။ ရန်ကုန်မြို့သို့ သွားစရိတ်၊ စားစရိတ်နှင့် ငါးဖမ်းစရိတ်များ နုတ်ပါက ငါးသောင်း လောက် မြတ်လိုက်သည်။

ရန်ကုန်မှလူ၏ အပြောအရ ၎င်းငါးမျိုးမှာ ရှားပါး ကြောင်း၊ အခြားနေရာတွင် မတွေ့ရသေးကြောင်း၊ ထို့ ကြောင့် တစ်ကောင်ကို (၃၀)ကျပ်ပေး၍ ကောက်ခြင်းဖြစ် ကြောင်း၊ စင်ကာပူ၌ ဆေးကျွေးပြီး အရောင်ပြောင်းသွား ပါက ဈေးမှာ မြင့်တက်သွားကြောင်းကိုပါ သိရှိရပါ သည်။

နောက်ရက်များတွင် ကျွန်တော်ကိုယ်တိုင် နေ့စား အလုပ်သမားများငှား၍ ၎င်းငါးကလေးများကို ဖမ်းဆီး စုဆောင်းခဲ့ပါသည်။ အကောင်နှစ်ထောင်ခန့်ရလျှင် ရန် ကုန်သို့ သားဖြစ်သူက သွား၍ပို့ပါသည်။

ဤသို့ဖြင့် ကျွန်တော့်မှာ ငါးကလေးများရောင်းရ



www.burmeseclassic

www.burmeseclassic.com

ငွေ နှစ်သိန်း၊ သုံးသိန်းဖိုးခန့် ရနေပြီဖြစ်ပါသည်။ ယခုလည်း သားဖြစ်သူ ရန်ကုန်သို့ ငါးများသွားပို့နေပြီဖြစ်ပြီး နောက်နေ့ နေ့လယ်တွင် ပြန်ရောက်မည်ဖြစ်၍ သား ရန်ကုန်မှ ပြန်အလာကို စောင့်မျှော်နေရင်း ကျွန်တော် ကြည်နူးနေမိသည်။

သားဖြစ်သူ ရန်ကုန်က ပြန်ရောက်မည့်နေ့ နံနက်အစောကြီး မိန်းမဖြစ်သူက အိပ်ရာမှထလာပြီး ကျွန်တော့်အား 'တော်တို့ ငါးကန်ထဲမှာ ငါးကလေးတွေ ကျန်နေသေးတယ်နဲ့တူတယ်' ဟု စကားအဆက်အစပ်မရှိဘဲ ပြောပါသည်။

ကျွန်တော်က 'မကျန်လောက်ပါဘူး။ သား အကုန်ဖမ်းပြီး ရန်ကုန်သယ်သွားတာပဲဥစ္စာ။ ဘာဖြစ်လို့လဲ' ဟု မေးမိသည်။

'ကျုပ် ညက အိပ်မက်,မက်တယ်။ အုတ်ကန်ထဲက ငါးကလေးတွေက သူတို့ရဲ့ နဂါးတိုင်းပြည်မှာ နဂါးဘုရားပွဲတော်ရှိလို့ သူတို့ကို ပြန်လွှတ်ပေးပါလို့ ပြောတယ်' ဟု ပြောပါသည်။

ထိုအခါ ကျွန်တော်က 'သားပြန်ရောက်လာမှ ကန်ထဲ သေချာရှာခိုင်းမယ်' ဟု ပြောလိုက်ပါသည်။

နေ့လယ်ပိုင်း သားပြန်ရောက်သောအခါ အကျိုးအကြောင်းပြောပြ၍ အုတ်ရေကန်ထဲတွင် ငါးကလေးများ ကျန်,မကျန်ကို ရှာခိုင်းသောအခါ အုတ်ရေကန်များထဲရှိ ဗေဒါပင်အမြစ်ကလေးများကြားတွင် ခိုအောင်းနေသော ငါးကလေးခုနစ်ကောင်ကို တွေ့ရပါသည်။ ဇနီးဖြစ်သူက ၎င်းငါးကလေးများကို ဝါးပါးရေပေးမြောင်းထဲသို့ ပြန်လွှတ်ရန်ပြောပါသည်။

သားကလည်း-

'ဟုတ်ကဲ့၊ သား အခု ခရီးပန်းလို့ နားလိုက်ဦးမယ်။ အမောဖြေပြီးမှ ငါးလေးတွေကို ကန်ထဲကဖမ်းပြီး ရေမြောင်းထဲ လွှတ်လိုက်ပါ့မယ်' ဟုပြောကာ ဝါးပါးဆည်ဘက်သို့ ရေချိုးရန် ထွက်သွားပါသည်။

နောက်နေ့မနက်တွင် ဇနီးဖြစ်သူက အိပ်ရာနိုးနိုးခြင်း-

'တော့်သား ငါးကလေးတွေ ပြန်မလွှတ်ရသေးဘူးနဲ့တူတယ်။ ကျုပ်ကို တစ်နေ့ညကလိုပဲ နဂါးဘုရားပွဲတော်အမီ သူတို့ကို ပြန်လွှတ်ပေးဖို့ အိပ်မက်ထပ်ပေးနေတယ်' ဟု ပြောပါသည်။

ကျွန်တော်က သားဖြစ်သူအား မေးကြည့်ရာ ငါးများကို မြောင်းတွင်းသို့ မလွှတ်ရသေးကြောင်း၊ မနေ့က ငါးများ ကျန်,မကျန်စစ်ဆေးခဲ့ပြီး ညနေမှ ဖမ်းပြီးလွှတ်ရန် စီစဉ်ထားသော်လည်း ခရီးပန်းလာ၍ မေ့ပြီး မလွှတ်မိကြောင်း ပြောပြကာ အုတ်ရေကန်များထဲ ကျန်ရှိနေသော ငါးလေးများကို ချက်ချင်းဖမ်းပြီး ဝါးပါးဆည်၏ ရေပေးမြောင်းအတွင်းသို့ လွှတ်ပေးလိုက်ပါသည်။

ထိုနေ့ညတွင် ဇနီးဖြစ်သူ အိပ်မက်,မက်ပြန်သည်။ အိပ်မက်ထဲ၌ သူသည် ရေအနက်တစ်ပေခန့်သာရှိသော ကြည်လင်နေသည့် သဲချောင်းတစ်ခု၏ရေထဲတွင် ရေချိုးရန် ဆင်းသွားပါသည်။ ထိုစဉ် သူ့ရှေ့တွင်ရှိ သဲချောင်းအောက်ခြေ သဲပြင်ထဲမှ ဘုရားကျောင်းဆောင်တစ်ခု တဖြည်းဖြည်းပေါ်လာပါသည်။ ၎င်းဘုရားကျောင်းဆောင်ထဲတွင် နဂါးရုံဘုရားတစ်ဆူကို ဖူးတွေ့ရပါသည်။

ဇနီးဖြစ်သူသည် တအံ့တဩဖြင့် နဂါးရုံဘုရားကို လက်အုပ်ချီဖူးမြော်နေစဉ် မနေ့ညနေက ဝါးပါးမြောင်းထဲ လွှတ်ခဲ့သော ငါးကလေး(၇)ကောင်သည် အုပ်စုလိုက် ၎င်းနဂါးရုံဘုရားကို လက်ယာရစ်ပတ်၍ ကူးခပ်နေကြသည်။ ငါးကလေးများ ဘုရားကျောင်းဆောင်ကို လေးငါးပတ်မျှ ပတ်မိပြီးသောအခါ ဇနီးသည်၏ မျက်စိရှေ့မှောက်မှ နဂါးရုံဘုရားနှင့် ကျောင်းဆောင်ပါ တဖြည်းဖြည်း ပျောက်ကွယ်သွားသည်။

ထိုအိပ်မက် မြင်မက်ပြီးနောက် ဇနီးဖြစ်သူ နိုးလာပြီး ကျွန်တော့်အားနှိုးကာ သူ၏အိပ်မက်အကြောင်း ပြောပြပါသည်။

ဇနီးဖြစ်သူ ပြောပြချက်ပြီးသောအခါ ကျွန်တော်သည် ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်လိုက်ပါသည်။ ထိုဆုံးဖြတ်ချက်မှာ အိပ်မက်(၂)ခါတိတိပေး၍ နဂါးရုံဘုရားပွဲတော်သို့ ဘုရားဖူးသွားရန် ၎င်းတို့အား လွှတ်ခိုင်းခဲ့သော သထုံမြို့ ဝါးပါးဆည်မှ ငါးကလေးများအား နောင်တွင် ဘယ်တော့မှ ဖမ်းဆီးရောင်းချခြင်း မပြုတော့ဟူ၍ ဖြစ်ပါသတည်း။

ကိုကိုလတ်(ဆည်မြောင်း)

(ဖြစ်ရပ်မှန် ဖြစ်ပါသည်။)



www.burmeseclassic

www.burmeseclassic.com

# ကေမ္ဘာ

မှ

## ဖော်စပ်ဖြန့်ချိလျက်ရှိသောဆေးများ



လေနဲ့ပတ်သက်သမျှ
တကဲ့လေဆေးမှ ရသဗျ



အား ! ဦးဘညိန် သား
စတုမဓုကိုစား



သက်ရှည်သူများသုံးစွဲတာက ဦးမောင်ပဲ၊
သက်ရှည်ကျန်းမာ ကေမ္ဘာ ဆေးလုံးပါ



မြင်းခွာဆေးလုံး အစဉ်သုံး
မျက်စိအကြောအတွက် တန်ခိုးထက်



ဖြူကြက်သွန် နဲ့ နှစ်လွှန်များ
ကျန်းမာလိုသူများ အမြဲစား

ကျန်းမာရေးမြန်မာ့ဆေး

# ကေမ္ဘာ

မှ

အစဉ်ပေး



သွေးတိုးလေငန်းကာကွယ်ထား
နနွင်းခါးဆေးလုံး နေ့စဉ်စား



ပျိုမေတို့တွေ
အသားအရေ
ဝါဝင်းဖို့
ကေမ္ဘာ
ဆနွင်းလုံးကို
သုံးကြစို့

## ကေမ္ဘာဆေးတိုက်မှ ထုတ်လုပ်သည်။

✽၁၃၄၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ကုက္ကိုင်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၅၄၉၁၀၆၊ ၅၉၅၂၉
✽၂၈၊ ဗိုလ်ချုပ်ဈေး (မြောက်ဘက်ဘန်း အပေါ်ထပ်)၊ ရန်ကုန်မြို့။ ဖုန်း - ၃၂၅၆၅၉၊ ၂၄၀၉၆၆ (ဆိုင်ခွဲ-၄၁၅)

www.burmeseclassic

www.burmeseclassic.com

ကိုရီးယားနိုင်ငံစက်သစ်ကြီးများဖြင့် အထူးစီမံထုတ်လုပ်လိုက်သော

# ကေဘွာ

ဆေးတိုက်မှ ဆေးအသစ်များ

၁၀/၂၀၁၁/တဆထလဲ/တိုး(၂၅၉)
10 Nov 2011

## ကေမ္ဘာ ပန်းခါးဆေးလုံး

TMR 011961 (0516)

ဆီးချို၊ သွေးချို၊ သွေးတိုး၊
ငှက်ဖျားကြိုတင်ကာကွယ်ဆေး။







## ကေမ္ဘာ တပင်တိုင်မြနန်းဆေးလုံး

TMR 011636 (1215)

အဖုအကျိတ်၊ အနာပေါက်၊ ပြည်တည်နာ၊
မြစ်ပွားနာ၊ အစာအိမ်နာ၊ သားအိမ်အတွင်း
အလုံးအကျိတ် ရောဂါများအတွက် သောက်ဆေး။

## ကေမ္ဘာ ရဲယိုဆေးလုံး

TMR 011510 (1215)

လေထိုး၊ လေအောင့်၊ လေနာ၊ လေးဘက်နာ၊
အကြောအဆစ်ရောင်ရောဂါ သောက်ဆေး၊
ကိုယ်ခံစွမ်းအားတက်၍ နုပျိုလန်းဆန်းစေပါသည်။




ကျန်းမာရေးမြန်မာ့ဆေး **ကေဘွာ** မှ အစဉ်ပေး

## ကေမ္ဘာဆေးတိုက်မှ ထုတ်လုပ်သည်။

✽၀၃၄၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ကုက္ကိုင်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၅၄၉၁၁၆၊ ၀၁-၅၉၅၂၇၇
✽၂၈၊ ဗိုလ်ချုပ်ဈေး (မြောက်ဘက်တန်း အပေါ်ထပ်)၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၇၂၅၆၅၉၊ ၀၁-၂၄၀၉၆၆-လိုင်းခွဲ ၁၁၅

www.burmeseclassic

www.burmeseclassic.com

ထိုင်နေရာမှ ဖျတ်ခနဲအထတွင် ခေါင်းထဲက မိုက်ခနဲ၊ ခါးနေရာမှ ခပ်မျက်မျက်။ ခြေထောက်ထောက်သည့်အခါ ညွတ်ခနဲ နွဲ့ကျသွားသည်။ အခြေအနေ သတိထားသည့်အခါ စိတ်အစဉ်က ထိတ်ခနဲ ခံစားသွားရသည်။ မိမိ၏ အသက်အရွယ်တွင် အချက်ပြလာသည့် သဘောထား။ မိမိအတွက် နေဝင်ချိန်တွင် တိမ်တောက်သည့် အလင်းရောင် မှိန်ပျပျ။

ဤခရီး နီးလာပြီ။ တစ်ယောက်တည်း သွားရမယ့်ခရီး။ ဘယ်အချိန် ဘယ်နေရာ ဘယ်ကိုသွားရမှန်းမသိတဲ့ ခရီးအတွက် အဆင်သင့်ပြီလား။ စဉ်းစားမိလျှင် အားငယ်စရာအတိ။ ကိုယ်မှတစ်ကိုယ်တည်း။ မိသားစုဆိုသည်လည်း မပါ။ သံယောဇဉ်ဆိုသည်လည်း မည်သို့ရှိမည်နည်း။ အလင်းရောင်ထဲမှ အမှောင်ထဲသို့ သွားရမည်လား။ အမှောင်ထုထဲမှတစ်ဆင့် အလင်းထင်ထင်ရှားရှား ပြန်မြင်ရမည်လား။ ကိုယ်က မြင်ရဦးမည်လား၊ ကြားရဦးမည်လား၊ ထိထိ

# တစ်ခါတည်း ခရီးသွားပါရစေ

ရန်ညိုး





www.burmeseclassic

www.burmeseclassic.com

တွေ့တွေ့ သိရှိခြင်းရော ရှိဦးမည်လား။ ဘာဆိုဘာမျှ မသိနိုင်သောအဖြစ်။

အနိစ္စ၊ ဒုက္ခ၊ အနတ္တကို သိရှိဆင်ခြင်နိုင်ဦးမည်လား။ သိရှိဖို့ လိုအပ်သည်လား။

သံသရာရထားဟု တင်စားကြသည်။ သံသရာဆိုသည်မှာ လည်ပတ်ခြင်းနိယာမ။ သံသရာလည်ပတ်သည်ဟု ဆိုကြသည်။ ယခုဘဝ ယခုရောက်ရှိပုံက ဤသို့။ နောက်ဘဝတွင် နောက်ထပ်ရောက်ရှိပုံက ထိုသို့။ ယခုဘဝနှင့် နောက်ဘဝ ဆက်စပ်မှုက မည်သို့ပတ်သက်မည်နည်း။ ယခုဘဝနှင့် နောက်ဘဝ မည်သို့ခွဲခြားမည်နည်း။ ယခုဘဝ၌ သေဆုံးခြင်းက ပြီးစီးမှု။ ဤအမှတ်အသားကို ထားရှိလျှင် Life after Death ကို စဉ်းစားရမည်၊ သေလွန်ခြင်း၏ နောက်ဘဝဟု ဆိုရမည်။

ယခုဘဝ၌ ပြီးဆုံးခြင်း၏နောက် မည်သည်ကိုမျှ စဉ်းစားရမည်မထင်။ ဒါက သဘာဝ။ စဉ်းစား၍မရခြင်းအား ကြိုတင်ကြောင့်ကြ စဉ်းစားခြင်းက နည်းလမ်းမှန်ကန်ပါ့မလား။ တစ်နည်းအားဖြင့် နောင်ဘဝစဉ်ဆက်အကျိုးငှာ မျှော်လင့်နေသည့်သဘော။ လောဘသည် နောင်ဘဝအတွက် သက်ရောက်မျှော်လင့်နေသလိုလို။ ယခုဘဝတွင်လည်း အေးဆေးချမ်းသာ လိုလေသေးမရှိ ပြည့်စုံစေသည်။ ဤချမ်းသာခြင်းကို နောင်ဘဝအထိ ဖြစ်မြောက်လာစေချင်သည်။

ယခုဘဝသည်သာ မတင်းတိမ်၊ နောက်ဘဝအတွက် မျှော်လှမ်းသည်။

သေလွန်ခြင်း၏နောက်တွင် မည်သည့်အရာ ပါလာလေမည်နည်း၊ စဉ်းစားစရာ။ ခြင်းချက်တော့ရှိကြသည်။ ဒါန သို့မဟုတ် ကုသိုလ်သည့်သေခြင်းနှင့်အတူ ပါသွားလေဟန်။ ငရဲမင်းကိုလည်း တင်စားပြန်သည်။ ငရဲမင်းထံ၌ ပုရပိုက်တစ်ခု ရှိသလိုလို။ သေသူ၏နောက်တွင် အကျိုးဆက်မည့်ကိစ္စကို ပုရပိုက်တွင် ရေးသားထားသလိုလို။ တစ်ခါတစ်ရံ မှားယွင်းမှတ်မိသဖြင့် သေသူအား လားရာဌာနသို့ ပြောင်းရွှေ့ပေးသည်ဟု ပုံမှတ်ပြောအပ်သည်။

ဤနေရာတွင် စဉ်းစားရပြန်သည်။ သေသူသည် သေဆုံးပြီးသော်လည်း ငရဲမင်းကြီးထံ အယူခံဝင်ရသလို စစ်ဆေးခံရသလို ဤသို့မှန်ပါက ငရဲမင်းကြီးအထိ သူနာမ်တရားက ရှင်သန်နေပြန်သည်။ ငရဲခံရာတွင် ရုပ်တရားကသာ ခံစားရဦးမည်။ ဤကိစ္စက အကြောက်တရားအတွက် ဒဏ္ဍာရီဖြစ်သည်ဟု ဆိုပါက မဖြစ်သင့်ခြင်းဖြစ်သည်။

လူ့ဘဝတွင် ဒုက္ခသစ္စာ များပြားလှသည်ဟု ဆုံးမကြသည်။ မိခင်ဝမ်း၌ ပဋိသန္ဓေနေရခြင်းကလည်း ဒုက္ခတစ်မျိုး။ မိခင်က မတည့်သည့်အစားအစာကို စားမိပြန်လည်း မိမိတို့ဝမ်းတွင်း၌ မရှောင်နိုင် မဖယ်နိုင် စားမိသောက်မိ ခံစားရသည်ကလည်း ဒုက္ခတစ်ဖုံ။ မိခင်ဝမ်း၌ ချောင်ချောင်ချိချိ နေ၍မရ။ ကွေးကွေးကောက်ကောက် အကြောအခြင် ညောင်းညာချင်စရာ။ မိခင်ဝမ်းမှ ထွက်သည့်အခါလည်း ပြင်းပြင်းထန်ထန် လူ့ပ်လူ့ပ်ရှားရှား အင်အားစိုက်ထုတ်ရသည်ကလည်း ဒုက္ခမည်၏။ မိခင်လည်း ပင်ပင်ပန်းပန်း၊ မိမိလည်း ရုန်းရုန်းကန်ကန်။ မိခင်လည်း ချွေးသံရွှဲရွှဲ၊ မိမိလည်း အကျိအချွဲများကြောင့် ချွေးတပြိုက်ပြိုက်ကျသည်က ပျောက်ကွယ်သွား ◌ာန်။

လူ့ဘဝမှ ပြန်ထွက်ရလျှင်လည်း ရင်ဆိုင်ရသည့်ကတိုက်ပွဲသဏ္ဍာန်။ ရောဂါဝေဒနာကြောင့်လည်း လူ့ဘဝမှ စွန့်လွှတ်ရမည်။ ထိမိခိုက်မိ ကျိုးကျိုးပဲ့ပဲ့ ဒဏ်ရာကြောင့်လည်း သေလွန်ခြင်းက အန္တိမအဆုံးသတ်ကြရမည်။ မည်သို့ပင်ဖြစ်စေ သက်သောင့်သက်သာ မရှိလှ။ တွန်းလှန်တိုက်ခိုက်နေရသည့် စစ်ဆင်ရေး။ ကိုယ်က လက်ဦးလျှင် ပြန်ရှင်သန်နိုင်သလို မိမိနောက်ကျလျှင် အရှုံးပေးရမည်။ လက်ဦးမှု၊ နောက်ကျမှု အသီးသီးတွင်လည်း အတိုက်အခိုက် အပြည့်အနှက်။

လူက သေမင်းနှင့် စစ်ခင်းနေရသည်။ သေမင်းနိုင်ရင် ကိုယ့်အသက်ကို ပေးအပ်ရသည်။ တစ်ခုတော့ရှိသည်။ သေလွန်ပြီးသည့်ထက်ပို၍ ကိုယ်က အရှုံးပေးရသည်မရှိ။ အသက်ပေးအပ်ပြီးပါက သေမင်းက ဆက်လက်အနိုင်မရရှိ။ အဆုံးစွန် အသက်ပေးအပ်ပြီးပါက ကိုယ်က ပြန်လည်အနိုင်ယူလိုက်ရသလို ကိုယ့်ဘက်မှာ ဘာမှမရှိတော့သည့်အခါ စွန့်လွှတ်စရာ လုံးဝမရှိသဖြင့် သေမင်းက လက်လျှော့ရမည်။ မိမိက အနိုင်ရသူ။ သေမင်းနှင့် ခင်းသည့်စစ်ကို ကိုယ်က အောင်နိုင်သူ။

မသေလွန်သေးသူတို့က ဤမျှပြင်းထန်သည့် စစ်ပွဲအတွက် ဆက်လက်ပြင်ဆင်နေကြရဦးမည်။ ထပ်မံတိုက်ပွဲဝင်ကြရဦးမည်။ သူတို့ သေမင်းကို ကြောက်လန့်ကြဦး



www.burmeseclassic

www.burmeseclassic.com

မည်။ ကိုယ့်အတွက်မူ သေမင်းကို ကြောက်စရာမလို။ ရှင်သန်သေးသူတို့နှင့်ယှဉ်လျှင် မိမိက ကျော်လွန်သွားသည့်အတွက် ဂုဏ်ယူဖွယ်။ ထို့ကြောင့် သေလွန်သူ တိုက်ပွဲကျဆုံးသူအား တာဝန်မကျေပွန်သူများက လေးလေးစားစား ရိုရိုသေသေ နဖူးတွင် လက်တင်၍ အလေးပြုကြရသည်မှာ ထုံးစံ။

◆ ◆ ◆

ကျွန်တော်လည်း အလေးပြုခံချင်ပါသည်။ လူတကာမဆုံမကြုံကြိုက်ရသေးသော အတွေ့အကြုံသစ် သို့မဟုတ်ပါက စွန့်စားတိုက်ခိုက်သော တိုက်ပွဲကို ကျော်လွှန်အောင်နိုင်သူ ဖြစ်လိုပါ၏။

မျိုးရိုးကိုလိုက်၍ ပြောဆိုခံယူရပါမည်။ အဘိုးနှင့်အဘွားကို မီလိုက်ပါသည်။ အဘိုးသည် အသက်(၆၀)နှစ်တွင်လည်းကောင်း၊ အဘွားသည် အသက်(၇၃)နှစ်တွင်လည်းကောင်း ကွယ်လွန်ခဲ့သည်။ အဖေက အသက်(၇၃)နှစ်နှင့် အမေက အသက်(၇၃)နှစ်တွင် အနိစ္စရောက်ခဲ့သည်။ အသက်(၇၃)နှစ်အရွယ်ချင်းက တိုက်တိုက်ဆိုင်ဆိုင် ယခု ကျွန်တော်၏ အသက်သည်လည်း (၇၃)နှစ်။

သေမည်ဆိုလျှင် သေလောက်သည့်အရွယ်။ သည်အနေအထားကို လက်ခံနိုင်ထားသဖြင့် သေလွန်ခြင်းကို ရိုးသားစွာ လက်ခံထားသည်။ ထူးထူးခြားခြား တုန်တုန်လှုပ်လှုပ် မခံစား။ သေခြင်းတရား၏ သတိပေးခေါင်းလောင်းသံက အသက်ခြောက်ဆယ်ကတည်းက မြည်ဟည်းလာသည်။ လူလောကတွင် အပိုလူဖြစ်ကြောင်း အလမ်း Alarm ပေးလာသည်။ Alert ပြုသည်ဟု မဆိုလို။ Alert က နိုးကြားထကြွစေခြင်း ရည်ရွယ်သည်။ Alarm ကမူ ထိတ်လန့်တုန်လှုပ်၍ အန္တရာယ်ကို သတိပေးခြင်း ရည်မှန်းချက်။ Alert နှင့် Alarm ကို ယှဉ်တွဲလျက် သတိဆော်ဖို့ လိုလာသည်။

မသေသေးလျှင်လည်း နေလောက်သည့်အရွယ်။

သည်အရွယ်တွင် မိမိက ပတ်ဝန်းကျင်တွင် အရေးပါအရာရောက်ပါ့မလား။ ယခင်က မိမိက မပါလျှင်မပြီး၊ မတီးလျှင် မမြည်။ မိမိအား တိုင်ပင်အရာသွင်းခဲ့ကြသည်က သာယာဖွယ်။ ယနေ့ မိမိက ဤသို့ဖြစ်ပါမည်လားဆင်ခြင်စရာ။ အတွေးအမြင်ချင်းက ကွာခြားလာသည်။ ခေတ်အဆက်ဆက်က ပြောင်းလဲလာသည်။ မိမိ၏အတွေ့အကြုံများက ယခင်ခေတ်ကာလနှင့် ပတ်သက်သည်။ ယခုခေတ်တွင် ကိုယ့်အနေအထားက အစိမ်းသက်သက်။

ကိုယ်စိုးရိမ်သည့်အဖြစ်က ရယ်စရာလိုလို။ နောင်းခေတ်လူငယ်များက သရော်ဖွယ်။ စိုးရိမ်လွန်ပြန်သည်ဟုထင်လာကြသည်။ တစ်ခါတစ်ရံ ပြက်ရယ်ပြုခံရသည်။ ဟိုခေတ်မှာ ပြောပါဟူသော ပြက်လုံး။ မိမိအတွက် မည်သို့မျှ အထင်မကြီးကြ။ အသက်အရွယ်အရ ရရှိခဲ့သော အတွေ့အကြုံသည် ယခုကာလအတွက် အကျိုးမဖြစ်ခဲ့သည်သာမက အနှောင့်အယှက်ပင် ဖြစ်လာရလျှင် စိတ်မကောင်း။

လူကြီးက လူကြီးလိုနေရန် ပြောလာကြလျှင် သင်မည်သို့စဉ်းစားမည်နည်း။ အဖော်စပ်၍ တိုင်ပင်ဆွေးနွေးချင်သည်။ လူကြီးက နေရာတကာ ဝင်ဖြည့်သည်ကို အကျိုးမထင်။ သည်လမ်းသို့ မသွားသင့်ဟု ပြောလာလျှင် လူငယ်များက ဆရာလုပ်သည် ထင်ကြသည်။ စိုးရိမ်တတ်ရန်ကိုး အပြစ်တင်ကြသည်။ ယခုပြောသည့် အန္တရာယ်သည် ယခုကာလတွင် ဘာမျှမဖြစ်သော်လည်း နောင်တစ်ချိန်ချိန်၌ သည်လမ်းသို့ သွားမိသည့် ဒဏ်ရာဒဏ်ချက်က ထိမိခိုက်မိရသည်ကို ကြိုကြိုတင်တင် လူငယ်များကမတွေး။ ချက်ချင်းမဖြစ်သေးသည်က အန္တရာယ်မပေါ်ဟု သတ်မှတ်ကြသည်။ သက်သေထားကြသည်။ ကိုယ်သာ အရှုံးဖြစ်တော့ပါတကား။

လူကြီးက မည်သို့နေရမည်နည်း။ တရားမှတ်ပေါ့ဟု လွယ်လွယ်ပြောကြသည်။ တရားကို မည်သို့မှတ်ရမည်နည်း။ စားချိန်စား၊ အနားယူချိန်တွင် အနားယူ၊ အိပ်ချိန်အိပ်၊ အချိန်တိတိကျကျသတ်မှတ်၍ အာနာပါနရှုမှတ်။ သည်လိုတရားမှတ်ရမည်ဟု ဆရာလုပ်ကြသေးသည်။ နှာသီးဖျားမှ အသက်ရှူသည့်လေက ထိခတ်ပုံကိုမှတ်။ စိတ်ကို ဘယ်မှရောက်မသွားစေနှင့်။ လွင့်သွားသည့်စိတ်ကို ပြန်လည်စုစည်း။ စိတ်၊ စေတသိက်၊ ဥပေက္ခာ စသည်ဖြင့် အဆင့်တက်ပြနေပုံက တရားပြ ဆရာကြီးနှယ်။

◆ ◆ ◆

ကားအက်ဆီးဒင့်ဖြစ်စဉ် ခြေဖခုံးရိုး ပြုတ်ကျသည်။ ခြေခုံတွင် အရိုးများက အုတ်များစီထားသလိုပုံစံမျိုး။ အုံ အုတ်ဆက်က ပြုတ်ကျပြီး နောက်အခြားအရံအုတ်[illegible] တွင် ပြန်ဆက်နေသည်။ ထိုအတွင်းဒဏ်ရာ[illegible]တ်မှန်



www.burmeseclassic

www.burmeseclassic.com

ရိုက်မှ သိရသည်။ အထူးကုဆရာဝန်က ပြုတ်ကျသော အရိုးဆက်နှင့် ဆက်စပ်နေသော အရိုးကို ပြန်ဖြတ်ပယ်ထုတ်မှရမည်ဟု သုံးသပ်သည်။ သဘောတူညီမှုကြောင့် ဆေးရုံတွင် အော်ပရေးရှင်းလုပ်ရသည်။ မေ့ဆေးမသုံးဘဲ ခြေထောက်ထုံဆေးသုံးသည်။ ခြေဖဝါးကို တစ်လက်မခန့် ဓားနှင့်ခွဲ ဆက်နေသော အရိုးဆက်က နိုင်မြဲနေသဖြင့် လွှဖြင့်ဖြတ်၊ ဒဏ်ရာကိုပြန်ချုပ်၊ ပတ်တီးထူထူပြန်စီးထား၊ ပုံစံကိုက ဗိမ္ဗိသာရမင်းကြီး ခြေဖဝါးခွဲစိတ်သည့်နည်း။ ဆားဖြူးရန်သာ ကျန်တော့သည်။

ခွဲစိတ်စဉ် ထုံဆေးကြောင့် မနာမကျင်။ စိတ်ကမူ သိရှိနေသည်။ သို့သော် ထုံဆေးပြန်ပြယ်သည့်အခါ အလွန်ခံရခက်သည်။ ထုံဆေးပြယ်သည်က ရေကန်ရေအေးထဲမှ အပေါ်ပြန်တက်လာသော ခံစားချက်နှင့်တူနေသည်။ အေးနေရာမှ ပြန်ပူသည့်အခါ နာကျင်မှုပေါ်လာသည်ဟု ထင်သည်။ နာကျင်မှုကို ခံစားရပုံမှာ အသေးစိတ်လှသည်။ ခြေခုံပေါ်တွင် မီးခဲကလေးများ ခွေချသလို။ မီးခဲကလေးက ပူပူလောင်လောင်။ မီးခဲကလေးက အသားပေါ်တွင် လိမ့်ကျလာသလို အပူကလည်း မီးခဲကလေးနှင့် အတူ လိုက်ပါလိမ့်ကျ ပူလောင်နေသည့် ပုံစံမျိုး။

ဤဝေဒနာကြောင့် အော်ဟစ်နေရသောအဖြစ်။ ဆရာဝန်က ပေါင်သို့ ဆေးတစ်လုံး ထိုးပေးသည်။ အနာသက်သာသည့်ဆေးဟု သိရသည်။ သို့သော် ပူဆဲလောင်ဆဲ။ အနီးအနား လူနာများလည်း ဝိုင်းအုံလာကြသည်။ ခံစားနေရသည့် ဝေဒနာကို စူးစမ်းနေကြသည်။ အားပေးလိုသည့်လည်း ပါဝင်မည်။ အော်နေသော ညည်းသံကြောင့် စိတ်ချမ်းမြေ့ကြမည်မဟုတ်။ ထိုအထဲမှ လူနာတစ်ဦးက စက္ကူကြန်တော့တစ်ခု လာပေးသည်။

တစ်ဖက်အဝကျယ်ကျယ်။ တစ်ဖက်စက္ကူအစုနေရာတွင် အပေါက်ကလေး ဖောက်ထားသည်။ အဝကျယ်ဘက်မှ မျက်စိဖြင့် ကြည့်စေသည်။ အပေါက်ငယ်ကလေးမှ လှမ်းမြင်ရသည့် ခြေဖနှံ။ ခြေခုံတွင် မီးများကျသွားပြီး လိမ့်ကျသော မီးပွားကို အပေါက်ကလေးမှ လိုက်ကြည့်စေသည်။

"မီးခဲလေး တစ်လုံးချင်းစီကို လိုက်ကြည့်၊ မပြတ်အောင် လိုက်ကြည့်ပါ။ ပြန်ပေါ်လာပုံကို မပြတ်ကြည့်ပါ။ ဘယ်နေရာမှာ ဆုံးသွားသလဲ။ ဘယ်နေရာမှာ အပူပျောက်သွားသလဲ လိုက်ကြည့်၊ လိုက်ကြည့်"

စလျှင်စချင်း စိတ်ညစ်အောင် ဖန်တီးသလို။ သို့သော် သူပြောသည့်အတိုင်း လိုက်ကြည့်သည့်အခါ ဝေဒနာသက်သာလာသလိုလို။ အမှန်တကယ် အပူပျောက်သွားသည်လည်းမဟုတ်၊ အမှန် အပူဖြစ်ပေါ်နေသည်လည်းမဟုတ်။ စိတ်၌ထင်မြင်နေသော ဝေဒနာမှန်း သိလာသည်။ အမှန်မဟုတ်သည်ကို တကယ်ပျောက်သွားစေသည့် နည်းတစ်နည်း။

မီးများသည် အစုအပြုံလိုက်ဟု ထင်မြင်သည်ကို မီးစတစ်စချင်း ခွဲစိတ်လေ့လာကြည့်မိတယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသော အနက်ဖြင့် သုံးသပ်မိစေသည့်သဘော။ ဤဖြစ်စဉ်က နှစ်ပေါင်း(၄၀)ကျော်ကြာပြီ။ ဤအတွေ့အကြုံသည် တရားထိုင်ခြင်း၏ အခြေခံကျကျ။ ထိုကတည်းက မိမိက အခက်အခဲကြုံသတိုင်း ဤနည်းနာကို အတုခိုး၍ တရားထိုင်နေကျ။ လူသားများက မိမိအား တင်ပျဉ်ခွေ မျက်စိမှိတ် အာရုံကိုပြုပြီး ငြိမ်ငြိမ်သက်သက် ခံ့ခံ့ညားညား တရားရှုမည်ဟု မည်သူကမှ မထင်ကြ။ တရားပြသူ တစ်ဦးမှမရှိ။ ဘာသာရေးလေ့လာသူဟုပင် ယူဆကြသည်။

◆ ◆ ◆

ရုပ်ရှင်ကြည့်လျှင်လည်း တရားရသည်။ လူနှစ်ယောက် ရန်ဖြစ် ခုတ်သတ်နေလျှင်လည်း တရားသဘောဖြင့် ရှုမှတ်သည်။ မိမိအား ထိမိခိုက်မိမရှိသော ခိုက်ရန်ကို သဘောပေါက်သည်။ ကိုယ်မဟုတ်သဖြင့် ဘေးမှ တရားကို ရှုစ်ရသည်။ ကိုယ်တိုင်ခံစားရလျှင်လည်း မိမိကိုယ်ကို





www.burmeseclassic

www.burmeseclassic.com

မိမိစိတ်က မျက်နှာချင်းဆိုင် ပြန်ထိုင်၍ တရားရှာခွင့်ကို လေ့ကျင့်ခဲ့ရသည်မှာလည်း ကြာလှပြီ။ ကျွန်တော့်အား တရားမှတ်ပါဟု ပြောခြင်း၏ အဓိပ္ပာယ်က မည်သို့နည်း။

မိမိ၏ အသက်အရွယ်အရ စပ်စပ်စုစု မပါဝင်စေလိုခြင်း အနက်လား။ မိမိတစ်ဦးအတွက် တာဝန်ကြီးလေးမည့် သဘောလား။ ကားမောင်းလျှင် မြန်လွန်းသည် လျှော့ပါဟု ပြောမည့်သူက မည်သူနည်း။ သူတို့ အစီအစဉ်အရ လုပ်ရမည့်သဘောကို သူတို့စိတ်ကူးနှင့်သူတို့ ယဉ်ပါးသည်။ လူကြီးတစ်ယောက်အား တင်ပြအစီရင်ခံရသည်ကိုက မခက်သား။

ဆေးလိပ်၊ အရက် အလွန်ကြိုက်တတ်သော လူကြီးတစ်ယောက်။ သူက ဗုဒ္ဓဘာသာဝင်တစ်ဦးမဟုတ်။ သို့သော် သူ့သားသမီးများက ဗုဒ္ဓဘာသာသို့ လွတ်လပ်စွာ ကိုးကွယ်ခွင့်ရသည်။ သူတို့သားအဖချင်း ခံယူချက်၊ ဘာသာအယူဝါဒက မတူ။ လူကြီးတစ်ဦး၏ နှစ်ခြိုက်မှုက သားသမီးအတွက် အော့နှလုံးနာဖွယ်။ နောက်ဆုံးတွင် လူကြီးက စိတ်လျှော့လျက် အေးငြိမ်းသွားတော့သည်။

သေခြင်းတရားကို ကျေကျေနပ်နပ် လက်ခံဖို့လိုသည်။ ဆိုးရွားစွာ မခံစားရဘဲ တည်ငြိမ်အေးချမ်းစွာ သေခြင်းတရားကို ရင်ဆိုင်နိုင်ရမည်။ မိမိအတွက် သေဖို့ နီးစပ်နေသည်ဟူသော စိတ်တုံးတုံးချ ခံယူလိုက်လျှင် ကောင်းလှသည်။ လူ့လောကတွင် နေခွင့်မရှိလျှင် မနေရခြင်းသာ။ အကောင်းဆုံး ပြန်လည်တောင့်တ တမ်းတနေစရာမလို။ သေခြင်းအား ရဲရဲဝံ့ဝံ့ရင်ဆိုင်ဖို့ လိုမည်။

ပါမောက္ခချုပ်ဆရာတော်၏ လောဘ၊ ဒေါသ၊ မောဟ မကောင်းသည့်အတွေး ပေါ်လာလျှင်-

(၁) အာရုံကိုပြောင်းလိုက်ရန်၊
(၂) ကိုယ်တွေးနေသည့်အတွေး၏အပြစ်ကို ဆင်ခြင်ရန်၊
(၃) ဆက်လက်တွေးမနေဘဲ ဖျောက်ပစ်ရန်၊
(၄) အတွေး၏အစကို လိုက်ရှာရန်၊
(၅) စိတ်ကို စိတ်ဖြင့်ဖိနှိပ်ပြီး ရအောင်ဖျောက်ရန်ဟူသော တရားလမ်းညွှန်ကို လိုက်နာရန် စိတ်ဆုံးဖြတ်ထားသည်။

သေခြင်းကိုရင်ဆိုင်ရန် သတ္တိရှိလာသည်ထင်သည်။ သေခြင်းအပေါ် ကြောက်ရွံ့ဖို့ မစဉ်းစား။ ဘုမသိ ဘမသိ သေခြင်းနှင့် တွေ့ဆုံရခြင်းထက် သေရမည်ဟူသော အသိဖြင့် ရဲတင်းစွာ ရင်ဆိုင်ရခြင်းက ပိုမိုကောင်းမွန်မည်မို့၊

သေလွန်ပါရစေဟု ဆုတောင်းခွင့်ပန်အပ်ပါရစေ။ နောင်ဘဝရှိလျှင် နောင်သံသရာဘဝတွင် ဆုံတွေ့ပါရစေဟု နှုတ်ဆက်လိုက်ပါရစေ။ သည်ခရီးစဉ်ကို အသုဘရှုခြင်းဟု ခေါ်ဆိုကြသည်။ အသုဘပို့ခြင်းဟုလည်း ခေါ်ဆိုနိုင်သည်။ အသုဘတစ်ခေါက် ကျောင်းဆယ်ခေါက်ဟူ၍လည်း အမွှမ်းတင်ခံစားကြသည်။ မည်သို့ပင်ဖြစ်စေ မိမိ၏ ခရီးစဉ်သို့ လူစုလူဝေးဖြင့် လိုက်ပါပို့ဆောင်သူတို့သည် မီးစက်အဝင်ဝ (သို့မဟုတ်) မြေကျင်းအပေါက်ဝထိသာ ပြီးဆုံးကြရသည်။ ကျန်ခရီးစဉ်တွင် မိမိသာလျှင် တစ်ဦးတည်း မီးစက်အတွင်း အပူဒဏ်ဖြင့် ကောက်ကောက်ကွေးကွေး၊ မြေကျင်းအတွင်း မြေသားဖိလွန်းသဖြင့် ပိပိပြားပြား။ ဤသို့ခံစားရသည်ကို သေသူ မိမိလည်း မသိ၊ ကျန်သူများလည်း သိရန်မလို။

လိုက်ပို့သူများက လူမှုရေးအရ တာဝန်ကျေအောင် လုပ်ကြရသည်။ ဤနေရာတွင် တစ်မျိုးစဉ်းစားရသည်။ ဤလူမှုရေးအတွက် လူသားတို့ ခါတ်ဆီ၊ စက်သုံးဆီ ကုန်ကြရသည်။ လူ၏ အချိန်အတိုင်းအတာအထိ သုံးစွဲကြရသည်။ ထို့ကြောင့် မိမိ၏ ခရီးစဉ်အတွက် လူစုလူဝေး မလိုအပ်ပါ။ ပရဟိတလုပ်ဆောင်သူများ၏ အစီအစဉ်ကို လိုက်နာဖို့ကောင်းသည်။ စည်ကားရန်မလို။ ခရီးစဉ်စတင်ရန်သာလိုသဖြင့် တစ်ဦးတည်း ခရီးသွားပါရစေဟု တင်ပြလိုသည်မှာ စိတ်ရင်းဆန္ဒမှန်။

ထို့ကြောင့် အဖော်မပါ တစ်ဦးတည်း ခရီးသွားလာခွင့်ပြုကြပါ။

ရန်နိုင်

<u>စာညွှန်း</u>

(၁) ဓမ္မရေချမ်းစဉ်မှ
ဒေါက်တာဖေသက်ထွန်း၏စာစုများ။
(၂) Facebook မှ ကဗျာစု။
(၃) သေခြင်းအကြောင်း
လီယိုတော်စတိုင်း တွေ့ရှိသည့်စာစု။
(၄) လောဘ၊ ဒေါသ၊ မောဟ
မကောင်းသည့်အတွေး ပေါ်လာလျှင်
လိုက်နာရမည့်တရားတော်
(ပါမောက္ခချုပ်ဆရာတော်)။



www.burmeseclassic

www.burmeseclassic.com






www.burmeseclassic

www.burmeseclassic.com

ကိုမောင်သန်းဝင်း


# စိတ်စွမ်းအင်ပိုင်းဆိုင်ရာ ချက္ကရ


ချက္ကရဟူသည် စခန်းဟူ၍ အဓိပ္ပာယ်ရသည်။ စိတ်စွမ်းအင်စခန်းဟူ၍လည်း ခေါ်ဆိုနိုင်လေ၏။ စိတ်စွမ်းအင်စခန်း(ချက္ကရ) (၇)ခုရှိပါသည်။ အောက်ပါအတိုင်း ဖြစ်လေ၏။

## (၁) အမြစ်အခြေစခန်း (Root Chakra)

ချက္ကရ၏အမြစ်အခြေစခန်းဖြစ်သည်။ Root Chaka သည် ကျောရိုး၏ အောက်ခြေဘက်နား မြီးညှောင့်ရိုးတွင် တည်ရှိ၏။ မျိုးဆက်ဆင့်ပွားမှုအင်္ဂါများနှင့် ဆက်သွယ်နေသဖြင့် ဤစခန်းကို ဖန်တီးမှုစခန်းဟု ခေါ်ဆိုနိုင်သည်။

ဤစခန်းသည် အခြားသော အောက်ပိုင်းစခန်းနှစ်ခုနှင့် လက်တွဲ၍ ထထကြွကြွ လုပ်ကိုင်နိုင်သော စွမ်းအင်ကို ပေးနိုင်ပါသည်။ ဤစခန်းကို သင်္သကရိုက်ဘာသာဖြင့် မူလဓာရချက္ကရ(Muladhara Chakra) ဟု ခေါ်သည်။






## (၂) သရက်ရွက်စခန်း (Sacral Chakra)

သရက်ရွက်စခန်း ချက္ကရသည် ခန္ဓာကိုယ်တွင်းမှ သရက်ရွက်ရှိသည့်နေရာ၊ ကျောရိုးတစ်လျှောက် တည်ရှိနေလေ၏။ ထိုအပိုင်းသည် စွမ်းအင်ကို သန့်စင်အောင် လုပ်ပေးသည်။ နိမ့်သောတုန်ခါမှုရှိသည့်စွမ်းအင်ကို မြင့်သော တုန်ခါမှုရှိသည့် စွမ်းအင်အဖြစ် ပြောင်းလဲပေးသော စခန်း ဖြစ်သည်။

အောက်ပိုင်းစခန်း(၃)ခုအနက်မှ အလယ်စခန်း ဖြစ်သည်နှင့်အညီ သူ၏လုပ်ငန်းမှာ အိမ်နီးချင်းစခန်း(၂)ခု၏ လုပ်ငန်းများကိုထိန်း၍ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ဤစခန်းကို သင်္သကရိုက်ဘာသာဖြင့် ဆွာဓိရှိဋ္ဌာနချက္ကရ (Swadhishatana Chakra) ဟု ခေါ်သည်။

## (၃) ဆိုလာပလက်ဆပ်စခန်း (Solar Chakra)

ဤစခန်းသည် ချက်တိုင်အနား ဆိုလာပလက်ဆပ်ဟု ခေါ်သည့် ကွန်ချာပုံ အာရုံကြော၊ အကြောယှက်တစ်ဝိုက်တွင် တည်ရှိသည်။ စိတ္တဗေဒပညာရှင်များက စိတ်ရိုင်းများ ထကြွလွယ်သည့်စခန်းဟု အဆိုရှိသည်။


အမျက်သဘောဆောင်သည့် စိတ်ဓာတ်များ ဖြစ်ကြ



www.burmeseclassic

www.burmeseclassic.com

သော ကြောက်ရွံ့မှု၊ မုန်းတီးမှု၊ ပူပန်မှု၊ တဏှာရာဂ၊ စိတ်ပျက်မှုတို့သည် ဤနေရာမှ ထွက်ပေါ်တတ်၏။ အခြားလူများတွင် ဖြစ်ပေါ်သော အနိမ့်ပိုင်းခံစားမှု စိတ်ဓာတ်များ၏လှိုင်းကို ဖမ်းယူရရှိလွယ်သော စခန်းဖြစ်သည်ဟု ဆိုသည်။ သင်္သကရိုက်ဘာသာဖြင့် မဏိပူရချက္ကရ (Manipura Chakra) ဟု ခေါ်သည်။




## (၄) နှလုံးသားစခန်း: (Heart Chakra)

ခန္ဓာကိုယ်အတွင်းမှ နှလုံးသားနေရာများတွင် တည်ရှိသည်။ ဗဟိုချက်စခန်းဖြစ်သောကြောင့် အထက်တွင်ရှိသော စိတ်ဓာတ်ပိုင်းဆိုင်ရာ စခန်းများနှင့် အောက်တွင်ရှိသော ရုပ်ပိုင်းဆိုင်ရာစခန်းများကို မဲတင်းညှိနှိုင်းပေးသော စခန်း ဖြစ်လေ၏။

အပြုသဘောဆောင်သည့် ခံစားမှုစိတ်ဓာတ်များ ဖြစ်ကြကုန်သော မေတ္တာ၊ ကရုဏာ၊ စိတ်ဖွဲ့လမ်းဝင်စားမှုတို့ကို ရုပ်လောကအလွှာတွင် အသုံးချနိုင်လောက်သည့် စွမ်းအင်များဖြစ်အောင် ပြောင်းလဲဖန်တီးပေးသော စခန်းလည်း ဖြစ်ပေသည်။

အနိမ့်ပိုင်းမှ ရုပ်ပိုင်းဆိုင်ရာတွန်းပို့မှု အပူဓာတ်နှင့် အမြင့်ပိုင်းမှ အသိဉာဏ်ပိုင်းဆိုင်ရာ အအေးဓာတ်တို့ အကြား မေတ္တာသည် ကောင်းမွန်လှသော ချိန်ခွင်လျှာဖြစ်ပေသည်။ သင်္သကရိုက်ဘာသာအားဖြင့် အနာဟတချက္ကရ (Anahata Chakra) ဟု ခေါ်သည်။

## (၅) လည်ချောင်းစခန်း: (Throat Chakra)

ယင်းစခန်းသည် သိုင်းရိုက်ဂလန်းဒေသတွင်ရှိသည်။ အမြင့်ပိုင်းစခန်းသုံးခုအနက် အောက်ဆုံးစခန်းဖြစ်ပြီး သူ၏မူရင်းခွဲဖြစ်သော အမြစ်ခြေစခန်းကဲ့သို့ပင် ဖန်တီးမှုနှင့် ဆက်သွယ်နေ၏။

သို့ရာတွင် သူ၏ဖန်တီးမှုအဆင့်မှာ အဆင့်မြင့်နက်နဲသော သဘောသဘာဝများ ဖြစ်ကြသည့် ပန်းချီ၊ စာပေ၊ ဂီတ၊ သိပ္ပံဟူသည်တို့ ပါဝင်လေ၏။ သင်္သကရိုက်ဘာသာအားဖြင့် ဗိသုဒ္ဓချက္ကရ (Visuddha Chakra) ဟု ခေါ်သည်။

## (၆) မျက်မှောင်စခန်း: (Third Eya Chakra)

ယင်းစခန်းသည် မျက်မှောင်အထက်နားတွင်ရှိသော ပစ်ကျူတ်ထရီဂလန်းဒေသတွင် တည်ရှိသည်။ သူ၏မူရင်းသရက်ရွက်စခန်းကဲ့သို့ပင် သူ၏ အိမ်နီးချင်းစခန်း နှစ်ခုအကြား စွမ်းအင်စီးဆင်းမှုကို သန့်စင်ခြင်း၊ ထိန်းပေးခြင်းများ ဖြစ်စေ၍ ဤစခန်းကို ပညာရှင်ကြီးများက ထွန်းလင်းတောက်ပမှုသို့ ဝင်ပေါက်ဟူ၍ ခေါ်ဆိုကြသည်။ အဘယ်ကြောင့်ဆိုသော် ဤစခန်းသို့ တွန်းတင်ပေးနိုင်သောကြောင့် ဖြစ်ပါ၏။ သင်္သကရိုက်ဘာသာစကားဖြင့် အာဂျညာချက္ကရ (Ajha Chakra) ဟု ခေါ်သည်။

## (၇) ငယ်ထိပ်စခန်း: (Crown Chakra)

ယင်းစခန်းသည် ပိုင်နီယယ်လ်ဘော်ဒီ (ဝါ) ပိုင်နီယယ်လ်ဂလန်းဒေသဖြစ်သော ငယ်ထိပ်အောက်ဘက်နားတွင်တည်ရှိသည်။ ထိုစခန်းကို ဖြတ်၍ စီးဆင်းထွက်ပေါ်လာသော စိတ်ဝိညာဉ်ပိုင်းဆိုင်ရာ စွမ်းအားမှာ မယုံကြည်နိုင်လောက်အောင်ကိုပင် အံ့သြဖွယ်ကောင်းလှပေသည်။

ယင်းအပိုင်းကို သင်္သကရိုက်ဘာသာအားဖြင့် ဆာဟက်(စ်)ရာရာချက္ကရ (Sahasrara Charkra) ဟု ခေါ်သည်။



### ထူးခြားအာရုံ တိုးတက်ကောင်းမွန်စေရန်


ကျွန်ုပ်တို့၏ စိတ်စွမ်းအင်ပိုင်းဆိုင်ရာ လှုပ်ရှားလုပ်ကိုင်မှုကို တိုးမြှင့်တော့မည်ဆိုပါက အရေးကြီးဆုံးသည်ကား ချိန်ခွင်လျှာထိန်းနိုင်မှုပင် ဖြစ်သည်။


ကျွန်ုပ်တို့ ခန္ဓာကိုယ်အစိတ်အပိုင်း



www.burmeseclassic

www.burmeseclassic.com




အားလုံးသည် စုပေါင်း၍ အလုပ်လုပ်နေကြသောအခါ တွင်မှသာ အပြည့်ဝဆုံး အကျိုးကျေးဇူးကို ကျွန်ုပ်တို့ ခံစားနိုင်ရသည် ဖြစ်ပါ၏။

ရုပ်ခန္ဓာ၊ စိတ်ခန္ဓာတို့ ဟန်ချက်ညီညီ လက်တွဲ ဆောင်ရွက်နိုင်မှသာလျှင် လူသားတစ်ယောက်၏ စွမ်းရည် အပြည့်ဝဆုံး ပေါ်ထွက်နိုင်မည်ဟု ဆိုလိုရင်းဖြစ်ပေသည်။ ရုပ်ခန္ဓာမရှိလျှင် ကျွန်ုပ်တို့သည် ဤကမ္ဘာမြေပေါ်တွင် မည်သို့မှ ရပ်တည်နိုင်စွမ်း မရှိနိုင်။

ထို့ကြောင့် ကျွန်ုပ်တို့သည် မနုဿအဖြစ် တစ်ခုလုံး ဖြစ်သော ရုပ်ခန္ဓာ၊ စိတ်ခန္ဓာတို့ကိုညှိ၍ နှစ်ခုစလုံး တိုး တက်စေမည့် အစီအမံကို ဆောင်ရွက်လုပ်ကိုင်ကြရမည် ဖြစ်သည်။

ထို့ကြောင့် စိတ်စွမ်းအင်များ တိုးတက်လာစေဖို့ဆို လျှင် အောက်ပါလေ့ကျင့်ခန်းကို လေ့ကျင့်ကြည့်ရန် လို သည်။ ယင်းသည် စိတ်စွမ်းအင်ဆိုင်ရာ ပထမဆုံးသော လေ့ကျင့်ခန်းဖြစ်ပြီး စိတ်စွမ်းအင်ဆိုင်ရာ လှုပ်ရှားလုပ်ကိုင် မှုကိုခြုံ၍ ဟန်ချက်ညီညီ တိုးမြှင့်စေရန် စီစဉ်ထားသည့် လေ့ကျင့်ခန်းပင်ဖြစ်သည်။

သင့်အား အနှောင့်အယှက်မပေးနိုင်သည့်နေရာတွင် သက်သောင့်သက်သာပင် ထိုင်ခြင်း၊ သို့တည်းမဟုတ် လဲလျောင်းခြင်းကို ပြုလုပ်ပါ။ ကိုယ်ခန္ဓာကိုယ်တစ်ခုလုံး က အကြောအခြင်များကို ဖြေလျှော့ပစ်လိုက်ပါ။ စိတ်ကို လည်း တတ်နိုင်သရွေ့ ငြိမ်သက်အောင် ထားလိုက်ပါ။

ဤသို့ပြုလုပ်ပြီးပြီဆိုပါလျှင် သင်၏အမြစ်ခြေစခန်း ဆီသို့ စိတ်အာရုံကို စုစည်းစူးစိုက်ထားလိုက်ပါ။ သင်၏ အသိတရားအားလုံးသည် ထိုတစ်နေရာတည်းတွင်ပင် စုရုံး ရောက်ရှိနေသလို တွေးတောလိုက်ပါ။

အတွေးအားလုံး၊ ခံစားမှုစိတ်ဓာတ်အားလုံး၊ အာရုံသိ မှုအားလုံး ထိုနေရာတွင် စုပြုံရောက်ရှိနေပါစေ။ လေ့ကျင့် ပေးဖန်များလေသော် သင်၏ကျောရိုးအဆုံးအောက်ခြေနား တွင် ပူနွေးသောလှုပ်ရှားမှုလေးတွေကို သတိပြုမိလာပါ လိမ့်မည်။

ဤသို့သော စိတ်ပိုင်းဆိုင်ရာ တုံ့ပြန်မှုကလေးတွေကို ရပြီဆိုပါက ထိုစခန်းထဲတွင် မီးတောက်မီးလျှံလေးများ သည် ရေဝဲသဏ္ဌာန် ရစ်ဝဲလှည့်လည်ရာက တဖြည်းဖြည်း ပို၍ပို၍ အရှိန်မြန်လာနေကြောင်းကို အာရုံပြုထားပါလေ။ ဤသည် စခန်းကို အားမြှင့်ပေးခြင်းဖြစ်ကြောင်း မှတ်ယူ ရပေလိမ့်မည်။


ထိုအဆင့်ကို ရောက်ပြီးသည့်အခါ ယင်းစွမ်းအင်ကို သင်၏ သရက်ရွက်စခန်းဆီသို့ညွှန်း၍ ပို့ပေးပါ။ ရစ်ဝဲ လည်ပတ်နေသော မီးလျှံကလေးအသွင်ဖြင့် တက်ရောက် လာရမှာဖြစ်သည်။


သင့်ရဲ့ အာရုံသတိပဋ္ဌာနသမျှကို သရက်ရွက်စခန်းဆီသို့ ရွှေ့ပြောင်းပါ။ ထိုစခန်းတွင် မီးလျှံကလေးသည် ပို၍ ပို ၍ လည်ပတ်နေသည်ကို တွေးတောပြီး အာရုံပြုပါ။ ဤ စခန်းကို ဖြတ်သန်းထွက်ပေါ်လာသော တိုးမြှင့်လာသည့် စွမ်းအားစီးဆင်းမှုကို ခံစားကြည့်ပါ။



www.burmeseclassic

www.burmeseclassic.com





ထိုအဆင့်နောက်တွင် ဤစွမ်းအင်ကို ချက်တိုင်အနားဆိုလာပလက်ဆပ်စခန်းဆီသို့ ညွှန်းခေါ်သွားပြီး ယခင်နည်းအတိုင်း ပြုလုပ်ပေးပါ။ မီးလျှံအားကို ကောင်းစေ၍ ရစ်ဝဲလည်ပတ်တက်လာပါစေ။

အဆင့်ဆင့်အားဖြင့် နှလုံးသားစခန်း၊ လည်ချောင်းစခန်း၊ မျက်မှောက်စခန်းများဆီသို့ အချိန်ကာလအလျောက် ရောက်ရှိလာပြီး နောက်ဆုံးတွင် ငယ်ထိပ်စခန်း ရောက်သည်အထိ လေ့ကျင့်ပေးပါ။

လေ့ကျင့်စခန်းကို တတ်နိုင်လျှင် နေ့စဉ်လုပ်ပေးပါ။ နေ့စဉ် မလုပ်နိုင်သည့်တိုင်အောင် တစ်ပတ်လျှင် အနည်းဆုံး သုံးကြိမ်လုပ်ပေးပါလေ။

သင်သည် လေ့ကျင့်ခန်းကို ဆက်လက်၍ ပြုလုပ်သည်နှင့်အမျှ သင့်တစ်ကိုယ်လုံးမှ စိတ်စွမ်းအင်များ စီးဆင်းမှုကို သင်သည် နှိုးဆွပေးလျက်ရှိသည်ကို သဘောပေါက်ပါ။

စိတ်စွမ်းအင်စခန်းများမှတစ်ဆင့် သင့်ဆီရောက်နေသော စွမ်းအင်များမှာ တကယ်တော့ စကြဝဠာမှလာနေခြင်းဖြစ်သည်။ ထို့ကြောင့် အကယ်၍ သင်၏ ခန္ဓာကိုယ်အစိတ်အပိုင်းအချို့က အလုပ်မလုပ်ဘူးဟုဆိုလျှင် ထိုစကြဝဠာမှလာသော စွမ်းအင်များ၏ အကူအညီကို ရယူနိုင်ပါ၏။

စိတ်စွမ်းအင်စခန်းတစ်ခုတွင် အမြင့်ဆုံးတုန်ခါမှုဖြစ်ပေါ်လာပြီဆိုလျှင် ထိုစွမ်းအင်မှ ရောဂါပျောက်စေသည့် ကုသမှုစွမ်းအင်ကို ရောဂါရသော ကိုယ်ခန္ဓာအစိတ်အပိုင်းဆီသို့ ပို့လွှတ်ပြီး ကုသရသည်။

ကုသမှုပြီးစီးသော ကာလတွင်မှ စိတ်စွမ်းအင်ကို နောက်စခန်းတစ်ခုဆီသို့ ဆက်လက်တက်စေရပါမည်။ ဤသို့ သင်၏ခန္ဓာကိုယ်တွင် ကုသလိုသည့် အစိတ်အပိုင်းကို စိတ်စွမ်းအင်၏ တုန်ခါမှု(၇)မျိုး ကွဲပြားသောနှုန်းများဖြင့် ကုသရာရောက်လေရာ ထိုရောဂါသင့် အစိတ်အပိုင်းသည် မုချတိုးတက်ကောင်းမွန်လာမည်သာ ဖြစ်ပေလိမ့်မည်။

ကျန်းမာရေးဟူသည်မှာ ရုပ်ခန္ဓာဆိုင်ရာသက်သက်မဟုတ်ပါ။ စိတ်ပိုင်းဆိုင်ရာ၊ စိတ်အစွမ်းပိုင်းဆိုင်ရာတို့ကလည်း ဟန်ချက်ညီညီ ပူးပေါင်းပါဝင်လာမှ ကျန်းမာရေးကောင်းပါ၏။ ထို့ကြောင့် လေ့ကျင့်မည်ဆိုလျှင် စခန်း(၇)ခုစလုံးဆီသို့ စွမ်းအင်ရောက်ရှိအောင် ဆုံးခန်းတိုင် လေ့ကျင့်သင့်ပါကြောင်း။

**ကိုမောင်သန့်ခင်း**



www.burmeseclassic

www.burmeseclassic.com

ယခုရက်ပိုင်း စာရေးသူထံသို့ ရောက်လာသော ဧည့်သည်ဗေဒင်မေးပရိသတ် အများစုမှာ အမွေမှု၊ လူမှုရေးကိစ္စ များပါသည်။ လူမှုရေးကိစ္စဆိုသည်မှာ အိမ်ထောင်ရေးကိစ္စနှင့်ပတ်သက်၍ အမွေဆက်ခံသော တရားမမှုများဖြစ်ကြပါသည်။ နှစ်ဦးစလုံးမှာ ပြည်ပနိုင်ငံတွင် နေထိုင်ကြသူများဖြစ်ရာ ဥပဒေအကြံပေးနှင့်သာ ကိုယ်စားလှယ်လွှဲ ဆောင်ရွက်ခဲ့ကြရပါသည်။ ကာယကံရှင်ကိုယ်တိုင် အစစ်ခံပြီးပါက ကျန်ကိစ္စကို ဥပဒေအကြံပေးနှင့်သာ ဆက်သွယ်ဆောင်ရွက်ကြရပါသည်။ ပြန်လည်ရရှိမည့် ငွေကြေးအမွေပုံနှင့် ပြည်ပမှ သွားလာရသော စရိတ်စကမှာ မည်မျှလွန်စွာမှ ကြီးမြင့်လှပါသည်။

ထိုအခါ စာရေးသူကပင် ဂမ္ဘီရပညာဖြင့် မှန်ကန်သော ကာယကံရှင်ဘက်မှ ရပ်တည်၍ ဗုဒ္ဓယတြာကို ဆောင်ရွက်ပေးရပါသည်။ အချို့သော ဆောင်ရွက်ရန်ရှိသည့် ကိစ္စများကို စာရေးသူက နက္ခတ်ကောင်းရွေးချယ်ပြီး ပဉ္စသာခါအရ ကောင်းမွန်သော အခါတို့ကို ရွေးချယ်၍ ဆောင်ရွက်ရပါတော့သည်။ ဗေဒင်မေးပရိသတ်ကလည်း စာရေးသူထံသို့ ယုံကြည်စိတ်ချစွာ လာရောက်အပ်နှံဆွေးနွေးသဖြင့် သူတို့၏ယုံကြည်မှုကို ပို၍ဂရုစိုက်ဆောင်ရွက်ရပါသည်။ ယုံကြည်မှု၏ နောက်ကွယ်တွင် ဆောင်ရွက်ရသောကြောင့်ဖြစ်ပါသည်။ ယခုအခါ အိုင်တီခေတ်ဖြစ်သည်နှင့်အားလျော်စွာ Viber, Messenger, G.mail တို့မှတစ်ဆင့် နိုင်ငံခြားမှ ကိစ္စရပ်များကို ဆောင်ရွက်ပေးလေ့ရှိပါသည်။ လိုအပ်သော ဓာတ်ပုံ၊ စာရွက်စာတမ်းများကို Viber မှတစ်ဆင့် လက်ခံဆောင်ရွက်ခဲ့ရပါသည်။ အဓိကမှာ ဂမ္ဘီရယတြာမှာ နှစ်ဖက်ကာယကံရှင်ကို မထိခိုက်စေဘဲ မှန်ကန်သော တရားဖြောင့်မတ်မှုကို ဖြစ်ပေါ်စေသောယတြာ ဖြစ်ပါသည်။

ဆရာတော် အရှင်သံဝရက မြတ်စွာဘုရား၏ ဂုဏ်တော်ကိုးပါးအနက် သုဂတော(၄)ခုမြောက်ကို အသုံးပြုခြင်းသာဖြစ်ပါသည်။ အဓိပ္ပာယ်မှာ နိဗ္ဗာန်သို့ ကောင်းစွာသွားတတ်ခြင်း၊ ကောင်းစွာဟောပြောခြင်း (သုဂတော) ဂုဏ်တော်ဖြစ်ပါသည်။ ထိုသုဂတောဂုဏ်တော်ကို အခြေခံ၍ အောက်ပါဂါထာကို ရွတ်ဖတ်ခြင်း၊ အင်းဆံသွင်းခြင်းတို့ကို ဆောင်ရွက်ရပါသည်။

<u>သုဂတောဂါထာတော်</u>

သုဂတော သုဂတာ ဌာနံ၊

သုဂတော သုန္ဒရံ ပိစ၊



# ကုဏ္ဍသယသုဂတောဂါထာနှင့် အင်းအစီအရင်

ပုရောဟိတ် **ဆရာဦးမြတ်စံ**



www.burmeseclassic

www.burmeseclassic.com

သုဂတော နိဗ္ဗာနံ ယာတိ၊
နိဗ္ဗာနံ သုဂတော ယာတိ။
သုဂတော တေ နမော နမာ။

တစ်နေ့လျှင် (၇)အုပ်ရွတ်ပါ။ မူကွဲဂါထာလည်း ရှိပါသည်။ မိမိလက်တွေ့အသုံးပြုရာတွင် အောင်မြင်သော ဂါထာကို နှစ်သက်ရာ အသုံးပြုနိုင်ပါသည်။

**အနက်အဓိပ္ပာယ်**

သုဂတော-ကောင်းစွာကြွမြန်းခြင်း ရှိတော်မူသော မြတ်စွာဘုရားရှင်သည်၊ သုဂတဋ္ဌာနံ-ကောင်းသောအလား အလာရှိသော သူတော်ကောင်းတရား(၇)ပါး၌ တည်တော်မူပါပေသည်။ သုဂတော-ဣဋ္ဌ ကောင်းခြင်း၊ အနိဋ္ဌ မကောင်းခြင်း စကားကြီးခြောက်ခွန်းတွင် နှစ်ခွန်းသော စကားကိုသာ မိန့်မြွက်ခြွေတော်မူသော မြတ်စွာဘုရားရှင်သည်၊ သုန္ဒရံ ပိစ-သူတော်ကောင်းတို့ စက်ဆုပ်ဖွယ်မှ ကင်းဝေးသော ကာယိန္ဒြေ၊ ပနိန္ဒြေ ရှိတော်မူသော ကောင်း

**သုဂတောဣဋ္ဌာသယအင်း**

| | | | | | |
|---|---|---|---|---|---|
| ၁ | သု | ဂ | ပိ | နံ | ၂ |
| သု | တ | ယ | ဂ | တော | စ |
| ဋ္ဌိ | တော | ဂ | ဂ | ရံ | ဗ္ဗာ |
| ဋ္ဌာ | မော | မ | နိ | သု | သု |
| နာ | တော | ဂ | သု | တေ | န္ဒ |
| ၄ | နံ | န | သု | တော | ၃ |

**မိမိဖြစ်လိုကြောင်းဆန္ဒ ထောင့်(၄)ကွက်တွင် ဖြည့်ပါ။**

| | | | |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| အ | မှု | နိုင် | စေ |
| အ | ကြံ | အောင် | စေ |
| ငွေ | ပြန် | ရ | စေ |

သည့်အင်္ဂါရပ်ရှိခြင်း၊ မြတ်လည်းမြတ်တော်မူပြီး၊ သုဂတော-ကောင်းသောစကားကို ဆိုတော်မူသော မြတ်စွာဘုရားအား၊ နမာ-ဦးညွှတ်ရှိခိုးကော်ရော်လျက်၊ နမော-ရှိခိုးပါ၏ အရှင်တော်မြတ်ဘုရား။

ရွှေပြား၊ ငွေပြား၊ ကြေးပြားတွင် စီရင်ပြီး နှမ်းဆီ (၂)ကျပ်သားကို ဆီမီးခွက်တွင်ထည့်၍ မိမိအဝတ်စကို ကျီးခြေပြု၍ မီးစာလုပ် ဆီမီးပူဇော်ပါ။ မိုင်းကိုင်စက္ကူ တွင်စီရင်ပြီး ဖယောင်းတိုင်တွင်ပတ်၍ မီးပူဇော်ကာ ဆုတောင်းပါ။

အထက်ပါ သုဂတော ဣဋ္ဌာသယအင်း အစီအရင်ကို လပြည့်နေ့များတွင် စီရင်သင့်ပါသည်။ လပြည့်နေ့သည် အမြိတ္တစုတ်ကျသောရက် နန္ဒာ၊ ဇေယျာပုဏ္ဏာ ကျသောရက်၊ အဝင်နက္ခတ်၊ ခါးပတ်နက္ခတ်ကျသောနေ့တွင် စီရင်နိုင်ပါသည်။

၁။ ငှက်ပျောသီး(၅)ဖီး၊ ရခိုင်ငှက်ပျောသီးကိုသာ အသုံးပြုပါ။
၂။ အုန်းသီး ငှက်နင်းရာ လွတ်ပါစေ။ ကြွက်မြီး ကောင်းပါစေ။ အဝါရောင်၊ ရွှေဝါရောင်ကိုသုံးပါ။ အုန်းသီး ရွှေချလျှင်လည်း ရပါသည်။
၃။ အောင်သပြေပန်း။
၄။ ထီးဖြူ ရွှေထီး (၂)လက်ထိုးပါ။
၅။ တံခွန်၊ ကုက္ကား၊ မုလေးပွား၊ သာသနာ့အလံတို့ကို ပွဲတွင်ထိုးပါ။
၆။ ကွမ်း၊ ကွမ်းသီး(ကွမ်းသီးခြမ်းက လိပ်ပြာပုံ)၊ ထုံးတို့ကို ငှက်ပျောတစ်ဖီး တစ်ယာနှုန်း ထည့်ပါ။
၇။ လက်ဖက်ဆီဆမ်း၊ ကွမ်းရွက်တွင်ထည့်၍ ငှက်ပျောတစ်ဖီး တစ်ယာနှုန်း(ငါးယာ) ထည့်လှူပါ။
၈။ သောက်တော်ရေ(၅)ခွက်၊
၉။ နံ့သာတိုင်(ငါးတိုင်)လှူပါ။

စီရင်ပေးသောဆရာသည် ဝတ်ဖြူစင်ကြယ်ဝတ်ခြင်း၊ သက်သတ်လွတ်စားခြင်း၊ ငါးပါးသီလဆောက်တည်ခြင်း ပြုပြီးမှ အထက်ပါ သုဂတော ဣဋ္ဌာသယအင်းအစီအရင်ကို စီရင်ပါ။ ရွှေ၊ ငွေ၊ ကြေးပြားတွင် စီရင်လျှင် တစ်ခုသာ စီရင်ပါ။ မိုင်းကိုင်စက္ကူတွင် စီရင်သောအခါ (၈)ခု စီရင်ပါ။ ဖယောင်းတိုင်တွင်ပတ်၍ အောက်ပါဋ္ဌာနတို့တွင် သုဂတောဂါထာဖြင့် (၁၀၈)ခေါက်သိဒ္ဓိတင်ပါ။

www.burmeseclassic

www.burmeseclassic.com

၁။ တန်ခိုးကြီးဘုရား (ရွှေတိဂုံ၊ ဆူးလေစေတီတော်)၊
၂။ ဗောဓိညောင်ပင်၊
၃။ တောင်ကုန်း (ဂျိုးဖြူတောင်၊ စမတောင် စသည်)၊
၄။ ဘိုးဘိုးကြီးဓာတ်နန်း (ဗိုလ်တထောင်ဘိုးဘိုးကြီး၊ ဆူးလေဘိုးဘိုးကြီး စသည်)၊
၅။ ရဟန္တာသိမ်တော်ကြီး [ရန်ကုန်မြို့တွင် ရဟန္တာသိမ်တော် (၉)ခုရှိ၏။ ဒေဝသာဂရသိမ်တော်ကြီး စသည်]။

အထက်ပါ နေရာ(၅)ခုတွင် စီရင်ထားသော အစီအရင်ကို သိဒ္ဓိတင်ဂါထာ (၁၀၈)ခေါက်စီရွတ်ပါ။ နေမွန်းမတိမ်းပါစေနဲ့။ မိမိတင်သောနေရာတွင် ပန်း၊ ဆီမီး၊ ရေချမ်း၊ နံ့သာတိုင်တို့ ထွန်းညှိပူဇော်ပေးပါ။ ထို့နောက် မိမိဖြစ်လိုကြောင်းဆန္ဒကို ဆုတောင်းပေးပါ။ ထိုသို့ သိဒ္ဓိတင်နေစဉ် သက်သတ်လွတ်အဓိဋ္ဌာန်ပြုပြီးမှ ဆောင်ရွက်ပါ။

တန်ခိုးကြီးဘုရားတွင် အရပ်ရှစ်မျက်နှာ ဂြိုဟ်ရှစ်ခွင်တွင် မိမိမွေးနေ့မှ စတင်ဆောင်ရွက်ပါ။ မွေးနံထောင့်မှ စတင်၍ မီးထွန်းပါ။ ဆီမီးထွန်းလျှင်လည်း ရပါသည်။ မေတ္တာသုတ် ဦးစွာရွတ်ပါ။ ထို့နောက်မှ အင်းဆံဂါထာကို ရွတ်ပါ။ မွေးနံထောင့်တွင် နံ့သာတိုင်(၅)တိုင်၊ သောက်တော်ရေငါးခွက် ဆက်ကပ်ပါ။

ထိုသို့ ဖယောင်းတိုင်(အလင်းတိုင်) ပူဇော်ပြီးပါက မေတ္တာပို့အမျှဝေပါ။ မိမိအမှုကိစ္စကို ကိုင်တွယ်စီရင်သော တရားသူကြီး၊ ဥပဒေအရာရှိ၊ တစ်ဖက်တရားပြိုင်ကအစ မေတ္တာပို့ပေးပါ။ မေတ္တာပို့ပြီးပါက မိမိဖြစ်လိုကြောင်းဆန္ဒကို အမှန်အတိုင်း အောင်မြင်ပါစေဟု ဆုတောင်းပါ။ စာရေးသူထံသို့လာသော ပရိသတ်နှစ်ဦးမှာ တစ်နေရာစီမှဖြစ်ပြီး အကြောင်းအရာ ကွဲပြားပါသည်။ သို့သော် အမှုကိစ္စတွင် အောင်မြင်မှုကို ရရှိခဲ့ပါသည်။

သို့ပါ၍ အထက်ပါကိစ္စများ ပေါ်ပေါက်လာလျှင် အထက်ပါအတိုင်း စီရင်ဆောင်ရွက်လျှင် အောင်မြင်မှုရရှိနိုင်ပါကြောင်း ရေးသားလိုက်ပါသည်။

**မေတ္တာရည်၍**
**ပုရောဟိတ် ဆရာဦးမြတ်စံ**
ဖုန်း - ၀၉ ၅၁ ၇၆၆၄၆

---


# ဆရာကြီးဦးအေးထွန်း

[အကြောပြင်ပညာရှင်]

အကြောပြင်ပညာဆိုတာ ဝေဒနာခံစားနေရတဲ့ အကြောကို အားသုံးဖိနှိပ်ပြီး နာကျင်တဲ့ဝေဒနာအဖြစ် အာရုံပြောင်းကုသရတဲ့ပညာ မဟုတ်သလို မလိုအပ်ဘဲ ဆေးပူတွေလိမ်း၊ ပတ်တီးစည်းပြီး လူနာရဲ့စိတ်ကို လှည့်စားရတဲ့ ပညာလည်း မဟုတ်ပါဘူး။ ဝေဒနာရှင်ရဲ့ ခံစားရတဲ့ အကြောလေးတွေကို **မနာကျင်စေဘဲ အချိန်တိုမိနစ်ပိုင်းအတွင်း** သက်သာအောင် ပြုပြင်ပေးတဲ့ပညာ ဖြစ်ပါတယ်။

**ကျွန်တော် ဒီနည်းတွေကို အသုံးချပြီး-**

- ခါးနာ၊ ဒူးနာ၊ ကျီးပေါင်းတက်၊ လက်ကိုက်၊ လက်ကပ်နဲ့ ထုံနာကျင်နာတွေကို (၁၅)မိနစ်အတွင်း၊
- အခြားအကြောရောဂါတွေကို မိနစ်ပိုင်းအတွင်း၊
- လေဖြတ်စ (၂၄ နာရီအတွင်း) လူနာတွေကို တစ်ပတ်အတွင်းကောင်းအောင် ကူညီနေပါတယ်။
- လေဖြတ်ခံရပြီး ပုံမှန်ခြေ၊လက် မလှုပ်ရှားနိုင်သူများအား အမြန်ဆုံးကောင်းမွန်အောင် ပြုပြင်ပေးသည်။
- ဝေဒနာကို ပျောက်ကင်းနိုင်ခြင်းရှိ/မရှိ၊ ပျောက်ကင်းမည့်အချိန်ကိုပါ တစ်ပါတည်း ခန့်မှန်းပေးပါမည်။

တွေ့ချိန် - နေ့စဉ် နံနက်(၉)နာရီ မှ ညနေ(၅)နာရီအတွင်း

အမှတ်(၅၇)၊ (၄)လမ်း၊ မာလာမြိုင်ရပ်၊ အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
(ပါရမီလမ်းမကြီးနှင့် ကျောချင်းကပ်လမ်း) ဖုန်း - ၀၉ ၇၃ ၂၄၂၄၄၂ ၊ ၀၉ ၂၅၀ ၁၅၄၇၅၈


www.burmeseclassic.com

www.burmeseclassic.com

# နှလုံးသုခ သွေးသန့်အားတိုးဆေး



နှလုံးသုခ(သွေးသန့်)
0601 Y 2128

ဤဆေးသည် နှလုံးတုန်၊ ရင်ခုန်ခြင်း၊ မောပန်း၊ မူးဝေခြင်း၊ နှလုံးစူးအောင့်ခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ အိပ်မပျော်၊ စားမဝင်သူများ၊ စိတ်နှလုံးနောက်သူများ၊ သွေးဆုံးမီးယပ် ရောဂါသည်များ၊ မီးယပ်သွေးဆင်းလွန်သူများနှင့် အထူးသင့်လျော်ပါသည်။

အမျိုးသား၊ အမျိုးသမီးများ အထွေထွေအားနည်းခြင်းအတွက် အားဆေးကောင်းတစ်လက်ဖြစ်သည်။

ကလေးငယ်များအား ရွေးစေ့ခန့် မပြတ်ခွန့်ပေးပါက ကျောက်၊ ဝက်သက် စသောရောဂါများအတွက် ကာကွယ်နိုင်ပါသည်။

လူကြီး – ဆေးတစ်ပဲသားခန့်
တစ်နေ့ (၂)ကြိမ်မှ (၃)ကြိမ် သောက်သုံးသင့်သည်။

**ဖြန့်ချိရေး**
မော်လမြိုင်ဖြန့်ချိရေး - ၆၁၅(A)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့၊ ☎ ၀၅၇-၂၁၈၃၆

# အကြောသုခ ဒဏ်ကြေလိမ်းဆေး



အကြောသုခ(ဒဏ်ကြေလိမ်းဆေးအဆီ)
0203 Y 4340



0203 Y 4340



အကြောသုခ(ဒဏ်ကြေလိမ်းဆေးအရည်)
0502 Y 3750

ဤလိမ်းဆေးသည် အရိုးအဆစ် နာကျင်ကိုက်ခဲခြင်း၊ အဆစ်လွဲခြင်း၊ အကြောတင်၊ အကြောညှပ် အကြောထုံးခြင်း၊ ဖက်ကြောတက်ခြင်း၊ ထုံကျင်ကိုက်ခဲခြင်း၊ ကြွက်သားများ နာကျင်ကိုက်ခဲခြင်း၊ လေငန်းရောဂါတို့ကိုပါ အထူးပျောက်ကင်းစေပါသည်။

**ဖြန့်ချိရေး**
မော်လမြိုင်ဖြန့်ချိရေး - ၆၁၅(A)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့၊ ☎ ၀၅၇-၂၁၈၃၆



www.burmeseclassic

www.burmeseclassic.com

ပုရောဟိတ် ဆရာဦးမြတ်စံ

# ဂဝံမျက်နှာဖုံး အပြုံးမျက်နှာ

နိုင်ငံခြားမှ တဲရှောပညာရှင်တစ်ဦး သုရဿဆန်းဗေဒင် ပညာသင်တန်းတွင် လာရောက်၍ တဲရှောဗေဒင်ပညာများ ကို နှစ်လတစ်ကြိမ်နီးပါး လာရောက်ပို့ချလျှက်ရှိပါသည်။ စာသင်နေရလျှင် အမြဲပျော်နေတတ်သော Professor Tanawat သည် သင်တန်းမှတ်စု၊ သင်ထောက်ကူ အင် ဝိဇ္ဇာစက်ပိုင်း၊ ဂန္ဓာရအဆောင်များကို မေတ္တာဖြင့် ဖြန့်ဝေ ပေးခဲ့ပါသည်။

တစ်နေ့သော် စာရေးသူအား Appointment လုပ်၍ ညစာကို ရှင်စောပုလမ်းရှိ မင်းလမ်း ရခိုင်မြို့စား သောက်ဆိုင်တွင် မိတ်ဆုံစားကြပါသည်။ သူ၏အကျင့်မှာ ထမင်းမစားမီနှင့် ထမင်းစားပြီး တစ်နာရီခန့်ကို ပညာရပ်



များ ဆွေးနွေးလျှက်ရှိပါသည်။ Junction City ရှိ ဂျပန်စား သောက်ဆိုင်၌လည်း အလားတူ Menu ဖြင့် မှာလျှင်သော် လည်းကောင်း၊ Alercart ဖြင့်မှာလျှင်သော်လည်းကောင်း စားပြီးမှုန့် စီမံချက်ပြုတ်နေစဉ်ကာလ ပညာရပ်ဆိုင်ရာများ ကို နာရီဝက်နှင့် တစ်နာရီကြား ဆွေးနွေးလျှက်ရှိပါသည်။ Time is Value ဆိုသည့် စကားမှာ ဆရာတာနာဝပ် အတွက်များ ထားခဲ့လေသလား မသိပါ။ သူ မကြာခဏ ပြောလေ့ရှိသောစကားမှာ စာရေးသူတတ်ထားသောပညာ၊ စာရေးသူအား သင်ပေးခဲ့သော ဆရာကြီးများမှန်သမျှကို မြှင့်လင်းမြင့်သာစွာ ညွှန်ပြခြင်းကို ကျေးဇူးတင်ကြောင်း၊ ဆရာ မှတ်ကြောင်း ပြောပြပါသည်။

စာရေးသူ စုဆောင်းထားသော ရှေးဟောင်းပေမှု၊ ပုရပိုက်မှ ကျမ်းဟောင်းများကို မိတ္တူကူး၍ ပေးတန်ပေး မှုရင်းစာအုပ် အဖိုးရှိပါကလည်း မှုရင်းအတိုင်း ပေးခဲ့ပါ သည်။ အချို့သော ဆရာများက အဆိုးမြင်နှင့် ဝေဖန် သည်လည်း ရှိပါသည်။ နိုင်ငံခြားသားပညာရှင်၏ တပည့် အဖြစ် မြန်မာအမျိုးသား ဗေဒင်ပညာရှင်များက တပည့် ခံသည်မှာ ရှက်စရာဟု ပြောကြပါသည်။ ရှေးအခါက ငါးကို ပါးစပ်ဖြင့် ဖမ်းနည်းကို ဖျံငါးထံမှ သင်ကြားပြီး လှံကိုမြှောက်ကာ ပါးစပ်ဖြင့် ဖမ်းပြသော လူငယ်သည် တိရစ္ဆာန်ထံမှ မြင်ဆရာအဖြစ် သင်ကြားခဲ့ခြင်း ဖြစ်ပါ သည်။ လက္ခဏာပညာ၊ တဲရှောပညာ၊ အီချင်း(Ichin) ကတ်ပညာ၊ ဘုန်းရွှေပညာတို့သည် နိုင်ငံခြားသားပညာ များဖြစ်ရာ နိုင်ငံခြားစာအုပ်များကို ဖတ်မှတ်လေ့လာ အသုံးပြုခဲ့ခြင်းဆိုလျှင် ထိုအဆိုးမြင်ဆရာများ ဝန်ခံရပေ လိမ့်မည်။

တချို့သော ဆရာများကလည်း ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏ စွဲများရှိကြပြီး မိမိကိုယ်ကိုမိမိ ဆရာကြီးများ အစည်းမဲ့ထား သဖြင့် ပညာကို တစ်ပါးသူထံ ဆက်၍ဆည်းပူးရန် ဝန် လေးနေကြပါသည်။ ပညာရှာ ဆရာနတ်စမ်းသတ်နှင့်

www.burmeseclassic

www.burmeseclassic.com

ဟူသောစကားကို မေ့ထားကြဟန်တူပါသည်။ ကျမ်းလျှောက်လျှင် မဆုံး၊ ကျမ်းဖောက်လျှင် တစ်ထုံးကို ဆရာတာနာဝပ်က အင်္ဂလိပ်လို ဘာသာပြန်ဆိုရာ Think Outside The Box မိမိအသိဉာဏ်ကို ဘောင်ခတ်မထားပါနှင့်ဟု ဆိုလိုပါသည်။ ထိုးထွင်းသိမြင်ရန်၊ ဉာဏ်ကစားရန် ပြောလေ့ရှိပါသည်။

ဆရာကြီးအမည်ခံ ဆရာတချို့မှာလည်း ငွေနောက်လိုက်နေခြင်း၊ အချိန်မပေးနိုင်ခြင်း၊ မိမိသိက္ခာကို ထိန်းသောအားဖြင့် တပည့်တပန်းများလွှတ်ကာ သင်ယူစေပြီး တပည့်တပန်းများထံမှတစ်ဆင့် မှတ်စုများ၊ သင်ထောက်ကူပစ္စည်းများကို မိတ္တူပွားလေ့ရှိပါသည်။ အခက်အခဲတစ်ခုမှာ နိုင်ငံခြားမှ တကူးတက အကုန်အကျခံ ပြုလုပ်လာသော အင်ဂျိနီယာစက်ဝိုင်းများမှာ သင်တန်းသားတစ်ဦးလျှင် တစ်ခုသာပေးသဖြင့် မိမိအား စေခိုင်းသော ဆရာအတွက် နည်းမျိုးစုံဖြင့် အပိုကို ရယူကြရပါသည်။ ထိုအခါ တာဝန်ယူဖြန့်ဝေသော ပုဂ္ဂိုလ်နှင့် အချင်းများကြရပြန်ပါသည်။ ဂမ္ဘီရလက်ဆောင်ပစ္စည်းမှာလည်း တန်းတူညီမျှ တစ်ခုချင်း ပေးသော်လည်း အရောင်ဒီဇိုင်း၊ ဆိုဒ်ကွာဟမှုပေါ်မူတည်၍ ဘဝင်မကျဖြစ်ကြရပြန်ပါသည်။ ဆရာတာနာဝပ်သည် ယခုအခါ Projector ဖြင့် သင်ကြားသောစနစ်ကို စတင်မိတ်ဆက်နေပြီ ဖြစ်ပါသည်။ နိုင်ငံခြားမှလာတိုင်း စာရေးသူအား ပေးသော လက်ဆောင်မှာ ပဟေဋ္ဌိလက်ဆောင်ဖြစ်ပါသည်။ ဂဝံမျက်နှာဖုံး အသုံးဝင်ပုံနှင့် စီရင်ပုံကို ဗဟုသုတအဖြစ် ပြောပြရန် ကျိုက်ထီးရိုးဘုရားဖူးခရီးစဉ်တွင် တောင်းဆိုခဲ့ပါသည်။ စာရေးသူလည်း မိမိသင်ထား၊ တတ်ထား၊ မှတ်ထားသမျှကို မစ္စတာ တာနာဝပ်တွင်သာမက စာဖတ်သူအားလုံးကို သိရှိနိုင်ရန် ဗဟုသုတဖြန့်ဝေသောသဘောဖြင့် အောက်ပါအတိုင်း ရေးသားလိုက်ပါသည်။

ဂဝံအကြောင်းမရေးခင်၊ ဂမ္ဘီရပညာသည် နိုင်ငံတိုင်းတွင်ရှိသော နိုင်ငံတကာပညာရပ်ဖြစ်ကြောင်း ပြောလိုပါသည်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကူးလူးဆက်ဆံကြသဖြင့် မလေ့၊ ယဉ်ကျေးမှုစရိုက်၊ ပညာတို့ ကူးယူကြသည်မှာ ဓမ္မတာပင်ဖြစ်ပါသည်။ ယခုလည်း ဆရာတာနာဝပ် ပေးသော လက်စွပ်လက်ဆောင်သည် ဂဝံမျက်နှာဖုံးလက်ဆောင် ဖြစ်ပါသည်။ မြန်မာ့ဂမ္ဘီရပညာတွင် ဂဝံမျက်နှာဖုံးသည် ပီယကဏ္ဍတွင် အတော်လေး ရေပန်းစားခဲ့ပါသည်။ ကောင်းသောနည်းလမ်းဖြင့် အသုံးပြုသလို မကောင်းသော



စာရေးသူအား ထိုင်းနိုင်ငံ သံဃာ့ရာဇာမှ သိမ်းတင်ပြီး ဂဝံလက်စွပ်လက်ဆောင်ပေးခဲ့


www.burmeseclassic


www.burmeseclassic.com

နည်းလမ်းဖြင့် အသုံးပြုခြင်းလည်း ရှိပါသည်။ ချူကလီးယားပညာကဲ့သို့ပင် လူသားတွေအတွက် ဆေးပညာတွင် အသုံးပြုနိုင်သလို ဂျပန်နိုင်ငံ ဟီရိုရှီးမားနှင့် နာဂါစကီးကို ပြာကျစေသော အဖျက်လက်နက်လည်း ဖြစ်ပါသည်။ အသုံးပြုသူ၏ ဆင်ခြင်တုံတရားပေါ်တွင်သာ တည်ပါသည်။

ပထမဦးစွာ မစ္စတာ တာနာဝပ်ပေးသော လက်စွပ်ကို ဥပမာပေးပြောရလျှင် ဂဝံမျက်နှာဖုံးဟု ဆိုရပါမည်။ ဂဝံမျက်နှာဖုံးကို နည်းလမ်းကောင်းဖြင့် စီရင်သော ဆရာများကတော့ မန်ကျည်းသားကျီးပေါင်းကို ဆောင့်ကြောင့်ထိုင် မျက်နှာကို အုပ်ထားသောပုံ ထုကြပါသည်။ အချို့သော ဆရာများကတော့ ပိတောက်သားကျီးပေါင်းကို စီရင်ထုလုပ်ကြပါသည်။ အဓိကမှာ ပီယဘက်တွင် အသုံးပြုရာ၌ နည်းလမ်းမှန်ဖို့ဖြစ်ပါသည်။ စာရေးသူရေးခဲ့သော ဆောင်းပါးတစ်ခုတွင် စနေနေ့တွင် အစိမ်းသေ(ရုတ်တရက်သေ)သော စနေသမီး ဒူးခေါင်းရိုးကို ဂဝံရုပ်ထုကြပါသည်။ မကောင်းသောနည်းလမ်းဖြင့် အသုံးပြုခြင်းဖြစ်၍ စာရေးသူ မကျွမ်းကျင်သောပညာကြောင့် အထူးမတင်ပြတော့ပါ။


ကောင်းသောအစီအရင်ပြုလုပ်ပုံမှာ ပိတောက်ကျီးပေါင်း၊ မန်ကျည်းကျီးပေါင်းတို့ကို စနေ လဆန်းသောနေ့တွင် စီရင်ရပါမည်။ အမြိတ္တစုတ်ကျသောနေ့ ဖြစ်ရပါမည်။ ပြဿဒါးမကျရပါ။ ရက်ယုတ်မာ မဖြစ်စေရပါ။ စီရင်နိုင်သောဆရာနှင့် ပန်းပုထုသောဆရာတို့သည် တန်ခိုးကြီးဘုရားတွင် ငါးပါးသီလ ခံယူရပါသည်။ ထမင်းစားသောက် (သက်သတ်လွတ်)ပြီး နေမွန်းတည့်ချိန်တွင် ကန်တော့ပွဲရှေ့တွင် အသင့်တင်ထားသော စူးဆောက် တန်ဆာပလာများကိုယူ၍ စတင်ထုလုပ်ရပါတော့သည်။

ထိုသို့ စတင်ထုလုပ်ချိန်သည် မွန်းတည့်(၁၂)နာရီမှ ညနေ နွားရိုင်းသွင်းချိန်မတိုင်မီ အပြီးပုံဖော်ရပါသည်။ အချောကိုင်ခြင်းကတော့ နောက်နေ့တွင် ဆက်၍လုပ်ကိုင်နိုင်ပါသည်။ ကန်တော့ပွဲပေးသောအခါ ငှက်ပျောသုံးဖီး၊ အုန်းသီးတစ်လုံး၊ ကွမ်းသုံးယာ၊ အလင်းတိုင်သုံးတိုင်၊ နံ့သာတိုင်သုံးတိုင်နှင့် နံ့သာငါးပါးကို ကန်တော့ပွဲတွင် ထည့်သွင်းပူဇော်ပါ။ နောက်ဆုံး ဂဝံမျက်နှာဖုံးကို အဆုံးသတ် အချောကိုင်ပြီးသောအခါ နံ့သာငါးပါးရေဖြင့် ဆေးကြောရန် ပထမဦးစွာ စိမ်ထားပါ။ ထိုသို့စိမ်ထားစဉ်ကာလအတွင်း သနချေခြင်း၊ သိဒ္ဓိရှိုးခြင်း ပြုရပါသည်။ အသက်သွင်းခြင်းကိုမူ သတ်မှတ်နေရာတွင် စီရင်ရပါသည်။ ထိုသို့မစီရင်မီ မိုင်းကိုင်စက္ကူတွင် အောက်ပါ



ရွှေဟောင်းပေမှ ဂဝံစမပုံ

ဂဝံစမ မူကွဲတစ်ခု






www.burmeseclassic

www.burmeseclassic.com


ကျိုက်ထီးရိုးဘုရားတွင် ရွှေဆိုင်းကပ်လှူပြီး အမှတ်တရ

ဂဝံရုပ်စမကို စီရင်ရပါသည်။ ဖယောင်းတိုင်တွင် ထိုစမရုပ်ကိုပတ်ပါ။ အလင်းတိုင်အဖြစ် အသုံးပြုရန် ဖြစ်ပါသည်။

မိုင်းကိုင်းစက္ကူတွင် စမရုပ်ဆွဲပြီးသောအခါ-

၁။ တန်ခိုးကြီးဘုရားရှေ့တွင် (၃၇)အုပ်ရွတ်ပါ။

၂။ ရေဆိပ်၊ မြစ်ဆိပ်တွင် (၃၇)အုပ်ရွတ်ပါ။

၃။ လမ်း(၄)ခွတွင် (၃၇)အုပ်ရွတ်ပါ။

ရွတ်ရမည့်ဂါထာမှာ-

ဦး··ဣတ္ထိဘောဂံ မဟာလာဘံ

အာဂစ္ဆန္တု အာဂစ္ဆန္တု··ဖြစ်ပါသည်။

အထက်ဖော်ပြပါ (၃)ဌာနတွင် ညောင်ပင်ရှိပါက ညောင်ပင်တွင် အလင်းတိုင်၊ နံ့သာတိုင်၊ သောက်တော်ရေ၊ အောင်သပြေပန်းနှင့် အမွှေးနံ့ပါသောပန်းတို့ကို ကပ်လှူပူဇော်ပါ။

ဦး··တဝရက္ခေ ဓာတံ သဇာတိ နိဒဿနတော။ (၇)အုပ်ရွတ်ပါ။ ထိုကဲ့သို့ ရွတ်ပြီးသောအခါ ဂဝံမျက်နှာဖုံးကို အသက်သွင်းဂါထာရွတ်ပါ။

ဦး··သက္ကတ္တိဂန္ဓော

သဗ္ဗေဂေဟော

ဖော ဖော ပိယံမမ။

(၃၇)အုပ်ရွတ်ပါ။

ဦး··နဋ္ဌာတေ ဗုဒ္ဓမေဝ

တဇဂ္ဂ အရဟန္တံ

ရာဇကောရံ ဝိနဿန္တု။

(၃၇)အုပ်ရွတ်ပါ။

ရာဇကောရံနေရာတွင် ဣတ္ထိကောရံ၊ သဗ္ဗကောရံ အစားထိုးရွတ်နိုင်ပါသည်။

အထက်ပါအတိုင်း ပြုလုပ်ပြီးသောအခါ ထိုဂဝံရုပ်ကို ဘုရားစင်အောက်တွင် သိုးခြားထားပါ။ မိမိစီးပွားလာဘ်လာဘအတွက် လာဘ်ရွှင်ခြင်း၊ ရတနာဆိုင်များအတွက် လာဘ်ခေါ်ဈေးခေါ်များ စီရင်နိုင်ပါသည်။ ထိုဂဝံရုပ်ကို ဆောင်ထားခြင်းဖြင့် တစ်ရပ်တစ်ရွာသို့ ရောက်သွားလျှင်လည်း ဂဝံမျက်နှာဖုံး၏ အကူအညီဖြင့် မိတ်ဆွေကောင်းများ၏ အကူအညီကို ရယူနိုင်ပါသည်။ လူငယ်သဘာဝ မိမိချစ်ကြိုက်မေတ္တာသက်ဝင်နေသော မိန်းကလေးထံမှ မေတ္တာစစ် မေတ္တာမှန် ရယူနိုင်ပါသည်။

လဆန်း၊ လပြည့်နေ့တိုင်း ရေမွှေးနံ့သာများဖြင့် ပူဇော်ကာ အထက်တွင်ဖော်ပြခဲ့သော-

ဦး··သက္ကတ္တိ ဂန္ဓော

သဗ္ဗေဂေဟော

ဖော ဖော ပိယံမမ··ဟု (၃၇)အုပ်ရွတ်၍ အစောင့်နှိုးဂါထာကို ရွတ်ပေးပါ။

မိမိအကြံအစည် ကိစ္စများရှိပါကလည်း အလားတူရွတ်၍ မိမိ၏ မျက်နှာ၊ နှုတ်ခမ်း၊ ဆံစပ်တွင် ရေမွှေးကို ပက်ဖျန်း၍သွားပါက ကိစ္စဟူသမျှ အောင်မြင်ပါသည်။ စာရေးသူကတော့ ဆရာတာနာဝပ်ပေးသော လက်စွပ်အဆောင်ကို ညာဘက်လက်ညှိုးတွင် အမြဲဝတ်ဆင်ထားပါသည်။ ဂဝံမျက်နှာဖုံးကို မှန်ကန်စွာ အသုံးပြုခြင်းဖြင့် မိမိကြံစည်သမျှ ကောင်းမှုမှန်သမျှ အောင်မြင်နိုင်ကြပါစေ။ လက်စွပ်၊ ဂဝံမျက်နှာဖုံးရုပ်တု မလုပ်နိုင်ပါကလည်း စမရုပ်ကို စီရင်၍ ဆောင်ထားနိုင်ပါသည်။

မေတ္တာရည်၍

ပုရောဟိတ် ဆရာဦးမြတ်စံ

ဖုန်း - ၀၉၅၁ ၇၆၆၄၆



www.burmeseclassic

www.burmeseclassic.com

မင်းနေထွန်း(ကန့်ဘလူ)

# ခမြထိုးဆောင်း အောင်ကြောင်းပြမှာ

ရှေးလူကြီးများ ပြောခဲ့ကြတဲ့ အကုသိုလ်ဆိုတာ မြင်ရတာ မဟုတ်ဘူး။ သူ့အလိုလို ခြေထောက်ပေါက်သလို ရောက်ချင် ရောက်လာတာဆိုတာ တကယ်မှန်တယ်ဗျ။

အခု ကျွန်တော့်ရှေ့ရောက်နေတဲ့လူဆိုရင် အဲဒီအကုသိုလ်က ခြေထောက်ပေါက်သလို ရောက်လာတာ။

ဖြစ်ပုံက ဒီလို‥။

တစ်ရက်မှာ သူ အလုပ်ကအပြန် ညနေ(၅း၀၀)နာရီဝန်းကျင်လောက်မှာ သူ့ရှေ့မှာ ဆိုင်ကယ်အက်ဆီးဒင့်တစ်ခု ဖြစ်သဗျ။ ဆိုင်ကယ်နဲ့ တိုက်မိသူက မရပ်ဘဲ တိုက်ပြီးပြီးချင်း ထွက်ပြေးသွားတယ်။ အတိုက်ခံရတဲ့ ကလေးက သတိလစ်သလိုဖြစ်ပြီး လမ်းပေါ်မှာ လဲနေတယ်ပေါ့။ ဒီမြင်ကွင်းကို လျစ်လျူရှုမနေတတ်တဲ့ အဲဒီပုဂ္ဂိုလ်က သူ့ဆိုင်ကယ်ပေါ်က ဆင်းပြီး ထူမ,ပွေ့ချီလိုက်တယ်။

ဖြစ်ချင်တော့ အဲဒီအချိန်မှာမှ လမ်းသွားလမ်းလာတွေက အနီးအနားရောက်လာပြီး သူတိုက်သလိုထင်ပြီး မေးကြမြန်းကြပေါ့။ သူက သူ့ဆိုင်ကယ်နဲ့ တိုက်မိတာ မဟုတ်ကြောင်း၊ တိုက်သူက ဆိုင်ကယ်မရပ်ဘဲ ဆက်စီးသွားကြောင်း ပြောပေမယ့် မယုံသလိုလိုနဲ့ သူ့ကို တရားခံစစ်စစ်ကြသတဲ့။ ကံဆိုးချင်တော့ မော်တော်ပီကယ်(၂)ယောက် ရောက်လာတော့မှ သတိမေ့သလိုလို ကလေးမက အင်း‥ အဲနဲ့ သူ့ဝင်တိုက်သူဟာ သူမှသူလို့ ပြောပါလေရောတဲ့။ ဒီမှာတင် ပြဿနာက ရှုပ်ပါလေရော။

အဲဒီကိစ္စနဲ့ ကျွန်တော့်ရှေ့ကို သူ ရောက်လာတာပါ။ သူ တကယ်မကျူးလွန်ခဲ့ပါဘဲနဲ့ တရားခံအဖြစ် စွပ်စွဲခံရတဲ့အဖြစ်မို့ အမှန်တရား ပေါ်ပေါက်စေချင်လို့ပါတဲ့။ တတ်နိုင်ရင် ကူညီပါဦးတဲ့။ ဆိုင်ကယ်အတိုက်ခံရတဲ့ ကလေးမကိုယ်တိုင်က သူမှသူ တိုက်တာပါလို့ ပြောဆိုစွပ်စွဲထားလေတော့ သူ့ခမျာ ဆွမ်းခံရင်း ငှက်သင့်ရရှာတာပေါ့။

သိတော်မူကြတဲ့အတိုင်း တရားစီရင်ရေးမဏ္ဍိုင်ကလည်း ဒီနေ့ခေတ်မှာ ခပ်ယိုင်ယိုင်ဆိုတော့ ကိုယ့်ဘက်က ဘယ်လောက်ကြီး မှန်ကန်နေပါတယ် ဆိုပေမယ့် တရားခွင်ရောက်တော့ အမှန်တရားက ပျောက်ချင် ပျောက်နေတတ်တာကိုး။ ဒီတော့‥

'ခင်ဗျား အမှုဆိုင်တဲ့နေ့မှာ အစီအရင်လုပ်ထားတဲ့ ထီးကိုဆောင်းပြီး တရားရုံးကို သွားရဲပါ့မလား' လို့ မေးလိုက်တော့ စဉ်းစားတောင် မနေရှာတော့ပါဘူး။

ချက်ချင်းပဲ 'သွားရဲပါတယ် ဆရာ။ အမှုမှန်သာပေါ်ပါစေ။ ဘာမသွားရဲစရာရှိမလဲ' တဲ့ ဖြေရှာပါတယ်။

တော်တော်ကရုဏာသက်စရာ ကောင်းပါတယ်။

ဒါနဲ့ပဲ-

'ခင်ဗျားက စနေသားဆိုတော့ အပြာရောင်ထီးကို ဆောင်းရမှာနော်။ ထီးအနက် မဟုတ်ဘူး၊ အပြာရောင်ထီးက ဆောင်းလေ့ဆောင်းထ မရှိကြလေတော့ ခင်ဗျား ဆောင်းမှ ဆောင်းရဲပါ့မလားလို့ မေးတာပါ'

'ဆောင်းရဲပါတယ် ဆရာ၊ ဘယ်လိုဆောင်းရမယ် ဆိုတာသာ ညွှန်းပါ' တဲ့။

'ကောင်းပြီ၊ အဲဒီလိုဆိုရင် ခင်ဗျားမွေးနေ့ စနေနေ့မှာ မွန်းလွဲ(၁း၃၀)နာရီမှ ညနေ(၃း၀၀)နာရီအတွင်းမှာ ဒီစမနှစ်ခုကို ထီးရွက်တစ်ရွက်ဆီမှာ ရေးရမယ်။ စမတွေ ရေးနေတဲ့အချိန်မှာလည်း ခင်ဗျားစိတ်ထဲမှာ အမှန်တရားပေါ်ကို ပေါ်ရမယ်လို့ ယုံယုံကြည်ကြည်စိတ်ထား။ ဘုရား၊ တရား၊ သံဃာတော်တွေရဲ့ ဂုဏ်ကျေးဇူးကို အောက်မေ့ပူဇော်တဲ့စိတ်ထား။ အဲ‥စမတွေ မရေးမီမှာ ခင်ဗျား ကိုယ်လက်သန့်စင်နေအောင် ရေချိုးထားရမယ်။ အဝတ်သစ် အစားသစ် လဲလှယ်ဝတ်ဆင်ထားရမယ်။ အဝတ်သစ် အစားသစ်ဆိုတာ ရှိပြီး အဝတ်အထည်ထဲက ဖွပ်ပြီး လျှော်ပြီး



www.burmeseclassic

www.burmeseclassic.com

အသန့်ဆုံး အဝတ်အစားကို ပြောတာပါ။ ပြီးရင် သက်ရှိထင်ရှား မြတ်စွာဘုရားကို ရည်မှန်းပြီး နေအိမ်ဘုရားရုပ်ပွားရှေ့မှာ ပုံတော်ကို ဂုဏ်တော်အဖြစ်နဲ့ ဝတ်ပြုရမယ်။ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးတိုင်တွေ ဆက်ကပ်လှူဒါန်းရမယ်။ ပြုသမျှကုသိုလ်ကိုလည်း ကိုယ်စောင့်နတ်အပါအဝင် ဝေနေယျအပေါင်းကို မေတ္တာပို့ အမျှဝေပေးထားရမယ်'

'ဟုတ်ကဲ့ ဆရာ၊ လုပ်နိုင်ပါတယ်'

'လုပ်နိုင်ရမှာပေါ့ဗျာ။ ခဲရာခဲဆစ်အရာတွေမှ မဟုတ်ဘဲ။ ကျွန်တော်တို့၊ ခင်ဗျားတို့ ဗုဒ္ဓဘာသာတွေဆိုတာ ဘုရားရဲ့ဝတ်ကို ဆောင်ရွက်နေကျဥစ္စာပဲ။ ထူးပြီး မခက်ပါဘူး'

'ဟုတ်ပါတယ် ဆရာ'

'အဲ..အဲဒီလို စီမံဆောင်ရွက်ပြီးရင် ထီးကို ဘုရားစင်ထက် နည်းနည်းနိမ့်တဲ့ နေရာတစ်နေရာမှာ သန့်သန့်ပြန့်ပြန့် သိမ်းဆည်းထားပေါ့ဗျာ။ အကောင်းဆုံးကတော့ ဘုရားစင်ရှေ့ ခုံတစ်လုံး(စားပွဲငယ်)နဲ့ ထားနိုင်ရင် အကောင်းဆုံးပဲ။ အမှုရင်ဆိုင်သွားရမယ့်နေ့ရောက်တော့မှ အဲဒီထီးကို ဆောင်းပြီး တရားရုံးကို သွားလိုက်ပေါ့'

'ဟုတ်ကဲ့ ဆရာ'

'တရားရုံးကိုသွားတဲ့ ခရီးလမ်းမှာလည်း ခင်ဗျား နိုင်ကို နိုင်ရမယ်လို့၊ အမှန်တရား ပေါ်ကိုပေါ်ရမယ်လို့ ယုံကြည် စိတ်ထားပြီး သွားဖို့လိုတယ်'

'ဟုတ်ကဲ့ပါ ဆရာ'

'အဲဒါပဲ၊ ခင်ဗျား မှတ်မိပြီလား။ မရှင်းတာရှိရင်တော့ မေး။ မေးစရာမရှိတော့ဘူးဆိုရင်တော့ ပြန်လို့ရပြီ။ ခင်ဗျား မြင်တဲ့အတိုင်းပဲ ဗေဒင်မေးဖို့ နောက်ထပ်လူနှစ်ယောက် ထိုင်စောင့်နေကြသေးတယ်။ သူတို့ စောင့်နေရတာ ကြာပြီ'

'ဟုတ်ကဲ့ပါ ဆရာ။ နားလည်ပါတယ်' ဆိုပြီး ပြန်သွားပါတယ်။

နောက်တစ်ပတ် ကျော်ကျော်လောက်မှာ သူ ပြန်ရောက်လာပါတယ်။ သူ့ကို မြင်လိုက်ကတည်းက အမှန်တရား ပေါ်ပေါက်သွားပြီဆိုတာ သိလိုက်ပါပြီ။ သူ့မျက်နှာက ပြုံးရွှင်နေသလို သူ့လက်ထဲမှာ တိုးလိုးတွဲလဲ ဆွဲလာတဲ့ ကန်တော့ပစ္စည်းတွေကို ကျွန်တော် မြင်လိုက်ရတာကိုး။

သူ့ကို ဘယ်လိုဓာတ်ယတြာ ဆင်ပေးလိုက်တာလဲဆိုတာ သိချင်ကြမှာပါပဲ။ အကယ်လို့ အရေးကြုံလာရင် (၇)ရက်သားသမီးတွေ ဘယ်လိုလုပ်ကိုင်ဆောင်ရွက်ရပါ့မလဲလို့လည်း သိချင်ကြမှာပါပဲ။ ဝေဒစေတနာနဲ့ ဖော်ပြလိုက်ပါ့မယ်။ မဖော်ပြမီ ရိုးသားစွာ ဝန်ခံထားရရင် ဒီနည်းနာနိဿယဟာ ကျွန်တော့်တီထွင်ဉာဏ် တစ်စိုးတစ်စိမှ မပါကြောင်းပါ။ ရှေးဘိုး၊ ဘေး၊ ဘီ၊ ဘင် ပညာရှင်ကြီးများ တီထွင်ဖန်ဆင်းခဲ့တဲ့ နည်းနာနိဿယပါ။ ကျေးဇူးတင်တယ်ဆိုရင် ရှေး ဘိုး၊ ဘေး၊ ဘီ၊ ဘင် ပညာရှင်ကြီးများကိုသာ ကျေးဇူးတင်ကြပါ။

စီရင်ပုံ စီရင်နည်းက-

စနေသားမို့ အပြာရောင်ထီးကို အသုံးပြုတာ ဖြစ်ပါတယ်။ ဘာကြောင့် အပြာရောင် သုံးရသလဲဆိုတော့ အောင်ပ၊ ကုလား၊ ဆွေသား၊ တော်ရင်းဆိုတဲ့ မိတ်တွေအရ စနေနဲ့ ရာဟု(ဗုဒ္ဓဟူးညနေ)မို့ပါ။ ရာဟုရဲ့ အရောင်ပရိယာယ်က အပြာရောင်ပါ။ ဒါကြောင့် အပြာရောင် ထီးကို အသုံးပြုရတာပါ။

ဒီနေရာမှာ နေ့နံတွေရဲ့အရောင် ပရိယာယ်တွေကို သိထားဖို့ လိုပါတယ်။ ဒါကြောင့် မိတ်နဲ့ အရောင် တွဲစပ်ပုံကို ဖော်ပြလိုက်ပါ့မယ်။ (A)

၁ + ၅ = အောင် + (ပ) = အဝါရောင်

၂ + ၄ = ကု + (လား) = အစိမ်းရောင်

၃ + ၆ = ဆွေ + (သား) = ငွေရောင်

၄ + ၂ = လား + (ကု) = အဖြူရောင်

၅ + ၁ = ပ + (အောင်) = အနီရောင်

၆ + ၃ = သား + (ဆွေ) = နီညိုရောင်

၇ + ၈ = တော် + (ရင်း) = အပြာရောင်

၈ + ၇ = ရင်း + (တော်) = အနက်ရောင်

တနင်္ဂနွေသား - အဝါရောင်ထီး သုံးပါ။

တနင်္လာသား - အစိမ်းရောင်ထီး သုံးပါ။

အင်္ဂါသား - ငွေရောင်ထီး သုံးပါ။



www.burmeseclassic

www.burmeseclassic.com

ဗုဒ္ဓဟူးသား - အဖြူရောင်ထီး သုံးပါ။

ကြာသပတေးသား - အနီရောင်ထီး သုံးပါ။

သောကြာသား - နီညိုရောင်ထီး သုံးပါ။

စနေသား - အပြာရောင်ထီး သုံးပါ။

ရာဟုသား - အနက်ရောင်ထီး သုံးကြရမှာဖြစ်ပါတယ်။


နေ့နံတွေရဲ့ အရောင်ပရိယာယ်သဘောကို သိရှိနားလည်ကြပြီဆိုရင် ထီးရွက်တစ်ရွက်ဆီရဲ့အပေါ်မှာ ရေးရမယ့် စမကို ဖော်ပြပါ့မယ်။

ပထမဆုံး ရေးဆွဲရမယ့် စမကတော့ (နဘယ်)ပဲ ဖြစ်ပါတယ်။ (န)နဲ့(ဘ)ကို တစ်ချက်တည်း ဆွဲပါတယ်။ ပြီးတော့မှ (ယ)ကို ဆွဲပါတယ်။ နောက်ဆုံး သေးသေးတင်ပါတယ်။ စုစုပေါင်း ဆွဲချက်သုံးချက်နဲ့ ပြီးစီးရမှာ ဖြစ်ပါတယ်။ အဲဒီစမ နဘယ်ကို ရေးဆွဲစဉ်မှာ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိလို့ တစ်ချက်ဆွဲတိုင်း ဂုဏ်တော်တစ်ပုဒ်စီ ရွတ်ဖတ်သရဇ္ဈာယ် ပူဇော်ရပါမယ်။

နောက် ထီးတစ်ရွက်မှာ (က)ယက်၊ (ယ)ယက်ကို လက်ယာရစ် ရေးဆွဲရမှာ ဖြစ်ပါတယ်။ (က)ယက်၊ (ယ)ယက်ကိုတော့ တစ်ချက်တည်းနဲ့ အပြီးရေးဆွဲရမှာ ဖြစ်ပါတယ်။ ရေးဆွဲပုံ ရေးဆွဲနည်းကို စ,ဆုံး နမူနာရေးဆွဲပြပါ့မယ်။




(ရေးပုံရေးနည်း)




ဒီအစီအရင်ကို (၇)နေ့သားသမီးတိုင်း မိမိတို့ရဲ့ မွေးနေ့ မွန်းလွဲ(၁း၃၀)နာရီမှ ညနေ(၃း၀၀)နာရီအတွင်း စီရင်ရမှာ ဖြစ်ပါတယ်။ ဆောင်ရွက်ပုံ၊ စိတ်ထားပုံ၊ ယုံကြည်ပုံတွေကတော့ အထက်က တင်ပြခဲ့တဲ့အတိုင်းပါပဲ။

တစ်ခုပြောလိုတာကတော့ ဒီအစီအရင်ကို စီရင်မယ့် ပုဂ္ဂိုလ်က ကိုယ့်ဘက်မှ အမှန်တရားဖြစ်နေဖို့တော့ လိုပါမယ်။ ကိုယ့်ဘက်က မမှန်မကန်ဘဲ ပြိုင်ဘက်ကို အနိုင်ယူလိုစိတ်နဲ့ စီရင်လို့ မရပါဘူး။ အောင်မြင်မှုမရနိုင်တဲ့အပြင် တန်ပြန်စူးပြီး အခြားမျှော်လင့်မထားတဲ့ ဒုက္ခသုက္ခတွေ ဝင်လာ,ကြုံလာတတ်ပါတယ်။ မိမိ (သို့မဟုတ်) မိမိနဲ့ ပတ်သက်နီးနွယ်သူ မိသားစုဝင် ဆွေမျိုးတစ်ဦးဦးကို ထိခိုက်ဆုံးရှုံးနစ်နာတတ်ပါတယ်။ ကုသမရတဲ့ ရောဂါဆိုးစွဲကပ်ဝင်ရောက်တတ်ပါတယ်။ ဒါကြောင့် ကိုယ့်ဘက်က အမှန်တရားသမားများအတွက်သာ ဒီအစီအရင်ကို စီရင်ပါ။ အထူးသတိပေးလိုက်လိုပါတယ်။

နောက်တစ်ချက်က ထစ်ခနဲဆို အရေးကြီးကြီး၊ အရေးမကြီးကြီး ဒီအစီအရင်ကို အသုံးမပြုပါနဲ့။ ကိုယ့်ဘက်ကလည်း အမှန်တရားဖြစ်နေမယ်၊ သေရေးရှင်ရေးတမျှ အရေးကြီးနေတယ်။ ထောင်၊ အချုပ် ကျနိုင်တယ်ဆိုမှ စီရင်ဆောင်ရွက်ပါ။ အသေးအဖွဲကိစ္စလောက်နဲ့တော့ ဒီအစီအရင်ကို အားမကိုးပါနဲ့၊ မစီရင်ပါနဲ့။ အထူးသတိထားပါ။

ဒီမှာ ဖော်ပြလျှင်ပင် (၇)နေ့သားသမီးများ အမှန်တရားဘက်က ရင်ဆိုင်ကျော်လွှားနိုင်ဖို့ စီရင်ဆောင်ရွက်နိုင်ကြလောက်ပြီလို့ မျှော်လင့်ယုံကြည်မိကြောင်းပါခင်ဗျာ။

အမှန်တရားတွေ ထွန်းကားပေါ်ထွန်း အောင်မြင်ကြပါစေလို့။

ပညာရှင်အပေါင်းကို မသြောင်းသောဂါရဝဖြင့်

မင်းနေထွန်း(ကန်ဘလူ)

www.burmeseclassic

www.burmeseclassic.com

# ဆရာဘုန်းမြတ်မင်း

နက္ခတ္တဗေဒ (ကံကြမ္မာ) အကြံပေးပညာရှင်



ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်ကြီးများအား ဇာတာနှင့် လက္ခဏာ စစ်ဆေး၍ ဘဝတွင် မျှော်မှန်းထားသလောက် 'အထူး' အောင်မြင်မှုများ ရရှိလိမ့်မည်ဟု ကြိုတင်ဟောကိန်းထုတ်နေသော ဆရာဘုန်းမြတ်မင်း

ကံပွင့်လိုသူတိုင်း ရွှေဘုန်းပွင့်ဘုရားကို ဖူးကြရတယ်။ အောင်မြင်လိုသူတိုင်း ဆရာဘုန်းမြတ်မင်းနှင့် ဆုံကြရပြန်ပါတယ်။ ဒီတော့ ဆရာနဲ့တွေ့ရင် ဘာတွေထူးလာမလဲ။ တစ်ချိန်က လျှမ်းလျှမ်းတောက် စီးပွားအောင်မြင်ခဲ့တဲ့ သင်တာ ယခုကာလအတွင်း စီးပွားတွေ ကျလာတယ်။ မှုခင်းပြဿနာတွေ ကြုံနေခဲ့တယ် မဟုတ်လား။ အဲဒါ ဘာကြောင့်လဲ။ သင့်လက်ထဲမှာ နိုင်ငံကူးလက်မှတ်ရှိနေမယ်။ ငွေလည်း ရှိနေတယ်။ ဒါပေမဲ့ နိုင်ငံခြား ထွက်လို့ မရသေးဘူး။ အဲဒါ ဘာကြောင့်လဲ။ ငွေကြေး၊ စီးပွား အဆင်ပြေပြန်တော့ အချစ်ရေး၊ အိမ်ထောင်ရေး ကမောက်ကမ ဖြစ်ရပြန်တယ်။ ဒါဟာလည်း ဘာကြောင့်လဲ။ လုပ်တိုင်း မဖြစ်၊ ဖြစ်တိုင်း မမြဲတာက ဘာကြောင့်လဲ။ တကယ်တော့ ဒါတွေဟာ ညီမျှခြင်းတစ်ခုမျှသာ ဖြစ်တယ်။ အတိတ်အကြောင်းတရားရှိမှ ပစ္စုပ္ပန်အကျိုးတရားဖြစ်တယ်။ အနာသိမှ ဆေးရှိမယ်။ ဒီတော့ ဆရာက သင့်အကြောင်းတွေ သိနေပြီဆိုတော့ ဆရာ့မှာ ဆေးရှိနေပြီပေါ့။ ဂမ္ဘီရသော့ကလေး တစ်ချောင်းကို လှည့်လိုက်ရုံနဲ့ သင့်အောင်မြင်ရေးလမ်းကြောင်း ပွင့်သွားရုံသာရှိမယ်။ သင် ရောက်လာဖို့ကသာ အဓိကလိုပါတယ်။ ကြော်ငြာဖတ်ရုံနဲ့တော့ လက်တွေ့ မသိ မမြင်နိုင်ပါ။ ကိုယ်တွေ့လာမှ ကိုယ်တွေ့ ခံစားခွင့် ရရှိလာမယ်။

**ဆရာနှင့် ဆွေးနွေးလိုလျှင် ကြိုတင်၍ ဖုန်းဆက်ပါ။**

ဆရာဘုန်းမြတ်မင်း၊ အမှတ်(၁၅)၊ ရွှေဘုန်းပွင့်ဘုရားဈေးတန်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

☎ ၀၉ ၅၁ ၈၄၉၀၅



www.burmeseclassic

www.burmeseclassic.com

သုခစုစုံ(ကျိုက်လတ်)



(၁၃၈၀)ပြည့်နှစ်တွင် မွေးဖွားလာမည့်

# ကလေးများအား နာမည်ကောင်းရွေးပေးခြင်း

မြန်မာဗျည်းအက္ခရာ(၃၃)လုံးရှိရာတွင် နာမည်မှည့်ခေါ်ရာ၌ အသုံးပြု၍ရသော အက္ခရာမှာ (၂၁)လုံးခန့်သာ ရှိပါသည်။ ထိုအက္ခရာ(၂၁)လုံးသည် ခေတ်အဆက်ဆက် တိုးလာခြင်း အလျဉ်းမရှိဘဲ ကလေးသူငယ်များသာ တိုး၍၊တိုး၍လာသည်ဖြစ်ရာ ထိုကလေး အရာ၊ အထောင်၊ အသောင်းတို့ကို ထိုမှည့်ခေါ်အသုံးပြု၍ရသော အက္ခရာ(၂၁)လုံးခန့်ထဲမှ ကလေး၏ ဇာတာအရ ကောင်းကျိုးပြုမည့် အက္ခရာတချို့ကို ရှာကြံရွေးချယ်ပြီး လှလှပပလေးလည်းဖြစ်အောင်၊ ခပ်ဆန်းဆန်းလေးလည်းဖြစ်အောင်၊ နာမည်များလည်း ထပ်မနေအောင် ကြိုးစားပမ်းစား တွက်ချက်နာမည်ရွေးချယ်ပေးရခြင်းသည် လွယ်ကူလှသော အရာမဟုတ်ပါ။

တခြားဆရာများအနေနဲ့တော့မသိ၊ ကျွန်ုပ်အတွက်သည်ကား ကလေးတစ်ဦးအတွက် နာမည်ကောင်းရရှိဖို့သည် အလွန်အလုပ်များပြီး အလွန်ခက်ခဲပါသည်။ မဟာဘုတ်တွင်လည်း မှန်ကန်အောင်၊ နာမက္ခရဆန်းကျမ်းနှင့်လည်း ညီညွတ်အောင်၊ အင်္ဂဝိဇ္ဇာနှင့်လည်း အံဝင်ခွင်ကျအောင် ဘုံထုတ်ညှိနှိုင်း တွက်ချက်ပေးရသည်။ ပြီးလျှင် ဆန်းကိုဏ်းနက္ခတ် ရွေးချယ်ပေးရပါသည်။

တနင်္ဂနွေသားသမီးနှင့် အင်္ဂါသားသမီးများ ပိုဆိုးပါသည်။ သံတိုများက နေရာယူမှုများနေသောကြောင့်ဖြစ်ပါသည်။ ပြီးလျှင် မိဘနှစ်ပါး၏ နာမည်၊ မွေးနံတို့ကို တွက်ချက်ပြီး ကလေး၏နာမည်သည် မိဘများအား မထိခိုက်အောင် အစင်အကြယ် ထပ်မံရွေးချယ်ပေးရပါသေးသည်။ တကယ်မလွယ်ပါ။

ထို့ကြောင့် ကျွန်ုပ်သည် နာမည်လှလှလေး ပေးပေးပါဆရာ။ နာမည်ဆန်းဆန်းလေးနော်ဆရာ။ ဆရာ··နာမည်ကို ရိုးရိုးကြီးမဖြစ်စေနဲ့နော် အစရှိသည်ဖြင့် ကလေးမိဘများထံမှ နိစ္စဓူဝကြားနေရသော စကားများကို-

"ဟုတ်ကဲ့ပါခင်ဗျာ။ အဓိကကတော့ ကလေးနာမည်ဟာ ဗေဒင်စည်းကမ်းစည်းမျဉ်းများနဲ့ ညီညွတ်နေဖို့က အလွန်အရေးကြီးပါတယ်။ အတတ်နိုင်ဆုံးတော့ လှအောင်၊ ဆန်းအောင် မှည့်ပေးပါ့မယ်။ အထူးသဖြင့် ကျွန်တော်ရွေးပေးလိုက်တဲ့နာမည်က နာမည်လှဖို့ထက် ကလေးဘဝ လှပဖို့ကို ဦးစားပေးရွေးချယ်ပေးမှာ ဖြစ်ပါတယ်" ဟု ပြန်လည်ပြောဆိုနေရမြဲပင် ဖြစ်ပါသည်။

ကလေးငယ်တစ်ဦးသည် မိဘများက ရွေးချယ်ပညတ်ပေးလိုက်သော နာမည်ဖြင့် ဘဝတစ်သက်တာလုံး ရပ်တည်ရှင်သန်သွားရမည် ဖြစ်ပါသည်။ နာမည်အလှ၊ နာမည်အဆန်းတို့နောက်လိုက်ပြီး ရွေးချယ်ပေးလိုက်သော နာမည်သည် အကယ်၍ ကလေးအား အခန့်မသင့် မတော်တဆ ကျန်းမာရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး တစ်ခုခုကို ထိခိုက်စေသောနာမည်များ ဖြစ်သွားခဲ့လျှင် ထိုကလေးငယ်၏ဘဝသည် ဒုက္ခအဖုံဖုံကို ရင်ဝယ်ပိုက်ကာ အလွန်ပင် သနားဖွယ်ကောင်းလှပါသည်။ မိဘတို့ပြုသမျှ နုနေကြရမည့် ဘဝလေးများဖြစ်ကြပါလိမ့်မည်။ အလွန်ပင်ရင်နာဖို့ကောင်းပါသည်။ ကိုယ့်သားသမီး၏ဘဝကို ကိုယ်ကိုယ်တိုင် မိဘများကပင် အညွန့်ချိုးသတ်လိုက်ခြင်းပင် ဖြစ်နေပါတော့သည်။

ထို့ကြောင့် ကလေးသူငယ်များအား နာမည်ပေးရာတွင် ဗေဒင်ပညာကို အမှန်တကယ် ထောင့်စေ့အောင် တတ်ကျွမ်းပြီး စေတနာထားသော ဗေဒင်ပညာရှင် သုတေသီများနှင့်သာ အပ်နှံရွေးချယ်သင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် နာမည်တစ်ခုသည် လူတစ်ယောက်၏ ကံကြမ္မာနှင့် များစွာဆက်စပ်ပတ်သက်မှုရှိနေသောကြောင့် ဖြစ်သည်။ သို့မှသာ နာမည်ကောင်းကြောင့် ဘဝတွင်ရှိသည့် အရည်အချင်းထက် ပို၍ကြီးပွားအောင်မြင်ချမ်းသာသွားခြင်း၊ ဖြစ်ထွန်းသင့်တာထက်ပို၍ ဖြစ်ထွန်းသွားခြင်း၊



www.burmeseclassic

www.burmeseclassic.com

ဘဝများ တစ်ဆင့်ထက်တစ်ဆင့် မြင့်သထက်မြင့်မြင့်သွားခြင်းများကို မျက်ဝါးထင်ထင် ကြုံတွေ့ကြရမည် ဖြစ်ပါကြောင်း..။

◆ ◆ ◆

ယခု ကျွန်ုပ်သည် (၁၃၈၀)ပြည့်နှစ်တွင် မွေးဖွားလာမည့် ရင်သွေးရတနာတို့အား ပညာပါရမီဖြည့်ခြင်း အလို့ငှာ စေတနာရှေ့ထား၍ နာမည်ကောင်းများ ရွေးချယ်ပေးခြင်းကို ဤဂမ္ဘီရမဂ္ဂဇင်းကြီး စာမျက်နှာမှတစ်ဆင့် ရေးသားတင်ပြပေးလိုက်ပါသည်။ ရင်သွေးငယ်အပေါင်း အသက်ရှည်ခြင်း၊ အနာရောဂါကင်းခြင်း၊ အဆင်းလှခြင်း၊ ဉာဏ်ပညာကြီးခြင်း၊ ထင်ရှားကျော်ကြားခြင်း၊ ကြွယ်ဝချမ်းသာခြင်း၊ ဘုန်းကြီးခြင်း အစရှိသော ကောင်းမြတ်သော ဂုဏ္ဍာရုံဘဝတို့ကို လက်ဝယ်ပိုင်ပိုင်ရရှိကြပါစေ။ သားကောင်းရတနာ၊ သမီးကောင်းရတနာတို့မှ နိုင်ငံ့သားကောင်း၊ နိုင်ငံ့သမီးကောင်းများအဖြစ်သို့ ရောက်ရှိကြပါစေသတည်း။

◆ ◆ ◆

နာမည်ကောင်းများ ရွေးချယ်ပေးထားခြင်းနှင့် ပတ်သက်၍ ပညာခွင် ပညာရပ် အယူအဆများကို အထွေအထူး တစ်ခုစီ တစ်ခုစီ ရှင်းမပြတော့ပါ။ မဟာဘုတ်ပညာရပ်အရ အမည်လေးပါးတွင် ဏ္ဍူ-ဏ္ဍူ နာမည်များဖြစ်ခြင်း၊ အင်္ဂဝိဇ္ဇာပညာရပ်တွင် အထက်ဆောင်ပန်းများနှင့် တွဲ၍ပေးထားခြင်း၊ သာစည်၊ ပင်းယ၊ အမြစ်၊ အညွှန့် ကြိုးများဖြင့် တွဲ၍ပေးထားခြင်း၊ ပဋ္ဌပွတ်၊ ဆံပွတ်၊ အညွှန့်၊ အထက်ဆောင်ပန်း လှည့်ခွေ၍ ပေးထားခြင်း၊ နမက္ခရတိုင်စဉ်အရ တိုင်စဉ်မှန် နာမည်များ ရွေးချယ်ပေးထားခြင်းများ ဖြစ်သောကြောင့် စိတ်ချလက်ချ ယုံယုံကြည်ကြည်ဖြင့် ကြိုက်နှစ်သက်ရာ နည်းတစ်မျိုးမျိုးကို ရွေးချယ်၍ ပေးနိုင်ကြပါစေသော်။

◆ ◆ ◆

<u>တနင်္ဂနွေသားသမီးများ</u>

ဘင်္ဂဖွားလေးများ ဖြစ်ပါသည်။

**ပထမနည်း**

အင်္ဂါအစ ကြာသပတေးအဆုံး မှည့်ပါ။

ဥပမာ-ဉာဏ်စည်မိုး၊ စွမ်းပြည့်ဖြိုး၊ ဆုနှင်းမြတ်၊ ဆုပန်မှူး။

**ဒုတိယနည်း**

ကြာသပတေးအစ ကြာသပတေးအဆုံး မှည့်ပါ။

ဥပမာ-ဘုန်းဇင်မြတ်၊ မင်းခွဲပိုင်၊ ဖြူနှင်းမွန်၊ ဖူးမြတ်ပွင့်။

**တတိယနည်း**

သောကြာအစ သောကြာအဆုံး မှည့်ပါ။

ဥပမာ-ဟန်ထူးသန့်၊ သင့်မြတ်သူ၊ သင်းသုဟန်၊ သွန်းပြည့်သာ။

<u>တနင်္လာသားသမီးများ</u>

ပုတိဖွားလေးများ ဖြစ်ပါသည်။

**ပထမနည်း**

သောကြာအစ သောကြာအဆုံး မှည့်ပါ။

ဥပမာ-သန့်ထူးဟန်၊ ဟိန်းနေသွင်၊ သွန်းပြည့်သော်၊ ဟေမန်သူ။

**ဒုတိယနည်း**

အင်္ဂါအစ အင်္ဂါအဆုံး မှည့်ပါ။





www.burmeseclassic

www.burmeseclassic.com

ဥပမာ-စိုးမြတ်ဇင်၊ စစ်နိုင်စိုး၊ ဆုပြည့်စုံ၊ ဆုပဒ္ဒုန်။

**တတိယနည်း**

စနေအစ စနေအဆုံး မှည့်ပါ။

ဥပမာ-နိုင်သုတ၊ နေမင်းထက်၊ နှစ်ဆန်းထူး၊ နှင်းမုဒြာ။

**<u>အင်္ဂါသားသမီးများ</u>**

သိုက်ဖွားလေးများ ဖြစ်ပါသည်။

**ပထမနည်း**

အင်္ဂါအစ စနေအဆုံး မှည့်ပါ။

ဥပမာ-ညီဘုဏ်းထွန်း၊ ဇင်ထူးနောင်၊ ဆုပန်နှင်း၊ စံပယ်နိုင်။

**ဒုတိယနည်း**

ကြာသပတေးအစ စနေအဆုံး မှည့်ပါ။

ဥပမာ-ဗညားနိုင်၊ မင်းသုတ၊ မေမြတ်နိုး၊ မိုးနဒီ။

**တတိယနည်း**

စနေအစ စနေအဆုံး မှည့်ပါ။

ဥပမာ-ထင်သော်နိုင်၊ နေဖွဲ့နိုင်၊ နှင်းသုနိုင်၊ နံ့သာနှင်း။

**<u>ဗုဒ္ဓဟူးသားသမီးများ</u>**

မရဏဖွားလေးများ ဖြစ်ပါသည်။

**ပထမနည်း**

ကြာသပတေးအစ ကြာသပတေးအဆုံး မှည့်ပါ။

ဥပမာ-ဖြိုးသော်မင်း၊ မင်းသင့်မြတ်၊ ပိုးဇာဖြူ၊ မြဇာဖြူ။



**ဒုတိယနည်း**

အင်္ဂါအစ ကြာသပတေးအဆုံး မှည့်ပါ။

ဥပမာ-ဖွဲ့ပြည့်မှူး၊ စစ်မင်းပိုင်၊ ဆုသန့်ဖြူ၊ စန္ဒီမောင်။

**<u>ကြာသပတေးသားသမီးများ</u>**

အဓိပတိဖွားလေးများ ဖြစ်ပါသည်။

**ပထမနည်း**

ကြာသပတေးအစ သောကြာအဆုံး မှည့်ပါ။

ဥပမာ-မင်းထူးသာ၊ ပြည့်စုံသန့်၊ မေဖူးသော်၊ မေဆုဟန်။

**ဒုတိယနည်း**

အင်္ဂါအစ စနေအဆုံး မှည့်ပါ။

ဥပမာ-ညီဘုန်းထက်၊ ဖွဲ့ဇာနည်၊ ဆုပန်နှင်း၊ ဖွန့်ဇာနှင်း။

**တတိယနည်း**

သောကြာအစ သောကြာအဆုံး မှည့်ပါ။

ဥပမာ-သုမြတ်ဟန်၊ ဟိန်းထက်သော်၊ သွန်းမြတ်သူ၊ သဲမွန်ဟန်။

**<u>သောကြာသားသမီးများ</u>**

ရာဇဖွားလေးများ ဖြစ်ပါသည်။

**ပထမနည်း**

သောကြာအစ စနေအဆုံး မှည့်ပါ။

ဥပမာ-ဟိန်းမင်းထက်၊ သော်မင်းထွန်း၊ သက်ယုနှင်း၊ သင်းပုံ့နိုင်။

**ဒုတိယနည်း**

အင်္ဂါအစ စနေအဆုံး မှည့်ပါ။

ဥပမာ-ညီဖြိုးနိုင်၊ ဖွဲ့နေထွန်း၊ ဖွန့်ပွင့်နိုင်၊ ဆုထိပ်ထား။



www.burmeseclassic

www.burmeseclassic.com



**တတိယနည်း**

စနေအစ စနေအဆုံး မှည့်ပါ။

ဥပမာ-နိုင်သုတ၊ ထူးမြတ်နောင်၊ နံ့သာနှင်း၊ နေဇင်ထက်။

**စတုတ္ထနည်း**

ကြာသပတေးအစ စနေအဆုံး မှည့်ပါ။

ဥပမာ-မျိုးဆက်ထွန်း၊ မင်းသတိုး၊ မြတ်သဒ္ဒါ၊ မေမြတ်နိုး။

**စနေသားသမီးများ**

အထွန်းဖွားလေးများ ဖြစ်ပါသည်။

**ပထမနည်း**

စနေအစ စနေအဆုံး မှည့်ပါ။

ဥပမာ-တည်မြဲနိုင်၊ နေဘုန်းထွန်း၊ နွေးသန္တာ၊ နှင်းသုနိုင်။

**ဒုတိယနည်း**

ကြာသပတေးအစ စနေအဆုံး မှည့်ပါ။

ဥပမာ-ဘုန်းနန္ဒ၊ မင်းသုတ၊ မေစိုးထိုက်၊ မေသော်တာ။

**တတိယနည်း**

ကြာသပတေးအစ ကြာသပတေးအဆုံး မှည့်ပါ။

ဥပမာ-မင်းသွေးပိုင်၊ မင်းသွင်မှူး၊ ဖူးမြတ်ပွင့်၊ မြဇာဖြူ။

နာမည်ကောင်းများ ရွေးချယ်ထားပြီးသော်လည်း တချို့သော မိဘ၊ ဘိုးဘွား၊ ဦးလေး၊ အဒေါ်၊ အစ်ကို၊ အစ်မတို့သည် ကလေးငယ်အား အိမ်ခေါ်နာမည်အဖြစ် ချစ်စနိုးနာမည်၊ ကျပန်းနာမည်လေးများကို ခေါ်ဆိုတတ်ကြပါသည်။ ထိုသို့ခေါ်ဆိုခြင်းကို အထူးရှောင်ကြဉ်သင့်ပါသည်။ ရွေးချယ်ထားသော နာမည်ကောင်းကိုသာ အပြည့်အစုံခေါ်ဆိုသင့်သည်။ သို့မှသာ နာမည်ကောင်း၏ အကျိုးကျေးဇူးကို အပြည့်အဝခံစားကြရမည်ဖြစ်ပါသည်။

ထိုအိမ်ခေါ်နာမည်များတွင် နွားကြီး၊ ခွေးပု၊ ဝက်လေး၊ တစ်တစ်၊ တုံတုံ၊ တူးတူး၊ ခက်ခက်၊ သက်သက် အစရှိသည့် အဓိပ္ပာယ်မကောင်းသော နာမည်များ ဖြစ်နေခဲ့သော် ကလေးအတွက် ကံနိမ့်စေတတ်ပါသည်။ ထိုနာမည်များ တစ်သက်လုံး နာမည်တွင်သွားခဲ့လျှင် ကလေးအတွက် ဘဝအနေအထားများ၊ အလားအလာမကောင်းနိုင်တော့ပါ။ မိန်းကလေးများကိုလည်း မီး၊ မီးမီး၊ မီးလေး၊ မီးကြီး အစရှိသည်ဖြင့် ခေါ်ဆိုခြင်း မပြုသင့်ပါ။ အပူဟပ်တတ်၊ အပူများတတ်ပါသည်။

မှတ်ချက်-နံတူအစအဆုံးပေးထားသော နာမည်ရှင် (ဥပမာ-သောကြာအစ သောကြာအဆုံး၊ စနေအစ စနေအဆုံး)တို့ကို အလယ်လုံးများ ဖြည့်စွက်ရာ၌ နာမည်၏ အလယ်တွင် မိဘနှစ်ပါး၏နာမည်စာလုံး မထည့်သင့်ပါ။ အထူးသတိပြုရန်မှာ ဤနှစ်တွင် ကလေးများအား နာမည်မှည့်ခေါ်ရာ၌ နာမည်၏အလယ်လုံးများ ဖြည့်စွက်ရာတွင် အင်္ဂါ၊ ကြာသပတေး၊ သောကြာ၊ စနေနံသင့်အက္ခရာများကိုသာ လှည့်ပတ်စဉ်းစားရွေးချယ်၍ ဖြည့်စွက်ကာ မှည့်ခေါ်ပေးကြပါလေ။ အထူးသဖြင့် အဓိပ္ပာယ်ကောင်းမွန်လှသော နာမည်စာလုံးများကို ရွေးချယ်ပေးကြပါဟု တိုက်တွန်းရင်း ကောင်းမှုအကြောင်းပြု တောင်းဆုပြည့်ပါစေ။

သုခစုစံ(ကျိုက်လတ်)



www.burmeseclassic

www.burmeseclassic.com



ဆရာရန်အောင်ဟိန်း(B.Sc)

## (၂၀၁၈)ခုနှစ်၊ ဇူလိုင်လအတွင်း

# ခနသိဒ္ဓိနက္ခတ်နယ်ပယ်ပေါ် လက်နှင့်မွန်းတည့်မျဉ်းဖြတ်ကျော်မည်

(၂၀၁၈)ခုနှစ်၊ ဇူလိုင်လအတွင်း ခနသိဒ္ဓိနက္ခတ်၏ နယ်ပယ်ပေါ် လက်နှင့် မွန်းတည့်မျဉ်း ဖြတ်ကျော်မည့် အချိန်ပိုင်းများကို အထူးတွက်ချက် ဖော်ပြပေးလိုက်ပါသည်။ ယင်းကာလများအတွင်း လာဘ,ခနဆိုင်ရာ ဂါထာ,မန္တန်များ ရွတ်ပွားခြင်း၊ အဆောင်,ယတြာများ စီရင်ခြင်းဖြင့် အကျိုးထူးများစွာ ခံစားကြရပါလိမ့်မည်။

အထူးမှာ (၁-၇-၂၀၁၈) ည(၁၀း၂၂း၅၃)နာရီမှ (၃-၇-၂၀၁၈) နံနက်(၁း၂၁း၀၇)နာရီအတွင်းနှင့် (၂၉-၇-၂၀၁၈) နံနက်(၄း၂၂း၅၆)နာရီမှ (၃၀-၇-၂၀၁၈) နံနက်(၇း၁၆း၄၆)နာရီအတွင်းတို့တွင် စန်း (ခေါ်) တနင်္လာဂြိုဟ်သည် ခနသိဒ္ဓိနက္ခတ်၏ နယ်ပယ်ပေါ်သို့ ကောဇာသွားခြင်းဖြင့် ဖြတ်ကျော်စီးနင်းနေပါလိမ့်မည်။

သို့ဖြစ်ပါ၍ လက်ဖြတ်ကျော်ခြင်းအတွက် (၂-၇-၂၀၁၈) ည(၂၁း၀၁း၂၆)နာရီမှ (၂၁း၄၇း၂၇) အတွင်းနှင့် (၂၉-၇-၂၀၁၈) ည(၁၉း၁၅း၁၇)နာရီမှ (၂၀း၀၁း၁၈)နာရီအတွင်းတွင်လည်းကောင်း၊ မွန်းတည့်မျဉ်းဖြတ်ကျော်ခြင်းအတွက် (၂-၇-၂၀၁၈) နံနက်(၂း၄၅း၀၄)နာရီမှ (၃း၃၆း၄၂)နာရီနှင့် (၃၀-၇-၂၀၁၈) နံနက်(၀း၅၄း၅၈)နာရီမှ (၁း၄၆း၃၇)နာရီအတွင်းတွင်လည်းကောင်း လာဘ,ခနဆိုင်ရာ ဂါထာ,မန္တန်များ ရွတ်ပွားခြင်း၊ အဆောင်,ယတြာများ ဆောင်ရွက်ခြင်းဖြင့် အကျိုးထူးများ ဧကန်မုချ ခံစားကြရပါလိမ့်မည်။

ဆရာရန်အောင်ဟိန်း(B.Sc)



www.burmeseclassic

www.burmeseclassic.com

(၂၀၁၈)ခုနှစ်၊ ဇူလိုင်လအတွင်း

**နေ့သီးနှံနက္ခတ်နယ်ပယ်ပေါ် လက်ဖြတ်ထပေး**

| ရက် | စဝင်ချိန် | ထွက်ခွာချိန် |
|---|---|---|
| ၁ | ၂၁:၀၅:၂၂ | ၂၁:၅၁:၂၃ |
| ၂ | ၂၁:၀၁:၂၆ | ၂၁:၄၇:၂၇ |
| ၃ | ၂၀:၅၇:၃၀ | ၂၁:၄၃:၃၁ |
| ၄ | ၂၀:၅၃:၃၄ | ၂၁:၃၉:၃၅ |
| ၅ | ၂၀:၄၉:၃၉ | ၂၁:၃၅:၃၉ |
| ၆ | ၂၀:၄၅:၄၃ | ၂၁:၃၁:၄၄ |
| ၇ | ၂၀:၄၁:၄၇ | ၂၁:၂၇:၄၈ |
| ၈ | ၂၀:၃၇:၅၁ | ၂၁:၂၃:၅၂ |
| ၉ | ၂၀:၃၃:၅၅ | ၂၁:၁၉:၅၆ |
| ၁၀ | ၂၀:၂၉:၅၉ | ၂၁:၁၆:၀၀ |
| ၁၁ | ၂၀:၂၆:၀၃ | ၂၁:၁၂:၀၄ |
| ၁၂ | ၂၀:၂၂:၀၇ | ၂၁:၀၈:၀၈ |
| ၁၃ | ၂၀:၁၈:၁၁ | ၂၁:၀၄:၁၂ |
| ၁၄ | ၂၀:၁၄:၁၅ | ၂၁:၀၀:၁၆ |
| ၁၅ | ၂၀:၁၀:၂၀ | ၂၀:၅၆:၂၀ |
| ၁၆ | ၂၀:၀၆:၂၄ | ၂၀:၅၂:၂၅ |
| ၁၇ | ၂၀:၀၂:၂၈ | ၂၀:၄၈:၂၉ |
| ၁၈ | ၁၉:၅၈:၃၂ | ၂၀:၄၄:၃၃ |
| ၁၉ | ၁၉:၅၄:၃၆ | ၂၀:၄၀:၃၇ |
| ၂၀ | ၁၉:၅၀:၄၀ | ၂၀:၃၆:၄၁ |
| ၂၁ | ၁၉:၄၆:၄၄ | ၂၀:၃၂:၄၅ |
| ၂၂ | ၁၉:၄၂:၄၈ | ၂၀:၂၈:၄၉ |
| ၂၃ | ၁၉:၃၈:၅၂ | ၂၀:၂၄:၅၃ |
| ၂၄ | ၁၉:၃၄:၅၆ | ၂၀:၂၀:၅၇ |
| ၂၅ | ၁၉:၃၁:၀၀ | ၂၀:၁၇:၀၁ |
| ၂၆ | ၁၉:၂၇:၀၅ | ၂၀:၁၃:၀၆ |
| ၂၇ | ၁၉:၂၃:၀၉ | ၂၀:၀၉:၁၀ |
| ၂၈ | ၁၉:၁၉:၁၃ | ၂၀:၀၅:၁၄ |
| ၂၉ | ၁၉:၁၅:၁၇ | ၂၀:၀၁:၁၈ |
| ၃၀ | ၁၉:၁၁:၂၁ | ၁၉:၅၇:၂၂ |
| ၃၁ | ၁၉:၀၇:၂၅ | ၁၉:၅၃:၂၆ |

(၂၀၁၈)ခုနှစ်၊ ဇူလိုင်လအတွင်း

**နေ့သီးနှံနက္ခတ်နယ်ပယ်ပေါ် မွန်းတည့်မျဉ်းဖြတ်ထပေး**

| ရက် | စဝင်ချိန် | ထွက်ခွာချိန် |
|---|---|---|
| ၁ | ၂:၄၉:၀၀ | ၃:၄၀:၃၈ |
| ၂ | ၂:၄၅:၀၄ | ၃:၃၆:၄၂ |
| ၃ | ၂:၄၁:၀၈ | ၃:၃၂:၄၆ |
| ၄ | ၂:၃၇:၁၂ | ၃:၂၈:၅၀ |
| ၅ | ၂:၃၃:၁၆ | ၃:၂၄:၅၄ |
| ၆ | ၂:၂၉:၂၀ | ၃:၂၀:၅၈ |
| ၇ | ၂:၂၅:၂၄ | ၃:၁၇:၀၂ |
| ၈ | ၂:၂၁:၂၈ | ၃:၁၃:၀၆ |
| ၉ | ၂:၁၇:၃၂ | ၃:၀၉:၁၀ |
| ၁၀ | ၂:၁၃:၃၆ | ၃:၀၅:၁၅ |
| ၁၁ | ၂:၀၉:၄၁ | ၃:၀၁:၁၉ |
| ၁၂ | ၂:၀၅:၄၅ | ၂:၅၇:၂၃ |
| ၁၃ | ၂:၀၁:၄၉ | ၂:၅၃:၂၇ |
| ၁၄ | ၁:၅၇:၅၃ | ၂:၄၉:၃၁ |
| ၁၅ | ၁:၅၃:၅၇ | ၂:၄၅:၃၅ |
| ၁၆ | ၁:၅၀:၀၁ | ၂:၄၁:၃၉ |
| ၁၇ | ၁:၄၆:၀၅ | ၂:၃၇:၄၃ |
| ၁၈ | ၁:၄၂:၀၉ | ၂:၃၃:၄၇ |
| ၁၉ | ၁:၃၈:၁၃ | ၂:၂၉:၅၁ |
| ၂၀ | ၁:၃၄:၁၇ | ၂:၂၅:၅၆ |
| ၂၁ | ၁:၃၀:၂၂ | ၂:၂၂:၀၀ |
| ၂၂ | ၁:၂၆:၂၆ | ၂:၁၈:၀၄ |
| ၂၃ | ၁:၂၂:၃၀ | ၂:၁၄:၀၈ |
| ၂၄ | ၁:၁၈:၃၄ | ၂:၁၀:၁၂ |
| ၂၅ | ၁:၁၄:၃၈ | ၂:၀၆:၁၆ |
| ၂၆ | ၁:၁၀:၄၂ | ၂:၀၂:၂၀ |
| ၂၇ | ၁:၀၆:၄၆ | ၁:၅၈:၂၄ |
| ၂၈ | ၁:၀၂:၅၀ | ၁:၅၄:၂၈ |
| ၂၉ | ၀:၅၈:၅၄ | ၁:၅၀:၃၂ |
| ၃၀ | ၀:၅၄:၅၈ | ၁:၄၆:၃၇ |
| ၃၁ | ၀:၅၁:၀၃ | ၁:၄၂:၄၁ |



www.burmeseclassic

www.burmeseclassic.com



ဂမ္ဘီရပရိသတ် မေး၍

## ဆရာရန်အောင်ဟိန်း ဖြေသည်

ဂမ္ဘီရမဂ္ဂဇင်း၏ ဗေဒင် အမေး-အဖြေ ကဏ္ဍတွင် မေးမြန်းလိုပါက မေးလိုသော အချက်အလက်ကို အတိအကျ (လိုတိုရှင်း) ရေးသား၍ အောက်ဖော်ပြပါ လိပ်စာအတိုင်း လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ဂမ္ဘီရ မဂ္ဂဇင်း

အမှတ်-၁၈၂(က)(မြေညီထပ်)၊ ၃၃-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

- ✣ မေးသူ၏ အမည် ------------------------------------------------
- ✣ မွေးနေ့ (နှစ်၊ လ၊ ရက်) ------------------------------------------------
- ✣ မွေးဖွားရာ မြို့/ရွာ ------------------------------------------------
- ✣ အချိန်နာရီ (နေ့/ည) ------------------------------------------------

<u>မေးခွန်းများ</u>

(၁) ------------------------------------------------

(၂) ------------------------------------------------

(၃) ------------------------------------------------




www.burmeseclassic

ဆိုက္ကုရုပ်ကြိုသတ်မေးဂျ်

# ဆရာရန်အောင်ဟိန်း ဖြေသည်

## မရည်မွန်

(၂၁-၁၀-၁၉၈၁၊ ၇း၀၀ နာရီ၊ မုဒုံမြို့)




၁။ ချမ်းသာမည့်ကံ ပါပါသလား။

(၂)တန့်သခင် အင်္ဂါဂြိုဟ် (၁၁)တန့်ဘာဝတွင် ရပ်တည်နေပြီး (၂)တန့်ရပ် ဖြောဂြိုဟ် (၁၊ ၈)သခင်အား (၄)တန့်အထူးပြန်မြင်ထားသည်။ ဘဝတွင် အလတ်စားပြည့်စုံနိုင်ပါသည်။

၂။ အိုဇာတာ ကောင်း/မကောင်း။

အသက်(၅၃)နှစ်မှ (၆၃)နှစ်ထိ (၁၀)တန့်ရပ် (၁၀)တန့်သခင် ၂လာ်ဒသာစားဝင်သည်။ အသက်(၆၃)နှစ်မှ (၇၃)နှစ်ထိ (၁၁)တန့်ရပ် (၂၊ ၇)သခင် အင်္ဂါဂြိုဟ်ဒသာစားဝင်၍ အိုဇာတာကောင်းသည်ဟု ဆိုရပါမည်။

၃။ ကျန်းမာရေး ဂရုပြုရမည့်ကာလ။

(၁၊ ၈)သခင် (၂)တန့်ရပ် ဖြောထုလဒသာ၊ (၃၊ ၆)သခင် (၁၂)တန့်ရပ် ၅တေးဘုတ္တိဒသာ စားဝင်မည့် (၁၅-၇-၂၀၁၈)မှ (၁၅-၃-၂၀၂၁)အတွင်း ကျန်းမာရေး ဂရုပြုရပါမည်။

၄။ သားသမီး အကျိုးပေးမလား။

(၅)တန့်သခင်ဂြိုဟ် စနေ (၁၂)တန့်တွင် ရပ်တည်၍ (၉၊ ၁၂)သခင် ၄ဟူး (၃၊ ၆)သခင် ၅တေးတို့နှင့် ပူးယှဉ်၍ သားသမီးထဲတွင် အကျိုးပြုမည့်သူ ပါနေပါသည်။ ဒုတိယမြောက်သားသမီး အထူးသဖြင့် အကျိုးပြုမည်။

၅။ မည်သည့်လုပ်ငန်းမျိုး လုပ်ကိုင်သင့်ပါသနည်း။


(၁၀)တန့်သခင် (၁၀)တန့်(ကရကဋ်)တွင် ရပ်တည်၍ ရေ/အရည်နှင့်ပတ်သက်သော လုပ်ငန်း(ရေသန့်၊ အချိုရည် စသည်)မျိုး အထူးသင့်လျော်သည်။ လက်ဖက်ရည်ဆိုင်၊ အအေးဆိုင် ဖွင့်နိုင်သည်။ ရေထွက်ကုန်ပစ္စည်းလည်း အကျိုးပေးသည်။

၆။ ယခုအိမ်ထောင်နှင့် မြဲနိုင်သလား။

(၇)တန့်သခင် အင်္ဂါ (၂ တန့်သခင်လည်းဖြစ်)သည်။ (၁၁)တန့်မှနေ၍ (၂)တန့်ဘာဝအား အမြင်ကြုံနေ၍ ပဋိပက္ခသဘော မကောင်းသော်လည်း သိဟ်ရာသီ၊ ထိရရာသီတွင် ရပ်တည်ခြင်းဖြစ်၍ အိမ်ထောင်မြဲနိုင်ပါသည်။

## ဒေါ်ခင်ခင်ကျော်

(၄-၂-၁၉၆၀၊ ၅း၀၀ နာရီ၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်)




၁။ အိုဇာတာကံ။

(၉)တန့်သခင် ၁နွေဂြိုဟ် (၂)တန့်ဘာဝတွင် (၇၊ ၁၀)သခင် ၄ဟူးနှင့် ပူးယှဉ်ရပ်တည်နေခြင်းက ရာဇယှဉ်



www.burmeseclassic

www.burmeseclassic.com

ခနေယှက်မျိုး ရစေသည်။ ကံဇာတာ မညံ့ပါ။ သို့သော် မွေးဖွားစဉ်မှ စားဝင်လာသော ဒသာကာလများမှာ ဘဝ တိုးတက်မှုကို သိသာစွာ မပေးခဲ့သေးပါချေ။ (၆-၈-၂၀၂၀)တွင် (၁၊ ၄)သခင် (ခနေရာသီ) (၁၂)တန့်ရပ် ၅တေးထူလဒသာ စားပေဦးမည်။ ကံဇာတာ အညံ့ကြီး မဟုတ်ပါ။ အိုကံ သင့်ရုံရှိပါမည်။

၂။ *သားသမီး အကျိုးပေးမလား။*


(၅)တန့်သခင် အင်္ဂါဂြိုဟ် ခနေရာသီ (၁၂)တန့်တွင် ရပ်တည်၍ (၂၊ ၃)သခင် စနေဂြိုဟ်၊ (၆၊ ၁၁)သခင် ကြာဂြိုဟ်၊ (၁၊ ၄)သခင် ၅တေးဂြိုဟ်တို့နှင့် ပူးယှဉ်၍ သားသမီးထဲတွင် အကျိုးပြုမည့်သူ ပါရှိလာမည်။

၃။ *ကျန်းမာရေး(ကင်ဆာ) ဖြစ်နိုင်မည်လား။*

(၆)တန့်သခင် ကြာ (၁၂)တန့်ဘာဝ (လဂ်ရာသီ) တွင် စနေ(နာတာရှည်ရောဂါ)၊ ၅တေး၊ အင်္ဂါတို့နှင့် ပူးယှဉ်ရပ်တည်၍ နာတာရှည်ရောဂါ တစ်ခုခု ခံစားရစေတတ်သည်။ ကင်ဆာဟုကား ယတိပြတ် မဆိုနိုင်ပါ။

## မခန့်ခန့်ကျော်

(၇-၅-၂၀၀၀၊ ၇း၂၅ နာရီ၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်)




၁။ *အိမ်ထောင်ကံ ကောင်းနိုင်မည်လား။*

(၇)တန့်ဘာဝသခင်ဂြိုဟ် အင်္ဂါ လဂ်တွင်ပူး (၁၂ တန့်ပြောင်းရပ်)၍ (၇)တန့် မိမိပိုင်အိမ်(ဗြိစ္ဆာ)ကို ပြန်မြင်ထားသည်။ အိမ်ထောင်ကံ အလတ်စား ကောင်းပါသည်။ ဇာတိကွဲ၊ ကပြားလိုမျိုးတော့ ဖြစ်တတ်သည်။

၂။ *လက်ရှိစီးပွားရေး အခြေအနေ ကောင်းနိုင်မည်လား။*

(၁၈-၁-၂၀၁၈)မှ (၁၈-၇-၂၀၁၉)ထိ ရာဟုထူလ၊ ၂လံ့ဘုတ္တိဒသာ စားဝင်နေသည်။ ကရကဋ်ရာသီ (၂) တန့်ရပ် ရာဟုထူလနှင့် မေထုန်ရာသီ လဂ်ဘာဝရပ် (၃) တန့်သခင် ၂လံ့ဘုတ္တိဒသာဖြစ်၍ လက်ရှိစီးပွားရေး အခြေအနေမညံ့ပါ။ တိုးတက်မှုကား နှေးနေတတ်မည်။

၃။ *အကျိုးပေးမည့် စီးပွားရေး။*

(၁၀)တန့်သခင်ဂြိုဟ် စနေ (၁၂)တန့်တွင် ၅တေး၊ ၁နွေ၊ ၄ဟူး၊ ကြောဂြိုဟ်များနှင့် ပူးယှဉ်ရပ်တည်နေ၍ လုပ်ငန်းမျိုးစုံ လုပ်နိုင်သည်။ အထူးသဖြင့်ကား စားသောက်ကုန်၊ အထည်၊ အလှကုန် လုပ်ငန်းဘက် ပိုအားကောင်းစွာ အကျိုးပေးမည်။

၄။ *ပညာရေးဖြင့် အသက်မွေး၍ အကျိုးပေးမည်လား။*

(၁၀)တန့်သခင် စနေသည် ၅တေးဂြိုဟ် (ပညာရေးကာရက)နှင့် (၃)အံသာကွာတွင် နီးကပ်စွာ ပူးယှဉ်ရပ်တည်နေ၍ ပညာရေးနယ်ပယ်တွင် အသက်မွေး၍ ရပါသည်။ အကျိုးပေးပါမည်။

၅။ *မည်သည့်လုပ်ငန်း လုပ်ကိုင်သင့်ပါသလဲ။*

စားသောက်ကုန်၊ အလှကုန်၊ အထည် အထူးအကျိုးပေး ဆက်စပ်နေပါသည်။

၆။ *အိမ်ထောင်ကံနှင့် ကျနိုင်မည့် အသက်ပိုင်း။*


(၇)တန့်သခင်ဂြိုဟ် အင်္ဂါ (၇)တန့်ကို အမြင်ပြန်ကြဲနေ၍ အိမ်ထောင်ကျမည့်ကံ ရှိသလို အိမ်ထောင်ကံ သင့်သည်။ ကတောက်ကဆ ပြဿနာလေးများတော့ မကြာခဏ ကြုံရတတ်သည်။ အသက်(၂၇)နှစ်တစ်ဝိုက်တွင် အိမ်ထောင်ကျဖို့ရှိသည်။

## မယမင်းသူ

(၇-၁၀-၁၉၈၂၊ ၅း၂၀ နာရီ၊ မုဒုံမြို့)

၁။ *အိမ်ထောင်ကျရန် ရှိပါသလား။*

(၇)တန့်သခင်ဂြိုဟ် အင်္ဂါ (၂)တန့်ဘာဝ မိမိပိုင်






www.burmeseclassic

www.burmeseclassic.com

ဗြိစ္ဆာရာသီတွင် ရပ်တည်၍ ဘဝတွင် အိမ်ထောင်ကျဖို့က ရှိပါသည်။

၂။ *ဖူးစာရှင်၏ ပုံသဏ္ဌာန်။*


(၇)တန့်သခင် ဗြိစ္ဆာရာသီတွင် ရပ်တည်၍ အရပ်၊ ခန္ဓာကိုယ် အလတ်စား၊ အသားလတ်၊ မျက်နှာသွယ် သယောင်ရှိမည်။ ဦးခေါင်းတွင် အမာရွတ် (သို့မဟုတ်) အမှတ် ပါတတ်သည်။

၃။ *နေရမည့် အဆင့်အတန်း။*

လဂ်သခင် ၆ကြာဂြိုဟ် (၁၂)တန့်ရပ်ခြင်း၊ (၁၀)တန့်သခင် ၂လာ (၈)တန့်ရပ်ခြင်းကြောင့် လူလတ်တန်းစား ဘဝမျိုးတွင် နေရပါမည်။

## ဦးအောင်သိုက်

### (၉-၉-၁၉၅၆၊ ၉း၀၀ နာရီ၊ မုဒုံမြို့)




၁။ *စီးပွားရေး တိုးတက်မည့်ကာလ။*

(၁၁-၇-၂၀၁၉)မှ (၁၁-၇-၂၀၂၀)တွင်း (၁၊ ၈)သခင်အဖြစ် (၁၀)တန့်ဘာဝ၌ ရပ်တည်သော ၆ကြာ ထူလ (၁၁)သခင်အဖြစ် (၁၁)တန့်တွင် ရပ်တည်သော ၁နွေဘုတ္တိဒသာတွင် စီးပွားတိုးတက်ပါမည်။

၂။ *ကျန်းမာရေး။*


(၆)တန့်သခင် ၅တေး (၁၁)တန့်တွင် ရပ်တည်၍ များသောအားဖြင့် ကျန်းမာရေးပြဿနာမရှိပါ။ လက်ရှိမှ (၂၀၃၉)ခုနှစ်ကုန်ထိ သာမန်အညှို့မျိုးမှတစ်ပါး အထူးညှို့ခြင်း မရှိနိုင်ပါ။

၃။ *ထီပေါက်ကိန်း၊ ကာလ။*

(၁၁)တန့်သခင် ၁နွေ (၁၁)တန့်တွင် (၃၊ ၆)သခင် ၅တေးဂြိုဟ်နှင့် ပူး၍ ဘဝတွင် ထီပေါက်ကိန်းရှိသည်။ (၁၁-၇-၂၀၁၉)မှ (၁၁-၇-၂၀၂၀)အတွင်း ထီကံစမ်းကြည့်ပါ။

## မပွေးနန္ဒာအောင်

### (၂၀-၁၂-၁၉၈၄၊ ၉း၄၅ နာရီ၊ သံတွဲမြို့)




၁။ *ဘဝတွင် နေသွားရမည့် အဆင့်အတန်း။*

လဂ်သခင် ၅တေးသည် လဂ်ဘာဝတွင် (၁)တန့်သခင် ၁နွေနှင့်ပူး၍ ရပ်တည်သောကြောင့် ဘဝကံ မြင့်မားပါသည်။ ဘဝကံ အမြင့်စားတွင် နေရဖို့ရှိပါသည်။

၂။ *ကျောက်အရောင်းအဝယ်ဖြင့် ကြီးပွားနိုင်မည်လား။*

(၁၀)တန့်သခင်ဂြိုဟ် ၄ဟူး ဗြိစ္ဆာရာသီ (၁၁)တန့်ဘာဝတွင် (၈)တန့်သခင် ၂လာဂြိုဟ်နှင့် ပူးယှဉ်ရပ်တည်နေသည်။ ကျောက်အရောင်းအဝယ်တွင် ကျောက်စိမ်း၊ မြ၊ ပုလဲတို့ဖြင့် ပိုအကျိုးရတတ်ပါသည်။ ကြီးပွားလိုလျှင် အကျိုးဆောင်လုပ်ငန်း၊ ဆက်သွယ်ရေးသုံးပစ္စည်း၊ ရေ၊ အရည်နှင့်ဆက်စပ်သော လုပ်ငန်းမျိုးများ လုပ်ဆောင်သင့်ပါသည်။

၃။ *အေးချမ်းစွာ တရားအားထုတ်နိုင်မည့်ကာလ။*

(၁၀)တန့်သခင် အနေအထားက တရားအားထုတ်ခြင်းကို သေသေချာချာ အချိန်ပေးလုပ်နိုင်ရန် မလွယ်လှသေးပါ။ ရံဖန်ရံခါ အချိန်တစ်ခုပေး လုပ်ဆောင်နိုင်ခြင်းမျိုးလောက်သာ ရှိနိုင်ပါသေးသည်။

## မောင်စိုးမြင့်

### (၂၄-၂-၁၉၈၂၊ ၂၀း၁၆ နာရီ၊ လားရှိုးမြို့)


၁။ *ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းကံ ပါ/မပါနှင့် အကျိုးပေးလုပ်ငန်း။*

(၁၀)တန့်သခင်ဂြိုဟ် ၄ဟူး (၅)တန့်တွင် (၂၊ ၉)သခင် (၄)တန့် (မကာရ)ရပ် ၆ကြာဂြိုဟ်နှင့် ပူးယှဉ်



www.burmeseclassic

www.burmeseclassic.com




ရပ်တည်နေသည်။ (၇)တန့်သခင် ၅တေး (၂)တန့် (တူရာသီ)တွင် ရပ်တည်နေသည်။ ကိုယ်ပိုင်စီးပွားရေးလုပ်ရန် ကံပါရှိပါသည်။ စားသောက်ကုန်၊ အလှကုန်၊ လျှပ်စစ်ပစ္စည်း၊ အီလက်ထရောနစ်ပစ္စည်းဆိုင်ရာ လုပ်ငန်းများထဲမှ လုပ်နိုင်ပါသည်။

၂။ *အိုဇာတာ ကောင်းပါမည်လား။*

(၉-၇-၂၀၄၀)မှ (၉-၇-၂၀၆၀)အတွင်း ဖြကြာထုလဒသာ စားဝင်ပါသည်။ (၂၊ ၉)သခင်အဖြစ် (၄) တန့် (မကာရ)တွင် (၁၊ ၁၀)သခင် ၄ဟူး(၅ တန့်ရပ်) နှင့် ပူးယှဉ်ရပ်တည်၍ အိုဇာတာကောင်းပါသည်။

၃။ *အိမ်ထောင်ရေးကံ ကောင်း/မကောင်း။*


(၇)တန့်သခင် ၅တေး (၂)တန့် တူရာသီတွင် ရပ်တည်၍ အိမ်ထောင်ရေးကံ ကောင်းပါသည်။

## မတင်ဇာ

**(၁၃-၂-၁၉၈၆၊ ၁၆း၀၀ နာရီ၊ ရန်ကုန်မြို့)**

၁။ *အိမ်ထောင်ကျကိန်း ရှိပါဦးမည်လား။*

(၇)တန့်သခင်ဂြိုဟ် စနေ (၅)တန့်တွင် (၅)တန့်သခင် အင်္ဂါနှင့် ပူးယှဉ်ရပ်တည်နေ၍ အိမ်ထောင်ကျနောက်ကျတတ်သည်ဟုသာ ဆိုရပါမည်။ အပျိုကြီးဇာ




တာတော့ မဟုတ်ပါ။ (၂)တန့်သခင်အဖြစ် (၇)တန့်တွင် ရပ်တည်သော ၁နေ့ထုလဒသာဝင်မည့် (၁၆-၁၀-၂၀၂၁) နောက်ပိုင်းတွင် အိမ်ထောင်ကျဖို့ရှိသည်။ (၂၀၂၁-၂၀၂၂) တစ်ဝိုက် ဖြစ်ပါမည်။

၂။ *ဘဝတွင် ကြီးပွားချမ်းသာမည့်ကိန်း ရှိ/မရှိ။*

(၂)တန့်သခင် ၁နေ့ ကုမ်ရာသီ (၇)တန့်ဘာဝတွင် ရပ်တည်၍ (၂)တန့်အား ပြန်မြင်နေသည်။ အိမ်ထောင်ကျပြီးနောက် ဘဝကံ မြင့်မားပြည့်စုံလာပါမည်။

၃။ *ထီဆုကြီးပေါက်ကံ။*

(၁၁)တန့်သခင် ဖြကြာ (၈)တန့်တွင် (၆၊ ၉)သခင် ၅တေး၊ (၃၊ ၁၂)သခင် ၄ဟူးတို့နှင့် ပူးယှဉ်ရပ်တည်နေ၍ ဘဝတွင် ထီပေါက်ကံ ရှိပါသည်။ စပ်တူကံ ပို၍အားကောင်းပါသည်။ (၁၆-၁၀-၂၀၂၁)မှ (၁၆-၁၀-၂၀၂၇) ၁နေ့ထုလဒသာမှာ ထီပေါက်ကိန်း အားကောင်း၍ (၂၀၂၁)ခုနှစ်ကုန်ပိုင်း နိုဝင်ဘာလ၊ ဒီဇင်ဘာလများတွင် ထီကံစမ်းကြည့်ပါလေ။


**ဆရာရန်အောင်ဟိန်း(B.Sc)**

**(ခရစ်ရှနားမူတီးပဒ္ဓတိ ရှေ့ဆောင်နက္ခတ်ဗေဒင်ပညာရှင်)**

အမှတ်-၂၁၃(ပ-ထပ်)၊ ၃၂-လမ်း(အထက်)၊ (CLOVER ဟိုတယ်အနီး)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၃၁ ၁၉၈ ၂၆၊ ၀၉ ၂၆၁ ၄၄ ၇၇ ၆၆၊ ၀၉ ၉၆၆ ၇၃၂ ၉၉၃၊ ၀၉ ၇၉၅ ၄၂၀ ၃၉၄


### မေး၍ဖြေသည် ပရိသတ်များသို့ ပန်ကြားချက်

ဂမ္ဘီရပရိသတ်ကြီးအား ကျေးဇူးတုံ့ပြန်သောအားဖြင့် ထုတ်ဝေသူ၊ စာတည်းချုပ်၏ စေတနာအရ နက္ခတ်ဗေဒင်ပညာဖြင့် တိကျစွာပြန်လည်ဖြေကြားပေးနေသောကဏ္ဍဖြစ်ပါသည်။ သို့ဖြစ်၍ မွေးရပ်၊ မွေးရက်၊ လ၊ နှစ်၊ မွေးဒေသ၊ အချိန်နာရီတို့ တိကျရန်လိုပါသည်။ မွေးချိန်မတိကျက လက်မှမဟုတ်ဘဲ စန်း(၂လဲ)မှ ဖြေကြားရ၍ အဖြေများ မှန်ကန်တိကျမှု အားနည်းတတ်ပါသည်။

မွေးချိန်မသိက အမေးပုံစံကို ဖြည့်စွက်သော ရက်၊ လ၊ နှစ်၊ အချိန်၊ ဒေသတို့ကို ဖြည့်စွက်၍ ရောက်ဆဲအသက်ကိုပါ ရေးသားပေးပါ။ မွေးဒေသအတွက် ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီးတို့ကိုပါ ရေးသားပေးပါ။

www.burmeseclassic

www.burmeseclassic.com


# ®ဆင်ကဘို

## ဆီးဝမ်းလေမှန် အကြောဖြေဆေးပြား

**သုံးစွဲနိုင်သောရောဂါများ**

ဤဆေးသည် ကျား/မ မရွေးဖြစ်သော အညောင်းအကိုက်၊ ဇပွန်း၊ ဝဲ၊ ယားနာ၊ ဝက်ခြံ၊
အပူ၊ အပိမ့်များ၊ ဒူလာပါဒရက်၊ ဓီးယပ်ရောဂါ၊ ဆီးရောဂါ၊ လိပ်ခေါင်းရောဂါများအတွက် သုံးစွဲနိုင်ပါသည်။

ရန်ကုန်ဖြန့်ချိရေး - ကိုဝင်းမြင့်၊ မဘောဘီ၊ အမှတ်(၄၈၂)၊ (၁၅)လမ်းနှင့် ကမ်းနားလမ်းထောင့်၊ လမ်းမတော်မြို့နယ်။
☎ ၀၁-၂၂၆၃၈၂ ၊ ၀၁-၂၂၇၉၃၅
လှထုမေတ္တာစတိုး၊ အမှတ်(၁၂၀)၊ (၂၄)လမ်း၊ လသာမြို့နယ်။ ☎ ၀၁-၂၄၁၇၀၃
သိမ်ကြီးဈေး D ရုံ အတွင်းရှိ ဆေးမျိုးစုံဆိုင်များ၊ ရွှေပြည့်စုံဈေးနှင့် မင်္ဂလာဈေးရှိ ဆေးမျိုးစုံဆိုင်များ။

မန္တလေးဖြန့်ချိရေး - ကောင်းသန့်ဆေးဆိုင်၊ ၂၉ လမ်း(၈၃×၈၄ ကြား)၊ ရှင်ဘိုမယ်အရှေ့ဘက်ဝင်း၊ မန္တလေးမြို့။ ☎ ၀၂-၆၈၉၁၃
အောင်ရတနာဆေးမျိုးစုံဆိုင်၊ (၂၈×၈၃)လမ်းထောင့်၊ ☎ ၀၂-၃၅၀၆၁
မထူး၊ မစူး ဆေးမျိုးစုံဆိုင်၊ (၂၇×၂၈)လမ်းကြား၊ (၈၇)လမ်းမကြီး၊ ☎ ၀၂-၃၁၄၇၇
ဈေးချို E ရုံ (မြေညီထပ်)နှင့် F ရုံ (ပထမထပ်)ရှိ ဆေးမျိုးစုံဆိုင်များမှတစ်ဆင့်
မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိနေပါသည်။

ထုတ်လုပ်ခွင့်လိုင်စင်အမှတ်-ဓ/၂၀၁၄(တဆထလ)(၂၆၂၆)　　တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-TMR- ၀၁၀၄၂၃(၀၆၁၅)

**ပင်ရင်း-ကျားကမ္ဘာဘယဆေးဆိုင် - ၄၀၂(ဘေ)ရုံ၊ ကုန်ဈေးတန်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။**

**ဖုန်း ၀၉ ၅၅၀၆၁၈၉၊ ၀၉ ၂၅၀၅၀၉၀၆၁၊ ၀၁-၃၇၁၀၂၂(လိုင်းခွဲ)၅၅၃**



အင်္ဂဝိဇ္ဇာ + နဝင်းမဟာဘုတ်ပညာရှင်

# ဆရာမကြီး နဝင်းမိုးအိမ်

## အဆင့်မြင့် ဓာတ်ရိုက်ဓာတ်ဆင် + နဝင်းယတြာ

အိမ်ထောင်ရေး၊ အတွင်းရေးတို့ကို လုံခြုံစိတ်ချစွာ တိုင်ပင်နိုင်ခြင်း၊ ချစ်သူတို့၏ စိတ်သဘောထားများနှင့် ကိုက်ညီမှု ရှိ၊မရှိ စစ်ပေးခြင်း၊ ကံကောင်းချိန်၊ ကံဆိုးချိန်တို့ကို တိကျစွာ တွက်စစ်ပေးခြင်း၊ အမည်ပေးခြင်း၊ ရင်သွေးများ မွေးချိန် အချိန်ကောင်း ရွေးပေးခြင်း၊ အိမ်ထောင်ရေး အဆင်မပြေမှုများကို ပြန်လည်ချစ်ခင် သင့်မြတ်စေခြင်း၊ အိမ်၊ ခြံ၊ မြေ၊ ကား ရောင်းဝယ်ခြင်း၊ ဆုံးမသွန်သင်ရန် ခက်ခဲနေသော သားသမီးများကို ပြန်လည်တည်ငြိမ်လာအောင် ဆောင်ရွက်ပေးခြင်းတို့ကို အဆင်မြင့် ဓာတ်ရိုက်ဓာတ်ဆင် ယတြာများဖြင့်လည်းကောင်း၊ ကံမြင့် ကံပွင့် နဝင်းစီး ယတြာတို့ဖြင့်လည်းကောင်း စီမံဆောင်ရွက်ပေးသည်။

မသန်စွမ်းသူများကို အခမဲ့ကူညီပေးသည်။

ရွှေတိဂုံဘုရားတောင်ဘက်ရှိ မဟာဝိဇယစေတီ (အနောက်ဘက်မုခ်)
လိပ်ကန်ဘေး၊ ဆိုင်ခန်းအမှတ်(၃)
ဖုန်း - ၀၉၉၇၀ ၇၀၂၉၄၀ ၊ ၀၉၄၂၁၀၆၆၂၀ ၊ ၀၉၅၁၄၀၀၈၈




www.burmeseclassic

www.burmeseclassic.com

# [၂၀၁၈]ခုနှစ်၊ နက္ခတ်ဗေဒင်ဟောစာတမ်း

## နက္ခတ်တာရာများက ဖော်ပြနေတဲ့ သင့်ဘဝရဲ့ တစ်လတာကံကြမ္မာ

❤ ❤ ❤ ဆရာကံထူး(ဝေဒသုတေသီ) ★ ★ ★

နက္ခတ်တာရာများနှင့် ယှဉ်တွဲမွေးဖွားလာကြတဲ့ လူသားတို့ပင် ဦးထိပ်ရွက်တင်ကာ သယ်ဆောင်လာခဲ့ကြသဖြင့် လူ့ဘဝအား ခြယ်လှယ်ခွင့်ရနေကြတဲ့ ကောင်း၊ဆိုးနှစ်တန် ကုသိုလ်၊ အကုသိုလ်လောကဓံကို အနီးစပ်ဆုံးမှန်ကန်အောင် တွက်ထုတ်ပေးနိုင်သော ပညာကား ဗေဒင်ပညာပင်ဖြစ်ပါသည်။ အတိတ်ကံကောက်ကြောင်းပန်းချီကို ဤသို့ဤပုံဟု သိမြင်မထားဘဲ ပစ္စုပ္ပန်ကို အလုဆင်လျှင် ကြည်လင်လှပ၊ နူးကြွရွှတဲ့ ဘဝပန်းချီ ဖြစ်မလာနိုင်သည့်အပြင် မလှစီးမွား၊ ရေနစ်ဆားသို့ ပျက်ပြားသွားရတတ်ပါသည်။ သင့်ကြိုးစားမှုက နွားချိုကို နို့ညှစ်မိသကဲ့သို့ ခုတ်ရာတခြား ရှရာတခြား အလွဲလွဲအမှားမှား ဖြစ်နေတတ်ပါသည်။ ဆရာချစ်တဲ့ ဂမ္ဘီရပရိသတ်များ ထိုသို့ဖြစ်မသွားစေလိုပါ။ ထို့ကြောင့် ဘဝနှင့်ဆန္ဒ ထပ်တူကျနိုင်စေဖို့ရာ အတွေးသစ်များ လင်းလက်လာစေရေးအတွက် နက္ခတ်ဗေဒင်ဖြင့် ကူညီဖေးမ လမ်းပြပေးလိုက်ပါသည်။

မသိသူတွေ ကျော်သွားပြီး သိသူတွေ ဖော်စားကြမည့် ဤကဏ္ဍပါ ဇယားများကို ကမ္ဘာ့မဇ္ဈိမရီယံမျဉ်းဖြတ်တဲ့ ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ အရှေ့လောင်ဂျီတွဒ်(၉၇° ၃၂′)၊ မြောက်လတ္တီတွဒ်(၁၆° ၂၁′)ကို အခြေခံကာ လအလိုက် နေထွက်၊နေဝင်ချိန်များဖြင့် တွက်ထုတ်ထားပါသည်။ မိမိ မွေးလ၊ မွေးရက် ပါရှိရာ ဇယားကွက်၌ မွေးချိန်ကို ရှာကြည့်ရုံဖြင့် ဘေးတွင်ယှဉ်တွဲပြထားသော ရာသီလဂ်ကို အလွယ်တကူသိနိုင်ပေသည်။ ဂမ္ဘီရချစ်သူများအနေဖြင့် မိမိရာသီလဂ်ကို အတိအကျသိထားလိုပါက ဖုန်း-၀၉ ၄၀ ၁၅၃ ၄၄၉၉ သို့ ဆက်သွယ်ပါ။ ကွန်ပျူတာဖြင့် စာတဘွဲ့ပြီး မိနစ်(၂၀)အတွင်းမှာ ပြန်လည်ဖြေကြားပေးပါမည်။ ရာသီလဂ်သိရုံသက်သက်ဆိုပါက ဇာတာဖွဲ့ခ ပိုက်ဆံလုံးဝပေးစရာမလိုပါ။ အသင့်ဖွဲ့ပြီးဇာတာ ရှိနေပါက ထိုဇာတာပါ လဂ်အတိုင်းပင် ဟောကွက်တွင် ဖတ်ရှုနိုင်ပါသည်။

ဇန်နဝါရီလ (၁၄)ရက်မှ ဖေဖော်ဝါရီလ (၁၂)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆း၄၀ - ၈း၄၀ | မကာရ |
| ၈း၄၀ - ၁၀း၄၀ | ကုမ် |
| ၁၀း၄၀ - ၁၂း၄၀ | မိန် |
| ၁၂း၄၀ - ၁၄း၄၀ | မိဿ |
| ၁၄း၄၀ - ၁၆း၄၀ | ပြိဿ |
| ၁၆း၄၀ - ၁၈း၄၀ | မေထုန် |
| ၁၈း၄၀ - ၂၀း၄၀ | ကရကဋ် |
| ၂၀း၄၀ - ၂၂း၄၀ | သိဟ် |
| ၂၂း၄၀ - ၂၄း၄၀ | ကန် |
| ၂၄း၄၀ - ၂း၄၀ | တူ |
| ၂း၄၀ - ၄း၄၀ | ဗြိစ္ဆာ |
| ၄း၄၀ - ၆း၄၀ | ဓနု |

ဖေဖော်ဝါရီလ (၁၃)ရက်မှ မတ်လ (၁၃)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆း၄၀ - ၈း၄၀ | မကာရ |
| ၈း၄၀ - ၁၀း၄၀ | ကုမ် |
| ၁၀း၄၀ - ၁၂း၄၀ | မိန် |
| ၁၂း၄၀ - ၁၄း၄၀ | မိဿ |
| ၁၄း၄၀ - ၁၆း၄၀ | ပြိဿ |
| ၁၆း၄၀ - ၁၈း၄၀ | မေထုန် |
| ၁၈း၄၀ - ၂၀း၄၀ | ကရကဋ် |
| ၂၀း၄၀ - ၂၂း၄၀ | သိဟ် |
| ၂၂း၄၀ - ၂၄း၄၀ | ကန် |
| ၂၄း၄၀ - ၂း၄၀ | တူ |
| ၂း၄၀ - ၄း၄၀ | ဗြိစ္ဆာ |
| ၄း၄၀ - ၆း၄၀ | ဓနု |

မတ်လ (၁၄)ရက်မှ ဧပြီလ (၁၂)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆း၁၀ - ၈း၁၀ | မိန် |
| ၈း၁၀ - ၁၀း၁၀ | မိဿ |
| ၁၀း၁၀ - ၁၂း၁၀ | ပြိဿ |
| ၁၂း၁၀ - ၁၄း၁၀ | မေထုန် |
| ၁၄း၁၀ - ၁၆း၁၀ | ကရကဋ် |
| ၁၆း၁၀ - ၁၈း၁၀ | သိဟ် |
| ၁၈း၁၀ - ၂၀း၁၀ | ကန် |
| ၂၀း၁၀ - ၂၂း၁၀ | တူ |
| ၂၂း၁၀ - ၂၄း၁၀ | ဗြိစ္ဆာ |
| ၂၄း၁၀ - ၂း၁၀ | ဓနု |
| ၂း၁၀ - ၄း၁၀ | မကာရ |
| ၄း၁၀ - ၆း၁၀ | ကုမ် |

ဧပြီလ (၁၃)ရက်မှ မေလ (၁၃)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၀၅း၄၅ - ၀၇း၄၅ | မိဿ |
| ၀၇း၄၅ - ၀၉း၄၅ | ပြိဿ |
| ၀၉း၄၅ - ၁၁း၄၅ | မေထုန် |
| ၁၁း၄၅ - ၁၃း၄၅ | ကရကဋ် |
| ၁၃း၄၅ - ၁၅း၄၅ | သိဟ် |
| ၁၅း၄၅ - ၁၇း၄၅ | ကန် |
| ၁၇း၄၅ - ၁၉း၄၅ | တူ |
| ၁၉း၄၅ - ၂၁း၄၅ | ဗြိစ္ဆာ |
| ၂၁း၄၅ - ၂၃း၄၅ | ဓနု |
| ၂၃း၄၅ - ၀၁း၄၅ | မကာရ |
| ၀၁း၄၅ - ၀၃း၄၅ | ကုမ် |
| ၀၃း၄၅ - ၀၅း၄၅ | မိန် |

www.burmeseclassic

www.burmeseclassic.com

မေလ (၁၄)ရက်မှ
ဇွန်လ (၁၄)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅း၂၅ - ၇း၂၅ | ပြိဿ |
| ၇း၂၅ - ၉း၂၅ | မေထုန် |
| ၉း၂၅ - ၁၁း၂၅ | ကရကဋ် |
| ၁၁း၂၅ - ၁၃း၂၅ | သိဟ် |
| ၁၃း၂၅ - ၁၅း၂၅ | ကန် |
| ၁၅း၂၅ - ၁၇း၂၅ | တူ |
| ၁၇း၂၅ - ၁၉း၂၅ | ဗြိစ္ဆာ |
| ၁၉း၂၅ - ၂၁း၂၅ | ဓနု |
| ၂၁း၂၅ - ၂၃း၂၅ | မကာရ |
| ၂၃း၂၅ - ၁း၂၅ | ကုမ် |
| ၁း၂၅ - ၃း၂၅ | မိန် |
| ၃း၂၅ - ၅း၂၅ | မိဿ |

ဇွန်လ (၁၅)ရက်မှ
ဇူလိုင်လ (၁၅)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅း၂၀ - ၇း၂၀ | မေထုန် |
| ၇း၂၀ - ၉း၂၀ | ကရကဋ် |
| ၉း၂၀ - ၁၁း၂၀ | သိဟ် |
| ၁၁း၂၀ - ၁၃း၂၀ | ကန် |
| ၁၃း၂၀ - ၁၅း၂၀ | တူ |
| ၁၅း၂၀ - ၁၇း၂၀ | ဗြိစ္ဆာ |
| ၁၇း၂၀ - ၁၉း၂၀ | ဓနု |
| ၁၉း၂၀ - ၂၁း၂၀ | မကာရ |
| ၂၁း၂၀ - ၂၃း၂၀ | ကုမ် |
| ၂၃း၂၀ - ၁း၂၀ | မိန် |
| ၁း၂၀ - ၃း၂၀ | မိဿ |
| ၃း၂၀ - ၅း၂၀ | ပြိဿ |

ဇူလိုင် (၁၆)ရက်မှ
ဩဂုတ်လ (၁၆)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅း၃၀ - ၇း၃၀ | ကရကဋ် |
| ၇း၃၀ - ၉း၃၀ | သိဟ် |
| ၉း၃၀ - ၁၁း၃၀ | ကန် |
| ၁၁း၃၀ - ၁၃း၃၀ | တူ |
| ၁၃း၃၀ - ၁၅း၃၀ | ဗြိစ္ဆာ |
| ၁၅း၃၀ - ၁၇း၃၀ | ဓနု |
| ၁၇း၃၀ - ၁၉း၃၀ | မကာရ |
| ၁၉း၃၀ - ၂၁း၃၀ | ကုမ် |
| ၂၁း၃၀ - ၂၃း၃၀ | မိန် |
| ၂၃း၃၀ - ၁း၃၀ | မိဿ |
| ၁း၃၀ - ၃း၃၀ | ပြိဿ |
| ၃း၃၀ - ၅း၃၀ | မေထုန် |

ဩဂုတ်လ (၁၇)ရက်မှ
စက်တင်ဘာလ (၁၆)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅း၄၀ - ၇း၄၀ | သိဟ် |
| ၇း၄၀ - ၉း၄၀ | ကန် |
| ၉း၄၀ - ၁၁း၄၀ | တူ |
| ၁၁း၄၀ - ၁၃း၄၀ | ဗြိစ္ဆာ |
| ၁၃း၄၀ - ၁၅း၄၀ | ဓနု |
| ၁၅း၄၀ - ၁၇း၄၀ | မကာရ |
| ၁၇း၄၀ - ၁၉း၄၀ | ကုမ် |
| ၁၉း၄၀ - ၂၁း၄၀ | မိန် |
| ၂၁း၄၀ - ၂၃း၄၀ | မိဿ |
| ၂၃း၄၀ - ၁း၄၀ | ပြိဿ |
| ၁း၄၀ - ၃း၄၀ | မေထုန် |
| ၃း၄၀ - ၅း၄၀ | ကရကဋ် |

စက်တင်ဘာလ (၁၇)ရက်မှ
အောက်တိုဘာလ (၁၆)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅း၅၀ - ၇း၅၀ | ကန် |
| ၇း၅၀ - ၉း၅၀ | တူ |
| ၉း၅၀ - ၁၁း၅၀ | ဗြိစ္ဆာ |
| ၁၁း၅၀ - ၁၃း၅၀ | ဓနု |
| ၁၃း၅၀ - ၁၅း၅၀ | မကာရ |
| ၁၅း၅၀ - ၁၇း၅၀ | ကုမ် |
| ၁၇း၅၀ - ၁၉း၅၀ | မိန် |
| ၁၉း၅၀ - ၂၁း၅၀ | မိဿ |
| ၂၁း၅၀ - ၂၃း၅၀ | ပြိဿ |
| ၂၃း၅၀ - ၁း၅၀ | မေထုန် |
| ၁း၅၀ - ၃း၅၀ | ကရကဋ် |
| ၃း၅၀ - ၅း၅၀ | သိဟ် |

အောက်တိုဘာလ (၁၇)ရက်မှ
နိုဝင်ဘာလ (၁၅)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅း၅၅ - ၇း၅၅ | တူ |
| ၇း၅၅ - ၉း၅၅ | ဗြိစ္ဆာ |
| ၉း၅၅ - ၁၁း၅၅ | ဓနု |
| ၁၁း၅၅ - ၁၃း၅၅ | မကာရ |
| ၁၃း၅၅ - ၁၅း၅၅ | ကုမ် |
| ၁၅း၅၅ - ၁၇း၅၅ | မိန် |
| ၁၇း၅၅ - ၁၉း၅၅ | မိဿ |
| ၁၉း၅၅ - ၂၁း၅၅ | ပြိဿ |
| ၂၁း၅၅ - ၂၃း၅၅ | မေထုန် |
| ၂၃း၅၅ - ၁း၅၅ | ကရကဋ် |
| ၁း၅၅ - ၃း၅၅ | သိဟ် |
| ၃း၅၅ - ၅း၅၅ | ကန် |

နိုဝင်ဘာလ (၁၆)ရက်မှ
ဒီဇင်ဘာလ (၁၅)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆း၅၅ - ၈း၅၅ | ဗြိစ္ဆာ |
| ၈း၅၅ - ၁၀း၅၅ | ဓနု |
| ၁၀း၅၅ - ၁၂း၅၅ | မကာရ |
| ၁၂း၅၅ - ၁၄း၅၅ | ကုမ် |
| ၁၄း၅၅ - ၁၆း၅၅ | မိန် |
| ၁၆း၅၅ - ၁၈း၅၅ | မိဿ |
| ၁၈း၅၅ - ၂၀း၅၅ | ပြိဿ |
| ၂၀း၅၅ - ၂၂း၅၅ | မေထုန် |
| ၂၂း၅၅ - ၂၄း၅၅ | ကရကဋ် |
| ၂၄း၅၅ - ၂း၅၅ | သိဟ် |
| ၂း၅၅ - ၄း၅၅ | ကန် |
| ၄း၅၅ - ၆း၅၅ | တူ |

ဒီဇင်ဘာလ (၁၆)ရက်မှ
ဇန်နဝါရီလ (၁၃)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆း၅၅ - ၈း၅၅ | ဓနု |
| ၈း၅၅ - ၁၀း၅၅ | မကာရ |
| ၁၀း၅၅ - ၁၂း၅၅ | ကုမ် |
| ၁၂း၅၅ - ၁၄း၅၅ | မိန် |
| ၁၄း၅၅ - ၁၆း၅၅ | မိဿ |
| ၁၆း၅၅ - ၁၈း၅၅ | ပြိဿ |
| ၁၈း၅၅ - ၂၀း၅၅ | မေထုန် |
| ၂၀း၅၅ - ၂၂း၅၅ | ကရကဋ် |
| ၂၂း၅၅ - ၂၄း၅၅ | သိဟ် |
| ၂၄း၅၅ - ၂း၅၅ | ကန် |
| ၂း၅၅ - ၄း၅၅ | တူ |
| ၄း၅၅ - ၆း၅၅ | ဗြိစ္ဆာ |

## (၂၀၁၈)ခုနှစ်၊ ဇူလိုင်လအတွက် နက္ခတ်ဗေဒင်ဟောစာတမ်း

### မိဿလဂ် (Aries)



စစ်ဖက်ဆိုင်ရာ၊ ဆေးဘက်ဆိုင်ရာနှင့် ရွှေလုပ်ငန်းရှင်များ၊ ဓာတ်သတ္တုတူးဖော်ရေး ကုမ္ပဏီလုပ်ငန်းရှင်များ အခက်အခဲများနေမည်။ ရာထူးဌာနန္တရ အပြောင်းအလဲရှိမည်။ စိတ်တိုင်းမကျသော နေရာဒေသသို့ ပြောင်းရတတ်၏။ ပညာရေးဟူသမျှ စိတ်မဝင်စားချင် ဖြစ်နေတတ်၏။ ကား၊ ဆိုင်ကယ် စတဲ့စက်တပ်ယာဉ် စက်ပစ္စည်းများ ဝယ်ယူပါက အပေါင်းနှင့်တိုးမည်။ နာမည်တွင် (ယ၊ ရ၊ လ၊ ဝ)အက္ခရာများပါဝင်တဲ့ မြို့၊ ရွာ၊ ရပ်ကွက်၊ လမ်းများသို့ ပြောင်းရွှေ့ရတတ်ပါသည်။ မပြောင်းချင်လျှင် မွေးနေ့တိုင်း ဆီးမီးပူဇော်ကာ ဆုတောင်းပါ။ ပညာသင်လူငယ်များ ဘာသာရပ်ဆိုင်ရာ စိတ်ဝင်စားမှု နည်းပါးနေမည်။ မိခင်နှင့်ပတ်သက်ပြီး စိတ်က အလိုမကျ ဖြစ်နေတတ်၏။ အစာအိမ်လေနာရောဂါ ဖြစ်လာတတ်၍ အပူအစပ်နှင့် လေစာများ လျှော့စားပါ။ အလုပ်အကိုင် အဆင်ပြေမလိုလိုနှင့် သိပ်မပြေချင်ပါ။ ကိုယ်ရေးကိုယ်တာကိစ္စများ ခဏမေ့ထားနိုင်မှ



www.burmeseclassic

www.burmeseclassic.com

စိတ်သက်သာရာရမည်။ အိမ်နီးနားချင်း ချစ်သူစုံတွဲများ မသွားသင့်သည်များသွားတာ မမှားသင့်သည်များ မှားသွားတတ်ပါသည်။ အိမ်ထောင်ရေး နည်းနည်းသည်းခံပေးပါ။ အကျိုးပေးဂဏန်းကတော့ (၈၊ ၄၊ ၁၊ ၆၊ ၅) ဖြစ်ပါသည်။

ယတြာ - အင်္ဂါထောင့် ဂြိုဟ်တိုင်ဘုရားကို သောက်တော်ရေကပ်ပြီး ယပ်ကိုးချက် ခတ်ပေးပါ။

## ပြိဿလဂ် (Taurus)



ဖျားနာရောဂါ ဖြစ်တတ်၍ ရေချိုးမမှားအောင် ဆင်ခြင်ပါ။ အိမ်ဝယ်လိုသူများ ဝယ်ဖြစ်သွားမည်။ မျက်နှာ၊ ပါးစပ်ကို ထိခိုက်ဒဏ်ရာရတတ်၏။ လဝက်ကျော်လျှင် အတိုက်အခံများ စိတ်ထားပျော့ပျောင်းကာ အညံ့ခံလာမည်။ လက်လွှတ်ဆုံးရှုံးရမည့် စပ်တူလုပ်ငန်းများ ပြန်လည်ကောင်းမွန်လာမည်။ အခြေခံစားသောက်ကုန်နှင့် အာဟာရဆိုင်ရာ လုပ်ငန်းရှင်များ၊ ဝန်ထမ်းများ မထင်မှတ်ဘဲ ဘေးဥပဒ်ရောက်တတ်၏။ ယခင်က ကုန်ဆုံးသွားတဲ့ ဂုဏ်သိက္ခာ စည်းစိမ်ချမ်းသာကို အဖတ်ဆယ်ဖို့ ကြိုးစားရင်း ကိုယ်ရောစိတ်ပါ ပင်ပန်းနေမည်။ သားရေးသမီးရေး ယနေ့ထိ စိတ်မအေးနိုင်သေးပါ။ ပညာတစ်ပိုင်းတစ်စနှင့် အလုပ်လုပ်ကိုင်နေသူများ အဆင်ပြေနေမည်။ ပညာရေးနှင့်ပတ်သက်တဲ့ ကိုယ်ပိုင်လုပ်ငန်းရှင်များ၊ သင်တန်းများ အထူးအောင်မြင်နေမည်။ အချစ်ကို ကိုးကွယ်နေသူများ အချစ်စေစားလို့ ပညာရေးနှင့် ငွေကြေး သိသိသာသာ လျော့နည်းကျဆင်းမည်။ အမှန်တကယ် အလုပ်လုပ်လိုသူများ အလုပ်ကောင်းရမည်။ ရာထူးတိုးလျှောက်ထားသူများ ရာထူးတိုးဖို့ရာ မလွယ်ကူသေးပါ။ အကျိုးပေးဂဏန်းကတော့ (၃၊ ၄၊ ၁၊ ၆၊ ၉)ဖြစ်ပါသည်။

ယတြာ - မွေးနေ့မှာ အိမ်ရှိဘုရားကို နို့ဆန်ပြုတ် ဆက်ကပ်လှူဒါန်းပြီး လိုရာဆုတောင်းပါ။

## မေထုန်လဂ် (Gemini)



ကြင်နာယုယမှုကို လိုလားပါတယ်ဆိုမှ ရက်စက်မှုတွေနှင့် တိုးနေတတ်၏။ မျက်စိလည်ပြီး မသွားတတ် မလာတတ် ဖြစ်နေသူအား ခရီးလမ်းညွှန်ပေးလိုက်ပါ။ အဆင်ပြေခြင်းများ ချက်ချင်းဆိုသလို ကြုံတွေ့ရလိမ့်မည်။ အိမ်ထောင်ရှင်များကတော့ နီးတကျက်ကျက် ဝေးတသက်သက် ဖြစ်နေတတ်ပါသည်။ စည်းရုံးရေးမှူးများအားလုံးနီးပါး အောင်မြင်မှု နည်းနေမည်။ အတင်းစည်းရုံးလျှင် အချုပ်အနှောင်ခံရတတ်၏။ လိုရာမရလျှင် ရရာကို ယူတတ်ပါစေ။ ဤလကား သင့်အတွက် ငါးမရရေချိုးပြန်သင့်တဲ့ ကာလပါ။ (၉)ရက်နေ့နောက်ဆုံးထားလို့ လက်ဆောင်ကောင်းတစ်ခုရလိမ့်မည်။ အလုပ်အကိုင်ရှာဖွေနေသူများ ပထမပတ်တွင် အဆင်မပြေသလိုလိုနှင့် နောက်ပိုင်း အဆင်ပြေသွားမည်။ ဘာသာရေးစာပေနှင့် အသုံးအဆောင် ရောင်းဝယ်သူများ ဝင်ငွေကောင်းမည်။ အိမ်ထောင်ရှင်များ အကြွေးစကားကြောင့် ပြဿနာတက်တတ်၏။ အချစ်ရှာသူများကတော့ အဆင်တပြေကို တွေ့မည်။ ပညာရေးအနေအထား ကောင်းမွန်နေမည်။ ငွေကြေးလည်းပဲ အဆင်ပြေနေမည်။ အကျိုးပေးဂဏန်းများကတော့ (၅၊ ၀၊ ၇၊ ၄၊ ၁)ဖြစ်ပါသည်။

ယတြာ - မိမိဝန်းကျင်တွင် စိတ္တဇဝေဒနာရှင် ရှိနေပါက ပိန္နဲသီး ဝယ်ကျွေးလိုက်ပါ။ အဆင်ပြေလိမ့်မည်။

## ကရကဋ်လဂ် (Cancer)



ငါ့လှေငါထိုး ပဲခူးရောက်ရောက်၊ ငါ့မြင်းငါစိုင်း စစ်ကိုင်းရောက်ရောက်၊ ငါ့ကျောင်းငါထိုင် ဘယ်သူဆိုင်လိမ့် လုပ်နေတတ်၏။ ဘဝမှာ ပြင်မရတဲ့ အမှားနှင့် ရင်ဆိုင်ရတတ်၍ ယင်းစိတ်ထားကို ပြင်လိုက်ပါ။ အိမ်ထောင်ရေးဆိုင်ရာ အမှားတစ်ခု ကျူးလွန်ရန် သင်ကြံစည်နေတတ်ပါသည်။ မိမိကိုယ်ကို သတိဖြင့် ထိန်းပါလေ။ မပေါင်းသင့်သူနှင့် ပေါင်းဖက်မိနေတတ်၏။ အမဲပုပ်ကို ချည်နှောင်တဲ့ သမန်းမြက်သဖွယ် သင့်ဆီသို့ အပုပ်နံ့ကူးစက်လာတတ်ပါသည်။ ခွေးလိမ္မာ အမြီးကုတ်၊ လူလိမ္မာ နောက်ကိုဆုတ်ဆိုတဲ့ ဥပဒေသကို ကျင့်သုံးပါ။ မှန်ကန်တဲ့ အကြင်နာသံယောဇဉ်ကို ရလိမ့်မည်။ မိခင်ကောင်းကျိုး ခံစားရတတ်ပါသည်။ ယခုလတွင် ဆိုင်ကယ်၊ ကား စတဲ့ယာဉ်ပစ္စည်းများ ဝယ်မည်ဆိုပါက ပထမပတ်တွင် လုံးဝမဝယ်ပါနှင့်။ နေအိမ်နေရာဒေသ အပြောင်းအလဲဖြစ်လျှင် (၃)အစ (၅)အဆုံးဖြင့် အောင်ဘာလေထီ ထိုးပါလေ။ ကုမ္ပဏီဝန်ထမ်းဆိုပါက အတိုက်



www.burmeseclassic

www.burmeseclassic.com

အခံကြောင့် အလုပ်ပြုတ်သွားတတ်၏။ စားသောက်ကုန် လုပ်ငန်းရှင်များ အထူးကံကောင်းနေမည်။ (၈၊ ၉၊ ၁၀) သုံးရက်အတွင်း လက်ဆောင်ကောင်းရလိမ့်မည်။ အကျိုးပေးဂဏန်းကတော့ (၅၊ ၃၊ ၆၊ ၉၊ ၈)ဖြစ်ပါသည်။

ယတြာ - ပေါက်စီ (သို့မဟုတ်) စံပယ်ပန်း လွယ်ကူရာကို ဘုရားအား ကပ်လှူပါ၊ အဆင်ပြေလိမ့်မည်။


## သိဟ်လဂ် (Leo)



ငွေကြေး လူလိမ်ခံရတတ်၏။ အင်္ဂါသားသမီးများကို သတိထားပြီး ပေါင်းသင်းဆက်ဆံပါ။ အင်္ဂါနံပါတ်တဲ့ မုန့်များ ရောင်ထားနိုင်က ပိုကောင်းပါသည်။ ကျန်းမာရေး အနည်းငယ်ညံ့နေတတ်၏။ အရေးပါတဲ့ လုပ်ငန်းများ (၁၆)ရက်အတွင်း စတင်ပါ။ (၁၀၊ ၁၁) နှစ်ရက် အကောင်းဆုံး။ (၁၇)ရက်နေ့နောက်ပိုင်း စတင်ရန် မသင့်ပါ။ အလုပ်အကိုင်ရှာဖွေနေသူများ အဆင်မပြေသလိုနှင့် နောက်ပိုင်း အဆင်ပြေသွားမည်။ အချစ်ရေးမှာ ဖွဲ့ကောင်းပေမယ့် ပေးသလောက် မရနိုင်တဲ့ ကာလပါ။ ငွေကြေး၊ ပညာရေးမှာ ဝေဒကမကင်းနိုင်ပါ။ ဘာပဲပြောပြော ဂုဏ်သိက္ခာ၊ စည်းစိမ်ဥစ္စာ မြင့်မားလာမည်။ ကြီးမားသောတာဝန်တစ်ခု ထမ်းဆောင်ရလိမ့်မည်။ စိတ်ကို ပျော်ရွှင်စွာထားပြီး ထမ်းဆောင်ပါ။ အထူးအခွင့်အရေးများ ခံစားရလိမ့်မည်။ အိမ်ထောင်ရှင်များ သားသမီးပညာရေးကိစ္စကြောင့် ကတောက်ကဆ စကားများရတတ်ပါသည်။ ဖက်စပ်လုပ်ငန်းဆို ရှောင်ပါ။ ဘဏ်ဝန်ထမ်းများ၊ ဘာသာရေးဆိုင်ရာ ဝန်ထမ်းများ မထင်မှတ်ဘဲ အိမ်ထောင်ကျတတ်၏။ လကုန်ခါနီးတွင် နိုင်ငံရပ်ခြားမှ သတင်းထူးကြားရတတ်၏။ အကျိုးပေးဂဏန်းများကတော့ (၅၊ ၇၊ ၀၊ ၁၊ ၆)ဖြစ်ပါသည်။

ယတြာ - ရဟန်းတော်သုံးပါးအား ဒိန်ချဉ်လှူဒါန်းလိုက်ပါ။ တစ်ပတ်အတွင်း အကျိုးခံစားရလိမ့်မည်။


## ကန်လဂ် (Virgo).



ဝင်ငွေလာဘ်လာဘ အထူးကောင်းမွန်နေမည်။ မရည်ရွယ်ဘဲ စော်ကဲမင်းဖြစ်တတ်တဲ့ကာလပါ။ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းရှင်များ၊ ပညာရှင်များ စိတ်စနိုးစနောင့် ဖြစ်ရတတ်၏။ သို့သော် အောင်မြင်နေမည်။ အိမ်၊ ခြံဝင်း၊ ကား ဝယ်လိုသူများ မဝယ်ဖြစ်ဘဲ အားကုန်နေတတ်၏။ ညီအစ်ကိုမောင်နှမနှင့် စကားခိုက်ရန်ဖြစ်ခြင်းကို အတတ်နိုင်ဆုံး ရှောင်ပါလေ။ မိတ်ဆွေဟောင်းတစ်ဦးရဲ့ ကူညီမှုကြောင့် အလုပ်အကိုင် အဆင်ပြေသွားလိမ့်မည်။ ပညာသင်လူငယ်များ ခိုက်ရန်ဒေါသ၊ သွေးထွက်သံယို ဖြစ်လာတတ်၍ အချင်းချင်း ငြင်းခုံခြင်းကို မပြုပါလေနှင့်။ နိုင်ငံရပ်ခြားနှင့် ဆက်သွယ်လုပ်ကိုင်သူများ အထူးဝင်ငွေကောင်းနေမည်။ ငွေကြေး စုဆောင်းမိမည်။ ဖခင် (သို့မဟုတ်) အကြီးအကဲ တစ်ဦးဦး၏ အကူအညီကို ထိုက်ထိုက်တန်တန်ရလိမ့်မည်။ မိမိက ကိုယ်ပိုင်စည်းကမ်း၊ ကိုယ်ကျင့်တရား ထိန်းသိမ်းလေလေ ကူညီမှုရလေလေပင်။ (၁၈၊ ၁၉)ရက်များတွင် သင်စိတ်ချမ်းသာစရာ ကြုံတွေ့ရလိမ့်မည်။ ကျောင်းသားလူငယ်များ ဖွဲ့လုံ့လကောင်းနေမည်။ ပညာရေးမြင့်မားနေမည်။ ဆီကုန်သည်များ အတိုက်အခံပေါ်၍ ဈေးကွက်ပျက်လုနီးပါး ဖြစ်သွားတတ်၏။ စာပေ၊ အနုပညာနှင့် သတင်းမီဒီယာ လောကသားများ တုန်လှုပ်ဖွယ်ရာ ပြဿနာများနှင့် ရင်ဆိုင်ရတတ်ပါသည်။ ဘယ်အရာမဆို စိတ်ဝင်စားမှု နည်းနေတတ်၏။ အကျိုးပေးဂဏန်းကတော့ (၃၊ ၅၊ ၁၊ ၄၊ ၉)ဖြစ်ပါသည်။

ယတြာ - မိမိကြည်ညိုလေးစားတဲ့ စာရေးဆရာ၊ ဗေဒင်ဆရာ၊ သီလရှင် တစ်ဦးဦးအား စမူဆာအဝကျွေးလိုက်ပါ။ ပေးတဲ့ဆုနှင့် မပြည့်သော်လည်း တောင်းတဲ့ဆုနှင့် ပြည့်လိမ့်မည်။

## တူလဂ် (Libra)



ခရီးဝေးသွားလိုတဲ့ဆန္ဒ လွှမ်းကဲနေတတ်ပါသည်။ မသွားသင့်ပါ။ ဖိနပ်လုပ်ငန်းရှင်များ၊ ရောင်းဝယ်သူများ၊ အလုပ်အကိုင် ရောင်းရေးဝယ်တာ သိပ်မကောင်းနိုင်ပါ။ အရင်းအနှီးလျှော့နိုင်မှ အရှုံးသက်သာမည်။ ပထမပတ်အတွင်း အဆင်မပြေသည်များ နောက်ပိုင်း အဆင်ပြေသွားမည်။ လုပ်မြဲတိုင်းသာ လုပ်သွားပါ။ အလုပ်အကိုင်ကတော့ ပြောစရာမလိုလောက်အောင် ကောင်းနေမည်။ အထူးအားဖြင့် သောကြာနံသင့်ပစ္စည်း ရောင်းဝယ်သူများ ပိုအဆင်ပြေမည်။ အိမ်ထောင်ရေးမှာ


www.burmeseclassic

www.burmeseclassic.com

အတိုက်အခံ အနှောင့်အယှက်တွေ များနေတတ်၏။ ပညာသင်လူငယ်များ၊ ပညာရေးဝန်ထမ်းများ ကြိုးစားလိုစိတ်အားနည်းနေမည်။ စိတ်ဝင်မဝင်စားချင် ဖြစ်နေမည်။ ကျန်းမာရေး ကောင်းမွန်နေမည်။ စက်ဘီး၊ ဆိုင်ကယ်၊ ကားအထူးသတိထား မောင်းနှင်ပါ။ ရေသန့်နှင့် ရွှေလုပ်ငန်းရှင်များ၊ ရှေ့နေပွဲစားများ အထူးအကျိုးပေးနေမည်။ ဗေဒင်ဆရာ၊ စာရေးဆရာနှင့် တရားဟောဆရာများအားလုံး ထင်သည်ထက် ပိုအောင်မြင်နေမည်။ ပဲ၊ ဝါ၊ စပါး လှောင်ထားသူများ ဈေးကောင်းမရနိုင်သေးပါ။ လကုန်ခါနီး တစ်ရက်၊ နှစ်ရက်အလိုမှာ မမျှော်လင့်ဘဲ ဆေးရုံ၊ ဆေးခန်း ရောက်ရတတ်၏။ ဘဝကို တစ်ခန်းရပ် ပြဇာတ်တစ်ပုဒ်လို သဘောထားပြီး သူ့ကဏ္ဍနှင့်သူ ခွဲခြားကာ ကြိုးစားပါ။ အောင်မြင်လိမ့်မည်။ ယခင် မယုံကြည်နိုင်ခဲ့တဲ့ ဂမ္ဘီရဖြစ်ရပ်ဆန်းများ ကြုံရတတ်၏။ အကျိုးပေးဂဏန်းကတော့ (၅၊ ၇၊ ၉၊ ၄၊ ၂)ဖြစ်ပါသည်။

ယတြာ - သီလရှင်(၉)ပါးကို ဆွမ်းဆန်၊ ဆေးဝါးပစ္စည်းနှင့် သောက်ရေသန့် လောင်းလှူပါ။

## ဗြိစ္ဆာလဂ် (Scorpio)



စုမရဆောင်းမရ သောကတွေ ဗရပွနှင့် လောကကို ရင်ဆိုင်နေရမည်။ ကျန်းမာရေး အခြေအနေ သိပ်မကောင်းချင်ပါ။ ညီအစ်ကိုမောင်နှမများနှင့် အမွေကိစ္စ စကားများရတတ်ပါသည်။ ဂုဏ်သိက္ခာကို ထိပါးခံရတတ်၏။ အကြီးအကဲ မ,စလိမ့်မည်။ ရာထူးဌာနန္တရ တိုးမည်။ မိခင်နှင့် အဆင်မပြေဖြစ်တတ်၏၊ သို့မဟုတ် မိခင်ကျန်းမာရေးအတွက် စိုးရိမ်သောက ဖြစ်နေရတတ်ပါသည်။ အစာအိမ်ဝေဒနာရှင်များ ပြန်ပေါ်တတ်၍ အစားအသောက် ဆင်ခြင်ပါ။ (၁၈၊ ၁၉၊ ၂၀)ရက်များတွင် ထူးခြားတဲ့ လက်ဆောင်တစ်ခု ရလိမ့်မည်။ တကယ်တမ်း ရသင့်ရထိုက်တဲ့ အခွင့်အရေးတစ်ခု လက်လွတ်ဆုံးရှုံးရလိမ့်မည်။ အချစ်ရေး ကံမကောင်းနိုင်သေးပါ။ စာပေ၊ ရှေ့နေ၊ ပွဲစားနှင့် ဗေဒင်ဆရာ၊ မော်ဆရာ စတဲ့ လောကီဆရာများ မုန်းသလောက် အဆင်မပြေနိုင်တဲ့အပြင် ဘေးဒုက္ခရောက်ရတတ်ပါသည်။ ထို့ကြောင့် စည်းလွတ်ကမ်းလွတ် နှုတ်ပါးစပ်ကို ထိန်းသိမ်းပါလေ။ မိမိစားနေကျမဟုတ်တဲ့ မှိုထူးမှိုဆန်းများ မစားပါနှင့်၊ စားမိက အစာအဆိပ်ဖြစ်ကာ မူးမော်အော့အန်တတ်ပါသည်။ အကြောင်းသိမဟုတ်တဲ့ အင်္ဂါသားသမီးများကို ရှောင်ကြဉ်ပါ။ စက်ဆရာ/ဆရာမများ၊ စက်သုံးဆီရောင်းဝယ်သူများ အတိုက်အခံများနေမည်။ အကျိုးပေးဂဏန်းများကတော့ (၁၊ ၄၊ ၆၊ ၇၊ ၉)ဖြစ်ပါသည်။

ယတြာ - ပဲပလာတာ(၃)ချပ် အိမ်ရှိဘုရားကို ဆွမ်းကပ်ကာ လိုရာဆုတောင်းပါ။ ပြည့်ဝလိမ့်မည်။

## ဓနုလဂ် (Sagittarius)



လုပ်ငန်းထိခိုက်လောက်အောင် အပုပ်ချပြောဆိုခြင်း၊ မကောင်းကြံခြင်း ခံရတတ်ပါသည်။ ကြာသပတေး၊ စနေသားသမီးများကို အထူးသတိထားပေးပါ။ မတော်တဆဆိုတဲ့စကား မမျှော်လင့်ဘဲ သင့်ဘဝထဲ ဝင်ရောက်လာတတ်ပါသည်။ မိမိအလေ့အလာများရာ ဂါထာ၊ မန္တန်၊ ပရိတ်၊ ပဋ္ဌာန်း တစ်ခုခုကို အမြဲရွတ်ပွားပါ။ သို့မဟုတ်ပါက သင့်အလုပ်အကိုင် ရပ်တန့်သွားနိုင်ပါသည်။ ဘိန်းဘင်း၊ ကစော်၊ လှော်စာ၊ အရက်၊ မူးယစ်ဆေးဝါးနှင့် ဆက်နွယ်ပတ်သက်သူများ မိမိလုပ်ငန်းခွင်ထဲ ရောက်လာလျှင် လက်မခံပါနှင့်။ ရှောင်နိုင်သမျှ ရှောင်ပါလေ။ အတူနေတဲ့ အဖော်က ဆွေမျိုးတစ်ဦး ကျန်းမာရေးညံ့တတ်ပါသည်။ မိသားစုတွင် သင်္ဘောသား၊ ရေလုပ်သားရှိပါက စိုးရိမ်စရာ မကောင်းသတင်း ကြားရတတ်၏။ ကိုယ်တိုင် သင်္ဘောတက်ရန် ကြံစည်နေပါက ယခုလတွင် မထွက်သင့်ပါ။ မဖြစ်မနေ သင်္ဘောတက်ရလျှင် သမ္ဗုဒ္ဓေဂါထာကို သက်စေ့ရွတ်ပွားရန် မမေ့ပါနှင့်။ ပညာရေး ဒူးလောက်တင်မှ ရင်လောက်ကျမည်။ အချစ်ရေးပြေလည်နေသူများ ခုတလောမှာ မပြေလည်နိုင်ပါ။ အသစ်ရှာဖွေနေသူများ ရဖို့ကို မလွယ်ပါ။ အကျိုးပေးဂဏန်းကတော့ (၅၊ ၉၊ ၀၊ ၂၊ ၄)ဖြစ်ပါသည်။

ယတြာ - ဘူးသီးဟင်းရည်ချိုချက်ပြီး သံဃာတန်းကို ဆွမ်းလောင်းပါ။ ကံကောင်းလာလိမ့်မည်။

## မကာရလဂ် (Capricon)

ကျန်းမာရေး အထူးသတိထားရမည့် ကာလပါ။ ရည်မှန်းချက် ကြီးကြီးမားမားထားလေ ကျန်းမာရေးညံ့လာလေ ဖြစ်နေမည်။ ရသလောက်နှင့် ကျေနပ်တတ်တဲ့

www.burmeseclassic

www.burmeseclassic.com



အလေ့အကျင့်မွေးပါ။ နှမ်းတောင်သူ၊ ပဲတောင်သူများ အသင့်အတင့်မျှသာ အဆင်ပြေမည်။ အိမ်သူသက်ထား ဇနီးမယားနှင့် စကားများ၍ အစာအိမ်ရောဂါ ပြန်ပေါ်လာတတ်ပါသည်။ အိမ်ရောင်းဝယ်သူများ စာချုပ်စာတမ်း လုပ်ခါနီးမှ အကြောင်းအမျိုးမျိုးကြောင့် ပျက်သွားတတ်၏။ အိမ်ထောင်ဖက်အပေါ် သစ္စာမရှိလျှင် သင့်ရည်မှန်းချက် အခက်ခဲတွေ့နေမည်။ ဇွဲ၊ လုံ့လ၊ ဝီရိယကြောင့် အလုပ်အကိုင် အသင့်အတင့် အောင်မြင်နိုင်၏။ ညီအစ်ကိုမောင်နှမနှင့် စပ်တူလုပ်ထားတဲ့ စီးပွားရေးလုပ်ငန်း အထူးအောင်မြင်နေမည်။ လည်ချောင်းနှင့်ပတ်သက်တဲ့ အနာရောဂါ သက်သာမည်။ စာပေဟောဆရာ၊ ဗေဒင်ဆရာ၊ ကျောင်းဆရာများ အတိုက်အခံကြားက အောင်မြင်နေမည်။ ဘာသာရေး၊ လူမျိုးရေးဆိုင်ရာ စည်းရုံးသူများ ပါးစပ်ထဲ ကျောက်ခဲထည့်ဝါးသလို ဖြစ်နေမည်။ ဂမ္ဘီရကျင့်စဉ် ဖြည့်ကျင့်နေသူများ အတိတ်နိမိတ်ကောင်းကာ စိတ်ပျော်ရွှင်ရမည်။ အကျိုးပေးဂဏန်းကတော့ (၅၊ ဝ၊ ၉၊ ၁၊ ၃)ဖြစ်ပါသည်။

**ယတြာ** - ခိုလေးများကို အစာကျွေး၊ ပြီးလျှင် မိမိမွေးနေ့တွင် အိမ်ရှိဘုရားကျောင်းကို သန့်ရှင်းရေးလုပ်ပါ။

## ကုမ်လဂ် (Aquarius)



စိုးရိမ်စရာ မရှိပေမယ့် ကျန်းမာရေးကို ဂရုစိုက်ပါ။ ယခင်ရရှိထားတဲ့ ဒဏ်ရာဟောင်းများ ပြန်ပေါ်လာတတ်ပါသည်။ ငွေကြေးခက်ခဲပေမယ့် အရေးကြီးရင်တော့ တစ်နည်းနည်းနှင့် တစ်နေရာရာက အကြောင်းတစ်မျိုးမျိုးကြောင့် ရလာတတ်ပါသည်။ ထိုင်နေရင်း ဂုဏ်သိက္ခာတက်နေတတ်၏။ ကျန်းမာရေးမကောင်းတဲ့ကြားက စီးပွားရေးကောင်းနေမည်။ အလုပ်အကိုင် အဆင်မပြေတဲ့ကြားက ဝင်ငွေကောင်းနေမည်။ အလုပ်လုပ်ရင်း ပညာသင်နေသူများ အထူးအောင်မြင်နေမည်။ လေနာရောဂါကို သတိထားပါ။ သားရေးသမီးရေး စိတ်လေးနေမည်။ လှေပြေးတုန်း တက်ကျိုး ဆိုသကဲ့သို့ စိတ်ဖွဲသန်နေတုန်း ကိုယ်လက်အင်္ဂါတစ်ခုခု ထိခိုက်နာကျင်လာတတ်ပါသည်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေးအထူးသာယာနေမည်။ ဆွေမကင်း မျိုးမကင်းတဲ့ ချစ်သူစုံတွဲများ မထင်မှတ်ဘဲ အရေးပေါ် စေ့စပ်ဖြစ်သွားတတ်၏။ တနင်္ဂနွေနံသင့်ပစ္စည်း ရောင်းဝယ်သူများ အထူးမြတ်စွန်းမည်။ အကျိုးပေးဂဏန်းက (၄၊ ၁၊ ၆၊ ၅၊ ၂)ဖြစ်ပါသည်။

**ယတြာ** - (ပ၊ ဖ၊ ဗ၊ ဘ၊ မ) အက္ခရာပါတဲ့ ဘုရားတစ်ဆူဆူတွင် (တ၊ ထ၊ ဒ၊ ဓ၊ န) အက္ခရာပါ ယိုတစ်မျိုးမျိုး လှူဒါန်းပါ။

## မိန်လဂ် (Pisces)



ရည်ရွယ်ထားသည်နှင့် ဖြစ်လာသည်က ခါးတောင်းတခြား တင်တခြား ဖြစ်နေတတ်ပါသည်။ သို့သော် ဖြစ်ချင်ရာဖြစ် စိတ်မညစ်ပါနှင့်၊ ဆက်သာလျှောက်ပါ၊ အချိန်တန် နွားပိန်ကန်လိမ့်မည်။ စာရေးဆရာ၊ ဗေဒင်ဆရာများ အတော်အသင့် အောင်မြင်နေမည်။ သို့သော် အတည်တကျ ဖြစ်ဖို့မလွယ်သေးပါ။ ဘာသာရေး၊ လူမျိုးရေးဆိုင်ရာ စည်းရုံးလှုပ်ရှားမှုများ ရှောင်ပါ။ အိမ်ထောင်ရေး အသင့်အတင့် အဆင်ပြေနေမည်။ သားသမီးနှင့် ဝေးလိုက်နီးလိုက် ဖြစ်နေမည်။ ပညာရေးမှာ စိတ်မဝင်စားဖြစ်နေတတ်ပါသည်။ အချစ်ရေးမှာ မှားယွင်းတဲ့အချစ်နှင့် ဆုံတွေ့လိမ့်မည်။ သားရေးသမီးရေး ပေါ့ဆနေလျှင် ပြင်မရတဲ့ အမှားမျိုးတွေနှင့် ပက်ပင်းတိုးလာတတ်ပါသည်။ ငွေကြေး၊ ပစ္စည်းတစ်ခုခု စုမိဆောင်းမိရှိမည်။ အလုပ်သမားကိစ္စကြောင့် လင်နှင့်မယား ရန်ဖြစ်တတ်၏။ အိမ်ထောင်ဖက် ကျန်းမာရေးညံ့နေတတ်၏။ ရွှေနှင့် ရွှေလုပ်ငန်းသုံးပစ္စည်း ရောင်းဝယ်သူများ အကျိုးအမြတ်များမည်။ အကျိုးပေးဂဏန်းကတော့ (၉၊ ၃၊ ၅၊ ၈၊ ၁)ဖြစ်ပါသည်။

**ယတြာ** - စနေထောင့် ဂြိုဟ်တိုင်ဘုရားတွင် ပိတောက်(၇)ညွန့် လှူဒါန်းပြီး ဗုဒ္ဓေါကို ပုတီး(၉)ပတ်စိပ်ပါ။


**ရွှင်လန်းချမ်းမြေ့ကြပါစေဗျာ**

**ဆရာကံထူး(ဝေဒသုတေသီ)**

တိုက်အမှတ်-၁၁၄[၅-လွှာ(ဝဲ)]၊ (၂၂)လမ်း၊
လသာမြို့နယ်၊ ရန်ကုန်မြို့
☎ ၀၉ ၄၀ ၁၅၃ ၄၄ ၉၉ ၊ ၀၉ ၇၇၂ ၁၅၀၇၃

www.burmeseclassic

www.burmeseclassic.com




# မြေငလျင်လှုပ်ခြင်းနှင့် နက္ခတ်ဗေဒင်ပညာ

ဆရာရန်အောင်မင်္ဂနီး(B.Sc)

ယခုအခါ မြေငလျင်များ မကြာခဏ လှုပ်ခတ်နေ၍ လူအများ ကြောင့်ကြပွားနေကြရပေသည်။ သိပ္ပံပညာနှင့် နက္ခတ်ဗေဒင်ပညာ နှစ်ရပ်လုံးလည်း မြေငလျင်လှုပ်ခြင်းကို ခန့်မှန်းနိုင်သော အခြေအနေမျိုးတွင် ရှိနေပါသည်။

ဟိန္ဒူနက္ခတ်ဗေဒင်ပညာအရ မြေငလျင်လှုပ်ခြင်းကို ခက်ခဲလှစွာမဟုတ်ဘဲ အနီးစပ်ဆုံး ခန့်မှန်းနိုင်မည့် နည်းဥပဒေသများကို ဦးစွာ စုစည်းဖော်ပြပေးလိုပါသည်။

* အင်္ဂါဂြိုဟ်သည် မြေ၊ ယာ (land) ၏ ကာရက ဂြိုဟ်ဖြစ်၍ အင်္ဂါဂြိုဟ်အနေဖြင့် မြေဓာတ်ရာသီ (ပြိဿ၊ ကန်၊ မကာရ) တစ်ခုခုနှင့် ဆက်စပ်ပတ်သက်မှု (ရပ်တည်ခြင်း သို့မဟုတ် အမြင်ကြံ့နေခြင်း စသည်) ရှိနေရမည်။

* ရာဟုသည် ကမ္ဘာမြေ (earth) နှင့် မြေကြီးအောက် အတွင်းဘက် နေရာများကို ကာရကပြု ဖော်ပြ၍ ယင်းရာဟုဂြိုဟ်သည်လည်း မြေဓာတ်ရာသီ တစ်ခုခုနှင့် ဆက်စပ်ပတ်သက်မှု ရှိရမည်။

* အင်္ဂါပိုင် ရာသီများဖြစ်သော မိဿနှင့် ဗြိစ္ဆာရာသီ တစ်ခုခုသည် အင်္ဂါ (သို့မဟုတ်) ရာဟုဂြိုဟ် တစ်လုံးလုံးနှင့် ဆက်စပ်ပတ်သက်မှု ရှိရမည်။

* စနေဂြိုဟ်သည် အထက်ပါ မြေရာသီများ၊ အင်္ဂါဂြိုဟ်၊ ရာဟုဂြိုဟ်နှင့် ဆက်စပ်ပတ်သက်ခြင်း (ဝါ) အမြင်ကြံ့ခြင်းရှိပါက မြေငလျင်ပြင်းအား မြင့်မား၍ ထိခိုက်ပျက်စီး သေကျေမှုနှုန်း မြင့်မားတတ်ပါသည်။

* အရိပ်ဂြိုဟ်များနှင့် အင်္ဂါဂြိုဟ်တို့သည် ကောင်း



www.burmeseclassic

www.burmeseclassic.com

သောယုဂ် ဖွဲ့စည်းဖြစ်ပေါ်ပြီး စနေဂြိုဟ်သည် အင်္ဂါပိုင်ရာသီများ၊ မြေဓာတ်ရာသီများနှင့် ဆက်စပ်ပတ်သက်ပါဝင်လာလျှင် မြေငလျင်လှုပ်ရန် အခွင့်အလမ်း မြင့်တက်လာတတ်ပါသည်။

* အထက်ပါ ယုဂ်ဖွဲ့စည်းဖြစ်ပေါ်မှုသည် လပြည့် (Full Moon) တစ်ဝိုက် (သို့မဟုတ်) လဆန်းရက်ပိုင်း (New Moon) တွင် ဖြစ်ပေါ်ခဲ့ပါက ငလျင်လှုပ်ရန် ပိုမိုနီးစပ်မှု ရှိပေမည်။

* နေကြတ်၊ လကြတ် ဖြစ်ပေါ်ခြင်းကို မြင်တွေ့ရသော နေရာဒေသများတွင် အထက်ပါ ဂြိုဟ်ပူးယုဂ်များ ဖြစ်ပေါ်ပါက မြေငလျင်လှုပ်ရန် အခွင့်အလမ်း များစေတတ်သည်။

* ယင်းသို့သော ယုဂ်မျိုးသည် ပက္ခချစ်ဒြ (Paksha Chidra) တွင် ဖြစ်ပေါ်ပါက အလားတူ မှတ်ယူရမည်။ အထူးသဖြင့် (၄)ခုမြောက်၊ (၆)ခုမြောက်၊ (၁၂)ခုမြောက်နှင့် (၁၄)ခုမြောက် တိထိများတွင် ပို၍သတိပြုဖွယ် ဖြစ်ပါမည်။


* ထို့ပြင် တိထိ(၁၂)ခုမှ တိထိ(၆)ခုထိတိုင်အောင် တနင်္လာဂြိုဟ်(လ)နှင့် တနင်္ဂနွေဂြိုဟ်(နေ)တို့သည် မြေကမ္ဘာနှင့် ပူးတွဲဆက်စပ်ခြင်းကြောင့် တနင်္လာဂြိုဟ်သည် ယင်းတိထိများပေါ် ဖြတ်ကျော်စီးနင်း ကောဓာသွားစဉ် မြေငလျင်လှုပ်လေ့ရှိတတ်ပါသည်။

* အထက်ဖော်ပြပါ ဂြိုဟ်များတို့သည် မြေဓာတ်ရာသီများ (ပြိဿ၊ ကန်၊ မကာရ)၊ အင်္ဂါဂြိုဟ်ပိုင် ရာသီများ (မိဿ၊ ဗြိစ္ဆာ)တို့သည် ဆက်စပ်ပတ်သက် မြင်ယှဉ်ခြင်းရှိပါက ယင်းကာလအတွင်း တနင်္လာဂြိုဟ်(လ)၏ မြေကမ္ဘာတစ်ဝိုက် လှည့်ပတ်သွားလာမှုက မြေငလျင်လှုပ်စေတတ်သည်။

ယခုအခါ ကမ္ဘာပေါ်တွင် လှုပ်ခတ်ခဲ့သော ငလျင်ကြီးများမှ အချို့ကို အထက်ပါ ဥပဒေသများအရ ပြန်လည်ဆန်းစစ် ဝေဖန်ကြည့်ပြပါမည်။

**ဖြစ်ရပ်(၁)**

(၂၂-၅-၁၉၆၀) (၁၄း၁၀)နာရီတွင် ချီလီနိုင်ငံ၊ အယ်ဒီဗီယာ (aldivia) တွင် အင်အား(၉.၅)ဖြင့် လှုပ်ခတ်ခဲ့၍ လူ(၆၀၀၀)ကျော် ထိခိုက်သေကျေခဲ့သည်။ ခရစ်သျှနားတရယောဒါသတိထိ (Krishna Trayodasa) တွင် ဖြစ်သည်။





အင်္ဂါဂြိုဟ်နှင့် စနေဂြိုဟ်တို့ မြေဓာတ်ရာသီ တစ်ခုဖြစ်သော ကန်ရာသီကို အမြင်ကြံနေကြသည်။ ရာဟုဂြိုဟ်သည် မိဿရာသီ (အင်္ဂါပိုင်)ကို အမြင်ကြံထားသည်။ ကန်ရာသီသည် ဒွေးဒဟသဘာဝရှိပေရာ တည်ငြိမ်ခြင်းနှင့် လှုပ်ရှားခြင်းသဘော နှစ်ရပ်လုံးကို ဖော်ညွှန်းပြပေသည်။

ကန်ရာသီက ချီလီ၏ အနောက်တောင်ဘက် အစိတ်အပိုင်း နယ်ပယ်များ အပြင်းထန်ဆုံး ထိခိုက်ရသည်ကို ဖော်ပြသည်။

(၁၃-၃-၁၉၆၀)တွင် ချီလီနိုင်ငံ၌ လသဖ္ဗကြပ်ကို တွေ့မြင်ရပြီး ရက်ပိုင်းအတွင်း မြေငလျင်လှုပ်ခဲ့ခြင်းဖြစ်သည်။

**ဖြစ်ရပ်(၂)**

(၂၇-၃-၁၉၆၄) (၁၇း၃၆)နာရီ၊ အလာစကာ (Alaska) တွင် ပြင်းအား(၉.၂)ဖြင့် ငလျင်လှုပ်ခဲ့သည်။






www.burmeseclassic

www.burmeseclassic.com



အလာစကာငလျင် (ပြင်အား ၉.၂)

လူ(၁၂၈)ဦး သေဆုံးခဲ့ရသည်။ [ဆူနာမီကြောင့် (၁၁၃) ဦး၊ ငလျင်ကြောင့် (၁၅)ဦး] ပုဏ္ဏမီတိထိ (Pournami) တွင် ဖြစ်သည်။


မိဿရာသီ (အင်္ဂါပိုင်)ကို စနေဂြိုဟ်က (၃)တန့် အထူးမြင်၊ ကိတ်ဂြိုဟ်က (၅)တန့်အထူးမြင် ကြံနေသည်။ ကန်ရာသီ(မြေ)ကို အင်္ဂါဂြိုဟ်က အမြင်ကြံနေပြီး ဗြိစ္ဆာရာသီကို စနေဂြိုဟ်က (၁၀)တန့်အထူးမြင် ကြံနေသည်။ ရာဟုဂြိုဟ်သည် စနေဂြိုဟ်အား (၉)တန့်အထူးမြင် ကြံနေသည်။ ဒွေးဒဟာရာသီ (၄)ခုလုံးတွင် ပါပဂြိုဟ်များ ဆက်စပ်ရပ်တည်၍ ဖိအားပေးထားသည်။ မိန်ရာသီသည် အများဆုံး ထိခိုက်ခံစားရ၍ ၁နွေ၊ ၂လ်ာဂြိုဟ်များပါ ဆက်စပ်ပါဝင်နေသည်။ ယင်းရေရာသီ(မိန်)က ဆူနာမီကို ကမ္ဘာ့အရှေ့မြောက်ပိုင်း နေရာအား မြေငလျင်လှုပ်ခြင်းဖြင့် ရိုက်ခတ်ဖြစ်ပေါ်စေခဲ့သည်။

<u>ဖြစ်ရပ်(၃)</u>

(၅-၅-၁၉၃၀) ရန်ကုန်မြေငလျင်၊ ညနေပိုင်း (evening)၊ ရန်ကုန်မှ (၇၅)ကီလိုမီတာအကွာကို ဗဟိုပြု၍ လှုပ်ခဲ့သည်။ ငလျင်ပြင်းအား (၇.၃)ရှိ၍ လူ(၅၀၀)ကျော် သေဆုံးခဲ့ရသည်။ သုခလအဋ္ဌမီတိထိ (Shukala Asktami) တွင် မြေငလျင်လှုပ်ခဲ့ခြင်း ဖြစ်သည်။

မြေရာသီများဖြစ်ကြသော မေထုန်ရာသီနှင့် ကန်ရာသီတို့အား အင်္ဂါဂြိုဟ်နှင့် စနေဂြိုဟ်တို့က အမြင်ကြံနေကြသည်။ ရာဟုသည် အင်္ဂါပိုင် မိဿရာသီတွင် ရပ်တည်၍ စနေဂြိုဟ်အား (၉)တန့်အထူးမြင် ကြံနေသည်။ အင်္ဂါဂြိုဟ်သည် ကိတ်ဂြိုဟ်အား (၈)တန့်အထူးမြင် ကြံနေသည်။

ကန်ရာသီ၊ မေထုန်ရာသီ၊ ဓနုရာသီ၊ မိန်ရာသီဟူသော ဒွေးဒဟာရာသီ (၄)ခုလုံးအား ပါပဂြိုဟ် စနေ၊ အင်္ဂါ (ရပ်တည်ခြင်း၊ အမြင်ကြံခြင်း)ဖြင့်




သက်ရောက်နေသည်ကို တွေ့ရှိရသည်။ ရန်ကုန်ပတ်ဝန်းကျင်၊ ပဲခူးကဲ့သို့ မြို့များထိ ငလျင်ဒဏ် သက်ရောက်ခဲ့သည်။


ယင်းဓာတာများကို ဆန်းစစ်ကြည့်ကြခြင်းမှ မြေငလျင်လှုပ်ခတ်နိုင်သော ကာလပိုင်းကို အနီးစပ်ဆုံးနှင့် ခက်ခဲလွန်းခြင်းမရှိဘဲ ဆန်းစစ်နိုင်ပေမည်။

အနာဂတ် ငလျင်လှုပ်နိုင်ခြေကာလ ဆန်းစစ်ချက်တစ်ရပ်ကို ဖော်ပြပေးလိုပါသည်။

(၂၇/၂၈-၇-၂၀၁၈) နံနက်(၂း၅၁း၄၄)နာရီတွင် လသဗ္ဗကြတ်ရှိ၍ ရန်ကုန်မြို့မှ မြင်ရပါမည်။

www.burmeseclassic.com

www.burmeseclassic.com





မေထုန်နှင့် ကန်ရာသီ (မြေရာသီများ)ကို စနေဂြိုဟ်မှ အမြင်ကြံ့ထားသည်။ ကန်ရာသီကို ကိတ်ဂြိုဟ်မှ (၉)တန့်အထူးမြင် ကြံ့ထားသည်။ အင်္ဂါပိုင် ဗြိစ္ဆာရာသီကို ရာဟုဂြိုဟ်မှ (၅)တန့်အထူးမြင် ကြံ့ထားသည်။ ၁နွေဂြိုဟ်၊ ၂လ်ာဂြိုဟ်၊ အင်္ဂါဂြိုဟ်၊ ရာဟု၊ ကိတ်ဂြိုဟ်တို့ ဆက်စပ်ယှက်ဖွဲ့တည်မှု ဖြစ်ပေါ်နေသည်။ မေထုန်၊ ကန်၊ မနု ဒွေးဒဟ(၃)ရာသီကို ပါပဂြိုဟ်များ ရပ်တည်အမြင်ကြံ့ခြင်း ရှိနေသည်။ သုခလပက္ခ၊ ပရာသမတိထိ ဖြစ်သည်။

သို့အတွက် ယင်းလမကြတ်ခင် (သို့မဟုတ်) လကြတ်အပြီးကာလ ရက်ပိုင်းဝန်းကျင်တွင် မြန်မာ၌ (ရန်ကုန်ဝန်းကျင်မှ မြင်ရ၍) ရန်ကုန်မြို့ကိုပါ ရိုက်ခတ်နိုင်သော ငလျင်တစ်ရပ် လှုပ်ခတ်နိုင်ပါသည်။

(၃၁-၁-၂၀၁၈)တွင် လတစ်စိတ်တစ်ပိုင်း ကြတ်ခဲ့ပြီး (၁၅-၂-၂၀၁၈)တွင် နေသဗ္ဗကြတ် ကြံ့ခဲ့ပြီး (နေကြတ်ကို ရန်ကုန်မှမြင်ရ) မြန်မာပြည်တွင် ပြင်းအား(၆)ထိရှိသော ငလျင်တစ်ခုနှင့့် ထို့ထက်ပြင်းအားနည်းသော ငလျင်ငယ်များ ဖြူးဘက် အခြေပြု၍ မကြာခဏ လှုပ်ခတ်ခဲ့သည်ကို ကြံ့တွေ့ခဲ့ရသည်။

(၁၃-၇-၂၀၁၈)တွင် နေတစ်စိတ်တစ်ပိုင်းကြတ်မည်။ မြန်မာမမြင်ရပါ။ (၂၈-၇-၂၀၁၈)တွင် လသဗ္ဗကြတ်မည်။ မြန်မာမြင်ရမည်။ (၁၁-၈-၂၀၁၈)တွင် နေတစ်စိတ်တစ်ပိုင်းကြတ်မည်။ မြန်မာမှ မမြင်ရပါ။

သို့ဖြစ်၍ ဇူလိုင်အနှောင်းပိုင်းနှင့် ဩဂုတ်လ၊ စက်တင်ဘာလများသည် ငလျင်လှုပ်ခတ်မှုများ ပေါ်ပေါက်နိုင်ပြီး မြန်မာတွင်လည်း ဖြူးဘက် အခြေပြု၍ ပေါ



ပေါက်နိုင်ပေသည်။ ကမ္ဘာတွင်ကား ပြင်းအားမြင့်မားသော ငလျင်ကြီးမျိုးများ လှုပ်ခတ်နိုင်သည်။

ငလျင်ဇာတာပုံစံပြများအရ ငလျင်လှုပ်ခတ်မည့် ကာလပိုင်းများကို အနီးစပ်ဆုံး ခန့်မှန်းနိုင်ရန် နက္ခတ်



BURMESE CLASSIC .com



www.burmeseclassic

www.burmeseclassic.com

ဗေဒင် ဥပဒေသများနှင့် ဖော်ပြပေးလိုက်ပါသည်။

မြေငလျင်လှုပ်ခတ်ခြင်းကို နက္ခတ်ဗေဒင်စနစ်ဖြင့် ခန့်မှန်းလိုသူများအတွက် ခက်ခဲမှုမရှိလှဘဲ မှန်းဆဆန်းစစ်နိုင်ရန် ဖော်ပြပေးလိုက်ပါသည်။ ကမ္ဘာ့၊ မြန်မာ့ ငလျင်မှတ်တမ်းများကို အင်တာနက်တွင် ရှာဖွေ၍ ဇာတာ ဂြိုဟ်နေ တွက်ချက်ထည့်သွင်းကာ လေ့လာဆန်းစစ် သုတေသနပြုကြည့်နိုင်ပေသည်။

(၁၉၀၀)ပြည့်နှစ်မှ ယနေ့ခေတ် (၂၀၁၈)ခုနှစ်ထိ ကမ္ဘာ့မြေငလျင် မှတ်တမ်းများအရ ယခုဖော်ပြပေးခဲ့သော နက္ခတ်ဗေဒင် ဥပဒေသများသည် (၈၀)ရာခိုင်နှုန်းမျှ ကိုက်ညီနေကြောင်း ဆန်းစစ်တွေ့ရှိရပါသည်။

လောကသဘာဝ မြေငလျင်များကား ကမ္ဘာ့နေရာ အသီးသီးတွင် သဘာဝအလျောက် နေ့စဉ် လှုပ်ခတ်နေ သည်သာဖြစ်၍ တွေးကြောက်နေရန်ကား မလိုအပ်ပါချေ။ မြန်မာနိုင်ငံအတွက်ကား အင်္ဂါပိုင်ရာသီတစ်ခု (ဗြိစ္ဆာ)ကို ရာဟုဂြိုဟ်တစ်လုံးသာမြင်၍ အခြား စနေဂြိုဟ်၊ အင်္ဂါ ဂြိုဟ် ရပ်တည် မြင်ယှဉ်မှု မကြုံ၍ အင်အားကြီးမားလွန်းသော ငလျင်မျိုး မလှုပ်နိုင်ဟု ယူဆလိုပါသည်။

မြန်မာများအနေဖြင့် ဗုဒ္ဓဘာသာဝင်များပီပီ ရတနာ သုံးပါး ပြစ်မှားခြင်းမျိုး ရှောင်ရှား၍ ကောင်းမှုကုသိုလ် များ ပွားများကာ ကောင်းသောကံများ တည်ဆောက်ပေး ခြင်းဖြင့် ပြင်းထန်သော ငလျင်ဘေးမျိုးမှ လွတ်မြောက် ပါစေကြောင်း ဆန္ဒပြုလိုက်ရပါသည်။


စာရေးသူ ယခုရေးသားသော မြေငလျင်လှုပ်ခတ် မှု ဟောကိန်းအယူအဆ နက္ခတ်ဗေဒင် ပညာပေးဆောင်း ပါးကို (၂၀၁၀)ပြည့်နှစ်၊ ဇန်နဝါရီလထုတ် နက္ခတ်ဗေဒင် ပညာ အီးမဂ္ဂဇင်း (The Astrological e Magazine) မှ ဇယရှရီဝရနန်သန် (Jayashri Saranathan) ၏ "မြေ ငလျင်ဟောကြားခြင်း" (Predicting Earthquakes) မှ အချက်အလက်များအား ရယူအမှီးပြု ရေးသားခြင်းဖြစ် ပါသည်။

ဆရာရန်နောင်အောင်ဟိန်း(B.Sc)
ဖုန်း - ၀၉ ၇၃၁ ၁၉၈၂၆၊ ၀၉ ၂၆၁ ၄၄ ၇၇ ၆၆၊
၀၉ ၉၆၆ ၇၃၂ ၉၉၃၊ ၀၉ ၇၉၁ ၄၂၀ ၃၉၄




သုခရတနာ

- ဓမ္မစာပေဖြန့်ချီရေး



- ပဋ္ဌာန်းပါဠိတော်
- ပရိတ်ကြီး(၁၁)သုတ်ပါဠိတော်
- ဓမ္မစကြာနှင့် အနတ္တလက္ခဏာသုတ် ပါဠိတော်
- တရဏပရိတ် အဘိဏှသုတ်နှင့် ပရိမိတ္တဇာလသုတ် ပါဠိတော်

အိတ်ဆောင်လက်ကမ်း ဘုရားစာအုပ်များ ရရှိနိုင်ပါသည်။

အမှတ်-၃၅၂(ပထမထပ်)၊ ဘားလမ်း(မဟာဗန္ဓုလပန်းခြံလမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၃၈၉၇၀၇၊ ၀၉ ၄၄၃၀၇၆၄၉၄၊ ၀၉ ၇၃၀၇၆၄၉၄၊ ၀၉ ၉၆၄၁၉၄၅၂၅၊ ၀၉ ၄၄၈၃၂၂၆၆၇၊ ၀၉ ၇၉၁၃၈၂၄၄၇




www.burmeseclassic

www.burmeseclassic.com


ကြော်ငြာဆောင်းပါး

တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004667
လိုင်စင် ၇/၂၀၀၈၊ တဆထလ (တိုး)-၁၃၁၂




အဆီကျအဝကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့
# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ်တဆထက(တနယ်ခင်း)၁၃၀/၀၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပ့ါဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး၊ အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ၊ ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အဟက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

**ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ။**

ပင်ရင်း - **မုံရွာ-ဆရာမိုး** တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း

အမှတ်-၈၂/၃၅၆၊ မေဓာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁-၈၈၆၃၂

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၁၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၁၄၇)




www.burmeseclassic

www.burmeseclassic.com

# ဂရင်ဂျီနာအကြောင်း တစေ့တစောင်း

ဆရာဦးသိဟ(တိုင်းရင်းဆေး)

ဂရင်ဂျီနာရောဂါကို တိုင်းရင်းဆေးပညာရှင်များက ဘဂန္ဒိရ်နာဟုခေါ်ပြီး ဆေးသိပ္ပံရှင် ဆရာဝန်များက Fistula in Ano (FIA) ရောဂါဟု ခေါ်သည်။ တိုင်းရင်းဆေးပညာအရ ဂရင်ဂျီနာကို ဘေသဇ္ဇကျမ်း၊ ခာတုဝိနိစ္ဆကျမ်းနှင့် အဋ္ဌနိဒါန်းဘာသာ ဋီကာကျမ်းတွင် ဘဂန္ဒိရ(ဂရင်ဂျီနာ)ဟု ပြဆိုထားပါသည်။ ဝစ္စမဂ်၏ ထက်ဝန်းကျင် လက်နှစ်လုံးအတွင်း၌ အနာအဖု ဖြစ်ပေါ်လာ၏။ လွန်စွာကိုက်ခဲနာကျင်တတ်၏။ ပေါက်ကွဲသွားသည်ရှိသော် ထိုအနာကို ဘဂန္ဒိုလ်(ဂရင်ဂျီနာ)ဟု ဆိုအပ်၏လို့ ဖွင့်ဆိုထားပါသည်။

ဂေါတမမြတ်စွာဘုရား လက်ထက်တွင် တိုင်းပြည်အုပ်ချုပ် မင်းလုပ်ခဲ့သော ကောသလမင်းကြီးမှာ ရောဂါ စွဲကပ် ခံစားရသကဲ့လို ရှေးပြင်သစ်ဘုရင် လူဝစ်(၁၄) မှာလည်း ထိုရောဂါဖြစ်ဖူး၍ အရပ်စကားဖြင့် ဘုရင် ဂျီနာရောဂါဟုလည်း ခေါ်ဆိုတတ်ကြပါသည်။

အနာပေါက်ကြသည့် ဝေဒနာရှင်အချို့မှာ မိမိတို့ ပေါက်ရောက်ခံစားနေရသည့် အနာရောဂါကို ကွဲကွဲပြားပြားမသိ၍ ထင်ယောင်ထင်မှားဖြစ်ပြီး ဆေးအမျိုးမျိုးလိမ်းခြင်း၊ ဆေးအမျိုးမျိုးတို့ကို မှိုဝဲသုံးစွဲမှုကြောင့် ရောဂါတခြား ဆေးတခြားဖြစ်ကာ ဝေဒနာပိုမိုကြီးထွားသွားတတ်ပါသည်။

ဥပမာတင်ပြရလျှင် အနာစိမ်း၊ သွေးစုနာမှာ ဂရင်ဂျီနာနှင့် ဆင်တူသော်လည်း ကွဲပြားမှုအများကြီးရှိပါသည်။ ဂရင်ဂျီနာမှာ ပြည်ပေါက်ရုံနှင့် လွယ်ကူစွာ မပျောက်ဘဲ အတွင်းမှာ အမြစ်ကျန်နိုင်ပါသည်။ ဝစ္စမဂ်နာခေါ် လိပ်ခေါင်းရောဂါနှင့် ဂရင်ဂျီနာတို့ကို ကွဲကွဲပြားပြားမသိ၍ အနာပေါက်ရောဂါအတွက် လိမ်းဆေးများ၊ သောက်ဆေးများကို လွဲမှားစွာ အသုံးပြုတတ်ကြပါသည်။ ထို့ကြောင့် အနာပေါက်ရောဂါတစ်မျိုး ဖြစ်လာလျှင် နားလည်တတ်ကျွမ်းသော တိုင်းရင်းဆေးဆရာများ (သို့မဟုတ်) ဆေးသိပ္ပံရှင် ဆရာဝန်များထံ ပြသကုသခြင်းမှာ အကောင်းဆုံး ဖြစ်ပါသည်။

ဂရင်ဂျီနာရောဂါမှာ လိပ်ခေါင်းရောဂါထက် ပိုမိုခံစားရသည့် ဝေဒနာတစ်ခု ဖြစ်ပါသည်။ အချိန်ကာလ ကြာရှည်စေသည့် အနာလည်းဖြစ်သည်။ တေဇောရောက်ရာ အနာပေါက်ရာဟု ရှေးတိုင်းရင်းဆေးသမားတော်ကြီးများ ပြောခဲ့ဖူးပါသည်။ ခန္ဓာကိုယ်နှိပ်စက်သည့် ဥဇာတေဇောအပူ နှိပ်စက်ခြင်းကြောင့် ပဿာဝမဂ်ဟု ခေါ်ဆိုသည့် ကျင်ချောင်းအတွင်းမှ နီရဲသော အရောင်အဆင်းများ ကျလာသည်ကို ရှီနီဟု ခေါ်ပါသည်။ ထိုရှီနီမှာ မပျောက်ဘဲ ကာလရှည်လာပြီး ဆီးသို့သွားသည့် အကြောနှင့် ဒွါရ အကြောအဆုံတွင် အလွန်ကျဉ်းမြောင်းသဖြင့် ရှိသွေးပိတ်ဆို့ပြီး ဝစ္စမဂ်ခေါ် ဒွါရဘက်သို့ လည်သွားသည့်အခါ ဒွါရနှုတ်ခမ်းဘေးပတ်လည်တွင် အဖုအပိမ့်များ ထွက်လာပြီး ယားယံခြင်း၊ ရောင်ခြင်း၊ နာကျင်ခြင်း၊ ကိုက်ခဲခြင်း၊ ထိုမှတစ်ဆင့် အနာနှင့် အနာပေါက်လေးများ ထွက်ပေါ်လာတတ်ပါသည်။ ထိုအနာရောဂါကို ဘဂန္ဒိုက်နာခေါ် ဂရင်ဂျီနာရောဂါဟု ခေါ်ဆိုကြပါသည်။

ဂရင်ဂျီနာဖြစ်စေသည့် အကြောင်းအရင်းများမှာ ဆောင့်ကြောင့်ထိုင်၊ အညောင်းထိုင်မှုများခြင်း၊ မြီးညောင်းရိုး၊ တင်ပါး၊ ပေါင်နှင့် စအိုလိင်ယောနိတစ်ဝိုက် အပူလှောင်မိခြင်း၊ ထိုင်၊ ရပ်၊ လှုပ်ရှား၊ လျှောက်စက်နားဆိုသည့် ဣရိယာပုတ်မမျှမတ တစ်ဖက်သတ် များစွာပြုခြင်း၊ နေပူမီးပူခံပြီး ရေချိုးခြင်း၊ အေးဖွဲ့သော အစား အစာများ လွန်ကျူးစွာ စားသောက်ခြင်း၊ ရေချိုး၊ လေတိုက်၊ အအေးမိခံခြင်း၊ အပူခံမှုများခြင်း၊ အညောင်းအကိုက်၊ အကြောတက်၊ ဆီး၊ ဝမ်း၊ လေချုပ်ငုပ်ခြင်း၊ မီးယပ်နာ၊ ဒူလာ၊ လိပ်ခေါင်း၊ ယောနိ၊ လိင်အနာတို့မှ အပူလွန်ကဲလာခြင်းတို့ကြောင့်လည်းကောင်း၊ ငရုတ်သီး၊ တညင်းသီး၊ မှျစ် စသည့် အပူတက်စာများ လွန်ကဲစွာ စားသောက်ခြင်းကြောင့်လည်းကောင်း၊ ရှေးက တိုင်းရင်းဆေးဆရာကြီးများ အဆိုအရ မြင်းစီးများခြင်း၊ ယာနေ

www.burmeseclassic

www.burmeseclassic.com


ခေတ်အရ ဆိုင်ကယ်၊ စက်ဘီး၊ ယာဉ်၊ ရထား၊ ကားများ ခရီးတာရှည်စွာစီးခြင်းကြောင့် အပူ ညှောင်းမိ၊ ကားဆောင့် ဒဏ်ရာဒဏ်နာ ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ဖိုမဆက်ဆံမှုများရာမှ ကာလသားရောဂါ၊ ဆီးအိမ်၊ စအိုအူမကြီးအတွင်း အပူအပုပ်ပိုးတို့မှာ မျိုးစေ့တိုးပွားလာခြင်း စသည်တို့ကြောင့် ကြာရှည်လာသည့်အခါ အူမကြီး၊ စအို၊ လိင် ယောနိအတွင်း၊အပြင်တို့တွင် ပူစပ်လောင်ကျွမ်းခြင်း၊ ပေါက်ကွဲပြိုခြင်း စသည့် အကြောင်းအချက်များကြောင့် မျိုးစေ့နှင့်တကွ ဂရင်ဂျီနာရောဂါ ဖြစ်ပေါ်စေခြင်းဖြစ်သည်။

ဆေးသိပ္ပံရှင် ဆရာဝန်များ၏အဆိုအရ စအိုဘေးတွင် အနာပေါက်၍မဟုတ်ဘဲ ထိခိုက်ဒဏ်ရာ စအိုကွဲနာ၊ FIA တီဘီ၊ ကင်ဆာ၊ ဓာတ်ကင်တာ၊ Steroid ဆေးပေးတာနှင့် Chlamydia ပိုး ဝင်တာတွေကနေ ဖြစ်တတ်ပြီး HIV နှင့်လည်း ဆက်စပ်နေတတ်သည်။ ဂနိုရီးယား၊ အူမကြီး ရောင်သည့် ရောဂါများကြောင့်လည်း ဂရင်ဂျီနာဖြစ်တတ်သည်ဟု ဆိုပါသည်။

ဂရင်ဂျီနာ(၃)မျိုးရှိပါသည်။ ၎င်းတို့မှာ (၁) ချေးဂရင်ဂျီနာ၊ (၂) ဂရင်ဂျီအမြစ်စိုနာ၊ (၃) ဂရင်ဂျီအမြစ်ခြောက်နာဟူ၍ (၃)မျိုးရှိပါသည်။

ချေးဂရင်ဂျီနာမှာ တေဇောဓာတ် လွန်ကဲမှုကြောင့် ရိသွေးပိတ်ဆို့ပြီး ဝစ္စမဂ်ခေါ် ဒွါရဘက်သို့ လည်း၍သွားသော ဒွါရနှုတ်ခမ်းဘေးပတ်လည်များ၊ ပေါင်၊ တင်ပါး၊ ဆီးခုံဝန်းကျင် ယားယံခြင်း၊ ရောင်ခြင်း၊ ဒွါရတင်း၍ ဝမ်းချုပ်ခြင်း၊ ဆီးနည်းခြင်း၊ ဆီးနီခြင်းများဖြစ်၍ ဒွါရဝန်းကျင်တွင် အဖုလေးများ ထွက်ပေါ်လာပါသည်။ ထိုဂရင်ဂျီနာကို ချေးဂရင်ဂျီနာဟုခေါ်သည်။ အချို့ဝေဒနာရှင် များမှာ ဒွါရနှုတ်ခမ်းဘေးမှ မထွက်ဘဲ ပေါင်ကြားနှစ်ဖက်၊ လိင်အင်္ဂါဝန်းကျင် တင်ပါးထိ အဖု ငယ်များ ပေါက်ရောက်ခြင်းကို တွေ့ရှိရပါသည်။

ဂရင်ဂျီနာအမြစ်စိုနာမှာ ရိသွေးပိတ်ဆို့ခြင်း၊ ဝမ်းချုပ်လွန်ကဲခြင်း၊ ဆီးနည်းခြင်း၊ အညှောင်းထိုင်မှု များခြင်း၊ နေပူမီးပူနေရာများတွင် နေထိုင်မှုများခြင်း၊ အညှော်မျိုးစုံခံမှုများခြင်း၊ အပုပ်နံ့မျိုးစုံခံခြင်း၊ ရေချိုးမမှန်ခြင်း စသည့် အကြောင်းအချက်များကြောင့် ဥဏှာဓာတေဇော အပူနှိပ်စက် လွန်ကဲခြင်း ကြောင့် ဒွါရ၏ ဘေးပတ်ပတ်လည် တင်ပါးဝန်းကျင် လိင်အင်္ဂါဝန်းကျင် ဆီးခုံအစပ်တို့တွင် အဖုငယ်များ ပေါ်ထွက်လာ၍ ရိသွေးမျှင်တို့သည် ဒွါရပေါ်အောက်သို့ လှည့်ပတ်စားသည့်အတွက် အပေါက်ငယ်လေးများဖြစ်ပြီး ပြည်သွေး၊ ငန်း၊ မန်းရည်များ တစိုစိုထွက်ပေါ်နေပါသည်။ အချို့ ဝေဒနာရှင်တို့မှာ အပေါက်ငယ်တစ်ပေါက်မှ သုံးပေါက်ထိ ထွက်ပေါ်လာတတ်ပါသည်။ အချို့ ဝေဒနာရှင်များမှာ ကာလရှည်မှု၊ ဂရင်ဂျီနာအမြစ်စို၏ ရိသွေးမျှင် စသည့် ပြည်ဖွဲ့တည်မှုများသော ကြောင့် လှည့်ပတ်စားကာ အပေါက်ငယ်များစွာ ထွက်ပေါ်လာနိုင်ပါသည်။ ထိုဂရင်ဂျီနာ အမြစ် စိုနာမှာ အချိန်ကာလကြာရှည်လာလျှင် အရေပြား အတွင်းမှတစ်ဆင့် အသားကောင်းများထိ လှည့် ပတ်စားတတ်ပါသည်။




ဂရင်ဂျီနာအမြစ်ခြောက်နာမှာ ဂရင်ဂျီနာ အမြစ် စိုနာနှင့် ကွဲပြားခြားနားမှု အနည်းငယ်ရှိပါသည်။ ရိသွေးပိတ်ဆို့မှုများပြီး ဒွါရတွင်းကို ကျစ်လျစ် မာကျောစွာ ဖွဲ့တည်တတ်ပေသည်။ ဒွါရနှုတ်ခမ်းမှ အတွင်းပိုင်းရှိ အသားကောင်းများကို ရစ်ပတ်စား ပြီးမှ ပြည်၊ ငန်း၊ မန်းရည်များ ပြင်ပသို့ ပေါက်



www.burmeseclassic


www.burmeseclassic.com

ထွက်လာတတ်သည်။ အသားတွင်း၌ မန်ကျည်းစေ့ကဲ့သို့ ခပ်မာမာအဖုလေးများကို ဖွဲ့တည်ခြင်း၊ ပိုက်ပုံသဏ္ဌာန် အမြစ်လမ်းကြောင်း တည်ခြင်းတို့ဖြစ်လျက် ပြည်၊ သွေး၊ ငန်းရည်၊ မန်းရည်ထွက်ပြီး အနာကို ခြောက်သွေ့သက်သာစေပါသည်။

ဂရင်ဂျီနာအမြစ်ခြောက်နာမှာ ဂရင်ဂျီနာ အမြစ်စိုနာကဲ့သို့မဟုတ်ဘဲ အနာမှာ တေဇောလွန်မှု၊ ဆီး၊ ဝမ်း၊ လေချုပ်လျှင် အနာကျက်သကဲ့သို့ ခံစားမှုဝေဒနာမှာ ခေတ္တသက်သာစေပြီး အချိန်ကြာသည်နှင့်အမျှ အရေပြားမှ တစ်ဆင့်ပြီးတစ်ဆင့် အသားတွင်းသို့ ဝင်ရောက်ပြီး အမြစ်နေရာယူကာ ရစ်ပတ်စားတတ်သည့် ရောဂါဝေဒနာ ဖြစ်ပေသည်။ ကာလကြာရှည်လာလျှင် အတွင်းပိုင်းသို့ ရောက်ပြီး ဥဒါရုနှင့် ဝစ္စမဂ်အတွင်းမှ အစာဟောင်းအိမ်နှင့် ဝမ်းတွင်းထဲထိ လည်ပတ်ထိုးပေါက်နိုင်ပါသည်။ ဂရင်ဂျီနာခေါ် ဘဂန္ဒရရောဂါမှာ အနာ၏အတွင်းမှ အမြစ်ပွားခြင်း၊ အမြစ်ခြောက်ဖွဲ့တည်ခြင်း၊ ပြည်သွေးတည်စေသည့် အနာရောဂါတစ်မျိုး ဖြစ်ပေသည်။ ထို့ကြောင့် ဂရင်ဂျီနာရောဂါအား ခွဲစိတ်ဖြတ်တောက်ခြင်း နည်းစနစ်ကျအောင် မကုလျှင် အမြစ်နှင့် ရိသွေးမျှင်စများ ကျန်ကာ ထိုအနာရောဂါ ပြန်ပေါ်တတ်တာ တွေ့ရှိရပေသည်။ ဂရင်ဂျီနာရောဂါကို နည်းစနစ်တကျ ကုသပြီး အမြစ်လမ်းကြောင်းနှင့် ရိသွေးတို့ကို စင်ကြယ်စေမှ ဂရင်ဂျီနာအနာရောဂါဝေဒနာ သက်သာပျောက်ကင်းစေနိုင်ပေသည်။

ဂရင်ဂျီနာရောဂါကုထုံးအကျဉ်းအား တင်ပြရလျှင် ဂရင်ဂျီနာရောဂါရှင်များအတွက် တိုင်းရင်းဆေးအမှတ်(၂၁) ဆီးဆေးဖြူအား သကြားနှင့် ဆတူရောစပ်ကာ ဆေးလက်ဖက်ရည်ဇွန်း တစ်ဇွန်းနှင့် နံနက်(၈)နာရီအချိန်မှာ တိုက်ရပါသည်။ မွန်းတည့်(၁၂)နာရီခန့်တွင် ဆေးအမှတ်(၁၆) အပူငြိမ်းဆေးအား သကြား (သို့မဟုတ်) သံပရာရည် (သို့မဟုတ်) ရှောက်ရည် တစ်မျိုးမျိုးနှင့် ဆေးလက်ဖက်ရည်တစ်ဇွန်းခန့် ရောစပ်တိုက်ရပါသည်။ ညအိပ်ရာဝင်ချိန်တွင် ဆေးအမှတ်(၁၀) ဆီးရွှင်ဝမ်းနုတ်ဆေး လက်ဖက်ရည်ဇွန်းတစ်ဇွန်းခန့် ရေအေးနှင့်တိုက်ရပါသည်။


ဂရင်ဂျီနာရောဂါရှင်များအတွက် ဖန်ရည်မှာ လေးညှင်းပွင့်(၁)ကျပ်သား၊ ကြက်စုသီး(၅)ကျပ်သား၊ ဆီးဖြူသီး(၁၀)ကျပ်သား၊ ဖန်ခါးသီး(၁၀)ကျပ်သားတို့ကို ပေါင်းစပ်ပြီး ရေအနည်းငယ်ထည့်လျက် မြေအိုးနှင့် ကျက်ကျက်ဆူအောင်ကျိုပြီး ထိုဖန်ရည်ကို အင်တုံ (သို့မဟုတ်) ဇလုံတွင်ထည့်ပြီး တင်ပါးမြုပ်အောင် ရေနွေးနွေးနှင့် (၁၀)မိနစ်မှ (၁၅)မိနစ်ထိ ဖန်ရည်စိမ် ထိုင်ပေးရပါသည်။ တစ်နေ့တစ်ကြိမ်မှ နှစ်ကြိမ်ထိ ဖန်ရည်ထိုင်ပေးရပါသည်။ ဂရင်ဂျီနာအတွင်းရှိ ငန်း၊ မန်းရည်များ ပြည်သွေးအမြစ်များ သန့်ရှင်းကြည် လင်စေပြီး ဂရင်ဂျီနာရောဂါအား သက်သာပျောက်ကင်းစေပါသည်။




ဂရင်ဂျီနာရောဂါအတွက် လိမ်းဆေးမှာ (၁) ဒုဋ္ဌာ(၁)ပဲ၊ (၂) နှပ်ချိုမြစ်(၈)ပဲ၊ (၃) မန်ကျည်းစေ့(၈)ပဲ၊ (၄) ကွမ်းသီးကြက်ချေး(၈)ပဲ၊ (၅)ငရုတ်ကောင်းစေ့(၈)ပဲ၊ ဆေး(၅)မျိုး၊ ဆေးချိန်(၂) ကျပ်နှင့် (၁)ပဲတို့ကို မီးသင်းပြီး ညက်အောင်ကြိတ်ကာ အမှုန့်ကို အုန်းဆီ၊ ရှောက်ရည်တို့နှင့် သမအောင် ရောစပ်ပြီး အနာကို အုံပေးရပါသည်။ အရည်တစိုစိုထွက်သော ခွေးဂရင်ဂျီနာ၊ ဂရင်ဂျီနာအမြစ်စိုနာ၊ ဂရင်ဂျီနာအမြစ်ခြောက်နာတို့ကို သက်သာပျောက်

www.burmeseclassic

www.burmeseclassic.com




ကင်းစေပါသည်။

ဂရင်ဂျီနာရောဂါ ကြိုတင်ကာကွယ်နိုင်ရန် အောက်ပါအချက်အလက်များအား တိကျစွာ လိုက်နာကျင့်သုံးဖို့ လိုအပ်ပေသည်။ အနာရောဂါမှန်သမျှ ဆီး၊ ဝမ်း၊ သွေး၊ လေ၊ ချွေး၊ အခိုး၊ မလ (အညစ်အကြေး)များကြောင့် အနာရောဂါ ဖြစ်စေခြင်းပဲ ဖြစ်ပေသည်။ အဓိကအချက်မှာ ဆီး၊ ဝမ်း၊ သွေး၊ လေ၊ ချွေးပုံမှန်ဖြစ်ဖို့ လိုအပ်ပေသည်။ မြန်မာ့တိုင်းရင်းဆေးပညာမှာ ဆီး၊ ဝမ်း၊ သွေး၊ လေနှင့် ရသာ(၆)ပါးတို့ကို လိုအပ်သလို ညှိပေးပြီး ကုသရသည့်ပညာ ဖြစ်ပေသည်။

တိုင်းရင်းဆေးပညာ စကားအရ စားသမျှ ယိုမှ၊ သောက်သမျှ ပေါက်မှ ဆိုသည့် စကားရပ်ရှိပါသည်။ နေ့စဉ် အစားအစာစားခြင်း၊ ရေသောက်ခြင်းတို့အတွက် နေ့စဉ် ဝမ်းသွားခြင်း၊ ဆီးသွားခြင်းများ မှန်ကန်ဖို့ လိုအပ်ပေသည်။ တိုင်းရင်းဆေးပညာအရ ရောဂါဖြစ်ရခြင်းမှာ ဆီး၊ ဝမ်း၊ လေချုပ်ရာမှစပြီး ရောဂါဖြစ်တာ များပေသည်။ ဂရင်ဂျီနာရောဂါ ကြိုတင်ကာကွယ်လိုသူများ အထူးသတိပြုရမည့် အချက်မှာ ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်ဖို့ အရေးကြီးပါသည်။

နေ့စဉ် ရေမှန်မှန်ချိုးဖို့ လိုအပ်ပါသည်။ ဆောင်း(၁၀)၊ နွေ(၉)၊ မိုး(၁၁) ရေချိုးစနစ် အကျိုးဖြစ်၏ဆိုသည့် တိုင်းရင်းဆေးပညာ ဆောင်ပုဒ်အရ ဆောင်းရာသီတွင် နံနက်(၁၀)နာရီတွင်လည်းကောင်း၊ နွေရာသီတွင် နံနက်(၉)နာရီတွင်လည်းကောင်း၊ မိုးရာသီတွင် နံနက်(၁၁)နာရီတွင်လည်းကောင်း ရေချိုးရမည်ဟု ဆိုလိုပါသည်။ ထိုအချိန်များတွင် ရေချိုးပါက အခိုးအာကာသပွင့်ပြီး ကျန်းမာရေးကို အထောက်အကူပြုပေသည်။

အညောင်းထိုင်မှုများခြင်း၊ အပူရှိန်ပြင်းသော နေရာများတွင် ကြာရှည်စွာ နေထိုင်ခြင်းမှ ရှောင်ကြဉ်ရပေမည်။ လိင်အပျော်အပါး လိုက်စားခြင်းမှ လုံးဝရှောင်ကြဉ်ပြီး လွဲမှားသော ဖိုမဆက်ဆံမှုနှင့် ကာမဂုဏ်လွန်ကဲခြင်းကိုလည်း အထူးဆင်ခြင်ဖို့ လိုအပ်ပေသည်။

ငါးပိ၊ ငါးခြောက်၊ ငန်ပြာရည်၊ ပုစွန်ချဉ်၊ ငါးချဉ်နှင့် ဝမ်းတွင်းကလီစာများ လွန်ကျူးစွာ စားသောက်ခြင်းကို ဆင်ခြင်ဖို့ လိုအပ်သည်။ ငါးမြင်း၊ ငါးတန်၊ ဝက်သား၊ ဘဲသား၊ ပင်လယ်ငါးအမျိုးမျိုး၊ တညင်းသီး၊ မျှစ် စသည့် အပူတက်စာများကို စားသောက်ခြင်းမှ လုံးဝရှောင်ကြဉ်ဖို့လိုအပ်ပေသည်။ သဘာဝမဟုတ်သော ဖျော်ရည်မျိုးစုံသောက်သုံးခြင်း၊ အရက်၊ ဆေးလိပ်၊ ကွမ်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းတို့ကို လုံးဝရှောင်ကြဉ်ကာ သဘာဝရေသန့်ကိုသာ သောက်သုံးသင့်ပေသည်။ အပုပ်နံ့၊ အညှော်နံ့များ အဓိကရှောင်ကြဉ်ရပေမည်။

အထက်တွင် တင်ပြခဲ့သည့် အချက်အလက်များအား သတိထားလိုက်နာဆောင်ရွက် နေထိုင်သွားလျှင် ဂရင်ဂျီနာရောဂါသာမက ရောဂါအမျိုးမျိုးအား ကြိုတင်ကာကွယ်နိုင်ကြောင်း တိုင်းရင်းဆေးပညာရှင်တို့၏ အမြင်နှင့် ဆေးသိပ္ပံပညာရှင် ဆရာဝန်တို့၏အမြင်အား ပေါင်းစပ်ကာ ရေးသားတင်ပြအပ်ပေသည်။

**ဆရာဦးသီဟ(တိုင်းရင်းဆေး)**
**ကျန်းမာပါစေ တိုင်းရင်းဆေးကုခန်း**



www.burmeseclassic

www.burmeseclassic.com



# အဆုတ်အအေးမိခြင်း နှင့် သဘာဝကုထုံး

ဟိန်း(ဘူမိ)

အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါများကို လူအများအနေနှင့် သက်ကြီးပိုင်းအရွယ်တွင် ကြုံတွေ့ခံစားရလေ့ရှိတတ်ပါသည်။ ဇရာဒုဗ္ဗလ အရွယ်နှင့် ဆက်စပ်ဖြစ်ပေါ်သော ဗျာဓိ ခေါ် သက်ကြီးများတွင် ချွတ်ယွင်းဖြစ်ပေါ်လေ့ရှိတတ်သော ရောဂါများတွင် အသက်ရှုလမ်းကြောင်းနှင့် ဆက်စပ်ဖြစ်ပေါ်သောရောဂါ အဖြစ်များတတ်ပါသည်။ ရောဂါဗေဒအားဖြင့် သက်ကြီးရွယ်အိုများ၏ အဆုတ်များသည် ပို၍ပျော့ပါးလာကာ ရုန်းဆန့်နိုင်သော အမျှင်ဓာတ်များ ဆုံးရှုံးသွား၍ လေရှူရှိုက်၍ ဝင်ရောက်ရာ လမ်းကြောင်းတွင် ကာကွယ်တားဆီးနိုင်စွမ်းလည်း ယုတ်လျော့သွားတတ်ပါသည်။ ယင်းအတွက် အသက်ရှုလမ်းကြောင်းနှင့် ဆက်စပ်သော ရောဂါမျိုး ဖြစ်လွယ်သွားတတ်ပါသည်။

သက်ကြီးရွယ်အိုများအတွက် အသက်ရှုလမ်းကြောင်းနှင့် ဆက်စပ်၍ ရောဂါပိုး ဝင်ရောက်ကူးစက်လွယ်ပေရာ ယင်းတို့အတွက် ကျန်းမာရေးနှင့် အသက်ရှင်သန်ရေးအတွက် အရေးကြီးသောအချက် ဖြစ်နေရပေသည်။ သက်ကြီးသေဆုံးသူများ၏ ခန္ဓာကိုယ်အား ရင်ခွဲစစ်ဆေးရာတွင် သေဆုံးသူများ၏ ဦးရေထက်ဝက်ခန့်သည် အဆုတ်နှင့်ဆက်စပ်သော အသက်ရှုလမ်းကြောင်း အအေးမိခြင်းနှင့် ဆက်စပ်နေတတ်ကြောင်း တွေ့ရှိရပေသည်။ အသက်(၂၀)နှစ်နောက်ပိုင်း အရွယ်များကို ဆယ်စုနှစ်နှင့်ပိုင်း၍ လေ့လာစူးစမ်းချက်များအရ ဆယ်စုနှစ်တစ်စု ကြာပြီးတိုင်း အဆုတ်အအေးမိ၍ သေဆုံးရခြင်းနှုန်း နှစ်ဆမြင့်တက်လာကြောင်း တွေ့ရှိခဲ့ရပါသည်။ ယင်းစူးစမ်းလေ့လာချက်များအရ အဆုတ်အအေးမိ၍ အဆုတ်ရောင်ရမ်းခြင်းကို သက်ကြီးပိုင်းတွင် အတွေ့ရများကြောင်း သတိပြုဖွယ် တွေ့ရှိခဲ့ကြရသည်။ ရောဂါဝေဒနာမှာ အခြေခံအားဖြင့် ပုံစံနှစ်မျိုးရှိ၍ အဆုတ်လေပြွန် အအေးမိခြင်း (bronchopneumonia) နှင့် အဆုတ်အအေးမိခြင်း (lober pneumonia) ဟူ၍ ဖြစ်သည်။

အဆုတ်လေပြွန် အအေးမိခြင်းမှာ အဆုတ်လေပြွန်တွင် ပိုးဝင်ခြင်းဖြစ်ပြီး ယင်းကြောင့် အဆုတ်များ ရောင်ရမ်း၍ လေဝင်ရာ လမ်းကြောင်းများလည်း ရောင်ရမ်းနေတတ်ပါသည်။ ယင်းအဆုတ်လေပြွန်လမ်းကြောင်း အအေးမိခြင်းကို သက်ကြီးပိုင်းများတွင် အတွေ့ရများပါသည်။ ရောဂါခံစားရသူ သက်ကြီးရွယ်အိုများ အားနည်းချည့်နဲ့နေပါက ကုသရန် အလွန်ခဲယဉ်းပေသည်။ သို့သော် အဆုတ်အအေးမိခြင်း (lober pneumonia) မှာမူ သက်ကြီးပိုင်းများတွင် အဆုတ်လေပြွန် အအေးမိခြင်းလောက် မဖြစ်ပွား မခံစားရတတ်ပါချေ။ ရောဂါကို ကုသရာတွင်ကား နည်းလမ်းအားဖြင့် ကွဲပြားခြင်း မရှိပါချေ။ အဆုတ်နှစ်ဖက်ခြမ်းလုံးကို ထိခိုက်ပါက အဆုတ်နှစ်ခြမ်းလုံး အအေးမိခြင်းဖြစ်၍ ဒေါက်ဘယ်လ်နျူမိုးနီးယား(double pneumonia) ဟု ခေါ်ပါသည်။

## ရောဂါလက္ခဏာများ

အဆုတ်အအေးမိခြင်းရောဂါ၏ ဖြစ်ရပ်အတော်များများမှာ ဦးခေါင်းပိုင်း (ဝါ) လည်မျို၊ လည်ချောင်းတွင်း အအေးမိခြင်းမှ စတင်ဖြစ်ပေါ် ခံစားရတတ်ပါသည်။ ဝေဒနာခံစားရသူသည် ချမ်းအေးခြင်း၊ တုန်ခိုက်ခြင်း၊ အသက်ရှုရခက်ခြင်းနှင့် ရင်ဘတ်တွင်းမှ ပြင်းထန်စွာ နာကျင်ခြင်းတို့ကို ခံစားရတတ်သည်။ ချောင်းဆိုးခြင်းနှင့်အတူ ပန်းရောင်ချွဲများ ဟပ်ထုတ်ရတတ်ပြီး နောက်ပိုင်းတွင် ချွဲအညိုရောင်များ ထွက်လာတတ်သည်။ ပြင်းထန်သေ



www.burmeseclassic

www.burmeseclassic.com

အဆုတ်အအေးမိ ရောဂါမျိုးတွင် သံချေးရောင်ချွဲများ ထွက်ကျလာတတ်သည်။ ရောဂါခံစားရသူ အများစုတို့သည် အလွန်မသက်မသာ ခံစားရကာ ချွေးလည်း အလွန်ထွက်လာတတ်သည်။ ကိုယ်အပူချိန် (၁၀၅)ဒီဂရီဖာရင်ဟိုက်အထိ တက်လာတတ်ပြီး သွေးခုန်နှုန်း တစ်မိနစ်တွင် (၁၅၀)အထိ မြန်လာတတ်သည်။ အခြေခံသဘောအားဖြင့် ဘက်တီးရီးယားပိုးကြောင့်ဖြစ်သော အဆုတ်အအေးမိခြင်း ခံစားရသော သက်ကြီးရွယ်အိုများသည် ချောင်းအကြီးအကျယ်ဆိုးကာ ဒုက္ခကြီးစွာ ခံစားရတတ်သည်။ အသက်ရှူ၍ မရလောက်အောင် ဖြစ်လာပြီးနောက် အဆုတ်အအေးမိခြင်း ရောဂါလက္ခဏာများ ဖော်ပြလာတတ်သည်။

## အကြောင်းရင်းများ


အဆုတ်အအေးမိခြင်းမှာ စထရက်ပတိုကောကပ်စ် (streptococus)၊ စတက်ဖိုင်လိုကောကပ်စ် (staphylococus) နှင့် နျူမိုကောကပ်စ် (pneumococus) စသော ရောဂါပိုးအမျိုးမျိုးကြောင့် ဖြစ်ပေါ်ခံစားရတတ်ပါသည်။

အထက်ပါ ရောဂါပိုးတစ်မျိုးမျိုးကြောင့် ဖြစ်ရတတ်သကဲ့သို့ မှိုစွဲဝင်ရောက်ခြင်း(fungal infection)၊ အသက်ရှူရှိုက်ရာမှ ပြင်ပမှ အရာဝတ္ထုများ ဝင်ရောက်ခြင်း၊ သန်ကောင်ကြောင့် မအီမသာဖြစ်ခြင်း၊ ဖုန်မှုန့်များကြောင့် အခံရခက်ခြင်း၊ အနံ့ဆိုးများကြောင့် အခံရခက်ခြင်း၊ အမိုးနီးယား၊ နိုက်ထရိုဂျင်ကဲ့သို့ အငွေ့များကြောင့် အခံရခက်ခြင်း စသည်တို့မှ တစ်ဆင့်လည်း အဆုတ်အအေးမိခြင်းကို ဖြစ်ပေါ်ခံစားရတတ်ပါသည်။

သို့သော် အဆုတ်အအေးမိခြင်း၏ တကယ့်အကြောင်းရင်း အစစ်အမှန်မှာ ခန္ဓာကိုယ်တွင်း အဆိပ်သင့် အနေအထားမျိုးကြောင့် ဖြစ်ရတတ်သည်။ အထူးသဖြင့် အဆုတ်များနှင့် လေဝင်ရလမ်းကြောင်းများ၊ စားသောက် နေထိုင်မှု မှားယွင်းခြင်းများကြောင့် ဖြစ်ရတတ်ပါသည်။ တစ်ရှူးများ ကျန်းမာသန့်စွမ်းပြီး ကိုယ်ခံအား ကောင်းသူအတွက် အဆုတ်အအေးမိခြင်း ခံစားဖြစ်ပေါ်ရဖို့ ခဲယဉ်းပါသည်။ ကိုယ်တွင်းစနစ် ပိတ်ဆို့ခံရကာ ကိုယ်ခံအား နိမ့်ပါးကျဆင်းနေပါက ထိုသူမျိုးပေါ် အဆုတ်အအေးမိ ရောဂါပိုး ကူးစက်ဝင်ရောက်ရန် လွယ်ကူစေနိုင်ပေသည်။

## ကုသခြင်း


ပထမဆုံး (၅)ရက်မှ (၇)ရက်ထိ ရောဂါခံစားရသူအား အသီးအရွက်ရည်များ (raw juice) ကိုသာ တိုက်ကျွေးပေးရမည်။ ယင်းသို့ တိုက်ကျွေးပေးရာတွင် သစ်သီး (သို့မဟုတ်) ဟင်းသီးဟင်းရွက်ရည်များကို ရေပူပူဖြင့် ဆတူရောကာ နှစ်နာရီခြားစီ တိုက်ကျွေးပေးရပါမည်။ လိမ္မော်သီး၊ ပန်းသီး၊ နာနတ်သီး၊ စပျစ်သီး၊ မုန်လာဥနီ၊






www.burmeseclassic

www.burmeseclassic.com



ခရမ်းချဉ်သီး စသည်တို့ကို အရည်ထုတ်၍ တိုက်ကျွေးပေးရပါမည်။

ယင်းသို့ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်ရည်များ တိုက်ကျွေးပေး၍ အဖျားကျသွားသောအခါ နောက်(၃) ရက်၊ (၄)ရက်တာမျှ သစ်သီးဝလံများ စားသုံးခြင်းကို ပြုပေးစေရမည်။ စပျစ်သီး၊ ပန်းသီး၊ နာနတ်သီး၊ သရက်သီး၊ လိမ္မော်သီး၊ သံပရာသီး၊ သင်္ဘောသီးများ စားပေးစေရမည်။ ထို့နောက် သဘာဝစားစရာများကို တဖြည်းဖြည်း မျှတအောင် ကျွေးမွေးပေးရမည်။ ယင်းအတွက် သစ်သီး၊ ဟင်းသီးဟင်းရွက်၊ အစေ့အဆန်၊ ခွံမာသီးများ၊ ဆန်၊ ဂျုံ စသည်တို့ကို မျှတအောင် စားသုံးစေရမည်။ ဝေဒနာခံစားရသူသည် ရေနွေးနွေးဖြင့် ဝမ်းချုခြင်းကို လိုအပ်ချက်အရ ပြုလုပ်ပေးနိုင်သည်။

ရောဂါခံစားရသူသည် ကော်ဖီ၊ လက်ဖက်ရည်ပြင်းပြင်း (strong coffee, tea)၊ ပြုပြင်ထားသော စားစရာများ၊ အကြော်အလှော်များ၊ သကြားဖြူ၊ ဂျုံနု(ဂျုံဖြူ)၊ ယင်းဂျုံနုနှင့် သကြားတို့ဖြင့် ပြုလုပ်ထားသော စားစရာများ စသည်တို့ကို ရှောင်ကြဉ်ထားရပါမည်။ ထို့ပြင် အသားစားခြင်း၊ အရက်သောက်ခြင်း၊ ဆေးလိပ်သောက်ခြင်းများ ရှောင်ကြဉ်ထားရပါမည်။

အဆုတ်အအေးမိခြင်းကို ကုသရာတွင် ရောဂါ၏ ပြင်းထန်သော အစောပိုင်းအဆင့်တွင် ပဲနံ့သာစေ့ကို ရေနွေးစိမ်ရည်ပြု၍ သောက်ပေးစေရမည်။ ယင်းက ချွေးထွက်စေခြင်း၊ အဆိပ်တတ်များ ပြေစေခြင်း၊ အဖျားရက်တိုစေခြင်းကို ခံစားရစေပါသည်။ နေ့စဉ် ပဲနံ့သာရေနွေးစိမ်ရည်ကို တစ်နေ့ (၄)ခွက်ခန့် သောက်သုံးစေရမည်။ ရောဂါသက်သာလာပါက ခွက်ရေလျှော့၍ သောက်ပေးသွားနိုင်ပါသည်။ အနံ့အတွက် သံပရာရည်အနည်းငယ် ညှစ်ထည့်၍ သောက်ပေးနိုင်ပါသည်။ ယင်းကာလတွင် အစားမှာ ရှောင်ထား၍ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်ရည်များကိုသာ သောက်သုံးပေးရပါမည်။

ဒေါက်တာအက်ဖ်ဒဗလျူခရော့စ်မန်း (Dr. F.W. Crosman) ၏ အဆိုအရ ကြက်သွန်ဖြူသည် အဆုတ်အအေးမိခြင်းအတွက် အံ့ဖွယ်ဆေးတစ်မည်ဟု သိရှိရပါသည်။ ကြက်သွန်ဖြူကို လုံလောက်စွာ စားသုံးစေရမည်။ ယင်းသမားတော်ကြီးသည် အဆုတ်အအေးမိသော ရောဂါခံစားရသူများကို ကြက်သွန်ဖြူအသုံးပြု၍ နှစ်ပေါင်းများစွာ ကုသပေးခဲ့သည်။ ကုသတိုင်း အောင်မြင်ခဲ့သည်ဟု သိရပါသည်။ ကြက်သွန်ဖြူသည် အဖျားကျစေသည်သာမက (၄၈)နာရီအတွင်း သွေးခုန်နှုန်းနှင့် အသက်ရှူရလွယ်စေခြင်းကို ဖြစ်စေနိုင်သည်ဟု သိရပါသည်။ ကြက်သွန်ဖြူကြိတ်ညှစ်ရည် (Garlic juice) ကို ရင်ဘတ်ပေါ်မှ လိမ်းကျံပေးခြင်းဖြင့် အနေရခက်ခြင်း သက်သာကာ အသက်ရှူ၍ ရလာစေနိုင်ပါသည်။

နှမ်းစေ့များ (sesame seeds) သည်လည်း အဆုတ်အအေးမိခြင်းရောဂါအတွက် အဖိုးတန်လှပေသည်။ နှမ်းစေ့ရေနွေးစိမ်ရည်ကို နှမ်းကြပ်စေ့ (kineseed) လက်ဖက်စားဇွန်း တစ်ဇွန်းရော၍ အိမ်သုံးဆား လက်နှစ်ချောင်းဖြင့် ယူသော ပမာဏအနည်းငယ် ရောပါ။ ထို့နောက် ပျားရည် အချိုတည်းဇွန်း (desertspoon) တစ်ဇွန်းစာ ရောမွှေပေးကာ သောက်သုံးစေရပါမည်။ ယင်းဆေးရည်က နှာစေး၊ ချောင်းဆိုးခြင်းကို သက်သာစေကာ လေပြွန်တွင်းရှိ ချွဲသလိပ်များကို ဖယ်ရှားပေးပါသည်။

တာပင်တိုင်ဆီ (oil of turpentine) ကို ရင်ဘတ်ကိုဖွဲ့သော နံရိုးအိမ်ပေါ်အနှံ့ ပွတ်သပ်လိမ်းကျံပေးခြင်းပြုကာ အဝတ်စဖြင့် ပတ်ပေးထားပါက အဆုတ်အအေးမိခြင်းကြောင့် နာကျင်ကိုက်ခဲခြင်းကို သက်သာစေနိုင်ပါသည်။

**ဟိန်း(ဘူမိ)**

**ကျမ်းကိုး**

* Naturopathy for Longivity
by Dr. H.K. Bakhru.

www.burmeseclassic

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

တောင်ပေါ်မြို့ကလေးတစ်မြို့။ အဲဒီမြို့မှာ ဈေးရှိတယ်။ ဈေးဆိုင်တန်းတွေရှိတယ်။ ဒါပေမဲ့ အဲဒီဈေးက နေ့တိုင်း မဖွင့်ဘူး။ တစ်ရက်ဖွင့်ပြီး လေးရက်နား၊ နောက်တစ်ရက်မှ ပြန်ဖွင့်၊ အဲဒီလိုလုပ်တဲ့ဈေး။ ငါးရက်တစ်ဈေး ဆိုပါတော့။

ဈေးမဖွင့်တဲ့ လေးရက်မှာ တောင်ပေါ်သားတွေက အဲဒီမြို့က အိမ်ဆိုင်တွေမှာ ဈေးဝယ်ကြရတယ်။ အိမ်ဆိုင်တွေကိုတော့ နေ့တိုင်း ဖွင့်တယ်။

အဲဒီ တောင်ပေါ်မြို့ကလေးမှာ ကျွန်တော် နှစ်နှစ်နီးပါး နေခဲ့ဖူးပါတယ်။

◆ ◆ ◆



နှစ်နှစ်နီးပါးနေခဲ့တဲ့ ကာလမှာ ကိုယ်ပိုင်ကားကို ကိုယ်တိုင်မောင်းတဲ့ သံဃာတော်တစ်ပါး၊ ဆရာတော် တစ်ပါးနဲ့ ဆုံခဲ့ဖူးပါတယ်။

ဆုံခဲ့တဲ့နေ့က ငါးရက်တစ်ဈေးဖွင့်တဲ့ ဈေးနေ့တစ်နေ့။ နေရာက အဲဒီဈေးထဲမှာ။

အဲဒီဆရာတော်မှာ ဘွဲ့တော်ရှိပါလိမ့်မယ်။

ဒါပေမဲ့ ကျွန်တော်က-

'ဆရာတော်ရဲ့ ဘွဲ့တော်ကို ဘယ်လိုခေါ်ပါသလဲ ဘုရား' လို့ မမေးမိခဲ့ပါဘူး။

ဆရာတော်ကလည်း-

'ဒကာကြီးရဲ့ နာမည်ကို ပြောပါဦး' ဆိုပြီး မမေးခဲ့ဘူး။

ကျွန်တော်သိတာက အဲဒီဆရာတော်ကို အဲဒီ တောင်ပေါ်မြို့တွေ ရွာတွေ ဖြစ်ကြတဲ့ လောစရ၊ ကြယ်ဖိုကြီး၊ ဒေါတနော၊ ငှက်ရုပ်၊ ဒေါညေးခူး၊ ခါးရာခူ၊ လောကုခူ၊ လောထောတနော စတဲ့ဒေသက တောင်ပေါ်တိုင်းရင်းသားတွေက လောကုခူဆရာတော်လို့ ခေါ်ကြတယ် ဆိုတာပါပဲ။

◆ ◆ ◆



www.burmeseclassic

www.burmeseclassic.com



# သာသနာ့အာဇာနည်
# မန်တာချော်ချောင်သော

လောကုရှုဆရာတော်နဲ့ ကျွန်တော်ဆုံမိတာ တစ်ရက်တည်း၊ တစ်ကြိမ်တည်း မဟုတ်ပါဘူး။ ဆယ်ကြိမ်တီတိ ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်နဲ့ လောကုရှုဆရာတော့် စကား ပြောဖြစ်တာကတော့ တစ်ကြိမ်တည်းပါ။

စကားပြောဖြစ်တဲ့နေရာကို ကျွန်တော် မှတ်မှတ်ရရ ရှိပါတယ်။ အဲဒီနေရာက အဲဒီတောင်ပေါ်မြို့ကလေးမှာ ဖွင့်တဲ့ ငါးရက်တစ်ဈေး ဈေးနေ့တစ်နေ့မှာ။

အဲဒီတုန်းက တပ်ရေးဗိုလ်ကြီး၊ တပ်ထောက်ဗိုလ် ကြီးနဲ့ ကျွန်တော် လက်ဖက်ရည်ဆိုင်ကလေးထဲမှာ လက် ဖက်ရည်သောက်နေကြတာ။ လက်ဖက်ရည်ဆိုင်မှာ ဆိုင်း ဘုတ်မရှိဘူး။ ဆိုင်နာမည်မရှိတဲ့ ငါးရက်တစ်ဈေး။ ဈေး ကလေးထဲမှာရှိတဲ့ တစ်ဆိုင်တည်းသော လက်ဖက်ရည် ဆိုင်။

နာမည်ဆိုင်းဘုတ်မရှိတဲ့ လက်ဖက်ရည်ဆိုင်ထဲကို ဆရာတော်တစ်ပါး ဝင်လာတယ်။ ဝင်လာပုံကသင်းတယ်။

ဟောကောင်တွေ လို့ နှုတ်ဆက်တာက တပ်ရေးဗိုလ် ကြီးနဲ့ တပ်ထောက်ဗိုလ်ကြီးကိုဆိုတာ သိသာတယ်။ ဘာ လို့ဆိုတော့ တပ်ထောက်ဗိုလ်ကြီးဘေးနားမှာ ဝင်ထိုင် လိုက်လို့။

ထုံးစံအတိုင်းလို့ ဆိုင်ရှင်ကိုအော်ပြီး လက်ဖက်ရည် မှာတဲ့ အဲဒီဆရာတော်နဲ့ ကျွန်တော့်ကို တပ်ထောက်ဗိုလ် ကြီးက မိတ်ဆက်ပေးတယ်။



www.burmeseclassic

www.burmeseclassic.com

အဲဒီတော့မှ အဲဒီဆရာတော်ကို ကျွန်တော်က လောကုနူဆရာတော်လို့ သိတာ။ လောကုနူဆရာတော်ဆိုတာ လောကုနူရွာက ဆရာတော်။ လောကုနူရွာက လောကုနူ ဘုန်းတော်ကြီးကျောင်းရဲ့ ဦးစီးပဓာနနာယက ဆရာတော်။ ပြီးတော့ တောင်တန်းသာသနာပြုဆရာတော် တစ်ပါး။

အဲဒီတုန်းက တောင်တန်းသာသနာပြု ဆရာတော်ဆိုတဲ့ လောကုနူဆရာတော်က–

'ဒကာကြီးက စာရေးဆရာဆိုတော့ အတော်ပဲဗျ။ ကျုပ်က စာရေးဆရာကို တွေ့ချင်နေတာ။ ဘာလို့ဆိုတော့ ကျုပ်အကြောင်း အဲ..ကျုပ်ပြောပြမယ့်အကြောင်းကို ရေးစေချင်လို့။ စာနယ်ဇင်းတွေမှာ ရေးစေချင်လို့။ ရေးတဲ့စာတွေကို လူတွေ ဖတ်စေချင်လို့။ ဒါ ကျုပ် ထင်ပေါ်ချင်လို့ မဟုတ်ဘူး။ ဘုန်းတော်ခြောက်စုံ ကျေးဇူးဂုဏ်တွေနဲ့ ပြည့်စုံတော်မူတဲ့ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတွေရဲ့ ပူဇော်အထူးကို ခံတော်မူထိုက်တဲ့ သစ္စာဒေယျာတရားမြတ်ကို သိစွမ်းတော်မူနိုင်တဲ့ နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ဂုဏ်တော်တွေနဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားရဲ့ ထေရဝါဒဗုဒ္ဓသာသနာတော် အရှည်ခံ့လို့ တည်တံ့ပြန့်ပွားစေချင်တဲ့ စေတနာကြောင့် စာရေးဆရာကို ရေးစေချင်တာ။ ရေးတဲ့စာကို လူတွေဖတ်စေချင်တာ' လို့ ရှင်းပြပြီး 'ဒကာကြီး ရေးမယ်မဟုတ်လား' တဲ့။

လောကုနူဆရာတော်က ဘာတွေပြောမှာလဲလို့ ကျွန်တော်နည်းနည်းလေးတောင် မတွေးခဲ့ပါဘူး။ ဘာကိုသာ တွေးပြီး ဝမ်းသာခဲ့တာလဲဆိုတော့ ဂုဏ်တော်တွေနဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားရဲ့ ထေရဝါဒဗုဒ္ဓသာသနာတော် အရှည်ခံ့လို့ တည်တံ့ပြန့်ပွားစေချင်တဲ့ စေတနာဆိုတဲ့ တောင်တန်းသာသနာပြု လောကုနူဆရာတော်ရဲ့ ရင်တွင်းဖြစ် စကားကို ကြားရလို့။

ဒါကြောင့် ကျွန်တော်က ချက်ချင်းပဲ 'တပည့်တော် ရေးပါ့မယ်ဘုရား' ဆိုတော့ လောကုနူဆရာတော်က မေးခဲ့တယ်။

'ဒကာကြီး ဆောင်းပါးပဲရေးရေး၊ ဝတ္ထုပဲရေးရေး၊ ဝတ္ထုဆောင်းပါးအနေနဲ့ပဲရေးရေး ရေးချင်သလိုရေး ကျုပ်ခွင့်ပြုတယ်။ ခေါင်းစဉ်ကို ဘယ်လိုပေးမလဲ' တဲ့။

အဲဒီတော့ ကျွန်တော်က သံဃာနဲ့ ဒကာ၊ ဆရာ၊ တပည့် တရင်းတနှီး လေသံနဲ့–

'လောကုနူဆရာတော် အဆင့်ကျော်နေပြီ။ ဆရာတော်ပြောမှာတွေ တပည့်တော် နားထောင်မှတ်သားပြီး သိချင်တာတွေ အမေးအဖြေလုပ်ပြီးမှ ခေါင်းစဉ်ကိုပြောလို့ ဖြစ်မှာပေါ့'

ဆိုတော့မှ ဆရာတော်က ရယ်ရင်း–

'ဟုတ်သားပဲ၊ ကျုပ်က စာရေးဆရာကိုတွေ့လို့ ဝမ်းသာအားရဖြစ်ပြီး အဆင့်ကျော် မေးမိတာ။ ကဲပါ၊ ဘာခေါင်းစဉ်နဲ့ပဲရေးရေး ကျုပ်ဓာတ်ပုံတော့ စာနယ်ဇင်းထဲ မထည့်ရဘူး။ ကျုပ်ဓာတ်ပုံ မပေးဘူး' လို့ ခပ်ပြတ်ပြတ် ပြောပြန်ပါရော။ ဒီတော့–

'ဘာဖြစ်လို့လဲဘုရား'

လို့ မေးကြည့်တဲ့အခါ–

'ပြောပြီးပြီလေ။ ကျုပ်က ထင်ပေါ်ကျော်ကြားချင်တာမဟုတ်ဘူး။ မြတ်စွာဘုရားရဲ့ သာသနာတော် တည်တံ့ပြန့်ပွားဖို့ ကျုပ်နဲ့ပတ်သက်တာရှိလို့သာ မဖြစ်မနေ ကျုပ်က ပတ်သက်တာတွေကို ပြောရမှာ' လို့ ပြောရင်း လက်ဖက်ရည်အချိုကို ကုန်အောင် မြန်မြန်သောက်တယ်။

ရေနွေးကြမ်းတစ်ပန်းကန် သောက်ပြီးတာနဲ့–

'ကဲ..စာရေးဆရာ၊ နားထောင်ပေတော့' ဆိုပြီး ပြောတော့တာပါပဲ။

◆ ◆ ◆

မန္တလေးသာသနာ့တက္ကသိုလ်က ဘွဲ့ရပြီးတော့ ဆရာသမားတွေဖြစ်ကြတဲ့ ဆရာတော် သံဃာတော်တွေကို–

'တောင်တန်းဒေသမှာ တပည့်တော် သာသနာပြုချင်ပါတယ်ဘုရား' လို့ ဆန္ဒပေးခဲ့တယ်။

ဆရာသမားတွေက–

'မောင်ပဉ္စင်း သေချာရဲ့လား' တဲ့။

အဲဒီလို မေးခဲ့တာ။

'သေချာပါတယ်ဘုရား' ဆိုတော့ 'သေချာတယ်ဆိုတာကို လွယ်လွယ်မပြောနဲ့။ တကယ်သေချာမှ သေချာတယ်လို့ပြော' တဲ့။

ဘာလို့ အဲဒီလိုဆရာသမားက ပြန်မေးတာလဲဆိုတော့ အဲဒီတုန်းက ကျုပ်က ငယ်သေးလို့ လူတွေမှာတော့ အသက်နှစ်ဆယ့်ငါးနှစ်ဆိုရင် တော်တော်လူရာဝင်နေပြီ။ လူငယ်ဆိုပေမယ့် လူကြီးအလုပ် လုပ်လို့ရပြီ။ ကျုပ်တို့ သာသနာမှာတော့ အဲဒီတုန်းက ကျုပ်ကို လူကြီးတွေက



www.burmeseclassic

www.burmeseclassic.com

လူကြီးတာဝန် ပေးသင့်၊ မပေးသင့် ချင့်ချိန်ရတဲ့အချိန်။

'သေသေချာချာ စဉ်းစားဆုံးဖြတ်ပြီးမှ သေချာတယ်လို့ ဖြေတာပါဘုရား'

လို့ လျှောက်ထားတော့မှ-

'သာဓု..သာဓု..သာဓု'

လို့ သာဓုသုံးကြိမ် ကြွေတင်ပေးပြီး-

'မင်္ဂလာလေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်ဆိုတဲ့ လောကုတ္တရာတရား ကိုးပါးကို ရောက်ရာရောက်ကြောင်းဖြစ်တဲ့ အကျင့်မြတ် အကျင့်ကောင်းကို ကျင့်သုံးဆောက်တည်ပွားများအားထုတ်ရင်း မြတ်စွာဘုရားရှင်ရဲ့ ထေရဝါဒဗုဒ္ဓသာသနာတော် အရှည်ခံ့လို့ တည်တံ့ပြန့်ပွားအောင် ကြိုးစားမယုတ် အားထုတ်နိုင်ပါစေလို့ ဆုပေးပြီး တောင်တန်းသာသနာပြုဆရာတော်အဖြစ် ကျုပ်ကို စတင်တာဝန်ပေးခဲ့ပါတယ်။

ကျုပ်တာဝန်ယူရတဲ့ဒေသက လောကုခူ။ အဲဒီတုန်းက လောကုခူဆိုတာ မည်ကာမတ္တ တောင်ပေါ်ရွာကလေးတစ်ရွာ။ အိမ်ခြေက ငါးဆယ်တောင် မရှိသေးဘူး။ တစ်အိမ်နဲ့တစ်အိမ် ဝေးတယ်။ ကိုယ့်ဝင်းကိုယ့်ခြံ ကိုယ့်အိမ်နဲ့ ကိုယ်နေထိုင်ကြတဲ့ တောင်ပေါ်တိုင်းရင်းသားတွေ။

ခရစ်ယာန်ဘာသာဝင်တွေက အများဆုံး။ များတယ်ဆိုပေမယ့် မယ်တော်ကိုးကွယ်တာတို့ ဘာတို့ ကွဲပြားပြီး မတူဘူး။ နတ်ကိုးကွယ်သူတွေလည်းရှိတယ်။ ဗုဒ္ဓဘာသာကိုးကွယ်သူကတော့ အဲဒီအချိန်တုန်းက အဲဒီ လောကုခူမှာ တစ်အိမ်မှ မရှိဘူး၊ တစ်ယောက်မှ မရှိဘူး။

မရှိလည်း ကျုပ်က မမှုပါဘူး။ တောင်တန်းဒေသမှာ သာသနာပြုဖို့ လောကုခူကို မလာခင်ကတည်းက ဘုရားကြီးမှာ မန္တလေးက မဟာမြတ်မုနိဘုရားကြီးမှာ ဘုရားရှိခိုး၊ သီလခံ အဓိဋ္ဌာန်ဝင်ပြီး-

'တပည့်တော်သည် ရှင်တော်မြတ်ဘုရား၏ ဗုဒ္ဓသာသနာတော်မြတ်ကြီး အရှည်သဖြင့် တည်တံ့ပြန့်ပွားရေးအတွက် တပည့်တော်၏ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးကို ပေးလှူဆောင်ရွက်ပါမည် အရှင်ဘုရား။ ဤသစ္စာစကားမှန်ကန်ပါက တပည့်တော်၏ တောင်တန်းသာသနာပြုလုပ်ငန်း ဆောင်ရွက်မှုများသည် အနှောင့်အယှက် အဟန့်အတား အခက်အခဲ လုံးဝမရှိဘဲ အောင်မြင်ပါစေသတည်း'

လို့ အလေးအနက်သစ္စာဆိုပြီး အဓိဋ္ဌာန်ပြုပြီးမှ လောကုခူကို ရဲရဲတင်းတင်းဝင်လာတာ။

လောကုခူရောက်တော့ ဝါးတွေ ခုတ်ရတာလည်း ကျုပ်၊ ကျောင်းဆောက်ရတာလည်း ကျုပ်။ တစ်ပါးကျောင်း၊ ဝါးကျောင်းသေးသေးလေး။

တောင်ပေါ်က သဘာဝရေကန်လေးကို မျက်နှာမူပြီး ကျောင်းဆောက်ထားတာ။ ရေကန်လေးနဲ့ ကျောင်းက ဆယ့်နှစ်လံလောက်ပဲဝေးမယ်။ ရေကန်လေးထဲမှာ ရေကအပြည့်မရှိဘူး။ ကန်ရဲ့ သုံးပုံတစ်ပုံလောက်ပဲ ရှိတယ်။ ဒါပေမဲ့ ကျုပ်တစ်ပါးတည်းအတွက်ကတော့ ကောင်းကောင်းကြီး လုံလောက်ခဲ့ပါတယ်။

◆ ◆ ◆

ကျုပ် လောကုခူကိုရောက်စက လောကုခူမှာ ခရစ်ယာန်ဘာသာဝင်တွေ အများစုနေထိုင်တယ်။ ဒုတိယများတာက နတ်ကိုးကွယ်တဲ့လူတွေ။ ထူးခြားတာက ဗုဒ္ဓဘာသာဝင် တစ်အိမ်မှ မရှိတာ၊ တစ်ယောက်မှ မရှိတာ။

ဒါမျိုး မကြောက်လို့ ရှာရိုးလျှောက်တာဆိုတဲ့စကားကို ကျုပ် မြေပြန့်မှာ နေတုန်းက ကြားဖူးတယ်။ တောင်ပေါ်ရောက်တော့ မကြောက်လို့ မဖြစ်ဘူး။ ကြောက်ရတာက စစ်တပ်။ ပြီးတော့ တောတွင်းလက်နက်ကိုင်တွေ။ ဒီလူတွေနဲ့ ငြိလို့ကတော့ မလွယ်ဘူး။ ဒီတော့ မငြိအောင်နေရတယ်။ မငြိအောင် နေရတယ်ဆိုတာထက် ပြေလည်အောင် နေရတယ်လို့ ပြောရင်ရတယ်။

ကျုပ်တို့က ဘုန်းကြီးတွေ၊ ဘုန်းကြီးတွေ ဆိုတာကပြောရရင် ပလ္လင်ပေါ်မှာ နေရတာ။ ဒီတော့ စကားမှားလို့ မဖြစ်ဘူး။ မှန်တာပဲ ပြောရတာ။ ပြောတော့ အောက်ကျို့တဲ့လေသံ မပါရဘူး။ ညွှန်ကြားတဲ့လေသံ။ မြို့ပြမှာနေတုန်းကလို ဆရာတော်တို့၊ ဒကာကြီး၊ ဒကာမကြီးတို့ဆိုတာမျိုး မပြောတော့ဘူး။ ပွင့်လင်းရိုးသားတဲ့ တောင်ပေါ်သားတွေလို ငါ၊ မင်းဆိုတဲ့ အသုံးအနှုန်းနဲ့ ပြောတာ။

'ဟေ့ကောင် တပ်ထောက်ဗိုလ်ကြီး၊ ဒီည ဆယ့်တစ်နာရီခွဲမှာ မင်းတို့တပ်ဖွဲ့ ဒေါတနောဘက် သွားမလို့ဆို'

အဲဒီသတင်းစကား စပေးတဲ့အချိန်က ကျုပ်ကို တပ်ထောက်ဗိုလ်ကြီးက ပြုံးတုံးပြုံတဲ့နဲ့-

'ဘယ်သူပြောလဲ'တဲ့။

ဆရာတော်တို့၊ ဦးပဉ္ဇင်းတို့လို့ တောင် ထည့်မပြောဘူး။



www.burmeseclassic

www.burmeseclassic.com

ကျုပ်ကတော့ အေးအေးဆေးဆေးပါပဲ။ ကျုပ်သတင်းပေးတဲ့နေရာက စစ်တပ်ရဲ့ တပ်ရင်းရုံးမှာ။

'သူပုန်တွေ ပြောတာ'

အဲဒီတုန်းက တောတွင်းလက်နက်ကိုင်တွေကို သူပုန်တွေလို့ပဲ ခေါ်ခဲ့ကြတဲ့အချိန်။ သူပုန်တွေပြောတာလို့လည်း ဆိုရော တပ်ထောက်ဗိုလ်ကြီးက သေနတ်မောင်း ကောက်တင်တာပဲ။ ကျုပ် နည်းနည်းမှ မကြောက်ပါဘူး။ ကျုပ်က သူပုန်မှမဟုတ်တာ၊ သူပုန်ရဲ့စပိုင်မှ မဟုတ်တာ။ အဲဒီသတင်းလာပေးတာ စစ်တပ်ကို စေတနာရှိလို့။


တပ်ထောက်ဗိုလ်ကြီးက-

'သူပုန်လား၊ သူပုန်ရဲ့ စပိုင်လား' လို့မေးပြီး ကျုပ်ကို သေနတ်နဲ့ချိန်တဲ့အချိန် ရုံးခန်းထဲကို အရာရှိတစ်ယောက် ဝင်လာတယ်။ သူ့ကိစ္စနဲ့သူ ဝင်လာတာနေမှာပေါ့။ ဒီရုံးက သူ့ရုံးလေ။

ဝင်လာတဲ့အရာရှိက-

'ဒုတိယတပ်ရင်းမှူး၊ ဘာဖြစ်တာလဲ'

ဒုတိယတပ်ရင်းမှူးက သူ့တပည့် တပ်ထောက်ဗိုလ်ကြီးကို မကြည့်ဘဲ မေးခဲ့တာ။ မျက်တောင်မခတ်ဘဲကြည့်တာက ကျုပ်ကို။



ကျုပ်က တည်တည်ငြိမ်ငြိမ်ပါပဲ။ အသံကလည်း နည်းနည်းမျှ မတုန်ပါဘူး။

'ဒုတပ်ရင်းမှူးကြီး ထင်တယ်။ ကျုပ်က လောကုခ္ခုဆရာတော်ပါ။ တောင်တန်းသာသနာလာပြုတာ။ ကျုပ်သူပုန်မဟုတ်ဘူး။ သူပုန်တွေဆီက တပ်ထောက်ဗိုလ်ကြီးဦးဆောင်မယ့် တပ်ခွဲတစ်ခွဲ ဒီညဆယ့်တစ်နာရီခွဲတိတိမှာ ဒေါတနောကို သွားမယ်။ ဒေါတနောကို မရောက်ခင်ကြယ်ဖိုကြီးနားကနေပြီး ချုံခိုတိုက်မယ်ဆိုတဲ့ သတင်းရလို့ လာပေးတာဆိုတော့ အတွေ့အကြုံများပြီး စဉ်းစားဆင်ခြင်ဉာဏ်ရှိတဲ့ ဒုတပ်ရင်းမှူးကြီးက သူ့တပည့်တပ်ထောက်ဗိုလ်ကြီးကို 'သေနတ်ဖယ်လိုက်' လို့ အမိန့်ပေးရင်း ကျုပ်ကို အဲဒီတပ်ရင်းရုံးထဲက ထိုင်ခုံတစ်လုံးမှာထိုင်ဖို့ လျှောက်ထားခဲ့တယ်လေ။ အအေးပါ ကပ်လှူခဲ့တယ်။

'ဦးပဥ္စင်း..ဒီထိုင်ခုံမှာ ထိုင်ပါဦး။ အအေးဘုဉ်းပေးပါဦး။ ခုလို လာသတင်းပေးတာ ကျေးဇူးတင်ပါတယ်ဘုရား'

လို့ နေရာပေး အအေးတိုက်ခဲ့ပေမယ့်-

'ညအက်ကြီး လောကုခ္ခုကို မပြန်ဘဲ ဒီည တပည့်တော်တို့နဲ့ စကားပြောပြီး ဒီရုံးမှာ ကျိန်းသွားပါဘုရား' ဆိုပြီး ဆွဲထားတယ်။

သိတာပေါ့။ ကျုပ်သတင်းပေးတာ မမှန်ရင် စစ်တပ်ကို သူပုန်တွေ ပစ်ခတ်ရင် ကျုပ်ကိုဖမ်းထားဖို့ ခေါ်ထားတယ်ဆိုတာ သိပေမယ့် ကျုပ်က မတုန်လှုပ်ပါဘူး။ ဣန္ဒြေအပျက်မခံပါဘူး။

ကျုပ်က သတင်းအမှားပေးတာမှ မဟုတ်တာ။ စစ်တပ်အန္တရာယ်ကင်းခဲ့တယ်လေ။ အဲဒီကစပြီး စစ်တပ်နဲ့ ကျုပ်နဲ့က မဟာမိတ်၊ ကျုပ်နဲ့ စစ်တပ်နဲ့က ဆရာနဲ့တပည့် ဖြစ်ခဲ့ကြတာ ကြာပြီ။

◆ ◆ ◆

'ဟော့ကောင်တွေ၊ မင်းတို့ ဒီမှာမနေနဲ့။ ရှောင်နေကြ' ကျုပ်ရဲ့ သတိပေးစကားကြားတော့ သူပုန်ဗိုလ်ကြီးက-

'ဘာလို့ရှောင်ရမလဲ' လို့ ပြန်မေးခဲ့တယ်။

ကျုပ်ကိုလည်း မယုံသင်္ကာနဲ့။

'ဦးပဥ္စင်းလား၊ ဘယ်မှာနေလဲ' တဲ့။

လက်ထဲမှာလည်း သေနတ်ကြီးကိုင်လို့



www.burmeseclassic

www.burmeseclassic.com

'ကျုပ်က လောကုနူမှာ ကိုယ့်ကျောင်းကို ကိုယ်ဆောက်နေတဲ့ ကိုယ့်ဆွမ်းကို ကိုယ်ချက်ပြီးနေတဲ့ လောကုနူဆရာတော်။ စစ်တပ်က ဒကာကြီးတို့ အခုစခန်းချနေတဲ့ ဘီယာဘက်ကို လာတော့မယ်။ ဒီတော့ ဟိုရာဘက်ကို ရှောင်ရင် တောင်းမယ်။ ခါးဘယ်အထိ ရှောင်ရင်တော့ ပိုကောင်းမယ်'

လို့ အကြံပေးတော့ စစ်တပ်ကိုစပြီး သတင်းပေးတုန်းကလို သူပုန်ဗိုလ်ကြီးက-

'ဟုတ်ရင် ကျေးဇူးတင်တယ်၊ မဟုတ်ရင် သတ်ပစ်မယ်' တဲ့။

စကားခပ်ပြတ်ပြတ် ပြောတာ။ စစ်တပ်ထဲကလား၊ ကတုံးတုံးပြီး ဘုန်းကြီးယောင်ဆောင်လာတာလား၊ စစ်တပ်သူလျှိုလားလို့ မမေးဘူး။ ဒီညဲ ဒီမှာကျိန်းပါ။ သိတင်းသုံးပါလို့ မလျှောက်ဘူး။ အအေးမကပ်ဘူး။

'မပြန်နဲ့' လို့ အမိန့်ပေးရင်း ဟုတ်ရင် ကျေးဇူးတင်တယ်။ မဟုတ်ရင် သတ်ပစ်မယ်လို့ ပြောတာ။

တိုတိုပြောရရင် ကျုပ် သူတို့နဲ့ အတူတူနေခဲ့တယ်။ ကျုပ်သတိပေးတဲ့အတိုင်း သူတို့လုပ်ခဲ့တယ်။ ကျုပ်ပေးတဲ့ မက်ဆေ့(ချ်)က မှန်တယ်။ သူတို့ အန္တရာယ်ကင်းတယ်။ ဒါကြောင့် အခုအထိ သူတို့နဲ့ကျုပ်နဲ့ ရန်သူမဖြစ်တော့ပါဘူး။

◆◆◆

ကျုပ် လောကုနူကိုရောက်တာ ဆောင်းဦးပေါက်။ လောကုနူရွာသားတွေ တစ်ယောက်မျှ မရောက်လာခဲ့ဘူး။ ဒါပေမဲ့ မိုးဦးလည်းကျရော လာလိုက်ကြတာ တစ်ရွာလုံးပဲ။ လက်ထဲမှာ ပစ္စည်းကိုယ်စီကိုင်ပြီး ရောက်လာခဲ့တာ။ ကိုင်ထားကြတဲ့ ပစ္စည်းတွေက ကိုင်းခုတ်ဓားကြီးတွေ၊ ဓားရှည်တွေ၊ ပြီးတော့ လှံရှည်ကြီးတွေနဲ့။ ရောက်လာတဲ့အချိန်က ည။

ဒီလူတွေက တောင်ယာစိုက်ပျိုးရေး လုပ်ကိုင်တဲ့လူတွေ။ မိုးလင်းပြီးတာနဲ့ အိမ်မှာ မနေတော့ဘူး။ တောင်ယာဆင်းကြတာ။ အိမ်ပြန်လာတာက ညီအစ်ကိုမသိတသိ အချိန်မှ။ ဒီတော့ အိမ်ရောက်မှ ရေချိုး၊ ထမင်းစားရဆိုတော့ ကျုပ်ဆီ လာတဲ့အချိန်က မိုးချုပ်တာပေါ့။

လာတာက အကြောင်းရှိတယ်။

'ဝက်ကြီးတစ်ကောင်နဲ့ ဆန်တစ်တင်း ပေးမလား။ ပြန်မလား'

လာလာချင်း ဆောက်နဲ့ထွင်းဆိုသလို လှံကြီးကိုင်ထားတဲ့ လူကြီးတစ်ယောက်က ကျုပ်ကိုမေးတာ။ ကျုပ်ကတော့ အေးအေးဆေးဆေးပါပဲ။

'ဘာလို့ပေးရမှာလဲ၊ ဘာလို့ပြန်သွားရမှာလဲ'

မဖြေဘဲ ပြန်မေးတဲ့ကျုပ်ကို အဲဒီလူကြီးက ရှင်းပြခဲ့တယ်။

'နင်မလာခင်က တို့ရွာပေါ်ကို မိုးရွာတယ်။ နင်လာလို့ မိုးမရွာတော့ဘူး။ သစ်ပင်တွေစိုက်ဖို့ ရေမရှိဘူး။ နင်ပြန်ရင်ပြန် မပြန်ချင်ရင် မိုးနတ်မင်းကြီးကို ပူဇော်ဖို့ ဝက်ကြီးတစ်ကောင်နဲ့ ဆန်တစ်တင်းပေး။ ငါတို့က မိုးနတ်မင်းကြီး စိတ်ဆိုးပြေအောင် ကျွဲတစ်ကောင်သတ်၊ ဆန်ငါးတင်းချက်ပြီး တောင်းပန်မယ်တဲ့။

အဲဒီစကားကြားတော့ ကျုပ်က ဝမ်းသာသွားတယ်။ အများအကျိုးအတွက် ဘုရားတန်ခိုးပြခွင့်ရတော့မယ်ဆိုတာ ကြိုတင်တွေးမိလို့။

ငါ မပြန်ဘူး။ ဝက်တစ်ကောင်နဲ့ ဆန်တစ်အိတ် မပေးဘူး။ မင်းတို့လည်း ကျွဲကိုသတ်စရာမလိုဘူး။ ဆန်တွေချက်ပြီး ဘယ်သူ့ကိုမျှ တောင်းပန်စရာမလိုဘူး။ မင်းတို့ လိုချင်တဲ့ မိုးရေတွေရအောင် မိုးရွာအောင် ငါလုပ်ပေးမယ်ဆိုတော့ အဲဒီလူကြီးက ကိုင်ထားတဲ့ လှံရှည်ကြီးကို မြှောက်မြှောက်ပြပြီး တကယ်လား၊ မိုးမရွာရင် မင်းကို ဟောဒီလှံနဲ့ ထိုးသတ်မယ်။ ဟင်းချက်မယ်။ မိုးနတ်မင်းကို ပူဇော်ပြီး မိုးရွာအောင် တောင်းပန်မယ်လို့ ခပ်မာမာ ပြောတယ်။

ကျုပ်က ကြောက်သွေးပါရင် ဇာဂနာနဲ့ နတ်ပစ်မယ့် ဘုန်းကြီးဆိုတော့ ရဲရဲတင်းတင်းပဲ-

'အေး..ငါ မိုးရွာအောင်လုပ်ပေးမယ်။ ငါခိုင်းတာတွေကိုတော့ မင်းတို့ လုပ်ပေးရမယ်။ ငါလုပ်သလို လိုက်လုပ်ရမယ်။ ငါဆိုသလို လိုက်ဆိုရမယ်' လို့ ပြောတော့ အဲဒီလူကြီးက ဘာပြောတယ်မှတ်လဲ။

'လုပ်မယ်။ နင်ပြောသလို မိုးမရွာရင် နင့်ကို သတ်မယ်' တဲ့။

သတ်မယ်၊ သတ်မယ်လို့ ဒေါသတကြီးပြောနေတဲ့ လူကြီး၊ အသံသြသြကြီးနဲ့ ကြောက်စရာကြီး။ သူ့နောက်က လူအုပ်ကြီးဆီက အသံတွေ တစ်ပြိုင်နက်တည်း ထွက်


www.burmeseclassic

www.burmeseclassic.com

လာတယ်။

'သတ်မယ်၊ သတ်မယ်၊ သတ်မယ်တဲ့'

အဲဒီတော့ ကျုပ်က အပေးအယူစကား ပြောလိုက်တယ်။

'ငါလုပ်ပေးလို့ မိုးမရွာရင် ငါ့ကိုသတ်၊ မိုးရွာရင် မင်းတို့တစ်ရွာလုံး ငါ့ကို ကိုးကွယ်ရမယ်။ ငါတို့ထေရဝါဒ ဗုဒ္ဓဘာသာထဲ ဝင်ကြရမယ်'

ကျုပ်စကားအဆုံးမှာ အဲဒီခေါင်းဆောင်နဲ့တူတဲ့လူကြီးက သတ်မယ်လို့ မပြောတော့ဘူး။

'နင်လုပ်ပေးလို့ မိုးရွာရင် တစ်ရွာလုံးတော့ နင့်ဘာသာထဲ မဝင်ဘူး။ အားလုံးကိုယ်စား တို့အိမ်ငါးအိမ်က လူတွေဝင်မယ်။ မိုးမရွာရင် နင့်ကို မသတ်ဘူး။ နင်ထွက်သွားရမယ်။ ပြန်ရမယ်' လို့ တစ်ထစ်လျှော့ပြောတယ်။

ဒီတော့ ကျုပ်က ခပ်တင်းတင်းနဲ့-

'ဟေ့ကောင်တွေ၊ ငါလုပ်ပေးလို့ မိုးမရွာရင် ငါ့ကို သတ်၊ ငါအသေခံမယ်။ မိုးရွာရင် တစ်ရွာလုံးကလူတွေ ငါတို့ဘာသာထဲ ဝင်ရမယ်'

လို့ ဆိုလိုက်တော့-

'မရဘူး၊ ငါပြောသလိုလုပ်' တဲ့။

အဲဒီလိုပြောပြီး သူ့နောက်ကလူအုပ်ကြီးကို ကြည့်လိုက်တော့ လူအုပ်ကြီးက ဓားတွေမြှောက်ပြကြ၊ လှံတွေမြှောက်ပြကြလုပ်တယ်။ ကျုပ်က ချက်ချင်းတွေးလိုက်တယ်။

'ငါ သူပြောတာကို သဘောတူမှဖြစ်မယ်။ သဘောမတူဘဲ တင်းခံနေရင် ဒီလူတွေက လက်မြန်ခြေမြန်နဲ့ ငါ့ကိုသတ်ပစ်နိုင်တယ်'

လို့ တွေးပြီး-

'အေး..ကောင်းပြီ၊ မင်းပြောသလို ငါလုပ်ပေးလို့ မိုးရွာရင် မင်းတို့အိမ်ငါးအိမ်က လူတွေအကုန်လုံး ငါတို့ဘာသာထဲ ဝင်ကြ။ မိုးမရွာရင် ငါ ဒီလောကခုက ချက်ချင်းထွက်သွားမယ်' လို့ ပြောလိုက်ရတယ်။

◆◆◆

လပြည့်ည လသာညဖြစ်လို့ တော်သေးတယ်။ ကျုပ် သူတို့ကို ဇလုံကြီးနှစ်လုံး ရှာခိုင်းတယ်။ ငှက်ပျောသီးအဖီးကောင်းကောင်းတွေ ရှာခိုင်းတယ်။ အုန်းသီးအညှာတံကောင်းကောင်း၊ အလုံးလှလှနှစ်လုံး ခူးခိုင်းတယ်။ ပြောရရင် ဘုရားပွဲနဲ့ ရှင်ဥပဂုတ္တမထေရ်ပွဲအတွက် လိုအပ်တာအားလုံး ရှာဖွေပြင်ဆင်ခိုင်းခဲ့တယ် ဆိုပါတော့။

ရေကန်နဲ့ ကျုပ်ဆောက်ထားတဲ့ တစ်ပါးကျောင်း၊ ဝါးကျောင်းကြားမှာ ရှင်ဥပဂုတ္တမထေရ် သီတင်းသုံးဖို့ ဝါးကျောင်းလေးတစ်ကျောင်း ဆောက်ခိုင်းတယ်။ ပြီးမှ ဘုရားပွဲကို ကျုပ်ကျောင်းပေါ်က ဘုရားစင်ပေါ်တင် ရှင်ဥပဂုတ္တမထေရ်ပွဲကိုတော့ ရှင်ဥပဂုတ္တမထေရ်ကျောင်းပေါ်တင် သူတို့အားလုံးကို မြေပြင်ပေါ်ထိုင်ခိုင်း၊ ကျုပ်က သူတို့ရှေ့မှာ သူတို့ကို ကျောခိုင်းပြီး ဘုရားစင်ပေါ်မှာ သီတင်းသုံးတဲ့ မြတ်စွာဘုရားရှင်ဘက် မျက်နှာမူပြီး ရိုရိုသေသေထိုင်တယ်။ သူတို့အားလုံးကလည်း ကျုပ်လိုပဲ လိုက်ထိုင်တယ်။

'ကဲ..တစ်ယောက်မှ စကားမပြောနဲ့။ အားလုံး ငြိမ်ငြိမ်ထိုင်။ ငါလုပ်သလို လက်နှစ်ဖက်ကို လက်ဝါးနှစ်ဖက်ကိုပူး၊ လက်ချောင်းလေးတွေကိုပူး၊ လက်မ၊ လက်မချင်း၊ လက်ညှိုး၊ လက်ညှိုးချင်း၊ လက်သန်းအထိ ဟောဒီလိုပူးပြီး နဖူးနဲ့ လက်မနှစ်ခုကို ဒီလိုထိအောင်လုပ်လို့ ကျုပ်က သူတို့ဘက်ကို မတ်တတ်ရပ် ပြန်လုပ်ပြတယ်။

သူတို့က ထိုင်လျက်ကနေ လိုက်လုပ်တယ်။ သူတို့ဘေးမှာတော့ ဓားရှည်တွေ၊ လှံရှည်တွေ ချထားတယ်။

ကျုပ်က ပြန်ထိုင်ပြီး ဘုရားရှိခိုးခါနီးပုံစံအတိုင်း ဘုရားရှင်ဘက်မျက်နှာမူပြီး စောစောက လူကြီးကို ပြောတယ်။ အဲဒီလူကြီးက ကျုပ်နောက်မှာတော့ ကျုပ်ပြောတဲ့ အသံကို ကောင်းကောင်းကြားတာပေါ့။

'ဟေ့လူ..ငါဆိုသလိုလိုက်ဆို၊ ဘုရားကို ငါကန်တော့သလို လိုက်ကန်တော့။ မင်းရဲ့ လူတွေကိုလည်း လိုက်ဆိုခိုင်း၊ လိုက်ကန်တော့ခိုင်း'

လို့ ပြောတော့-

'အေး' တဲ့။

အေးလို့ဖြေပြီးတာနဲ့ အဲဒီလူက သူ့လူတွေကို ကျုပ်ဆိုသလို သူနဲ့အတူ လိုက်ဆိုကြဖို့ ကျုပ်လုပ်သလို သူနဲ့အတူ လိုက်လုပ်ကြဖို့ အော်ပြောတယ်။ သူ့လူတွေက-

'ဆိုမယ်'

'လုပ်မယ်' လို့ ပြန်အော်ပြောကြတယ်။

စကားသံတွေ ငြိမ်သွားတော့မှ ကျုပ်က မြတ်စွာဘုရားကို ကြည်ညိုရိုသေစွာ ရှိခိုးပူဇော် ဖူးမြော်ကာတော့



www.burmeseclassic

www.burmeseclassic.com

တယ်။ မနောက်နဲ့ပဲရှိနိုးတာ မဟုတ်ဘူး၊ ဝစီကံဆိုတဲ့ နှုတ်က အသံထွက်ရွတ်ဆို ပူဇော်ကန်တော့တာ။ ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့ ကံသုံးပါးလုံးနဲ့ ကန်တော့တာ။

ကန်တော့တော့လည်း ပြီးပြီးရောမဟုတ်ဘူး။ ခြေ၊ လက်၊ နဖူး၊ တံတောင်၊ ဒူးကို ပိပိပြားပြားချပြီး ထိခြင်းငါးပါးနဲ့ကန်တော့တာ။ ကျုပ်လုပ်သလို သူတို့လိုက်လုပ်တယ်။ ကျုပ်ဆိုသလို သူတို့ လိုက်ဆိုတယ်။

မြတ်စွာဘုရားကို ကြည်ညိုရိုသေစွာ ရှိခိုးပူဇော် ဖူးမြော်ကန်တော့ပြီးမှ-

'တပည့်တော်သည် ဘုန်းတော်အနန္တ၊ ဉာဏ်တော်အနန္တ စသော အနန္တဂုဏ်တော် ပြည့်စုံတော်မူသော သုံးလောကထွတ်ထား ရှင်တော်မြတ်ဘုရားရဲ့ ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး အရှည်သဖြင့် တည်တံ့ပြန့်ပွားရေးအတွက် တောင်တန်းသာသနာပြုလုပ်ငန်းများ ဆောင်ရွက်ရန် ဆုံးဖြတ်ပြီးကတည်းက သက်တော်ထင်ရှား မြတ်စွာဘုရားရဲ့ကိုယ်စား ကိုယ်ပွားဖြစ်တဲ့ မန္တလေးမြို့က မဟာမြတ်မုနိဘုရားကြီးထံမှာ တပည့်တော်သည် တောင်တန်းသာသနာပြု လုပ်ငန်းများကို ကြိုးစားမံယုတ် အားထုတ်ဆောင်ရွက်တဲ့နေရာမှာ အောင်အောင်မြင်မြင် လုပ်ဆောင်နိုင်ဖို့ မြတ်စွာဘုရားထံ တပည့်တော်ရဲ့ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးကို လှူဒါန်းထားခဲ့ပြီး ဖြစ်ပါတယ်ဘုရား။ ဒါကြောင့် ဗုဒ္ဓဘာသာဝင် မဖြစ်သေးတဲ့လူတွေ ဗုဒ္ဓဘာသာဝင်တွေ ဖြစ်လာစေဖို့က အခုအခါမှာ သူတို့ရဲ့ တောင်ယာစိုက်ခင်းတွေ ရေရဖို့ လိုနေပါတယ်ဘုရား။ ရေရဖို့ မိုးရေတွေ အလုံအလောက်ရဖို့ အကူအညီပေးတော်မူပါဘုရား' လို့ ဖွင့်ဟခဲ့တာ။ ပြောရရင် မြတ်စွာဘုရားကို အကူအညီပေးပါလို့ တောင်းပန်လျှောက်ထားခဲ့တယ် ဆိုပါတော့ဗျာ။

သုံးလောကထွတ်ထား ရှင်တော်မြတ်ဘုရားကို ရိုရိုသေသေ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ပြီးတော့မှ ကျုပ်က သက်တော်ထင်ရှားရှိတဲ့ အရှင်ဥပဂုတ္တမထေရ်ရဲ့ကိုယ်စား အရှင်ဥပဂုတ္တမထေရ် သီတင်းသုံးတဲ့ ကျောင်းတော်ဘက်ကို မျက်နှာလှည့်လိုက်ပါတယ်။ သူတို့ကလည်း လိုက်လှည့်ကြတာပါပဲ။ ပြီးတော့ အဲဒီကျောင်းတော်ပေါ်မှာ သီတင်းသုံးတဲ့ အရှင်ဥပဂုတ္တမထေရ်ဆိုတဲ့ ရှင်ဥပဂုတ္တကို သက်တော်ထင်ရှားရှိတဲ့ မထေရ်မြတ်ကြီးလို့ စိတ်မှာထင်မှတ် ယုံကြည်အောင် အာရုံယူလို့ ဘုရားရှင်ကို ကန်တော့သလို မာန်ကို နှိမ်ချကန်တော့ရပါတယ်။ သူတို့ကလည်း ကန်တော့ကြတာပါပဲ။

ကန်တော့ပြီးတော့မှ ကျုပ်က-

'အရှင်ဥပဂုတ္တမထေရ်မြတ်ကြီးဘုရား၊ အရှင်မထေရ်မြတ်ကြီးက ဂုဏ်တော်အနန္တနဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားရှင်ရဲ့ တပည့်သာဝကကြီးဖြစ်သလို တပည့်တော်ကလည်း ဘုရားရှင်ရဲ့ တပည့်သာဝကအငယ် ဖြစ်ပါတယ်ဘုရား။ အရှင်မြတ်ကြီးက နောင်တော်ကြီးဖြစ်ပြီး တပည့်တော်က ညီငယ်ဖြစ်ပါတယ်ဘုရား။ ညီငယ်ဖြစ်တဲ့ တပည့်တော်မှာ စွမ်းရည်သတ္တိတွေ မရှိပေမယ့် နောင်တော်ကြီးကတော့ မိုးကို ရွာအောင် ဆောင်ရွက်ပေးနိုင်တဲ့ အစွမ်းသတ္တိနဲ့ မိုးကို မရွာအောင် တားဆီးနိုင်တဲ့ အစွမ်းသတ္တိတွေ ရှိတယ်ဆိုတာ တပည့်တော် အကြွင်းမရှိ ယုံကြည်ပါတယ်ဘုရား။

အခုအခါ ရိုးသားကြတဲ့ ဟောဒီ တောင်ပေါ်သူ တောင်ပေါ်သားတွေက သူတို့စိုက်ပျိုးထားကြတဲ့ တောင်ယာသီးနှံတွေအတွက် လိုအပ်တဲ့မိုးရေတွေရအောင် တပည့်တော်ထံ လာရောက်အကူအညီတောင်းခံနေပါပြီဘုရား။ တပည့်တော်ကလည်း ဘုန်းတော်အနန္တ၊ ဉာဏ်တော်အနန္တနဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားရှင်ရဲ့ ထေရဝါဒဗုဒ္ဓသာသနာတော် တည်တံ့ပြန့်ပွားရေးအတွက် တောင်ပေါ်သားတွေကို ဗုဒ္ဓဘာသာဝင်တွေ ဖြစ်လာစေရေးအတွက် နောင်တော်ကြီးကို အားကိုးအားထားပြုပြီး မိုးရွာအောင် ဆောင်ရွက်ပေးမယ်။ မိုးရွာရင် ဗုဒ္ဓဘာသာထဲ ဝင်ရမယ်လို့ ပြောခဲ့ပါတယ်ဘုရား။ ဒါကြောင့် မိုးရွာတာနဲ့ အဲဒီ တောင်ပေါ်သားတွေထဲက အိမ်ငါးအိမ်မှာနေတဲ့ မိသားစုငါးစုက ဗုဒ္ဓဘာသာထဲ ဝင်လာကြမှာဖြစ်ပါတယ်ဘုရား။ မိုးမရွာရင်တော့ တပည့်တော်ကို သူတို့က ဟောဒီ လောကုဒ္ဒရွာကနေ နှင်ထုတ်ပစ်ပါမယ်ဘုရား။

မြတ်စွာဘုရားထံမှာ တောင်တန်းသာသနာပြုလုပ်ငန်း အောင်မြင်အောင် ဆောင်ရွက်ဖို့ တပည့်တော်က ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါးကို လှူဒါန်းထားခဲ့ပြီးဖြစ်တဲ့ ညီငယ်အနေနဲ့ နှင်ထုတ်ခံရမှာသာမက သတ်ပစ်တော့လည်း နှင်ထုတ်ခံဖို့၊ အသေခံဖို့ အသင့်ရှိပါတယ်ဘုရား။



www.burmeseclassic

www.burmeseclassic.com



ဒါပေမဲ့ သူတို့က မိုးမရွာရင်၊ မိုးရေမရရင် မြတ်စွာဘုရားရှင်နဲ့ ဘုရားရှင်ရဲ့ သာသနာကို အထင်သေးမှာ၊ စော်ကားမှာဖြစ်လို့ ဒီအဖြစ်ကိုတော့ တပည့်တော် လုံးဝမခံနိုင်ပါဘူးဘုရား။ ဒါကြောင့် မြတ်စွာဘုရားရှင်ရဲ့ ထေရဝါဒ ဗုဒ္ဓသာသနာတော် အရှည်ခိုင်တည်တံ့ပြန့်ပွားနိုင်ရေးအတွက် နောင်တော်ကြီး အရှင်ဥပဂုတ္တမထေရ်မြတ်ကြီးက လောကူရှာအတွက် လိုအပ်နေတဲ့ မိုးရေတွေ အမြန်ဆုံးရအောင် အခုချက်ချင်းရအောင် ကူညီမ,စတော်မူပါဘုရား' လို့ အကူအညီတောင်းခံပြန်တာပေါ့။

စာရေးဆရာ ဒကာကြီးရေ..ပြောမယုံ ကြုံဖူးမှသိ ဆိုသလို ကျုပ်တို့အားလုံးက အရှင်ဥပဂုတ္တမထေရ်မြတ်ကြီးကို ကြည်ညိုရိုသေစွာ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ကန်တော့နေကြတုန်း -

'ဗြုန်း..ဗြုန်း..ဗြုန်း..ဗြုန်း'

'ဝုန်း..ဝုန်း..ဝုန်း..ဝုန်း' ဆိုတဲ့ အသံတွေ မြည်တဲ့အထိ မိုးတွေ ရွာလာပါလေရော။

ကြားဖူးတယ် မဟုတ်လား။ မိုးဖြူမစဲ မိုးမည်းမရွာတဲ့။ လပြည့်ည လသာညဖြစ်ပြီး ကောင်းကင်တစ်ခုလုံး လင်းလက်နေတာ မှောင်နေတဲ့ မိုးတိမ်ဆိုတာ မမြင်ဘူး။ ဒါပေမဲ့ မိုးကြီးကြီးရွာခဲ့တာ အဆက်မပြတ်ပဲ။ ဘယ်လောက်တောင် မိုးရေတွေ ပါလာတာလဲဆိုတော့ ကျုပ်ကျောင်းရှေ့က မြေသားရေကန်လေးထဲမှာ ရေတွေ တစ်ဝက်ကျော်ကျော်လောက်ရှိတဲ့အထိ ရှိခဲ့ဖူးတယ်လေ။

လောကူရှာသူရှာသားတွေကလည်း ပျော်သွားရွှင်သွားကြတာပေါ့။

ဟေးခနဲ၊ ဟားခနဲ အားရဝမ်းသာ အော်ဟစ်ကြလို့။ သူတို့မျက်နှာတွေက ကျုပ်ဆီကို လာတုန်းကလို ဒေါသမရှိတော့ဘူး။ မျက်ထောင့်မနီတော့ဘူး။ မျက်မှောင်မကြုတ်တော့ဘူး။ ပြုံးပျော်ကြည်နူးတဲ့မျက်နှာ၊ ဝမ်းသာအားရဖြစ်တဲ့မျက်နှာ၊ မျက်လုံးတွေနဲ့ နှုတ်ခမ်းတွေမှာ အထင်အရှား။

'ဩော်..သူတို့ခများတွေ လိုအပ်နေတဲ့ မိုးရေတွေ ရတာနဲ့ သူတို့စိုက်ပျိုးထားတဲ့ တောင်ယာသီးနှံပင်တွေ မသေတော့ဘူး။ ရှင်ကြတော့မယ်၊ အောင်မြင်ဖြစ်ထွန်းတော့မယ်ဆိုတာ ကြိုတင်သိလို့ ပျော်နေကြတာပါလား' လို့ ကျုပ်တွေးမိတာနဲ့ ကျုပ်လည်း ဝမ်းသာခဲ့ဖူးပါတယ်။

'အိမ်ရှေ့ပူ အိမ်နောက်ဖေးမချမ်းသာ' တဲ့။ ခုဟာက အိမ်ရှေ့ဝမ်းသာလို့ အိမ်နောက်ပါ လန်းဖြာတာမျိုး။

ကျုပ်ဆီလာတုန်းကလို ဓားရှည်ကြီးတွေ တမြှောက်မြှောက်၊ လှံရှည်ကြီးတွေ တပင့်ပင့် မဟုတ်တော့ပါဘူး။

အဲဒီမှာတင် ထူးခြားမှုတစ်ခု ဖြစ်ခဲ့တယ်။ အဲဒါက ကျုပ်ကိုရှိခိုးဦးချ ကန်တော့ကြတဲ့ မိသားစုငါးစု။ တောင်ပေါ်သားတွေရဲ့ ရိုးသားမှု၊ ကတိသစ္စာ တည်ကြည်မှုတစ်ခု။

◆ ◆ ◆

ဗုဒ္ဓဘာသာဝင်တွေဖြစ်အောင် ကျုပ်က ဆောင်ရွက်ပေးလို့ပြီးတာနဲ့ အဲဒီမိသားစုငါးစုက ကျုပ်ဆောက်ထားတဲ့ ဝါးကျောင်း၊ ကျုပ်သီတင်းသုံးတဲ့ တစ်ပါးကျောင်းကို ဖျက်တယ်။ ကျုပ်ကလည်း မတားပါဘူး။ ဘာလို့ဆိုတော့ ဝါးကျောင်းသေးသေးလေးအစား သစ်ကျောင်းအကြီးကြီး ဆောက်ပေးလို့။ သူတို့မိသားစုငါးစုက သစ်ကျောင်း ဆောက်လုပ်လှူဒါန်းတာ။

ဒီလိုနဲ့ ဗုဒ္ဓဘာသာဝင်တွေဖြစ်လာကြတဲ့ အဲဒီမိသားစုငါးစုက ကျုပ်ကို ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး လှူဒါန်းတဲ့ ရဟန်းဒါယကာ၊ ရဟန်းဒါယိကာမတွေ ဖြစ်လာကြတာ ဒီနေ့အထိ။

အဲဒီမိုးရဲ့ကျေးဇူးကြောင့် သီးနှံပင်တွေ ဖြစ်ထွန်းခဲ့တယ်။ ဟိုးတုန်းက ဖြစ်ထွန်းတာထက်တောင် ပိုပြီးဖြစ်ထွန်းတယ်။ ဟိုတုန်းက ပိုးကောင်လေးတွေ လေးငါးနေရာမှာတွေ့ရပေမယ့် လုံးဝမတွေ့ရတော့ဘူး။ သီးနှံတွေ မပျက်စီးတော့ဘူး။ အသီးအနှံတွေများပြီး ရောင်းဈေးကောင်းကောင်းရလာတယ်။



www.burmeseclassic

www.burmeseclassic.com

ဒါ ကျုပ်လုပ်ပေးလို့၊ အရှင်ဥပဂုတ္တမထေရ်လုပ်ပေးလို့၊ မြတ်စွာဘုရားလုပ်ပေးလို့လို့ အဲဒီလူတွေက ယုံဆယုံကြည်ပြီး ကျုပ်ကို အခေါ်အဝေါ် အပြောအဆို ပြောင်းခဲ့တယ်။ နင်နဲ့ငါ မဟုတ်တော့ဘူး။ ဦးပဥ္စင်းနဲ့ တပည့်တော် ဖြစ်သွားပြီ။

ဒီလိုဖြစ်အောင် သင်ပေးတဲ့လူတွေရှိတယ်။ အဲဒီလူတွေက ကျုပ်ရဲ့ ရဟန်းဒါယကာ၊ဒါယိကာမ ဖြစ်လာကြတဲ့ လူတွေ။ အဲဒီရဟန်းဒါယကာ၊ဒါယိကာမတွေရဲ့ စည်းရုံးမှုနဲ့ သူတို့ကိုယ်တိုင်ရဲ့ ယုံကြည်အားကိုးမှုနဲ့ နောက်ထပ်အိမ်လေးအိမ်က မိသားစုလေးစုပါ ထေရဝါဒဗုဒ္ဓဘာသာဝင်တွေ ဖြစ်လာခဲ့ကြတာပေါ့။

◆◆◆

ဒီလိုနဲ့ ကျုပ် လောကုရုကျောင်းမှာ သီတင်းသုံးတဲ့ သုံးဝါလည်းရောက်ရော အဲဒီရွာသူရွာသားတွေ ကျုပ်ဆီကို ရောက်လာကြပြန်ပါရော။ ဒီတစ်ခါ ရောက်လာကြတာက ဒေါနဲ့မောနဲ့ မဟုတ်ဘူး။ ဓားရှည်တွေ၊ လှံတွေလည်း ပါမလာဘူး။

ဦးဆောင်ခေါ်လာကြတဲ့ လူတွေက ဗုဒ္ဓဘာသာဝင်တွေ ဖြစ်နေကြတဲ့ ကျုပ်ရဲ့ ဒါယကာ၊ဒါယိကာမတွေ။ လာတဲ့အချိန်တလည်း ဟိုတစ်ခါလို ညမဟုတ်ဘူး၊ နေ့။ နံနက်စောစော မိုးတွေရွာနေတဲ့အချိန်။

'ပြောကြစမ်း၊ ဘာကိစ္စ ပေါ်လာပြန်တာလဲ'

သွပ်ခေါင်မိုးကို ထိမှန်တဲ့ မိုးသံတွေက တော်တော်ပြင်းတယ်။ မိုးရွာတာက အဆက်မပြတ်။ ကျုပ်က သူတို့ကြားအောင် အသံမြှင့်မေးခဲ့ရတယ်။

'မိုးတွေရွာလွန်းလို့တဲ့ ဦးပဥ္စင်း'

လူရင်းဖြစ်တဲ့ ဒကာကြီးက ဖြေတယ်။

'မိုးတွေရွာတော့ ဘာဖြစ်လဲ'

'မိုးတွေများတော့ သီးနှံပင်တွေ ပျက်မှာစိုးရိမ်တယ်။ ဒါကြောင့် မိုးရွာတာ လျှော့ပေးဖို့ မိုးကို လိုသလောက်ပဲ ရွာအောင် လုပ်ပေးဖို့ သူတို့ လာပြောကြတာ'တဲ့။

ဒီတစ်ခါတော့ ဒီလူတွေက ကျုပ်ကိုခိုင်းဖို့လာတာ မဟုတ်ဘူး၊ အကူအညီလာတောင်းတာ။ ဒါသေချာတယ်။

'ဟေ့လူတွေ၊ မိုးကိုရွာအောင်လုပ်နိုင်တာ ကျုပ်ရဲ့ အစွမ်းမဟုတ်ဘူး။ ကျုပ်က ဘာအစွမ်းမှမရှိဘူး။ သာသနာပြုလုပ်ငန်းပဲ ကျွမ်းကျင်တာ။ မိုးကိုရွာစေချင်ရင် ရွာအောင်၊ မရွာစေချင်ရင် မရွာအောင် လုပ်ပေးနိုင်တာက ကျုပ်တို့ကိုးကွယ်တဲ့ မြတ်စွာဘုရားရဲ့တပည့်ကြီး အရှင်ဥပဂုတ္တမထေရ်။ ဒါပေမဲ့ ဒကာတို့ ဖြစ်စေချင်တဲ့ မိုးရွာတာလျှော့ဖို့၊ မိုးကို လိုသလောက် အသင့်အတင့်ပဲရွာအောင် ဆောင်ရွက်ပေးဖို့ ကျုပ်နောင်တော်ကြီး အရှင်ဥပဂုတ္တမထေရ်ကို တောင်းပန်ပေမယ့် မိုးကို တားလို့မရရင်၊ မိုးများများဆက်ရွာရင် ကျုပ်က ဘာလုပ်ပေးရမလဲ။ ဒီရွာက ပြောင်းပေးရမလား'ဆိုပြီး သွေးတိုးစမ်းမေးကြည့်ခဲ့ဖူးတယ်။

ဟိုတစ်ခါ မိုးမရွာတုန်းက မိုးနတ်မင်းကြီးကို တောင်းပန်ဖို့ ကျုပ်ဆီက ဝက်ကြီးတစ်ကောင်ဖိုးနဲ့ ဆန်တစ်တင်းဖိုးတောင်းတဲ့ လူတွေက-

'ဦးပဥ္စင်း..ဒီရွာက ပြောင်းမပေးရပါဘူး။ မိုးများတာကို လျှော့ပြီး မိုးရေကို လိုသလောက်ရအောင် လုပ်ပေးပြီး သီးနှံတွေဖြစ်ထွန်းပြီး၊ ပိုးမွှားကင်းပြီး၊ သီးနှံရောင်းကောင်းပြီး ဈေးကောင်းကောင်းရရင် ဟောဒီသစ်ကျောင်းကို တိုက်ကျောင်းဆောက်ပေးမယ်'လို့ လျှောက်ထားတယ်။

ကျုပ်က ဟုတ်လိုက်လေလို့တွေးပြီး-

'ဒါဆို ဟိုတစ်ခါလို ကျုပ်လိုချင်တာတွေ ရှာပေး။ ကျုပ်ခိုင်းတာလုပ်၊ ကျုပ်လုပ်သလို လိုက်လုပ်၊ ကျုပ်ဆိုသလို လိုက်ဆို'လို့ပြောပြီး ဘုရားပွဲနဲ့ ရှင်ဥပဂုတ္တမထေရ်ပွဲ ပြင်ဆင်တာကအစ ဘုရားကန်တော့တာ၊ အရှင်ဥပဂုတ္တမထေရ်ကို ကန်တော့တာ၊ အဲဒါတွေအားလုံးကို ကျုပ်က ဦးဆောင်ခဲ့တယ်။ သူတို့အားလုံးက နောက်လိုက်ကောင်းတွေလို လိုက်လုပ်ကြ၊ လိုက်ဆိုကြနဲ့။

ဒီတစ်ခါလည်း ကျုပ်တို့ ထေရဝါဒဗုဒ္ဓသာသနာရဲ့ အစွမ်းထက်ပါတယ်။ အုံးအုံးကျွက်ကျွက် ရွာချနေတဲ့မိုးက ချက်ချင်းအရှိန်လျော့သွားတယ်။ မိုးကို လိုသလောက်ရတဲ့အထိပဲ ရွာတယ်ဆိုပါတော့။

နတ်တစ်ရာ စာတစ်လုံးဆိုတာရှိတယ်။ စာက နတ်ထက် သက်သေအခိုင်အမာဖြစ်တဲ့ ရှိတဲ့သဘော။

ခုတော့ အဲဒီလူတွေက ပြောတဲ့စကားအတိုင်း နတ်ကတိတည်တယ်။ သစ္စာရေမသောက်ဘဲတည်တယ်။ အခုဆို တောင်တန်းသာသနာပြု လောကုရုကျောင်းတော်ကြီးဆိုတဲ့ ဟည်းထနေတဲ့ မုခ်ဦးဆိုင်းဘုတ်ကြီးနဲ့ ကျုပ်တို့



www.burmeseclassic

www.burmeseclassic.com

ကြီးမားတဲ့ နှစ်ထပ်တိုက်ကျောင်းတော်ကြီးကို မြင်နိုင်တာကြာပြီ။

◆ ◆ ◆

ဒကာကြီးရေ..ဒီလိုနဲ့ပဲ အဲဒီလောကနူမှာရှိတဲ့ တောင်ပေါ်သူတောင်ပေါ်သားတွေက ကျုပ်ရဲ့ လောကနူကျောင်းအတွက် ရေမီးအစုံအလင် လှူဒါန်းကြတဲ့အပြင် ကျုပ်သွားရင်လာရင်စီးဖို့ ဆိုင်ကယ်တစ်စီးနဲ့ ကားနှစ်စီး လှူခဲ့တယ်။ ကားတစ်စီးက ကုန်တင်ကား၊ ကားတစ်စီးက ကိုယ်ပိုင်ကား။

တောင်တန်းဒေသမှာ သာသနာပြုရတယ်ဆိုတာ သွားရလာရတယ်ဆိုတာ မြေပြန့်လို မလွယ်ဘူး။ ဆိုင်ကယ်ရှိမှ၊ ကားရှိမှ။

ဆိုင်ကယ်ကယ်ရီငှားခက အနည်းဆုံး တစ်သောင်းအောက်ထစ်၊ ကားစီးလုံးငှားမယ်ဆိုရင်တော့ တစ်သိန်းနီးပါး။ ဒါကြောင့် လောကနူရွာသားတွေလှူထားတဲ့ ဆိုင်ကယ်ကို ကျုပ်ကိုယ်တိုင်စီးတယ်။ ကားကို ကိုယ်တိုင်မောင်းတယ်။

ဒါ ဇိမ်ခံချင်လို့မဟုတ်ဘူး။ ခရီးတွင်ချင်လို့၊ ငွေကုန်သက်သာချင်လို့။

ဒကာကြီးရေ..ကျုပ်ဆိုတဲ့ လောကနူဆရာတော်ကို ဦးပဉ္စင်းလို့ ခေါ်ခဲ့ကြတဲ့လူတွေ အရင်တုန်းက နင်နဲ့ငါနဲ့ ပြောခဲ့ကြတဲ့လူတွေ အဲဒီလူတွေက အခုဆို ဆရာတော်လို့ ခေါ်ကြပြီး တောင်တန်းသာသနာပြု လောကနူကျောင်းတော်ကြီးအတွက် လေပန်ကာတွေ၊ ရေခဲသေတ္တာတွေက အစ လိုအပ်မှုမရှိအောင် အဲဒီလူတွေ ဘာလို့ စေတနာသုံး တန်ပြတ်သားစွာ လှူဒါန်းနေကြတာလဲဆိုတော့ သူတို့အားလုံးက လောကနူတစ်ရွာလုံးက ထေရဝါဒဗုဒ္ဓဘာသာဝင်တွေ ဖြစ်လာကြလို့။

◆ ◆ ◆

သာသနာ့အာဇာနည် ရဟန်းတော်တစ်ပါးဖြစ်တဲ့ တောင်တန်းသာသနာပြု လောကနူဆရာတော်ရဲ့ စကားအဆုံးမှာ တပ်ထောက်ဗိုလ်ကြီး၊ တပ်ရေးဗိုလ်ကြီးနဲ့ ကျွန်တော်တို့ ပြိုင်တူ သာဓုသုံးကြိမ် ခေါ်ခဲ့ကြတော့တာပါပဲ။

**ပန်းတနော် နောင်လတ်**

"လိမ်းဆေးအပူနဲ့ မပျောက်တဲ့ ရောဂါမှန်သမျှ ဒီဆေးကိုသာ ယုံကြည်ပါ။"



စန်းသော်တာ

အမှတ်တံဆိပ်
ဟာယာကိုင်ရှင်းသောပါမှတ်ပုံတင်အမှတ်-၀၇ဘ Y၀၀၉၂၃



ကွမ်းရွက်ဆီလိမ်းဆေး (အအေး)

အကိုက်အခဲပျောက်လိမ်းဆေး၊
ရင်လူးဆေး၊
အနာကျက်ဆီ၊ အဖြစ် သုံးနိုင်သည်။

(ကွမ်းရွက်အဆီထုတ်၍ သိပ္ပံနည်းကျ ဖော်စပ်ထားသည်)

အဆစ်ရောင်ကိုက်၊ လေးဖက်နာ၊ ကျိုးပေါင်း၊ အကြောတက်ခေါင်းအုံ၊ ဇက်လေး၊ မျက်ကြောကိုက်တို့ကို အကိုက်အခဲပျောက်ဆေး အဖြစ် သုံးစွဲနိုင်ပါသည်။

ကလေးချွဲကျပ်၊ ချောင်းဆိုး၊ အစာမကြေ လေထိုးလေအောင့် စသည်တို့ကို ရင်လူးဆေး အဖြစ် သုံးစွဲနိုင်ပါသည်။

အပူနာ၊ Bed Sores ၊ အပူကျိတ်၊ အပူလောင်၊ နှုတ်ခမ်းကွဲ၊ ခြေကွဲနာ၊ လိပ်ခေါင်း၊ စသည်တို့ကို အနာကျက်ဆီ အဖြစ် သုံးစွဲနိုင်ပါသည်။

(3in1) ဆေးအစွမ်းဖြင့် သုံးစွဲသူတိုင်း လန်းဆန်းစေမည်။

ဖြန့်ချိရေး- ကိုဝင်းမြင့်+မဘေဘီ၊ ၁၅လမ်းနှင့်ကမ်းနားလမ်းထောင့်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၆၃၇၂

ပင်ရင်း- စန်းသော်တာဆေးတိုက်၊ R-1 (102) ပန်းလှိုင်အိမ်ရာ၊ ရွှေသံလွင်၊ ဟမ်းလမ်းရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ဖုန်း-၇၀၉၀၆၈။



www.burmeseclassic

www.burmeseclassic.com

# ကောင်းမျိုးစိန်လှ

## ကိုယ်တွေ့ကြုံမှ ယုံကြည်ရသည်

(၁၉၇၀)ပြည့်နှစ် အချိန်ကာလဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ကုန်သွယ်ရေးရုံးမှာ ဒေါပုံမြို့နယ် ဝါဆိုပိုင်းတွင် ရှိသည်။ ဦးစီးမန်နေဂျာမှာ ဦးအေးကျော်ဖြစ်ပြီး ဌာနခွဲမန်နေဂျာများမှာ ဒေါ်အေးခိုင်၊ ဒေါ်ခင်ခင်ထွေး၊ ဒေါ်စန်းစန်းလွင်တို့ ဖြစ်သည်။ ထိုအချိန်က ကိုသိန်းမောင်မှာ ဒေါပုံမြို့နယ် ကုန်သွယ်ရေးလက်အောက်ရှိ ကုန်မျိုးစုံဆိုင်တွင် ငွေကိုင်စာရေးတာဝန် ထမ်းဆောင်လျက်ရှိသည်။ ကုန်မျိုးစုံဆိုင်မှာ ဒေါပုံမြို့နယ်၊ စိန်ကျော်စက်နှင့် ဘဲလေးဆပ်ပြာစက်ဝင်းအတွင်းတွင် ရှိသည်။

ကုန်ပစ္စည်းဖြန့်ချိရာတွင် ဗမာအေးရပ်ကွက်၊ နွယ်အေးရပ်ကွက်၊ ကောက်ပဲသီးနှံစက်ဝင်း၊ စိန်ကျော်စက်ဝင်း စသည့် အိမ်ထောင်စုများကို ကုန်ဝယ်စာအုပ်နှင့် ပစ္စည်း ဖြန့်ချိရောင်းချသောစနစ် ဖြစ်သည်။





www.burmeseclassic

www.burmeseclassic.com

အောက်တိုဘာလ၏ နောက်ဆုံးလကုန်ရက် ဖြစ်သဖြင့် ပစ္စည်းဝင်ထွက် လက်ကျန်ငွေစာရင်း ပြုစုမည်ဖြစ်၍ ဆိုင်ပိတ်ချိန် (၄)နာရီနောက်ပိုင်း စာရင်းများစစ်ဆေးကြပါသည်။ ထိုနည်းတူ ကုန်မျိုးစုံ(၄)နှင့် ကပ်လျက်ရှိသည့် အခြေခံစားကုန် အမှတ်(၁၀) (အ.ခ.စ-၁၀) ဆိုင်တာဝန်ခံ ကိုတင်ဦးနှင့် ဝန်ထမ်းများကလည်း စာရင်းလက်ကျန်ကောက်ခြင်း၊ ငွေသွင်းစာရင်းပြုစုခြင်း၊ လုပ်ငန်းတာဝန်ကို လုပ်ဆောင်လျက်ရှိပါသည်။

ထိုအချိန်က ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်နှင့် နွယ်အေးရပ်ကွက်တို့မှာ ယနေ့မျက်မှောက်ခေတ်ကဲ့သို့ ကွန်ဒိုတိုက်များ မရှိသေးပေ။ သွပ်မိုးပျဉ်ထောင်အိမ်များ၊ ဓနိမိုးထရံကာ အိမ်များသာရှိသည်။

သာကေတမြို့ (၁)ဈေးနှင့် ကတ္တရာလမ်းခြားပြီး စည်ကားသော ရပ်ကွက်ကြီးနှစ်ကွက်ဖြစ်သည်။ ကောက်ပဲသီးနှံစက်ဝင်း၊ ဘဲလေးစက်ဝင်း၊ စိန်ကျော်စက်ဝင်းတို့မှာ ဗမာအေးရပ်ကွက်ပိုင် အိမ်ထောင်စုများဖြစ်သည်။

ကုန်မျိုးစုံ အမှတ်(၄)ဆိုင်မှာ ဝန်ထမ်း(၅)ဦးရှိပြီး ကိုလှရွှေ၊ ကိုသိန်းမောင်၊ မသန်းဌေး၊ မမြင့်ကြည်၊ မအုန်းကြည်လေး စသည့် ဆိုင်တာဝန်ခံ၊ ငွေကိုင်စာရေးကောင်တာ စာရေးများရှိသည်။ အခြေခံစားကုန်ဆိုင်တွင် ကိုတင်ဦး၊ ကိုရန်အောင်၊ မအုန်းကြည် စသည့် ဆိုင်တာဝန်ခံ အကူဈေးသည်တို့ ရှိသည်။

ကုန်မျိုးစုံ(၄) ဆိုင်တာဝန်ခံ ကိုလှရွှေက ငွေကိုင်စာရေး ကိုသိန်းမောင်အား-

"ကျွန်တော် ရုံးကို ငွေသွားသွင်းမယ်။ ကိုသိန်းမောင်က ကော်မတီဝင်တွေနဲ့ စာရင်းလက်ကျန်ကောက်ပြီး နေခဲ့ကြပါ။ အခြေခံစားကုန်ဆိုင်က ငွေလဲယူသွားမှာမို့ ပြန်လာချိန်မီရင် ပြန်လာခဲ့မယ်။ ကျွန်တော်ပြန်မလာနိုင်လည်း ကိုသိန်းမောင် ကြည့်ပြီးစီစဉ်လိုက်ပါ။ ခင်ဗျားက စာရင်းနိုင်တဲ့သူဆိုတော့ ကျွန်တော် စိတ်ချပါတယ်။ ပြီးတော့ ကိုသိန်းမောင်တို့ ညစာစားဖို့ ကျွန်တော် ဦးထွန်းကြည်နဲ့ တိုင်ပင်ပြီး အားလုံးစီစဉ်ထားပြီးပါပြီ"

အမျိုးသမီးကောင်တာ စာရေးများနှင့် အခြေခံစားကုန် အကူဈေးသည် အမျိုးသမီးတို့အား ဆိုင်ပိတ်ချိန်တွင် ပြန်ခွင့်ပြုခဲ့သည်။ ကုန်မျိုးစုံ(၄) ဆိုင်တာဝန်ခံ ကိုလှရွှေနှင့် အခြေခံစားကုန်ဆိုင် တာဝန်ခံ ကိုတင်ဦးတို့ စီစဉ်ထားသည့် အစားအစာနှင့် ချက်ပြုတ်ရေးတာဝန်ကို အခြေခံစားကုန်ကော်မတီဝင် ဦးထွန်းကြည်အား တာဝန်ပေးလိုက်ပါသည်။ ဦးထွန်းကြည်စီစဉ်မှုဖြင့် ဆိတ်တစ်ကောင်ဝယ်ပြီး ချက်ပြုတ်စားသောက်ကြရန် သဘောတူကြသည်။

အစားအစာချက်ပြုတ်ရေးတာဝန်ကို အခြေခံစားကုန်ကော်မတီဝင် ဦးထွန်းကြည်နှင့် အခြေခံ စားကုန်ဆိုင်မှ အကူဈေးသည် ကိုရန်အောင်တို့က တာဝန်ယူကြသည်။ ကုန်မျိုးစုံပစ္စည်း(၂၀၀)ကျော်တို့၏ စာရင်းအား ငွေကိုင်စာရေး ကိုသိန်းမောင်က စာရင်းပြုစုပြီး လက်ကျန်စာရင်းကောက်ရသည်။ စာရင်းကောက်ရာတွင် ကုန်မျိုးစုံကော်မတီဝင်များဖြစ်သော ဦးလှအောင်၊ ဦးတင်ရွှေ၊ ဦးထွန်းမြင့်တို့က ကူညီပေးကြသည်။ ဆိုင်ရှိပစ္စည်းစာရင်းလက်ကျန်ကောက်ယူခြင်း၊ ငွေစာရင်းစစ်ဆေးခြင်းများ ပြုလုပ်ပြီးချိန်တွင် ည(၁၀)နာရီကျော်ခန့် ရှိနေပြီဖြစ်သည်။

လုပ်ငန်းကိစ္စအဝဝပြီးစီး၍ ဝန်ထမ်းများနှင့် ကုန်မျိုးစုံ ကော်မတီဝင် အခြေခံစားကုန်ကော်မတီဝင်များ ညစာစားသောက်ကြသည်။ ဆိတ်တစ်ကောင်လုံးဝယ်ပြီး အနီးပတ်ဝန်းကျင် မိတ်ဆွေများသို့ မျှဝေစားသောက်သော်လည်း ဆိတ်သား(၂)ပိဿာခန့် ပိုနေပါသည်။ ပိုနေသော ဆိတ်သားများကို မိသားစုများသည့် အခြေခံစားကုန်ဆိုင်မှ အကူဈေးသည် ကိုရန်အောင်နှင့် ချက်ပြုတ်ရေးတာဝန်ယူသည့် အခြေခံစားကုန်ကော်မတီဝင် ဦးထွန်းကြည်တို့ကို ခွဲဝေပေးလိုက်သည်။

အချိန်မှာ ည(၁၂)နာရီခန့်ရှိနေပြီဖြစ်သည်။ ထိုအချိန်တွင် သာကေတမြို့နယ်၊ ကျောက်တိုင်တွင် ဂိတ်ထိုးသည့် အမှတ်(၃)လိုင်းကားနှင့် ကြားကားများ ဂိတ်သိမ်းသွားပြီဖြစ်သည်။

ကိုယ့်အစီအစဉ်နှင့်ကိုယ် အိမ်ပြန်ကြသည်။ ကော်မတီဝင်များမှာ ရပ်ကွက်တွင်း နေထိုင်ကြသူများဖြစ်၍ အသီးသီးပြန်သွားပြီး ဒေါပုံမြို့နယ်၊ အီတာလျံရပ်ကွက် (ယခု ဗိုလ်ထွန်းဇံရပ်ကွက်)တွင် နေထိုင်သည့် ကိုရန်အောင်အတွက် အဖော်မရှိ ဖြစ်နေသည်။ ဦးထွန်းကြည်နှင့် ကိုရန်အောင်တို့ ဟင်းချက်၍ပိုသော ဆိတ်သားများကို ပလတ်စတစ်အိတ်နှင့်ထုပ်ပြီး ယူသွားရန် ပြင်ဆင်နေကြသည်။ လမ်းရိုးလမ်းစဉ်အတိုင်းသွားလျှင် ခရီးရှည်မည်ဖြစ်၍ ကောက်ပဲသီးနှံစက်ဝင်းမှဖြတ်ပြီး ဗမာအေးရပ်



www.burmeseclassic

www.burmeseclassic.com

ကွက်နှင့် နွယ်အေးရပ်ကွက်(၂)ကွက်ကြား မြေနီလမ်းမှ ပြန်ရမည်ဖြစ်သည်။

ကုန်မျိုးစုံငွေကိုင်စာရေး ကိုသိန်းမောင်က ဗမာအေး ရပ်ကွက်(၁)လမ်းတွင် နေထိုင်သူဖြစ်၍ ကောက်ပဲသီးနှံ စက်ဝင်းမှဖြတ်သွားလျှင် ဗမာအေးရပ်ကွက် (၁)လမ်းသို့ ရောက်သည်။

ထိုအချိန်က ဗမာအေးရပ်ကွက်နှင့် နွယ်အေးရပ် ကွက် (၂)ကွက်ကြား မြေနီလမ်းဘေးတွင် သင်္ချိုင်းရှိ သည်။ သို့အတွက် ပြန်ရန်ပြင်ဆင်နေသည့် အကူစျေး သည် ကိုရန်အောင်ကို အခြေခံစားကုန်ကော်မတီဝင် ဦး ထွန်းကြည်က သတိပေးသလိုလိုနှင့် ပြောလိုက်သည်။

'ကိုရန်အောင် ဆိတ်သားတွဲနဲ့ သင်္ချိုင်းဘေးက ဖြတ် ပြန်လို့ ဖြစ်ပါ့မလား။ ကြည့်လုပ်ဦးနော်။ ဟိုတစ်နေ့ည (၁၀)နာရီကျော်အချိန်မှာ သာကေတ၊ အနော်မာလမ်းက ဟင်းဝယ်ပြီး ပြန်လာတဲ့ နောက်တိုး ဟင်းချိုင့်ကို သရဲ လိုက်လုလို့တဲ့။ ခုလည်း ခင်ဗျားဆိတ်သားတွဲထုပ်ကို လိုက်ဆွဲနေလို့ ဟုတ်ပေ့ဖြစ်နေဦးမယ်'

'ကျွန်တော့်ဆိတ်သားတွဲထုပ် လိုက်ဆွဲလို့တော့ ဘာ လျှော့ပေးမလဲ။ ပြန်လုမှာပေါ့ဗျ'

'အပြောမကြီးနဲ့ ကိုရန်အောင်၊ ကျွန်တော်တို့သာ ညဉ့်နက်သန်းခေါင် မသွားတာ။ ဟင်းသွားဝယ်တဲ့သူတွေ သင်္ချိုင်းထိပ်က သရဲလိုက်ခံရတယ်ဆိုတာ မကြာခဏ ကြားနေရတယ်'

'မကြောက်ပါဘူးဗျာ။ သရဲတစ္ဆေဆိုတာ ပုံပြင်ထဲမှာ သာ ကြားဖူးတာ။ ကျွန်တော်တော့ မယုံဘူး။ တစ္ဆေသရဲ ဆိုတာကို တွေ့လိုက်ချင်တယ်'

'အပြောမကြီးနဲ့ ကိုရန်အောင်၊ ဆိတ်သားတွဲ လာလု ရင် အသာတကြည်ပေးလိုက်။ မပေးလိုက်လို့ကတော့ မောကြောဆိုက်ပြီသာ မှတ်တော့'

'ဘာပဲပြောပြော အဲဒီသင်္ချိုင်းဘေး မြေနီလမ်းကပဲ ဖြတ်ပြန်မယ်ဗျာ။ ကုန်မျိုးစုံဆိုင်က အာစရိလည်း ပါသား ပဲ'

'သူက ဗမာအေးရပ်ကွက်(၁)လမ်းထဲ နေခဲ့မှာ။ ခင် ဗျားတစ်ယောက်တည်း မပြန်ရဲရင်လည်း ကျွန်တော့်အိမ် ဖြစ်ဖြစ်၊ ကိုသိန်းမောင်အိမ်ဖြစ်ဖြစ် အိပ်လိုက်ပေါ့။ မိုးလင်း မှ ပြန်ရင်လည်း ရတာပဲ'

'မအိပ်တော့ပါဘူး။ ခုလောက်ဆို အိမ်က မိန်းမနဲ့ ကလေးတွေ မျှော်နေလောက်ပြီ။ ကဲ ပြန်ကြမယ်'

ပြောပြောဆိုဆို ဦးထွန်းကြည်၊ ကိုသိန်းမောင်၊ ကိုရန် အောင်တို့ (၃)ယောက် ကောက်ပဲသီးနှံစက်ဝင်းမှဖြတ်၍ ပြန်ကြသည်။ ဦးထွန်းကြည်က ကောက်ပဲသီးနှံစက်ဝင်း အလုပ်သမားတန်းလျားရှိ သူ၏အိမ်တွင်နေခဲ့ပြီး ကိုသိန်း မောင်နှင့် ကိုရန်အောင်တို့ ဆက်လျှောက်ခဲ့ကြသည်။

မြေနီလမ်းခွဲ ညောင်ပင်ရောက်၍ လမ်းခွဲခါနီး ကို သိန်းမောင်က-

'ကိုရန်အောင် ပြန်ရဲရဲ့လား။ မပြန်ရဲရင် ကျွန်တော့် အိမ်မှာပဲ အိပ်လိုက်လေ။ ဦးထွန်းကြည်ပြောသလို ဆိတ် သားတွဲ သရဲလိုက်လုရင် ပေးလိုက်နော်။ သူ့ဆွဲ ကိုယ်ဆွဲ ပြန်လုမနေနဲ့'

'ဟာဗျာ၊ အာစရိကလည်း နောက်နေပြန်ပြီ။ တစ် ယောက်တည်းပြန်ရမှာ လန့်နေရတဲ့အထဲ'

ကုန်မျိုးစုံငွေကိုင်စာရေး ကိုသိန်းမောင်က ဗမာအေး ရပ်ကွက် (၁)လမ်းထဲ ဝင်ကျန်ခဲ့သည်။ ကိုရန်အောင်တစ် ယောက်တည်း ဆေးလိပ်ဖွာရင်း ဆိတ်သားတွဲထုပ် လက် မှဆွဲကာ သင်္ချိုင်းဘေးရှိ မြေနီလမ်းအတိုင်း ဆက်လျှောက် ခဲ့သည်။ သင်္ချိုင်းဘေး မြေနီလမ်းနှင့် မင်းနန္ဒာလမ်းမကြီး တို့ ဆက်စပ်လျက်ရှိသည်။ မြေနီလမ်းတွင် မှန်ပျပျဓာတ် တိုင်(၃)တိုင်ရှိသည်။ ညသန်းခေါင်အချိန်ဖြစ်၍ လူသွားလူ လာကင်းမဲ့လျက်ရှိသည်။ သင်္ချိုင်းလမ်းဖြစ်၍လည်း တော် ရုံတန်ရုံလူများ ဖြတ်သွားဖြတ်ပြန် မလုပ်ကြချေ။

မင်းနန္ဒာလမ်းမကြီးထိပ်ရောက်ပြီး သဒ္ဒါရုံမှတ်တိုင် ခြား၍ ဝက်စုမှတ်တိုင်ရောက်လျှင် ကိုရန်အောင် နေထိုင် သည့် အီတာလျှံရပ်ကွက် ရောက်သည်။ ယောက်ျားခြေနှင့် ဆိုလျှင် မိနစ်(၃၀)ခန့်လျှောက်လျှင် ရောက်နိုင်သည်။

ကိုရန်အောင် တစ်ယောက်တည်း ခပ်သွက်သွက် ဆက်လျှောက်ခဲ့သည်။ ကိုရန်အောင်စိတ်ထဲ လေးသလို ခံစားရသည်။ နှစ်ယောက်သား လမ်းခွဲပြီး ခြေလှမ်းသုံး ဆယ်ခန့် လှမ်းမိသည်နှင့် နောက်မှ ခြေသံတရှပ်ရှပ် ကြားနေရသည်။ ကိုရန်အောင်လည်း ဟန်ကိုယ့်ဖို့ ဆို သည့်အတိုင်း ခပ်သွက်သွက်ဆက်လျှောက်ခဲ့သည်။ ထို အချိန်တွင် ကိုရန်အောင့်လက်ထဲမှ ဆိတ်သားထုပ်အား တစ်ယောက်ယောက်က နောက်မှဆွဲသလို တုံ့ခနဲဖြစ်သွား



www.burmeseclassic

www.burmeseclassic.com

သည်။ ခြေသံတရှပ်ရှပ်နှင့်အတူ ဝမ်းခေါင်းသံကြီး ကြားလိုက်သည်။

'အဲဒီအထုပ် ငါ့ကိုပေးခဲ့၊ ငါ့ကိုပေးခဲ့'

ခုလို ညဥ့်နက်သန်းခေါင်အချိန်တွင် နာနာဘာဝနှင့် နဖူးတွေ့ဒူးတွေ့ တွေ့လိုက်ရမှ ခေါင်းနားပန်းကြီးပြီး ကြက်သီးတဖြန်းဖြန်းထကာ နောက်ကြောင်းပြန်မကြည့်ဘဲ ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ကိုရန်အောင် သုတ်ခြေတင်တော့သည်။ နောက်မှလည်း တရှပ်ရှပ်နှင့် ခြေသံထက်ကြပ်မကွာ ကြားနေရသည်။

ဆိတ်သားတွဲ သရဲလာလုရင် အသာတကြည်ပေးလိုက်။ မပေးလိုက်လို့ကတော့ မောကြောဆိုက်ပြီသာမှတ်ပေတော့ဆိုသည့် ဦးထွန်းကြည် ပြောစကားများ ကိုရန်အောင်၏နားထဲတွင် ကြားယောင်နေမိသည်။

မင်းနန္ဒာ ကတ္တရာလမ်းမကြီးရောက်ရန် ဓာတ်တိုင် (၂)တိုင်ခန့်လိုသေးသည်။ နောက်သို့လှည့်ကြည့်ရာ ထိတ်လန့်တုန်လှုပ်ပြီး လက်ထဲမှ ဆိတ်သားတွဲထုပ်ကို သံယောဇဉ်ဖြတ်လျက် နောက်ပြန်ပစ်ပေးခဲ့သည်။ ထို့နောက် ကိုရန်အောင် ခြေကုန်သုတ်ပြေးတော့သည်။ ဆိတ်သားတွဲထုပ်ပစ်ပေးခဲ့သည့်နောက်ပိုင်း တရှပ်ရှပ်လိုက်သည့် ခြေသံမကြားရတော့ချေ။

နောက်တစ်နေ့ ဆိုင်ဖွင့်ချိန်တွင် ကိုရန်အောင်၏ဇနီး မခင်နွဲ့ ရောက်လာပြီး ခွင့်စာလာပို့သည်။ ကုန်မျိုးစုံဆိုင်နှင့် အခြေခံစားကုန်ဆိုင်မှာ ထရံတစ်ချပ်သာ ခြားသည့်အတွက် ကိုရန်အောင်၏ဇနီး မခင်နွဲ့ ပြောစကားကို ထင်ထင်ရှားရှား ကြားရသည်။

'ညက သန်းခေါင်ကျော်လောက် ကိုရန်အောင် အမောတကောပြန်လာပြီး အပြင်းဖျားနေလို့ အလုပ်မဆင်းနိုင်တာနဲ့ ကျွန်မ ခွင့်စာလာပို့တာ'

ကုန်မျိုးစုံဆိုင်မှ ကိုသိန်းမောင်က အခြေခံစားကုန်ဆိုင်ဘက်သို့ လျှောက်လာပြီး-

'ကိုရန်အောင်အတွက် ခွင့်လာတိုင်တာလား။ ညက သူနဲ့ ကျွန်တော် အတူတူပြန်ကြတာပဲ။ ညကတော့ အကောင်းချည်းပါ။ ဘယ်လိုဖြစ်ပြီး ဖျားတာလဲ'

'မပြောတတ်ပါဘူးရှင်။ ကယောင်ကတမ်းတွေပြောပြီး ဆိတ်သား..ဆိတ်သား..သရဲလုတာ ဆိုတာလည်း ပြောလို့ပြောရဲ့။ ကတုန်ကယင်ဖြစ်ပြီး ကိုယ်တွေချစ်ချစ်တောက်ပူပြီး ဖျားတာပဲ'

မခင်နွဲ့က မျက်နှာမသာမယာနှင့်ပြောပြသည်။ ကုန်မျိုးစုံဆိုင်က ငွေကိုင်စာရေး ကိုသိန်းမောင်နှင့် အခြေခံစားကုန်ဆိုင်မှ ဆိုင်တာဝန်ခံ ကိုတင်ဦးတို့ ညက အခြေအနေကို ရိပ်စားမိသည်။

ကိုသိန်းမောင်က-

'ညက ကိုရန်အောင်ပြန်လာတုန်းက အထုပ်တစ်ထုပ် ပါလာသလား'

'ဘာအထုပ်မှ ပါမလာပါဘူးရှင်။ ဘာဖြစ်လို့လဲ'

'ဒါဆို ကိုရန်အောင် လန့်ဖျားဖျားတာ ဖြစ်လိမ့်မယ်'

'ဟုတ်လိမ့်မယ်ထင်တယ်။ အိမ်ကို မနက်က မင်းနန္ဒာကျောင်းက ဆွမ်းခံကိုယ်တော်ကြွလာတုန်းက ကျောင်းကိုလာပြီး ပရိတ်ရေယူဖို့ မှာသွားတယ်။ ဒီကအပြန် ဝင်ယူပြီး ကိုရန်အောင်ကို တိုက်ရမယ်'

ထိုအခါ အခြေခံစားကုန်တာဝန်ခံ ကိုတင်ဦးက-

'ပရိတ်ရေလည်းတိုက်ပါ။ လိုရမည်ရ အပူကျဆေးလည်းတိုက်ဖို့ မမေ့ပါနဲ့။ မခင်နွဲ့ ပြန်ချင်ပြန်တော့လေ။ ရှောင်တခင်ခွင့် တင်ပေးလိုက်မယ်။ ညနေဆိုင်ပိတ်ပြီးရင် ကျွန်တော်တို့ အုပ်စုလာခဲ့ပါဦးမယ်'

'အစ်ကိုတို့သူငယ်ချင်းရဲ့ အခြေအနေကို လာကြည့်ပါဦး။ ကျွန်မ ပြန်လိုက်ပါဦးမယ်'

ညနေဆိုင်ပိတ်ပြီး ကိုလှရွှေ၊ ကိုသိန်းမောင်၊ ကိုတင်ဦးတို့ ကိုရန်အောင်ရှိရာ အိတာလျှံရပ်ကွက်သို့ ရောက်သွားကြသည်။

မခင်နွဲ့က ဧည့်သည်များကို ထွက်ကြိုဆိုရင်း-

'လာ..ထိုင်ကြပါ။ ကိုရန်အောင် သက်သာလာပါပြီ'





www.burmeseclassic

www.burmeseclassic.com

ကိုသိန်းမောင်ကို မြင်သည်နှင့် ကိုရန်အောင်က-

'အာစရိနဲ့လမ်းခွဲပြီး သိပ်မကြာဘူး။ အာစရိတို့ သတိပေးတဲ့ နာနာဘာဝနဲ့ တွေ့တော့တာပဲ။ တရှပ်ရှပ်အသံကြားလို့ လှည့်ကြည့်လိုက်တော့ ဆယ်ပေအမြင့်လောက်ရှိတဲ့ နာနာဘာဝ မည်းမည်းကောင်ကို မြင်တော့တာမှ ကျွန်တော် သဘောပေါက်ပြီး သုတ်ခြေတင်တော့တာ။ အာစရိပြောသလို ဆိတ်သားတွဲထုပ် နောက်ပြန်ပစ်ပေးပြီးတော့မှ နောက်ကြောင်းရှင်းတော့တာပဲ အာစရိရေ'

ကိုရန်အောင်က ညတုန်းက ကြုံတွေ့ခဲ့သမျှ အဖြစ်အပျက်များကို ပြန်လည်ပြောကြားခဲ့သည်။

ကိုရန်အောင်၏ စကားအဆုံးတွင် ကိုသိန်းမောင်က-

'ခင်ဗျားပြောတော့ ပုံပြင်ထဲမှာသာ သရဲတစ္ဆေရှိတယ်ဆို၊ ခု ယုံပြီလား'

'အင်း..ပြောမယုံ ကြုံဖူးမှသိ ဆိုတဲ့စကားလို ခုလို ကိုယ်တွေ့ကြုံမှ ယုံကြည်ရတော့တာပဲ အာစရိရေ'

'ဒါကြောင့်ပေါ့ဗျာ။ ရှေးကလူကြီးတွေ ပြောခဲ့တဲ့ စကား ကြားဖူးတယ်။ နေဝင်မိုးချုပ်အချိန်နဲ့ ညဥ့်နက်သန်းခေါင်အချိန်တွေမှာ အမဲစိမ်း၊ သားငါးတွေ ယူမသွားရဘူးလို့ ဆိုဆုံးမခဲ့တယ် မဟုတ်လား'

'မှတ်သားလောက်တဲ့ ဆုံးမစကားတွေပါပဲဗျာ'

အခြေခံစားကုန် တာဝန်ခံ ကိုတင်ဦးက-

'ကိုရန်အောင်..နေကောင်းပြီး ခွင့်ရက်စေ့တော့မှ အလုပ်ပြန်ဆင်းပေါ့။ ရှောင်တခင်ခွင့် (၃)ရက်ပေးထားတယ်'

ထိုအခါ ကုန်မျိုးစုံဆိုင် တာဝန်ခံ ကိုလှရွှေက-

'ကိုရန်အောင် ခွင့်ရက်စေ့လို့ အလုပ်ပြန်ဆင်းရင် ညဘက် ပျော်ပွဲစားချက်စားကြရအောင်။ ဒီတစ်ခါ ခင်ဗျားကို ဆိတ်သားတွဲ မပေးလိုက်တော့ဘူး။ ဆိတ်အကောင်လိုက်ပဲ ပေးလိုက်မယ်။ သချိုင်းဘေး မြေနီလမ်းက ညဘက် ပြန်ရဲလား'

'တော်ပါပြီ ကိုလှရွှေရယ်၊ နောက်တစ်ခါ ဆိတ်ရောလူပါ ခွေးပြေးဝက်ပြေး ပြေးနေရပါဦးမယ်'

ကော့မှူး စိန်လှ




ကြယ်ဖြူမင်း

အမှတ်တံဆိပ်

ဆီးချို၊ သွေးချို သောက်ဆေး

ဆီးချိုသွေးချိုကြောင့် မကြာခဏ ရေငတ်ခြင်း၊ ဆီးမကြာခဏသွားပြီး ဆီးအောင့်၊ ဆီးကျန်ခြင်း၊ ခြေထိပ်လက်ထိပ် ထုံကျဉ်ကိုက်ခဲခြင်း၊ ချွေးထွက်များ၍ ကိုယ်ခန္ဓာအားအင် ကုန်ခမ်း နုံးရိခြင်း၊ မောပန်းနွမ်းနယ်၍ ခြေလက် မသယ်ရှင်ခြင်း၊ လေးလံထိုင်းမှိုင်းခြင်း၊ မျက်စိ ဝေဝါးမှုန်ခြင်း၊ ယားနာပေါက်ခြင်း၊ အနာနှင့်တကွ ထိခိုက်ရှနာများ မပျောက်နိုင်ခြင်း၊ ဝမ်းချုပ်ခြင်း တို့ကို သုံးစွဲနိုင်ပါသည်။

အမြို့မြို့ရှိ မြန်မာ့ဆေးမျိုးစုံဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။



ဝင်ရိုး ကြယ်ဖြူမင်း ဆေးတိုက် အမှတ်(၄၅၁)၊ သမိန်ဗရမ်းနှင့် အောင်မြေလမ်းထောင့်၊ (၃၆)ရပ်ကွက်၊ မြောက်ဒဂုံ။
၀၉-၇၃၀၁၄၀၄၄၊ ၀၉-၅၀၀၁၄၃၆၊ ၀၉-၅၁၉၈၇၈၅

မြန်နှိုင်ငံ
(ပြည်မြို့-ဆေးနန်းတော်ကြီးဆေးဆိုင်) (တောင်ငူမြို့-ရွှေပင်ငွေပင်သက်နှင်းတိုက်)
(ပုသိမ်မြို့-မြဖူးပွင့်ဆေးခန်း) (ဒေးဒရဲမြို့-ထက်ဆေးခန်း) (ဖျာပုံမြို့-ဦးတင်မောင်ဌေး)
(ရန်ကုန်-ကြည့်မြင်တိုင်ညဈေး-သီရိမေတ္တာ၊ ပွင့်လွှာဆေးဆိုင်)
(ရန်ကုန်-ကျောက်မြောင်း-ကောင်းထက်အောင်ဆေးဆိုင်၊ သတိပဋ္ဌာန်လမ်းထိပ်)
(တောင်ဥက္ကလာပ-ဇီဝကဆေးဆိုင်)
* ကိုဝင်းမြင့်+မဘောဘီဆေးမျိုးစုံဆိုင်၊ (၁၅)လမ်းထိပ်၊ ရန်ကုန်မြို့။
* ကမ္ဘာလုံးဦးဘညိန်ဆေးတိုက်၊ အမှတ်(၃၆၇)၊ ဗိုလ်ချုပ်ဈေး အရှေ့ဘက်တန်း၊ ရန်ကုန်မြို့။
ဖုန်း-၂၅၆၄၀၀ (လိုင်းခွဲ-၇၂၅)

မှတ်ပုံတင်-TMR ၀၁၁၂၉၄(၀၆၁၅)
လိုင်စင် ၂/၂၀၁၃၊ တဆထလ၊ (၂၃၈၅)


www.burmeseclassic.com

www.burmeseclassic.com

ကိုဆန်းညွန့်ဦးကား တစ်ကိုယ်တည်း လူပျိုကြီးဖြစ်ကာ မိခင်ကြီးအား လုပ်ကျွေးပြုစုနေသူဖြစ်၏။ သူက အသက်ငါးဆယ်ကျော်ရှိပြီး မိခင်ဖြစ်သူက ရှစ်ဆယ်နားနီးနေပြီဖြစ်၏။ သူတို့အိမ်တွင် သားအမိနှစ်ယောက်တည်း အမေတစ်ခု သားတစ်ခုတော့ မဟုတ်ချေ။ အတူနေ နှမ၏ မိသားစုပါ တစ်အိမ်တည်း စုပေါင်းကာနေကြသဖြင့် မိသားစုနှစ်စုဟု ပြော၍ရသည်။

စီးပွားရှာ၍ရသမျှ အမေကြီးအား ကျွေးမွေးပြုစုစောင့်ရှောက်ရင်း ညီအစ်ကိုမောင်နှမများကိုလည်း ထောက်ပံ့ပေးကမ်းလျက် ဦးဆောင်မှုကောင်းကောင်းဖြင့် အစ်ကိုကြီးပီသစွာ နေထိုင်သူလည်း ဖြစ်၏။

နံနက်အရုဏ်တက်တိုင်း အိပ်ရာမှ စောစောထကာ ကိုယ်လက်သန့်စင်ပြီး မြတ်စွာဘုရားအား ရည်မှန်းလျက် မျက်နှာသစ်တော်ရေနှင့် သောက်တော်ရေများ လှူဒါန်းပြီး ဦးစွာဘုရား ရှိခိုး၏။

ပြီးလျှင် မေတ္တာပို့ခြင်း၊ တရားရှုမှတ်ခြင်းတို့ကို နေ့စဉ်ဝတ်မပျက်စေရအောင် အားထုတ်ရင်း ဗုဒ္ဓဘာသာဝင်ပီသစွာ နေထိုင်ကျင့်ကြံနေသူလည်း ဖြစ်လေသည်။

သူက စာပေဝါသနာပါသူလည်း ဖြစ်သည်နှင့်အညီ စာဖတ်ခြင်းအလေ့စွဲကာ စာမျိုးစုံဖတ်သူ ဖြစ်သည့်အပြင် ကျွန်တော်တို့ စာပေဝိုင်းတော်သားများနှင့် ရင်းနှီးကျွမ်းဝင်နေသူလည်းဖြစ်၏။ စာရေးသူ စာပေဖြင့် မွေ့လျော်တတ်သူများကို ချစ်ခင်လေးစားရင်းရှိသူပီပီ ကျွန်တော်တို့ စာပေဝိုင်းတော်သားများ ဆုံနေကျ လက်ဖက်ရည်ဆိုင်သို့ နံနက်တိုင်း မပျက်မကွက် ရောက်အောင်လာကာ ကျွန်တော်တို့ ဆွေးနွေးနေသော အကြောင်းအရာနှင့် တိုက်ဆိုင်လျှင် အားပါးတရ ဝင်ရောက်ဆွေးနွေးတတ်၏။ သို့သော် သူကား စာရေးခြင်းအတတ်ပညာနှင့်တော့ ကျွမ်းဝင်ခြင်းမရှိ။

သူ့အိမ်သည် ယခင်က စာရေးဆရာမောင်မြေသွေး(မြန်မာစာ) ကျင်လည်ခဲ့ရာ ဂေဟာတစ်ခု ဖြစ်ခဲ့သေးသည်။

# သတိုးချာလီအေး
## မေတ္တာပုံဆောင်ခဲများ





www.burmeseclassic

www.burmeseclassic.com

မောင်မြေသွေး၏ အကြောင်းကို တစ်ခါတစ်ရံ တလွှမ်းတဆွေး ဖောက်သည်ချတတ်သေး၏။ သူ၏စီးပွားရေး အသင့်အတင့် ချောင်လည်မှုက ငွေကြေးသုံးစွဲမှုကို ပရဟိတလုပ်ငန်းများအတွက် လှူဒါန်းပေးကမ်းခြင်းဖြင့် အကျိုးရှိစေ၏။ အထူးသဖြင့်ကား ကျွန်တော်တို့ လက်ဖက်ရည်ဝိုင်းကို ဒိုင်ခံနီးပါးကျခံလျက် ငွေရှင်းလေ့ရှိသူ ဖြစ်လေသည်။

သူတို့နေအိမ်သည် ပေ(၄၀×၆၀)အကျယ်ရှိ မြေကွက်ပေါ်တွင် တည်ဆောက်ထားသည့် တိုက်ခံနှစ်ထပ်အိမ်ဖြစ်သဖြင့် သူတို့မိသားစုအတွက် လုံလောက်သော အကျယ်အဝန်းဖြင့် သက်သာချောင်ချိစွာ နေထိုင်နိုင်ကြသည်။ နေအိမ်ဘေးတစ်ဖက်တစ်ချက်တွင်လည်း လူလာရောက်ဆောက်လုပ်နေထိုင်ခြင်းမရှိသေးသော မြေကွက်အလွတ်များကြောင့် သူတို့မိသားစုက သီးခြားလိုဖြစ်နေလေသည်။ တစ်ခုကံကောင်းသည်မှာ ဆူသံပူသံများ မကြားရခြင်းဖြစ်သဖြင့် အေးဆေးစွာ နေထိုင်တတ်သော ကိုဆန်းညွန့်ဦးနှင့် သူ့မိခင်ကြီးအတွက်တော့ သီရိဂေဟာဖြစ်လေသည်။

အခြေအနေဟူသည် တစ်ခုကောင်းသော်လည်း တစ်ခုဆိုးတတ်သော ဖြစ်မြဲဓမ္မတာရှိတတ်လေရာ ထိုခြေရင်းနှင့် ခေါင်းရင်းဘက်ခြမ်းများတွင် လူမနေသောကြောင့် မြက်ရိုင်းများ၊ ကိုင်းပင်များနှင့် အလေ့ကျပေါက်ပင်များထူထပ်စွာပေါက်ရောက်နေလေရာ ချုံတောများတွင် မြွေဆိုးများ တစ်ခါတစ်ရံ ခိုအောင်းနေတတ်ပြီး မိုးတွင်းအခါများတွင်လည်း အနိမ့်ပိုင်းဖြစ်သော သူတို့နေရာသည် ရေပတ်လည်ဝိုင်းနေတတ်သည့်အပြင် ရံခါ မိုးများသောကာလများ၌ သူတို့အိမ်၏အောက်ထပ်တွင် ဒူးဆစ်မြုပ်သည်အထိ တစ်ခါတစ်ရံ ရေဘေးဒဏ်လည်း ခံရပါသေးသည်။

သူတို့အိမ်ရှေ့မျက်နှာစာသည် ကွန်ကရစ်ခင်းထားသော ရပ်ကွက်ပတ်လမ်းဖြစ်သော်လည်း ကွန်ကရစ်ခင်းပြီး သိပ်မကြာသော ကာလတွင်ပင် ပေါက်သည့်နေရာကပေါက်၊ ပပ်ကြားအက်သည့်နေရာကအက် ဖြစ်ရသည့်အထိ မြို့သစ်တစ်မြို့၏ လူနေကျဲပါးသော ရပ်ကွက်အစွန်နေရာဖြစ်လေရာ ကားအသွားအလာက မရှိသလောက်ကျဲပါး၏။ တစ်ခါတစ်ရံ ဆိုင်ကယ်တစ်စီး၊ နှစ်စီးစ ရံခါတက္ကစီတစ်စီးတလေလောက်သာ ဖြတ်သွားတတ်သောနေရာ ဖြစ်၏။

ထိုကွန်ကရစ်လမ်း၏ တစ်ဖက်ခြမ်းတွင် ယခင် မြို့သစ်မတည်မီကတည်းကပင် ရှိနေနှင့်သော ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းရှိ၏။ ထိုကျောင်းနှင့်အတူ ဂေါစရဂါမ်ပြုရာ ရွာဟောင်းကား ကျောင်း၏အနောက်ဘက်တွင် ရှိခဲ့သော်လည်း ယခုအခါ မြို့သစ်ဇရိယာထဲတွင် သွတ်သွင်းကာ ရပ်ကွက်တစ်ခုအဖြစ် တည်ရှိနေလေပြီ။ ကျယ်ဝန်းလှသော ထိုဘုန်းတော်ကြီးကျောင်းဝင်းထဲတွင် စေတီတစ်ဆူကို ကြည်ညိုသပ္ပာယ်ဖွယ်ရာ ဖူးတွေ့နိုင်ပြီး အရိပ်အာဝါသကောင်းလှသော နှစ်ချို့ သစ်ပင်ကြီးများနှင့် ရေကန်ကြီးက သာသနာ့အေးရိပ်ဟူသော ဝေါဟာရနှင့် ပြည့်စုံကာ ဘုရား၊ ကျောင်း၊ ကန်ဟူသည့်စကားနှင့်လည်း ကိုက်ညီ၍နေလေတော့သည်။

◆ ◆ ◆

ထိုနေ့က ကျွန်တော်တို့ လက်ဖက်ရည်ဝိုင်းသို့ သူ့စီးတော်ယာဉ် စက်ဘီးကလေးဖြင့် ရောက်လာသော ကိုဆန်းညွန့်ဦး၏ လက်ထဲတွင် ကြွပ်ကြွပ်အိတ်ဖြင့် ထည့်ထားသော အထုပ်ငယ်တစ်ထုပ် ပါလာ၏။

ကျွန်တော်က ဆီး၍-

'ဘာထုပ်လဲဗျ။ လာဗျာ..ထိုင်။ ကာတွန်းဆရာနဲ့ ဆရာညီမေတ္တာတို့ ဟိုမှာ သတင်းစာဝယ်နေကြတယ်'

'ဆန်ထုပ်ပါဗျာ။ သားသမီးတွေ တိုးလာတော့ သူတို့အတွက် သီးသန့်ချက်ကျွေးဖို့ ဝယ်လာရတာလေ'

'ဟင်..ဘယ့်နှယ်လဲ၊ လူပျိုကြီး ဘယ်ကသားသမီးတွေ တိုးလာရပြန်တာတုံး'

'ဟိုတစ်နေ့ကဗျာ၊ ကျွန်တော်တို့အိမ်နားက ဘုန်းကြီးကျောင်းထောင့်နားမှာ ဘယ်သူတွေ လာပစ်သွားကြမှန်းမသိဘူး။ ခွေးကလေးနှစ်ကောင် ရောက်လာတယ်။ လူတွေကလည်း သူတို့တာဝန်မယူနိုင်တော့တဲ့အခါ ခွေးတွေ၊ ကြောင်တွေကို ဒီဘုန်းကြီးကျောင်းနားချည်း လာလာပစ်နေကြတာ။ ကျောင်းထဲက ဆွမ်းကျန်ဟင်းကျန်လေးတွေနဲ့ ကြီးပြင်းလာကြရတဲ့ ခွေးတွေ၊ ကြောင်တွေကလည်း ကျောင်းဝင်းထဲမှာကို အများကြီးဖြစ်နေပြီ။ ကိုဆန်းညွန့်ဦးသည် ပြောလည်းပြောရင်း ခုံအလွတ်တစ်ခုကိုဆွဲကာ ထိုင်လိုက်သည်။ ပြီးနောက် အနီးတွင် ရောက်နေသော စားပွဲထိုးကလေးအား လက်ဖက်ရည်မှာလိုက်ပြီး ပြောလက်စ စကားကို ဆက်၏။



www.burmeseclassic

www.burmeseclassic.com

'အဲဒီတော့ဗျာ၊ ကျောင်းက စာချကိုယ်တော်ကလေးက ကျုပ်ကိုခေါ်ပြီး ဒီခွေးကလေးနှစ်ကောင်ကို မွေးထားပါလားဆိုပြီး ခေါ်ပေးတာနဲ့ ခု ကျုပ်အိမ်မှာ မွေးစားသားသမီးနှစ်ကောင် တိုးသွားရတာကိုးဗျ'

'ဘယ်အရွယ်လောက်ရှိပြီလဲ'

'လေးငါးလသားတော့ ရှိပြီထင်ပါရဲ့ဗျာ။ ဒါပေမဲ့ ခွေးလေးတွေက အစာရေစာ ဝဝလင်လင် မစားခဲ့ကြရတော့ ပိန်လှီနေကြတာ။ အရိုးပေါ်အရေတင်နီးပါးပါပဲ။ ရောက်တဲ့နေ့ကဆို ထမင်းအဖြူထည်ချည်း ချကျွေးတာတောင် အလုအယက်စားလိုက်ကြတာ အငမ်းမရပါပဲ။ သနားစရာလေးတွေဗျ'

'နှစ်ကောင်ဆိုတော့ နှစ်ယောက်တိုးပေါ့လေ'

'ဟာ..ဘယ်နှစ်ကောင်ကမလဲ၊ အရင်ခေါ်မွေးထားတဲ့ ကြောင်လေးကောင်နဲ့ ခွေးနှစ်ကောင်ရှိသေးတယ်လေ'

'အင်း..ဟုတ်ပေသားပဲ။ ခင်ဗျားမှာတော့ မိဘမဲ့ကလေးတွေကိုသွားပြီး လှူရ၊ လူမှုကူညီရေးအသင်းတွေနဲ့ ပူပေါင်းလှူဒါန်းရ၊ စာသင်သားကိုယ်တော်ကလေးတွေအတွက် ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းရ၊ ဒုက္ခသည်တိရစ္ဆာန်လေးတွေကို ကျွေးမွေးကုသိုလ်ပြုနေရတာ နိဗ္ဗာန်ဆော် ပြောတဲ့အတိုင်း ဒါနဥစ္စာထုပ် တော်တော်မြှုပ်နှံမိထားပြီကိုးဗျ'

'ကုသိုလ်ရခြင်း၊ မရခြင်းက ကံကိစ္စပါပဲ။ သူ့သဘော သူဆောင်လိမ့်မပေါ့။ ခုလောလောဆယ်တော့ သူတို့တွေ စိတ်အေးချမ်းသာ နေနေကြတာကို မြင်ရတာနဲ့တင် ပီတိသုခပြည့်စုံနေပါပြီလေ'

ကိုဆန်းညွှန့်ဦး၏ အဆုံးသတ်စကားများတွင် တွေးစရာ၊ နမူနာယူစရာ၊ အားကျစရာကောင်းသော အတွေးဒဿနာများဖြင့် ပြည့်လျှမ်းနေကာ စာရေးသူအတွက်လည်း သာဓုအနုမောဒနာပြုစရာများ ဖြစ်နေလေသည်မို့ သာဓုသာအကြိမ်ကြိမ် ခေါ်မိနေပါတော့သည်။

◆◆◆

ယခုနှစ် မိုးရာသီကာလကား ရှည်လျားလွန်းလှသည်ဟုပင် ထင်မိသည်။ သီတင်းကျွတ်လည်းရွာ၏။ တန်ဆောင်မုန်းလည်းရွာတုန်း၊ နတ်တော်ရောက်လည်း ကွက်ကျားရွာဆဲ၊ မုန်တိုင်းကလည်း ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်ပြင်တွင် ဖြစ်ပေါ်ကာနေသည်မှာ တစ်ခုပြီးတစ်ခု တစ်လုံးပြီးတစ်လုံး။ သည်တော့ မိမိတို့မြန်မာနိုင်ငံသည်လည်း အဖျားခတ်ခံရကာ နတ်တော်ပြာသိုတွင်ပင် မိုးကရွာချင်သေးသည်။ ဆောင်းကာလရောက်သော်လည်း အနွေးထည်တို့ကို ချောင်ထိုးထား၍၏။ ရာသီဥတုကား ဖောက်ပြန်လွန်းလေစွ။

သို့သော် မဖောက်ပြန်သော သဘာဝတစ်ခုကား ခွေးများ၏ သဘာဝပင်ဖြစ်ပေလသည်။ တော်သလင်းလ သူတို့ရာသီဦးကာတည်းက မိတ်လိုက်ကြကာ အချိန်တန်၍ မိုးကုန်စပြုသည်နှင့် သူတို့ သားပေါက်ကြလေပြီ။ ထူးဆန်းသည်မှာ ကိုဆန်းညွှန့်ဦး၏အိမ်မှ ခွေးများမှာ အားလုံးအရွယ်ရောက်ပြီး ခွေးများဖြစ်သော်လည်း မိတ်လိုက်ခြင်းကို အိမ်သားများ မမြင်တွေ့ရဖူးချေ။ ခွေးအချင်းချင်းလည်း ရန်မူခြင်းအလျှင်းမရှိ။ ခြံဝင်းပြင်ပသို့ထွက်ကာ သူတို့ ရာသီပွဲဆင်နွှဲချင် နွှဲကြလိမ့်မည် ဖြစ်သော်လည်း သားပေါက်ခြင်း မရှိကြသဖြင့် သာ၍ထူးဆန်းနေလေသည်။

ကိုဆန်းညွှန့်ဦးသည် နံနက်စောစော ဘုရားဝေယျာဝစ္စပြုပြီးသည့်တွင် လင်းရောင်ဦးလည်း ပေါ်လာလေပြီမို့ ပြတင်းတံခါးများကို ဖွင့်လိုက်ကာ ပြတင်းပေါက်တွင်ရပ်လျက် လေကို ဝဝရှူသွင်းရှူထုတ်လုပ်လိုက်သည်။

သူမျက်နှာမူထားရာ အရပ်သည် ဘုန်းတော်ကြီးကျောင်းဘက်သို့ မျက်နှာမူထားသည်ဖြစ်သဖြင့် ကွန်ကရစ်လမ်းပေါ်နှင့်တကွ ကျောင်းပရိဝုဏ်တစ်ခုလုံးကို ဆီးကာ မြင်နေရ၏။ ထိုစဉ် ခဏ၌ သူ၏မျက်စိမြင်ကွင်းတွင် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းမှ ခွေးဟောင်သံများ ဆူညံစွာဖြစ်ပေါ်လာကာ ခွေးပေါက်ကလေး တစ်ကောင်သည် ကျောင်းဝင်းအပြင်သို့ ကြောက်လန့်တကြားပြေးထွက်လာသည်ကို မြင်လိုက်ရ၏။

ဖြစ်စဉ်ကို စဉ်းစားကြည့်ရာ လူတို့လာရောက်စွန့်ပစ်သော (သို့မဟုတ်) မိခင်နှင့်ကွဲကာ မျက်စိလည်လာသော ခွေးငယ်ကလေးသည် ကျောင်းဝင်းအတွင်းသို့ ဆိုက်ဆိုက်မြိုက်မြိုက်ဝင်သွားပါလိမ့်မည်။ သည်တွင် ကျောင်းဝင်းအတွင်းရှိ နဂိုရှိပြီးသားခွေးများက လက်မခံဘဲ လိုက်လံဟိန်းဟောက်ခြိမ်းခြောက် မောင်းနှင်ထုတ်လိုက်ကြပုံပေါ်၏။ ကိုဆန်းညွှန့်ဦး ကြည့်နေဆဲခဏမှာပင် ကိုဆန်းညွှန့်ဦး အိမ်အောက်မှခွေးမကြီးသည် ခြံဝင်းအပြင်သို့ပြေး



www.burmeseclassic

www.burmeseclassic.com

ထွက်သွားကာ ကျောင်းနံဘေးအုတ်တံတိုင်းအနီး ချုံကြား ထဲတွင် ကတုန်ကယင်ဖြင့် ကြောက်လန့်တကြား ပုန်း အောင်းနေသော ခွေးငယ်ကလေးထံ ရောက်ရှိသွားသည် ကို မြင်လိုက်ရ၏။

ခွေးမကြီးသည်လည်း ခေါသဖြင့် ကျောင်းဝင်း အတွင်းမှ ခွေးများနည်းတူ ကိုက်ခဲလိုက်လေမည်လောဟု စိတ်ပူမိနေစဉ်ဝယ် ခွေးမကြီးသည် လူတို့နားမလည်နိုင် သော မဂဓဘာသာစကားဖြင့် တအီအီအသံပြုကာ အနီး သို့ ချဉ်းကပ်သွားပြီး ခွေးကလေးကို ကုတ်မှကိုက်ချီ၍ အိမ်ဘက်သို့ ခေါ်ဆောင်လာတော့သည်။ သူသည် အိမ်ခြံ အတွင်းသို့ ဝင်ရောက်လာခြင်းမပြုဘဲ အိမ်ခေါင်းရင်းဘက် ရှိ ကိုင်းပင်များအကြားသို့ ခေါ်ဆောင်သွားခြင်း ဖြစ်ပါ လေသည်။

ခွေးမကြီးသည် ကိုက်လည်းမကိုက်၊ ရန်မူခြင်းလည်း အလျှင်းမပြု သူ၏ရင်မှဖြစ်ပေါ်လာသော မေတ္တာတရား တို့ကို မျက်ဝါးထင်ထင်ပြသရင်း မိခင်စိတ်က ထင်ရှား ပေါ်လွင်လာလေပြီ။ သူ၏နှလုံးသားတွင် ဘုရားဟော ဒေသနာထဲက မာတာယထာ နိယံပုတ္တ မာယုသာ ဧက ပုတ္တမနုရက္ခေဆိုသော ပါဠိတော်လာဒေသနာကို အကောင် အထည်ဖော်ရန် အသင့်ဖြစ်နေကြောင်း သူ၏ အမြီးကို တနန့်နန့်ပြုလျက် သက်သေပြနေ၏။

ခွေးမကြီးကား မွေးစားသားတစ်ကောင် မွေးစား လိုက်လေပြီ။ ထိုကိုင်းချုံထဲတွင် နေရာသစ် ဝပ်ကျင်းတစ် ခုကို ဖန်တီးလျက် ခွေးကလေးအတွက် နေစရာစီမံပေး ခြင်းပြု၏။ ကိုဆန်းညွှန့်ဦးလည်း ထိုထူးဆန်းသော အဖြစ် အပျက်ကို နေ့စဉ်နှင့်အမျှ ဂရုတစိုက် ကြည့်ရှုနေမိလေ ၏။ တစ်ချိန်တွင် ခွေးမကြီးသည် ထိုခွေးပေါက်ကလေး အတွက် မုန့်အစအနများကို ချီယူလာကာ ချကျွေး၏။ ခွေးကလေးကလည်း အမြီးတနန့်နန့်နှင့်စားရင်း သူ၏မွေး စားမိခင်ကြီးကို ရင်းနှီးချစ်ခင်စွာ ကယုကယင်ပြု၏။ ခွေးမကြီးကလည်း မိမိသားအရင်းပမာ လျှာဖြင့်လျက်ဖြင့် ရင်ခွင်ထဲတွင် လုံသိပ်ကာ နွေးထွေးအောင် ပြုပေးခြင်း၊ အတူဆော့ကစားခြင်းတို့ဖြင့် ပျော်မွေ့နေကြလေ၏။

တစ်နေ့တွင် ကိုဆန်းညွှန့်ဦးသည် ညစာစားပြီးနောက် မှောင်လည်းမှောင်သေးသည်နှင့် ခြေဆန့်လက်ဆန့်အဖြစ် အညောင်းပြေအညာပြေ လမ်းလျှောက်နေစဉ်ဝယ် သူမွေး ထားသော ခွေးထီးကြီးသည် ခွေးကလေးရှိရာ ကိုင်းတော ချုံအတွင်းသို့ ကပျာကယာ ပြေးဝင်သွားသည်ကို မြင် လိုက်ရသဖြင့် ဘာများဖြစ်မည်နည်းဟု သိလိုလှသည်နှင့် ထိုနေရာအနီးသို့ ချဉ်းကပ်၍ကြည့်လေရာ ခွေးထီးကြီး သည် ခွေးငယ်ကလေးအနီးသို့ ရောက်သည်နှင့် သူစားခဲ့ သော အစာများကို အန်ချကာ ခွေးကလေးအား ညစာ ကျွေးနေသည်ကို မြင်လိုက်ရတော့သည်။

ထိုခွေးကလေးအား ခေါ်ယူမွေးစားခဲ့သော ခွေးမ သည်လည်းကောင်း၊ ယခုအစာလာကျွေးသော ခွေးထီး ကြီးသည်လည်းကောင်း ခွေးပေါက်ကလေးနှင့် ဆွေမျိုး နီးစပ် မည်သို့မျှတော်စပ်ခြင်း မရှိပါပေ။ ခွေးထီးတို့မည် သည် သူ၏သားသမီးဟူ၍ အသိအမှတ်ပြုခြင်းမျိုးရှိသည် ဟူ၍လည်း မကြားဖူးခဲ့။ ယုတ်စွအဆုံး ခွေးမများသည် ပင် မိမိပေါက်ဖွားထားသော သားသမီးမဟုတ်လျှင် လက် မခံဘဲ ကိုက်ခဲမာန်ဖီ၍ လွှတ်တတ်သည်ချည်းသာ။

ယခုကား ထိုသို့မဟုတ်မူဘဲ မေတ္တာစိတ်၊ ကရုဏာ စိတ်တို့ဖြင့် မျိုးနွယ်တူခြင်း စောင့်ရှောက်နေကြကာ အေး မြသောမေတ္တာစိတ်၊ ကရုဏာစိတ်တို့ဖြင့် လွှမ်းခြုံထား သော ထိုကိုင်းချုံတောမှ ခွေးဂေဟာကလေးသည် သီရိ ဂေဟာကလေးတစ်ခုပင် မဟုတ်ပါလော။ ကိုဆန်းညွှန့်ဦး လည်း ထိုနေရာမှဖယ်ခွာလျက် သူတို့မေတ္တာစိတ်အပေါ် မေတ္တာလွှမ်းခြုံ ထပ်ဆင့်ပို့သရင်း ညဘုရားဝတ်တက်ရန် အိမ်အပေါ်ထပ်သို့ တက်လာခဲ့ပါသတည်း။

◆◆◆

ထိုနေ့က တစ်ညလုံးနီးပါး ကိုဆန်းညွှန့်ဦးတစ် ယောက် အိပ်၍မရခဲ့ဟုဆိုသည်။ ယခုညတင်မဟုတ်သေး၊ ယခင်နှစ်ညနှင့်ဆို သုံးညတောင်ရှိခဲ့ပြီဟုဆိုသည်။ မျက်စိ ကြောင်၍ အိပ်မရခြင်းလည်းမဟုတ်၊ အိပ်ခါနီး လက်ဖက် ရည်၊ ကော်ဖီတို့ သောက်ခဲ့မိခြင်းလည်းမဟုတ်ဘဲ အတူ နေ ညီမမိသားစုတို့ကြောင့် အိပ်၍မရခြင်းဖြစ်သည်ဟု ဆို၏။

ထို့ကြောင့် ကျွန်တော်က-

'ဘာဖြစ်လို့လဲဗျ။ သူတို့လင်မယားတွေ ရန်ဖြစ်ပြီး ထသတ်ကြလို့လား'

'ဟုတ်ဘူးဗျ၊ သူတို့တွေလည်း ရန်မဖြစ်ကြပါဘူး'

'ဒါဖြင့်လည်း ဘာကြောင့်တုန်းဆိုတာ လင်းစမ်းပါ



www.burmeseclassic

www.burmeseclassic.com

ဦး'

'ဒီလိုဗျ၊ ကျုပ်ညီမ နောက်မွေးတဲ့ ကလေးလေးလေ၊ လသားကလေးပဲ ရှိသေးတာ။ ဆရာသိသမို့လား'

'အင်း၊ အသိသားပဲ'

'အဲဒီကလေးလေးဟာလေ ညညကျ ငိုတာအရမ်းပဲဗျို့။ လေဆန်နာပါတယ်ဆိုလား၊ အုန်းဆီနဲ့ ထုံးတွေ ထလိမ်းကြ၊ အမေကလည်း ဆရာခိုတွေ ထလိမ်းပေးရ၊ တစ်အိမ်လုံး ယောက်ယက်ခတ်နေကြတော့ ဘယ်အိပ်လို့ ရပါတော့မလဲ။ ကလေးက အိပ်သွားလည်း ခဏပဲ။ နိုးလာရင် ပြန်ငိုပြန်တာပဲ'

'လေဆန်နာ ကျဗဟုံးတဲ့။ တစ်ညလုံးကွယ့် ကြွက်ကြွက်ညံဆိုတာမျိုး ဖြစ်နေတာပေါ့လေ'

'ဟုတ်တယ် ဆရာရယ်။ ဒါပေမဲ့ ဒီကလေးလေးဖြစ်ရပ်ကနေ သင်ခန်းစာတစ်ခုရပြီး အမြတ်တော့ ရလိုက်တယ်'

'ဘာလဲ၊ ဒီတစ်သက် မိန်းမမယူတော့ဘူး ဆိုတာလား'

'မိန်းမကတော့ မယူတော့ပါဘူးလေ။ ဒီအရွယ်ကြီးကျမှ ဒုက္ခလည်း မရှာချင်တော့ပါဘူး။ ကျွန်တော်ရလိုက်တဲ့ သင်ခန်းစာက တစ်မျိုးဗျ'

'ဒါဖြင့်လည်း ပြောစမ်းပါဦးဗျာ။ ကျွန်တော်တို့လည်း အသိတစ်ခု တိုးတာပေါ့'

'ဒီလိုဗျ'

◆◆◆

ညက အေးသည်ထက်အေးလာပြီ။ ဆောင်းနှင့်တော့ တူလာပြီဟုလည်းပြော၍ရပြီ။ လွန်ခဲ့သောရက်များကမူ ဆောင်းသည် မိုးကို လက်မလွှတ်နိုင်သေး။ ဆောင်းငွေ့ ဆောင်းရိပ်နှင့်လည်းမတူ မိုး၏အယောင် မိုးရိပ်မိုးငွေ့တို့ဖြင့် ယှက်သန်းကာ လာချင်နေသည့်ဆောင်းကို မိုးတံခါးဖြင့်ပိတ်ကာ ဆီးတား၍နေခဲ့သေးသည်။ ယခုမူ ညဦးပိုင်းကပင် နှင်းရုံလွှာခြုံကာသန်း၍ မြူတန်းက ကြယ်ကိုပိတ်ကာ အေးရိပ်ဆင်လေသဖြင့် ကိုဆန်းညွှန့်ဦးလည်း အနွေးထည်ကိုဝတ်ကာ အိပ်ရာသို့ ဝင်ခဲ့၏။

အိပ်ပျော်၍မှ မိနစ်ပိုင်းသာရှိသေး၏။ ဝါးခနဲ ဝါးခနဲ စူးစူးဝါးဝါး အော်ငိုသံကြောင့် ယခင်နေ့များကအတိုင်း လန့်ကာနိုးလာပြန်၏။ သည်နေ့နှင့်ဆို သည်ကလေး ငိုသည်မှာ သုံးရက်ပင် ရှိခဲ့ပြီ။ ကလေးမိဘများနှင့်အတူ သူ့ရော သူ့မိခင်ကြီးပါ အိပ်ရေးတွေပျက်ခဲ့ရ၏။ ကလေးနှင့် မိသားစုက အောက်ထပ်တွင် သီးခြားအခန်းနှင့်ဆိုသော်လည်း အသံလုံခန်းမဟုတ်သဖြင့် လေလည်လျှင်တောင် ကြားရနိုင်၏။ ယခုကား အာခေါင်ကိုခြစ်ကာ အော်ငိုခြင်းဖြစ်လေရာ ဘယ်မှာအိပ်၍ရပါတော့မည်နည်း။

ကလေးကား အသံကို မြှင့်သည်ထက်မြှင့်ကာ ငိုနေသော်လည်း ကလေးမိဘများကား နိုးကြပုံမပေါ်။ စုတ်သပ်သံ၊ အေးအိုချော့သံ မကြားရ။ ကလေးကသာ အိပ်ရာထက်တွင် လေဆန်နာ၏ဒဏ်ကို မခံနိုင်လွန်းသဖြင့် အငိုဖြင့် တွန်းလှန်ကာ နေရလေသည်တွင် အိပ်ရာထက်မှ ဆင်းလာသော ကိုဆန်းညွှန့်ဦးမှာ မနေနိုင်တော့ဘဲ အောက်ထပ်သို့ဆင်းလာကာ သူတို့မိသားစုအခန်းရှေ့သို့ ရောက်လာ၏။

တံခါးကို လက်နှင့် တွန်းကြည့်သောအခါ လွယ်လွယ်ကူကူပင် ပွင့်သွားလေသည်။ အခန်းတွင်းရှိ သူ၏နှမတို့ ဇနီးမောင်နှံမှာ ယခင်နေ့တွေက အိပ်ရေးပျက်ခဲ့သမျှကို အတိုးချကာ စောင်ကို ခေါင်းမြီးခြုံလျက် နှစ်ခြိုက်စွာ အိပ်မောကျနေကြ၏။ သူတို့ကလေး၏ ဒုက္ခဆိုးကို မသိနိုင် မကြားနိုင်တော့ဘဲ ဆောင်း၏ အိပ်၍ကောင်းခြင်း သုခကို ပျော်ပျော်ကြီးခံစားကာ နေကြလေသတည်း။ ကိုဆန်းညွှန့်ဦးခမျာမှာ ထိုလင်မယားကိုကြည့်ကာ ထုချင်ထောင်းချင် စိတ်များပင် ပေါ်လာမိသေး၏။

သို့သော်လည်း ထိုစဉ်တစ်ခဏ၌-

မိမိတို့မွေးထားသော ခွေးမိသားစုတို့၏ အဖြစ်အပျက်များသည် မိမိအာရုံတွင် ရုပ်ရှင်ပြသည်ကဲ့သို့ ထင်ဟပ်လာကာ မေတ္တာစစ်၏ ပုံရိပ်စစ်၊ ကရုဏာဟူသော သဘောတရား၏ သရုပ်မှန်နှင့် အကြင်နာတရားနှင့် ကိုယ်ချင်းစာမှုတို့ကို နားလည်သဘောပေါက်လာကာ ကလေး၏ မိခင်၊ ဖခင်တို့ကို နှိုးမနေတော့ဘဲ ငိုနေသော ကလေးကိုသာ ကောက်၍ချီပိုးလိုက်ပြီး မည်သူ့မျှမနိုးစေရအောင် တိတ်တိတ်ကလေး လမ်းလျှောက်ကာ ကလေးကို အငိုတိတ်စေ၏။ ကလေးခမျာမှာ ကိုဆန်းညွှန့်ဦး၏ ရင်ဘတ်အထက် ပခုံးပေါ်တွင် မှောက်လျက်အနေအထားဖြင့် ပခုံးထက်၌ ခေါင်းတင်ပြီး တဖြည်းဖြည်းအငိုလျော့လာကာ မကြာမီပင် အငိုတိတ်၍ အိပ်ပျော်ခြင်းသို့ ရောက်

www.burmeseclassic

www.burmeseclassic.com

ကာသွားပါလေတော့သတည်း။ အငိုတိတ်ကာသွားသော ကလေးကို မေတ္တာလည်းပို့ရင်း မိမိ၏ကရုဏာတရားနှင့် အကြင်နာတရားအပေါ်တွင် ပြန်လည်သုံးသပ်ကာ ယခု နံနက်မိုးသောက် အလင်းရောက်သည်နှင့် ကျွန်တော်တို့ လက်ဖက်ရည်ဝိုင်းတွင် သူ၏သုံးသပ်ချက်ကို အောက်ပါ အတိုင်း ဖောက်သည်ချလိုက်လေတော့သည်။

တကယ်တော့ ပရဟိတဆိုတာက မိမိမှတစ်ပါး အခြားသူများကို လိုအပ်သည်မှန်သမျှ ဖြည့်စွမ်းပေးခြင်းနဲ့ ကာယသုခ ဉာဏသုခ မပြည့်စုံကြသူတွေကို ထောက်ပံ့ အားပေးခြင်း မဟုတ်လားဗျ'

'အင်း··ဟုတ်ပါတယ်။ ဗြဟ္မာစိုရ်တရားကို နိုင်စွမ်း သရွေ့ လက်ကိုင်ထားကျင့်သုံးတယ်လို့လဲ ပြောရင်ဖြစ် တာပါပဲ'

'သေသေချာချာ စဉ်းစားလိုက်တော့မှဗျာ ကျုပ်အိမ် မှာ မွေးထားတဲ့ခွေးတွေကလေ ကရုဏာတရား ကျုပ် ထက် ကြီးမားကြတာကို သိလာမြင်လာရတယ်ဗျ။ အဲဒီ ခွေးတွေဟာလေ ကျုပ်လို မေတ္တာလည်းမပို့ဘူး။ ဒါပြင် ကျုပ်လို စာပေတွေလည်း ဖတ်ရှုနိုင်တဲ့ ဘဝတွေမဟုတ် ကြဘူး။ ပြီးတော့လည်း ကျုပ်တို့ ပြောပြောနေကြတဲ့ ပရဟိတဆိုတဲ့ စကားကိုလည်း နားမလည်ကြပါဘူးဗျာ။ ဒါပေမဲ့ သူတို့နဲ့ သွေးမတော်သားမစပ်တဲ့ အခြားခွေး အပေါ်မှာတောင်မှ လျစ်လျူမရှုဘဲ ပရဟိတစိတ်နဲ့ စောင့် ရှောက်ဖော် ရကြသေးတယ်။ ကျုပ်ကတော့ဗျာ အိပ်မရ ရုံကလေးနဲ့ သွေးလည်းတော် သားလည်းစပ်တဲ့ ကျုပ်တူ ကလေးကိုလည်း စိတ်ဆိုးရုံမက သူ့မိဘတွေကိုတောင် ထုချင်ရိုက်ချင်စိတ် ပေါက်ခဲ့သေးတာကလား'

'အင်း··ဒါမျိုးက ဖြစ်တတ်ပါတယ်လေ'

'ဖြစ်တတ်တာကတော့ မှန်ပါတယ်လေ။ ဒါပေမဲ့ ဟိုခွေးတွေနဲ့ ယှဉ်လိုက်တော့မှ'

'ဘာဖြစ်လို့တုန်းဗျာ'

'သူတို့လောက် စိတ်ဓာတ်မြင့်မြင့်မားမား မထားနိုင် တော့ အဲဒီခွေးတွေကို ရှက်မိနေတော့တာပါပဲဗျာ။ ဒါပါပဲ'

သတိုးချာလီဆွေ

Dictionary for All

THALUN
Bookstore
Yangon

သာလွန် အင်္ဂလိပ်-မြန်မာ အဘိဓာန်

သာလွန်စာအုပ်တိုက်

၃၆၉၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၂၄၂၄၃၁၈၊ ၂၄၉၂၀၈
အမှတ်(၃၇၇/၃၇၉)၊ ဗိုလ်ဆွန်ပက်လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၂၄၀၁၅၃၊ ၂၄၂၀၃၈၊ ၃၈၂၂၈၀
၁၆၅/၂ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၄၅ လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၂၉၉၂၂၀



www.burmeseclassic

www.burmeseclassic.com

# မင်းဟိန်းထိုက်

## သရဲကို ဓားနှင့်ထိုးခဲ့စဉ်က



မောင်အေးချမ်း မင်းဘူး-အမ်း လမ်းမှာ အလုပ်သမားခေါင်းဆောင် လုပ်ကိုင်နေချိန်ကဖြစ်သည်။ ထိုအချိန်က လမ်းပန်းဆက်သွယ်ရေး မကောင်း၍ ရက်တိုခွင့်ရရုံမျှဖြင့် ရွာသို့ မပြန်ဖြစ်ပေ။

ခွင့်ရက်ရှည်ဟူသည်မှာလည်း အလွန်ဆုံး တစ်ပတ်မျှသာ ရတတ်သည်။ တစ်ပတ်ခွင့်ရက်ရှည်သည် တစ်နှစ်မှာ နှစ်ကြိမ်မျှသာ ရသည်။

မောင်အေးချမ်းတို့ တန်းတင်ရွာသည် မင်းဘူး-အမ်း လမ်းမကြီး၏ လုပ်ငန်းခွင်များမှ မိုင်ရှစ်ဆယ်နှင့် တစ်ရာအကြားမှာ ရှိပေမည်။



www.burmeseclassic

www.burmeseclassic.com

တချို့စခန်းများမှာ ထိုမျှလောက်ပင် မဝေးတတ်ပေ။

သို့သော်လည်း ဆိုခဲ့သည့်အတိုင်း ထိုအချိန်က လမ်းပန်းဆက်သွယ်ရေး မကောင်းပေ။ မိုင်တစ်ရာအတွင်း ဖြစ်သော ခရီးတစ်ခြမ်းကိုပင် ကားနှင့်၊ မော်တော်နှင့်၊ ခြေကျင်နှင့် သုံးရက်မျှအထိ သွားလာနေရတတ်သည်။

ထို့ကြောင့် ခွင့်ရက်ရှည်ရမှ ရွာမှာ အလွန်ဆုံး နှစ်ရက်လောက်သာ နေထိုင်ခွင့်ရသည်။ ရက်တိုသာဆိုပါမူ လမ်းခရီး၌ပင် ခွင့်ရက်ကုန်လေသည်။

ယခု ရွာနှင့် အနီးဆုံးဟု ဆိုရမည့် စခန်းတစ်ခုတွင် တာဝန်ကျနေသည်။ စက်ကြီးသမားများအတွက် စခန်းဆောက်ပေးနေခြင်းဖြစ်သည်။

ဤစခန်းလေးမှ ရွာကို မိုင်သုံးဆယ်ကျော်မျှသာ လှမ်းသည်။ ထို့ကြောင့် ဤစခန်းလေးတွင် လမ်းဗိုလ်မင်းများ ရှိမနေ၍ တစ်ဦးတစ်ယောက်ကိုမျှ ခွင့်မတိုင်ဘဲ ရွာသို့ ခိုးသွား၍ ရနိုင်သည်။

မောင်အေးချမ်းမှာ (မဂ္ဂဇင်းအစောင်စောင်တွင် ရေးခဲ့ဖူးသည့်အတိုင်း) ဂိလာနမိခင်ကြီးအား ပြုစုလုပ်ကျွေးရန်အတွက် လိင်ပြန်လာရသည့် ရှင်လူထွက်ကလေးသာဖြစ်သည်။ ထို့ကြောင့် မိခင်ကြီး၏ ကျန်းမာရေးကို ပြုစုပေးရင်း ဘုန်းကြီးကျောင်းကို သွားပြီးလည်း စာချပေးခဲ့ရသည်။

ဤသည်ကို အမေမကြိုက်ပေ။ 'ငါ့သားက လူကလေးဖြစ်ပြီး ကိုရင်၊ ဦးပဉ္စင်းတွေရဲ့ ဆရာ,မလုပ်သင့်' ဟု ရှုမြင်သည်။ သို့သော်လည်း မောင်အေးချမ်းကို စာချခိုင်းနေခြင်းမှာ ကျောင်းထိုင်ဆရာတော်ကြီး ကိုယ်တိုင်ဖြစ်နေ၍ မပြောရဲပေ။

ထို့နောက် အမေ ထူထူထောင်ထောင် ဖြစ်လာချိန်တွင် 'အမေ့ကို အဝေးကသာ စောင့်ရှောက်၊ အမေ့နားမှာ ညီမတွေ၊ မောင်တွေ ရှိတယ်။ ကြောင့်ကြစရာ မလိုဘူး' ဟုဆိုကာ စီးပွားရေးလုပ်ငန်းများကို အကြောင်းပြပြီး မင်းဘူး-အမ်း လမ်းကြီးသို့ မောင်အေးချမ်းအား သွားစေလိုက်သည်။ ထို့ကြောင့်ပင် မောင်အေးချမ်း မင်းဘူး-အမ်း လမ်းကြီး၌ အလုပ်သမားခေါင်းဆောင် ဖြစ်လာခဲ့သည်။

သို့သော်လည်း ယခုအချိန်၌ အမေ့မှာ အတော်အသင့်ပင် ကျန်းမာရေးကောင်းနေလေပြီ။ စီးပွားရေးလုပ်ငန်းများကို မလုပ်နိုင်သေးသော်လည်း သူ့၏ တစ်ကိုယ်ရေကျန်းမာရေးကို ဘေးလူများ လုပ်ကိုင်ပေးရန်ပင် မလိုတော့ပေ။

သို့သော်လည်း မောင်အေးချမ်းမှာ လူငယ်ဖြစ်သည့်အလျောက် ရွာနှင့်မဝေးသော စခန်းတစ်ခုသို့ ရောက်နေ၊ လုပ်ကိုင်နေချိန်ဖြစ်၍ ရွာကို သွားချင်နေသည်။ အမေ့ကိုရော ဆွေမျိုးများနှင့် သူငယ်ချင်းများကိုပါ တွေ့ချင်နေသည်။

ထို့ကြောင့်ပင် ဆောက်လုပ်နေရဆဲ အလုပ်ကို လက်ထောက်အလုပ်သမား ခေါင်းဆောင်တစ်ယောက်အား အပ်နှင်ထားခဲ့ပြီး တစ်ညအိပ်ခရီးမျှ ရွာဘက်သို့ ထွက်လာခဲ့သည်။ အမ်းမြစ်ပေါက်ကို ကူးတို့ဖြင့်ဖြတ်ပြီး ခြေကျင်လျှောက်လျှင် သုံးနာရီမျှဖြင့် ရွာကို ရောက်သည်။

ဆိုခဲ့သည့်အတိုင်း အမေ့ကျန်းမာရေးမှာ အတော်လေးပင် ကောင်းမွန်နေလေပြီ။ သူ့ဘာသာ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် အိမ်အလုပ်များကိုပါ လုပ်ကိုင်နိုင်ပြီဖြစ်သည်။

ထို့ကြောင့် အမေနှင့် တစ်အောင့်ကြာအောင် စကားပြောဆိုကာ ထမင်းဟင်းကူချက်၊ စားသောက်ပြီးနောက် ဆရာတော်ကြီးအား ကန်တော့ရန် ကျောင်းသို့ တက်လာခဲ့သည်။ မောင်အေးချမ်း ရောက်လာလျှင် သူငယ်ချင်းများလည်း တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြသည်။ တချို့ ဘုန်းကြီးကျောင်းအထိလည်း လိုက်ပါလာကြသည်။

ကျောင်းသို့ရောက်၍ ဆရာတော်ကြီးအား ကန်တော့ကာ ဆုံးမစကားကို နာယူပြီးနောက် မောင်ရွှေကြည်က ဝတ္ထုစာအုပ် နှစ်အုပ်တွဲကို လာပေးသည်။ ထိုစာအုပ်များမှာ ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်၏ ခိုင်,ဝတ္ထု ဖြစ်နေသည်။

မောင်ရွှေကြည် အပါအဝင် သူငယ်ချင်းများက ခိုင်ဝတ္ထုကို မောင်အေးချမ်းအား ဖတ်စေခြင်းမှာ အကြောင်းရှိသည်။ မောင်အေးချမ်းသည် စာကြိုက်သည်။ ရရာစာအုပ်ကိုလည်း ကောက်ဖတ်တတ်သည်။

ဤခိုင်ဝတ္ထုမှာ စိတ္တဇဆန်သော အချစ်ဝတ္ထုဖြစ်သည်။ သရဲ၊ တစ္ဆေဆန်သော အချစ်ဇာတ်လည်းပါသည်။ ထို့ကြောင့် စာဖတ်သန်သော မောင်အေးချမ်းသည် ဤ



www.burmeseclassic

www.burmeseclassic.com

စာအုပ်ကိုဖတ်ရင်း သရဲဇာတ်လမ်းကို တွေ့မည်ဖြစ်သောကြောင့် သူငယ်ချင်းများက သရဲဇာတ်လမ်းဆင်ကာ မောင်အေးချမ်းအား ခြောက်လှန့်ကြမည့် အကြံအစည်ပင် ဖြစ်သည်။

ဤစာအုပ်ကို မောင်အေးချမ်း ကြားဖူးနေသည်မှာ ကြာခဲ့ပြီ။ ဦးလေးထွန်းကျော်က ဇာတ်လမ်းကို ပြောပြ၍လည်း နားထောင်ဖူးသည်။ ထို့ကြောင့် စွဲမက်ဖွယ်ကောင်းသော ဝတ္ထုဇာတ်လမ်း တစ်ပုဒ်ဟုလည်း သိနေသည်။

ထို့ကြောင့် စာအုပ် လက်ထဲသို့ ရောက်သည်မှ စ၍ ဖတ်လေသည်။ သူငယ်ချင်းများက မောင်အေးချမ်း စာဖတ်နေသည်ကို ခဏ,ခဏ လာကြည့်နေသည်။ သရဲဇာတ်လမ်းပါသည့် အခန်းကို ဖတ်ပြီးချိန်တွင် (မောင်အေးချမ်း၏စိတ် အနည်းနှင့်အများ တုန်လှုပ်နေလောက်မည့် အချိန်တွင်) မောင်ရွှေကြည်က ပြောသည်။

'မောင်အေးချမ်း..မင်း အိမ်ပြန်အိပ်မှာလား'

'အင်း'

'မင်းရောက်တုန်း ကြက်ခိုးချက်စားရအောင်၊ ပျော်ပျော်ပါးပါးပေါ့'

'အင်း'

'ဒါဆို မင်း မပြန်နဲ့ဦးလေ။ ကြက်ခိုးပြီး ဇရပ်ကြီးအောက်မှာပဲ ချက်စားကြရအောင်'

'အင်း'

'ဟာ..မင်းမလည်း အင်းချည်း လုပ်နေတာပဲ။ စာအုပ်ကို ရပ်ထားလိုက်ဦး။ စကားလေးဘာလေး ပြောရအောင်'

မောင်အေးချမ်း စာဖတ်ကို ရပ်ထားလိုက်သည်။

'အဒါဆို မင်း ဇရပ်ကြီးမှာပဲ ကျန်နေခဲ့။ တို့ ရွာထဲသွားပြီး ကြက်ခိုးလိုက်မယ်။ မင်းတစ်ယောက်တည်း ဇရပ်ကြီးထဲမှာ နေရဲလား'

'နေရဲပါတယ်'

'နေရဲတယ် မလုပ်နဲ့။ တို့ ကျောင်းခြံထဲမှာ အရင်နဲ့ မတူဘူးကွ။ သရဲခြောက်တယ်'

'ခြောက်ပါစေလေ။ နေရဲတယ်'

အခြားလူများက ကျောင်းရှေ့မှာ စုရပ်နေကြသည်။ မောင်ရွှေကြည်က သူ့အကြံအစည်အတိုင်း မောင်အေးချမ်းကို ဇရပ်ကြီးဘက် လိုက်ပို့ရင်း ပြောနေသည်။ (စိတ်ချောက်ချားအောင် လုပ်နေသည်။)

'ဟုတ်မှလုပ်နော် ဟိုက်ကောင်၊ ခြောက်လှန့်နေတာက သရဲအကြီးစားကွ။ ဘယ်ကရောက်လာမှန်း မသိဘူး'

'ရပါတယ်၊ မကြောက်ပါဘူး'

'ခြောက်လှန့်ပုံကတော့ ပထမ ပြတင်းပေါက်ကနေ လက်ကြီးဖြန့်ကားပြီး လှုပ်လှုပ်,လှုပ်လှုပ် တက်လာတယ်။ အဲဒါ ထွက်ပြေးရင်ပြေး၊ မပြေးရင် လည်ပင်းကို တစ်အားညှစ်တာကွ'

'ညှစ် ညှစ်'

'အေး..မင်းကတော့ ကိုရင်ဝတ်နဲ့ကတည်းက ဆရာတော်ကြီးနဲ့ရော ဦးပဥ္စင်းကြီးတွေနဲ့ပါ သင်္ချိုင်းရှုတင် သွားဖူးနေလို့ သရဲတွေနဲ့ အသားကျနေတာ ဖြစ်ချင်ဖြစ်မယ်။ တို့ကတော့ လန့်တယ်ကွာ။ တကယ်ပဲ၊ အတော်ကြမ်းတဲ့ သရဲကြီး။ ဒီတော့ မင်းတစ်ယောက်တည်း ဒီဇရပ်ကြီးထဲမှာ နေရဲလား။ မနေရဲရင်တော့ အဖော်တစ်ယောက် ထားခဲ့မယ်'

'မလိုပါဘူး'

'အဒါဆို မင်း ဇရပ်ကြီးမှာပဲ ကျန်နေခဲ့။ သရဲခြောက်လို့ ကြောက်ချေးပါရင်တော့ ငါမသိဘူးနော်'

မောင်အေးချမ်း ဘာမျှမပြောတော့ပေ။ လရောင်ဖြင့် စာဖတ်နေသည်။

မောင်ရွှေကြည်က မောင်အေးချမ်း အိပ်ပြီး စာဖတ်၍ရအောင် ခုတင်အဟောင်းကြီးတစ်ခုကို တစ်ယောက်တည်း မနိုင့်တနိုင်ဖြင့် ပြတင်းပေါက်နားသို့ တွန်းရွှေ့ပေးသည်။ လပြည့်ညဖြစ်၍ လဖြူဝန်းကြီးက ထိန်ထိန်သာနေသည်။

'ဒါဆို တို့သွားမယ်။ မင်း ဒီခုတင်ကြီးက အိပ်ပြီးပဲ လရောင်နဲ့ စာဖတ်နေပေါ့။ ခုတင်ကလည်း အသုဘက ရထားတဲ့ ခုတင်ဆိုတော့ အဆင်ပြေလောက်ပါတယ်နော်'ဟုဆိုကာ မောင်ရွှေကြည်က သူ့ဘာသာရယ်သည်။

ထို့နောက်-

'ဖယောင်းတိုင်လိုမလား။ လိုရင် ငါ ကပ္ပိယကြီးဆီက တောင်းပေးခဲ့မယ်'ဟုလည်း ပြောသည်။

'မလိုပါဘူး။ လရောင်နဲ့ အဆင်ပြေပါတယ်'

မောင်အေးချမ်းက စာဖတ်ကောင်းနေ၍ ဘာမျှ



www.burmeseclassic

www.burmeseclassic.com

ဂရုစိုက်မိပေ။ မောင်ရွှေကြည်ကလည်း သူ့အကြံအစည်အတိုင်း ခြောက်လှန့်၍ လွယ်ကူအောင် လုပ်ပေးထားခဲ့ပြီးမှ သူလူများနှင့် ကျောင်းတပ်ပြင်ဘက်သို့ ထွက်သွားကြသည်။

* * *

'ဝုတ်..ဝုတ်'

ပရိဘုတ်(လက်ဖက်ကျိုရုံ)ဆီက ခွေးဟောင်သံကြား၍ မောင်အေးချမ်း လန့်နိုးသွားသည်။ ခွေးက နှစ်ချက်မျှသာ ဟောင်သည်။ ကျောင်းသား၊ ကပ္ပိယ တစ်ယောက်ယောက်ကိုမြင်၍ ဟောင်ခြင်းဖြစ်ပေမည်။

ခွေးများမှာ လူစိမ်းနှင့် အခြားသော ကြောက်ဖွယ်လန့်ဖွယ်များကိုမြင်မှ အဆက်မပြတ်ဟောင်သည်။ သိကျွမ်းသူများကို အမှတ်မထင်မြင်၍ဟောင်လျှင် တစ်ချက်နှစ်ချက်မျှဖြင့်သာ ဟောင်လေ့ရှိသည်။

မောင်အေးချမ်း ခရီးပန်းလာ၍ ခဏမျှ အိပ်ပျော်သွားသည်။ စာအုပ်က အရမ်း ဖတ်ကောင်းနေသည့်။ ထို့ကြောင့် ဘေးနားသို့ ကျနေသော စာအုပ်ကို ပြန်ကောက်ပြီး ဆက်ဖတ်သည်။ ကြာကြာဖတ်ခွင့်လည်း ရမည်မဟုတ်ပေ။ ပြတင်းပေါက်ကို လရောင်ကျော်သွားလျှင် ရပ်နားလိုက်ရပေမည်။

ထိုအခိုက်မှာပင် ပြတင်းပေါက်မှ လက်တစ်ချောင်း ပေါ်လာလေသည်။ ထို့ကြောင့် မောင်အေးချမ်း လန့်ဖျပ်ကာ စာအုပ်ကို ပစ်ချပြီး တစ်ချက်လှိမ့်လိုက်သည်။

လက်က အငြိမ်မနေပေ။ က,သလိုလုပ်လိုက်၊ လက်ယပ်ခေါ်လိုက်နှင့်သာ လုပ်ပြနေသည်။ ထို့နောက် လက်သည် ပိုမိုရှည်ထွက်လာပြီး မောင်အေးချမ်း အိပ်နေခဲ့သည့် နေရာကို လိုက်စမ်းနေလေသည်။

ထို့ကြောင့် သည်အတိုင်း ကြည့်နေ၍ မဖြစ်တော့။ မောင်အေးချမ်း ဖျာအောက်မှာ ထည့်ထားသော ဓားမြှောင်ကို ဆွဲထုတ်ကာ အပြင်ဘက်မှာရှိနေမည့် လက်မောင်းရင်း (ခန္ဓာကိုယ်) နေရာလောက်ကို မှန်းဆပြီး ဆောင့်ထိုးချလိုက်ဌလေသည်။

'အောင်မယ်လေးဗျ'

သရဲအော်သံကို တစ်ချက်သာ ကြားခဲ့ရပြီး မောင်အေးချမ်းလည်း ဇရပ်ပေါ်မှ ခုန်ချကာ တချိုးတည်း ထွက်ပြေးလေသည်။

'ဟ..မောင်အေးချမ်း၊ တကယ့်သရဲ မဟုတ်ဘူးကွ' ဟု ကိုထွန်းလှအောင်က လှမ်းအော်သည်။

ထို့ကြောင့် မောင်အေးချမ်း တန့်ခနဲ ရပ်သွားသည်။

'တကယ့်သရဲ မဟုတ်ဘူးလေကွာ' ဟု ကိုထွန်းလှအောင်က ထပ်ပြောသည်။

'ဟင်..ဒါဆို ဘာကြီးလဲ'

'မင်း ကြောက်လန့်သွားအောင်ဆိုပြီး မောင်ရွှေကြည် ခြောက်တာ'

'ဗြော်'

'အဲဒါ မင်း ဘာလုပ်လိုက်လဲ'

'ဓားမြှောင်နဲ့ လှမ်းထိုးလိုက်တယ်'

'ဟာ..သွားပြီထင်တယ်ကွာ။ အော်လိုက်သံ ကြားလိုက်ရတယ်' ဟုဆိုကာ မောင်ရွှေကြည်ဆီကို ပြေးလိုက်သွားပြီး ကြည့်ကြသည်။

ထိုအချိန်၌ မောင်ရွှေကြည်သည် ဇရပ်တိုင်ကိုမှီပြီး တစ်ဖက်လက်ဖြင့် လက်လှုပ်ကို ဖိကိုင်ကာ မျက်ရည်လည်နေလေသည်။





www.burmeseclassic

www.burmeseclassic.com

'ဟ..မောင်ရွှေကြည်၊ ဘယ်နေရာ ထိသွားတုံး'

'မှန်းစမ်း၊ ကြည့်ရအောင်'

ကိုထွန်းလှအောင်နှင့် ကိုခင်သန်းတို့က မောင်ရွှေကြည်၏လက်ကို ဆွဲဖယ်လိုက်ကြသည်။ ထို့နောက် အင်္ကျီကိုပါ ချွတ်ပြီး ကြည့်ကြသည်။ ဒဏ်ရာက သိပ်ပြီးမစိုးရိမ်ရပေ။ ဖက်ပိုးအောက်မှ လက်လှုပ်ထိ အရေပြားလန်သွားသည်။

'တော်သေးတာပေါ့ကွာ၊ ရှပ်ထိသွားလို့'

'အေး..အတည့်သာဆို သေလောက်တယ်'

ကိုထွန်းလှအောင်နှင့် ကိုခင်သန်းတို့ ဒဏ်ရာကိုကြည့်ပြီး ပြောနေကြသည်။ မောင်အေးချမ်းက ဘာပြောရမှန်းမသိဖြစ်ကာ ကြောင်ကြည့်နေသည်။

'မင်း အတော်ဆိုးတာပဲ။ အဲလောက်ထိ လုပ်လိုက်ရတယ်လို့။ မောင်ရွှေကြည်သေရင် မင်းမလွယ်ဘူး' ဟု ကိုခင်သန်းက ပြောသည်။

'ဟ..ကျွန်တော်က မောင်ရွှေကြည်လို့မှ မသိတာ။ တကယ်သရဲထင်လို့ လုပ်ချလိုက်တာပဲ'

'မင်းဖတ်နေတဲ့ စာအုပ်ထဲမှာ သရဲဇာတ်လမ်း ပါတယ်ကွ။ တို့က အဲဒီသရဲဇာတ်လမ်းကို ပြောနေကြရင်း မင်းရောက်နေတယ် ဆိုတာကြားလို့ တို့က သရဲအဖြစ် သရုပ်ဆောင်ပြီး မင်းကို ခြောက်လှန့်မယ်ဆိုတဲ့ သဘောနဲ့ လုပ်ကြတာကွ''

'အဲဒါ ကျွန်တော် ဘယ်သိမလဲ။ မသိလို့သာ အခုလို လုပ်လိုက်မိတာပေါ့'

'ဟေး..ဘာဖြစ်နေကြတာလဲ'

ဆရာတော်ကြီး ရောက်လာ၍ မောင်အေးချမ်းတို့လူစု ဒူးထောက်ထိုင်ပြီး လက်အုပ်ချီနေလိုက်ကြသည်။

'ဟင်..ဒါ ဘယ်လိုဖြစ်တာလဲ' ဟု ဆရာတော်ကြီးက မောင်ရွှေကြည်၏ ဒဏ်ရာကို ဓာတ်မီးနှင့် ထိုးကြည့်ပြီး မေးသည်။

သို့သော်လည်း တစ်ယောက်မျှ လျှောက်ထားရန် မဝံ့ကြပေ။ ထို့ကြောင့် မောင်အေးချမ်းကပင် အရဲစွန့်ပြီး လျှောက်ထားလိုက်ရသည်။

'တပည့်တော် သရဲထင်ပြီး ဓားမြှောင်နဲ့ ထိုးလိုက်မိတာပါဘုရား'

'အလိုလေး..တော်တော်များတာပဲ။ အရေပြားကို ရှပ်ထိသွားလို့သာ တော်တော့တယ်' ဟုဆိုကာ ဆရာတော်ကြီး ကျောင်းပေါ်ကို ခပ်သုတ်သုတ် တက်သွားသည်။

ပြန်ကြွလာရာတွင် ဆေးပုလင်း ကိုင်ပါလာသည်။

ဆေးမှာ ပိစပ် (ဓာမနီ၊ ဂုံဒလိုင်း၊ ပေါ့က်နံ၊ အစော်နံ)ဟု ဒေသအလိုက် ခေါ်ကြသော အပင်ကို အဆီချထားသည့်ဆေး ဖြစ်သည်။ ပိစပ်ပင်ကို ပွင့်ခါနီး ဆောင်းဦးရာသီ၌ ပင်ခြေက ခုတ်စဉ်းပြီး အိုးကြီးမှာထည့်ကျို၍ သုံးပုံနှစ်ပုံ ရေခန်းသည်နှင့် အဖတ်များကို ဆယ်ထုတ်ကာ အနှစ်ဖြစ်ရုံ ထပ်ကျိုရသည်။

ထို့နောက် အအေးခံပြီး ပုလင်းထဲမှာ ထည့်သိမ်းထားကာ ထိခိုက်ရှနာ၊ အနာစိမ်းများအတွက် အသုံးပြုနိုင်သည်။ အနာစိမ်းများအတွက် အလွန်ကောင်းသောဆေးဖြစ်သည်။

မောင်အေးချမ်းတို့ ကျောင်းသားတုန်းက မြက်နတ်ပေါင်းသင်ရင်း ထိခိုက်ဒဏ်ရာရလျှင် ဤပိစပ်ဆေးကို တစ်ကြိမ်လူးလိမ်းရုံဖြင့်ပင် ပျောက်ကင်းဖူးသည်။

ဆရာတော်က မောင်ရွှေကြည်၏ ဒဏ်ရာကို ဆေးလူးပေးသည်။ ပတ်တီးလည်း စည်းပေးသည်။ထို့နောက် ဤကဲ့သို့ အဘယ်ကြောင့်ဖြစ်ရသည်ကို စစ်မေးသည်။

မောင်အေးချမ်းက ဖြစ်ကြောင်းကုန်စဉ်ကို အစကပင် လျှောက်ထားလိုက်သည်။ မောင်ရွှေကြည်တို့လူစုက မောင်အေးချမ်းအား ခြောက်လှန့်ရန် ကြိုတင်ကြံစည်ကြသည့်အကြောင်း၊ ထို့နောက် ကြက်ခိုးပြီး ချက်စားရန် ပြောဆိုထွက်သွားကြပြီးမှ တစ်ကြော့ပြန်လာကာ မောင်ရွှေကြည်ကပင် သရဲလိုလုပ်ပြီး မောင်အေးချမ်းအား ခြောက်လှန့်၍ ယခုကဲ့သို့ ဓားနှင့် ထိုးလိုက်မိသည့်အကြောင်း..စသည်ဖြင့်။

ဆရာတော်ကြီးက ဘာမျှပြောမနေတော့ဘဲ ကြိမ်ကိုဆွဲပြီး ဆော်လေသည်။ အခြားလူများကို ငါးချက်သာဆော်ပြီး ဓားသမား မောင်အေးချမ်းကို အထူးပြုကာ ဆယ်ချက်ဆော်သည်။ မောင်ရွှေကြည်ကိုလည်း လွှတ်မထားပေ။ ဒဏ်ရာရနေသောကြောင့် သူများအောက် နှစ်ချက်လျှော့ပြီး သုံးချက်ဆော်ထည့်လိုက်လေသည်။

ထိုအချိန်၌ မိုးသောက်ယံ လေးနာရီကျော်နေလေပြီ။

မင်းဟိန်းဇော်



www.burmeseclassic

www.burmeseclassic.com

(တစ်)

ကျုပ်က အင်ဂျင်နီယာတစ်ယောက်ပါ။ လက်တွေ့မပါတဲ့ အတွေးအခေါ်တွေ အယူအဆတွေကို ကျုပ်လက်မခံဘူး။ လွှတ်မုန်းတာ။

ကျုပ် ဒီစက်ရုံကို ဝပ်ချပ်နဲ့ အလုပ်စဝင်တော့ (၁၉၈၅)ခုနှစ်။ ရာထူးလေး တစ်ဆင့်မြင့်လိုက် ပြောင်းလိုက်ရ၊ အနေလေးကြာသွားလိုက် ရွှေ့လိုက်ရနဲ့ မြန်မာပြည်တစ်နံ့တစ်လျား ကျုပ်မနေဘူးတဲ့ စက်ရုံရယ်လို့ မရှိသလောက်ပါဘဲ။ ကျုပ်တို့ ဌာနတူစက်ရုံတွေ ပြောတာပါ။ တစ်ခါလေးမှ ဘွာမခတ်ခဲ့ဘူး။ ပြောင်းဟာဆို ပြောင်းလိုက်တာပဲ၊ ရွှေ့ဟာဆို ရွှေ့လိုက်တာပဲ။ အခုတော့ အသက်ကလည်း ငါးဆယ်ကျော်လာ၊ ပင်စင်နားလည်း တဖြည်းဖြည်းနီးလာဆိုတော့ မိဘအမွေ မြေကလေး၊ အိမ်ကလေးနဲ့နီးတဲ့ ဒီစက်ရုံကို ပြောင်းပါရစေလို့ တင်ပြလိုက်ရတာပေါ့။ လူကြီးတွေကလည်း ကောင်းကြပါတယ်။ တစ်လ ကိုးသီတင်းမကြာဘူး ခိုင်းဆို ပြောင်းပေးလိုက်တော့တာ။ ဒီမှာတင် ကျုပ်ဝင်ပေါက်ရာထူး ဝပ်ချပ်နဲ့ လုပ်လာခဲ့တဲ့ စက်ရုံလေးဆီ ပြန်ရောက်လာခဲ့တော့တာပဲပေါ့။

# မျိုးကြီး (အာမေရှားနန်)

# မယုံဘူး ကြိုဖူးတော့ ခက်တယ်



www.burmeseclassic

www.burmeseclassic.com

အသက်က စကားပြောလာပြီဆိုတော့ ငယ်ငယ်တုန်းကလို ပြေးဟယ်လွှားဟယ် လုပ်ဟယ်ကိုင်ဟယ် ဆိုးဆိုးဆတ်ဆတ်တော့ မရတော့ဘူးပေါ့လေ။ ရာထူးလေးကလည်း အသင့်အတင့်၊ လုပ်ပိုင်ခွင့်ကလေးကလည်း အသင့်အတင့်ရှိလာပြီဆိုတော့ ကြီးကြပ်ကွပ်ကဲ လမ်းညွှန်တင်ပြပေါ့။

ကျုပ်အလုပ်ဝင်စတုန်းက ရှိခဲ့တဲ့ စက်အဟောင်းကြီးသုံးလုံးတောင် အရည်ကျိုတဲ့အထဲ ပါသွားပြီ။ စက်အသစ်ကြီးလေးလုံးနဲ့ အစားထိုး လည်ပတ်နေလေရဲ့။ အရင်မန်နူရယ်စနစ်တွေကနေ ကွန်ပျူတာစက်ကြီးတွေနဲ့ ထိန်းချုပ်လို့ အော်တိုစနစ်တွေ ဖြစ်နေပြီ။

စက်ရုံမှူးက ကျုပ်ထက်တော့ အသက်ငယ်ပါတယ်။ ဒါပေမယ့် ဘီအီးဘွဲ့ရလေ။ ကျုပ်လို ဂျီတီအိုင်ကျောင်းဆင်းမဟုတ်တော့ စက်ရုံမှူးဖြစ်တာပေါ့။ ဆရာသမားက အသန့်အပြန့် လွှတ်ကြိုက်တာ။ စီမံ၊ ဘဏ္ဍာ၊ ပစ္စည်း၊ အင်ဂျင်နီယာဆိုတဲ့ ဌာနခွဲတွေအလိုက် နေရာတွေ ခွဲပေးထားပြီး အဲဒီသန့်ရှင်းရေး လုပ်ကွက်တွေမှာ တစ်ပတ်နှစ်ရက် ညနေခင်း ရုံးဆင်းပြီဆိုတာနဲ့ အမှိုက်ကောက်ကြ၊ မြက်ခုတ်ကြ၊ နွယ်ရှင်းကြပေါ့။ သူကိုယ်တိုင် ကွမ်းလေးတမြုံ့မြုံ့နဲ့ ကြီးကြပ်ပြီး လိုက်ကြည့်နေတာဆိုတော့ ကျုပ်တို့လည်း ဘယ်နေသာလိမ့်မလဲ။ ဟိုရပ်ရပ် ဒီရပ်ရပ် လုပ်ရတာပေါ့။ ဒါပေမဲ့ စက်ရုံပတ်လမ်းတစ်လျှောက်များ ပြောင်ရှင်းလို့ လွတ်စိတ်ချမ်းသာဖို့ကောင်းတာ။ ဒီလိုပါပဲ တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းပေါ့။ စိတ်ကူးရှိသလို ပုံဖော်ကြတာဆိုတော့ အမြဲတမ်းပြောင်းလဲနေတာပါပဲလေ။

အဲ··ဒါပေမဲ့ မပြောင်းလဲတာ တစ်ခုတော့ တွေ့ရသဗျာ။ ကျုပ်အလုပ်စဝင်ကတည်းက ရှိနေခဲ့တဲ့ အစဉ်အလာတစ်ခုပေါ့။ အဲဒီတုန်းက ကျုပ်တို့လို တူပေး၊ ပလာယာပေး၊ လက်တိုလက်တောင်း ဝပ်ချပ်အဖွဲ့တွေအတွက်တော့ အကြိုက်ပေါ့။ တစ်လတစ်ခါ ကွမ်း၊ ဆေးပေါ့လိပ်အပြင် ငှက်ပျောသီး၊ အုန်းသီး အဝစားရတာကိုး။ ကံကောင်းလို့ရှိရင် နွားနို့တစ်ဘူးနဲ့ သစ်သီးဒ်ပေါက်တစ်ပွဲ အပိုဆုတောင် အဆစ်ပါလိုက်သေးတာ။

တစ်လတစ်ခါ လဆန်းပိုင်း သောကြာနေ့ မနက်(၆)နာရီဆို မစ္စတာပူရန်းလို့ခေါ်တဲ့ ဂေါ်ရခါးလူမျိုး အအေးက ရှေ့ကနေ ဒ်ပေါက်ထုပ်လေးဆွဲ၊ နို့ဘူးလေးကိုင်လို့၊ သူ့တပည့် စက်မှုလုပ်သား ကိုအောင်ကြီးက နောက်ဘက်မှာ နီးတောင်းလေးထမ်းလို့ စိုက်စိုက်၊စိုက်စိုက်နဲ့ ဆရာတပည့်နှစ်ယောက် စက်ရုံနောက်နားက ညောင်ပင်ကြီးရယ်၊ အဲဒီနဲ့ မလှမ်းမကမ်းက ထိန်ပင်ပုရယ်၊ ဌာနေဘိုးဘိုးကြီးနန်းဆောင်ရယ်၊ မောင်းနေတဲ့စက်ကြီး သုံးလုံးရယ်ကို လှည့်တော့တာပဲ။

နီးတောင်းလေးထဲမှာက ဖီးကြမ်းငှက်ပျောကသုံးဖီး၊ အုန်းသီးကတစ်လုံး၊ ကွမ်းကသုံးယာ၊ ဆေးပေါ့လိပ်သုံးလိပ်၊ ဖယောင်းတိုင်၊ အမွှေးတိုင်ထုပ်တွေအပြင် လက်ဖက်အသားလေးကို နှမ်းလေးဖြူးလို့ သပြေပန်းခက်တွေကလည်း ဝေနေအောင် ထိုးထားတဲ့အပြင် နံ့သာဖြူကရမက်သနပ်ခါးရည်တွေလည်း ဖျန်းထားတော့ မွှေးကြိုင်လို့။

လူကြီးနှစ်ဖက်လောက်ရှိတဲ့ ညောင်ပင်ကြီးက ရက္ခစိုးနတ်ကြီးရယ်၊ ဌာနေဘိုးဘိုးကြီးနန်းရယ်၊ မောင်းနေတဲ့ စက်သုံးလုံးက နတ်ကြီးတွေရယ်၊ နီးတောင်း လေးငါးတောင်း၊ ကန်တော့ပွဲငါးပွဲပေါ့။ သုံးထွာဆိုင်လောက်ပဲရှိတဲ့ ထိန်ပင်ပုလေးမှာက သစ်သီးဒ်ပေါက်တစ်ပွဲနဲ့ နွားနို့တစ်ဘူး။ သည်နေရာက ဟိန္ဒူကုလားလူမျိုးတွေနေခဲ့တဲ့ နေရာမို့ ဟိန္ဒူဘိုးဘိုးကြီးအတွက်ပါတဲ့။

တစ်နေရာ တစ်နေရာ ရောက်ပြီဆိုတာနဲ့ ရှိနေနှင့်ပြီးသား သစ်သားပုံးခွံလေးကို တပည့်ဖြစ်တဲ့ ကိုအောင်ကြီးက ပခုံးပေါ်တင်လာတဲ့ အစိမ်းရောင်တဘက်အဟောင်းကလေးနဲ့ ခါခက်သုတ်ပြပြီး သန့်ရှင်းရေးလေးလုပ် ကန်တော့ပွဲလေး၊ လှူစရာလေး ချပေး၊ မစ္စတာပူရန်းက ဒူးလေးထောက် မျက်လုံးကလေးမှိတ်ပြီး တင်မယ့်၊ ပ,သမယ့် ပစ္စည်းကို လက်နှစ်ဖက်နဲ့ကိုင်ပြီး တိုးတိုး၊တိုးတိုး ပွတ်တွတ်၊ပွတ်တွတ်နဲ့ ဘာတွေလည်းတော့မသိဘူး ရွတ်တော့တာပဲ။ ပြီးရင် ဆရာတပည့် ဦးကုန်းချပြီး ထားခဲ့လိုက်တော့တာ။ ကျန်တာ ကျုပ်တို့အဖွဲ့ တာဝန်ပဲ။

ကျုပ်တို့ ဝပ်ချပ်အဖွဲ့တွေရဲ့ခေါင်းဆောင် ကိုကုလားက တာဝန်ကျအဖွဲ့တွေကို ဘယ်သူ ဘယ်နေရာလူခွဲပြီး စောင့်ခိုင်းထားပြီးသား။ ဘိုးဘိုးကြီး စွန့်ကြပါ။ စက်စောင့်နတ်ကြီး စွန့်ကြပါ၊ ရက္ခစိုးမင်းကြီး စွန့်ကြပါနဲ့ ခွင့်တောင်း ခိုင်းသေးတာ။ ကျုပ်က ဒါမျိုးဆို လွှတ်ပြီ



www.burmeseclassic

www.burmeseclassic.com

ချင်တာ။ ကျုပ်တို့က နောက်နားကနေချောင်း ဆရာပူရန်းတို့ကလည်း သိပြီးသား။ အဲ..ဆရာပူရန်းတို့ ဆရာ၊ တပည့် ထွက်သွားပြီဆိုတာနဲ့ ဝင်မ,ပြီး အမြန်ဆုံးပြန်ရောက်တဲ့သူက ကျုပ်ပဲ။ ကျုပ်က ဘာမှပြောနေတာမှ မဟုတ်တာ။ ကောက်ယူလာခဲ့လိုက်တာကိုး။ လမ်းမှာ ကျုပ်စိတ်ကြိုက် ဖြုတ်ပြုပြီး တွယ်ပစ်ခဲ့သေးတာ။ ထိန်ပင်ပုမှာယူဖို့ အလှည့်ကျတဲ့သူက ဒံပေါက်နဲ့ နို့အပိုဆုလည်း ရသေးတာ။ ကျုပ်က ဘာမှခွင့်တောင်းမနေဘဲ ယူယူလာတာကို ကိုကုလား ဘယ်လိုသိသွားတယ် မသိပါဘူး၊ ကျုပ်ကို အဲဒါတွေ အယူခိုင်းတဲ့ထဲ မထည့်တော့ဘူး။ ကွယ်ရာမှာ ဘာပြောတယ်မှတ်လဲ။ ဒီကောင် ကွန်မြူနစ်တွေ၊ မဖြစ်ဘူးတဲ့။

အခုဆို စက်ကလေးလုံးဆိုတော့ ရက္ခစိုးနတ်မင်းကြီးနဲ့ ဘိုးဘိုးကြီးနဲ့ဆိုတော့ ကန်တော့ပွဲခြောက်ပွဲ ဒံပေါက်တစ်ထုပ်နဲ့ နို့တစ်ဘူးအတွက် ကုန်ကျစရိတ်က မော်တော်ယာဉ်အဖွဲ့ရဲ့ ရှင်းတန်းမှာ အခုထိပါလာနေသေးတာကိုး။ ကျုပ်တို့ငယ်ငယ်က ဆရာပူရန်းကတော့ ဆုံးသွားပြီကြားရဲ့။ ကျုပ်လည်း မသိယောင်ဆောင်ပြီး မော်တော်ယာဉ်တာဝန်ခံကြီးလုပ်နေတဲ့ ကိုအောင်ကြီးကိုခေါ်ပြီး မေးကြည့်တော့-

'ဆရာပူရန်းလက်ထက်ကတည်းက လုပ်လာတာပဲလေ'တဲ့။

သိလျက်သားနဲ့ ဆိုတဲ့သဘော။

'ကဲ..ဒီလတော့ ရှိစေတော့။ အခု ကုန်ကျစရိတ်ကျုပ်စိုက်ပေးမယ်။ နောက်လကစပြီး ကန်တော့ပွဲတွေ တင်တာတွေ လုပ်မနေနဲ့တော့၊ မလိုပါဘူး။ စက်ဆိုတာ သက်တမ်းအလိုက် ဘယ်ပစ္စည်းအစိတ်အပိုင်းက ဘယ်နှစ်နာရီမောင်းပြီး လဲရမယ်။ ဘယ်အချိန် အိုဗာဟောလုပ်ရမယ်။ ဘယ်အချိန် မိန်တိန်းနန့်လုပ်ရမယ်။ လိုက်ဖ်ရှိတဲ့ ပစ္စည်းဆို သူ့သက်တမ်းအလိုက်လဲပေး၊ အွန်ကွန်ဒီရှင်းခေါ်တဲ့ ပျက်ရင်လဲရမယ့် ပစ္စည်းဆိုတော့ စပယ်ရာထားပြီး လဲပေး။ ဒါဆို ကောင်းကောင်းမွန်မွန် လည်နေမှာပေါ့။ စက်ကို လူက ဂရုမစိုက်ဘဲ ပျက်တဲ့အစိတ်အပိုင်းလဲမပေးဘဲ ဒီလိုကန်တော့ပွဲပေးနေရုံနဲ့ကတော့ အပျက်ကလည်း ကောင်းလာမှာ မဟုတ်ဘူး။ ပြင့်မှကောင်းမှာ။ အချိန်နဲ့စကက်ဂျူးနဲ့ ဂရုစိုက်ပြီး ထိန်းသိမ်းမှုလုပ်ရင်ရပြီဆိုတော့'

မော်တော်ယာဉ်အရာရှိ ကိုအောင်ကြီး မျက်လုံးလေးကလယ်,ကလယ်နဲ့။

'ဟို..စက်ရုံမှူးကများ'ဆိုပြီး စကားက ရပ်သွားတယ်။

'ရတယ်၊ ရတယ်။ ကျုပ်ပြောလိုက်မယ် သွားတော့' ဆိုမှ မသွားချင်သွားချင် အင်တင်တင်နဲ့ ထွက်သွားလေရဲ့။

ကိုအောင်ကြီးလည်း ထွက်သွားရော ကျုပ်လည်း စက်ရုံမှူးအခန်းထဲဝင်ပြီး အကျိုးသင့်အကြောင်းသင့် ပြောပြရတာပေါ့။ စက်ရုံမှူးက ရယ်တယ်။

'အေးဗျာ၊ ကျွန်တော်လည်း ဒီစက်ရုံရောက်တာ သုံးလေးလပဲရှိသေးတယ်။ ဥပါဒါန်ကြောင့် ဥပဒ်ရောက်မှာစိုးလို့ မပြောတာ။ တွေ့တွေ့တော့နေသားဗျ။ ခင်ဗျား အဲလိုရှင်းလိုက်တော့လည်း ပြီးတာပဲပေါ့ဗျာ'တဲ့။

စက်ရုံမှူးကိုကျော်သီဟက ဖလက်စေဘယ်သိပ်ဖြစ်တဲ့သူကိုး။ ကန်တော့ပွဲကျလေး စားနေကျ စက်မှုလုံခြုံရေးအဖွဲ့တွေအတွက်တော့ စိတ်မကောင်းပါဘူး။ မဟုတ်ကဟုတ်က အယူအဆတွေ ဖျက်ကိုဖျက်မှ၊ ကန်တော့ပွဲဘယ်လောက်ပေးပေး အရင်စက်အဟောင်းကြီး သုံးလုံးစလုံး အရည်ကျိုတဲ့အထဲတောင် ရောက်သွားမင့်ဟာ။

(နှစ်)

ဒီတစ်လ ငွေစာရင်းအသုံးစရိတ်တွေ လာတင်တော့ မော်တော်ယာဉ်အရာရှိ ကိုအောင်ကြီးမျက်နှာမသာမယာနဲ့ စာရင်းထဲမှာ ကန်တော့ပွဲနဲ့ နွားနို့၊ ဒံပေါက်ဖိုးတွေ ပါမလာတော့ဘူး။

ဒါပေမဲ့ စကားတွေက ကျုပ်ဆီပြန်ရောက်လာတယ်။ ကိုအောင်ကြီးက ပြောသတဲ့။

'ငါက ကိုယ့်လူတွေ အန္တရာယ်ကင်းအောင် လုပ်ပေးနေတာ။ စက်ရုံစတည်ကတည်းက ဆရာပူရန်းနဲ့ကတည်းက လိုက်လုပ်လာတာ ဘာမှမဖြစ်ဖူးဘူး။ ဘာအကျိုးအပြစ်မှ ကျန်လို့လုပ်တာမဟုတ်ဘူး။ ကြည့်ကြည့်၊ ဒီလဘာတွေဖြစ်လာမလဲဆိုတာ။ ဖြစ်လာတော့ ထိပ်ကလူပဲခေါင်းကိုန်းရမှာ။ ကြက်တူရွေးကတော်တော် မယ်ဘော်ကကဲကဲတဲ့။ စက်ရုံမှူးနဲ့ ကျုပ်ကြား သပ်လျှိုတာ။ ကျုပ်ကလည်း ကိုအောင်ကြီးနား ပြန်ရောက်မယ့်သူကို ပြောလိုက်တယ်။

'ကြည့်ကြ၊ ကြည့်ကြဟေ့'လို့။


www.burmeseclassic

www.burmeseclassic.com

တိုက်တိုက်ဆိုင်ဆိုင်ပါပဲဗျာ။ ဒီလထဲမှာ မော်တာတစ်လုံးက လောင်သွားပါလေရော။ ဒီလိုမျိုး မော်တာလောင်ရတယ်လို့ တစ်ခါမှမကြုံဖူးဘူး။ အဲဒါပါပဲ၊ အဲဒါပဲနဲ့ အသံတွေ ထွက်လာရော။

'စက်ပဲ ပျက်ချိန်တန်ပျက်မှာပေါ့ဟ။ ဒီမော်တာပဲ သက်တမ်းက ဆယ့်ငါးနှစ်ကျော်နေပြီ။ ဒါးတီးကွန်တက်ကြောင့်လောင်တာ။ စက်မှုက သေသေချာချာမစစ်လို့ဖြစ်တာ' လို့ဆိုတော့ ငြိမ်သွားကြပြန်ရော။ သူတို့ဘက် လှည့်လာပြီကိုး။

အရေးပေါ် ကြေးနန်းတင်ပြီး အနီးဆုံးစက်ရုံက အရန်မော်တာတစ်လုံး ညတွင်းချင်းသွားယူပြီး အစားထိုးဖို့ လုပ်ရတာပေါ့။ စက်က အကြာကြီးရပ်ထားလို့မှ မရဘဲကိုး။

မော်တော်က မြင်းကောင်ရေတစ်ရာကျော်ဆိုတော့ ဝိတ်က မနည်းဘူး။ ဂိုဒေါင်ထဲမှာတပ်ထားတဲ့ ကရိန်းနဲ့ ရိန်းဂျားကားပေါ်ကနေ ချဖို့လုပ်ရတာပေါ့။ ကားကလည်း အမိုးကိုင်းတွေကို ဂဟေအသေတို့ထားတော့ မော်တော်ကို မန်းလစ်ဖိနဲ့မ,ပြီး အောက်ကို ရိုလာလုံးတွေထိုးပြီး အိုဗာဟက်ကရိန်းနဲ့ တဖြည်းဖြည်း ဆွဲထုတ်ယူရတာပေါ့။

ဖြစ်ချင်တော့ ရီမုတ်နဲ့ ကရိန်းကို ကွန်ထရိုးလုပ်နေကျ ဆရာက ခွင့်ယူထားလို့ ညဘက်တာဝန်ကျတဲ့ တစ်ယောက်က စမ်းတဝါးဝါးနဲ့ ဝင်ကိုင်ဆိုပဲ။ အစပထမတော့ ဖြည်းဖြည်းနဲ့ ရွှေ့နေရာက ဘယ်လိုဖြစ်သွားတယ်မသိဘူး။ ဝေါခနဲတစ်ချက်ဆွဲသွားပြီး မော်တာကြီးက ကားနောက်ဘက် ပြေးထွက်လာပါရော။ ဒီတင် နောက်နားကထိန်းပြီး ချဖို့လို့စောင့်နေတဲ့ လုပ်သားဇော်မြင့်ကို ပြေးဆောင့်ပါလေရောလား။

ကံကောင်းတာလား၊ ဆိုးတာလားတော့မသိဘူး မော်တာက ကားနဲ့လည်း လွတ်သွားရော အောက်ဘက်နိမ့်ဆင်းသွားပြီး ဇော်မြင့်ရဲ့ညို့သကျည်းနဲ့ ခုံညင်းရိုးကို ဆောင့်ထည့်လိုက်တာ လူကလွင့်ထွက်သွားတာပဲ။ မော်တာကတော့ ဘာမှမဖြစ်ဘူးဗျာ။ ရုတ်ရုတ်,ရုတ်ရုတ်နဲ့ ဇော်မြင့်ကို တိုက်နယ်ဆေးရုံကြီး အရေးပေါ်ပို့လိုက်ရတာပေါ့။ ကျန်တဲ့လူတွေက စက်ကိုဆက်ဆင်၊ ဆက်ပြင်ပေါ့။

တိုက်နယ်ဆေးရုံကလည်း တောင်းကြရှာပါတယ်။ ညတွင်းချင်း အော်ပရေးရှင်းလုပ်ပေးပြီး စတီးရိုးထည့်ပေးထားသတဲ့။ အဲ့ဒီစရာက ဆေးရုံတက်နေရင်းက နှစ်ပတ်ကျော်လာမှ အကြောက မဆက်လို့ဆိုလား ဒူးအောက်က ဖြတ်ရမတဲ့ဗျာ။ ပွစိပွစိအသံတွေက ထပ်ထွက်လာပြန်ပါရော။ ဇော်မြင့်အတွက် လူမှုဖူလုံရေးက ဆေးဖိုး၊ ဌာနက ထောက်ပံ့ငွေလေး များများရအောင် စီမံအဖွဲ့တွေ အားထည့်ကြရတော့တာပေါ့။ လေတွေကလည်း မကြားတကြား ကျုပ်ဆီ တိုက်တိုက်လာတော့ ကျုပ်လည်း နေပါဆို ထားပစ်လိုက်တော့တာပေါ့။ သတ္တဝါတစ်ခု ကံတစ်ခုဟာကို။ ကံ့ရဲ့ခုနစ်ရက် ချီးမွမ်းခုနစ်ရက်ပါပဲ။

(သုံး)

ဒီကနေ့လည်း ထုံးစံအတိုင်း သန့်ရှင်းရေးနေ့ဆိုတော့ အမှိုက်ကောက်ကြ၊ မြက်နုတ်ကြ၊ တံမြက်လှည်းကြ၊ မြက်ပေါက်ကြ၊ ခေါင်းချင်းဆိုင်ပြီး သူများမကောင်းကြောင်း ကိုယ့်ကောင်းကြောင်း ပေါက်ပေါက်ဖောက်ကြပေါ့။ တပေါးပေါးတဟားဟား လုပ်နေကြတုန်း ပစ္စည်းသိုလှောင်ရုံကြား မြက်ပေါက်နေတဲ့အဖွဲ့ ပြေးဟယ်လွှားဟယ် ရုတ်စီ,ရုတ်စီ ဖြစ်နေပါရော။

ခဏကြာတော့ မော်တော်ယာဉ်တာဝန်ခံ ကိုအောင်ကြီး မာဇဒါဂျစ်ကားနဲ့ရောက်လာပြီး လူတစ်ယောက် ဝိုင်းမတင်ပြီး အမောတကော မောင်းထွက်သွားလေရဲ့။ ပိုးထိလို့တဲ့။ ဂိုဒေါင်မှူးလုထော်တဲ့။ ဟ‥ဒီနယ်တစ်ဝိုက်က အကောင်ဆိုးဆိုးတွေလွှတ်ပေါတာ။ အကောင့်မိလိုက်လားဆိုတော့ မြက်ခုတ်နေရာက ခြေသလုံးမှာ ပူခနဲဖြစ်သွားလို့ လှည့်ကြည့်လိုက်တော့ သွေးစို့နေတဲ့ အစွယ်ရာနှစ်ပေါက်ပဲ တွေ့တော့တယ်တဲ့။ ဂိုဒေါင်နားမှာက ကြွက်တွင်းတွေ မှိုလိုပေါက်နေတာကိုး။ ဘယ်တွင်းထဲ ပြေးဝင်သွားလဲမှ မသိတာ။ အဆိုးလား၊ အကောင်းလားလည်း မသိလိုက်ရဘူးတဲ့။

'အဲဒါပဲ၊ အဲဒါပေါ့'နဲ့ အသံတွေက ထွက်လာကြပြန်ရော။

တစ်လတည်းမှာ အုပ်ချုပ်မှုဖြစ်စဉ်က နှစ်ခါတောင်ဆိုတော့ ကျုပ်တောင် စိတ်ထဲ ဇဝေဇဝါဖြစ်လာတယ်။ စက်ရုံမှူးလည်း မျက်မှောင်ကြီးကြုတ်ပြီး ကွမ်းတွေစွတ်ဝါးလို့။

သန့်ရှင်းရေးကိစ္စတွေပြီးလို့ ဝန်ထမ်းတွေ ပြန်ကြပြီးတော့ စက်ရုံရှေ့က မြက်ခင်းပြင်မှာ ဂေါက်သီးကျင်းမိ



www.burmeseclassic

www.burmeseclassic.com

နေတဲ့ စက်ရုံမှူးကို လှမ်းတွေ့လိုက်တာနဲ့ ဘာများပြော ချင်မလဲလို့ လျှောက်သွားလိုက်ရတာပေါ့။

စက်ရုံမှူးက ကျုပ်ကိုလှမ်းတွေ့တော့ ဂေါက်တံလွဲ နေရာက ရပ်လိုက်ပြီး ပြုံးပြတယ်။ ကျုပ်လည်း ရောယောင်ပြီး ပြုံးပြလိုက်ရပေမယ့် စိတ်ထဲမှာတော့ စလုံးစခုနဲ့။

စက်ရုံမှူးက ပါးစောင်ထဲက ကွမ်းဖတ်တွေကို ဘေးနားက သဲပုံးထဲ ပစ်ခနဲ ထွေးထုတ်လိုက်ပြီး-

'ကိုထွန်းတင်ရေ..ထူးခြားဖြစ်စဉ်တွေက ဆက်နေလားလို့'

'ကျုပ်လည်း အဲဒါစဉ်းစားနေတာ'

'တိုက်ဆိုင်မှုတွေပေါ့ဗျာ။ ဒီလိုပါပဲ။ ဒါမျိုးတွေ ကျွန်တော်လည်း အယုံအကြည်ရှိတာမဟုတ်ဘူး'

ဆိုပြီး စကားကို ရပ်ထားရာက ဂေါက်တံကို ဟိုရွေ့ဒီရွေ့ လုပ်နေလေရဲ့။ ပြီးမှ-

'ကျွန်တော်တို့က ဒီမှာ ဧည့်သည်လိုပဲ ခံစားရတယ်ဗျ။ ခင်ဗျားတို့ ကျွန်တော်တို့ အရာရှိပိုင်းတွေဆိုတာ စက်ရုံတကာ လှည့်ပြောင်းနေကြရတာ။ ဒီမှာက တစ်သက်လုံး ဒီစက်ရုံအလုပ်ဝင် ရာထူးတိုးမယူ၊ မပြောင်းဘဲ နေတဲ့ အိမ်ရှင်အမှုထမ်းတွေက ခပ်များများ။ သူတို့လုပ်စေချင်တဲ့၊ လုပ်နေကျအစဉ်အလာရှိတဲ့အတိုင်း လုပ်ကြပါစေဗျာ။ ဘယ်လိုသဘောရလဲ'တဲ့။ ပြီး တဟဲဟဲရယ်နေလေရဲ့။ ချိုးကျနေတဲ့ သွားမည်းမည်းကြီးတောင် ပေါ်လို့။

'ကောင်းပါတယ်။ စက်ရုံမှူးပြောတဲ့အတိုင်း သူတို့လုပ်နေကျ အစဉ်အလာလေးတွေကို ဆက်လုပ်ဖို့ ခွင့်ပြုလိုက်ပါ့မယ်'ဆိုပြီး ကျုပ်လည်း ရောယောင်ပြီး ရယ်လိုက်ရတာပေါ့။

ယယ်ယယ်က ကွန်မြူနစ်တွေလို့ အပြောခံရတဲ့ ကျုပ်လည်း မယုံဘူးဆိုပေမယ့် ကြုံနေရတာတွေက ရှိနေပြန်တော့ ဘယ်တတ်နိုင်ပါ့မလဲဗျ..နော်။ ဒီ ကျုပ်တို့ပခုက္ကူမြစ်ခြေဘက်က လူတွေကလည်း အစွဲအလမ်းက သွတ်ကြီးပါ့ဗျာ။ တကယ်ပါပဲ။

မျိုးကြီး(အမရဋ္ဌာနေ)

နှစ်ပေါင်း(၃၀)ကျော် အကြားအမြင် ပေဒသာက်ရှိခဲ့သော

# ဆရာကြီးအရဟံဆရာအောင်

## အကြားအမြင် ဂမ္ဘီရပညာပါရမီရှင်

မော်လမြိုင်၊ ခေါင်းဆေးကျွန်း၊ ပဲခူး ဒေးဝွန်ပါ၊ သန်လျင် ကျောက်တန်း ဘုရားတည်နယ်လှည့်သာသနာပြု

- ❖ ပညာရေးကိစ္စများ၊ စာမေးပွဲအတွက် လိုအပ်ချက်များ၊ နိုင်ငံခြားကိစ္စ၊ သင်္ဘောလိုက်ရန်နှင့် အလုပ်အကိုင်ဝင်ငွေကောင်းရန်ကိစ္စ။
- ❖ စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရန်ကိစ္စ၊ တိုက်အိမ်၊ ခြံ၊ မြေ၊ ကား အမြန်ရောင်းဝယ်ရေး၊ ဆိုင်၊ ကုမ္ပဏီ၊ ပွဲရုံလုပ်ငန်း မော်ဒယ်လုပ်ငန်းများ အမည်ပေးခြင်း၊ အချစ်ရေး မင်္ဂလာအခါပေးခြင်း၊ ကလေးနာမည်ပေးခြင်း၊ အိမ်ထောင်ရေးကိစ္စများ (မူလအိမ်ထောင်ရှင်ဘက်မှသာ ဆောင်ရွက်သည်)၊ ပစ္စည်းပျောက်၊ လူပျောက်။
- ❖ ရာထူးတိုးတက်ရေး၊ ပြောင်းလဲရေး၊ တည်မြဲရေး၊ အကြွေးကိစ္စများ၊ အမှုအခင်းကိစ္စများ၊ သားသမီးများကို လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန်တို့ကို ဓာတ်ရိုက်၊ ဓာတ်ဆင် အာမခံ၍ ဆောင်ရွက်သည်။ ကံစမ်းလုပ်ငန်းများနှင့် ထီကိစ္စများအတွက် အထူးဆောင်ရွက်သည်။

နေ့စဉ် - နံနက်(၇း၀၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီ(တနင်္လာနေ့ပိတ်သည်)
မင်္ဂလာဟောခန်း - အမှတ်(၈)၊ ဆူးလေဘုရားအဝိုင်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၁ ၅၃၁၈၈၊ ၀၉ ၉၇၂ ၆၃၂၂၇၂
အိမ် - နေ့စဉ် ညနေ(၆း၀၀)နာရီနောက်ပိုင်း၊
အမှတ်(၁၇) အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်၊ သန်လျင်၊ နံ့သာကုန်းမှတ်တိုင်။ ဖုန်း-၀၉ ၅၁ ၁၂၁၄၆



www.burmeseclassic

www.burmeseclassic.com

ကုက္ကိုစုရွာမှ ဆေးဆရာကြီးဦးစိန်ဖေမှာ (၉၆)ပါး ရောဂါကို ကုသနိုင်သည့်အပြင် စုန်း၊ နတ်၊ ပယောဂများကိုပါ ပျောက်ကင်းအောင် ကုသပေးနိုင်သူဖြစ်၏။ ဆရာကြီးဦးစိန်ဖေ ဆေးကုသရာ၌လည်း အတော်ပင် ထူးဆန်း၏။ ဖော်စပ်ထားသော ဆေးများကို ရုံဖန်ရံခါများတွင်သာ သုံးလေ့ရှိပြီး အများအားဖြင့် ဘုရားသောက်တော်ရေကို မန်းမှုတ်၍ ဆေးအဖြစ်တိုက်၍ ကုသခြင်းက အလွန်များလှ၏။ ထို့ကြောင့် ဆရာကြီးဦးစိန်ဖေကို ဝတစ်လုံးကျေ ဦးစိန်ဖေဟူ၍ ကင်ပွန်းတပ်ခေါ်ကြလေ၏။

ဆရာကြီးဦးစိန်ဖေကို ပညာအမွေပေးသွားသည့် ကျော်လေးကျော်ဘွဲ့ရ ဆရာကြီးဦးဘာသစ်မှာလည်း ဇွယ်စုံရဆေးဆရာကြီးအဖြစ် အလွန်ကျော်ကြားသူ ဖြစ်၏။ ဆေးဝါးဖြင့် ဆေးကုသရာမှာလည်းကောင်း၊ အင်း၊ အိုင်၊ လက်ဖွဲ့၊ မန္တန်များဖြင့် ကုသရာ၌လည်းကောင်း၊ ဗေဒင်နက္ခတ် တွက်ချက်ရာ၌လည်းကောင်း၊ နိမိတ်အာရုံဖြင့် ပြောဆိုရာ၌လည်းကောင်း အလွန်မှန်ကန်၍ ရောဂါဘယ ဇွယ်စုံပျောက်ကင်းချမ်းသာရကြောင်း လူအများက အဆိုပြုကြ၏။ ထိုဆရာကြီးဦးဘာသစ်က ဆရာဦးစိန်ဖေကို လက်ဝါးရိုက်၍ ပညာအမွေပေးသွားခဲ့သောကြောင့် ဆရာကြီးဦးဘာသစ် ကွယ်လွန်သွားသည့်နောက်ပိုင်း ဆရာဦးစိန်ဖေမှာ ဆရာ့အမွေကို လက်ဆင့်ကမ်း၍ ဆေးကုသလာခဲ့သူ ဖြစ်လေ၏။

အထူးသဖြင့် ဆရာဦးစိန်ဖေမှာ ပယောဂ၊ စုန်းကိုင်၊ နတ်ကိုင် စသည်များကို ကုသရာ၌ အောင်မြင်အောင် ကုသနိုင်သောကြောင့် ကုက္ကိုစုရွာနှင့် အနီးတစ်ဝိုက်ဝန်းကျင်၌ ထင်ရှားသော ဆေးဆရာတစ်ဦး ဖြစ်နေ၏။ ကုက္ကိုစုရွာ အနီးဝန်းကျင်ရှိ ရွာကြီးရွာငယ်တို့၌လည်း စုန်းအတတ် တတ်ကြသူ အများအပြားရှိကြ၏။ အချို့သူတို့မှာ မွေးရာပါ စုန်းအတတ် တတ်သူများဖြစ်ပြီး အချို့သူတို့မှာ ဆရာတစ်ဦးထံမှ စုန်းအတတ်ကို လက်ဝါးရိုက်



# တိုက်နွား

မောင်ခိမ်းအောင်

(၂၀ ရာစု)



www.burmeseclassic

www.burmeseclassic.com

သင်ယူထားသူများ ဖြစ်ကြ၏။ သို့ဖြစ်ရာ ကုက္ကိုစုရွာ အနီးတစ်ဝိုက်တွင် စုန်းပြုစားခံရသည့်လူနာက များပြားလှ၏။ ထိုလူနာအားလုံးကို ဆရာဦးစိန်ဖေက ပျောက်ကင်းအောင် ကုသပေးနိုင်၍လည်း ဆရာဦးစိန်ဖေမှာ ထင်ရှားကျော်ကြားသူ ဖြစ်လေ၏။

'ဆရာကြီး..ဆရာကြီး၊ ကျွန်တော့်မိန်းမကို ကယ်ပါဦး ဆရာကြီးရယ်'

ရွာသား သာချိုတစ်ယောက် ဆရာဦးစိန်ဖေ အိမ်ခြံထဲသို့ အတင်းပြေးဝင်လာရင်း အော်ပြောနေ၏။ သာချို၏ အော်သံကြောင့် အိမ်ပေါ်၌ရှိနေသော ဆရာဦးစိန်ဖေ အိမ်ရှေ့သို့ လာရောက်ရပ်ကြည့်ပြီး သာချိုကို မေးလိုက်၏။

'ဟဲ့..သာချို၊ အလန့်တကြား ဘာဖြစ်လာတာလဲကွ။ အိမ်ပေါ်တက်ပြီးမှ အေးအေးဆေးဆေးပြောလည်း ရလျက်သားနဲ့ကွာ။ လာ..လာ..အိမ်ပေါ်ကိုတက်'

ဆရာဦးစိန်ဖေ စကားကြောင့် သာချို နှုတ်ပိတ်သွားကာ အိမ်ပေါ်သို့တက်၍ ဆရာဦးစိန်ဖေ အနီးရှေ့၌ ခပ်ရို့ရို့လေး ဝင်ထိုင်လိုက်၏။

'ကဲ..ပြော၊ မင်း ဘာဖြစ်လာတာလဲ'

'ကျွန်တော် ဘာမှမဖြစ်ပါဘူး ဆရာကြီး'

'မင်း ဘာမှမဖြစ်ရင် ငါ့ဆီကို ဘာကြောင့်လာသလဲ'

'ဟို..ဖြစ်တာက ကျွန်တော့်မိန်းမ မကျင်ပါ'

'မင်းမိန်းမက ဘာဖြစ်လို့လဲ'

'ဒီနေ့ အိပ်ရာက အထမှာ ထလို့မရတော့ပါဘူး။ သူ အိပ်ရာကထရင် သူ့အောက်ကဖျာက သူ့ကိုယ်မှာ ကပ်နေပါတယ်။ အဲဒါ'

သာချိုက စကားကို ခေတ္တရပ်ကာ ဆရာဦးစိန်ဖေကို အကဲခတ်ကြည့်လိုက်၏။ ဆရာဦးစိန်ဖေက သာချိုစကားကို နားထောင်ရင်း ခေါင်းတဆတ်ဆတ်ညိတ်နေ၏။

'အင်း..ဒီဟာမတွေနဲ့တော့ ခက်တော့တာပါပဲကွာ။ ခက်တာက မင်းမိန်းမကလည်း နှုတ်ကြမ်းတော့ သူတို့က မင်းမိန်းမကို စိတ်ဆိုးပြီး လုပ်လိုက်တာပေါ့။ ကဲ..ကဲ.. ခဏနေရင် ငါ ဟိုဘက်ရွာကို ဆေးကုသွားရမယ်။ အဲဒီကိုသွားရင်း မင်းအိမ်ကို ငါဝင်လာခဲ့မယ်။ မင်း အရင်ပြန်နှင့်။ မင်းမိန်းမကို အိပ်ရာပေါ်မှာပဲ လှဲနေလို့ပြော။ သွားတော့'

ဆရာဦးစိန်ဖေ၏ စကားကြောင့် သာချို ထပြန်သွား၏။ ဆရာဦးစိန်ဖေက ဆေးကုသွားရမည်ဖြစ်၍ ဆေးဘူးများကို ဆေးအိတ်ထဲသို့ ထည့်ပြီးနောက် ခေါင်းပေါင်းပေါင်းကာ အိမ်မှထွက်လာခဲ့၏။ သာချို၏အိမ်မှာ ရွာအရှေ့ပိုင်း၌ရှိ၍ တခြားရွာသို့သွားရန် သာချို၏အိမ်ရှေ့မှ ဖြတ်၍သွားရ၏။ ထို့ကြောင့် ဆရာဦးစိန်ဖေမှာ သာချို့အိမ်သို့ ခေတ္တဝင်ရောက်ခဲ့၏။

သာချို၏မိန်းမမှာ ဖျာချပ်ပေါ်တွင် ဆန့်ဆန့်ကြီးအိပ်နေ၏။ ဆရာဦးစိန်ဖေက အိပ်ရာမှထခိုင်းရာ ကိုယ်တွင် ဖျာက ကပ်၍ပါလာနေ၏။ သို့ဖြစ်ရာ ဆရာဦးစိန်ဖေက ဘုရားခန်းသို့သွား၍ ဘုရားကျောင်းဆောင်ရှေ့၌ရပ်ကာ ဆီမီးပူဇော်၍ သောက်တော်ရေတစ်ခွက်ကို ကပ်လှူပူဇော်ပြီးနောက် ဂါထာမန္တန်များကို ခေတ္တရွတ်ဖွားနေလေ၏။ ပြီးမှ သောက်တော်ရေခွက်ကိုကိုင်ကာ သာချိုမိန်းမ၏ အနီး၌ မတ်တတ်ရပ်လျက် မတိုးမကျယ် ပြောလိုက်၏။

'ဘယ်သူလုပ်ထားတယ်ဆိုတာ ငါသိတယ်နော်။ အဲဒီတော့ ချစ်လို့ပဲစစ မုန်းလို့ပဲလုပ်လုပ် ကိုယ်လုပ်ထားတာတဲ့ပညာ ကိုယ်ပြန်ယူကြဖို့ ငါ မေတ္တာနဲ့ ပထမတောင်းပန်တယ်။ မရရင်တော့ ရတဲ့နည်းနဲ့ လုပ်ရမှာပေါ့လေ။ ကဲ.. ကဲ..ပြောနေ ကြာတယ်၊ ခုပဲ ကိုယ့်ပညာ ကိုယ်ပြန်ယူကြတော့'

ဆရာဦးစိန်ဖေက မတ်တတ်ရပ်လျက် ပြောနေသည်ကို သာချိုက ဘေးမှ မတ်တတ်ရပ်ကြည့်နေ၏။ မိန်းမဖြစ်သူကား ဖျာပေါ်မှာ လဲလျောင်းရင်း မျက်စိပေကလပ်ဖြင့် ဆရာဦးစိန်ဖေကို ငေးကြည့်နေရှာ၏။

'ကဲ..မတ်တတ်ရပ်ကြည့်စမ်း'

ဆရာဦးစိန်ဖေ စကားကြောင့် သာချိုမိန်းမ အိပ်ရာမှ ထလိုက်၏။ ထိုအခါ ဖျာက သူမ၏ကိုယ်၌ ကပ်ပါလာသည်ကို တွေ့ရ၏။

'အင်း..မေတ္တာနဲ့ ပြောမရတော့လည်း ရတဲ့နည်းသုံးရပေမပေါ့။ ကဲ..ကဲ..ပြန်လှဲနေလိုက်'

ဆရာဦးစိန်ဖေ စကားကြောင့် သာချိုမိန်းမက ပြန်၍လှဲအိပ်နေလိုက်ပြန်၏။ ထိုအခါ ဆရာဦးစိန်ဖေက သူ၏ လက်ထဲ၌ကိုင်ထားသော သောက်တော်ရေခွက်ထဲမှ ရေတချို့ကို သူ၏ လက်တစ်ဖက်ဖြင့်ခွတ်၍ ထိုရေများဖြင့် သာချိုမိန်းမ၏ကိုယ်ပေါ်သို့ တောက်ချလိုက်၏။ ထိုစဉ်



www.burmeseclassic

www.burmeseclassic.com

'အမယ်လေး..ကြောက်ပါပြီ။ ပူတယ်၊ ပူတယ်။ မလုပ်ပါနဲ့၊ ကြောက်ပါပြီ။ ပြောတဲ့အတိုင်း လုပ်ပါ့မယ်'

သာချို့မိန်းမမှာ ရုတ်ခြည်းသတိလစ်သွားကာ ဖျာကပ်လျက်ဖြင့် ဟိုဘက်ဒီဘက် တစ်ပတ်စီလူးလိမ့်ကာ အော်နေလေ၏။ ဆရာဦးစိန်ဖေက ပြုံးလျက် ခေါင်းတဆတ်ဆတ်ပြနေ၏။ ခဏအကြာတွင် လူးလိမ့်မှု ခဏရပ်သွားပြီး တိတ်ဆိတ်သွား၏။ သာချို့မိန်းမ၏ကိုယ်နှင့် ဖျာမှာလည်း တကွဲတပြားစီ ဖြစ်သွားသည်ကို တွေ့ရ၏။

'ကဲ..ဒီလောက်ဆို ကောင်းသွားပါပြီ။ ဘုရားဆီမှာ ကန်တော့ပြီး ဆုတောင်း။ ဒါကိုသောက်'

ဆရာဦးစိန်ဖေက သောက်တော်ရေခွက်ထဲမှ ရေတချို့ကို လက်တွင်ခွက်၍ သာချို့မိန်းမ ကိုယ်ခန္ဓာပေါ်သို့ တောက်ပေးပြီး ရေသောက်ရန် ခွက်ကိုလှမ်းပေးလိုက်၏။ သာချို့မိန်းမက ရေသောက်ပြီးနောက် ဘုရားခန်းသို့သွားကာ ဘုရားဝတ်ပြုနေ၏။

'ခုလိုကုပေးတာ ကျေးဇူးတင်ပါတယ်ဆရာ။ ကျွန်တော် ဆရာကြီးကို ဘယ်လိုကန်တော့ရမလဲခင်ဗျာ'

'သာချို့..ငါက အသပြာဆရာ မဟုတ်ပါဘူးကွ၊ စေတနာဆရာပါ။ မင်းတို့ တတ်နိုင်သလောက်ဆို ရပါတယ်။ ဩော်..ဒါနဲ့ မင်းမိန်းမကို အပြောအဆိုဆင်ခြင်ဖို့ သတိပေးထားဦး၊ ကြားလား။ ငါသွားတော့မယ်'

ဆရာဦးစိန်ဖေ လှည့်ထွက်သွားရာနောက်သို့ သာချို့အပြေးလိုက်သွားကာ ဆရာလက်ထဲသို့ ငွေအချို့ထည့်ပေးနေ၏။ ပြီးနောက် သာချို့ အိမ်ပေါ်သို့ ပြန်တက်လာကာ ဇနီးသည်ကိုကြည့်၍ ဝမ်းသာနေ၏။ ဆရာဦးစိန်ဖေက တခြားရွာသို့ ဆေးကုရန် ရွာလမ်းအတိုင်း လျှောက်သွားနေတော့၏။

◆◆◆

တစ်နေ့ ဆရာဦးစိန်ဖေအိမ်၌ အနားယူနေစဉ် ညီမဖြစ်သူနှင့် ယောက်ဖဖြစ်သူတို့နှစ်ဦး အူယားဖားယားဖြင့် ရောက်ချလာကြ၏။ အိမ်ပေါ်၌ ထိုင်မိကြသည်နှင့် ယောက်ဖဖြစ်သူက ဇာတ်စုံခင်းပြ၏။ ညီမဖြစ်သူက လည်း ဘေးမှ ဝင်ရောက်ပြောဆို၏။

'ကျွန်တော်တို့ရွာထဲက စုန်းတတ်တဲ့ ကဝေမ ကျင်မြင့်နဲ့ ကျွန်တော်တို့လင်မယား စကားများ ရန်ဖြစ်ကြတာကို သူက မကျေနပ်လို့ဆိုပြီး ကျွန်တော်တို့လင်မယားကို တိုက်နွားနဲ့ တိုက်သတ်မယ်လို့ ကြိမ်းဝါးနေတယ်။ အဲဒါ အစ်ကိုကြီး ကယ်ပါဦး'

'ဟုတ်ပါတယ် အစ်ကိုကြီးရယ်၊ ဒီရက်အတွင်းမှာ ကျွန်မတို့လင်မယားကို သေအောင်လုပ်ပြမယ်လို့ ကြိမ်းဝါးနေပါတယ်။ အဲဒါနဲ့ ကြောက်ပြီး အစ်ကိုကြီးဆီကို ပြေးလာခဲ့ရတာပါ။ ကျွန်မတို့ကို ကယ်ပါနော်'

'အင်း..နင်တို့ကလည်း အဲဒီလိုမိန်းမနဲ့များ စကားများ ရန်ဖြစ်ကြရသလား။ တကယ်ဆို ကိုယ်က စကားနည်းရန်စဲဆိုသလို မသိလိုက် မသိဘာသာ နေလိုက်ရင် ပြီးတဲ့ဥစ္စာ။ ကဲပါလေ၊ ဖြစ်လာပြီးမှတော့ ဆူနေလည်း အပိုပါပဲ။ နေဦး၊ ငါ တစ်ချက်ကြည့်လိုက်ဦးမယ်'

ဆရာဦးစိန်ဖေက စကားစကို ခေတ္တရပ်ကာ မျက်စိမှိတ်ပြီး အာရုံပြုကာ နေလိုက်၏။ မျက်စိမှိတ်ထားသော်လည်း ဦးခေါင်းကမူ တဆတ်ဆတ်တညိတ်ညိတ်ပြုလျက်ရှိ၏။

ခဏကြာလျှင် မျက်စိပြန်ဖွင့်လာပြီး-

'အင်း..နင်တို့ကို သူက ဒီညပဲ တိုက်နွားနဲ့တိုက်သတ်ဖို့ လုပ်နေပြီ။ ကဲ..နင်တို့ ငါ့အိမ်မှာပဲနေကြ။ နင်တို့ အိမ်ပြန်ရင် နင်တို့ ဒုက္ခရောက်မှာ ကျိန်းသေတယ်။ ခက်တာက သူ့နွားကိုယှဉ်ဖို့ ငါ့အိမ်မှာ နွားကောင်းကောင်း မရှိတာခက်တယ်။ အိမ်မှာက နွားပေါက်လေးတစ်ကောင်ပဲရှိတာ။ ဘာပဲဖြစ်ဖြစ်လေ ဒီနွားပေါက်လေးနဲ့ပဲ တိုက်ရတော့မှာပေါ့။ ကဲ..နင်တို့လင်မယားတွေ နေသာသလို နေကြပေတော့'

ဆရာဦးစိန်ဖေက ပြောပြောဆိုဆိုဖြင့် နေရာမှထသွား၏။ ဆရာဦးစိန်ဖေ၏ယောက်ဖ ဦးမြနှင့် ညီမငွေစိန်တို့ လင်မယားမှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျက် စိတ်အားငယ်ကာ ကျန်ရစ်ခဲ့ကြ၏။

'ငွေစိန်..နင် အစ်ကိုကြီးမိန်းမကို နောက်ဖေးမှာ သွားပြီး ဝိုင်းကူလုပ်ပေးလိုက်။ ငါက အိမ်ရှေ့မှာ လုပ်စရာရှိတာ ဝိုင်းကူလုပ်ပေးလိုက်မယ်၊ ကြားလား။ သွား..သွား'

လင်မယားနှစ်ယောက် တာဝန်ခွဲဝေကာ နေရာမှ အသီးသီးထသွားကြ၏။ ဆရာဦးစိန်ဖေကား နွားတင်းကုပ်သို့သွားကာ သူ့နွားပေါက်လေး၏ အခြေအနေကို လေ့လာသုံးသပ်နေ၏။ နွားပေါက်လေးမှာ ပိန်ပိန်ပါး



www.burmeseclassic

www.burmeseclassic.com

ခပ်ငယ်ငယ်လေးသာဖြစ်၏။ ဤသည်ပင် ယခုမှ ပေါက်စဖြစ်၏။ ကိုယ်လုံးကလည်း ဖွံ့ထွားမှုမရှိချေ။ ထိုနွားပေါက်လေးမှာ ခိုင်းစား၍ပင် မရသေးသော နုနယ်သေးသည့်အရွယ် ဖြစ်၏။

ဆရာဦးစိန်ဖေမှာ တောသူတောင်သား ဖြစ်သော်ငြားလည်း လယ်ယာလုပ်ငန်းကို လုပ်ကိုင်စားသောက်သူမဟုတ်ရာ အိမ်တွင် နွားကောင်းကောင်းမရှိချေ။ ယခင်ကရှိခဲ့သည့် နွားတစ်ရှဉ်းကို အပြီးရောင်းလိုက်လေရာ ထိုနွားတစ်ရှဉ်းမှ ပေါက်ပွားလာခဲ့သည့် ယခုနွားပေါက်လေးသာ အိမ်မှာကျန်ရစ်ခဲ့ခြင်းဖြစ်၏။ ထိုနွားပေါက်လေးကိုလည်း အရွယ်မရောက်သေး၍ ကျွေးမွေးစောင့်ရှောက်ထားပြီး အရွယ်ရောက်လာပါက ရောင်းစားရန် စိတ်ကူးပြီးသားဖြစ်၏။

အချိန်ကား နေဝင်ပြီးသည့်နောက်ပိုင်း ချက်ချင်းပင်အမှောင်သန်းကာ ညနက်ပိုင်းသို့ တဖြည်းဖြည်းဝင်လာနေ၏။ ဆရာဦးစိန်ဖေက နေဝင်သည့်အချိန်မှစ၍ ဘုရားကျောင်းဆောင်ရှေ့တွင် တင်ပျဉ်ခွေထိုင်ပြီး တရားအားထုတ်နေ၏။ ဆရာဦးစိန်ဖေ၏ဇနီးနှင့် မငွေစိန်တို့ ဇနီးမောင်နှံမှာ တစ်နေရာတွင် ဝိုင်းဖွဲ့ထိုင်ရင်း ဆရာဦးစိန်ဖေ၏ အရိပ်အကဲကို စောင့်ကြည့်နေ၏။

'ဒုန်း··ဒုန်း··ဒုန်း'

ဆရာဦးစိန်ဖေ၏နားထဲ၌ ကြမ်းတမ်းစွာ ပြေးလာနေသော အသံများကို ကြားနေရ၏။ ထို့ကြောင့် တရားထိုင်ရာမှထကာ ဘုရားကျောင်းဆောင်ပေါ်မှ သောက်တော်ရေခွက်ကို မ,ယူကာ ဆရာဦးစိန်ဖေတစ်ယောက်အိမ်အောက်သို့ဆင်းသွား၏။ မငွေစိန်တို့ဇနီးမောင်နှံလည်း ဆရာဦးစိန်ဖေနောက်မှ ကပ်၍လိုက်သွားကြ၏။ ဆရာဦးစိန်ဖေ၏ ဇနီးကား အိပ်ရာဝင်သွား၏။

ဆရာဦးစိန်ဖေက နွားတင်းကုပ်ထဲသို့ဝင်ကာ နွားပေါက်လေးဘေးမှာထိုင်ကာ နွားပေါက်လေးကျောကို ပွတ်သပ်ပေးနေ၏။ ပြီးနောက် လက်တစ်ဖက်၌ ပါလာသည့်သောက်တော်ရေကို လက်တွင် အနည်းငယ်သွန်းလောင်းပြီးနောက် နွားပေါက်လေး၏ ဦးခေါင်းနှင့်တကွ ခန္ဓာကိုယ် တစ်ခုလုံးကို ပွတ်သပ်ပေးလိုက်၏။ ထိုသို့ နွားပေါက်လေးကို ပွတ်သပ်ပေးနေစဉ် ဂါထာတစ်ပုဒ်ကိုလည်း တိုးတိုးရွတ်ဆိုနေ၏။ ပြီးသော် ရေခွက်ကို မန်းလိုက်၏။

ကွမ်းတစ်ညက်ခန့်အကြာတွင် မန်းပြီးသားရေခွက်ထဲမှ ရေများကို နွားစာခွက်ထဲသို့ သွန်ချပြီး နွားပေါက်လေးကို သောက်စေလိုက်၏။ ထိုအခါ နွားပေါက်လေးမှာ ချက်ချင်း မားမားမတ်မတ်ရပ်လာကာ ရန်သူကို တိုက်ခိုက်မည့်သဏ္ဌာန် အရှိန်ယူနေဟန်ရှိလာ၏။

ဆရာဦးစိန်ဖေက ဂါထာရွတ်ရင်း နွား၏ဦးခေါင်းကို ပွတ်သပ်ပေးပြီး-

'ကဲ··ဖေ့သားကြီးရေ၊ အဖေတို့ကို ရန်မူလာမယ့် ရန်သူကို နိုင်အောင်သာ တိုက်ခဲ့ပါတော့ကွယ်။ ဖေ့သားကြီးကို အဖေ အင်အားတွေဖြည့်ပေးလိုက်ပြီး မေတ္တာတွေ၊ သစ္စာတွေ၊ သူတော်ကောင်းပုဂ္ဂိုလ်များရဲ့ ဂုဏ်တော်တွေပါ ထည့်ပေးလိုက်တယ်။ ဖေ့သားကြီး ယုံယုံကြည်ကြည်နဲ့ အားရှိသလောက် ရန်သူကို ချေမှုန်းခဲ့ပေတော့။ ကဲ··သွား··သွား··ဟိုက ရန်သူက ဒီကိုလာနေပြီ။ သွားပေတော့'

ဆရာဦးစိန်ဖေက နွား၏ကျောကို တစ်ချက်ပုတ်ပေးလိုက်စဉ် နွားပေါက်လေးမှာ တကယ့်နွားကြီးတစ်ကောင်အလား အားကောင်းမောင်းသန် တရှူးထိုးပြေးထွက်သွားလေတော့၏။

'မင်းတို့ ငါ့အိမ်ရောက်နေတာ ကံကောင်းတယ်မှတ်။ မင်းတို့ရန်သူက အခု တိုက်နွားနဲ့ မင်းတို့ရှိရာအရပ်ကို လွှတ်လိုက်ပြီ။ အဲဒီတိုက်နွားက မင်းတို့ရှိရာကို အရောက်လာပြီး မင်းတို့ကို ဝေ့တိုက်သတ်မှာကွ'

'အစ်ကို··ဒါဆို ကျွန်တော်တို့လင်မယား ဘယ်လိုနေရမလဲဟင်'

'ဟုတ်ပါတယ် အစ်ကို၊ ကျွန်မတို့ ဘယ်မှာပုန်းနေရမလဲဟင်'

'မင်းတို့ ပုန်းနေလို့လည်း မလွတ်ဘူးကွ။ ဟိုစုန်းမကသူ့အတတ်နဲ့ မင်းတို့ ဘယ်မှာရှိတယ်ဆိုတာကို သိတယ်။ ပြီးတော့ သူလွှတ်လိုက်တဲ့ တိုက်နွားကို သူက အိမ်ကနေပြီး ဟိုသွားဒီသွား ဟိုဟာလုပ်ဒီဟာလုပ်ဆိုပြီး အမိန့်ပေးခိုင်းလို့ရတယ်။ အခု အဲဒီတိုက်နွားက မင်းတို့ရှိရာကို တစ်ရှိန်ထိုး ပြေးလာနေပြီ'

'အစ်ကိုကြီး··ဒါဆို ဘယ်လိုလုပ်မလဲဟင်။ ကျွန်မတို့ သေရတော့မှာလားဟင်'



www.burmeseclassic

www.burmeseclassic.com

'အမယ်လေးဟယ် . . ခုမှ သေရမှာကြောက်နေသေးတယ်။ ဒီမှာ နင်တို့ ငါ့ဆီ ရောက်လာမှတော့ ဘာမှမဖြစ်စေရဘူး။ ငါတာဝန်ယူတယ်။ အခု မတွေ့ဘူးလား။ နင်တို့ကို ရန်ပြုမယ့် တိုက်နွားကို တိုက်ခိုက်ဖို့ ငါ့နွားပေါက်လေးကို လွှတ်လိုက်ပြီလေ။ စုန်းမလွှတ်လိုက်တဲ့ တိုက်နွား ငါ့ဆီကို မရောက်လာစေရဘူး။ လမ်းတစ်ဝက်က ပြန်ပြေးသွားရလိမ့်မယ်။ ဘာကိုမှ မစိုးရိမ်ကြနဲ့တော့။ ကဲ . . လာ . . အိမ်ပေါ်မှာ ပြန်နေကြရအောင်'

ဆရာဦးစိန်ဖေက ပြောဆိုပြီး အိမ်ပေါ်သို့ ဦးဆောင်တက်သွားရာ မငွေစိန်တို့လင်မယားလည်း ကြောက်လန့်တကြား အိမ်ပေါ်သို့ အပြေးအလွှားတက်ခဲ့ကြ၏။ အိမ်ပေါ်ရောက်၍ ခေတ္တမျှထိုင်နေကြစဉ် အိမ်တစ်ခုလုံး သိမ့်သိမ့်တုန်ခါသွားသည်ကို သတိပြုမိကြ၏။

'ဒုန်း . . ဒုန်း . . ဒုန်း'

'ဝုန်း'

'ဟော့ . . ဆော်နေကြပြီကွ'

ဆရာဦးစိန်ဖေက ကောက်ခါငင်ခါ ထပြောလိုက်၏။ မငွေစိန်တို့မှာ ဘာမျှသဘောမပေါက်သကဲ့သို့ ပါးစပ်အဟောင်းသားဖြင့် ဆရာဦးစိန်ဖေကို ငေးကြည့်နေလေ၏။ ထိုစဉ်-

'ဒုန်း . . ဒုန်း . . ဝုန်း . . . ဝုန်း'

တစ်ခုနှင့်တစ်ခု ထိပ်တိုက်တွေ့ဆုံနေသည့် အသံများက ကျယ်လောင်စွာ ထွက်ပေါ်လာ၏။ ထိုနည်းတူ မြေကြီးမှာလည်း သိမ့်သိမ့်တုန်ခါသွားသည်ကို အားလုံးသတိပြုမိကြ၏။ ဆရာဦးစိန်ဖေကား အားလုံးကိုသိရှိပြီးဖြစ်ရာ ခေါင်းတညိတ်ညိတ်လုပ်နေ၏။ မငွေစိန်တို့ လင်မယားသည်ကား ကြောက်လန့်လာကြကာ တစ်ဦးနှင့်တစ်ဦး ထိကပ်ကာ နေနေကြ၏။

'အင်း . . တရားတာနဲ့ မတရားတာ၊ ကုသိုလ်နဲ့ အကုသိုလ် ဘယ်ဟာက သာမလဲဆိုတာ စောင့်ကြည့်ကြပေါ့။ မစ္ဆရိယစိတ်နဲ့ မေတ္တာစိတ်လည်း ဒီအတိုင်းပဲ။ အချိန်တန်တော့ အဖြေက ပေါ်လာပေမပေါ့။ အင်း . . လောဘတွေ၊ ဒေါသတွေ၊ မောဟတွေနဲ့ မီးတွေလောင်နေကြတာ သတိမထားမိကြတာ။ မှားပြီးရင်း မှားနေကြပါလား။ ဩော် . . ဒုက္ခ . . ဒုက္ခ . . ဒုက္ခ'

ဆရာဦးစိန်ဖေက တစ်ယောက်တည်း ပြောဆိုညည်းညူရင်း အိမ်ရှေ့အိမ်ပေါက်ဝဆီသို့ ငေးမျှော်ကြည့်ရှုနေ၏။ မငွေစိန်တို့လင်မယားသည်လည်း ငြိမ်သက်လျက်မှ ဆရာဦးစိန်ဖေကြည့်ရာသို့ လိုက်ငေးကြည့်နေကြ၏။ လရောင်အလင်းကြောင့် ခြံဝင်းအပြင်ထိတိုင် သဲကွဲစွာမြင်နေရလေ၏။ ထိုစဉ်-

'ဒုန်း . . ဒုန်း'

ကြီးမားကျယ်လောင်သော အသံကျယ်ကြီးတစ်ခု ထွက်ပေါ်လာပြီးနောက် ပြန်လည်ငြိမ်သက်သွားသည်ကို ဆရာဦးစိန်ဖေရော မငွေစိန်တို့လင်မယားပါ သတိပြုမိလိုက်ကြ၏။

'အင်း . . ပွဲကတော့ ပြီးသွားပြီ။ ခဏနေရင် မင်းတို့ အဖြေသိရလိမ့်မယ်။ အင်း . . ငါ့နွားပေါက်လေးကိုတော့ သနားတယ်ကွာ။ သူ့ခမျာ အင်နဲ့အားနဲ့ မမျှတဲ့ဝန်ကို ထမ်းရတာ အတော်ပင်ပန်းမှာပဲ။ ဒီနွားပေါက်လေးက မင်းတို့ကိုယ်စား မင်းတို့ရန်သူကို ချေမှုန်းရတာ။ အဲဒါ သူပြန်လာရင် အားရှိအောင် စားသောက်ဖို့အတွက် ခုကတည်းက မင်းတို့ ပြင်ဆင်ထားကြ၊ ကြားလား။ သွားလုပ်ကြတော့'

မငွေစိန်တို့ လင်မယားမှာ ဆရာဦးစိန်ဖေ စကားကြောင့် ချက်ချင်းပင် ထထွက်သွားကြ၏။ ကွမ်းတစ်ယာညက်ခန့်အကြာတွင် အိမ်ခြံဝင်းထဲသို့ နွားပေါက်လေးဝင်လာသည်ကို ဆရာဦးစိန်ဖေ လှမ်းတွေ့လေရာ အိမ်အောက်သို့ အပြေးဆင်းသွားကာ နွားပေါက်လေးအနီးသို့ သွား၏။ ပြီးနောက် နွားပေါက်လေး၏ဦးခေါင်းနှင့် ကိုယ်ခန္ဓာတို့ကို အသာအယာပွတ်သပ်ပေးနေ၏။ ကောင်းကင်ယံတွင် လက ထိန်ထိန်သာနေလေ၏။

'အင်း . . ငါ့သားလေး အတော်ပင်ပန်းသွားမှာပဲနော်။ ဒါပေမဲ့ကွယ် . . လူ့အသက်နှစ်ချောင်းကို ကယ်တင်ခွင့်ရတဲ့အတွက် မင်း ကုသိုလ်တွေ အများကြီးရပါတယ်။ ရှေ့ဆက်ပြီး မင်းဘဝတစ်လျှောက်လုံးလည်း ဘေးအန္တရာယ်တွေ ကင်းဝေးပြီး အေးအေးချမ်းချမ်း သာသာယာယာ နေသွားရမှာ ငါ့သားလေးရယ်။ ဟော့ . . ငွေစိန်၊ ငါ့သားလေး စားဖို့ အစားအသောက်တွေ ယူလာခဲ့ကြတော့'

ဆရာဦးစိန်ဖေက နွားပေါက်လေးကို ယုယစွာပွတ်သပ်ပေးရင်း မငွေစိန်တို့ကို လှမ်းခေါ်လိုက်၏။ ထိုစဉ် မငွေစိန်တို့လင်မယားက ခုတ်စဉ်းထားသော ကောက်ရိုး



www.burmeseclassic

www.burmeseclassic.com

ပြတ်တောင်းတစ်တောင်းနှင့် ဖွဲနု၊ ပဲဖတ်၊ နှမ်းဖတ်တို့ကို ယူလာပြီး နွားတင်းကုပ်ရှိရာသို့ သယ်ယူသွားကြ၏။

ဆရာဦးစိန်ဖေက နွားပေါက်လေးကို နွားတင်းကုပ်ရှိရာသို့ ဆွဲခေါ်လာ၏။ မငွေစိန်တို့လင်မယားက နွားတင်းကုပ်ထဲရှိ နွားစာခွက်ထဲသို့ ကောက်ရိုးပြတ်ထည့်၍ ရေအနည်းငယ်တောက်ပြီးနောက် ဖွဲနုကို အပေါ်ယံမှ ပက်ကြဲကာ နွားပေါက်လေးကို ကျွေး၏။

'ကဲ..မင်းတို့အသက်ကို ကယ်တင်ပေးတဲ့ ဟောဒီနွားပေါက်လေးကို မင်းတို့လင်မယား တစ်သက်လုံး ပြန်ပြီးစောင့်ရှောက်သွားမယ်လို့ မင်းတို့ ငါ့ကို ကတိပေးကြ'

'ဟုတ်ကဲ့၊ ကျွန်တော်တို့ ကတိပေးပါတယ်'

'ကျွန်မလည်း ကတိပေးပါတယ်။ ဖြစ်နိုင်ရင် အစ်ကိုကြီးရဲ့ ဒီနွားပေါက်လေးကို ကျွန်မတို့ကို ပေးပါလားဟင်။ ကျွန်မ ဆက်ပြီးပြုစုသွားချင်လို့ပါ'

'အေး..ကောင်းသားပဲ။ ငါ့မှာက သူ့ကိုပြုစုချိန်မရှိဘူးလေ။ ဒါဆို မင်းတို့ပြန်ရင် ယူသွားပေတော့'

'ကျွန်မတို့ အိမ်ပြန်ရတော့မယ် ဟုတ်လား။ ဟိုစုန်းမအန္တရာယ်က..'

'နင်တို့ အဲဒီအန္တရာယ်ကင်းအောင် ဒီနွားပေါက်လေး ငါ့ရှင်းခိုင်းပြီးပြီလေ။ နင်တို့ကိုလုပ်တဲ့စုန်းမ နင်တို့ရွာမှာကို မနေနိုင်တော့ဘူး၊ တစ်နေရာကိုပြေးသွားပြီ။ ဘာမှ မကြောက်နဲ့တော့။ ပြီးတော့ နင်တို့ကို အဆောင်လက်ဖွဲ့လည်း ငါပေးလိုက်ပါ့မယ်။ အေး..တစ်ခုတော့ရှိတာက နင် အပြောအဆို အနေအထိုင် သိမ်သိမ်မွေ့မွေ့ ယဉ်ယဉ်ကျေးကျေးနေဖို့ပဲ။ တစ်ဖက်သားကို မစော်ကားနဲ့။ မစော်ကားမိပါစေနဲ့။ ကြားလား'

'ဟုတ်ကဲ့ပါ အစ်ကိုကြီး'

'အေး..ဒါဆိုရင် မနက်စောစော ထပြန်ကြပေါ့။ ကဲ..ငါလည်း တစ်ရေးတစ်မော အိပ်လိုက်ဦးမယ်'

ဆရာဦးစိန်ဖေက ပြောပြောဆိုဆို အိမ်ပေါ်သို့ တက်သွား၏။ မငွေစိန်တို့ လင်မယားကမူ နွားပေါက်လေး အစာစားနေသည်ကို သဘောကျစွာဖြင့် ငေးကြည့်ကာ ကျန်ရစ်ခဲ့ကြလေ၏။

**မောင်စိမ်းအောင်(၂၀ ရာစု)**


# ဆရာကြီးရာဇာဇော်ဝင်း(LL.B)

**နာမည်ပေးကင်ပွန်းတပ် နက္ခတ္တဗေဒအကြားအမြင် လျှို့ဝှက်နက်နဲသောပညာဖြင့် အနာဂတ်ဟောကိန်းများ**



ရင်သွေးငယ်များ နာမည်ပေးခြင်း၊ ကင်ပွန်းတပ်ရက် အခမဲ့ရွေးပေးခြင်း၊ ရေးမူမပျက် နာမည်လှလှလေးများ ရွေးချယ်ပေးခြင်း၊ ရင်သွေးငယ်များ ဘဝတစ်သက်တာဟောစာတမ်း၊ ကုမ္ပဏီများ နာမည်ရွေးခြင်း၊ ကုန်အမှတ်တံဆိပ်များ၊ အောက်ခံအရောင်စာလုံးများ၊ ကုမ္ပဏီဖွင့်ပွဲ အချိန်၊ နာရီ၊ နေ့ရက်များ၊ မြန်မာဇာတာ၊ အင်္ဂလိပ်ဇာတာ၊ မြန်မာဟောစာတမ်း၊ အင်္ဂလိပ်ဟောစာတမ်း၊ နိုင်ငံခြားမှ မြန်မာများအတွက် နာမည်ပေးခြင်း စသည့် နာမည်ပေးဖါရဂူ ဆရာကြီးတစ်ဦးဖြစ်ပါသည်။ သံတမန်ဝန်ထမ်း အင်္ဂလိပ်နာမည်နှင့် မိဘနာမည် တွဲဖက်၍ အထူးဆောင်ရွက်ပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များ ခွဲစိတ်မွေးဖွားမည့် ရက်ကောင်းရက်မြတ်ကို နာရီ၊ မိနစ်၊ စက္ကန့် အပါအဝင် လိုအပ်သောယတြာများ OG ဆရာဝန်နှင့် တိုင်ပင်ပြီးပါက ဆက်သွယ်နိုင်သည်။ လူကြီးများအတွက် ရက်၊ လ၊ နှစ် ပိုင်းခြားထားသော ဟောစာတမ်းများ လက္ခဏာဖြင့်ဟောခြင်း၊ နိုင်ငံခြားသင်္ဘောသားများ လိုင်းကောင်းကောင်းရစေရန်၊ နိုင်ငံခြားသွားသူများ မိမိရောက်သည့် နိုင်ငံတွင် အဆင်ပြေစေရန်၊ ချစ်သူမောင်နှံများ စုံတွဲဇာတာ စစ်ဆေးခြင်း၊ အကြွေးပြန်ရစေရန် အမှုနိုင်/မနိုင်၊ ပညာရေး ထူးချွန်မှုရှိ/မရှိ၊ အိမ်ထောင်ရေးတွင် အနှောင့်အယှက်များ ဖယ်ရှားပေးခြင်း၊ ရုပ်ရည်ချောမောသော်လည်း အဆင်မပြေဖြစ်နေသည့် လူပျိုကြီး၊အပျိုကြီးများ ကံပွင့်အောင် ပြုလုပ်ခြင်း၊ အိမ်၊ခြံ၊ကား ရောင်းထွက်စေရန် ဆောင်ရွက်ပေးခြင်း၊ အင်းပညာ၊ ဝိဇ္ဇာအစီအရင်ပညာ၊ ဓာတ်ရိုက်ဓာတ်ဆင် ပညာများဖြင့် ဆရာ့ထံရောက်လျှင် သင်အောင်မြင်စေရမည်ဟု မှတ်ပါ။ နာမည်ပေးခြင်းနှင့် ဟောစာတမ်းများ ဒီနေ့အပ်လျှင် မနက်ဖြန်ရမည်။ နယ်သို့ VPL ဖြင့်လည်းကောင်း၊ ဘဏ်မှ ငွေလွှဲလျှင် ချက်ချင်းပို့ပေးမည်။ နယ်မှ မွေးသက္ကရာဇ်၊ နေရပ်လိပ်စာ ဖော်ပြ၍ မေးမြန်းနိုင်ပါသည်။ ရန်ကုန်မြို့အတွင်း နာမည်ပေးနှင့် ဟောစာတမ်းများကို ငွေကြိုပေးစရာ မလိုဘဲ ပို့ပေးမည်။ ဖုန်းသာ ဆက်လိုက်ပါ။

အမှတ်-၉(ဒုတိယထပ်)၊ (၈၇)လမ်း / အမှတ်-၉၄ (ပထမထပ်)၊ မန္တလေးလမ်း(အလယ်) (ရေမြောင်းကြီးအနီး)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ (ပိတ်ရက်မရှိ) ☎ (01)394727, (01)399426, 09 7300 9994, 09 51 52521




www.burmeseclassic

www.burmeseclassic.com



# လျှောက်ထားခြင်း

## ရဲမြဝါတင်

စီရင်ပါ အရှင်။

အရှင့်စိတ်တိုင်းကျသာ စီရင်လိုက်ပါ။ ကျွန်တော်ကား အရှင်စီရင်သမျှကို ကျေကျေနပ်နပ် ခံယူရန်အတွက် ဆုံးဖြတ်မျှော်လင့်ပြီးသား ဖြစ်နေသူပါ။ အရှင့်ရှေ့မှောက်သို့ မရောက်မီကပင် အရှင့်တိုင်းပြည်သို့ ကြိုတင်ကိုင်းညွတ်ပြီးသား ဖြစ်နေသူပါ။ ထို့ကြောင့် ကျွန်တော့်တွင် အရှင်ပေးအပ်လာမည့် ပြစ်ဒဏ်အပေါ် တစ်စုံတစ်ရာ တုန်လှုပ်ချောက်ချားနေခြင်း မရှိတော့သလို တစိုးတစ်စိမျှသော ဈေးဆစ်ပန်ကြားခြင်းကိုလည်း ပြုစရာမရှိတော့ပါအရှင်။ အရှင့်သဘောအတိုင်းသာ စီရင်ပါလော့။

ထို့ပြင် ကျွန်တော် တိုက်တွန်းလိုပါသေးသည်၊ လျှောက်ထားလိုပါသေးသည်။ ၎င်းမှာ ကျွန်တော်သည် အရှင့်တိုင်းပြည်နှင့် အမှန်တကယ် ထိုက်တန်မှုရှိကြောင်းကို မည်သို့မျှ သံသယမဖြစ်လိုက်ပါနှင့်အရှင်။ ကျွန်တော့်အား ပြစ်ဒဏ်တစ်စုံတစ်ရာ ပေးရခြင်းအတွက်လည်း မည်သို့မျှ မှားယွင်းမှုရှိမည် မဟုတ်ကြောင်းကို စိတ်ချလက်ချ ယုံကြည်လိုက်ပါ အရှင်။ ထို့နောက် ကျွန်တော့်အား ပေးမည့် ပြစ်ဒဏ်အစုစုအပေါ်မှလည်း ရွေးတစ်စိစာမျှကိုပင် အရှင့်ကရုဏာဖြင့် ပယ်နုတ်လျှော့ပေါ့ပေးခြင်း လုံးဝမပြုလုပ်စေလိုပါ။ အပြည့်အဝသာလျှင် တင်းပြည့်ကျပ်ပြည့်သာ



www.burmeseclassic

www.burmeseclassic.com

လျှင် ပေးအပ်တော်မူပါ၊ ချမှတ်တော်မူပါ အရှင်။

သို့သော် အရှင့်အနေဖြင့် ဝတ္ထုရားအတိုင်း တရားသူကြီးတစ်ဦးက တရားခံတစ်ယောက်အပေါ် မေးမြန်းစစ်ဆေးရခြင်းကဲ့သို့သော အမှုမျိုးကို ပြုလုပ်လိုသေးပါကမူ ပြုလုပ်နိုင်ပါသည် အရှင်။ ထိုအခါတွင်လည်း မောင်မင်း..သင် မည်သည့်အပြစ်ကို ကျူးလွန်ခဲ့သနည်းဟု မေးခွန်းတစ်ခုတည်းကိုသာ မေးလိုက်တော်မူပါ။ ထို့ထက်ပို၍ မေးမြန်းခြင်း ပြုတော်မူမနေပါနှင့်။ အဘယ်ကြောင့်ဆိုသော် အလုံးစုံသော ကျွန်တော်၏ အပြစ်တို့ကို ဖြစ်ကြောင်းကုန်စင် အိတ်သွန်ဖာမှောက်ဆိုသကဲ့သို့ ကျွန်တော်ကသာ အရှင့်ရွှေနားတော်အရောက် ကြားလျှောက်ထွက်ဆို ဖွင့်ဟဝန်ခံလိုက်မည် ဖြစ်သောကြောင့်ပါတည်း။

◆◆◆

ကျွန်တော်ကား မိုက်မဲလှသူတစ်ဦးပါ။ လွန်စွာမိုက်မဲလှသူ တစ်ဦးပါ။ ထိုသို့မိုက်မဲခြင်းအကြောင်းကို အစမှအဆုံးတိုင် ဇာတ်စုံခင်းရမည်ဆိုပါက ကျွန်တော်၏ငယ်ရွယ်စဉ်ကာလ သားသတ်သမားတစ်ဦးအဖြစ် အသက်မွေးရပ်တည်ခဲ့ခြင်းမှအစပြုကာ ပြောပြရမည် ထင်ပါသည်။

ကျွန်တော်ကား ဆိုခဲ့သည့်အတိုင်း သားသတ်သမားတစ်ဦးပါ။ ပုဆိန်ကိုင်တစ်ဦးပါ။ သတ္တဝါတို့၏ အသက်ကို သစ်ရွက်တစ်ရွက် ခြွေသကဲ့သို့ အလွယ်တကူ ခြွေပစ်ရန် ဝန်မလေးသော လက်မရွံ့တစ်ဦးပါ။ ကျွန်တော်၏ အမည်မှာ မောင်စက်ရှိန်ဟူ၍ဖြစ်သော်လည်း အများကမူ ကျွန်တော်၏ ကွယ်ရာတွင် ပါးကွက်စက်ရှိန်ဟူသော ပြောင်ချော်ချော် နာမည်ဖြင့် ကျွန်တော့်အား ခေါ်ဝေါ်သမုတ်ခြင်း ပြုထားကြပါလေသည်။ ထိုနာမည်မှာ ပညတ်သွားရာ ဓာတ်သက်ပါဆိုသော စကားအတိုင်းပင် ကျွန်တော်လုပ်ကိုင်နေသော အလုပ်နှင့် လွန်စွာမှ လိုက်ဖက်လှပါတော့သည်။

ကျွန်တော်သည် အားခွန်ဗလနှင့် ပြည့်စုံသူတစ်ဦးလည်း ဖြစ်ပါသည်။ သို့သော် ထိုသို့ ကျွန်တော်၏ ခွန်အားဗလ ပြည့်ဖြိုးခြင်းမှာ ဆိုခဲ့သည့်အတိုင်း သတ္တဝါတို့အတွက် ကံမကောင်းခြင်းသာ ဖြစ်ခဲ့ရပါသည်။ ကျွန်တော်၏ အားကောင်းလှသော ပုဆိန်ချက်အောက်၌ မရေမတွက်နိုင်သော သတ္တဝါများ မရှုမလှ အသက်ထွက်ခဲ့ရ၏၊ သေပွဲဝင်ခဲ့ရ၏။ မည်မျှပင် ဆိုးသွမ်းပြီး ရုန့်ရင်းကြမ်းတမ်းသော သတ္တဝါဖြစ်ပါစေ ကျွန်တော်၏ ရှေ့မှောက်၌ ဒူးတုပ်ခဲ့ရမြဲ၊ ငိုက်ညိုးခဲ့ရမြဲ၊ ပုံပုံလဲခဲ့ရမြဲသာ ဖြစ်ပါ၏။ ကျွန်တော်၏ သားသတ်ရုံအတွင်းသို့ ရောက်ပြီးလေသော သတ္တဝါမှန်သမျှ ပြန်လည်လွတ်မြောက်သွားသည်၊ ပြန်လည်အသက်ဆက်ခွင့်ရသွားသည်ဟူ၍ ဘယ်သောအခါကမျှ မရှိခဲ့ဘူးပါ။ မည်သည့်တစ်ကောင်တလေကိုသော်မျှ ကျွန်တော် ချမ်းသာမပေးခဲ့ပါလေ။

သားသတ်ခြင်း ကျွန်တော်၏ အသက်မွေးမှုပင်ဖြစ်၏။ ထို့ကြောင့် ထိုအလုပ်၌ ကျွန်တော်ပျော်ပိုက်၏၊ စိတ်ရွှင်လန်း၏။ တစ်ဖန် ထိုအလုပ်ကိုလည်း အလွန်အတန်ပင် ကျွမ်းကျင်လှ၏၊ ပိုင်နိုင်လှ၏။ ဝါရင့်လာသည်နှင့်အမျှ ထိုအလုပ်ကို ထမင်းစား ရေသောက်ပမာ ဖြစ်လာခဲ့၏။ မည်မျှပင် ခန္ဓာကိုယ်ကြီးမားသော သတ္တဝါဖြစ်ပါစေ သူ၏ အသက်ကို အမြန်ဆုံးနှုန်းဖြင့် မည်သို့ဇီဝိန်ခြွေရမည်ကို ကျွန်တော် ကောင်းစွာသိပါ၏။ သိသည့်အတိုင်းလည်း လုပ်နိုင်ခဲ့ပါ၏။ ထို့ပြင် ကျွမ်းကျင်သော လက်သမားသည် အိမ်တစ်ဆောင်ကို အမြန်ဖျက်၍ အမိုးတခြား အကာတခြား၊ အခင်းတခြား ပုံနိုင်သကဲ့သို့ ကျွန်တော်သည်လည်း သတ္တဝါကြီး တစ်ကောင်အား လျှပ်တစ်ပြက်အတွင်းမှာပင် အသားတခြား၊ အရိုးတခြား၊ အရေခွံတခြား၊ ဝမ်းတွင်းသားတခြား ပုံနိုင် ဖျက်နိုင်သူပင် ဖြစ်ပါလေ၏။

ကျွန်တော်၏ စွမ်းပကားကို မြင်သူတိုင်းက အံ့သြကြ၏။ ချီးမွမ်းကြ၏။ မြှောက်ပင့်ပြောဆိုကြပါ၏။ ထိုသို့မြှောက်ပင့်ပြောဆိုကြသည်ကိုပင် မိမိကိုယ်ကိုယ် အဟုတ်ကြီးထင်ကာ ကျွန်တော်က ပို၍တက်ကြွခဲ့၏။ ပို၍လက်စွမ်းပြခဲ့၏။ ပို၍ပုဆိန်သွား ထက်ခဲ့ပါလေ၏။

ကျွန်တော်၏ သားသတ်သမားဘဝတစ်လျှောက်၌ အမှားအယွင်းဟူ၍ မှတ်မှတ်ရရ တစ်ကြိမ်သာ ရှိခဲ့ဖူးပါ၏။ ထိုမှားယွင်းမှုမှာလည်း အကယ်စင်စစ် ကျွန်တော့်ကြောင့် ဖြစ်ရသည် မဟုတ်ပါ။ ကျွန်တော့်အား ကူညီလုပ်ကိုင်ပေးရသူ ကျွန်တော်၏ လက်ထောက်တပည့်တစ်ဦးကြောင့်သာ မှားယွင်းခဲ့ရခြင်း ဖြစ်ပါ၏။

ဖြစ်ပုံမှာ အလွန်ခွန်အားကြီးသော ကျွဲကြီးတစ်ကောင်ကို သုတ်သင်စဉ်က ဖြစ်ပါ၏။ ထိုကျွဲသတ္တဝါကြီးအား အမဲပေါ်ရန်အတွက် ထုံးစံအတိုင်း ခုတိုင်၌ ဦးခေါင်းအား

www.burmeseclassic

www.burmeseclassic.com

ညှပ်တင်ထားစဉ် ထိုတပည့်၏ ပေါ့လျော့မှုကြောင့် ချည်နှောင်ထားသောကြိုးများက ပြေလျော့သွားပါလေသည်။ ဤနေ့ ကျွန်တော်က ပုဆိန်ကိုမြှောက်၍ ထိုကျွဲကြီး၏ ထိပ်ဝတည့်တည့်သို့ အားကုန်ထုချလိုက်ရာ ကြိုးပြေနေသော ထိုကျွဲကြီးက သူ့ခေါင်းကို ရှောင်တိမ်းလိုက်သည်မို့ ပုဆိန်ချက်က လွဲသွားရပါတော့သည်။ လွဲသွားရုံမျှမက ထိုပုဆိန်ချက်မှာ ကျွန်တော်၏ ခြေသလုံး ညို့သကျည်းပေါ်သို့သာ ပြင်းထန်စွာ ကျရောက်သွားပါတော့သည်။ ရန်းထွက်လွတ်မြောက်တော့မလို ဖြစ်သွားသော ထိုကျွဲကြီးအား ကျွန်တော်၏ တပည့်ကပင် ချွန်မြသော လှံသွားဖြင့် နှလုံးသားတည့်တည့်သို့ စိုက်သွင်းကာ အဆုံးစီရင်လိုက်ရပါလေသည်။

ကျွန်တော်ကား မိမိကိုယ်ကိုယ် ထုနှက်မိသော ဒဏ်ရာကြောင့် ရက်ပေါင်းများစွာ အနားယူခဲ့ရပါ၏။ ဆေးကုခဲ့ရပါ၏။ သို့သော် ဝေဒနာမှ သက်သာလျှင် သက်သာချင်းပင် မူလလုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ခဲ့ပါလေသည်။ သားသတ်အလုပ်ကိုသာ လုပ်မြဲတိုင်း ပြန်လုပ်နေခဲ့ပါလေသည်။

ခုတစ်ခါတွင်မူ ယခင်က အမှားအယွင်းမျိုး လုံးဝမဖြစ်ပေါ်ရအောင် ကျွန်တော်က နည်းသစ်တစ်မျိုးကို ပြောင်းလဲအသုံးပြုလိုက်ပါသည်။ ထိုနည်းလမ်းမှာ နောက်တစ်နေ့ မနက်အတွက် အမဲပေါ်ရန် လျာထားသည့် သတ္တဝါကြီးများအား ယနေ့ညဦးကတည်းကပင် ၄င်းတို့၏ ခြေ၊ လက်တို့ကို ကြိုတင်ပြီး ခုတ်ချိုးထားလိုက်ခြင်းပင် ဖြစ်ပါတော့သည်။

ထိုသို့ပြုလုပ်ထားခြင်းဖြင့် အနီးသတ္တဝါကြီးမှာ တစ်ညလုံးပင် သွေးစက်လက်ဖြင့် ဝေဒနာဒဏ်ကို တမြည့်မြည့် ခံစားနေရပြီးသကာလ နံနက်မိုးသောက်သည်နှင့် အားအင်ချည့်နဲ့ကာ ဦးခေါင်းက ငိုက်ညိုးပြီးသား ဖြစ်နေလေပြီ။ ထိုအခါ မည်သို့မျှ အန်တုရုန်းဖယ်ခြင်း မပြုနိုင်တော့သော ထိုသတ္တဝါအား ပုဆိန်တစ်ချက်စာမျှနှင့်ပင် အဆုံးစီရင်ခြင်း ပြုနိုင်ပေပြီ။ ဤသည်မှာ ကျွန်တော်၏ ပြောင်မြောက်သော လုပ်ဆောင်ချက်တစ်ခုပင် ဖြစ်ပါလေသည်။

သို့သော် ကျွန်တော်ကား ထိုလုပ်ငန်းဖြင့်သာ မြိန်ရေရှက်ရေ အသက်မွေးခဲ့လေသော်လည်း ချမ်းသာခြင်းသို့မူ မရောက်ခဲ့ပါ။ ဘဝဖူလုံရုံ၊ သားမယား ကျွေးနိုင်မွေးနိုင်ရုံမျှသာ ဖြစ်ပါသည်။ ထို့ပြင် အသက်အရွယ်ရလာသည်နှင့်အမျှ ကျွန်တော်၏ လက်ရည်သည်လည်း တဖြည်းဖြည်း ကျလာခဲ့ပါလေသည်။ ယခင်ကကဲ့သို့ စွမ်းဆောင်နိုင်ခြင်းမျိုး မရှိတော့ပါ။

များမကြာမီ ထိုလုပ်ငန်းမှ လုံးဝအနားယူရတော့မည့် အခြေအနေက ဖြစ်ပေါ်လာပါတော့သည်။ အခြားမဟုတ်ပါ။ ကျွန်တော့်ညို့သကျည်းပေါ်မှ ဒဏ်ရာဟောင်းက ပြန်ပေါ်လာခြင်းကြောင့်ပင် ဖြစ်ပါလေသည်။ ထိုဒဏ်ရာ၏ နှိပ်စက်မှုကြောင့်ပင် ကျွန်တော် မည်သို့မျှ ထိုအလုပ်ကို လုပ်နိုင်စွမ်းမရှိတော့ပါ။ သားမသတ်နိုင်တော့ပါ။ ဆေးပြန်ကုရင်း အိပ်ရာထဲတွင်သာ လဲနေရပါတော့သည်။

◆◆◆

ကျွန်တော် အလုပ်လက်မဲ့ဖြစ်ရခြင်းနှင့်အတူ ကျွန်တော်၏ မိသားစုသည်လည်း ကျပ်တည်းဆင်းရဲသွားရပါတော့သည်။ ဆိုးရွားစွာပင် အခြေယိုင်သွားရပါလေတော့သည်။ အရွယ်ရောက်ပြီးသော ကျွန်တော့်သားသမီးများက ကြုံရာ ရရာအလုပ်တို့ကို ထွက်၍လုပ်ကြပါသော်လည်း မိသားစုစားဝတ်နေရေးကိုကား ဖူလုံလောက်ငအောင် မစွမ်းဆောင်နိုင်ကြပါပေ။ မိသားစုမှာ ဆင်းရဲမြဲ ဆင်းရဲလျက်သာ ရှိနေပါတော့သည်။ ကျွန်တော်ကား အနာသည်းလှသော ဝေဒနာကို ခံစားရသည်ကတစ်ဖက်၊ ဥမမည် စာမမြောက်သေးသော ရင်သွေးငယ်များ၏ ငိုယိုပူဆာသံများကြောင့် စိတ်ညစ်ညူးရသည်က တစ်ဖက်ဖြင့် လွန်စွာမှ စိတ်ဆင်းရဲရပါလေတော့၏။

ဤမှာပင် ကျွန်တော်တို့ မိသားစုအား ကယ်တင်မ,စမည့် ပုဂ္ဂိုလ်များက အချိန်ကိုက်ဆိုသလိုပင် ပေါ်ထွန်းလာပါတော့သည်။ သူတို့ကား မေတ္တာရှင် အပျိုကြီး ညီအစ်မ နှစ်ယောက်ပင် ဖြစ်ပါလေသည်။ ထိုညီအစ်မနှစ်ယောက်မှာ လှူဒါန်းပေးကမ်းရာတွင် ရက်ရောသူများအဖြစ်ဖြင့်လည်းကောင်း၊ တရားဘာဝနာ လိုက်စားသူများအဖြစ်ဖြင့်လည်းကောင်း ရပ်ကွက်အတွင်း၌ နာမည်ကျော်သူများပင် ဖြစ်ပါသည်။

ထိုညီအစ်မနှစ်ယောက်က ဒုက္ခပင်လယ်ဝေနေသော ကျွန်တော်တို့မိသားစုအား မရှုဆိတ်ရာကြပေ။ အစွမ်းကုန်ပင် ဖေးမ,ကူညီခဲ့ကြပါပေသည်။ ဦးစွာ ကျွန်တော်၏



www.burmeseclassic

www.burmeseclassic.com

ဝေဒနာကို ဆေးဖိုးဝါးခ အကုန်အကျခံကာ ကုသပေးပါလေ၏။ ထို့နောက် ကျွန်တော်၏ သားနှစ်ယောက်ကိုလည်း သူတို့၏ သီးနှံပွဲရုံ၌ အလုပ်ခန့်ထားပေးလေ၏။ ထို့ပြင် ကျန်သောကလေးများအတွက်ပါ စားစရာ၊ ဝတ်စရာတို့မှအစ ဘာမျှမလွတ်ရလေအောင် ပံ့ပိုးပေးကမ်းပြန်လေ၏။ နောက်ဆုံး ကျွန်တော့်ကိုပင် ဝေဒနာမှ ပျောက်ကင်းသည်နှင့် သူတို့၏ သီးနှံဂိုဒေါင်တွင် ညစောင့်အဖြစ်အလုပ် ခန့်ထားပေးပြန်သေးလေရာ ဘာဆိုဘာမျှ အငြင်းပွားဖွယ်မရှိသော တကယ့်ကျေးဇူးရှင်စစ်စစ်ကြီးများပင် ဖြစ်ပါလေတော့သည်။

ဤသို့ဖြင့် မိသားစုမှာ ပြန်လည်၍ ချောင်လည်လာ၊ စိုပြည်လာခဲ့ပါလေသည်။ လူတန်းစေ့ နေထိုင်စားသောက်လာနိုင်ခဲ့ပါလေသည်။ ထိုညီအစ်မ၏ကောင်းမှုဖြင့် မဟာအကျပ်အတည်းကြီးမှ ရုန်းထွက်လွတ်မြောက်နိုင်ခဲ့ပါလေ၏။

သို့သော် ထိုသို့အခြေအနေ ပြန်ကောင်းလာပြန်တော့လည်း တစ်ဖန် ဖွဲဖောက်လာပြန်သူကား ကျွန်တော်ပင် ဖြစ်ပါလေသည်။ အခြားမဟုတ်ပါ၊ လောင်းကစားဘက်သို့ ကျွန်တော်ဝါသနာထုံသွားခြင်းပင် ဖြစ်ပါသည်။ ပိုလျှံလာသော ငွေစကြေးစက်လေးများနှင့် ဂျင်ဝိုင်း၊ ဖဲဝိုင်းများသို့ ကျွန်တော်အရောက်အပေါက်များလာသည်။ မသာအိမ်များတွင် ပြုလုပ်လေ့ရှိသော ဝိုင်းများမှအစ ချုံကြိုးချုံကြားများမှ ကစားဝိုင်းများပါမကျန် မရမကရှာဖွေပြီး မပြတ်တမ်းပင် ကစားလာသည်။ သည်လိုနှင့်ပင် ရသမျှ ကစား၊ ကစားသမျှ ရှုံးရင်း မကြာမီ မိသားစုက ဒုံရင်းဘဝသို့ ပြန်ရောက်သွားပါတော့သည်။ ထိုသို့ဖြစ်ရခြင်း၏ အဓိကလက်သည်ဖြစ်သော ကျွန်တော့်အား ဇနီးနှင့် သားသမီးများက ဝိုင်းဝန်းပြစ်တင် ငြူစူကြပါလေသည်။

သို့သော် ကျွန်တော်ကား ထိုဝါသနာကို လုံးဝဖြတ်၍မရတော့ပါ။ ဖဲရိုက်ခြင်းနှင့် လေးကောင်ဂျင်ထိုးခြင်းတို့ကို မကစားဘဲ၊ မထိုးဘဲ မနေနိုင်တော့ပါ။ ထို့ကြောင့် မည်သူက မည်သို့ပင်ပြောပြော ဆက်လက်၍သာ ကစားမြဲ ကစားနေခဲ့ပါတော့သည်။ ကစားဖို့ငွေကိုလည်း မဖြစ်ဖြစ်အောင် ရှာကြံ၍သာ ဆက်လက်၍ စခန်းသွားနေခဲ့ပါတော့သည်။ ဤတွင် ကျွန်တော်၏စိတ်ဓာတ်များ ယိုယွင်းဖောက်ပြန်လာပုံ၊ မလုပ်သင့် မလုပ်ထိုက်သည်တို့ကို လုပ်ကိုင်လာပုံ၊ ကျေးဇူးရှင်တို့အပေါ် ကျေးဇူးစွပ်တတ်လာပုံတို့အား ဤနေရာမှပင် စတင်၍ ဖော်ပြလိုက်ရပါတော့မည်။

ကျွန်တော်ကား အထက်တစ်နေရာ၌ ဆိုခဲ့သလို ဂိုဒေါင်ညစောင့်အလုပ်ကို လုပ်ကိုင်ရသူပါ။ သို့သော် ယခုအခါတွင်မူ ညစောင့်အဖြစ်နှင့် သူခိုးသူဝှက်တို့၏ရန်မှ စောင့်ရှောက်ကာကွယ်ပေးရမည့်အစား ကိုယ်တိုင်ကပင် ဂိုဒေါင်အတွင်းရှိ ပစ္စည်းများအား ဖောက်ထွင်းခိုးဝှက်နေသူတစ်ဦး ဖြစ်နေပါလေပြီ။ ပိုင်ရှင်ညီအစ်မက ယုံကြည်စွာ အပ်နှံလျက် စိတ်ချလက်ချ အိပ်မောကျနေကြချိန်တွင် ကျွန်တော်က စိမ်ပြေနပြေ ခိုးဝှက်သယ်ဆောင်၍နေပါလေပြီ။ ထိုခိုးဝှက်ပြီးသော ပစ္စည်းများကိုလည်း သေသေသပ်သပ် ထုခွဲရောင်းချကာ လောင်းကစားခြင်းအမှုကို မှန်မှန်ကြီး ပြုလုပ်နေပါလေတော့သည်။ ဤသည်မှာ မလုပ်ရမနေနိုင်အောင် ထကြွသောင်းကျန်းခဲ့လေသော ဝါသနာဆိုး၏ တိုက်တွန်းစေခိုင်းမှုဟုသာ ဆိုရပါတော့မည်။

သို့သော် မကောင်းမှုကား ဆိတ်ကွယ်ရာ မရှိပါပေ။ တစ်စ,တစ်စနှင့် အပျိုကြီး ညီအစ်မက ကျွန်တော့်လုပ်ရပ်များအား ရိပ်မိလာသည်၊ သိရှိလာသည်။ ထို့ကြောင့် ပထမအကြိမ် ကျွန်တော့်အား ခေါ်ယူကာ ထိုသို့မလုပ်ရန်အတွက် ဖျောင်းဖျပြောဆိုကြလေသည်။ ကျွန်တော်က ထိုမှုနှင့် မရပ်လာသောအခါ ဒုတိယအကြိမ်အဖြစ် ပြင်းထန်စွာသတိပေးကြပြန်လေသည်။ နောက်ဆုံးတွင် အကျင့်စာရိတ္တကို မည်သို့မျှ ပြုပြင်၍မရမှန်း၊ သတိပေးဆုံးမ၍မရမှန်း သိသွားကြသည့်အလျောက် ကျွန်တော့်လက်မှ ဂိုဒေါင်သော့ကို သိမ်းယူပြီးသကာလ အလုပ်မှလည်း ထာဝရရပ်စဲလိုက်ပါလေတော့သည်။ ထိုကိစ္စနှင့်ပတ်သက်ပြီး ရပ်ကွက်အတွင်းမှ ကျွန်တော့်အကြောင်း သိသူများက ကျွန်တော့်အား လွန်စွာအော့နှလုံးနာကြသကဲ့သို့ ကျွန်တော့်မိသားစုကလည်း ကျွန်တော့်အပေါ် များစွာမုန်းတီးသွားခဲ့ကြပါလေသည်။

"မိုက်ပါပေ့ ကိုစက်ရှိန်ရယ်၊ ရှင် ကျွန်မတို့ တစ်မိသားစုလုံးကို သက်သက်ခွေး,မဖြစ်ဖြစ်အောင် လုပ်နေတာပဲ"

"ဟုတ်ပါတယ် အဖေရာ၊ အဖေ့အတွက်နဲ့ ကျွန်တော်တို့ပါ အားလုံးဒုက္ခရောက်ကြရတော့မယ်"

"ကိုယ့်ကျေးဇူးရှင်ရဲ့ မျက်နှာကိုလည်း မထောက်



www.burmeseclassic

www.burmeseclassic.com

ကိုယ့်သားသမီးတွေရဲ့ မျက်နှာကိုလည်း မထောက်ဘဲ အဖေမို့လို့ လုပ်ရက်တယ်ဗျာ"

ကျွန်တော့်အပေါ်သို့ နာကြည်းစွာ ဝေဖန်ပြစ်တင်လိုက်ကြလေသော မိသားစုအတွင်းမှ စကားစုများပင် ဖြစ်ပါသည်။ သို့သော် ကျွန်တော်ကား အလွန်ပေကပ်ကပ်နိုင်လှသူပါတည်း။ ရပ်ကွက်ထဲမှလည်းကောင်း၊ ကျွန်တော့်မိသားစုမှလည်းကောင်း ထိုသို့ ပြစ်တင်ရှုတ်ချကြသည်ကို ကျွန်တော် မည်သို့မျှ မခံစားရပါ။ မဖြုံပါ။ မတုန်လှုပ်ပါ။ ကျွန်တော့်အား နေမထိထိုင်မသာ မရိုးမရွ ကျိုးတိုးကြွတဖြစ်အောင် ဖန်တီးပြုစားနေလေသော ဝါသနာပိုးများ၏ အရေးကသာ ကျွန်တော့်အတွက် ဖြေရှင်းစရာ၊ အာရုံစိုက်စရာ၊ အလေးပြုစရာ ဖြစ်၍နေလေသည်။ အကြောင်းမှာ ယခုအခါ၌ မည်သည့်နေရာကမျှ ကျွန်တော် ငွေမရနိုင်တော့သည်မို့ ကစားဝိုင်းများသို့ မသွားနိုင်တော့ရုံမျှမက အနားသို့ပင် မသိနိုင်တော့ပါလေ။ ထိုအခါ မကစားရလေ ကစားချင်လေ ဆိုသည့်အတိုင်း ကျွန်တော့်မှာ အရူးတစ်ပိုင်းမျှ ဖြစ်နေရပါတော့သည်။

ဤမှာပင် အမှောင်တကာ့ အမှောင်ဆုံးသို့ တိုးဝင်ရန် ကျွန်တော်ကြံစည်မိလေပြီ။ အနက်တကာ့ အနက်ဆုံးသို့ ခုန်ချရန် ကျွန်တော်ရည်သန်မိလေပြီ။ မည်သို့မျှချေဖျက်၍ မရနိုင်သော အပြစ်ကြီးတစ်ခုကို ကျူးလွန်ရန် ကျွန်တော်အားထုတ်မိပါလေပြီ။

◆ ◆ ◆

မှောင်မိုက်သော ညတစ်ည၊ သို့မဟုတ် လဆုတ်ရက်



များ၏ တစ်ခုသော ညတစ်ည။

အပြင်ဘက်၌ မှောင်မည်းနေသော်လည်း သူတို့၏ အခန်းအတွင်း၌မူ အပြာရောင်မီးအုပ်ဆောင်းကလေးက ခပ်မှိန်မှိန်မျှ ထွန်းလင်းလျက်ရှိနေပါလေသည်။ သူတို့ ညီအစ်မမှာ အခန်းတစ်ခန်းထဲတွင် ခုတင်တစ်လုံးစီဖြင့် အိပ်စက်ကြလေရာ အကြီးဖြစ်သူက သူ၏ခုတင်ပေါ်တွင် ပက်လက်အနေအထားဖြင့် အိပ်ပျော်လျက်ရှိပါသည်။ သူမ၏ ရင်ဘတ်ပေါ်တွင် စိပ်ပုတီးတစ်ကုံးကို တင်လျက်သားတွေ့ရပါသည်။ အငယ်ဖြစ်သူကမူ နံရံဘက်ကို မျက်နှာမူလျက် တစောင်းအနေအထားဖြင့် အိပ်ပျော်လျက်ရှိနေပါလေသည်။

ထိုအချိန်တွင် သံသေတ္တာတစ်လုံးမှ ကြီးမားလှသော သော့ခလောက်ကြီးကို ကြိုးစားဖွင့်နေရင်း ဇောချွေးပြန်နေရသူမှာကား ကျွန်တော်သာ ဖြစ်ပါတော့သည်။ မကြာမီပင် သော့ခလောက်ကြီးက ပွင့်သွားပါသည်။ သော့ပွင့်သွားသည်နှင့် သေတ္တာအဖုံးကို အသာမ,၍ ဖွင့်ကြည့်လိုက်ရာ ကျွန်တော့်မျက်နှာကြီးတစ်ခုလုံး ဝင်းထိန်သွားရပါတော့သည်။ အတွင်း၌ ကျွန်တော်မျှော်လင့်ထားသည့်အတိုင်း မြောက်မြားလှစွာသော ငွေစက္ကူအုပ်များနှင့်အတူ စိန်ရွှေလက်ဝတ်ရတနာများကိုပါ မီးရောင်ခပ်မှိန်မှိန်အောက်၌ အားရစဖွယ် တွေ့မြင်လိုက်ရခြင်းကြောင့်ပင် ဖြစ်ပါတော့သည်။

ကျွန်တော် အချိန်ဆိုင်းမနေတော့ပါ။ ပါလာသော လွယ်အိတ်ထဲသို့ ၄င်းရွှေ၊ ငွေတို့ကို ကျုံး၍,ကျုံး၍ ထည့်နေလိုက်မိပါသည်။ ထိုသို့ထည့်နေစဉ်အတောအတွင်း လောဘဇောကပ်နေမှုကြောင့် ကျွန်တော့်မျက်လုံးများက ပြူးကျယ်လျက်ရှိသလို လက်များကလည်း တုန်ခါလျက်ရှိနေပါလေသည်။

ထိုအချိန်မှာပင် ဂျောက်ခနဲ ထွက်ပေါ်လာသော အသံတစ်ခုကို ကြားလိုက်ရသည့်ခဏ ကျွန်တော် လန့်ဖျပ်သွားမိပါသည်။ အသံလာရာသို့လည်း ရုတ်ခြည်းဆိုသလို လှည့်ကြည့်လိုက်မိပါသည်။ ဤတွင် ကျွန်တော့်မျက်လုံးများက အဆမတန် ပြူးကျယ်သွားရပါတော့သည်။ အကြောင်းမှာ အကြီးမဖြစ်သူက အိပ်ရာမှ လန့်နိုးလာကာ ငုတ်တုတ်ထထိုင်လိုက်ပြီး ကျွန်တော့်အား ပါးစပ်အဟောင်းသားဖြင့် ကြည့်နေခြင်းကြောင့်ပင် ဖြစ်

www.burmeseclassic

www.burmeseclassic.com

ပါသည်။ စောစောက ရောက်ခဲ့အသံမှာလည်း သူမ၏ ရင်ဘတ်ပေါ်မှ စိပ်ပုတီးက ကြမ်းပြင်ပေါ်သို့ ပြုတ်ကျသွားခြင်းပင် ဖြစ်လေသည်။

တစ်ဦးနှင့်တစ်ဦး အကြည့်ချင်းဆုံမိကြသည်။ သူမက ကျွန်တော့်မျက်နှာကို သဲကွဲစွာ မြင်လိုက်ရပြီးနောက် အံ့အားသင့်နေဟန်တူသည်။ ကြောင်တောင်တောင်ဖြစ်လျက် ကြက်သေသေနေသည်။ သို့သော် ကျွန်တော်ကမူ သူဖြစ်သလို ဖြစ်မနေပါ။ ယခုလိုအချိန်မျိုး၌ အခြားရွေးချယ်စရာ လမ်းမရှိတော့ပြီမို့ လုပ်စရာရှိသည်ကိုသာ လျင်မြန်စွာ လှုပ်ရှားလိုက်ပါတော့သည်။ အခြားမဟုတ်ပါ၊ ထိုအမျိုးသမီးနားသို့ လျင်မြန်စွာ တိုးကပ်သွားလိုက်ပြီး သူမ၏ နှလုံးသားဆီသို့ အသင့်ပါလာသော ဓားမြှောင်ဖြင့် ထိုးသွင်းလိုက်ခြင်း ဖြစ်ပါသည်။ သားသတ်သမား ပီပီ လက်ဆမှန်လှသည်မို့ ဓားဦးက ရည်မှန်းရာသို့ တန်းခနဲ စိုက်ဝင်သွားပါတော့သည်။

သူမမှာ အင့်ခနဲ အသံတစ်ချက်မျှသာ ထွက်လိုက်နိုင်ပါသည်။ သူမ၏ ပြူးကျယ်သော မျက်လုံးများက တဖြည်းဖြည်း အရောင်အဝါ မှေးမှိန်လာပြီးနောက် လုံးဝမျက်ကြောသေသွားလေတော့သည်။ ခန္ဓာကိုယ်ကြီးကလည်း ခုတင်ပေါ်သို့ ဝုန်းခနဲ ယိုင်လဲသွားတော့သည်။

ထိုရုတ်ရုတ်သဲသဲ အသံများကြောင့် နောက်တစ်ဦးကပါ အိပ်နေရာမှ လန့်နိုးလာပြန်ပါသည်။ သူမက အစ်မဖြစ်သူ၏ ဖြစ်ပျက်ပုံ အလုံးစုံအား မြင်တွေ့လိုက်ရသည့်ခဏ ကြောက်လန့်တကြားပင် ပါးစပ်မှ အော်ဟစ်ရန်ပြင်လိုက်ပါသည်။ သို့သော် သူမ မည်သို့မျှ အသံမထွက်လိုက်နိုင်ပါ။ ကျွန်တော်က သူမကိုပါ မပြန်လမ်းသို့ ဆက်ပို့ပေးလိုက်ရပါသည်။ သူမ၏ရင်ဝသို့ ဓားမြှောင်ဖြင့် နှစ်ချက်၊သုံးချက်မျှ ဆင့်ကာ၊ဆင့်ကာ ဆောင့်သွင်းပေးလိုက်တော့သည်။ သူမက ခုတင်ပေါ်သို့ အရပ်ကြီးပြုတ် လဲကျသွားကာ တုတ်တုတ်မလှုပ် ငြိမ်သက်သွားပါတော့သည်။

သွေးစွန်းသောဓားကိုကိုင်လျက် ကြီးစွာသော တုန်လှုပ်ချောက်ချားခြင်းဖြင့် ကျွန်တော် မှင်တက်နေမိသည်။ သွေးပွက်ပွက်ဆူလျက် အသီးသီးသေပွဲဝင်နေကြလေသော ညီအစ်မနှစ်ဦးအား ဆစ်လှည့်စိုက်ကြည့်၍ အံ့အားအသင့်ကြီးသင့်နေမိသည်။ ထိုအမှုကို မိမိကျူးလွန်ခဲ့သည်မှာ တကယ်မှ ဟုတ်ပါလေစဟု မယုံနိုင်အောင်ပင် ဖြစ်နေမိသည်။

ကျွန်တော်ကား မရေမတွက်နိုင်သော သတ္တဝါတို့၏ အသက်ကို အလွယ်တကူ သတ်ဖြတ်နိုင်ခဲ့ပါသည်။ ထိုသို့ သတ်ဖြတ်ရသည့်အတွက်လည်း မည်သို့မျှ စိုးထိတ်ခြင်း၊ ဝန်လေးခြင်းမျိုး မဖြစ်ပေါ်ခဲ့ပါ။ ယခု ဤလူသားနှစ်ဦးကို သတ်ဖြတ်ရခြင်းမှာမူ ကျွန်တော့်အတွက် လွန်စွာမှ စိတ်နှလုံးလှုပ်ရှားခြင်း ဖြစ်ရပါလေသည်။ အထူးသဖြင့် မိမိ၏ ကျေးဇူးရှင်ကြီးနှစ်ဦးကို ယခုကဲ့သို့ ပြန်လည်သတ်ဖြတ်ရခြင်းအတွက် မည်သို့မျှ မဖော်ပြနိုင်သော၊ မည်သို့မျှ အတိုင်းအဆမရှိသော ဗလောင်ဆူခြင်းမျိုးဖြင့် ကျွန်တော့်အား ကိုယ်ရောစိတ်ပါ ယောက်ယက်ခတ်စေခဲ့ပါပြီတည်း။

ဤမှာပင် ကျွန်တော်၏ ဘဝတစ်လျှောက်လုံး တစ်စက်မျှ ကောင်းကွက်မရှိခဲ့ပါလေသော အဖြစ်သနစ်အလုံးစုံကို တင်ပြ၍ ပြီးပါလေပြီ။ တစ်နည်းအားဖြင့် မိုက်စ၊ မိုက်လယ်၊ မိုက်ဆုံးတည်းဟူသော ကျွန်တော်၏ အမိုက်သုံးပါး အကြောင်းတို့ကို ပြည့်စုံကုံလုံစွာ ဖော်ပြ၍ ပြီးစီးပါလေပြီ။

◆◆◆

စီရင်ပါတော့ အရှင်။ ကျွန်တော့်အား အချိန်မဆိုင်းဘဲ အမြန်ဆုံး စီရင်ပါတော့။

ကျွန်တော်ကား ကြိုးစင်မှတစ်ဆင့် နောင်တနှင့်အတူ အရှင့်ရှေ့မှောက်သို့ အရောက်လာခဲ့ပါသည်။ ထိုနောင်တအတွက် တန်ဖိုးကြီးကြီး ပေးဆပ်ရမည်ကိုလည်း ကျွန်တော်သိပြီးသားပါအရှင်။ ထိုနောင်တအတွက် အဖိုးသနားကိုသာ ပြောတော်မူပါ။ အရှင်သတ်မှတ်သည့်အတိုင်း ကျေနပ်စွာ အလဲအလှယ်ပြု ခံယူရန်အတွက် ကျွန်တော် ဆုံးဖြတ်ပြီးသားပါ အရှင်။

အမိန့်ချပါလော့၊ စေညွှန်းပါလော့၊ ကျွန်တော့်အား အမြန်ဆုံးပင် ပို့လွှတ်ပါလော့။ အရှင်အာဏာပိုင်သော အရှင့်တိုင်းပြည်အတွင်းရှိ ရှစ်ထပ်သော ငရဲကြီးများအနက် အထက်မြက်ဆုံး၊ စွမ်းပကားအကြီးဆုံးဖြစ်သည့် မဟာအဝီစိငရဲကြီးသို့ပင် ကျွန်တော့်အား ပို့လွှတ်စေကာမူ ကျွန်တော့်အနေဖြင့် ကျိုးကျိုးနွံနွံခံယူလျက် ဝံ့ဝံ့စားစား သွားရောက်လိုက်မည်သာ ဖြစ်ပါတော့သည် အရှင်။

ရဲမြတ်တင်



www.burmeseclassic

www.burmeseclassic.com

ငှက်ပျောတောရွာမှာ အမည်နှင့်လိုက်အောင်ပင် ငှက်ပျောပင်များက တောတမျှ ပေါများစွာ ပေါက်ရောက်နေလေသည်။ ထိုသို့ပေါက်ရောက်နေခြင်းမှာ အိမ်တိုင်း,အိမ်တိုင်းက မိမိတို့အိမ်ခြံ၏ နောက်ဘက်ရှိ မြေကွက်ထဲတွင် ရခိုင်၊ ဖီးကြမ်း၊ ဝက်မလွတ်၊ နံ့သာပု၊ သူငယ်စာ ငှက်ပျောစို့များကို စိုက်ခဲ့ကြသဖြင့် နှစ်အနည်းငယ်ကြာသည်နှင့် ခြံတိုင်းတွင် ငှက်ပျောရုံများ ပွားများလာကာ ငှက်ပျောတောကြီး ဖြစ်လာခဲ့ခြင်း ဖြစ်သည်။

တကယ်တော့ ငှက်ပျောများကို စိုက်ကြခြင်းမှာ မိမိတို့အတွက် လွန်စွာအသုံးဝင်ခြင်းကြောင့်ဖြစ်သည်။ လယ်ဝင် လယ်ထွက် လယ်နတ်တင်ရာတွင် ရခိုင်ငှက်ပျော မပါ၍မဖြစ်ပေ။ မိမိအိမ်တွင် စိုက်မထားပါက လိုအပ်သည့် ငှက်ပျောကို ဈေးမှသော်လည်းကောင်း၊ ငှက်ပျောစိုက်ထားသူထံမှသော်လည်းကောင်း ဝယ်ယူရမည် ဖြစ်သည်။ ထို့ကြောင့် တခြားမှ မဝယ်ရစေရန် မိမိ၏ခြံထဲ၌ စိုက်ထားကြခြင်း ဖြစ်သည်။

ခြံထဲစိုက်ထားသော ငှက်ပျောရုံများမှ ငှက်ပျောများ ထွက်ရင့်လာလျှင် အခိုင်လိုက် ခုတ်ယူပြီး မိမိအိမ်တွင် ထုပ်တန်း၌ တွဲလောင်းဆွဲထားလျှင် နှစ်ရက်၊ သုံးရက်ကြာလျှင် တစ်ခိုင်လုံး ဝါဝင်း၍ မှည့်လာလေသည်။ ထို

# လယ်စောင့်ကျုတ်ဖြစ်နေသော ခင်ပွန်းသည်

(ဧရာဝတီ)





www.burmeseclassic

www.burmeseclassic.com

အခါ အိမ်ရှိ ကလေးသူငယ်များကို သရေစာအဖြစ် အနိုင်မှဖြုတ်၍ ကျွေးပေးကြသည်။ တချို့က ကောက်ညှင်းဆန်နှင့် ရခိုင်ငှက်ပျော အမှည့်များကို ရောသမ၍ ငှက်ပျောရွက်နှင့်ထုပ်ကာ နီးဖြင့် ပတ်ချည်ထုပ်ပြီး ဒန်အိုးတစ်လုံးထဲသို့ထည့်ကာ ရေမြုပ်အောင်ထည့်ပြီး ပြုတ်ရသည်။ ကျက်လျှင် ငှက်ပျောဖက်များ ခွာလိုက်ပြီး စေး၍ ချိုသော ငှက်ပျောသီးမုန့်ကို ရလေသည်။

ထိုငှက်ပျောတောရွာကို ခပ်လှမ်းလှမ်းမှ လှမ်းမျှော်ကြည့်လျှင် ငှက်ပျောပင်များကြောင့် တောအုပ်တစ်အုပ်သဖွယ် မြင်ရလေသည်။ ထိုငှက်ပျောတော ရွာသူရွာသားတို့မှာ လယ်ယာစိုက်ပျိုးလုပ်ကိုင်ခြင်းဖြင့် အသက်မွေးနေထိုင်ကြလေသည်။

ထိုငှက်ပျောတောရွာ အနောက်ပိုင်းတွင် ကိုထွန်းလှတို့မိသားစု နေထိုင်လေသည်။ ကိုထွန်းလှတွင် လယ်မြေရှစ်ဧကရှိ၍ ချောင်းကမ်းဘေးနှင့်နီးသောကြောင့် မိုးအခါချောင်းရေကြီး ရေလျှံသည့်အခါ ကိုထွန်းလှ၏ လယ်ကွက်များထဲသို့ ချောင်းရေများ စီးဝင်လေသည်။ ထိုရေများ ပြန်လျော့သွားသောအခါ လယ်ကွက်များထဲတွင် နုန်းများ တင်ကျန်ခဲ့သဖြင့် ကိုထွန်းလှ၏ လယ်မြေများမှာ သဘာဝမြေဩဇာရရှိကာ မည်သည့်ကောက်ပဲသီးနှံကိုပင်စိုက်စိုက် ဖြစ်ထွန်းအောင်မြင်လေသည်။ ကိုထွန်းလှက သူ့လယ်မြေတွင် မိုးအခါ စပါးများစိုက်ခဲ့၍ ဝမ်းစာစပါး ပြည့်စုံကာ အပိုအလျှံစပါးများကိုလည်း ရောင်းချနိုင်ခြင်းကြောင့် ဝင်ငွေများ ရရှိ၏။ ဆောင်းဝင်လာလျှင် စပါးရိတ်ပြီးသော သူ့လယ်ကွက်များတွင် မတ်ပဲ၊ ပဲနောက်၊ ကုလားပဲတို့ကို စိုက်နိုင်ကာ မြေကောင်း၍ သီးနှံထွက်လှသဖြင့် ဆောင်းသီးနှံက ဝင်ငွေများ ရရှိပြန်လေသည်။

"အင်း…ငါ့လယ်မြေထဲမှာ မိုးအခါ စပါးစိုက်ခဲ့လို့ ငါ့ရဲ့မိသားစု ဝမ်းစာဆန် လုံလောက်ခဲ့တဲ့အပြင် ပိုလျှံတဲ့စပါးတွေ ဈေးကောင်းရောင်းနိုင်ခဲ့လို့ ငါ့မိသားစု စီးပွားရေးအခြေအနေ ကောင်းနေပါလား။

ဒီဆောင်းမှာတော့ ဈေးကောင်းရတဲ့ မတ်ပဲတွေစိုက်မယ်။ ဝမ်းစာဆီ ရနိုင်အောင် လယ်တစ်ဧကကို ရိုးပြတ်ရိတ်ပြီး ထယ်စိပ်စိပ်ထိုးပြီး မြေပဲစိုက်ရမှာပဲ။ ထွက်လာတဲ့မြေပဲကို မြေပဲဆီကြိတ်ပြီး ဝမ်းစာအလုံအလောက်ထားပြီး ပိုတဲ့ဆီပုံးတွေကို ပြန်ရောင်းရမှာပဲ"

မြေပဲက သဲနုန်းမြေကို နှစ်သက်သဖြင့် ချောင်းဘေးလယ်ကွက်ထဲတွင် စိုက်ခဲ့သည်။ မြေပဲပေါ်သောအခါ နုတ်၍ ပဲဆွတ်ခဲ့သည်။ မြေပဲ(၃၀)တင်းလောက် ထွက်ခဲ့လေသည်။ မြေပဲအခြောက်တောင့် သုံးတင်းခွဲကို ဆီတစ်ပုံးရသဖြင့် ကိုထွန်းလှ ဆီ(၈)ပုံးခွဲခန့် ရရှိလေသည်။

"ဟာ…ဟန်ကျတာပဲ။ ရလာတဲ့ ဆီပုံးတွေထဲက ဆီ(၄)ပုံးခွဲ ဝမ်းစာအတွက် ပိုပိုမိုမိုထားပြီး ကျန်တဲ့ဆီလေးပုံးကို ထုတ်ရောင်းလိုက်မယ်"

ကိုထွန်းလှ၏ လယ်မြေများက မြေဩဇာကောင်းလှကာ သီးနှံများ ဖြစ်ထွန်းအောင်မြင်လှသဖြင့် နှစ်စဉ်ဝမ်းစာဆန်နှင့် ဆီလုံလောက်ခဲ့သည်။ အပိုစပါးများနှင့်ဆီပုံးများပါ ရောင်းချနိုင်ခဲ့ခြင်းကြောင့် သီးနှံရောင်း၍ဝင်ငွေများပါ ရရှိခဲ့ပြီး အခြားလိုအပ်သည်များ ဝယ်နိုင်ခြမ်းနိုင် လှူနိုင်တန်းနိုင်ကြလေသည်။

တကယ်တော့ ကိုထွန်းလှမှာ သူ့လယ်မြေများတွင် သီးနှံများ စိုက်ပျိုးဖြစ်ထွန်းခဲ့သဖြင့် သူ့မိသားစု စားဝတ်နေရေး အဆင်ပြေခဲ့ရသည်ကို ကျေနပ်မိခဲ့၏။

အင်း…ငါ့လယ်မြေမှာ ကောက်ပဲသီးနှံတွေ စိုက်ပျိုးဖြစ်ထွန်းခဲ့လို့ ငါ့မိသားစုဘဝ အဆင်ပြေပြေ ရပ်တည်နိုင်ခဲ့ရတာပဲ။ ဒီတော့ ငါမှာ ငါ့လယ်မြေတွေကို ပိုပြီးဂရုစိုက်ရမယ်။ မြေဆီဩဇာတွေနဲ့ ပြည့်ဝနေအောင် နွေဘက်ရောက်တိုင်း တင်းကုပ်ဘေးမှ နွားချေးအဆွေးတွေကို လယ်မြေကွက်ထဲ တိုက်ချပေးရမယ်။ ဒါ့အပြင် ပဲမှော်တွေ၊ ပဲအခွံတွေကိုလည်း လယ်မြေထဲ တိုက်ချပေးရင် လယ်မြေတွေဟာ ပိုပြီးဩဇာဓာတ်တွေနဲ့ ပြည့်ဝလာကြမှာပဲ။

သည်လယ်မြေမှာ စိုက်ပျိုးလုပ်ကိုင်သဖြင့် ထွက်ရှိလာသော ကောက်ပဲသီးနှံတို့မှာ သူ့မိသားစုအတွက် အစစလိုလေသေးမရှိရအောင် ဖြည့်ဆည်းပေးနိုင်ခဲ့သဖြင့် သူ့လယ်မြေများအား ကိုထွန်းလှ တန်ဖိုးထားခဲ့သည်။ လယ်မြေများက မြေဩဇာကောင်းသလို ကိုထွန်းလှကလည်း သူ့လယ်မြေများအား ပြီးလျှင်ပြီးရောဆိုသောသဘောဖြင့် ဘယ်သောအခါမှ ဖြစ်ကတတ်ဆန်း မလုပ်ကိုင်ခဲ့ပါချေ။ မိုးသီးနှံ၊ ဆောင်းသီးနှံများ စိုက်ရလျှင် စနစ်တကျ ထွန်ယက်ကာ စိုက်ပျိုးလုပ်ကိုင်တတ်၏။ ထို့ကြောင့်လည်း

www.burmeseclassic.com

ကိုထွန်းလှ လယ်ဆင်းရသည့်အခါ ပင်ပန်းခဲ့ရလေသည်။ ကိုထွန်းလှက အနာခံမှ အသာစံရမည်ဟု ယုံကြည်ထားသည်။ ထိုသို့ယုံကြည်ထားသည့်အတိုင်း စနစ်တကျလုပ်ကိုင်ခဲ့ခြင်းကြောင့်လည်း သီးနှံများ ပေါ်လာသည့်အခါ ကိုထွန်းလှ၏လယ်မှ ထွက်ရှိသော သီးနှံများကို အခြားလယ်သမားများ မည်သို့မျှ လိုက်မမီခဲ့ကြပါချေ။ ထိုသို့အထွက်ကောင်းခြင်းမှာ သူ၏ စနစ်တကျလုပ်ကိုင်ခဲ့ခြင်း၊ ဂရုတစိုက်ရှိခြင်းများကြောင့်ဟု ကိုထွန်းလှ သိမြင်ကာ ပီတိဖြစ်ခဲ့ရလေသည်။

သို့သော် လယ်မြေများကို ချစ်မြတ်နိုးသော ထိုလယ်မြေများတွင် ကောက်ပဲသီးနှံများ စိုက်လျှင်လည်း စနစ်တကျ ထွန်ယက်၍ စိုက်သမျှ ကောက်ပဲသီးနှံများအား အထွက်တိုးစေရန် ရည်ရွယ်လုပ်ကိုင်ခဲ့ရှာသော ကိုထွန်းလှ တစ်ယောက်မှာ လယ်သမားပီသခဲ့သော်လည်း ကံဇာတ်ဆရာကကံ သူ့အား အသက်ရှည်ရှည် နေခွင့်မပေးခဲ့ပါချေ။

အင်း‥ငါ့လယ်တွေထဲမှာ စိုက်ထားတဲ့ စပါးတွေ ရိတ်သိမ်းလို့ရ,မရ ငါ လယ်ထဲ လိုက်ကြည့်ဦးမှပဲ။

စပါးများ ရိတ်သိမ်း၍ ရနေပါလျှင် အချိန်အခါနှင့် ရိတ်သိမ်းပေးရ၏။ အမှည့်လွန်သည့်တိုင် မရိတ်ဘဲထားလျှင် စပါးနှံများ ကျိုးကျလာပြီး ရိတ်လျှင် ထိုကျိုးကျနေသော စပါးနှံများကို ရိတ်မိသဖြင့် စပါးနံတချို့မှာ လယ်ကွက်ထဲ ပြတ်ကျသွားတော့၏။ ထိုသို့ဖြစ်လျှင် လယ်သမားမှာ စပါးထွက် လျော့လေတော့သည်။

ဟော‥ဒီလယ်ကွက်ထဲမှာတော့ စပါးတွေ အမှည့်ညီနေပြီပဲ။ ဒီလိုဆိုရင် ကျန်တဲ့လယ်ကွက်တွေရော အမှည့်ညီကြပြီလားဆိုတာ လယ်ကွက်ထဲလိုက်ကြည့်ဦးမှပဲ။

ကိုထွန်းလှလည်း သူ့လယ်ကွက်များထဲသို့ ကန်သင်းအတိုင်း တိုးဝင်၍ စပါးများ မှည့်,မမှည့်၊ ရိတ်၍ရ,မရ လိုက်ကြည့်နေ၏။ လယ်ကန်သင်းများမှာ စပါးသီးများ လေးလံပြီး ကန်သင်းပေါ်သို့ ကိုင်းညွှတ်ကျနေခြင်းကြောင့် ကိုထွန်းလှမှာ ထိုကိုင်းညွှတ်ကျနေသော စပါးနှံများကို တိုးဝင်၍ ကန်သင်းအတိုင်းသွားကာ လယ်တစ်ကွက်ပြီး တစ်ကွက် လိုက်ကြည့်နေလေသည်။ ထိုသို့တိုးဝင်ကြည့်နေရင်းမှ ကိုထွန်းလှတစ်ယောက် မျက်လုံးထဲတွင် မီးပွင့်များ ထွက်လာသယောင် ခံစားရပြီး ပါးစပ်မှလည်း ကြောက်ရွံ့ထိတ်လန့်စွာ အော်ခဲ့လေသည်။

'အား‥အမယ်လေး'

'ဟာ‥ကိုထွန်းလှ၊ ဘာဖြစ်တာလဲဗျ'

'ငါ့‥ငါ့ခြေထောက်ကို ပိုးထိသွားပြီဟေ့'

လယ်နီးချင်းတဲမှ ကိုသာအေးလည်း ကိုထွန်းလှ လဲကျသွားရာသို့ အလျင်အမြန်ပြေးလာပြီး ပတ်ဝန်းကျင်ကို လက်ထဲမှ ဝါးပိုင်းတစ်ခုနှင့် ယမ်းကြည့်လေရာ အရှည်တစ်တောင်ခန့်ရှိသော တုတ်တိုတို မြွေပွေးကြီးတစ်ကောင် စပါးတောထဲ ဝင်ပြေးသွားသည်ကို တွေ့ရလေသည်။

'ကိုထွန်းလှ‥အားတင်းထားနော်။ ခင်ဗျားကို ကျုပ်ရွာကို ထမ်းသွားပြီး မြို့ဆေးရုံကို အချိန်မီရောက်အောင် ပို့ပေးပါ့မယ်။ ဆေးရုံအချိန်မီရောက်ရင် ခင်ဗျား သက်သာသွားမှာပါဗျာ'

ကိုသာအေးလည်း ကိုထွန်းလှအား ပခုံးပေါ်ထမ်းကာ ရွာသို့ သယ်သွားလေသည်။

'သာအေးရေ‥ငါ့မျက်လုံးတွေ ပြာလာပြီကွာ။ ငါ ဘာမှမမြင်ရတော့ဘူး။ ငါ ရေ‥ရေသောက်ချင်တယ်'

'ရွာကို ရောက်တော့မှာပါ ထွန်းလှရာ။ မင်း ဘာမှ မဖြစ်နိုင်ပါဘူးကွ။ မင်း အားတင်းထားနော် ထွန်းလှ'

မကြာမီ ထွန်းလှ အိမ်ရှေ့သို့ ရောက်လာ၏။

'ဟင်‥ကိုထွန်းလှ၊ ဘာဖြစ်လာတာလဲဟင်'

'နင့်ယောကျာ်း လယ်ထဲမှာ ပိုးထိလို့ ငါထမ်းလာတာဟေ့။ ဆေးရုံအမြန်ပို့ရအောင် စီစဉ်ဟေ့'

ထွန်းလှအား လှည်းဖြင့်တင်၍ ကားလမ်းသို့ပို့ရန် မောင်းထွက်လာခဲ့၏။

'ထွန်းလှ၊ အားတင်းထားနော်။ မင်း ဆေးရုံရောက်ရင် သက်သာသွားမှာပါကွာ'

'ဟင်‥ထွန်းလှ‥ထွန်းလှ'

'ဟာ‥ထွန်းလှကို ခေါ်မရတော့ဘူး။ လုပ်ကြပါဦး'

'ဟင်‥ဒီကောင် အသက်မရှိတော့ဘူးဘဲ'

ထို့ကြောင့် လှည်းကို ပြန်လှည့်မောင်းရတော့သည်။ ရွာထုံးစံအရ ထွန်းလှအလောင်းကို ထွန်းလှအိမ်သို့ ယူမလာဘဲ ရွာအပြင်တွင် ခေါင်းသွင်း၍ စင်မြင့်ပေါ်တင်ကာ ပြင်ထားရသည်။

'အမယ်လေး‥ကျေးဇူးရှင်ကြီးရယ်။ ကျွန်မတို့ သား

www.burmeseclassic.com

အမိတွေကို ရှင် စိတ်ချလက်ချ ထားခဲ့ပြီလားတော်။ ကျုပ်တို့သားအမိ ဘယ်သူ့ကိုအားကိုးပြီးနေရမှာလဲ ကိုထွန်းလှရယ်။ ဟီး..အီး..အီး'

'ကဲ..ကဲ..သမီး၊ ဒီလောက်ငိုရရင် တော်ရောပေါ့ကွယ်။ သမီးငိုကြွေးပူဆွေးနေလို့လည်း ထွန်းလှက ပြန်ရှင်လာမှာမှ မဟုတ်တာဘဲသမီး။ သူ့အလောင်း မြေကျကောင်းအောင် စီစဉ်ကြရဦးမယ်လေ။ သူ့အတွက် ဘဝကူးကောင်းနိုင်အောင်လည်း လုပ်ပေးကြရဦးမယ် မဟုတ်လားကွယ်'

ထွန်းလှအလောင်းအား သုံးရက်ထားပြီး သုသာန်တွင် သင်္ဂြိုဟ်ခဲ့ကြသည်။ ရက်လည်နေ့တွင် သံဃာငါးပါးပင့်ဖိတ်ဆွမ်းကျွေး ကုသိုလ်ပြုပေးကာ ပြုသမျှကုသိုလ်အား ထွန်းလှအတွက် ရည်စူး၍ အမျှဝေကာ သာဓုသုံးကြိမ် ခေါ်ဆိုခဲ့ကြသည်။

'ကဲ..သမီး၊ အခုဆိုရင် သမီးယောက်ျား ထွန်းလှလည်း မရှိတော့ဘူး။ သမီးမှာလည်း ကလေးလူမမည်လေးတွေနဲ့ အားကိုးအားထား မရှိလေတော့ အဖေတို့နဲ့ပဲ ပြန်ပေါင်းနေပေါ့ သမီးရယ်'

'အဖေ..သမီးရဲ့နွားတွေနဲ့ လယ်တွေက လုပ်မယ့်လူမရှိတော့ ဘယ်လိုလုပ်ရမလဲ အဖေ'

'အဖေတို့မှာလည်း လယ်တွေက များတော့ သမီးလယ်ကိုပါ ရောမလုပ်နိုင်ဘူးကွယ့်။ ဒါကြောင့် လူငှားတစ်ယောက်တော့ငှားပြီး လုပ်ရမှာပဲပေါ့ သမီးရယ်။ သမီးဘာမှမပူနေပါနဲ့။ အဖေစီစဉ်ပေးပါ့မယ်ကွယ်'

မိုးဦးကျခါနီးသောအခါ ရွာထဲမှ မြမောင်ဆိုသောလူရွယ်တစ်ယောက်ကို လူငှားအဖြစ် ငှားရမ်းရခဲ့ကြသည်။ တကယ်တော့ မြမောင်က လယ်၊ ကျွဲ၊ နွား ရှိသူမဟုတ်။ မိခင်မုဆိုးမကြီး တစ်ယောက်သာရှိ၍ မြမောင်က သူမိခင်ကြီးအား လူငှားလုပ်၍ ရှာဖွေကျွေးမွေး စောင့်ရှောက်နေရသူဖြစ်သည်။

'သား..မြမောင်၊ သား ဟိုမုဆိုးမ ထွေးခင်တို့လယ်တွေမှာ လူငှားဝင်လုပ်ပေးဖို့ ထွေးခင်ရဲ့ဖခင် ဦးမြက ငှားတယ်ဆိုတာ ဟုတ်လား'

'ဟုတ်ပါတယ် အမေ။ ထွေးခင်ရဲ့အဖေ ဦးမြက သားကို အားကိုးတကြီးနဲ့ ငှားလာတာပါ။ သားလည်း ထွေးခင်တို့ကို သနားမိတာနဲ့ လူငှားဝင်လုပ်ပေးဖို့ ဆုံးဖြတ်လိုက်တာပါ အမေ'

'ဟုတ်တာပေါ့ သားရယ်၊ ဦးမြတို့မှာ အကူအညီလိုလို့ အားကိုးပြီး ငှားလာတာဆိုတော့ သားအနေနဲ့ ကူညီလုပ်ကိုင်ပေးသင့်တာပေါ့ သားရယ်'

ထိုသို့ဖြင့် မြမောင်လည်း ထွေးခင်တို့ လယ်(၈)ကေကို လူငှားဝင်လုပ်ပေးနေရတော့သည်။

◆ ◆ ◆

'ဟော..မောင်မြမောင်ရောက်လာပြီပဲကွ'

'လာဟေ့၊ ဦးတို့နဲ့အတူ နံနက်စာ စားရအောင်ဟေ့'

'သမီးရေ..မောင်မြမောင် လယ်ဆင်းဖို့ ရောက်လာပြီဟေ့။ သူ့အတွက် နံနက်စာ ယူလာပေးပါကွယ်'

'ကဲ..ကိုမြမောင်၊ အဖေတို့နဲ့ပဲ ရေနွေးသောက်ရင်း နံနက်စာ စားလိုက်နော်'

'မြမောင်ရေ..မင်း ဒီနေ့ ပျိုးခင်းကွက် ထယ်ကျွတ်အောင် ထိုးမှာလား'

'ဟုတ်တယ် ဦးလေးမြရဲ့၊ ညနေဘက်မှာ မိုးလေအခြေအနေကြည့်ပြီး ပျိုးကြဲတန် ကြဲမယ်ခင်ဗျ'

'အေး.. စောစောပျိုးကြဲတော့ ပျိုးစောစောရရင် လယ်တွေ စောစောစိုက်နိုင်တာပေါ့ကွာ'

ထိုညနေဘက်တွင် မိုးရွာနေသဖြင့် ပျိုးမကြဲနိုင်ခဲ့ပေ။

'ဟေ့..မြမောင်၊ မင်းက ငါ့လယ်တွေကို လူငှားဝင်လုပ်နေတော့ သေချာစေ့စေ့စပ်စပ်တော့ လုပ်ဖို့လိုတယ်နော်။ မင်းလုပ်တာ နေရာမကျရင်တော့ ငါ မင်းကို အမြဲသတိပေးနေမှာပဲ။ ငါ သေသွားပေမယ့် ငါ့လယ်မှာ ငါရှိနေတယ် မြမောင်'

မြမောင်လည်း ညက ထွန်းလှကို အိပ်မက်,မက်ခဲ့သည်။ ထွန်းလှက သူ့လယ်ထဲတွင် ရှိနေကြောင်းနဲ့ သူ့လယ်တွေကို စနစ်တကျလုပ်ဖို့ သတိပေးသွားခဲ့သည်။

'အို..ငါ ထွန်းလှကို စိတ်ထဲ စွဲနေမိလို့ နေမှာပါ။ ငါ သူလုပ်ခဲ့တဲ့ လယ်တွေကို လူငှားဝင်လုပ်ခဲ့ပေမယ့် ငါဖြစ်ကတတ်ဆန်းမလုပ်ဘဲ စေ့စေ့စပ်စပ် လုပ်ခဲ့တာဆိုတော့ ထွန်းလှ သဘောကျမှာပါလေ'

တစ်နေ့တွင် လယ်ကွက်များအား ထယ်ထိုးနေ၏။ မြမောင်လည်း လယ်တစ်ကွက် ထယ်ကျွတ်လျှင် နောက်တစ်ကွက်သို့ ထယ်ဆက်ထိုးနေသည်။ ထယ်ကျွတ်ပြီး

www.burmeseclassic.com

သော လယ်ကွက်များအား လယ်ကန်သင်းများပိတ်၍ ရေလှောင်ထားပေးရ၏။ သို့မှသာ ထယ်ခဲများအား ရေနှစ်မြုပ်ပြီး ရေနူးကြကာ သမန်းလူးလျှင် သမန်းညက်လွယ်လေသည်။

'ဟော့..မြမောင်၊ မင်း နေ့ခင်းက ထယ်ကျွတ်သွားတဲ့ လယ်တစ်ကွက်ကို ကန်သင်းပိတ်ပြီး ရေမလှောင်ပေးခဲ့လို့ အခု ထယ်ခဲတွေနေပူမိပြီး မာကျောကုန်ပြီလေ။ အဲဒီလယ်ကွက်ကို သမန်းလူးရင် သမန်းညက်တော့မှာမဟုတ်ဘူးပဲ။ မင်းက လယ်ဝင်လုပ်တာ မစေ့စပ်ပါလားကွာ'

မြမောင်မှာ ညက ထွန်းလှ အိပ်မက်ပေး၍ မနေ့က ထယ်ကျွတ်သော လယ်တစ်ကွက်ကို သူ ကန်သင်းပိတ်၍ ရေလှောင်ပေးခဲ့ဖို့ မေ့သွားခဲ့သည်။ ဒီမနက် လယ်ထဲရောက်မှ ကန်သင်းပိတ်ပြီး ရေလှောင်ပေးနေရသည်။

'အင်း..ငါ ဒီလယ်တွေ ဝင်လုပ်ရတာ မစေ့စပ်လို့မဖြစ်ပါလား။ တစ်ခုခုလိုအပ်တာနဲ့ ထွန်းလှက အိပ်မက်နဲ့ သတိပေးလာတာပါလား'

မြမောင်လည်း ထွေးခင်တို့ လယ်များကို ထွန်းလှရှိခဲ့စဉ်က လုပ်ခဲ့သည့်အတိုင်း အသေအချာ လုပ်ကိုင်နေရပေသည်။ ထို့ကြောင့် စပါးများလည်း မည်းနေအောင် ထလာကြလေသည်။ ထွေးခင်နှင့် သူ့ဖခင် ဦးမြတို့ကပါ မြမောင်ကို ကျေးဇူးတင်ကြလေသည်။

ဖတဆိုးကလေး နှစ်ယောက်ဖြစ်သော ထွေးခင်၏ သားလေးနှစ်ယောက်မှာ စကားပြောတတ်ခါစဖြစ်၍ ချစ်စရာ ကောင်းလေသည်။ မြမောင်က ထိုကလေးငယ် နှစ်ယောက်ကို ကြည့်မြင်ကာ ငယ်ရွယ်စဉ်ကပင် ဖခင်မဲ့ခဲ့ကြသော ကံဆိုးလှသည့် ကလေးနှစ်ယောက်ကို သနားနေမိလေသည်။

ညဘက်တွင် အလုပ်သိမ်းပြီး၍ မြမောင် ညစာထမင်းစားပြီးခဲ့သည်။

'ကဲ..ထွေးခင်ရေ၊ အိမ်မှာ အမေတစ်ယောက်တည်း ငါ့အလာကို မျှော်နေလိမ့်မယ်။ ငါပြန်တော့မယ်ဟေ့'

'ဦးဦးမြမောင်က ဘယ်ကိုသွားမှာလဲဟင်။ သားတို့အိမ်မှာ မအိပ်ဘူးလားဟင်'

'ဟုတ်တယ် သားလေးရဲ့၊ ဦးတို့အိမ်မှာ ဘွားဘွားတစ်ယောက်တည်း ရှိနေတာဆိုတော့ ဦးအိမ်ကို ပြန်ရမယ်ကွ။ မနက်စောစောကျမှ ပြန်လာခဲ့မယ်နော်'

မြမောင်လည်း ကလေးများမှ မသိ၍ ပြောနေကြသည်ကို ကလေးများ ကျေနပ်အောင် မနက်မှ စောစောလာမည့် အကြောင်းပြောကာ ခပ်သုတ်သုတ် ထွက်လာခဲ့ရလေသည်။ ထိုကလေးများနှင့် မြမောင်တို့ သံယောဇဉ်ငြိတွယ်နေကြသည်ကို ထွေးခင်၏ မိဘများကလည်း သိကြလေသည်။ သို့သော် မြမောင်မှာ ထွေးခင်တို့နှင့် မည်သို့မျှ တော်စပ်မှုမရှိသဖြင့် အတားရခက်နေသည်။

တစ်နေ့တွင် ဦးမြတို့လည်း သမီးထွေးခင်အား တီးခေါက်ကြည့်မိကြလေသည်။

'သမီး.. သမီးဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ လင်ယောကျ်ားဆုံးပါးပြီး မုဆိုးမ ဖြစ်ခဲ့ရတယ်နော်။ အဖေတို့ရှိနေသေးလို့ အားကိုးမဲ့နေတဲ့ သမီးတို့မိသားစုကို အဖေတို့ ပြန်ခေါ်ပြီး လယ်လုပ်ငန်းတွေပါ ဆက်လုပ်နိုင်အောင် လူငှားနဲ့ စီစဉ်ပေးခဲ့ရတယ်လေ။ အခုဆိုရင် လူငှား မောင်မြမောင်ဟာ လယ်တွေကိုလည်း ထွန်းလှလုပ်ခဲ့သလို ကြိုးကြိုးစားစား လုပ်ကိုင်ပေးခဲ့တယ်။ ကလေးတွေကိုလည်း ဖတဆိုးလေးတွေဖြစ်နေလို့ သနားပြီး သံယောဇဉ်တွယ်ခဲ့လို့ ကလေးတွေကလည်း ပြန်ပြီး သံယောဇဉ်ငြိတွယ်နေကြပြီကွယ်။

ဒါနဲ့ သမီးကို အဖေတို့ မေးချင်တာကတော့ သမီးအနေနဲ့ အရွယ်ငယ်သေးတော့ နောက်အိမ်ထောင်ပြုမယ်ဆိုရင် မိမိနဲ့ ကလေးတွေကို သားမှတ်မှတ်လုပ်ကိုင်ကျွေးမွေးပေးမယ့် အိမ်ထောင်ဖက်ကို ရှာစေချင်တယ်ကွယ်။ ဒီလိုပြောရတာကလည်း အဖေတို့က အသက်အရွယ်တွေကြီးကြပြီမဟုတ်လား။ အဖေတို့ မရှိကြတော့ရင် သမီးတို့ကို စောင့်ရှောက်ပေးမယ့်လူ ရှိနေမှ ဖြစ်မှာမို့လို့ပါကွယ်'

'အဖေ..သမီးမှာက နွားတွေနဲ့ လယ်တွေကတစ်ဖက်၊ လူမမည်ကလေးတွေကတစ်ဖက်နဲ့ ဒုက္ခရောက်နေတာတော့ အမှန်ပဲ အဖေရယ်'

'ဒီလိုဆိုရင် သမီးတို့မိသားစု အစစအဆင်ပြေနိုင်အောင် မောင်မြမောင်ကို အိမ်ထောင်ဖက်ရွေးလိုက်ပါလားကွယ်'

'အိုး..အဖေတို့ကလည်း သူ့ဘက်က သဘောက ဘယ်လိုရှိမှန်း မသိဘဲနဲ့ သမီးလို ကလေးနှစ်ယောက်နဲ့ မုဆိုးမကို ဘယ်လက်ခံနိုင်ပါ့မလဲ အဖေရဲ့'



www.burmeseclassic.com

www.burmeseclassic.com

'အဲဒါက သမီးဘက်က အတွေးလေ။ အကယ်၍သာ မောင်မြမောင်က သမီးတို့ ဒုက္ခရောက်နေတာကို မကြည့်ရက်လို့ တာဝန်ယူမယ်ဆိုရင် သမီးအနေနဲ့ မငြင်းရဘူးနော်'

မကြာမီအချိန်တွင် မောင်မြမောင်တို့ သားအမိနှင့် ထွေးခင်၏မိဘများ သားရေးသမီးရေးကိစ္စ တိုင်ပင်ပြောဆိုခဲ့ကြသည်။

'ကျွန်မအနေနဲ့ကတော့ ဦးမြတို့ ကမ်းလှမ်းချက်ကို သဘောကျပါတယ်။ ဒါပေမဲ့ သားသဘောက ဘယ်လိုလဲဆိုတာ မသိရသေးဘူး။ သားသဘောကို ပြောပါဦးကွယ်'

'ကျွန်တော်က ထွေးခင်ရဲ့ သားလေးနှစ်ယောက်ကို ဖတဆိုးလေးဖြစ်နေလို့ သနားမိပါတယ်။ ထွေးခင်အဖို့လည်း လင်ယောကျ်ား ဆုံးပါးပြီး အားကိုးမဲ့မုဆိုးမ ဖြစ်နေခဲ့လို့ ကျွန်တော် သနားမိခဲ့တာ အမှန်ပါပဲ။ ထွေးခင်ကသာ လက်ခံမယ်ဆိုရင်တော့ ကျွန်တော် သူတို့သားအမိအတွက် တာဝန်ယူပေးချင်ပါတယ်'

နှစ်ဦးနှစ်ဖက် ပြေလည်သွားကြသောကြောင့် ကျေးရွာလူကြီးများရှေ့တွင် အကျဉ်းချုံးကာ လက်ထပ်ခဲ့ကြလေသည်။

'ဟေ့ကောင် မြမောင်၊ မင်းက ငါ့မိန်းမကိုရော ငါ့ရဲ့ လယ်တွေ၊ ကျွဲ၊ နွားတွေပါ အပိုင်စီးတဲ့ကောင်ပဲကွ။ ငါဟာ သေသွားခဲ့ပေမယ့် ငါ့ရဲ့လယ်မြေတွေကို စွဲလမ်းစိတ်နဲ့ ငါ့လယ်ထဲမှာ ကျွတ်ဖြစ်ပြီး စောင့်ရှောက်နေရတယ်လေ။ ဒါကြောင့် မင်း လယ်ဆင်းတဲ့အခါ နေရာမကျရင် ငါ အိပ်မက်ပေးပြီး သတိပေးခဲ့နိုင်တာပေါ့။ မင်း ငါ့ရဲ့မိန်းမကို လက်ထပ်ပြီး အပိုင်စီးတာကို ငါ လုံးဝမကျေနပ်ဘူး။ မင်း ငါ့အကြောင်း သိစေရမယ်'

မြမောင်လည်း ထွန်းလှ သူ့လယ်တွေကို စွဲလမ်းပြီး သူ့လယ်ထဲတွင် ကျွတ်ဘဝရောက်နေပြီး ထွေးခင်ကို လက်ထပ်လိုက်ခြင်းကို သူ မကျေနပ်၍ အန္တရာယ်ပေးမည့်အကြောင်း အိပ်မက်ပေးလာသည်ကို ယောက္ခမများအား ပြောပြခဲ့သည်။

'ဟာ..လယ်ကိုစွဲလမ်းပြီး လယ်ထဲမှာ ကျွတ်ဘဝနဲ့ စောင့်နေရတဲ့ ထွန်းလှက လူမှ မဟုတ်တော့တာပဲ။ သူ အန္တရာယ်မပေးနိုင်အောင်တော့ ရွာဦးကျောင်းက ဆရာတော်ကို လျှောက်ထားပြီး အကူအညီတောင်းရမှာပဲ'

ဦးမြတို့လည်း ရွာဦးကျောင်း ဆရာတော်အား အဖြစ်အပျက် အပြည့်အစုံ လျှောက်ထားကာ မည်သို့ဆက်၍ ဆောင်ရွက်သင့်ကြောင်း မေးလျှောက်ကြလေသည်။

'အင်း..အင်း..တကယ်တော့ ထွန်းလှဟာ သူ့လယ်တွေ၊ သူ့ရဲ့မိန်းမနဲ့ သားသမီးတွေကို စွဲလမ်းပြီး သူ့လယ်ထဲမှာ ကျွတ်ဘဝ ရောက်ခဲ့ရတာပဲ။ ဒီတော့ သူ့ကို ကျွတ်ဘဝက ကျွတ်လွတ်ပြီး ဘဝကူးကောင်းနိုင်အောင် သူ့အတွက် ရည်စူးပြီး ကောင်းမှုပြုကာ အမျှအတန်းပေးဝေလိုက်ကြပါ။ သူ ကောင်းမှုကုသိုလ်ရဲ့အမျှကို သာဓုခေါ်ဆိုနိုင်ခဲ့ရင်တော့ ကျွတ်ဘဝကနေ ကျွတ်လွတ်သွားနိုင်ပြီး ကောင်းရာဘုံဘဝကို ရောက်သွားခဲ့ရင် ထွေးခင်တို့၊ မြမောင်တို့ကိုလည်း အန္တရာယ်ဆက်မပေးနိုင်တော့ပါဘူး ဒကာတို့ရယ်'

ယောက္ခမများဖြစ်ကြသည့် ဦးမြတို့နှင့် မြမောင်တို့ လင်မယားပါ အိမ်တွင် ရွာဦးကျောင်းမှ သံဃာငါးပါး ပင့်ဖိတ်၍ ဆွမ်းကျွေးအလှူပေးကာ ကျွတ်ဖြစ်နေသော ထွန်းလှအား ရည်စူး၍ အမျှအတန်းပေးဝေခဲ့ကြလေသည်။

'ကဲ..မောင်ထွန်းလှရေ၊ မင်းလုပ်ခဲ့တဲ့ လယ်မြေတွေ မင်းရဲ့ ဇနီး၊ သားသမီးတွေကို စွဲလမ်းကာ မကျွတ်မလွတ်ဖြစ်ပြီး လယ်ထဲမှာ ကျွတ်ဘဝရောက်နေသော ထွန်းလှရေ၊ မင်းဟာ ကျွတ်ဘဝရောက်ပြီး ဘဝခြားခဲ့ပြီလေ။ မင်းရဲ့လယ်တွေကို မင်းမလုပ်နိုင်တော့သလို မင်းဇနီးနဲ့ သားသမီးတွေကိုလည်း မင်း ဆက်ပြီးတာဝန်ယူကာ မစောင့်ရှောက်နိုင်တော့ဘူး။ ဒါကြောင့် မင်း ကျွတ်ဘဝက ကျွတ်လွတ်အောင် မင်းအတွက် ရည်စူးပြီး ကောင်းမှုကုသိုလ်ပြုကာ အမျှအတန်းပေးဝေပါတယ်။ မင်း ကြားရာအရပ်မှ သာဓုခေါ်နိုင်ကာ တစ်ဆင့်မြင့်သော ဘဝသို့ ကျွတ်လွတ်ကူးရောက်နိုင်ပါစေ ထွန်းလှရေ၊ အမျှ..အမျှ..အမျှ'

ကျွတ်ဖြစ်နေသော ထွန်းလှအတွက် ကုသိုလ်ပြုကာ အမျှအတန်းပေးဝေပြီးနောက်တွင်တော့ မြမောင်တို့၊ ထွေးခင်တို့လည်း မည်သည့်အနှောင့်အယှက်မျှ မရှိတော့ဘဲ လယ်မြေများကို အေးချမ်းစွာ လုပ်ကိုင်သွားနိုင်ခဲ့ကြလေတော့သည်။

**တင့်ထူး(ဇေယျဝတီ)**



www.burmeseclassic

www.burmeseclassic.com

(၁)

မောင်လူလှသည် အသက်(၂၀)ခန့် လူငယ်ကလေးဖြစ်၏။ ငယ်စဉ်က ဖခင်ဆုံးပါးသွားသဖြင့် မိခင်ကြီး၏ အကြော်ဆိုင်အား ကူညီလုပ်ကိုင်ရသဖြင့် ကျောင်းလည်း ဖြစ်ဖြစ်မြောက်မြောက် မတက်ခဲ့ရချေ။ (၇)တန်းထိ ကျောင်းတက်ပြီး ကျောင်းထွက်လိုက်ရလေသည်။

မောင်လူလှသည် နာမည်နှင့်လိုက်အောင် ရုပ်ကလေးသနားရုပ်ပ ရှိလေသည်။ အရွယ်ရောက်လာသည်ဆိုလျှင် သူ့အား ချစ်ကြိုက်သူ မိန်းကလေးများ ရှိလာလေ၏။ မောင်လူလှသည် ရုပ်ရည်ချောမောသည်သာမက အရပ်ရှည်ရှည်နှင့်ဖြစ်ပြီး အရပ်ထဲတွင် ဘောလုံးအသင်း၊ ဘော်လီဘောအသင်းတို့၌ ပါဝင်ကစားသဖြင့် ကိုယ်ခန္ဓာလည်း အချိုးအစားကျနေလေသည်။



သူ့အား ချစ်ကြိုက်သူ များသော်လည်း မောင်လူလှက သူ့ကို ချစ်ခင်နှစ်သက်သော မိန်းကလေးများအား သူငယ်ချင်းလို၊ နှမလေးလိုသာ သဘောထား ဆက်ဆံသဖြင့် သူတို့သည် တစ်ဦးကိုတစ်ဦး ချစ်ချစ်ခင်ခင်ရှိလေသည်။

မောင်လူလှမှာ မိခင်၏ အကြော်ဆိုင်လုပ်ငန်းကို ကူညီလုပ်ကိုင်ရင်း အခြားကြုံရာကျပန်း အလုပ်များကိုလည်း လုပ်လေသည်။

ယခုလို ငရုတ်သီးစိမ်းများ ပေါချိန်တွင် တောင်ပေါ်သို့ စက်ဘီးကလေးနှင့် သွားရောက်ကာ ငရုတ်သီး စိမ်းများ ဝယ်ယူပြီး မြွေခွံအိတ်ကြီးများနှင့်ထည့်ကာ မြို့သို့ သယ်ယူရောင်းချလေသည်။ မြို့တွင် ငရုတ်သီးကောက်သောဒိုင်များ ရှိလေသည်။ ထိုဒိုင်များသည် မောင်လူလှတို့ကဲ့သို့ ငရုတ်သီးစိမ်း ရောင်းသူများထံမှ



www.burmeseclassic

www.burmeseclassic.com

ဧရာတ်သီးများကို ကောက်ယူကာ သီးညပ်ကလေးများနှင့် အမှိုက်သရိုက် အစအနကလေးများ အရွက်ကလေးများကို လှူငှားများနှင့် ရွေးထုတ်ကာ ကောင်းသောအသီးများကို တစ်ဆင့်ရောင်းချကြလေသည်။ အရက်ချက်သော စက်ရုံများသို့ အများဆုံး ပေးသွင်းရကြောင်း သိရလေသည်။

ဧရာတ်သီးစိမ်း တုံးသွားသည့်အခါများတွင် တောင်ပေါ်သို့တက်၍ ထင်းခုတ်ရောင်းလေသည်။ တောင်ပေါ်တွင် သက်ဆိုင်ရာမှ ခုတ်လှဲပြီး ကျွန်းပင်များမှ ကျန်ရစ်သော အမြစ်ပိုင်းများကို ပုဆိန်ဖြင့် ပေါက်ယူကာ ထင်းအဖြစ် အစည်းကလေးများစည်း၍ ရောင်းချကြလေသည်။

ထိုသို့ တောင်ပေါ်သို့ တက်ရသည့်ရက်များတွင် မောင်လူလှသည် နံနက်(၄)နာရီခန့်တွင် အိပ်ရာမှထရလေသည်။ မျက်နှာသစ် ကိုယ်လက်သန့်စင်ပြီး ဘုရားရှိခိုးကာ အစ်မကြော်ပေးသော ထမင်းကြော်နှင့် ရေနွေးကြမ်းကို စားသောက်ပြီး တောင်ပေါ်တက်လေ့ရှိ၏။

မောင်လူလှသည် နဖူးတွင်စည်းရသော ဓာတ်မီးကလေးရှိရာ ထိုဓာတ်မီးကလေးကို နဖူးတွင်စည်းပြီး ခမောက်ဆောင်းကာ မြွေခွံအိတ်လွတ်(၂)လုံးကို စက်ဘီးနောက်တွင်ချည်ပြီး စက်ဘီးနင်းကာ တောင်ပေါ်သို့ သွားလေ့ရှိ၏။

# မင်းသန့်ကျော်(မီးကုန်း)

# ဥစ္စာစောင့်နှင့် ချစ်ခဲ့သူ



www.burmeseclassic.com

မောင်လူလု၏မိခင်သည် စောသေးသဖြင့် အကြော်ဆိုင်မထွက်သေး။ မောင်လူလု ခါတိုင်းလုပ်ပေးနေကျဖြစ်သော ဘူးသီးများ စိတ်ခြင်း၊ ကြက်သွန်များကို လှီးခြင်း စသောအလုပ်များကို လုပ်ကိုင်နေလေသည်။

မောင်လူလု တောင်ပေါ်သွားရာတွင် အဖော်များအဖြစ် သူတို့အိမ်နှင့် (၄-၅)အိမ်တွင်နေသော နိုင်ကျော်နှင့် နိုင်ဇော် အမြွှာညီအစ်ကိုနှစ်ယောက်နှင့်အတူ သွားလေ့ရှိ၏။

ယနေ့မူ မောင်လူလုက ဝင်ခေါ်ရာတွင် နိုင်ကျော်က-

'သူငယ်ချင်း… သွားနှင့်ကွာ။ ငါတို့နှစ်ယောက် နောက်က လိုက်လာခဲ့မယ်။ ငါတို့အမေ မြို့က မီးခွက်ဈေးကို သွားနေလို့ ငါတို့ အိမ်စောင့်နေရတယ်။ အမေပြန်ရောက်ရင် လိုက်လာမယ်ကွာ'

'အေး… အေး… ငါသွားနှင့်မယ်၊ ဟိုရောက်ရင်လည်း မင်းတို့ဖို့ပါ ဖထီးဆီမှာ ငါယူထားလိုက်ပါ့မယ်'

မောင်လူလုက ထိုသို့ပြောပြီး တစ်ဦးတည်း ထွက်လာခဲ့လေသည်။

မိုးမလင်းသေးသဖြင့် မောင်လူလုသည် နဖူးမှ ဓာတ်မီးရောင်ဖြင့် စက်ဘီးကို နင်းလာခဲ့လေသည်။ လမ်းတွင် ရွာများ၊ လယ်ကွင်းများ၊ တောတန်းကလေးများကို ကျော်လာပြီးမှ တောင်ပေါ်ရွာသို့ ရောက်လေသည်။ တောင်ပေါ်ရွာတွင် ရွာသားများသည် မိမိတို့ ဂေရတ်စိုက်ခင်းများမှ ဂေရတ်သီးစိမ်းများကို ခူးဆွတ်ပြီး အပုံကြီးများ ပုံထားလေသည်။

မောင်လူလုတို့ကဲ့သို့ ဂေရတ်သီးစိမ်း ကောက်သူများသည် မိုးလင်းသောအခါ တဖွဲဖွဲရောက်လာကြလေသည်။ သူတို့သည် မိမိတို့အလိုရှိသလောက် ဂေရတ်သီးစိမ်းများကို ချိန်တွယ်ဝယ်ယူကြလေသည်။ မောင်လူလုသည် လိုအပ်သော ဂေရတ်သီးစိမ်း ရသောအခါ မြေခွံအိတ်များအတွင်း ထည့်ကာ စက်ဘီးနှင့်တင်ပြီး မြို့သို့ ပြန်လာလေ့ရှိလေသည်။

မောင်လူလုသည် ထိုသို့ တောင်ပေါ်သို့တက်ရာတွင် အိမ်မှ နှင်းဆီပန်းကလေး တစ်ပွင့်ကို ခူးလာလေ့ရှိလေသည်။

မောင်လူလုမိခင်သည် ပန်းပင်စိုက်ပျိုးခြင်းကို ဝါသနာပါသူဖြစ်၍ နှင်းဆီပန်းပင်များကို အိမ်ရှိ မြေကွက်လပ်များတွင် စိုက်ပျိုးထားလေသည်။ နှင်းဆီပန်းများကို ဘုရားလည်း နေ့စဉ်ကပ်၏။ ဘုန်းကြီးကျောင်းသို့လည်း အခါကြီးရက်ကြီးများတွင် သွားရောက်လှူဒါန်းလေ့ရှိလေသည်။

မောင်လူလု အိမ်မှထွက်၍ လမ်း၌ ရွာတစ်ရွာကျော်သောအခါတွင် တောစပ်ကလေးတစ်ခုရှိလေသည်။ တောစပ်၏အစတွင် သစ်ပင်ကြီးတစ်ပင်နှင့် ထိုသစ်ပင်ခြေရင်းတွင် တောင်ပို့ကြီးတစ်ခု ရှိလေသည်။ တောင်ပို့ခြေရင်းတွင် ပန်းအိုးရှည်ရှည်ကလေး တစ်လုံးနှင့် ထိုပန်းအိုးအတွင်း ပန်းကလေးများ ထိုးစိုက်ထားသည်ကို မောင်လူလု နေ့စဉ်တွေ့နေရ၏။

ခရီးသွားများသည် ပန်းအိုး၌ ပန်းကလေးထိုးကာ လိုရာဆုတောင်းကြသည်ဟု မောင်လူလု ထင်လေသည်။

ယခုနှစ် တောင်ပေါ်တက်သည့်အချိန်မှ အစပြုကာ မောင်လူလုလည်း အိမ်ရှိ နှင်းဆီပင်မှ ပန်းတစ်ပွင့်ကို ခူးလာကာ ထိုပန်းအိုးကလေး၌ ထိုးလေ့ရှိလေသည်။

မောင်လူလုသည် ရည်ရွယ်ချက်မရှိသော်လည်း နေ့စဉ် ပြုမြဲထုံးစံအတိုင်း ပန်းအိုး၌ ပန်းတစ်ပွင့်ထိုးကာ လုပ်ငန်းများ အောင်မြင်ပါစေကြောင်း ဆုတောင်းလေ့ရှိလေသည်။

နှင်းဆီပန်းမရသောနေ့များတွင် မောင်လူလုသည် ရရာပန်းတစ်ပွင့်ကို ခူးလာပြီး ပန်းအိုး၌ ထိုးစိုက်လေ့ရှိလေသည်။

ယနေ့ ဂေရတ်သီးစိမ်း ကောက်ယူရန် မောင်လူလု ထွက်လာရာတွင် ညက မြင်မက်သော အိပ်မက်ကြောင့် တောင်ပို့ကလေးနား ရောက်သည်တွင် စိတ်ထဲ၌ တစ်မျိုးဖြစ်နေလေသည်။

အိပ်မက်မှာ ဤသို့ဖြစ်လေသည်။

မောင်လူလု ထိုတောင်ပို့ကလေးအနီး ရောက်သည်တွင် စက်ဘီးပေါ်မှဆင်းလိုက်ရာ သစ်ပင်အကွယ်မှ မိန်းမပျိုကလေးတစ်ယောက် ထွက်လာကာ မောင်လူလုအား ပြုံးရွှင်စွာကြည့်နေလေသည်။ သူမ၏လက်ထဲ၌ နှင်းဆီပန်းကလေးတစ်ပွင့်ကို ကိုင်ထားလေသည်။ မောင်လူလု မနေ့ကထိုးခဲ့သော နှင်းဆီပန်းဖြစ်၍ နွမ်းခြောက်နေပေပြီ။ ထိုခဏ၌ မိန်းမပျိုလေးက စကားပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com

'အစ်ကို..မောရင် ခဏနားပါဦးလား။ မိုးတောင် မလင်းသေးဘူး'

မိန်းမပျိုလေးသည် သနပ်ခါးပါးကွက်ကျား လိမ်းထားပြီး သူမထံမှ သင်းပျံ့သောရနံ့တစ်မျိုးကို မောင်လူလှ ရှူရှိုက်မိလေသည်။

မောင်လူလှသည် နဖူး၌စည်းထားသော ဓာတ်မီးရောင်ဖြင့် မိန်းမပျိုလေးကို ထောင်းစွာမြင်ရ၏။ သူမသည် လှပလွန်းလေသည်။

'တောင်ပေါ်ရောက်အောင် သွားရဦးမယ်ဗျ။ နားလို့ဖြစ်မယ်မထင်ဘူး'

မောင်လူလှ ထိုသို့ပြန်ပြောလိုက်ပြီး သူ့လက်ထဲ၌ပါလာသော နှင်းဆီပန်းကို ပန်းအိုး၌ထိုးမည်ပြုလိုက်၏။

'အို..ပန်းအိုးထဲမှာ ထိုးမနေပါနဲ့တော့။ ညီမကိုပဲ ပေးလိုက်ပါ။ ညီမလေ အစ်ကို နေ့စဉ် ထိုးခဲ့တဲ့ ပန်းကလေးတွေကို ညီမခေါင်းမှာ ပန်ပါတယ်'

မောင်လူလှသည် ပန်းကလေးကို မိန်းမပျိုလေးသို့ ပေးလိုက်၏။

မိန်းမပျိုလေးသည် ပန်းကလေးကိုယူကာ ခေါင်း၌ ပန်လိုက်လေသည်။ ပြီးနောက် ပြုံးရွှင်စွာဖြင့် မောင်လူလှကို ကြည့်နေလေသည်။

မောင်လူလှက နာမည်ကို မေးမည်ပြုလိုက်၏။

ထိုစဉ် မှောင်ရိပ်ထဲမှ အသားညိုညို အရပ်ရှည်ရှည်နှင့် မိန်းမကြီးတစ်ဦး ထွက်လာကာ မောင်လူလှကို ကြည့်နေလေသည်။

ထိုစဉ် မောင်လူလှ အိပ်မက်မှ လန့်နိုးလာခြင်းဖြစ်၏။

(၂)

ယနေ့ မောင်လူလှ တောင်ပေါ်သို့ ထွက်လာရာတွင် မြင်မက်ခဲ့သော အိပ်မက်အကြောင်းကို စဉ်းစားကာ စိတ်ထဲ၌ တစ်မျိုးဖြစ်နေလေသည်။

အိပ်မက်ထဲတွင်တွေ့ရသော မိန်းမပျိုလေးကို ထပ်မံတွေ့ဆုံလိုသောဆန္ဒ ဖြစ်ပေါ်နေလေသည်။ ထိုတောင်ပို့နား၌ တကယ်ပင် သူရှိနေသလား သိချင်လာ၏။

မောင်လူလှသည် အမျိုးမျိုးတွေးတောရင်းဖြင့် လာခဲ့ရာ ရှေ့နားတွင် တောင်ပို့ကလေးကို ဓာတ်မီးရောင်ဖြင့် မြင်ရလေသည်။

တန်ဆောင်မုန်းလဆုတ်ရက်၏ နံနက်ခင်းလရောင်သည် ကြည်လင်အေးမြစွာ ဖြာကျနေလေသည်။ ပတ်ဝန်းကျင်ရှိ သစ်ပင်တောတောင်အားလုံးတို့သည် လရောင်တွင် လှပနေလေသည်။ ငရုတ်သီးစိမ်းသည် တော်သလင်း၊ သီတင်းကျွတ်လများမှ စတင်၍ပေါ်ရာ ယခုလို တန်ဆောင်မုန်းလတွင် လှိုင်လှိုင်ပေါ်ပြီဖြစ်လေသည်။ မောင်လူလှသည် အခြားသူများနှင့် အလုအယက်ကောက်ရခြင်း မပြုရစေရန် တောင်ပေါ်ရွာမှ အဘိုးဖထီးအား ကြိုတင်ကောက်ယူထားရန် မှာကြားပြီးဖြစ်လေသည်။ ဖထီးသည် သူ့အတွက်သာမဟုတ်၊ နိုင်ကျော်နှင့် နိုင်ဇော်တို့အတွက်ပါ ကြိုတင်ကောက်ထားပေးလေသည်။

ငရုတ်သီးစိမ်း ကောက်ယူသူများ ပေါသဖြင့် စောစောရောက်အောင်လာရန် မနေ့က ဖထီးမှာလိုက်သည်ကိုလည်း သတိရ၏။ ယခုအချိန်တွင် မိုးမလင်းသေး။ မိုးလင်း၍ပါက တောင်ပေါ်ရွာသို့ရောက်ရန် လိုလေသည်။

တောင်ပို့ကလေးအနီးသို့ရောက်လျှင် မောင်လူလှသည် စက်ဘီးပေါ်မှဆင်းကာ ပန်းကလေးတစ်ပွင့်ကို ပန်းအိုးကလေးတွင် ထိုးစိုက်လိုက်လေသည်။ ထို့နောက် မိန်းမပျိုလေး ရောက်လာပါစေဟု ဆုတောင်းလိုက်၏။

မောင်လူလှသည် အိပ်မက်ကို ပြန်သတိရလေသည်။

အိပ်မက်ဆိုသည်မှာ သွေးလေချောက်ချား၍လည်း မက်တတ်ကြောင်း လူကြီးသူမများ ပြောသည်ကို ကြားဖူးလေသည်။ ညကအိပ်မက်သည် ထိုသို့သော အိပ်မက်မျိုးပဲ ဖြစ်လိမ့်မည်ဟု တွေးလိုက်၏။

ထို့နောက် တောင်ပေါ်ရွာသို့ ဆက်သွားရန် စက်ဘီးပေါ်တက်လိုက်၏။

ထိုခဏတွင် သစ်ပင်ကွယ်မှ မိန်းမပျိုကလေးတစ်ဦး ထွက်လာပြီး-

'အစ်ကို..ခဏနေပါဦး'

မိန်းမပျိုလေးသည် ပန်းအိုးတွင်းမှ ပန်းကလေးကို ယူကာ ခေါင်း၌ပန်လိုက်၏။

မောင်လူလှသည် စက်ဘီးပေါ်မှ ပြန်ဆင်းလိုက်လေသည်။

ထိုမိန်းမပျိုလေးသည် မောင်လူလှအား နှစ်သက်နေသော ရွာထဲရှိ မိန်းမပျိုလေးများ၏အလှနှင့် မယှဉ်နိုင်ဘဲ လွန်စွာလှပချော်မောနေလေသည်။ အိပ်မက်ထဲကလို


burmeseclassic

www.burmeseclassic.com

သနပ်ခါးပါးကွက်ကျား လိမ်းထားလေသည်။ မောင်လူလှသည် မိန်းမပျိုကလေးကို မြင်လျှင်မြင်ချင်း စွဲလမ်းသွားမိလေသည်။

'အစ်ကိုယူလာတဲ့ နှင်းဆီပန်းကို ညီမ နေ့တိုင်း ပန်ပါတယ်'

မိန်းမပျိုလေးသည် ယခုခေတ်မိန်းမပျိုလေးများ ဝတ်စားဆင်ယင်ပုံနှင့် လုံးဝမတူဘဲ ရှေးလူများကဲ့သို့ ဝတ်စားဆင်ယင်ထားလေသည်။ ဆံထုံးကို တစ်ပတ်လျှိုထုံးကာ ထိုင်မသိမ်းအင်္ကျီနှင့်၊ ချိတ်ထဘီနှင့် ဖြစ်လေသည်။

'အစ်ကို့ကို ညီမ သစ်ပင်ကွယ်က နေ့တိုင်း တိတ်တခိုးကြည့်နေတာ'

မောင်လူလှသည် မိန်းမပျိုလေးကို ငေးကြည့်နေမိလေသည်။

အိပ်မက်ထဲကအတိုင်း ဖြစ်နေလေပြီ။

'ကျွန်တော် ဒီနားမှာ မင်းလို ရုပ်ရည်မျိုးနဲ့ မိန်းကလေးမျိုး တစ်ခါမှ မတွေ့ဖူးပါဘူး။ ဘယ်ရွာမှာနေသလဲဟင်'

'ညီမက ဟိုနားကရွာကပါ။ ညီမနာမည်က နန်းဒေဝီလို့ ခေါ်ပါတယ်။ ဒေဝီလို့ခေါ်ရင် ရပါတယ်ရှင်'

'ခုတော့ ကျွန်တော် တောင်ပေါ်ကို သွားရဦးမယ်။



ဖထီးက စောင့်နေမှာ'

အရှေ့ဘက်တွင် ရောင်နီများ လာနေလေပြီ။ မကြာမီ မိုးလင်းတော့မည်ဖြစ်လေသည်။ မောင်လူလှသည် နဖူးတွင် တပ်ဆင်ထားသော ဓာတ်မီးကို ဖြုတ်လိုက်၏။

'တောင်ပေါ်ကို နောက်မှသွားပါလား။ ဒီနေ့ အစ်ကိုတစ်ယောက်တည်းမို့ ညီမခေါ်ရဲတာပါ။ ခါတိုင်း အဖော်တွေနဲ့လာတော့ ညီမမခေါ်ရဲဘူး။ ကြည့်ရုံပဲ ကြည့်နေရတာ'

မိန်းမပျိုလေးခေါ်ရာသို့ မောင်လူလှ လိုက်ချင်နေလေသည်။ သို့သော် တောင်ပေါ်ရွာမှ ဖထီးစောင့်နေမည်ကိုလည်း သိသဖြင့် ဝေခွဲမရဖြစ်နေ၏။

'ဘာလဲ၊ အစ်ကိုက တောင်ပေါ်ရွာကို သွားချင်နေတာလား။ အဲဒါအတွက် မပူပါနဲ့။ အစ်ကိုပြောတဲ့ ဖထီးကို ညီမ လူလွှတ်ပြီး ပြောခိုင်းလိုက်ပါ့မယ်'

မောင်လူလှပြောသော ဖထီးကို မိန်းမပျိုလေး သိနေပုံရလေသည်။

'ဒါဆိုလည်း လိုက်ခဲ့မယ်လေ။ နေရာသိရုံပဲနော်။ နောက်တော့မှ သတ်သတ်လာလည်ပါဦးမယ်'

မောင်လူလှသည် မိန်းမပျိုလေးကိုတွေ့သည့်အချိန်မှစ၍ မိမိစိတ်များ ဖောက်ပြန်နေသည်ကိုသိ၏။ ထို့ကြောင့် လိုက်သွားရန် ဆုံးဖြတ်လိုက်လေသည်။

ရွာထဲတွင် မိမိကိုကြိုက်နေကြသော မိန်းမပျိုလေးများကို မရိုးသားသောစိတ်ဖြင့် မဆက်ဆံခဲ့ဖူးသော မောင်လူလှသည် ယခု မိန်းမပျိုလေးနှင့်ကျမှ ရင်ခုန်ချင်လာ၏။ မိန်းမပျိုကလေး၏အပြုံးက သူ့ကို ဖမ်းစားထားလေသည်။

'ကဲ..သွားကြပါစို့အစ်ကို၊ တော်ကြာ အလင်းရောင်တွေပေါ်လာရင် လူတွေ မြင်ကုန်ပါဦးမယ်။ အစ်ကိုက စက်ဘီးကိုနင်း၊ ညီမက နောက်ကစီးမယ်နော်'

ထိုစဉ် သစ်ပင်ကွယ်မှ အသားညိုညို အရပ်ရှည်ရှည်နှင့် အဒေါ်ကြီးတစ်ယောက် ထွက်ပေါ်လာလေသည်။

'တူမလေး..မိုးလင်းနေပြီ။ ပြန်ရအောင်ကွယ်'

'ဟုတ်ကဲ့၊ ပြန်တော့မှာပါ ကြီးတော်။ သူ ဘယ်သူလဲဆိုတာ ကြည့်လိုက်ပါဦး ကြီးတော်'

ကြီးတော်သည် မောင်လူလှကို စေ့စေ့ကြည့်ကာ အံ့အားသင့်စွာဖြင့် -

'ဟယ်..မောင်ဒေဝပါလား။ မင်း ဒီနားမှာ နေတယ်

www.burmeseclassic.com

နော်'

'ဟုတ်ကဲ့ခင်ဗျာ။ ဒါပေမဲ့ ကျွန်တော့်နာမည် မောင်ဒေဝ မဟုတ်ပါဘူး၊ မောင်လူလှပါ'

'အေးပါကွယ်၊ အေးပါ။ မောင်ဒေဝဆိုတာ အဒေါ်သိတဲ့ နာမည်လေ'

မိန်းမပျိုလေးက-

'ဒါတွေကို အိမ်ရောက်တော့ ရှင်းပြပါ့မယ်။ ကြီးတော်၊ ကျွန်မ သူ့ကို အိမ်ခေါ်သွားမယ်နော်'

'အေး..အေး..ခေါ်သွား၊ ကြီးတော် ဟိုနားကို သွားလိုက်ဦးမယ်။ တူမလေးတို့ သွားနှင့်ကြလေ'

မောင်လူလှသည် မိန်းမပျိုလေးအား စက်ဘီးနောက်မှ တင်ခေါ်ကာ သူမ ပြသည့် လမ်းအတိုင်း စက်ဘီးနင်းလာလေသည်။

(၃)

မကြာမီ ရွာကလေး တစ်ရွာသို့ ရောက်လေ၏။

'အဲဒါ ဒေဝီတို့ ရွာပဲ အစ်ကို'

'ရွာနာမည်က ဘာတဲ့လဲ၊ အစ်ကို တစ်ခါမှ မရောက်ဖူးဘူး'

'ရွှေဘုံသာရွာတဲ့ အစ်ကို'

မောင်လူလှသည် ရွာကလေးကို ကြည့်လိုက်၏။ အိမ်ခြေများများစားစား မရှိချေ။ သို့သော် အိမ်ကလေးများမှာ အားလုံး လှပသေသပ်စွာ ဆင်တူဆောက်လုပ်ထား၍ နေချင့်စဖွယ် ရှိလေသည်။ ထိုနေရာတွင် ဤသို့သော ရွာကလေးရှိသည်ဟူ၍လည်း မကြားဖူးချေ။ တောတန်းကလေး တစ်ခုရှိသည်ဟုသာ သူသိထားလေသည်။

ဒေဝီသည် အိမ်ကလေး တစ်အိမ်ထဲ ဝင်သွား၏။

မောင်လူလှက နောက်ကလိုက်သွားလေသည်။ စက်ဘီးကို အိမ်အပြင်တွင် ထားခဲ့၏။

အိမ်အတွင်း ရောက်သောအခါ လှပခမ်းနားစွာ ပြင်ဆင်ထားကြောင်း တွေ့ရ၏။ အိမ်ပြင်ဘက်နှင့် လုံးဝမဆိုင်ချေ။ ပြတင်းပေါက်များတွင် ခန်းဆီးကလေးများ ချထား၏။

ဒေဝီသည် မောင်လူလှအား ရေနွေးကြမ်း၊ မုန့်များဖြင့် ဧည့်ခံ၏။

'စားပါ သောက်ပါအစ်ကို။ ဘာမှမဖြစ်စေရပါဘူး'

မောင်လူလှသည် မုန့်များကို ယူစား၏။ အရသာမှာ ထူးကဲစွာ ကောင်းမွန်နေလေသည်။ ထိုမုန့်များကို မောင်လူလှ ယခင်က မစားဖူးချေ။

'ဒါဘာမုန့်လို့ ခေါ်သလဲဟင်'

'ညီမတို့ ဘိုးစဉ်ဘောင်ဆက်ကတည်းက လုပ်စားလာတဲ့မုန့်မျိုးပါ။ ရေနွေးကြမ်းသောက်ပါဦး'

မောင်လူလှသည် ယွန်းခွက်ကလေးဖြင့် ရေနွေးကြမ်းတစ်ခွက်ငှဲ့ပြီး သောက်လိုက်၏။ ရေနွေးကြမ်းသည် လက်ဖက်ခြောက်နှင့်မတူသော ခပ်သင်းသင်းရနံ့ကလေး ထွက်ပေါ်နေလေသည်။

'ဒါ လက်ဖက်ခြောက်မဟုတ်ဘူးအစ်ကို။ တောထဲက သစ်ပင်တစ်ပင်မျိုးကရတဲ့ သစ်ရွက်နုကလေးတွေကို အခြောက်လှန်းထားတာပါ'

ဒေဝီသည် စကားပြောရင်း မောင်လူလှအနီးသို့ကပ်၍ ထိုင်လေသည်။

ပြီးတော့ မောင်လူလှ၏လက်ပေါ်တွင် သူမလက်ဖြင့် အုပ်၍ကိုင်ထားပြီး-

'အစ်ကို..အခုထိ မမှတ်မိသေးဘူးလား'

'ဟင့်အင်း၊ အစ်ကိုတော့ ဘာကိုမှမမှတ်မိဘူး'

'ဒါဆို ညီမပြောပြမယ်။ ဟိုဘဝတုန်းက အစ်ကိုနဲ့ ညီမက ချစ်သူတွေလေ'

မောင်လူလှက ဒေဝီ၏ လက်ကလေးများကို ပြန်လည်ဆုပ်ကိုင်ထားလေသည်။

'ဘယ်တုန်းကလဲ'

'အို..ဟိုဘဝတုန်းက ပြောတာပါ။ ဟိုဘဝတုန်းက ညီမက သူဌေးကြီးတစ်ဦးရဲ့ တစ်ဦးတည်းသော သမီးလေ။ အစ်ကိုက ညီမတို့အိမ်မှာ အလုပ်လုပ်ရတဲ့ သူရင်းငှားကလေးပေါ့။ အစ်ကို့နာမည်က မောင်ဒေဝတဲ့။ အစ်ကိုက ယောက်ျားပီပီ သိပ်ချောတာပဲ။ ကြာတော့ အစ်ကိုနဲ့ ညီမဟာ ချစ်သူတွေ ဖြစ်သွားကြတယ်လေ။ တစ်ဦးကို တစ်ဦး သိပ်ချစ်ကြတာပဲ။ အစ်ကိုမှတ်မိပြီလား'

'ဟင့်အင်း၊ မမှတ်မိဘူး'

'ကဲလေ..မမှတ်မိရင်လည်းထားပါ။အစ်ကို တဖြည်းဖြည်း မှတ်မိလာမှာပါ။ အဲဒီတုန်းက အစ်ကိုနဲ့ ညီမကို ညီမတို့အဖေက လုံးဝသဘောမတူလို့ အစ်ကို့ကို နှင်ချခဲ့တယ်လေ။ ညီမလည်း အစ်ကို့ကို မခွဲနိုင်လို့ အစ်ကိုနဲ့ မပေါင်းရမယ့်အတူတူ သေတာကကောင်းတယ်ဆိုပြီး



www.burmeseclassic

www.burmeseclassic.com

အဆိပ်သောက်ပြီး ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ခဲ့တယ်'

'ညီမပြောလို့သာ ကြားရတယ်။ အစ်ကို အဲဒါတွေကို မမှတ်မိဘူး'

'ညီမက အဆိပ်သောက်သေခါနီးမှာ ဆုတောင်းခဲ့တယ်။ ဘယ်လိုဆုတောင်းခဲ့သလဲဆိုတော့ နောင်ဘဝတွေမှာ ဒီဘဝက အဖြစ်အပျက်တွေကို ပြန်လည်မှတ်မိပါရစေလို့။ ပြီးတော့ အစ်ကို့ကို ဘဝတစ်ခုခုမှာ ပြန်တွေ့ခဲ့ရင် အဲဒီဘဝမှာ အတူတူပေါင်းရပါစေလို့ ဆုတောင်းခဲ့တယ်'

မောင်လူလုသည် ဒေဝီ၏ လက်ကလေးများကို တိုး၍ ဖျစ်ညှစ်ထားလိုက်ပြီး သူမပြောတာတွေ အမှန်ဖြစ်ခဲ့ရင် ယခုတွေ့နေရသော ဒေဝီသည် အလွန်သနားစရာကောင်းနေပြီဟု တွေးမိ၏။

မောင်လူလုသည် ဒေဝီအား ဖက်ထားလိုက်၏။

'ခုနတွေ့တဲ့ အဒေါ်ကြီးက ညီမနဲ့ ဘာတော်သလဲ'

'ညီမကို ငယ်ငယ်ကလေးကတည်းက ထိန်းကျောင်းလာခဲ့တဲ့ အထိန်းတော်ကြီး ဆိုပါတော့။ ညီမမေမေက ညီမကို မွေးပြီးပြီးချင်း ဆုံးသွားခဲ့တယ်။ ညီမက သူ့လက်ပေါ်မှာ ကြီးရတာလေ။ ညီမကို သမီးရင်းတစ်ယောက်လို သိပ်ချစ်တယ်။ ဒါကြောင့် ညီမသေတာကို သိလျှင်သိချင်း ညီမသောက်ခဲ့တဲ့ အဆိပ်လက်ကျန်တွေကို တစ်ခါတည်း မော့သောက်ပြီး ညီမနောက်ကို တစ်ခါတည်း လိုက်ခဲ့တာပဲ။ သူမသေခင်ကလေးမှာ မောင်နှမတွေကို အမွေခွဲပေးဖို့ စီစဉ်နေတာပါ။ သြော်..ပြောဖို့တောင်မေ့နေတယ်။ ကြီးတော်က အဖေရဲ့ နှမအရင်းလေ။ အိမ်ထောင်မရှိဘူး။ ဒါကြောင့် သူ့အသက်ထင်ရှားရှိစဉ်မှာ အမွေတွေ ရမသွားဘူး'

'ဖြစ်ရလေ ညီမရယ်'

'ညီမတို့ တူအရီးနှစ်ယောက်ကို အဖေက သုသာန်မှာ ဂူအကြီးကြီးလုပ်ပြီး အတူမြှုပ်နှံပေးခဲ့တယ်။ ပြီးတော့ ကြီးတော် မသေခင်က မပေးလိုက်ရတဲ့ အမွေအဖြစ် ရွှေတွေကို တစ်ပါတည်းထည့်သွင်းမြှုပ်နှံပေးခဲ့တယ်။ ညီမအတွက်ပါ တစ်ပါတည်း ထည့်သွင်းမြှုပ်နှံပေးခဲ့တယ်'

'ထူးဆန်းလိုက်တာနော်။ သေတဲ့လူကို အမွေပေးတယ်လား'

'အဖေတို့မျိုးရိုးက အဲဒီလိုပဲ သေသည်ဖြစ်စေ၊ ရှင်သည်ဖြစ်စေ ပေးရမယ့်အမွေကို ခွဲဝေပေးတတ်တယ်။ ညီမတို့တူအရီးနှစ်ယောက်လည်း ဒီရွှေတွေကို စွဲလမ်းပြီး ဥစ္စာစောင့်အဖြစ်နဲ့ စောင့်နေရတယ်။ နောင်အရိမေတ္တေယျဘုရားပွင့်တဲ့အခါ လှူဒါန်းမယ်။ အခုဘဝမှာလည်း လှူလို့ရရင် လှူမယ်။ ညီမတို့ကိုယ်တိုင်တော့ မလှူနိုင်ဘူးပေါ့။ လှူပေးနိုင်တဲ့ လူသားတစ်ဦးဦး တွေ့ရင်တော့ အကူအညီတောင်းပြီး လှူဒါန်းမယ်'

'အဲဒီကိစ္စကို အစ်ကိုကူညီနိုင်ပါတယ်။ ညီမတို့ကိုယ်စား လှူပေးပါ့မယ်'

'ဝမ်းသာလိုက်တာ အစ်ကိုရယ်။ ညီမတော့ ဆန္ဒတစ်ခု ပြည့်သွားပြီ။ နောက်တစ်ခုပဲ ကျန်တော့တယ်'

'နောက်တစ်ခုက ဘာလဲ'

'ဒီဘဝမှာ အစ်ကိုနဲ့ ပေါင်းရဖို့လေ။ ညီမ ထပ်ပြီးမခွဲပါရစေနဲ့တော့'

'အို..ညီမရယ်'

မောင်လူလုက ဒေဝီအား တိုး၍ဖက်ထားလိုက်၏။

'ဘုရားမှာ ဆုတောင်းတုန်းက အစ်ကို့ကို လူ့ဘဝမှာ ရှာတွေ့ခဲ့ရင် ပေါင်းရပါစေလို့ ဆုတောင်းခဲ့တယ်'

ထိုစဉ် ဒေဝီ၏ကြီးတော်ကြီး ပြန်လည်ရောက်ရှိလာလေသည်။

သူမသည် မောင်လူလုနှင့် ဒေဝီတို့အဖြစ်ကို မြင်သွားပြီး-

'ကြီးတော်ကို မရှက်ကြပါနဲ့ကွယ်။ လွတ်လွတ်လပ်လပ်သာ နေကြပါ။ ကြီးတော်က မင်းတို့ကို ပြန်လည်ဆုံတွေ့ပြီး ပေါင်းကြရပါစေလို့ ဆုတောင်းနေတာပါကွယ်။ ဟိုနေ့က ဒေဝီကပြောတယ်။ မင်းကို ပြန်တွေ့ပြီတဲ့။ ဒါနဲ့ ကြီးတော်လည်း မယုံလို့ လိုက်ကြည့်တော့ စက်ဘီးကလေး စီးလာတဲ့ မင်းကို မြင်လိုက်တယ်။ နှင်းဆီပန်းကလေး တစ်ပွင့်ကို ကိုင်လို့လေ။ ဟုတ်တယ်။ မင်းက ဟိုဘဝက မောင်ဒေဝနဲ့ ချွတ်စွပ်ပဲ တူလိုက်တာကွယ်'

ဒေဝီက ပြုံးပြီး-

'ကဲ..ယုံပြီလား အစ်ကို'

'ယုံပါတယ်ကွာ။ ဒါပေမဲ့ လူသားနဲ့ ဥစ္စာစောင့် ဘယ်လိုပေါင်းရမှာလဲ။ မဖြစ်နိုင်ပါဘူး'

'ဖြစ်နိုင်ပါတယ် အစ်ကို။ အစ်ကိုသာ ဆန္ဒရှိပါစေ ဖြစ်အောင် ညီမလုပ်မယ်'

'ဘယ်လိုလုပ်မှာတုံး'



www.burmeseclassic

www.burmeseclassic.com

'သိုက်ချုပ်ဘိုးဘိုးကြီးဆိုတာ ရှိတယ်အစ်ကို။ ညီမတို့ အပါအဝင် သိုက်အားလုံးကို အုပ်ချုပ်ထားတာ။ သူ ခွင့်ပြုရင် နှစ်အကန့်အသတ်နဲ့ ပေါင်းလို့ရတယ်အစ်ကို။ ညီမ ဘိုးဘိုးဆီမှာ ခွင့်တောင်းမယ်'

မောင်လူလှသည် ဒေဝီနှင့် စကားပြောနေစဉ် လမ်းပေါ်သို့ အမှတ်မထင် လှမ်းကြည့်လိုက်မိ၏။ နိုင်ကျော်နှင့် နိုင်ဇော်တို့သည် ငရုတ်သီးအိတ်များ စက်ဘီးပေါ်တင်ကာ မြို့သို့ သွားနေကြကြောင်း မြင်ရလေသည်။

သူတို့ စကားပြောသံများကိုပါ ကြားရလေသည်။

'ဒီကောင် အခါတိုင်း ဒီလမ်းကပဲ သွားနေပြန်နေကျပါ။ ခု ဘာပြုလို့ တောင်ပေါ်ကို မရောက်သေးတာလဲ'

'အိမ်ကထွက်သွားတာတော့ အမှန်ပဲကွ။ တို့ကို တောင် ဝင်ခေါ်သေးတယ်လေ'

'အေးလေ၊ ဘယ်တွေကိုများ သွားနေလို့ တောင်ပေါ် မရောက်သေးတာလဲ'

'ကိစ္စတစ်ခုခု ပေါ်လို့နေမှာပေါ့ကွာ။ ခုလောက်ဆို အိမ်ပြန်ရောက်ချင် ရောက်နေရောပေါ့။ လူလှမလာနိုင်လို့ ငရုတ်သီးတွေ တို့နဲ့ထည့်ပေးလိုက်ပါလို့ လူတစ်ယောက် လာပြောတယ်ဆိုပြီး ဖထီးပြောတယ်လေ။ ပြီးတော့ ဖထီးက သူယူမယ့် ငရုတ်သီးတွေကို မင်းစက်ဘီးမှာ တစ်အိတ်၊ ငါ့စက်ဘီးမှာတစ်အိတ် တင်ပေးလိုက်တာပဲ'

မောင်လူလှရောက်နေသော ဒေဝီတို့ရွာမှာ သူတို့သွားနေကျလမ်း၏ဘေးတွင်ဖြစ်ရာ နိုင်ကျော်နှင့် နိုင်ဇော်တို့ကို သူမြင်နေရလေသည်။ ထို့ကြောင့် သူတို့ကို လှမ်းခေါ်လိုက်၏။ သို့သော် သူ့လည်ချောင်းထဲမှ စကားသံများ ထွက်မလာကြချေ။ နောက်တစ်ကြိမ် ကြိုးစား၍ခေါ်သော်လည်း စကားလုံးများ ထွက်မလာကြချေ။ နိုင်ကျော်နှင့် နိုင်ဇော်တို့ကလည်း သူ့ကိုလည်းကောင်း၊ ထိုရွာကလေးကိုလည်းကောင်း မြင်ပုံမရကြချေ။

ဤသို့ဖြင့် နိုင်ကျော်တို့သည် တဖြည်းဖြည်း ဝေးသွားလေသည်။

'ဒုက္ခပါပဲ၊ ငါ့ကိုမတွေ့ရင်တော့ အမေ စိတ်ပူနေတော့မှာပဲ'

'ဘာပြုလို့လဲဟင် အစ်ကို'

'အစ်ကိုပြန်မှဖြစ်မယ်ဒေဝီ၊ အမေစိတ်ပူနေလိမ့်မယ်'

ဒေဝီသည် မောင်လူလှလက်ကို ဆွဲထားကာ-

'ဟင့်အင်း၊ မပြန်ရဘူး။ မပြန်ရဘူး။ အစ်ကို ဒီမှာပဲ နေရမယ်။ အစ်ကို့အမေကို တစ်နည်းနည်းနဲ့ အကြောင်းကြားလိုက်ပါ့မယ်'

ထိုစဉ် ကြီးတော် ရောက်လာပြီး-

'ကဲ..ကဲ.. မောင်ဒေဝ၊ စိတ်ချလက်ချသာနေ။ မောင်ဒေဝမိခင်နေတဲ့နေရာကို ကြီးတော်သိပါတယ်။ စိတ်ချအောင် သွားပြောပေးမယ်'

ကြီးတော်သည် ထိုသို့ပြောကာ အိမ်မှထွက်လာခဲ့၏။

ကြီးတော်သည် ကြည့်ကောင်းသော အမျိုးသမီးတစ်ဦးအဖြစ် အသွင်ဆောင်လိုက်ပြီး မောင်လူလှ၏ မိခင်ကြီးထံ သွားလေသည်။ မောင်လူလှ၏ မိခင်ကြီးသည် အကြော်ဆိုင်ကို သိမ်းနေလေသည်။

ကြီးတော်ကြီးသည် အကြော်ဆိုင်အတွင်း ဝင်၍ ထိုင်လိုက်ပြီး-

'အကြော်ယူမလို့လား။ ဒီနေ့တော့ ကုန်သွားပါပြီရှင်'

'မဟုတ်ပါဘူးရှင်။ အစ်မရဲ့သားအကြောင်း ပြောမလို့ပါ'

မောင်လူလှ၏မိခင်သည် လုပ်လက်စ အလုပ်ကလေးများကိုရပ်ကာ-

'ပြောပါရှင်၊ ကျွန်မသားက တောင်ပေါ်ကိုသွားတာ အခုထိ တောင်ပေါ်ကိုလည်း မရောက်သေးပါဘူး။ သူ့သူငယ်ချင်းတွေတောင် ပြန်လာကြပြီ။ ဘယ်ကိုများ လမ်းမှားနေသလဲ မသိပါဘူး'

'အဲဒါ ပြောမလို့ပါ အစ်မ။ အစ်မသား ဘယ်မှ မရောက်ပါဘူး။ ကျွန်မတို့အိမ်မှာ ခေါ်ထားပါတယ်'

'ဒါနဲ့ ညီမကြီးက ဘယ်ကလဲ ပြောပါဦး'

'ကျွန်မက ဒီနဲ့ မနီးမဝေးက ရွာကလေးတစ်ရွာကပါ။ ကျွန်မတို့ရွာကို လူတွေမမြင်ရပါဘူး။ ကျွန်မတို့က ဥစ္စာစောင့်တွေပါ'

'သားလေးနဲ့ သိသလား'

'သိရုံတင်မကပါဘူး၊ ဟိုတုန်းက သိဟောင်းကျွမ်းဟောင်းတွေပါ'

'ဥစ္စာစောင့်ဆိုတော့ ဘုရား..ဘုရား..ဟုတ်ရောဟုတ်ရဲ့လားရှင်'

'ဟုတ်ပါတယ်။ အခု လူအသွင်နဲ့ လာခဲ့တာပါ။ ကျွန်မပြောတာကို နားထောင်ပါ။ အစ်မကြီး ရှင်းသွားပါ



www.burmeseclassic

www.burmeseclassic.com

လိမ့်မယ်။ ကျွန်မရဲ့ တူမကလေးနဲ့ ဒီကအစ်မကြီးသားနဲ့က ဟိုဘဝက ချစ်သူတွေပါ။ အဲဒါ အစ်မကြီးသားကို အိမ်ကိုခေါ်ပြီး ဟိုဘဝက အကြောင်းတွေ ရှင်းပြနေပါတယ်။ စိတ်ချပါ'

'သားလေးက တောင်ပေါ်ကို မရောက်ဘူးဆိုတော့ တောင်ပေါ်မှ ဖထီးက သားလေးယူနေကျ ရေတတ်သီးစိမ်းတွေ သူ့သူငယ်ချင်းတွေကို ထည့်ပေးလိုက်တယ်။ သူတို့က ယူလာပြီး ဒိုင်ကိုတောင် သွင်းပြီးနေပြီ။ ကျွန်မ သားလေး ဘယ်တော့ပြန်လာမှာလဲ'

ကြီးတော်ကြီးက မဖြေဘဲ လက်ထဲမှ အထုပ်ကလေးတစ်ထုပ်ကို မောင်လူလှမိခင်ရှေ့တွင် ချလိုက်သည်။

'ဒီအထုပ်ထဲမှာ ရွှေဒင်္ဂါးတွေ ပါပါတယ်။ ဖွင့်ကြည့်လိုက်ပါ။ ကျွန်မတို့ပစ္စည်းတွေပါ။ လှူတာလည်း လှူပေးပါ။ စားတာလည်း စားပါ။ လှူတဲ့အခါ ရေစက်ချရင် ကျွန်မတို့ကိုလည်း အမျှပေးဝေပါ။ ကဲ..ကျွန်မကို ပြန်ခွင့်ပြုပါဦး'

ကြီးတော်ကြီးသည် ပြောပြောဆိုဆိုနှင့် အထုပ်ကလေးကိုထားခဲ့ပြီး လမ်းပေါ်သို့ ထွက်လာကာ လမ်းပေါ်တွင် သွားလာနေကြသော လူများနှင့် ရောနှောပြီး ကွယ်ပျောက်သွားလေသည်။

'ညီမကြီး၊ နေဦးလေ။ ဒီကမေးတာကို ဖြေပါဦး။ သားလေး ဘယ်တော့ပြန်လာမှာလဲ'

မောင်လူလှ၏မိခင်က အော်၍မေးလေသည်။ သို့သော် အချည်းနှီးပင်ဖြစ်၏။ ကြီးတော်ကြီးကား ပြောစရာရှိတာတွေကိုပြော၍ အလျင်အမြန်ပင် ပြန်သွားလေပြီ။

မောင်လူလှ၏မိခင်သည် အထုပ်ကလေးကို ဖြေကြည့်လိုက်၏။

အထဲတွင် ရွှေဒင်္ဂါးပြားများကို တွေ့ရ၏။ ရွှေဒင်္ဂါးပြားများ၏ အရောင်သည် ဝင်းလက်နေလေသည်။

'ဒီရွှေတွေကိုပေးပြီး ငါ့သားလေးကို ခေါ်ထားတာပဲ။ မရဘူး၊ မရဘူး။ ဒီရွှေတွေနဲ့ သားလေးကို မလဲနိုင်ဘူး။ သားလေးကို ငါလိုက်ခေါ်မယ်'

(၄)

မောင်လူလှ၏မိခင်သည် အကြော်ဆိုင်ကိုသိမ်းကာ လမ်းထဲရှိ လူကြီး၏အိမ်သို့ သွားလေသည်။ လူကြီးအား ဖြစ်ကြောင်းကုန်စင်ကို ပြောပြကာ မောင်လူလှအား ပြန်ခေါ်ရန် အကူအညီတောင်းလေသည်။

'ကျွန်မသားလေးကို ပြန်ခေါ်ချင်တယ်။ ကူညီကြပါရှင်'

'အေးလေ၊ လူစုပြီး သွားကြတာပေါ့။ ရွာကလေးက သိပ်မဝေးဘူးလို့ ပြောတယ်မဟုတ်လား'

'ဟုတ်ပါတယ်ရှင်။ လူတွေမမြင်ရတဲ့ ရွာကလေးလို့လည်း ပြောပါတယ်။ သိပ်မဝေးဘူးလို့လည်း ပြောပါတယ်၊ ပြီးတော့ လာပြောတဲ့လူက ကျွန်မထက် ငယ်ပါတယ်။ သူက သူ့ကိုယ်သူ ဥစ္စာစောင့်လို့ ပြောပါတယ်။ ပြီးတော့ ရွှေဒင်္ဂါးတွေလည်း ပေးသွားပါတယ်'

'ထူးတော့ထူးဆန်းတယ်ဗျ။ မယုံကြည်နိုင်စရာဘဲ။ ဒါပေမဲ့ လောကကြီးမှာ ဒီလိုအဖြစ်အပျက်တွေ ထူးဆန်းတာတွေက အမှန်တကယ်ရှိနေတယ်လေ။ မယုံကြည်လို့ မရဘူး'

'ကျွန်မသားကလေးကို လိုက်ရှာပေးကြပါရှင်'

'ကဲ..ဒီလိုလုပ်မယ်။ ခု ကျုပ်တို့သွားမယ့်ရွာကလေးကို မြင်ရဖို့လိုတယ်ဗျ။ ဟိုဘက်ရွာမှာ အထက်လမ်းဆရာကြီး ဦးနန္ဒဆိုတာရှိတယ်။ သူက သိပ်ပြီးအစွမ်းထက်တယ်ဗျ။ ဒီလိုဟာတွေကို မြင်ရအောင် မျက်စိကိုကွင်းတဲ့ မျက်ကွင်းဆေးရှိတယ်လို့ ကြားဖူးတယ်။ သူ့ဆီ သွားရအောင်။ အစ်မကြီး နေရစ်ခဲ့လေ။ ကျွန်တော် လူကြီး(၂)ဦးလောက် ခေါ်သွားလိုက်မယ်'

ရွာလူကြီးသည် အခြားလူကြီး(၂)ဦးကိုခေါ်ကာ ဦးနန္ဒရှိရာ ရွာကလေးသို့ ထွက်လာကြလေသည်။ ဦးနန္ဒကို တွေ့သောအခါ လူကြီးက မောင်လူလှအဖြစ်ကို ရှင်းပြပြီး အကူအညီတောင်းကြလေသည်။

'မျက်ကွင်းဆေးနဲ့ဆိုရင် မြင်ချင်တဲ့ရွာကိုတော့ မြင်ရမယ်။ ဒါပေမဲ့ လူကိုပြန်ခေါ်ဖို့ကတော့ ကျုပ်ပါမှဖြစ်မယ်ဗျ။ ခင်ဗျားတို့ မတတ်နိုင်ဘူး'

'ဟုတ်ပါတယ်ဆရာ၊ ကျွန်တော်တို့ ဆရာ့ကိုပါ တစ်ပါတည်း ပင့်သွားမလို့ပါပဲ။ ဆရာလိုက်ပြီး ဒီကိစ္စကို ဆောင်ရွက်ပေးပါလို့ မေတ္တာရပ်ခံပါတယ်'

'ကဲ..ဒါဆို ခုပဲသွားကြတာပေါ့။ ညနေတောင် စောင်းနေပြီ'

ဦးနန္ဒက ဦးဆောင်ကာ ရွာလူကြီးများသည် မမြင်ရသော ရွာကလေးကို ရှာဖွေရန် ထွက်လာကြလေသည်။

www.burmeseclassic

www.burmeseclassic.com

မောင်လူလု၏မိခင်လည်း လိုက်ပါလာလေသည်။

ဆရာဦးနန္ဒတို့အဖွဲ့သည် မောင်လူလုတို့ တောင်ပေါ် သွားသောလမ်းအတိုင်း လာခဲ့လေသည်။ တောတန်းကလေးကို တွေ့သောအခါ တောတန်းအစပ်ရှိ သစ်ပင်ကြီးနှင့် တောင်ပို့ကလေးကို တွေ့လေသည်။

'ဒီအနီးတစ်ဝိုက်ပဲဗျ။ ဒီနေရာနဲ့ မလှမ်းမကမ်းမှာ သူပြောတဲ့ရွာ ရှိလိမ့်မယ်။ မကြာခင်တွေ့ရမှာပါ'

ဦးနန္ဒသည် မောင်လူလုမိခင်အပါအဝင် လူကြီးများအား မျက်ကွင်းဆေးကို ကွင်းပေးလိုက်သည်။ မောင်လူလု၏မိခင်သည် မျက်စိကို ဖွင့်ကြည့်လိုက်သည်။ တောတန်းကလေးရှိနေသောနေရာတွင် ရွာကလေးတစ်ရွာကို တွေ့ရလေသည်။ ဤနေရာတွင် ရွာရှိသည်ဟု ရှေးက မကြားဖူးချေ။

'တွေ့ပြီ၊ တွေ့ပြီ။ ရွာကလေးတစ်ရွာတွေ့ပြီ'

လူကြီးများကလည်း-

'ဟုတ်တယ်ဗျ။ ဟိုမှာ ရွာကလေးတစ်ရွာတွေ့ပြီ။ အရင်က ဒီနားမှာ ရွာမရှိပါဘူး'

ဦးနန္ဒက-

'ဒါကတော့ သွေးရိုးသားရိုးရွာမှမဟုတ်တာ။ သူတို့က လူတွေမမြင်အောင် ဖုံးကွယ်ထားတာပေါ့။ ဒီနားတစ်ဝိုက်မှာရှာကြည့်ရင် ရှေးဟောင်းဘုရားတစ်ဆူပါ တွေ့လိမ့်ဦးမယ်။ ခုတော့ ပြိုကျပျက်စီးပြီး ချုံနွယ်ပိတ်ပေါင်းတွေ ဖုံးအုပ်နေတယ်။ အဲဒီနားမှာ သိုက်ရှိတယ်လို့ အဖေရှိတုန်းက ပြောသွားတယ်ဗျ'

ဦးနန္ဒ၏ဖခင်သည် အထက်လမ်းဆရာကြီး တစ်ယောက်ဖြစ်၏။ သူရှိစဉ်က ထိုနယ်တစ်ဝိုက်တွင် နာမည်ကြီးလေသည်။ သူ၏ ပညာများကို ဦးနန္ဒကို ပေးခဲ့လေသည်။

'ဆရာကောင်းသလိုသာ စီမံပါဗျာ။ ကျွန်တော်တို့ကတော့ မောင်လူလုကိုတွေ့ရင် ပြန်ခေါ်ချင်ပါတယ်'

သူတို့လူစုသည် ရွာကလေးအတွင်း ဝင်လာကြလေသည်။

မောင်လူလု၏မိခင်သည် အိမ်တစ်အိမ်ရှေ့သို့ ရောက်သောအခါ-

'ဟိုမှာ..ဟိုမှာ..ကျွန်မသားလေး စီးတဲ့စက်ဘီး။ ဒီအိမ်ထဲမှာ သားလေးရှိကိုရှိရမယ်'

'အဲဒါဆိုရင်လည်း ဝင်ပြီးရှာကြတာပေါ့'

သူတို့သည် မောင်လူလုစက်ဘီးရှိသော အိမ်ကလေးထဲသို့ ဝင်လိုက်ကြသည်။ အိမ်ကလေးဆိုသော်လည်း နန်းတော်ကြီးထဲမှ အဆောင်ကလေးကဲ့သို့ သေသပ်လှပစွာ ဆောက်လုပ်ထားပြီး နေချင်စဖွယ် ပြုပြင်ထားလေသည်။ တစ်ရွာလုံးရှိအိမ်များလည်း ထိုနည်းနှင်နှင်ဖြစ်လေသည်။ တဖြည်းဖြည်းနှင့် မှောင်လာပြီဖြစ်လေသည်။

အိမ်များတွင်းမှ လူများသည် ထိုအချိန်ရောက်မှ အိမ်ထဲမှ ထွက်လာကြပြီး တစ်အိမ်နှင့်တစ်အိမ် ကူးသန်းသွားလာနေကြလေသည်။

ရွာထဲရှိလူအားလုံးသည် ယောက်ျားဖြစ်စေ၊ မိန်းမဖြစ်စေ တစ်နည်းတစ်ဖုံ ကြည့်ကောင်းနေသူများ ဖြစ်ကြလေသည်။ သူတို့အထဲတွင် အရုပ်ဆိုး အကျည်းတန်သူများ မပါရှိချေ။

အိမ်များမှ မီးရောင်ကလေးများ တလက်လက်ထွက်ပေါ်လာလေသည်။ အိမ်ထဲတွင် လိုက်ကာများ ကာပြီး အခန်းဖွဲ့ထားသည်ကို တွေ့ရ၏။ မောင်လူလု၏မိခင်သည် အပြင်တွင် သူ့သားကို မတွေ့ရသောအခါ လိုက်ကာတစ်ခုကိုဖယ်၍ အတွင်းသို့ ဝင်လိုက်၏။

ထိုအခါ ညောင်စောင်းတစ်ခုပေါ်တွင် အိပ်ပျော်နေသော မောင်လူလုကို တွေ့ရလေသည်။ သူ့ခေါင်းအုံးဘေးတွင် အခြားခေါင်းအုံးတစ်ခု ချထားသဖြင့် မကြာသေးမီက တစ်စုံတစ်ယောက် အိပ်သွားပုံရလေသည်။

'အမယ်လေး သားလေးရယ်၊ အမေတို့ ရှာလိုက်ရတာ။ ဘယ်လိုဖြစ်တာလဲ'

မောင်လူလုသည် အိပ်ရာမှနိုးလာကာ သူ့အမေကို မြင်သည်တွင်-

'အမေပါလား။ ဘာလို့လိုက်လာတာလဲ။ ကျွန်တော် ဘာမှမဖြစ်ပါဘူး'

ဆရာဦးနန္ဒက-

'လူလေးမောင်လူလု၊ စိတ်ကို ကောင်းကောင်းထားနော်။ ဦးတို့ မင်းကို ပြန်ခေါ်ရအောင် လာကြတာ'

'မလိုက်ဘူး၊ မလိုက်ဘူး။ အခုတော့ မလိုက်နိုင်ဘူး။ ဒေဝီလည်း ဘယ်ရောက်သွားလဲမသိဘူး။ ကျွန်တော် ဒီမှာပဲ ဒေဝီနဲ့ ပေါင်းနေတော့တယ်'

မောင်လူလုအမေက-



www.burmeseclassic

www.burmeseclassic.com

'ပြန်လိုက်ခဲ့ပါ သားလေးရယ်။ သားပြောတဲ့ ဒေဝီဆိုတာ လူမဟုတ်ဘူး။ ဥစ္စာစောင့်ဖြစ်လိမ့်မယ်။ သားမရှိရင် အမေ ဘယ်သူနဲ့နေမလဲ'

'အမေရယ်၊ သားလေ အခု ဘဝဟောင်းက အဖြစ်အပျက်တွေကို ပြန်ပြီးမှတ်မိနေပြီ။ သား နန်းဒေဝီကို မခွဲပါရစေနဲ့။ ဒီဘဝမှာ ပေါင်းရရင်ပေါင်းရ မပေါင်းရရင် ထပ်ပြီးကွဲကြဦးမယ်'

ဆရာဦးနန္ဒသည် မောင်လူလှအနီးသို့ တိုးကပ်သွားကာ လက်နှစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်ပြီး-

'မင်းပြန်မလိုက်ရင် မင်းသေသွားမှာပေါ့ လူလေးရယ်။ ပြန်လိုက်ခဲ့ပါ'

'သေသေဗျာ၊ ကျွန်တော်မလိုက်ဘူး။ ဒီမှာပဲနေမယ်'

'ကဲ..လူကြီးများခင်ဗျာ၊ မောင်လူလှကို ဒီအတိုင်းခေါ်လို့တော့ ရမှာမဟုတ်ဘူး။ ကျွန်တော်လုပ်စရာရှိတာကို လုပ်တော့မယ်'

ဆရာဦးနန္ဒက နူတ်မှ မန္တန်တစ်ခုကို ရွတ်ဆိုကာ မောင်လူလှမျက်နှာအား လက်နှစ်ဖက်ဖြင့် (၃)ကြိမ် (၃)ခါ သပ်ချလိုက်၏။

မောင်လူလှသည် တဖြည်းဖြည်း ပျော့ခွေလာကာ ခဏအကြာတွင် အိပ်ပျော်သွားလေသည်။

မောင်လူလှ အိပ်ပျော်သွားသောအခါ လူကြီးများသည် စောင်ပုခက်တစ်ခုကို အမြန်ပြုလုပ်ကာ မောင်လူလှအား ထမ်း၍ပြန်လာခဲ့ကြလေသည်။

မောင်လူလှ၏ မိခင်သည် ငိုယိုကာ-

'ဖြစ်မှဖြစ်ရလေ သားလေးရယ်။ ကံကောင်းလို့ပါလားကွယ်'

အိမ်ဝသို့ ရောက်သောအခါ မောင်လူလှမိခင်နှင့် လူကြီးများကို ရှေ့ကသွားနှင့်ကြရန်ပြောပြီး ဆရာဦးနန္ဒသည် နူတ်မှ မန္တန်တစ်ခုကိုရွတ်ပြီး အိမ်ကိုစည်းချလိုက်လေသည်။

(၅)

အိမ်ထဲသို့ ရောက်သောအခါ မောင်လူလှကို အိပ်ရာထဲတွင် သိပ်ထားလိုက်ကြ၏။ ဆရာဦးနန္ဒကား မပြန်သေးချေ။

ည(၉)နာရီခန့်တွင် မောင်လူလှ နိုးလာလေသည်။ သူ ရေရွတ်မြည်တမ်းနေ၏။

'ဒေဝီ..ဒေဝီရယ်၊ အစ်ကို့ကို မထားခဲ့ပါနဲ့ကွယ်။ အစ်ကို ညီမကို မခွဲနိုင်တော့ဘူး'

ဆရာဦးနန္ဒက-

'လူလေး..သတိထားလေ။ မောင်လူလှတမ်းတနေတဲ့ ဒေဝီဆိုတာ လူသားမဟုတ်ဘူးကွယ့်။ ဥစ္စာစောင့်တစ်ယောက်ပဲ။ သူ ဒီကိုလာချင်ပေမယ့် မလာနိုင်တော့ဘူး။ ဆရာ အိမ်ဝမှာ စည်းချထားခဲ့တယ်။ မင်းလည်း ဒီနေရာကနေ အိမ်ပြင်ထွက်လို့မရဘူး'

'ရက်စက်လိုက်တာ ဆရာရယ်။ ကျွန်တော်တို့ ချစ်ခြင်းကို မခွဲပါနဲ့ဗျာ'

'လူသားနဲ့ ဥစ္စာစောင့် ပေါင်းသင်းနေထိုင်ဖို့ဆိုတာ မလွယ်ပါဘူး လူလေးရယ်။ တစ်နေ့တာ ပေါင်းသင်းခဲ့ရတာနဲ့ပဲ ဖြေသိမ့်လိုက်ပါကွာ'

'ဟင့်အင်း၊ ဟိုဘဝက ကျွန်တော်တို့နှစ်ယောက် ဘယ်လောက်ချစ်ကြတယ်ဆိုတာ ကျွန်တော်သိသွားပြီ။ ပေါင်းရမှဖြစ်မယ်ဗျာ'

ထိုအချိန်တွင် သတင်းမေးရန် ရောက်လာကြသော နိုင်ကျော်နှင့် နိုင်ဖော်တို့သည် မောင်လူလှအတွက် ယူကျုံးမရဖြစ်ကာ ဖျောင်းဖျကြလေသည်။

မောင်လူလှသည် မည်သို့မျှ ဖျောင်းဖျ၍မရဘဲ ငိုနေလေသည်။ သူ့အမေ ခူးခပ်ပြင်ဆင်ကျွေးသည့် ထမင်းကိုလည်း မစားချေ။

နိုင်ကျော်တို့သည် ပြန်ခါနီးတွင်-

'ကဲ..သူငယ်ချင်း၊ ဘုရားရှိခိုးပြီး အိပ်တော့နော်။ ငါတို့ မနက်ကျ တောင်ပေါ်ကို သွားရဦးမှာ။ မင်းတော့ မလိုက်ပါနဲ့ဦး။ ဖထီးကို အကျိုးအကြောင်း ပြောပြပြီး မင်းအတွက်ပါ ငါတို့ သယ်လာပါ့မယ်'

'အေးကွာ၊ ကျေးဇူးတင်ပါတယ် သူငယ်ချင်းတို့ရယ်'

နိုင်ကျော်တို့ ပြန်သွားသောအခါ မောင်လူလှသည် နန်းဒေဝီကို တမ်းတကာ အိပ်ပျော်သွားလေသည်။

မောင်လူလှ အိပ်ပျော်သွားသောအခါ အိပ်မက်မြင်မက်လေ၏။

အိပ်မက်ထဲတွင် နန်းဒေဝီသည် မောင်လူလှထံ ရောက်လာလေသည်။ ငိုလည်းငိုထားလေ၏။ သူမ၏ ဦးခေါင်းတွင် နှင်းဆီပန်းကလေးတစ်ပွင့်ကို ပန်ထားလေ

www.burmeseclassic

www.burmeseclassic.com

သည်။

'အစ်ကိုနဲ့ ညီမနဲ့ ရေစက်ပါလို့ ပြန်ဆုံကြပေမယ့် ဓားသွားပေါင်းလိုက်ပြီး ခွဲခွာကြရဦးမယ်အစ်ကို။ မနေ့က အစ်ကို့အမေနဲ့ လူကြီးတွေလာကြတော့ ဆရာဦးနန္ဒ ဆိုတာ ပါလာတယ်။ အဲဒီဆရာက သိပ်စွမ်းတယ်အစ်ကို။ ညီမတို့ သူ့ကို ရင်မဆိုင်ရဲဘူး။ ဒါကြောင့် အစောင့်တွေ ကိုလည်း ဖယ်ရှားထားလိုက်တယ်။ ဒါနဲ့ ကိုယ်ဖျောင် ပျောက်ထွက်လာပြီး သိုက်ချုပ်ကြီးဆီသွားပြီး အစ်ကိုနဲ့ ညီမ ပေါင်းရအောင် ဆောင်ရွက်ပေးဖို့ တောင်းပန်ကြတယ်။ သိုက်ချုပ်ကြီးကပြောတယ်။ ညီမကသာ သိုက်နန်းသူဖြစ်တယ်။ အစ်ကိုက သိုက်က မဟုတ်ဘူးတဲ့။ ဒါကြောင့် အစ်ကို့ကို ခေါ်ပေးလို့ မရဘူးတဲ့။ ဒါကြောင့် အစ်ကို့ကို လွှတ်လပ်ခွင့်ပေးလိုက်ပါလို့ ပြောတယ်။ ဒီဘဝမှာ မပေါင်းရပေမယ့် နောင်ဘဝတွေမှာ ပေါင်းရအောင် ညီမ ဘုရားမှာ ဆုတောင်းနေပါ့မယ်။ အစ်ကို သက်တမ်းစေ့တဲ့အချိန်ကို ညီမ စောင့်နေပါမယ်။ အစ်ကို့ အမေကို ကြီးတော်က ရွှေဒင်္ဂါးတွေ ပေးခဲ့တယ်။ အဲဒါ ကို ထုခွဲရောင်းချပြီး တစ်ဝက်ကိုလှူပါ။ ကျန်တဲ့တစ်ဝက် ကို အစ်ကိုတို့ သုံးစွဲပါ။ ဘုရားပစ္စည်း မဟုတ်ပါဘူး။ ညီမတို့ကို အဖေက အမွေပေးလိုက်တဲ့ အမွေပစ္စည်းတွေ ပါ။ ညီမတို့ ပိုင်ပါတယ်။ ညီမတို့ ပေးခွင့်ရှိပါတယ် အစ်ကို။ လှူဒါန်းရင် ဘယ်မှာလှူရမလဲဆိုတာ ပြောပါ့ မယ်။ ညီမတို့ တွေ့ဆုံကြတဲ့ တောင်ပို့ကြီးနားက တော တန်းကလေးမှာ ပြိုကျပျက်စီးနေတဲ့ ရှေးဟောင်းဘုရား တစ်ဆူ ရှိပါတယ်။ အခုတော့ ချုံနွယ်ပိတ်ပေါင်းတွေ ဖုံးလွှမ်းနေပါတယ်။ အဲဒါကြောင့် မမြင်ရတာပါ။ အဲဒီ ဘုရားကို တွေ့အောင်ရှာပါ အစ်ကို။ တွေ့ပြီဆိုရင် စေတီ ကို အသစ်ပြန်တည်ပါ။ ဘုရားထီးတော်တင်ပြီးလို့ ရေ စက်ချတဲ့အခါ ညီမတို့ကို အမျှပေးဝေပါ အစ်ကိုရယ်။ ညီမ နှုတ်ဆက်ခဲ့ပါတယ်။ ပြီးတော့ ညီမ တစ်ခါတည်း မှာခဲ့ချင်တာရှိပါတယ်။ ညီမတို့သိုက်နန်းကို ဒီနေ့မနက်ပဲ နေရာပြောင်းရမယ် အစ်ကို။ သိုက်ချုပ်ကြီး စီမံတာပဲ။ ဒီနေရာမှာ ဆက်မနေရတော့ဘူး'

အိပ်မက်ထဲတွင် နန်းဒေဝီသည် မောင်လှုလှကို ရှိုက်ကြီးတငင် ငိုကြွေးကာ ပျောက်ကွယ်သွားလေသည်။

မောင်လှုလှသည် တောင်ပေါ်သွားနေကျအချိန်တွင်



အိပ်ရာမှနိုးလာပြီး အိပ်မက်အကြောင်းကို အမေ့အား ပြော ပြလေသည်။

'တရားနဲ့ဖြေပါ လူကလေးရယ်။ နောင်ဘဝတွေထိ သူစောင့်နေမယ်လို့ ပြောသွားတာပဲ။ သူ ဘုရားမှာ ဆု တောင်းနေပါ့မယ်တဲ့။ လူလေးလည်း နောင်ဘဝတွေမှာ တွေ့ဆုံပေါင်းသင်းရပါစေလို့ ဘုရားမှာ ဆုတောင်းပေါ့ ကွယ်'

မောင်လှုလှသည် သူနှင့် နန်းဒေဝီသည် ဘဝခြားနေ သဖြင့် ပေါင်းသင်း၍ မဖြစ်နိုင်သည်ကို ဒေဝီ၏ စကား များအရ တဖြည်းဖြည်း သဘောပေါက်လာလေသည်။ သဘောပေါက်လာသည်နှင့်အမျှ ခံစားရချက်များသည် တဖြည်းဖြည်း လျော့နည်း၍လာလေသည်။

(၆)

နောက်တစ်နေ့မနက်တွင် မောင်လှုလှအမေနှင့် မောင် လှုလှတို့သည် ရွှေဒင်္ဂါးများကိုယူကာ ရွာဦးဆရာတော် ကျောင်းသို့ သွားကြလေသည်။

ဆရာတော်ကြီးသည် သက်တော်(၈၀)ကျော်ပြီဖြစ်ပြီး သီလ၊ သိက္ခာ၊ သမာဓိတို့နှင့် ပြည့်စုံတော်မူသဖြင့် ရွာထဲ မှရော ရွာနီးချုပ်စပ်မှပါ ဒကာ၊ဒကာမများက ကြည်ညို



www.burmeseclassic

www.burmeseclassic.com

လေးစားကြသော ဆရာတော်ကြီး ဖြစ်လေသည်။

မောင်လူလုတို့သည် ဆရာတော်ကို ဝတ်ဖြည့်ကြပြီး မောင်လူလုက သူ၏အဖြစ်အပျက်များကို ပြောပြလျှောက်ထားလေသည်။

မောင်လူလုမိခင်က-

'အဖြစ်ကတော့ အဲဒါပါပဲ။ ဘုရားတပည့်တော်တို့ကို ဟောဒီရွှေဒင်္ဂါးတွေ ပေးသွားပါတယ်။ ညက သားလေးကို အိပ်မက်ပေးတော့ ဒီနားမှာ ရှေးဟောင်းစေတီတစ်ဆူ ရှိတယ်။ ပျက်စီးပြိုကျပြီး ချုံနွယ်ပိတ်ပေါင်းတွေ ဖုံးအုပ်နေတယ်လို့ ပြောပါတယ်ဘုရား'

ဆရာတော်ကြီးက အနည်းငယ်စဉ်းစားလိုက်ပြီး-

'ဟုတ်တယ် ဒကာမကြီးရဲ့။ ရှေးဟောင်းစေတီတစ်ဆူ ရှိခဲ့ဖူးတယ်။ အဲဒါ အသစ်ပြုပြင် ကိုးကွယ်ရမယ်တဲ့လား။ ကောင်းပါလေကွယ်'

မောင်လူလုသည် ရွှေဒင်္ဂါးများကို ဆရာတော်အား ပြသလိုက်၏။

ဆရာတော်သည် သေချာစွာကြည့်ပြီး-

'အင်း.. ခုနှစ်သက္ကရာဇ် ကြည့်ရတာတော့ ကုန်းဘောင်ခေတ်က သွန်းလုပ်ခဲ့တဲ့ ရွှေဒင်္ဂါးတွေပဲ။ ဒီလိုလုပ် ဒကာမကြီး၊ ဒီရွှေဒင်္ဂါးတွေက ရှေးဟောင်းပစ္စည်းဖြစ်တယ်။ ဒါကြောင့် သက်ဆိုင်ရာကို အပ်လိုက်ပါ။ သူတို့က ပေါက်ဈေးနဲ့တွက်ပြီး တန်ဖိုးငွေထုတ်ပေးလိမ့်မယ်။ အဲဒီငွေရတော့မှ စေတီပျက်ကို ပြုပြင်ကြတာပေါ့။ စေတီပျက်နေရာကို ခုပဲ ရွာထဲက ဒကာကြီးတွေကို ရှာခိုင်းလိုက်ပါ့မယ်။ စေတီပြုပြင်ကိုးကွယ်လို့ ကျန်တဲ့ငွေကိုတော့ ဒကာမကြီးတို့ သုံးစွဲလို့ရပါတယ်'

'မှန်ပါ။ တပည့်တော်တို့ ပသုံးပါဘူးဘုရား။ အားလုံး လှူမှာပါဘုရား။ အလှူပြီးလို့ ရေစက်ချတဲ့အခါ သိုက်နန်းက သိုက်ချုပ်ကြီးနဲ့ ဥစ္စာစောင့်တွေကိုလည်း အမျှအတန်းပေးဝေပါမယ်ဘုရား'

'သာဓုကွယ်..သာဓု..သာဓု၊ ကဲ..ဒကာလေး မောင်လူလုအတွက် ဘုန်းကြီးက ချည်မန်းကွင်းပေးလိုက်မယ်။ လည်ပင်းမှာ အမြဲဆွဲထားပါ။ ဒကာလေးကို ဘယ်သူကမှ မနှောင့်ယှက်နိုင်ဘူး။ ဘုရား၊ တရား၊ သံဃာကိုလည်း မမေ့နဲ့။ အမြဲဆည်းကပ်ကွယ့်'

မောင်လူလုတို့ ဆရာတော့်ကျောင်းမှ ပြန်လာကြသောအခါ နိုင်ကျော်နှင့် နိုင်ဇော်တို့ ရောက်နေသည်ကို တွေ့ရ၏။

'သူငယ်ချင်း၊ ဖထီးက မင်းအတွက် ရေတ်သီးတွေပါ ထည့်ပေးလိုက်တယ်။ အဲဒါ တို့ ဒိုင်မှာ တစ်ခါတည်း သွင်းခဲ့ပြီ။ ဒါနဲ့ မင်းကိုပြောစရာရှိတယ်။ တို့ညီအစ်ကိုနှစ်ယောက် မနက်(၄)နာရီလောက်က ထုံးစံအတိုင်း စက်ဘီးကိုယ်စီနဲ့ တောင်ပေါ်ကို သွားကြတယ်။ မင်းနားနေကျ တောင်ပို့ကလေးနားရောက်တော့ ဝင်းဝင်းအတန်းကြီးတစ်ခု အရှေ့အရပ်ကို ထွက်သွားတာမြင်လိုက်တယ်။ အဲဒီအတန်းကြီးက တော်တော်နဲ့ မပျောက်ဘူးကွ။ ပတ်ဝန်းကျင်မှာလည်း သူ့ကြောင့် အလင်းရောင်တွေ ဖြာထွက်နေတာပဲ။ တို့မျက်စိတစ်ဆုံးရောက်တော့မှ တဖြည်းဖြည်း မှေးမှိန်ပျောက်ကွယ်သွားတယ်။ ဘာလဲမသိဘူး။ သိပ်ထူးဆန်းတာပဲ။ တို့နှစ်ယောက်လည်း တော်တော်ကြာ ရပ်ကြည့်နေမိကြတယ်'

မောင်လူလုသည် သူငယ်ချင်းများ ပြောသည်ကို ယုံပါသည်။

နန်းဒေဝီ အိပ်မက်ထဲတွင်ပြောသကဲ့သို့ သိုက်ပြောင်းသွားခြင်းဖြစ်ရမည်ဟု မောင်လူလု တွေးမိပါသည်။

ပြန်လည်ဆုံတွေ့ပြီးမှ ဝေးကွာသွားရပြီ နန်းဒေဝီရယ်။ နောင်ဘဝများတွင် ပြန်လည်ဆုံတွေ့ပါရစေဟု ဘုရားမှာ ဆုတောင်းနေပါမယ် ဒေဝီရယ်။

(၇)

မောင်လူလုသည် နံနက်(၄)နာရီထိုးသည်နှင့် အိပ်ရာမှ နိုးလေသည်။ မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ပြီး ထိုင်၍ ဒေဝီအကြောင်းကို စဉ်းစားနေမိသည်။ ထို့နောက် နှင်းဆီပန်းတစ်ပွင့်ကိုခူးယူပြီး စက်ဘီးဖြင့် တောင်ပေါ်သို့ ထွက်ခဲ့လေသည်။

နိုင်ကျော်နှင့် နိုင်ဇော်ကို ဝင်မခေါ်တော့ချေ။ တစ်ဦးတည်း လာခဲ့၏။

တောင်ပို့ကြီးနား ရောက်သောအခါ ယူလာသော နှင်းဆီပန်းကလေးကို အိုး၌ ထိုးစိုက်လိုက်လေသည်။

'ဒေဝီ နေရာပြောင်းသွားပေမယ့် ဒေဝီ့ကိုသတိရတာကြောင့် နှင်းဆီပန်းလေးတစ်ပွင့်ကိုတော့ နေ့တိုင်းထိုးစိုက်ခွင့်ပြုပါရစေ ဒေဝီရယ်'ဟု ပြောလိုက်လေသတည်း။

**မင်းသုန့်ကျော်(ပဲကုန်း)**



www.burmeseclassic

www.burmeseclassic.com

# ဘဝပြောင်းသူ နီဂိုး ရှစ်ခွင်ကျော်

(ဖောင်တော်သီ)



(၁၉၇၇)ခုနှစ်၊ ဧပြီလကုန်ပိုင်းမှာ ကျွန်တော် မောင်ဘိုကြီး အိပ်မက်တစ်ခု မြင်မက်ပါတယ်။

အိပ်မက်ထဲမှာ မောင်ဘိုကြီးတပ်စုက လားဟူတိုင်းရင်းသား ရဲဘော်လေး အာဗေလရဲ့ ရဟန်းဝတ်တစ်ကိုယ်နဲ့ မိုင်းနင်းမိလို့ ညာခြေချင်းဝတ်အထိ ပြတ်တောက်ပြီး လူးလိမ့်နေတဲ့ အာဗေလကိုယ်ခွဲတစ်ခု ဖြစ်နေပြီး မောင်ဘိုကြီး နားထဲမှာလည်း "မင်းရဲဘော်လေးရဲ့ အသက်ဟာ မင်းလက်ထဲမှာပဲရှိတယ်။ ဘာသာပြောင်း၊ ဘဝပြောင်းပြီး သက်နှံဆီးပေးလိုက်ပါ" ဆိုတဲ့ သြဇာသံပါပါနဲ့ ပြောစကား ပီပီသသ ကြားလိုက်ရပေမယ့် အသံရှင်ဟာ ဘယ်သူဘယ်ဝါဆိုတာ မမြင်ရလို့ သိခွင့်မရပါဘူး။ မောင်ဘိုကြီးနဲ့ဆိုင်တဲ့ သူတော်စင်ပုဂ္ဂိုလ်လို့ပဲ မှတ်ယူလိုက်ပါတယ်။



www.burmeseclassic

www.burmeseclassic.com

မောင်ဘိုကြီး ပေါ့ပေါ့တန်တန် အိပ်မက်လို့ သဘောထားလို့ မရပါဘူး။ လက်တွေ့ဖြေရှင်းရမယ့် အိပ်မက်ဖြစ်လို့ နည်းလမ်းရှာကြံဖို့ အခက်အခဲရှိပါတယ်။ ရဲဘော်အာဗေလဟာ ဗုဒ္ဓဘာသာ ကိုးကွယ်သူ မဟုတ်ဘဲ ခရစ်ယာန်ဘာသာ ကိုးကွယ်တဲ့ လားဟူတိုင်းရင်းသားလေး ဖြစ်နေလို့ပါပဲ။

ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာ၊ မူဆလင်ဘာသာ ကိုးကွယ်သူတိုင်းဟာ ကိုယ်ကိုးကွယ်ရာ ဘာသာကနေ အခြားဘာသာတစ်ခု ကူးပြောင်းဖို့ဆိုတာ သူ့ကိုယ်တိုင် ဆန္ဒရှိမှသာ ကူးပြောင်းပေးဖို့ လွယ်ကူပေမယ့် ဆန္ဒမရှိဘဲ အမိန့်အာဏာသုံး ပြောင်းခိုင်းတာမျိုး၊ ရွှေ၊ ငွေ ဥစ္စာပစ္စည်း မက်လုံးပေး ပြောင်းခိုင်းတာမျိုး ဆိုရင်တော့ သူ့အဆက်သာ အသေခံမယ်။ ကူးပြောင်းမှာ တော့ မဟုတ်ပါဘူး။

မောင်ဘိုကြီး ကိုယ်နဲ့နှိုင်းပြီး သုံးသပ်ပြောရခြင်းပါ။

မင်းရဲဘော်ရဲ့အသက်ဟာ မင်းလက်ထဲမှာ ရှိတယ်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုးကမှ ပြောနေစရာ မလိုပါဘူး။ မောင်ဘိုကြီးဟာ ရဲဘော်အာဗေလရဲ့ဆရာ တစ်စုမှူး စစ်ဘက်ခေါင်းဆောင်ပါ။ ဒါကြောင့် အာဗေလရဲ့ အသက်အန္တရာယ်ကို ဘေးရန်ဆီးကာ ဆရာဝတ်အတိုင်း စစ်ပညာရပ်အတိုင်း စောင့်ရှောက်ဖို့ အခွင့်အာဏာရှိသူ၊ တာဝန်ရှိသူပါ။

ဖြေရှင်းရမယ့် ပြဿနာက အမိန့်ပေးဖြေရှင်းလို့မရတဲ့ ဘာသာရေး၊ ကိုယ်ပိုင်အခွင့်အရေးဖြစ်လို့ ခေါင်းခဲရပါတယ်။ ခေါင်းခဲတယ်ဆိုပေမယ့် ခေါင်းရှောင်လို့မဖြစ်တာကြောင့် အာဗေလနဲ့ နှစ်ယောက်ချင်း တွေ့ပါတယ်။

'ကျွန်တော် ဒီနေ့မနက် အိပ်မက်,မက်တယ် ဗိုလ်ကြီး'

အာဗေလဟာ မောင်ဘိုကြီးကို အလေးပြုပြီး မျက်နှာချင်းဆိုင်ထိုင်ရင်း စကားစပါတယ်။

'ဘယ်လိုမက်လဲဟ။ ပြောပါဦး'

မောင်ဘိုကြီး ပြောချင်တဲ့စကားကို ရင်မှာ ခေတ္တသိမ်းဆည်းပြီး အာဗေလကို ဦးစားပေးလိုက်ပါတယ်။ တပည့်လက်သား စကားကို အလေးထားပြီး နားထောင်ပေးပါ။ သတင်းပို့ တင်ပြချက်တွေကို အရေးယူဆောင်ရွက်ပေးပြီး တပည့်တွေရဲ့ ချစ်ခင်မှု၊ ယုံကြည်ကိုးစားမှုကို ရယူရပါလို့ ဆရာသမားတွေရဲ့ ဆုံးမဩဝါဒအတိုင်း လိုက်နာရခြင်းပါ။

'အိပ်မက်ထဲမှာ ကျွန်တော်ဟာ ဝမ်ရှန်လက်ဖက်တောင်ကုန်းမှာ မိုင်းမိပြီး ညာခြေချင်းဝတ် ပြတ်သွားတယ်တဲ့'

'ငါဖြတ်ပြောမယ်။ တို့ဗမာစကားစု ဥပါဒါန် ကြောင့် ဥပဒ်ဖြစ်တတ်တယ်တဲ့။ အိပ်မက်ဟာ အိပ်မက်လို့ပဲ သဘောထား။ သိပ်စွဲလမ်းမှုမထားနဲ့။ အင်း.. ဆက်ပါဦး'

'ကျွန်တော် မိုင်းထိလို့ လူးလိမ့်နေစဉ်မှာ နောက်ထပ်ကျွန်တော်တစ်ယောက် ထပ်ပေါ်လာတယ်။ အဲဒီကျွန်တော့်ကိုယ်ခွဲက ကတုံးကြီးနဲ့။ သူ့ကိုယ်မှာ အဝါရောင်အဝတ်အထည်တွေနဲ့။ ကိုရင်ခေါ်မလား၊ ဦးပဉ္စင်းခေါ်မလား အဲလို..အဲလိုဖြစ်နေတဲ့ ကျွန်တော်ပဲ'

'ပြီးပြီလား။ အဲဒါ ငါရှင်းပြမယ်'

'နေဦး ဗိုလ်ကြီး၊ မပြီးသေးဘူး။ ကျွန်တော် အဲဒီအချိန်မှာ အသံတစ်သံ ကြားရတယ်။ ပီပီသသကို ကြားလိုက်ရတာ။ ဒါပေမဲ့ အဲလိုပြောတဲ့သူကို ကျွန်တော် မမြင်ရဘူး။ သူပြောတာက မင်း ဘာသာပြောင်းလိုက်ပါ။ ဘဝပြောင်းလိုက်ပါတဲ့။ အဲဒါ ဘာကိုပြောတာလဲ'

မောင်ဘိုကြီးအိပ်မက်နဲ့ တစ်ထပ်တည်းဖြစ်နေတဲ့ နှစ်ယောက်တစ်အိပ်မက်ကြောင့် အံ့ဩပြီး ခွန်းတုံ့ပြန်စကားတောင် မဆိုမိပါဘူး။ မောင်ဘိုကြီးဘက် ငါးဆယ်ရာခိုင်နှုန်း ပါလာပြီဖြစ်လို့ အာဗေလစကားကိုပဲနင်းပြီး မျှောလိုက်ပေးနေမိပါတယ်။

'ဗိုလ်ကြီး'

'ဟေ'

'ဘာတွေစဉ်းစားနေတာလဲ။ ကျွန်တော်မေးတာ ဖြေလေ'

'ဩော်..အေး..အေး..မင်းတို့ ငါတို့ လက်ရှိဘဝဟာ လူ့ဘဝလို့ခေါ်တယ်။ မင်းရဲ့ နောက်ကိုယ်ခွဲ ကတုံးကြီးနဲ့ သူ့ကိုယ်ပေါ်မှာ အဝါရောင်အဝတ်အစားတွေဆိုတာ သင်္ကန်းကိုပြောတာ။ မင်းရဲ့ကိုယ်ခွဲဟာ ဦးပဉ္စင်းအာဗေလလို့ခေါ်တယ်။ ရဟန်းဘဝပေါ့ကွာ။ တို့ဘဝနဲ့ မတူဘူး။ သိပ်မွန်မြတ်တဲ့ ဘုရားသားတော်ဘဝလို့ခေါ်တယ်။ မင်းပြောင်းရမှာက အဲဒီရဟန်းဘဝ ဒါပေမဲ့



www.burmeseclassic

www.burmeseclassic.com

ဗုဒ္ဓဘာသာဝင်ဖြစ်မှ ရဟန်းဘဝ ပြောင်းလို့ရမှာ ဖြစ်တဲ့အတွက် မင်း ပထမအဆင့် ဗုဒ္ဓဘာသာကို အရင်ပြောင်း။ တို့ဗုဒ္ဓရဲ့ကျင့်ကြံအားထုတ်ရတဲ့ အကျင့်တွေ၊ ဆောက်တည်ရမယ့် သီလတွေ ငါသိသလောက်၊ ငါလေ့လာဖူးသလောက် မင်းကို ရှင်းပြမယ်'

'ဘာသာမပြောင်းဘဲနဲ့ ရဟန်းလုပ်လို့ မရဘူးလား'

'မင်း အခြေခံကျောင်းဆင်းစဉ်က နိုင်ငံတော်အလံကို ကိုင်ပြီး ကျမ်းကျိန်ခဲ့ရတယ် မဟုတ်လား။ မင်းနေ့စဉ် နိုင်ငံတော်အလံကို အလေးပြုပြီး သစ္စာလေးချက် မဆိုရဘူးလား။ အေး..အဲဒါတွေ လုပ်ခဲ့ရလို့ မင်း စစ်သားဘဝ ရောက်သလိုပေါ့ကွာ'

'ဗိုလ်ကြီးပြောသလို ဘာသာမပြောင်း၊ ရဟန်းမဝတ်ဘူး ဆိုရင်ရော ဘာဖြစ်နိုင်လဲ'

'အေး..မင်းက တိတိကျကျ သိချင်တယ်ဆိုရင်တော့ ငါကလည်း ပြတ်ပြတ်သားသားပဲ ပြောရတော့မှာပေါ့ကွာ။ မင်းဘာသာမပြောင်း၊ ရဟန်းမဝတ်တဲ့ မင်းရဲ့ ပထမအာဗေလကိုယ်ဟာ မိုင်းနင်းမယ်၊ ခြေပြတ်မယ်ပေါ့ကွာ။ ဆင်ပြောင်ကြီး အမြီးကျမှ တစ်မနေပါနဲ့ကွာ။ တို့တပ်ရင်း ကျိုင်းတုံဌာနချုပ် ပြန်နားဖို့ရက်က တစ်ပတ်လောက်ပဲ ကျန်တော့တာပါ။ တပ်မှာ စုပေါင်းရဟန်းခံရှင်ပြု အလှူလုပ်ဖို့ စီစဉ်ထားပါတယ်။ ရေကန်အသင့်ကြာ အသင့် ဒီလိုအခွင့်အရေးမျိုး လက်လွှတ်မခံပါနဲ့'

'တစ်ပတ်ဆိုတော့ အချိန်ရပါသေးတယ်။ ကျွန်တော် ကြိုးစားပါ့မယ်'

မောင်ဘိုကြီးတို့ စကားဖြတ်လိုက်ပါတယ်။ အခြေအနေအရ မောင်ဘိုကြီးဘက် ရာနှုန်းပြည့်ပါလာပြီလို့ မှတ်ယူပြီး ကြည်နူးဝမ်းသာရပါတယ်။ ဒါပေမဲ့ မီးများမီးနိုင်၊ ရေများရေနိုင် ဆိုစကားလိုပါပဲ မောင်ဘိုကြီးရဲ့ တပ်စုမှာရော တစ်ခွဲလုံးမှာရော အရာခံအကြပ်ကြီးတွေကအစ အင်အားတစ်ဝက်လောက်ဟာ ခရစ်ယာန်ဘာသာဝင်တွေချည်းပဲဖြစ်နေလို့ သူတို့ချင်း ပြောစကားဟာ သွေးစကား၊ မောင်ဘိုကြီးစကားဟာ ဘေးစကားဖြစ်ပြီး အရာမရောက်ဘဲ အဖျားရှူးသွားပါတော့တယ်။

◆◆◆

မောင်ဘိုကြီးရဲ့ မိခင်တပ်ရင်းဟာ အရှေ့ပိုင်းရှမ်းပြည်နယ်မြို့တော် ကျိုင်းတုံအခြေစိုက် အမှတ်(၄) ချင်းသေနတ်ကိုင်တပ်ရင်းပါ။ အတိုကောက် ချင်း(၄)လို့ပဲ သုံးပါတယ်။

မောင်ဘိုကြီးတို့ ချင်း(၄)တပ်ရင်း စစ်ဆင်ရေးတာဝန်ယူရတဲ့ နယ်မြေကတော့ ကျိုင်းတုံမြို့အရှေ့မြောက်ဘက် မိုင်(၃၀)အကွာ ဝမ်တာပင်း၊ ဝမ်ရှန်၊ မော်ညှပ်၊ ဝမ်ကန် အမည်ရှိ လွယ်လတိုင်းရင်းသားတွေ အခြေချနေထိုင်တဲ့ ခွင်ပါ။ ရှေ့တန်းဌာနချုပ်ကို ဝမ်ညှပ်ရွာအထက် တောင်ကုန်းမှာ ဖွင့်ထားပါတယ်။

မောင်ဘိုကြီးတို့ တပ်ခွဲ(၃)ကတော့ ဝမ်ရှန်ရွာအထွက် တောင်ကြောမှာ အခြေပြုထားပါတယ်။ နယ်ချဲ့ကျူးကျော်သူ တရုတ်ဖြူတွေ အခြေပြုဘူးလို့ တရုတ်ဖြူကုန်းအမည်အဖြစ် ချင်း(၄)တပ်ရင်း စစ်ဆင်ရေးနယ်မြေ အစွန်ဆုံးကျလို့လည်း ရင်ဆိုင်ကုန်းလို့လည်း ခေါ်ပါတယ်။ အမည်နာမ အမျိုးမျိုးရှိပေမယ့် ရင်ဆိုင်ကုန်း အမည်ကတော့ အဓိပ္ပာယ်အရှိဆုံးလို့ ဆိုနိုင်ပါတယ်။

မောင်ဘိုကြီးတို့ ရင်ဆိုင်ကုန်းကနေ ရာသီဥတုသာယာတဲ့အချိန်ဆို ရန်သူဗကပတွေ အခြေပြုထားတဲ့ ဝမ်နောင်ကြီး၊ ဝမ်နောင်လေး၊ ဝမ်ထန်၊ ပှေဟုတ်စခန်းတွေကို လှမ်းမြင်ရပါတယ်။ အဖြောင့်တိုင်းရင် (၅၊ ၆၊ ၇) မိုင်ဝန်းကျင် ရှိမှာပါ။ ဒါကြောင့် မောင်ဘိုကြီးတို့တပ်ခွဲ လှည့်ကင်း၊ တိုက်ကင်း၊ ထောက်ကင်းထွက်တိုင်း ရန်သူနဲ့ ထိတွေ့တိုက်ပွဲဆင်နွှဲရတာချည်းပါပဲ။ ကိုယ့်တပ်လှုပ်ရှားမှု အားနည်းတဲ့အခါ အတွင်းစည်းအထိဝင်ပြီး သွားလမ်းလာလမ်း ရေဆိပ်တွေအထိ နင်းမိုင်း၊ တိုက်မိုင်း၊ ဆွဲမိုင်း ထောင်လေ့ရှိပါတယ်။ သွားသတိ လာသတိ အမြဲရှိနေတဲ့ မောင်ဘိုကြီးတို့ရဲ့ဘော်တွေ ရှောင်ကွင်းနိုင်ပေမယ့် အပြစ်မဲ့ပြည်သူ လွယ်လတိုင်းရင်းသားတွေကတော့ မကြာခဏ ဆိုသလို မိုင်းအန္တရာယ်နဲ့ ကြုံတွေ့ရလေ့ရှိပါတယ်။

မောင်ဘိုကြီးကတော့ တိုက်ပွဲတွေ ခပ်စိပ်စိပ်ဖြစ်တဲ့ အချိန်မျိုး မိုင်းတွေ မကြာ၊မကြာ ပေါက်ကွဲသလိုမျိုးတွေ ကြုံ တွေ့ရတိုင်း တပည့်ရဲဘော်လေး အာဗေလအတွက် ရင်တထိတ်ထိတ်နဲ့ စိုးရိမ်နေရပါတယ်။ ဥပါဒါန်ကြောင့် ဥပဒ်ရောက်လို့ မောင်ဘိုကြီးနှုတ်ဖျားက သတိပေးပြောဘူးပေမယ့် နှစ်ယောက်တပ်တူကျတဲ့ အိပ်မက်ကြောင့် အာဗေလအတွက် ပူပင်ကြောင့်ကြမှုဟာ ဖြေဖျောက်လို့ မရတာကြောင့် တပ်ရင်းပြန်နားရမယ့်ရက် မြန်မြန်ရောက်

www.burmeseclassic

www.burmeseclassic.com

ပါစေလို့ ဆုတောင်းနေရပါတယ်။

တပ်ပြန်နားဖို့ ရက်ပိုင်းအလိုလောက်မှာ ရှေ့တန်းဌာနချုပ်က ကြေးနန်းဝင်လာပါတယ်။ မောင်ဘိုကြီးတို့ တပ်ခွဲ (၃) ရင်ဆိုင်ကုန်းကို ရှေ့တန်းမှူး လာရောက်စစ်ဆေးမယ့် ကြေးနန်းပါ။

သတ်မှတ်ရက်မှာ ရှေ့တန်းမှူးခရီးစဉ်အတွက် လမ်းလုံခြုံရေးယူဖို့ မောင်ဘိုကြီးတပ်စု အလှည့်ကျပါတယ်။ တစ်စိတ်တစ်ယောက်ချန် စနစ်အရ အာဗေလကျန်ရစ်မယ့် အလှည့်ပါ။ ဒါပေမဲ့ ဝမ်ရှန်ရွာမှာ ကိစ္စရှိလို့ တင်ပြချက်နဲ့ တပ်သားမောင်မြင့်နဲ့ တာဝန်လဲပြီး လိုက်ပါခဲ့ပါတယ်။

စစ်တပ်မှာ အယူသီးတယ်ခေါ်မလား၊ အစွဲကြီးတယ်ခေါ်မလား ကိုယ့်အလှည့်မကျဘဲ အစားလိုက်ရင် ဘေးအန္တရာယ်ကျရောက်တတ်တာမျိုး စစ်ကြောင်းအတိုင်း ရှေ့နောက်တစ်ဦးချင်း သွားနေစဉ်မှာ ရှေ့ရဲဘော်တွေကို ကျော်တက်လို့ မိုင်းနင်းမိတာမျိုးတွေ ကြုံတွေ့ရတတ်ပါတယ်။ တိုက်ဆိုင်မှုတွေက အမြဲလိုလိုတော့ အစွဲကြီးတာ၊ အယူသီးတာတွေဟာ အမှန်လို့ပြောရမှာဖြစ်ပါတယ်။ ဒါကြောင့် မောင်ဘိုကြီးနှုတ်က ဖွင့်မဟာပေမယ့် ရင်ထဲမှာတော့ စိုးရိမ်စိတ်က ရှိနေပါတယ်။

မောင်ဘိုကြီး လမ်းလုံခြုံရေးယူရတဲ့ တောင်ကုန်းဟာ အတွင်းစည်းပါ။ တစ်ပတ် နှစ်ကြိမ်၊ သုံးကြိမ် နေရာယူလုံခြုံရေးလုပ်နေကျ တောင်ကုန်းပါ။ ဒါပေမဲ့ မောင်ဘိုကြီး လျှော့မတွက်ပါဘူး။ သတိဆိုတာ ပိုတယ်မရှိတာကြောင့် မြေပြင်အနေအထားရဲ့ ထူးခြားမှု၊ ပြောင်းလဲမှုကို လေ့လာတဲ့အခါ မသင်္ကာစရာ မြင်ကွင်းတစ်ခု တွေ့ရှိရပါတယ်။

ဝမ်ရှန်ရွာနဲ့ လက်ဖက်တောင်ကုန်း ဖုံနေတဲ့ လူသွားလမ်းတစ်နေရာမှာ မခူးမဆွတ်ဘဲထားတဲ့ လက်ဖက်ပင်ဆယ်ပင်လောက်က ရွက်ကြမ်းတွေ ရင့်ရော်နေခြင်းပါပဲ။ ဒီလိုရာသီမျိုးဟာ ရွှေဖီမိုးလွတ်ဆိုတဲ့ အကောင်းဆုံးလက်ဖက်တွေထွက်ရှိချိန်ဖြစ်လို့ တစ်ကုန်းလုံးရှိရှိသမျှ လက်ဖက်ပင်တွေဟာ ကတုံးဖြစ်နေပါတယ်။ ဒါပေမဲ့ တစ်ရက်၊ နှစ်ရက်ဆို အညွန့်လေးတွေ စိမ်းစိုနေတတ်ပါတယ်။ လက်ဖက်ပင်ဟာ မန်ကျည်းပင်လိုပါပဲ။ ဘယ်လောက်ခူးဆွတ်၊ ခူးဆွတ် ရွက်နုတွေ ပိုထွက်လာသလို သဘောပါ။ ဒါကြောင့် ခူးဆွတ်ခြင်းမရှိတဲ့ လက်ဖက်ပင်အုပ်စုဟာ အန္တရာယ်စက်ကွင်း (သို့မဟုတ်) ရန်သူမိုင်းထောင်ထားတဲ့ နေရာဆိုတာ အတွေ့အကြုံအရ အတိအကျ ပြောနိုင်ပါတယ်။

မောင်ဘိုကြီး တပ်စုတပ်ကြပ်ကြီးနဲ့ တပ်စိတ်မှူးအားလုံးကိုခေါ်ပြီး ပုံစံမမှန်တဲ့ မြေပြင်အနေအထားတွေ့ရင် သေချာရှင်းလင်းပြီးမှ အထိုင်ချဖို့၊ ခူးဆွတ်ခြင်းမရှိတဲ့ လက်ဖက်ပင်အုပ်စုနေရာကို လုံးဝသွားလာခြင်း မပြုဖို့ ကင်းစနစ်တကျချပြီး ကြီးကြပ်ပေးဖို့ သတိပေးလိုက်ပါတယ်။

မောင်ဘိုကြီးတို့ လမ်းလုံခြုံရေးယူထားတဲ့ တောင်ကုန်းနေရာကို ရှေ့တန်းမှူးအဖွဲ့ မနက်(၈)နာရီမှာ ဖြတ်သန်းပြီး စခန်းကုန်းကို တက်သွားပါတယ်။ လိုအပ်တဲ့ စစ်ဆေးမှုတွေ ပြုလုပ် ညွှန်ကြားချက်ပေးစရာရှိတာပေးပြီး ညနေ(၅)နာရီကျော်မှာ ပြန်လည်ဖြတ်သန်းသွားပါတယ်။ မောင်ဘိုကြီး တောင်ခြေဆင်းပြီး ရှေ့တန်းမှူးနဲ့ တွေ့ဆုံနှုတ်ဆက်ပါတယ်။

"ရှိုး . . ရှိုး"

ရှေ့တန်းမှူးအဖွဲ့ ဖြတ်သန်းပြီး မောင်ဘိုကြီး လက်ဖက်တောင်ကုန်းပေါ် ပြန်မတက်တော့ဘဲ နာရီဝက်အကြာမှာ တာဝန်ပြီးဆုံးကြောင်း၊ စခန်းကုန်းပြန်မည်ဖြစ်ကြောင်း ခရာရှည်နှစ်ချက်မှုတ်ပြီး အချက်ပေးလိုက်ပါတယ်။

မောင်ဘိုကြီး စိတ်မောလူမောနဲ့ တစ်နေ့တာ ဖြတ်



www.burmeseclassic

www.burmeseclassic.com

သန်းခဲ့ပြီးဖြစ်လို့ ဘာပြဿနာမှ မကြုံခဲ့တာကြောင့် ရင်ထဲက အပူလုံးကြီး ကျသွားသလို ခံစားရပါတယ်။

ဝုန်း

ပေါက်ကွဲသံကြီးဟာ တောင်စဉ်အထပ်ထပ်ကို ပဲ့တင်ထပ်အောင် မြည်ဟိန်းသွားသလို မောင်ဘိုကြီးရင်ဟာလည်း စိုးရိမ်စိတ်နဲ့ တဒုန်းဒုန်းခုန်နေပါတယ်။ မောင်ဘိုကြီး လက်ဖက်တောင်ပေါ် ပြေးတက်စဉ်မှာပဲ အော်ဟစ်သတင်းပို့သံတွေ ကြားလိုက်ရပါတယ်။

"ဗိုလ်ကြီးကို ရဲဘော်တစ်ယောက် သွားသတင်းပို့စမ်း၊ အာဗေလ မိုင်းထိသွားပြီလို့"

တပ်စုတပ်ကြပ်ကြီး အသံပါ။ မောင်ဘိုကြီးခေါင်းမိုးကြိုးပစ်သလို ခံစားလိုက်ရပါတယ်။ ဘာပြဿနာမှ မဖြစ်လို့ ရင်ထဲ အပူလုံးကျသွားတာ မိနစ်ပိုင်းလောက်ရှိသေးစဉ်မှာ ဖြစ်ပေါ်လာတဲ့ အရေးပေါ်အခြေအနေကြောင့် ရင်ပူရပြန်ပါပြီ။

မောင်ဘိုကြီး မိုင်းကွဲသံကြားလိုက်ကတည်းက ငါ့ရဲဘော် ငါတားမြစ်ထားတဲ့နေရာကို သွားလို့ပဲ အသိရှိနေပါတယ်။ တကယ်လည်း ရှူးဆွတ်ခြင်းမရှိတဲ့ လက်ဖက်ပင်အုပ်စုကြားမှာ နင်းမိသွားခြင်းပါ။

"ဗိုလ်ကြီး ..ကျွန်တော့်ကို ခွင့်လွှတ်ပါနော်"

ညာခြေချင်းဝတ်ပြတ် ဒဏ်ရာကြောင့် နာကျင်တဲ့ဝေဒနာခံစားရင်း မြေပြင်မှာ လူးလှိမ့်နေတဲ့ အာဗေလဟာ မောင်ဘိုကြီးကို မြင်မြင်ချင်း တောင်းပန်စကားပြောပါတယ်။ ဘာကိုခွင့်လွှတ်ခိုင်းတာလဲ၊ တားမြစ်နယ်မြေကို သွားမိတဲ့ အမိန့်မနာခံမှုအတွက် တောင်းပန်တာလား၊ မောင်ဘိုကြီးနဲ့ အာဗေလ နှစ်ယောက် တစ်အိပ်မက်အရ စည်းရုံးပြောဆိုမှုကို မလိုက်နာနိုင်လို့ဘဲ တောင်းပန်တာလားဆိုတာတော့ မောင်ဘိုကြီး မဝေခွဲတော့ပါဘူး။

မောင်ဘိုကြီး ခွင့်လွှတ်ပါတယ်။ မောင်ဘိုကြီးကို စော်ကားတာမဟုတ်ဘဲ သူယုံကြည်ကိုးကွယ်ရာ ဘာသာအတွက် သူ့ခြေတစ်ဖက် ပေးလှူလိုက်ရတယ်လို့ပဲ အသိစိတ်နဲ့ ခွင့်လွှတ်ပေးနိုင်ပေမယ့် မောင်ဘိုကြီးရင်မှာကတော့ နာကျင်နေပါတယ်။

ရှစ်ခွင်ကျော်(ဖောင်တော်သီ)

နယ်လှည့်သဘင်သနာပြု ဖိုးစမ္ပသိဒ္ဓိ၏တပည့်

ဆရာမပွင့်သစ္စာထင် (Eco.)

(မွေးရာပါ အကြားအမြင်)



သင့်ရဲ့ကံ အဆိုး/အကောင်း၊ အလှည့်အပြောင်း သိလိုလျှင်
ဆရာမပွင့်သစ္စာထင် ရှိတယ်။

ထီပေါက်ကိန်း၊ ရာထူးတိုးကိန်း၊ အိမ်ထောင်ရေးကံ၊ နိုင်ငံခြားခရီး၊
ကလေးအမည်ပေး၊ လုပ်ငန်းအမည်ပေး... စသည်တို့ကို မှန်ကန်တိကျစွာ
လမ်းညွှန်ပေးပါသည်။

လိုအပ်ပါက ယတြာကို အခမဲ့ဆောင်ရွက်ပေးပါသည်။

အမှတ်(၃)ရပ်ကွက်၊ အရှေ့ဘိုကုန်း၊ ကလေးမြို့။ ၀၉ ၄၀၁ ၅၄၆ ၂၈၉ ၀၉ ၇၈၀ ၈၃၄ ၈၀၀



www.burmeseclassic

www.burmeseclassic.com

## အလှည့်သုံးပါး

# မောင်အော်ဇော် (ပန်တော်ဝင်)

ရုံဖန်ရံခါ အပြင်လောကၡ တွေ့ရကြုံရတတ်သော အဖြစ်အပျက် အထူးအဆန်းများတို့သည် ကျွန်တော်၏ ရင်တွင်းစိတ်ကူးယဉ်လောကနှင့် ထပ်တူမပြုသော်လည်း ခပ်ဆင်ဆင်တူနေသကဲ့သို့ ရှိလေသည်။





www.burmeseclassic

www.burmeseclassic.com

တကယ်တော့ ကျွန်တော်သည် စိတ်ကူးယဉ်ရုပ်ပုံဖော်၍ ဇာတ်လမ်းဇာတ်ကွက်ဆင်ကာ ဝတ္ထုရေးခြင်း၊ ရုပ်ရှင်ရိုက်ကူးခြင်း အမှုကို ပြုတတ်သောကြောင့် ဤသို့ အတွေးစိတ်နှင့်ယှဉ်၍ အတွင်းစိတ်သို့ကူးဆက်ကာ အပြင်ရုပ်အမြင်တို့သည် ခပ်ဆင်ဆင် တူသွားသည်လားတော့ မပြောတတ်ပေ။

တစ်ခါတစ်ရံ၌မူ ထိုအမြင် ထိုအဖြစ်အပျက်များသည် အတိတ်က တစ်နေရာရာမှာ တွေ့ကြုံဖူးသကဲ့သို့ စိတ်ထဲ ခံစားမိလေ၏။ စိတ်သည် ထူးဆန်းသည်တော့ အမှန်ဖြစ်လေ၏။

ထိုနေ့က ကျွန်တော်သည် ဘုန်းကြီးဝတ်နေသော သူငယ်ချင်းဘုန်းကြီး ကိုအင်ကြင်းဖေဆီ ရောက်သောအခါ လှူဖွယ်ပစ္စည်း အချို့ကိုလည်း သူငယ်ချင်းဘုန်းကြီးအား လှူဒါန်းခဲ့လေ၏။

'ဒကာမျိုးနဲ့ မတွေ့ရတာတောင် ကြာပြီနော်။ အခုဘာတွေလုပ်နေလဲ' ဟု ဘုန်းကြီးက စစချင်းမေးသည်။

'တပည့်တော်လည်း ကျန်းမာရေးမကောင်းလို့ဘုရား။ အိမ်မှာပဲ နားနေတယ်။ ဒီနေ့တော့ စိတ်ကူးရတာနဲ့ မတွေ့တာလည်းကြာလို့ ဦးပဥ္ဇင်းဆီလာခဲ့တာ အကြောင်းတော့ အထွေအထူး သိပ်မရှိလှပါဘူး'

'ရောက်တုန်းရောက်ခိုက် နားနားနေနေပေါ့ ဒကာ။ စားပြီး သောက်ပြီးမှ ပြန်ပေါ့'

'နေနေ၊ ရပါတယ်ဘုရား။ တပည့်တော် အိမ်ကစားပြီးမှ ထွက်လာခဲ့တာပါ။ တပည့်တော်အတွက် ဒုက္ခမရှာပါနဲ့ဘုရား'

'ဒုက္ခက ကိုယ်သိမ်းပိုက်ထားမှ ရတာပါ။ သိမ်းပိုက်မထားရင် အဲဒီဒုက္ခက အနားတောင် မကပ်ဘူး။ အေးအေးဆေးဆေးပေါ့'

သူငယ်ချင်းက ဘုန်းကြီးအသွင်သို့ ပြောင်းသွားသော်လည်း ဟန်ပန်အမူအရာနှင့် စကားအပြောအဆိုတို့ကမူ ယခင် လူဝတ်ကြောင်အတိုင်း တက်တက်ကြွကြွ သွက်သွက်လက်လက်ပင်။ အသားအရေကတော့ သိသိသာသာကြီးကို ပြောင်းသွား၏။

ယခင် လူဝတ်ကြောင်နှင့်တုန်းကတော့ အသားခပ်မွဲမွဲ၊ သေရည်အရက်ကိုလည်း အစွဲအလမ်းနှင့် သောက်လာတော့ အရက်လော်င်ပြီး အသားရောင်က ကြည်ကြည်လင်လင်မရှိ။ ကန်တော့ပါရဲ့၊ အရက်ရုပ်ပေါက်နေခဲ့သူဖြစ်၏။ ယခုတော့ ကြည်ကြည်လင်လင် လန်းလန်းဆန်းဆန်း၊ သင်္ကန်းရောင်နှင့် ပန်းတင့်လျက် ရှိတော့၏။

ထိုနေ့က ဘုန်းကြီးကျောင်းမှာ တစ်နေကုန်သည်။ ဆွမ်းကျန် ထမင်းကျန်လည်း ကျွန်တော်စားခဲ့ရ၏။ ကျွန်တော် အကြိုက်ဆုံးကတော့ ဘုန်းကြီးကျောင်းက တည်ထားတဲ့ ဟင်းလေးဟင်းပင် ဖြစ်၏။

လာခြင်းကောင်းသည်ဟု ဆိုရမည် ဖြစ်လေ၏။ အဘယ်ကြောင့်ဆိုသော် ဘုန်းကြီးဆီက ထူးဆန်းသော ဇာတ်လမ်းတစ်ပုဒ် ရခဲ့သောကြောင့် ဖြစ်လေ၏။

'ဦးပဥ္ဇင်းပေးမယ့် ဝတ္ထုဇာတ်လမ်းက ဦးပဥ္ဇင်းကိုယ်တိုင် စိတ်ကူးနဲ့ ဖန်တီးထားတဲ့ ဝတ္ထုဇာတ်လမ်း မဟုတ်ပါဘူး။ လွန်ခဲ့တဲ့ ခြောက်လကျော်က ကွယ်လွန်သွားတဲ့ ဒီကျောင်းရဲ့ ကပ္ပိယကြီး ဦးဖိုးကွန်းရဲ့ သူတို့ရွာမှာ သူ့ဆွေမျိုးထဲက တကယ်ဖြစ်ခဲ့တဲ့ဇာတ်လမ်း၊ ဂမ္ဘီရဆန်ဆန် ဇာတ်လမ်းဖြစ်လို့ ဒကာမျိုးနဲ့ဆို အံကိုက်ပဲ'

'တင်ပါ့၊ ချီးမြှင့်တော်မူပါဘုရား။ တပည့်တော်အနေနဲ့ ဝတ္ထုဖြစ်ဖြစ်၊ ရုပ်ရှင်ဖြစ်ဖြစ် ဖန်တီးလို့ရလျှင် ဖန်တီးလိုက်ပါ့မယ်ဘုရား'

'ဖြစ်ပါတယ်။ ဒကာမျိုးက ရုပ်ရှင်မျိုးရိုးက ဆင်းသက်လာတဲ့ ရုပ်ရှင်ဒါရိုက်တာတစ်ယောက်ပဲ။ ဒါရိုက်တာ အတော်များများလည်း ဂမ္ဘီရလိုင်းတွေ သိပ်မရိုက်ဖြစ်ကြပါဘူး။ ဟာသနဲ့ မိန်းမလျှာ ဇာတ်တွေကသာများနေတာပါ။ ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ။ ဒကာမျိုးရဲ့ အတတ်ပညာနဲ့ဆို တစ်ခုခုတော့ အကောင်အထည် ပေါ်လာလိမ့်မယ်လို့ ဦးပဥ္ဇင်းတော့ ယုံတယ်။ အဲဒီတော့ ဒကာမျိုးအရင်ဦးဆုံး ခံစားကြည့်လိုက်ပါဦး' ဟုဆိုပြီး ဘုန်းကြီးက ကျွန်တော့်ကို ဂမ္ဘီရဆန်သော ဇာတ်လမ်းတစ်ပုဒ်ကို ပြောပြလေရာ ကျွန်တော်က ဝတ္ထုပုံသဏ္ဌာန်အဖြစ် အောက်ပါအတိုင်း ရေးသားဖော်ပြလိုက်လေသတည်း။

◆ ◆ ◆

အချိန်ကား သန်းခေါင်ယံအချိန် ဖြစ်သည်။

လကား တန်ဆောင်မုန်းလ။ လမင်းကြီးထိန်ထိန်သာ၍ ပြည့်ဝလျက်ရှိ၏။

တန်ဆောင်မုန်းလ (၁၅)ရက်သည် အေးချမ်းလွန်းလှပေ၏။

www.burmeseclassic

www.burmeseclassic.com

တချို့လူတို့သည် စောစွာ အိပ်ရာဝင်လျက် နွေးထွေးစွာ အိပ်စက်နေကြပေပြီ။ မြနှင်းရည်တစ်ယောက်သာ အိပ်စက်မပျော်ဘဲ ကောင်းကင်ယံ၌ သာလျက်နေသော လမင်းကြီးကိုကြည့်ကာ အတွေးနယ်ချဲ့လျက် ရှိနေလေ၏။

ပြတင်းပေါက်မှ ဖြည်းညင်းစွာ စိမ့်ဝင်လာသော နှင်းလူးလေပြည်တို့သည် မြနှင်းရည်၏ ကိုယ်အနှံ့ပေါ်သို့ လိမ်းခြယ်ပွေ့ခတ်လျက် ရှိ၏။ သို့သော် မြနှင်းရည်မှာ ချမ်းရ အေးရမှန်း မသိ။ သန်းခေါင်ယံ လပြည့်ညတိုင်းကြားနေ၊ မြင်နေရသော ကတ္တီပါဝတ်ရုံနက်ကြီးကို လွှမ်းခြုံဝတ်ဆင်လျက် မြင်းဖြူကြီးကိုစီးကာ ကြော့ရှော့ ရောက်လာတတ်သော မြင်းဖြူရှင် ကိုသူရိယကို မျှော်လင့်စောင့်စားနေသောကြောင့် ဖြစ်လေသည်။

မြင်းခွာသံသည် တဖြည်းဖြည်းနီးကပ်လာနေပြီဖြစ်၍ မြနှင်းရည်၏ ရင်အစုံတို့မှာလည်း လှုပ်ရှားတုန်ခါမှုက ပို၍ပို၍ မြန်ဆန်သကဲ့သို့ ခံစားရလေ၏။

'မောင်ကြီး ရောက်တော့မယ်'

မြနှင်းရည်သည် ယခုပင် အလျင်အမြန်ပြေး၍ မောင်ကြီးကို ပြေးကြိုလိုက်ချင်သည့်စိတ်များက တဖွားဖွားဖြစ်လျက်နေတော့၏။

မြနှင်းရည်၏ မောင်ကြီးဆိုသူမှာ စင်စစ် သာမန်လူသားမဟုတ်ပေ။ နန်းတွင်းနွယ်ဖွား ဗိုလ်မှူးလေး သူရိယဆိုသူ ဖြစ်၏။ သူရိယကား အသက်ဘာမျှမရှိသေးပေ။ အသက်(၂၁)နှစ်ခန့်သာ ရှိသေး၏။ တောင့်တင်းကြံ့ခိုင်၍ အရပ်အမောင်းကောင်း၏။ ဥပဓိရုပ်ကလည်း ပျို့တိုင်းကြိုက်သည့်ရုပ်မျိုး။ အချောအလှစာရင်းဝင်သူ ဖြစ်လေ၏။

မြနှင်းရည်နှင့်စာလျှင် လနှင့် ပိုးစုန်းလို ခြားနား၏။ မြနှင်းရည်က ဆင်းရဲသည်။ လယ်သမားမျိုးရိုး သူရိယက မင်းနွယ်မင်းပေါက် နန်းတွင်းမြို့ကြီးသား။ သို့သော် သူရိယကတော့ အချစ်တစ်ခုတည်းနှင့်ပင် မြနှင်းရည်ကို ချဉ်းကပ်ခဲ့ခြင်း ဖြစ်လေ၏။ အခြားသည့်အပြင် ဘာမျှမရှိပေ။ ထိုနည်းလည်းကောင်းပင်၊ မြနှင်းရည်ကလည်း သူရိယကဲ့သို့ပင် အချစ်ကို ကိုးကွယ်ခဲ့သူ ဖြစ်လေ၏။

မောင်ကြီးသူရိယနှင့် မြနှင်းရည်တို့၏ တိတ်တခိုး ချစ်ခြင်းမေတ္တာကို မြနှင်းရည်တို့ မိဘမောင်ဖွားများ မသိကြပေ။ မြနှင်းရည်ကလည်း သူမ၏ လျှို့ဝှက်သော ချစ်ခြင်းမေတ္တာကို မည်သူ့အားမျှ ပြောကြားခြင်း၊ အသိပေးခြင်း မရှိခဲ့ပေ။

ဤသို့ဖြင့် လပြည့်ပေါင်းများစွာတို့သည် တရွေ့ရွေ့ဖြင့်ကုန်ဆုံးလာခဲ့ရာ ယခုဆိုလျှင် မောင်သူရိယနှင့် မြနှင်းရည်တို့၏ အချစ်သက်တမ်းသည် တစ်နှစ်ပင် လွန်မြောက်ခဲ့ပြီ ဖြစ်လေ၏။

နှင်းဟူသော မောင်သူရိယ၏ ခေါ်သံနှင့်အတူ လွှားခနဲ မြင်းပေါ်မှ ခုန်ဆင်းလိုက်သော လှုပ်ရှားမှုအသံကြောင့် မြနှင်းရည် အတွေးပြတ်တောက်၍သွားကာ 'မောင်ကြီး.. မောင်ကြီးသူရိယ' ဟု ပြန်၍ခေါ်လိုက်မိလေ၏။

'ဘာတွေများ အတွေးနယ်ချဲ့ပြီး စဉ်းစားနေတာလဲ နှင်းရယ်။ ကဲ ·လာ၊ အချိန်သိပ်မရှိဘူး။ လူကြီးတွေ မရိပ်မိခင် မောင်ကြီးတို့ နန်းဆောင်ကို သွားကြစို့ကွယ်နော်'

မောင်သူရိယသည် ပါးစပ်ကလည်း ပြောပြောဆိုဆို လက်ကလည်း ဆွဲ့ခနဲ မြနှင်းရည်၏ ကိုယ်လေးကို ပွေ့မ,ကာ မြင်းပေါ်သို့ တင်ပေးလိုက်လေ၏။ ထို့နောက်တော့ လရောင်ဖွေးဖွေးအောက်ဝယ် နှစ်ယောက်သား မြင်းတစ်စီးဖြင့် လျင်မြန်စွာ ဒုန်းစိုင်း၍ ထွက်ခွာသွားလေ၏။

'ဖြောင်း··ဖြောင်း··ဖြောင်း··ဖြောင်း'

'ခွပ်··ခွပ်··ခွပ်··ခွပ်'

◆ ◆ ◆

မောင်ကြီးသူရိယ၏ နန်းဆောင်တော်သည် လွန်စွာမှ ခမ်းခမ်းနားနား တင့်တယ်လွန်းဘိတော့၏။ ယခင်ကဆို ထိုနန်းဆောင်တွင်းသို့ မြနှင်းရည် တစ်ခေါက်မျှ မရောက်ဖူးခဲ့ချေ။ အဆောင်နှင့် ခပ်လှမ်းလှမ်းရှိ ဥယျာဉ်တွင်း၌သာ မောင်ကြီးသူရိယနှင့် တွေ့နေကြ၊ ဆုံနေကြ၊ ချိန်းတွေ့နေကြ ဖြစ်သည်။

သည်နေ့မှ မောင်ကြီးသူရိယ ဘာစိတ်ကူးတွေပေါက်ပြီး မြနှင်းရည်ကို ခေါ်လာခဲ့သည်တော့ မသိ။ အခန်းဖွဲ့စည်းပုံနှင့် ပစ္စည်းအထားအသိုတို့မှာလည်း နန်းတွင်းမင်းညီမင်းသားတို့၏ အဆောင်အယောင်အတိုင်း ဖြစ်လေ၏။

မြနှင်းရည်တစ်ယောက် ငေး၍မကုန်နိုင်အောင် လှပတင့်တယ်လွန်း၍-

'မောင်ကြီးအဆောင်ကလည်း အရမ်းကို ကြီးကျယ်တာပဲနော်။ ခမ်းလည်း ခမ်းနားတယ်၊ ထည်လည်းထည်



www.burmeseclassic

www.burmeseclassic.com

ဝါတယ်။ ဒါထက် မောင်ကြီးရဲ့ မိဘဆွေမျိုးတွေလည်း မမြင်ပါလား မောင်ကြီး'

ဟု မြနှင်းရည်က စူးစမ်းသလို မေးလိုက်ရာ သူရိယက ဟက်ခနဲ တစ်ချက်ပြုံးရယ်လိုက်ပြီး-

'မောင်ကြီးက တစ်ယောက်တည်း နန်းဆောင်သီးသန့်နဲ့ နေတာ။ ခမည်းတော်နဲ့ မယ်တော်ကတော့ နန်းတော်ထဲက အဆောင်မှာပဲ နေတာ။ မောင်ကြီးက တစ်ဦးတည်းသောသား၊ အိမ်ရှေ့မင်းသား ဗိုလ်မှူးလေးလေ မြနှင်းရည်။ မောင်ကြီးနဲ့ အတူနေနိုင်မလားဟင်'

'မောင်ကြီးက ဘာဖြစ်လို့ အဲဒီလို မေးတာလဲ'

'ဩော်..မောင်ကြီးက နှင်းရဲ့စိတ်ရင်းအမှန်ကို သိချင်လို့ မေးတာပါ။ နှင်း မောင်ကြီးနဲ့ အတူနေနိုင်မယ်ဆိုရင် မောင်ကြီး နှင်း၊ ဟောဒီက မြနှင်းရည်ကို ပြန်မလွှတ်ပေးတော့ဘူး'

'အို..မောင်ကြီးကလည်း၊ နှင်းမိဘတွေ စိတ်ပူနေမှာပေါ့ မောင်ကြီးရယ်။ နှင်းကို တကယ်ချစ်၊ တကယ်လက်ဆက်ချင်တယ်ဆိုရင် မြနှင်းရည်တို့ မိဘတွေကို လာပြောလေ၊ လာတောင်းပေါ့ မောင်ကြီးရယ်။ မြနှင်းရည် မိဘတွေက လက်ခံမှာပါ။ မောင်ကြီး..လာတောင်းမယ်မို့လား'

မောင်သူရိယ ခေါင်းကို ယမ်းခါလိုက်လေ၏။

'ဟင်..မောင်ကြီးက ဘာဖြစ်လို့ ခေါင်းကို ယမ်းခါလိုက်ရတာလဲ။ မြနှင်းရည် မိဘဆီမှာ ပြောဖို့၊ တောင်းဖို့ အားနာနေလို့လား။ ဒါမှမဟုတ်ရင် မတူမတန်လို့ တောင်းရမ်းချင်စိတ် မရှိတာလား။ ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ မောင်ကြီး' ဟု မြနှင်းရည်က မေးလိုက်လေ၏။

'အဲဒါတွေနဲ့ မဆိုင်ပါဘူး။ မောင်ကြီးမှာက မြနှင်းရည် ထင်နေသလို မဟုတ်လို့ပါ နှင်းရယ်'

'ဘာမဟုတ်တာလဲ မောင်ကြီးရယ်။ မြနှင်းရည်ကို မောင်ကြီး နောက်ပြောင်နေတာတော့ မဟုတ်ပါဘူးနော် မောင်ကြီး။ ပြောစမ်းပါ'

'မနောက်ပါဘူး မြနှင်းရည်၊ မောင်ကြီး တကယ်ပြောနေတာပါ။ တကယ်တော့ မောင်ကြီးဟာ နန်းတွင်းသား အိမ်ရှေ့မင်းသားလည်း မဟုတ်ဘူး၊ ဗိုလ်မှူးလေးလည်း မဟုတ်ပါဘူး။ အမှန်အတိုင်း မောင်ကြီး ပြောရမယ်ဆိုရင်..'

မောင်သူရိယ ပြောနေရင်းက ရုတ်တရက် စကားပြတ်၍သွားလေ၏။

မီးတုတ်များ ကိုင်ထားသော လူအုပ်ကြီးတစ်အုပ် ညာသံပေး၍ ရောက်လာသောကြောင့် ဖြစ်လေ၏။

ငင်းလူအုပ်ထဲတွင် မြနှင်းရည်၏ မိဘနှစ်ပါးလည်း ပါသည်။ နောက်တစ်ဦးကတော့ ရွာအရှေ့ပိုင်းက အထက်ဂိုဏ်းဆရာကြီး ဦးအဂ္ဂလည်း ပါလာလေ၏။

'ဟာ..ဟိုမှာ..ဟိုမှာ၊ ညောင်ပင်ကြီးအောက်မှာ တစ်ယောက်တည်း ထိုင်နေတာ သမီးလေး မြနှင်းရည် မဟုတ်လား'

ဟူသော မိန်းမကြီးတစ်ယောက်၏ စကားသံနှင့် အတူ-

'ဟုတ်တယ်၊ ဟုတ်တယ်။ မြနှင်းရည်၊ ဟဲ့..သမီး ဒီမှာ တစ်ယောက်တည်း ဘာထိုင်လုပ်နေတာလဲ' ဟု ယောကျ်ားကြီးတစ်ယောက်က လှမ်းမေးရင်း မြနှင်းရည်ထံ ပြေးသွားလေ၏။

အထက်ဂိုဏ်းဆရာကြီး ဦးအဂ္ဂသည်လည်း သုတ်သုတ်ပင် မြနှင်းရည်ဆီ ရောက်သွားပြန်လေ၏။



လရောင် မီးတုတ်
ရောင်တွေအောက်ဝယ်
မြနှင်းရည်ကို တစ်ယောက်တည်း
သေသေချာချာ မြင်တွေ့လိုက်ပြီ

www.burmeseclassic

www.burmeseclassic.com

ဖြစ်၏။ တစ်ယောက်တည်း စကားတွေ ပြောနေသော မြနှင်းရည်ကိုကြည့်ပြီး ခေါင်းဘယ်ညာယမ်းခါလိုက်သူက အထက်ဂိုဏ်းဆရာကြီး ဦးအဂ္ဂပင် ဖြစ်လေ၏။

'သမီးမြနှင်းရည်၊ သမီး ဘယ်သူနဲ့ စကားတွေပြောနေတာလဲ'

ဟု မိခင်ဖြစ်သူက မေးလိုက်ရာ မြနှင်းရည်က-

'မောင်ကြီးသူရိယနဲ့ သမီးစကားပြောနေတာ။ မောင်ကြီးက သမီးကို လက်ထပ်မလို့တဲ့။ အဲဒါ အမေ့တို့ဆီသွားပြောဖို့၊ တောင်းယမ်းဖို့ အကြံပေး ပြောဆိုနေတာ အမေရဲ့'

'ဟဲ့..မြနှင်းရည်၊ ဘယ်မှာလဲ နင့်မောင်ကြီးသူရိယဆိုတာ။ အမေတို့လည်း မမြင်ပါလား'ဟု မြနှင်းရည်အဝေးက ဟိုကြည့်ဒီကြည့် လိုက်ရှာ၍ မေးလေ၏။

'ဟိုမှာလေ မောင်ကြီးသူရိယ။ မြင်းဖြူကြီးပေါ်မှာ ဝတ်ရုံနီကြီးနဲ့ မမြင်ဘူးလား။ ဟော..မြင်းဖြူကြီးစီးပြီး ထွက်သွားပြီ၊ ထွက်သွားပြီ။ သမီးကိုတောင် မခေါ်တော့ဘူး။ အဖေတို့၊ အမေတို့ မောင်ကြီးသူရိယကို ခေါ်ပေးကြပါဦး။ မောင်ကြီး..မောင်ကြီးရေ၊ ခဏ..ခဏ နေဦးလေ။ မြနှင်းရည်လည်း လိုက်ခဲ့မယ်'

ဟု ထလိုက်မလို့လုပ်စဉ် အထက်ဂိုဏ်းဆရာကြီး ဦးအဂ္ဂက-

'ဟဲ့..ရပ်စမ်း၊ အဲဒါ လူမဟုတ်ဘူး။ ရက္ခစိုး၊ ရက္ခစိုး။ ဒီမယ် ကိုဘအောင်..ခင်ဗျားသမီး မြနှင်းရည်ကို ရက္ခစိုး လှည့်စားနေတာ အဟုတ်ထင်မနေနဲ့။ အလှည့်သုံးပါးမှာ လူလှည့်၊ ဓာတ်လှည့်၊ နတ်လှည့်ဆိုတာတွေ ရှိတယ်။ အကောင်းဆုံးကတော့ ခင်ဗျားသမီး မြနှင်းရည်ကို ဘယ်ဓာတ်ဆရာ၊ နတ်ဆရာနဲ့မှ မကုနဲ့။ စိတ်ကျန်းမာရေးဆေးရုံကိုသာ အမြန်ပို့လိုက်ကြတော့။ ကိုင်း..ညဦးလည်း အတန်နက်ပြီ။ သမီးခေါ်ပြီး ရွာထဲ ပြန်ဝင်ဖို့သာလုပ်ကြတော့'ဟုပြောပြီး အထက်ဂိုဏ်းဆရာကြီး ဦးအဂ္ဂက ရှေ့ဆုံးက ထွက်သွားလေ၏။

မြနှင်းရည်တို့ မိဘနှစ်ပါးတို့ကမူ သမီးလေးကို ချော့မော့ခေါ်၍ အနောက်က လိုက်ပါခဲ့ကြလေတော့သတည်း။

**မောင်အောင်ဇော်(ပန်တော်ဝင်)**


အရေပြားရောဂါအတွက် စိတ်အချရဆုံးမှာ **လီယိုမက်**

**နှင်းခူ၊ ပွေး၊ ဝဲ လိမ်းဆေး** **ဟိမဝန္တာ သွေးသန့်ဆေး**

**ခရုသင်း** **သမင်ဖြူ**

ခရုသင်း၊ သမင်ဖြူ၊ နီ၊ နက်ကွက်များ၊ အနာကြီးရောဂါ၊ ဆိုရီရေးစစ်ရောဂါ၊ မှိုစွဲရောဂါ၊ ခြေလက်အက်ကွဲရောဂါ၊ ဝက်ခြံ၊ တင်းတိပ်၊ ညှင်း၊ မွေး၊ ဝဲ၊ ယားနာ၊ နှင်းခူနှင့် အရေပြားရောဂါအမျိုးမျိုး၊ **ကာလသားရောဂါ**၊ ဆီးပူညောင်းကျ၊ ဂနိုရီးယားရောဂါ၊ ဆစ်ဖလစ်၊ ရှင်ကစ္စိုက်၊ ရေယုန်၊ မုက္ခရုနာ၊ ကြွက်နို့၊ ငါးမျက်စိ၊ ဝဲ၊ ရိုဖြူဆင်းရောဂါ၊ အသားအရေ မည်းခြင်း၊ ခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်း ရောဂါများကို **အဆင့်မြင့် အိန္ဒိယ ယူနာနီ** တိုင်းရင်းဆေး နည်းပညာ၊ အစွမ်းထက်သော တိုင်းရင်းဆေးကုထုံးများဖြင့် ကုသပေးနေပါသည်။

**လီယိုမက်** အရေပြားရောဂါ အထူးကုဆေးတိုက်

**အမှတ်(၂၂၇)၊ ၃၂-လမ်း(ထက်)၊ ၃-ထပ်၊ ရန်ကုန်မြို့။ PH: 252598, 243851**

နယ်မှ ဝေဒနာရှင်များ ကြိုတင်ငွေပို့စနစ်ဖြင့် စာတိုက်မှတစ်ဆင့် မှာယူနိုင်ပါသည်။




www.burmeseclassic

www.burmeseclassic.com

## အဘဝိဇ္ဇာတို့ရဲ့ အိပ်မက်ပေးညွှန်ကြားချက်အရ ဘုရားသုံးဆူ တည်ပို့ရန်အတွက် အထူးအစီအစဉ်ဖြင့် သာသနာပြုလျက်ရှိသော



# ဆရာမကြီး အေးမိုးမိုး

## စိတ်မနောအာရုံ အကြားအမြင်လက္ခဏာပညာ

ကျွန်မ ဆရာမကြီး အေးမိုးမိုးထံ လာရောက်ဗေဒင်မေးခဲ့ကြသော ရပ်နီးရပ်ဝေးမှ မိတ်ဆွေများနှင့် တပည့်သားသမီးအပေါင်း အားလုံးတို့ကို သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ရန်အတွက် အသိပေးလိုက်ရပါတယ်။ ဆရာမက (၁-၁-၂၀၁၁)နေ့မှစပြီး ဗေဒင်ဟောပြောခဲ့ရာ အခု (၁-၇-၂၀၁၇)နေ့အထိ (၇)နေ့သားသမီး အပေါင်းတို့ရဲ့ တစ်နေ့တာ ဗေဒင်ဟော၍ရသော ဉာဏ်ပူဇော်ခငွေများထဲမှ ငါးပုံ နှစ်ပုံသော ငွေများကို ရာသိုလ်ပြုခဲ့တာဆိုရင် ရွှေးဟောင်း ဘုရားသုံးဆူ ပြုပြင်ခြင်း၊ ဘုရားထီးတော်ကြီး (၄)လက် လှူဒါန်းခြင်း၊ အများသုံး သောက်ရေကန် တစ်ကန် လှူဒါန်းခြင်း၊ ဇရပ်(၂)ဆောင် လှူဒါန်းခြင်း၊ ဘုန်းကြီးကျောင်း ပြုပြင်ခြင်း၊ မြဘုရား(၁)ဆူ လှူဒါန်းခြင်း၊ ဘုရားကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းခြင်း၊ ရွှေတိဂုံဘုရား အလယ်ပစ္စယာတွင်ရှိသော သီလရှင်ကျောင်း ပြုပြင်ဆောက်လုပ်လှူဒါန်းခြင်း၊ မဟာဝိဇယစေတီတော်ကြီး၌ ရွှေစင်(၂)ပိဿာ (၅၀)ကျပ်သားရှိ ဘုရားရုပ်ပွားတော်အတွက် မှန်ကျောင်းဆောင်နှင့် ပစ္စည်း(၁၁)မျိုးကိုလည်း လှူဒါန်းပေးထားသည့်အပြင် မိတ္ထီလာ၊ ကျောက်ပန်းတောင်းမြို့နယ်၊ ကြက်ပြင်ကျေးရွာ၌ အများသောက်သုံးရန်အတွက် ရေတွင်းရေကန်ကိုလည်း လှူဒါန်းခြင်း၊ ရဟန်းသံဃာ (၇)ပါးကိုလည်း နေ့စဉ် ဆွမ်းလောင်းလှူဒါန်းခြင်းနှင့်အတူ သက်ကြီးရွယ်အို အဘိုး၊ အဘွားများကိုလည်း နှစ်စဉ်နှစ်တိုင်း လှူဒါန်းလျက် ရှိပါသောကြောင့် ထိုကောင်းမှုအစုစုတို့အတွက် အသိပေး အမျှပေးဝေလိုက်ရပါသည်ရှင်…။

(၇)နေ့သားသမီးအပေါင်းတို့၌ ဖြစ်ပေါ်တတ်သည့် အချစ်ရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကလေးအမည်ပေးခြင်း၊ ဆိုင်အမည်ပေးခြင်း၊ အိမ်/ခြံ/မြေ/တိုက်ခန်း/ကားရောင်းရန်နှင့် ဝယ်ရန်၊ ရာထူးတိုး/ပြောင်းရွှေ့ခြင်း၊ မင်္ဂလာရက်ရွေးခြင်း၊ ကလေးခွဲစိတ်မီးဖွားရက် ရွေးခြင်းများနှင့်အတူ အခြားသော ကိစ္စရပ်အားလုံးတို့အတွက် ဆရာမကြီးမှ မေတ္တာ စေတနာ ရှေ့ထားပြီး အထူးဓာတ်ရိုက်ဓာတ်ဆင် ယတြာအဆောင်ကောင်းများနှင့် စီစဉ်ဆောင်ရွက်ပေးနေပါပြီရှင့်…။ **(နံနက် ၉:၀၀ နာရီမှ ညနေ ၄:၃၀ နာရီအထိ)**

**အားလုံးသောသူအပေါင်း ကိုယ်ရောစိတ်ပါ ကျန်းမာ၍ ချမ်းသာကြပါစေ။**

**ရွှေတိဂုံဘုရားတောင်ဘက်မုခ်၌ရှိသော မဟာဝိဇယဘုရား(မြောက်ဘက်မုခ်)၊ ဓာတ်နန်းအမှတ်(၇)၊ အဆောင်(၁၁)၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၄၂၁ ၀၂၁ ၁၆၈ ၊ ၀၉ ၂၅၅ ၉၅၂ ၅၂၀ (ပိတ်ရက်မရှိပါ)**



www.burmeseclassic

www.burmeseclassic.com

ဗိုက်ဖောက်လုံအောင် တစ်ယောက် အိမ်ပြန်မလာသည်မှာ တစ်ပတ်ပင် ကျော်သွားပေပြီ။ ယခင်ကဆို ဘယ်သွားမည်၊ ဘယ်လာမည် ဆိုသည်ကို ဇနီးဖြစ်သူကို အသိပေးလေ့ရှိသည်။ သွားစရာ လာစရာ ရှိလျှင်လည်း တပည့်ကျော် နေတိုးကို မှာခဲ့ရင်မှာခဲ့၊ မမှာခဲ့ရင် ခေါ်သွားတတ်သည်။ ယခုတွင်မူ နေတိုးပင် မသိချေ။ ပျောက်ခါစ တစ်ရက်၊ နှစ်ရက်လောက်မှာတော့ ခင်မာဝေ သိပ်စိတ်မပူသော်လည်း တစ်ပတ်ကျော်လာပြီဆို အနည်းငယ် စိတ်ပူလာသည်။ သူ့မှာ အဝတ်အစားလည်း အပိုမပါ၊ အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် ထိုနေ့မနက်က အလုပ်ကိစ္စအတွက် မနက်စောစောကတည်းက အိမ်မှ ထွက်သွားခြင်း ဖြစ်သည်။



www.burmeseclassic

www.burmeseclassic.com

'ဟဲ့..နေတိုး၊ နင့်ဆရာသတင်း နင် ဘာမှမကြားမိဘူးလား။ စုံစမ်းပါဦးဟယ်'

'ဘာသတင်းမှ မကြားဘူး မဝေရဲ့၊ စိတ်မပူပါနဲ့ဗျာ။ ဆရာ ပြန်လာမှာပေါ့'


'နင် ငပေါ့ပေါ့မပြောနဲ့ နေတိုး။ နင့်ဆရာက ခပ်မွေမွေရယ်။ မယားငယ်နဲ့ ဘန်ကောက်ပဲ ခိုးပြေးကြပြီလားမှ မသိတာ။ နင်ရော သူ ခုတလော ဘယ်ကောင်မနဲ့ တွဲတာ တွေ့သေးလဲ'

'ဘယ်ကောင်မနဲ့မှ မတွဲပါဘူးဗျာ။ ဟိုတစ်ခါ မချိုဆိုတဲ့မိန်းမနဲ့ အစ်မနဲ့ ပြဿနာဖြစ်ပြီးကတည်းက ဆရာ ငြိမ်နေတာ ကြာပြီ'

'ကဲပါလေ..သူ့ကိစ္စ အသာထားဦး။ အိမ်မှာ ငါလည်း ကလေးတစ်ကောင်နဲ့ တစ်ယောက်တည်း။ နင်လည်း ည,ည ညည့်နက်အောင် မလည်နဲ့။ ငါတစ်ယောက်တည်း မနေရဲဘူး။ နင့်အိမ်ကို နင် စောစော ပြန်အိပ်'

'ဟုတ်ကဲ့ပါ အစ်မရယ်'

လှအောင်၏အလုပ်ကို သူတို့အသိုင်းအဝိုင်းက ဗိုက်ဖောက်တွေလို့ခေါ်တယ်။ ဘတ်ငွေလဲခြင်းကို ဗန်းပြလုပ်



www.burmeseclassic.com

ပြီး ဘန်ကောက်ကပြန်လာတဲ့ ခရီးသည်တွေဆီက ခေါင်းပုံဖြတ်၊ ခိုးဝှက် အလစ်သုတ်ကြခြင်း ဖြစ်သည်။ တချို့ဘန်ကောက်ပြန်တွေဆီမှာ ဘတ်ငွေ သိန်းနဲ့ချီပါသည်။ ဟိုမှာ အလုပ်လုပ်ရင်း အနေကြာခဲ့တာကြောင့် မြဝတီရောက်ရင် နေရပ်ပြန်ဖို့ ဘာကားစီးရမှန်းမသိ၊ ပါလာတဲ့ငွေကို ဘယ်မှာလဲရမှန်းမသိ ယောင်ချာချာဖြစ်နေတတ်သည်။ ထိုသူများသည် လှအောင်တို့အတွက် သားကောင်ဖြစ်သည်။ ကားစီးဖို့အတွက် လမ်းညွှန်ပေးရင်း တည်းခိုဖို့အတွက် ကူညီရင်း ချဉ်းကပ်ရသည်။

ငွေလဲရာတွင် ငွေစက္ကူအုပ်များကြား၌ အရွက်ရေလျော့နေသော ငွေစက္ကူအုပ်များ ကြားညှပ်၍ပေးခြင်း၊ ကူညီသယောင်ယောင်နှင့် ငွေစက္ကူအုပ်များအား ခိုးဝှက်နှိုက်ယူကာ ဖျောက်ထားခြင်းတို့ဖြင့် မသမာမှုပြုကြသည်။ ခရီးသည်ခမျာ လှအောင်တို့ အဖွဲ့၏ လျင်မြန်ကျွမ်းကျင်မှုကြောင့် မိမိငွေများ လျော့နည်းနေသည်ကို အိမ်ရောက်မှ သိကြရလေသည်။

'ဟူး..မောလိုက်တာ နေတိုးရယ်။ နင့်သတင်းက သေချာလို့လား'

'အဲဒီနားက သကြားစက်မှာ အလုပ်လုပ်နေတဲ့ မိစုဆိုတဲ့ ကျွန်တော့်ကောင်မလေး ကိုယ်တိုင်မြင်တာ။ သကြားစက်နားက အိမ်တစ်အိမ်မှာ မိန်းမတစ်ယောက်နဲ့ အိမ်ငှားပြီး နေတာတဲ့'

နေတိုး၏ ဦးဆောင်မှုဖြင့် (၁၄)ဂိတ်မှ သောင်ရင်းမြစ်ကိုကူးပြီး တစ်ဖက်နိုင်ငံကိုရောက်ကာ သကြားစက်သို့ သွားကြသည်။ ဟွေ့မုတ်သင်္ချိုင်းအလွန် ကြံခင်းထဲတွင် မီးလောင်ဒဏ်ရာများဖြင့် သေဆုံးနေသော အလောင်းတစ်လောင်းကို ကြံခုတ်အလုပ်သမားများက ကားတာယာကွင်းများဖြင့် မီးသင်္ဂြိုဟ်ဖို့ ပြင်ဆင်နေကြသည်။

'အစ်မ..လာ ဒီဘက်ကသွားမယ်။ ကျွန်တော်တို့က တောမောင်း (လဝက)လက်မှတ် လုပ်ခဲ့တာ မဟုတ်ဘူး။ ဟိုမှာ ပုလိပ်တွေ ရှိနေတယ်'

ကိုလှအောင်၏ အလောင်းများလားဟု သိချင်သဖြင့် သွားကြည့်မည်ဟု စိတ်ကူးလိုက်သော်လည်း နေတိုးက အတင်းဆွဲခေါ်သဖြင့် ရှောင်ကွင်းသွားရင်း ကြံခုတ်သမားတစ်ဦးအား မေးကြည့်လိုက်သည်။

'အရက်သမားတစ်ယောက် ကြံခင်းထဲမှာ မူးမူးနဲ့ အိပ်ပျော်နေတာ ဖြစ်မှာပေါ့ဗျာ။ ဒီကြံခင်းထဲမှာ စက်ရုံက သမီးရည်းစားအတွဲတွေ ညဘက် လာလာချိန်းတွေ့ကြတာ အတွဲချောင်းရင်း မူးမူးနဲ့ အိပ်ပျော်သွားတာဖြစ်မယ်။ မနက် ကြံခင်းမီးရှို့တော့ ပါသွားတာ ဖြစ်မယ်'

ထိုင်းနိုင်ငံတွင် ကြံမခုတ်ခင် ကြံရွက်ခြောက်များကို မီးမြှိုက်ရှင်းလင်းပြီးမှ ကြံပင်များကို ခုတ်ကြသည်ဟု ထိုသူမှ ပြောပြသည်။ ထို့နောက် သကြားစက်တွင် အလုပ်လုပ်နေသော နေတိုး၏ချစ်သူ စုစုကိုခေါ်ပြီး ကိုလှအောင်တို့ ငှားနေသောအိမ်ကို သွားကြသည်။ သို့သော် ထိုသူမှာ ကိုလှအောင် မဟုတ်၊ ကိုလှအောင်နှင့် ကိုယ်နေကိုယ်ထား ဆံပင်ပုံစံနှင့် မျက်နှာပေါက် အနည်းငယ်မျှသာ ဆင်ဆင်တူသော အခြားသူတစ်ဦးသာ ဖြစ်လေသည်။

◆◆◆

'အိုး..ငါ..ငါ ဘယ်လိုက ဘယ်လို ဒီကိုရောက်နေတာပါလိမ့်'

လှအောင်သည် သူ့ကိုယ်သူပင် မယုံနိုင်၊ ဤနေရာကို သူ မည်ကဲ့သို့ ရောက်ရှိလာသည်ကို တွေးမတတ်အောင် ဖြစ်နေသည်။ သူရောက်နေသော နေရာသည် ကမ်းနဖူးပေါ်မှ သောင်ရင်းမြစ်ထဲသို့ လဲကျကာ ထိုးထွက်နေသော သစ်ပင်ကြီးပေါ်တွင် ဖြစ်နေသည်။

'ဟ..ဒီကောင်တွေက ဘာကောင်တွေလဲဟ'

နှာခေါင်းချွန်ချွန်၊ မျက်နှာပြားပြား၊ ခန္ဓာကိုယ်ကြီးကြီး၊ ခေါင်းကြီးကိုယ်သေး၊ ကိုယ်သေးခေါင်းကြီးတွေနှင့် အလွန်အရုပ်ဆိုး အကျည်းတန်လှသော လူလိုလို ဘာလို အကောင်တွေက သူ့ပတ်ဝန်းကျင်မှာ အများအပြား၊ အချို့က သစ်ကိုင်းတွေပေါ် ပြေးလွှားနေကြသည်။ အချို့ ရေထဲမှာ အိပ်နေကြသည်။

ထိုအချိန်တွင် ထိုင်းနိုင်ငံ လမ်းဘုန်းပွဲများမှ ဇာတ်မင်းသမီးများ ဝတ်ဆင်လေ့ရှိသည့် အဝတ်အစားမျိုးဖြင့် နှာယောင်ကောက်ကောက်၊ ဝဝဖိုင့်ဖိုင့်နှင့် မျက်နှာနီနီ မိန်းမကြီးတစ်ဦး သူ့အနားသို့ ရောက်လာသဖြင့်-

'ဟင်..ခင်ဗျား..ခင်ဗျားက ဘယ်သူလဲ'ဟု သူ အလန့်တကြား မေးကြည့်လိုက်သည်။

'ငိုးငိုး..ငိုးငိုး..ငဲ့ငဲ့..နင်က အသစ်ထင်တယ်။ စကားမရှည်နဲ့။ ဒါ ငါ့ပိုင်နက်။ နင့်ကို ငါခိုင်းစားရမယ်။ နင်..အဲ..ဟိုအကိုင်းမှာနေ။ ဘယ်မှမသွားရဘူး။ ခိုင်း

www.burmeseclassic

www.burmeseclassic.com

တာ မလုပ်ရင် ဟိုမှာတွေ့လား'

မိန်းမကြီးက သူ့အား ထိုင်းစကားဖြင့် ပြောလိုက်ခြင်း ဖြစ်သည်။ သို့သော် သူနားလည်နေသည်။ မိန်းမကြီး ညွှန်ပြသည့်နေရာတွင် လက်နက်များ ကိုင်ဆောင်ထားသော အစောင့်စစ်သားများ ရှိနေသည်။ သူတို့ကိုင်ဆောင်ထားသော ထူးဆန်းသည့် လက်နက်များကိုကြည့်ပြီး သူ ကြက်သီးထသွားသည်။

'မင်းက လူ့စိတ် မကုန်သေးဘူးကိုး'

မိန်းမကြီး ပြောသည့်စကားကို သူသိပ်နားမလည်။ သို့သော် သူမကို ကြောက်ရွံ့သဖြင့် နှုတ်လှန်မပြောဝံ့။ ညှိနေရာသည် ထိုင်းနိုင်ငံဘက်အခြမ်းဖြစ်သဖြင့် သူတို့ အလိုမကျလျှင် ပုလိပ်ကို သတင်းပေးပြီး ဖမ်းခိုင်းနိုင်သည်။ ထို့ကြောင့် -

'ကျွန်တော်က.. ဟိုဘက်ကမ်းမှာ နေတာခင်ဗျ။ ကျွန်တော့်ကို အိမ်ပြန်ခွင့်တော့ပေးပါခင်ဗျာ' ဟု သူ တောင်းပန်လိုက်သည်။

'အေးလေ..မင်းအတွက် ဟိုမှာ ပြုဖွယ်ကိစ္စတွေ ရှိသေးတာကိုး။ ပြုဖွယ်ကိစ္စတွေပြီးစီးမှ မင်းကို လာခေါ်မယ်။ ဒါပေမဲ့ မင်း သာခုခေါ်လို့တော့မရဘူး။ ကောင်းမှု ကုသိုလ်တွေပြုတဲ့အခါ သာခုမခေါ်ပါဘူးလို့ ကတိပေးရင် ပြန်လို့ရတယ်'

'ဟုတ်ကဲ့၊ ကတိပေးပါတယ်'

လောလောဆယ် ပြန်လို့ရဖို့က အဓိကဖြစ်၍ သူ ကတိအကြိမ်ကြိမ် ပေးခဲ့လိုက်သည်။ ခွင့်ပြုမိန့်ရပြီဖြစ်၍ ဝမ်းသာအားရနှင့် သူ ချောင်းထဲသို့ ခုန်ချလိုက်သည်။ သဲမွမွသောင်ခုံကို ဖြတ်ပြေးရင်း မြစ်လယ်ရေစီးကြောင်းနား ရောက်လာသည်။ ဆောင်းတွင်းမို့ မြစ်ရေသည် အေးမြလှသည်။ မြစ်ဟုဆိုသော်လည်း သိပ်ကျယ်ဝန်းလှသည် မဟုတ်။ ရေနည်းစပြုပြီဖြစ်၍ မြစ်အလယ်၌သာ ရေခါးတစ်ဝက်လောက်ရှိသည်။ သို့သော် ရေစီးက ကြမ်းလှသဖြင့် သတိထားကူးရမည်ဖြစ်သော်လည်း သူကတော့ ရေပေါ်မှာပင် ပေါ့ပေါ့ပါးပါး လမ်းလျှောက်နေသလိုပင်။

ထိုစဉ် -

'ဝေါ..ဝေါ..ဝေါ..ဗွမ်း'

မြစ်လယ်တွင် မထင်မှတ်ဘဲ မြစ်ရေများ ရုတ်တရက်ကြီး မောက်ကြွလာကာ ကမ်းလုံးပြည့်သွားသည်။ ရေပန်းကြီးတစ်ခုက သူ့ရှေ့တွင် ထိုးတက်လာပြီး ရေပန်းနှင့်အတူ လူထွားကြီးတစ်ဦး ပေါ်လာသည်။ တဝေါဝေါစီးဆင်းနေသော မြစ်ရေထဲတွင် သူ၏အောက်ပိုင်း ခါးတစ်ဝက်မျှ မြုပ်နေသော်လည်း ခန္ဓာကိုယ် ခါးအထက် ဗလာကျင်းနေသောသူ့ကို မော့်ကြည့်ယူရသည်။ ကြောက်စရာကောင်းလှသော ထိုလူကြီးက သူ့ကို မျက်ခုံးထူထူကြီးကို ကျုံ့ကာ စိုက်ကြည့်လိုက်ပြီး-

'ဟေ့ကောင်၊ ဒါ မင်းတို့နယ်မြေ မဟုတ်ဘူး။ ပြန်လှည့်စမ်း'

ဟု ပြောလိုက်သဖြင့်-

'ကျွန်တော်..ကျွန်တော်.. မြန်မာပြည်သားပါခင်ဗျာ။ ဟိုဘက်ကမ်းမှာ ကျွန်တော့်အိမ်ရှိပါတယ်။ ဇနီးနဲ့သားလည်း ရှိပါတယ်'

'အဲဒါ ငါနားမလည်ဘူး။ မင်း ဟိုဘက်နယ်သားဖြစ်သွားပြီ'

သူကြံရာမရဖြစ်နေစဉ်မှာပင် စောစောက သူ့ကိုလွှတ်လိုက်သောမိန်းမကြီး သူတို့အနီးသို့ ရောက်လာသည်။

'မိတ်ဆွေ..သူ့ကို သူ့အိမ်ကို သွားခွင့်ပြုလိုက်ပါ။ ဟိုမှာ သူ့အတွက် ပြုဖွယ်ကိစ္စတွေပြုပြီးရင် ကျွန်ုပ်တို့ လာပြန်ခေါ်ပါ့မယ်။ အကြီးအကဲတွေကို တင်ပြထားပြီးပါပြီ' ဟု ပြုံးရွှင်စွာ ပြောလိုက်သည်။

ထိုလူကြီးကလည်း ဖော်ရွေစွာဖြင့် နှုတ်ဆက်ပြီး သူ့အား သွားခွင့်ပြုလိုက်လေသည်။ ထိုအခါမှ ရေများ ပြန်ကျသွားကာ သဲသောင်ခုံများ ပြန်ပေါ်လာလေသည်။ ယခင်က မည်သူ့ခွင့်ပြုချက်မှ ယူစရာမလိုဘဲ စည်းမဲ့ကမ်းမဲ့ ဖြတ်ကူးနေကြပေမယ့် ယခု မည်သည့်အတွက် အစောင့်အနေထူပြောကာ တင်းကျပ်နေရသနည်းဆိုသည်ကို လှအောင် မတွေးတတ်တော့ချေ။ သို့သော် သူတို့ အချင်းချင်းကတော့ ပြေလည်နေသည့်အတွက် သူ အိမ်ပြန်ခွင့်ရခဲ့လေသည်။

လှအောင်သည် အိမ်ကို စိတ်ကညွတ်ပြီး စဉ်းစားလိုက်သည်နှင့် ဆိုက်ကယ်မစီး၊ ကားမစီးရဘဲ အိမ်ရှေ့သို့ ဖြုန်းခနဲ ရောက်သွားလေသည်။ အိမ်ခြံတံခါးရှေ့ရောက်တော့ ညပင် အတော်မှောင်နေပေပြီ။ ဤအိမ်၊ ဤခြံလေးကို သူတစ်ပါးဆီက အချောင်နှိုက်ထားသော ပိုက်ဆံများဖြင့် ဝယ်ယူထားခြင်းဖြစ်သည်။ အိမ်မှာ နှစ်ထပ်တိုက်ဖြ



www.burmeseclassic

www.burmeseclassic.com

ပြီး ခြံမှာ နှစ်ခြံတွဲဖြစ်၍ ကျယ်ဝန်းသည်။ တိုက်ဘေးတွင် တပည့်ကျော် နေတိုးအတွက် ပျဉ်ထောင်အိမ်ကလေး ဆောက်ပေးထားသည်။

'ဝေရေ..မိန်းမရေ၊ အစ်ကိုပြန်လာပြီဟ။ ခြံတံခါး ဖွင့်ပါဦးဟ'

အိမ်ထဲတွင် မီးရောင်ရှိနေသဖြင့် ခင်မာဝေ အိပ်သေး ဟန်မတူ။ ထို့ကြောင့် ခြံတံခါးကို လှုပ်ခါ၍ အော်ခေါ် လိုက်သည်။ တံခါးလှုပ်ခါသံက ဆူညံသွား၍ဖြစ်မည် တိုက်ရှေ့ရှိမီးသီး ဖျတ်ခနဲပွင့်လာကာ မကြာမီ တံခါး ဖွင့်ပြီး ခင်မာဝေ အိမ်ထဲမှ ပြေးထွက်လာသည်။

'ဝေ..အစ်ကိုလေ၊ အစ်ကိုပြန်လာပြီလေ။ သားလေး နေကောင်းရဲ့လား။ ဟာ..ခြံတံခါး မြန်မြန်ဖွင့်ပေးလေ'

ခင်မာဝေသည် သူ့ကို မြင်ဟန်မတူသေး။ ခြံတံခါး သံတိုင်တွေကိုဆုပ်ကိုင်ကာ အပြင်ဘက်သို့ချောင်းကြည့်



နေသည်။

'ဪ..ဒီမိန်းမ ယောကျ်ားပြန်လာပြီလေ။ ဘာတွေ ရှာနေတာတုံး၊ တံခါးဖွင့်ပါဟ'

တကယ်ဆို ခင်မာဝေသည် အုံ့ဩဝမ်းသာစွာဖြင့် 'ဟယ်.. အစ်ကိုပြန်လာပြီ'ဟုဆိုကာ သူ့ကို ဖက်လှဲတကင်း ကြိုဆိုသင့်သော်လည်း ကြောက်ရွံ့တုန်လှုပ်ဟန်ဖြင့် လမ်းမဘက်ကို ဟိုသည်ကြည့်ရင်း တစ်စုံတစ်ယောက်ကို ရှာနေပုံရသည်။ တံခါးကိုမူ လုံးဝမဖွင့်ပေးသောကြောင့် လှအောင် စိတ်တိုလာသည်။

ထိုစဉ် ဆိုင်ကယ်မီးရောင်ကို သူတွေ့လိုက်သည်။ ဆိုင်ကယ်သည် ခြံတံခါးရှေ့တွင် ထိုးရပ်လိုက်သည်။ ဆိုင်ကယ်ပေါ်မှ လူတစ်ယောက် ဆင်းလာသည်။

'ဟဲ့..နေတိုး၊ ခြံတံခါးကို မြန်မြန်ဖွင့်စမ်းပါဟဲ့။ နင်ကလည်းလေ၊ ငါတစ်ယောက်တည်း မနေရဲပါဘူးဆိုနေမှ ဘယ်ထွက်သွားမှန်း မသိဘူး'

'ဆေးလိပ်ဘူး ကုန်နေလို့ သွားဝယ်တာပါ အစ်မရယ်။ ကျွန်တော် အပြင်က သော့ခတ်သွားတာပဲ'

နေတိုးက ဆိုင်ကယ်ပေါ်မှ ဆင်းလိုက်၍ ခြံတံခါးသော့ကို ဖွင့်လိုက်သည်။

'ဟော့ကောင် နေတိုး၊ ငါ..ငါလေကွာ။ တော်သေးတာပေါ့ အိမ်မှာ မင်းရှိနေလို့။ ငါ တံခါးကို လှုပ်ပြီးခေါ်နေတာ ကြာပြီကွ။ အဲဒါကို မင်းအစ်မက ကြောက်နေတာနေမှာပေါ့'

ခင်မာဝေသည် အကြောက်လွန်ပြီး သူ့အား မတွေ့ခြင်း ဖြစ်လိမ့်မည်။ နေတိုးအား သူ အားရဝမ်းသာ ပြောလိုက်သည်။ ဘာပဲဖြစ်ဖြစ် နေတိုးကတော့ အားကိုးရသည်။ ဆယ်တန်းကျလို့ စိတ်ညစ်ညစ်နဲ့ အိမ်ကထွက်ပြေးပြီး မြဝတီမှာ အလုပ်မရှိ အကိုင်မရှိ နေစရာမရှိနဲ့ ဂိတ်မှာ ကုန်ထမ်းနေတဲ့ နေတိုးကို သူခေါ်ခဲ့သည်။

နေတိုးသည် အသက်(၂၀)ကျော်ပင် ရှိဦးမည်။ အမည်ရင်းမှာ တင်မောင်လွင်ဖြစ်သည်။ ဒီမှာက နာမည်ရင်း ဘယ်သူမှ သိပ်မသုံးကြ။ မိမိနှစ်သက်ရာ အနုပညာရှင်တွေရဲ့ နာမည်ကိုပဲ မှည့်ကြသည်။ တောက တက်လာတဲ့ ငွတိုသည်လည်း ဒီမှာ အလုပ်ထဲမှာ နာမည်ပေးတော့ 'ဟဲလေး'ဖြစ်နေသည်။ ရုပ်ရည်လေးသန့်ကမားနဲ့ ရိုးရိုးအေးအေးနေတတ်သော နေတိုးသည်ထွက်



www.burmeseclassic

www.burmeseclassic.com

လက်ချက်ချာပြီး ဖင်ပေါ့ကာ အရာရာတွင် စိတ်ချရသော ကြောင့် လုအောင်၏ လက်ရုံးတပည့် ဖြစ်လာသည်။

နေတိုးသည် သူပြောနေတဲ့ စကားတွေကို ကြားဟန်မတူဘဲ တံခါးသော့ကိုသာ သဲကြီးမဲကြီးဖွင့်ပြီး ဆိုင်ကယ်ကို အထဲသို့ သွင်းလိုက်သည်။ ထိုအခါမှသာ သူလည်း ခြံထဲသို့ ရောယောင်၍ ဝင်လိုက်သည်။

'စောစောက ခြံတံခါးကို တဝုန်းဝုန်း ဘယ်သူလာလုပ်လည်း မသိဘူး။ ခွေးတွေကလည်းဟောင်နဲ့၊ ငါအိမ်ရှေ့မီးဖွင့်ပြီး ထွက်ကြည့်တော့လည်း ဘယ်သူမှ မတွေ့ဘူး။ နင် အချိန်မီပြန်လာလို့ပေါ့။ နို့မို့ဆို ငါဖြင့် ကြောက်ပြီး သေမလား မသိဘူး'

'ကျွန်တော်က လမ်းထိပ်တင်ပါ။ မကြောက်ပါနဲ့ အစ်မရယ်။ ဘာမှမဟုတ်ပါဘူး။ မြင်းဆေးသမားတွေ မြင်းဆေးကြောင်ပြီး လာလုပ်တာ ဖြစ်မှာပေါ့'

'ဘာပဲဖြစ်ဖြစ်ပေါ့ဟာ၊ နင်ရှိနေတော့ ငါ အားရှိတာပေါ့'

ခင်မာဝေက ကန့်ကလျနှင့် နှုတ်ခမ်းလေးစူကာ ချွဲချွဲနွဲ့နွဲ့ပြောရင်း နေတိုး၏ လက်မောင်းကို ဆုပ်ကိုင်ထားလိုက်သည်။

'ဟဲ့..နင်တို့နှစ်ယောက် ဘာဖြစ်နေကြတာလဲ။ ငါ တစ်ယောက်လုံး ရှေ့မှာရပ်နေတာ မမြင်ကြဘူးလား။ ငါ..တယ်'

သူ နေတိုးကို နရင်းအုပ်ပစ်လိုက်သည်။ ဒါတောင် ငတိက ဘာမှသိပုံမရ။ ထိုစဉ် သူ့ရှေ့သို့ တင်းပုတ်ကိုင် လူထွားကြီးနှစ်ဦး ပေါ်လာသည်။

'ဟေ့ကောင်..မင်းထွက်သွားစမ်း။ မင်း ဒီကို ဘာလာလုပ်တာလဲ'

စောစောကပင် ဒီလိုလူထွားကြီးများနှင့် တွေ့ခဲ့သဖြင့် ဤလူထွားကြီးများသည်လည်း ခင်မာဝေ ငှားထားသော ခြံစောင့်များ ဖြစ်ပုံရသည်။ သူတို့ကို ကလန်ကဆန်လုပ်၍မဖြစ်။ သူတို့ကလည်း သူ့အား သိပုံမရသဖြင့် ရှင်းပြမှ ဖြစ်ပေတော့မည်။

'ဆရာကြီးခင်ဗျာ..ကျွန်တော်က ဒီအိမ်ရှင်ပါပဲခင်ဗျ'

'ဘာအိမ်ရှင်လဲ မသိဘူး။ အိမ်သားစာရင်းထဲမှာ မင်း မပါဘူး'

'ပါပါတယ်ခင်ဗျ။ အိမ်ထောင်စုလူဦးရေစာရင်း ရှိပါတယ်'

'[illegible]တို့မသိဘူး။ အထက်က ပေးထားတဲ့အထဲမှာ မ[illegible]ပါဘူး'

နှစ်[illegible]က်သား အမေး-အဖြေလုပ်နေစဉ် ဘေးမှ လူကြီးက-

'အာ..ကြာတယ်ကွာ၊ အိမ်အပြင်ဆွဲပစ်လိုက်၊ မေးမနေနဲ့'

ဟု ဝင်ပြောကာ သူ့ကိုဆွဲပစ်ရန် အနီးသို့ ကပ်လာသဖြင့်-

'မလုပ်..မလုပ်ပါနဲ့ဗျ။ ရိုက်ခိုးပါရဲ့။ ကျွန်တော်ဟာ ဒီအိမ်ရှင်မှ အိမ်ရှင်အစစ်။ ခင်မာဝေရဲ့ ယောကျ်ားပါဗျာ'ဟု လက်အုပ်ကလေးချီ တောင်းပန်ရင်း တစ်ဖက်နိုင်ငံ ကမ်းနဖူးမှ မိန်းမကြီးနှင့် တွေ့ဆုံပုံ၊ သောင်ရင်းမြစ်ထဲမှ လူကြီးနှင့် တွေ့ဆုံပုံများနှင့် ၎င်းတို့၏ ခွင့်ပြုချက်အရ ယခု အိမ်သို့ ပြန်ရောက်လာပုံတို့ကို လုံးစေ့ပတ်စေ့ ပြန်ပြောပြလိုက်မှပင်-

'အင်း..ဂိတ်က မင်းကို ဝင်ခွင့်ပြုထားပြီးပြီဆိုတော့ မင်း နေခွင့်ရှိတာပေါ့။ ဒါပေမဲ့ အိမ်ရှင်တွေကို မနှောင့်ယှက်ရဘူး။ နှောင့်ယှက်ရင် ဟောဒီတင်းပုတ်နဲ့ မင်းခေါင်းကို ရှစ်စိတ်ကွဲအောင် ထုပစ်မယ်။ ကြားလား'

'ဟုတ်..ဟုတ်..ဟုတ်ကဲ့ပါခင်ဗျား'

◆◆◆

အိမ်၏တံခါးမကြီးကို ပိတ်ထားသော်လည်း သူ အိမ်ထဲသို့ ဝင်လို့ရနေသည်။ အိမ်ထဲတွင် ခင်မာဝေကို တွေ့သည်။ ခင်မာဝေသည် ဆိုဖာပေါ်တွင် ငွေကြီးထိုင်ကာ တစ်စုံတစ်ခုကို လေးလေးနက်နက်တွေးနေပုံရသည်။ အိပ်ပျော်နေရာမှ ရုတ်တရက်ထလာတဲ့အတွက် ဆံနွယ်စတွေက ဖရိုဖရဲနှင့် ကပိုကရိုလေး လှနေသော ချစ်ဇနီး ခင်မာဝေကို သူ ကြည့်၍ပင်မဝနိုင်။ အိပ်ရာမှ နိုးထခါစ မိန်းမတို့၏မျက်နှာသည် အလှဆုံးအချိန် ဖြစ်တယ်ဆိုတာ ယခုအချိန်ပင် ဖြစ်ပေမည်။ ခင်မာဝေ၏ အသက်သည် ယခုမှ နှစ်ဆယ့်ငါးနှစ်စွန်းစွန်းသာ ရှိဦးမည်။ ကလေး [illegible]ဘက် မွေးပြီးစဖြစ်၍ တစ်သားမွေးတစ်သွေးလှကာ အပျိုရှုံးလောက်အောင် နုပျိုလှပနေဆဲ။

ခင်မာဝေကို သူ အလွန်ချစ်သည်။ ချစ်လွန်းလို့ပင် မရ,ရအောင် အဓမ္မသိမ်းပိုက်ခဲ့ရသည်။ တကယ်တော့



www.burmeseclassic

www.burmeseclassic.com

သမားရိုးကျအတိုင်းဆိုလျှင် ခင်မာဝေ၏အချစ်ကို သူရဖို့ ရန် မလွယ်ကူချေ။ သူသည် ခင်မာဝေထက် အသက် (၁၅)နှစ်ခန့်ကြီးရုံမက ရုပ်ရည်ကလည်း မင်းကုသနှင့် ပပဝတီလို ကွာခြားသည်။ ထို့ပြင် သူ့တွင် ဇာတိနေရပ်၌ သားကြီးမယားကြီးကလည်း ရှိနေသည် မဟုတ်ပါလား။ ထိုစဉ်က ခင်မာဝေသည် တစ်ဖက်နိုင်ငံ အထည်ချုပ်စက်ရုံ၌ အလုပ်လုပ်နေသူလေး ဖြစ်သည်။

တစ်နေ့ မြဝတီမြို့ ရွှေမြင်းဝံဘုရားကြီးရင်ပြင်ပေါ်မှာ တစ်ဖက်နိုင်ငံတွင် တရားမဝင် အလုပ်ကိုင်နေသော စက်ရုံများမှ အလုပ်သမားများကို ပုလိပ်ဖမ်းသဖြင့် ပြေးလာသော အလုပ်သမားများ ရောက်ရှိခိုလှုံနေကြသည်။ မြဝတီတွင် အသိအကျွမ်းမရှိ၍ အချို့က ဘုန်းကြီးကျောင်း၊ အချို့က ဘုရားရင်ပြင်ပေါ်တွင် ရောက်ရှိနေကြခြင်းဖြစ်ပြီး ထိုအထဲတွင် ခင်မာဝေလည်း ပါသည်။

လှအောင် ငှားရမ်းနေထိုင်သော လမ်းထဲမှ ခင်မာဝေတို့စက်ရုံတွင် အလုပ်လုပ်သော မစန်းကြည်မှာ ထိုသတင်းကြားသဖြင့် ဘုရားရင်ပြင်ပေါ်မှ ခင်မာဝေတို့အား သူ၏အိမ်တွင် တည်းခိုနေထိုင်ရန် လာရောက်ခေါ်ငင်ဖို့ သူ့အားကားဖြင့် လိုက်ပို့ပေးရန် အကူအညီတောင်းသဖြင့် ဘုရားတွင် ခင်မာဝေတို့အဖွဲ့အား သွားကြိုရင်း ခင်မင်ရင်းနှီးခဲ့ကြခြင်း ဖြစ်သည်။

စက်ရုံမှ ရုတ်တရက်ထွက်ပြေးလာရသဖြင့် ပိုက်ဆံလည်းမပါ၊ နေစရာ စားစရာလည်းမရှိ ဖြစ်နေကြသည်ကို သနားသဖြင့် ခင်မာဝေတို့အဖွဲ့အား သူ စားသောက်ဆိုင်တစ်ဆိုင်သို့ခေါ်သွားကာ ကျွေးမွေးဧည့်ခံခဲ့သည်။ ထိုအချိန်ကတည်းကစပြီး ခင်မာဝေအပေါ် သူ စိတ်ဝင်စားခဲ့သည့်အတွက် မစန်းကြည်အား ချဉ်းကပ်ကာ လက်ဆောင်ပစ္စည်းများပေးပို့ခြင်း၊ မုန့်ဖိုးပေးခြင်း၊ ဧည့်ခံကျွေးမွေးကာ ရင်းနှီးအောင် ကြံဆောင်ရင်း ပွဲညတစ်ညမှာ အလိုမတူဘဲ အတင်းအဓမ္မ ပေါင်းသင်းခဲ့လေသည်။ ယခု အိမ်ထောင်သက်(၂)နှစ်ကျော်ကာ သားလေးတစ်ဦးပင် ရလေပြီ။ အိမ်ထောင်ကျပြီးနောက် ခင်မာဝေကို အိမ်တစ်ဆောင် မီးတစ်ပြောင်နှင့် လိုလေသေးမရှိအောင် ထားနိုင်ခဲ့လေသည်။

အိမ်ရှေ့ဧည့်ခန်း ဆိုဖာပေါ်မှထကာ သက်ပြင်းရှည်ကြီး တစ်ခုကို လေးတွဲ့စွာချလိုက်သော ချစ်ဇနီး၏ ရှေ့တူရူတွင် သူ ပြေးရပ်လိုက်ရင်း-

"ညီမ..အခု ဘာဖြစ်နေတာလဲဟင်။ အစ်ကို့ကို စိတ်ဆိုးနေတာလား။ အစ်ကိုတောင်းပန်ပါတယ်ကွာ။ နောက်ဆို အစ်ကို အိမ်အပြန်နောက်မကျစေရဘူး။ အစ်ကို့ကို စကားပြန်ပြောစမ်းပါဦး အချစ်လေးရယ်"

ခင်မာဝေသည် မျက်နှာကို မျက်နှာကြက်သို့ မော့ကြည့်နေရာမှ သူ့အား တစ်စုံတစ်ခုပြောဖို့ မျက်နှာကို သူ့ရှေ့တည့်သို့ စိုက်ကြည့်ရင်း-

"ငါ အားကိုးပါရစေလားကွယ်၊ ငါ နင့်ကို အားကိုးပါရစေ နေတိုးရယ်"ဟု တိုးတိုးရေရွတ်လိုက်သည်။

"ဟင်..အစ်ကိုက လှအောင်လေ။ နေတိုးနဲ့ ဘာဆိုင်လို့လဲ။ အစ်ကို့ကိုပဲ အားကိုးရမှာလေ။ ညီမ မှားနေပြီ"

ခင်မာဝေ သူ့ကို ဘာမှမပြောဘဲ ရပ်နေရာမှ ရှေ့သို့ တည့်တည့်လှမ်းလိုက်ရာ သူ့ကိုပင် ဝင်တိုက်မိမလို ဖြစ်သွားသဖြင့် မနည်းပင်ရှောင်လိုက်ရသည်။ ခင်မာဝေသည် သူ့ကို မမြင်ဟန်ပြုကာ ဧည့်ခန်းမ၌ ခေါက်တုံ့ခေါက်ပြန်ပင် လမ်းလျှောက်နေလိုက်သေးသည်။

"ဟား..ဒါက ဘယ်လိုဖြစ်တာလဲ။ နေတိုးနဲ့ငါ ဘာဆိုင်လို့လဲ"

သူ့ကိုယ်သူပင် ဘာလုပ်လို့ဘာကိုင်ရမှန်းမသိ ဖြစ်နေစဉ် သားလေးကို သတိရသွားသဖြင့် အိပ်ခန်းထဲသို့ ပြေးဝင်သွားလိုက်သည်။ သားလေးသည် အိပ်ခန်းထဲတွင် နှစ်ခြိုက်စွာ အိပ်မောကျနေသည်။

"သား..သားလေး..ဖေဖေလေ..ဖေကြီး ပြန်လာပြီကွ"

သား၏ ကိုယ်လုံးလေးအား သူ အားပါးတရ လှုပ်ယမ်းကာ အိပ်ရာမှ နှိုးလိုက်သည်။ သားသည် မျက်လုံးလေးပွင့်၍ နိုးလာကာ အိပ်မှုန်စုံမွှားနှင့် သူ့အား စိုက်ကြည့်လိုက်သည်။

"အား..မေမေရေ.. မီးသွေးတုံးကြီး..သရဲကြီးဗျ။ အီးဟီးဟီး..ကြောက်တယ်၊ ကြောက်တယ်ဗျို့"

သားလေး၏ ထငိုသံကြောင့် ခင်မာဝေ အိပ်ခန်းထဲသို့ ပြေးဝင်ကာ သားငယ်အားချီပိုးရင်း အပြင်သို့ ပြေးထွက်လာပြီး-

"ဟဲ့..နေတိုး..နေတိုး၊ ဒီမှာ သားလေး လန့်ငိုနေပြီ ဒီဘက်ကို ခဏကူးခဲ့ပါဦး"ဟု လှမ်းခေါ်လိုက်သည်။



www.burmeseclassic

www.burmeseclassic.com

နေတိုး အပြေးအလွှား ရောက်ရှိလာပြီး ကလေးကို ဝိုင်းချော့သည်။

'ဟဲ့..ဟဲ့..နေဦး၊ ငါ့ကို ဘုရားစင်ပေါ်က ပရိတ်ရေ ဘူး ယူပေးစမ်း'

သားငယ်သည် ပရိတ်ရေတိုက်လိုက်၊ ဖျန်းလိုက်မှပင် အငိုတိတ်ကာ ပြန်လည်အိပ်ပျော်သွားပြန်သည်။ သားငယ်ကို ပြန်သိပ်ပြီး ခင်မာဝေ ပြန်ထွက်လာတော့ နေတိုးအား ဖုန်းပွတ်ရင်း ထိုင်နေသည်ကို တွေ့ရသဖြင့် နေတိုး၏ အနီးတွင် အသားချင်းထိတမျှ ပူးပူးကပ်ကပ်ပင် ခင်မာဝေ ထိုင်ချလိုက်သည်။

'နေတိုး..ငါလေ ဒီည အိပ်လို့မပျော်တော့ဘူးကွယ်။ နင်လည်း ဒီည ငါနဲ့ အတူနေပေးနော်။ ငါကြောက်လို့ပါ ဟယ်။ တို့ ဒီည မအိပ်ဘဲ စကားပြောကြရအောင်နော်'

'အင်းပါ အစ်မရယ်။ ဘာမှမကြောက်ပါနဲ့။ ကျွန်တော် အစ်မနဲ့ အတူနေပေးပါ့မယ်'

'သြော်..ဒါနဲ့ မေးရဦးမယ်၊ နင်..နင့်ကောင်မလေး စုစုနဲ့ တွေ့သေးလား'

'မတွေ့တော့ပါဘူးဗျာ။ သူက ခပ်ရှုပ်ရှုပ်ဗျ။ ဟိုမှာ စက်ရုံထဲက ကောင်တစ်ကောင်နဲ့ တွဲနေလို့ ကျွန်တော် အဆက်ဖြတ်ထားလိုက်တယ်'

'ဒါဖြင့် နင် အသစ်ရှာတွေ့ပြီပေါ့'

'မရှာတော့ပါဘူးဗျာ။ ကိုယ်ချစ်ကိုရှာရင် ကိုယ်ခံစား ရမှာ။ ဒီတော့ သူချစ်ကိုပဲ ရှာတော့မယ်။ သူက ကိုယ့်ကို နှစ်နှစ်ကာကာ ချစ်နေမှတော့ ကိုယ့်အချစ်တွေ ပြန်ပေးဖို့ ဝန်လေးစရာ မလိုတော့ဘူးပေါ့။ အဲဒါမှ သူချစ်ကိုယ်ချစ် ဖြစ်မှာ'

စကားတွေ ခေတ္တတိတ်ဆိတ်နေချိန်တွင် ခင်မာဝေသည် နေတိုး၏မျက်နှာအား ရွှန်းရွှန်းစားစားကြီး စိုက်ကြည့်ရင်း ပြုံးပန်းတဝေဝေ ဖြစ်နေသည်ကို လှအောင်မနာလို မရှုဆိတ်နိုင်တော့။ ငါတစ်ယောက်လုံး ရှိနေပါလျက် ငါ့ရှေ့မှာတင် သူ့စိမ်းယောက်ျားကို ကြုံပြနေတာကတော့ ဒီမိန်းမ လွန်လွန်းလှပြီဟုဆိုကာ စားပွဲပေါ်မှ ရေသန့်ဘူးအား သတိပေးသည့်အနေဖြင့် ကြမ်းပြင်ပေါ်သို့ ပုတ်ချလိုက်သည်။

'ဘုန်း'

'အမေ့'

သူလုပ်လိုက်မှပင် ခင်မာဝေ၏ ကိုယ်လုံးလေးက နေတိုးရင်ခွင်ထဲသို့ တိုးဝင်ရောက်ရှိသွားသလို နေတိုး၏ လက်များကလည်း တိုးဝင်လာသော ကိုယ်လုံးလေးအား အလိုက်သင့်ဖက်ထားပြီးသား ဖြစ်သွားလေသည်။ အတန်ကြာသည့်တိုင် တစ်ယောက်ကိုတစ်ယောက် ဖက်တွယ်ထားရင်းမှ ခင်မာဝေ၏ ဦးခေါင်းလေးက တဖြည်းဖြည်း မော့လာကာ နေတိုး၏ မျက်နှာနားသို့ကပ်ပြီး မေးလိုက်သည်။

'ချစ်တယ် မောင်ရယ်။ အခု သူချစ်ဆိုတာ တွေ့ပြီ မဟုတ်လား မောင်'

'မောင်လည်း မကို ချစ်ပါတယ်'

တစ်ဦးကိုတစ်ဦး ပို၍တင်းကျပ်စွာ ဖက်တွယ်ထားလိုက်ကြသည်။ တိုက်ခန်းတစ်ခုလုံး သူတို့နှစ်ဦး၏ အသက်ရှုသံကသာ စိုးမိုးနေသည်။ ခင်မာဝေသည် ခေါင်းကိုမော့ကာ နေတိုး၏မျက်နှာအား ရွှန်းရွှန်းစားစား စိုက်ကြည့်နေရာမှ မျက်နှာချင်း တဖြည်းဖြည်း နီးကပ်လာ ချိန်တွင် ဖွင့်ထားသော မျက်လုံးတွေကို မှိတ်လိုက်သည်။ သူမ၏ စုတုတု နှုတ်ခမ်းဖူးဖူးနှစ်လွှာသည် တစ်စုံတစ်ရာကို ငံ့လင့်နေသည့်အလား လှုပ်လှုပ်ရွရွ။ ရှေ့တွင် မြင်နေရသော မြင်ကွင်းသည် သူ့ကို စော်ကားနေသလို ဖြစ်သည့်အတွက် အောင်လှစိတ်တွင် မခံမရပ်နိုင်တော့။

'သစ္စာဖောက်မနဲ့ သစ္စာဖောက်တဲ့ကောင် နင်တို့ကို ငါသတ်မယ်။ သေပြီသာမှတ်'

သူတို့နှစ်ဦးအား တစ်စုံတစ်ခု လုပ်မည်ပြုစဉ်ပင်-

'အိမ်ရှင်တွေကို မနှောင့်ယှက်နဲ့လို့ မင်းကို ငါတို့ ပြောထားတယ်မဟုတ်လား။ စည်းကမ်းဖောက်တဲ့ကောင် နောက်ဆို မင်း အိမ်ထဲ မဝင်ရတော့ဘူး။ သွားတော့'

လူထွားကြီးနှစ်ယောက်က သူ့အား အိမ်အပြင်သို့ ပစ်ပေါက်ထုတ်လိုက်သဖြင့် အိမ်အပြင်သို့ တလိမ့်ခေါက်ကွေး ရောက်သွားလေသည်။ လဲကျရာမှထကာ အိမ်ခေါင်းရင်းဘက်သို့ သူပြေးသွားလိုက်သည်။ ယခုလောလောဆယ် သူ့တွင် အိမ်တွင်းသို့ ဖောက်ထွင်းဝင်နိုင်စွမ်း ရှိသော်လည်း ခွင့်မပြုတော့သဖြင့် ဝင်ခွင့်မရှိ။ သို့သော် အိမ်တွင်းရှိ အရာအားလုံးအား ဖောက်ထွင်းမြင်နိုင်စွမ်း၊ ကြားနိုင်စွမ်း ရှိသည့်အတွက် ခေါင်းရင်းမှန်ပြတင်းမှ သူတို့နှစ်ဦးကို မြင်နေရသည်။


www.burmeseclassic

www.burmeseclassic.com

ခင်မာဝေနှင့် နေတိုးသည် တစ်ဦးကိုတစ်ဦး တင်းကျပ်စွာ ဖက်တွယ်ထားရာမှ မျက်နှာချင်း အပ်ထားလိုက်ကြသည်။ ထိုမြင်ကွင်းကို လှအောင် ဘယ်လိုမှ မရှုဆိတ်နိုင်။

ထို့ကြောင့် 'မင်းတို့ကို ငါ ဒီတစ်ညလုံး နှောင့်ယှက်ပြမယ်ဟေ့' ဟုဆိုကာ ခဲလုံးတစ်လုံးကို ခေါင်မိုးပေါ်သို့ ပစ်လွှတ်လိုက်သည်။

'ဒုန်း..ဒလိမ်း..ဒလိမ်း..ဒလိမ်း'


သူပစ်လိုက်သော အုတ်ခဲကျိုး ခေါင်မိုးသွပ်ပေါ်ကျသည့်အသံကြောင့် ခင်မာဝေနှင့် နေတိုး နှစ်ဦးသား မျက်နှာချင်း အပ်ထားရာမှ ခွာလိုက်ကြသည်။

'ဟော..ကြားလား၊ ခေါင်မိုးပေါ် ခဲကျတာဖြစ်မယ်။ မ ကြောက်တယ်မောင်။ အဟင့်..ဟင့်'

'မကြောက်ပါနဲ့ မရယ်၊ သရက်ကင်းကြွေတာ ဖြစ်မှာပါ'

'အိုး..ဘာပဲဖြစ်ဖြစ် ဒီအပြင် ဧည့်ခန်းကြီးမှာ မ မနေရဲဘူး မောင်ရယ်။ အိပ်ခန်းထဲ သွားကြပါစို့နော် မောင်'

နှစ်ဦးသား တစ်ယောက်ကိုတစ်ယောက် ဖက်တွယ်



ရင်း အိပ်ခန်းထဲသို့ ဝင်သွားကြလေပြီ။ ပေါ့စေလိုလို ကြောင်ရုပ်ထိုးကာမှ ဆေးကြောင့်လေးဆိုသလို သူ့ခြောက်လိုက်သမျှ နေတိုးနှင့် ခင်မာဝေတို့ ချစ်ဖျူဖြာခင်းဖို့အတွက် ဖြစ်သွားလေသည်။ စိတ်တိုတိုနဲ့ နောက်ထပ်ခဲကျိုးတစ်လုံးနှင့် ပစ်ဖို့ရွယ်စဉ်မှာပင် သူတို့နှစ်ဦး၏အိပ်ခန်းတံခါးလည်း ပိတ်သွားသည်။ လူထွားကြီး၏ တင်းပုတ်ကြီးက သူ၏ ဦးခေါင်းပေါ်သို့ ဒုန်းခနဲကျလာသဖြင့် လောကကြီးနှင့် ခေတ္တမျှ အဆက်ပြတ်သွားရရှာလေတော့သည်။

◆◆◆

လှအောင်သည် ဤအိမ်၊ ဤခြံကြီးထဲတွင် နေနေရသော်လည်း နေတိုးနှင့် ခင်မာဝေတို့ကိုသော်လည်းကောင်း၊ သူ၏သားလေးကိုသော်လည်းကောင်း ဘာမှမလုပ်နိုင်။ အနီးသို့လည်း ကပ်၍မရ ဖြစ်နေသည်။ သူတို့ကိုယ်ပေါ်မှ ထွက်လာသော ပရိတ်ကြိုး၊ ပရိတ်ချည်တို့၏ အာဏာစက်ကို သူ မတွန်းလှန်နိုင်။ တင်းပုတ်ကိုင် လူထွားကြီးနှစ်ဦးကိုလည်း သူ ကြောက်ရသည်။ ယခုသော်ကား သူပိုင်သည်ဆိုသော ဇနီး၊ သားသမီး၊ ပစ္စည်းဥစ္စာတို့သည် ပိုင်သာပိုင် မဆိုင်ဘဝ ဖြစ်နေသည်မို့ ကြည့်ခွင့်၊ မြင်ခွင့်၊ နေခွင့်လေး ရသည်ပင်လျှင် တော်သေးသည်ဟု ဆိုရပေမည်။ ထို့ကြောင့်ပင် ဤဂေဟာ ဤနေရာမှ လွတ်ရာလွတ်ကြောင်းကို ထွက်ခွာသွားဖို့ သူ မစဉ်းစားနိုင်။ သူ၏ ဘဝသည် ချည်တိုင်ကိုလွှမ်းသည့် နွားတစ်ကောင်နှယ် တဝဲလည်လည်။

လှအောင်အဖို့ ချစ်ဇနီးလေး ခင်မာဝေနှင့် တွေ့ခွင့်၊ စကားပြောခွင့်ရဖို့ နေ့စဉ် ကြိုးစားခဲ့ပါသော်လည်း ယနေ့အချိန်အထိ တွေ့ခွင့်မရသေး။ ဒါပေမဲ့ ဒီတစ်ညမှာတော့ ခင်မာဝေနှင့် သူတွေ့ခွင့်ရခဲ့သည့်ပြင် စကားပင် ပြောခွင့်ရလိုက်ပါသေးတယ်။

သူ အိမ်ထဲဝင်သွားတော့ ခင်မာဝေသည် မျက်လုံးပြူးကြီးများဖြင့် သူ့ကို တအံ့တသြ ကြည့်နေသည်။

'ရှင်..ရှင်..ရှင် အခု ဘယ်ကပြန်လာတာလဲ။ ကျွန်မတို့ကို အဆက်အသွယ်မလုပ်ဘဲ ရှင်ပျောက်နေတာ တစ်လကျော်ပြီ။ အခုမှ ဘာဖြစ်လို့ ပြန်လာတာလဲ' ဟု လက်ညှိုးတထိုးထိုးနဲ့ မေးလိုက်သည်။

'ငါက..ဘယ်သွားလို့လဲဟ။ ခါတိုင်းလိုပဲ လုပ်



www.burmeseclassic

www.burmeseclassic.com

က ပြန်လာတာပေါ့ဟ'

'ရှင့်အလုပ်က သားမေ့ မယားမေ့နဲ့ တစ်လကိုးသီတင်း သွားရတဲ့ အလုပ်လား'

'ငါ ပြန်လာတာ ကြာပြီ။ နင်တို့က ငါ့ကို ဂရုမစိုက်တာ'

'ရှင်ကရော ကျွန်မကို ဂရုစိုက်လို့လား။ အခုမှ ပြန်လာတာ ဂရုစိုက်တာလား'

'ငါ ပြန်မလာတာ ဒါကြောင့်ဟ ဒါကြောင့်'

သူ အင်္ကျီကိုလှန်ပြီး ဝမ်းဗိုက်ကို လက်ညှိုးထိုးပြလိုက်သည်။

'ဘာလဲ၊ စားစရာမရှိလို့လား။ ရှင်နဲ့ ရှင့်မယားငယ်စားဖို့ ကျွန်မဆီက ဘာမှမရနိုင်ဘူး'

'နင် ငါ့ကိုတွေ့တာနဲ့ ကလန်ကဆန်ချည်းပဲ ပြောနေတယ်။ နင်လည်း လင်ငယ်နဲ့နေနေတာ မဟုတ်ဘူးလား'

'ဟုတ်တယ်၊ ဟုတ်တယ်'

'ဟုတ်ရင်..ကဲဟာ'

'ဖျန်း'

ခင်မာဝေသည် ရုတ်တရက်လန့်နိုးကာ သူ့၏ပါးပြင်ကို လက်ဖဝါးဖြင့် ယောင်ယမ်း၍ ပွတ်သပ်လိုက်သည်။

'ကိုလှအောင်ကို စိတ်စွဲပြီး ငါ အိပ်မက်,မက်နေတာပဲ။ သူ ငါ့ကို အင်္ကျီလှန်ပြပြီး ဗိုက်ကို လက်ညှိုးထိုးပြတာ ဘာအဓိပ္ပာယ်ပါလိမ့်'

အိပ်မက်,မက်တဲ့အကြောင်း နေတိုးကို သူ ပြောပြလိုက်သည်။

'ဆရာ့ဝမ်းဗိုက်ကို ဒုက္ခတစ်ခုခု ပေးနေတာများလား မသိဘူး။ မယ်ထော်သလေးမှာ ဆရာကြီးတစ်ယောက်ရှိတယ်။ ဆရာ ဘယ်မှာရောက်နေတယ်၊ ဘာဖြစ်နေတယ်ဆိုတာ သိရအောင် သွားမေးကြမလားဟင်'

မည်သို့ပင်ဖြစ်စေ ကိုလှအောင် ဘယ်ရောက်နေသည်၊ ဘာဖြစ်နေသည်ကို သိဖို့လိုသည်။ သိမှပင် ရှင်းရှင်းလင်းလင်းဖြစ်မည်။ ခင်မာဝေသည် ကိုလှအောင်နှင့်သူ၏ အချစ်မပါသော အိမ်ထောင်ရေးမှ လမ်းခွဲရန် ဆုံးဖြတ်ပြီးသား ဖြစ်လေသည်။

လှအောင်သည် အိပ်မက်ထဲ၌ ခင်မာဝေနှင့် တွေ့ရာတွင်လည်း အဆင်မပြေခဲ့။ အပြင်မှာ တွေ့နေကြရသော်လည်း မြင်သာမြင် မကြင်ရ ဖြစ်နေသဖြင့် အဝေးကသာကြည့်နေရသည်။ မိမိကိုယ်မိမိပင်လျှင် တစ်ဖက်နိုင်ငံကမ်းနဖူးက သစ်ပင်ပေါ် မည်သို့မည်ပုံ ရောက်လာမှန်းလည်း မသိ၊ လက်ရှိ သူနှင့် တွေ့ဆုံဆက်ဆံနေရသည့် လောကသားများကိုလည်း ဘယ်သူတွေမှန်း သူ မသိ၊ အဘယ်ကြောင့် ခင်မာဝေနှင့်သူ ယခင်ကလို မိသားစုဆက်ဆံရေးကို ပြန်မရတော့သည်ကိုလည်းကောင်း၊ အပေါင်းအသင်းရောင်းရင်းတွေနဲ့ မိတ်ဆွေအဆင့် ဆက်ဆံရေးကို ယခု သူ အဘယ်ကြောင့် ပြန်မရတော့သနည်းဆိုသည်ကို သူ မသိသေးချေ။

'ဟေ့ကောင်..မင်းကို ပိုင်ရာဆိုင်ရာ အထက်ဆရာကြီးတွေ ခေါ်ခိုင်းတယ်။ မင်း သွားရမယ်'

'ဘယ်က ပိုင်ရာဆိုင်ရာတွေလဲဗျ။ ရဲစခန်းကလား၊ ရပ်ကွက်ရုံးကလား၊ ကျုပ် ဘာမှမလုပ်ထားပါဘူးဗျာ'

'အဲဒီက မဟုတ်ဘူးကွ။ ဟောဒီ မြဝတီ-မဲဆောက်လွင်ပြင်ကြီးတစ်ခုလုံးရဲ့ ပိုင်ရာဆိုင်ရာ အထက်ဆရာကြီးအမိန့်ကွ။ မသွားရင် မင်း သွေးပွက်ပွက်အန်ပြီး ဒုက္ခတွေ့မယ်'

◆ ◆ ◆

'ဟော..သူ လာပြီ။ သူ ရောက်လာပြီ'

သူဝင်လိုက်သဖြင့် မစန်းကြည်၏ ခန္ဓာကိုယ်တစ်ခုလုံး တုန်တုန်ယင်ယင် ဖြစ်လာသည်။ အထက်ဆရာကြီးများ ခေါ်သည်ဟုဆိုကာ လူထွားကြီးနှစ်ဦးက သူ့ကို ဤနေရာသို့ ခေါ်ခဲ့သည်။

'ဝိညာဉ်ဘဝသို့ ရောက်ရှိနေသော ကိုလှအောင်ကို ယခုချက်ချင်း ဆရာ့ရှေ့သို့ ဆိုင်ရာပိုင်ရာများက အရောက်ပို့ကြစေ အထက်ဆရာကြီးများအမိန့်'

ဆရာဆိုသည့်လူကြီးက မစန်းကြည်၏ရှေ့တွင် ထိုင်ပြီး အမိန့်ပေးနေသည်။ သူ့ကိုခေါ်လာသော လူထွားကြီးက-

'ဟေ့ကောင် လှအောင်၊ မင်းကို ခေါ်နေပြီ။ သွားတော့'

'ကျွန်တော်က ဘယ်ကိုသွားရမှာတုန်းဗျ'

'အဲဒီဆရာ့ရှေ့က မိန်းမရဲ့ ခန္ဓာကိုယ်ထဲဝင်၊ သူ့ရဲ့စိတ်နှလုံးကို နူးညံ့ပျော့ပျောင်းအောင် မင်းလုပ်ရမယ်။ ဒါဟာ တို့လောကသားတွေရဲ့ ပါရမီကြောင့် ရလာတဲ့ အတတ်ပညာမို့ မင်းလုပ်တတ်မှာပါ။ သူ့ခန္ဓာနဲ့ မင်းရဲ့



www.burmeseclassic

www.burmeseclassic.com

စိတ် တစ်သားတည်း ကျသွားမယ်။ အဲဒီအခါ မင်းမိန်းမနဲ့ မင်းပြောချင်တဲ့ စကားတွေကို တိုက်ရိုက်ပြောခွင့်ရမယ်။ ဆရာကြီး မေးတာဖြေ၊ သူ့ကို ကလန်ကဆန် မလုပ်နဲ့။ သူ မင်းကို မေတ္တာနဲ့ ပြောလို့မရရင် အထက်ဆရာကြီးတွေက မင်းကို အပြစ်ပေးလိမ့်မယ်။ ကိုင်း‥ သွားတော့'

လူထွားကြီး နှစ်ယောက်က တွန်းထည့်လိုက်သဖြင့် မစန်းကြည်၏ ခန္ဓာကိုယ်ထဲ သူရောက်သွားသည်။ မစန်းကြည်၏ ခန္ဓာကိုယ်သည် တဖြည်းဖြည်း တုန်ယင်လှုပ်ရှားလာကာ ဘယ်ညာယိမ်းထိုးနေတော့သည်။

'ဆရာမေးတာ မှန်မှန်ဖြေ၊ မင်းဘယ်သူလဲ။ ဘယ်က လာသလဲ'

'ကျုပ်က လှအောင်ပါ။ ဘယ်ကလာမှန်း မသိတော့ဘူး'

'မင်းဟာ အခု ဘယ်ဘဝရောက်နေသလဲ ဆိုတာရော သိလား'

'ဟင့်အင်း မသိဘူး။ ငါဟာ လှအောင်ပဲ၊ ငါ့မိန်းမက ခင်မာဝေ။ သားတစ်ယောက်ရှိတယ်'

'မင်း‥ကိုယ့်ဘဝကို မေ့နေတယ်။ အဲဒါ ဘာကြောင့်လဲဆိုတော့ ဇနီးသားသမီး ပစ္စည်းဥစ္စာကို စွဲလမ်းမှုကြောင့်ပဲ။ လူ့ဘဝမှာ မင်းဟာ မကောင်းမှုတွေ အများကြီးလုပ်ခဲ့တယ်။ ဗိုက်ဖောက်လှအောင်ဆိုပြီး နာမည်ကြီးခဲ့တယ်။ သက်ဆိုင်ရာက မင်းကို ဖမ်းမယ့်ဆဲဆဲ မင်းသေသွားတယ်'

'ဘာ‥ကျုပ် သေသွားတယ်။ မဖြစ်နိုင်ဘူး'

'ကျုပ် မသေဘူး'

'ဆရာပြောတာ နားထောင်ပါ။ လွန်ခဲ့တဲ့(၂)နှစ်လောက်က မင်းကြောင့် ဘဝပျက်ခဲ့ရတဲ့ လူငယ်လေးတစ်ယောက်ဟာ ဟွေ့မုတ်သချိုင်းအလွန်နားက ကြံခင်းမှာ ကြံခုတ်နေတယ်။ တစ်နေ့ အဲဒီနားကို မင်းရောက်သွားတော့ ကောင်လေးက မင်းကို တွေ့သွားတယ်။ ကြံခင်းထဲကိုဝင်ပြီး မင်းအပေါ့သွားနေတုန်း ကောင်လေးက မင်းကိုသတ်ပြီး ကြံခင်းထဲမှာ ကြံရွက်တွေနဲ့ အုပ်သွားတယ်။ စုတေခါနီးမှာ ဇနီး၊ သားသမီး၊ ပစ္စည်းဥစ္စာတွေကို စွဲလမ်းမှုကြောင့် သေတဲ့အခါ မင်းဟာ ပြိတ္တာအဖြစ်နဲ့ ကျင်လည်ခဲ့ရတယ်'

'ဒါဆို ကျုပ်ဟာ အခု ပြိတ္တာပေါ့၊ ဟုတ်လား'

'ဟုတ်တယ်။ အစွဲအလမ်းကြောင့် သေပြီးတဲ့အခါ သြမပါတ်က ပဋိသန္ဓေနဲ့ ခန္ဓာကို ဘွားခနဲပေါ်ပြီး ပြိတ္တာဘဝ ရောက်ရတယ်။ လုပ်သမျှ ကြောင်းကျိုးဆက်စပ်နေတဲ့ ဓမ္မသန္တိဖြစ်စဉ်ကြီးကြောင့် ဟိုအရင်ဘဝက စိတ်အစဉ်တန်းကြီးက ပြိတ္တာဘဝအထိ ပါလာတာဖြစ်လို့ မင်းဘဝဟောင်းကို စွဲလမ်းမှတ်မိနေတာ။ ဒါဟာ စိတ္တသန္တတိဖြစ်စဉ်ပဲ။ ဘဝက ခြားသွားပြီ။ မင်း စွဲလမ်းနေလို့ ဘာမှမထူးဘူး။ သူတို့က မင်းကို ကောင်းမွန်တဲ့ဘဝရောက်ဖို့ ကောင်းမှုကုသိုလ်တွေ လုပ်ပေးနိုင်တယ်။ အဲဒါကိုပဲ သာခုခေါ်ပါ။ သူတစ်ပါးကို ဒုက္ခမပေးနဲ့တော့။ အဲဒီမကောင်းမှုက သံသရာအထိ ယူသွားမယ်။ ဆရာ မေတ္တာနဲ့ပြောပြတာကို မင်း မလိုက်နာရင် အထက်ပုဂ္ဂိုလ်တွေက မင်းကို ဆုံးမလိမ့်မယ်။ လိုက်နာမယ် မဟုတ်လား'

သူ ဆရာ့စကားကို နားမထောင်ဘဲ ပေကပ်ကပ်လုပ်ချင်သေးသော်လည်း သူ့ရှေ့တွင် တင်းပုတ်ကြီးရွယ်လျက် ထုဟန်ပြင်နေသော လူထွားကြီးနှစ်ဦးကို ကြောက်သဖြင့် လိုက်နာရန် ကတိပေးလိုက်သည်။ ဆရာက သူ့အား ဘုရားရှိခိုးခိုင်းပြီး ပြန်လွှတ်လိုက်လေသည်။

◆ ◆ ◆

'မိသားစုနဲ့ ငါဟာ ဘဝခြားသွားပြီတဲ့'

ဒီမနက် ကွယ်လွန်သွားပြီဖြစ်တဲ့ လှအောင်အတွက် သံဃာတော်များအား ဆွမ်းကပ်အမျှဝေကြမည်ဖြစ်၍ တစ်အိမ်လုံး ချက်ဟယ်ပြုတ်ဟယ်နှင့် အလုပ်များနေကြသည်။

လှအောင် ထိုင်နေသော အိမ်ရှေ့အုန်းပင်အောက်နှင့် မနီးမဝေး ဒန်းခုံပေါ်တွင် နေတိုးနှင့် ခင်မာဝေတို့ ထိုင်နေကြသည်။

'နေတိုးရယ်‥နင် အိပ်ရေးပျက်နေပါဦးမယ်။ တစ်ရေးလောက် မှေးလိုက်ပါဦးလား'

'မအိပ်ချင်သေးပါဘူး အစ်မရယ်။ ကျွန်တော် ဆရာ့အပေါ် ကျေးဇူးကန်းရာကျနေမလားလို့တွေးရင် အိပ်မပျော်ဘူး'

'သူမှ မရှိတော့တာကွယ်။ ငါ့လို ငယ်ငယ်ရွယ်ရွယ် ဥစ္စာပေါရုပ်ချော မုဆိုးမလေးတစ်ယောက်ကို ချစ်ပြီး အချောင်နိုက်မယ့်လူတွေက အများကြီး။ ဒီလူတွေရဲ့ အန္တရာယ်ကိုကာကွယ်ဖို့ မင်းမှာ တာဝန်ရှိတယ်မဟုတ်

www.burmeseclassic

www.burmeseclassic.com

လား။ အဲဒါကို ကျေးဇူးကန်းတယ် ခေါ်မလား။ ငါ့မှာ အားကိုးစရာ နင်ပဲရှိတယ်။ သူ့သားသမီးကို နင်ပဲ စောင့်ရှောက်မွေးမြူရမယ်။ ဒီကိစ္စပြီးရင် ဒီက အိမ်တွေ၊ ခြံတွေ၊ ကားတွေ အကုန်ရောင်းပြီး ရွှာပြန်ကြမယ်။ ဟိုမှာ အရင်ကတည်းက အိမ်ဆောက်ထားပြီးသား။ အဲဒါ သူ့သားသမီးအတွက် သူ့ရဲ့ရည်ရွယ်ချက်ပဲ။ သူ့ကိုယ်စား နင်က သူ့မိသားစုကို ဆက်ပြီးစောင့်ရှောက်တော့ သူ့ကို ကျေးဇူးဆပ်တာပဲမို့ ရောက်ရာဘဝက နင့်ကိုသူ ကျေးဇူးတင်နေမှာပါ နေတိုးရယ်'

ခင်မာဝေ၏ စကားကို သူကြားနေရသည်။ သူ၏ ဘဝ အမှန်ပကတိအခြေအနေကို သူသဘောပေါက်ထားပြီးဖြစ်၍ ဤဘဝ ဤခန္ဓာနှင့် ဇနီးသားသမီးကို သူ ဘယ်လိုမှ မစောင့်ရှောက်နိုင်။ ထို့ကြောင့် 'ငါ မင်းကို ကျေးဇူးတင်ပါတယ် နေတိုးရယ်'ဟု သူပြောလိုက်သည်။ နေတိုးကတော့ ကြားနိုင်မည်မထင်။

မကြာခင် အရဏ်တက်လာတော့မည်ဖြစ်၍ ရဟန်းတော်များပင် ကြွလာလေပြီ။ သူရှိနေသည့် အုန်းပင်အောက်မှာပင် လက်အုပ်လေးချီကာ တရားနာဖို့ စောင့်နေလိုက်လေသည်။

'တဏှာပေမဆိုတဲ့ သမုဒယသံယောဇဉ်လို့ခေါ်တဲ့ လောဘဆိုတာ တရားနဲ့ တရားအသိနဲ့ ထိန်းကာမှ တန်ကာကျမယ်။ သူ့အလိုအတိုင်းလွှတ်ထားရင် ဘဝဆိုတဲ့ အချုပ်အနှောင်က လွတ်လမ်းမမြင်၊ သညာဆိုတာ အမှတ်မှားတတ်တယ်။ ဒါကြောင့် သံသရာမှာ ရှည်ကြာစွာ ကျင်လည်နေရတာပဲ။' အဝိဇ္ဇာဆိုတဲ့ တဏှာဟာ အရာရာကို နှစ်သက်ဖွယ်လို့ ဖွဲ့လမ်းထင်မှတ် မှားနေတတ်။ ဒါကြောင့် အပဉ္စလွဲရင် ငရဲရောက်ပြီသာမှတ်'

ဆရာတော်၏ တရားတွင် နားစိုက်ပြီး နာကြားနေစဉ် -'

'လူကလေး ··တရားကို နှလုံးသွင်းကွယ့်။ မင်းအတွက် ကျန်ရစ်သူမိသားစုတွေက ကောင်းမှုကုသိုလ်တွေ ပြုပေးနေတယ်။ သွားလိုရာဘဝကို စိတ်ညွှတ်ပြီး သာဓု ခေါ်ပါ။ သာဓုမခေါ်နိုင်ရင် မင်း ဒီဘဝက ကျွတ်မှာမဟုတ်ဘူး။ မင်းရဲ့ ပြိတ္တာဘဝသက်တမ်းက ဒီကနေ့ နောက်ဆုံးပဲ။ အဲဒီကံကုန်ပြီး ဘဝသစ်မှာ ပဋိသန္ဓေနေရတော့မယ်။ ဒီဘဝဟာ မင်းအတွက် လမ်းဆုံလမ်းခွပဲ။ အာရုံတွေ လွဲမှားရင် အောက်ဒုဂ္ဂတိဘုံကို ရောက်သွားနိုင်သလို အာရုံပြုတာမှန်ရင် အထက်တန်းကိုလည်း ရောက်နိုင်တဲ့ကံ မင်းမှာ ကျန်သေးတယ်'

ဝတ်ဖြူစင်ကြယ်နဲ့ အဘိုးအိုတစ်ဦး သူ့အနားရောက်လာကာ သူ့ကို သတိပေးလိုက်သည်။

'ဟင်··အဘိုးက ဘယ်သူလဲ'

'အဘိုးက··ဟောဒီမြေနီကုန်းနယ်ကို စောင့်ရှောက်ရတဲ့ ရုက္ခစိုးဘိုးဘိုးကြီးပဲ။ အဘိုးရဲ့တာဝန်က လောကကို စောင့်ရှောက်ရတယ်။ နတ်ပြည်မှာ နတ်သားတွေ စုတောခါနီးမှာ နတ်သားတွေက သူ့ကို နန္ဒဝန်ဥယျာဉ်ကို ခေါ်သွားပြီး အသင်နတ်သား··လူ့ပြည်ကို စိတ်ညွှတ်ပြီး ပဋိသန္ဓေ တစ်ဖန်ပြန်နေပါဆိုပြီး လားရာဂတိကောင်းအောင် အားပေးကြသလို ပြိတ္တာဘုံသားတွေဟာလည်း စိတ်ထွေပြားပြီး ရုတ်တရက် ဘဝကူးရတဲ့အခါ ပိုပြီး





www.burmeseclassic

www.burmeseclassic.com

အောက်ကျတဲ့ ငရဲတိရစ္ဆာန်ဘုံတွေမှာ ကျင်လည်ကျက်စားရတယ်။ အကုသိုလ်ဝန်တွေ ပိမှာကြောက်လို့ လူ့ဘဝကို ကျင်လည်နိုင်သေးတဲ့သူတွေကို လူ့ဘဝမှာ ပဋိသန္ဓေတည်နေနိုင်အောင် သတိပေးရတယ်ကွယ့်'

'ကျွန်တော်က လူ့ဘဝ ပြန်သွားရမှာလား အဘိုး'

'မင်းမှာ လူ့ဘဝရောက်ခယ့် ကံတွ ရှိနေတယ်။ အကောင်းဆုံးက လူ့ဘဝပဲ။ လူ့ဘဝမှာ ဘုရားသာသနာနဲ့ ကြုံတွေ့ရနိုင်တယ်။ ကောင်းမှုကုသိုလ်တွေပြုနိုင်တယ်။ ဆရာကောင်းသမားကောင်း၊ သူတော်ကောင်းတွေနဲ့ ဆုံရနိုင်တယ်။ ဆင်းရဲတွင်းကလွတ်အောင် ကြိုးဆောင်နိုင်သလို ကုသိုလ်ပါရမီတိုးပွားအောင် ဆောင်ရွက်နိုင်တယ်။ အဲဒါ လူ့ဘဝရဲ့တန်ဖိုးပဲ လူကလေး။ ဟော..တရားကျပြီး အမျှပေးဝေနေပြီ။ မင်း သာဓုခေါ်တော့'

ထိုအချိန်တွင် တစ်ဖက်နိုင်ငံတွင် စစချင်း သူနဲ့တွေ့ခဲ့ရသော ပြိတ္တာမကြီး၏လူများ ရောက်လာကာ သူ၏ပါးစပ်ကို ပိတ်ထားလိုက်ကြသည်။

'သူ့ကို သာဓုခေါ်ခွင့် ပေးလို့မရဘူး အဘိုး၊ အခုပြန်ခေါ်သွားရပါမယ်'

'မင်းတို့ကို ငါပြန်ခေါ်ခွင့် မပေးနိုင်ဘူး။ သူက သာဓုခေါ်သည်ဖြစ်စေ၊ မခေါ်သည်ဖြစ်စေ၊ ဒီကနေ့ပဲ ဒီဘဝ ကံကုန်ဆုံးရတော့မယ်။ မင်းတို့လည်း သူနဲ့အတူ သာဓုခေါ်ဆိုကြပါ။ ဒါမှ မင်းတို့လည်း မြင့်သထက်မြင့်တဲ့ ကုသိုလ်ပါရမီတွေ တိုးလိမ့်မယ်'

အဘိုးက ဝင်ပြောလိုက်သဖြင့် သူနှင့်အတူ အားလုံးက ကောင်းမှုကုသိုလ်အစုစုကို သာဓုခေါ်ဆိုနိုင်ခဲ့ကြသည်။

'သာဓုခေါ်ပြီးပြီ အဘိုး။ ကျွန်တော် ဘယ်သွားရမလဲ ခင်ဗျာ'

'လူ့ဘဝကိုသွားတာ အကောင်းဆုံးပဲ လူကလေး'

'ဗျာ..ဒါဆို ကျွန်တော် ဘယ်လိုသွားရမလဲ။ အရင်လို ခန္ဓာကိုယ် ဘွားခနဲပေါ်လာတဲ့ ဩပပါတိပဋိသန္ဓေမျိုးနဲ့ သွားရမှာလား'

'အဲဒီလို မရဘူးကွယ့်၊ လူ့ဘဝမှာ ပဋိသန္ဓေ နေတယ်ဆိုတာ အချက်သုံးချက် ညီမှရမယ်။ အဲဒါတွေက မိခင်လောင်းဟာ ရာသီပန်းပွင့်ပြီးခါစဖြစ်လို့ သားအိမ်စင်ကြယ်နေရမယ်။ မိဘနှစ်ဦး မြူးထူးပျော်ရွှင် ပေါင်းသင်းကြတဲ့အခါ ဖြစ်မယ်။ သန္ဓေသားလောင်းကလည်း ဘဝဟောင်းက စုတေခြင်းဆိုတဲ့အကြောင်း သုံးပါးနဲ့ ပြည့်စုံဖို့လိုတယ်။ မင်း သူတို့ဆီမှာ ခွင့်တောင်းပြီး နေပေတော့'

'အဲ..ဒီမိဘတွေက ဘယ်မှာလဲ အဘိုး'

'ရှည်ရှည်ဝေးဝေး ရှာစရာမလိုဘူး။ ဟိုအမျိုးသမီးပဲ'

အဘိုးညွှန်ပြသည့် သူ၏ မိခင်လောင်းမှာ သူ၏ချစ်ဇနီး ခင်မာဝေပင် ဖြစ်နေတော့သည်။

'အဘိုး..အဲဒါဆို ကျွန်တော်ဇနီးနဲ့တပည့်က ကျွန်တော့်ဖခင်နဲ့ မိခင်ဖြစ်ပြီး ကျွန်တော်သားက ကျွန်တော့်အစ်ကို ပြန်ဖြစ်နေမှာပေါ့'

'အဲဒါကို ပြောတာပေါ့။ ဒါဟာ မထူးဆန်းဘူးကွယ့်။ သံသရာမှာ တစ်ဦးနဲ့တစ်ဦး ဆွေမျိုးမတော်ဘူးတဲ့သူ မရှိဘူးကွယ့်။ မင်းပဲ မိသားစုဘဝကို စွဲလမ်းနေသေးတယ်ဆို၊ အခု မင်းမိသားစုဘဝထဲကို ပုံစံတစ်မျိုးနဲ့ ပြန်ရောက်တာ မကြိုက်ဘူးလား။ ဒါဟာ အချစ်သစ်တွေ ပြန်လည်မွေးဖွားခြင်းပဲကွယ့်။ အဲဒီမိန်းကလေးဟာ မင်းရဲ့ မိခင်အဖြစ် ပဋိသန္ဓေနေဖို့ အခွင့်ကောင်း အခြေအနေကောင်းကို ပိုင်ဆိုင်ထားတယ်။ ကိုင်း..သွားပေတော့ကွယ်'

အဘိုး တိုက်တွန်းသည့်အတိုင်း ခင်မာဝေ စားနေသော မုန့်ဟင်းခါးပန်းကန်အတွင်းသို့ ဖုန်မှုန့်ကလေးအဖြစ် သူ ခုန်ဝင်လိုက်သည်။ ဖုန်မှုန့်ကလေးသည် ခင်မာဝေ၏ နောက်ဆုံးစားလိုက်သောဇွန်းထဲမှ မုန့်ဟင်းခါးဖတ်များနှင့်အတူ ဝမ်းထဲသို့ လျှောခနဲဝင်သွားလေသည်။ အလှူပြီးစီးပြီဖြစ်၍ ထိုညက ခင်မာဝေနှင့် နေတိုးတို့ အတော်ညည့်နက်မှ အိပ်ကြရသည်။ မောမောနှင့် အိပ်မောကျနေစဉ် အိပ်မက်ထဲ၌ လှအောင်သည် ခင်မာဝေအား အတူနေခွင့်ပြုရန် ခွင့်တောင်းခဲ့သည်။ ခင်မာဝေကလည်း သဘောတူလိုက်သည်။

ထိုအချိန်မှစ၍ အချစ်သစ်တို့ တစ်ဖန်ပြန်လည်မွေးဖွားရန်အတွက် လှအောင်သည် ဘဝသစ်ခရီး၏ ပထမဦးဆုံး ခြေလှမ်းသစ်ကို စတင်လှမ်းလိုက်လေတော့သည်။

အစ၏နိဂုံး၊ အဆုံး၏အစဟူသည် သံသရာခရီးပင်တည်း။

သျှင်ရဲထွဋ်(ရွှေဘိုစွန်း)



www.burmeseclassic

www.burmeseclassic.com

# ကျွန်တော်နှင့် နာနာဘာဝတစ်ကောင်အကြောင်း

မောင်မောင်အောင်

(၁)

ကျွန်တော်သည် တမလွန်ကို ယုံကြည်သူတစ်ယောက် မဟုတ်ပါ။ ထို့ကြောင့် နာနာဘာဝဆိုသည်ကို လည်း အယုံအကြည်မရှိပါ။ နာနာဘာဝဆိုသည်မှာ သရဲတစ္ဆေ၊ မြေဖုတ်ဘီလူး၊ ကျတ်၊ ပြိတ္တာ၊ ဥစ္စာစောင့်၊ အသူရကာယ် အစရှိသည်တို့ကို ခေါ်ဆိုကြောင်း သိရသည်။ အနောက်တိုင်း သရဲတစ္ဆေဒဏ္ဍာရီများက ကြောက်စရာကောင်းသလောက် မြန်မာသရဲတစ္ဆေ ဒဏ္ဍာရီတို့က လွမ်းစရာကောင်းလှသည်။ နာနာဘာဝ ဆိုသည်ကို အယုံအကြည်မရှိခဲ့သူ ကျွန်တော်သည် နာနာဘာဝတစ်ကောင်နှင့် တွေ့ဆုံမိခဲ့ရာမှ အော့နှလုံးနာစရာ ဇာတ်လမ်းတစ်ပုဒ် ဖြစ်ခဲ့ရသည်။





www.burmeseclassic

www.burmeseclassic.com

(၂)

အဆင်မပြေမှုများကို ကုစားရာ၌ အရက်သည် အကောင်းဆုံးဆေးဝါးတစ်လက် ဖြစ်သည်ဟူသော အဆို အမိန့်ကို ဘယ်သကောင့်သားက လက်ဆော့ခြေဆော့ ရေးသားခဲ့ပါသနည်း။ ကျွန်တော့်ဦးနှောက်ထဲတွင်မူ အရက်မူးခြင်းနှင့် အဆင်မပြေခြင်းသည် တစ်ကန့်စီဖြင့် လွတ်လပ်စွာ စီးဆင်းလျက်ရှိသည်။

ရွာထဲရောက်ရန် နောက်ထပ်နာရီဝက်ခန့် ကျွန်တော် လမ်းလျှောက်ရပေဦးမည်။ ချက်အရက်ပြင်းပြင်းတစ်လုံး သည် ကျွန်တော့်ခြေထောက်တွေကို နာရီမည်မျှကြာ အောင် ဒယိမ်းဒယိုင် ဖြစ်စေပါသနည်း။

ညကား တိတ်ဆိတ်ငြိမ်သက်လွန်းသည်။ လရောင် သည် မြေနီလမ်းကလေးကို ငွေဘော်ရောင်ခင်းထားသည်။ တိုက်ခတ်သော လေတို့သည် အေးရာမှ စိမ့်လာသည်။ ဆောင်းရာသီရက်စွဲများကို မေ့လျော့ကာ ရှပ်အင်္ကျီလက် တိုတစ်ထည် ဝတ်ဆင်ခဲ့ခြင်းသည် မိုက်မဲမှုတစ်ခုသာဖြစ် ကြောင်း အရက်မူးပြေမှ ဆင်ခြင်မိသည်။

ရွာထိပ်က သင်္ချိုင်းကုန်းလေးသည်ကား အိပ်မောကျ လျက်ရှိသည်။ လက်ပတ်နာရီ မီးစုံးရောင်က ည(၁၁) နာရီ (၁၅)မိနစ်ကို ညွှန်ပြနေသည်။ ဟိုဘက်ရွာက ည (၉)နာရီမှာ ထွက်ခွာလာတာဆိုတော့ နှစ်နာရီ ဆယ့်ငါး မိနစ်တိတိ ကျွန်တော်လမ်းလျှောက်ခဲ့ပြီးပြီ။ နောက်တစ် နာရီလောက် ဆက်လျှောက်လျှင် ရွာရောက်ပြီ။ သင်္ချိုင်း ကုန်းကလေးကိုကြည့်လိုက်တော့ အုတ်ဂူဖြူဖြူ လေးငါး ခြောက်လုံးခန့်နှင့် မှတ်တိုင်စိုက်ထားသော မြေပုံမို့မို့များ က စနစ်တကျ ဖရိုဖရဲဖြစ်နေသယောင်။ လမ်းလျှောက် ရင်း အရာဝတ္ထုတစ်ခုကို ခလုတ်တိုက်မိပြီး ရှေ့သို့ဟပ် ထိုးလဲလုနီးပါး ဖြစ်သွားသည်။ ခလုတ်တိုက်မိသောအရာ ကို ငုံ့ကြည့်ကောက်ယူလိုက်သည်။ လားလား မြေမြှုပ် ထားသော အလောင်းကို ခွေးများ ယက်ထုတ်မှုကြောင့် ပေါ်လာသော လူ့လက်ဖျံရိုးတစ်ခု။ လေအရှိန်နှင့် ရိုးတိုး ယိုင်တိုင်ဖြစ်သွားသော ဝါးရုံတောကြီး။ ကြည့်ရသည်မှာ အပေါ်ဖြူပြောက်ပြောက်ဝတ်စုံနှင့် ခါးကိုင်းကိုင်းသဏ္ဌာန် နာနာဘာဝတစ်ကောင် ရှေ့တိုးနောက်ဆုတ် လှုပ်ရှားနေ သည်နှင့်တူသည်။ သင်္ချိုင်းကုန်းကို မဝံ့မရဲဖြတ်ကျော်ရင်း ဘွားခနဲပေါ်လာသည်က သွပ်ပြားကျိုးတို့ကျဲတဲ မိုးထား သော သရဏဂုံတင်သည့် ဇရပ်အိုတစ်ဆောင်ပင် ဖြစ် သည်။

နေ့လယ်နေ့ခင်း အသုဘပို့ဆောင်သူများ ဒါမှမဟုတ် နွားကျောင်းသားများနှင့် စည်ကားနေတတ်သည်။ ဇရပ် အို၏ မလှမ်းမကမ်းနေရာတွင် မီးသင်္ဂြိုဟ်သည့် လေးတိုင် စင်ငယ်ရှိသည်။ မီးသင်္ဂြိုဟ်သည့် ရွာထဲက အသုဘတစ်ခု လိုက်ပို့ဖူးသည်။ ထင်းတုံးကြီးများကို မီးပြင်းထန်စွာ လောင်ကျွမ်းသွားသည့်အခါ ပထမဦးဆုံး အော်ဂလီဆန် မိသည်မှာ လူသေညှော်နံ့ပင်ဖြစ်သည်။ မီးလောင်ဝါးမျို စပြုနေသည့် လူသေအလောင်းသည် တဖျစ်ဖျစ်မြည်သံပြု လျက် ကုန်းရုန်းထလာသည်။ ထိုအခါ သုဘရာဇာများ က ဝါးချွန်များနှင့် ဝိုင်းဖိကြသည်။ ထင်းတုံးကြီးများကို လောင်စာထပ်ဖြည့်သည်။ မီးတောက်သည် ဒေါသတကြီး ဟုန်ဖြင့် တဝုန်းဝုန်းတက်လာသည်။ မွန်းမလွဲခင်ကတည်း က လောင်မြိုက်နေသော လူသေအလောင်းသည် ညနေ နေဝင်ရီတရောတွင် ရုပ်ကြွင်းအစအနများနှင့် ပြာများသာ ကျန်တော့သည်။

ပြန်လည်မြင်ယောင်လာသော မီးသင်္ဂြိုဟ်သည့် မြင် ကွင်းကို အတင်းဖျောက်ဖျက်ပစ်ရင်း ဇရပ်အိုထဲမှာ ရေအိုး တစ်လုံးတော့ ရှိတန်ကောင်းရဲ့ဟု အတွေးဝင်လာသည်။ ဇရပ်အိုအဆောက်အအုံထဲတွင် မှိန်ပျပျမီးရောင်တစ်ခုက လေအဝှေ့ ယိမ်းထိုးသွားသည်။ ဒီအချိန် ဒီနေရာမှာ တစ်ယောက်တည်း နေရဲပုံထောက်တော့ ဒီသင်္ချိုင်းကုန်းရဲ့ သုဘရာဇာတစ်ဦးဦး ဖြစ်ကောင်းဖြစ်နိုင်သည်။

ကျွန်တော့်ပတ်ဝန်းကျင်မှာ လူတစ်ဦးရှိနေပြီဆိုသော အသိကြောင့် ကျွန်တော့်ကိုယ်ကျွန်တော် လုံခြုံသလို ခံစား လိုက်ရသည်။ ရုတ်ခြည်းပင် ဒီလူတွေက တစ်ပြုံတစ်မ ကြီး ပေးလိုက်သည့် နာကြည်းစရာ၊ ခါးသီးစရာတွေ ကြောင့် ကျွန်တော်နေထိုင်ကြီးပြင်းရာ မြို့ပြဒေသကို စွန့် ခွာကိုယ်လွတ်ရုန်း၍ ဒီအရပ် ဒီနေရာလေးသို့ ရောက် ရှိလာခြင်းဖြစ်သည်ဟု တွေးမိပြန်သည်။ လွယ်အိတ်ထဲက မာကျောကျော အရာဝတ္ထုနှစ်ခု၏ ပွတ်တိုက်သံ ကြားရ သည်။ သုံးတောင့်ထိုး လက်နှိပ်ဓာတ်မီးနှင့် ချက်အရက် လက်ကျန်ပုလင်းတို့ဖြစ်သည်။ ထိုအရာဝတ္ထုနှစ်ခုအနက် မည်သူက ပိုမာကျောသည်ဆိုသော အဖြေကို သိ[illegible] သည်။



www.burmeseclassic

www.burmeseclassic.com

ဇရပ်အိုအဆောင်အလွန်တွင် ဇရာမသစ်ပင်ကြီးတစ်ပင်ကို ကျွန်တော်တွေ့ရသည်။ သေချာစွာကြည့်လိုက်တော့ ညောင်ပင်ကြီးတစ်ပင်မှန်း သိလိုက်ရသည်။ ညောင်ပင်ကြီး၏ အမြစ်ဆုံတွင်ထိုင်ကာ ချက်အရက်ပုလင်းနှင့် သုံးတောင့်ထိုး လက်နှိပ်ဓာတ်မီးကို လက်တစ်ဖက်စီကိုင်ရင်း အားပါးတရ တစ်ချက်ပြီးတစ်ချက် ဆုံရိုက်ကြည့်တော့သည်။ (၁၅)မိနစ်လောက်ကြာသည်။ ဘယ်သူ့ဘယ်သူမှ မကွဲသေး။

နောက်ကျောကို ရေခဲပြားနှင့် ရုတ်တရက် ဖိကပ်ခံရသလို အေးစက်သွားသည်။ ချက်ချင်း ဘေးကိုအလှည့် မျက်နှာတစ်ခြမ်းက ညောင်ပင်အရိပ်ဖြင့် အမှောင်ကျပြီး မျက်နှာတစ်ခြမ်းက လရောင်ဖြင့် ဖွေးဖွေးဆွတ်နေသည်။ အရောင်ရင့်ရင့် မျက်နှာတစ်ခြမ်းက လရောင်ဖြင့် ဖွေးဖွေးဆွတ်နေသည်။ အရောင်ရင့်ရင့် တဘက်တစ်ထည် ခေါင်းပေါင်းထားသည်။ ထူးခြားသည်က သူ့မျက်လုံး မျက်တောင်လုံးဝမခတ်။

'ဘယ့်နှယ်လဲ ကိုယ့်လူရဲ့၊ တယ်ဒေါသကြီးကိုး။ ဒါတွေ အကျိုးမဲ့လုပ်နေမယ့်အစား ရေလေးနည်းနည်း သောက်လိုက်ပါလား'

အသံက ခပ်ဩဩ။ ကွမ်းစားလွန်း၍ လျှာထူနေသောအသံ။ မျက်နှာတစ်ခြမ်းကို မမြင်ရပါဘဲ ခနဲ့တဲ့တဲ့ လှောင်ပြောင်နေသည့်ဟန် သိသာသည်။

'ခင်ဗျားက ဘယ်သူလဲ။ ဒီသင်္ချိုင်းက သုဘရာဇာလား'

'သင်္ချိုင်းမှာ တွေ့တဲ့သူတိုင်း သုဘရာဇာဖြစ်ရမယ်ဆိုရင် ကိုရင့်ကိုလည်း မေးပါရစေ။ သုဘရာဇာလား'

ကျွန်တော် ဘာမှမပြောဘဲ ရေပုလင်းကို ခပ်သွက်သွက်ယူပြီး အငမ်းမရ မော့သောက်လိုက်သည်။ ဒီလူကြီးကို ကြည့်ရသည်မှာ စိတ်ထဲ မသိုးမသန့် ခံစားရသည်။ သူဝတ်ထားသော စွပ်ကျယ်လက်စက အောက်က မို့မောက်သော ရင်အုံကြီးနှင့် ဆူဖြိုးသော ဝမ်းဗိုက်ကြီးက အစ်ထွက်နေသည်။

'ကိုရင့်ကြည့်ရတာ စိတ်နဲ့ကိုယ်နဲ့ မကပ်တဲ့အတိုင်းပဲ။ ကျုပ်ကပဲ ဖိတ်ခေါ်ပါရစေ။ ကျုပ်တို့ရွာမှာ ပွဲဈေးတန်းကြီး ခြိမ့်ခြိမ့်သဲပဲ။ ကိုရင် လိုက်လည်ပါလား။ ကောင်းကောင်းစား ကောင်းကောင်းသောက်ပေါ့။ ကျုပ်ပြုစုပါမယ်'

ပွဲဈေးတန်းတဲ့။ ကျွန်တော့်နားထဲ ဆိုင်းသံဗုံသံများလည်း မကြားမိ။ ဒီနေ့ လပြည့်နေ့ ညပဲ။ ဒါဆို ကျွတ်ကုန်း။ ကျွန်တော်ငယ်ငယ်က ကြားဖူးတာရှိသည်။ မျက်စိလည် လမ်းမှားပြီး ကျွတ်ကုန်းရောက်သွား၊ မဆုံးနိုင်သော ပွဲဈေးတန်းကြီးတွေ၊ စားသောက်ပျော်ပါးပြီး ရွှေမန်ကျည်းသီးတောင့်တွေ ကောက်ရ၊ ဇာတ်ပွဲထဲဝင်ကြည့်၊ အိပ်ပျော်သွား၊ မနက်နိုးလာတော့ ပတ်ဝန်းကျင်လူသူ မရှိ၊ ဖုန်းဆိုးတောထဲရောက်နေ၊ အိတ်ထဲထည့်ထားသော ရွှေမန်ကျည်းတောင့်တွေလည်း ခွေးချေးခြောက်တွေဖြစ်၊ ဒါကျွတ်ကုန်းပုံပြင်တွေပဲ ဖြစ်သည်။

အခု ကျွန်တော့်ကို ဖိတ်ခေါ်နေသော လူကြီးသည်လည်း ဟိုကျွတ်ကုန်းက နာနာဘာဝတစ်ကောင် မဖြစ်နိုင်ပေဘူးလား။ ကျွန်တော် ရဲဆေးတင်သည့် သဘောဖြင့် လွယ်အိတ်ထဲက ချက်အရက်ပုလင်းကိုထုတ်၍ တစ်ကျိုက်မော့ချလိုက်သည်။

ထိုလူကြီးကို အရက်ပုလင်း ကမ်းပေးလိုက်တော့-

'ကိုရင်က ကျုပ်ပုံပန်းသဏ္ဌာန်ကြည့်ပြီး တယ်အထင်သေးတာကိုး ဗျ။ ဤဒီလိုအရက်မျိုး ဘယ်တော့မှ မသောက်ဘူး။ ပြီးတော့ ကိုရင့်ရဲ့ ဒီလိုခပ်ညံ့ညံ့ အရက်တွေ သွန်ပစ်လိုက်စမ်းပါ။ ကိုရင် ဘာသောက်မလဲ။ ဘလူးလေဘယ်လား၊ ဘလက်လေဘယ်လား၊ ကော့ညက်လား၊ ချီးဗက်လား ကြိုက်တာပြော။ ကျုပ်ဧည့်ခံမယ်။ ဘာလဲ၊ ကိုရင်က ကျုပ်ကို မယုံသေးဘဲကိုး။ ဒီမှာ တွေ့လား'

ထိုလူကြီးက လွယ်ထားသော ရှမ်းလွယ်အိတ်ပွပွကြီးကို ဖြဲပြသည်။ ဝင်းဝင်းလက်လက် အရာဝတ္ထုများ ကျွန်တော့်လက်ထဲ နှစ်ခု သုံးခု ထည့်ပေးသည်။

'ဒါ ရွှေမန်ကျည်းသီးတောင့် အစစ်တွေပဲ။ ကာလပေါက်ဈေး ဘယ်လောက်ရှိလဲ'

'ကိုရင် တွက်တတ်ပါတယ်။ ဒါမျိုး ကျုပ်မှာ သေတ္တာဆယ်လုံးမကရှိတယ်'

ကျွန်တော် ထိုလူကြီးကိုကြည့်ပြီး တကယ့်ကို ဟက်ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။ ထိုလူကြီးက ကျွန်တော့်ကို အကြောင်းသား ငေးကြည့်နေသည်။

'ကျွန်တော် အားလုံးသိပြီးပါပြီဗျာ။ ဒီရွာနားနီးစပ်


www.burmeseclassic

www.burmeseclassic.com

ဘယ်ရွာမှာမှ ပွဲမရှိဘူး။ ခင်ဗျား ကျွန်တော့်ကို ကျွတ်ကုန်းခေါ်သွားမယ်။ ဝတ်ကောင်းစားလှနဲ့ ကြိတ်ကြိတ်တိုးနေတဲ့ လူဟန်ဆောင်ထားတဲ့ ကျွတ်တွေကိုပြမယ်။ ကျွန်တော်တို့နှစ်ယောက် စားကြသောက်ကြမယ်။ ပြီးရင် ရွှေမန်ကျည်းသီးတောင့်တွေပေးမယ်။ ကျွန်တော်အိပ်ပျော်ပြီး နိုးလာတော့ ခင်ဗျားပေးတဲ့ ရွှေမန်ကျည်းသီးတောင့်တွေက ခွေးချေးခြောက်တွေ ဖြစ်နေမယ်။ ဒါပဲ မဟုတ်လား။ တကယ်တော့ ကျွန်တော်က နာနာဘာဝယုံကြည်သူတစ်ယောက် မဟုတ်ပါဘူး။ ဒါပေမဲ့ ခင်ဗျားနဲ့ ကျွန်တော် လိုက်ခဲ့မယ်။ ကျွန်တော့်ဘဝမှာ ကျွတ်ကုန်းရောက်ခဲ့ဖူးတယ်ပေါ့ဗျာ။ ဟား··ဟား··ဟား

ကျွန်တော် အားပါးတရ ကျယ်လောင်စွာ အော်ဟစ်ရယ်မောလိုက်တော့ ထိုလူကြီးကလည်း ဝမ်းခေါင်းသံကြီးဖြင့် အတူတူလိုက်၍ အော်ဟစ်ရယ်မောလိုက်သည်။ ထို့နောက် ထိုလူကြီးခေါ်ဆောင်ရာနောက်သို့ ကျွန်တော် စိတ်ပါလက်ပါ လိုက်သွားတော့သည်။

ထိုလူကြီးခေါ်ဆောင်သွားသော လမ်းသည် တစ်ခါတစ်ရံ ချောမွေ့သော မြေနီလမ်းဖြစ်သည်။ တစ်ခါတစ်ရံ ယာခင်းလိုလိုနေရာများကို ဖြတ်သွားရသည်။ တစ်ခါတစ်ရံ ငှက်ပျောတောမည်းမည်းမှောင်မှောင်ကြား စမ်းတဝါးဝါး သွားရသည်။ တစ်နာရီကျော်ကျော်အကြာ ဆိုင်းသံ၊ ဗုံသံ၊ လူသံ၊ နွားခလောက်သံတို့ စုပြုံကြားပြီးနောက် ပွဲဈေးတန်းကြီး ရုတ်ခြည်းပေါ်လာသည်။ အောက်လင်းမီးအိမ်တွေ ထိန်ထိန်ညီးနေသည်။ လူရောင်စုံတွေ ပျားပန်းခပ်နေသည်။

ကျွန်တော့်ရှေ့ အပျိုမတစ်သိုက်ဆီမှ နိုင်ငံခြားဖြစ် အဖိုးတန် ရေမွှေးရနံ့ရသည်။ ထိုအပျိုမတစ်သိုက်သည် လက်ပံပင် ဆက်ရက်ကျသည့်အလား စကားတွတ်ထိုးရင်း ကျွန်တော့်ကို ဆတ်ခနဲလှည့်ကြည့်သည်။ ချောမောလှပ လွန်းသည့်ဖြစ်ခြင်း။ ထို့နောက် ကြက်သီးတဖြန်းဖြန်းထ သွားသည်။ ကံကောင်းပေလို့။ ထိုလူကြီးသာမပါဘဲ ကျွန်တော်တစ်ယောက်တည်းသာ ဒီနေရာမျိုး ရောက်လာမိပါက ကျွတ်ကုန်းဖြစ်ကြောင်းကို ကျွန်တော် စိုးစိမျှ သံသယဝင်လိမ့်မည်မဟုတ်။

ပွဲဈေးတန်းကြီးအတွင်းမှ စားစရာမျိုးစုံ ဖွယ်ဖွယ်ရာရာကို ငေးကြည့်ရင်း ညစာပင် မစားရသေးသော အဖြစ်ကို ပြန်တွေးမိသည်။ ကျွန်တော့်ဝမ်းဗိုက်က ဆာလောင်နေချေပြီ။

ထိုလူကြီးက ကျွန်တော့်ဘက် စောင်းငဲ့ကြည့်ရင်း-

"ဘယ်လိုလဲ ကိုရင်၊ ဗိုက်ဆာနေပြီလား။ ကိုရင်စားချင်သောက်ချင်တဲ့ အရာအားလုံး ကျုပ်စံအိမ်ကြီးမှာ အပြည့်ရှိပါတယ်ဗျာ။ ဒီပွဲဈေးတန်းက ရှေ့နှစ်ပြလောက်ဆိုရင် ရောက်ပါပြီ"

ဘယ်အချိန်ရောက်ပြီလဲဟု သိချင်လာသည်။ နာရီမေးရန် ထိုလူကြီး၏ ညိုညိုတုတ်တုတ် လက်ကောက်ဝတ်ကို အကဲခတ်လိုက်တော့ နာရီပတ်မထား။ ကျွန်တော် တစ်စုံတစ်ရာကို သတိရသွားပြီး ပွဲဈေးတန်းအတွင်းရှိလူတွေ၊ ဈေးသည်တွေ အားလုံး၏ လက်ကောက်ဝတ်တွေကို လိုက်ကြည့်သည်။ ယောကျ်ား၊ မိန်းမ သက်ကြီးရွယ်အို၊ ကလေးတစ်ယောက်မှ နာရီမရှိကြ။

အမှူမဲ့အမှတ်မဲ့ထားခဲ့သော ကျွန်တော့်မိတ်ဆွေ ဗေဒင်ဆရာတစ်ယောက်၏ စကားသံကို ကြားယောင်လာသည်။

"နာနာဘာဝတွေဟာ အချိန်မဲ့ သတ္တဝါတွေပဲ။ သူတို့ဟာ နာရီကို အင်မတန်ကြောက်ကြတယ်။ နာရီတစ်လုံးရဲ့ စက်သံဟာ သူတို့အတွက် အကြီးမားဆုံး ကျိန်စာသင့်ခြင်းပဲ။ သူတို့တစ်တွေဟာ နာရီစက်သံတွေကို ရပ်တန့်သွားအောင် ဘယ်လိုလုပ်ရမလဲလို့ အမြဲတမ်းကြံစည်နေတယ်။ ဒါကြောင့် ရှေးလူကြီးသူမတွေဟာ ရပ်နေတဲ့နာရီ အိမ်မှာ မထားကောင်းဘူးလို့ အယူရှိကြတယ်"

ထိန်ထိန်လင်းနေသော ပွဲဈေးတန်းကြီးမှ နှစ်ပြလောက် လျှောက်ပြီးသောအခါ မှောင်ပိန်းနေသည့် ကွင်းပြင်ကျယ်။ ထိုမှ ဆက်လျှောက်ရင်း ရှေးဟောင်းရဲတိုက်ကြီးတစ်ခုနှင့် ခပ်ဆင်ဆင်တူသော အိမ်မည်းမည်းကြီးတစ်လုံးကို တွေ့ရသည်။ ထိုလူကြီးက ဝင်းခြံတံခါးကို တွန်းဖွင့်ရင်း ခပ်သွက်သွက်လျှောက်သည်။ ရုတ်တရက် မြင်းဟီသံကြားရသဖြင့် ကျွန်တော့်ခြေလှမ်း တုံ့ခနဲဖြစ်သွားသည်။ မြင်းခြောက်ကောင်၊ ခုနစ်ကောင်ခန့်ရှိသည့် မြင်းဇောင်းတစ်ခု။ မြင်းဇောင်းကို ကွေ့ပတ်၍ အိမ်ကြီးထဲ ဝင်လိုက်သည်။

အိမ်ခန်းထဲမှာ အောက်လင်းဓာတ်မီးတို့ ထိန်လင်းနေသည်။ ဆိုဖာခုထားသည့် မဟော်ဂနီရောင် ကျွန်းသားဆက်တီခုံကြီးများ။ ဆက်တီကုလားထိုင်တစ်လုံး၌ ကျွန်



www.burmeseclassic

www.burmeseclassic.com

တော် ထိုင်ချလိုက်သည်။ လက်တန်းတစ်ဖက်တစ်ချက်တွင် ကျားခေါင်းပန်းပုရုပ် ထွင်းထားသည်။ နှစ်ယောက်ထိုင် ကုလားထိုင်တစ်လုံး၊ တစ်ယောက်ထိုင် ကုလားထိုင်လေးလုံး။ အလယ်တွင် ကနုတ်အမျိုးမျိုး ပုံဖော်ထားသော ကျွန်းစားပွဲရှည်တစ်ခု။

ရှေ့မျက်နှာစာနံရံတွင် ရွှေရောင်အနားကွပ်ထားသော ပန်းချီကားကြီးတစ်ချပ် ချိတ်ဆွဲထားသည်။ သျှောင်တစောင်းကို ခေါင်းပေါင်းလျက် သိုရင်းအင်္ကျီရှည်၊ ပိုးထည်ပုဆိုး ဝတ်ဆင်ထားသူ တစ်ယောက်၏ ပုံတူပန်းချီကား။ အရပ်မြင့်မြင့်၊ ကိုယ်ဟန်ထွားထွား ကော့ပျံမည်းနက်နေသော နှုတ်ခမ်းမွေးထူထူကြီးက ထိုသူကြီးကို ခံ့ညားထည်ဝါစေသည်။

'ကိုရင်ရေ..ဟောဒီမှာ ဘလူးလေဘယ်နဲ့ ချီးဗက်ဗျ။ နှစ်သက်ရာ သုံးဆောင်ပေတော့'

လူဝကြီး၏ အသံသြသြကြီး။ ဖျတ်ခနဲပြန်ထွက်သွားသည်။ နောက်တစ်ခေါက် ရောက်လာတော့ ရေတကောင်းတစ်ခု။ ကြေးခွက်နှစ်ခွက်၊ ကြက်ကြော်ပန်းကန်၊ အမဲနှပ်တစ်အိုး၊ နာနတ်သီးတစ်ပွဲ၊ ဆင်စွယ်ငှက်ပျောသီးတစ်ဖီး။

ပန်းချီကားထဲက ခံ့ညားထည်ဝါသော လူကြီး၏ ပုံပန်းသဏ္ဌာန်နှင့် လူဝကြီးက ကွာခြားလွန်းသည်။ အသားမည်းမည်း ကတုံးပြောင်ပြောင် ခန္ဓာကိုယ်ဝဝဖိုင့်ဖိုင့် မျက်ခုံးမွေးထူထူ နှစ်ကြောင်းက တစ်တန်းတည်းလို ဆက်နေသည်။ မျက်လုံးအိမ်ကကြီးကြီး၊ မျက်တောင်မွေးငုတ်စိကမျက်တောင်ခတ်သည်မရှိ။ နှာခေါင်းက ကြီးသည်။ တိုသည်၊ လန်သည်။ ဝက်တစ်ကောင်၏ နှာခေါင်းတပ်ထားသလား အောက်မေ့ရသည်။ နှုတ်ခမ်းသားထူထူပြဲပြဲ ပါးစပ်ကြီးကလည်း သူ့အားရပါးရ ရယ်မောလိုက်သည့်အခါ အတော်ကြောက်စရာကောင်းလှ၏။

မတ်တတ်ရပ်၍ ပန်းချီကားရှေ့ မျက်စိမခွာသော ကျွန်တော့်အား လူဝကြီးက-

'ပန်းချီကားထဲက ကျုပ်ခမည်းတော်ကို ကြည့်ပြီး ကျုပ်ကို ကိုရင် သံသယဖြစ်နေပုံရတယ်။ ဆွေတော်မျိုးတော်အားလုံးမှာ ကျုပ်က ရုပ်အဆိုးဆုံးဗျ။ အဲ..ရုပ်ချောတဲ့သူတွေအားလုံး သေကုန်ပြီ။ ရုပ်ဆိုးတဲ့ ကျုပ်တစ်ယောက်ပဲ ကျန်တော့တယ်။ ဟား..ဟား..ဟား'

ရယ်မောပြန်သည်။ ကျွန်တော် မသတီသော ရယ်သံနက်နက်ကြီး။ လူဝကြီးနှင့် မျက်နှာချင်းဆိုင်ထိုင်၍ ဘလူးလေဘယ်ပုလင်းကို ဖွင့်လိုက်သည်။ ကြေးဖလားခွက်ငယ်ထဲ စီးကျလာသော အရည်ကိုကြည့်၍ ကျွန်တော့်ဘယ်ဘက်နှလုံးက တဒိတ်ဒိတ်ခုန်နေသည်။ ကျွန်တော်နှစ်သက်လှသော ဒီအမှတ်တံဆိပ်ကို မသောက်ဖြစ်ခဲ့သည်မှာ တစ်နှစ်နီးပါးရှိလေပြီ။ လူဝကြီးက ရေတကောင်းထဲက ရေအနည်းငယ်ကို ခွက်ထဲ ဖြည့်ပေးသည်။

'စပ်စုတယ်လို့တော့မထင်နဲ့ ကိုရင်။ စပ်စုတာကို ကျုပ်လည်း သိပ်မုန်းတာပဲ။ ကိုရင့်ဝတ်စားပုံက ရွာသားပုံပေါက်နေပေမယ့် ကိုရင့်ပုံသဏ္ဌာန်က ဒီအနီးတစ်ဝိုက်က ရွာသား မဖြစ်နိုင်ဘူး။ ကိုရင့်ပုံက ဖြူဖြူနွဲ့နွဲ့ စကားပြောတာ သိမ်မွေ့လွန်းတယ်။ နောက် ကိုရင့်အပြုအမူက လူကုံထံကြေးရတတ် အသိုင်းအဝိုင်းက လူအတိုင်းပဲ။ ကိုရင် ဖြေချင်မှဖြေပါ။ ဘာကြောင့် ရွာသားတစ်ယောက်လို စုတ်စုတ်ပြတ်ပြတ်ဝတ်ပြီး ဒီလောက်နံစော်နေတဲ့ ချက်အရက်ကို သောက်နေရသတုံး'

ကျွန်တော် ချက်ချင်း မျက်ရည်ဝဲတက်လာသည်။ အရှိက်ကို လက်သီးပြင်းပြင်းဖြင့် ချက်ကောင်းအထိုးခံလိုက်ရသည်။ ထို့အတူ ကြက်သီးဖြန်းဖြန်းထသွားသည်။ ဒီလူဝကြီးကို နာနာဘာဝ တစ်ကောင်အဖြစ် ကျွန်တော် မေ့လျော့ခဲ့မိသည်။ နာနာဘာဝဆိုသည်မှာ မိုင်ပေါင်းမည်မျှပင် ဝေးစေကာမူ သိနိုင်စွမ်းရှိသည်ဟု နာနာဘာဝ ယုံကြည်သူတချို့ထံက ကျွန်တော်ကြားခဲ့ဖူးသည်။ ကျွန်တော် ရဲဆေးထပ်တင်မှဖြစ်မည်။ ထူးဆန်းအံ့သြဖွယ် အိမ်ကြီးတစ်လုံး၏ အခန်းတစ်ခုထဲမှာ နာနာဘာဝတစ်ကောင်နှင့် မိုးအလင်း နှစ်ယောက်တည်း။ ဘယ်လောက်များ ချောက်ချားတုန်လှုပ်စရာ အခြေအနေပါလဲ။

ကြေးဖလားခွက်ထဲကအရည်ကို တစ်ချက်တည်း မော့ချလိုက်ရာ ရုတ်တရက် အသက်ရှူမှားလောက်အောင် သီးသွားသည်။

'ခွက်ထဲမှာ အရက်တွေချည်းပဲလေ။ ရေလေးနည်းနည်းရောမှပေါ့'

ကျွန်တော့်ခွက်ထဲ ရေထည့်ပေးရင်း ထိုလူဝကြီးက အမဲသားအိုးထဲက အမဲသားတစ်တုံးကို ကြေးဇွန်းကြီးဖြင့် ခပ်ကာ မြိန်ရေရှက်ရေ ဝါးစားနေသည်။ အမဲသားဟင်း


www.burmeseclassic

www.burmeseclassic.com

နံ့ကလည်း သွားရည်ယိုစရာ မွှေးကြိုင်နေသည်။ အမဲသား နှစ်သက်လှသော ကျွန်တော်လည်း ဟန်မဆောင်နိုင်တော့။ ကြေးခွန်းကြီးဖြင့်ခပ်၍ ဟင်းတစ်တုံး မြည်းလိုက်သည်။ အသားမှာ နူးအိပြီး အရသာရှိလိုက်သည့်ဖြစ်ခြင်း။ ဘလူး လေဘယ် တစ်ခွက်သောက်လိုက်၊ အမဲသားတစ်တုံးမြည်း လိုက်နှင့် လူဝကြီးနှင့်ကျွန်တော် နှစ်ယောက်သား ဆက် ရက်မင်းစည်းစိမ် တည်ခင်းနေသည်။

မည်မျှကြာသွားသည်မသိ။ ဘလူးလေဘယ်လည်း တစ်လုံးကုန်ပြီ။ ချီးဇက်လည်း တစ်ဝက်ကျိုး၊ အမဲသား အိုးက ပြောင်သလင်းခါနေသည်။

လူဝကြီးက ကြက်ပေါင်ကြော်ကို ဖဲ့ကာ,ဖဲ့ကာ ကိုက်ဝါးလျက်-

'မကျက်တကျက်ဆိုတာလည်း အစိမ်းပဲလေ။ အမဲ သားအစိမ်းစားတဲ့ ကျုပ်ကျတော့ နာနာဘာဝတဲ့။ အမဲ သားမကျက်တကျက်စားတဲ့ ကိုရင်ကျတော့ နာနာဘာဝ တစ်ပိုင်း လူတစ်ပိုင်းပေါ့။ မဟုတ်ဘူးလား။ ဟား.. ဟား..ဟား'

လူဝကြီးက တဟားဟားရယ်တော့ ကျွန်တော်လည်း လိုက်ရယ်နေမိသည်။ လူဝကြီးက ငှက်ပျောသီးတစ်လုံးကို အခွံနွှာပြီး တစ်ချက်ကိုက်လိုက်သောအခါ ငှက်ပျောသီး တစ်လုံးလုံး ပါးစပ်ထဲ ရောက်သွားသည်။ အင်းလေ.. နှုတ်ခမ်းထူအမ်းအမ်းကြီး နှစ်ခုကြားက ပါးစပ်ပေါက် ကြီးက အဆမတန် ကြီးမားလှသည်ကိုး။

'ကဲ..ကဲ..နာနာဘာဝအစစ်ကြီးနဲ့ နာနာဘာဝ နှစ် ပိုင်းတစ်ပိုင်းတို့ မိတ်ဆွေရင်းချာကြီးတွေ ဖြစ်သွားပြီ။ ဒါက ကျုပ်တို့ ကျတ်ကုန်းဒေသကြီးကို ရဲဝံ့စွန့်စားစွာ လိုက်လာတဲ့ ကိုရင့်အတွက် ဆုလာဘ်။ ခွေးချေးခြောက် တွေ ဖြစ်,မဖြစ်ဆိုတာတော့ ကျုပ်နဲ့ ကိုရင့်ကံပေါ့။ ကိုရင် သောက်ချင်ဆက်သောက်၊ နားချင်လည်းနား၊ ကိုရင် ကြိုက်တာလုပ်။ ကျုပ်က ဟိုဘေးခန်းမှာ လုပ်စရာရှိသေး လို့'

ကျွန်တော့်လက်ထဲ ရှမ်းလွယ်အိတ်ကြီး ထည့်ပေး သည်။ ယခုအခြေအနေတွင် ကျွန်တော်တွေးတောမိတာ တစ်ခုရှိသည်။ ထိုလူကြီး ရက်ရက်ရောရော ပေးအပ်လိုက် သော ရှမ်းလွယ်အိတ် တစ်လုံးနှင့်အပြည့် ရွှေမန်ကျည်း သီးတောင့်တွေဖြစ်မလား။ သေချာသည်ကား ကျွန်တော် သည် အရှုံးမရှိသော လောင်းကစားပွဲတစ်ခုကို ထိုးသား တစ်ယောက်အဖြစ် ကံထူးစွာ ပါဝင်ဆင်နွှဲခွင့် ရရှိခဲ့ခြင်း ပင်ဖြစ်သည်။

(၃)

အိပ်ရာကနိုး၍ မျက်လုံးနှစ်လုံး ပွင့်ပွင့်ချင်း ပထမဦး ဆုံး သတိရမိသည့်အရာက ထိုလူဝကြီး ပေးခဲ့သော ရှမ်း လွယ်အိတ်ကြီးကို စိုးရိမ်ပူပန်စွာဖြင့် ရင်ခုန်သံမြန်စွာ ကြည့်မိတော့ ရွှေမန်ကျည်းသီးတောင့် အစစ်တွေမှ အစစ်။ တဝင်းဝင်း တလက်လက်။ ကျွန်တော် အောင့်မထားနိုင် တော့။ ကျယ်လောင်စွာ အသံထွက်၍ အော်ဟစ်ရယ်မော လိုက်မိသည်။

ထိုအချိန်တွင် အခန်းတွင်းသို့ လူတစ်စုဝင်လာပြီး ကျွန်တော့်ကို ဝိုင်းထားလိုက်သည်။ အနက်ရောင်ဖဲအင်္ကျီ ဝတ်ဆင်ထားသည့် နှုတ်ခမ်းမွှေးထူထူကော့ကော့နှင့် အသက်(၆၀)ဝန်းကျင် ပုဂ္ဂိုလ်တစ်ယောက်က ညက ကျွန် တော်ကြည့်ခဲ့သည့် ပန်းချီကားချပ်ကြီးထဲက ထွက်လာ သလား အောက်မေ့ရသည်။ ကျွန်တော့်ကို လက်ညှိုးထိုး၍ ဒီလူပဲ၊ ဒီလူပဲဟုဆိုသည်။ ရဲကြပ်ကြီးတစ်ယောက်က ပြေးထွက်လာပြီး ကျွန်တော့်ကို လျှင်မြန်စွာ လက်ထိတ် ခတ်လိုက်သည်။ ရဲအရာရှိက ရည်မွန်စွာ ရှင်းပြသည်။

'ကဲ..ကိုလှသောင်း၊ ခင်ဗျား အတွက်ကတော့ ဆွမ်းခံရင်း





www.burmeseclassic

www.burmeseclassic.com

ငှက်သင့်တယ် ပြောမလား။ ကျွန်တော်တို့အတွက်ကတော့ သားရွှေအိုးထမ်းတာ မြင်ရကိန်းပါပဲ။ ဒီအိမ်ရှင် ဦးအိုက်ခမ်းက ကျွန်တော်တို့ဆီမှာ အမှုလာဖွင့်တယ်။ သူ ခရီးသွားပြီး ပြန်ရောက်ရောက်ချင်းပဲ တစ်အိမ်လုံး မီးတွေလင်းထိန်နေလို့ မသင်္ကာတာနဲ့ လှျို့ဝှက်တံခါးက ဝင်အကြည့် အရက်တွေမူးပြီး ခင်ဗျားက အိပ်မောကျနေသတဲ့။ ခင်ဗျားရင်ဘတ်ပေါ်မှာလည်း သူ့တို့ဘိုးစဉ်ဘောင်ဆက် စုဆောင်းထားတဲ့ ရွှေမန်ကျည်းသီးတောင့်တွေ လွယ်အိတ်တစ်လုံး အပြည့်တဲ့။ မြေတိုက်ခန်းထဲ ဝင်စစ်ဆေးကြည့်တော့ သေတ္တာသုံးလုံးနဲ့ထည့်ထားတဲ့ ရတနာပစ္စည်းတွေ ဘာတစ်ခုမှ မရှိတော့ဘူးတဲ့။ ကျွန်တော်တို့လည်း ဒီရောက်မှ ခင်ဗျားမှန်းသိတော့တယ်။ ရန်ကုန်မှာ ခင်ဗျားကျူးလွန်ခဲ့တဲ့ ခင်ဗျားဇနီးကိုသတ်မှု၊ ငွေအလွဲသုံးစားလုပ်မှု၊ လိမ်လည်မှုတွေအတွက် တရားခံပြေး ခင်ဗျားရဲ့ဓာတ်ပုံ ကျွန်တော်တို့ ရဲစခန်းမှာ ရောက်နေတာတော့ နည်းနည်းကြာ သွားပြီ။ ခင်ဗျားရဲ့အမှုဟောင်း၊ အမှုသစ်တွေအတွက် ခင်ဗျားကိုယ်တိုင်ရှင်းဖို့ အချိန်တန်ပြီလေ'

ကျွန်တော် ထိုလူအုပ်ကြီးကိုကျော်၍ တစ်စုံတစ်ယောက်ကို အလျင်အမြန် ရှာဖွေနေမိသည်။

'ဟိုလူကြီးရော..ဟိုလူကြီးရော'

ကျွန်တော့်ကို ဘေးတစ်ဖက်တစ်ချက်စီ ညှပ်ထားသော ရဲကြပ်ကြီးနှစ်ဦးအနက် တစ်ဦးက-

'ခင်ဗျားအမှုတွဲ နောက်တစ်ယောက် ရှိသေးလား။ အဲဒီလူ ဘယ်မှာလဲ' ဟု မေးသည်။

ကျွန်တော်တို့ အိမ်ပြင်ထွက်လိုက်ကြတော့ ကျွန်တော့်ကို တစ်စုံတစ်ဦးက စိုက်ကြည့်နေသလို ခံစားရသည်။ ကျွန်တော့်ကို ဝိုင်းအုံကြည့်နေသူ လူအုပ်ကြီးထဲမှ မျက်တောင်မခတ်သူတစ်ဦးကို သတိထားမိပါသည်။ နောက်တစ်ခါ ထပ်ကြည့်တော့ မတွေ့ရတော့။ ထိုလူကြီးသည် လူလော၊ နာနာဘာဝလော။

နာနာဘာဝဆိုပါက ရိုးဒေဒဏ္ဍာရီ အစဉ်အလာကို ဖောက်ဖျက်ကျူးလွန်လိုက်သော ထိုလူကြီးကို အော့နှလုံးနာစွာ ကျွန်တော် တစ်တစ်ခွခွ ဆဲပစ်လိုက်ချင်သည်။

**တေဇအောင်**




စိတ်မနောအာရုံ အကြားအမြင် လက္ခဏာ

ဆရာမကြီး ဒေါ်အေးမိုးမိုး၏သမီး

ဆရာမထက်ဦးခိုင် သိပ္ပံလက္ခဏာ ဗေဒပညာ

(၇)ရက်သားသမီးအပေါင်းတို့မှာ ဖြစ်ပေါ်တတ်သည့် ပညာရေး၊ စီးပွားရေး၊ အချစ်ရေးနှင့် အိမ်ထောင်ရေး၊ အမည်ပေးခြင်း၊ ကလေးအမည်ပေးခြင်း၊ ဆိုင်အမည်ပေးခြင်း၊ အိမ်၊ ခြံ၊ ကား၊ တိုက်ခန်း၊ မြေကွက်၊ ရောင်းရန်၊ ဝယ်ရန်နှင့် ရာထူးတိုးရန်အတွက် ပြောင်းရွှေ့မင်္ဂလာရက် ရွေးခြင်းနှင့် အခြားသောကိစ္စအဝဝ အားလုံးတို့ကိုပါ ဆရာမက မေတ္တာ၊ စေတနာ ရှေ့ထားပြီး "အထူး" စီစဉ် ဆောင်ရွက်ကူညီပေးနေပါသည်ရှင်..

အားလုံးသောသူအပေါင်း ကိုယ်ရော စိတ်ပါ ကျန်းမာပြီး ချမ်းသာကြပါစေ...

မဟာဝိဇယဘုရား အနောက်ဘက်မုခ်၊ လိပ်ကန်အနီး၊ ဆိုင်ခန်းအမှတ်(၂)၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။ Ph : 09 253 361 368




www.burmeseclassic

www.burmeseclassic.com




# ပါတီယူနိုက်တစ်ရွာ ရှင်တွေးအောက်



လောကကြီးသည် တစ်ခါတစ်ရံ အိပ်ပျော်နေတတ်သကဲ့သို့ တစ်ခါတစ်ရံ၌မူ လှုပ်လှုပ်ရှားရှား နိုးကြားနေသကဲ့သို့ ရှိမည်ထင်သည်။ လောကကြီးကို ဂရုမစိုက်လျှင် လောကကြီးသည် ငြိမ်၍နေခြင်းမှာ သဘာဝကျ၏။ လူတို့ ဂရုစိုက်လျှင် လောကကြီး လှုပ်ရှားသက်ဝင်လာ၏၊ နိုးကြားလာ၏။

လောကကြီးဟု သုံးနှုန်းရခြင်းမှာ ကမ္ဘာတစ်ခုဟု ဆိုချင်ပြောချင်သောကြောင့် ဖြစ်လေသည်။ လူတို့သည် လောကကြီး၌ နေတတ်သလို နေတတ်ကြသကဲ့သို့ တိရစ္ဆာန်တို့သည်လည်း နေတတ်သလို နေထိုင်တတ်ကြလေ၏။ သို့သော် ဤလောကကြီးအတွင်း၌ ကျွန်ုပ်တို့ မသိသော၊ မတွေ့သော၊ မမြင်သော သတ္တဝါအချို့လည်း အမှန်ပင် ရှိပေသေး၏။ ယင်းသတ္တဝါတို့ကား ဝိညာဉ်များ ဖြစ်ကြလေသည်။

ကျွန်ုပ်သည် ဝိညာဉ်အကြောင်းနှင့်ပတ်သက်၍ ရုပ်ရှင်များ၊ ဝတ္ထုများတို့တွင် များစွာဖတ်ရှုခဲ့ဖူးပေ၏။ ဤကား စာတွေ့ဖြစ်၍ ငါတွေ့ကား မဟုတ်ပေ။





www.burmeseclassic

www.burmeseclassic.com

ဤနေရာ၌ ငါတွေ့တစ်ခုဖြစ်သော ဝိညာဉ်အကြောင်း တစ်ခုကို ရေးသားဖော်ပြချင်ပေ၏။

အဖြစ်အပျက်တစ်ခုက လွန်စွာကြာခဲ့ပြီ ဖြစ်လေ သည်။ (၁၉၄၈-၄၉)ခုနှစ်က အဖြစ်အပျက် ကိုယ်တွေ့ တစ်ခုဖြစ်သည်။

ထိုစဉ်က ကျွန်ုပ်သည် တောင်ဥက္ကလာပ၊ (၈)ရပ် ကွက် (ဗဟိုဈေးရပ်ကွက်)၌ နေထိုင်ခဲ့လေ၏။

ဗဟိုဈေးထိပ် သစ္စာလမ်းထိပ်ဘေးတွင် မြန်မာ့ဆို ရှယ်လစ်လမ်းစဉ်ပါတီ၏ ပါတီခွဲအသေးစားလေး တစ်ခု ရှိလေ၏။ ၎င်းအသေးစား အဆောက်အအုံလေးတွင် ပါတီ ယူနစ်(၃)ဟူ၍ ရှိလေ၏။ ထိုစဉ်က လူကြီးတွေ သိပါလိမ့် မည်။

တောင်ဥက္ကလာပမြို့နယ်တွင် ပါတီယူနစ် လေးခုရှိ လေသည်။ ပါတီယူနစ်(၁)၊ ပါတီယူနစ်(၂)နှင့် ပါတီယူ နစ်(၃)၊ (၄)ဟူ၍ ဖြစ်လေ၏။

ပါတီယူနစ်(၃)က တစ္ဆေအကြောင်းကို ပြောပြ ဖော် ပြလို၍ ယခုကဲ့သို့ နိဒါန်းပျိုးနေခြင်း ဖြစ်လေ၏။

ယခု ပါတီယူနစ်(၃)က တစ္ဆေအကြောင်းကို ကျွန်ုပ် ဖော်ပြပါတော့မည်။

ကျွန်ုပ်တို့၏ ပါတီယူနစ်(၃)က ပါတီယူနစ်ဥက္ကဋ္ဌ ကြီးမှာ ဗိုလ်မှူးလစာ စားနေသော ဗိုလ်ကြီးတစ်ဦး ဖြစ် နေ၏။

ပုဂ္ဂိုလ်ရေးဆန်မှာစိုး၍ ၎င်းဗိုလ်ကြီး၏ အမည်ကို ကျွန်ုပ် မဖော်ပြလိုပေ။ ၎င်းဗိုလ်ကြီး အနားယူသွားသော အခါ ၎င်းဗိုလ်ကြီးကိုယ်စား အခြားအရပ်သားတစ်ယောက် ရောက်လာလေ၏။ ၎င်းပုဂ္ဂိုလ်မှာ လူပျိုကြီးဖြစ်လေ၏။ ထိုယူနစ်၌ ပါတီယူနစ်ဥက္ကဋ္ဌ ဖြစ်လာ၏။ ၎င်းကိုလည်း ပုဂ္ဂိုလ်ရေးဆန်မှာစိုး၍ အမည်မဖော်ပြတော့ပါ။ ကျွန်ုပ် တို့၏ ယူနစ်ပါတီ အတွင်းရေးမှူးမှာလည်း အရပ်သား တစ်ဦးပင်ဖြစ်လေ၏။ ၎င်းကိုလည်း အမည်မဖော်ပြလို ပေ။ ၎င်းဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့သည် ဘွဲ့ရ ခေတ် ပညာတတ်များ ဖြစ်ကြလေ၏။ ယူနစ်ဥက္ကဋ္ဌ လုပ်သူမှာ ရုပ်ဝါဒခပ်ဆင်ဆင်ဖြစ်၍ အတွင်းရေးမှူးမှာမူကား ဘာ သာရေးသမား၊ ပုတီးသမားဖြစ်၍ စိတ်ဝါဒသမားဟု ကျွန်ုပ်တို့ ဝန်ထမ်းများက နားလည်ထားကြလေ၏။

ကျွန်ုပ်သည် ပါတီစာရေးတစ်ယောက် ဖြစ်သကဲ့သို့ အခြားပါတီစာရေး နှစ်ဦးလည်း ရှိလေ၏။ တစ်ဦးမှာ အငြိမ်းစားတပ်ကြပ်ကြီး စာရေးမတစ်ယောက်ဖြစ်လေ၏။ နောက်တစ်ယောက်စာရေးမှာ ကျွန်ုပ်ထက် အသက်(၂) နှစ်ခန့်ငယ်သော စာရေးတစ်ယောက် ဖြစ်လေ၏။

တစ်နေ့သ၌ ပါတီရေးရာမှူး ဦးပါစိန်သည် ၎င်း ၏ ကိုယ်ရေးကိုယ်တာ ကိစ္စတစ်ခုဖြင့် အညာသို့ သွား လေ၏။ (၃)ရက်ခန့်ကြာသောအခါ ပြန်ရောက်လာလေ ၏။ ပါတီဥက္ကဋ္ဌအား ၎င်းပြန်ရောက်ကြောင်း သတင်း ပို့၍ ပါတီယူနစ်မှ ဝန်ထမ်းအားလုံး စားသုံးနိုင်ရန် ငါး ခြောက်တွဲကြီး ဝယ်လာလေ၏။ အခြားမုန့်များလည်း ဝယ်လာကာ ကျွန်ုပ်တို့ ဝန်ထမ်းအားလုံးအား ဝေမျှကျွေး မွေးလေ၏။

မောင်တိုးဆိုသော ပါတီစာရေးလေးသည် လက် ဆောင်ရသော ငါးခြောက်တွဲ လေးငါးတွဲကို မီးဖိုဆောင် တွင်မထားဘဲ ၎င်း၏ ခုံခုတင်ခေါင်းရင်း တန်းပေါ်တွင် ချိတ်ဆွဲထားလေ၏။ မီးဖိုချောင်၌ထားလျှင် ငါးခြောက် များကို အရပ်ထဲက ကြောင်များ၊ ကြွက်များ ခိုးစားမှာ စိုးရိမ်သောကြောင့်ဖြစ်သည်ဟု ပါတီစာရေးလေး မောင် တိုးက ပြောလေ၏။

ပါတီရေးရာမှူး ဦးပါစိန် ရောက်လာပြီး နှစ်ရက်ခန့် အကြာတွင် မောင်တိုးသည် ကင်းစောင့်တာဝန်ကျလေ ၏။ ပါတီယူနစ်တွင် ပါတီအကြပ်ကေဒါ (၃)ယောက်ရှိ လေသည်။ ၎င်းတို့သည် လက်ရှိတပ်မတော်ဝန်ထမ်း တပ် ကြပ်ကြီးများ ဖြစ်လေ၏။ အရပ်သားဝန်ထမ်းများသည် အကြပ်ကေဒါများနှင့်တွဲ၍ ညစဉ် နှစ်ယောက် ကင်းစောင့် တာဝန်ကျလေ၏။ ပါတီယူနစ်၌ တစ်ညလုံး နေရလေ၏။ မနက်မှ တာဝန်ပြီးဆုံးလေ၏။ ပါတီယူနစ်စာရေးမ တစ် ယောက်သာ မိန်းကလေးဖြစ်၍ ကင်းမစောင့်ရပေ။ ကျန် အရပ်သားစာရေးများ တစ်ယောက်စီ ကင်းစောင့်တာဝန် ယူရ၏။ အကြပ်တစ်ယောက် စာရေးတစ်ယောက်ဟူ၍ ဖြစ်လေ၏။

ထိုညက စာရေးမောင်တိုး ကင်းတာဝန်ကျစဉ် ခေါင်း ရင်းတန်းပေါ်က ငါးခြောက်တွဲသည် ရုတ်တရက် လူတစ် ယောက်က ဖြုတ်ယူလိုက်သလို ဖြုတ်ခနဲ ကြမ်းပေါ်သို့ ပြုတ်ကျသွားလေ၏။ ထိုစဉ်က ကျွန်ုပ်သည် ဗဟိုဈေးရပ် ကွက်တွင်နေ၍ အိမ်နှင့် ပါတီယူနစ်မှာ သံခြိစည်းရိုးကာ



www.burmeseclassic

www.burmeseclassic.com

ထား၍ အကျော်အခွခက်သော်လည်း ပတ်၍လာလျှင် ပါတီယူနစ်သို့ ခြေလှမ်း(၅၀)လောက်နှင့် ရောက်နိုင်သော အကွာအဝေးဖြစ်လေသည်။ ထို့ကြောင့် ကျွန်ုပ်သည် ပါတီယူနစ်၌ အနေများ၍ ညအိပ်ခါနီး ဆယ်နာရီ၊ ဆယ့်တစ်နာရီလောက်ကြာမှ အိမ်သို့ ပြန်လေ့ပြန်ထရှိလေ၏။

ထိုနေ့က တိုက်တိုက်ဆိုင်ဆိုင် ပါတီယူနစ် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့လည်း ရှိနေကြ၏။

သူတို့နှစ်ဦးသည် နိုင်ငံရေးနှင့်ပတ်သက်သော အယူဝါဒရေးရာများ ဆွေးနွေးနေကြခြင်းဖြစ်၏။ ထိုအချိန်၌ ကျွန်ုပ်က ကဗျာတစ်ပုဒ် ရှေ့သို့စာစောင်သို့ပို့ရန် ရေးသားနေချိန် ဖြစ်လေ၏။

ထိုအချိန်မှာ စောစောက ကျွန်ုပ်ဖော်ပြခဲ့သည့်အတိုင်းပင် ငါးခြောက်တွဲများ ပြုတ်ကျလာသည်။ မောင်တိုးသည် လန့်ပြီး ထအော်ကာ ခုံနှစ်ခုစပ် ခုတင်ပေါ်မှ ခုန်ချလိုက်လေ၏။ အားဟူသော မောင်တိုး၏ အော်သံနှင့် ဂုန်းဟူသော မောင်တိုး၏ ခုန်ချလိုက်သော အသံများကြောင့် ငြင်းခုံနေကြသော ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ အငြင်းအခုံတွေ ရပ်စဲပြီး မောင်တိုးကို လှမ်း၍ကြည့်လိုက်ကြလေ၏။ ကျွန်ုပ်လည်း မောင်တိုးကို ကြည့်လေ၏။

'မောင်တိုး ဘာဖြစ်တာလဲ'

ဟု ဥက္ကဋ္ဌက မေးလိုက်ရာ မောင်တိုးက-

'ငါးခြောက်တွဲကို ဘယ်သူလာဆွဲချသွားသလဲ မသိဘူး။ တိုင်ပေါ်က သံချိတ်မှာ သေသေချာချာ ကျွန်တော်ကိုယ်တိုင် ဆွဲချိတ်ထားခဲ့တာဆရာ'ဟု ပြန်၍ဖြေကြားလိုက်လေ၏။

'မောင်ထွေးလည်း မင်းဆီ မလာဘူး။ ငါတို့ နှစ်ယောက်ကလည်း နိုင်ငံရေးကိစ္စ ဆွေးနွေးနေကြတာ။ ငါးခြောက်တွဲအနားမှာ မင်းပဲရှိတာ။ မင်း ဆွဲမချလို့ ဘယ်သူက လာဆွဲချမှာလဲကွ'ဟု ပါတီယူနစ်ဥက္ကဋ္ဌက ပြောလေ၏။

အတွင်းရေးမှူးကမူ ဘာတစ်ခုမှ ဝင်မပြောဘဲ တစ်နေရာသို့ အာရုံစူးစိုက်ကြည့်ကာ ပါးစပ်တလှုပ်လှုပ်ဖြင့် ဂါထာ (သို့မဟုတ်) မန္တန်တစ်ခုကို ရွတ်ဆိုနေပုံရလေ၏။

ယင်းကဲ့သို့ ပါတီယူနစ်ဥက္ကဋ္ဌက သံသယမကင်းသော အကြည့်မျိုးဖြင့် မောင်တိုးကိုစိုက်၍ ကြည့်နေသောကြောင့် မောင်တိုးက-

'ဆရာက ကျွန်တော်လုပ်တယ်လို့ ထင်နေလို့လား။ ကျွန်တော်မလုပ်ဘူး ဆရာ။ သူ့အလိုလိုကျတာ'ဟု ပြော၍ ကြမ်းပေါ်သို့ ပုံကျနေသော ငါးခြောက်တွဲကို လှမ်းကောက်ယူလိုက်ရာ ငါးခြောက်တစ်တွဲလုံး ထစ်တောင်ခန့်ရွေ့၍ လှုပ်သွားသည်ကို အားလုံးပင် မြင်တွေ့လိုက်ရလေ၏။

'ဒါက ဘယ်လိုဖြစ်တာလဲ။ ကြောင်ဆွဲတာလဲမဟုတ်၊ ကြွက်ဆွဲတာလည်း မဟုတ်ဘဲနဲ့ ငါးခြောက်တွဲက ဘာလို့ရွေ့သွားရတာလဲ'ဟု ယူနစ်ဥက္ကဋ္ဌက ငါးခြောက်တွဲကို ကြည့်၍ အံ့ဩစွာ ပြန်၍ပြောလိုက်လေ၏။

ထိုအခါကျမှ ပါတီယူနစ် အတွင်းရေးမှူးသည် ကျွန်ုပ်တို့ဘက်သို့ လှည့်၍-

'ငါးခြောက်တွဲဆွဲတာ မောင်တိုး မဟုတ်ဘူး ဥက္ကဋ္ဌ၊ တစ္ဆေဆွဲတာ'ဟု ရုတ်တရက် ဝင်၍ပြောလိုက်သောကြောင့် ဥက္ကဋ္ဌအပါအဝင် ကျွန်ုပ်တို့မှာ တအံ့တသြဖြင့် ဇဝေဇဝါဖြစ်၍ သွားကြလေတော့၏။

'အတွင်းရေးမှူးကတော့ လုပ်တော့မယ်။ တစ္ဆေက ပါတီယူနစ်ရုံးထဲ ဝင်ရအောင် သူက ပါတီဝင်လည်း မဟုတ်၊ ကလာပ်စည်း ခေါင်းဆောင်လည်းမဟုတ်၊ ပါတီအတွင်းရေးမှူးလည်းမဟုတ်။ ဘယ်လိုလုပ်ပြီး ဝင်လာနိုင်မှာလဲဗျ။ ကျွန်တော့်အထင်တော့ မောင်တိုး အလစ်မှာ ကြောင်ဝင်ဆွဲလို့ ငါးခြောက်တွဲ ပြုတ်ကျတာပဲဖြစ်မယ်'ဟု ပါတီယူနစ်ဥက္ကဋ္ဌက ပြောလေ၏။

ပါတီစကားနှင့် ပြောရလျှင် ရုပ်ဝါဒဆန်သည်ဟု ပြောရမလားတော့မသိ။ ကျွန်ုပ်သည် ယူနစ်ဥက္ကဋ္ဌ၏ စကားကို သိပ်လက်မခံချင်ပေ။ အဘယ်ကြောင့်ဆိုသော် ယူနစ်ရုံးတွင်း၌ ခွေး၊ ကြောင်၊ ကြွက် တစ်ကောင်မှမရှိ။ လာလည်းမလာ။ လာခဲ့လျှင်လည်း ကျွန်ုပ်နှင့် မောင်တိုးတို့က တုတ်နှင့် ရိုက်လွှတ်တတ်သောကြောင့် ခွေး၊ ကြောင်တွေ ယူနစ်တွင်းသို့ မဝင်ရဲကြ။ ကြွက်ကတော့ ကြွက်ထောင်ချောက်နှင့် ဖမ်းဆီးနေရာ နေ့တိုင်းလိုလို၊ ညတိုင်းလိုလိုဖြစ်၍ ကြွက်တွေလည်း မျိုးတုံးသလောက်ပင် ဖြစ်နေပေပြီ။ ဘာအကောင်ဗလောင်မှ မရှိ၊ မတွေ့ရပေ။ ထို့ကြောင့် ကျွန်ုပ်သည် ယူနစ်ဥက္ကဋ္ဌ ပြောတာ မဖြစ်နိုင်မှန်းသိ၍ မယုံကြည်ခြင်း ဖြစ်လေသည်။

'ကိုထွေးက ဒီကိစ္စ ဘယ်လိုမြင်လဲ။ ဘယ်လိုထင်



www.burmeseclassic

www.burmeseclassic.com

လဲ’ဟု ဥက္ကဋ္ဌက မေးလေ၏။

ကျွန်ုပ်က-

‘ဘယ်လိုမှ မမြင်ဖူး၊ ဘယ်လိုမှလည်း မထင်တတ်ဘူး ဆရာ’ဟု ပြန်ဖြေကြားလိုက်လေ၏။

ထိုစဉ်မှာပင် တရှမ်းရှမ်းဖြင့် စတိုခန်းအတွင်းမှ ကြားလိုက်ရလေ၏။ ၎င်းအသံမှာ စက္ကူများကို တစ်စုံတစ်ယောက်က မြန်မြန်ဆန်ဆန်ဖြင့် လှန်လှောကြည့်နေသော စက္ကူလှန်သံမျိုး ဖြစ်လေ၏။

အစောင့်ကျသော အကြပ်ကေဒါမှာမူ ယူနစ်၏အပြင်ဘက် ခုံတန်းရှည်တစ်ခုပေါ်တွင် ထိုင်လျက် ဆေးလိပ်သောက်၍နေလေ၏။

ယူနစ်အပြင်ဘက်မှာ ဆေးလိပ်သောက်နေသော အကြပ်ကေဒါကတစ်ယောက်၊ ကျွန်ုပ်အပါအဝင် ဥက္ကဋ္ဌ အတွင်းရေးမှူးနှင့် မောင်တိုးတို့က ယူနစ်အတွင်းမှာ လေးယောက်၊ တစ်ရုံးလုံးမှ ငါးယောက်တည်းသာ ရှိလေသည်။ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က တော်နေကြာ ပြန်ကြတော့မည့် ပုဂ္ဂိုလ်များဖြစ်သည်။ စကားပြောကောင်းနေကြ၍သာ မပြန်ဖြစ်သေးဘဲ အချိန်ဖြုန်း၍ လေကန်လေမှန်နေသောကြောင့် လေယာဉ်စီးနေကြခြင်းဖြစ်သည်။

ကျွန်ုပ်တို့အားလုံး ခေတ္တငြိမ်၍နေကြစဉ် အပြင်မှာ အစောင့်ကျသော အကြပ်ကေဒါကြီးက ဆေးလိပ်ခဲပြီး ယူနစ်အတွင်းသို့ ဝင်ရောက်လာပြီး-

‘ဆရာတို့ မပြန်ကြသေးဘူးလား။ သိပ်မိုးချုပ်နေပြီ’

ဟု ပြောလိုက်ရာ ကျွန်ုပ်က-

‘ဒီမှာ ကိုယ်ပျောက်သူခိုး ငါးခြောက်ဝင်ဆွဲလို့ မောင်တိုးကို ဆရာတို့ စစ်ကြောမေးမြန်းနေတာ။ အပြင်က ဘယ်သူဝင်လာသေးလဲ ဆရာ’

ဟု ကျွန်ုပ်က မေးလိုက်ရာ-

‘ဘယ်သူမှ မဝင်ပါဘူး။ လာတာလည်း မမြင်ဘူး။ ကျွန်တော် အပြင်မှာရှိနေတာပဲ’ဟု အကြပ်ကြီးက ဖြေကြားပြောဆိုရင်း ကျွန်ုပ်၏ ကိုယ်ပျောက်သူခိုးကို စိတ်ဝင်စားသွားပုံရလေ၏။

ပြန်၍ မေးခွန်းထုတ်ရန် ပါးစပ်ပြင်နေစဉ်မှာပင် အတွင်းရေးမှူးက အရင်ဦးစွာ-

‘ဒီကိစ္စက ကိုယ်ပျောက်သခိုးလက်ချက် မဟုတ်ဘူး။ ကိုယ်ပျောက်တစ္ဆေတစ်ကောင်ရဲ့ လက်ချက်ဆိုတာ ကျွန်တော်သိတယ်။ ကျွန်တော့်အာရုံထဲမှာလည်း မြင်တယ်’ဟု ဖြတ်၍ပြောလိုက်သောကြောင့် အကြပ်ကေဒါကြီး ပြောမည့် မေးမည့် စကားမှာ မမေးဖြစ်တော့ဘဲ ဗိုက်ထဲ ပြန်ဝင်ကာ အရည်ပျော်၍ သွားလေတော့၏။

‘ဆရာက တစ္ဆေလို့ ဘယ်လိုလုပ်ပြီး အတပ်ပြောနိုင်တာလဲ’ဟု ပါတီယူနစ်ဥက္ကဋ္ဌက ယူနစ်အတွင်းရေးမှူးကို မေးလိုက်လေ၏။

‘အဲဒီအကြောင်းအရာမျိုးက အကောင်အထည်သဘောမျိုးနဲ့ လက်ဆုပ်လက်ကိုင် ခေါ်ပြလို့မရဘူးဆရာ။ တစ်ခုတော့ရှိတယ်၊ ခေါ်ပြလို့ မရပေမယ့် သွင်းပြလို့တော့ရတယ်’ဟု အတွင်းရေးမှူးက ပြောလိုက်ရာ ဥက္ကဋ္ဌကြီးနှင့်တကွ ကျွန်ုပ်အပါအဝင်အားလုံး အတွင်းရေးမှူးကြီး၏ စကားအပေါ် စိတ်ဝင်စား၍ သွားကြလေတော့၏။

‘ဆရာက ဘယ်လိုသွင်းပြမှာလဲ’

ဟု ဥက္ကဋ္ဌကြီးက မေးလိုက်ရာ အတွင်းရေးမှူးက-

‘တစ်ယောက်ယောက်ကို ဝင်ပူးခိုင်းရင် အဲဒီဝင်ပူးတဲ့ ပုဂ္ဂိုလ်က ဘာလဲဆိုတာ သိနိုင်တယ်’ဟု အတွင်းရေးမှူးက ပြောလေ၏။

‘ဘယ်သူ့ကို ဝင်ပူးခိုင်းမှာလဲ။ ဆရာလုပ်တတ်လား’ ဟု ဥက္ကဋ္ဌက မေးလေ၏။

ထိုအခါ အတွင်းရေးမှူးက ‘ဝိဇ္ဇာအတတ်ပညာတွေပဲ လုပ်လို့ရပါတယ်’ဟု ပြောလေ၏။

ကျွန်ုပ်သည် အတွင်းရေးမှူး အာမခံပြောဆိုနေသော စကားအပေါ် စိတ်ဝင်စားမိလေ၏။ ထို့အပြင် နိုင်ငံရေးသမားဖြစ်သော အတွင်းရေးမှူး၏ ဝိဇ္ဇာပညာရပ်ကိုလည်း အမှန်ပင် စိတ်ဝင်စားမိပြန်လေ၏။ ဥက္ကဋ္ဌကြီးကတော့ အတွင်းရေးမှူးဖြစ်သူကို လုံးအဝယုံအကြည်ရှိပုံမရပေ။ ၎င်း၏ စိတ်ထဲတွင် နိုင်ငံရေးလုပ်နေသူနှင့် တစ္ဆေသရဲတို့မှာ ဘာမှမဆိုင်ဟုလည်း သဘောပေါက်ထားပုံရလေ၏။

‘ဒါဆို ဆရာပဲ ဆရာ့ပညာနဲ့ လုပ်ကြည့်။ အတွေ့အကြုံ ဗဟုသုတတစ်ခု ရတာပေါ့ဗျာ’ဟုဆို၍ အတွင်းရေးမှူးကို တာဝန်ပေးလေ၏။

အတွင်းရေးမှူးလည်း ဥက္ကဋ္ဌ တာဝန်ပေး၍ မောင်တိုးကို ‘ဘယ်ပုဂ္ဂိုလ်လဲဆိုတာ မင်းရဲ့ ခန္ဓာကိုယ်ထဲ ခေါ်သွင်းမယ်’ဟု ပြောပြီးလျှင် မောင်တိုး၏ လက်နှစ်ဖက်ကို



www.burmeseclassic

www.burmeseclassic.com

ကိုင်၍ မျက်စိမှိတ်ထားဟု ပြောလေ၏။

မောင်တိုးလည်း ဘုမသိဘမသိဖြင့် မျက်စိကို ပိတ်ထားလိုက်လေ၏။ မောင်တိုးဆိုသော ပါတီစာရေးလေးမှာ နယ်တစ်ခုမှရောက်လာပြီး ကျွန်ုပ် တာဝန်ထမ်းဆောင်နေသော ပါတီယူနစ်သို့ ရောက်လာသူဖြစ်၏။ ရောက်သည်မှာလည်း သိပ်မကြာလှသေးပေ။ (၆)လပင် မရှိတတ်သော ကျွန်ုပ်က ယခုလက်ရှိ ပါတီယူနစ်(၃)တွင် နှစ်နှစ်ကျော် သုံးနှစ်နီးပါးခန့် တာဝန်ထမ်းဆောင်နေသူဖြစ်လေ၏။

အတွင်းရေးမှူးသည် မောင်တိုး၏ လက်နှစ်ဖက်ကို ကိုင်၍ ပါးစပ်ကလည်း တစ်စုံတစ်ခုကို မန်းမှုတ်နေသကဲ့သို့ အသံမထွက်ဘဲ ရွတ်ဆိုနေလေ၏။ ပါတီယူနစ်ဥက္ကဋ္ဌလည်း စိတ်ဝင်စားစွာဖြင့် အကဲခတ်၍ ကြည့်နေလေ၏။ အကြပ်ကေဒါ တပ်ကြပ်ကြီးကလည်း ကျွန်ုပ်၏ဘေးနားတွင်ရပ်၍ မောင်တိုး ဘာဖြစ်လာမည်ကို စိတ်ဝင်စားစွာဖြင့် စိုက်၍ကြည့်နေလေ၏။

ခဏမျှအကြာတွင် မောင်တိုးသည် ဇက်ကြီးကျိုးကျလာပြီး ဟီးဟီးဟဲဟဲအသံဖြင့် ညည်းညူ၍လာလေတော့၏။ ကျွန်ုပ်တို့လည်း တအံ့တသြဖြင့် မောင်တိုး၏ ညည်းညူသံနှင့် အခြေအနေကို အကဲခတ်၍ ကြည့်နေကြလေ၏။ ဥက္ကဋ္ဌကြီးကမူ နာရီတကြည့်ကြည့်ဖြင့် အိမ်ပြန်ချင်စိတ် ပေါ်နေပုံရသော်လည်း မောင်တိုး ဘာပြောမည်ကို စိတ်ဝင်စားစွာ စောင့်ဆိုင်းအကဲခတ်နေပုံလည်း ရလေ၏။

ထိုစဉ်မှာပင် အတွင်းရေးမှူးက မောင်တိုးပခုံးကို ကိုင်၍-

'မင်းဘယ်သူလဲ၊ ငါ့ကို မှန်မှန်ပြော'ဟု လေသံမာမာ အမိန့်သံပါပါဖြင့် မေးလိုက်ရာ တဟီးဟီးတဟဲဟဲဖြင့် ညည်းညူနေသော မောင်တိုးသည် အတွင်းရေးမှူးအား မကျေနပ်သည့်ဟန်ဖြင့် မော့ကြည့်လိုက်လေ၏။

ထိုသို့မော့၍ ကြည့်လိုက်သောအခါ၌ မောင်တိုး၏ မျက်လုံးတို့မှာ မူလမျက်လုံးထက် အနည်းငယ် ပြူးထွက်နေပြီး မျက်ဝန်းစုံတို့မှာလည်း နီရဲလျက်ရှိလေ၏။

အတွင်းရေးမှူးသည် မောင်တိုးကို ခေါင်းတစ်ချက်ပုတ်ပြီး 'ငါမေးနေတာဖြေလေ။ မင်း ဘယ်သူလဲ၊ ဘာကိစ္စနဲ့ ပါတီယူနစ်ထဲ ဝင်လာတာလဲ'ဟု ဘာကောင်မှန်းမသိသောပုဂ္ဂိုလ် ဝင်ပူးနေသည့် မောင်တိုးကို ဆက်၍မေးပြန်လေ၏။ အပူးခံနေရသော မောင်တိုးသည် နှုတ်ဆိတ်လျက်နေလေ၏။

'ဟိတ်..ငါမေးနေတယ်လေ။ အထက်ပုဂ္ဂိုလ် အာဆရာကြီးတွေကို ခေါ်လိုက်ရမလား။ ရောက်လာရင်တော့ မင်းနာလိမ့်မယ်။ ကဲ..ပြောစမ်းကွာ။ မပြောရင် သက်ဆိုင်ရာပုဂ္ဂိုလ်တွေကို ငါပင့်ခေါ်လိုက်မယ်'

ဟု ပြောလိုက်သည်နှင့် အပူးအကပ်ခံနေရသော မောင်တိုးသည် တဟီးဟီးညည်း၍-

'ကျွန်တော် တစ္ဆေပါခင်ဗျာ။ အစားအသောက် မစားရတာကြာလို့ ဆာဆာနဲ့ အစာစားချင်လို့ ပါတီယူနစ်ထဲဝင်လာပြီး ငါးခြောက်တွဲကို လာဆွဲတာပါ'ဟု တစ္ဆေက အဖြေပေးလေ၏။

ပါတီယူနစ်ဥက္ကဋ္ဌလည်း ရုပ်ရောအသံ ရောပြောင်းနေသော မောင်တိုးကိုကြည့်ပြီး ထိတ်လန့်အံ့သြသွားပုံရလေ၏။

'မင်းက ဘယ်မှာနေတာလဲ'

ဟု အတွင်းရေးမှူးက တစ္ဆေဝင်ပူးကပ်နေသော မောင်တိုးကို မေးလိုက်ရာ ဝင်ပူးကပ်ခံနေရသော မောင်တိုးက-

'ကျွန်တော် သစ္စာလမ်းပေါ်က ဆရာကြီးတို့ ယူနစ်ဘေး ဗာဒံပင်မှာ နေပါတယ်'ဟု အသံသြသြကြီးဖြင့် ပြန်၍ဖြေကြားလေ၏။

'ငါတို့ ယူနစ်ဘေးက ဗာဒံပင်မှာနေတယ် ဟုတ်လား'

ဟု အတွင်းရေးမှူးက ဆက်၍မေးလိုက်လျှင်-

'ဟုတ်ကဲ့ပါ။ အဲဒီမှာ နေပါတယ်'ဟု တစ္ဆေက ပြောလေ၏။

အတွင်းရေးမှူးသည် တစ္ဆေနှင့် အမေးအဖြေများ လုပ်နေရင်း ဥက္ကဋ္ဌဘက်လှည့်၍ ကြည့်လိုက်လေ၏။ ထိုအကြည့်၏သဘောမှာ ဆရာဘယ်လိုမြင်လဲ၊ ဘယ်လိုသဘောထားလဲ။ ယုံကြည်ရဲလားဟူသော အကြည့်မျိုးဖြစ်လေ၏။

'ဆရာမေးကြည့်ပေးပါဦး'ဟု ဥက္ကဋ္ဌကြီးက အတွင်းရေးမှူးကို မေးလိုက်၏။

အတွင်းရေးမှူးလည်း ခေါင်းကို ညိတ်ပြလိုက်လျှင်-

www.burmeseclassic

www.burmeseclassic.com

'ကျွန်တော် ဘာမေးပေးရမလဲဆရာ'

ဟု ပြန်၍ ဥက္ကဋ္ဌကြီးကိုမေးလိုက်ရာ ဥက္ကဋ္ဌကြီးက-

'ဘယ်လိုဖြစ်ပြီး တစ္ဆေဖြစ်နေတာလဲဆိုတဲ့ သူ့အဖြေကို သိချင်လို့ပါ ဆရာ။ မေးလို့ရမလား'ဟု ဥက္ကဋ္ဌက မေးလေ၏။

'ရပါတယ်ဆရာ။ ကျွန်တော်မေးပေးပါ့မယ်'

ဆို၍ တစ္ဆေဝင်ပူးနေသော မောင်တိုးအား-

'မင်း ဘယ်လိုဖြစ်ပြီး တစ္ဆေဘဝကို ရောက်ခဲ့ရတာလဲ။ မင်းဘဝအကြောင်း ငါတို့ကိုပြောပြ။ မလိမ်မညာဘဲ အမှန်အတိုင်းဖြေပြရင် မင်းအတွက် စားရေးနေရေး ဝတ်ရေးကအစ အဆင်ပြေအောင် အထက်ပုဂ္ဂိုလ်တွေကို ငါ လျှောက်ကြားပေးမယ်။ အခုဘဝထက် သာတဲ့နေရာကို မရောက်ချင်ဘူးလား'

ဟု အတွင်းရေးမှူးက မေးလိုက်ရာ မောင်တိုးအား ပူးကပ်နေသော တစ္ဆေက-

'နေချင်တာပေါ့ခင်ဗျာ။ ကျွန်တော် ခုလို ဆင်းဆင်းရဲရဲ စားရမယ့်နေရမယ့်နဲ့ ဗာဒံပင်သေးသေးလေးမှာ ခိုကပ်နေရတာ တော်တော်ပင်ပန်းဆင်းရဲပါတယ်။ ဒီကြားထဲ ဘေးက ဘဝတူ အဆင့်မြင့်တစ္ဆေတွေကလည်း ကျွန်တော့်ကို အမြဲတမ်းအနိုင်ကျင့်ပြီး ကန်ကျောက်တတ်တယ်။ သူတို့တွေ ကျေနပ်အောင် ကျွန်တော့်မှာ တော်တော်ကြီးကြိုးစားပြီး လုပ်ဆောင်ပေးနေရတာလည်း တစ်နှစ်ကျော်နေပြီ။ ဒီလိုမှ မလုပ်ပေးရင် မင်းကို ဗာဒံပင်မှာ မထားဘူး။ နှင်ထုတ်ပစ်မယ်ဆိုလို့ ကျွန်တော့်မှာ အမြဲတမ်း သူတို့အလိုကိုလိုက်ပြီး သူတို့အကြိုက်ကို ဆောင်ပေးနေရတာ ပင်ပန်းလှပါပြီ။ ဆရာကြီးကသာ ကူညီပေးမယ်ဆိုရင် ကျွန်တော့်ဘဝအကြောင်း ကျွန်တော် အမှန်အတိုင်း ပြောပြပါ့မယ်'ဟုဆို၍ ၎င်း၏ဘဝကို အောက်ပါအတိုင်း ပါတီယူနစ် အတွင်းရေးမှူးအား ပြောပြလိုက်လေတော့သတည်း။

အရက်သမား ဘတင်ကို လူအတော်များများက ရွံမုန်းကြလေ၏။ ၎င်းသည် တောင်ဥက္ကလာပ၊ (၁၁)ရပ်ကွက်တွင် နေထိုင်၍ (၈)ရပ်ကွက် ဗဟိုဈေး ရပ်ကွက်တွင် ဆိုက်ကားအနေးယာဉ်နင်းသူ ဖြစ်လေသည်။ ၎င်းဆိုက်ကားဂိတ်က လူတွေကလည်း ဘတင်ကို ကောင်းစွာ စကားမပြောကြ၊ ဖော်ရွေခြင်း မရှိကြပေ။ ယင်းသို့ဖြစ်ရခြင်းမှာလည်း အခြားသူများဘက်က မမှား၊ ဘတင် အမှားချည်းသာ ဖြစ်လေသည်။ အရက်မူးပြီး ရမ်းတတ်သည်။ ဘဝတူ ဆိုက်ကားသမား အချင်းချင်းအပေါ်၌လည်း ဗိုလ်ကျအနိုင်ကျင့်တတ်လေသည်။ ၎င်းသည် လူပျိုကြီးတစ်ယောက် ဖြစ်သကဲ့သို့ မိမဲ့ဖမဲ့တစ်ယောက်လည်း ဖြစ်လေ၏။

ထိုနေ့က ဘတင်သည် ဗိုလ်အုန်းသီးစက်ရုံရှေ့ ဝေဇယန္တာလမ်းထိပ်က အစိုးရအရက်ဖြူဆိုင်တွင် အရက်မူးအောင် သောက်လာပုံရလေ၏။

ဂိတ်ဝင်သောအခါ ဘဝတူ ဆိုက်ကားသမားများက-

'ကိုဘတင်...ခင်ဗျား သိပ်မူးနေတယ်။ ဆိုက်ကားနင်းလို့ဖြစ်မှာမဟုတ်ဘူး။ ခရီးသည်တွေကလည်း ခင်ဗျားဆီက အရက်နံ့ရလို့ စီးကြမှာ မဟုတ်ဘူး။ ခင်ဗျား ဂိတ်တဲမှာပဲ အနားယူပြီး အိပ်နေလိုက်ဗျာ။ ထမင်းစားချိန်ရောက်ရင် ခင်ဗျားကိုနှိုးပြီး ကျုပ်တို့ ထမင်းဝယ်ကျွေးပါ့မယ်'

ဟု လုပ်ဖော်ကိုင်ဖက် ဘဝတူ ဆိုက်ကားသမားက ပြောရာ ဘတင်က လက်မခံဘဲ-

'ငါမမူးဘူးကွ။ ဆိုက်ကားကောင်းကောင်းနင်းနိုင်တယ်။ ဟောဒီမှာကြည့်'ဟု ဆိုပြီး ဆိုက်ကားပေါ်တက်၍ နင်းပြလေ၏။

ဘတင်ဆိုက်ကား သစ္စာလမ်းပေါ် အရောက်မှာပင် ဝေဇယန္တာလမ်းဘက်မှ ချိုးကွေ့ဝင်လာသော ဂျစ်ကားတစ်စီးက မထိန်းမရှောင်နိုင်တော့ဘဲ ဘတင်ဆိုက်ကားကို





www.burmeseclassic

www.burmeseclassic.com

အရှိန်ဖြင့် ပြင်းထန်စွာ ဝင်တိုက်လေ၏။ ဝုန်းဆိုသော အသံနှင့်အတူ ဘတင်သည် ဆိုက်ကားတခြား လူတခြား ဖြစ်ကာ သစ္စာလမ်းမကြီးပေါ်မှာတင် သွေးအိုင်ထဲ၌ ပုံလျက်သား အသက်ပျောက်ခဲ့ရှာလေ၏။

◆ ◆ ◆

'ကျွန်တော့်နာမည် ဘတင်လို့ ခေါ်ပါတယ်။ အဲဒီနောက်ပိုင်း ကျွန်တော် ဘာမှသတိမရတော့ဘူး။ အဲဒီလောက်ပဲ ကျွန်တော်ပြောနိုင်ပါတယ်ခင်ဗျာ။ ကျွန်တော် အရင်က ဘယ်မှာနေတယ်၊ ကျွန်တော့်မိဘနဲ့ ဆွေမျိုးတွေက ဘယ်သူတွေလဲ ဆိုတာကိုလည်း ကျွန်တော် မပြောနိုင်ပါဘူးခင်ဗျာ' ဟု တစ္ဆေဘတင်က သူ့အကြောင်းကို ပြောပြီး အဆုံးသတ်လိုက်လေတော့၏။

ဤအဖြစ်အပျက်မှာ အမှန်တကယ်ဖြစ်၍ ဥက္ကဋ္ဌကြီးနှင့် ယခု တစ္ဆေသရဲဝင်ပူးနေသော မောင်တိုးတို့ မသိရှာကြပေ။ အဘယ်ကြောင့်ဆိုသော် ဥက္ကဋ္ဌကြီးနှင့် စာရေးမောင်တိုးတို့မှာ တောင်ဥက္ကလာပ ပါတီယူနစ်သို့ ရောက်တာမှ လပိုင်းလောက်ပဲ ရှိသေးသောကြောင့် ဖြစ်လေ၏။ ဆိုက်ကားသမားဘတင် ကားတိုက်သေဆုံးတာ နှစ်နှစ်ကျော်ခန့်ဖြစ်၍ ထိုအဖြစ်အပျက်ကို ၎င်းတို့ သိကြမည် မဟုတ်ပေ။

အတွင်းရေးမှူးသည် ဝင်ပူးကပ်နေသော တစ္ဆေအား ငါးခြောက်တွဲ အများကြီးထဲက တစ်တွဲကို 'မင်းဆာရင် စားလိုက်၊ ငါခွင့်ပြုတယ်။ စားပြီးလို့ရှိရင် ငမိုးချောင်းနားမှာရှိတဲ့ ညောင်ပင်မှာ သွားနေ။ အဲဒီညောင်ပင်ကြီးက ခုနစ်ဆူဘုရားမရောက်ခင် လမ်းဘေးမှာ ပေါက်နေတယ်။ ငါ အထက်က ဆရာကြီးတွေကို ပြောပြီးပြီ။ မင်းကို နေခွင့်ပြုလိုက်ပြီ။ အဲဒီမှာ စားဝတ်နေရေး အကုန်အဆင်ပြေလိမ့်မယ်' ဟု ပြောလိုက်ရာ ၎င်းတစ္ဆေသည် အတွင်းရေးမှူးအား ဦးချကန်တော့လေ၏။

ပူးကပ်နေသော တစ္ဆေဘတင် ထွက်သွားသောအခါ မောင်တိုးသည် အရုပ်ကြိုးပြတ်ကျသလို ကြမ်းပေါ်သို့ ပုံလျက်သား မှောက်ခုံကြီး ကျသွားသဖြင့် အတွင်းရေးမှူးက မောင်တိုးကို အချိန်မီ လှမ်းထိန်းထားလိုက်လေ၏။

'မောင်တိုး..မောင်တိုး..သတိရပြီလား' ဟု အတွင်းရေးမှူးက မျက်နှာကို ရေနှင့်တောက်ဖျန်း၍ ပခုံးကိုပုတ်၍ မေးလိုက်ရာ အင်းဟူသော ညည်းသံနှင့်အတူ မောင်တိုး ပြန်၍သတိရလေ၏။

'မောင်တိုး..ဘယ်လိုဖြစ်တာလဲ' ဟု ဥက္ကဋ္ဌက မေးလိုက်ရာ မောင်တိုးက သတိထားနေရင်းက မေ့ခနဲဖြစ်သွားသည့်အကြောင်း၊ ထို့နောက် အဝေးတစ်နေရာသို့ ရောက်သွားသလိုလို ခံစားရသည့်အကြောင်း ပြောပြလေ၏။

ကျွန်ုပ်သည် မောင်တိုး၏မျက်နှာကို သေသေချာချာ ကြည့်လိုက်ရာ ယခင်မြင်နေကျ မျက်နှာပုံစံအတိုင်း လန်းလန်းဆန်းဆန်း ဖြစ်နေသည်ကို မြင်တွေ့ရလေ၏။ တစ္ဆေပူးကပ်စဉ်က မျက်လုံးပြူးကျယ်ပြီး မျက်ထောင့်ကြီးနီနေတာတွေ မတွေ့ရတော့။ ပြောပုံဆိုပုံ လေသံတွေလည်း ပုံမှန်အတိုင်း ဖြစ်လေ၏။ တစ္ဆေဝင်ပူးစဉ်က အသံမျိုး မဟုတ်တော့။ အသံသြသြနှင့် ကြောက်စရာကောင်းသည့် မျက်နှာအနေအထားမျိုး မဟုတ်တော့။ ဥက္ကဋ္ဌကြီးလည်း ဘယ်လိုသဘောရသွားသည်တော့မသိ။ ကျွန်ုပ်တို့ ကင်းသမားများကို နှုတ်ဆက်ကာ အတွင်းရေးမှူးနှင့်အတူ ပါတီယူနစ်မှ ထွက်ခွာသွားကြလေ၏။ ၎င်းပြန်သွားသောအခါ ည(၁၀)နာရီကျော်၍ (၁၁)နာရီထိုးဖို့ မိနစ်အနည်းငယ်သာ လိုတော့၏။

အထက်ပါအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ပြီး နောက်တစ်နေ့မနက် ယူနစ်ရုံးသို့ ဥက္ကဋ္ဌကြီး ရောက်လာ၏။ နောက် အတွင်းရေးမှူး ရောက်လာ၏။

ပါတီယူနစ်၌ လူစုံသောအခါ ပါတီယူနစ်ဥက္ကဋ္ဌက-

'အတွင်းရေးမှူးရေ..ခင်ဗျားရဲ့ အထက်လမ်းပညာကိုတော့ ကျွန်တော် ယုံကြည်သွားပြီဗျာ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် တောင်ဥက္ကလာပ ပါတီယူနစ်(၃)ကို မရောက်မီ နှစ်နှစ်လောက်က ဆိုက်ကားသမား ဘတင် ကားတိုက်သေတာ အမှန်ပဲဗျာ။ ဒီမနက်ပဲ ရုံးထဲ မဝင်ခင် ဆိုက်ကားဂိတ်သွားပြီး ဘတင်အကြောင်း မေးကြည့်ခဲ့တယ်။ မောင်တိုးကို ဝင်ပူးတဲ့တစ္ဆေဟာ ဘတင်ဆိုတာ အမှန်ပဲဗျ။ ဆိုက်ကားသမားတွေ ပြောပြလို့ သိခဲ့ရတာ။ ဂမ္ဘီရပညာတို့၊ ဝိဉာဉ်လောကတို့၊ ပရလောကတို့ဆိုတာ တကယ်ရှိတယ်ဆိုတာ ကျွန်တော် ယုံကြည်သွားပြီဗျာ' ဟု ပြောလိုက်၍ ကျွန်ုပ်တို့ အကြည့်များ ဥက္ကဋ္ဌထံသို့ ရောက်ရှိ၍သွားကြလေတော့သတည်း။

ရှင်သွေးအောင်

www.burmeseclassic

www.burmeseclassic.com

ပုဂံရာဇဝင်ထဲက ဘုရင်

မှတ်မှတ်ရရ ပါတီကောင်စီခေတ်က ဖြစ်သည်။

သာစည်မြို့နယ်၊ သာဂရကျေးရွာအုပ်စု၊ ပြည်သူ့ကောင်စီဥက္ကဋ္ဌသည် ကျောင်းဆရာအငြိမ်းစား ဆရာဦးထွန်းကြည် ဖြစ်သည်။ ပညာတတ်တစ်ဦးပီပီ ဆရာသည် စီမံခန့်ခွဲရေးရာ ကိစ္စရပ်များကို ကျွမ်းကျင်

# အာကာသ (သာစည်)

# ဖျောက်ဖျက်မရသော ဘဝဟောင်းကညှဉ့်



www.burmeseclassic

www.burmeseclassic.com

ပါးနပ်စွာ ကိုင်တွယ်တတ်ပါသည်။ ကြီးသော အမှုကို ငယ်စေ၍ ငယ်သောအမှုကို ပပျောက်အောင် ဆောင်ကြဉ်းနိုင်သဖြင့် ရပ်ရွာအေးချမ်းသာယာလျက် ရှိပါသည်။

ဆရာသည် အသားဖြူ၍ ကိုယ်လုံးကိုယ်ထည် သေးသွယ်ရှည်လျားပြီး ဆံပင်တိုတို ညှပ်ထားသော ဦးခေါင်းတစ်လုံးကား ဆွတ်ဆွတ်ဖြူနေသည်။ ပုဆိုးဆေးရောင်ခပ်ဖျော့ဖျော့၊ အင်္ကျီလည်ခွံ့ အဖြူပေါ်တွင် ငါးပိရောင်တိုက် ပုံခပ်နွမ်းနွမ်းကို ဝတ်ဆင်ထားလေ့ရှိသည်။ ပခုံးတွင်ရှိသော အင်းလေးလွယ်အိတ်ထဲ မျက်မှန်နှင့် မှတ်စုစာအုပ်က သွားလေရာ အမြဲပါရှိလေသည်။

ဆရာ စကားပြောလျှင် တိုးတိုးတိတ်တိတ် မပြောတတ်။ ကျယ်လောင်စွာ ပြောမှ အားရဟန်တူသည်။ စကားပြောသည့်အခါလည်း ပုံတိုပတ်စ ဟာသအတိုအထွာညှပ်ကာ ပြောတတ်ခြင်းကြောင့် နားထောင်သူတို့အဖို့ မပျင်းရိ မညည်းညူကြပေ။ တိုက်ဆိုင်သူတို့အဖို့မူ ပိဿာလေးနှင့် နံဘေးအပစ်ခံလိုက်ရသလိုမျိုး အောင့်သည်းအောင့်သက် ဖြစ်သွားတတ်ကြပါသည်။

ဆရာ့အား သက်တူရွယ်တူ ကျွမ်းဝင်ခင်မင်သူ တချို့တလေက ခေါင်းဖြူဟုလည်းကောင်း၊ ငှက်ကထဟုလည်းကောင်း ခေါ်ကြသည်။ သာဂရကျေးရွာအုပ်စုကို သုံးပတ်လည်ရွာနှင့် ဆည်ကြီးရွာတို့ပါဝင်သည့် သုံးရွာတစ်အုပ်စု ဖွဲ့စည်းထားခြင်းဖြစ်သည်။ တစ်နေ့တွင် သုံးပတ်လည်ရွာခွဲကောင်စီဝင် ဦးလွင်မှ ဥက္ကဋ္ဌထံသို့ ညှိစာရင်း ပေးပို့လာသည်။ စာကောင်းကောင်း မရေးတတ်သော ဦးလွင်က ဥက္ကဋ္ဌဟူ၍ လိပ်တပ်ရေးရမည်ကို ငှက်ကထဟု ရေးပို့ခဲ့သည်။ ထိုစဉ်ကစ၍ ဆရာ့ကို အချို့က ငှက်ကထဆိုကာ ကျီစယ်ခေါ်ဝေါ်လာကြသလို အများတကာကမူ ဆရာဟုသာ လေးစားစွာ ခေါ်ကြပါသည်။

ဆရာသည် အာဏာပိုင်အဖွဲ့အစည်း၏ ဥက္ကဋ္ဌပင်ဖြစ်သော်လည်း စီမံခန့်ခွဲရေးကို အာဏာစက်နှင့်ချည်းမသွား၊ တော်ရိလျော်ရိ အမှုကိစ္စလောက်ကို စည်းရုံးဖျန်ဖြေညှိနှိုင်းပေးခြင်းဖြင့် ကျေအေးသွားကြသည်။ တချို့ လင်နှင့်မယား ကတောက်ကဆတ် စကားများ၍ မိန်းမဖြစ်သူက ထဘီစွန်တောင်ဆွဲလျက် ဒေါသတကြီး ရောက်လာတတ်၏။ သည်ယောက်ျားကို ပြတ်စဲချင်လို့ ဖြတ်ပေးပါ။ မျက်ရည်စမ်းစမ်းလုပ်ကာ တိုင်တန်းလေ့ရှိ၏။ တခဏမျှတွင် ဉာဏ်ကောင်းလှသော ဆရာနှင့် တွေ့သည်နှင့် ငေါက်တန်ကငေါက်၊ နှစ်သိမ့်သင့်လျှင် နှစ်သိမ့်လိုက်သဖြင့် အချင်းချင်း တည့်မြဲပြီး ပြန်သွားကြလေသည်။

ဆိုရလျှင် ဆရာသည် မိမိရပ်သူရွာသားများကို မဆိုစလောက် ပြဿနာလေးဖြင့် ရဲစခန်း၊ တရားရုံးတို့သို့ မရောက်စေချင်။ မသိနိုးနားနှင့် လိုမ့်ပိမ့်ခံကြရမည်ကို စိုးရိမ်သည်။ မတော်မတည့် တွေ့လျှင်လည်း ကိုယ်တိုင်သာ ဆိုဆုံးမလိုက်ချင်သည်။ ဆရာ မနှစ်မြို့ဆုံး အရာကား ပြဿနာကို အနိုင်ရလိုသဖြင့် လာဘ်သပ်ပကာပေးလာခြင်းမျိုးဖြစ်သည်။ ယင်းလိုလူမျိုးဆိုလျှင် ရစ်သီ၊ ရစ်သီ တကပ်ကပ် လုပ်လာသည်နှင့် ချာတူးလံအောင် ငေါက်ငမ်းပစ်ပါသည်။

ကျေးရွာအုပ်စု ပြည်သူ့ကောင်စီရုံးသည် သာဂရကျေးရွာ၏ အလယ်ကောင်ခန့်၌ တည်ရှိ၏။ ငါးပင် သုံးပင် အကျယ်၊ ထရံကာ ဝါးကပ်မိုး မြေစိုက်အဆောက်အအုံဖြစ်၏။ ရုံးရှေ့တွင် သက်တမ်းရင့် ဇရာမမန်ကျည်းပင်ကြီး ရှိ၏။ အရိပ်အာဝါသကောင်းသော ယင်းအပင်အောက်တွင် အမှုသည်အချို့ ထိုင်လျက်ရှိကာ အချင်းချင်း တကြိတ်ကြိတ် ပြောဆိုတိုင်ပင်နေကြလေ၏။

ပြည်သူ့ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ နေ့လယ်တစ်နာရီခန့်တွင် ရောက်ရှိလာ၍ ရုံးအတွင်းသို့ ဝင်သွားကြ၏။ ထိုစဉ် ထိုင်စောင့်နေသူတို့လည်း နေရာမှထလျက် အလျို၊အလျို လိုက်ပါဝင်သွားကြလေ၏။ ဆရာသည် စားပွဲထိပ်ထိုင်ခုံတွင် နေရာယူ၍ လွယ်အိတ်ကို တိုင်ရှိသံငုတ်တွင်ချိတ်ပြီး ပါဝါမျက်မှန် ထုပ်ယူတပ်ဆင်၏။ အတွင်းရေးမှူးထံမှ စာရွက်စာတမ်းအချို့ကိုလည်း လှမ်းယူကြည့်လေ၏။ ထို့နောက် ရှေ့တွင် ထိုင်နေသူ တစ်ဦးချင်းကို ကော်ကိုင်းမျက်မှန်ပေါ်မှကျော်၍ ဝေ့ဝိုက်ပြီးကြည့်လိုက်ပါ၏။

"ကဲ…ညွန့်လှိုင်၊ ဆိုစမ်းပါဦး၊ ဘာများတိုင်စရာ ရှိနေလို့လဲ"

အသားမည်းမည်း သွားများနီရဲအောင် ကွမ်းတဖွားဖွားဝါးလျက် ပါးစပ်တပြင်ပြင်လုပ်နေသော ညွန့်လှိုင်ကို မေးသည်။

"ကျုပ်…ကျုပ်မိန်းမ ခိုးသွားတဲ့ကောင်ကို တရား



www.burmeseclassic

www.burmeseclassic.com

စွဲချင်လို့ပါဆရာ'

ထုံးစံအတိုင်းသာ မေးရသည်။ ဤကိစ္စကို တစ်ရွာတည်း နေကြသူများဖြစ်၍ သိရှိပြီးဖြစ်နေသည်။ တစ်နေ့က ညွှန့်လှိုင်မိန်းမ ဝင်းနုကို သာရင်မှ ခိုးယူထွက်ပြေးသွားသည်။ ရွာလေ့ဆိုသည်ကား ကျွက်ခနဲ မဖြစ်လိုက်နှင့် တစ်ရွာလုံး မီးနိုးကြွက်လျှောက် တစ်ယောက်မကျန် သိကြပြီးသား။ ပြောရလျှင် အနောက်ခန်းထဲ လင်မယားချင်း ခပ်တိုးတိုးပြောသော စကားသည်ပင် မသိစေချင်ကာမှ ကျောင်းက သူ့တိုင်းနေသည့် ဘုန်းကြီးနား ကြားချင်ကြားသွားတတ်သေးသည်။

'ဘယ်မိန်းမကို ဘယ်သူက ခိုးသွားလို့လဲကွ။ ရှင်းအောင် ပြောစမ်းပါ'

ညွှန့်လှိုင်တွင် မယားကြီး မငယ်နှင့် မယားငယ် ဝင်းနုတို့ နှစ်ယောက်ရှိ၏။ ဝင်းနုနှင့် သားသမီးမရှိသော်လည်း မငယ်နှင့်မွေးထားသော သားနှစ်ယောက်က ခိုင်းစားလောက်သော အရွယ်များရှိကြ၏။ အလုပ်မည်မည်ရရ ပြစရာမရှိဘဲ ချဲထိုးရောင်း၊ ဘောလုံးပွဲလောင်းပြီး ယီးတီးယားတား သောက်သောက်စားစားနေသူ ဖြစ်၏။ လင်ကြီးငုတ်တုတ်ရှိသော ငချင်း၏မိန်းမ ဝင်းနုကို မယားငယ်အဖြစ် ခိုးယူပေါင်းသင်းနေ၏။ မိန်းမချင်း မတည့်မည်စိုး၍ ဝင်းနုကို တစ်အိုးတစ်ဆောင် ပေးထားပြီး သူကောင်းသားက ဆောင်တော်ကူးလျက် နေလေ၏။

'ဘယ်သူဖြစ်ရမှာလဲ ဆရာ၊ သာရင်ဆိုတဲ့ကောင်ပေါ့။ ကျုပ်မရှိတုန်း အိမ်ကို အကြောင်းရှာပြီး ခဏ,ခဏ လာနေတာ။ ကျုပ်နဲ့အတူတူသောက်၊ အတူတူစား နှစ်ကိုယ့်တစ်စိတ်လို နေလာရာက သားရေပေါ်အိပ် သားရေနားစားသွားတာ ဘယ်ကောင်းမလဲဗျာ'

'ဟ..ညွှန့်လှိုင်ရ၊ မြင်းလူခိုးသွားတော့ မြက်ထိုးသက်သာတာပေါ့ကွ'

'အဲလိုလည်း ဘယ်ဟုတ်သေးမလဲ ဆရာ'

ညွှန့်လှိုင်က နီတာလံအောင် ရဲနေသော သွားများပေါ်လျက် ရယ်ရင်း ပြော၏။

လင်ယောက်ျားကောင်းပီသကာ ရိုးသားစွာလုပ်ကိုင်ကျွေးနေသော ငချင်းကို ဝင်းနုကပစ်ခဲ့ပြီး ညွှန့်လှိုင်နောက် လိုက်သွားလေ၏။ ထိုစဉ်က ကုပ်ချောင်းချောင်းလေးလုပ်ပြီး ငချင်း လာတိုင်ဖူး၏။ ဆရာ့အနေဖြင့် ကာယကံရှင်များကို ခေါ်ယူ၍ နှစ်သိမ့်နားချပေး၏။ မရ။ ဝင်းနုက ညွှန့်လှိုင်မှ ညွှန့်လှိုင်ဖြစ်နေ၍ ဆရာလက်လျှော့လိုက်ရ၏။

ညွှန့်လှိုင်ကို မယားငယ် ဝင်းနုက သူ့မယားကြီးအိမ် ခဏ,ခဏ သွားမည်စိုး၍ မညည်းမညူ သုပ်နယ်ချက်ပြုတ် ကျွေး၏။ ညွှန့်လှိုင်က ထမင်းဟင်းဆို ကောင်းမှ။ တစ်မည် နှစ်မည်နှင့်လည်းမပြီး။ ဟင်းမကောင်း၍ စိတ်မထင်လျှင် အိုးခွက်ပန်းကန်တို့နှင့် မိန်းမကို ပစ်ပေါက်တတ်၏။ သည်လိုမိန်းမမျိုးကလည်း လင်ယောက်ျားဘယ်လောက်ဆိုးဆိုး၊ ဘယ်လိုပဲနှိပ်စက်နေစေ အချစ်ပြယ်မသွားချေ။ ယခု ဝင်းနုက ညွှန့်လှိုင်ကို ပစ်ခဲ့ပြန်ကာ သာရင်နောက် လိုက်သွားသည်ဟု ဆိုလာ၏။

'သာရင်ကို တရားစွဲချင်တယ်ဆိုလည်း စွဲပေါ့။ လွှဲစာ သေချာရေးပေးလိုက်ပါ့မယ်။ ဒါပေမဲ့ မင်းက ပုဂံဘုရင် မင်းခွေးချေးနဲ့ ချွတ်စွပ်တူနေသလိုလိုရှိလို့ အဲသည်ဘုရင် ရာဇဝင်ကို ပြောပြရဦးမယ်'

ညွှန့်လှိုင်သည် ကွမ်းတံတွေးထွေးကာ နေရာတွင် ပြန်ထိုင်၏။

'ငါတို့ မြန်မာရာဇဝင်မှာ မင်းညံ့သုံးပါး ပေါ်ပေါက်ခဲ့ဖူးတယ်။ ပုဂံခေတ် မင်းခွေးချေး၊ အင်းဝခေတ် ဟံသာဝတီမင်းနဲ့ ကုန်းဘောင်ခေတ် သီပေါမင်းတို့ ဖြစ်ကြတယ်။ သည်မင်းတွေ လက်ထက်မှာ အုပ်ချုပ်မှုညံ့ဖျင်းလို့ တိုင်းပြည်ပျက်ခဲ့ရတယ်။ အခုပြောမှာက မင်းခွေးချေးအကြောင်း ပြောချင်တာ။ စလေငခွေး၊ မင်းခွေးချေး၊ လူရေးပျက်တော့သည်လို့ ဆိုတယ်။ မင်းခွေးချေးဟာ နရသီဟပတေ့မင်း၊ တရုတ်ပြေးမင်း၊ သားမွှာဘဆိုပြီး ရာဇဝင်မှာ လေးမည်ရတယ်။

တို့ဂေါတမဘုရားရှင် လက်ထက်တော်က အဲသည်မင်းဟာ တန့်ကြည်တောင်မှာ ဘီလူးဖြစ်ခဲ့ဖူးတယ်။ ဘုရားရှင် ကြွလာတော်မူတဲ့အခါ အင်ဖက်သုံးရွက်နဲ့ နေကာပေးခဲ့ဖူးလို့ ဘုရားရှင်က သူ့ကို ပုဂံမှာ မင်းသုံးကြိမ်ဖြစ်လတ္တံ့လို့ ဗျာဒိတ်စကားကြားခဲ့ဖူးတယ်။ ဘုရားရှင်ဗျာဒိတ်တော်အရ ဘီလူးဟာ စလေငခွေးမင်းတစ်ကြိမ်၊ နရသူမင်းတစ်ကြိမ်နဲ့ မင်းခွေးချေးခေါ်တဲ့ နရသီဟပတေ့မင်းတစ်ကြိမ် မင်းသုံးကြိမ်တိုင် ဖြစ်ဖူးတယ်။

ဘီလူးဘဝကနေပြီး လူဖြစ်လာတဲ့မင်းဆိုတော့ ဉာဉ်လေးက မင်းလိုပဲ မကောင်းချင်ဘူး။ အစားအသောက်



www.burmeseclassic

www.burmeseclassic.com

ကြူးတယ်။ အမျက်စောင် မာန်ကြီးတယ်။

'ဆရာကလည်း ကျုပ်က အဲလိုတော့ မဟုတ်ရပါဘူးဗျာ'

ညွန့်လှိုင်က ကွမ်းတံတွေးကို ငွပ်ခနဲမျိုချရင်း စပ်ဖြဲဖြဲလုပ်၍ပြောသည်။ နားထောင်နေကြသူများလည်း ညွန့်လှိုင်ကို စောင်းမြောင်းကြည့်ကာ ရယ်သွမ်းသွေးကြကုန်သည်။

'သက္ကရာဇ်(၆၁၇)ခုနှစ်မှာ နရသီဟပတေ့မင်းအဖြစ် ခံယူပြီး နန်းတက်တော်မူတယ်။ မိဖုရားကြီးက ဖွားစောဖြစ်ပြီး မိဖုရားငယ်တွေကတော့ စောလုံ၊ စောနန်း၊ ရှင်ဘား၊ ရှင်မောက်နဲ့ ရှင်ရွှေတို့ငါးပါး ဖြစ်တယ်။ မင်းကြီးကို မိဖုရားငယ်တွေက အလှည့်ကျစားတော်ပွဲ ဆက်ရတယ်။ လောဘသက္ကာယကြီးတဲ့မင်းဆိုတော့ မောင်းမတွေကလည်း သုံးထောင်ရှိတယ်လို့ ဆိုတယ်'

'ဟာ..မိုက်သားပဲ။ ဘယ်လိုများ လုပ်ပါလိမ့်'

ညွန့်လှိုင်ပါးစပ်မှ အသံထွက်အောင်ပင် ရေရွတ်လိုက်သည်။

'ဒါပေမဲ့ မင်းကြီးက ဗျာဒိတ်တော် ရထားတာဆိုတော့ ကျန်းမာသန်စွမ်းတယ်။ ချေတယ်၊ သမ်းတယ် ဆိုတာတောင် မရှိဘူးလို့ဆိုတယ်။ သူ့ရှေ့ ချေတာ၊ သမ်းတာ တွေ့ရင်လည်း စိတ်ဆိုးဒေါသဖြစ်တတ်တယ်။

တစ်နေ့ မင်းကြီးအနား ခစားနေတဲ့ မောင်းမငယ်တစ်ယောက် ချေချင်နေတာ မအောင့်အည်းနိုင်လို့ အိုးတစ်လုံးကို မျက်နှာအပ်ပြီး ချေလိုက်တယ်။ မင်းကြီး ကြားမှာစိုးလို့ အဲလိုလုပ်ကာကျမှပဲ အသံက ပိုမြည်ပြီး မင်းကြီးကြားသွားလေတယ်။

မင်းကြီးလည်း ဒေါသအမျက်ခြောင်းခြောင်းထွက်ပြီး 'အဘယ်က အသံလဲ'လို့ မေးတယ်။

မိဖုရားစောက 'မောင်းမငယ်တစ်ယောက် မင်းကြီးကြားမှာစိုးလို့ မချေဝံ့တာနဲ့ အိုးကို မျက်နှာအပ်ပြီး ချေကြောင်းပါ'လို့ လျှောက်တယ်။

မင်းကြီးက 'အဘယ်သဘောနဲ့ ချေရတာလဲ'လို့ မေးပြန်တယ်။

မိဖုရားစောကလည်း 'အရှင်မင်းကြီး..ချေတယ် သမ်းတယ်ဆိုတာ လူတိုင်း မကင်းကြတဲ့ ရောဂါတစ်မျိုး ဖြစ်ပါတယ်။ အရှင်မင်းကြီးကသာ ဘုန်းတော်ကြောင့် ချေခြင်း၊ သမ်းခြင်း ကင်းနေတာ ဖြစ်ပါတယ်။ မောင်းမငယ်လည်း မဝံ့တဲ့ကြားက မအောင့်အည်းနိုင်လို့ ချေခြင်းဖြစ်ကြောင်းပါဘုရား'လို့ လျှောက်ထားမှ မင်းကြီး စိတ်ပြေပြီး ပြုံးတော်မူခဲ့တယ်။

'ကျုပ်က အဲလောက်တော့ မဆိုးပါဘူး ဆရာ'

'မင်းကသာ မဆိုးဘူးပြောနေ၊ ဝင်းနုက တစ်လင်လာလည်း ပွေးနဲ့၊ တစ်လင်လာလည်း ကြွေးနဲ့ ဆိုတာလို ကိုယ့်ထမင်း ကိုယ်စားပြီး ဘကြီးနွား အလကားကျောင်းပေးနေရတာဆိုတော့ စိတ်ကုန်သွားလို့ နေမှာပေါ့ကွ'

ညွန့်မောင်လည်း မဲ့ရွဲ့လျက် မျက်နှာကြီးလွှဲကာ ပြုံးစိစိလုပ်နေလေသည်။ နားထောင်နေသူတို့လည်း သဘောခွေ့လျက် ရယ်ကြကုန်သည်။

'ကျုပ်က သူ့ကို သည်အတိုင်း မထားပါဘူး။ ရတဲ့အခါ ပေးတန်သလောက်တော့ ပေးပါတယ်။ သည်ကောင် အဆွယ်ကောင်းလို့ ပါသွားတာ နေမှာပါဗျာ'

'အေးပါကွာ၊ ထားလိုက်ပါတော့။ ငါ ဆက်ပြောပြပါဦးမယ်။ နရသီဟပတေ့မင်းဟာ နွေလအခါ မြစ်ဆိပ်ဆင်းပြီး မိဖုရားမောင်းမမိဿံတွေနဲ့ ရေကစားလေ့ရှိတယ်။ တစ်ခါမှာတော့ မောင်းမငယ် တစ်ယောက်ကို စကားထည့်ပြီး မိဖုရားစောလုံကို မျက်စိ၊ မျက်နှာ၊ ဆံပင်တွေ ရွှဲရွှဲစိုအောင် ရေနဲ့ ပက်ကြတယ်။ မိဖုရားလည်း အများတကာရှေ့ အရှက်တကွဲလုပ်လေတယ်ဆိုကာ မင်းကြီးကို နှလုံးနာသွားတယ်။

ဘယ်လောက်များ အငြိုးကြီးသွားလဲဆို မင်းကြီးစားတော်ပွဲထဲ အဆိပ်ထည့်ပြီး စောမောက်..ငါ နေမကောင်းလို့ ငါ့ကိုယ်စားသွား၊ မင်းကြီးကို စားတော်ပွဲဆက်ချေလို့ ခိုင်းလိုက်တယ်။ ဘုရင်ကလည်း ပါးသလား မမေးနဲ့။ မသင်္ကာတာနဲ့ စားတော်မခေါ်ဘဲ ခွေးတစ်ကောင်ကို ကျွေးခိုင်းကြည့်တယ်။ ခွေးလည်း တုံးခနဲ သေသွားတယ်'

'ဒါမှ ပြဿနာပဲ'

ညွန့်လှိုင် အသံထွက်လာသည်။

မင်းကြီးလည်း စားတော်ပွဲလာဆက်တဲ့ ရှင်မောက်ကို စစ်မေးတော့တာပေါ့။

ရှင်မောက်က 'မိဖုရားစောလုံ နာမကျန်းဖြစ်နေလို့ သူ့ကိုယ်စား သွားပြီး စားတော်ပွဲဆက်ပေးပါဆိုလို့ လာရောက် ဆက်သရကြောင်းပါ'လို့ လျှောက်တယ်။

www.burmeseclassic

www.burmeseclassic.com

မိဖုရားစောလုံကို ခေါ်စစ်တော့ စောလုံက 'မြစ်ဆိပ်မယ် ရေကစားတုန်းက အများတကာရှေ့ ငါ့ကို အရှက်တကွဲဖြစ်အောင်လုပ်လို့ နင့်ကို ငါကြဲတာ'လို့ မကွယ်မဝှက် ပြောချလိုက်တယ်။

'သွားရောကွ၊ လိမ်ပြောလိုက်လည်း ပြီးတာပဲဟာ' ညွန့်လှိုင်အသံ။

'ဘာပြောကောင်းမလဲ၊ နဂိုကတည်းက ဒေါသခပ်ကြီးကြီးမင်းဆိုတော့ အချစ်ဆုံးမိဖုရားဖြစ်တဲ့ စောလုံကို အချစ်ကြီးသလောက် အမျက်ကြီးသွားတယ်။ အရှင်လတ်လတ် မီးရှို့သတ်ဖို့ ပန်းပဲတစ်ထောင်ကိုခေါ်ပြီး သံကျုပ်စင် လုပ်ခိုင်းတယ်။ သည်လို ကြံစည်ရပါမလားဆိုကာ မိဖုရားစောလုံကို ကြိုးနဲ့တုပ်ချည်ပြီး သံကျုပ်စင်ပေါ် ပစ်တင် မီးရှို့စေတယ်။ မိဖုရားလည်း ဟိုစဉ်ကတည်းက သီလမြဲလာသူဆိုတော့ မီးတဟုန်းဟုန်းတောက်နေတဲ့ သံကျုပ်စင်ထက်မှာ ဘုရားဂုဏ်တော်ပွားပြီး အာရုံပြုနေတယ်။ မီးသုံးခါငြိမ်းတယ်လို့ ဆိုတယ်'

'အဲလိုဆိုတော့ မိဖုရားစောလုံ မသေဘူးပေါ့နော် ဆရာ'

'မိဖုရားလည်း ဂုဏ်တော်ကိုပွားရင်း ငါ့ခန္ဓာ တစ်ခဏချင်း လောင်ကျွမ်းပါစေ။ ငါတောင်းသောဆုများ တစ်လုံးတစ်ဝ ပြည့်ရပါစေလို့ ပတ္ထနာပြုပြီးတာနဲ့ သေဆုံးသွားခဲ့တယ်'

'အတော်ဆိုးရွားတဲ့ မင်းဗျာ။ ကိုယ့်မိန်းမကို ရက်ရက်စက်စက်ကြီး သတ်ရတယ်လို့'

'ဘီလူးဘဝကနေ လူဖြစ်လာတဲ့မင်းဆိုတော့ အစားအသောက် အပျော်အပါး ခုံမင်တယ်။ ပွဲတော်တည်တဲ့အခါ အသားငါး၊ ဝက်ပေါင်၊ ဝက်လက် အမြဲပါရတယ်။ ချို၊ ချဉ်၊ ဖန်၊ စပ်၊ အဆိမ့် စုံနေအောင် ဆက်ရတာ။ ဟင်းခွက်သုံးရာပြည့်မှ ကျေနပ်တော်မူတယ်လို့ ဆိုတယ်'

'ဟာ...ဟင်းခွက်တွေကလည်း တယ်များပါလား'

'ဒါကတော့ ဘုရင်ပဲကွ။ မင်းတောင် တစ်မည်က နှစ်မည် ဟင်းမစုံလို့ စိတ်တိုင်းမကျရင် ပန်းကန်ခွက်ယောက်တွေ လွှင့်ပစ်သေးတာ'

ညွန့်မောင်လည်း မျက်နှာလွှဲထားပြီး ပြုံးဖြဲဖြဲကြီး လုပ်နေသည်။

'မိဖုရားစောနန်းက သားတော်ဥဇနာကို မွေးတယ်။ အရွယ်ရောက်တော့ ပုသိမ်မြို့ကို ပေးတယ်။ မိဖုရားရှင်ဘားက သားတော်ကျော်စွာကို မွေးတယ်။ အရွယ်ရောက်တော့ ဒလမြို့ကို ပေးတယ်။ မိဖုရား ရှင်မောက်က သားတော်သီဟသူကို မွေးတယ်။ အရွယ်ရောက်တော့ ပြည်မြို့ကို ပေးတယ်။ မိဖုရား ရှင်ရွှေကတော့ သမီးတော် မိစောဦးကို မွေးတယ်။

သားတော်တွေကို ကျေးစားကျေးလက်တွေ ပေးထားပေမယ့် ပုန်ကန်ခြားနားမှာစိုးလို့ ကျေးစည်းစိမ်နဲ့ မနေရဘဲ အနားမှာ မိဖုရားတွေနဲ့အတူ ခစားရတယ်။ မင်းကြီးစားတော်ခေါ်ပြီးရင် မိဖုရားနဲ့ သားတော်၊ သမီးတော်တွေကို ခွဲဝေပေးလေ့ရှိတယ်။ ဒါပေမဲ့ သားတော်ကျော်စွာကို အလက်ကောင်းတာပေးပြီး သားတော်သီဟသူကျတော့ အပေါင်ညှံ့တာပဲ ပေးတယ်။ ဒါနဲ့ သီဟသူ မယ်တော်ရှင်မောက်က သားကင်သည် အကြီးအမှူးကို တံစိုးလက်ဆောင်ပေးပြီး ကျော်စွာ ပေးမြဲအလက်ကို သူ့သားတော် သီဟသူကို ပေးစေတယ်။

မင်းကြီးသိတော့ သားကင်သည်ကို ဒဏ်ပေးပြီး မိဖုရား ရှင်မောက်နဲ့ သားတော် သီဟသူကိုတော့ ဝက်လက်ခိုးမ၊ ဝက်လက်ခိုးမသားဆိုပြီး ပြောဆိုကျီစယ်လေ့ရှိတယ်။ အများတကာရှေ့ မှိုချိုးမှျစ်ချိုး ပြောဖန်များတော့ သီဟသူက ခမည်းတော်မင်းကြီးကို နှလုံးအနာကြီးနာသွားတယ်။ သည်လောက် မိဖုရားမောင်းမတွေနဲ့ ပျော်မြူးပြီး အသောက်အစားကြူးနေမှတော့ ဘယ်ကလာ တိုင်းပြည်ငြိမ်းအောင် အုပ်ချုပ်နိုင်တော့မလဲ။ ကာလကြာတော့ တိုင်းစွန်ပြည်နားက ရန်သူတွေအန္တရာယ် စိုးရိမ်လာရတယ်။

တစ်နေ့မှာတော့ မှူးမတ်တွေကိုခေါ်ပြီး အခု ပုဂံမြို့ဟာ ကျဉ်းလည်းကျဉ်း၊ မြို့စောက်ကလည်း နိမ့်လှတယ်။ ရန်သူရဲ့ ဆင်လုံးမြင်းရင်းဒဏ်ကို မခံသာအောင် ရှိနေတယ်။ အရှေ့မြစ်ညာ ပထင်းရွာကတောင်ကို အဖြောင့်သွားပြီး ရွာသာမြို့ကိုသွင်းကာ ခိုင်လုံတဲ့မြို့သစ် တည်ချင်တယ်လို့ တိုင်ပင်တော်မူတယ်။ မြို့သစ်တည်တဲ့အခါ အုတ်က ချက်ချင်း မရနိုင်ဘူးလေ။ ရန်သူကိုလည်း ကြောက်နေရတာဆိုတော့ မြို့က မတည်မဖြစ် အရေးကြီးနေတယ်။ ဒါနဲ့ ဘုရား၊ ဂူ၊ ကျောင်း တချို့ကိုဖျက်ပြီး အုတ်တွေ ယူရတယ်။ ဘယ်လောက်များ ဂူ၊ ကျောင်း၊ ဘုရားတွေ ဖျက်ပစ်ရလဲဆို 'ဂူကြီး၊ ဂူငယ်၊ ဘုရားတွေ



www.burmeseclassic

www.burmeseclassic.com

အပြင် ကုလားကျောင်းသုံးထောင် ဖျက်ရတယ်လို့ ဆိုတယ်'

'အတော်မိုက်တဲ့ မင်းဗျာ၊ ကိုယ့်ထူးကိုယ်ချွန် အုတ်တော့ မဖုတ်ချင်ဘဲနဲ့'

'အေး‥သူလည်း မလုပ်သင့်မလုပ်အပ်တာတွေလုပ်လို့ ထင်ပါရဲ့။ အသေမကောင်းပါဘူး။ မြို့သစ်တည်ပေမယ့် ရန်သူကို မခံနိုင်လောက်တာနဲ့ ပုသိမ်မြို့က သားတော် ဥဇနာဆီအထိ ထွက်ပြေးလေတယ်။ ပြေးတာတောင်မှ အဆောင်အယောင်တွေက အများသား။ သမ္ဗန်တိုက်လှေ တစ်ထောင်ပေါ် ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားအစရှိတဲ့ မင်းဘဏ္ဍာတွေ တင်တယ်။ ကုန်တင်လှေ တစ်ထောင်ပေါ် စပါးမျိုးရိက္ခာတွေ တင်တယ်။ လှော်ကား၊ ကြော့လှေ တစ်ထောင်ပေါ်ကို မှူးတော်မတ်တော် မိသားစုတွေ စီးကြတယ်။ ရွှေလှော်ကားတစ်ထောင်ကတော့ မင်း၊ မိဖုရား၊ မောင်းမတွေနဲ့ မင်းထိန်းမင်းယတွေ စီးကြတယ်။

ဒါပေမဲ့ ရွှေလှော်ကားတစ်ထောင်က ကိုယ်လုပ်အစေတွေ များလွန်းလို့ မဆံ့မပြဖြစ်နေတယ်။ လှေမဆံ့လို့ ကျန်နေတာ သုံးရာကျော်တယ်လို့ ဆိုတယ်။

ဒါနဲ့ မင်းကြီးက သူတို့ကို သည်တိုင်းထားခဲ့ရင် ရန်သူတွေ ယူကြလိမ့်မယ်။ ခြေလက်တွေ ကြိုးနဲ့တုပ်ပြီး မြစ်ထဲပစ်ချစေလို့ မိန့်တော်မူတယ်'

'မိုက်ပါ့ဗျာ၊ အကုန်သေကုန်ရောလား ဆရာ'

'မသေကြပါဘူး။ မင်းဆရာ မဟာထေရ် ကြားတော်မူတော့ မင်းကြီး‥သံသရာကျင်လည်နေသမျှကာလပတ်လုံး လူ့အဖြစ်ဆိုတာ ရခဲလှတယ်။ လူဖြစ်ပြန်သော်လည်း ဘုရားသာသနာနဲ့ ကြုံရခဲတယ်။ သူတို့ကို ရေမှာပစ်ချပြီး သတ်တဲ့ မကောင်းမှုက နောက်ဘဝတွေမှာ မင်းကြီး ပြန်ခံရလိမ့်မယ်။ နောင်လာလတ္တံ့သော မင်းတို့ကလည်း ပြောစရာဥဒါန်း ဖြစ်တော့မယ်။ သည်မိန်းမတွေကို ရေမှာ ပစ်ချမသတ်ဘဲ အလိုရှိသူ ယူပါစေလို့ ခွင့်ပြုမှသာ အသက်အလှူကို ပေးလှူရာရောက်ပါမယ်လို့ မင်းကြီးကို တရားဟောနားချတော်မူလေတယ်။

ဆရာတော် မိန့်ကြားတော်မူမှ မင်းကြီး စိတ်ပြောင်းသွားပြီး ယူလိုသူ ယူကြစေဆိုပြီး ထားရစ်ခဲ့တယ်။ စိတ်ကောင်း စေတနာကောင်း ရှိသူတွေက သမီးမိန်းကလေးအဖြစ် မွေးစားချင်လို့ယူကြ။ အခိုင်းအစေအဖြစ် ယူကြ၊ မင်းလို တစ်ယောက်တည်း အားမရတဲ့သူတွေကျပြန်တော့ ဇနီးမယားအဖြစ် ယူကြပေါ့ကွာ'

'ဆရာကတော့ လုပ်ချလိုက်ပြန်ပြီဗျာ'

ညွန့်လှိုင်သည် မျက်နှာကြီးတေးလွဲကာ နီရဲသောသွားများပေါ်အောင် ရယ်နေသည်။ နားထောင်သူအပေါင်းလည်း ခွက်ထိုးခွက်လန် ရယ်ကြလေသည်။

'ရန်ကြောက်လို့ ထွက်ပြေးတာတောင် ဟင်းခွက်တစ်ရာငါးဆယ်တည်းနဲ့ ပွဲတော်တည်ရတယ်ဆိုပြီး ငိုမြည်သေးတယ်။ ရန်အေးတာနဲ့ ပုသိမ်ကနေ ပုဂံမြို့ဆီ ပြန်လာကြတယ်။ ရဲမက်ဗိုလ်ပါတွေက အကွဲကွဲအပြားပြားဖြစ်နေတော့ မစုရုံးမိကြဘူး။ ပြည်က သားတော်ဆီရောက်မှ တစ်ထောက်နားပြီး စုစည်းမယ် စိတ်ကူးနဲ့ ပြန်လာကြတာပေါ့။ ပြည်ရောက်တာနဲ့ သားတော်သီဟသူက အနိမ့်ခံခဲ့ရဖူးတဲ့ အငြိုးအတေးမပြေနိုင်ဘဲ မင်းကြီးကို အဆိပ်ထည့်ပြီး စားတော်ဆက်တယ်'

'ဟောဗျာ။ မင်းကြီးသိသွားရောလား ဆရာ'

'မင်းကြီးလည်း ရိပ်စားမိတာနဲ့ စားတော်မခေါ်ဘဲနေတယ်။ ခမည်းတော်မင်းကြီး ပွဲတော်မတည်တာ သီဟသူသိတော့ ရဲမက်သုံးထောင်နဲ့ ဓားဖွေးဖွေးကိုင်ပြီး လှေကိုဝိုင်းရံကြတယ်။

မိဖုရားတောက မင်းကြီး‥သားတော်ဆိုပြီး ယုံကြည်လေတယ်။ သွေးသံရဲရဲ ဓားလှံလက်နက်နဲ့ သေရတာထက် အဆိပ်သောက်ပြီး သေရတာက တော်ပါသေးတယ်



www.burmeseclassic

www.burmeseclassic.com

လို့ပြောဟက်တယ်။

မင်းကြီးလည်း သံသရာအဆက်ဆက် ကျင်လည်ရသမျှ သည်လိုအဖြစ်ဆိုးမျိုး မကြုံရပါလို၊ သားယောက်ျားလည်း မရ,ရပါလိုဆိုကာ မြည်တမ်းဆုတောင်းတယ်။ လက်တော်က လက်စွပ်ကိုချွတ်ပြီး ဘုရားကို ရည်မှန်းကာ ရေစက်ချတယ်။ စားတော်ခေါ်ရင်းက လက်စွပ်ကို မိဖုရားစောဆီ လှမ်းပေးစဉ် အနိစ္စရောက်သွားတော့တယ်'

'ကျွတ်··ကျွတ်··ကျွတ်··အတော်မိုက်တဲ့ သားပဲ၊ ကိုယ့်အဖေကို'

ညွှန့်မောင်က တကျွတ်ကျွတ်လုပ်ကာ မျက်နှာကြီးရှုံ့မဲ့နေလေသည်။

'အေး··မင်းလည်း စိတ်သပ်မနေနဲ့ဦး၊ မင်း ခွေးချေးနဲ့ ဘာထူးသေးလဲ။ သားကြီးမယားကြီး ပစ်ပြီး မယားငယ်ယူတယ်။ မွေးထားတဲ့ သားနှစ်ယောက်ကလည်း အရွယ်လေးရောက်နေပြီ။ ကိုယ့်သားတွေပဲဆိုပြီး မထိမဲ့မြင် မလုပ်ရဘူး'

'ကျုပ်သားတွေက မီးသေပါတယ်ဗျ။ ကျုပ်ဘာလုပ်လုပ် မပြောရဲကြပါဘူး'

ဆရာသည် ရုံးစောင့်ကြီး ဦးကျော်အောင် လာချသော ရေနွေးကြမ်းတစ်ခွက် ငုံ့သောက်လိုက်ပြီး ညွှန့်မောင်၏ မျက်နှာရိပ်မျက်နှာကဲကိုလည်း အကဲခတ်လိုက်သေး၏။ ပြီးတော့ ဆက်ပြောပါသည်။

'မင်းကို မပေါင်းချင်လို့ လင်ငယ်နောက် လိုက်သွားတာများ ရေးကြီးခွင်ကျယ်လုပ်လို့ကွာ၊ အံ့ပါရဲ့။ မကခင်ကတည်းက ခါးချိုးနေတဲ့မိန်းမ။ ငရုတ်သီးထဲက ပိုးဆိုတာ စပ်မှာမကြောက်ဖူးကွ၊ သိလား'

ဆရာသည် စကားကိုရပ်၍ စာရွက်တစ်ရွက်ကိုယူလျက် ဘောပင်အဖုံးကိုချွတ်၏။ လွှဲစာရေးပေးမည့်ဟန် လုပ်နေသည်။ ညွှန့်လှိုင်လည်း ခါးပိုက်ထဲမှ ညစ်ထပ်ထပ်ပလတ်စတစ်ကွမ်းထုပ်ကို ထုတ်၏။ နွမ်းရော်နေသော ကွမ်းရွက်ပေါ် တုန်တုန်ယင်ယင်ဖြစ်ကာ ထုံးတို့နေလေ၏။ ကြမ်းတမ်းသော လက်ကြီးနှင့် ကွမ်းသီးစိပ် စသည်အဆာထည့်ပြီး ပါးစောင်ထဲ ထိုးသွင်းလိုက်ကာ စိတ်တင်းလိုက်ဟန်တူ၏။

'တော်ပြီ ဆရာ၊ တော်ပြီ··တော်ပြီ။ သည်မိန်းမကို ပြန်မခေါ်တော့ဘူး။ ပေါင်းလည်း မပေါင်းတော့ဘူး။ ကျုပ်မိန်းမ မငယ်အိမ်ပဲ ပြန်တော့မယ်ဗျာ'

'သည်လိုမှပေါ့ ညွှန့်လှိုင်ရ၊ ခြသေ့်မှန်ရင် လည်ဆံနဲ့ပါကွ။ ပုဂံဘုရင် နရသီဟပတေ့တောင် ဝင်းနထက် သာတဲ့ အတွင်းစေ မိန်းမသုံးရာကို စွန့်ပစ်ခဲ့သေးတာ။ မင်းက ဘာမဟုတ်တဲ့ ခြံခုန်နေကျ မိန်းမတစ်ယောက် စွန့်ရတာများ'

'ဆရာကတော့ဗျာ၊ ကျုပ်မိန်းမ မငယ်က ဆရာ့ကို အိပ်ရာဝင်တိုင်း ဦးချအိပ်တော့မှာပဲ။ ကျုပ်က ကျားမကြောက်ဖူးဗျ။ ကြားရှုပ်တတ်လို့ ကြားကိုသာကြောက်တာ။ အခုတော့ ကြားကြောက်လို့ ရှင်ကြီးကိုးပါတယ် ရှင်ကြီးကျားထက် ဆိုးနေသလို ဖြစ်နေပြီဗျိုး'

'တယ်··သည်ကောင် ရေနွေးခွက်နဲ့ ကောက်ပေါက်လိုက်ရ'

ညွှန့်လှိုင်သည် ရှက်ကိုးရှက်ကန်းပြော၍ တဟားဟား ရယ်လျက် နေရာမှ ထသွားလေ၏။ ဆရာလည်း ဂရုဏာဒေါသော ပြော၍ ညွှန့်လှိုင် ကျောပြင်ကိုကြည့်ရင်း ခပ်ပြုံးပြုံးလုပ်နေ၏။ အလုပ်အမှုဆောင်အဖွဲ့နှင့် နားထောင်နေကြသူတို့လည်း ရယ်မောလျက် ရှိကြကုန်၏။

အချိန်ကား နေဝင်ဖျိုးဖျဖြစ်၍ ရုံးထဲ၌ မှောင်စပျိုးလျက် ရှိနေချေပြီ။

'ဆရာ··ကျွန်မလည်း တိုင်စရာလေး ရှိသေးလို့တော့'

ပေတေကက်တေး မပြန်သေးဘဲ ကျန်နေသည့် တစ်သိုက်ထဲမှ အေးမေ ဖြစ်၏။ ရွံ့တီးရွံ့တွန့် ရှေ့တိုးလာ၍ မျက်စိကိုပွတ်ရင်းပြော၏။ ဆရာလည်း ချွတ်ချထားသော မျက်မှန်ကို စမ်းတဝါးဝါး လှမ်းယူကောက်တပ်လိုက်၏။ ထို့နောက် အေးမေကို စူးစူးစိုက်စိုက်ကြည့်လျက်-

'ဟ··အေးမေ၊ ကြာနီကန်ဆရာတော် ပြောသလို သည်နေ့တော့ မိုးလည်းချုပ်ပြီ။ တော်ကြသေးစို့ရဲ့။ မနက်ဖြန်မှပဲ ဈေးချိုအလယ်ပေါက် ဆက်ဟောကြတာပေါ့'ဟု ပြုံးပြုံးကြီးလုပ်၍ ပြောလိုက်ပါလေသည်။

**အာကာသ(သာစည်)**

<u>ဝန်ခံချက်</u>

သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်း ပြောသလို မအအောင် သမိုင်းကို သိစေလိုသော ဆန္ဒဖြင့် ဖြစ်ရပ်မှန်ပေါ် အခြေခံပြီး ရေးခြယ်အပ်ပါသည်။




www.burmeseclassic

www.burmeseclassic.com

# ဂါဒီးယန်းကို

## အာဖြူရောင်နောင်တ




ရေခဲတုံးလေးများက ဖန်ခွက်ထဲတွင် နေရာမရစွာ ဟိုဟိုဒီဒီ ပြေးလွှားလျက်ရှိသည်ကို မိုးယံငေးကြည့်ရင်း လျှော့ရဲရဲပြုံးလိုက်သည်။ ဩော်.. ရေခဲတုံးလေးတွေက ငါတို့အဖြစ်နဲ့ တယ်တူပါလားလို့ တွေးလိုက်မိသောကြောင့်ဖြစ်၏။ ယခုအချိန်မှာ မိုးယံအပါအဝင် သူထွန်း၊ ရဲပွံ့နိုင်၊ ဗိုလ်အောင်၊ ကျော်သူမင်း၊ ထူးခန့်တို့ (၆)ဦးစလုံး နေရာမရဖြစ်နေရသည်ပဲ မဟုတ်လား။ ဇာတိရပ်မြေအသီးသီးကို အကြောင်းတစ်ခုကြောင့် စွန့်ခွာခဲ့ပြီး ရန်ကုန်ရွှေမြို့တော်ကြီးသို့ တစ်ဦးအပေါ်တစ်ဦး ကိုင်းကျွန်းမှီပြုပြီး ချီတက်လာခဲ့ကြ၍ ယခုကဲ့သို့ ရောက်ရှိနေရခြင်း ဖြစ်သော်လည်း နေရာအသစ်နှင့် အသားမကျသေး၊ နေရာမရသေး။

ယခုလည်း ငှားရမ်းထားသည့် တည်းခိုခန်းတွင် မနေထိုင်ဘဲ လူစည်ကားရာ အရက်ဘားတစ်ခုတွင် အရက်လာသောက်ကြရင်း မိမိနှစ်သက်ရာ အပျော်ကို ရှာဖွေနေကြသည်။ သို့ပေမယ့် မိုးယံကတော့ အရက်ကလွဲပြီး အခြားအပျော်အပါးတွေကို မမက်ချေ။ အရက်ကို ဖိမ်ခံသောက်ပြီး အတွေးနယ်ချဲ့နေရသောဘဝကို အတပ်မက်ဆုံးဖြစ်၍ အတွေးစတို့ကိုဖြတ်ကာ ဖန်ခွက်ထဲက လက်ကျန်အရက်ကို ငေးကြည့်မနေတော့ဘဲ တစ်ကျိုက်တည်း မော့ချလိုက်သည်။

"ဟာ..မင်း..မင်း မိုးယံမဟုတ်လား"

အတွေးနယ်လွန်နေစဉ် နောက်ကျောဆီက အသံတစ်သံ ကြားလိုက်ရ၍ မိုးယံ အသိဝင်လာကာ ဖျတ်ခနဲ လှည့်ကြည့်လိုက်တော့ မီးရောင်စုံးစုံးကို ပထမတွေ့မြင်လိုက်ရသည်။ မီးရောင်ကြောင့် မျက်စိကျိန်းစက်စက်ဖြစ်သွားမိစဉ် ထိုမီးရောင်ကို ဦးခေါင်းတစ်လုံးက လာကွယ်သည်။ မိုးယံက မျက်လုံးတွေကို မှေးစင်းကာ အလင်းရောင်ကို ကျောပေးလျက် မတ်တတ်ရပ်နေသော ထိုအသံပိုင်ရှင်၏



www.burmeseclassic

www.burmeseclassic.com



မျက်နှာကို အသေအချာ ကြည့်လိုက်သည်။

"ဟာကွာ၊ ဟိတ်ကောင်၊ မင်း..မင်း လွင်စိုး မဟုတ်လား။ မတွေ့တာကြာပြီကွာ သူငယ်ချင်းရာ။ လာ..ထိုင်"

တွေ့မြင်လိုက်ရသူက လွင်စိုး။ မိုးယံ၏ ငယ်သူငယ်ချင်း လွင်စိုး။

မိုးယံက နံဘေးမှထိုင်ခုံကို ထိုးပေးရင်း ဝမ်းသာ အယ်လဲခေါ်လိုက်သည်။ လွင်စိုးကို ကြည့်ရသည်မှာ ယခင်ကထက်ပင် ညှိုးငယ်နွမ်းပါးနေပုံပဲဟု ခန့်မှန်းမိ၏။ ထိုင်ခုံကို လက်နှစ်ဖက်နှင့်ဆွဲယူကာ ရွံ့တွန့်တွန့် ထိုင်ချလိုက်သည့် လွင်စိုး၏ ပုံစံကိုကြည့်ကာ မိုးယံ အရက်ခွက်ကို စားပွဲပေါ်သို့ အသာချလိုက်ပြီး-

"ကဲ..တစ်ခုခုမှာကွာ သူငယ်ချင်း၊ ဒါနဲ့ မင်း ဘာတွေလုပ်နေလဲ။ ဘယ်လိုလုပ် ဒီနေရာကို ရောက်လာတာလဲ။ မင်းက အရက်တွေဘာတွေ ချနေပြီလား"

မိုးယံက လွင်စိုး၏မျက်နှာကို စိုက်ကြည့်ကာ ပြုံးစနှင့် မေးလိုက်သည်။ မိုးယံနှင့် လွင်စိုးက တက္ကသိုလ်ပထမနှစ်ကနေ ဘွဲ့ရသည်အထိ တပူးတွဲတွဲ ခင်မင်ခဲ့ကြသည့် သူငယ်ချင်းအရင်းကြီးတွေ။ လွင်စိုး၏ အကြောင်းကို မိုးယံ ခရေစေ့တွင်းကျ သိပြီးသား။ လွင်စိုး၏ မိဘများ ဆင်းရဲနွမ်းပါးသည်မှအစ လွင်စိုး အရက်မသောက်တတ်သည်အဆုံး အကုန်သိနှင့်ပြီးသူမို့ ထိုသို့ နောက်ရွတ်ရွတ် မေးလိုက်ခြင်းဖြစ်၏။



www.burmeseclassic

www.burmeseclassic.com

မိုးယံ ခန့်မှန်းထားသည့်အတိုင်းပင် လွင်စိုးက ပြုံးဖြီးဖြီး ရယ်လိုက်ရင်း-

'မသောက်တတ်ပါဘူး မိုးယံရာ။ ငါက အရက်နဲ့တောင် ခံနိုင်တဲ့ကောင်မှ မဟုတ်တာ။ အခု ငါ အရက်ဆိုင်ထဲကို လာရတဲ့အကြောင်းရင်းက ကောင်တာမှာထိုင်နေတဲ့ တရုတ်ကို အတိုးပေးမလို့ကွ။ ကဲ‥ဒီလောက်ဆို မင်း ငါ့အခြေအနေကို နားလည်ရောပေါ့။ ဘာတွေလုပ်နေသလဲဆိုတော့ ကြုံရာကျပန်းလို့ ပြောရမှာပဲ သူငယ်ချင်းရေ။ ဟိုတလောကတော့ ရေသန့်ကုမ္ပဏီတစ်ခုမှာ စာရေးဝင်လုပ်သေးတယ်။ အဆင်မပြေလို့ ခုထွက်ပြီး အလုပ်ရှာနေတုန်းပေါ့။ အမေက ငါ့ညီမနဲ့အတူ ရွာမှာပဲ ကျန်ခဲ့တယ်။ ငါကတော့ မိသကို ပိုက်ဆံပို့နိုင်ဖို့ နေနေသာသာ ကိုယ့်ဘာသာ ထမင်းမငတ်အောင် ချေးငှားစားနေရတဲ့ ဘဝပဲကွာ။ စိတ်တွေလည်း ညစ်ပါတယ်။ ဒါနဲ့ မင်းရော၊ ဘယ်လိုလုပ် ရန်ကုန်ရောက်နေတာလဲ။ ပုံစံကြည့်ရတာတော့ ငါ့သူငယ်ချင်း ကြီးပွားနေပုံပဲ။ ဝမ်းသာပါတယ်ကွာ'

လွင်စိုးက စကားကို ကပျက်ကချော် ပြောလိုက်ပေမယ့် မိုးယံ၏ စိတ်ထဲတော့ မကောင်း။ တစ်ဖက်သားအပေါ် အားနာတတ် ကူညီတတ်သော လွင်စိုး၏ အကျင့်ကြောင့် အမြဲလူနိုင်ခံရ ဒုက္ခပေးခံခဲ့ရလေ့ရှိသည်။ ယခင်အလုပ်ကနေ ထွက်လာခြင်း ဟုတ်ချင်မှဟုတ်မည်။ တစ်စုံတစ်ယောက်က ချောက်ချလိုက်သဖြင့် ပြုတ်လာခြင်းသာ ဖြစ်နိုင်သည်။ တွေးရင်း တွေးရင်း အတိတ်မှ အဖြစ်အပျက်များက ခေါင်းထဲသို့ တိုးဝင်လာ၏။

တက္ကသိုလ်မှာကတည်းက မိုးယံတက်သမျှ ပြဿနာတွေကို လွင်စိုးက အမြဲတမ်း ခေါင်းခံရှင်းပေးနေကျ။ ဘယ်သူတွေ ဘာပြောပြော သည်းခံတတ်၊ အားနာတတ်ပြီး မိမိအပေါ်လည်း အမြဲအနွံအတာခံသည့် လွင်စိုးကို မိုးယံကလည်း အလွန်ခင်ခဲ့သည်။ ဝေးခဲ့သည်မှာ (၆)နှစ်၊ (၇)နှစ်ကျော်ပြီဖြစ်သော်လည်း မိမိက လူမွေးလူရောင် ပြောင်နေသလောက် လွင်စိုးကတော့ ညှိုးရိုးနွမ်းပါးနေသည်ကို တွေ့ရသဖြင့် စိတ်မသက်မသာဖြစ်မိသည်။

'ဟိတ်ကောင်‥ဘာတွေတွေးနေတာလဲ။ စကားလေးဘာလေး ပြောပါဦးကွာ'

'ဩော်‥အေး၊ ဝမ်းသာလွန်းလို့ ဘာပြောရမှန်းမသိဖြစ်နေတာပါ သူငယ်ချင်းရာ။ ကဲ‥ကြိုက်တာမှာပါကွာ။ ငါကျွေးပါရစေ။ ပြီးရင် ငါ့ဘော်ဒါတွေနဲ့ မိတ်ဆက်ပေးမယ်။ မင်းလည်း သူတို့ကို သိမှာပါကွာ။ ကျောင်းတုန်းက ငါနဲ့တွဲတဲ့ကောင်တွေလေ'

'ကျောင်းတုန်းက မင်းနဲ့တွဲတဲ့ကောင်တွေဆိုတော့ ဟို လမ်းသရဲလိုကောင်တွေလား'

'ဟ‥ဟ‥မင်းက မှတ်မိသေးသားပဲ။ အေး‥ဟုတ်တယ်၊ သူတို့တွေပဲ။ ကဲပါကွာ၊ ကျန်တဲ့အကြောင်းတွေနောက်မှ ပြောတာပေါ့ကွာ။ ခုလောလောဆယ် ငါတို့ကျောင်းတုန်းကကိစ္စလေးတွေ ပြန်ပြီးစမြုံ့ပြန်ကြရအောင်'

နှစ်ယောက်သား တစ်ယောက်ပခုံးကိုတစ်ယောက် ဝမ်းသာအားရ ဖျစ်ညှစ်ရင်း ဟက်ဟက်ပက်ပက် ရယ်မောမိကြသည်။

◆ ◆ ◆

ရဲဝံ့နိုင်အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန်လျှောက်နေသည်။ သူ့ပုံစံကိုကြည့်ရုံမျှပင် စိတ်ဂနာမငြိမ်ဖြစ်နေကြောင်း လွယ်လင့်တကူ ရိပ်မိနိုင်သည်။

'ကြာလိုက်တာကွာ၊ ဗိုက်ဆာလှပြီ'

'လွင်စိုးက ကျောင်းတုန်းကထက်တောင် ပိုနုံလာသေးသလိုပဲ။ ခေါက်ဆွဲကြော်နဲ့ အရက် သွားဝယ်ရင်း ခေါက်ဆွဲကြော်ဖြစ်သွားပြီလား မသိဘူး။ ကြာလေ နုံလေ ထုံလေဆိုတာ ဒီကောင်လိုဟာမျိုးပေါ့'

ရဲဝံ့နိုင်၏ ညည်းသံကို ထူးခန့်က ထောက်ခံရင်း ခပ်လှောင်လှောင်ပြောလိုက်၏။

ထူးခန့်၏ ပြောစကားကြောင့် စာဖတ်နေရာမှ မိုးယံ ခေါင်းထောင်လာပြီး-

'ထူးခန့်‥လွင်စိုးကို မနိမ့်ဖို့ ငါ ဘယ်နှစ်ခါပြောရမလဲ။ တံမြက်စည်းလှည်းလို့ ဖုန်မပြောင်ရင်လည်း နုံလိုက်တာ၊ ဟိုဟာဒီဟာလုပ်လို့ အဆင်မပြေရင်လည်း နုံလိုက်တာနဲ့ မင်း သူ့ကို နုံတယ်ပြောရအောင် မင်းကရော ဘာတွေအဖြစ်ရှိနေလို့လဲ။ သူက ငါ့အတွက် အခင်ဆုံးသူငယ်ချင်း။ အခု ငါတို့အဖွဲ့ဝင်လည်း ဖြစ်နေပြီ။ မင်း သူ့ကို နှိမ်တဲ့စကားပြောတာ ဒါ နောက်ဆုံးအကြိမ်ဖြစ်ပါစေ။ နောက်တစ်ခါကြားရင် ငါ ပါးစပ်နဲ့ မဆုံးမတော့ဘူး'

မိုးယံက စကားကို အဆုံးသတ်ကာ လင်းညှိုးကို


www.burmeseclassic

www.burmeseclassic.com

ကျွေးပြလိုက်သဖြင့် ပြောင်စပ်စပ်ဖြစ်နေသော ထူးခန့်၏ မျက်နှာတည်သွားပြီး ခေါင်းပုသွား၏။ ကျန်လူများကလည်း မိုးယံ၏ ပြောစကားဆိုလျှင် နာခံတတ်ကြသည်သာ များ၏။ မိုးယံက အားလုံးထဲတွင် ဉာဏ်အပြေးဆုံး၊ လုပ်ရည်ကိုင်ရည် အတော်ဆုံးဖြစ်၍ အဖွဲ့၏ခေါင်းဆောင်ဖြစ်နေသဖြင့် မိုးယံ၏သူငယ်ချင်း လွင်စိုးကိုလည်း အပြစ်မပြောဝံ့ကြတော့။

မိတ်ဆက်ပေးခါစက အူကြောင်ကြောင်မျက်နှာနှင့် အားလုံးကို ငတုံးတစ်ယောက်လို ပြုံးရယ်ပြနေသည့် လွင်စိုးကို သူထွန်း၊ ရဲပုံနိုင်၊ ဗိုလ်အောင်၊ ကျော်သူမင်း၊ ထူးခန့်တို့ (၅)ယောက်လုံး ဝိုင်းသမချင်စိတ် ပေါက်ခဲ့ကြသော်လည်း မိုးယံကို ကြောက်ရသဖြင့် မကောင်းတတ်စွာ ဆက်ဆံနေခဲ့ရသည်။ သို့သော်လည်း နောက်ပိုင်း လွင်စိုး၏ ဖော်ရွေမှု၊ ကူညီမှု၊ အလိုက်သိမှုတွေကြောင့် သူတို့အားလုံး လွင်စိုးကို ခင်မင်သွားခဲ့ကြပြီ။ ဘာပဲပြောပြော လွင်စိုးလို နုံအအလူတစ်ယောက်ကလည်း သူတို့အဖွဲ့အတွက် လိုအပ်သည်ပဲမဟုတ်လား။

‘မိုးယံ..ဒါနဲ့ ခုတလော မောင်ကြီးတို့ဘက်က ငြိမ်ချက်ကောင်းနေသလိုပဲ’

‘အေးကွ၊ တကယ်တမ်းဆို အခုချိန်မှာ ငါတို့ကို သူတို့က မြေလှန်ရှာနေရမှာမဟုတ်လား။ ငါတို့က သူတို့ကို အကြီးကြီး ခွင်ရိုက်ခဲ့တာလေ’

‘သူတို့ဉာဏ်က ငါ့ကို မယှဉ်နိုင်ပါဘူးကွာ။ ခုလောက်ဆို သူတို့ ငါတို့ကို မန္တလေးဘက်မှာ အသည်းအသန် ရှာနေလောက်ပြီ။ ငါတို့ ရန်ကုန်ဘက်ကို ပြေးလိမ့်မယ်လို့ သူတို့ တွေးမိမှာတောင် မဟုတ်ဘူး’

သူထွန်းနှင့် ဗိုလ်အောင်တို့၏ အမေးကို မိုးယံက ဂျာနယ်ဖတ်မပျက် ခပ်အေးအေးဖြေလိုက်သည်။ ဟုတ်လည်း ဟုတ်သည်။ မိုးယံက IQ အတော်မြင့်သူဟု ဆိုရမည်။ ကျောင်းတုန်းက ဆိုလျှင်လည်း အတန်းလုံးဝ မတက်ဘဲ အနားနီးရောက်မှ ကောက်ဖတ်ပြီး စာမေးပွဲ ဖြေခဲ့သည်ချည်း။ သင်္ချာပုဒ်စာတွေဆိုလျှင်လည်း ဘယ်တော့မှ သူများ တွက်ပြစရာမလို။ တစ်ချက် နှစ်ချက် ကြည့်ရုံမျှနှင့် အဖြေမှန်ထွက်အောင် တွက်တတ်သည်။

ဤသို့ ဉာဏ်ရည်ဉာဏ်သွေးမျိုးကို လမ်းမှန်ဘက်တွင် အသုံးချနိုင်ခဲ့လျှင် ကောင်းမည်ဟု ဂျာနယ်ဖတ်နေရင်း မိုးယံသတိလက်လွတ် တွေးလိုက်မိသည်။ အာ..မဟုတ်သေးပါဘူး။ ဤလမ်းကို မိမိရွေးချယ်ခြင်းမဟုတ်၊ ကံတရားကသာ ရွေးချယ်ပေးခဲ့ခြင်းဖြစ်သည်။ ကျောင်းပြီးသွား၍ သူငယ်ချင်းများနှင့် စိတ်ကြိုက်လည်ပတ်နေခဲ့စဉ် မိုးယံ၏ဖခင်ကြီး ရောဂါတစ်ခုဖြင့် ကွယ်လွန်သွားသည်။ တစ်သက်လုံး မိဘပိုက်ဆံကို ထိုင်သုံးရုံသာ သုံးတတ်ပြီး မရှာတတ်သူ မိုးယံတစ်ယောက် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်နေခိုက် ရေနစ်သူကို ဝါးလုံးနှင့် အထိုးခံရသလို ကျန်ရစ်သူ မိခင်ကြီးမှာလည်း ခင်ပွန်းသည်နှင့်ပတ်သက်ပြီး စိတ်ထိခိုက်ကာ နှလုံးရောဂါ ဟောင်း ပြန်ထလာသဖြင့် ကုသဖို့ လိုအပ်လာခဲ့၏။

ငွေ..ငွေလိုအပ်လာချေပြီ။ ကုသမှုခံယူဖို့ရာ ငွေရှိမှဖြစ်မည့်အချိန်တွင် မိုးယံ ငွေရှာမှဖြစ်တော့မည်။ ထိုသို့ အခက်အခဲကြုံတွေ့နေသည့်အချိန် သူထွန်းတို့အဖွဲ့နှင့်ဆုံကာ ဤလမ်းပေါ်သို့ မိုးယံ ရောက်ရှိလာခဲ့၏။ ကံဇာတ်ဆရာ၏ ကျီစယ်မှုက နင့်သီးမုန်းတီးစရာ ကောင်းလွန်းလှသည်။ ဘဝတစ်ခုလုံးကို နင်းချေပြီး ရှာဖွေခဲ့ရသော ငွေကြေးများဖြင့် အတတ်နိုင်ဆုံး ကုသပေးခဲ့သော်လည်း တစ်နှစ်အကြာ၌ မိခင်ကြီးသည် ထိုရောဂါဖြင့်ပင် လူ့လောကမှ အပြီးအပိုင် ထွက်ခွာသွားခဲ့သည်။

‘ကလင်..ကလင်’

ရုတ်တရက် တယ်လီဖုန်းမြည်လာသဖြင့် အတိတ်တွင် ကျင်လည်နေသည့်စိတ်တို့ နိုး၍တံသွားခဲ့သည်။ အသိစိတ်တွေကို ပစ္စုပ္ပန်သို့ ခေါ်ဆောင်ယူငင်ပြီး တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

‘မိုးယံ..မိုးယံ..သူငယ်ချင်း၊ ငါ့..ငါ့ကို ခွင့်လွှတ်ပါကွာ။ ငါ့ကို သူတို့ နှိပ်စက်ကြတာနဲ့ ငါ..’

တစ်ဖက်မှ စကားသံမှာ လွင်စိုးအသံဖြစ်ပြီး အသံက တုန်ယင်နေ၏။ ဉာဏ်ထက်လှသည့် မိုးယံတစ်ယောက် အဖြစ်မှန်ကို ချက်ချင်းသိလိုက်ပြီ။ ဒါ..ဒါဟာ မောင်ကြီးတို့ လက်ချက်သာဖြစ်မည်။

တစ်ဖက်မှ လွင်စိုး၏အသံက အဆုံးမသတ်သွားပါ။ လွင်စိုး၏စကားသံ အဆုံးသတ်သည်အထိ မကြားရဘဲ တဟဲဟဲရယ်သံကြီးက ကြားဝင်နေရာယူလိုက်ပြီး-

‘ကောင်းသောညနေခင်းပါ မောင်မိုးယံ၊ မင်း ငါ့ဆီက ဖြောင်သွားတဲ့ ပုံး(၁၀၀)ကို ငါက အေးအေးဆေး



www.burmeseclassic

www.burmeseclassic.com

ဆေး ပေးလိုက်မယ်လို့များ ထင်နေသလား။ ငါက မင်း အရင် လူဖြစ်တာပါ။ ဟဲ..ဟဲ..ဟဲ..မင်းထင်သလောက် မညံ့သေးပါဘူး။ အခု ငါ့လက်ထဲကို မင်းလူတစ်ယောက် ရောက်နေပြီ။ လူသစ်လေးထင်ရဲ့။ ကြောက်တတ်လိုက်တာ လွန်ရော။ သူလည်ပင်းပေါ် ဓားတင်ရုံရှိသေး ငိုနေပြီကွ။ အဟားဟား..ကဲ ဘယ်လိုလုပ်မလဲ။ မင်းလူကို ငါ သတ်ပစ်လိုက်ရမလား။ ဒါမှမဟုတ် ပုံး(၂၀၀)နဲ့ လာရွေးမလား။ ဟင်း..ဟင်း ဘော့ဒါတွေအပေါ် မင်း ဘယ်လောက်ထိ သံယောဇဉ်တွယ်သလဲဆိုတာ ငါသိပြီးသားပါ။ ဒီမယ် မောင်မိုးယံ၊ မင်းက ငါ့တပည့်တစ်ယောက်ပါကွာ။ မင်းလောက်တော့ မောင်ကြီးတို့က သနားတယ်။ ကဲ..ပြောလေ၊ ဘယ်လိုလုပ်ချင်သလဲ'

တစ်ဖက်မှ မောင်ကြီး ခေါ် ဦးနိုင်အောင်၏ အသံကွဲအက်အက်ကြီးကို နားမချမ်းမြေ့ဖွယ် ကြားလိုက်ရသဖြင့် မိုးယံ တောက်တစ်ချက်ကို ပြင်းပြင်းခေါက်လိုက်မိသည်။ စကားသံသာမက ဆိုလိုချက်ကလည်း ချောက်ချားဖွယ်ရာ ကောင်းလွန်းလှပါဘိ။ ယုတ်မာလိုက်ပါဘိ။ လွင်စိုးတစ်ယောက် မလည်မဝယ်နှင့် သူတို့လက်ထဲသို့ ကျရောက်နေပြီ။ မောင်ကြီးက တကယ့်လူမိုက်ခေါင်းဆောင်။ သူ့လက်၌ လက်မရွံ့သမားတွေ (၄၊ ၅၊ ၁၀) ယောက်မက။ လွင်စိုး ဒုက္ခရောက်သွားနိုင်သဖြင့် မိုးယံ ကြည်နူးစွာ စဉ်းစားမနေတော့ဘဲ-

'မောင်ကြီး..ခင်ဗျား ကတိသာတည်ပါစေ။ ကျွန်တော့်ပုံး(၂၀၀)နဲ့ ကျွန်တော့်သူငယ်ချင်းကို လာရွေးမယ်။ အချိန်နဲ့ နေရာသာပြော'

'ဒီလိုလိမ္မာမှပေါ့။ မနက်ဖြန် ညဆယ်နာရီ ဗိုလ်တထောင်သင်္ဘောဆိပ်ကို လာခဲ့။ ရဲတော့ ခေါ်မလာခဲ့မှန်း ငါသိပါတယ်။ ရဲကိုသွားတိုင်ရင် မင်းလည်း ကွိသွားမှာပေါ့။ Good Luck'

စကားဆုံးသည်နှင့် တီခနဲအသံပိတ်သွားသည့်ဖုန်းကို မိုးယံ ငေးငေးငိုင်ငိုင် ပြန်ဆက်ကိုင်ထားမိဆဲ။ ဆုံးဖြတ်ချက် မှားသွားမှန်း မိုးယံ နောင်တရစွာ သတိပြုလိုက်မိ၏။

'တောက်'

တောက်တစ်ချက်ကို ပြင်းပြင်းခေါက်လိုက်မိပြန်သည်။ အမှန်ဆို ဤသို့ အန္တရာယ်များလွန်းသော အလုပ်ထဲသို့ လွင်စိုးကို ဆွဲမသွင်းခဲ့သင့်။ ယခုတော့ လွင်စိုး တစ်ယောက် မိမိကြောင့် ဒုက္ခရောက်တော့မည်။ ယောက်ယက်ခတ်နေဆဲစိတ်တို့ကို တည်ငြိမ်အောင် စုစည်းလိုက်ပြီး အစီအစဉ်တစ်ခုကို ခေါင်းထဲတွင် ခပ်လောလော တွေးတောက ကျန်အဖွဲ့ဝင်များကို အကြောင်းအရာအစုံ ပြောပြရတော့သည်။ တစ်ရက်အတွင်း ပုံး(၂၀၀)ရအောင် အမြန်ဆုံးရှာမှ ဖြစ်တော့မည်။

◆◆◆

မိုးယံလို ထက်မြက်သည့်ဦးနှောက်ကို ပိုင်ဆိုင်ထားပြီး လက်မရွံ့သူတစ်ယောက်အဖို့ ပုံး(၂၀၀)ကို ရှာဖွေရသည်မှာ ခက်ခဲလှသည့် ကိစ္စတော့မဟုတ်။ ညဘက် လူခြေတိတ်ချိန်တွင် စိန်ရွှေရတနာဆိုင်၏တံခါးကို ချိုးဖျက်ကာ ခိုးယူခဲ့လိုက်ပြီး အလုပ်လုပ်နေကျလူတွေဆီ သွားရောက်ရောင်းချလိုက်သဖြင့် ပုံး(၂၀၀)ပြည့်သွားခဲ့ပြီ။

ငွေစက္ကူတွေကို စားပွဲပေါ်တွင် အထပ်လိုက်တင်ကာရင်း အားလုံးထိုင်ငိုင်နေမိကြသည်။ အမှန်ဆို လွင်စိုးကြောင့်သာမဟုတ်လျှင် မိုးယံတို့လူစု ဤလောကမှနေ စွန့်ခွာတော့မည်ဟု တိုင်ပင်ဆုံးဖြတ်ထားခဲ့ကြပြီ။ ယခုချိန်တွင် ထိုအလုပ်တွေကို မဖြစ်မနေလုပ်နေရသော်လည်း အားလုံးမှာ စိတ်မပါဟော့။ အလုပ်ကပေးသော သင်ခန်းစာတွေကြောင့် အားလုံး ဤအလုပ်ကို စိတ်အနာကြီးနာနေကြပြီ မဟုတ်လား။

အမှန်တော့ မောင်ကြီးက မိုးယံ၏ လက်ဦးဆရာဖြစ်၏။ မိခင်ဖြစ်သူ၏ ရောဂါအခြေအနေကြောင့် မိုးယံ ငွေအသည်းအသန် လိုအပ်နေကြောင်းကို ကြားသိသဖြင့် သူထွန်းက မောင်ကြီးထံသို့ မိုးယံကို ခေါ်ဆောင်ပေးခဲ့၍ မိုးယံ ဤလောကထဲသို့ ရောက်ရှိခဲ့သည်။ ရောက်ခါစက နောက်လိုက်ဘဝတွင် ရှိခဲ့သော်လည်း နဂိုကတည်းက ဉာဏ်ပြေးသူဖြစ်တာကြောင့် တဖြည်းဖြည်းနှင့် ပညာရည်ဝကာ ကွက်ကျော်မြင်တတ်လာသည်။

မောင်ကြီးက ဗလကောင်းကောင်းနှင့် ဤလောကတွင် လုပ်သက်ရင့်နေသောကြောင့်သာ ဆရာဖြစ်နေပေမယ့် တကယ့်တကယ်တမ်း အတွေးအခေါ် အယူအဆတွေကျ မိုးယံလောက် ဉာဏ်မပြေး၊ ကွက်ကျော်မမြင်။ အရာရာ မိုးယံကိုသာ အားကိုးယုံကြည်နေရသည့်အဖြစ်ကို အခွင့်ကောင်းယူပြီး တစ်ကြိမ်တွင် မိုးယံတစ်ယောက် သူငယ်ချင်းတွေနှင့် ပူးပေါင်းပြီး မောင်ကြီးကိုကွက်



www.burmeseclassic

www.burmeseclassic.com

ကျော်နင်းကာ ရန်ကုန်သို့ ထွက်ပြေးလာခဲ့ခြင်းဖြစ်၏။

သူထွန်း၊ ရဲဝံ့နိုင်၊ ဗိုလ်အောင်၊ ထူးခန့်တို့ ငါးယောက်လည်း မိုးယံကဲ့သို့ပင် ဇာတ်လမ်းတစ်ပုဒ်ဆီ ရှိကြသည်။ ဤလမ်းပေါ်သို့ သူထွန်း ရောက်လာရခြင်း အကြောင်းရင်းမှာ ချစ်ရသူကြောင့် ဖြစ်သည်။ ရည်းစားဖြစ်သူကို တင့်တင့်တယ်တယ် ထောင်းရမ်းနိုင်ရန်အတွက် အလုပ်ရှာနေစဉ် မောင်ကြီးက မြိုးမြိုးမြက်မြက်ရမည်ဟု ဆွယ်တရားဟောခဲ့၍ ဤလမ်းပေါ်သို့ ရောက်ရှိခဲ့ခြင်းဖြစ်၏။ လမ်းမှားမှန်း သိလိုက်ရချိန်တွင် နောက်ပြန်လှည့်၍ မရတော့သဖြင့် ချစ်သူနှင့် ဝေးကွာခဲ့ရ၏။ ရဲဝံ့နိုင်ကတော့ နဂိုကတည်းက သွေးအေးတဲ့လူစားဖြစ်၍ ငွေနောက်လိုက်ရင်းမှနေ အမှား အမှန် မခွဲခြားနိုင်တော့ဘဲ ဤလမ်းပေါ်သို့ ရောက်ရှိခဲ့ရခြင်းဖြစ်သလို ဗိုလ်အောင်နှင့် ကျော်သူမင်းတို့ ညီအစ်ကိုမှာလည်း မြို့တက် အလုပ်လုပ်ဖို့ လာရင်းမှ မောင်ကြီး၏ လောဘတဏှာ ထောင်ချောက်တွင်းသို့ သက်ဆင်းခဲ့ရခြင်းဖြစ်၏။

ထူးခန့်ကတော့ ခပ်မိုက်မိုက် လူစားဖြစ်၍ ကျောင်းသားဘဝ၌ လူပေါင်းမှားကာ ဤနေရာသို့ ရောက်ရှိခဲ့ရသည်။ ယခုအချိန်တွင်တော့ အားလုံးက မောင်ကြီးလက်မှ လွတ်မြောက်ခဲ့ကြပြီဖြစ်သလို ရင်နာစရာ အကြောင်းအမျိုးမျိုးတို့ကြောင့် ဤလောကကို စိတ်နာကာ စွန့်ခွာရန်ကြိုးစားနေကြပြီ။ ထိုချိန်ကျမှ ကံဇာတ်ဆရာက ကျီစားပြန်သည်။

"မိုးယံ . . လိုရမည်ရ သေနတ်တွေယူသွားရင် ကောင်းမယ်"

"အင်း . . ဟုတ်တယ်။ ငါလည်း မောင်ကြီးကို မယုံကြည်ဘူး။ သူက လူယုတ်မာ။ ငွေတွေမြင်မှ ငါတို့ကို လုပ်ကြံရင် လုပ်ကြံနိုင်တယ်။ ငါတို့ နယ်စပ်က မှောင်ခိုဝယ်ထားတဲ့ ပစ္စတို(၄)လက်လုံး ယူသွားရင်ကောင်းမယ်"

ကျော်သူမင်းက မောင်ကြီး၏ လက်အောက်တွင် ကြာရှည်စွာ အလုပ်လုပ်ခဲ့ရသူဖြစ်သဖြင့် မောင်ကြီး၏ အကြောင်းကို အားလုံးထက် ပိုသိသည်။ မောင်ကြီးက အကြံသမား။ သူ့ကို ကွက်ကျော်ရိုက်သွားသည့် မိုးယံတို့အဖွဲ့ကို တော်တော်နှင့် ကျေအေးလိမ့်မည်မဟုတ်။ သို့ကြောင့် လိုရမည်ရ သေနတ်တွေပါ ယူသွားကြရန် ဆုံးဖြတ်လိုက်သည်။

မိုးယံ၏ စိတ်ထဲတွင်တော့ တိုးတိုးကြိတ်ကြိတ် ဆုတောင်းနေမိသည်က-

"လွင်စိုး ဘာမှမဖြစ်ပါစေနဲ့။ ဒီကိစ္စတွေ မြန်မြန်ပြီးသွားပါစေ။ တပည့်တော်တို့လည်း ဒီအလုပ်တွေကို ဆက်မလုပ်တော့ပါဘူး အရှင်ဘုရား။ မှန်တဲ့သစ္စာစကားကြောင့် တပည့်တော်ရဲ့ သူငယ်ချင်းတွေအားလုံး အန္တရာယ်ကင်းပါစေ"

◆ ◆ ◆

တချပ်ချပ်ပြေးနေသော စက္ကန့်လက်တံလေးကို ငုံ့ကြည့်ရင်း မိုးယံ သက်ပြင်းငွေ့ငွေ့ကို ခိုးရှိုက်လိုက်သည်။ ဆယ်နာရီထိုးတော့မည်။ ကားက ချိန်းဆိုထားရာနေရာသို့ ဆယ်နာရီ ရောက်ရှိရန် အနည်းငယ်မျှသာ လိုတော့သည်။ ဆယ်နာရီနောက်ပိုင်းတွင် ဘာတွေဖြစ်ပျက်လာမလဲ။ မိုးယံ မစဉ်းစားလို၍ အပြင်သို့ ငေးကြည့်လိုက်၏။ ဆိပ်ကမ်းတွင် ဆိုက်ကပ်နားနေသော သင်္ဘောကြီးများကို ခပ်ဖွဲဖွဲကျနေသော မိုးစက်များကြားမှ မှုန်တိမှုန်ဝါး တွေ့မြင်နေရသည်။

"ချပ်"

နာရီစက်သံနှင့်အတူ ဆယ်နာရီထိုးပြီဖြစ်ကြောင်း သိလိုက်ရသည်နှင့်တစ်ပြိုင်နက် လေအလျင်နှင့် ပြေးဝင်လာသော မိုးယံတို့ကားလေးမှာ ချိန်းဆိုထားရာ ဆိပ်ကမ်းထိပ်တွင် ရပ်တန့်သွား၏။ ပိုက်ဆံသိန်း(၂၀၀) ထည့်ထားသော အတာချီကေ့(စ်)ကို ဆွဲကိုင်ကာ ကားပေါ်မှ (၆) ယောက်သား ဆင်းလာခဲ့လိုက်သည်။ မိုးယံတို့အဖွဲ့ ကားပေါ်မှ ဆင်းလာလိုက်သည်နှင့် တစ်ဖက်ကားပေါ်မှလည်း





www.burmeseclassic

www.burmeseclassic.com

မောင်ကြီးတို့အဖွဲ့ ဆင်းလာသည်။

'ဟဲ..ဟဲ..ရောက်လာကြသားပဲ။ တော်သေးတာပေါ့။ ဒီမှာ မင်းတို့သူငယ်ချင်း သေမှာကြောက်လို့ တစ်ကိုယ်လုံး တုန်နေပြီ။ ငါကတောင် သူ့ကိုသတ်ရမှာ သနားနေတာ။ ကဲ..ဘယ်မှာလဲ ငွေတွေ'

'ဒီမှာ ငွေသိန်း(၂၀၀)အပြည့်ပဲ။ တစ်ပြားမှ မလျော့ဘူး။ ကျွန်တော့်လူကို လွှတ်လိုက်တော့'

'ဟ..ဟ..နေပါဦး၊ ဖြည်းဖြည်းပေါ့။ စစ်ဆေးပါရစေဦး။ သွား..စွာကျယ်၊ ငွေတွေ ဟုတ်,မဟုတ် သွားကြည့်လိုက်စမ်း'

မောင်ကြီးဘက်မှ စွာကျယ်ဆိုသောကောင်က ခပ်တောင့်တောင့် လျှောက်လာပြီး မိုးယံလက်ထဲက သိန်း(၂၀၀)ကို ဟုတ်,မဟုတ် သေချာအောင် စစ်ဆေးလေသည်။ ငွေတွေပြည့်ကြောင်း သေချာပြီဆိုကာမှ သူ့ဆရာ မောင်ကြီးထံသို့ လှမ်းအကြောင်းကြားသည်။

'ငါ့လူနဲ့ မင်းငွေတွေကို ပို့လိုက်'

'ကျွန်တော်တို့ လူကိုလည်း လွှတ်ပေးဦးလေ'

'လွှတ်ပေးမှာပါကွာ။ သုံးမရတဲ့ မင်းလူကိုလည်း ခေါ်မထားပါဘူး။ တစ်ပြိုင်တည်း လွှတ်ပေးလိုက်မယ်'

မိုးယံက မောင်ကြီးကို သိပ်မယုံကြည်။ မိမိတို့ကို တစ်ခုခုလုပ်ကြံနိုင်ကြောင်း စဉ်းစားမိသဖြင့် နီးစပ်ရာတိုင်နှစ်တိုင်ကို မျက်စိကစားလိုက်ပြီးမှ-

'ခင်ဗျားတို့ ယီးတီးယားတားတော့ မလုပ်နဲ့နော်။ ကျွန်တော်တို့ဆီမှာ သေနတ်အပြည့်အစုံ ပါလာပြီးသား။ လျှော့တော့မတွက်လိုက်နဲ့။ ခင်ဗျားလူနဲ့ ငွေတွေပေးလိုက်မယ်။ တစ်ပြိုင်တည်း ကျွန်တော်တို့လူကိုလည်း လွှတ်လိုက်။ စမယ်။ 1, 2, 3'

3 ဟုအော်လိုက်ပြီး အတာချီကေ့စ်ကို ပေးလိုက်ကာ တစ်ဖက်သို့ လှမ်းကြည့်လိုက်တော့ လွင်စိုးကို လွှတ်လိုက်သည်ကို တွေ့ရသဖြင့် မိုးယံ စိတ်အနည်းငယ်သက်သာသွားသည်။ ထိုစဉ် မထင်မှတ်ထားသည့် အဖြစ်အပျက်တစ်ခုက ရုတ်ရုတ်သဲသဲ ဖြစ်ပွားသွားခဲ့ရသည်။

'ဒိုင်း'

'ဟာ..လွင်စိုး'

'မိုး..မိုးယံ..အ..အ'

'ဘုန်း'

မိုးယံ သံသယဝင်ခဲ့သည့်အတိုင်းပင် မောင်ကြီး သစ္စာဖောက်လေပြီ။ သို့သော်လည်း မိုးယံ မျှော်လင့်ထားသလို မိုးယံတို့လူစုကို သေနတ်နှင့် မပစ်ခတ်သေးဘဲ သူတို့ နှိပ်စက်ထားသောကြောင့် နာကျင်ခံစားနေရရှာသည့် လွင်စိုးကိုမှ သေနတ်နှင့် ပစ်လိုက်ခြင်းဖြစ်သည်။ မောင်ကြီးက မိုးယံကို စိတ်ထိခိုက်စေချင်၍ ထိုသို့ လွင်စိုးကို ဦးစွာ ပစ်သတ်လိုက်ခြင်းဖြစ်မည်။ မိုးယံ ဘာကိုမျှမမြင်တော့။ လွတ်မြောက်ပြီဟူသောအတွေးနှင့် ဝမ်းသာအားရပြေးလာစဉ် ပစ်သတ်ခံလိုက်ရသဖြင့် မျက်လုံးအဝိုင်းသားနှင့် လဲကျသွားရရှာသော လွင်စိုးကိုသာ မြင်ယောင်ရင်း တိုင်အကွယ်သို့ ပြေးမဝင်ဖြစ်တော့ဘဲ နေရာ၌သာ မတ်တတ်ရပ်ကာ တစ်ဖက်သို့ သေနတ်နှင့် တရစပ်ပစ်ခတ်မိသည်။

တစ်ဖက်ရန်သူ၏ ကျည်ဆန်တစ်တောင့်က မိုးယံ၏ ဘယ်လက်မောင်းတစ်ဖက်ကို လာရောက်ဖောက်ဝင်သွား၍ ပူရှိန်းရှိန်းခံစားချက်နှင့်အတူ လူလည်း ယိုင်နဲ့သွားပေမယ့် မိုးယံ အားမလျှော့ဘဲ ဆက်လက်ပစ်ခတ်နေဆဲ။ ထိုသို့ဖြင့် နှစ်ဦးနှစ်ဖက်လုံးက တစ်ဖက်ကိုတစ်ဖက် သေနတ်တို့နှင့် ပစ်ခတ်ကြရာ မှောင်မိုက်သောမိုးညကို သေနတ်သံများက ဖုံးလွှမ်းသွားတော့၏။

◆◆◆

'သူငယ်ချင်း မိုးယံ'

ခေါ်သံကြားတော့မှ မိုးယံ သတိဝင်လာပြီး ပတ်ဝန်းကျင်ကိုကြည့်လိုက်တော့ အရာအားလုံးက အရင်အတိုင်း။ မိုးယံ စိတ်လွင့်မြောသွားခြင်းပါလား။ စောစောက အဖြစ်အပျက်များသည် အမှန်စင်စစ် ဖြစ်ပွားခဲ့ခြင်းမဟုတ်ဘဲ မိုးယံစိတ်ကစားကာ တွေးမိတွေးရာ ပုံပေါ်ခဲ့ခြင်းသာ။ ပြတ်တောက်သွားသော အာရုံများကို လျစ်လျူရှုရင်း အသံလာရာဆီသို့ ကြည့်လိုက်တော့ လွင်စိုး။ လွင်စိုးက မိုးယံ၏ နာမည်ကို ခပ်ယဲ့ယဲ့လှမ်းခေါ်ကာ တစ်လှမ်းချင်း လျှောက်လာလေသည်။

မလှမ်းမကမ်းသို့ ရောက်သည့်အခိုက်မှာပဲ-

'ဟာ..လွင်စိုး၊ သတိထား'

ဆတ်ခနဲမြောက်တက်လာသော မောင်ကြီး၏ လက်မှ သေနတ်ကို တွေ့လိုက်ရသဖြင့် မိုးယံ ကြုံးအော်လိုက်သည်။ လူကလည်း အရှေ့သို့ ပြေးထွက်သွားကာ

www.burmeseclassic

www.burmeseclassic.com

မိမိဆီသို့ ဦးတည်လျှောက်လာသော လွင်စိုးကို တွန်းလှဲချလိုက်၏။ မိုးယံ၏ အတွန်းနှင့် မောင်ကြီး၏ လက်အကွေးက တစ်ပြိုင်နက်တည်း ဖြစ်ပျက်သွားခဲ့ပြီး သေနတ်သံသည် မိုးဖွဲဖွဲ၏အောက်တွင် ကျယ်လောင်စွာ ထွက်ပေါ်သွားတော့သည်။

'ဒိုင်း'

◆ ◆ ◆

'အားလုံးလက်မြှောက်ပါ။ ခင်ဗျားတို့ အားလုံးကို ပြည်သူ့ရဲတပ်ဖွဲ့က ဝိုင်းထားလိုက်ပါပြီ'

တဝေါဝေါပြေးဝင်လာသော ရဲတပ်ဖွဲ့ဝင်များက သေနတ်သံနှင့် မရေးမနှောင်းမှာပင် ရောက်ရှိလာကြ၍ အားလုံးအံ့အားသင့်ကာ ကြောင်စီစီဖြစ်ကုန်ကြသည်။ မိုးယံတို့ အဖွဲ့ကတော့ လွယ်လင့်တကူ လက်မြှောက်လိုက်ကြပေမယ့် မောင်ကြီးတို့အဖွဲ့က ထွက်ပြေးမည်လုပ်ကြသေးသည်။ သို့သော်လည်း အင်အားအလုံးအရင်းနှင့် ဝင်ရောက်ဖမ်းဆီးကြခြင်းဖြစ်သဖြင့် မောင်ကြီးအပါအဝင် ဘိန်းဖြူရောင်းဝယ်နေသောတစ်ဖွဲ့လုံး ဖမ်းဆီးရမိခဲ့သည်။

'မိုးယံ..မိုးယံ..သူငယ်ချင်း၊ မင်း..မင်း ဘယ်လိုနေသေးလဲ။ သတိထားပါဦးကွာ၊ မင်းကို ငါ ဆေးရုံပို့ပေးမယ်'

လွင်စိုးက မိုးယံ၏ ရင်ဘတ်က သေနတ်ဒဏ်ရာကို လက်ဖြင့်ဖိရင်း ဆိုလိုက်သည်။ ပြောမယ့်သာ ပြောနေရသည်။ ဤဒဏ်ရာ မည်မျှနက်ရှိုင်းမှန်း မိမိ၏ အတွေ့အကြုံအရ မသိမဟုတ် သိသော်လည်း ထိုအသိစိတ်ကို နှလုံးသားက ဘယ်လိုမှ လက်မခံနိုင်။ မိမိက တာဝန်နှင့် ဝတ္တရားအပေါ်ကိုသာ သစ္စာစောင့်သိခဲ့ပြီး သူငယ်ချင်းအပေါ်ကိုတော့ သစ္စာဖောက်ခဲ့မိသူမို့ ကိုယ့်ကိုယ်ကိုယ် နာကြည်းမဆုံး။

'ငါ..ငါ..သွားရတော့မှာ ငါသိတယ်။ ဒါ..ဒါပေမဲ့ ငါ့လို မကောင်းတဲ့ကောင် သေသွားပြီး မင်း ဘာမှ မဖြစ်တာ တော်ပါသေးတယ်ကွာ'

'မဟုတ်တာ သူငယ်ချင်းရာ။ ဒီလိုစကားမျိုး မင်း မပြောနဲ့။ မင်း မသေပါဘူး'

'စိတ်မကောင်း မဖြစ်ပါနဲ့ကွာ။ အ..ဒါနဲ့ ရဲတွေ ဘယ်လိုလုပ် ရောက်လာလဲမသိဘူး။ မောင်ကြီးတို့မိသွားတာ ငါဝမ်းသာလိုက်တာ။ သူတို့လိုကောင်တွေကြောင့် လူငယ်လေးတွေ အညွန့်တုံးနေရတာ။ အား..မျက်လုံးတွေ ပြာလာပြီ။ ငါ့သူငယ်ချင်းတွေ မိသွားတာတော့ စိတ်မကောင်းဘူး'

'စိတ်မကောင်းမဖြစ်ပါနဲ့ကွာ။ မင်းတို့ ဒီအလုပ်ကို ဦးနိုင်အောင်ခိုင်းလို့ လုပ်နေရမှန်း ငါသိပါတယ်။ မင်းသူငယ်ချင်းတွေကို ဥပဒေက အပြစ်လျှော့ပေါ့ပေးမှာပါ။ ဥပဒေကပေးတဲ့ အပြစ်ဒဏ်ကို ခံယူပြီးသွားရင် ဖြူစင်သန့်ရှင်းတဲ့ လူတစ်ယောက်အဖြစ်နဲ့ လူ့ဘဝမှာ စိတ်သစ်လူသစ် ရှင်သန်နိုင်တာပေါ့'

'ဟုတ်တယ်။ ဒီ..ဒီကောင်တွေလည်း ကျေ..ကျေနပ်မှာပါ။ အ..အု'

လွင်စိုး အနာကိုဖိကာ အဝတ်ဖြင့် စည်းနှောင်ဖို့ ကြိုးစားနေသည့်ကြားကပင် မိုးယံတစ်ယောက် စကားပြောရင်း ပါးစပ်မှ သွေးတွေအန်လျက် ခေါင်းငိုက်ကျသွားလေသည်။

လွင်စိုး ကတုန်ကယင်နှင့် မိုးယံ၏ လည်ပင်းနှင့် နှာခေါင်းနေရာကို စမ်းသပ်လိုက်တော့ လှုပ်ရှားမှု လေတိုးမှု မရှိတော့ချေ။ ပကတိငြိမ်သက်သွားခဲ့ပြီ။ မိမိအတွက် အသက်ပေးကာ ခင်မင်သွားခဲ့သော မိုးယံ၏ အလောင်းကို ထွေးပွေ့ရင်း လွင်စိုး ယောကျ်ားတန်မယ့် မရှက်နိုင်ဘဲ ငိုကြွေးမိသည်။ ရှိုက်ကြီးတငင် ငိုချလိုက်မိခြင်းဖြစ်သည်။

တာဝန်ရှိသူများက တရားခံတွေကို ဖမ်းဆီးသွားခဲ့ပြီဖြစ်၍ ပတ်ဝန်းကျင်သည် ဆိတ်ငြိမ်နေလေပြီ။ ရဲဝန်ထမ်းတချို့က လွင်စိုး၏အဖြစ်ကို ခပ်လှမ်းလှမ်းမှ ငေးကြည့်နေကြသည်။

ဆက်လက်လုပ်ကိုင်ရန် တာဝန်ဝတ္တရားများရှိသေး၍ လွင်စိုး စိတ်ကိုထိန်းလိုက်ရ၏။ အသက်ပျောက်သွားပြီဖြစ်သော မိုးယံ၏ အေးစက်စက်ခန္ဓာကိုယ်ကို မြေပြင်ပေါ်သို့ အသာအယာချလိုက်သည်။

ပြုံးယောင်သမ်းလျက် ရှိသော မိုးယံ၏မျက်နှာကို ငေးစိုက်ကြည့်ရင်း လွင်စိုး နောက်ဆုံး ရေရွတ်လိုက်မိသည်က-

'ငါ့ကို ခွင့်လွှတ်ပါ သူငယ်ချင်း'

စေတနာရှေ့ထားလျက်
ဂါဦးနွန်ကို



www.burmeseclassic

www.burmeseclassic.com

# ညီစော
## လူသတ်သမားသုံးယောက်
## နှင့်
## လူညာနည်းစား ဝါးပတ်ကြား



**တိတ်တခိုးမြှုပ်လိုက်ရသည့် မွေးကင်းစကလေးငယ်**

လဆုတ်ပက္ခ၏ မှောင်မိုက်လွန်းသည့် ညည့်တစ်ညည့်။

မည်သူမည်ဝါဟု သဲကွဲစွာ မသိနိုင်သည့် လူသားသုံးဦးတို့သည် အမှောင်ထုကို အန်တုရင်း တောစပ်အနီးဝက်ခြံနံဘေးသို့ မျက်စိလည်ကာ တိတ်တဆိတ်ရောက်ရှိလာကြလေ၏။

ထိုသုံးယောက်သည် လူသူလေးပါးတို့နှင့် တည့်တိုးတိုးလေမလားဟူသော စိုးရိမ်စိတ်ကြီးစွာဖြင့် လူသွားလမ်းတို့ကို ကွေ့ရှောင်ကာ သည်နေရာသို့ ကသုတ်ကရက်ရောက်လာရခြင်း ဖြစ်၏။

ထိုသုံးယောက်ထဲမှ တစ်ဦးသည် တစ်စုံတစ်ခုအား



www.burmeseclassic

www.burmeseclassic.com



ဂရုတစိုက်ပွေ့ပိုက်လာခဲ့သည်။ နောက်တစ်ဦးမှာ ပေါက်တူး(ပေါက်ပြား) တစ်လက်ကိုကိုင်လျက် ပထမတစ်ဦး နောက်သို့ စကားမဆိုသာဘဲ တိတ်တဆိတ်ပင် လိုက်ပါခဲ့ချေ၏။ တတိယလိုက်လာသူ တစ်ဦးကတော့ ပလတ်စတစ်အိတ်မည်းဖြင့် ထုပ်ပိုးဝှက်သိုထားသည့် ပျော့စိစိ၊ ချွဲပျစ်ပျစ် အရာအား ရွံရှာစက်ဆုပ်ဟန်ဖြင့် မျက်နှာကို ရှုံ့မဲ့ရင်း ကိုင်ဆွဲလာခဲ့၏။

ကျန်လက်တစ်ဖက်ဖြင့်လည်း သူ၏ နှာခေါင်းကို ပိတ်ကာ အမှောင်ထုအောက်မှ လေထုကိုပင် မရှူဝံ့ဝံ့ ရှူဝံ့ဝံ့ဖြင့် တစ်ချက်မျှပင်ရှိုက်ရင်း ရှေ့တူရူသို့ ဆက်လျှောက်လိုက်သည်။

'ကဲ..ဒီနေရာမှာပဲ မြှုပ်လိုက်ရရင် ကောင်းမယ်။ ညည့်လည်းနက်လှပြီ။ ငါတို့တစ်တွေ ဝေးဝေးလည်း မသွားရဲတော့ဘူး မဟုတ်လား'

တစ်စုံတစ်ရာကို ပွေ့ယူလာသူ ပထမတစ်ယောက်က တိတ်ဆိတ်ငြိမ်ချက်သားကောင်းလှသည့် ညဥ့်ယံကို ထွင်းဖောက်ပြီး အဖော်ညှိသည့် စကားသံ့သံ့ဖြင့် တိုးတိုးလေး ဆိုလိုက်၏။

'အို..မြှုပ်တာတော့ မြှုပ်ရမှာပဲပေါ့။ အဲ..ဘာလေးလဲ သိရအောင် အနှီးထုပ်ကို ဖွင့်ကြည့်ဦးမှ'

ပေါက်တူးကိုင်လာသူ ဒုတိယမိန်းမက မိန်းမသားပီပီ စပ်စုလိုက်သည်နှင့် ပထမမိန်းမ ပွေ့ယူလာသည့် အနှီးထုပ်အား အလောတကြီးဖြည်ကြည့်လိုက်သည်။

'ဟယ်..ရွှေပန်းလေး ငေါက်တောက်နဲ့ ယောကျ်ားလေးတော့'

'ဖြူဖြူဖွေးဖွေး ရေဆေးငါးလို ချစ်စရာလေးဟဲ့'

'ငါ့နှယ်..နှမြောလိုက်ပါဘိကွယ်။ ခုမှ အမိဝမ်းထဲက ပြွတ်ခနဲထွက်လာပြီး လူ့လောကထဲ နာရီပိုင်းလောက်တောင် အသက်ရှင်ခွင့် မရရှာတဲ့ လူကလေးရယ်။ ကြီးတော် သနားလိုက်တာကွယ်။ မှန်းစမ်း၊ အသက်ငွေ့ငွေ့မှ ရှိပါသေးရဲ့လား'

ကြင်နာတတ်ပုံရသည့် ဒုတိယမိန်းမသည် ပထမမိန်းမ ပွေ့ထားသည့် လက်ပေါ်မှကလေးကို ငုံ့ကြည့်ပြီး နှမြောတသ ယူကျုံးမရစွာ မျက်ရည်တွေတွေစီးလျ



www.burmeseclassic

www.burmeseclassic.com

ပြောလိုက်မိသည်။

'ကဲ..မိသဲဖြူရေ၊ ခုမှ အလွမ်းသယ်မနေနဲ့။ ဒါ တို့အလုပ်မဟုတ်ဘူး။ သူ့ဘာသာသူ အသက်ရှိရှိ၊မရှိရှိ တို့နဲ့ မဆိုင်တော့ဘူးလေ။ တို့ရဲ့ ဘ၀ပေးတာဝန်ကိုက ဒီည ဒီကလေးကို အစဖျောက်ပစ်ဖို့ပဲ မဟုတ်လား။ ဟင်း..နင် မွေးစားဖို့တော့ လုံးဝစိတ်မကူးလိုက်နဲ့။ ဒီကလေး အသက်ရှင်နေတာ သိတဲ့တစ်နေ့ တို့တစ်ရွာလုံး မိုးမီးလောင်ပြီသာ မှတ်ဟဲ့။ ကဲ..ကဲ..အကျိန်၊ နင့်အထုပ်လည်းပေး။ သဲဖြူ..ပေါက်ပြားနဲ့ တွင်းနက်နက်တူး။ အချိန်မရှိဘူး။ အကျိန်..နင့်အထုပ်ထဲက ကလေးအချင်းကိုပါ တစ်ပါတည်း ရောမြှုပ်လိုက်။ ကြားလား'

အလျှင်စလို အမိန့်ပေးနေသည့် ပထမမိန်းမဖြစ်သူသည် ထိုသုံးယောက်ထဲတွင် ခေါင်းဆောင်ဖြစ်ပုံရသည်။ သူ့အမိန့်ပေးသည့်အတိုင်း သဲဖြူသည် အထွန့်မတက်ရဲတော့ဘဲ အသင့်ပါလာသည့် ပေါက်တူးဖြင့် လူသွားလမ်းနံဘေး လေးငါးခြောက်တောင်ခန့်အကွာရှိ ချုံပုတ်စပ်စပ်တွင် တစ်ပေခွဲအနက်ခန့် တွင်းတစ်တွင်းအား သွက်သွက်ကလေး တူးလိုက်သည်။ လူခြေတိတ်ချိန်မို့ သဲဖြူသည် ပေါက်တူးကို ရဲရဲတင်းတင်း အသံကျယ်ကျယ် မတူးဝံ့ဘဲ ခပ်အုံ့အုံ့သာ တဆဆတူးနေရသည်။

လမိုက်ညဖြစ်ချေ၍ ဟိုမိန်းမသုံးဦးတို့၏ လှုပ်ရှားနေပုံကို ရုတ်တရက် မြင်လိုက်သူရှိပါက ဖုတ်သုံးကောင် အလောင်းဖော် စားနေသည်ဟုပင် ထင်လောက်သည်။ မတူကွဲပြားခြားနားသည့် အချက်မှာ ဖုတ်ကောင်တို့သည် လူသေအလောင်းကောင်တို့အား ဖော်ယူစားသောက်ကြပေသိ ထိုလူမိန်းမသုံးယောက်တို့မှာကား လူသေမြှုပ်ခြင်းသာ ကွာခြားပေလိမ့်မည်။

လူမြင်သူမြင်မခံဝံ့သည့်အတွက် ထိုမိန်းမသုံးဦးသည် အနီးထုပ်ထဲမှ မွေးကင်းစကလေးအား မိခင်ဝမ်းကြာတိုက် ဝယ် ထုပ်ပိုးကာရံကာ အာဟာရဆက်ပေးရာသည့် ၎င်း၏ အချင်းနှင့်အတူ ခွေးသေကောင်ပုပ်လောက်တောင် တန်ဖိုးမထားနိုင်ဘဲ လူမဆန်စွာ အရှင်လတ်လတ် မြှုပ်နှံလိုက်ကြတော့သတည်း။

'ဩော်..လာခြင်းမကောင်းရှာတဲ့ အတောင်နှစ်ဆယ်ဝတ် မင်းယောကျ်ားအလောင်းအလျာတစ်ဦး လူ့ဘုံလောကထဲ နာရီပိုင်းအတွင်း ရောက်ပြီးကာမှ မိနစ်ပိုင်းအတွင်းမှာပဲ လူ့လောကကြီးထဲက အပြီးအပိုင် ထွက်သွားရပြီရှော ကလေးရယ်'

ဒုတိယမိန်းမဖြစ်သည့် နန်းသဲဖြူက ယူကျုံးမရစိတ်ဖြင့် တိုးတိုးလေးရေရွတ်ရင်း သူ့ပါးပြင်ပေါ်မှ မျက်ရည်များမှာ ဆီးတားမရ စီးကျလာပြန်၏။

'ကဲ..မိန်းမတို့ရေ ညည်းတို့အားလုံး ဒီကိစ္စကို နှုတ်လုံကြမှ ဖြစ်မယ်နော်။ ဒီကိစ္စအတွက် ငါတို့ကိုပေးထားတဲ့ အသပြာက မက်လောက်စရာပဲ မဟုတ်လား။ ဒီတော့ တို့တစ်တွေ တစ်သက်လုံး သစ္စာရှိရှိနဲ့ လျှို့ဝှက်ထားကြရင် မကောင်းလား'

မိန်းမသုံးယောက်ထဲမှ ခေါင်းဆောင်ဖြစ်ဟန်တူသူ နန်းငွေကြည်က ကလေးအလောင်းအား အရှင်လတ်လတ် မြေဖို့ရင်း တွေးတွေးဆဆ ပြောလိုက်သည်။

'ဟုတ်တယ်၊ ဟုတ်တယ်။ လူမသိ သူမသိ အို..ဘယ်သူမှ မသိလိုက်တဲ့ ဒီကိစ္စအတွက် တို့နှုတ်လုံမှဖြစ်မယ်။ နို့မို့ဆို နန်းခမ်းဝါလေး သနားပါတယ်။ သူ့ခမျာ လင်ကောင်မပေါ်ဘဲ ကလေးမွေးလိုက်ရလို့ တို့တစ်ရွာလုံးရဲ့ တံတွေးခွက်ထဲ ပက်လက်မျောရရှာလိမ့်မပေါ့။ တို့တစ်တွေရော ဘာထူးသေးလဲ။ ဒါ တိတ်တဆိတ်လူသတ်မှုပဲ။ ထိုတစ်တွေလည်း ကြံရာပါ ဖြစ်သွားကြပြီရော'

ထိုသုံးယောက်ထဲမှ အသနားတတ်ဆုံး နန်းသဲဖြူက ဖို့လက်စ ကလေးအလောင်းမှ အနီးပိတ်အား သေသပ်စွာ ဖုံးဖိပေးရင်း နန်းရွှေကြာစကားအပေါ် စိတ်မသက်သာစွာဖြင့် ထောက်ခံလိုက်ရ၏။

တတိယမိန်းမဖြစ်သူ နန်းကျိန်ကတော့ အချင်းထည့်သည့်အိတ်အား ကလေးအလောင်းဘေးဝယ် ညင်သာစွာ ချပေးလိုက်သည်။

ဖြစ်ချင်တော့ ထိုမိန်းမသုံးယောက် ကလေးအလောင်းအား မြှုပ်နှံသည့်နေရာသည် အိုက်ရွှတ်ဆိုသူ ဝက်သိုးမွေးထားသည့် ဝက်ခြံ၏ မလှမ်းမကမ်းတွင်ဖြစ်ကြောင်း ထိုမိန်းမသုံးယောက်ခမျာ သိမသွားကြရှာချေ။

◆◆◆

## သရဲတစ်ကောင်လား ဝိုးတဝါး

ဖြစ်ပုံမှာ သားနံ့ရည်၊ သားညှီနံ့ရသည့် အနံ့ဝက်သိုးဝက်တောင်းကြီးသည် နှာခေါင်းရှုံ့ချီပွချီလုပ်ရင်း ရှေ့လက်နှစ်ဖက်အား ခနော်ခနဲ့ဆောက်ထားသည့် ဝက်ခြံ[illegible]ရန်း

www.burmeseclassic

www.burmeseclassic.com

ပေါ်ထောက်ပြီး အညှီနံ့ရသည့်နေရာသို့ ခေါင်းထောင်ကြည့်လိုက်သည်။ ပြီးလျှင် စူးရဲသောမျက်လုံးအစုံတို့ကို အားကုန်ဖွင့်ရင်း ဝက်ခြံပေါ်မှ ကမူးရှူးထိုး ဝုန်းခနဲခုန်ချလိုက်၏။

"အ..အမယ်လေးတော့၊ ဘာသံကြီးလဲဟ။ ဟင်..ဝက်လိုလို ခွေးလိုလို ခါးလျားရှည်ကြီးနဲ့ မည်းမည်းအကောင်ကြီးဟ။ ဒါ..သရဲ..သရဲပဲ။ ပြေးကြဟေ့၊ ပြေးကြဟေ့"

ခိုးကြောင်ခိုးဝှက်ဖြင့် လူမိမခံဝံ့သည့် ထိုမိန်းမသုံးဦးတို့သည် ဝက်သိုးကြီးအား သရဲတစ်ကောင်အမှတ်ဖြင့် ပေါက်လက်စ ပေါက်ပြားကိုတောင် မယူနိုင်ချေတော့ဘဲ အူယားဖားယား တစ်ချိုးတည်း ပြေးလေတော့၏။

◆ ◆ ◆

မထင်မှတ်ဘဲရလိုက်သည့် သဲလွန်စတစ်မျှင်

လူမသိ သူမသိဟုသာ ဟိုမိန်းမသုံးဦးတို့စိတ်မှာ အပိုင်တွက်ထားကြသော်လည်း ထိုလူသတ် အလောင်းဖျောက်မှုအား မျက်ဝါးထင်ထင် မျက်မြင်ဒိဋ္ဌ လိုက်ချောင်းသူ တစ်ဦးတော့ ရှိနေပေသည်။

ထိုညက အိုက်ရွှတ်သည် ညွှဲဦးယံက သောက်ထားသည့် ရှမ်းတရုတ် အရက်ရှိန်ပြေ၍ တစ်ရေးနိုးလာချေ၏။ တီးတိုး တီးတိုး သဖန်းပိုးလုပ်နေသည့် မိန်းမတွေတို့၏ စကားသံယဲ့ယဲ့ကို ကြားလိုက်ရသည့်အတွက် မသိမသာ ပိန္နဲပင်ကို အကာအကွယ်ယူပြီး အသံလာရာဘက်သို့ ချောင်းကြည့်လိုက်သည်။ သူသည် အမှောင်ထုအောက်ဝယ် လှုပ်တုတ်လှုပ်တုတ်နှင့် ခိုးကြောင်ခိုးဝှက်တူးဆွနေသည့် မိန်းမသုံးယောက်အား ငပုပ်ဖမ်းထားသည့် နီကြန်ကြန့်လရောင်တစ်စွန်းတစ်စအောက်မှာ ဘွားခနဲ မြင်လိုက်ရတော့၏။

"ဟင်.. ဒီကောင်မတွေ ဘာလုပ်နေကြပါလိမ့်။ အင်း..ငါ့ခြံထဲမှာ အိပ်မက်အရ ရွှေတူးဖို့လာကြတာလား။ အို..ဒါလည်း မဟုတ်လောက်ဘူး။ ခင်း(သင်း)တို့ စကားထဲမှာ နန်းခမ်းဝါဆိုတာရော လင်ကောင်မပေါ်ဘဲ ကလေးမွေးတာရော အို..စုံနေတာပဲ။ အင်း..ဧကန္တ မွေးကင်းစကလေးအလောင်းကို တိတ်တဆိတ်မြေမြှုပ်နေတာပဲ ဖြစ်ရမယ်"

အိုက်ရွှတ်သည် သူ့ရင်ထဲ လိပ်ခဲတည်းလည်း ဖြစ်နေသည့် ထိုဖြစ်ရပ်အပေါ် အတွေးဖြန့်ကြက်လိုက်၏။

ညှဉ့်ဦးပိုင်းက မှိုဝဲထားသည့်အရက်နှင့် ရောသောက်ထားသည့် ရေထုကိုက တန်ခိုးပြလာပြီထင့်။

အိုက်ရွှတ်သည် မဟားတရား ဆီးသွားချင်သည်နှင့် ပိန္နဲပင်အောက် ဆောင့်ကြောင့်ထိုင်ရင်း အပေါ့သွားလိုက်သည်။ ထိုစဉ် အိုက်ရွှတ် မွေးထားသည့် ဝက်သိုးက ဝက်ခြံပေါ်မှ ခုန်အဆင်း ငှင်းနှင့် ဒက်ဒက်ထိ တိုးလေတော့၏။ တစ်လက်စတည်းမှာပင် ဝက်သိုးအား သရဲထင်သည့် မိန်းမသုံးဦးတို့ အပြေး အဖြစ်အပျက်သုံးခုက အကြောင်းသုံးပါး တိုက်ဆိုင်စွာ တစ်ချိန်တည်းမှာ ထန်းသီးကြွေခိုက်ကျီးနင်းလိုက် ဆိုသလို ဖြစ်ပျက်သွားလေတော့၏။

ထိုအခြင်းအရာကို မြင်လိုက်ရသည့် အိုက်ရွှတ်၏ ခေါင်းထဲသို့ အသိဉာဏ်တစ်ခုက လင်းခနဲ လက်ခနဲ တိုးဝင်လာချေတော့၏။

သူမြင်လိုက်ရသည်ကား ဝက်သိုးကြီးသည် အညှီရှိရာသို့ ဝက်ခေါင်းထိုး အရှိန်အဟုန်ဖြင့် ပြေးသွားပြီးလျှင် ဖိုလက်စ အညှီတွင်းသို့ ခေါင်းနှစ်ကာ ထိုးဖွနေသည့် မြင်ကွင်းပင် ဖြစ်လေတော့၏။

အိုက်ရွှတ်သည် စိတ်ကူးထဲ အကြံပေါ်လာသည်နှင့် သူနေသည့် တဲစုပ်ငယ်အတွင်းသို့ ခေါင်းငုံ့ဝင်ကာ တစ်မြန်နေ့ကမှ စပါးတို့၊ ပြောင်းတို့သွင်းရန် ပွဲစားတစ်ဦး လက်ဆောင်အဖြစ် ပေးထားသည့် အပျော်တမ်း ကင်မရာငယ်လေးအား အဆောတလျင်ထုတ်ယူလိုက်သည်။ ပြီးလျှင် ဝက်သိုးကြီး တူးဆွစားသောက်နေသည့် နေရာသို့သွားကာ လျှပ်တစ်ပြက် ဓာတ်ပုံများ တဖျပ်ဖျပ်ရိုက်ပါလေတော့၏။

ဝက်သိုးကြီးမှာ စားခါစပင် ရှိနေသေး၍ မသေမရှင် ကလေးငယ်၏ ခြေထောက်နှစ်ချောင်းအား မြိန်ရေရှက်ရေဖြင့် တကျွတ်ကျွတ်ကိုက်ဝါးနေပေသည်။ ကလေး၏ ဦးခေါင်းမှာ အရာမယွင်းသေး၍ အိုက်ရွှတ်အဖို့ ကံကောင်းသွားသည်။

အိုက်ရွှတ်သည် ဝက်သိုးကြီးနှင့် ဦးခေါင်းပါ ကလေးအလောင်းပုံတို့အား (၄၊ ၅၊ ၆)ပုံခန့် စိတ်တိုင်းကျ အမိအရရိုက်ယူလိုက်သည်။ ကင်မရာရိုက်ချက်မှ တဖျပ်ဖျပ်ထွက်လာသည့် လျှပ်တစ်ပြက်မီးရောင်ကြောင့် ဝက်သိုးကြီးသည် မွေးခါစ ကလေးအလောင်းကောင်အား စားနေရာမှ အိုက်ရွှတ်ထံသို့ မီးဝင်းဝင်းတောက် မျက်ထောင့်နီကြီးဖြင့်



www.burmeseclassic

www.burmeseclassic.com

မော့ကြည့်လိုက်သည်။

ဝက်သိုးကြီးသည် ကလေးအလောင်းကောင်အား အငမ်းမရ စားနေရင်းမှာပင် မကောင်းဆိုးဝါး ပုးကပ်ကာ အပမှီနေသည့်အလား သူ့သခင်အိုက်ရွတ်ကိုပင် သူ့မျက်စိထဲမှာ သခင်ဟု မမြင်နိုင်တော့ချေဘဲ နှာတရှုးရှုးမှုတ်ရင်း ကမူးရှူးထိုး ပြေးလိုက်ပါတော့၏။ အိုက်ရွတ်မှာ ကံသီပေ၍ အသက်ဘေးမှ လွတ်ရုံကလေး လွတ်ခဲ့ရသည်။ ဝက်သိုးကအလိုက် အိုက်ရွတ်လည်း နီးရာစိန်နားပန်းချုံသို့ ဒိုက်ထိုးအဝင် ဒေါသခိုးတွေ အလျှံဝေနေသည့် ဝက်သိုးကြီးသည် ရှေ့တူရူရှိ ပိန္နဲပင်နှင့်ဝင်ဆောင့်ပြီး ယိုင်ထိုးသွားလေတော့၏။ ထိုတဒင်္ဂအခြေအနေအပေါ် အခွင့်ကောင်းယူလျက် အိုက်ရွတ်သည် မိမိတဲပေါ်သို့ အဆောတလျင် တက်ပြေးပြီးလျှင် တံခါးချက်အား အမြန်ထိုးလိုက်ရသည်။ ဝက်သိုးကြီးကတော့ စိတ်နှင့်ကိုယ် မကပ်ချေတော့ဘဲ ခြေဦးတည့်ရာသို့ စွတ်ပြေးသွားလေ၏။

အခြေအနေငြိမ်သက်လေမှ အိုက်ရွတ်သည် စောစောတုန်းက အဖြစ်အပျက်တို့အပေါ် စားမြုံ့ပြန်တွေးရင်း အကျေနပ်ကြီး ကျေနပ်နေမိ၏။

'အင်း..မာနတံခွန်တွေ မိုးထိတက်နေတဲ့ နန်းခမ်းဝါရေ့။ မင်းအတွက် နိုင်ကွက်ရပြီဆိုတော့ တစ်နေ့ မင်း ငါ့ခြေဖဝါးအောက် ရောက်ရတော့မှာပေါ့ကွာ။ ဟား..ဟား..ဟား..ဟီး..ဟီး'

အိုက်ရွတ်သည် ကိုယ့်အတွေးနှင့်ကိုယ် ကျေနပ်မဆုံးဖြစ်ကာ ကောက်ကျစ်ပြုံးပြုံးရင်း ဟား..ဟား..ဟားနှင့် ရှိနေတော့၏။ ပြီးတော့မှ အိပ်ရာဘေးတွင် အသင့်ရှိနေသေးသည့် သောက်လက်စ ရှမ်းတရုတ် မီးတောက်အရက်အား ပုလင်းလိုက် မော့ချလိုက်သည်။

◆ ◆ ◆



ဒုက္ခတော့များပြီ

'ဟဲ့..ကောင်မတွေ၊ တံခါးအမြန်ဖွင့်စမ်း။ တို့နောက်က သရဲတောင်ကြီး လိုက်လာပြီဟဲ့။ နင်တို့ကတော့ ဖင်ဖူးတောင်းထောင်ပြီး ကုလားသေကုလားမော အိပ်နေကြ။ တို့များမှာတော့ ဘယ့်ကလောက် မဟားတရား ဒုက္ခများခဲ့တယ် ဆိုတာကလည်း မေးစမ်းပါဦး ကောင်မတို့ရဲ့'

ထဘီမနိုင် ပဝါမနိုင် ခွေးပြေးဝက်ပြေး ပြေးလာကြသည့် ထိုမိန်းမသုံးယောက်ထဲမှ ပါးစပ်ပေါက်ဆိုးဆိုး ပထမမိန်းမက ဟောဟဲဆိုက်နေသည့်ကြားမှ ပြောလိုက်သည်။

သူတို့သုံးဦးသည် ဝက်သိုးကြီးအား သရဲဟု ထင်မှတ်ပြီးကတည်းက ဓနားတမ်းပြေးချလာခြင်းဖြစ်သည်။

တိတ်တခိုးမိနေသည့် အိမ်ရှေ့ရောက်တော့ မီးရောင်မြင်သည်နှင့် အပူအပင်မရှိ အိပ်နေကြပါကလားဟု အထင်ရောက်သွားသည်။ သို့အတွက်ကြောင့်ပင် ထိုမိန်းမတို့၏ ဒေါသအိုးတို့မှာ ဖောက်ဖောက်သည့်အလား ပေါက်ကွဲကုန်ကြတော့၏။

အိမ်ရှင်ဖြစ်သူ အိုက်ကျော်နှင့် သူ့မိန်းမ အီလုတို့က အသံကြားသည်နှင့် အိမ်ရှေ့ဝါးတံခါးမကြီးအား အသံမမြည်အောင် ဖွင့်ပေးလိုက်သည်။

'မ..မဟုတ်ပါဘူး ပီနန်း(အစ်မ)တို့ရယ်၊ ကျွန်မတို့လည်း မီးထွန်းထားရင် လူသိမှာစိုးတာနဲ့ အမှောင်ချပြီး ပီနန်းတို့ကို မအိပ်ဘဲ စောင့်နေကြတာပါ။ ဒါထက်ကလေးက ဘာလေးလဲဟင်'

'အေး..ခုမှတော့ ဘာလေးမွေးမွေး မသိချင်ကြပါနဲ့တော့ဟယ်။ ဇာတ်လမ်းက ပြီးပြီပဲ။ ဘယ်သူမှလည်း မမြင်ဘူး။ အေးအေးဆေးဆေးပဲ မြှုပ်ခဲ့ပါတယ်ကွယ်။ ဒါနဲ့ နင့်သမီးရော ဘယ့်နှယ်နေသေးလဲ။ နေကောင်းရဲ့နော်'

ခေါင်းဆောင်ဖြစ်သူ နံပါတ်(၁)မှ အမောမပြေသေးသည့် နွမ်းဟိုက်ဟိုက်လေသံဖြင့် ပြောပြောမေးမေး လုပ်လိုက်သည်။

'အင်း..သမီးက ကလေးမွေးလိုက်ရလို့ အဲ..ကလေးဖျက်ချထားလိုက်ရလို့ ဗိုက်တွေ စပ်ဖျင်းဖျင်းနဲ့ နာတယ်ဆိုပြီး အိပ်နေလေရဲ့'

မိခင်ဖြစ်သူ အီလုက ထိုသုံးယောက်အား အိမ်ရှေ့အလယ်ကောင်တွင် ရှမ်းဓလေ့အရ ဖိုထားသည့် မီးဖိုရှိ



www.burmeseclassic

www.burmeseclassic.com

ရာသို့ ခေါ်လာရင်း ပြောပြလိုက်သည်။

ပြီးလျှင် မီးဖိုအထက် ကျပ်ခိုးစင်ပေါ် တင်ထားသည့် လက်ဖက်ခြောက်ဘူးအား လှမ်းယူပြီး တည်လက်စ မြေရေနွေးကရားအိုးထဲသို့ လက်ဖက်ခြောက်လက်တစ်ဆုပ်စာ ခတ်ထည့်လိုက်သည်။

'ကဲ..ကဲ..ပီနန်းတို့၊ ရေနွေးကြမ်းသောက်ကြရင်း အနားယူလိုက်ကြဦး။ ဒါနဲ့ ကိစ္စဝိစ္စတွေ အောင်အောင်မြင်မြင်နဲ့ ပြီးခဲ့တယ် မဟုတ်လား'

အီလှအမေးကို ရေနွေးကြမ်းပူပူ မှုတ်သောက်နေသည့် နန်းသဲဖြူက အမြန်ပြန်ဖြေလိုက်သည်။

'အင်း..ပြီးခဲ့တယ်လို့ ဆိုရမလားပဲ အီလှရယ်၊ အဲ..ဒါပေမဲ့ ငါတို့ ကလေးလေးကို မြေဖို့ အဲ..အဲ..ကလေးအလောင်းကို မြေဖို့နေတုန်းမှာပဲ ဝက်လိုလို သရဲလိုလို အကောင်နဲ့ တန်းတိုးလို့ မဟားတရား ပြေးပေါက်မှားခဲ့တယ်ဟဲ့'

'ဟင်..ဒါဆို အပြီးထိ မမြုပ်လိုက်ရဘူးပေါ့ ပီနန်းတို့ရယ်။ ကဲ..ဘယ်လိုလုပ်ကြမလဲ၊ ကျွန်မသမီးက အပျိုဗိုက်မို့ ဗိုက်သိပ်မပေါ်ပေမယ့် တချို့က မသင်္ကာသလိုနဲ့ မေးကြမြန်းကြ စပ်စုကြသေးမှုပလော။ ကျွန်မကတော့ သမီး ရေဖျဉ်းဆွဲနေလို့ဆိုပြီး တော်ရီရော်ရီ လိမ်ထားရတယ်တော့။ ဟင်း..ခုလို ကလေးအလောင်း တွေ့များတွေ့သွားလို့တော့ ဒုက္ခ..ဒုက္ခ။ မီးခိုးကြွက်လျှောက်လိုက်လာမှဖြင့်'

'ကဲ..အီလှရေ၊ ဒီလောက်လည်း စိတ်ပူမနေစမ်းပါနဲ့အေ။ ငါတို့တွေ ရေငုံနှုတ်ပိတ်နေသရွေ့ တစ်ရွာလုံးက ခွေးတစ်ကောင် ကြောင်တစ်မြီးမှ သိမှာမဟုတ်ဘူး'

တစ်ချိန်လုံး ငြိမ်နေပြီး နားထောင်နေသည့် နန်းကျိန်က အီလှအား နှစ်သိမ့်စကား ဆိုလိုက်၏။

တကယ်တော့ အီလှတို့ ရွာကလေးမှာ ရှမ်းပြည်နယ်တောင်ပိုင်း၏ တောခပ်ကျကျရွာကလေးပင် ဖြစ်ချေ၏။ လူခြေအရောက်အပေါက်နည်းသည့် တောင်ခြေရွာဆိုလည်း မမှား။

တစ်ချိန်က ကျားဆိုးများ ကျက်စားသည့်ရွာဖြစ်ပေ၍ လည်း လွှိုင်ဆေ(ကျားတောင်ရွာ)ဟူ၍ ရှေးအတိတေက တည်းက အမည်မှည့်ခဲ့ကြသည်။ ဇာတ်လမ်းစသည့် ထိုအချိန်က လွှိုင်ဆေရွာသူကြီးသား စိုင်းစံဖနှင့် အီလှသမီး နန်းခမ်းဝါတို့မှာ လူငယ်ချင်း ချစ်ကြိုးသွယ်မိရာမှ နန်းခမ်းဝါတွင် မဖုံးနိုင်မဖိနိုင် ကိုယ်လေးလက်ဝန်ရှိနေကြောင်း မိဘနှစ်ပါးမှ သိလိုက်ရချေ၏။ သိသိချင်းပင် အိုက်ကျော်နှင့် အီလှတို့သည် ခြေသလုံးဖက်မတတ် သူ့သမီးအရှက်ကို ငဲ့ကွက်သည့်အနေနှင့် လူငယ်တို့ချစ်ခြင်းကို မခွဲဖို့ တောင်းပန်တိုးလျှိုးလိုက်ကြသည်။

ဂုဏ်ရည်မတူသည့် အချစ်ဇာတ်လမ်းများအတိုင်း သူကြီး လုံးစံတိမာသည် သားဖြစ်သူ၏ အချစ်ဇာတ်လမ်းကို ကြားကြားချင်း ရာဇမာန်ရှလေ၏။

'ဒီအနုပ်စုတ်ကုပ်စုတ် မိသားစုတွေနဲ့ ငါ့သား လုံးဝ မပတ်သက်စေရဘူး။ ဒင်းတို့သမီးနဲ့ လုံးဝမပေးစားနိုင်ဘူး'

သည်သို့ဖြင့် သူကြီး လုံးစံတိမာသည် သားဖြစ်သူအား တစ်ချက်လွှတ် အမိန့်ရာဇသံပေးပြီး မကြာမတင်မှာပင် စိုင်းစံဖအား နွားနို့ရောင်းသည့်အဖွဲ့နှင့် ယိုးဒယားဘက်သို့ အပို့လွှတ်လိုက်သည်။

ဆင်ကျီစားရာ ဆိတ်မခံသာ ဆိုသည့်နှယ် သူကြီးက အလွယ်ကလေး ခွဲလိုက်ပေမယ့် နန်းခမ်းဝါခမျာမှာတော့ အပျိုလို မနေမိပါလို့ ကိုယ်ရိတယ်လေး ဆိုသလို အပျိုရည် ဆုံးရှုံးကာ ဗိုက်တစ်လုံးသာ အဖတ်တင်ခဲ့ရသည်။

◆◆◆

## တစ်ဖက်သတ် အချစ်ရူးသမားရဲ့ အငြိုးအတေး

အိုက်ရွှတ်သည် ညက သောက်ထားသည့် အရက်ရှိန်ကြောင့် မနက်အိပ်ရာထ နောက်ကျသည်။ ညကဖြစ်ပျက်ခဲ့သည့်အဖြစ်ကို ပြန်တွေးကြည့်တော့ မိမိလုပ်ခဲ့သည့်လုပ်ရပ်အပေါ် ကျေနပ်မဆုံး ဖြစ်နေချေ၏။

'အင်း..နန်းခမ်းဝါ..နန်းခမ်းဝါ၊ နင်က တို့ရွာမှာ အချောဆုံး အလှဆုံး။ တို့ရှမ်းရှင်လောင်းပွဲမှာ ကွမ်းတောင်ကိုင်နေရတော့ မာနတွေမိုးထိုး ဘဝင်လေဟပ်လို့ ငါဆိုတဲ့ကောင်ကို ဖုတ်လေတဲ့ငါးပိ ရှိတယ်လို့တောင် မထင်ဘူးလေ။ ဟင်း..ငါ့မှာတော့ နင့်ကိုချစ်လိုက်ရ၊ ဖူးဖူးမှုတ်ထားလိုက်ရတာ။ နင့်အတွက်ဆို ငါ့အသက်ကိုတောင်ပေးဆပ်ဖို့ ဝန်မလေးခဲ့ဘူး။ နင် သူကြီးသား စံဖနဲ့ ကြိုက်နေတာလည်း ငါသိတယ်။ ဘာပဲဖြစ်ဖြစ်ကွာ၊ နင့်ကိုသာ ရမယ်ဆိုရင် နင် ဘယ်ဘဝရောက်ရောက် ငါအရယူမယ်'



www.burmeseclassic

www.burmeseclassic.com

အိုက်ရွှတ်သည် တစ်ကိုယ်တည်းရေရွတ်ရင်း လွမ်းခဲ့သည့်နှစ်က ရှမ်းရှင်လောင်းပွဲမှ အဖြစ်တို့ကို ပြန်တွေးမိလေ၏။ သည်တုန်းက ရှမ်းရှင်လောင်းပွဲတွင် သူက ရှင်လောင်းထိန်း၊ နန်းခမ်းဝါက ကွမ်းတောင်ကိုင်ပေါ့။ တစ်ည ရှင်လောင်းတဲ အနောက်ဘက် မီးမှိန်မှိန် လရေးရေးအောက်တွင် နှစ်ယောက်သား အမှတ်မထင် ဆုံမိကြ၏။

အနှစ်နှစ်အလလက ချစ်သမျှတွေကို သိမ်းဆည်းမျိုသိပ်ထားရသည့် အိုက်ရွှတ်သည် အခွင့်အရေးရတုန်းရခိုက် နန်းခမ်းဝါအား မဆိုင်းမတွ ရင်ဖွင့်ချစ်စကားဆိုမိလေတော့၏။ အချစ်နှင့်စစ်မှာ မတရားတာမရှိဘူး မဟုတ်ပါလား။

'ခမ်းဝါရယ်‥နှင့်ကို ပြောမယ် ပြောမယ်နဲ့ ဒီပါးစပ်က ပြောမထွက်ခဲ့ဘူး။ ခုတော့ မရဲတရဲနဲ့ပဲ ပြော‥ပြောပါရစေတော့ဟယ်။ ငါလေ‥နှင့်‥နှင့်ကို ချစ်‥ချစ်တယ်ဟာ'

ရှင်လောင်းတဲနောက်ဘက် ရာဝင်စဉ့်အိုးထဲမှရေကို မြေရေတကောင်းထဲ ထည့်နေသည့် နန်းခမ်းဝါအား ဒိုးဒိုးဒေါက်ဒေါက် ပြောချလိုက်သည်။

နန်းခမ်းဝါကလည်း အိုက်ရွှတ်စကားအပေါ် အလေးမထား ဂရုမစိုက်သလိုနှင့်-

'အောင်မယ် အိုက်ရွှတ်၊ ဒီလိုစကားမျိုးကို နင်မို့လို့ ပြောထွက်ပလေဟယ်။ နင့်မျက်နှာနင် မှန်ထဲမှာ ပြန်ကြည့်မိသေးရဲ့လား။ အမဲရိုးနှယ် ဟင်းအိုးမှ အားမနာလိုက်တာဟယ်။ ကဲ‥ငါ နောက်ဆုံးစကားကုန်ကုန်ပြောမယ်။ နင့်အသည်းထဲမှာ မြဲမြဲသာမှတ်ထားလိုက်တော့။ ဟင်း‥ဟင်း‥နင့်ကိုလေ ဘယ်ချောင်ဘယ်ကြားမှာမှ မညှပ်ဘူးသိရဲ့လား။ အိုး‥ရွံလိုက်တာ။ ထွီ'

နန်းခမ်းဝါ၏နှုတ်မှ မထင်မှတ်ဘဲ အယုတ္တအနုတ္တ ယုတ်ညံ့ရိုင်းပျသည့် မကြားဝံ့မနာသာသည့် စကားတွေကြောင့် အိုက်ရွှတ်၏ အသည်းနှလုံးသားအပေါ်မှာ ခါးသီးခံပြင်းစွာ သေရာပါ အမာရွတ်တစ်ခု ထင်ကျန်သွားခဲ့ရသည်။

သည်စဉ်ကတည်းက အိုက်ရွှတ်သည် ပျံလေတဲ့ငှက်ခါး နားခါမှသိမယ်ဟု နာကျင်သည့် နှလုံးသားထဲ အငြိုးကြီးစွာ တေးမှတ်ထားလိုက်၏။

'ဟော‥အခုတော့ အတောင်ကျိုးတဲ့ငှက်ခါးမ နားခိုရပြီ မဟုတ်လား'

အိုက်ရွှတ်ဆိုတာက ဥတစ်လုံး တစ်ကောင်ကြွက်။ မိမရှိ ဖမရှိ အထီးကျန် အကျည်းတန်လူသား။ မိုးတစ်လုံး မြေတစ်လုံးလို့ ဆိုရလောက်အောင် မညီမညာမျက်လုံးနှစ်လုံးအနက် တစ်လုံးကို မိုးသို့မျှော်ကြည့်နေသလို ကျန်တစ်လုံးကလည်း အဝီစိသို့ မျက်စောင်းထိုးနေလေ၏။

နှုတ်ခမ်းနှစ်ခုကြားက ခေါထွက်နေသည့် သွားများကလည်း ပေါက်ပြားအလား။ ပြားချပ်နေချေ၏။ တစ်ချောင်းနှင့် တစ်ချောင်းက မညီညာရသည့်အထဲ ဖျင်ချပ်ဆွေးအား ခနော်ခနဲ့ခင်းထားသည့်နှယ်။ ထော်လန်နေသည့် နှုတ်ခမ်းထူထူကြားမှာ နေရာယူထားကြပြန်၏။ ပွဲယောင်းကောက်ချိတ်သည့် နှာယောင်မှုကား မြေဆေးတံရိုးက ဆေးအိုးကို ထောင်ထားသည့်နှယ်။

မျက်ခွေးအပြည့် မျက်ပေါက်မှေးမှေး နှစ်လုံးကတော့မှ ဗုက်ပုပ်အိုင် နှစ်အိုင်နှယ် ချိုင့်ခွက်ဝင်ကာ အရောင်အဆင်း ကင်းမဲ့လှချေ၏။ မည်းမည်းသည်းသည်း မျက်ခွက်ရှေ့ တစ်လက်မသာသာ ချွန်ထွက်နေသည့် မေးစေ့ချွန်မှာတော့ ပေါက်ချွန်းသွားအလား ရှည်လမျှော ငေါထွက်နေချေ၏။

ဤနှယ်အဆင်းရှိရှာသည့် သူယုတ်လက္ခဏာ အိုက်ရွှတ်အား နန်းခမ်းဝါ စက်ဆုပ်သည်မှာ အပြစ်မဆိုသာ။ အိုက်ရွှတ်ဆိုသည့် လူ့အန္တသည် သူ့ရုပ်ဆင်းအင်္ဂါအပေါ် အားနာရကောင်းစေဟု လားလားမှ အလိုက်ကန်းဆိုးမသိလေဘဲ မမီသည့်ပန်းကိုမှ တုံးခုလို့ လှမ်းချင်လှပါဘိ။

· အိုက်ရွှတ် ခြံလှောင်မွေးထားသည့် ဝက်တောင်း (ဝက်သိုး)ကြီးကိုလည်း ကြည့်ပါဦး။

အနီဝက်တောင်းကြီးအား အိုက်ရွှတ်သည် အမဲလိုက်စဉ်က ရလာခဲ့ခြင်း ဖြစ်သည်။

ဆိုရလျှင် မိခင်တောဝက်မကြီးအား အမဲလိုက်စဉ် ထိုဝက်မကြီးနှင့် တကွဲတပြားဖြစ်ပြီးမှ ရလာခဲ့ခြင်းဖြစ်သည်။ ငယ်စဉ်ကတည်းက နွားနို့တိုက်ပြီး ပိုးမွေးသလို မွေးလာခဲ့ခြင်း ဖြစ်ပေ၍လည်း အိုက်ရွှတ်သည် ဝက်ကလေးအပေါ် သားတမျှ သံယောဇဉ်တွယ်ခဲ့ရလေ၏။ ရှားပါးသည့် ဝက်ခါးပတ်ကျားမျိုးနွယ် တောဝက်ပင်ဖြစ်လင့်ကစား လူနှင့်အနေနီးသဖြင့် အိမ်မွေးခြံပေါက်ပမာ ယဉ်ပါးနေလေပြီ။ တစ်ခါတလေတော့လည်း တော စိတ်ဝင်ကာ ခြံခုန်ထွက်ပြီး လှုပ်ရှားသွားလာနေသည်တော့



www.burmeseclassic

www.burmeseclassic.com

ရှိ၏။ သူ့သခင် အိုက်ရွှတ်မှတစ်ပါး အခြားလူစိမ်းတို့ကို တော့မှု အကာပ်မခံချေ။

အိုက်ရွှတ်က မဲလုံးဟု အမည်ပေးထားသည့် တောဝက်ကလေး အရွယ်ရောက်လာတော့ ဝက်သိုးအငှားလိုက်အဖြစ် အိုက်ရွှတ်က တာဝန်ပေးပါတော့၏။ လှိုင်ဆေရွာ ဖလေ့အရ ဝက်သိုးတစ်ခါအငှားလိုက်ပေးတိုင်း ငှားသူသည် မွေးလာသည့်ဝက်မမှ သားတစ်ကောင်ကောင်အား လိုက်ခအဖြစ် အပိုင်ပေးရလေ၏။

◆◆◆

## နိုင်ဖဲတစ်ချပ်

အိုက်ရွှတ်သည် မိုးအခါ တောင်ယာစိုက် နွေရောက်ပြန်တော့ အမဲလိုက်ဖြင့် တစ်ဝမ်းတစ်ခါးကျောင်းနေရလေ၏။ ထိုညက ဖြစ်ရိုးဖြစ်စဉ်မဟုတ်သည့် အဖြစ်အပျက် တစ်ခု အမှတ်မထင် ဖြစ်ပျက်ပြီး (၃၊ ၄)ရက်ခန့်အကြာမှာ အိုက်ရွှတ်သည် ပွဲရုံသို့ ပြောင်းဖူးစေ့သွင်းရင်း လမ်းလည်းကြုံသည်နှင့် ဓာတ်ပုံကူးဆိုင် တစ်ဆိုင်သို့ဝင်ကာ ၄င်းရိုက်ထားသည့်ပုံတို့ကို ကူးခိုင်းလိုက်သည်။ ကူးဆေးပြီးသည့် ဖလင်လိပ်နှင့် ပွားပုံတို့ကို အိုက်ရွှတ်သည် ကိုယ်နှင့်မကွာ သိမ်းဆည်းပြီး ရည်မှန်းချက်ဖြစ်သည့် အိုက်ကျော်နှင့် အီလှအိမ်သို့ ရင်ကော့ကာ အရောက်သွားလေတော့၏။

နိုင်ဖဲတစ်ချပ် ရထားပြီဖြစ်သည့် အိုက်ရွှတ်သည် နန်းခမ်းဝါ၏ မိဘနှစ်ပါးအား ခြိမ်းခြောက်စကားဆိုလိုက်သည်။ ထိုညက ဖြစ်ကြောင်းကုန်စင်အား မိမိအစအဆုံး မြင်လိုက်ရကြောင်း၊ မှတ်တမ်းတင်ဓာတ်ပုံလည်း သက်သေအဖြစ် ရိုက်ထားကြောင်း၊ ဓာတ်ပုံတစ်ထပ်ကြီးကို ပြကာ အကျပ်ကိုင်လေ၏။ ဤအရေးအခင်းမှာ အရှင်လတ်လတ် လူသတ်မှုနှင့်ဆိုင်သော အရေးဖြစ်၍ ၄င်းတို့သမီးအား မိမိနှင့် မပေးစားပါက ဖော်ကောင်လုပ်မည်ဖြစ်ကြောင်း ခြိမ်းခြောက်ပါတော့သည်။

ဤသို့ဖြင့် ရိုးသားပြီး ကြောက်တတ်သည့် အိုက်ကျော်တို့ လင်မယားသည် အိုက်ရွှတ်ကို မလွန်ဆန်နိုင်ရှာဘဲ သမီးဖြစ်သူအား ကြက်ကလေး ငှက်ကလေးပမာ လူ့အကျည်းတန် အိုက်ရွှတ်လက်ထဲသို့ ဝကွက်အပ်လိုက်ရလေသတည်း။

◆◆◆

## ဖုတ်ဝင်သွားသည့် ဝက်ခါးပတ်ကျား

မွေးကင်းစ လူ့အသွေးအသားကို စားမိသည့်ညမှစ၍ တောဝက်မျိုးနွယ် ဝက်တောင်းကြီးသည် လူသား၏ ထူးခြားသည့် အရသာအပေါ် အာသာငမ်းငမ်း တမ်းတမ်းစွဲလေပြီ။ ထိုညမှ အစပြု၍ မဲလုံးသည် အခွင့်သာတိုင်း လူသားစားဖို့ အကွက်ကောင်းကို ချောင်းနေတတ်ပြီး နာနာဘာဝ မကောင်းဆိုးရွားများက မဲလုံးကိုယ်ထဲ ဝင်ရောက်ပူးကပ်၍လားမသိ မဲလုံးသည် အပမှီနေသည့် ဝက်တစ္ဆေအလား အားခွန်ဗလများ ယခင်ကထက် တိုးပွားကာ သခင်ဖြစ်သူကိုပင် ဂရုမစိုက်ချေဘဲ ညဥ့်ရောက်ပြီဆိုလျှင် ဝက်ခြံမှခုန်ထွက်ကာ ရွာရိုးကိုးပေါက် လျှောက်သွားနေတော့၏။ နဂိုကပင် စိတ်ရိုင်းဝင်ကာ တောစိတ်မွှန်နေသည့် မဲလုံးသည် မည်းမည်းမြင်တိုင်း ကမူးရှူးထိုးလိုက်နေတတ်၏။

"ဟယ် .. ဖုတ်ဝင်သည်မဲလုံး နောက်ကလိုက်လာပြီဟေ့။ ပြေးကြ .. ပြေးကြ"

ညဥ့်အသချေ၊ ချောက်ချောက်ချားချား လမ်းသလားနေတတ်သည့် မဲလုံး။ လူရိပ်မြင်လျှင် အနံ့ခံပြီး ဝက်ခေါင်းထိုးလိုက်တတ်သည့် မဲလုံးကြောင့် လှိုင်ဆေတစ်ရွာလုံးမှာ ကျီးနှင့်ဖွတ်ဖုတ် ဖြစ်ချေတော့၏။

မဲလုံးလိုက်၍ ပြေးမလွတ်ပါက ကိုက်ဆွဲဖဲ့ယူစားသောက်ခံရ၍ ကလေးများ၊ ခွေးများနှင့် ပြေးမလွတ်ရှာသည့် ရှမ်းပေါ့ထောက်(အဘိုး)၊ မဲ့(အမေ)၊ မဲထောက်(အဘွား)တို့မှာလည်း အများအပြားပင် သေကြကျေကြ ပျက်စီးကြရှာပြီ။ ဤမည်သော အကြောင်းတရားများကြောင့်ပင် ဝက်တောင်းကြီး မဲလုံးသည် လှိုင်ဆေရွာတွင် ရာဇဝင်တွင် ဖုတ်ဝင်ဝက်ဆိုးအဖြစ် တွင်ရစ်လေတော့၏။

လူသားကိုမှ ခံတွင်းတွေ့သည့် မဲလုံးသည် လူသား





www.burmeseclassic

www.burmeseclassic.com

မစားရသည့်နေ့ဆိုလျှင် နေမထိထိုင်မသာ ဂနာမငြိမ်ဖြစ်နေတတ်သည်။ ယင်းဝက်သိုးကြီးသည် တစ်အိမ်ဝင် တစ်အိမ်ထွက်ဖြင့် သူ့အိမ်သူ့ယာလို သဘောထားလျက် လူနံ့ခံရင်း မှောင်ရီပိုးတဝါးတွင် လျှောက်သွားနေတတ်ချေ၍ ဤလှိုင်ဆေရွာကလည်း မှောင်စပျိုးသည်နှင့် သင်္ချိုင်းတစ်စပြင်ပမာ လူခြေတိတ်နေတော့၏။ ရွာရှိ မုဆိုးများမှာလည်း ဒူးလေး၊ လုံတာ၊ တူမီးသေနတ်ကိုင်တတ် ပစ်တတ်သူတို့ကို စုစည်းပြီး ဝက်ဆိုးကြီး မဲလုံးအား ဖြိုခွင်းဖို့ တာစူနေကြပြီ။

မဲလုံး၏ပိုင်ရှင်ဖြစ်သူ အိုက်ရွှတ်သည် ရင်နှစ်သားတမျှ သံယောဇဉ်တွယ်နေသည့် မဲလုံးအတွက် တစ်ရွာလုံးနှင့်တစ်ယောက် အတိုက်အခံလုပ်ရင်း ကာဆီး ကာဆီးနှင့် ရပ်တည်ပေးနေသည်။ သို့အတွက်ကြောင့် မဲလုံးကို အမှည့်ခြွေပစ်သတ်လိုသည့် မုဆိုးတို့၏အကြံမှာ အထမြောက်ခြင်းမရှိဘဲ ပျက်ပြယ်သွားရသည်ချည်း။

ရွာမုဆိုးတို့၏ ရန်ကြွင်းရန်စကို သိနေသည့်အလား မဲလုံးသည် နေ့ခင်းအချိန်များတွင် တောကြီးမျက်မည်းထဲသို့ ပုန်းလျှိုးကွယ်လျှိုး ရှောင်နေတတ်ပြီး ညရောက်ပြီဆိုသည်နှင့် သခင်ရှိရာသို့ ခိုးကြောင်ခိုးဝှက် ရောက်လာပါတော့၏။ အိုက်ရွှတ်မှာတော့ ညဥ့်သန်းခေါင်ယံအချိန်တိုင်း ရောက်ရောက်လာတတ်သည့် မဲလုံးအား သရဲမွေးထားသည့်သူလို စိတ်ရှည်လက်ရှည်စောင့်ပြီး အမဲသား၊ အမဲရိုးတို့ကို ချကျွေးနေတတ်၏။ ရွာမှာ အမဲမပေါ်ဖြစ်သည့်နေ့တွင် အိုက်ရွှတ်သည် မပြုသင့် မပြုထိုက်သည့် အလုပ်အား ခိုးကြောင်ခိုးဝှက် လုပ်လေတော့သည်။

အိုက်ရွှတ်သည် သွေးဆာနေသည့် အနီအပမှီ ဝက်တောင်းကြီးအား သင်္ချိုင်းကုန်းမှ ခိုးဝှက်ဖော်ယူလာခဲ့သည့် လတ်လတ်ဆတ်ဆတ် လူသေအသားများကို အပိုင်းပိုင်းအထစ်ထစ် ခုတ်ကျွေးလေတော့၏။

အိုက်ရွှတ် သင်္ချိုင်းကုန်းမှ လူသေအလောင်းများ ထမ်းချလာသည့်ညတိုင်း တစ်ရွာလုံးရှိ ခွေးတို့သည် ကပ်ဘေးဆိုက်သည့်ညလို ချောက်ချားဖွယ်အတိ အူကြလေကုန်၏။

'အူး..အူး..အိဝု..အီ..အူး..အူး'

နဂိုကမှ သွေးပျက်ထိတ်လန့်နေသည့်အထဲ လှိုင်ဆေရွာသည် ထိုသို့သော ကျက်သရေဖီလာကင်းသည့် ခွေးအူသံတို့ကြောင့် ပို၍သွေးပျက်ချောက်ချားကြပေတော့သည်။

အိုက်ရွှတ်သည် မဲလုံးအပေါ် တစ်ချိန်က ချစ်ခဲ့ရသံယောဇဉ်ဖြစ်ခဲ့ရသလောက် အခုတော့လည်း ကိုယ်မွေးတဲ့မျောက် ကိုယ့်ပြန်ခြောက်ဆိုသလို ဝဋ္ဋရေးတစ်ခုကြောင့် ကြောက်ကြောက်နှင့်ပင် လူသေအသားများကို ချကျွေးနေရလေပြီတကား။

ဖုတ်ဝင်နေသည့် မဲလုံးသည် လူသေအသားများကို ဖုတ်စီးနေသည့်အသွင်ဖြင့် သားရဲမင်းရဲ ကိုက်ဝါးမြိုဆို့ရင်း နဂိုစိတ်ပျောက်သည့် မျက်ခွက်ဖြင့် အိုက်ရွှတ်အား မျက်ထောင့်နီကြီးနှင့် မော့ကြည့်နေတတ်လေ၏။ လူသားစားပြီးသည့် အချိန်မှစ၍ မဲလုံးသည် အပမှီကာ စိတ်ကြမ်းကိုယ်ကြမ်း ဖြစ်လာပါပြီ။ ယခုဆိုလျှင် မဲလုံးမှာ အသေရရ အရှင်ရရ ဝရမ်းအထုတ်ခံထားရသည့် လူသတ်ဝက်ဆိုးကြီးစာရင်း ဝင်သွားပြီ။

အိုက်ရွှတ်၏ စက်ကွင်းမလွတ်၍လော၊ အသက်အရွယ်ထောက်ကာ အမိုအခို ကင်းလာကြပြီလောမသိ အိုက်ရွှတ်ယောက္ခမနှစ်ဦးဖြစ်သည့် အိုက်ကျော်တို့ လင်မယားသည် သမီးအား ထိုးအပ်ပေးလိုက်ရပြီးသည်၏နောက်ဝယ် အိုက်ရွှတ်နှင့် တစ်မိုးအောက် တစ်တဲတည်း အတူနေလိုက်ရတော့၏။

အိုက်ရွှတ်၏ မတရားသိမ်းပိုက်ခံ နန်းခမ်းဝါမှာကား အိုက်ရွှတ်အပေါ် မချစ်သော်လည်း အောင့်ကာနမ်း၊ မနှစ်သော်လည်း ပင့်သက်ရှူဘာဝနှင့်ပင် နေ့ရှိသရွေ့ စိတ်နှင့်ကိုယ် မကပ်ချေဘဲ အနိုပ်စက်ခံဘာဝနှင့် အကျဉ်းကျခံနေရရှာသည်။

နေ့ရှိသရွေ့ အိုက်ရွှတ်၏ ခြိမ်းခြောက်မှုနှင့်အတူ အမိုးအကာတစ်ခုတည်းအောက်မှာ မသေထမင်း မသေဟင်းစားနေရရှာသည့် မိဘနှစ်ပါးအတွက် ရင်နင့်အမျှ ကြိတ်ခံစားနေရသည်။

တစ်စစဖြင့် နန်းခမ်းဝါလေးခမျာ စိတ်ထောင်းကိုယ်ကြေဖြစ်ကာ အိပ်ရာထဲ ဘုန်းဘုန်းလဲလေ၏။

◆ ◆ ◆

**<u>တောင်ခြေရွာမှ ဖုတ်ဝင်ဝက်နှင့် ကလေးသရဲ</u>**

ထိုညက အိုက်ရွှတ်သည် အမဲလိုက်ရာမှအပြန် [illegible] လိုက်၍ရလာသည့် ချေသား(တောကောင်သား)များကို

www.burmeseclassic

www.burmeseclassic.com

အတွဲလိုက်တွဲချည်ပြီး အိမ်ရှေ့ကွပ်ပျစ်မှာပင် မောမောနှင့် အိပ်မောကျသွားသည်။

ညဦးက တစ်စစနက်လာချေပြီ။ ထိုညမှာ ထူးထူးခြားခြား တစ်ရွာလုံးရှိ ခွေးတို့သည် သူ့ထက်ငါ အလုအယက် သံပြိုင်အူနေကြသည်။

ထိုအချိန်တွင် ဆာလောင်မွတ်သိပ်နေသည့် ဝက်ခါးပတ်ကျား မဲလုံးသည် လူခြေတိတ်သည်နှင့် ရွာတွင်းသို့ တစ်လှမ်းချင်း ချဉ်းနင်းဝင်ရောက်လာ၏။ သူသည် စားနေကျ ကြောင်ဖားကြီးနှယ် အိုက်ရွှတ်၏ တဲငယ်သို့ လူရိပ်လူခြေ မမြင်သည်နှင့် ရဲရဲတင်းတင်း ချဉ်းကပ်လေတော့၏။ မောမောနှင့် ပြန်လာသည့် အိုက်ရွှတ်မှာတော့ ဟောက်သံတောင်ပေးလို့ အိပ်မောကျနေပြီကော။

ထိုအခြင်းအရာကို ရိပ်စားမိသော ရွာရှိမုဆိုးများမှာ အိုက်ရွှတ်အိမ်ပတ်ပတ်လည်တွင် ကင်းပုန်းဝပ်သည့်ပမာ တိတ်တဆိတ်နေရာယူထားနှင့်ကြပြီ။ မဲလုံးသည် အသားစိမ်းနံ့ရသည်နှင့် အိုက်ရွှတ်ရှိရာ ကွပ်ပျစ်ဆီသို့ သူ့ခါးလျားရှည် ခန္ဓာအတ္တဘောကြီးကို ယိမ်းနွဲ့ကာ အငြိမ်းတယမ်းယမ်းဖြင့် ကူးလာခဲ့ချေသည်။ ပြီးတော့မှ အိုက်ရွှတ်ဘေး ဖရိုဖရဲချထားသည့် ပလိုင်းထဲမှ ချေသားအတွဲများကို ဆွဲစားရန် အိုက်ရွှတ်ကိုယ်ပေါ်သို့ လေးပင်သည့် သူ့ခြေနှစ်ချောင်းဖြင့် ဖိထားလိုက်သည်။

အိုက်ရွှတ်သည် အချိန်(၉၀)ကျော်စီးသည့် အဆိုပါ ဝက်တောင်းကြီး၏ အလေးချိန်ကြောင့် အင့်ခနဲ တစ်ချက်မျှသာ အော်နိုင်ပြီး ရှူးခနဲ ထွက်သက်တစ်ခုသာ မှုတ်ထုတ်နိုင်တော့၏။

အိုက်ရွှတ်တစ်ယောက် ဝက်တောင်းကြီး၏ နင်းချေထားမှုကြောင့် လူးလွန့်၍ပင် မလှုပ်ရှားနိုင်တော့ပြီ။ လောကကြီးနှင့် ကွင်းဆက်ပြတ်ကာ ငြိမ်သက်သွားရှာလေ၏။

ဖုတ်ဝင်သည့် ဝက်တောင်းကြီးသည် အိုက်ရွှတ်ဘေးရှိ ချေသားတွဲများအားလုံးကို စိမ်ပြေနပြေ တဖျပ်ဖျပ်နှင့် ဆွဲယူစားသုံးလိုက်သည်။

အပမှီပြီး ဖုတ်ဝင်နေသည့် မဲလုံးအဖို့ ချေသားလောက်နှင့် မတင်းတိမ်ချေတော့။

နူးညံ့ပျော့ပျောင်းပြီး ဘယ်အသားနှင့်မျှ အစားမထိုးနိုင်အောင် လူ့အသွေးအသားအပေါ် ခံတွင်းတွေ့နေသည့် မဲလုံးသည် မိမိခြေထောက်အောက်တွင် အသက်ပျောက်နေသည့် အိုက်ရွှတ်ဘက်သို့ ဦးလှည့်လာလေပြီကော။ ဝက်တောင်းကြီးသည် သက်မဲ့ခန္ဓာ အိုက်ရွှတ်အား သူ၏ ကြီးမားချွန်ထက်လှသည့် မာန်စွယ်ဖြင့် ထိုးကလော်ပြီး လျှင် တစ်စစီဆွဲဖွဲ့ ဝါးမျိုပါတော့၏။


ထိုအခြင်းအရာအပေါ် တဒင်္ဂဟန် မှင်တက်မိနေသည့် မုဆိုးတို့သည် ခဏချင်းမှာပဲ အသိဝင်လာကာ ပစ်ဟု သံပြိုင်ဟစ်ကြွေးကြပြီးလျှင် အဆိုပါ ဝက်တောင်းကြီးအား တူမီးသေနတ်၊ ဒူးလေးမြား၊ ဓား၊ လှံတို့ဖြင့် တရစပ်ပစ်ခတ်ကြတော့၏။

သေနတ်သံကြားကြားချင်း တဲအတွင်းဝယ် အိပ်မောကျနေသည့် အိုက်ကျော်တို့ လင်မယားမှာလည်း မဆင်မခြင် ပစ်ကွင်းရှေ့သို့ အိပ်မှုန်စုံမွှားဖြင့် ပြေးထွက်လိုက်ကြသည်။

တူမီးသေနတ်ကိုင် မုဆိုးသုံးယောက်တို့၏ ယမ်းတောင့်ကျည့်ဆန်တို့သည် ဖုတ်ဝင်နေသည့် မဲလုံးအားလည်းကောင်း၊ အိုက်ကျော်တို့ လင်မယားအားလည်းကောင်း အသီးသီး ထိမှန်လေ၏။

ထိုမျှလောက်ပင်မကသေး၊ မှောင်မှောင်စမ်းစမ်း ရမ်းသမ်းပစ်လိုက်သည့် ဒူးလေးသမားတို့၏ မြားချက်များကလည်း ဖုတ်ကောင်နှင့် လူသားနှစ်ဦးထံသို့ ကံခေစွာ စိုက်ဝင်ကြလေ၏။

ဝက်ကောင်၏ တကျိကျိ သေမင်းငင်သံ။ လူသား





www.burmeseclassic

www.burmeseclassic.com

နှစ်ဦးတို့၏ အား‥အမယ်လေးဗျ၊ အမယ်လေးတော့်ဟု စူးစူးဝါးဝါး အော်သံတို့သည် သန်းခေါင်ယံချောက်ချားသံ အဖြစ် လှိုင်ဆေရွာတစ်ခုလုံးကို ဟိန်းဟိန်းထစေတော့၏။


သေနတ်သံနှင့်အတူ ယမ်းခိုးယမ်းငွေ့တို့၏ မီးခိုး တန်းတစ်လျှောက် ဒဏ်ရာရ ဝက်ကောင်ကြီးသည် သေ ငယ်ဇောဖြင့် ထိုယမ်းငွေ့တို့ လာရာဘက်သို့ အလျှင်အမြန် ဦးလှည့်လိုက်ပြီး နီးရာမုဆိုးတစ်ဦးအား ထိုးပက်လိုက် တော့သည်။

နဂိုကတည်းက အပမှီနေသည့် ဝက်တောင်းကြီး သည် အခုချိန်မှာတော့ နှစ်ခါပြန် အပမှီသွားလေပြီတည်း။ ဝက်ပက်ခံလိုက်ရသည့် တူမီးကိုင် မုဆိုးခမျာ ရှောင်တိမ်း ချိန်ပင် မရလိုက်ချေဘဲ နေရာမှာတင် အူအထွေးလိုက် ပွေ့လျက် သေပွဲဝင်ရရှာလေ၏။

နောက်ဆုံးမတော့ ဖုတ်ဝင်နေသည့် ဝက်ခါးပတ် ကျား မဲလုံးကြီးသည် သေနတ်ဒဏ်၊ မြားဒဏ်ကြောင့် မာန်စွယ်ကျိုးကာ မြေသို့ဝပ်လျှိုးရင်း ဟီးခနဲနှာမှုတ်ရင်း ဇီဝိန်ချုပ်လေ၏။

ဆူသံညံသံ သေနတ်သံများ ချုပ်ငြိမ်းအပြီးတွင် နန်း ခမ်းဝါသည် နာတာရှည်အိပ်ရာထဲလဲနေရာမှ အားယူပြီး ထလိုက်သည်။

ပြီးလျှင် အသံကြားရာ တဲအပြင်ဘက်သို့ တုံ့နှေး သည့် ခြေလှမ်းဖြင့် တစ်လှမ်းချင်း ထွက်လာလိုက်သည်။ သူမသည် သစ်ရွက်ခြောက်တို့ဖြင့် ရှုပ်ပွနေသည့် အိမ်ရှေ့ မြေပြင်တွင် ပိုးစိုးပက်စက် မှောက်လျက်တစ်မျိုး၊ ပက် လက်တစ်ဖုံ အသက်မဲ့နေပြီဖြစ်သည့် မိအိုဖအိုတို့၏ အဖြစ် ဆိုးအား မထင်မရှား လရောင်အောက်တွင် မြင်လိုက် ရတော့သည်။



'အိုး‥မယ့်ရေ၊ ပေ့ါရေ၊ (အမေရေ)၊ အဖေရေ‥ အဖြစ်ဆိုးလှချည်လား။ လုယိမ်း(သမီး)အတွက်နဲ့ အမေ တို့ အဖေတို့ အသေခံလိုက်ရပါလား။ ဟီး‥ဟီး‥ဟီး‥ အဟင့်‥ဟင့်'

နန်းခမ်းဝါသည် မိမိရှေ့မှောက် သေပွဲဝင်နေရှာသည့် မိဘနှစ်ပါးအား ဖက်ငိုရင်း သတိလစ်သွားရှာလေ၏။

သည်တော့မှပင် မုဆိုးတို့သည် ဘာလုပ်၍ဘာကိုင် ရမှန်း မသိလေဘဲ ယောင်နနဖြင့် နန်းခမ်းဝါအား ပွေ့ ထားလိုက်ကြသည်။

ယင်းသို့ ပစ်ကြခတ်ကြသည့် အခင်းဖြစ်ပွားပြီး မကြာခင်မှာပင် သုံးဦးသော မိန်းမတို့သည် နန်းခမ်းဝါတို့ တဲအိမ်ရှိရာသို့ မျက်ကလူးဆန်ပျာ ရောက်လာကြတော့ သည်။ သူတို့သည် မိမိတို့ရှေ့မှောက် မျက်ဝါးထင်ထင် မြင်လိုက်ရသည့် အဖြစ်ဆိုးကြောင့် ပါးစပ်အဟောင်းသား ဖြစ်သွားကြသည်။

'အင်း‥ဗမာဇာတ်ပွဲထဲကပြောသလို ဘာတဲ့ အသွား စေခိုင်းသူ မင်းဇကရာဇ်၊ လေးပစ်သူ ကျွန်တော်မျိုး ဆို သလို ဖြစ်နေပါပကောလား။ မအပ်မရာ စေခိုင်းခံရလို့ လုပ်ပေးလိုက်ရတဲ့ တို့ဝမ်းဆွဲလက်သည် သုံးယောက် လည်း ဘုမသိ ဘမသိနဲ့ ဒီဇာတ်ရှုပ်ထဲ ပါလိုက်ရပြီ။ အင်း ပြုသူအသစ် ဖြစ်သူအဟောင်းတဲ့။ နင်တို့ ဒီဘဝ မှာပဲ အရှင်လတ်လတ် ဝဋ်လည်ရပြီလားကွယ်။ သည်ဝဋ် ကြွေးသံသရာဟာ ဒီဘဝ ဒီမျှနဲ့ပဲ အဆုံးသတ်လိုက်ပါ တော့ကွယ်။ ကျွတ်‥ကျွတ်'

ထိုသုံးဦးထဲမှ ပထမမိန်းမက နောင်တ၊တရားတို့ဖြင့် ဆို့နင့်ကြေကွဲစွာ ဆိုလိုက်သည်။ ကျန်မိန်းမနှစ်ဦးမှာကား စကားပင် မဆိုနိုင်ဘဲ မျက်ရည်တွေတွေစီးကျရင်း ငုတ် တုတ်မေ့နေကြ၏။

နှစ်ပရိစ္ဆေဒများစွာ ကြာမြင့်ခဲ့ချေပြီ။

လဆုတ်ပက္ခ လမိုက်ည ရောက်လေတိုင်း ဖုတ်ဝင် သည် ဝက်တောင်းကြီးကိုစီးလာသည့် မွေးကင်းစကလေး သရဲတစ်ဦးအား တုန်လှုပ်ချောက်ချားဖွယ်မြင်နေရတာ ကြောင့်, ဒဏ္ဍာရီတစ်ပုဒ်ပမာ သည်တောင်ခြေရွာကလေး တွင် ယနေ့ထက်တိုင် ပြောစမှတ်ပြုနေကြသည်။

ညိုရောင်

www.burmeseclassic

www.burmeseclassic.com


နိုင်ငံတကာ အတွေ့အကြုံရှိ ပညာရှင်

# ဗေဒင်ဟောရာတွင် ဆရာ ဦးမြတ်စံ

B.Sc., M.Sc(Q)., English Language (UFL)., EDS (MOFA)

ဆန်းကျမ်းဗေဒင်၊ လက္ခဏာ၊ ဂမ္ဘီရပညာ၊ ဓာတ်ရိုက်ဓာတ်ဆင်ယတြာပညာရှင်

## အယူတော်မင်္ဂလာဗေဒင်ဟောခန်း

ကျွန်ုပ်၏ ကျင့်ကြံအားထုတ်ရသော သီလ၊ သမာဓိ၊ ဝဥ္စာ၊ စရဏ၊ သမထစွမ်းအားတို့ဖြင့် (၇)ရက်သားသမီးတို့၏

ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေး၊ အမှုအခင်းကိစ္စများအား

ကူညီလမ်းညွှန် ဖြေရှင်းပေးနေပါသည်။

ဝိဇ္ဇာထိပ်ခေါင် အဘအောင်မင်းခေါင်နှင့်တကွ ဝိဇ္ဇာရှစ်သောင်း ဆရာအပေါင်း၊

အနန္တစကြဝဠာမှ ဆရာသခင် သူတော်စင်ကြီးများ၏ သိဒ္ဓိ၊ မဟိဒ္ဓိ စွမ်းအားဖြင့် ကျွန်ုပ်ကိုယ်တိုင်စီရင်အပ်သော

အနန္တဒီပံဖယောင်းတိုင်၊ အနန္တသိဒ္ဓိ အင်း၊ စမ၊ ယတြာအစီအရင်များ ပီယလာဘ်ဖွင့်

### ဂမ္ဘီရအဆောင်များ မှာကြားခြင်းဖြင့်

၁၀၀ အောင်မြင်မှုကို ရယူပါ။

သား, သမီးရတနာများအတွက် မွေးဖွားချိန်မင်္ဂလာအခါပေးခြင်း၊ ထန်းဖူး၊ ရက်ချုပ်ဇာတာဖွဲ့ပေးခြင်း၊

မြန်မာ့ရိုးရာ နာမကရဏမင်္ဂလာနှင့်အညီ ကလေးနာမည်ပေးခြင်း၊

နိုင်ငံခြားခရီး (ပညာရေး၊ အလုပ်အကိုင်၊ သင်္ဘောတက်ရန်)

S pass, P.R, Shore Job, Oversea Student Visa အဆင်ပြေစေရန် စီစဉ်ပေးခြင်း၊

အိမ်၊ ခြံ၊ မြေ၊ ကား၊ ကျောက်မျက်ရတနာ၊ ကုန်ပစ္စည်းများ အမြန်ရောင်းထွက်ရန်

အာမခံဖြင့် **အထူးယတြာ** စီရင်ပေးပါသည်။

**Prediction in English Language is offered.**

ရုံးခန်းလိပ်စာ ❖ အမှတ်-၁၅(B) (ပထမထပ်)၊ (၁၄၉)လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ (သီတာလမ်းမှတ်တိုင်အနီး)၊

ဆွေးနွေးချိန် ❖ နံနက်(၉:၀၀)နာရီမှ ညနေ(၃:၀၀)နာရီအထိ

09 51 76646, ☎ 200 298 , E-mail Address : myatsan5@gmail.com

Website : http://sayamyatsan.blogspot.com

ကြိုတင်ရက်ချိန်းယူပါ





www.burmeseclassic

www.burmeseclassic.com

လေက သိမ်မွေ့စွာ တိုက်ခတ်နေသည်။ မြောက်လေက တောင်ဘက်သို့ စုန်နေသည်။ ထို့အတူ ရေကလည်း မြောက်မှတောင်သို့ စုန်နေသည်။ ရေစုန်လေစုန် ဖြစ်နေသောကြောင့် သူဌေးဦးလှိုင်ဘွားဧ၏ လှေကြီးမှာ မြစ်ပြင်တွင် ရေစီးအလိုက် အလျင်အမြန် မျောပါသွားနေသည်။ ရေစုန်လေစုန် ဖြစ်နေ၍လည်း လှေထိုးသားများမှာ အားသိပ်မစိုက်ရပါဘဲနှင့် အသာလေးသာ လှော်ခတ်နေကြရသည်။

သူဌေးကြီးဦးလှိုင်ဘွားဧ၏ လှေကြီးတွင် လှေထိုးသားအပါအဝင် အလုပ်သမား ဆယ်ဦးခန့် ပါရှိသည်။

ထိုအထဲတွင် ဦးလှိုင်ဘွားဧ၏လူယုံ ဆေးပေးမီးယူလုပ်



www.burmeseclassic

www.burmeseclassic.com

ကျွေးပြုစုရသည့် လူငယ်လေး မောင်ဝဏ္ဏလည်း ပါဝင်လေသည်။ မောင်ဝဏ္ဏမှာ တစ်ကောင်ကြွက်ဖြစ်၍ သူဌေးကြီး ဦးလှိုင်ဘွားက ကူညီစောင့်ရှောက်ကာ အလုပ်ပေးထားသူဖြစ်သည်။ လူပျိုပေါက်အရွယ်ဖြစ်၍ သူဌေးကြီးနိုင်းသမျှကို အလျှင်အမြန် ပြီးစီးအောင် ဆောင်ရွက်ပေးနိုင်သောကြောင့် သူဌေးကြီးနှစ်သက်မှုကို ရရှိထားသူလည်းဖြစ်သည်။ မောင်ဝဏ္ဏကို လှေပေါ်ရှိ လှေထိုးသားအပါအဝင် အလုပ်သမားအားလုံးကလည်း ချစ်ခင်ကြသဖြင့် ဖင်ပုတ် ခေါင်းပုတ်ဖြင့် စနောက်တတ်ကြ၏။

သူဌေးကြီး ဦးလှိုင်ဘွားမှာ ထိုလှေကြီးပေါ်တွင် ရေနံဆီ၊ ရေနံချေးတို့ကိုတင်၍ အထက်မှအောက်၊ အောက်မှအထက်သို့ စုန်ဆန်သွားလာ၍ မြို့ရွာတချို့၌ ဆိုက်ကပ်ကာ ရေနံရောင်းလေ့ရှိ၏။ မြန်မာနိုင်ငံသို့ အင်္ဂလိပ်အစိုးရအုပ်ချုပ်ကာလဖြစ်၍လည်း စည်ပင်တိုးတက်မှုမရှိသေးဘဲ ရေးယခင်အတိုင်း မီးအလင်းရောင်ရရန်အတွက် ရေနံဆီဖြင့် မီးခွက်များကို ထွန်းညှိအသုံးပြုရ၏။ ထို့ကြောင့် သူဌေးကြီး ဦးလှိုင်ဘွား၏ ရေနံအရောင်းအဝယ်လုပ်ငန်းမှာ တွက်ခြေကိုက်ကာ ကြီးပွားပြီးရင်း ကြီးပွားနေရှာလေ၏။ သူဌေးကြီး ဦးလှိုင်ဘွားမှာ တစ်ကိုယ်ကောင်းမဆန်သည့်အပြင် မောင်ဝဏ္ဏအပါအဝင် လှေပေါ်ရှိ အလုပ်သမားများ အပေါ်တွင်လည်း မကြာခဏ ထောက်ပံ့မ၊ စမှုများပေးသူ ဖြစ်၏။ ထို့ကြောင့် လှေပေါ်ပါ အလုပ်သမား အားလုံးမှာ သူဌေးကြီး ဦးလှိုင်ဘွားကို ချစ်ခင်လေးစားကြ၏။

# ချစ်ခင်းသူ

## မြွေနိုင်ဆရာ





www.burmeseclassic

www.burmeseclassic.com

သူဌေးကြီး ပြောသမျှ နားထောင်ကြ၏။ အလုပ်ကို ကြိုးစားကြ၏။

‘ဟော့..ဟော့..ဟိုးမှာ ရေကို နှစ်ခြမ်းခွဲပြီး တို့လှေဘက်ကို လာနေတာ ဘာကြီးလဲကွ။ ကြည့်ကြစမ်း’

လှေဦးတွင် မတ်တတ်ရပ်ရင်း ဘေးဘီဝဲယာသို့ ကြည့်နေသည့် သူဌေးကြီး ဦးလှိုင်ဘွား၏ အသံကြောင့် လှေထိုး သားများအပါအဝင် လှေပေါ်ရှိ အလုပ်သမားများ သူဌေး ပြရာသို့ ဝိုင်း၍ကြည့်လိုက်ကြ၏။

‘ဟာ..ဒါ သစ်တုံးကြီးမျောလာတာဖြစ်မယ်’

‘ဘယ်ကလာကွာ၊ ရေစုန်မှ မဟုတ်တာ၊ ရေဆန်ကို ဇာက်လာနေတာ မင်းမမြင်ဘူးလားကွ’

‘ဒါဆို မိကျောင်းဖြစ်မယ်။ အဲဒါမှမဟုတ်ရင် ငါးမန်းဖြစ်လိမ့်မယ်’

‘အင်း..ဒါဖြစ်နိုင်တယ်။ ဟုတ်တယ်၊ ငါးမန်းဖြစ်ရမယ်’

လှေပေါ်ရှိ အလုပ်သမားများမှာ သူဌေးကြီး ဦးလှိုင်ဘွားအနီးသို့ ရောက်ရှိလာကြကာ တစ်ယောက်တစ်မျိုးစီ ထင်ကြေးပေးကာ ငြင်းခုံနေကြ၏။

ထိုစဉ် မောင်ဝဏ္ဏ အနီးသို့ ရောက်လာကာ-

‘ဒါ..ဘာမှမဟုတ်ဘူး။ မြွေလာနေတာ’ဟု ပြောလိုက်ရာ အလုပ်သမားများက မောင်ဝဏ္ဏကို ဖင်ပုတ်ခေါင်းပုတ်လုပ်၍ ဝိုင်းဟားလိုက်ကြ၏။

‘ဟား..ဟား..ဒီကောင်လေး မင်းက ဘာနားလည်လို့လဲကွ။ ကလေးပီပီ အသာနေစမ်းပါကွာ’

‘ရေကို နှစ်ခြမ်းခွဲပြီး ရေဆန်တက်လာတာ မြွေဖြစ်မလားကွ။ မဖြစ်နိုင်တာ’

‘လာနှောက်မနေစမ်းပါနဲ့ ဝဏ္ဏရယ်။ မင်းဟာက ရယ်စရာ။ ဟား..ဟား’

သူဌေးကြီးဦးလှိုင်ဘွား စကားကြောင့် အလုပ်သမားများက ဝိုင်းရယ်လိုက်ကြသည်။ ထိုအခါ မောင်ဝဏ္ဏက သူဌေးကြီးအနီးသို့ တိုးကပ်သွားပြီး အဝေးမှလာနေသော အကောင်ရှိရာသို့ လက်ညှိုးထိုးကာ ပြောလိုက်၏။

‘ခင်ဗျားတို့ ကျွန်တော်ပြောတာ မယုံရင် ကျွန်တော် လက်တွေ့ပြမယ်။ ဒီကောင်က လူကိုက်လာတဲ့ကောင်။ ကြည့်နေ။ ခင်ဗျားတို့ လှေဦးမှာရှိတဲ့ လှေပေါက်ကို သွားဖွင့်ထားလိုက်ကြ’

မောင်ဝဏ္ဏစကားကို အလုပ်သမားများက မယုံကြည်သဖြင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ခေတ္တမျှ ရပ်နေကြ၏။

‘ကဲပါကွာ၊ မောင်ဝဏ္ဏက မနှောက်တတ်ပါဘူး။ သူ့စကားကို စောင့်ကြည့်ကြတာပေါ့။ သူပြောတဲ့အတိုင်း လှေဦးက အပေါက်ကို ဖွင့်ထားပေးလိုက်ကြ’

သူဌေးကြီး၏ စကားကိုကြားရမှ လှေသမားအချို့ လှေဦးသို့သွားကာ အပေါက်ကို ဖွင့်ထားပေးလိုက်ကြ၏။ ထိုအခါ မောင်ဝဏ္ဏက ရှေ့သို့ လက်ညှိုးထိုးကာ ပြောလိုက်၏။

‘ဟော့ကောင်၊ မင်း ငါရှိရာကိုလာပြီး လှေဦးက အပေါက်ထဲမှာဝင်နေ။ ငါအမိန့်မပေးမချင်း မင်း ဘယ်မှ မသွားရဘူး’

မောင်ဝဏ္ဏစကားဆုံးသည်နှင့် လူတစ်ရပ်စာကျော်ပြီး ခြေသလုံးအဝိုင်းအဝန်းမျှ ကြီးမားသော မြွေကြီးတစ်ကောင် လှေဦးသို့ တက်လာကာ စောစောကဖွင့်ထားသည့် လှေအပေါက်ထဲသို့ ရှောရှောရှူရှူ ဝင်သွားသည်ကို တွေ့ကြရ၏။ ထိုအခါမှ လှေအလုပ်သမားများမှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍လည်းကောင်း၊ မောင်ဝဏ္ဏနှင့် သူဌေးကြီးတို့ကိုကြည့်ကာ မှင်တက်နေမိကြလေ၏။ သူဌေးကြီး ဦးလှိုင်ဘွားကမူ ကျေနပ်အားရစွာဖြင့် မောင်ဝဏ္ဏ၏ ဦးခေါင်းကို အသာအယာပွတ်ကာ ဂုဏ်ယူနေရှာ၏။

သူဌေးကြီးဦးလှိုင်ဘွား၏ ရေနံတင်လှေကြီးမှာ ရှေ့ခရီးသို့ ဆက်လက်ထွက်ခွာနေဆဲရှိ၏။ လှေထိုးသားများမှာလည်း လိုရာခရီးကို အမြန်ရောက်ရှိရန် အားစိုက်လှော်ခတ်နေသည်ကိုကြည့်ကာ သူဌေးကြီး ဦးလှိုင်ဘွားတစ်ယောက် ကြည်နူးပီတိ ဖြစ်နေရှာလေ၏။

◆ ◆ ◆

မောင်ဝဏ္ဏတစ်ယောက် လှေဦးထိပ်၌ရပ်လျက်အရှေ့သို့ မျှော်ကြည့်နေ၏။ ခပ်လှမ်းလှမ်း၌ ရွာတစ်ရွာကို ဝေဝေဝါးဝါး မြင်တွေ့ရ၏။ ထို့ကြောင့် လှေပဲ့ပိုင်းရှိ ပေါင်းမိုးအောက်၌ ထိုင်လိုက်လာသော သူဌေးကြီးဦးလှိုင်ဘွားထံသို့ သွားလိုက်၏။ သူဌေးကြီးအနီးရောက်သည်နှင့် မောင်ဝဏ္ဏက စ၍ပြော၏။-

‘သူဌေး..ရှေ့နားကရွာမှာ လှေကပ်ကြမယ်



www.burmeseclassic

www.burmeseclassic.com

'ဘာလုပ်ဖို့လဲ မောင်ဝဏ္ဏရဲ့'

'သူဌေးရဲ့ပစ္စည်းတွေ ရောင်းဖို့လေ'

'မောင်ဝဏ္ဏရယ်..ငါ ဟောဒီလမ်းကို စုန်ချည်ဆန်ချည် သွားလာရောင်းဝယ်နေတာ ကြာလှပေါ့။ ဒီရွာက တစ်ခါမှ တို့ဆီက ပစ္စည်းတွေ မဝယ်ဖူးဘူးကွ'

'မဟုတ်ဘူး သူဌေး၊ ကျွန်တော့်ကိုယုံပါ။ သူဌေးရဲ့ ပစ္စည်းတွေကို ဒီရွာက ဝယ်ကို ဝယ်စေရပါမယ်။ ကျွန်တော်တာဝန်ယူပါတယ်'

မောင်ဝဏ္ဏစကားကြောင့် သူဌေးကြီး ဦးလှိုင်ဘွား ခေါင်းတစ်ချက်ကုတ်ကာ အတန်ကြာစဉ်းစားလိုက်သည်။

ပြီးမှ-

'ကဲ..ကောင်းပြီလေ။ မင်းစကားကို ငါယုံကြည်လိုက်ပါ့မယ်။ ပြီးတော့ အဲဒီရွာမှာ လှေကပ်ဖို့ လှေထိုးသားတွေကို မင်းပဲ သွားပြောလိုက်'

'ဟုတ်ကဲ့ သူဌေး'

မောင်ဝဏ္ဏက ချက်ချင်းပင် သူဌေးကြီး အနီးမှ ထွက်သွားကာ လှေထိုးသားများကို ရွာသို့ လက်ညှိုးထိုး၍ လှေဆိုက်ကပ်ရန် ပြောကြားလိုက်၏။ မကြာမီ မောင်ဝဏ္ဏတို့ လှေကြီးမှာ သဖန်းကုန်းရွာဆိပ်ကမ်းသို့ ဆိုက်ကပ်သွားတော့၏။ လှေဆိုက်ကပ်သည်နှင့် မောင်ဝဏ္ဏက သူဌေးကိုခေါ်ကာ ရွာထဲသို့ ဝင်သွားလေ၏။ ရွာမှာ အိမ်ခြေ(၁၀၀)နီးပါးခန့် ရှိဟန်တူ၏။

ရွာထဲတွင် အိမ်များ အစီအရီရှိကြ၏။ ရွာလယ်လမ်းအတိုင်း လျှောက်လာရင်းမှ လူများ ရုံးစုရုံးစုရှိနေသော အိမ်ထဲသို့ မောင်ဝဏ္ဏက သူဌေးကြီးဦးလှိုင်ဘွားကို လက်ဆွဲခေါ်၍ ဝင်သွားလိုက်၏။ သူဌေးကြီးဦးလှိုင်ဘွားမှာ မောင်ဝဏ္ဏ၏ လုပ်ကိုင်ပုံကို မသိသလို ငေးကြောင်စွာဖြင့် လိုက်ပါသွားရ၏။ အိမ်မှာ အိမ်ကြီးအိမ်ကောင်းဖြစ်၏။

မောင်ဝဏ္ဏနှင့် သူဌေးကြီး ဦးလှိုင်ဘွားတို့ အိမ်ထဲဝင်လာကြသည်ကို အိမ်ထဲမှလူများက ဝိုင်းကြည့်နေကြ၏။ မောင်ဝဏ္ဏက မည်သူ့ကိုမျှ ဂရုစိုက်မနေဘဲ အိမ်ရှေ့ခန်း အလယ်၌ ဖျာခင်း၍ အိပ်နေသော သူတစ်ယောက်၏ ဦးခေါင်းရင်း၌ ဘာမပြောညာမပြော ဝင်ထိုင်လိုက်၏။ စင်စစ် အိပ်နေသူ ဘေးတစ်ဖက်၌ အသက်ကြီးကြီး ယောကျာ်းကြီးတစ်ဦးနှင့် မိန်းမကြီးတစ်ဦးတို့မှာ မျက်ရည်များကျလျက် ငိုနေသည်ကို ကြည့်ရခြင်းအားဖြင့် သေဆုံးသွားသည့်အလောင်းဖြစ်ကြောင်း သူဌေးကြီး သဘောပေါက်သွား၏။

ထိုအလောင်း၏ ဘေးတစ်ဖက်တစ်ချက်တွင် ကွမ်းယာဝိုင်း၊ လက်ဖက်ရည်ဝိုင်းဖွဲ့ကာ သောက်နေသည့် ရွာလူအချို့ကိုလည်း တွေ့နေရ၏။ မောင်ဝဏ္ဏက သူ့ကိုယ်သူ ဆေးဆရာကြီးတစ်ဦးပမာ တင်ပျဉ်ခွေထိုင်ရင်း အနီးရှိ လူအချို့ကို ခပ်တည်တည် လှမ်းမေးလိုက်၏။

'ဟောဒီအိမ်ရဲ့ အိမ်ရှင်တွေရှိလား။ ဒီလူနာရဲ့ လူနာရှင်တွေနဲ့ တွေ့ချင်တယ်။ အမြန်လာပါ'

မောင်ဝဏ္ဏစကားကြောင့် လက်ဖက်ရည်ဝိုင်းမှ လူအချို့က ပြူးတူးပြဲတဲ လှမ်းအကဲခတ်ကြ၏။ မကြာမီ အလောင်းဘေး၌ ထိုင်ငိုနေသည့် လူကြီးနှင့် မိန်းမကြီးတို့က အလောင်းအနီးမှ ထလာကာ မောင်ဝဏ္ဏရှေ့၌ ထိုင်လျက်မှ-

'မောင်ရင်က ဘယ်သူလဲကွ။ ဘယ်က လာတာလဲ။ ဦးကြီးတို့က စောစောကမှ သေသွားတဲ့ မိန်းကလေးရဲ့မိဘတွေပါကွယ်။ ဦးကြီးတို့သမီးက အသက်မရှိတော့ပါဘူး။ မကြာခင်ကပဲ ဆုံးပါးသွားပါပြီ' ဟု၍ ဆိုကြ၏။

မောင်ဝဏ္ဏက ခေါင်းကို တစ်ချက်ခါယမ်းပြီးနောက် ဆက်ပြောလိုက်၏။

'ဒီလူနာမိန်းကလေး မသေသေးပါဘူး။ ကျွန်တော်က ဆေးဆရာပါ။ ဒီမိန်းကလေးကို ဆေးကုပေးဖို့ ရောက်လာတာပါ။ ကျွန်တော် ပျောက်အောင်ကုပေးပါ့မယ်။





www.burmeseclassic

www.burmeseclassic.com



ကျွန်တော့်ကို လူနာအပ်ပါ'

မောင်ဝဏ္ဏစကားကြောင့် လူနာရှင် ဦးကြီးတို့ လင်မယားမှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ မောင်ဝဏ္ဏကို တစ်ချက်ပြန်ကြည့်ကာ အကဲခတ်လျက်ရှိ၏။ ထိုစဉ် ကျန်လက်ဖက်ရည်ဝိုင်း၊ ကွမ်းဝိုင်းတို့မှ လူရွယ်သုံးလေးဦးထလာကာ လူနာရှင်လင်မယားနှင့် မောင်ဝဏ္ဏတို့ဘေး၌ ဝိုင်းထိုင်လိုက်ကြ၏။ ပြီးနောက်-

'ဒီမှာ ဟိုဟာက လူနာမဟုတ်တော့ဘူး။ စောစောကပဲ သေသွားပြီ။ အလောင်းကောင်ဖြစ်သွားပြီ။ ခင်ဗျားက ခုမှ ဘာလာပြီး ကြောင်နေတာလဲ'

'ဟုတ်တယ်။ ဒီမှာ သူတို့သမီး သေသွားလို့ လောလောလတ်လတ် စိတ်မကောင်းဖြစ်နေရတဲ့အထဲ ခင်ဗျားက ဘာလာပြီး ထပ်ရှုပ်ဦးမလို့လဲ။ ဘာလဲ၊ ဖုတ်သွင်းပြီး ဆေးကုဟန်ဆောင်ပြီး ငွေညှစ်ချင်လို့လား။ မရဘူးနော်။ တို့ရွာကို ငတုံးများ အောက်မေ့နေလား'

'ဟုတ်တယ်။ ဟောဒီအလောင်းကို လက်ဖျားနဲ့ လုံးဝမထိပါနဲ့။ လာမရှုပ်နဲ့။ သွားတော့'

ရွာသားများက တစ်ယောက်တစ်ပေါက်ပြောကာ နှင်လွှတ်နေသောကြောင့် သူဌေးကြီး ဦးလှိုင်ဘွားက ထပြန်ရန်အတွက် မောင်ဝဏ္ဏ၏ပေါင်ကို လက်ကုတ်၍ သတိပေးလိုက်၏။ သို့ရာတွင် မောင်ဝဏ္ဏက လုံးဝထရန်ဟန်မပြုဘဲနှင့် အေးဆေးစွာထိုင်ရင်း ဆက်ပြော၏။

'ကျွန်တော်တို့က လိမ်ဖို့ညာဖို့ ဒီကိုရောက်လာတာမဟုတ်ဘူးနော်။ ရေနံလိုက်ရောင်းရင်းက ဒီရွာမှာ ဒီလိုဖြစ်နေတာသိလို့ လှေကပ်ပြီး တမင်ဒီကိုလာခဲ့တာ။ ဟောဒီလူနာ မသေသေးဘူး။ သူပြန်ကောင်းလာအောင် ကျွန်တော်ကုပေးနိုင်တယ်။ ကျွန်တော့်ကိုသာ လူနာအပ်ပါ'

'တကယ်ပြောတာလား မောင်ရင်ရယ်။ ဦးတို့သမီး တကယ်မသေသေးဘူးဆိုရင် ပြန်ရှင်အောင် လုပ်ပေးပါကွယ်။ ဦး တောင်းပန်ပါတယ်'

'ဟုတ်ပါတယ်ကွယ်။ ဒေါ်လေးတို့ သမီးလေး အသက်ပြန်ရှင်လာမယ်ဆိုရင် မောင်ရင်တောင်းတာ အကုန်ပေးပါ့မယ်။ ဒေါ်လေးတို့ ပိုင်ဆိုင်တဲ့ ဥစ္စာပစ္စည်းတွေ အကုန်ပေးချင်ပေးရပါစေရဲ့ကွယ် ပေးပါ့မယ်။ သမီးလေး ပြန်ကောင်းအောင်သာ ကုပေးပါကွယ်'

'တကယ်ပါ မောင်ရင်ရယ်၊ ဦးတို့သမီးလေး အသက်ပြန်ရှင်လာမယ်ဆိုရင် ဘာပဲပေးရ,ပေးရ ဦးတို့ ပေးဖို့ကတိပြုပါတယ်။ နောက်ဆုံး မောင်ရင်နဲ့ မတိမ်းမယိမ်းမို့ သမီးကို မေတ္တာရှိတယ်ဆိုရင်လည်း ဦးတို့ စီစဉ်ပေးပါ့မယ်'

'ကျွန်တော့်အတွက် ဘာမှမလိုပါဘူး။ လောလောဆယ် သူ့ကို အမြန်ကယ်ဖို့ သူ့ကို ကျွန်တော့်လက် အပ်ပါ'

ထိုစဉ် မောင်ဝဏ္ဏဘေး၌ ဝိုင်းထိုင်နေကြသော လူရွယ်နှစ်ဦးက ထိုင်ရာမှထရပ်ကာ မောင်ဝဏ္ဏကို တစ်ခုခုပြုလုပ်ရန် ဟန်ပြင်ပြီး ဒေါသတကြီး ပြောလိုက်၏။

'ဦးလေးကောင်း၊ ဘယ်လာလို့ ဘယ်သွားမှန်းမသိတဲ့ကောင်ရဲ့စကားကို ယုံကြတော့မလို့လား။ ဒေါ်လေးသောင်းတို့ကြောင့် ကျုပ်တို့ရွာ နာလိမ့်မယ်နော်။ ကြည့်လုပ်ကြ'

'ဟုတ်တယ်။ ဒီကိစ္စက ရွာနာမယ့်ကိစ္စ၊ စဉ်းစဉ်းစားစား လုပ်ကြဗျာ'

'ဒီမှာ ချက်ကြီးနဲ့ ကြွက်နီ၊ အခုဖြစ်နေတာ ငါ့သမီးရဲ့ကိစ္စ၊ နင်တို့ကိစ္စ မဟုတ်ဘူး။ ဆရာက ငါတို့သမီး မသေသေးဘူးပြောတယ်။ ငါတို့ကလည်း ငါ့သမီး မသေသေးဘူးဆိုတာ ယုံကြည်တယ်။ အဲဒါကြောင့် နင်တို့

www.burmeseclassic

www.burmeseclassic.com

သဘောတူတူ၊မတူတူ ငါ့သမီးကို ဒီဆရာလက်ထဲ အပ်တယ်။ ဆရာ..ကျွန်မတို့သမီးကို ပြန်ရှင်လာအောင် ကုပေးပါနော်။ ဆရာ့ကို အပ်ပါတယ်'

'ဟုတ်ပြီ၊ ကျွန်တော့်ကို မယုံကြည်တဲ့သူတွေ သေချာကြည့်နေကြပါ။ ကျွန်တော် ဘယ်လိုကုပေးမလဲဆိုတာ။ ပြီးတော့မှယုံပေါ့။ ဩော်..ဦးလေး၊ ကျွန်တော့်ကို တစ်ခုလောက်ပဲ ကူညီပေးပါ။ ဒီရွာက သတ္တိအရှိဆုံးနဲ့ သန်မာတဲ့ ယောကျ်ားတစ်ယောက်ကို ခေါ်ပေးပါ'

'ဟေ့ကောင် ချက်ကြီး၊ မင်း ဘယ်လိုသဘောရလဲ'

လူနာရှင် ဦးလေးကောင်းဆိုသူက သူ့ဘေး၌ မတ်တတ်ရပ်နေသော သန်မာထွားကျိုင်းသည့် ချက်ကြီးအလျင်စလို လှမ်းမေးလိုက်၏။

ချက်ကြီးက မောင်ဝဏ္ဏကို တစ်ချက်ငုံ့ကြည့်ပြီးနောက်-

'ကျုပ်က ဘာလုပ်ပေးရမှာလဲ။ ပြော'

ချက်ကြီးက မောင်ဝဏ္ဏကို ဘုကြည့်ကြည့်ကာ ခတ်ဆတ်ဆတ်မေးလိုက်၏။ ထိုအခါမှ မောင်ဝဏ္ဏက ခပ်တည်တည်ဖြင့် ပြန်ပြောလိုက်၏။

'ခင်ဗျား ဟောဒီကနေ လှေဆိပ်ကိုသွား၊ အဲဒီမှာ ကျုပ်တို့လှေကြီးရှိတယ်။ လှေပေါ်ကိုတက်၊ ပြီးရင် လှေဦးပေါက်ကိုဖွင့်၊ ဘာကိုပဲမြင်မြင် မကြောက်နဲ့၊ မလန့်နဲ့။ ပြီးရင် အဲဒီမြင်တဲ့အရာကို မင်းဆရာ ခေါ်ခိုင်းလိုက်တယ်။ ငါ့နောက် တစ်လံခွာကနေ လိုက်ခဲ့လို့ပြောပြီး ခင်ဗျား ဒီကိုပြန်လာခဲ့ရမယ်။ သိပြီနော်၊ သွားတော့'

မောင်ဝဏ္ဏက အမိန့်ပေးလိုက်ရာ ချက်ကြီးက ထိုအနီးမှ ချာခနဲလှည့်ထွက်ကာ လှေဆိပ်သို့ အပြေးသွားလေ၏။ ရွာသားတချို့မှာ မောင်ဝဏ္ဏနှင့် သူဌေးကြီး ဦးလှိုင်ဘွားတို့ကို မျက်တောင်မခတ် ကြည့်လျက်နေကြ၏။ လူနာရှင် ဦးကောင်းနှင့် ဒေါ်သောင်းတို့ ဇနီးမောင်နှံမှာလည်း မျက်လုံးလေး ပုတ်ကာ၊ပုတ်ကာဖြင့် မောင်ဝဏ္ဏနှင့် သူဌေးကြီး ဦးလှိုင်ဘွားတို့ကို ငေးကြည့်လျက်ရှိ၏။

ခဏကြာလျှင် မောင်ဝဏ္ဏက သူ့ရှေ့၌ ငြိမ်သက်စွာ လဲလျောင်းနေသော မိန်းကလေး၏ လက်တစ်ဖက်ကိုကိုင်၍ သွေးတိုးစမ်းရင်းမှ-

'ဒီမိန်းကလေး မသေသေးဘူး။ သူ မြွေကိုက်ခံရလို့ အဆိပ်တက်ပြီး မျောနေတာ။ မကြာခင် ပြန်ကောင်းလာပါလိမ့်မယ်။ ကျွန်တော့်ကို ရေအောင်တဲ့ သုံးလေးခုနဲ့ ရေအပြည့် ထားပေးပါ'

'ကောင်းပါပြီကွယ်။ မောင်ရင်ပြောတဲ့အတိုင်း လုပ်ပေးထားပါ့မယ်'

ဦးကောင်းက ပြောပြောဆိုဆို ထသွားကာ မောင်ဝဏ္ဏပြောသည့်အတိုင်း ရွာသားတချို့ကိုခေါ်ကာ ပြင်ဆင်စေလိုက်၏။ ထိုအချိန်တွင် ချက်ကြီးတစ်ယောက် လှေဆိပ်သို့ ရောက်ရှိပြီးနောက် မောင်ဝဏ္ဏတို့၏ လှေပေါ်သို့ တက်ကာ လှေဦးရှိ အပေါက်တံခါးကို ဖွင့်လိုက်၏။

'ရှူး'

အထဲမှ ပါးပျဉ်းထောင်ထလာသည့် မြွေကြီးကို မြင်တွေ့ရရာ ချက်ကြီး လန့်ဖျပ်ပြီး နောက်သို့ ပြန်ပြေးရန်ပြင်၏။

ထိုစဉ် မောင်ဝဏ္ဏမှာလိုက်သည်ကို ပြန်သတိရပြီးနောက်-

'ဟေ့ကောင်၊ မင်းဆရာက မင်းကို ခေါ်ခိုင်းလိုက်တယ်။ မင်း ငါ့နောက်တစ်လံခွာကနေ လိုက်ခဲ့'ဟူ၍ ပြောဆိုပြီး နောက်သို့ လှည့်မကြည့်ဘဲနှင့် အပြေးထွက်လာလိုက်၏။

မြွေကြီးကား သူ၏နောက်တစ်လံအကွာမှနေ၍ မြန်၍တစ်သွယ်၊ နှေး၍တစ်ဖုံဖြင့် လိုက်လာ၏။ ချက်ကြီးမှာ ကြောက်လန့်နေရာ အမြန်ပြေး၍လည်းကောင်း၊ မောပန်းလျှင် နှေးကွေးစွာ လျှောက်၍လည်းကောင်း လာခဲ့ရာ ခေတ္တအကြာတွင် မောင်ဝဏ္ဏရှိရာနေရာသို့ ရောက်လာ၏။

ချက်ကြီးနောက်မှ မြွေကြီးလိုက်လာသည်ကို မြင်တွေ့ကြသော ပွဲကြည့်ပရိသတ်မှာလည်း လန့်ဖျပ်ကာ ထွက်ပြေးကြ၏။ ဝိုင်းအုံနေသော ပွဲကြည့်ပရိသတ်တို့မှာ ရှဲသွားကာ အဝေးရောက်သွားကြ၏။

'ခင်ဗျားတို့အားလုံး မကြောက်ကြပါနဲ့။ ဒီမြွေက ဘယ်သူ့ကိုမှ အန္တရာယ်မပြုနိုင်ပါဘူး။ ကျွန်တော် သူ့ကို နိုင်ပါတယ်'

မောင်ဝဏ္ဏမည်သို့ဆိုစေ ဆေးကုသပွဲကို ကြည့်ချင်ကြသော ရွာသူရွာသားတို့မှာ ကြောက်လန့်၍ အဝေးမှသာ လှမ်းကြည့်နေကြ၏။ အနီးသို့ကား ကပ်မလာရဲကြပေ။ သူဌေးကြီး ဦးလှိုင်ဘွားလည်း ဘုမသိဘမသိဖြင့် မောင်ဝဏ္ဏ လုပ်သမျှ ထိုင်ကြည့်နေရ၏။ စိတ်ထဲတွင်တော့



www.burmeseclassic

www.burmeseclassic.com

မောင်ဝဏ္ဏ လုပ်ကိုင်နေသည်များ ဘေးမသီရန်မခအဲ အောင်မြင်ပါစေဟု ကြိတ်၍ဆုတောင်းနေရှာလေ၏။

မြွေကြီးကား မောင်ဝဏ္ဏရှေ့တည့်တည့် မှောနေသည့် မိန်းကလေးနှင့် တစ်လံကွာတွင် ပါးပျဉ်းထောင်လျက် ရပ်တန့်နေ၏။ ချက်ကြီးတစ်ယောက် ကြောက်လန့်၍ ထွက်လာသည့် ဓာချွေးများကို ယခုမှပင် အေးဆေးစွာ သုတ်နိုင်တော့၏။

'ဟော့ကောင်၊ မင်းကိုက်ထားတဲ့ အဆိပ်တွေ မင်းပဲ ပြန်နုတ်ယူပေး။ ပြီးရင် ရေအင်တုံထဲမှာပဲ ဒီအဆိပ်တွေကို သွားသွန်ချေ'

မြွေကြီးမှာ မောင်ဝဏ္ဏပြောသည့်အတိုင်း နားလည်သည့်အလား မိန်းကလေးခြေထောက်မှ အဆိပ်များ ပြန်လည်စုပ်ယူကာ ရေအင်တုံထဲသို့ သွားအန်ချနေလေ၏။ ကွမ်းတစ်ရာညက်ခန့်အကြာတွင် မြွေကြီးမှာ အဆိပ်ထုတ်ပြီးသွား၍ မူလနေရာ၌ ပြန်၍ရပ်တန့်နေလေ၏။

ထိုအခါမှ မောင်ဝဏ္ဏက ထိုင်နေရာမှထ၍ လဲလျောင်းနေသော မိန်းကလေးဘေး၌ မတ်တတ်ရပ်ကာ မိန်းကလေးဦးခေါင်းမှ ခြေဖျားသို့တိုင် သူ၏ လက်တစ်ဖက်ဖြင့် သပ်ချလိုက်၏။ ထိုခဏအတွင်းမှာပင် လဲလျောင်းနေသော မိန်းကလေးမှာ ရုတ်ခြည်းထထိုင်လာ၏။

'ရေ..ရေပေးပါ၊ ရေ..ရေပေးပါ။ ပူတယ်၊ ရင်ထဲမှာပူတယ်။ ရေအမြန်ပေးပါ'

ထထိုင်လာသည့် မိန်းကလေးက ရေတောင်းနေ၏။



လဲလျောင်းနေသည့်မိန်းကလေး ထထိုင်လာသောကြောင့် ကြည့်နေသူ လူအုပ်အချို့မှာ အဝေးသို့ ထွက်ပြေးကြပြန်၏။ သမီးရှင် ဦးကောင်းနှင့် ဒေါ်သောင်းတို့မှာမူ သမီး အသက်ရှင်လာသည်ကိုကြည့်ကာ ဝမ်းသာနေကြ၏။ ရေ ထခပ်ပေးရန်ပင် ခေတ္တမေ့နေကြ၏။

'သမီးလေး သူဇာ၊ သမီး အသက်ပြန်ရှင်လာတယ် နော်'

'သမီးရယ်.. အမေတို့ ဝမ်းသာလိုက်တာကွယ်။ သမီး.. သမီးသူဇာ၊ အမေနဲ့ အဖေကို မှတ်မိတယ်နော်။ သမီး..အားလုံးပြန်မှတ်မိတယ်နော်'

'ရေ..ရေပေးပါ၊ ရေ..ရေ'

'ကဲ..ကဲ..နောက်မှ အေးအေးဆေးဆေး စကားပြောကြပါ။ ခုလောလောဆယ် လူနာက အဆိပ်ထိထားတာမို့ ရင်ထဲမှာ ပူလောင်နေလို့ လူနာသောက်ရအောင် ရေအရင် ခပ်ပေးလိုက်ကြပါ'

မောင်ဝဏ္ဏ စကားကြောင့် ဦးကောင်း ထိုင်ရာမှ ထကာ ရေအမြန်ခပ်ပေးလိုက်၏။ မသူဇာက ရေကို အလုပ်အမြန်ယူကာ သောက်လိုက်၏။ ရေနှစ်ခွက် သုံးခွက်ကို ဆက်တိုက်ပင် သောက်လိုက်၏။

'အင်း..ခုမှ ရင်ထဲ အေးသွားတယ်'

မသူဇာက သက်ပြင်းချရင်းမှ သူ့လက်နှစ်ဖက်ဖြင့် သူ့ရင်အစုံကိုဖိကာ ဘေးပတ်ချာလည်ရှိလူများကို တစ်ယောက်ချင်း လိုက်ကြည့်လိုက်၏။ သူမစိတ်ထဲ သူ၏ရွာ သူ့ရွာသားနှင့် မိခင်၊ ဖခင်တို့အား မှတ်မိနေသော်လည်း မောင်ဝဏ္ဏနှင့် သူ့ငွေး ဦးလိုင်ဘွားတို့ကို မသိသကဲ့သို့ မျက်မှောင်ကြုတ်ကြည့်ကာ စဉ်းစားနေ၏။

'သမီး..ဟောဒါက သမီးကို အခုလို အသက်ပြန်ရှင်လာအောင် ဆေးကုပေးတဲ့ ဆေးဆရာလေး။ ဟောဒါက ဆေးဆရာနဲ့ ပါလာတဲ့ အဖော်ကွယ်'

'သမီး..သမီးကို ခု အသက်ရှင်အောင် ဆေးကုပေးတဲ့ ကျေးဇူးရှင်ဆရာကို သမီး ကန်တော့လိုက်နော်'

ဦးကောင်းနှင့် ဒေါ်သောင်းတို့က သူတို့၏သမီး မသူဇာအား မောင်ဝဏ္ဏအား ကန်တော့ရန် တိုက်တွန်းလိုက်၏။ မသူဇာက ခေတ္တမျှ မောင်ဝဏ္ဏကို စိုက်ကြည့်ပြီးမှ ဦးချ ကန်တော့လိုက်၏။

'မိန်းကလေး..မင်းခေါင်းထဲမှာ ထုံထိုင်းရှိနေတာ



www.burmeseclassic

www.burmeseclassic.com

ရှိသေးလား။ ရင်ထဲမှာရော ဘယ်လိုနေလဲ။ မြွေဆိပ်မိထားတာဆိုတော့ နည်းနည်းတော့ ရီဝေနေလိမ့်မယ်။ မြွေဆိပ်တွေအားလုံးတော့ ပြန်ထုတ်ပြီးပါပြီ။ ကဲ..ဟော့ကောင်ကြီး၊ မင်းလည်း တာဝန်ကျေပြီဆိုတော့ မင်းသွားလိုရာ သွားနိုင်ပြီ။ ဒီရပ်ဒီရွာမှာတော့ ဘယ်သူ့ကိုမှ မင်း ဒုက္ခမပေးနဲ့နော်။ ဒုက္ခပေးရင် ဒီတစ်ခါ မင်းအလှည့်ပဲ။ ကဲ..သွားတော့'

မောင်ဝဏ္ဏက လူနာ မသူဇာကို မေးပြီးနောက် သူမနှင့် လက်တစ်ကမ်း၌ရှိနေသော မြွေကြီးကို လှမ်းပြောလိုက်ရာ မြွေကြီးမှာ မောင်ဝဏ္ဏပြောသည့်အတိုင်း နောက်သို့လှည့်ကာ ဖြည်းဖြည်းချင်း ထွက်သွားသဖြင့် ဝိုင်းကြည့်နေသော ပွဲကြည့်ပရိသတ်တို့မှာ မျက်လုံးအပြူးသားဖြင့် ငေးကြည့်နေကြလေ၏။ ထိုစဉ် မောင်ဝဏ္ဏတို့အနီးသို့ လူရွယ်သုံးဦး ဝင်ရောက်လာကာ မသူဇာ၏ဘေး၌ ရပ်လျက်မှ မသူဇာ၏ လက်မောင်းနှစ်ဖက်ကိုင်၍ ပြောလိုက်၏။

'ဒီမှာ၊ လူသေ ဒီလိုကထိုင်လာတာ ဖုတ်သွင်းလို့ဆိုတာ တို့သိတယ်။ ဖုတ်မ..နင့်ကို ဒီလိုမထားဘူး။ ကြိုးတုပ်ပြီး ထားမယ်'

မသူဇာအနီးသို့ ဝင်ရောက်လာသည့် လူရွယ်သုံးဦးအနက် နှစ်ယောက်က မသူဇာကို ချုပ်ကိုင်ထားပြီး တစ်ယောက်က မသူဇာကို ကြိုးဖြင့်တုပ်ရန် ပြင်ဆင်လိုက်၏။ ထိုအခါ ဦးကောင်း ထိုင်ရာမှထရပ်ပြီး မသူဇာကို ချုပ်ကိုင်ထားသည့် လူငယ်နှစ်ဦး၏ လက်များကို ပုတ်ထုတ်ကာ ဖြေလိုက်၏။ ကြိုးဖြင့်ချည်ရန် ပြင်ဆင်နေသည့် လူရွယ်ကိုလည်း ပခုံးကိုင်၍ တွန်းထုတ်လိုက်၏။

'ဟော့ကောင်တွေ၊ ဒါ ငါ့သမီး၊ မင်းတို့ ဘာမှဝင်ရှုပ်စရာမလိုဘူး။ ငါ့သမီးအသားကို မထိပါနဲ့။ ဘာဖုတ်ဝင်တာလဲ။ ငါ့သမီးသူဇာမှ သူဇာအစစ်ကွ။ ဘာဖုတ်မှမဝင်ဘူး။ မင်းတို့ ယုံချင်ယုံ မယုံချင်နေ၊ သွားကြကွာ။ ဒီမှာ ဆေးဆရာကိုလည်း အားနာစရာကောင်းတယ်။ မင်းတို့ ထွက်သွားကြကွာ'

'မင်းတို့တစ်တွေ မင်းတို့သိသလောက် တစ်ယူသန်မပြောကြပါနဲ့။ ဒီမှာ လူရှေ့တင် ဆေးကုပေးနေတာ မင်းတို့အမြင်ပဲလေ။ မင်းတို့ မယုံရင်လည်းနေကြ။ တို့မိသားစုကြားထဲတော့ ဝင်မပါကြပါနဲ့။ ခုမှ တို့မှာ သမီးအသက်ပြန်ရှင်လာလို့ ဝမ်းသာနေကြရတုန်းရှိသေးတယ်။ ဆရာ..ဆရာ့ကိုလည်း တောင်းပန်ပါတယ်နော်'

'ကောင်းပြီလေ၊ ပြောမရလည်း ခင်ဗျားတို့အကြောင်းပဲ။ အေး..ခင်ဗျားတို့သမီးကြောင့် တစ်ရွာလုံးနာရမယ်ဆိုရင်တော့ ကျုပ်တို့ အဆိုးမဆိုနဲ့။ လာ..ဟော့ကောင်တွေ၊ သွားကြမယ်'

မသူဇာကို ကြိုးနှင့်ချည်မည့်ဟန်ပြင်သူ လူရွယ်က မကျေမနပ်ပြောကာ စကားအပြီး၌ ထိုနေရာမှလှည့်ထွက်သွားကြ၏။

'ဆရာလေးကို အရမ်းပဲအားနာပါတယ်။ ခုလို ကျုပ်တို့သမီးလေး အသက်ပြန်ရှင်လာအောင် ဆေးကုသပေးတဲ့ဆရာ့ကို ကျုပ်ပေးထားတဲ့ကတိအတိုင်း ကျုပ်တို့ပိုင်ဆိုင်တဲ့ ဥစ္စာပစ္စည်းတွေကို ပေးအပ်ပါ့မယ်။ ဆရာ လက်ခံပေးပါ'

'ဟာ..မလုပ်ပါနဲ့။ ကျွန်တော် အဲဒါတွေ မမက်ပါဘူး။ ကျွန်တော်က ဆေးဆရာမို့ လူနာတွေ့ရင် ဆေးကုပေးရမှာ ကျွန်တော့်အလုပ်ပါ။ ကျွန်တော် လက်မခံပါရစေနဲ့'

'ဒါဆိုရင် ကျွန်မတို့သမီးလေးကို နှစ်သက်သဘောကျမယ်ဆိုရင်လည်း ကျွန်မတို့ စီမံပေးပါ့မယ်'

'ဩော်..ဒီလိုလည်း မဖြစ်ပါဘူးခင်ဗျာ။ ကျွန်တော်က ဆရာ၊ သူက လူနာမို့ ဒီလိုလုပ်ဖို့ မဖြစ်နိုင်ပါဘူးခင်ဗျာ'

'ဒါဆိုရင်တော့ ဆရာတစ်ခုခုတော့ လက်ခံမှဖြစ်ပါ့မယ်'

ဦးကောင်းက ပြောပြောဆိုဆိုထသွားကာ အိပ်ခန်းထဲ သို့ ဝင်သွားလိုက်၏။ ခဏအကြာတွင် ကြေးဇန်းတစ်ခုကို ကိုင်လျက် ပြန်ရောက်လာ၏။ ကြေးလင်ပန်းထဲတွင် ရွှေဒင်္ဂါးပြားများကို မြင်နေရ၏။ ထိုကြေးလင်ပန်းကို ဦးကောင်းက မောင်ဝဏ္ဏရှေ့သို့ ထိုးပေးပြီး ပြောလိုက်၏။

'ဆရာလေး..ဒါကိုတော့ လက်ခံပေးပါလို့ ကျုပ်တို့မိသားစုက တောင်းပန်ပါတယ်'

'ဟုတ်ပါတယ်ရှင်၊ ကျွန်မကို ခုလို အသက်ပြန်ရှင်အောင် ဆေးကုပေးတာသည့်ထက်မက တန်ဖိုးရှိပါတယ်ဆရာ။ ဒါကိုတော့ လက်ခံပေးပါနော်'

အသက်ပြန်ရှင်လာသည့် လူနာ မသူဇာကပါ ဝင်



www.burmeseclassic

www.burmeseclassic.com

ရောက်ပြောဆိုလိုက်သည်။ မောင်ဝဏ္ဏနှင့် ဦးကောင်းတို့ မိသားစု ပြောဆိုလုပ်ကိုင်နေသည်ကို ရွာသူရွာသားတချို့က ဘေးမှနေ၍ ဝိုင်းကြည့်နေကြ၏။

'ကဲ..ဦးလေးတို့ မိသားစုကလည်း ကျွန်တော့်ကို တစ်ခုခုပေးချင်နေကြတယ်။ ကျွန်တော်တို့ဆရာဆိုတာက လည်း စေတနာနဲ့ ဆေးကုပေးကြရတာ။ ဆေးကုသခ ယူမယ်ဆိုရင်တောင် ဆန်တစ်ပြည် ငွေတစ်မတ်ပဲ ယူခွင့် ရှိပါတယ်။ သည့်ထက်ပိုယူမယ်ဆိုရင် တတ်ထားတဲ့ပညာ တွေ ကန်းတတ်ပါတယ်။ အဲဒါကြောင့် ကျွန်တော် ဒီရွှေဒင်္ဂါးတွေကို မယူပါရစေနဲ့ခင်ဗျာ။ ကျွန်တော် တောင်းပန်ပါတယ်'

'ဆရာရယ်..ကျွန်တော်တို့ကို ဆရာက စေတနာ ထားသလို ကျွန်တော်တို့ကလည်း ဒီငွေတွေကို စေတနာနဲ့ ပေးတာပါ။ လောကမှာ လူ့အသက်ထက် တန်ဖိုးရှိတာ ဘာမှမရှိပါဘူး။ အဲဒီတော့ ဆရာဆေးကုတာ ဆန်တစ်ပြည် ငွေတစ်မတ်အပြင် ဆရာရင်းနှီးစားသောက်ဖို့အတွက် ကျွန်တော်တို့မိသားစုက လေးလေးစားစား ပေးတာပါ ဆရာ။ လက်ခံပေးပါ ဆရာရယ်'

'ကျွန်တော်က ဒီငွေတွေထက် ကျွန်တော်တို့ဆီမှာပါတဲ့ ပစ္စည်းတွေကို ဝယ်စေချင်တာ အဓိကပါ'

'ဒီအတွက် ဘာမှမပူပါနဲ့ ဆရာ။ အဲဒီပစ္စည်းတွေ အားလုံးကိုလည်း ဝယ်ပါ့မယ်။ ဒါပေမဲ့ ဒီရွှေဒင်္ဂါးတွေကို တော့ လက်ခံပေးပါ ဆရာရယ်..နော်'

'ကဲ..ဒါဆိုရင် ကောင်းပြီ။ ဦးလေးတို့ပေးတဲ့ငွေတွေ ကို လက်ခံလိုက်ရင် ကျွန်တော်ပိုင်သွားပြီဆိုတော့ ကျွန်တော် ဘာလုပ်လုပ် လုပ်ရပြီပေါ့နော်။ ဘယ့်နှယ်လဲ'

'ဟုတ်ကဲ့ဆရာ၊ ဆရာကြိုက်တာ လုပ်လို့ရပါတယ်'

ဆရာမောင်ဝဏ္ဏက ရွှေဒင်္ဂါးများကို လက်ခံမည့် သဘောပြောသဖြင့် ဦးကောင်းတို့မိသားစု တစ်ယောက် မျက်နှာတစ်ယောက်ကြည့်ကာ ဝမ်းသာသွားဟန်ရှိကြ၏။ ချက်ချင်းပင် ဦးကောင်းက ကြေးဖန်းကို မောင်ဝဏ္ဏထံ ကမ်းပေး၏။

'ကဲ..ဒါဆိုရင် အခု ကျွန်တော့်ကို ပေးအပ်ပြီးပြီဆို တော့ ကျွန်တော်ပိုင်သွားပြီနော်။ ကိုတင်မောင်ရေ၊ လှေကို ပြန်ပြီး လှေပေါ်က ပစ္စည်းတွေကို သယ်လာပေးပါ။ လှေပေါ်က အလုပ်သမားအားလုံးကိုလည်း ကျွန်တော်က ဆုပေးချင်လို့ လာကြပါလို့ ပြောပေးပါ။ ကဲ..သူဌေးက ဟောဒီရွှေဒင်္ဂါးတွေကို လက်တစ်ဆုပ်ယူပါ။ ကျန်တဲ့ဟာ ကို လှေပေါ်က အလုပ်သမားတွေကိုပေးပြီး ကျန်တာကို ဟောဒီ ပိုင်ရှင်ဦးကြီးမိသားစုကို ကျွန်တော်က ပြန်လှူ ပါမယ်'

မောင်ဝဏ္ဏစကားကြောင့် သူဌေး ဦးလှိုင်ဘွားက ကြေးဖန်းထဲရှိ ရွှေဒင်္ဂါးလက်တစ်ဆုပ်ကို နှိုက်ယူလိုက်၏။ ကိုတင်မောင်ဆိုသူက လှေသို့သွား၍ အလုပ်သမားများကို ခေါ်လေ၏။ မကြာမီ လှေထိုးသားများ အပါအဝင် လှေလုပ်သမားများမှာ ရေနံဆီများကို သယ်ယူ၍ မောင်ဝဏ္ဏ ရှိရာသို့ ရောက်လာကြ၏။

'ကဲ..ကျွန်တော်တို့လှေပေါ်က လူအားလုံး ဟောဒီ ကြေးဖန်းထဲက ရွှေဒင်္ဂါးတွေကို လက်တစ်ဆုပ်စီ နှိုက်ယူ ကြပါ'

မောင်ဝဏ္ဏစကားကြောင့် လှေလုပ်သားများ ဝမ်းသာ သွားကြကာ ရွှေဒင်္ဂါးလက်တစ်ဆုပ်စီ နှိုက်ယူသွားကြ၏။ လှေလုပ်သားများ နှိုက်ယူပြီးသောအခါတွင် ကြေးလင်ပန်း ထဲ၌ ရွှေဒင်္ဂါးအချို့ ကျန်နေသေးသည်ကို တွေ့ရ၏။

'ကဲ..ဟောဒီမှာကျန်တဲ့ ရွှေဒင်္ဂါးတွေကိုတော့ ဦးကြီးတို့မိသားစုကို ကျွန်တော်က ပြန်ပြီးလှူပါတယ်ခင်ဗျာ'

'ဟာ..မဟုတ်တာဘဲ ဆရာရယ်၊ ဆရာ့ကို ကျွန်တော်တို့က စေတနာနဲ့ ပေးတာပါ။ ကျွန်တော့်သမီးလေး အသက်ပြန်ရှင်လာတာကိုပဲ ကျွန်တော်တို့ ဝမ်းသာနေရ ပါပြီ'

'မဟုတ်ဘူးလေ။ စောစောကတော့ ဦးကြီးတို့ပစ္စည်း ဆိုတာ မှန်ပါတယ်။ ခုတော့ ဒီပစ္စည်းတွေကို ကျွန်တော် ပိုင်သွားပြီလေ။ ကျွန်တော် ကြိုက်တာလုပ်လို့ရတယ်လို့ ဦးကြီးတို့ ပြောတယ်လေ။ အဲဒါကြောင့် ကျွန်တော်ပေး တာကို လက်ခံပါ။ ပြီးတော့ ကျွန်တော်တို့ပါလာတဲ့ ဟော ဟို ရေနံဆီတွေကို ဝယ်ပေးပါ'

'ကောင်းပါပြီ၊ ဆရာလေးပြောတဲ့အတိုင်း လုပ်ပါ့ မယ်။ ကဲ..ကျုပ်တို့ရွာက ရွာသူရွာသားအားလုံး ဝေပုံ ကျစီ ရေနံဆီတွေကို အလကားယူကြပါ။ ကျသင့်ငွေကို ကျုပ်ပေးပါ့မယ်'

ဦးကောင်း၏ စကားကြောင့် ရွာသူရွာသားများမှာ မောင်ဝဏ္ဏတို့ သယ်ဆောင်လာသည့် ရေနံဆီများကို



www.burmeseclassic

www.burmeseclassic.com

တပျော်တပါး သူ့ထက်ငါ အလုအယက် ယူငင်ကြလေ၏။ သူဌေးကြီး ဦးလှိုင်ဘွားကား ထိုမြင်ကွင်းကိုကြည့်ကာ ပီတိဖြစ်လျက် မောင်ဝဏ္ဏ၏ ပခုံးကိုပုတ်ကာ ချီးကျူးဂုဏ်ပြုနေလေ၏။ ဦးကောင်းတို့ မိသားစုမှာလည်း ပြုံးပျော်ကြည်နူးနေကြ၏။

'ကဲ..သမီးက ကိုယ့်အသက်ကို ကယ်တင်ပေးတဲ့ ဆရာသခင် ကျေးဇူးရှင်ကို ဟောဒီ ဆန်တစ်ပြည်၊ ငွေတစ်မတ်နဲ့ ထိုင်ကန်တော့ပေတော့။ ဒါမှ ဆရာ့ပညာက ပိုပြီး အကျိုးသက်ရောက်လိမ့်မယ်'

ဦးကောင်းစကားကြောင့် မသူဇာက ကြေးလင်ပန်းတစ်ခုအတွင်း၌ ဆန်တစ်ပြည် ငွေတစ်မတ်ကိုထည့်ကာ ဆရာမောင်ဝဏ္ဏကို ဦးခေါင်းရင်း၌ ထိုင်စေပြီး ဦးသုံးကြိမ်ချ၍ ကန်တော့၏။

'ကဲ..ဒီနေ့ကစပြီး ဘေးဥပဒ်ရန်အပေါင်း ကင်းစင်ပြီး စိတ်ချမ်းသာ ကိုယ်ကျန်းမာ ရှိပါစေ။ ကဲ..ဦးကြီး၊ ကျွန်တော်တို့ကိစ္စတွေ ပြီးစီးပြီဆိုတော့ ကျွန်တော်တို့ကို ပြန်ခွင့်ပြုကြပါဦးခင်ဗျ'

'ကောင်းပါပြီ၊ ကောင်းပါပြီ'

'ဘာကောင်းတာလဲ။ ဒီလိုလုပ်သွားလို့ မရဘူးလေ'

အသံမာမာဖြင့် ဟန့်တားလိုက်မှုကြောင့် အသံလာရာသို့ ဦးကောင်းတို့ မိသားစုနှင့် မောင်ဝဏ္ဏတို့ လှေထိုးသားအုပ်စု လှမ်းကြည့်လိုက်ကြ၏။ လက်ထဲတွင် ဒုက်ကြီးတောင်ဓားကို ကိုယ်စီကိုင်၍ ရပ်နေသော လူရွယ်သုံးဦးကို မြင်လိုက်ကြရ၏။ ထိုလူရွယ် သုံးဦးမှာ မသူဇာကို ဖုတ်သွင်းသည်ဟု စွပ်စွဲပြီး ဦးကောင်းက လက်မခံ၍ စောစောကမှ မကျေမနပ်နှင့် ထွက်သွားသည့်လူများ ဖြစ်ကြ၏။

'တို့ မင်းတို့ကို မယုံဘူး။ အဲဒီတော့ ဒီရွာမှာ ခုနစ်ရက်ပြည့်တဲ့အထိ မင်းတို့ရှိနေရမယ်။ အေး..ခုနစ်ရက်ပြည့်လို့ မသူဇာ ဒီအတိုင်းကောင်းနေမှ မင်းတို့ ဒီရွာက ထွက်သွားလို့ရမယ်။ ခုနေထွက်သွားမယ်ဆိုရင်တော့ ဟောဒီ ဓားက လူမရွေးဘူး။ ဒါပဲ'

ဓားကိုကိုင်၍ ဓားကြိမ်းကြိမ်းနေသော လူရွယ်သုံးဦးမှာ ပြောဆိုပြီးနောက် ခြံတံခါးဝသို့သွားကာ ထိုင်စောင့်နေလိုက်ကြ၏။ ဦးကောင်းက မောင်ဝဏ္ဏကို အားနာဟန်ဖြင့် မရဲတရဲကြည့်၏။



'ဦးကြီး..ကျွန်တော့်ကို ဘာမှအားမနာပါနဲ့။ သူတို့ပြောတာ မှန်ပါတယ်။ ကျွန်တော်တို့ ခုနစ်ရက်ပြည့်အောင် နေပေးသွားပါ့မယ်။ သူဌေး..ခဏတော့ သည်းခံပေးပါနော်။ သူဌေးပစ္စည်းတွေလည်း ကုန်ပြီဆိုတော့ ကျွန်တော်တို့ အထက်ပြန်ရုံပဲရှိတာ မဟုတ်လား'

'ရပါတယ် မောင်ဝဏ္ဏ၊ မင်းအဆင်ပြေသလိုလုပ်ပါ'

သူဌေးဦးလှိုင်ဘွားက ကြည်ဖြူစွာ ခွင့်ပေးမှုကြောင့် မောင်ဝဏ္ဏတို့အဖွဲ့ကို သဖန်းကုန်းရွာ၌ ခုနစ်ရက်ပြည့်အောင် နေခဲ့ရ၏။ ခုနစ်ရက်ကျော်လာသည့်တိုင် မသူဇာမှာ လူကောင်းပကတိ ရှိနေခဲ့သဖြင့် တစ်ရွာလုံးက ယုံကြည်သွားကြ၏။ ဖုတ်ဝင်သည်ဟု ဆိုသူများလည်း ယုံကြည်သွားကြကာ မောင်ဝဏ္ဏတို့အဖွဲ့ကို ပြန်ခွင့်ပြုလိုက်လေ၏။ ထိုအခါမှ မောင်ဝဏ္ဏတို့ လှေသမားအဖွဲ့သည် ဘေးမသီ ရန်မခစွာဖြင့် သဖန်းကုန်းရွာမှ အေးချမ်းစွာ ထွက်ခွာလာခဲ့နိုင်ကြပေတော့၏။

ချစ်မင်းသူ

(ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ၂၀ ရာစု မောင်စိမ်းအောင် ပြောပြချက် ဖြစ်ရပ်မှန်ကို ဝတ္ထုအသွင် ရေးသားခြင်း ဖြစ်ပါသည်။)



www.burmeseclassic

www.burmeseclassic.com



တစ်နေ့သ၌

ကျွန်ုပ်သည် လူငယ်မူဝါဒ အကြောင်း အသိပေးရှင်းလင်းပွဲသို့ ရပ်မိရပ်ဖ တစ်ဦးအနေဖြင့် ဖိတ်ကြားခြင်းခံရ၍ အခမ်းအနားသို့ တက်ရောက်လာခဲ့၏။ တက်ရောက်လာသည့် လူငယ်(၇၀) တို့အား မြို့နယ်အုပ်ချုပ်ရေးမှူး အပါအဝင် တာဝန်ရှိပုဂ္ဂိုလ်များမှ ဟောပြောရှင်းလင်း ဆွေးနွေးရာတွင် လူငယ်နှင့် သဘာဝပတ်ဝန်းကျင်၊ လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်းတို့ကို ကျယ်ကျယ်ပြန့်ပြန့် နားထောင်ခဲ့ရပြီး အထူးသဖြင့် လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်၊ ပြစ်မှုပြစ်ဒဏ်များကို သိရှိခဲ့ရ၍ သဘောကျနှစ်ခြိုက်မိလေ၏။

# ဝေဖြိုးကျော်
## လူစင်စစ်က
## ဆွေးစိတ်ပေါက်သွားခြင်း

နေ့စဉ် သတင်းစာ၊ ဂျာနယ်တို့တွင်လည်း မူးယစ်ဆေးဝါးဖမ်းဆီးရမိ သတင်းနှင့် သုံးစွဲသူများ၊ ပြစ်ဒဏ်ကျခံရသူများ အမြဲပါနေကျဖြစ်၏။ သေရည်သေရက် စသော

www.burmeseclassic

www.burmeseclassic.com

မူးယစ်ဆေးဝါးများသည် တစ်ခါသုံးစွဲမိလျှင် ထပ်ကာ၊ ထပ်ကာ သောက်ချင်၊ သုံးစွဲချင်၏။ သောက်သုံးမှု၊ သုံးစွဲမှု၊ မူးယစ်မှု အားကြီးလာသည့်အခါ အချင်းချင်းကိုဖြစ်စေ၊ အခြားသူအားဖြစ်စေ ရိုက်မှု၊ သတ်မှု၊ ခိုးမှု၊ လိမ်ညာမှု၊ သူတစ်ပါးအိမ်ရာပြစ်မှားမှု စသည်တို့ကို ဆက်လက်ကျူးလွန်တတ်ကြပေရာ အရက်သေစာ မူးယစ်ဆေးဝါးသုံးစွဲမှုသည် ဤဘဝမှာပင် အသက်ဆုံးရှုံးသည်အထိ ဆိုးကျိုးများကို ဖြစ်စေတတ်ပြီး သေလျှင်လည်း ငရဲကျရတတ်ကြောင်း ဗုဒ္ဓတရားတော်၌ ဆိုထားပေ၏။

ကျွန်ုပ်သည် သတင်းစာဖတ်ရင်း ခေါင်းတညိတ်ညိတ်ဖြင့် မုန့်ကန်ကြောင်းထောက်ခံ၍ အကျရည်တစ်ခွက်ကို ငုံ့သောက်လိုက်လေ၏။

'ဆရာ··ကြားပြီးပြီလား'

ဟု ကျွန်ုပ်၏တပည့် ဖော်မင်းက ရေနွေးကြမ်းနှင့် မြည်းရန် ထန်းလျက်ဖြူဆုပ်ပန်းကန် ချပေးရင်း ပြောလေရာ-

'ဘာများတုံး'ဟု ကျွန်ုပ်က မေးရလေ၏။

'လူစင်စစ်က ခွေးဖြစ်သွားတာလေ'

'အခုမှ ကြားဖူးတာပဲ။ မင်း ဘယ်ကကြားလာသလဲ'

ဟု မယုံသင်္ကာနှင့် ကျွန်ုပ်က မေးလိုက်ရာ-

'ရပ်ကွက်ထဲမှာ နံ့နေပြီ။ ဆရာက ဘယ်သွားနေလို့ ဒီသတင်းကို မကြားရတာလဲ'ဟု ဖော်မင်းက ကျွန်ုပ်ကို မသိရကောင်းလားဟု အပြစ်တင်နေပြန်၏။

'ငါက အလုပ်ခပ်များများမို့ပါ။ ကဲ··ပြောစမ်းပါဦး။ ဘယ်သူက ခွေးဖြစ်သွားတာလဲ'

ဟု ကျွန်ုပ်က မေးပြန်ရာ-

'မိုးကျော်လေ၊ အရက်သမားမိုးကျော်ပေါ့'ဟု ပြောလေ၏။

♦ ♦ ♦

'အဘခေါ်တယ်ဆိုလို့'

'လာ··ရာကျော်၊ လာကွာ'

ရာကျော်က အရက်သမားတို့ ထုံးစံအတိုင်း ရွဲ့တွန့်တွန့်နှင့် ခပ်ရိုရို၊ ကျွန်ုပ်၏ရှေ့တွင် လာထိုင်၏။ ရာကျော်နှင့် မိုးကျော်တို့ နှစ်ယောက်မှာ တဖော်တဖက် သောက်ဖော်သောက်ဖက်တွေ ဖြစ်၏။ အမြဲတမ်းမူးနေတတ်တာများ၏။ မူးလာတိုင်းလည်း အရက်သမားမုန်ရင်လေ ယှဉ်ပြိုင်ကာ သောက်လိုက်ချင်တယ်ဆိုသည့် ကိုကြီးကျော်သီချင်းကို အမြဲဆို၏။

'မိုးကျော်တစ်ယောက် ဘယ်လိုဖြစ်တာလဲဆိုတာ မင်းအသိဆုံးပါပဲ။ ဒီအခြေအနေတွေ ဖြစ်တဲ့အထိ မင်းနဲ့ပဲ တွဲနေတာ မဟုတ်လား'

'ဟုတ်ပါတယ် အဘ။ ဖြစ်ပုံကဒီလိုပါ'ဟု အစချီ၍ မိုးကျော်တစ်ယောက် ခွေးဖြစ်ရပုံကို ပြောပြလေတော့၏။

♦ ♦ ♦

တောင်ငူမြို့နှင့် (၁၅)မိုင်ဝေးသော ရာကျော်တို့ရွာသို့ မိုးကျော် အလည်လိုက်လာခဲ့၏။ အရက်သမား၏ ဗီဇအတိုင်း အရက်သောက်ဖို့သာ အဓိကဖြစ်လေရာ ရာကျော်က သူ့ရွာမှထွက်သည့်ထန်းရည်ကို အညွှန်းကောင်းသဖြင့် သာယာလှသည့် ရာကျော်တို့ရွာကို မိုးကျော်တစ်ယောက် လိုက်လာခဲ့ပေ၏။ ရာကျော်တို့ရွာသည် လူနေအိမ်ခြေ (၂၀၀)ကျော်ရှိသည့် ရွာကြီးဖြစ်ပြီး အများအားဖြင့် လယ်ယာပြီးချိန်တွင် ထန်းလျက်ချက်သည့်အလုပ်ကို လုပ်ကြလေ၏။

ပထမနေ့တွင် ရာကျော်က ရွာခံဖြစ်သူ ရာကျော်၏ သူငယ်ချင်း အောင်နိုင်နှင့် မိတ်ဆက်ပေးပြီး မိတ်ဖြစ်ဆွေဖြစ် ထန်းတောတွင် ထန်းရည်သောက်ကြလေ၏။ ထန်းရည်နှင့်တွဲရောင်းသည့် ကြက်ခြေထောက်၊ ကြက်တောင်ပံဟင်းကလည်း လိုက်ဖက်ညီလှပေ၏။

'ခင်ဗျားတို့ ရွာရဲ့ ထန်းရည်ဟာ နာမည်ကြီးသလောက် ကောင်းလှပါတယ်။ ရေခဲစိမ်ထန်းရည်ဆိုတော့ ပင်ကျရည်ကလည်းအေး၊ အမြည်းကလည်းကောင်းပါ့။ ကျုပ်ဖြင့် ပြန်တောင် မပြန်ချင်တော့ဘူး'

မိုးကျော်၏အပြောကြောင့် ရာကျော်နှင့် အောင်နိုင်တို့မှာ မိမိတို့ရွာ၏ ထန်းရည်အပေါ် ဂုဏ်ယူမဆုံး ဖြစ်ရလေ၏။

'မနက်ဖြန်ကျရင် ခင်ဗျားကို အမြည်းကလည်းစုံ၊ ထန်းရည်ကလည်း စပါယ်ရှယ်ကောင်းတဲ့နေရာကို ခေါ်သွားပေးမယ်။ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားဟာ ကျုပ်တို့ရဲ့ ဂုဏ်ထူးဆောင် ဧည့်သည်မို့ပဲ။ ဟုတ်တယ်မဟုတ်လား ရာကျော်'

ဟု အောင်နိုင်က ပြောလိုက်ရာ-



www.burmeseclassic

www.burmeseclassic.com

'ဟုတ်ပဲ့၊ ဟုတ်ပဲ့' ဟု ရာကျော်က ထောက်ခံလေ၏။

နောက်တစ်နေ့ နံနက်(၁၀)နာရီကျော်လောက်တွင် မိုးကျော်တို့ သုံးဦးသည် ရာကျော်တို့ရွာနှင့် (၂)မိုင်ခန့်ဝေးသည့် ရွာတစ်ရွာသို့ ထန်းရည်သောက်ရန် ရောက်သွားကြလေ၏။ ရွာမှာ အိမ်ခြေ(၁၀၀)နီးပါးရှိပြီး ရှေးဟောင်းဘုရားစေတီပျက်များကို လမ်းတစ်လျှောက် ဖြတ်ကျော်လာခဲ့ရာ စေတီပျက်များမှာ အချို့လည်း ထီးတော်များမရှိကြတော့ဘဲ စေတီများပေါ်၌ အပင်များ ပေါက်နေကြလေ၏။

'ကဲ..ရောက်ပါပြီဗျာ'

အောင်နိုင်ကပြောရင်း ထန်းရည်တဲထဲသို့ ဝင်သွားလေ၏။ ထန်းရည်တဲကြီး၌ ကြက်ကြော်၊ အမဲကြော်၊ ငှက်ကြော်(စနိုက်)များပါ ရောင်းချပြီး ထမင်းဟင်းများလည်း ရလေ၏။ ထန်းရည်သောက်သူများသည် ကိုယ့်အဖွဲ့နှင့်ကိုယ် လွတ်လွတ်လပ်လပ် သောက်လိုကြသဖြင့် ထန်းတဲရှိရာ ခုံတန်းရှည်များတွင်လည်းကောင်း၊ ထန်းပင်အောက်များတွင်လည်းကောင်း သောက်ကြလေ၏။

ရာကျော်တို့အဖွဲ့ကမူ နေရာလွတ်မရှိသဖြင့် ခပ်လှမ်းလှမ်းရှိ ပေ(၁၅၀)ခန့်ဝေးသည့် စေတီပျက်ကြီးနားသို့ သွားကြလေ၏။ စေတီပျက်ကြီးမှာ ကြာလန်ကြာမှောက်အောက် ဘီလူးပန်းဆွဲနားမှကျိုး၍ ထီးတော်ကြီးပါ မြေခလျက်ရှိပြီး ကြေးညိုများ တက်နေလေ၏။ စေတီကြီးမှာ တုံးလုံးလဲနေပြီး ခေါင်းလောင်းနှင့် ဆည်းလည်း နှစ်ခု၊ သုံးခုမှာ ပြုတ်ကျနေ၏။ အောင်နိုင်က သူယူလာသည့် ထန်းရည်မြူ တစ်မြူနှင့် အမဲကြော်ကို မိုးကျော်အား ပေးခဲ့ပြီး သူနှင့် ရာကျော်က ထန်းရည်ချနေသည့် ထန်းတက်သမားထံ ထန်းရည်ကောင်းကောင်း(ငှက်ခါးတောင်) ရရန်အတွက် သွားကြည့်နေလေ၏။ မိုးကျော်က မစောင့်နိုင်၍ စေတီပျက်ကြီးကိုမှီကာ ထန်းရည်တစ်ကျိုက်၊ အမဲကြော် တစ်ကိုက်ဖြင့် ဖိမ်ကျနေလေ၏။ အောင်နိုင်တို့ ပြန်ရောက်တော့ ထန်းရည်တစ်မြူပင် ကုန်နေလေပြီ။

အောင်နိုင်က-

'ဒီမှာ မသောက်နဲ့ကွာ။ တုံးလုံးလဲနေတဲ့ စေတီပျက်ကြီးကို မှီပြီးသောက်နေတာ လူမြင်လို့ မသင့်လျော်ဘူး။ တခြားနေရာ သွားကြရအောင်'

ဟု ပြောရာ အရှိန်ရနေသည့် မိုးကျော်က-

'မထူးပါဘူးကွာ။ ဒီမှာပဲ ချစမ်းပါ။ သူတို့ကို ဘာမှလုပ်တာမှမဟုတ်ဘဲ သူလည်း သူ့ဘာသာနေ၊ တို့လည်း တို့အလုပ် တို့လုပ်ပေါ့။ ဟား..ဟား..ဟား' ဟု ပြောလေ၏။

ရာကျော်နှင့် အောင်နိုင်သည် ပြောမရမည့်အတူတူ တခြားသစ်ပင်အောက်တွင် သွားသောက်နေလေတော့၏။ မိုးကျော်မှာ သုံးမြူလောက်သောက်ပြီး ဗိုက်တင်းသွားသည်နှင့် စေတီပျက်နှင့် (၂)လံကွာလောက်မှာပင် မတ်တတ်ရပ်၍ အပေါ့သွားနေလေ၏။

အောင်နိုင်က နာရီကိုကြည့်ပြီး ထမင်းစားရန် မိုးကျော်နှင့် ရာကျော်ကိုခေါ်၍ ထန်းတဲသို့ ပြန်လာကြလေ၏။ မိမိတို့ ကြိုက်နှစ်သက်ရာ ထမင်းဟင်းများကိုမှာပြီး စားသောက်နေစဉ် မိုးကျော်သည် လက်နှင့် စားနေရာမှ ထမင်းဟင်းများကို ပါးစပ်ဖြင့် ကုန်းဟပ်၍ စားနေသဖြင့် ထန်းရည်မူးပြီး လုပ်နေသည်ဟုထင်ကာ ရာကျော်မှ သူ့မျက်နှာကိုတွန်းရင်း-

'ဟေ့..ဘာလုပ်နေတာလဲ။ မူးနေပြီလား'

ဟု ပြောလိုက်ရာ မိုးကျော်က-

'ဝုတ်..ဝုတ်' ဟု ခွေးလိုဟောင်ပြီး ရာကျော့်လက်ကိုဟပ်၍ ကိုက်လိုက်ရာ ထမင်းပန်းကန်မှာ အောက်သို့ ကျသွားလေတော့၏။

မိုးကျော်မှာ မျက်ထောင့်နီကြီးဖြင့် ရာကျော်ကို လှမ်းကြည့်ပြီး ကျသွားသည့် ပန်းကန်ထဲမှ ထမင်းနှင့် ဟင်းများကို လေးဖက်ထောက်၍ ပါးစပ်ဖြင့် စားရင်း တစ်ချက်၊ တစ်ချက် မာန်ဖီလိုက်သေး၏။ ထမင်းစားနေသူအားလုံးက ထူးဆန်းသည့် ဤမြင်ကွင်းကို ကြည့်နေကြလေ၏။

မိုးကျော်က မြေကြီးပေါ်သို့ကျနေသည့် ထမင်းဟင်းတွေကို ပါးစပ်နှင့်ဟပ်ပြီး စားနေရင်း လက်နှစ်ဖက်နှင့် ခြေနှစ်ဖက်က မြေကြီးကို ယက်နေ၏။ လက်ဖဝါးများ၊ ခြေဖဝါးများနှင့် ဒူး၊ တံတောင်ဆစ်တို့မှာ သွေးချင်းချင်းနီနေပြီး မိုးကျော်က စေတီပျက်ကြီးဘက်ကြည့်၍ အူနေလေ၏။ ဝတ်ထားသည့် တီရှပ်လက်တိုနှင့် ဂျင်းဘောင်းဘီမှာ စုတ်ပြဲနေပြီး ဖုန်အလူးလူးကပ်နေ၏။

ရာကျော်တို့လည်း ကျသင့်ငွေကို ရှင်းပေးပြီး

www.burmeseclassic

www.burmeseclassic.com

ကယ် ကယ်ရီနှစ်စီးဖြင့် မိုးကျော်ကိုထိန်း၍ ပြန်လာခဲ့ကြရာ တစ်လမ်းလုံး မိုးကျော်မှာ ဂူးဂူးဝါးဝါးအော်ဟစ်ပြီး ခွေးလိုအူနေသည်မှာ တည်းခိုအိမ်ရောက်သည်အထိပင်ဖြစ်၏။ ရာကျော်၏ ဆွေမျိုးများ အကူအညီဖြင့် ဆေးရုံတင်လိုက်ရပြီး အနီးကပ်ပြုစုစောင့်ရှောက်ရန် လူနာစောင့်အဖြစ် အောင်နိုင်နှင့် ရာကျော်တို့ကို ဆေးရုံ၌ ထားရလေ၏။ ဆေးရုံ၌ (၃)ရက်ခန့်ကုသ၍ ခြေနှင့် လက်တို့မှ ဒဏ်ရာများ ပျောက်ကင်းသွားပြီး ဆေးရုံဆင်းခဲ့ရလေ၏။ လမ်းတစ်လျှောက်တွင် မိုးကျော်မှာ ငြိမ်ငြိမ်မနေဘဲ ခွေးလို အူလိုက် ဟောင်လိုက်နှင့် လိုက်ပါလာလေ၏။

အဘိုးအောင်၏ စီစဉ်ပေးချက်အရ ရွာရောက်ရောက်ချင်း စေတီပျက်ကြီးဆီသို့ မိုးကျော်နှင့်အတူ ရွာကိုရောက်နေသည့် မိုးကျော်မိဘများပါ လိုက်ပါလျက် ကန်တော့ပွဲ၊ လက်ဖက်ပွဲ၊ အမွှေးတိုင်၊ ဖယောင်းတိုင်တို့ဖြင့် လှူဒါန်းပူဇော်၍ သက်ဆိုင်ရာ ပုဂ္ဂိုလ်များ၊ အစောင့်များအား ခွင့်လွှတ်ပေးပါရန် အကြိမ်ကြိမ်ကန်တော့၍ တောင်းပန်လေ၏။ မိဘများနှင့် အဘိုးအောင်တို့ကလည်း မိုးကျော်ကိုယ်စား အနူးအညွတ် တောင်းပန်ကြလေ၏။ ရွာသို့အပြန်တွင် မိုးကျော်တစ်ယောက် ခွေးလိုအူခြင်း၊ ဟောင်ခြင်း မရှိတော့ဘဲ ပုံမှန်အတိုင်း ဖြစ်သွားလေတော့၏။

ကျွန်ုပ်က ရာကျော်ပြောသည်များကို နားထောင်ပြီး ရာကျော်နှင့် တပည့်ဖြစ်သူ ဇော်မင်းတို့အား ဗုဒ္ဓတရားတော်တွင် ပါရှိသည့်အတိုင်း သေရည်သေရက် မူးယစ်သောက်စားသုံးစွဲသူများသည် မျက်မှောက်ဘဝတွင်လည်းကောင်း၊ နောက်ဖြစ်ရာဘဝတို့၌လည်းကောင်း-

* အရေးအခွင့် သင့်,မသင့်ကို မသိတတ်ခြင်း၊
* ပျင်းရိတတ်ခြင်း၊
* မေ့လျော့မူးဝေတတ်ခြင်း၊
* အရှက်အကြောက်ကင်းခြင်း၊
* ရူးသွပ်တတ်ခြင်း၊
* မကောင်းမှုအားလုံးကို ကျူးလွန်တတ်ခြင်း စသော

အပြစ်တို့ကို ခံစားရတတ်ကြောင်း ပြောပြလိုက်ပါတော့၏။

တစ်မိုးအောက်

ပဥ္စဂုဏ်ံ အဟံ ဝန္ဒာမိ

# ဂန္ဓာရီ ဆရာလှမျိုး (B.Sc)

အောင်ကောင်းမြ(သာကေတ)

ဗေဒင် + လက္ခဏာ + နဝင်းစီးယတြာပညာရှင်

✤ တစ်သက်တာ ဆောင်ရန်၊ ရှောင်ရန်များ။
✤ အချစ်ရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး၊ လုပ်ငန်းကိစ္စ အဆင်ပြေစေရန် ဓာတ်ရိုက်ဓာတ်ဆင်ယတြာ။
✤ တစ်နှစ်တာ ဟောစာတမ်း ရေးပေးခြင်း၊ ကလေးအမည်ပေး၊ ဆိုင်,လုပ်ငန်း အမည်ပေးခြင်း။
✤ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ အိမ်ထောင်ရေးအတွက် နဝင်းချေပေးခြင်း၊ နဝင်းစီးယတြာ ပြုလုပ်ပေးခြင်း။

ဟောခန်းလိပ်စာ — ကြံတိုင်းအောင် စာပေနှင့် ဟောခန်း
အမှတ်(၁၇)၊ အောင်သပြေအနောက်(၁)လမ်း၊ (၇)အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။

လမ်းညွှန် — ၄၊ ၅၊ ၉၊ ၃၂၊ ၃၃ ၃၄၊ ၇၀၊ ၇၆ ၈၀၊ ၈၅ စီး၍ (၈)ဂိတ်မှတ်တိုင် ဆင်းပါ။

ဟောပြောအချိန် — နံနက်(၁၀:၀၀)နာရီမှ ညနေ(၄:၀၀)နာရီ။

ရပ်ဝေးမှလာမည့်သူများ ဖုန်း ၀၉၄၂၀၀၄၇၈၆၉ သို့ ကြိုတင်ဆက်သွယ်ပြီး လာရောက်ဆွေးနွေး ယတြာချေနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com


# ဆရာရန်အောင်ဟိန်း (B.Sc)

(ခရစ်ရှနားမှုတီး ရွှေဆောင်နက္ခတ်ဗေဒင်ပညာရှင်)

ကေ.ပီ စနစ်အား ဆရာတစ်ဆူ ပါရဂူမြောက် တတ်မြောက်လိုက ဆက်သွယ်ပါ။

ရှင်းလင်းစွာ တတ်မြောက်၊ ကျွမ်းကျင်ရန် တာဝန်ယူသည်။

ကေ.ပီ စနစ်၊ ဗြိုဟ်သွားပြက္ခဒိန်များ၊ ကွန်ပျူတာပရိုဂရမ် (Softwar) များ ရနိုင်ပါသည်။

အသုံးပြုရန် လွယ်ကူရှင်းလင်းစေရပါမည်။

(စုံစမ်းနိုင်ပါသည်။)

BURMESE CLASSIC .com

**ဆက်သွယ်ရန်လိပ်စာ**

အမှတ်-၂၁၃(ပ-ထပ်)၊ ၃၂-လမ်း(အထက်)၊ (CLOVER ဟိုတယ်အနီး)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉ ၇၃၁ ၁၉၈ ၂၆ ၊ ၀၉ ၂၆၁ ၄၄ ၇၇ ၆၆ ၊ ၀၉ ၇၉၅ ၄၂၀ ၃၉၄



NH V

# နေရှင်နယ် (မိသားစု)

NH V

## ဗီဒီယို၊ ဓာတ်ပုံ ရိုက်ကူးရေး

- အလှူမင်္ဂလာညှိခံပွဲ၊ မွေးနေ့မင်္ဂလာ၊ အစည်းအဝေးမှတ်တမ်း၊ ကနုတ်ပန်းစွန်းကြော်ငြာနှင့် ဓာတ်လမ်းသီချင်းများ (MTV) လက်ခံရိုက်ကူးပေးခြင်း၊
- Video Tape များအား VCD,DVD ပြုလုပ်ပေးခြင်း၊
- ဓာတ်ပုံများအား VCD,DVD Slide Show ပြုလုပ်ပေးခြင်းများကို မိတ်ဆွေတို့ဓါတ်စိတ်တိုင်းကျ လက်ခံဆောင်ရွက်ပေးပါသည်။

ချီနိုင် (ကျုံပျော်) ဖုန်း-09 51 27772 09 44 8539721
09 55 06850 09 42 1022785




www.burmeseclassic


www.burmeseclassic.com

ပွဲလမ်းအလှူ ... ဆောင်ပေးရန်အကောင်းဆုံး

# YUZANA

## LEPHET and ASSORTED FRIES

## ယုဇနလက်ဖက်နှင့်အကြော်



BURMESE CLASSIC .com

MaungMaung ... Myint

အမှတ်-၂၂ နဝဒေးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁၂၄၂၅၂၆၊ ၀၁၂၅...၊ ၀၁၂၅...

www.burmeseclassic